http://www.dhammadownload.com

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြွင်းရွှေ

၏

# ရုပ်ဝါဒ နာမ်ဝါဒ တရားတော်

## ဒုတိယတွဲ

ပစ္စက္ခဝိပဿနာသင်တန်းဟောစဉ် (၂)

ဝိပဿနာနည်းပြ ဆရာကြီးဦးကြွင်းရွှေ ၏ ရုပ်ဝါဒ နာမ်ဝါဒ တရားတော် (ဒုတိယတွဲ)

http://www.dhammadownload.com

အသင်းတည်ရာဌာန

**ပဉ္စက္ကူဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်**

**(အောက်မြန်မာပြည်)**

အမှတ် (၈၆)၊ သီရိ (၅) လမ်း၊

(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၅၂၄၀၇၈၊ ၀၉ ၄၉ ၂၇၉၀၆၀

၀၉ ၇၃ ၂၃၁၁၁

အလှူတကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

http://www.dhammadownload.com


အသင်းတည်ရာဌာန

ပခုက္ကူဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆)၊ သီရိ (၅) လမ်း၊

(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၅၂၄၀၇၈၊ ၀၉ ၄၉ ၂၇၉၀၆၀

၀၉ ၇၃ ၂၃၀၀၀


အလှူတကာတွင် တရားပေး မှန်ပေး အမြတ်ဆုံး

ဝိပဿနာနည်းပြ ဆရာကြီးဦးကြင်ရွှေ ၏ ရုပ်ဓါတ် နာမ်ဓါတ် တရားတော် (ဒုတိယတွဲ)

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြင်ရွှေ

၏

# ရုပ်ဓါတ် နာမ်ဓါတ် တရားတော်

## ဒုတိယတွဲ

ပခုက္ကူဝိပဿနာသင်တန်းဟောစဉ် (၂)

http://www.dhammadownload.com

၁၃၀၉ – ခုနှစ်မှ စတင် သင်ကြား ပြသခဲ့သော

## ဆရာကြီး ဦးကြင်ရွှေ

ပစ္စက္ခဉာဏဝိပဿနာသင်တန်းဟောစဉ်မှ

# ရုပ်ဓါတ်,နာမ်ဓါတ်တရားတော်

(ဒုတိယတွဲ)

http://www.dhammadownload.com

# " ပုံနှိပ်မှတ်တမ်း "

စာမူခွင့်ပြုချက်အမှတ် - ၁၁၉ / ၀၁ / (ပုံနှိပ်) သသန-၀၉

ကွန်ပျူတာစာစီ - ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ဒေါ်စန္ဒာအေး

ထုတ်ဝေသူ - ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ၊ ၁၁၁/၃၃-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ရွှေမြို့တော် ပုံနှိပ်တိုက်

ပုံနှိပ်ခြင်း - ပထမအကြိမ်


အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၆၀၀ ကျပ် (တစ်ထောင့်ခြောက်ရာကျပ်ဖြင့်ဖြန့်ချီသည်။)

မူပိုင်ဖြန့်ချိရေး - ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပဓာနကျိုပိဋကသာသနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် ( ၈၆ ) ၊ သီရိ ( ၅ ) လမ်း ၊
( ၂ ) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၂၄၀၇၈ ၊ ၀၉ - ၄၉၂၇၉၀၆၀ ၊
၀၉ - ၇၃၂၃၁၁၁

http://www.dhammadownload.com

# ဩဝါဒါစရိယဆရာတော်ကြီးများ



**ဘဒ္ဒန္တ သောဘန**

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ




**ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ**

(သ.စ.အ) ဓမ္မာစရိယ၊ (ဝင့်သကာ-ပါဠိသိရောမဏိ) အဂ္ဂမဟာပဏ္ဍိတ၊
(D.Litt) အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်




**ဘဒ္ဒန္တ ပဏ္ဍိတ**

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ




**ဘဒ္ဒန္တ ဝိစာရ**

(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဩဝါဒါစရိယ၊ ပခုက္ကူအလယ်တိုက်




**ဘဒ္ဒန္တ တိလောက**

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
နိုင်ငံတော်သံဃမဟာနာယက-အဖွဲ့ဝင်



**ဘဒ္ဒန္တ ဥတ္တရဉာဏာဘိဝံသ**

(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃာ့မဟာနာယက-အဖွဲ့ဝင်



**ဘဒ္ဒန္တ နိမလ**

(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃာ့မဟာနာယက-တွဲဖက်အကျိုးတော်ဆောင်



**ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ**

(အဂ္ဂမဟာပဏ္ဍိတ)
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်
ရတနာသိမ်ပရိယတ္တိစာသင်တိုက်



**ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ**

(အဂ္ဂမဟာပဏ္ဍိတ-ပါမောက္ခချုပ်)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်-ရန်ကုန်

http://www.dhammadownload.com


# ဘဝနတ်ထံပျံလွန်တော်မူသော
# ဩဝါဒါစရိယဆရာတော်ကြီးများ




**ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ**
အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်ဩဝါဒါစရိယ



**ဘဒ္ဒန္တ ပဏ္ဍိတ**
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက



**ဘဒ္ဒန္တ စန္ဒောဘာသ**
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ




**ဘဒ္ဒန္တ ကောသလ္လ**
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ



**ဘဒ္ဒန္တ ဩဘာသ**
အဂ္ဂမဟာပဏ္ဍိတ

http://www.dhammadownload.com


# နာယကဆရာတော်ကြီးများ



ဒေါက်တာ ပဝရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ပါမောက္ခ မဟာဌာနမှူး၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်




ဘဒ္ဒန္တ နန္ဒောဘာသ
(လှိုင်မြို့နယ်သံဃနာယက)
နန္ဒာရှေ့ဘုံကျောင်းတိုက်



ဘဒ္ဒန္တ သုန္ဒရ
ဇေယျာဝံသကျောင်းတိုက်




ဘဒ္ဒန္တ သီရိန္ဒ
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်




ဘဒ္ဒန္တ ဥတ္တရ
မဟာဂန္ထဝါစကပဏ္ဍိတ
(လှိုင်မြို့နယ်သံဃနာယကဥက္ကဋ္ဌ)




ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်




ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ်သံဃနာယကအကျိုးတော်ဆောင်
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်



ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်



ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်



ဘဒ္ဒန္တ သုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com



ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီးဦးကြွင်ရွှေ

http://www.dhammadownload.com



နာယကကြီး ဦးချစ်

ပစ္စက္ကျူပိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

# ၁၃၀၉ – ခုနှစ်မှ စတင်ပြသခဲ့သော ပစ္စက္ကူဝိပဿနာနည်းပြ ဆရာကြီး ဦးကြင်ရွှေ၏ ဝိပဿနာသင်တန်းတရားစဉ်များ

၁။ ပမာဏ (၄) မျိုး
၂။ ဘေးကြီး (၄) ပါး
၃။ မှာတမ်းတော်
၄။ ပညတ် – ပရမတ်
၅။ ရုပ်ဓာတ် – နာမ်ဓာတ်
၆။ ခန္ဓာ (၅) ပါး
၇။ ပစ္စယပရိဂ္ဂဟဉာဏ်
၈။ မဂ္ဂင် (၈) ပါး
၉။ အာယတန (၁၂) ပါး
၁၀။ ဓာတ် (၁၈) ပါး
၁၁။ ဝီထိစဉ်
၁၂။ လက္ခဏာရေး (၃) ပါး
၁၃။ ဝိပဿနာဉာဏ် (၁၀) ပါး
၁၄။ ပဋိစ္စသမုပ္ပါဒ်
၁၅။ သစ္စာလေးပါး
၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

# ရုပ်ဓာတ် နာမ်ဓာတ် တရားတော်

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိုးစိတ်ကအမျိုးမျိုးဖြစ်တာ | ၁ |
| လေခြောက်မျိုး | ၅၄ |
| စတုသမုဋ္ဌာနိကရုပ် | ၅၆ |
| တစ်နည်း လေသုံးမျိုး | ၅၇ |
| ပရမတ္ထမြင်တာဆိုတာ | ၆၃ |
| ခိုင်ခိုင်မြဲမြဲယုံကြည်တဲ့ သူရမ္ဗဋ္ဌပုဂ္ဂိုလ်အကြောင်း | ၇၃ |
| ဓာတ်ကြီးလေးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော | |
| သဒ္ဓါတရားနှင့်ပြည့်စုံလျှင် အပါယ်ငရဲမရောက်နိုင်ကြောင်း | ၇၅ |
| နခသိခသုတ်ပမာ မှတ်သားစရာ | ၇၉ |
| အမှောင်ကြီးလေးခု | ၁၀၂ |
| မျက်စိနှစ်ခု | ၁၀၉ |
| သူသတ်သမား တမ္ဗဒါဌိကဝတ္ထု | ၁၂၇ |
| ဝဏ္ဏဆိုတာ | ၁၃၂ |
| မျက်စိနှစ်မျိုး | ၁၄၇ |
| တရားမမြင်လျှင် ဘုရားကိုလည်းမမြင် | ၁၄၈ |
| ကိလေသာဆယ်ပါးတရား | ၁၆၉ |
| ဝိဇ္ဇာအမြင်ဉာဏ် | ၁၇၁ |
| ဆိုးတဲ့ကထာ မြတ်တဲ့ကထာ နှစ်မျိုးခွဲခြားခြင်း | ၁၇၃ |
| ကိလေသာကုန်ခမ်းနိုင်တဲ့ နည်းမျိုးစုံ | ၁၇၆ |
| ဥပါဒါနရုပ်ခေါ်ဆိုရပုံ | ၂၀၀ |
| တရားရှာ ကိုယ်မှာတွေ့ | ၂၀၁ |
| ဂန္ဓဆိုတာ | ၂၀၃ |

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာရုံသုံးမျိုး | ၂၀၄ |
| ဝိပလ္လာသတရားများ | ၂၁၂ |
| စိတ်ဆိုတာအာရုံနှင့်မကင်းကောင်း | ၂၃၂ |
| ဩဇာဆိုတာ အဆီမဟုတ်ပါ | ၃၄၅ |
| ဩဇာနှင့်အာဟာရ ထူးခြားပုံ | ၃၄၆ |
| အာဟာရဆိုတာ | ၃၅၉ |
| ကဗဠီကာရအာဟာရနှင့် ဩဇာ နှစ်ခုပေါင်းထားရခြင်း | ၃၆၇ |
| အာဟာရလေးမျိုး | ၃၇၆ |
| ဝိစိကိစ္ဆာဆယ့်ခြောက်ပါး | ၄၂၄ |
| ပီတိဆိုတာ အစာတစ်မျိုးပါ | ၄၃၂ |


*ရုပ်ဓာတ် နာမ်ဓာတ် တရားတော် ဒုတိယပိုင်းမာတိကာပြီး၏။*

http://www.dhammadownload.com

# (၁၃၀၉)ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ

# ဆရာကြီး ဦးကြင်ရွှေ

# ၏

## ဘဝဖြစ်စဉ် အကျဉ်းချုပ်

❖❖❖❖❖❖❖

ပခုက္ကူဝိပဿနာ သင်တန်းသားများ၏ ရှေ့သွားခေါင်းဆောင် သမိုင်းပြောင်သည့် ဆရာကြီး ဦးကြင်ရွှေသည် ရောဝတီတိုင်း အပါအဝင် ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ပုသိမ်မြစ်ဟုလည်း ခေါ်တွင်သော ငဝံမြစ် လက်ဝဲဘက်ကမ်းတွင် တည်ရှိသော သာယာလှသော လူတော်စုရွာ၌ အဖ ဦးသာပေါ် + အမိ ဒေါ်မေခင်-တို့မှ သက္ကရာဇ် (၁၂၆၁)ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်၊ သောကြာနေ့ နံနက် (၄)နာရီအချိန်တွင် ထောင်သောင်းသိန်းမက များလှစွာသော လူအပေါင်းတို့အား ဓမ္မဒါန အမြုတေ ငွေဝေအံ့ငှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာကြီး၏ ငယ်မည်မှာ "မောင်ကြင်" ဖြစ်ပါသည်။

❖ **များမြောင်သချ်ာ၊ လူတကာတို့၊ ဓမ္မအမြုတေ၊ ပေးဝေအံ့ငှာ၊**
**ဆရာလောင်းလျာ၊ ဖွားမြင်ပါသည်၊ လွန်စွာအံ့ဖွယ် ကောင်းပါသတည်း။**

## တတ်သင့်တတ်ရာ ပညာအရပ်ရပ် သင်ကြားခဲ့ခြင်း။

ကျေးဇူးရှင် ပခုက္ကူဝိပဿနာ နည်းပြဆရာကြီးလောင်းလျာ မောင်ကြင်သည် သက်တော် (၇)နှစ်သားအရွယ်တွင် လူတော်စုရွာ ကျောင်းဆရာမကြီး ဒေါ်သိန်းလှိုင်၏ မူလတန်းကျောင်း၌ အခြေခံမူလတန်း ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထို ဒေါ်သိန်းလှိုင် မူလတန်းကျောင်းမှ လူတော်စုရွာ ဆရာတော် ဦးတေဇဝန္တ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာကြီးဦးဘိုးရန် ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အောက်ခြေမူလတန်းစာများ လွယ်ကူစွာ တတ်မြောက်ခဲ့ပါသည်။

❖ **ဆရာကြီးလောင်းလျာ၊ သူတော်စွာကား၊ ငယ်ခါသမယ၊**
**ကာလကပင်၊ လွန်လျှင်ထူးခြား၊ ပညာများကို၊ ကြိုးစား၍ပင်၊**
**သူသွန်သင်သည်၊ လူတွင် တံခွန်ဖြစ်မည်ကို။**

http://www.dhammadownload.com

## သာမဏေဝတ် ဘုရားမြတ်စွာသာသနာ့ဝန် ထမ်းဆောင်ခြင်း

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရွှေတောင်ကြီးပမာ မှီခိုအားထားရာဖြစ်သော ဆရာကြီး သည် သက်တော် (၁၂)နှစ်သားအရွယ်တွင် ပြည်ခရိုင်၊ ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက် ၌ သီတင်းသုံးတော်မူခဲ့သော အဘိဓမ္မတ္ထသာရမေဒနီကျမ်းစသော ကျမ်းဂန်များစွာတို့ကို ပြုစီရင် တော်မူခဲ့သော ဒွါရနိကာယ ဆဋ္ဌမမြောက် သံဃရာဇာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဝါသဝ မဟာထေရ်မြတ်၏ စက်ရိပ်ဝယ် သာဝတ္ထိအဖွဲ့ နှစ်ဆယ့် လေးသွယ် စလွယ်တော်သိုင်း၍ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲတွေ သာမဏေဘုံရောက် ချီးမြှောက်တော်မူချက်အရ “ရှင်သာဓုဝတ”ဟူသော ဘွဲ့မည်ဖြင့် ဘုရားဖီနော် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ပါသတည်း။

❖ တစ်ဆယ့်နှစ်နှစ်၊ ရွယ်တော်ခေတ်ဝယ်၊ ဘုန်းကြွယ်မြတ်စွာ၊
သာသနာတွင်၊ သုံးအင်သရဏဂုံ၊ ဆယ်ပုံသီလ၊ မြတ်ဓမ္မဖြင့်၊
သာသနာဝန်၊ သူအားသွန်သည်၊ လွန်လျှင်ထူးတဲ့ ပါရမီရှင်ပါတည်း။

## “သရေခေတ္တရာ”မည် ပြည်မြို့၌ ပညာသင်ကြားခြင်း။

သက္ကရာဇ် (၁၂၇၆)ခုနှစ်မှစ၍ “သရေခေတ္တရာ”ဟု ထင်ရှားသော ပြည်မြို့ ကန်တွင်း ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဘာသိတထံ ရောက်ရှိနေထိုင်၍

❖ “ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ”

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါး ပြည့်စုံစွာကျင့်ကြံ၍ တတ်ကောင်းစရာ၊ လောကုတ္တရာ ပညာအရပ်ရပ်ကို ဒိုးကဲ့သို့မွှေ အာဂုံကျေအောင် သင်ယူတတ်မြောက်တော် မူခဲ့ပါသတည်း။

❖ သရေခေတ္တရာ၊ သညာဖွဲ့ချည်၊ ပြည်နဂရ၊ ဌာနသမိုက်၊
ကန်တွင်းတိုက်တွင်၊ အရှင်သုဘာသိတ၊ ထေရ်ရှိန္ဒရ၏၊
ကန္တိကေနီး၊ ကပ်ခါမှီး၍၊ ဘုန်းမီးသာသနာ၊ ကျမ်းစာဆူဆူ၊
သူသင်ယူသည်၊ ကြည်ဖြူသဒ္ဓါပိုင်ရှင်တည်း။

http://www.dhammadownload.com

## ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် (၂၀)ပြည့်မြောက်ရာ သက္ကရာဇ် (၁၂၈၁)ခုနှစ်၊ မအူပင်မြို့၊ ဒီပဲယင်းကျောင်းတိုက် သိမ်တော်၌ အင်ပူဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့၊ စက်ရှင်မင်းကြီး ဦးသက်ညွန့်+ ဒေါ်ရွှေမေ-တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို မုချပုံသေ ရရှိတော်မူခဲ့ ပါပေသတည်း။

❖ သက်တော်နှစ်ဆယ်၊ သူပြည့်ကြွယ်က၊ တင့်တယ်အေးမြ၊
သာယာလှသည့်၊ ဗုဒ္ဓသာသနာ၊ ကြီးစွာဝန်ထမ်း၊ ရဟန်းဘဝ၊ ဒုလ္လဘကို၊
လှလှမသေ၊ ရရှိလေသည်၊ အသရေလျှမ်းတင့် လှပါသတည်း။

## ပညာသင်ကြားတော်မူခြင်း

တစ်ခေတ်တွင် ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီးအဖြစ် ကျော်စောမည့် ရဟန်းတော် ဦးသာဓုဝတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက် ဆရာတော်ဘုရားကြီးနှင့် အင်ပူဆရာတော်ဘုရားကြီးတို့ထံတွင် ဂန္ထဓုရ အဝဝကို ဗဟုဿုတ ဖွဲ့လို့လဖြင့် သင်ယူရာ တတ်မြောက်ကျွမ်းကျင်တော်မူခဲ့ပါသည်။

❖ နေလတန္တု၊ ဦးသုဘာသိတ၊ ထေရိန္ဒနှင့်၊ သံဃပိတာ၊
သံဃဖခင်၊ အင်ပူတွင်၊ သခင်ဆရာ၊ များစွာတို့ထံ၊
တန်တန်သရ်ာ၊ ကျမ်းရွှေစာကို၊ ကောင်းစွာအလျင်၊
သင်သင်ယူသည်၊ သဗ္ဗညုသာသနာ ပြုရန်ကို။

## ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခြောက်ဝါအရတွင် နတ်သိကြားတို့ နှိုးဆော်သည့်အလား ပခုက္ကူသို့ ပညာသင်သွားလိုစိတ်တွေ တဖွားဖွားဖြစ်ပါသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ရောက်ရှိကာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဖူးရှင် ဆရာတော်ဘုရားကြီး ဦးဇဝနထံ ပိဋကတ်နိကာယ် အသွယ်သွယ်သော ကျမ်းဂန်များကို သင်ယူခဲ့ရာ ပိဋကတ် တတ်မြောက်ကျွမ်းကျင်ခဲ့လေသည်။

❖ ပခုက္ကူမည်၊ လွန်ပြောစည်သည့်၊ အင်္ဂီရသ၊ ဗုဒ္ဓသာသနာ၊
ရောင်ဝါယှက်ဝေ၊ မြို့မဟေဉ္ဇ၊ သုံးထွေပိဋက၊ ချရာပို့ရာ၊
မဟာဝိဇယာရာမ၊ နာမသမိုက်၊ တိုက်တော်ကြီးတွင်၊ သုံးအင်ပိဋကတ်၊
တတ်မြောက်အောင်ပင်၊ သူသင်ယူသည်၊ ဝိညူပဏ္ဍိတ်ဖြစ်ပြီတည်း။

http://www.dhammadownload.com

## စာပေကျမ်းဂန်ချပို့ သာသနာကျိုး သည်ပိုးဆောင်ရွက်ခြင်း

စာပေကျမ်းဂန် သင်ယူတတ်မြောက်ပြီးနောက် မိမိအောက်ငယ်သား စာသင်သားများကို စာပေချပို့ကာ သာသနာကျိုးကို သည်ပိုးထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးလောင်းလျာ ရဟန်းတော် ဦးသာဓုဝတသည် ပန်းဘဲတိုက်ရပ် ကျောက်စေတီဘုရားအနီးရှိ ယခု (၁) အ.လ.က ကျောင်း နေရာ၌ ရှိခဲ့ဖူးသော ဘုန်းတော်ကြီး ဦးဝင့်ကျောင်း၌လည်း နေထိုင်၍ သာမဏေ ငယ်များ,ကျောင်းသားများကို စာပေသင်ကြား ချပို့ပေးခဲ့ပါသည်။

❖ **စာပေအရပ်ရပ်၊ တတ်မြောက်လေက၊ သိဿပေါယယ်၊ အသွယ်သွယ်အား၊**
**ငါနယ်မသွေ၊ တက်ပါစေဟု၊ နလုံးပြုကာ၊ များစွာကျမ်းစာ၊**
**ချပို့ပါသည်၊ စေတနာသုံးဖြာ၊ ထူးလှပါသတည်း။**

## ဝိပဿနာတရား ပြန့်ပွားအောင်ဆောင်ရွက်ခြင်း

ရဟန်းတော် ဦးသာဓုဝတသည် ရဟန်းသိက္ခာ (၁၈)ဝါအရတွင် လွန်စွာထူးတင့် မြင့်မြတ်လှသည့် သာသနာ့ဘောင်မှ ဆင်းခဲ့လေသည်။ "ဦးကြင်ရွှေ" အမည်ဖြင့် လူ့ဘဝရောက်၍ (၄)နှစ်ကြာသောအခါ ဒေါ်စိန်ဥနှင့် အိမ်ထောင်ဖက်ပြုခဲ့ရာ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး မကြာမီ သမီး, ဇနီးတို့ ကွယ်လွန်ခဲ့သဖြင့် သောကမီးတောက်လောင်လေရာ ယင်းသောကမီးမှ ငြိမ်းရန်ငြိမ်း ကြောင်း ဘုရားမြတ်စွာ၏ဆေးကောင်းဖြစ်သည့် ပိဋကကျမ်းစာများကို ကြည့်ရှု၍ အနှစ်သာရကို ရှာဖွေခဲ့လေသည်။

❖ တဏှာအကြိုက်၊ သူလိုက်မိကာ၊ မြတ်စွာခမ်းဝါ၊ သာသနာမှ၊
**ယုတ်မာသည်းခေါင်၊ ဤလူ့ဘောင်ဝယ်၊ အိမ်ထောင်ညွှတ်ကွင်း၊**
**သံချိုင့်တွင်း၌၊ ဆင်းသက်မိကာ၊ ပူဝေဆာ၊ သောကရောက်ရပါသတည်း။**
**သောကပြေကြောင်း၊ ဆေးဝါးကောင်းမှန်း၊ သုံးတန်ပိဋက၊**
**နိစ္စမသွေ၊ ကြည့်ရှုလေက၊ သံဝေဂ မုချဖြစ်ခဲ့ပါသတည်း။**

ယင်းသို့ စာပေကျမ်းဂန်အရပ်ရပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ရှုမှတ် ကြံစည်ရင်းသောကကြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှတစ်ပါး ဘာမျှမရှိ သုညတ၏အဖြစ်ကိုလည်းကောင်း၊ ငါ,သူတစ်ပါး,ယောက်ျား, မိန်းမ မရှိ ပရမတ်ပေါ်တွင် ပညတ်ဖုံးနေသည့် အဖြစ်ကိုလည်းကောင်း၊ ပိုင်ပိုင်မိမိသိရှိ၍ မိမိသိသည့် အတိုင်း အများတကာတွေ့ သိကြပါစေဟူသော ရည်ရွယ်ချက်ဖြင့် (၁၃၀၉)ခုနှစ်၊ တန်ဆောင်မုန်းလ ကစ၍ "ပခုက္ကူဝိပဿနာသင်တန်း"ဟူသော အမည်ဖြင့် စတင်တည်ထောင် ဖွင့်လှစ်ခဲ့ရာ ဘုန်းကံ ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီး ထောင်ပေါင်းများစွာတို့ ဒီရေအလား တိုးတက်ခဲ့ရာ

http://www.dhammadownload.com

ယခုဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနယ်နယ် အစိုစိုု အမြို့မြို့ အရွာရွာတွင် ဆရာကြီး၏ ဝိပဿနာသင်တန်းခွဲပေါင်း (၂၇၀)ကျော်မျှရှိရာ လွန်စွာအားရ ကျေနပ်ဖွယ် ကောင်းလှပါသည်။

## ဆရာကြီးကွယ်လွန်သဖြင့် ဆုံးရှုံးနစ်နာခြင်း

အားလုံးသော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ –

အားလုံးသိတော်မူကြသည့်အတိုင်း ဇရာဗျာဓိတို့ အနှိပ်စက်ခံရသော ဆရာကြီး အသက် (၈၅)နှစ်ရှိရာ (၁၃၄၆)ခုနှစ်၊ ဝါဆိုလကွယ်နေ့ (၁)နာရီ (၆)မိနစ်အချိန်တွင် ဆရာကြီး ကွယ်လွန် သွားပါသဖြင့် လွန်စွာဆုံးရှုံး နစ်နာခြင်း ဖြစ်ကြရပါသည်။ သို့ရာတွင် “ဖြစ်လျှင်ပျက်မြဲ မလွှဲတံထွာ ဓမ္မတာ”ဟု သဘောပေါက် ဖြေသိမ့်ပြီး ဆရာကြီး၏ တရားတော်များ ပြန့်ပွားအောင် ကျန်ရစ်ကြ သော တပည့်တွေ တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လေးနက်စွာ တိုက်တွန်းပါသည်။

မြင်မြင်သမျှ သင်္ခါရ စိတ်က နှလုံးသွင်း။

အရှင်ကေလာသ

အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဂဏဝါစက

B.A. Hons ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

http://www.dhammadownload.com

http://www.dhammadownload.com

# ဗန်းမော်ဆရာတော်ကြီး၏

# အမှာစာ

■■■■■■■■■■■■■■

ဆရာကြီး ဦးကြင်ရွှေ၏ ပစ္စက္ခုပ္ပဝိပဿနာသင်တန်း ဟောစဉ် (၂) ရုပ်ဓါတ်၊ နာမ်ဓါတ် စာမူကို ပစ္စက္ခုပ္ပဝိပဿနာ သင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ဥက္ကဋ္ဌ ဦးမြင့်စိုးက တည်းဖြတ်သုတ်သင်ပေးပါရန် လာရောက်ဆက်ကပ်ပါသည်။ ဖတ်ရှုကြည့်ရာ စကားလုံးအထပ်များမှ အနည်းငယ်ကို ဖယ်ထုတ်ပေးခဲ့ပါသည်။ ကွန်ပျူတာရိုက်အမှားများကို လည်းကောင်း၊ သတ်ပုံအမှားများကိုလည်းကောင်း သုတ်သင်ပေးခဲ့ပါသည်။ အများနှင့် ဆန့်ကျင်ဘွယ် အချို့စကားလုံးများကိုလည်း ဖယ်ထုတ်ပေးခဲ့ပါသည်။

ဤစာအုပ်ကိုဖတ်ရှုခြင်းဖြင့် စာရှုသူများ ဆရာကြီး၏ မေတ္တာ–ကရုဏာရှေ့ထားပြီး စိတ်ရှည်လက်ရှည် သင်တန်းသားများနားလည်အောင် သဘောပေါက်အောင် ရှင်းပြထားသည်မှာ အံ့သြလောက်ပါပေသည်။ ဤမျှအပင်ပန်းခံပြီး စိတ်ရှည်လက်ရှည် ဟောပြောပြသသူ မတွေ့မိပေ။ ဆရာကြီး၏စေတနာကို အလေးထားပြီး တိပ်ခွေများကိုလည်း သမာဓိရရနာယူရန် အလွန် သင့်လျော်ပါသည်။ စာအုပ်များကိုလည်း လေးလေးစားစား အဓိပတိပစ္စည်းတပ်ပြီး ကြည့်ရှုထိုက် ပေသည်။

ဆရာကြီး၏စာမူများကို ဖတ်ရှုလေ့လာခြင်းဖြင့် စာရှုသူများ သံသရာအဆက်ဆက် အမှတ်မှား၊ အယူမှားလာခဲ့သည့် သညာဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသတရားများ ပယ်ဖျောက်နိုင်ပြီး သန့်ရှင်းစင်ကြယ်သော သမ္မာဒိဋ္ဌိဉာဏ်များ ရရှိနိုင်ပါသည်။ ပညတ်၊ပရမတ်ကွဲပြီး ပညတ်ကို ဖယ်ထုတ်ပြီး ပရမတ်သဘောတရားများကို လက္ခဏာ–လက္ခဏာဝန္တ ကွဲပြားစွာသိသွားပါလိမ့်မည်။

နာမရူပပရိစ္ဆေဒဉာဏ်ကောင်းကောင်းကြီးရပြီး ဒိဋ္ဌိဝိသုဒ္ဓိအဆင့်ကောင်းကောင်းကြီး ရရှိပါမည်။ မကြာမီ သင်တန်းစာအုပ်များ ဆက်လက်ထွက်ပေါ်လာပါမည်။ ၎င်းစာအုပ်များကို ဆက်လက်ဖတ်ရှုလေ့လာခြင်းဖြင့် အကြောင်းကြောင့်အကျိုးတရားများဖြစ်ပုံကို သိလာပါလိမ့်မည်။ ပြဟ္မာဗိဿနိုးတန်ခိုးရှင်များက ဖန်ဆင်းသည်မဟုတ်၊ အကြောင်းတရားကြောင့် အကျိုးတရားတွေ ပရမတ်သဘောတရားတွေ ဆက်ခါဆက်ခါဖြစ်ပျက်နေကြသည်ကို သဘောပေါက်လာပါလိမ့်မည်။ ထိုအခါ ပစ္စယပရိဂ္ဂဟဉာဏ်စဉ်ကိုရပြီး ဝိစိကိစ္ဆာပျောက်သွားပါလိမ့်မည်။ ဒိဋ္ဌိ–ဝိစိကိစ္ဆာ ပယ်ခွါ

http://www.dhammadownload.com

လိုက်သည်နှင့်တပြိုင်နက် အနည်းဆုံး စူဠသောတာပန်ဖြစ်ပြီး အပါယ်တံခါး ပိတ်သွားပါလိမ့်မည်။ စာရှုသူများ ရှေးဦးစွာ အပါယ်တံခါးပိတ်ပြီး ဆက်လက်လေ့လာဖတ်ရှုပါက နိဗ္ဗာန်တံခါးကြီးပွင့်ပြီး အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ကမ္ဘာအေး၊ ရန်ကုန်။

http://www.dhammadownload.com

# နိဒါန်း

## ရုပ်ဓါတ်,နာမ်ဓါတ် စာအုပ်၏
## နိဒါန်းစကား

❖ ❖ ❖ ❖ ❖

ပခုက္ကူဝိပဿနာ သင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော ဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြွင်ရွှေ၏ သင်တန်းဟောစဉ် ရုပ်ဓါတ်,နာမ်ဓါတ် တရားစာအုပ်ကို ပထမတွဲ, ဒုတိယတွဲ, တတိယတွဲဟု စာမျက်နှာ (၄၀၀) ကျော် ပိုင်းခြား၍ တိပ်ခွေမှ လက်ရေးမူကူးယူပြီး ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေလိုက်ပေပြီ။

### "ကျမ်းစာတစ်အုပ်, ဂုဏ်ရည်ထုတ်"

ဤ ရုပ်ဓါတ်,နာမ်ဓါတ် သင်တန်းဟောစဉ် တရားစာအုပ်ကြီးကို မဖတ်ရှုမလေ့လာမီ စာဖတ်ပရိသတ် ဓမ္မမိတ်ဆွေများကို ဤစာအုပ်နှင့် မိတ်ဆက်ပေးရပါဦးမည်။ ဤစာအုပ်ကို ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြွင်ရွှေက ပခုက္ကူမြို့ပေါ်တွင် သူ့ခေတ်နှင့်သူ့အခါ သင်တန်းတရားကို နေ့စဉ် (၁) နာရီဟောကြားပြီး (၁) နှစ်ပေါက်အောင် ဟောကြားထားသော တရားများအနက်မှ ရုပ်ဓါတ်,နာမ်ဓါတ် ခေါင်းစဉ်တပ်ပြီး ဟောစဉ်အတိုင်း ကူးယူရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။

ဤသို့ မူလဟောနည်းအတိုင်း ကူးယူရိုက်နှိပ်ရခြင်းမှာ စာဖတ်ပရိသတ်များအဖို့ ကျမ်းစာအုပ်ရေးနည်းရေးဟန်ထက် တရားဟောစဉ်အတိုင်းက ပို၍သိလွယ်၊ ပို၍နားလည်လွယ် သောကြောင့်ဖြစ်ပေသည်။

သို့ရာတွင် စာရှုသူများသည် ဤသင်တန်းဟောစဉ်တရားတော်များကို လေ့လာဖတ်ရှုကြ သည့်အခါ ဤစာအုပ်၌ အဓိပ္ပါယ်တစ်မျိုးတည်းကိုပင် နှစ်ကြိမ်,သုံးကြိမ်ထပ်၍ ဟောကြားထားသည့် နေရာအချို့ကို တွေ့ရှိကြမည်ဖြစ်ပါသည်။ ယင်းကဲ့သို့တွေ့ရှိကြသည့်အခါ "ဤသို့ နှစ်ကြိမ်, သုံးကြိမ်ထပ်၍ဟောခြင်းမှာ သင်တန်းသူ၊ သင်တန်းသား ပရိသတ်များအား မိမိတို့သိနားလည် သလို သိမြင်စေလို၊ သဘောပေါက်စေလိုသည့် ဆရာကြီး ဦးကြွင်ရွှေ၏ မွန်မြတ်သောစေတနာပါ ကလား" လို့ နှလုံးသွင်းစေလိုပါသည်။

### "စစ်မှန်သောဆန္ဒ တူညီကြ"

ဤရုပ်ဓါတ်,နာမ်ဓါတ်ဟောစဉ်တရားစာအုပ်ဖြစ်မြောက်ရေးကို အကူအညီပေးကြပါသော နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်) ဆရာတော်ကြီးက တည်းဖြတ်သုတ်သင် ပြင်ဆင်ပေးပြီး၊ စာမူများကို အနီးကပ်ကြီးကြပ်ပေးသော ဦးသာသန

http://www.dhammadownload.com

နိဒါန်း

(သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ)၊ တိပ်ခွေမှ စာမူကြမ်းအဖြစ် ကူးယူပေးကြသော ဦးဘငြိမ်း (အတွင်းရေးမှူး)၊ ဦးအောင်မြင့်၊ ကွန်ပျူတာစာစီ ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)၊ ဒေါ်စန္ဒာအေး၊ မျက်နှာဖုံးဒီဇိုင်နာ ကိုအောင်လှိုင်ဘွား၊ စေတနာမပျက် သဒ္ဓါလက်နဲ့ ထောက်ပံ့လှူဒါန်းသော ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ နာယကကြီး ဦးချစ်၊ (ဥက္ကဋ္ဌ) ဦးမြင့်စိုး (ကောင်းမြင့်စံ–မွေ့ယာ) မိသားစုတို့ကို အထူးပင် ဝမ်းမြောက်စွာဖြင့် ဂုဏ်ယူမှတ်တမ်းတင် အပ်ပါသည်။

"ရုပ်,နာမ်သိက ကျိုးဖလ"

ဤသို့ ရုပ်နာမ်သိအောင် အကျိုးဆောင်နိုင်သောပုဂ္ဂိုလ်နှင့် အကျိုးမဆောင်နိုင်သောပုဂ္ဂိုလ် တို့၏တန်ဘိုးကို –

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ ဟောကြားထားတဲ့ ဒေသနာရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ "လူတစ်ယောက်ဟာ နှစ်ပေါင်းတစ်ရာ ကာလကြာအောင် အသက်ရှင်စေကာမူ၊ အသက်ရှည်စေကာမူ ထိုအသက်ရှည်တဲ့ဘဝ နှစ်ပေါင်းတစ်ရာမှာ ရုပ်,နာမ်, ခန္ဓာလောက်မျှသိသောဉာဏ်ကိုမရဘဲ အသက်ရှည်မယ်ဆိုရင် ထိုသူရဲ့ဘဝသည် အကာပဲ အနှစ် မရှိဘူး"

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးရဲ့သဘောကိုသိပြီးတော့မှ အသက်ရှင်ရခြင်းသည် တစ်ရက်, တစ်မနက် အသက်ရှင်ရစေကာမူ လူ့ဘဝမှာ တန်ဘိုးရှိ၍ မြတ်တယ်လို့ ဟောတော်မူပါတယ်။ ရုပ်,နာမ်,ခန္ဓာကိုမသိဘဲ နှစ်ပေါင်းတစ်ရာကြာအောင် အသက်ရှင်ခြင်းသည် အချည်းနှီးပဲ အကျိုးမရှိ ဘူးလို့ ဆိုလိုခြင်းဖြစ်ပေသည်။

ဤသို့ ဆိုသောစကား သတိထားပြီး အသိမမှားရလေအောင် အရိယာတို့၏ဇာတ်ဖြင့် အရှိတရားနဲ့ ရုပ်ဓမ္မ,နာမ်ဓမ္မကို ဆုံးဖြတ်ဖို့လိုပေသည်။

ဤသို့ဆုံးဖြတ်ဖို့ သာဓကသည်ကား ...

"စတ္တာရော ဟိ အရိယာ၊ အာစာရ အရိယော၊ ဒဿန အရိယော

လိင်္ဂအရိယော ပဋိဝေဓ အရိယောတိ။"

(တိကနိပါတ် တိလမုဋ္ဌိဇာတ် အဋ္ဌကထာ)

"ဟိ–ရုပ်နာမ်မြင်က ကျိုးဖလမို့ မိုယ်းမျှမကပုံကိုပြဆိုဦးအံ့၊ (ဝါ) ပုထုဇဉ်နှင့်အရိယာကို သိသာအောင်ခွဲ၍ပြဦးအံ့၊ အရိယာ–အပါယ်လည်းကင်း ဆင်းရဲလည်းလွတ် ဒုက္ခမှကျွတ်သဖြင့် မုချပင်ကင်းလွတ်ကြကုန်သော အရိယာကြီးတို့သည်၊ ဤလေ့စတ္တာရော–ရေတွက်စစ်ပွား အတွေး

http://www.dhammadownload.com

# နိဒါန်း

မမှားရအောင် လေးပါးသာလျှင် ရှိကြပေကုန်၏။ အာစာရအရိယော–ရုပ်ယာဉ်နှင့်နာမ်ယာဉ်ကို အမှန်ပင်စီးတော့မည်ဟု တွင်တွင်ကြီးအားထုတ်ကြသော အာစာရအရိယာသည်လည်းကောင်း၊ ဒဿနအရိယော–အဝိဇ္ဇာပျောက် အလင်းရောက်သဖြင့် ဓါတ်ပေါက်ရုပ်မြင် နာမ်အစဉ်ကို အမှန်ပင်မြင်ရသော ဒဿနအရိယာသည်လည်းကောင်း၊ လိင်္ဂအရိယော–ပုထုဇဉ်နဂိုဟောင်းမှ ရှုစဉ်ပင် ဓါတ်စုံပြောင်းသဖြင့် အဇော်အပေါင်းတရားတမျိုးထွင်ပြီးတော့ အားကိုးချင်အောင် ကမ္မဋ္ဌာန်းစိတ်ဖြင့် တစခန်းချိတ်ကြသော လိင်္ဂအရိယာသည်လည်းကောင်း၊ ပဋိဝေဓအရိယော–သောတာပန်ခရီး ဆိုက်သဖြင့် ပြည်နိဗ္ဗာန် အပြီးပိုက်လို့မို့ စီးလိုက်ကြသော ပဋိဝေဓအရိယာသည်လည်းကောင်း၊ တေ–ထိုလေးမျိုးလေးစား လေးပါးသာလျှင်ရှိကြကုန်သော အရိယာကြီးတို့သည်၊ နိဗ္ဗာနပုရံ– နိဗ္ဗာန်ဆိုတဲ့ပြည်ကြီးသို့၊ ဂစ္ဆန္တိ–ရောက်ကြကုန်၏။ ။

အို စာရှုသူအပေါင်းတို့ ... ရုပ်နာမ်ကိုမြင်ပုံကွာခြားချက်သည် ပုထုဇဉ်နှင့်အရိယာကို ခွဲခြားပြီးသိစေကြောင်း မီးမောင်းထိုးပြရခြင်းဖြစ်ပေသည်။ ဒါကြောင့် "ရုပ်နာမ်မြင်က ကျိုးဖလ, မိုဃ်းမျှမကပါ၊ ရုပ်နာမ်ကိုစီး, မဂ်ခရီး, ပြည်ကြီးနိဗ္ဗာန်သာ" ဟုဆိုသော "နိယတ ဂတိက" ရုပ်နာမ်မြင်ရဲ့ ဒိဋ္ဌိကွာရုံနှင့် တသံသရာလုံး အပါယ်တံခါးပိတ်ရသည် ဟူသော သာကေကို ဝေဖန်ပိုင်းခြား "နာမရူပ ပရိစ္ဆေဒဉာဏ်များရရှိနိုင်အောင်" ဤရုပ်ဓါတ်,နာမ်ဓါတ် တရားတော် စာအုပ်မြတ်ကို ဖတ်ရှုလေ့လာ သုံးသပ်ဆုံးဖြတ်၍ ဘာဝနာမယဉာဏ် အမြင်သန်ပြီး သောတာပန် ခရီးဆိုက်သဖြင့် ပြည်နိဗ္ဗာန်အပြီးပိုက်နိုင်ကြပါစေ .... ။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီစာသင်တိုက်
လှိုင်မြို့နယ်။

ကျမ်းကိုး –

- ဝိပဿနာ နယဝိတ္ထာရဒီပနီ
- ဓမ္မပဒပါဠိတော်
- မင်းကွန်းတိပိဋကဓရ ဟောစဉ် (ဒုတိယတွဲ)

http://www.dhammadownload.com

http://www.dhammadownload.com

# ရုပ်ခေတ် နာမ်ခေတ် တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိုးစိတ်က အမျိုးမျိုးဖြစ်တာ

ဩော် ခုန ခြောက်ပါးသောစိတ်တွေက ချုပ်သွားပြီဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ရပ်သွားပြီ (ဟုတ်ကဲ့ပါဆရာ)။ အာရုံခြောက်ပါးနဲ့လွတ်နေပြီ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အိပ်ပျော်တော့ ဘဝင်စိတ်ကလေး သန့်သန့်ဖြစ်နေတာပေါ့ (ဟုတ်ကဲ့ ဘဝင်စိတ်သန့်သန့်ဖြစ်နေပါတယ်ဆရာ)။ အဲဒီဘဝင်စိတ်ကလေးချည်းဖြစ်နေတယ်။ ဩော် အိပ်ပျော်နေတော့ ဘဝင်စိတ်သည်ဖြစ်၏။ နိုးလာတော့ အဲဒီအိပ်ပျော်နေတဲ့ ကံဖြစ်တဲ့ဘဝင်စိတ်ကရပ်သွားပေါ့၊ နိုးလည်းလာရော မျက်စိက အရင်စနိုးရင် မြင်စိတ်ကလေး အရင်စဖြစ်ပါ၏။ နိုးတာအမျိုးမျိုးရှိသေးတယ် အိပ်ပျော်လို့နိုးလာတာ၊ တချို့ မျက်စိကအရင်စနိုး၊ တချို့ နားကအရင်စနိုး နားကအရင်စနိုးလာတော့ ငါတော့ ခေါ်သံပြောသံတွေကြားပြီ မိုးလင်းထင်ပါရဲ့၊ ဘယ်သူတွေ ဘယ်သွားကုန်ပါလိမ့်လို့ မျက်စိကမဖွင့်သေးဘူး မဟုတ်လား (မဖွင့်သေးပါဘူးဆရာ)။ အဲ ခပ်ပျင်းပျင်းနဲ့ ဖွတ်အတင်းအိပ်နေတယ်၊ နားကအရင်နိုးတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တချို့ လုံ့လဝီရိယရှိတဲ့လူကျတော့ မျက်စိကအရင်နိုးတယ် အာရုံအာဖျားကထပြီ မိုးလင်းခါနီးအာရုံလာပေါ့ ငါသွားစရာရှိ ဖိုးဖိုးဖပ်ဖပ်နဲ့ထသွား၊ သူကတော့ တော်တော်လေး လုံ့လဝီရိယနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်။ တချို့က နားကအရင်နိုးတယ် နားကတော့ အသံတွေကြားသား ကြက်တွန်နေ ကျီးတွေနိုးပြီထင်ပါရဲ့ ကြားပေမယ့် မျက်စိကတော့စုံမှိတ်ထား မထသေးဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်ကစနိုးနိုး၊ နိုးသည်နှင့်တစ်ပြိုင်နက် စောစောကပြောတဲ့ မြင်စိတ်တို့ ကြားစိတ်တို့ နံစိတ်တို့ စားစိတ်တို့ ထိစိတ်တို့ ကြံစည်စိတ်တို့ စိတ်ခြောက်ပါးတွေ ပြန်ပေါ်လာပေါ့ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။

အေး အေး အဲဒီဌာနခြောက်ခုအမှီပြုပြီးတော့ မင်းတို့ငါတို့မှာ မသေမချင်းဖြစ်နေတဲ့ အိပ်မပျော်တဲ့ အခါပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ကာလပတ်လုံးသည် ဒီခြောက်ဌာနက ခြောက်ပါးသောအာရုံနဲ့ တွေ့တိုင်းတွေ့တိုင်း ဒီစိတ်ကလေးတွေ အမြဲတစေဖြစ်နေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး အဲဒီခြောက်ဌာနမှာ ခြောက်ပါးသောအာရုံနဲ့တွေ့တိုင်းတွေ့တိုင်း ဒီစိတ်တွေ ဖြစ်တယ် မှတ်ထားပါသေသေချာချာ (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဟော ရူပါရုံနဲ့တွေ့ရင် စက္ခုဝိညာဏ်စိတ်ဖြစ်ပြီမြင်စိတ်၊ သဒ္ဒါရုံဆိုတဲ့အသံနဲ့တွေ့ရင် သောတ

http://www.dhammadownload.com



ဝိညာဏ်စိတ်ကြားစိတ်ဖြစ်တယ်။ အနံ့ဆိုတဲ့ ဂန္ဓာရုံနဲ့တွေ့ရင် ဃာနဝိညာဏ်စိတ် နံစိတ်ဖြစ်၏ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အချို အချဉ် အငန် အစပ် အဖန် အခါး ဆိုတဲ့ ရသာရုံ အရသာနဲ့ တွေ့ရင် ဇိဝှါဝိညာဏ်စိတ်ဖြစ်၏ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အပူ အအေး အနူးအညံ့ အချောအမွတ် အစရှိသည်တဲ့ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အတွေ့အထိတည်းဟူသော အာရုံနဲ့တွေ့ရင် ကာယဝိညာဏစိတ်ဖြစ်၏ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ကြံစရာတွေးစရာ စိတ်ကူးစရာဆိုတဲ့ ဓမ္မာရုံနဲ့တွေ့ရင် မနောဝိညာဏ်စိတ်ဖြစ်၏ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါပေမယ့် အာရုံနဲ့ကင်းလို့တော့ မဖြစ်ဘဲမနေဘူးပေါ့ (မနေပါဘူးဆရာ)။ ဒီသတ္တဝါတွေလေ (ဟုတ်ကဲ့ပါဆရာ)။ ဒီလူတွေလေ (ဟုတ်ကဲ့ပါဆရာ)။ သြော် လက်စသတ်တော့ အာရုံခြောက်ပါးနဲ့ ကင်းမှုမနေကောင်းဘဲပဲ မှန်ရဲ့လား (မှန်ပါတယ်ဆရာ)။ အိပ်ပျော်တာထားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အိပ်ပျော်တဲ့အချိန်ကလေးထားလိုက်၊ နိုးနေတဲ့အချိန်မှန်သမျှ မိမိတို့အဇ္ဈတ္တသန္တာန် အမှန်အားဖြင့်ဖြစ်ပေါ်နေသော စိတ်တရားသည် မျက်စိမှာဖြစ်လိုက် နားမှာဖြစ်လိုက် နှာခေါင်းမှာဖြစ်လိုက် လျှာမှာဖြစ်လိုက် ကိုယ်မှာဖြစ်လိုက် စိတ်မှာဖြစ်လိုက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အာရုံခြောက်ပါးနဲ့တွေ့တိုင်းတွေ့တိုင်း ဖြစ်နေတာပေါ့ (ဖြစ်နေပါတယ်ဆရာ)။ အေး အဲဒီလို အာရုံခြောက်ပါးနဲ့တွေ့မှ သူတွေ့တဲ့အာရုံကို သိတတ်တဲ့သဘောစိတ်ခေါ်၏ နားလည်လား (နားလည်ပါတယ်ဆရာ)။ သူတွေ့တဲ့အာရုံကို သိတတ်သောသဘောလေးသည် စိတ်ခေါ်၏။

ဒါကြောင့် "အာရမ္မဏံ စိန္တေတီတိ စိတ္တံ"လို့။ အာရမ္မဏံ–သူတွေ့လာသောအာရုံကို၊ စိန္တေတိ–ကြံတတ်သိတတ်၏။ ဣတိ တသ္မာ–ထိုသို့သူတွေ့သောအာရုံကို ကြံတတ်သိတတ်သောကြောင့်၊ စိတ္တံ–စိတ်ခေါ်၏ဆိုတော့ လက်စသတ်တော့ စိတ်ဆိုတာတခြားမှမဟုတ်ဘဲ၊ အာရုံတွေ့မှ ဖြစ်လာတဲ့ သဘောလေး နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ အခုငါပြောနေတာ မင်းနားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ အာရုံမတွေ့ရင် ဒီစိတ်မဖြစ်ဘူးပေါ့ (အာရုံမတွေ့ရင်မဖြစ်ပါဘူးဆရာ)။ သြော် အာရုံတွေ့မှဖြစ်တယ် ဟုတ်လား (အာရုံတွေ့မှဖြစ်မှာပါဆရာ)။ အေး ဒါကြောင့်မို့ သူ့ကို စိတ်လို့ အမည်တပ်ထားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အာရုံကို သူတွေ့တဲ့အာရုံကို ကြံတတ်သိတတ်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါစိတ်ခေါ်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ကောင်းပါပြီကွယ် တစ်ခါထပ်ပြီးမေးစမ်းပါရစေ၊ ဒါဖြင့် အာရုံကိုကြံတတ်သိတတ်သောကြောင့် စိတ်ခေါ်တယ်ဆိုတော့ ဘယ်အာရုံလဲမေးတော့ သူနဲ့တွေ့တဲ့အာရုံတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ သူနဲ့တွေ့တဲ့အာရုံ၊ အာရုံကလည်း ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ခြောက်ပါးရှိတယ်။ သြော် တစ်ပါးပါးတွေ့လိုက်ရင် သူက ဒီတွေ့တဲ့အာရုံကို သူသိလိုက်ပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သူ့စိတ်ခေါ်တာပဲဆိုတော့ ဒါဖြင့် သူအာရုံနဲ့ကင်းလို့ စိတ်ဖြစ်တယ်လို့

http://www.dhammadownload.com



မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ အာရုံနဲ့ကင်းပြီး စိတ်ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)။

ဒြော် အာရုံနဲ့ကင်းပြီးတော့ စိတ်မဖြစ်ကောင်းဘူးပေါ့ (မဖြစ်ကောင်းပါဘူးဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အာရုံနဲ့ကင်းပြီးစိတ်မဖြစ်ဘူး အာရုံနဲ့စိတ်ဖြစ်တယ် ဒါတော့ထင်ရှားတယ် (ထင်ရှားပါတယ်ဆရာ)။ သူ့နာမည်ကိုက စိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ စိတ်ခေါ်သလဲ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" အာရမ္မဏံ–အာရုံကို (ဝါ) သူတွေ့သောအာရုံကို၊ စိန္တေတိ–ကြံတတ်သိတတ်၏။ ဣတိ တသ္မာ–ထိုသို့သူတွေ့သောအာရုံကို ကြံတတ်သိတတ်သော သတ္တိကြောင့်၊ စိတ္တံ–စိတ်မည်၏ဆိုတော့ လက်စသတ်တော့ အာရုံနဲ့တွေ့မှ စိတ်ဖြစ်တာကိုး။ ဒါကြောင့် စိတ်လည်းပဲ စိတ်လို့အမည်ပေးထားတာ၊ မြန်မာလိုပြောတော့ သူတွေ့တဲ့အာရုံကို သူသိတတ်တယ်တဲ့။ ဒါဖြင့် သူနဲ့ ဒီအာရုံနဲ့မတွေ့ရင် သူဒီစိတ်မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် ခုနစိတ်မှီဖြစ်တဲ့ ဌာနခြောက်ခုလည်း မှတ်ထားပါ (မှတ်ထားပါတယ်ဆရာ)။ အာရုံခြောက်ပါးလည်း မှတ်ထားပါ (မှတ်ထားပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒြော် ဒါဖြင့် အာရုံနှင့်ကင်း၍ စိတ်သည်မဖြစ်ကောင်း မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အာရုံနဲ့ကင်းပြီး စိတ်သည်မဖြစ်ကောင်းဆိုတော့ ဖြစ်ပုံဖြစ်နည်း ငါတစ်ခါပြန်ပြောပါဦးမယ် (ဟုတ်ကဲ့ပါဆရာ)။ တစ်ခုတည်း ငါနမူနာပြမယ် ကျန်တဲ့ငါးပါး မင်းတို့ဉစ္စာ မင်းတို့ဉာဏ်နဲ့ တွေးကြည့်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ထင်ရှားတာ ငါတစ်ခုပြောမယ် ရူပါရုံကွာ၊ မြင်တဲ့အာရုံ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ မျက်စိက မြင်တဲ့အာရုံ ရူပါရုံ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီအာရုံလည်း တို့နေ့စဉ်နဲ့အမျှ မြင်နေတာပေါ့ (မြင်နေပါတယ်ဆရာ)။ ကျန်တဲ့အာရုံငါးပါးလိုပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒြော် ဒါဖြင့် မြင်ကောင်းတဲ့ရူပါရုံ မြင်ရောကွာ၊ မြင်တော့ အဲဒီမြင်တယ်ဆိုတဲ့ရူပါရုံကို သိလိုက်တဲ့ စိတ်ကလေးဖြစ်လာပြီလား (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဝိညာဏ်စိတ်ပေါ့ (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ကောင်းပြီ ကောင်းပြီ ရူပါရုံမြင်ရော၊ မြင်ပုံမြင်နည်းက နှစ်မျိုးရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ တစ်မျိုးတည်းချည်းမှတ်မနေနဲ့ သေသေချာချာလည်း မှတ်ပါ၊ သမာဓိလည်းကောင်းကောင်းထား အားလုံးပဲအားလုံးပဲ၊ အဲဒါလေး ရှင်းပေးတာ တခြား မဟုတ်ပါဘူး ဝေ့လည်ကြောင်ပတ်ဖြစ်ပြီးတော့ တရားလိမ်ခံရမှာစိုးလို့၊ လူအလိမ်ခံရမှာစိုးလို့ ပြပေးနေတာ သေသေချာချာမှတ်ပါ။ အဲဒါတကယ့်ဆရာတော်အရှင်မြတ်တွေလည်း ရှိပါတယ်၊ ဆရာတော် သမားတော်တွေလည်း ရှိပါတယ်၊ အခုပြနေတဲ့သဘာဝလေး သေသေချာချာ လျှောက်ထားကြည့်ပါ။ ဒါကတော့ ကျောင်းသား သာမဏေလေးကစပြီးတော့ မလွတ်တန်းသင်ရတဲ့ သင်္ဂြိုဟ်ကျမ်းမှာပါတဲ့ စာကလေးတွေပြောနေတာ ဒါလေးတွေပြနေတာ၊ ဒါဘာဖြစ်လို့လဲ

http://www.dhammadownload.com



လူလိမ်ခံရမှာစိုးလို့၊ လူလိမ်လူညာ အင်မတန်ပေါနေတယ်။

ဘုရားစော်ကား တရားစော်ကား သံဃာစော်ကား ဆရာတော်သမားတော်တွေစော်ကား အဲဒီလိုစော်ကားမော်ကားလုပ်ပြီးတော့ မဟုတ်မတရားတွေ ဟောပြောပြသနေတဲ့ အသံတွေကြားလို့ တို့လူစုက မေတ္တာနဲ့ပြောနေတာ၊ မမှားအောင်ပြောနေတာ။ ဒါအပိုလားဆိုတော့ မိမိကိုယ်မိမိ နေ့စဉ်နဲ့ ဖြစ်နေတဲ့ သဘာဝလေးတွေချပြ။ ကြည့် ဟုတ်လားမဟုတ်လားလို့ မင်းတို့ငါတို့ မျက်စိက မြင်စိတ်တွေဖြစ်နေတယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒါတို့မြင်တယ် မြင်တယ်လို့ပြောတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နားက အမြဲတစေကြားတယ်၊ ကြားတယ်ကြားတယ်လို့ ပြောတယ် ဒါကြားစိတ်၊ နှာခေါင်းက နံတယ်၊ နံလိုက်တာ မွှေးလိုက်တာပြောတယ် ဒါနံစိတ်။ လျှာမှာ အရသာခြောက်ပါးတွေ့တယ်၊ ငန်လိုက်တာ ချိုလိုက်တာ ချဉ်လိုက်တာပြောတယ် ဒါစားစိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်မှာ ထိတယ်၊ နူးညံ့လိုက်တာ ချောလိုက်တာ ကြမ်းလိုက်တာ ပူလိုက်တာ အေးလိုက်တာ ဒါထိစိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ငါစဉ်းစားလိုက်တာ ငါတွေးတောလိုက်တာ ဒါကြံစည်စိတ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ပါဠိလိုခေါ်တော့ စက္ခုဝိညာဏ်စိတ် သောတဝိညာဏ်စိတ် ဃာနဝိညာဏ်စိတ် ဇိဝှါဝိညာဏ်စိတ် ကာယဝိညာဏ်စိတ် မနောဝိညာဏ်စိတ် အဲဒီခြောက်ဌာန တဖွားဖွားဖြစ်နေတဲ့စိတ်ခြောက်ပါးအပြင် ဘာများရှိသေးလဲ (ဘာမှမရှိပါဘူးဆရာ)။ မသေမချင်းအမြဲဖြစ်နေတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။

အိပ်နေတာဖယ်ထား အိပ်နေတော့ ဒီခြောက်ပါးကလုံးဝရပ်နေတယ်တဲ့၊ ဘဝင်စိတ်တစ်ခု ဖြစ်နေတယ်လို့ မှတ်ထားပါ (ဟုတ်ကဲ့ပါဆရာ)။ မအိပ်ဘဲနဲ့ နိုးနေသမျှကာလပတ်လုံး ထိုစိတ်ခြောက်ပါးမျိုးသည် တစ်ခုပြီးတစ်ခုလှည့်ပြီးဖြစ်နေတယ်။ ငါတို့မျက်စိက မြင်ပြီးရင်ကြားတယ် ကြားပြီးရင်နံတယ် နံပြီးရင်မြင်တယ် မြင်ပြီးရင်စားတယ် ဖြစ်ချင်သလိုလှည့်ဖြစ်နေတယ်၊ ဘယ့်နှယ်ဖြစ်ဖြစ် ဒီခြောက်ပါးအပြင် အပြင်ဘက်မထွက်ပါဘူး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒါလည်း စိတ်ခေါ်တယ် ဘာဖြစ်လို့စိတ်ခေါ်လဲ အာရုံကိုသိတတ်လို့စိတ်ခေါ်တယ်၊ ဘယ်အာရုံကိုသိတတ်၊ သူနဲ့သူနဲ့ တွေ့တတ်တဲ့အာရုံကိုသိတတ်တယ်။ စက္ခုနဲ့လာတွေ့တယ် ရူပါရုံ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မျက်စိနဲ့လာတွေ့တယ် ရူပါရုံအဆင်းရုပ်၊ နားနဲ့လာတွေ့တယ် အသံသဒ္ဒါရုံ၊ နှာခေါင်းနဲ့လာတွေ့တယ် အနံ့ဂန္ဓာရုံ၊ လျှာနဲ့လာတွေ့တယ် အရသာရသာရုံ၊ ကိုယ်နဲ့လာတွေ့တယ် ဖောဋ္ဌဗ္ဗာရုံအတွေ့အာရုံ၊ စိတ်နဲ့လာတွေ့တယ် ဓမ္မာရုံ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် အာရုံခြောက်ပါးနဲ့ကင်းလို့မဖြစ်ဘူး၊ အာရုံခြောက်ပါးရှိမှ ဒီစိတ်ကလေးဖြစ်တယ် အာရုံခြောက်ပါးနဲ့ ကင်းနေတဲ့ပုဂ္ဂိုလ်လည်းမရှိ အသညာသတ်ပြဟ္မာများ ဒီပြဟ္မာဖယ်ထားပါ။

http://www.dhammadownload.com



သူကတော့ ရုပ်ချည်းရှိတယ် နာမ်မရှိပါဘူး။ ဪ ဒါနဲ့ ငါတို့သူငါ လူတကာတွေ ခွေး ဝက် ကြက် ငှက်က စပြီးတော့ ဒီအတိုင်းနေကြတာပဲ ဒီလိုဖြစ်နေတယ်။

ဒါဖြင့် ဒီအာရုံခြောက်ပါးနဲ့ တွေ့တွေ့တွေ့တွေ့ နေ့တိုင်းနေ့တိုင်း ဒီစိတ်ကလေးတွေ ဖြစ်နေတယ်ဆိုတော့ ဒါဖြင့် အာရုံနဲ့တွေ့လို့ ဒီစိတ်ဖြစ်နေလားဆိုတာ အာရုံနဲ့ကင်းလို့စိတ်မဖြစ်ဘူး ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူး ဪ ဒါဖြင့် အာရုံနဲ့တွေ့မှ စိတ်ဖြစ်တယ်ဆိုတာ ထင်ရှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကောင်းပြီ၊ ဒါဖြင့် အာရုံနဲ့တွေ့ပုံလေးကို ငါပြောပါဦးမယ် နမူနာလေးကို ငါတစ်ခုပြပါဦးမယ်။

ကိုင်း မျက်စိကမြင်စိတ်ကလေးတစ်ခုပြမယ် နမူနာလေး၊ မင်းမျက်စိမှာ မျက်စိနှစ်လုံးပြုန်းခနဲ ဖွင့်တဲ့အချိန်ကစ မင်းအမျိုးမျိုးတွေမမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ လူတွေမြင် ယောက်ျားမိန်းမတွေမြင် ကလေးတွေမြင် ခွေးတွေမြင် ဝက်တွေ, ကြက်တွေ, ငှက်တွေမြင် တုံးတွေ, တိုင်တွေ, တောတွေမြင် အိမ်တွေ, ကျောင်းတွေ, ဇရပ်တွေမြင် လမ်းတွေမြင် မင်းရှိသမျှ အကုန်မြင်မနေဘူးလား (မြင်ပါတယ်ဆရာ)။ ဒါမြင်တာ ရူပါရုံမဟုတ်လား၊ ဪ ဒီရူပါရုံတွေမြင်တိုင်းမြင်တိုင်း မင်းစိတ်တွေ ဖြစ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်စိတ်တွေဖြစ်တယ် ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ အေးအေး ဟုတ်ပြီ ဟုတ်ပြီ၊ အေး အဲဒီမင်းမြင်တယ်ဆိုတဲ့ ရူပါရုံက ဘယ်နှစ်မျိုးရှိသလဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်နှစ်မျိုးရှိသလဲ သေသေချာချာကြည့် သေသေချာချာကြည့်၊ ရူပါရုံ မင်းမြင်တဲ့ရူပါရုံက မြင်တိုင်းမြင်တိုင်း ဒီရူပါရုံတစ်မျိုးတည်းလားလို့ ဒီလိုမေးရင် မဟုတ်ပါဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဣဋ္ဌာရုံတဲ့ အနိဋ္ဌာရုံတဲ့ ဣဋ္ဌမဇ္ဈတ္တာရုံတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အတိဣဋ္ဌာရုံတဲ့၊ လေးမျိုးတောင်ပြထားတယ်။ ထားပါတော့ ဒါမြန်မာလိုပြောကြစို့၊ ဣဋ္ဌာရုံ – နှစ်သက်စရာကောင်းသော အာရုံ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ကျယ်ကျယ်ပြော (ဟုတ်ကဲ့ပါဆရာ)။ အနိဋ္ဌာရုံ – စက်ဆုပ်ရွံရှာစရာကောင်းသောအာရုံ နားလည်လား (နားလည်ပါတယ်ဆရာ)။ အတိဣဋ္ဌာရုံ – အလွန့်အလွန်ပို၍နှစ်သက်စရာကောင်းသောအာရုံ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဣဋ္ဌမဇ္ဈတ္တာရုံ – နှစ်သက်သည်လည်း မဟုတ်, မနှစ်သက်လည်း မဟုတ်၊ သာမညမထင်မရှား ဆိုတဲ့အာရုံနော် (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား ငါပြောတာ (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ အဓိပ္ပာယ်အားဖြင့် ငါပြောပါဦးမယ်။ ဣဋ္ဌာရုံ – နှစ်သက်စရာကောင်းတဲ့အာရုံဆိုတော့ မင်းအလိုရှိ အပ်သော လူတကာက အမြတ်တနိုးထားတဲ့ ကြည့်စရာရှုစရာ တင့်တောင့်တင့်တယ်၊ ဖွယ်ဖွယ်ရာရာ မြင်ကောင်းတဲ့ အရာဝတ္ထု၊ ဒါကျတော့ ဣဋ္ဌာရုံ မင်းနှစ်သက်တယ်ပေါ့ (ဟုတ်ကဲ့နှစ်သက်ပါတယ်ဆရာ)။ မင်းတင်မဟုတ်ဘူး လူတိုင်းနှစ်သက်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဣဋ္ဌာရုံနော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

အတိဣဋ္ဌာရုံတဲ့၊ သံဃာတော်များ ဘုရား ရဟန္တာ စေတီ ပုထိုး ကျောင်းကန် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ သူတို့က အာရုံကိုကလွန်ကဲနေတာ၊ အမြတ်ဆုံးတွေတဲ့ သူတို့ကျတော့။ သံဃာတော်များမြင်တဲ့အခါ စေတီပုထိုးမြင်တဲ့အခါ ကျောင်းကန်ဘုရားမြင်တဲ့အခါ ဘုရားရုပ်ထုတော်မြင်တဲ့အခါ ဒီအာရုံမျိုးကျတော့ အတိဣဋ္ဌာရုံခေါ်တယ်၊ အလွန်နှစ်သက်စရာကောင်းတဲ့ အာရုံနော် (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အခုနပြောတဲ့ ဣဋ္ဌာရုံဆိုတာ သူသူငါငါ နှစ်သက်တဲ့ ရိုးရိုးအာရုံပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဣဋ္ဌာရုံရယ်၊ အတိဣဋ္ဌာရုံရယ် နှစ်မျိုးရှိသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အနိဋ္ဌာရုံတဲ့၊ လျှောက်သွားတော့ မစင်တွေအလိမ်းလိမ်းပေကျံနေတဲ့ မစင်ပုပ်တွေ မင်းစိတ်ထဲမှာ နှစ်သက်သလား (မနှစ်သက်ပါဘူးဆရာ)။ မနှစ်သက်ဘူးပေါ့ (ဟုတ်ကဲ့ မနှစ်သက်ပါဘူးဆရာ)။ အဲ မစင်တို့ ခွေးကောင်ပုပ်တို့ နွားသေကောင်တို့ စက်ဆုပ်ဖွယ်သော မကောင်းတဲ့ အရာဝတ္ထုတွေ မင်းမြင်တော့မင်းနှစ်သက်သေးသလား (မနှစ်သက်ပါဘူးဆရာ)။ သူ့ကျတော့အနိဋ္ဌာရုံ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။

အေး ဟုတ်ပြီ၊ ဒါဖြင့် မင်းဒီသုံးခုတော့ နားလည်သွားပြီပေါ့ (နားလည်သွားပါပြီဆရာ)။ နှစ်သက်စရာကောင်းသောအာရုံရယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အလွန့်အလွန်နှစ်သက်စရာကောင်းတဲ့အာရုံရယ် လုံးလုံးကြီး စက်ဆုပ်ရွံရှာစရာကောင်းတဲ့ မနှစ်သက်စရာကောင်းတဲ့အာရုံရယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တစ်ခါလာပြန်ပြီ၊ ဣဋ္ဌမဇ္ဈတ္တာရုံ – နှစ်သက်တယ်လည်း မပြောနိုင်ဘူး၊ မနှစ်သက်ဘူးလို့လည်းမပြောနိုင်ဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူ့ကျတော့ မြင်နေကျ တုံး တိုင် မင်းလျှောက်သွားတဲ့လမ်းပေါ်ခင်းထားတဲ့ ကျောက်ခဲနော် (ဟုတ်ကဲ့ပါဆရာ)။ ရှေ့နားဖြတ်သွားတဲ့ နွားအစရှိသည်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)။ အဆန်းအပြားမဟုတ်ဘူးဆိုတော့ မင်းစိတ်ထဲမှာ နှစ်သက်တဲ့သဘော ရှိသေးသလား (မရှိပါဘူးဆရာ)။ မနှစ်သက်ဘူးဆိုတဲ့အနေလည်း ရှိသေးသလား (မရှိပါဘူးဆရာ)။ မရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး သူက ဣဋ္ဌမဇ္ဈတ္တာရုံတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအာရုံတွေမြင်တော့ကာ ဒီအာရုံတွေနဲ့ မင်းတို့ကင်းမနေဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီရူပါရုံဆိုတဲ့ အဆင်းရုပ်တွေမြင်မှ မင်းတို့စက္ခုဝိညာဏ်စိတ်ဖြစ်မယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီကျန်တဲ့ငါးပါးလည်း အဲဒီလိုပဲသွားမှာ၊ ငါနမူနာတစ်ခုတည်းပြမယ်။

ဒါဖြင့်ကြည့်ပါ ကျမ်းဂန်ကပြထားတာ၊ နှစ်သက်ရင်လောဘ မနှစ်သက်ရင်ဒေါသ၊ တစ်ခုတည်း ငါနမူနာ ပြောမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အခုနပြောတဲ့ သံဃာတော်များ ဘုရား ရဟန္တာ ရုပ်ပွားစေတီ ကျောင်း ကန် ဘုရားဆိုတာ ဒါအတိဣဋ္ဌာရုံ သူ့ဖယ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အခုနတုန်းက မစင်ဘင်ပုပ် ခွေးကောင်ပုပ် အစရှိတဲ့ စက်ဆုပ်ဖွယ်ကောင်းတဲ့ အနိဋ္ဌာရုံဆိုတဲ့ အာရုံဆိုး အာရုံညစ်ကြီးရယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လူတကာနှစ်သက်နေတဲ့ ကောင်းတဲ့ဣဋ္ဌာရုံနဲ့ ဒီနှစ်မျိုးတည်းကြည့်စမ်း ကျမ်းဂန်ထဲမှာပြထားတယ် လူတကာနှစ်သက် ငါလည်းနှစ်သက်တယ် ကြည့်ရတယ်ကောင်း ကျက်သရေမင်္ဂလာရှိတယ် အဲဒီအာရုံကျတော့ မင်းဣဋ္ဌာရုံတဲ့။ အဲဒီအာရုံမျိုး မြင်တော့ မင်းဘာဖြစ်သလဲ နှစ်သက်တဲ့လောဘ (ဟုတ်ကဲ့ပါဆရာ)။ နားလည်လား (ဟုတ်ကဲ့ပါ ဆရာ)။ တိုးတိုးပြောဟုတ်ကဲ့တဲ့ ကျယ်ကျယ်ပြောပါကွ၊ နှစ်သက်စရာကောင်းတဲ့အာရုံနဲ့ မင်းတွေ့လို့ ရှိရင် မင်းစိတ်ကလေးက လောဘစိတ်ဖြစ်မယ်မဟုတ်လား နားလည်လားငါပြောတာ (နားလည် ပါတယ်ဆရာ)။ ဒါဖြင့် ခုနရှုံ့စရာကောင်းတဲ့အာရုံတွေ့တော့ဒေါသတဲ့၊ အနိဋ္ဌာရုံတွေ့ရင်ဒေါသတဲ့ ဣဋ္ဌာရုံတွေ့ရင်လောဘတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ အဲ ဒါမင်းဟာပုထုဇဉ်၊ မင်းကိလေသာအကျယ်အားဖြင့်တစ်ထောင့်ငါးရာ အကျဉ်းအားဖြင့်ဆယ်ပါး မင်းရှိတဲ့ကိလေသာ ကလည်း တစ်ရွေးတခြမ်းလောက်မှမလျော့ဘူး နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ မင်းမှာရှိတဲ့ ကိလေသာ သူလိုငါလိုပဲပိုသာပိုမယ်မလိုဘူး၊ ကိလေသာတစ်ထောင့်ငါးရာလည်းအပြည့် ဒင်းကြမ်းပြည့် ထင်ရှားရှိနေတဲ့ ပုထုဇဉ်တစ်ယောက်၊ ပြီးတော့လည်း ရုပ်တစ်လုံး နာမ်တစ်လုံးမှလည်း မင်းမမြင်၊ အန္ဓပုထုဇဉ် ပညာမျက်စိမရှိတော့အကန်း။ အဲဒီလိုအကောင်စားက ဒီလိုလူစားက အခုနငါပြောသလို ဒီအာရုံမှီပြီးတော့ဖြစ်တဲ့ စိတ်ကလေးတွေမှာ အာရုံမြင်လိုက်ရင်း စိတ်ကလေးဖြစ်လိုက်ရင်း၊ အာရုံမြင်လိုက်ရင်း စိတ်ကလေးဖြစ်လိုက်ရင်း ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အာရုံကိုမမြင်ဘဲနဲ့ စိတ်ဖြစ်သယောင်ယောင် ပြောသေးတယ်။ စိတ်ကလေးက စိတ်ကလေး ချည်းပဲ ဖြစ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပြောသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အာရုံကိုမြင်မှ စိတ် ဖြစ်တယ် အာရုံကိုမြင်မှ စိတ်ဖြစ်တယ်၊ ဖြစ်ပြန်တော့ မြင်တဲ့အာရုံကနှစ်မျိုးနှစ်စား။ ကောင်းတဲ့ အာရုံ၊ မကောင်းတဲ့အာရုံ – ဣဋ္ဌာရုံနဲ့အနိဋ္ဌာရုံ၊ မကောင်းတဲ့အာရုံမြင်ရင် အခုနပြောတဲ့ သူကန်း ဆိုတဲ့ ပညာမျက်စိမရှိတဲ့ ကိလေသာဒင်းကြမ်းပြည့်နဲ့ ပုထုဇဉ်တစ်ယောက်က ကျမ်းဂန်က ပြထားတဲ့အတိုင်း နှစ်သက်တဲ့အာရုံမြင်ရင်လောဘ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ မနှစ်သက်တဲ့ ဒေါသဖြစ်စရာအာရုံတွေ့ရင် ဒေါသ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နှစ်သက်ရင်လောဘ မနှစ်သက်ရင်ဒေါသဆိုတော့ လောဘနဲ့ဒေါသ ကုသိုလ်လား, အကုသိုလ်လား (အကုသိုလ်ပါဆရာ)။ အကုသိုလ်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ နှစ်သက်ရင် ဣဋ္ဌာရုံလေးမြင်လို့ နှစ်သက်စရာ ကောင်းတဲ့အာရုံလေးမြင်ရင် လောဘဖြစ်မယ်။ မနှစ်သက်စရာဆိုတဲ့ မစင် ဘင်ပုပ် ခွေးကောင်ပုပ် အစရှိတဲ့အာရုံမြင်ရင်ဒေါသဖြစ်မယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို လောဘနဲ့ ဒေါသဆိုတဲ့ ဒီတရားနှစ်ပါးဟာ မင်းတို့ငါတို့ အာရုံမြင်တိုင်းမြင်တိုင်း ဣဋ္ဌာရုံမြင်လိုက် အနိဋ္ဌာရုံမြင်လိုက်

http://www.dhammadownload.com



ရှောင်လို့ရပါ့မလား (မရပါဘူးဆရာ)။ မရရင် ဒီလိုမြင်တိုင်းမြင်တိုင်း ခုနပြောတဲ့ နှစ်သက်ရင် လောဘ မနှစ်သက်ရင်ဒေါသဆိုတဲ့ ဒီတရားနှစ်ပါး ရှောင်လို့ရပါဦးမလား (မရပါဘူးဆရာ)။ အေး လုံးဝရှောင်မရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

တကယ်အခုလို ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်သဘောလေး ပြတ်ပြတ်သားသားသိလာတဲ့ သဘောမျှသက်သက်ကလေး သိလာတယ်ဆိုတဲ့ပညာ၊ တကယ့်ပညာစစ် ပညာမှန်ဆိုတဲ့ မျက်စိရှိတဲ့ ပုဂ္ဂိုလ်သာလျှင် ငါမြင်တဲ့ရူပါရုံက နှစ်သက်စရာလို့ အများကဆိုပေမယ့် ဒါ အကောင်အထည် မဟုတ်ဘူး အထည်ဒြပ်သဏ္ဌာန်မဟုတ်ဘူး ဝတ္ထုပစ္စည်းမဟုတ်ဘူး မြင်ကောင်းတယ်ဆိုတဲ့ ရူပါရုံ သက်သက်ကလေးပဲလို့၊ ဒီလိုဆင်ခြင်ရင် လောဘကလွတ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ငါမြင်တဲ့ အနိဋ္ဌာရုံခေါ်ထားတဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ မစင်မျိုး ခွေးကောင်ပုပ်ဆိုတာလည်း အမှန်ကတော့ သမုတ်ထားတာ၊ မြင်ခါမျှမြင်ကောင်းတယ်ဆိုတဲ့ ရူပါရုံ အဆင်းရုပ်သဘောမျှသက်သက်ကလေးပဲ၊ အခုလို ပညာမျက်စိတကယ်သိတဲ့ပုဂ္ဂိုလ်ကျတော့ တကယ်ရှောင်လို့လွတ်တယ်နော်။ ပညာမျက်စိ တစ်လုံးမှလည်းမရှိဘူး သူ့ကြည့်တော့လည်း အန္ဓအတိအကန်း စာတစ်လုံးပေတစ်လုံးမှမသင်ဘူး နားကလည်းမလည် အဲဒါမျက်ကန်းတစ္ဆေမကြောက်ဆိုတဲ့သဘောမျိုးနဲ့ စိတ်ကလေးကို စိတ်ကလေး အတိုင်းတိုင်းထားလို့၊ ဘာမှမဖြစ်စေနဲ့ဆိုတော့ ခုနတုန်းက နှစ်သက်ရင်လောဘ မနှစ်သက်ရင် ဒေါသဆိုတဲ့ တရားနှစ်ပါးကို ပယ်နိုင်ရှားနိုင်တယ်ဆိုတဲ့အဓိပ္ပာယ် ရောက်မနေဘူးလား (ရောက်နေ ပါတယ်ဆရာ)။

ဒါဖြင့် အန္ဓပုထုဇဉ်တစ်ယောက်က ကျန်းဂန်ကပြထားတဲ့အတိုင်း နှစ်သက်တဲ့ဣဋ္ဌာရုံ နှစ် သက်တဲ့အာရုံလေးမြင်ရင်လောဘ နှစ်သက်တယ်ဆိုရင်လောဘ မှတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။ လုယူမှု ခိုးယူမှု တိုက်ယူမှု လောဘမမှတ်နဲ့ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ နှစ်သက်ရင် ဘာလဲ (နှစ်သက်ရင်လောဘပါဆရာ)။ ကြိုက်ရင်ရော (ကြိုက်ရင်လောဘပါဆရာ)။ လိုချင်ရင်ရော (လိုချင်ရင်လောဘပါဆရာ)။ မြတ်နိုးရင်ရော (လောဘပါဆရာ)။ ကြည်ဖြူရင်ရော (လောဘပါ ဆရာ)။ ဟော မှတ်ထား အဲဒါနော် (ဟုတ်ကဲ့ပါဆရာ)။ တရားက ဒီအထိအောင်သိမ်မွေ့တယ်။ ဒါဖြင့် မင်းမြင်နေတဲ့ရူပါရုံလေး၊ သူသူငါငါလည်းအားလုံးကြိုက်တယ် ဣဋ္ဌာရုံနှစ်သက်ကြတယ် ကြည့်လို့ကောင်းတယ် ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဘာစိတ်တွေဖြစ် (လောဘစိတ်တွေ ဖြစ်ပါတယ်ဆရာ)။ ဟော ဖြစ်ပြီနော် အခုနပြောတဲ့ မစင်တို့ ခွေးကောင်ပုပ်တို့မြင်တော့ မင်းလည်း မနှစ်သက်ဘူး အားလုံးလည်းမနှစ်သက်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ မနှစ်သက်ဘူးလား (ဟုတ်ကဲ့ပါ ဆရာ)။ ဒါပေမယ့် အဲဒါတွေမြင်တော့ကာ ဒုတ်တစ်ပျက်ဓါးတစ်ပျက် မင်းဒုတ်တွေဓါးတွေများ ကိုင်ပြီးတော့ ဒေါသတွေဖြစ်သေးသလား (မဖြစ်ပါဘူးဆရာ)။ မစင်ကိုမြင်တာနဲ့ ဒုတ်တွေဓါးတွေ

http://www.dhammadownload.com



ပြေးမမြင်ဘူးကွ၊ ဟော ဒီကောင် တော်တော်ကိုညံ့သားရတဲ့ကောင်ပဲ၊ ဒီကောင်နှယ့် နေပါဦး ငါပြောပါ့မယ်။ အင်မတန်စက်ဆုပ်စရာကောင်းတဲ့မစင်ကို မြင်တော့ကာ မင်း ဒုတ်တစ်ပျက် ခါးတစ်ပျက်ကိုင်လျက် ရန်သူတွေသလို ကြမ်းလားမောင်းလား လုပ်သေးသလား (မလုပ်ပါဘူးဆရာ)။ မစင်ကိုမြင်ရင်ပဲ ဒုတ်တစ်ပျက်ခါးတစ်ပျက် ဖြစ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ်နေ မင်းကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)။ ဘယ့်နှယ့်ကြားဖူးလဲ (မနှစ်သက်တာရလို့ရှိရင်ဒေါသဖြစ်တယ်)။ ဟောဗျာ ဒုတ်တွေခါးတွေ ကိုင်သေးလား (မကိုင်ပါဘူးဆရာ)။ ဟော ဘယ့်နှယ်ကောင်ပါလိမ့်၊ ငါပြောရင် နားထောင်စမ်းပါ။

မနှစ်သက်တဲ့အာရုံတစ်ခုမြင်ရင် မစင်မြင်ရင်မင်းနှစ်သက်သလား (မနှစ်သက်ပါဘူးဆရာ)။ ခွေးကောင်ပုပ်မြင်ရင်ရော ကျယ်ကျယ်ပြော (မနှစ်သက်ပါဘူးဆရာ)။ မနှစ်သက်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အဲဒီမနှစ်သက်တယ်ဆိုတဲ့သဘောပဲရှိတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒုတ်တွေ ခါးတွေ ကိုင်သေးသလား (မကိုင်ပါဘူးဆရာ)။ ဒေါသဆိုတာ သူသူငါငါ နားလည်ထားတာ ဘယ်လိုနားလည်ထားလဲ၊ လက်သီးလက်မောင်းတန်းပြီး ဒုတ်တစ်ပျက်ခါးတစ်ပျက်ကိုင်စွဲမှ ဒေါသလို့ ဒီလိုနားလည်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အဲဒီမစင်ပုံတို့ ခွေးကောင်ပုပ်ဆိုတဲ့ မနှစ်သက်တဲ့အာရုံလေးမြင်ရင် မင်းစိတ်ထဲမနှစ်သက်ဘူးဆိုတဲ့သဘော ပေါ်မလာဘူးလား (ပေါ်နေပါတယ်ဆရာ)။ မနှစ်သက်ဘူး မကြိုက်ဘူး မလိုချင်ဘူး နှလုံးနာတယ် အော့ချင်တယ် အန်ချင်တယ် မကြည့်ချင်ဘူး ဒါဘာတုန်း (ဒေါသပါဆရာ)။ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ မကြိုက်ဘူး မလိုချင်ဘူး မကြည့်ချင် ဒါဘာတုန်း (ဒေါသပါဆရာ)။ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါခုန ဒုတ်တွေ ခါးတွေကိုင်မှ ဒေါသလား (မဟုတ်ပါဘူးဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ကျယ်ကျယ်ပြော (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့်ရင် အနိဋ္ဌာရုံဆိုတဲ့ မင်းမကြိုက်တဲ့အာရုံမြင်ရင် ဘာဖြစ်တယ် (ဒေါသဖြစ်ပါတယ်ဆရာ)။ ဒေါသဖြစ်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဆရာ)။ ဩော် မင်းကြိုက်တဲ့အာရုံလေးမြင်ရင် လိုချင်တယ်ဆိုရင် ကြိုက်တယ်ဆိုရင်ဘာဖြစ်တယ် (လောဘ ဖြစ်ပါတယ်ဆရာ)။ လောဘဖြစ်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် အကုသိုလ်တွေ ချည်းပေါ့။ ဒါဖြင့်ရင်ကွာ တို့ပုထုဇဉ်တွေမှန်သမျှ ငါစောစောကပြောသလို ပညာမျက်စိလုံးဝမရှိတဲ့ ကိလေသာဒင်းကြမ်းပြည့်နဲ့ အကန်းဆိုတဲ့ပုထုဇဉ်တွေ၊ ဣဋ္ဌာရုံတွေ့လိုက် အနိဋ္ဌာရုံတွေ့လိုက် ကြိုက်တဲ့အာရုံလေးတွေ့လိုက် မကြိုက်တဲ့အာရုံလေးတွေ့လိုက် တစ်တွေ့တည်းတွေ့မနေဘူးလား (တွေ့နေပါတယ်ဆရာ)။ ဒီစိတ်ကလေး မသေမချင်း တစ်ဖြစ်တည်းဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ အဲဒါကို ကြိုက်တယ်ဆိုတဲ့လောဘတို့ မကြိုက်ဘူးဆိုတဲ့ဒေါသ ဒီတရားတွေ

http://www.dhammadownload.com



လုံးဝမဖြစ်အောင် ပယ်ရှားပြီးတော့ စိတ်ကလေးကို စိတ်ကလေးအတိုင်းတိုင်းထားဆိုတဲ့စကား ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)။ အေး ဖြစ်ကောင်းတယ်ဆိုလို့ရှိရင်တော့ ဘုရား ဟောထားတဲ့စကားနဲ့ ဆန့်ကျင်နေတာလို့မှတ်ပေါ့။

သူတော့ဖယ်ထား၊ မြင်ကောင်းတယ် ထင်ကောင်းတယ် သိကောင်းတယ် မြင်လွယ်တယ် သိလွယ်တယ် မှတ်လွယ်တယ်ဆိုတဲ့ စိတ္တဇဝါယောဓာတ်နဲ့ ဥတုဇဝါယောဓာတ် ဒီနှစ်ပါးကိုချပြ။ အဲဒီနှစ်ပါးကို နားလည်လို့ရှိရင်လည်းပဲ ကံကြောင့်ဖြစ်တဲ့ ဝါယောဓာတ်သည်လည်း ထိုနည်းအတိုင်းပဲ အတူတူပဲ။ အာဟာရကြောင့်ဖြစ်တဲ့ ဝါယောဓာတ်သည်လည်း ထိုနည်းအတိုင်းပဲ အတူတူပဲ ဒီလို မှတ်။ ဒါကြောင့် ဒီဥတုဇဝါယောဓာတ်ဆိုတဲ့ အအေးအပူနှစ်ပါးကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယော ဓာတ်၊ ဒါဥတုကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ခေါ်တယ်။ အအေးကြောင့်လည်းလေဖြစ်တယ်၊ အပူကြောင့် လည်းလေဖြစ်တယ်၊ မြန်မာလိုပြန်တော့ အဲဒီလေဆိုတာဝါယော ဒီလေဆိုတာဝါယော။ ဟာ ဘယ်ဒင်းကိုခေါ်သလဲမေးတော့ ထောက်ကန်တဲ့သဘောနဲ့ လှုပ်ရှားတဲ့သဘောလေး။ ထောက်ကန် ထားတဲ့သဘော လှုပ်ရှားတဲ့သဘော ဒီသဘောနှစ်ခုကို ဝါယောလို့ခေါ်၏၊ မြန်မာလိုပြန်တော့ လေလို့ ခေါ်၏။

ဒါကြောင့် ဥတုဇကြောင့်ဖြစ်လာတဲ့ အအေးအပူနှစ်ပါးကြောင့်ဖြစ်လာတဲ့ ဝါယောဓာတ်အရင်ပြ။ အဝိညာဏက အသက်မဲ့တဲ့ တုံး တိုင် တော တောင် သစ်ပင် ဝါးပင် အစရှိတဲ့ အရာဝတ္ထုအစုစု။ အဲဒါတွေ ထောက်ကန်ထားတယ်ဆိုတဲ့သဘောတွေ၊ လှုပ်ရှားနေတယ်ဆိုတဲ့သဘောတွေ၊ ရွေ့လျား နေတယ်ဆိုတဲ့သဘောတွေ ဒါတွေပြပြီးလို့ တစ်ခါ စိတ္တဇဝါယောဓာတ်၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ် တစ်ခါပြ၊ မနေ့ညကပြထားတဲ့အဆက်ကလေးပေါ့။ စိတ်ကြောင့်ဖြစ်တဲ့ဝါယောဓာတ် ဆိုတာက သဝိညာဏက အသက်ထင်ရှားရှိတဲ့သတ္တဝါများ ဖြစ်နေတဲ့ ဝါယောဓာတ်။ အဲဒီဝါယော ဓာတ်ကျတော့ကာ စိတ်ကြောင့်ဖြစ်တဲ့ဝါယောဓာတ်ကို ကိုယ့်ကိုယ်မှာ ကိုယ်ဖြစ်နေတဲ့ သဘာဝလေး တွေ ပြတ်ပြတ်သားသားမြင်လာတော့ စောစောကပြပြီးသားဖြစ်တဲ့ ဥတုကြောင့်ဖြစ်ပေါ်သော ဥတုဇဝါယောဓာတ်လည်းပြန်ကြည့် ဒီအတိုင်းပဲဘာမှမထူးဘူး။ ဒါပေမယ့် ဥတုဇဝါယောဓာတ်ကျတော့ သစ်ပင် ဝါးပင် တုံး တိုင် ဆိုတဲ့ အရာဝတ္ထုတွေက ဖြစ်နေတော့ ကိုယ့်ဗဟိဒ္ဓသန္တာန်ဖြစ်နေတော့ ကိုယ်က ဒါကိုပြန်ပြီးတော့ ရှာဖွေစူးစမ်းဆင်ခြင်တော့ မြင်နိုင်ခဲ့သိနိုင်ခဲ့တယ်၊ ကိုယ့်ကိုယ် အဇ္ဈတ္တသန္တာန်အတွင်းမှာ ကိုယ့်ကိုယ်ဖြစ်လာတဲ့ ဝါယောဓာတ်ကျတော့ ဒါကျသိ။ အဲဒီလိုသိလာတဲ့ ဝါယောဓာတ်၊ ဒီဝါယောဓာတ်နဲ့ နှိုင်းဆကြည့်၊ တိုင်းထွာကြည့်။ စောစောက ပြောသွားတဲ့ ဥတုဇ ဝါယောဓာတ်လည်း ထိုနည်းအတိုင်းအတူတူပဲ မထူးပါဘူး။ မိမိအဇ္ဈတ္တသန္တာန် အမှန်အားဖြင့်ဖြစ်နေတဲ့ ကံကြောင့်ဖြစ်တဲ့ ဝါယောဓာတ်လည်းအတူတူပဲ။ အာဟာရကြောင့်ဖြစ်တဲ့ ဝါယောဓာတ်လည်း

http://www.dhammadownload.com



အတူတူပဲ၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်လည်းအတူတူပဲ၊ ဥတုကြောင့်ဖြစ်တဲ့ ဝါယောဓာတ်လည်း အတူတူပဲ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် အကြောင်းလေးပါး။

ဒါကြောင့် ဒီစိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ် မနေ့ညက စထားတဲ့အတိုင်း အစိပ္ပာယ်အားဖြင့် မိမိထိုင်နေတယ်။ ထိုင်နေတဲ့အနေကနေပြီးတော့ ထချင်တယ်ဆိုတော့ ထတာကအရင်လား၊ ထချင်တယ်ဆိုတဲ့စိတ်ကလေးဖြစ်တာက အရင်လားလို့ ဒီလိုမေးတော့ မင်းဘယ့်နှယ့်ပြောမလဲ (ထချင်တယ်ဆိုတဲ့စိတ်ကလေးက အရင်ဖြစ်ပါတယ်ဆရာ)။ အေး ထချင်တဲ့စိတ်ကလေးက အရင် ဖြစ်တယ်၊ မင်းညကသင်တန်းမရောက်ဘူးပေါ့ (မရောက်ပါဘူးဆရာ)။ ဘယ်လိမ့်သွား (ခရီးလွန် နေလို့ပါဆရာ)။ ဩော် တစ်ဦးတည်းဆိုတော့ လိမ့်တတ်တယ်ပေါ့နော်၊ ထချင်တဲ့ စိတ်ကလေးက အရင်ဖြစ်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ထချင်တဲ့စိတ်ကလေးက အရင်ဖြစ်လိုက်တော့ အဲဒီစိတ်ကလေးဖြစ်ခြင်းကြောင့် ထိုစိတ်ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်၊ ထိုစိတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးနေတဲ့ အကြောတည်းဟူသော ကွန်ယက်ကို တောက်လျှောက်သွားတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အကြောတည်းဟူသော ကွန်ယက်ကို တောက်လျှောက်သွားတော့ ဒါလေကြောခေါ်တယ်။ လေကြောတဲ့ သွေးကြောတဲ့ အဲဒီကိုယ် တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတင်နေတော့ ကွန်ယွက်နှင့်ပမာတူသော အကြောတွေ လျှောက်ပြီးတော့ ဒီစိတ်ကလေး ဖြစ်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်က ပျံ့နှံ့ပြီး သွားတယ်၊ ပျံ့နှံ့သွားတော့ အဲဒီပျံ့နှံ့သွားတဲ့ ဝါယောဓာတ်က ထောက်ကန်ပေးလိုက်ခါမှ မိမိထိုင်ရာမှ ရုတ်တရက်အားဖြင့်ထလိုက်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်သိမ်မွေ့တဲ့ တရားတွေ ဆိုတော့ ကိုယ့်ကိုယ်တိုင်လည်းပဲသိချင်မှသိမယ် သိနိုင်ခဲတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် ထလိုက်ပြီ၊ ထလိုက်တော့ ထလာတယ်ဆိုတဲ့သဘောဟာ ထိုင်ရာကနေ မားမားမတ် မတ် ရပ်နေပြီ။ ရပ်နေတာဘာလဲမေးရင် ငါရပ်နေတယ် သူရပ်နေတယ် လူရပ်နေတယ်ဆို ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဘာလဲ (စိတ္တဇဝါယောဓာတ်ရပ်နေတာပါဆရာ)။ အေး စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်က ထောက်ကန်ထားလို့ ရပ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ္တဇဝါယောဓာတ် ထောက်ကန်ထားလို့ရပ်နေတယ်၊ သေသေချာချာကြည့်နော် ဟုတ်လား၊ မဟုတ်လားလို့ သမာဓိကောင်းကောင်းထားပါ။ ဒါကိုယ့်အဇ္ဈတ္တသန္တာန် အမှန်အားဖြင့်ဖြစ်နေတဲ့ တရားလေးတွေကို တို့တွေ တစ်ခုချင်းတစ်ခုချင်း ရှင်းရှင်း,ရှင်းရှင်းပြီးတော့ အသိဉာဏ်ထဲ ဝင် သွား၊ ဒါမှ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ တရားသုံးသပ်လို့ဖြစ်တယ်။ ကိုယ့်ကိုယ်ကို ဘာတွေဖြစ်နေမှန်းမှ မသိဘဲနဲ့ ဒါတရားသုံးသပ်နေလို့၊ ဒါတရားရနေတယ်ဆို မဟုတ်ပါဘူးအမှန်က။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုက သတ္တဝါများအဇ္ဈတ္တသန္တာန် အမှန်အားဖြင့်ဖြစ်နေတဲ့ ရုပ်တရားစုနာမ်တရားစု

http://www.dhammadownload.com



သဘာဝလက္ခဏာ သာမညလက္ခဏာ ဒီလိုလက္ခဏာတွေနဲ့ ပိုင်းခြားပြီးတော့ မသိသိအောင် ထုတ်ဖော်ပြီး ဟောကြားတော်မူထားတယ် သိစေချင်လို့တဲ့။

ချစ်သားချစ်သမီးတို့ ကိုယ်အတွင်းမှာဖြစ်နေတဲ့ အဇ္ဈတ္တသန္တာန်ဖြစ်နေတဲ့တရားတွေ ဒီတရား ဒီတရားတွေပဲ တခြားဟာတွေမဟုတ်ဘူး၊ ဒီသဘောဒီသဘောတွေပဲ ဒီလက္ခဏာဒီလက္ခဏာတွေပဲ အဲဒီလက္ခဏာတွေကို သီးခြားပြီးတော့ ပိုင်းခြားပြီးတော့ တစ်ခုချင်းတစ်ခုချင်း ရှင်းလင်းမြင်သွားတော့ အရင်တုန်းကမှားထားတဲ့ အယူမှားတွေ အကုန်လုံးရှင်းသွားတယ်တဲ့၊ အရင်တုန်းကဘယ့်နှယ်တုန်း။ ဟာ ငါလူကောင် နတ်ကောင် ပြဟ္မာကောင် ခွေးကောင် ဝက်ကောင် ငှက်ကောင် ကြက်ကောင် ငါ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ အယူဝါဒက ယုံကြည်စွဲလမ်း၊ အဲဒါတွေ အကုန်လုံး ပြယ်သွားတယ် ပျောက်သွားတယ် ခေါ်တယ်။ မဟုတ်ပါဘူး အမှန်ကတော့ ရုပ်သဘောနာမ်သဘောတွေ အဲဒီရုပ်သဘောနာမ်သဘော တွေဆို တစ်လုံးချင်းတစ်လုံးချင်း မိမိကိုယ်တွင်းမှာဖြစ်နေတဲ့ သဘာဝလေးတွေချပြီးတော့ နားမလည် လည်အောင် မတတ်တတ်အောင် သင်ကြားပြသပေးနေတာ။

ဒါကြောင့် သေသေချာချာကြည့်၊ ထိုင်တယ် ထတယ် သွားတယ် လာတယ် လှုပ်ရှားတယ် ကိုင်တယ် တွယ်တယ် ချီတယ် မတယ် ပိုးတယ် ထမ်းတယ် ရွက်တယ် အမူအရာတွေ လူတစ်ကိုယ်လုံး ရှုပ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ လူတစ်ကိုယ်လုံးရှုပ်လို့ တစ်နေ့လုံးပြန်ကြည့် ငါလှုပ်ရှားနေလိုက်တာ အိပ်နေတဲ့အခါတိုင်း လူသေကောင်နဲ့မခြားပါဘူး၊ အိပ်မနေလို့ နိုးလာသည်နှင့်တစ်ပြိုင်နက် လှုပ်ရှားမှု အမူအရာတွေဘာတွေတုန်း၊ ထိုင်တယ် ထတယ် သွားတယ် လာတယ် လှမ်းတယ် ကွေးတယ် ချတယ် ကိုင်တယ် တွယ်တယ် ထမ်းတယ် ပိုးတယ် ရွက်တယ် မတယ်ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ အများကြီးရှိတယ်။ ဩော် ဒီငါ့ကိုယ်လှုပ်ရှားနေတဲ့သဘာဝ စောစောပိုင်းတုန်းကတော့ ကိုင်ပြန်လည်း ငါ့လက်ကကိုင်လိုက်တာ လှမ်းပြန်လည်း ငါ့ခြေကလှမ်းလိုက်တယ်။ ထိုင်ပြန်လည်း ငါထိုင်လိုက်တယ်၊ ထပြန်လည်းငါထလိုက်တယ် အစရှိသည်အားဖြင့်သွားပြန်လည်း ငါသွားလိုက်တယ် ဒီလိုချည်းမှတ်နေတယ်။ အမှန်က သေသေချာချာကြည့်တော့ဘယ်ဟုတ်မတုန်း အဓိပ္ပာယ်ထိုင်ရာက နေပြီးတော့ထချင်တယ်၊ ထချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးဖြစ်လာရင်ပဲ ထိုစိတ်ဓာတ်ကလေး ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က ထောက်ကန်ပေးလိုက်တယ်။ "အင်္ဂမင်္ဂါနုသာရီဝါတ" အင်္ဂါကြီးငယ် အစိတ်အပိုင်းမှာ ကွန်ယက်လို တောက်လျှောက်သွားနေတဲ့ အကြောသေးအကြောမွှာ တွေ၊ ထချင်တယ်ဆိုတဲ့စိတ်ဓာတ်ကလေးကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ကပျံ့နှံ့ပြီးတောက်လျှောက် သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပျံ့နှံ့ပြီး တောက်လျှောက်သွားတယ်ဆိုရင်ပဲ ထလိုက်တာပဲတဲ့ ထသွားပြီ ထသွားတော့ငါရပ်နိုင်တယ်ရပ်နေပြီ၊ ရပ်နေတာငါရပ်နေသလား မဟုတ်ပါဘူး။

http://www.dhammadownload.com



အမှန်ကတော့ စိတ္တဇဓာတ်ကြောင့်ဖြစ်ပေါ်တဲ့ ဝါယောဓာတ်ကထောက်ကန်ထားလို့ မားမားမတ်မတ်နဲ့ ရပ်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သွားချင်ပြန်ပြီတဲ့၊ တစ်လှမ်းပြီးတစ်လှမ်း ဘယ်တစ်လှမ်းညာတစ်လှမ်း သွားချင်တယ်။

ဒီနေရာလည်း အင်မတန်သိမ်မွေ့ပါတယ်။ ကိုယ့်ပမာဏကိုယ် သိချင်မှသိမှာ ကိုယ့်သဘာဝ ကိုယ်သိချင်မှသိမှာလို့။ ဘာဖြစ်လို့ စိတ်ကအင်မတန်လျင်မြန်တယ်။ စိတ်ကလျင်မြန်တော့ မင်းရပ်နေရာကနေပြီးတော့ ကိစ္စတစ်စုံတစ်ခုရှိတော့ အိမ်တွင်းရပ်နေရာကနေပြီးတော့ အိမ်ပြင် ငါ ထွက်ဦးမှပဲလေလို့မင်းထွက်လိုက်တော့ အိမ်ပြင်ထွက်ဦးမှပဲလေဆိုတဲ့ အိမ်ပြင်ထွက်ချင်တဲ့စိတ် ဓာတ်ကလေးကြောင့်ဖြစ်လာတဲ့ စိတ္တဇဝါယောဓာတ်က မင်းသိမှာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီစိတ်ကလေးဖြစ်တာတော့ မင်းသိမှာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေးဖြစ်သည်နှင့်တစ် ပြိုင်နက် မင်းတစ်လှမ်းချင်းတစ်လှမ်းချင်းနဲ့ ဘယ်တစ်လှမ်းညာတစ်လှမ်းနဲ့ အိမ်တွင်းကနေအိမ်အပြင် ထွက်လာတယ် အိမ်ပြင်ထွက်လာတော့ အဲဒီဖဝါးလေးတွေလှမ်းတဲ့အခါမှာဆိုကြပါစို့။ မူလစုံရပ် နေရာကနေပြီးတော့ ညာဖဝါးကိုမင်းအရင်လှမ်းချင်မယ်။ ညာဖဝါးကိုငါအရင်လှမ်းမယ် ဒီစိတ်ဓာတ် ကလေးကအရင်ဖြစ်တယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ညာဘက်ဖဝါး ညာဘက်ခြေထောက် ငါအရင်လှမ်းတယ်၊ ညာဘက်ခြေထောက်မလှုပ်ခင်က ညာဘက်ခြေထောက် ငါအရင်လှမ်းမယ်ဆိုတဲ့ စိတ်ဓာတ်ကအရင်ဖြစ်တယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒီဖြစ်မှုလေးကျတော့ မင်းတို့ သိချင်မှသိမယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီဖြစ်မှုလေးကျတော့ အင်မတန်လျင်မြန်တယ်၊ ဘာဖြစ်လို့ဆိုတော့ မင်းအပြင်ဘက် ထွက်ချင် တယ်ဆိုတဲ့ သိမှုတစ်ခုကနေ ရှေ့ဆောင်နေတယ်။ ဒီကြားမှာ တစ်လှမ်းချင်းတစ်လှမ်းချင်းနဲ့ တစ်လှမ်းပြီးတစ်လှမ်းလှမ်းလာတဲ့ ခြေဖဝါးလေးတွေ၊ ဖဝါးလေးတွေလှမ်းတိုင်းလှမ်းတိုင်း ဘယ်ဖဝါး ငါအရင်လှမ်းချင်တယ်ဆိုတဲ့စိတ်၊ ဘယ်ခြေထောက်ငါအရင်သွားချင်တယ်ဆိုတဲ့စိတ်၊ အဲဒီစိတ်ကလေး ဖြစ်တာတော့ မင်းသိချင်မှသိမယ်တဲ့ ဘာကြောင့်တုန်း၊ စိတ်ကလေးဖြစ်တာလည်း အင်မတန် လျင်မြန်တယ်။ အဲဒီစိတ်ကလေးဖြစ်လာတော့ ဒီစိတ်ကလေးကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ် က မင်းညာခြေထောက်ကို ရှေ့ကြွပေးလိုက်တယ် လှမ်းပေးလိုက်တယ် ဟုတ်ပြီလား (ဟုတ်ကဲ့ပါ ဆရာ)။

ဒါကြောင့် မင်းဒီညာခြေထောက်က ရှေ့လှမ်းလာတယ်။ မူလစုံရပ်တဲ့နေရာကနေပြီးတော့ ဒါဖြင့် ညာခြေထောက် ရှေ့လှမ်းတော့တစ်လှမ်းပဲ၊ သူလည်းပဲ မြေကြီးခြေချ ဒါနဲ့ပြီးလားဆိုတော့ လှမ်းခြင်းကိစ္စမပြီးတော့ဘူး။ ဘယ်ခြေလှမ်းကို ထပ်ပြီးတော့လှမ်းလိုက်မယ် ဒီလိုမဟုတ်လား

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ အဲဒီဘယ်ခြေလှမ်း ထပ်ပြီးတော့လှမ်းချင်တယ်ဆိုတဲ့ စိတ်ကလေးဖြစ်တာ မင်းသိချင်မှ သိမယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်သိမ်မွေ့တယ် အင်မတန်လျင်မြန်တယ် ဒါပေမယ့် ဘယ်ခြေလှမ်း ငါထပ်ပြီးတော့လှမ်းချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးဖြစ်တာက အင်မတန် ထင်ရှားတယ် ဘာဖြစ်လို့၊ ဒီစိတ်ဓာတ်ကလေးဖြစ်ခြင်းကြောင့် ထိုစိတ်ဓာတ်ကလေးသတ္တိကြောင့် ဖြစ်ပေါ်လာသောဝါယောဓာတ်က ဘယ်ခြေထောက်ကို လှမ်းပေးလိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်ခရီးသွားသွား ဘယ်လမ်းသွားသွား ဖဝါးလှမ်းတိုင်းလှမ်းတိုင်း ဘယ်တစ်လှမ်းညာတစ်လှမ်းနဲ့ ဘယ်ပြီးညာ ညာပြီးဘယ်နဲ့ အဲဒီလို ဆင့်ကာ,ဆင့်ကာ လှမ်းသွားတာဟာ ထိုဘယ်ခြေညာခြေ မလှုပ်ရှားမီက ကြိုတင်ပြီးတော့ ဘယ်ခြေလှမ်းချင်တယ်ဆိုတဲ့စိတ်ကြောင့် ဖြစ်ပေါ်သော ဝါယော ဓာတ်၊ ညာခြေလှမ်းချင်တယ်ဆိုတဲ့စိတ်ကြောင့်ဖြစ်ပေါ်သော ဝါယောဓာတ်ကလှမ်းပေးတယ် ဒီလိုမှတ်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဘယ်လောက်ပဲရှည်လျားတဲ့ခရီးကိုပဲသွားသွား မင်းစိတ်ကတော့ဖြစ်ပြီး သိနေတဲ့အာရုံ တစ်ခုကတော့ ရှိလိမ့်မယ် ဈေးသွားမယ်ဆို ဈေးပဲအာရုံထားလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဈေးငါသွားဦးမယ်လို့ ဒီလိုစိတ်ကပထမရှေးဦးစွာ ရည်ရွယ်လိုက်တယ်၊ အဲဒီလို ရည်ရွယ်လိုက်တဲ့ ရည်ရွယ်ချက်အာရုံတစ်ခု မင်းစိတ်မှာဖြစ်မှန်း မင်ထင်ရှားလိမ့်မယ်။ ငါဈေးသွားဦးမယ် ဈေးသွား နေတယ်။ အဲဒီလိုဈေးကို သွားနေတဲ့အခိုက်မှာ ဘယ်တစ်လှမ်းညာတစ်လှမ်းလှမ်းနေတဲ့ ခြေလှမ်း လေးတွေမလှမ်းမီ တစ်လှမ်းချင်းတစ်လှမ်းချင်းရဲ့ မလှမ်းမီရှေ့အဖို့ကဖြစ်ပေါ်သော ဘယ်ခြေ ငါလှမ်းချင်တယ် ညာခြေငါလှမ်းချင်တယ်ဆိုတဲ့ စိတ္တုပ္ပါဒ်ကလေးတွေဖြစ်တာတော့ သိချင်မှသိမှာ ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ မသိလဲဆိုတော့ အင်မတန်သိမ်မွေ့တယ်၊ ပြီးတော့ အင်မတန်ထင်ရှားတဲ့အာရုံက ဖုံးလွှမ်းထားတယ်၊ ထင်ရှားတဲ့အာရုံကဘာတုန်း သူဈေးသွားချင်တယ် ဆိုတဲ့အာရုံကပြင်းထန်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် အဲဒီအာရုံကြီး ပြင်းထန်လို့ ဒီအာရုံကြီးဖုံးကွယ်ထားလို့ ဈေးမရောက်မချင်းလှမ်းနေတဲ့ခြေဖဝါးတွေမှာ လှမ်းဆဲခဏ လှမ်းဆဲခဏ မလှမ်းခင်မှာဖြစ်ပေါ်သော ဘယ်ခြေလှမ်းချင်တယ်ဆိုတဲ့စိတ်၊ ညာခြေလှမ်းချင်တယ် ဆိုတဲ့ စိတ္တုပ္ပါဒ်ကလေးတွေရဲ့ဖြစ်ပေါ်မှု ကိုယ်ကိုယ်တိုင်ပိုင်းခြားပြီးတော့ မသိသော်လည်းပဲ အဲဒီစိတ္တုပ္ပါဒ် ကလေးတွေ ဖြစ်ခြင်းကြောင့်သာလျှင် ဘယ်ခြေလှမ်း၍ဖြစ်ပါ၏ ညာခြေလှမ်း၍ဖြစ်ပါ၏နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီဝါယောဓာတ်တွေ မပျက်မစီးဘဲနဲ့ အောင်အောင်မြင်မြင်ဖြစ်နေလို့ရှိရင် မင်းတစ်သွားတည်း သွားနေ၊ သွားတိုင်းသွားတိုင်း ခြေလှမ်းလေးတွေမလှမ်းခင် လှမ်းချင်တယ်ဆိုတဲ့စိတ္တုပ္ပါဒ်ကလေးက အရင်ဖြစ်၊ ထိုစိတ်ကလေးကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်ကလှမ်း၍ပေး၏ ဒီလိုမဟုတ်လား

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ ကိုင်ချင်ပြန်ပြီတဲ့မင်းလက်က ညာလက်နဲ့ စားပွဲပေါ်ကပစ္စည်းတစ်ခု ငါလှမ်းယူဦးမယ် လှမ်းယူဦးမယ်၊ လှမ်းယူလိုက်မယ်ဆိုတဲ့စိတ်ကအရင်ဖြစ်တယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒီလိုဖြစ်လာမှ ထိုစိတ်ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်က လှမ်းမည့် လက်အင်္ဂါအစိတ်အပိုင်းမှာ တောက်လျှောက်သွားနေတဲ့ အကြောထဲကို ထောက်ကန်သဘောလေး ပျံ့နှံ့သွားတယ်။ အဲဒီလိုထောက်ကန်သဘောလေးပျံ့နှံ့သွားမှ မင်းလက်ကမြှောက်ပြီးတော့ စားပွဲပေါ် ရှိတဲ့ဝတ္ထုပစ္စည်း ယူနိုင်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလက်လှုပ်လည်းထိုနည်းအတိုင်း ခြေလှုပ်လည်းထိုနည်းအတိုင်း ခရီးသွားလည်းထိုနည်းအတိုင်း ကိုယ်လှုပ်လည်းထိုနည်းအတိုင်း ခေါင်းလှုပ်လည်းထိုနည်းအတိုင်းပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ မလှုပ်ခင်ရှေ့အဖို့က ကြိုတင်ပြီးတော့ ဖြစ်ပျက်စိတ်ဓာတ်ကလေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်ကလှုပ်ရှားပေးနေတယ် ဝါယောဓာတ်ကယူပေးနေတယ် ဝါယောဓာတ်ကကိုင်ပေးနေတယ်၊ ဝါယောဓာတ်ကသွားပေးနေတယ် ဝါယောဓာတ်ကလှမ်းပေးနေတယ်၊ အဲဒီသွားကာလှမ်းကာနေပြီးတော့ လျှောင်း ထိုင် ရပ် သွား လေးပါးသော ဣရိယာပုတ်။ ညောင်းလိုက်တာ ငါထိုင်ဦးမှပဲ၊ မတ်တပ်ကနေထိုင် ထိုင်တာက အရင်လား ထိုင်ချင်တယ်ဆိုတဲ့စိတ်ဓာတ်ကလေးဖြစ်တာက အရင်လား (စိတ်ဓာတ်ကလေးက အရင်ဖြစ်ပါတယ်ဆရာ)။ ဩော် စိတ်ဓာတ်ကလေးကအရင်ဖြစ်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထိုင်ချင်တယ် ဒီနားထိုင်ဦးမှပဲ ထိုင်မယ် ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုလည်း ဖြစ်လိုက်တယ်၊ အဲဒီထိုင်ချင်တယ်ဆိုတဲ့စိတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က ထိုင်ပေးလိုက်၏။ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဝါယောဓာတ်သတ္တိဆိုတာ မှတ်ထား။

ထချင်လည်းထိုနည်းအတိုင်း ထိုင်ချင်လည်းထိုအနည်းအတိုင်း အိပ်ချင်လည်းထိုနည်းအတိုင်း၊ ထိုင်ရာကနေ ငါအိပ်ဦးမှ တုံးလုံးလှဲဦးမှ တုံးလုံးလှဲဦးမှပဲဆိုတဲ့စိတ်ဓာတ်က အရင်ဖြစ်ခြင်းကြောင့် ထိုစိတ်ဓာတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က လှဲပေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အဲဒါစိတ္တဇဝါယောဓာတ်၊ စိတ်ကြောင့်ဖြစ်ပေါ်တဲ့ ဝါယောဓာတ်၊ အဲဒါကိုယ့်ကိုယ်သိတယ် ကိုယ့်ကိုယ်ကိုဖြစ်နေတဲ့သဘာဝလေးတွေ ဟုတ်လား မဟုတ်လား အဲဒါလေးတွေ သေသေချာချာမှတ်မှတ်မှတ်မှတ်လိုက်သွား။ အဲဒါ သတိပဋ္ဌာန်နည်းက ဒီအတိုင်းပြတယ်၊ သတိပဋ္ဌာန်နည်းဆိုတာ ဒါလေးတွေမှတ် နောက်တော့ လုံးစေ့ပတ်စေ့မှတ်နိုင်တာ သမာဓိအရှိန်ကောင်းလာနော် (ဟုတ်ကဲ့ပါဆရာ)။ အကျင့်ရလာတယ်၊ လှမ်းတယ်ဆိုလို့ရှိရင်လည်း ထိုနည်းအတိုင်း၊ လှမ်းဆဲခဏ လှမ်းခဏ မလှမ်းမီရှေ့အဖို့က လှမ်းချင်တယ်ဆိုတဲ့စိတ်ဓာတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်ကထောက်ကန်ပေးလို့ ငါ့ခြေတွေကြွလိုက်သည် လှမ်းလိုက်သည် ချလိုက်သည်၊ ကြွ လှမ်း ချ ဖဝါးတစ်လှမ်း,လှမ်း။ ကြွ လှမ်း ချ ကြွတာလည်းသိတယ်၊ လှမ်းတာလည်း

http://www.dhammadownload.com



သိတယ်၊ မြေကြီးချတာလည်းသိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"တဲ့၊ သွားတာကိုသွားမှန်းသိတယ်။ ဒါပေမယ့် ငါ့ခြေလှမ်းသွားနေတယ်လို့ သတိပဋ္ဌာန် နည်းနဲ့လိုက်မှတ်နေရင် ဒီသတိပဋ္ဌာန်ဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမဲ့သတိပဋ္ဌာန်မဟုတ်ပါဘူးတဲ့။ ဘာဖြစ်လို့ ပရမတ်ဝါယောဓာတ်မှသူမမြင်ဘဲ ခြေထောက်ချည်းမြင်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ခြေထောက်ကလှမ်းတယ်ထင်နေတယ်၊ ကြွ လှမ်း ချ ကြွတာငါ့ခြေ လှမ်းတာငါ့ခြေ ချတာငါ့ခြေ ဒီလိုဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ကြွတာ ဘာတုန်း (ကြွတာစိတ္တဇဝါယောဓာတ်ပါ ဆရာ)။ ဟုတ်ပြီ လှမ်းတာဘာတုန်း (ဝါယောဓာတ်ပါပဲဆရာ)။ ချတာဘာတုန်း (ဝါယောဓာတ် ပါပဲဆရာ)။

နောက်တစ်ခါလာပြန်ပြီ၊ ကြွ လှမ်း ချ ကြွတာဘာတုန်း (ဝါယောဓာတ်ပါပဲဆရာ)။ လှမ်းတာ ဘာတုန်း (ဝါယောဓာတ်ပါပဲဆရာ)။ ချတာဘာတုန်း (ဝါယောဓာတ်ပါပဲဆရာ)။ အေး အေး ဒါ အကျဉ်းဆုံးအကျဉ်းဆုံး ကြွ လှမ်း ချ ဆိုတဲ့ ဖဝါးတစ်လှမ်းတစ်လှမ်းမှာ သုံးကြိမ်ချပြထားတာ အမှန်ကတော့ ခြောက်ကြိမ်ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ခြောက်ကြိမ်ရှိတယ်လို့ သူ့သဘာဝ အတိုင်းလိုက်လာလို့ရှိရင် ခြောက်ကြိမ်ရှိတယ်။ ဒါပေမယ့် အကြမ်းစားနည်းက စမှတ်ဆိုတော့ သတိပဋ္ဌာန်နည်းက ဒီလိုပဲပြပါတယ် ကြွ လှမ်း ချ။ ဘြော် ဒါဖြင့် "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ပါဠ်အရ ငါသွားရင်သွားတယ်လို့ သိပါဆိုတဲ့ သဘောလေးတွေအမှတ်ခိုင်းတာ ဘာတုန်း။ အခုနပြောသလို ခြေတစ်လှမ်းပြီးတစ်လှမ်းသွားနေတာ ခြေလှမ်းလေးတွေသွားနေတယ် ကြွလှမ်းချ ဆိုတဲ့သဘာဝ။ ငါ့ခြေကြွတယ် ငါ့ခြေလှမ်းတယ် ငါ့ခြေချတယ် ခြေလှမ်းတယ် ခြေကြွတယ် ခြေလှမ်းတယ် ခြေချတယ်ဆိုလို့ရှိရင် ဒီမှတ်နေတဲ့ပုဂ္ဂိုလ်ခြေပဲမြင်နေတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ ခြေထောက်ပဲမြင်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခြေထောက်မြင်ရုံတင် မကဘူး၊ တော်ကြာကျတော့ ဒါငါ့ခြေ ငါ့ခြေထောက်ကြွတာ ငါ့ခြေထောက်လှမ်းတာ ငါ့ခြေထောက် ချတာ၊ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" သွားရင်သွားမှန်းသိပါလို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့ သတိပဋ္ဌာန်နည်းက ဒါတွေ့မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီကြွတဲ့အခါ လှမ်းတဲ့အခါ ချတဲ့အခါ ဖြစ်ပေါ်နေတဲ့ စိတ္တဇဝါယောဓာတ်ရဲ့ အလျော့ အတိုးလေးတွေ။ ဓာတ်လေးပါးမှာ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးရဲ့ ဒီဓာတ်နှစ်ပါးကလွန်နေတယ်၊ ဒီဓာတ်နှစ်ပါးကယုတ်နေတယ်။ ဒီဓာတ်နှစ်ပါးကလွန်နေတယ် ဒီဓာတ်နှစ်ပါးကယုတ်နေတယ်၊ အဲဒီပရမတ်သဘောဓာတ်သဘောအင်္ဂါလေးတွေ ဝေဖန်ပြီးတော့ ချသွားတဲ့သဘာဝ သေသေချာချာကြည့်ပါ။ သုညနေရာကနေ ပထမဆုံးလှမ်းလိုက်၊ လှမ်းတော့ ကြွတယ်မဟုတ်လား (ကြွပါတယ်ဆရာ)။ အဲဒီခြေထောက်လှမ်းတယ်လို့ ကြွလိုက်တဲ့ ပထမ

http://www.dhammadownload.com



ကြွလိုက်တယ်ဆိုကတည်းက ခတ်ကြီးလေးပါး ပြုပြင်ထားတာက ပထဝီရယ် အာပေါ်ရယ် တေဇောရယ် ဝါယောရယ် ခတ်ကြီးလေးပါးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဓာတ်ကြီးလေးပါး မိဿက ဓာတ်တွဲလိုက်တော့ တူရာတူရာ သဘောတူရာပေါင်းမှဆိုတော့ မြေနဲ့ရေနဲ့ပေါင်းလိုက်ရတယ် လေနဲ့ မီးနဲ့ပေါင်းလိုက်ရတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူတို့က သဘောတူတဲ့ဓာတ်တွေနော် (ဟုတ်ကဲ့ပါဆရာ)။ ရောနှောလို့ရကောင်းတယ်လို့ မြေနဲ့ရေနဲ့တွဲ လေနဲ့မီးနဲ့တွဲ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ပထဝီနဲ့အာပေါတွဲပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ တေဇောနဲ့ဝါယောလား (ဟုတ်ကဲ့ပါဆရာ)။ အေး မှတ်ထားမှတ်ထားကြည့်ကွယ်၊ အဲဒီဓာတ်ကြီးလေးပါးဟာ မင်းတို့မင်းတို့မှာ အမြဲတစေဖြစ်နေတော့ ဒီဓာတ်ကြီးလေးပါးနဲ့ လှုပ်လှုပ်ရွရွ သွားလာနေကြတာ တခြားမဟုတ်ပါဘူး။

ဒါဖြင့် ကြွလိုက်ပြီဆိုတော့ ဓာတ်လေးပါးရှိတဲ့အနက်က မိမိမြေကြီးမှာ စုံရပ်ထားတဲ့ ချထားတဲ့ဖဝါးကို လှမ်းတယ်လို့ ကြွလိုက်တယ်ဆိုရင်ပဲ ပထဝီနဲ့အာပေါ ယုတ်သွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်သူနဲ့ဘယ်သူလွန်လာလဲ တေဇောနဲ့ဝါယောလွန်ကဲလာပြီ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ တေဇောနဲ့ဝါယောလွန်ကဲလာပြီ၊ ဝါယောဓာတ်လွန်ကဲလို့ မြေကြီးချရတာကနေပြီးတော့ အပေါ်ကောင်းကင်ကိုကြွလာတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နောက်တစ်ခါ ကြွရာက နေပြီးတော့ ရှေ့ကိုလှမ်းလိုက်တယ်ဆိုပြန်တော့ ရွေ့လျားခြင်းမဟုတ်လား (ရွေ့လျားခြင်းပါဆရာ)။ လှမ်းခြင်းဆိုတာ ဒါဝါယောလက္ခဏာခေါ်တယ်၊ ဩော် ရှေ့လှမ်းလိုက်တယ်ဆိုရင် စောစောကပြောတဲ့ ပထဝီနဲ့အာပေါကယုတ်သွားပြီ အားသေးသွားပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တေဇောနဲ့ဝါယော လွန်ကဲနေပြီ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ရွေ့လျားခြင်း "သမုဒီရဏရသာ" တဲ့၊ ဝါယောဓာတ် ကိုက ရွေ့လျားတတ်တဲ့ကိစ္စရှိတယ် ဒီလိုပြထားတာ၊ သူ့ကိုယ်က ရွေ့လျားတာ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ရှေ့လှမ်းလိုက်တော့ ဝါယောဓာတ်၊ တေဇောနဲ့ဝါယောနှစ်ပါးပေါင်းတာပဲ။ ဒီဓာတ်နှစ်ခုကလွန်ကဲလို့ ငါ့ခြေဖဝါးသည် ရှေ့သို့ဆောင်သွားတာ၊ နောက်တစ်ခါ ရှေ့ဆောင်သွားတာ ကနေပြီးတော့ မြေကြီးချလိုက်တဲ့အခါကြည့်စမ်း ကျသွားပြီမြေကြီး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ကျသွားတော့ အခုနတုန်းကကြွတာတို့၊ ရှေ့ဆောင်တာတို့ ဒီနှစ်ကြိမ်လုံးကတော့ဖြင့် ဝါယောဓာတ် လွန်ကဲနေတယ်၊ တေဇောနဲ့ဝါယောအဓိကဦးစီးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခု မြေကြီးပြန်ချလိုက်တော့ တေဇောနဲ့ဝါယောတတ်နိုင်သေးလား (မတတ်နိုင်ပါဘူးဆရာ)။ ဘယ်သူ ဦးစီးသွားတုန်း (ပထဝီနဲ့အာပေါဦးစီးသွားပါတယ်ဆရာ)။

အေး ဟုတ်ပြီ၊ ပထဝီနဲ့အာပေါဦးစီးသွားလို့ သူတို့နှစ်ပါးလွန်ကဲသွားလို့ မြေကြီး ခြေဖဝါး ပြန်ကျ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ကဲ တေဇောနဲ့ဝါယော ယုတ်မသွားဘူးလား (ယုတ်သွားပါတယ်ဆရာ)။ ဖဝါးလှမ်းတိုင်းလှမ်းတိုင်း ဒီလိုသွားတယ်။ ဒါကြောင့် "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ

http://www.dhammadownload.com



ပဇာနာတိ'' မြတ်စွာဘုရားကိုယ်တော်မြတ် သတိပဋ္ဌာန်ဟောထားတဲ့သဘောဟာ ကိုယ့်ကိုယ်ကို သွားရင်သွားမှန်းသိပါလို့ ဆိုတဲ့သဘောဟာ ပညာကောင်းရောက်လာတဲ့အခါကျတော့ ဒီလိုပဲ ပရမတ် မုချဆတ်ဆတ် ပရမတ္ထအားဖြင့် ဖြစ်ပေါ်နေတဲ့ သဘောတရားလေးလို့မြင်လာမှ ဒီလိုအမြင်မျိုးနဲ့ မှတ်မှတ်,မှတ်မှတ်ပြီးတော့ သတိလေးထိန်းသိမ်းသွားမှ ဒါမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမှမဟုတ်ဘဲနဲ့ ကြွတာကင့်ခြေထောက် လှမ်းတာကင့်ခြေထောက် ချတာက ငါ့ခြေထောက် သွားတာကင့်ခြေထောက်၊ ခြေထောက်နဲ့ချည်း မှတ်မှတ်,မှတ်မှတ်နေလို့ရှိရင် ပရမတ်ပေါ်ရောက်ပါ့မလား (မရောက်ပါဘူးဆရာ)။ သမာဓိတော့ တည်သင့်သလောက်တည်မှာပေါ့ ရနိုင်သလောက်ရမှာပေါ့။ ဒါပေမယ့် ပညတ်နယ်ကမလွတ်သည်ဖြစ်ပါသောကြောင့် ပညတ်အနေနဲ့ သိနေတဲ့အသိဖြစ်ပါသောကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် သတိပဋ္ဌာန်နည်းလည်းပဲ တိတိကျကျ အလုပ်လုပ်လို့ရှိရင် အနည်းဆုံး ခုနစ်ရက် ခုနစ်လ ခုနစ်နှစ် အရဟတ္တမဂ်အရဟတ္တဖိုလ်ရနိုင်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ် ဒီအတိုင်းတိုက်ရိုက်ဟောထား တာနော် (ဟုတ်ကဲ့ပါဆရာ)။ တကယ်အားထုတ်ထိုက်တဲ့ တရားကြီးပါလို့၊ အင်မတန်အားရှိစရာ ကောင်းပါတယ်၊ ကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတဲ့ ဒေသနာကြီးပါ။

ဒါကြောင့် သတိပဋ္ဌာန်လမ်းလိုက်တဲ့ပုဂ္ဂိုလ်များလည်းပဲ တိတိကျကျ တကယ်အခုပြောသလို ပညာမျက်စိ တိတိကျကျရလာအောင် သင်ကြားပေးတဲ့အခါကျတော့ကြိုးစား။ တကယ်ရနိုင်တဲ့ တရားကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အခုပြနေတာက ဝါယောဓာတ် အဓိကထားပြ၊ ဝါယောဓာတ် သည် ''သမုဒီရဏရသာ''လို့ ပြထားတာ ''ဝိတ္ထမ္ဘနလက္ခဏာ''တဲ့။ လက္ခဏာတဲ့ ရသတဲ့ ပစ္စု ပဋ္ဌာန်တဲ့ ပဒဋ္ဌာန်တဲ့လို့ ဋ္ဌာန်လေးချက်နဲ့ပြထားတော့ ဝါယောဓာတ်သည် ဘာလက္ခဏာရှိ၊ ''ဝိတ္ထမ္ဘနလက္ခဏာ''နော် (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်ခြင်းလက္ခဏာရှိ၏ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ''သမုဒီရဏရသာ'' သူလုပ်တတ်တဲ့ကိစ္စပြောစမ်းပါဆိုတော့ သူလုပ်တတ်တဲ့ ကိစ္စက ရွေ့လျားခြင်းကိစ္စရှိ၏။ ရွေ့လျားတတ်တယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရွေ့လျားတတ် တယ်လို့ ဒီနေရာမှဟိုနေရာ ဟိုနေရာမှဟိုနေရာလို့ ရွေ့လျားတတ်တဲ့သတ္တိရှိတယ်၊ ဒါသူလုပ် တတ်တဲ့ကိစ္စတွေ၊ ဒီတော့ကောင်းပါပြီ ပစ္စုပဋ္ဌာန် ရှေးရှုထင်တာပြစမ်းပါဆိုတော့ ''အဘိနီဟာရ ပစ္စုပဋ္ဌာနာ'' ရှေးရှုဆောင်ယူခြင်းလျှင် ရှေးရှုထင်၏။ သူနဲ့သဟဇာတဖြစ်တဲ့ ရုပ်တရားတွေကို သူက ရှေ့ဆောင်ဦးစီးအနေအားဖြင့်ဆောင်တတ်တယ် ဒီလိုထင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ''သေသဘူတတ္တယပဒဋ္ဌာနာ'' ပဒဋ္ဌာန်ကျတော့ နီးသောအကြောင်းဆိုတာ ဘယ်သူလဲဆိုတော့ ကျန်သောဓာတ်သုံးပါးက နီးသောအကြောင်းပါပဲ ကျန်တဲ့ဓာတ်သုံးပါးအမှီပြုပြီးတော့ သူဖြစ်တာပါ ဒါဓာတ်လေးပါးက ဒီအတိုင်းသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

http://www.dhammadownload.com



ပဒဌာန်လို့၊ ဩော် "သမုဒီရဏရသကိစ္စ" ဆိုတာ ရွေ့လျားတတ်တဲ့ကိစ္စဆိုတဲ့သဘာဝကိုဖော်ပြတာ။

ကြည့်စမ်း မင်းတို့ငါတို့ ရွေ့လျားတတ်တဲ့သတ္တိလေး သူလုပ်တတ်တဲ့ကိစ္စလေးတွေကြည့်စမ်း၊ ရွေ့လျားတတ်တဲ့ကိစ္စ ရွေ့လျားတတ်တဲ့အလုပ်သာမလုပ်လို့ရှိရင် မင်းတို့ငါတို့ အရုပ်နဲ့ခြားပါဦးမလား (မခြားပါဘူးဆရာ)။ သွားလို့ရောဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ကိုင်လို့ရောဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ယူလို့ရောဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အေး ဘယ့်နှယ့်နည်းမှ လှုပ်ရှားလို့ မဖြစ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဝါယောဓာတ်သတ္တိကိုက ဒီလှုပ်ရှားနေတဲ့ အမူအယာတွေ တို့အရပ်သုံးအနေအားဖြင့် လက်မြှောက်တယ် ခြေမြှောက်တယ် ကိုင်တယ် ယူတယ် ကွေးတယ် မတယ် ထမ်းတယ် ပိုးတယ် ချတယ် ထိုင်တယ် သွားတယ် လျောင်းတယ် အိပ်တယ် ရပ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါတွေဟာ အမူအရာဗျာပါရလိုက်ပြီးတော့ သမုတ်ထားတဲ့ ပညတ်တွေပဲ၊ စကားလုံးတွေကတော့ သေသေချာချာ လျှောက်ကြည့်လိုက်တဲ့အခါကျတော့ ဘာတွေတုန်း ဒါတွေက စောစောကပြောထားတဲ့ ဝါယောဓာတ်လုပ်တတ်တယ်ဆိုတဲ့ သူရဲ့ကိစ္စသတ္တိ။ သမုဒီရဏကိစ္စ၊ တစ်နေရာမှတစ်နေရာ ရွေ့လျားတတ်တယ်ဆိုတဲ့ ကိစ္စတွေပဲ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

အေး ဒါကြောင့် စိတ္တဇဝါယောဓာတ်ကြီးသည် မင်းတို့ငါတို့ရဲ့မလှုပ်ရှားမီ ရှေ့အဖို့က ကြိုတင်ပြီးဖြစ်တဲ့ စိတ်ကလေးကြောင့် တစ်ကိုယ်လုံး ပျံ့နှံ့ပျံ့နှံ့ပြီးတော့ ဝါယောဓာတ်က ထောက်ကန်၊ ထောက်ကန်ပေးမှ အခုပြောတဲ့ လှုပ်ရှားမှုအမူအရာတွေပေါ်ကြတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ထိုင်တယ်ဆိုရင် ထိုင်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးက အရင်ဖြစ်တယ်။ အဲဒီစိတ်ဓာတ်ကလေးကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်ကထိုင်ပေးလိုက်ပါ၏ နော် (ဟုတ်ကဲ့ပါဆရာ)။ ထချင်တယ်ဆိုရင် ထချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးက အရင်ဖြစ်ပါတယ် အဲဒီထချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးကြောင့်ဖြစ်ပေါ်သော ဝါယောဓာတ်ကထ၍ပေးလိုက်သည်နော် (ဟုတ်ကဲ့ပါဆရာ)။ ရပ်ချင်တယ်ဆိုရင် ရပ်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးကအရင်ဖြစ်တယ် ထိုစိတ်ဓာတ်ကလေးကြောင့်ဖြစ်ပေါ်သော ဝါယောဓာတ်က ခိုင်ခိုင်မတ်မတ် ရပ်၍ပေးလိုက်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သွားချင်တယ်ဆိုရင် သွားချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးက အရင်ဖြစ်တယ်၊ ထိုစိတ်ဓာတ်ကလေးကြောင့်ဖြစ်ပေါ်သော ဝါယောဓာတ်က တစ်လှမ်းပြီးတစ်လှမ်း သွား၍ပေးလိုက်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဝါယောဓာတ်ရဲ့ လှုပ်ရှားတဲ့အမူအယာ တွေချည်း ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် ဒီနေရာမှာ သူ့ရဲ့လက္ခဏာက ဝါယောဓာတ်သည် "ဝိတ္ထမ္ဘနလက္ခဏာ"ဆိုတော့

http://www.dhammadownload.com



ဝါယောဓာတ်ကို ဘယ့်နှယ့်ကြည့်ရမလဲ၊ ထောက်ကန်ထားတဲ့လက္ခဏာရှိ၏ မှတ်ကြောင်းလက္ခဏာ မှတ်စရာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘုရားကိုယ်တော်မြတ်ကဟောသွားတယ်၊ ဝါယောဓာတ်ဆိုတာ ရှိတော့ရှိပါတယ်၊ ရှိပေမယ့် မင်းတို့ငါတို့ခုပြောနေရင်းမတ္တ ဆိုနေရင်းမတ္တပေါ့ကွာ အဓိပ္ပာယ်အားဖြင့် ထိုင်တယ် ထတယ် သွားတယ် လာတယ် လျောင်းတယ် ရပ်တယ် ဒီလိုကြိယာပုတ်တွေမြင်တော့ ဒါဘာတွေလဲမေးရင် ဒါဝါယောဓာတ်တွေပဲဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်တွေပဲ ကောင်းပါပြီ ဝါယောဓာတ်တွေတော့ဟုတ်ပါပြီ။ အဲဒီဝါယောဓာတ်ကို အခုမင်းတို့ငါတို့ ထိုင်တယ် ထတယ် သွားတယ် လာတယ် လျောင်းတယ် ရပ်တယ်ဆိုတဲ့ ကြိယာပုတ်တွေ လှုပ်ရှားတာတွေရော ဝါယောဓာတ်လို့ပြောပြီ၊ ဝါယောဓာတ်ကတကယ်ရှိ ရှိတာပေါ့၊ ဒါဖြင့်ကောင်းပါပြီ မင်းလှုပ်ရှားနေတော့ လှုပ်ရှားတဲ့အမူအရာတွေ့မြင်တာနဲ့ ဝါယောဓာတ်ပဲလို့ပြောတယ်၊ မင်းကိုယ်ထဲခွဲကြည့်တော့ ဝါယောဓာတ်တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ မြင်လား (မမြင်ပါဘူးဆရာ)။ ကိုင်ကြည့်တော့ ကောဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ယူကြည့်တော့ရော (မဖြစ်ပါဘူးဆရာ)။ မျက်စိထဲမြင်အောင် ပြနိုင်လား (မပြနိုင်ပါဘူးဆရာ)။ အဖြူ အပြာ အဝါရော (မပြနိုင်ပါဘူးဆရာ)။ အတုံး အလုံး အခဲရော (မပြနိုင်ပါဘူးဆရာ)။ အမှုန် အမွှား အရည် အဖတ်ရော (မပြနိုင်ပါဘူးဆရာ)။ ကြီးကြီး ငယ်ငယ် ရှည်ရှည် လတ်လတ်ရော (မပြနိုင်ဘူးဆရာ)။ လေးထောင့် သုံးမြှောင် အဝိုင်း အလျားရော (မပြနိုင်ပါဘူးဆရာ)။

ဒါဖြင့် ဒီဝါယောဓာတ် တစ်ရွေးသား တစ်ပဲသား စုလို့ ဆောင်းလို့ မရဘူးလား (မရပါဘူး ဆရာ)။ ဒါဖြင့် မင်းဝါယောဓာတ်က မေးတိုင်းဘာမှမပြောနိုင်ရင် မင်းဝါယောဓာတ်မှ ရှိဟန်မတူ ပါဘူးဆိုရင် မင်းဘယ်နှယ့်ပြောမလဲ (ရှိပါတယ်ဆရာ)။ ရှိတော့ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ ဘယ်ပုံဘယ်နည်းရှိသလဲ (သဘောတရားသက်သက်ကလေးသာရှိပါတယ်ဆရာ)။ အေး သဘော တရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာသဘောတရားတုန်း (ထောက်ကန်မှု သဘောတရားလေးပါဆရာ)။ သြော် ထောက်ကန်တဲ့သဘောတရား (ဟုတ်ကဲ့ပါဆရာ)။ သဘော တရားလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ သဘောတရားသက်သက်ကလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဝါယောဓာတ်သည် အတုံး အလုံး အခဲ အကောင်အထည် အမှုန် အမွှား အဖြူ အပြာ အဝါ လေးထောင့် သုံးမြှောင် အဝိုင်း အလျား အမှုန် အမွှား အရည် အဖတ်အနေအားဖြင့် ရှာဖွေလို့ မရကောင်းတဲ့ဓာတ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရှိတော့ရှိတယ်ပေါ့ (ရှိပါတယ်ဆရာ)။ တကယ်ရှိ တယ်ပေါ့ (တကယ်ရှိပါတယ်ဆရာ)။ အေး တကယ်ရှိတဲ့တရား။ ဘယ်လို ဘယ်ပုံ ဘယ်နည်း ရှိသလဲဆိုတော့ သဘောတရားသက်သက်အနေနဲ့ ရှိတဲ့တရားလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။

http://www.dhammadownload.com



အေး ဘာသဘောလဲဆိုတော့ ဒီတော့မှ ထောက်ကန်သောသဘော လှုပ်ရှားသောသဘော ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်တဲ့သဘော လှုပ်ရှားတဲ့သဘော ဒါဖြင့် ထောက်ကန်တဲ့အမူအရာမြင်တာနဲ့ ဒါဝါယောဓာတ်ပဲလို့ပြောနိုင်တယ်၊ ဒါဝါယောဓာတ်ပဲလို့သိနိုင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်ထားတယ်ဆိုတဲ့ အမူအရာကတော့ ဒါလက္ခဏာ၊ မှတ်ကြောင်းလက္ခဏာပဲ သဘောတရားသက်သက်ကလေး၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ အတုံး အလုံး အခဲ အမှုန် အမွှား ဘာမှမရှိဘူး၊ သဘောတရားသက်သက်ကလေးဆိုတာက ဒါဝါယောဓာတ်ရဲ့ ပရမတ်သား ဓာတ်သားအစစ်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပေါင်းလိုက်တော့ ထောက်ကန်သော သဘောတရား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါတွေ ဝါယောဓာတ်အစစ်ချည်းပဲ၊ ဒါကြောင့် စိတ္တဇဝါယောဓာတ် မင်းတို့ငါတို့ အသက်ထင်ရှားရှိတဲ့ပုဂ္ဂိုလ်များ ထောက်ကန်တယ်ဆိုတဲ့ ဝါယောဓာတ်ရဲ့အစွမ်းပဲ။ စိတ်ကြောင့် ထောက်ကန်တယ်ဆိုတဲ့သဘောလက္ခဏာပေါ်သေး သေသေ ချာချာကြည့်စမ်း။ အခုတင်ပဲ နဂိုအနေအတိုင်းရပ်နေရပ်နေနော် (ဟုတ်ကဲ့ပါဆရာ)။ လဲသွားနိုင်ရဲ့လား (မလဲနိုင်ပါဘူးဆရာ)။ ယိုင်သွားနိုင်ရဲ့လား (မယိုင်နိုင်ပါဘူးဆရာ)။ ယိမ်းသွားနိုင်ရဲ့လား (မယိမ်းနိုင်ပါဘူးဆရာ)။ ဘာဖြစ်လို့ မယိမ်းမယိုင်ဘဲနဲ့ ခိုင်ခိုင်မတ်မတ်ရပ်နေတုန်း (ထောက်ကန်တဲ့ ဝါယောဓာတ်ရှိလို့ပါဆရာ)။ ဝါယောဓာတ်ထောက်ကန်ထားလို့ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထင်ရှားတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဝါယောဓာတ်ထောက်ကန်ထားလို့၊ ဒါကြောင့် မားမားမတ်မတ် မယိုင်မယိမ်းဘဲနဲ့ ခိုင်ခိုင် မတ်မတ်ရပ်နိုင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်သာ မထောက်ကန်ရင် မင်းရပ်နိုင်ပါ့မလား (မရပ်နိုင်ပါဘူးဆရာ)။ ရပ်နေသမျှကာလပတ်လုံး ငါရပ်နေမယ်ဆိုတဲ့ စိတ်ဓာတ် ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်၊ အမြဲတစေဖြစ်နေတယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ ဝါယောဓာတ်ထောက်ကန်ထားလို့၊ အဲဒီဝါယောဓာတ် ဘယ်မှပျက်သလဲလို့မေးတော့ ကြည့်စမ်း ကြည့်စမ်း။ မင်း ရပ်နေ ရပ်နေ ရပ်နေ၊ ရပ်နေတော့ မင်းစိတ်ကလေးကတော့ မင်း ဥပါဒါန် မင်းသိချင်မှသိမှာပေါ့ မင်းစိတ်ကလေးဖြစ်တာ မင်းသိချင်မှသိမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ငါရပ်နေမယ် ငါရပ်နေမယ် ငါရပ်နေမယ် တစ်ဆယ့်ငါးမိနစ်မိနစ်နှစ်ဆယ်ငါရပ်နေမယ် ရပ်နေမယ် ရပ်နေမယ် ရပ်နေမယ်ဆိုတဲ့ စိတ်ဓာတ်ကလေးဟာ မင်းမခံနိုင်မချင်းပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အမြဲတစေဖြစ်နေတယ် မဟုတ်လား (ဖြစ်နေပါတယ်ဆရာ)။ ဖြစ်နေတော့ အဲဒီလိုဆက်ကာဆက်ကာ ဖြစ်နေတော့ ရပ်နေမယ်ဆိုတဲ့ စိတ်ဓာတ်ကလေး ဆက်ကာဆက်ကာဖြစ်ခြင်းကြောင့် ထိုစိတ်ဓာတ် ကလေးဖြစ်တိုင်းဖြစ်တိုင်း ဖြစ်ပေါ်လာသော စိတ္တဇဝါယောဓာက်က အမြဲတစေထောက်ကန်ပေးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အဲဒီဝါယောဓာတ် ဘယ်အချိန်မှပြတ်သလဲမေးတော့ ထိုင်ဦးမှပဲလေလည်းဆိုရော ပြုန်းပြုန်းပြုတ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ အခုန စိတ္တဇဝါယောဓာတ်ရှိသလား (မရှိပါဘူးဆရာ)။ မရှိဘူး၊ အခုတော့ ထိုင်ဦးမှပဲလေ ထိုင်လိုက်ဦးမှပဲဆိုတဲ့စိတ်က ပေါ်လာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကပေါ်လည်းလာရော မင်းလည်းထိုင်လိုက်ကရော ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် စိတ္တဇဝါယောဓာတ် ပြောင်းလဲမှုလေးတွေက အမူအရာတစ်ခုနဲ့တစ်ခု အကူးအဆက်ကြားမှာ ပြတ်ပြတ်သွားသကိုး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီသဘောလေးတွေ၊ ဒါဖြင့် ထောက်ကန်ထားတဲ့သဘော သေသေချာချာကြည့်စမ်း ငါမားမားမတ်မတ် မပြိုဘဲနဲ့ မယိမ်းမယိုင်ဘဲနဲ့ရပ်နေတာ ဘာသဘောလဲ၊ စိတ္တဇဝါယောဓာတ်ထောက်ကန်ထားတဲ့သဘော မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေးအေး ထောက်ကန်ထားတဲ့သဘော၊ ဒါသာမညရှိသေးတယ်။ ဒါပေမယ့် သိချင်မှသိမှာကိုယ့်ကိုယ်ကို ယုံချင်မှယုံမှာ၊ ဘုရားကိုယ်တော်မြတ်က ဒီလိုဟောသွားတယ် ဒါပေမယ့် ငါရပ်ထားလို့ရပ်နေတာပါ တချို့ကဒီလိုထင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မဟုတ်ပါဘူး ငါရပ်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယောဓာတ်က ထောက်ကန်ထားတာအမှန်ပဲ၊ သိချင်လို့ရှိရင် ငါတစ်မျိုးတိုးပြီးတော့ပြပါဦးမယ် သေသေချာချာကြည့်စမ်းပါ။

ကိုင်း အခုနေတော့ မသိမသာဆိုတော့ လူတိုင်းက လက်ခံချင်မှလက်ခံမယ်။ စိတ္တဇဝါယောဓာတ်ထောက်ကန်ထားလို့ မင်းရပ်နေတာပါဆိုမဟုတ်ပါဘူး၊ ငါရပ်ချင်လို့ရပ်နေတာပါ ဒီလိုလာမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ္တဇဝါယောဓာတ်ထောက်ကန်ပုံလေး အသစ်အသစ်တိုးပြီးတော့ ဆက်ကြည့်ရအောင်၊ မင်းအခုနေ လူလုံးရပ်နေတော့ ဘာမှဝန်မလေးဘူးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကောင်းပြီ၊ မင်းပခုံးပေါ်ကိုခွက်တစ်ဆယ်ရှိတဲ့ ဝန်ထုပ်ဆင့်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခွက်တစ်ဆယ်ရှိတဲ့ ဝန်ထုပ်ဆင့်တော့ ဟဲ့လူကလေး ဟောဒီအချိန်တစ်ဆယ်ရှိတဲ့ဝန်ထုပ်မင်းပခုံးပေါ်ထမ်းစမ်းကွာ၊ ထမ်းစမ်းကွာဆိုတော့ စောစောကမင်းအလွတ်ရပ်နေတဲ့စိတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ ဒီအချိန်တစ်ဆယ်ရှိတဲ့ဝန်ထုပ် မင်းပခုံးပေါ်တင်လိုက်တော့လေ (မတူပါဘူးဆရာ)။ ခုန အလွတ်သက်သက်ရပ်နေတဲ့ စိတ်နဲ့မတူဘူးလား (မတူတော့ပါဘူး)။ မတူပါဘူး ဘယ့်နှယ့်ဖြစ် (အချိန်တစ်ဆယ်ဝန်ကိုစိတ်ကရောက်နေပါတယ်)။ ဩော် ဘယ်လိုရောက်နေလဲ (ထမ်းထားရတဲ့စိတ်ကို ရောက်နေပါတယ်)။ ဩော် ငါ့ပခုံးပေါ် အခုနအလွတ်ရပ်နေတဲ့သဘောနဲ့ မတူတော့ဘူး၊ အချိန်တစ်ဆယ်လေးတဲ့ဝန်ထုပ်ကြီး ငါ့ပခုံးပေါ်ရောက်နေပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ပခုံးပေါ်ရောက်နေတော့ မင်းသိမှုလေးပြောစမ်းပါ၊ ငါမေးစမ်းပါရစေ ပခုံးပေါ်ဒီဝန်ထုပ်ကလေး ရောက်လာရော စောစောကအလွတ်ရပ်နေတဲ့စိတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ ဘယ်လို

http://www.dhammadownload.com



ဖြစ်လာလဲ (မတ်တပ်ရပ်နေတဲ့စိတ်ကပျောက်သွားပါတယ်)။ ပျောက်သွားတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခု ဘယ်လိုဖြစ်နေတာလဲ (ပခုံးပေါ်ထမ်းထားတဲ့ အချိန်တစ်ဆယ်ရှိတဲ့ဝန်ကြီးပေါ် စိတ်က ရောက်နေပါတယ်ဆရာ)။

ဩော် ဒီဝန်ထုပ်ကြီးစိတ်ကရောက်နေတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာလဲ အုပ်စရာကြီး မှတ်နေတယ်လားမင်းက ဘယ်လိုမှတ်နေတာလဲမင်းဉစ္စာ ဟင်းဟုတ်လား ငါ့ပခုံးပေါ်ရောက်နေတာ အုပ်စရာကြီးပဲလို့ ဘယ်ကိုရောက်တာတုန်း (ထမ်းထားရတဲ့အလေးချိန်ကိုရောက်နေပါတယ်ဆရာ)။ အလေးချိန်ပိုလာတဲ့အဓိပ္ပာယ်မှာ စိတ်ကစိုက်လာတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ငါခုန သာမညရပ်နေတာမျိုးရပ်နေတာတော့ မဖြစ်တော့ဘူး ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ ဝန်ထုပ်ကြီးက တစ်ဆယ်ရှိတဲ့ဝန်ထုပ်ကြီးက ငါ့ပခုံးပေါ်ရောက်နေပြီ၊ အဲဒီ ဝန်ထုပ်ကြီးဖိလိုက်တော့ နဂိုစိတ်ဓာတ် အတိုင်းသာနေမယ် နဂိုရပ်နေတဲ့အတိုင်းသာနေမယ်ဆိုရင် ငါခိုင်မှာမဟုတ်ဘူး လဲသွားလိမ့်မယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းမလဲအောင် ပိုပြီးတော့ဝါယမစိုက်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယမစိုက်တယ် ဝီရိယဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဝီရိယစိုက်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အခုန ရိုးရိုးရပ်နေတာမျိုး စိတ်ဓာတ်မျိုးနဲ့ ငါနေလို့မဖြစ်ဘူး၊ ဘာဖြစ်လို့ ငါ့ပခုံးပေါ် တစ်ဆယ်ဝန်ထုပ်ကြီးရောက်လာပြီ ခုနနဲ့မတူတော့ဘူး။ အဲဒီတစ်ဆယ်ဝန်ထုပ်ကြီး အင်မတန်လေးလံတဲ့ ဝန်ထုပ်ကြီး ငါ့ပခုံးပေါ်တင်လိုက်တော့ နဂိုရိုးရိုးရပ်နေတဲ့စိတ်ဓာတ်မျိုးနဲ့နေရင်တော့ ငါလဲတော့မှာပဲ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ မလဲအောင်တော့ ခိုင်အောင်တော့ဖြင့် ငါဝီရိယစိုက်ရဦးမှာပဲ အားထုတ်ရဦးမှာပဲ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ရောဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် အားစိုက်ထည့်လိုက်တော့ အဲဒီ ခွက်တစ်ဆယ်ရှိတဲ့ဝန်ထုပ်ကြီး မင်းပခုံးပေါ်ထမ်းတော့ မင်းမလဲဘူးလား (မလဲပါဘူးဆရာ)။ အင်အား စိုက်ထားတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မလဲအောင်, ခိုင်အောင်, ယိုင်မသွားအောင်, အောက်ကျ မသွားအောင် ဒီလိုစိတ်ဓာတ်တွေပေါ်လာတယ် ဟုတ်လား (ပေါ်လာပါတယ်ဆရာ)။ အေး အဲဒါတို့ အရပ်သုံးနေကတော့ ဒါအားခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အားခေါ်တယ် အားတဲ့၊ အမှန်ကတော့ စိတ္တဇဝါယောဓာတ်တိုးနေနော် (ဟုတ်ကဲ့ပါဆရာ)။ စိတ္တဇဝါယောဓာတ် ဘယ့်နှယ့်တိုးနေ စိတ်ကိုက တိုးပေးလိုက်တာတဲ့၊ ဝီရိယတိုးပေးလိုက်တာခေါ်တယ် လုံ့လဝီရိယတိုးပေးလိုက်တယ်။ အခုန သာမညရပ်နေတာမျိုး ရပ်နေလို့ရှိရင်ငါမုချလဲသွားမှာမခိုင်ဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ တစ်ဆယ်ရှိတဲ့ဝန်ထုပ်ကြီး ငါ့ပခုံးပေါ်ရောက်နေပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခုနထက်ပိုပြီးတော့ ငါအားစိုက်ရလိမ့်မယ်၊ တစ်ဆယ်ရှိတဲ့ဝန်ထုပ်ကြီး ငါ့ပခုံးပေါ်ရောက်နေပြီ

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အခုနထက်ပိုပြီးတော့ ငါအားစိုက်ရလိမ့်မယ် လုံ့လစိုက်ရလိမ့်မယ် ဝီရိယစိုက်ရလိမ့်မယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဝန်ထုပ်နဲ့ငါမလေးဘူးလားဟ စိတ်ဓာတ်တင်းလိုက် မတင်းဘူးလားဟ (တင်းပါတယ်ဆရာ)။ အားတင်းတယ်၊ ဒီလိုအရပ်သုံးနဲ့ ဒီလိုခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ဓာတ်တင်းလိုက်တယ် တင်းလိုက်တော့ ဘယ်ငါလဲလိမ့်မလဲ ဒါလောက်တော့ အပျော့ပေါ့ ယောက်ျားပဲ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ ဟော တစ်ဆယ်ဝန်ထုပ်ကြီး မင်းပခုံးပေါ်တင် လဲသေးရဲ့လား (မလဲပါဘူးဆရာ)။ စောစောက ပကတိရပ်နေတဲ့စိတ်ဓာတ်မျိုးနဲ့ဆို မလဲဘူးလား (လဲပါတယ်ဆရာ)။ ဩော်ဒါဖြင့် ဒီစိတ်ဓာတ်ကြောင့်ပိုပြင်းထန်၊ ထိုစိတ်ဓာတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ကလည်း ပိုအားကောင်းလာတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟောကြည့် အပို အားတွေထွက်လာ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ ဒါအပိုအားတွေမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နဂိုအားနဲ့တူရဲ့လား (မတူပါဘူးဆရာ)။ နဂိုအားထက်ပိုလာတယ်ပေါ့ (ပိုပါတယ်ဆရာ)။ အေး ဝါယောဓာတ်၊ အမှန်ကတော့ဝါယောဓာတ် ဘာမှမဟုတ်ဘူးဝါယောဓာတ်ပဲ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၊ ဒီဝါယောဓာတ်ပိုလာ အားပိုလာတယ် ဘာကြောင့်ပိုလာ စိတ်ဓာတ်ပိုပေးလို့ပိုလာတာ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဒီပြင်ဟာမကြည့်ပါနဲ့ကွာ မင်းလမ်းရှိုးရှိုးသွားနေတော့ ကိစ္စမရှိတဲ့အခါသွားနေတော့ တစ်လှမ်းချင်းတစ်လှမ်းချင်းသွားနေတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဖြည်းဖြည်းဖြည်းဖြည်း မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မင်း ဝါယောဓာတ်ကလည်း ဖြည်းဖြည်း သွားနေတယ်မဟုတ်လား (ဖြည်းဖြည်းသွားနေပါတယ်ဆရာ)။ ဘာဖြစ်လို့ဖြည်းဖြည်းသွား မင်းစိတ္တဇ ဝါယောဓာတ် မင်းစိတ်ကိုကဖြစ်တဲ့စိတ်ကိုက တစ်လှမ်းချင်းတစ်လှမ်းချင်း ဖြည်းဖြည်းသွားမယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

နောက်က ကြောက်စရာရန်သူလိုက်လာမယ်၊ ရှေ့မှာ အရေးတကြီးတွေ့စရာကိစ္စတစ်ခု ရှိမယ်ဆိုတော့ မင်းစိတ်ဓာတ်က ပထမရှိုးရှိုးသွားတဲ့စိတ်ဓာတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ ဟာ ရှေ့ဘာဖြစ်လို့တဲ့ဟေ့ အဓိပ္ပာယ်က ဟာဘာဖြစ်လို့တဲ့ ဘယ်သူတွေ ဘယ့်နှယ်ဖြစ်လို့တဲ့။ မင်းစိတ်ဓာတ်က အင်မတန်ရောက်ချင်တဲ့ စိတ်ဓာတ်ဖြစ်လာပြီ၊ အင်မတန် ရောက်ချင်တဲ့စိတ်ဓာတ် ဖြစ်လာတော့ ခုနတုန်းက ဖြည်းဖြည်းလာတဲ့စိတ်ဓာတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ စိတ်ကပိုပြင်းတယ်ဟုတ်လား (ပိုပြင်းတယ်ဆရာ)။ စိတ်ဓာတ်ပိုပြင်းသလိုပဲ ထိုပိုပြင်းသောစိတ်ဓာတ် ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်ကပြင်းလာ၏ မပြင်းဘူးလား (ပြင်းပါတယ်ဆရာ)။ ပြင်းတော့ ဘယ့်နှယ့်ဖြစ် ဘာပြောရမှန်းမသိ၊ ခြေလှမ်းပိုပြီးတော့ ပြင်းမလာဘူးလား (ပြင်းလာပါတယ်ဆရာ)။

http://www.dhammadownload.com



ပိုသွက်မလာဘူးလား (သွက်လာပါတယ်ဆရာ)။ ဒါပိုပြင်းထန်လာတဲ့အဓိပ္ပာယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်ထောက်ကန်မှုတွေ အားပိုကောင်းမလာဘူးလား (ကောင်းလာပါတယ်ဆရာ)။ အေး ဒါစိတ္တဇဝါယောဓာတ် စိတ်ဓာတ်ပြင်းထန်ရင် ထိုစိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်သည် ပိုပြီးတော့ ပြင်းလာ၏ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဝန်ထုပ်ထမ်းနေတဲ့သဘာဝလေး သေသေချာချာ ကြည့်ပါ ဟုတ်လားမဟုတ်လားလို့။ သာမညအနေနဲ့ရပ်နေရင် သာမညရပ်နေစဉ်အခါတုန်းက ငါ့စိတ်မှာဘာမှမဖြစ် ငါ့ကိုယ်မလဲရုံလေးငါရပ်နေမယ်ဆိုတဲ့ စိတ်ဓာတ်လောက်ကလေးရှိတယ်။ အဲဒီစိတ်ဓာတ်ဖြစ်ပေါ်တဲ့ ဝါယောဓာတ်ကလေးက ထောက်ကန်ထားတော့ မလဲရုံလေးရှိ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ မလဲရုံလေးရှိတော့ တော်ရိလျော်ရိနေတဲ့စိတ်ဓာတ်ပဲ ဖြစ်တာကိုတော်ရိလျော်ရိ မလဲရုံလေးရပ်ချင်တဲ့စိတ်ဓာတ်ပဲ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ကလည်း မလဲရုံလေးပဲ တော်ရိလျော်ရိဖြစ်နေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ရုတ်တရက်တွန်းလိုက်ရင် လဲသွားတတ်တယ် ဗေ့တိုးရင်လဲတတ်တယ် မလဲဘူးလား (လဲပါတယ်ဆရာ)။

အေး အခုတော့ကာ မင်းပခုံးပေါ်မှာ ခွက်တစ်ဆယ်ရှိတဲ့ဝန်ထုပ်ကြီးတင်လိုက်မယ်။ တင်တော့မယ်ဆိုကတည်းက ဟာ ဝန်ထုပ်ကြီးတင်ရင် ခုနလိုသာမညရပ်လို့ငါမဖြစ်ဘူး လဲသွားလိမ့်မယ် ဒီအတိုင်းဆိုရင်နော် (ဟုတ်ကဲ့ပါဆရာ)။ မလဲအောင်တော့ဖြင့်တောင့်ထားမှပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တောင့်ထားမှပဲ အားတင်းထားမှပဲတဲ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီတောင့်ထားမှပဲ အားတင်းထားမှပဲဆိုတာ တခြားမဟုတ်ပါဘူး စိတ်ဓာတ်ကပြင်းလာတယ်၊ အခုန စိတ်မျိုးနဲ့တော့မဖြစ်ဘူး အခုတော့ ဝန်ထုပ်ကြီးကလေးလာပြီ၊ ဒါကြောင့် ဒီဝန်ထုပ်ကြီးမကျအောင် တော့ဖြင့် ငါဝါယမစိုက်မှ ဂရုစိုက်မှ အားတင်းမှပဲ။ အဲဒီလိုမကျအောင်အားတင်းမှပဲဆိုတဲ့ စိတ်ဓာတ်ကိုက ခုနစိတ်ဓာတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ စိတ်ဓာတ်ပိုပြင်းတယ်မဟုတ်လား (ပိုပြင်းပါတယ်ဆရာ)။ ပိုပြင်းသည့်အားလျော်စွာ ထိုစိတ်ဓာတ်ပြင်းတဲ့အလျောက် ဝါယောဓာတ်ကလည်း ပိုပြင်းမလာဘူးလား (ပြင်းလာပါတယ်ဆရာ)။ ပြင်းလာလို့ မင်းပခုံးပေါ်မှာ ခွက်တစ်ဆယ်ရှိတဲ့ ဝန်ထုပ်ကြီးတင်ပေမယ့် မင်းလဲရဲ့လား (မလဲပါဘူးဆရာ)။ မလဲဘူး၊ ငါ ဒါခွက်တစ်ဆယ် မင်းငါပြောနေတာ။

ကြည့် နောက်တစ်ခါ ဆန်တစ်အိတ် အဓိပ္ပာယ်အားဖြင့်၊ ဆန်တစ်အိတ်ကျတော့ မင်း ငါဥပမာပေးလို့မဖြစ်ဘူး ဆန်တစ်အိတ်ထမ်းနေကျလူ ဥပမာပေးမှနော် (ဟုတ်ကဲ့ပါဆရာ)။ ဆန်အိတ်ထမ်းနေကျလူတစ်ယောက် သေသေချာချာကြည့်စမ်း။ ဆန်အိတ်ထမ်းနေကျ ပိုးနေကျ သယ်နေကျလူတစ်ယောက် ဆန်အိတ်ပခုံးပေါ်တင်ပေးလိုက် ကြွကနဲရွကနဲပါသွားတယ် မပါဘူးလား (ပါပါတယ်

http://www.dhammadownload.com



ဆရာ)။ ဒီဆန်အိတ်ပိုးနေကျလူလည်းပဲ အိတ်မပိုးဘဲနဲ့ နဂိုရပ်နေတော့ ဆန်အိတ်ပိုးတဲ့အခါမှာ ဖြစ်ပေါ်တဲ့ စိတ်ဓာတ်လောက်ပြင်းရဲ့လား (မပြင်းပါဘူးဆရာ)။ ဩော် ရိုးရိုးလေးပေ့ါနော် (ရိုးရိုးလေးပါ ဆရာ)။ ဩော် ရိုးရိုးလေးဆိုတော့ ရိုးရိုးကြောင့်ဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်က ဝါယောဓာတ်ကလည်း ရိုးရိုးလေးပေ့ါ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အဲဒီရိုးရိုးလေးဖြစ်ရာကနေပြီးတော့ ကိုင်း သူ့ပခုံးပေါ် ဆန်အိတ်ကြီးတင်နော် (ဟုတ်ကဲ့ပါဆရာ)။ ကိုင်း မင်းပခုံးပေါ် ဆန်အိတ်ကြီးတင် ထမ်းပေတော့။ ဆန်အိတ်ပခုံးပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ခုနရိုးရိုးဆိုတဲ့စိတ်ဓာတ်မျိုး ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဆန်အိတ်ကြီး ငါပိုးမယ်ထမ်းမယ် ပိုးမယ်ထမ်းမယ်လို့ ဆိုသည်နှင့်တစ်ပြိုင်နက် စောစောကစိတ်ဓာတ်မျိုးမဟုတ်ဘူး စိတ်ဓာတ်တင်းလိုက်ပြီ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီဆန်အိတ်လောက်လား ဒီဆန်အိတ်လောက်တော့အပျော့ပေါ့၊ ဒါဘာ ငါဂရုစိုက်စရာရှိလဲ ထမ်းလိုက်မယ်ပိုးလိုက်မယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဒီဆန်အိတ်လောက်လားဟဆိုတဲ့စိတ်ဓာတ်ကိုက စောစောက ငါပြောတဲ့စိတ်ဓာတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ အေး ဆယ်ဆထမ်းပိုးတိုးပြီးတော့ မြှင့်လိုက်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ဓာတ်ကိုက ပြင်းပြင်းထန်ထန်ဖြစ်လာတော့ အဲဒီပြင်းပြင်းထန်ထန်ဖြစ်လာတဲ့ စိတ်ဓာတ်ကြောင့် ဝါယောဓာတ်တွေ ဘယ့်နှယ့်ဖြစ် (ထောက်ကန်မှုဖြစ်လာပါတယ်ဆရာ)။ ဩော် (ပြင်းပြင်းထန်ထန်ဖြစ်လာပါတယ်ဆရာ)။ ဒီလိုလုပ်စမ်းပါကွ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်မှုပိုပြင်းလာတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်တွေပိုပြင်းလာတယ် ဟုတ်လား (ပိုပြင်းလာပါတယ်ဆရာ)။ အေး ပိုပြင်းလာခြင်းကြောင့် ဒီဆန်အိတ်ကြီး မင်းပခုံးပေါ် တင်တော့ သူလဲသွားသေးရဲ့လား (မလဲပါဘူးဆရာ)။ မလဲပါဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကိုင်း အဲဒီလိုကြည့်စမ်းပါကွာ၊ ဆန်အိတ်ပိုးထားတဲ့လူသည် အားကိုဘယ်လောက်တင်းထားတယ်ဆိုတာ တို့လူစုမြင်တယ် မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ ဩော် နဂိုအနေမှ မဟုတ်ဘဲပဲ၊ ဒီဆန်အိတ်ကြီး ပခုံးပေါ်ထမ်းထားတာ အားကိုကတင်းထားတာ အားတင်းထားတယ်ဆိုတာဘာတုန်း (စိတ်ကို တင်းထားတာပါဆရာ)။ အေး စိတ်ကိုတင်းထားတာ၊ စိတ်ကိုတင်းထားတော့ ဘာဖြစ်တုန်း (မလဲတော့ပါဘူးဆရာ)။ ဟောဗျာ ဒုက္ခမှအကြီးစား၊ စိတ်ကိုတင်းထားတယ် တင်းထားတဲ့စိတ်ဓာတ် ကြောင့် ဝါယောဓာတ်တွေ ဘယ့်နှယ့်ဖြစ် (ဝါယောဓာတ်တွေထောက်ကန်မှုဖြစ်လာပါတယ်ဆရာ)။ ထောက်ကန်တာက ဟုတ်ပြီ (ဝါယောဓာတ်တွေပြင်းလာပါတယ်ဆရာ)။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။

ဒါနဲ့ မင်းသဘောပေါက်ရဲ့လား (ပေါက်ပါတယ်ဆရာ)။ စိတ္တဇဝါယောဓာတ် စိတ်ကြောင့်

http://www.dhammadownload.com



ဖြစ်တဲ့ဝါယောဓာတ် ခုပြောနေတာနားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် မင်းစိတ်လျော့ရင် ဝါယောဓာတ်လည်း လျော့သွားတာပေါ့ (လျော့သွားပါတယ်ဆရာ)။ စိတ်ပိုလိုက်ရင် ဝါယောဓာတ် ပိုလာတာပေါ့ (ပိုလာပါတယ်ဆရာ)။ စိတ်ပိုတင်းရင် ဝါယောဓာတ်ပိုတင်းတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲ မင်းဒီသဘောလေးမှတ်ထားပါ၊ ဒါမျက်မြင်ကိုယ်တွေ့ပြနေတာ မင်းကိုယ်တိုင် တင်းကြည့်စမ်းပါ၊ မင်းသာမညအားဖြင့် မင်းစီးထားတဲ့ ဖိနပ်ကလေးကိုကုန်းကောက် ဘုရား တန်ဆောင်းနားရောက်တော့ကုန်းကောက်၊ မင်းဘယ်လောက်မှ ဝါယမမစိုက်ဘူးပေါ့ (ဟုတ်ကဲ့ပါ ဆရာ)။ မင်းကောက်နေကျဖိနပ်ကလေးကပေါ့ပေါ့လေး မင်းသိတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဖိနပ်မင်းလက်ပါရုံလောက် မင်းလက်ဝါယမစိုက်တယ် ဝီရိယစိုက်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ မြန်မာလိုနားလည်တော့ အားစိုက်တာ ဒါပဲမဟုတ်လား (ဒါပါပဲဆရာ)။

ကောင်းပြီ၊ မင်းခွက်တစ်ဆယ်ရှိတဲ့ ငါးပိဿာရှိတဲ့သံအလေးကြီး သံကွင်းကြီးတွေ ပတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။ မင်း အဲဒီသံလုံးကြီး ဟိုဘက်မလိုက်စမ်းကွာ မင်းဖိနပ်ကုန်းကိုင်တာနဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ ဒါဖြင့်မင်းသိလား (သိပါတယ်ဆရာ)။ ဒါလေးကို မ,လိုက်မယ်လို့ ကုန်းလိုက်သည်နှင့်တစ်ပြိုင်နက် မင်းစိတ်က အရင်ဖိနပ်ကလေးကုန်းကောက်တဲ့စိတ်ဓာတ်နဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ ဘယ်လိုဖြစ်လို့တုန်း (စိတ်ဓာတ်ပြင်းလို့ပါဆရာ)။ ဩော် စိတ်ဓာတ်ပြင်းလာတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပြင်းလာတော့ ဒီသံတုံးကြီးဟာ ငါးပိဿာရှိတဲ့အလေးကြီး၊ ဒီသံတုံးကြီး ဖိနပ်ကောက်တုန်းကဝါယမမျိုးနဲ့ ဝီရိယမျိုးနဲ့ စိတ်ဓာတ် မျိုးနဲ့တော့မပါဘူး မင်းသိပြီးသားမဟုတ်လား (သိပြီးသားပါဆရာ)။ သိလိုက်တာနဲ့ မင်းကောက်လိုက် တာနဲ့ ပြင်ပြီးသားမဟုတ်လား (ပြင်ပါတယ်ဆရာ)။ ဖိနပ်ကောက်တဲ့စိတ်မျိုး ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။

ဩော် စိတ်ဓာတ်ပြောင်းလိုက်တယ် ဟုတ်လား (ပြောင်းပါတယ်ဆရာ)။ ဘယ့်နှယ့်ပြောင်း လိုက်လဲ (စိတ်ဓာတ်ပြင်းလိုက်ပါတယ်ဆရာ)။ ဩော် ပြင်းလိုက်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလောက်တော့ ပါအောင်မ,မှပဲ အားပြင်းလိုက်တယ် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအားပြင်းလိုက်တယ် ဆိုတဲ့သဘောဟာ စိတ်ကိုတင်းပစ်လိုက်တယ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ စိတ်တင်းပစ် လိုက်တော့ကာ ထိုစိတ်ကြောင့်ဖြစ်ပေါ်တဲ့ဝါယောဓာတ်ကဘယ့်နှယ့်ဖြစ် (ပြင်းပြင်းထန်ထန် ဖြစ်လာပါတယ်ဆရာ)။ ပိုပြင်းလာတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ပိုတင်းလာတာပေါ့ (ဟုတ်ကဲ့ပါ ဆရာ)။ စိတ်ကိုအမှီပြုတဲ့ဝါယောဓာတ် စိတ်ဖြစ်သလိုဖြစ်တာပေါ့ဟ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီသဘောလေးဟာ အားတင်းတယ် အားလျော့ပစ်တယ် အားတင်းထားပါဆိုတဲ့

http://www.dhammadownload.com



စကားဟာ ခုနပြောတဲ့စိတ်နဲ့ဖြစ်နေတဲ့ဝါယောဓာတ်ကို အလျော့ခိုင်းတာ အတင်းခိုင်းတာ (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒါစိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ရဲ့သဘောလေးတွေ မထင်ရှားဘူးလား (ထင်ရှား ပါတယ်ဆရာ)။ အေး ခုနဆန်အိတ်ပိုးနေတဲ့လူကို ကြည့်လိုက်တော့ကာ နဂိုရှိးရှိးရပ်နေတဲ့အားနဲ့ မတူပါပဲလား ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အားတွေအပိုသွင်းပြီးတော့ ဆန်အိတ်ကြီးပိနေတာကို အိမသွားအောင် လဲမသွားအောင် ယိုင်မသွားအောင် သူအားတွေ အပိုသွင်းထားတယ် မြင်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။

အားတွေ အပိုသွင်းထားတယ်ဆိုတာ ဆန်အိတ်ကြီးဖိထားတဲ့ဒဏ်ကြောင့်၊ အလေးဝန်ကြောင့် မလဲအောင် မပြိုအောင် မယိုင်အောင် မယိမ်းအောင် လွတ်မကျအောင်၊ နင်လားဟဲ့ငါလားဟဲ့ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်တယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ဓာတ်ကြီးနဲ့ဖြစ်နေတဲ့ စိတ္တဇ ဝါယောဓာတ်ကလည်း နင်လားဟဲ့ငါလားဟဲ့နဲ့ တစ်တောင့်တည်းတောင့်နေတယ် တောင့်ခံနေတယ် မခံဘူးလား (ခံနေပါတယ်ဆရာ)။ အဲဒီဆန်အိတ်ကြီးတင်ထားတဲ့သဘာဝ စိတ္တဇဝါယောဓာတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်ထားတာမြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ မြင်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ အေး အေး ဒါပေမယ့် ဒီဆန်အိတ်ကြီးတင်ထားတဲ့၊ ပိုးထားတဲ့လူမှာ စိတ္တဇဝါယောဓာတ် ထောက်ကန်ထားတယ်ဆိုတဲ့ အင်မတန် သူ့ကိုယ်ထက်နှစ်ဆလောက်လေးတဲ့ ဆန်အိတ်ကြီး ထမ်းထားတာမြင်ကတည်းကသိပြီ၊ သိပြီမဟုတ်လား (သိပါတယ်ဆရာ)။ "ဝိတ္ထမ္ဘနလက္ခဏာ" ထောက်ကန်ထားတဲ့လက္ခဏာကြီးပေါ်နေပြီ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ ဒါပေမယ့် ဝါယောဓာတ် သူ့ကိုယ်ခွဲကြည့် တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ မြင်ပါ့မလား (မမြင်ပါဘူးဆရာ)။ အေး အေး တွေ့လည်းမတွေ့ဘူး မြင်လည်းမမြင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ဒီလက္ခဏာတော့ ပြထားတယ် ဟုတ်လား (ပြထားပါတယ်ဆရာ)။

အဲဒီလက္ခဏာထောက်ကန်မှုဆိုတဲ့ ဝိတ္ထမ္ဘနလက္ခဏာကိုမြင်တော့ကာ ဩော် စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ကတော့ဟုတ်ပြီ ဒါတော့မငြင်းနိုင်ဘူး။ ဒီတစ်ခါ ရှိးရှိးရပ်နေတဲ့အားနဲ့မှ မတူဘဲပဲ၊ အခု ဆန်အိတ်ကြီးထမ်းတာတော့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အားတွေ အပိုသွင်းထား တာပဲ၊ ဒါဖြင့် ငါမနေ့ကပြသွားတဲ့ အဝိညာဏက မော်တော်ကားဘီးထဲ လေထိုးသွင်းထားတာ ထူးသေးရဲ့လား (မထူးပါဘူးဆရာ)။ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ ဟိုမှာလည်း အပိုလေတွေ သွင်းထားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လေထိုးတံနဲ့ထိုးလိုက်တာအားရပါးရ တစ်ခါတည်း ဘီးကြီးက တဖြည်းဖြည်းဖောင်းဖောင်းကြွကြွလာ၊ နောက်တော့ တင်းနေတယ် တင်းတင်းကြီးနေတယ် အပေါ်ကတင်စမ်းပါ ကုန်ချိန်တွေနော် (ဟုတ်ကဲ့ပါဆရာ)။ အောက်အိကျသေးရဲ့လား (အိမကျ

http://www.dhammadownload.com



ပါဘူး)။ အေး တောင့်တင်းခံနေတယ် မြင်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် သူလည်း "ဝိတ္ထမ္ဘန လက္ခဏာ" မော်တော်ကားတာယာကြီး ထိုးသွင်းထားတဲ့လေ၊ ထောက်ကန်ထားတဲ့ လက္ခဏာကြီး မြင်ရဲ့မဟုတ်လား (မြင်ပါတယ်ဆရာ)။ ဒီဆန်အိတ်ကြီးပိုးပြီးတော့ မင်းရှေ့တင်ရပ်နေတာမြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ ဒါလည်း "ဝိတ္ထမ္ဘနလက္ခဏာ"မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်ရဲ့ လက္ခဏာက ထူးသေးရဲ့လား (မထူးပါဘူးဆရာ)။ အကြောင်းသာကွဲတာ၊ စိတ်ကြောင့်ဖြစ်တဲ့ဝါယော ဥတုကြောင့်ဖြစ်တဲ့ဝါယော ကံကြောင့်ဖြစ်တဲ့ဝါယော အာဟာရကြောင့်ဖြစ်တဲ့ဝါယော ဒီလိုဖြစ်လာတဲ့ ဝါယောအကြောင်းလေးပါးသာကွဲသွားတာ၊ ဖြစ်လာတဲ့ဝါယောဓာတ်က ဘာထူးတုန်း (ဘာမှမထူးပါဘူး ဆရာ)။ ဘာမှမထူးဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်တဲ့သဘော လှုပ်ရှားတဲ့သဘောပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

အေး အဲဒီစိတ္တဇဝါယောဓာတ် မင်းတို့ငါတို့ကိုယ်တိုင်လည်းပဲ ကိုယ့်ကိုလည်း ကိုယ်ပြန် ဆင်ခြင်ကြည့်နိုင်တယ် လှုပ်ရှားတာဘာကြောင့်၊ လှုပ်ရှားတာ အရမ်းဖြစ်နေတာမဟုတ်ဘူး လှုပ်ရှားတာ လှုပ်ရှားချင်တယ်ဆိုတဲ့ စိတ်ကလေးကအရင်ဖြစ်လို့၊ ထိုစိတ်ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်က တစ်ကိုယ်လုံးပျံ့နှံ့ပြီးတော့ လျှောက်သွားလို့ လှုပ်ရှားတဲ့အမူအရာလေး ပေါ်ထွက်လာတယ်။ ထောက်ကန်ထားတာ မပြို မကွဲ မလဲအောင် မတ်မတ်ရပ်နေတာတွေ၊ ခုနဝန်ထုပ်ဝန်ပိုးကြီး အင်မတန်လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကြီး ပိုးထားတာတွေ၊ ကိုယ့်ကိုယ်ထက် နှစ်ဆလောက်လေးတဲ့ ဆန်အိတ်ကြီးပိုးထားတာ မပြိုမကွဲမလဲဘဲနဲ့၊ မယိမ်းမယိုင်ဘဲနဲ့ခိုင်နေတာ ဘာကြောင့်။ သြော် ဝါယောဓာတ်ထောက်ကန်ထားတာ တကယ်ထင်ရှားပါပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူတစ်ပါးလုပ်နေတာမြင်လို့ ကိုယ့်ကိုယ်တိုင်မသိရင် ကိုယ်ကိုယ်တိုင် ထမ်းကြည့်ပါ ဝန်ထုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ စောစောကငါပြောသလို နဂိုငါသာမန်ရပ်နေတဲ့အားနဲ့ ငါထမ်းစရာ ပိုးစရာရှိလို့ ဆန်တစ်စိတ်တစ်ခွဲဆိုတဲ့ ဝန်ထုပ်ဝန်ပိုးထမ်းနေတဲ့အခါ ဖြစ်ပေါ်လာသောအားနဲ့ တူသေးရဲ့လား ကြည့်သေသေချာချာနော် (ဟုတ်ကဲ့ပါဆရာ)။ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အဲဒါဘာလဲဆိုတော့ စိတ်ကပြုတဲ့သဘောတွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်တွေ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကိုက ဝါယမချင်းမတူဘူး ဝီရိယချင်းမတူဘူး အားစိုက်ချင်းမတူပါဘူး ရိုးရိုးသာမန်ရပ်နေတော့ ကိုယ့်ကိုယ်ကိုမလဲကာမျှလေး ငါရပ်နေဦးမယ်ဆိုတဲ့ စိတ်ဓာတ်ကလေးဖြစ်၊ စိတ်ဓာတ်ကလေးဖြစ်တဲ့ ဝါယောဓာတ်ကလည်းပဲ ရပ်နေကာမျှလောက်ပဲရှိတယ် ထောက်ကန်တာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီနေရာတော့ ထောက်ကန်သဘောသည်မထင်ရှား ဟုတ်ဘူးလား (ဟုတ်ကဲ့ပါ ဆရာ)။ ဒါပေမယ့် အခုနပြောသလို အပိုအားတွေသွင်းပြီးတော့ မခံ့တဲ့ဝန်ထုပ်ဝန်ပိုးတင်ပြီးတော့ ထမ်းလာတဲ့အခါမှ မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ်ရပ်နေတဲ့အခါကျမှ သြော် စိတ္တဇဝါယောဓာတ်

http://www.dhammadownload.com



ထောက်ကန်ထားလို့ ခိုင်နေတယ်ဆိုတာက တယ်ထင်ရှားတာပဲ ဒီလိုမလာဘူးလား (လာပါတယ် ဆရာ)။ အေး အေး ဝါယောဓာတ်အားကောင်း,ကောင်းသလိုပဲ မကောင်း,မကောင်းသလိုနော် (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်အင်မတန်အားသေးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်သွားပြီးတော့ ဒီဆန်အိတ်ကြီးထမ်းပါဆိုတော့ ရပါ့မလား (မရပါဘူးဆရာ)။ အေး မရနိုင်ဘူးတဲ့၊ ဘာဖြစ်လို့ သူက ဝါယောဓာတ်အားနည်းနေတဲ့ပုဂ္ဂိုလ်၊ နဂိုကတည်းက ဝါယောဓာတ် သိပ်ရှိတာမဟုတ်ဘူးတဲ့၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

အဲဒါ စိတ္တဇဝါယောဓာတ်ရဲ့သဘာဝပြတယ်၊ ဒါဖြင့်ကောင်းပါပြီ။ ပင်ကိုအနေအားဖြင့် ငါတို့တွေ ထိုင်တယ် ထတယ် သွားတယ် လာတယ် လျှောင်းတယ် ရပ်တယ် ကိုင်တယ် တွယ်တယ် မတယ် ချတယ် ထမ်းတယ် ပိုးတယ်ဆိုတဲ့ အမူအရာလေးတွေ သွားလာနေကြတယ်။ စိတ်ကြောင့် ဖြစ်လာနေတဲ့ ဝါယောဓာတ်တွေပဲလို့ ဝါယောဓာတ်ကြောင့်ဖြစ်နေတယ်ဆိုတဲ့ သဘာဝနော် (ဟုတ်ကဲ့ပါ ဆရာ)။ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး အေး စိတ်ကလေးက အရင်ဖြစ်နေတယ် ဆိုတဲ့သဘောကလေးကို သေသေချာချာမှတ်ထားပါ။ စိတ်ကလေးဖြစ်ပြီးမှ လက်လှုပ်ချင်ရင် လှုပ်ချင်တဲ့စိတ်ကလေးဖြစ်ပြီးမှ လက်လှုပ်နိုင်၏။ ခြေလှုပ်ချင်ရင် ခြေလှုပ်ချင်တဲ့စိတ်ကလေးဖြစ်ပြီးမှ ခြေလှုပ်နိုင်၏နော် (ဟုတ်ကဲ့ပါဆရာ)။ ထိုင်နေလို့ရှိရင် ထိုင်နေတဲ့စိတ်ကလေးဖြစ်ပြီးမှ ထိုင်နိုင်၏။ ထမယ်ဆိုရင် ထချင်တဲ့စိတ်ကလေးဖြစ်ပြီးမှ ထလို့ဖြစ်နိုင်ပါ၏ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သြော် ဒီစိတ်ကလေးကြောင့်ဖြစ်ပေါ်တဲ့ ဝါယောဓာတ်သည် မင်းတို့မင်းတို့မှာ ကွန်ယက်လိုပဲ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတည်နေသော အကြောပေါင်းများစွာကို ဒီစိတ်ကလေးကြောင့်ဖြစ်တဲ့ ဝါယောဓာတ်က ပျံ့နှံ့၍သွား၏။ ပျံ့နှံ့၍သွားခါမှ ထိုဝါယောဓာတ်က ထောက်ကန်ပေးခြင်းကြောင့် ထိုင်နိုင်တယ် ထနိုင်တယ် သွားနိုင်တယ် လာနိုင်တယ် လုပ်နိုင်တယ် ကိုင်နိုင်တယ် ရပ်နိုင်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒါဟာ စိတ္တဇဝါယောဓာတ်လို့။

အဲဒီစိတ္တဇဝါယောဓာတ် လှုပ်ရှားတဲ့အမူအရာတွေ ပြန်ကြည့်ပါ။ ထောက်ကန်တဲ့ အမူအရာတွေ ပြန်ကြည့်ပါ။ တို့များက တစ်နေ့ကပြောသွားတဲ့ ဥတုဇဝါယောဓာတ် ထောက်ကန်ထားတယ် လှုပ်ရှားထားတယ်ဆိုတဲ့ အမူအရာတွေနဲ့ ဘာထူးသလဲ (ဘာမှမထူးပါဘူးဆရာ)။ ဟိုက ဥတုကြောင့်ဖြစ်တဲ့ဝါယောဓာတ် ဒီမှာ စိတ်ကြောင့်ဖြစ်တဲ့ဝါယောဓာတ် ဒါပဲ မဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အကြောင်းပဲ ကွာတယ်မဟုတ်လား (အကြောင်းပဲကွာပါတယ်ဆရာ)။ အေးအေး ဖြစ်ပုံချင်း ဝါယောဓာတ်ချင်းတော့ ခွဲလို့မရပါဘူးတဲ့ သဘောချည်းပါပဲ အတူတူပါပဲနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အခု အသက်ထင်ရှားရှိတဲ့ သူသူငါငါလူတကာဆိုတဲ့ သဝိညာဏကသတ္တဝါတွေ ထိုင်တယ်

http://www.dhammadownload.com



ထတယ် သွားတယ် လာတယ် လျှောင်းတယ် ရပ်တယ် ကိုင်တယ် တွယ်တယ် ယူတယ် မတယ် ချတယ် ထမ်းတယ် ပိုးတယ် ဒီလိုလုပ်နေတဲ့အမှုအရာတွေက ဘယ်တွေလဲလို့မေးရင် ဝါယောဓာတ်တွေပဲလို့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဝါယောဓာတ်တွေပေါ့နော် (ဝါယောဓာတ်တွေပါဆရာ)။ ဒါဖြင့် ငါထိုင်တယ်ငါထတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ငါသွားတယ် ငါလှမ်းတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ငါကိုင်တယ် ငါတွယ်တယ်ဆိုတာ (မဟုတ်ပါဘူးဆရာ)။ ငါထမ်းတယ်ငါပိုးတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဘာတွေတုန်း (ဝါယောဓာတ်တွေပါဆရာ)။ အေး ဝါယောဓာတ်တွေနော် (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်ချည်းပဲလို့ မှတ်ကြပါ။

အဲဒီဝါယောဓာတ်က အလိုလိုဖြစ်တဲ့ ဝါယောဓာတ်မဟုတ်ပါဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ပဲလို့၊ အဲဒီဝါယောဓာတ်ရဲ့သဘောကို မြင်အောင် ပရမတ်နေအားဖြင့်ကြည့်ပါဆိုတော့ ပရမတ္ထလက္ခဏာအနေအားဖြင့် လှုပ်ရှားပုံကို ငါပြောမယ်။ ဟိုးမလှမ်းကမ်းကနေလျှောက်လာတဲ့ မောင်ဖြူဆိုတဲ့လူတစ်ယောက် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခေါင်းကလည်း လှုပ်လှုပ်လှုပ်လှုပ်၊ ခြေကလည်း ဘယ်လှမ်းညာလှမ်း၊ ကိုယ်ကလည်း ယိမ်းကာနွဲ့ကာလှုပ်ကာရှားကာနဲ့ လျှောက်လာတော့ သေသေချာချာကြည့်ကြပါ၊ ဟိုက လျှောက်လာတာကမောင်ဖြူပဲ လာနေတာမောင်ဖြူပဲနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်ခြေညာခြေနဲ့ လှမ်းလာတာ မောင်ဖြူပဲ၊ ဒီကိုတည့်တည့်လာနေတာမောင်ဖြူပဲလို့၊ မောင်ဖြူက သိပြီးသား လူကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ လာနေတာမောင်ဖြူဟော့ လှမ်းလာတာမောင်ဖြူကွ လှုပ်နေတာ မောင်ဖြူကွ ဒီလိုမြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ ဒီအပြင်ပိုပြီးတော့ အန္ဓပုထုဇဉ် ပညာမျက်စိလုံးဝမရှိတဲ့ပုဂ္ဂိုလ်မှန်သမျှ ဒီအပြင်ပိုပြီးတော့ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘူးဆရာ)။ ဘယ်ဖြစ်နိုင်မှာတုန်းကွ၊ ဒီပရမတ်ဆိုတဲ့အသိဉာဏ်က မသင်ဘဲနဲ့မကြားဘဲနဲ့ တတ်နိုင်တဲ့ပညာမဟုတ်ဘဲနဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ တတ်နိုင်ပါ့မလား (မတတ်နိုင်ပါဘူးဆရာ)။

တချို့က ဝမ်းတွင်းတတ်မှတ်နေတာ။ သူတို့ကိုယ်သူတို့ အလိုလိုတတ်လာပြီလို့ မှတ်နေတယ် လွယ်လင့်တကူနဲ့ပြောနေတယ်။ ဒါပိဋကတ်ကျမ်းစာပေ ပရိယတ္တိသာသနာများ မှီချီးမှုစ်ချီးနဲ့ တစ်ပဲမှမတန် တစ်ပြားမှမတန် ပြောတဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ်၊ ဒီလိုကောင်လူမျိုးစားတွေလည်း ရှိသေးတယ်။ ဒါတွေ စာသဘောနဲ့ပြောပြောနေတယ် ပကာသနလုပ်ပြီးတော့ချဲ့ထွင်တာ ဒီတရားတွေ နားမလည်ဘူးဆိုတဲ့ အကောင်တွေက ရှိသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ငါလည်း အဲဒီလို သာသနာတော်ကို စော်ကားတဲ့လူတစ်ယောက်ကို တယ်သည်းမခံနိုင်ပါဘူး။ ပရိယတ္တိတန်ဖိုးကို

http://www.dhammadownload.com



နားလည်တဲ့ပုဂ္ဂိုလ်မှ အရသာသိတဲ့ပုဂ္ဂိုလ်မှ တန်ဖိုးရှိမှန်းသိတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒေသနာတော်တစ်လုံးတစ်လုံးကို ကိုယ်တော်မြတ်က ကုန်ဆုံးအောင်ပြတဲ့နေရာမှာ သူ့လက္ခဏာ အနေနဲ့သူ ရှင်းလင်းတဲ့ သူ့အနက်အဓိပ္ပါယ်တွေနဲ့လာတယ်၊ ပေါက်ကရလေးဆယ်နဲ့ ပြောသွားတဲ့ တရားမဟုတ်ဘဲနဲ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

ပဋ္ဌာနစပြီးတော့ ဓာတ်ကြီးလေပါးမှာ အခု ဝါယောဓာတ်တစ်လုံးပြတဲ့ ဝါယောဓာတ်သည် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၊ ဋ္ဌာန်လေးချက်ရှိရမယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါတို့မြတ်စွာဘုရားကိုယ်တော်မြတ်က လုပ်သွားခဲ့တဲ့ ဝါယောဓာတ်မဟုတ်ပါဘူး နဂိုကတည်းက ရှိနေတဲ့ဝါယောဓာတ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ နဂိုကတည်းကရှိပြီးသား ဝါယောဓာတ်ချည်း ပဲနော် ဓာတ်သဘောဆိုတာရှိတယ်။ လောကဓာတ် လောကဓာတ်ဆိုတာ "လောကဓာတု"၊ လောက,က လောက၊ ဓာတု,က ဓာတ်၊ ဓာတ်ဆိုတာဘာတုန်း သူ့သဘောကိုသူဆောင်နေတာ ဓာတ်တဲ့။ "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု"။ အတ္တနော–မိမိ၏၊ သဘာဝံ–သဘောကို၊ ဓာရေတိ–ဆောင်တတ်၏။ ဣတိ တသ္မာ–ထိုသို့ မိမိသဘောကို မိမိဆောင်တတ်သော သဘော သတ္တိကြောင့်၊ ဓာတု–ဓာတ်မည်၏။ ဝါယောဓာတ်ဆိုတာ သူ့သဘောကို သူဆောင်နေတာ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ လောက,က ဘာတုန်း၊ လောက, ဆိုတာက တခြားမဟုတ်ပါဘူး ဖြစ်တတ်ပျက်တတ်တာက လောကခေါ်တယ်။ "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော"တဲ့၊ လုဇ္ဇတိ ပလုဇ္ဇတိ–ဖြစ်တတ်ပျက်တတ်၏။ ဣတိ တသ္မာ–ထို့ကြောင့်၊ လောကော–လောကမည်၏။ အဲဒီလောက–နဲ့ ဓာတုနဲ့တွဲလိုက်တော့ လောကဓာတ်။ အဲဒီဓာတ်တရားတွေ ဘယ့်နှယ့်နေတုန်း ဆိုတော့ ဟာ ဒီဓာတ်တရားတွေ သူ့သဘောနဲ့သူဆောင်နေတဲ့ ဓာတ်ရားတွေပဲ၊ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်နေတာပေါ့လို့ ဆိုလိုတာက နားလည်လား (နားလည်ပါတယ်ဆရာ)။ အဲဒါ လောကဓာတ်ကြီး ဒါကို လောကဓာတ်ကြီးခေါ်တယ်။

အခုတော့ လောက–နောက် က,ထပ်ပေါင်းတော့ လောကကြီးနောက်ကဓာတ်မပါဘူး လောကကြီး လောကကြီး၊ တို့လူစုတွေက သုံးနေတဲ့ လောကကြီး လောကကြီးဆိုတာက နိမိတ်တွေ သိပ်မကောင်းပါဘူး၊ လောကဆိုတာ ပျက်စီးတာလောကနော် (ဟုတ်ကဲ့ပါဆရာ)။ ပျက်စီးနေ တတ်တာလောက ဖြစ်တတ်ပျက်တတ်တာလောက တည်မြဲနေတာမဟုတ်ဘူး ဖြစ်ပျက်နေတဲ့သဘော လောက၊ အဲဒီဓာတ်သဘာဝကို တို့ဘုရားကလုပ်ထားတာမဟုတ်ပါဘူးတဲ့၊ ဒါသဘာဝ အတိုင်းဖြစ်နေတဲ့ ဓာတ်တရားခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ အဲဒီသဘာဝ အတိုင်းဖြစ်နေတဲ့ ဓာတ်တရားဟာ ဗဟိဒ္ဓလည်းရှိတယ် မင်းတို့ငါတို့အပြင်ပမှာ၊ ပြီးတော့ အဇ္ဈတ္တလည်း

http://www.dhammadownload.com



ရှိတယ် မင်းတို့ကိုယ်တွင်းမှာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဗဟိဒ္ဓမှာရှိတဲ့ ဓာတ်တရားတွေကို ဘုရားကိုယ်တော်မြတ်က ပြတ်သားအောင် မင်းတို့ပိုင်းခြားပြီးဟောတာမဟုတ်ပါဘူး။ အဓိက အချက်ကတော့ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့်ဖြစ်နေတဲ့ ဓာတ်တရားတွေကို ပြတ်သားအောင် ပိုင်းခြားပြီး ဟောနေတာနော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်လေသေသေချာချာ လေ့ထိုးသမားပြောသလိုပဲ နင်ကတော့ဘာအသားနဲ့လုပ်ထားသလို ဖြစ်နေတယ်၊ ကိုယ့်ကိုယ်ကို ဘာအသားနဲ့လုပ်ထားမှန်း မသိတဲ့လူတွေကများနေပါတယ် မများဘူးလား (များနေပါတယ်ဆရာ)။ အေး အဲဒီလို ကိုယ့်ကိုယ်ကို ဘာအသားနဲ့ လုပ်ထားမှန်းမသိလေ ပိုပြီးတော့အသိဆိုးလေ၊ အသိဆိုးလေအယူမှားလေနော် (ဟုတ်ကဲ့ပါဆရာ)။ အယူမှားလေ ပိုပြီးတော့ဖောက်ပြန်လေ၊ ဖောက်ပြန်လေ ပိုပြီးတော့အပါယ် လေးပါးလားလေ။

ဒီသတ္တဝါတွေ အပါယ်လေးပါးလွတ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ဘာဖြစ်မလဲကွ၊ ယထာဘူတ ဟုတ်မှန်တဲ့အသိဉာဏ်လေးတစ်လုံးတစ်ပါဒ သာသနာနဲ့ကြုံတွေ့တဲ့အခါ ရဖို့အင်မတန်မှ ခဲယဉ်းပါတယ်လို့၊ လွယ်တယ်လို့မမှတ်ပါနဲ့ ဘာဖြစ်လို့တုန်း၊ ဒီလိုအသိဉာဏ် အမှန်အကန် အတိအကျသိရတယ်ဆိုတဲ့အသိဉာဏ်က လွယ်ကူတဲ့တရားမဟုတ်ပါဘူး၊ ဘာဖြစ်လို့တုန်း။ ဒီသဘာဝ ဖြစ်နေတဲ့တရားကိုယ်က ဘုရားကိုယ်တော်မြတ် သဗ္ဗညုတဉာဏ်တော်နဲ့ မြင်တော်မူတာဟဲ့။ မင်းတို့ကိုယ်မှာဖြစ်နေတဲ့ ပထဝီဓာတ်ကဒီလိုရှိတာဟဲ့၊ အာပေါဓာတ်ကဒီလိုရှိတာဟဲ့၊ တေဇောဓာတ်က ဒီလိုရှိတာဟဲ့၊ ဝါယောဓာတ်ကဒီလိုရှိတာဟဲ့။ ဒါကို သဗ္ဗညုတဉာဏ်တော်နဲ့ ဝေဖန်ပြီးတော့ ကိုယ်တော်မြတ်က မြင်တော်မူသည့်အတိုင်း သင်ကြားပြသဟောဖော်ပြောသွားခဲ့လို့ မင်းတို့ငါတို့ သိရတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အလိုလိုနေရင်းသိပါ့မလား (မသိပါဘူးဆရာ)။ ဘယ့်နှယ့်လုပ်သိမတုန်းကွ ဒီသဘာဝတရားတွေ။ ဟော ဒါမွေးပြီးသေမွေးပြီးသေ မိုးကြီးလေကြီးသလို ဒီလိုနေကြတာ ဘာမှမထူးပါဘူး၊ တစ်ဘဝလာလည်း ဒီဓာတ်တွေ။

ဒါကြောင့် သတ္တဝါတွေ သံသရာအစက မထင်ကောင်းဘူး။ "သံသာရကောဋ္ဌိ န ပညာယတိ" ကိုယ့်သံသရာလာတဲ့ဘဝကြီးကို ပြန်ပြီးတော့ဆင်ခြင်တတ်တဲ့ပုဂ္ဂိုလ်တွေက အင်မတန်ရှားတယ်။ သူတော်ကောင်းတွေနဲ့ တွေ့ပြန်တော့ သူတော်ကောင်းတရားတွေကို မှတ်မှတ်သားသားနဲ့၊ အေး တစ်လုံးတစ်ပါဒ နာကြားရတာနည်းသလားဟဲ့။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတော့ ဘုရားဖြစ်အောင်ကြိုးစားမှ ရလာတဲ့တရားဆိုပဲနော်၊ ခဲယဉ်းလိုက်တာ။ ငါတို့ကရတော့ လွယ်လင့်တကူလေးနဲ့ နာရကြားရတာ (ဟုတ်ကဲ့ပါဆရာ)။ ပထမဆုံးအရင်းနှီးတည်ပြီးတော့ ရှာလာခဲ့ရတဲ့တရားအနေနဲ့ ဘုရားကိုယ်တော်မြတ်က ဝန်မလေး ဘူးလား (ဝန်လေးပါတယ်ဆရာ)။ လွယ်လွယ်ကူကူမမှတ်ပါနဲ့လို့၊ ကိုယ်တော်မြတ် ဒီလိုအသိမျိုး

http://www.dhammadownload.com



သိဖို့ရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ကြိုးစားလာခဲ့ရတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)။ ငါက ဥပမာလေးတစ်ခုပြောပါဦးမယ်၊ ဒါဖြင့်ကောင်းပါပြီ ဘုရားကိုယ်တော်မြတ် ရှာတော်မူတုန်းက လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး သစ္စာလေးပါးသိအောင်ရှာရတယ် ဒီထိအောင် ပင်ပင်ပန်းပန်းကြီးစွာနဲ့ ရှာလာရတယ်။ ကိုယ်တော်မြတ်ပွင့်တော်မူလာတဲ့ အခါကျတော့ ဒီသစ္စာလေးပါးကို ကိုယ်တော်မြတ် တစ်ဆင့်ဖောက်သည်ချခဲ့လို့ ရလာခဲ့တဲ့လူတွေ တယ်လွယ် ပါ့လားလို့ ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။

ဒီလို ပထမဆုံး ဆရာမရှိဘဲနဲ့ရှာဖွေတဲ့ပုဂ္ဂိုလ်က အလွန်ခဲ့ယဉ်းတယ်တဲ့၊ ဆရာရှိပြန်တော့ လွယ်ကူတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဥပမာ ငါတစ်ခုပြောပါ့မယ် တို့အင်းဝနဲ့စစ်ကိုင်းကူးထားတဲ့ တံတားကြီးရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)။ ရှေးခေတ်အခါတုန်းက ကုလားတွေ အင်္ဂလိပ်ကြီး တွေ တည်ဆောက်သွားတဲ့ တံတားကြီးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကန်ထရိုက်တွေ၊ တကယ် သူဌေးကြီးတွေ၊ ကုမ္ပဏီကြီးတွေ အကြီးအကျယ်ငှားပြီး တည်ဆောက်လိုက်ရတာ။ တံတားကြီး ဘယ်လောက်ကြာအောင် တည်ဆောက်လိုက်သလဲ၊ ခုနစ်နှစ်ရှစ်နှစ်ကြာအောင် တံတားကြီး တည်ဆောက်လိုက်ရတယ် ဒီလိုမှတ်ယူရတယ်။ သိန်းပေါင်းတစ်ရာ့ငါးဆယ် နှစ်ရာကျော်လောက် ကုန်ပါတယ် ဟိုခေတ်ငွေနဲ့။ ဩော် သို့ကလောက်တောင် ငွေတွေအကုန်ကျခံပြီးတော့လုပ်ရတာ လေးငါးခြောက်ထောင်ရှိတဲ့လုပ်သားတွေ တစ်ခါတည်း မြို့လေးတစ်မြို့လိုပါပဲနော် (ဟုတ်ကဲ့ပါဆရာ)။ စက်ရုံတွေဘာတွေ တည်ဆောက်ပြီးတော့ ဓာတ်မီးတွေတထိန်ထိန်နဲ့ လုပ်နေကြတာ။ လုပ်သားတွေ ကလည်းလေးငါးခြောက်ထောင်၊ ဒီတော့လုပ်ရတာ နှစ်အရေအတွက် တွက်ပြန်တော့ မနေမနား ညဥ့်ရေနေ့ပါ ကြိုးစားပြီးလုပ်ရတာ ရှစ်နှစ်လောက်လုပ်ရတယ် မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ် ဆရာ)။ အဲဒီလိုတံတားကြီးပြီးတော့ တိုင်းဝန်ထမ်းတစ်ယောက်ကပြောတယ် ဒီဘက်ကဟိုဘက်ကူး တစ်မူး မော်တော်ကားကြီးတစ်စင်းတစ်မူး (ဟုတ်ကဲ့ပါဆရာ)။ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ လုပ်တဲ့ပုဂ္ဂိုလ် (ခက်ပါတယ်ဆရာ)။ နှိုင်းတောင် မနှိုင်းကောင်းပါဘူး။

ဒါပေမယ့် တို့ဘုရား ဒီသစ္စာလေးပါးဆိုတဲ့ ရုပ်ဓာတ်နာမ်ဓာတ်ပရမတ်တရားတွေကို အမှန် အားဖြင့်မြင်ဖို့ဆိုတဲ့ တရားတွေကို ရှာဖွေစဉ်အခါတုန်းက လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာတယ် လို့ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ လွယ်တာလားဟ (မလွယ်ပါဘူးဆရာ)။ မလွယ်ကူဘူး၊ သာမန်လူစားတွေ စိတ်မကူးဝံ့တဲ့အလုပ်မျိုးခေါ်တယ် ဘုရားပါရမီ။ ဒါဖြင့် တို့ဘုရားဟာ ဘုရား သုံးမျိုးသုံးစားရှိတဲ့အနက်မှာ တို့ဘုရားဟာ ပါရမီဖြည့်တဲ့နေရာမှာ အမြန်ဆုံးထဲကပေါ့နော် (ဟုတ်ကဲ့ ပါဆရာ)။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းဆိုတော့ ပညာဓိက၊ ပညာဦးစီးပြီးတော့ဖြစ်လာခဲ့တဲ့ဘုရား ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ သဒ္ဓါဓိကကျတော့ ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိကကျ

http://www.dhammadownload.com



တော့ တစ်ဆယ့်ခြောက်သချေ့နှင့်ကမ္ဘာတစ်သိန်း ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဘုရား သုံးမျိုးသုံးစားရှိတဲ့အနက်က တို့ဘုရားက လေးသချေ့နှင့်ကမ္ဘာတစ်သိန်း ထားပါတော့၊ တစ်သချေ့ ဆိုတာ အသချေ့ယျ–အရေအတွက်မကုန်နိုင်တာ အသချေ့ယျခေါ်ပါတယ် နော် (ဟုတ်ကဲ့ပါဆရာ)။ ရှည်လျားတာကျတော့ လေးသချေ့ဆိုတာ မင်းတို့ရေတွက်လိုက်ပါတော့။ ဩော် ဒီအထိအောင် ဘဝများစွာ ပင်ပန်းခံပြီးတော့ ကိုယ်တော်မြတ်က ဒီသတ္တဝါများကို ကယ်ချင်လွန်းလို့ ဒီတရားတော်ကြီး ရအောင် ဆည်းပူးအားထုတ်ကြိုးစားပြုလုပ်တော်မူတယ်။ ဒီလိုရှာမှရလာတဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်နဲ့ ဝေဖန်ကြည့်လိုက်တော့ မင်းတို့ငါတို့ သူသူငါငါဆိုတဲ့သတ္တဝါ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်နေတဲ့တရား ကိုယ်တော်မြတ်က မျက်ဝါးထင်ထင် မြင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

မြင်တော့မှ ဒီတရားကိုမမြင်ကြလို့၊ သံသရာဝဋ်အတွင်းမှ မလွတ်ကင်းဘဲနဲ့ နစ်မွန်း နေကြတာပဲဟဲ့။ ဒီတရားကို မင်းတို့တွေ အသီးအသီး ငါမြင်သလိုမြင်သွားရင်ဖြင့် ငါကဲ့သို့ပဲ သံသရာဝဋ်အတွင်းမှ တကယ်လွတ်ကင်းလို့ တကယ်ချမ်းသာအစစ်တည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမှာပဲလို့ ကိုယ်တော်မြတ်က မြင်တော်မူလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် သုမေဓာရသေ့ဘဝတုန်းက "တိဏ္ဏော တာရေယျံ၊ မုတ္တော မုစ္စေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ"လို့၊ ငါတစ်ခါကပြောခဲ့ဖူးပါတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဗုဒ္ဓကံ့ရ အလောင်းတော်ဘဝအနေနဲ့ ကြုံးဝါးပြီးရပြီးသားနိဗ္ဗာန်ကိုမယူဘဲနဲ့ ရက်ရက်ရောရော စွန့်လွှတ်တော်မူပြီးနောက် ဘုရားအဖြစ် ထိအောင် ကြိုးစားတော်မူနေတာ၊ ကြည့်လေ ရလာတဲ့သဘာဝ။ သဗ္ဗညုတရွှေဉာဏ်တော်နဲ့ ဝေဖန်ကြည့်ပြီး မြင်လိုက်ပြန်တော့ မင်းတို့ငါတို့အဇ္ဈတ္တသန္တာန်မှာဖြစ်နေတဲ့ ဓာတ်တရားပရမတ်တရား ကိုက တစ်လုံးချင်းတစ်လုံးချင်းဆိုတော့ သူ့စည်းသူကမ်း သူ့နည်းသူ့လမ်း လာတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပေါက်ကရလေးဆယ် ပြောတဲ့စကားမျိုး မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ သေသေချာချာကြည့်ပါ။

ပထဝီတုန်းကတော့ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် လေးချက်နဲ့လာတာ မလာဘူးလား (လာပါတယ်ဆရာ)။ အေး အာပေါဓာတ်လည်း ထိုနည်းအတိုင်းပဲ၊ တေဇောဓာတ်လည်း ထိုနည်း အတိုင်းပဲ။ အခု ဝါယောဓာတ်လာပြန်ပြီ၊ ဝါယောဓာတ်သေသေချာချာကြည့်။ လက္ခဏာရယ် ရသရယ် ပစ္စုပဋ္ဌာန်ရယ် ပဒဋ္ဌာန်ရယ်လို့ ကိုယ်တော်မြတ်က ဟော့ ဝါယောဓာတ်ဆိုတာ ဝါယောဓာတ် လို့ပြောလို့ ပြီးတာမဟုတ်ဘူး။ ဝါယောဓာတ်စစ်လာမယ် ဝါယောဓာတ်မှန်လာမယ် ဝါယောဓာတ် ဟုတ်လာမယ်ဆိုရင် ဌာန်လေးချက်ပါလာမယ်။ ဘယ်လိုပါလာမလဲ လက္ခဏာပါလာမယ် ရသပါလာမယ် ပစ္စုပဋ္ဌာန်ပါလာမယ် ပဒဋ္ဌာန်ပါလာမယ်ကွ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဌာန်လေးချက်ပါလာမှ ဝါယောဓာတ်အစစ်၊ လူပြောသူပြောအရပ်ပြောဆိုတဲ့ ဝါယောဓာတ်

http://www.dhammadownload.com



မဟုတ်ပါဘူး။ ဒါကြောင့် ဒီဌာန်လေးပါးကို ဘုရားကိုယ်တော်မြတ်က ပိုင်းခြားဝေဖန်ပြီးတော့ပြတာ၊ သေသေချာချာကြည့်။ ဝါယောဓာတ်ဆိုတာမှတ်ထားပေ့ မင်းတို့မှတ်ကြောင်းလက္ခဏာ "ဝိတ္ထမ္ဘန လက္ခဏံ ဝါယောဓာတု"လို့ ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။ အဲဒီလို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတဲ့ လေးပါးနဲ့ ဝေဖန်ပြီးဟောတော်မူတော့ ဩော် ပထဝီတုန်းကဒီလိုပဲ အာပေါလည်းဒီလိုပဲ တေဇောလည်းဒီလိုပဲ ဝါယောလည်းဒီလိုပဲ ဌာန်လေးပါးနဲ့ညီအောင်ညှိလိုက်ပြီး ပြလိုက်တော့ ဒီဌာန်လေးပါးအရ အဓိပ္ပါယတ္ထ ရှင်းလင်းပြန်တော့လည်း ဝါယောဓာတ်ဆိုတာ ဝါယောဓာတ်လို့ ပါးစပ်နဲ့ပြောလို့ကိုမပြီးဘဲနဲ့၊ ဒါဝါယောဓာတ်ဟုတ်တယ်ဟုတ်တယ်လို့ ဘယ်လို ဝေဖန်မှ အခုပြောတဲ့ဌာန်လေးချက်နဲ့ဝေဖန်မှ၊ သူ့ဌာန် အနက်အဓိပ္ပာယ်နဲ့ သူထွက်လာမှ ဒါမှ ဝါယောဓာတ်အစစ်။

ဩော် ဒီလိုသိတော့ ဘယ့်နှယ့်ဖြစ် ဒါ "ပစ္စတ္တလက္ခဏာ"လို့ ခေါ်တယ်။ ဒါကြောင့် "ပစ္စတ္တလက္ခဏာ"ဆိုတာ အရေးကြီးဆုံးပဲ၊ "ပစ္စတ္တလက္ခဏာ"ဆိုတာ ဘာတုန်း။ သူ့ဓာတ်နဲ့ သူ ဖြစ်ပေါ်လာသော သူရဲ့သဘာဝလက္ခဏာကို ပစ္စတ္တလက္ခဏာလို့ ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒီပစ္စတ္တလက္ခဏာဆိုတဲ့ သီခြားပြီးဖြစ်ပေါ်လာသော သူတို့ရဲ့ သဘောလက္ခဏာကိုမသိရင် ဝါယောဓာတ်ငါသိတယ်လည်းမပြောနဲ့၊ တေဇောဓာတ်ငါသိတယ်လည်းမပြောနဲ့၊ အာပေါဓာတ် ငါသိတယ်လည်းမပြောနဲ့၊ ဝါယောဓာတ်ငါသိတယ်လည်းမပြောနဲ့။ သိတယ်လို့ပြောရင် အလကား လူစားလို့ခေါ်ပါတယ် လိမ်တာညာတာဝါးတာ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လိမ်ညာတာ လုပ်နေတယ်။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က တိတိကျကျနဲ့ ဓာတ်တစ်လုံးဟောရင် ဓာတ်တစ်လုံးအရ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဆိုတဲ့လေးချက်ညီရမယ်၊ ဘယ်ဓာတ်ပဲ ဖြစ်ဖြစ် ဒီအတိုင်းပဲအကုန်သွားတယ်။

ဩော် ဒါကြောင့် သဗ္ဗညုတဉာဏ်တော်နဲ့ ဝေဖန်တော်မူလို့သာလျှင် ဒီလိုဌာန်လေးပါးနဲ့ တစ်ပါးချင်းတစ်ပါးချင်း ရှင်းလင်းပြီးတော့ပြသနိုင်၏။ သာမညပုဂ္ဂိုလ်မျိုးအနေနဲ့ သိကောင်းတဲ့တရား မဟုတ်ပါလားလို့ မထင်ရှားဘူးလားကွယ် (ထင်ရှားပါတယ်ဆရာ)။ အေး ကိုယ်တော်မြတ် ဘုရား အဖြစ်ရောက်တော်မူတဲ့အခါကျတော့ သိပြီးသားအနေနဲ့ ဖြန့်ပြီးတော့ဟောပြောတော့ကာ တို့လူတွေ နတ်တွေ ဗြဟ္မာတွေကျတော့ အသိမလွယ်ကူလှဘူးလား (လွယ်ကူပါတယ်ဆရာ)။ အသိလွယ်သော် ငြားလည်း ဘုရားကိုယ်တော်မြတ် ရှာဖွေတဲ့အခါတုန်းက မခက်ဘူးလား (ခက်ပါတယ်ဆရာ)။ အဲဒါတွေ မှတ်ထား၊ ဩော် ဒါဖြင့် ဘုရားကိုယ်တော်မြတ်ရဲ့ ကျေးဇူးတွေပါ။ သို့ကလောက်တောင်ပဲ အလွန်အသိခက်တဲ့တရားကြီးကို မသိသိအောင် မမြင်မြင်အောင် နားမလည်လည်အောင် ဒီသတ္တဝါ

http://www.dhammadownload.com



များကိုဟောနိုင်အောင် မဟောနိုင်ဟောနိုင်အောင် မပြောနိုင်ပြောနိုင်အောင်ဆိုပြီးတော့ သဗ္ဗညုတ ရွှေဉာဏ်ကို ရရာရကြောင်းလို့ ကိုယ်တော်မြတ်က အားထုတ်တော်မူတဲ့ ပါရမီဖြည့်ဆည်းလာတာကို ကြည့်စမ်းပါ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဒါဘယ်သူ့အတွက်လဲဆိုတော့ သတ္တဝါတွေအတွက်ပါ သူ့အတွက်မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်တော်မြတ်က ငါတို့သူငါသတ္တဝါတို့အတွက် သို့ကလောက်တောင်ပဲ ဒီတရားတွေကို အမှန်အားဖြင့် ထုတ်ဖော်ပြီးတော့ ခရေစေ့တွင်းကျ ဟောပြောချင်လွန်းလို့ ပြချင်လွန်းလို့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း အပင်ပန်းအနွမ်းနယ်ခံပြီးတော့ ပါရမီတွေ ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်တော်မူတဲ့ ကိုယ်တော်မြတ်ရဲစကားကို မင်းတို့ငါတို့ တပြုံလုံး အကုန်လုံး ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ နိကာယ်အားဖြင့် ငါးရပ်၊ ပိဋကတ်အားဖြင့်သုံးသွယ်ဆိုတဲ့စာတွေကို တပြုံလုံးအကုန်လုံး စော်ကားမော်ကားအနေအားဖြင့် ဒါတွေတတ်ဖို့မလိုပါဘူး ဒါတွေသိဖို့မလိုပါဘူး ဒါတွေပကာသနအလုပ်တွေပါတဲ့။ ဒါတွေ ကျယ်ဝန်းပါတယ်၊ ဒါတွေနာနေလို့တရားမရပါဘူးလို့ ရင့်ရင့်သီးသီး ခါးခါးသီးသီးပြောလို့ တော်ပါ့မလားလို့မင်းစဉ်းစားကြည့် တော်ပါ့မလားကွ (မတော်ပါဘူးဆရာ)။ အေး မတော်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မတော်ပါဘူးပဲလို့ပြောနိုင်တယ် ဒါပဲတတ်တယ် ပြီးတော့ဘာမှမတတ်နိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မတော်ပါဘူးလို့ ဘုရားကိုစော်ကားရောက်ပါတယ်လို့၊ ကိုယ်တော်မြတ်က ပင်ပန်းကြီးစွာရှာဖွေတော်မူလာတဲ့ ဂုဏ်ကျေးဇူးကို ပြန်ပြီးတော့မထောက်ရာရောက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီလို ချိုးချိုးဖွဲ့ဖွဲ့ပြောတတ်တဲ့ပုဂ္ဂိုလ်က ဘုရားဂုဏ်တော်လည်းမသိ တရားဂုဏ်တော်လည်းမသိ သံဃာ့ဂုဏ်တော်လည်းမသိ၊ ဘုရားကျေးဇူး တရားကျေးဇူး သံဃာ့ကျေးဇူး ဘာမှမသိတဲ့ အင်မတန်မိုက်မဲတွေဝေတဲ့ ပညာမျက်စိတစ်လုံးမှမရှိတဲ့ သူကန်းသူယုတ်မာလူစား ပြောတဲ့စကားတွေနော်။

အအေးအပူနှစ်ပါးကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်။ စိတ္တဇဝါယောဓာတ် စိတ်ကြောင့် ဖြစ်လာတဲ့ ဝါယောဓာတ်။ စိတ်ကြောင့်ဖြစ်လာတဲ့ ဝါယောဓာတ်လည်းပဲ မနေ့က တော်တော်လေး ပြပြီးပေါ့။ အခု မိမိတို့ရဲ့အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်ပေါ်နေသော လှုပ်ရှားမှု အမူအရာလေး တိုင်တယ် ထတယ် သွားတယ် လျှောင်းတယ် ကိုင်တယ် တွယ်တယ် မတယ် ပင့်တယ် ချတယ် ရွှက်တယ် ထမ်းတယ် ပိုးတယ် ဒါတွေအကုန်လုံး စိတ္တဇဝါယောဓာတ်ကြောင့် လှုပ်ရှားတဲ့အမူအရာကို ပြတယ် စိတ်ကလေးကအရင်ဖြစ်တယ်၊ ဒီစိတ်ကလေးကြောင့် တစ်ခါ ဝါယောဓာတ်က ဖြစ်တယ်၊ ဒါစိတ်ကြောင့်ဖြစ်တဲ့ဝါယောဓာတ်ခေါ်တယ် ဒါ စိတ္တဇဝါယောဓာတ်ပဲ။ ထိုင်နေရာကနေ ထချင်တယ် ဆိုလို့ရှိရင် ထချင်တဲ့စိတ်ကလေးက အရင်ဖြစ်တယ်။ ထချင်တဲ့စိတ်ဖြစ်ပြီးမှ ထိုစိတ်ကြောင့်ဖြစ်လာတဲ့ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းဖြင့် သွားချင်တယ်ဆိုတော့ သွားချင်တဲ့စိတ်ကလေးက

http://www.dhammadownload.com



အရင်ဖြစ်တယ်။ သွားချင်တဲ့စိတ်အရင်ဖြစ်ခြင်းကြောင့် ထိုစိတ်ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်က သွားပေးလိုက်ပြီ။ အဓိပ္ပာယ်က ထောက်ကန်ပေးလှုပ်ရှားပေးခေါ်တယ်၊ ဒါနေရာတကာမှာ လျှောက်ပြီးတော့ မိမိတို့အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်နေတဲ့သဘာဝလေးတွေ တစ်ခုချင်း တစ်ခုချင်း လျှောက်ကြည့်ပါ။ အမူအရာလေးတွေ ပြောင်းတိုင်းပြောင်းတိုင်း စိတ်ကအရင် ပြောင်းတယ်လို့။ စိတ်ကလေးတွေပြောင်းပြီးခါမှ ဒီစိတ်ကြောင့်ဖြစ်ပေါ်တဲ့ ဝါယောဓာတ်က ထောက်ကန် ပေးလို့ လှုပ်ရှားပေးလို့၊ သွားနိုင်တယ် လာနိုင်တယ် ထိုင်နိုင်တယ် ထနိုင်တယ် ယူနိုင်တယ် ကိုင်နိုင်တယ် ပင့်နိုင်တယ် မနိုင်တယ် ဒီလိုဖြစ်နေတယ်။

အဲဒီတော့ စိတ္တဇဝါယောဓာတ်ဆိုတာ စိတ်ကြောင့် ဖြစ်နေတာပဲ တို့မသိလို့ပါ၊ တို့အားထုတ်မှု စိတ်ကလေးက မထင်ရှားလို့။ မထင်ရှားတာတော့ ထင်ရှားတဲ့နေရာတွေ ထင်ရှားလို့၊ မထင်ရှားတဲ့ နေရာတွေ မထင်ရှားဘူး။ နဂိုအနေအားဖြင့် သွားလာနေတယ်၊ ထိုင်တယ်ထတယ်ဆိုတော့ မိမိတို့ စိတ်ဓာတ်ကလေး အရင်ဖြစ်တဲ့ အဓိပ္ပါယတ္တက သိပ်မထင်ရှားဘူးလို့။ ဒါပေမယ့် မနေ့ညက ပြထားသလိုပဲ၊ မိမိကိုယ်ထက် တစ်ဆ နှစ်ဆ သုံးဆ လေးဆဆိုသလို အင်မတန်လေးလံတဲ့ ဝန်ထုပ် ဝန်ပိုး ထမ်းတဲ့ပိုးတဲ့အခါကျတော့ ဒီတစ်ခါကျမှသိတယ်။ ဘာဖြစ်လို့သိသလဲ ဒီတစ်ခါကျတော့ အားက ပိုပြီးစိုက်တယ်၊ ဆန်အိတ်ပိုးတဲ့ပုဂ္ဂိုလ်သည် နဂိုနေမြဲဆိုတဲ့ ဝီရိယမျိုးနဲ့မရဘူး၊ စိတ်ဓာတ်မျိုးနဲ့ မရဘူး။ အင်မတန်လေးလံတဲ့ဆန်အိတ်ကြီး ပိုးတော့မယ်ဆိုရင်ပဲ အားကပိုပြီးစိုက်ရမယ်။ အားကို ပိုပြီးစိုက်ရတယ်ဆိုတာ စိတ်ကိုအရင်ပိုပြီးမြှင့်တင်လိုက်တယ်။ အရင် ငါထမ်းတော့မယ် ဆန်အိတ်ကို ငါပိုးတော့မယ် အင်မတန်လေးလံတဲ့ ဝန်ပိုးကြီးပဲ နဂိုနေမြဲဆိုတဲ့ အားခွန်ဗလနဲ့တော့ မုချကေန် မဟန်နိုင်ဘူး လဲတော့မှာပဲ ဒါကြောင့် ပိုပြီးတော့စိတ်ဓာတ်ကိုမြှင့်ရတယ် အားစိုက်တယ်ခေါ်တယ်။

မြန်မာလိုက နားလည်မှုက အဲသလိုအားစိုက်တာ ဘာလဲဆိုတော့ စိတ်ဓာတ်ကို အရင်မြှင့် ရတယ်။ ဒီစိတ်ဓာတ်မြှင့်သလောက်ပဲ ထိုစိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်က မြင့်လာတယ်၊ ပိုပြီး ထက်သန်လာတယ်။ အဲဒီလို ထက်သန်လာလို့ အဲဒီဝါယောဓာတ်က ထောက်ကန်ထားလို့ ကိုယ့်ထက် နှစ်ဆသုံးဆလေးတဲ့ ကိုယ်နှင့်မမျှတဲ့ အင်မန်လေးလံတဲ့ ဆန်အိတ်ကြီးကို သူက ထမ်းနိုင်တယ် ပိုးနိုင်တယ် ရွက်နိုင်တယ် မနိုင်တယ် ချနိုင်တယ်လို့ ဒီသတ္တိလေးတွေသိရမယ်။ အဲဒီအခါကျတော့ မိမိတို့အားထုတ်တဲ့စိတ်ဓာတ်ဟာ ခါတိုင်းလိုရိုးရိုးအနေနဲ့မတူတော့ဘူး၊ အင်မတန် ပြင်းထန်လာတယ်ဆိုတဲ့ သဘာဝဟာ အင်မတန်ထင်ရှားပါတယ် အဲဒါလေးကြည့်၊ အင်မတန် ထင်ရှားလာတယ်ဆိုတဲ့ သဘာဝကလေး။ သြော် ဒါဖြင့် စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်၊ စိတ်ကြောင့်ဖြစ်လာတဲ့ဝါယောဓာတ်၊ ဒီဝါယောဓာတ်ကြီးကြောင့် ငါတို့စိတ်ဖန်တီးသလို ဝါယောဓာတ်က အစဉ်တစိုက်လိုက်ပြီးဖြစ်လို့ ဒီဝါယောဓာတ်ကြောင့် သွားနိုင်တယ် လာနိုင်တယ် ထိုင်နိုင်တယ်

http://www.dhammadownload.com



ထနိုင်တယ် လျှောင်းနိုင်တယ်ဆိုတဲ့သဘာဝ အင်မတန်မှထင်ရှားတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါပေမယ့် ဒီဝါယောဓာတ်ကထင်ရှားတာတော့ဟုတ်ပြီ၊ ''ဝိတ္ထမ္ဘနလက္ခဏာ'' ထောက်ကန်ပေးနေတယ်ဆိုတာထင်ရှားပြီ၊ လက္ခဏာတော့မြင်ပေါ့ကွာနော် (ဟုတ်ကဲ့ဆရာ)။ ထောက်ကန်နေတဲ့ လက္ခဏာတော့မြင်ပြီလို့ ဒါပေမယ့် ဝါယောဓာတ်ကိုတော့ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)။

ဒါပေမယ့် ထောက်ကန်တဲ့လက္ခဏာမြင်တာနဲ့ ဝါယောဓာတ်လို့ တကယ်သိပေါ့နော် (သိပါတယ်ဆရာ)။ လွဲနိုင်ပါ့မလား (မလွဲနိုင်ဘူးဆရာ)။ ဘုရားကိုယ်တော်မြတ်ကိုယ်က မှတ်ဖို့ ပေးထားတဲ့ မှတ်ကြောင်းလက္ခဏာလို့။ ဩော် ဒါဖြင့် ဝါယောဓာတ်ကိုမှတ်ဖို့လို့ ဝါယောဓာတ်ဟာ ကိုင်လို့မဖြစ်ဘူး ယူလို့မဖြစ်ဘူး ကြည့်လို့မမြင်ဘူး အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အမှုန်အမွှား အရည်အဖတ် အကြီးအငယ် အရှယ်အလတ်လို့ ပြောနိုင်တဲ့ ပစ္စည်းမျိုး မဟုတ်ဘူးတဲ့၊ ဝါယောဓာတ်ဆိုတာ သဘောတရားသက်သက်၊ သဘောတရားသက်သက်ဆိုတဲ့ဓာတ်ကို  ပရမတ်အစစ်ကြီးတည်းဟူသော ဓာတ်တရားကို သူသူငါငါ လူတကာသိဖို့ အလွန်တရာမှခဲယဉ်းတယ်၊ တွေ့ဖို့ အလွန်တရာမှခဲယဉ်းတယ်၊ မြင်ဖို့အလွန်တရာခဲယဉ်းတယ် ဒီတော့ ခဲယဉ်းတော့ ကောင်းပါပြီ။ အလွန်သိမ်မွေ့သော အင်မတန်သိနိုင်ခဲတဲ့ ပရမတ်ဓာတ်ကြီးကို ဘယ်လိုများသိရပါ့မလဲလို့မေးရင် လက္ခဏာကိုမှတ်ထားပါ။ မှတ်စရာလေးတွေ ပေးထားမယ် ကိုယ်တော်မြတ်က မှတ်စရာလေးပေးထားတယ် မှတ်စရာဘာတုန်းဟ (ထောက်ကန်မှုနဲ့လှုပ်ရှားမှုပါဆရာ)။ အေး ထောက်ကန်မှုနဲ့လှုပ်ရှားမှုနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ ''ဝိတ္ထမ္ဘနလက္ခဏာ''လို့၊ ထောက်ကန်တဲ့ အမူအရာလေးကတော့ သူသူငါငါမြင်ကြတာပေါ့ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ အခုန ဆန်အိတ်ပိုးထားတဲ့လူကြည့်ပေါ့နော်ကွာ (ဟုတ်ကဲ့ပါဆရာ)။ မော်တော်ကားဘီးလေထိုးတာကြည့် ဆန်အိတ်ကိုပိုးထားတဲ့ပုဂ္ဂိုလ်ကြည့်။ ဒါတွေကျတော့ ထောက်ကန်မှုသဘောကတယ်ထင်ရှား၊ ဒါပဲလားလို့ထောက်ကန်တဲ့ အမူအရာကိုမြင်တော့ ဝါယောဓာတ်ပဲလို့သိမြင်ရတယ်၊ မသိဘူးလားကွ (သိပါတယ်ဆရာ)။

အေး ဒါဖြင့် ထောက်ကန်တဲ့အမူအရာမြင်ကတည်းက ဝါယောဓာတ်ပဲ၊ မှတ်စရာလက္ခဏာမြင်လိုက်တော့သိလိုက်ပေါ့၊ ဝါယောဓာတ်ပဲလို့ အဲဒီလိုသိတဲ့ဝါယောဓာတ်ကို မြင်သလားဆိုတော့ မမြင်ကောင်းပါဘူး မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)။ ရှိတော့ရှိတာအမှန်ပေါ့ (ရှိပါတယ်ဆရာ)။ လက္ခဏာပြထားတယ် သေချာပေါက်ဒါဝါယောဓာတ်ပဲလို့ ဒါနားလည်တယ် သိလည်းသိလွယ်တယ်။ ဒါပေမယ့် ဝါယောဓာတ်ကိုင်ပြဆိုတော့မပြနိုင် ယူပြဆိုတော့လည်းမပြနိုင် အပြာအပြာ အဝါလားလို့ မေးလည်းမပြောနိုင်၊ အတုံး အလုံး အခဲလားလို့မေးလည်းမပြောနိုင်၊ လေးထောင့်

http://www.dhammadownload.com



သုံးမြှောင့် အဝိုင်း အလျား ဆိုတဲ့ ပုံစံသဏ္ဌာန်လားလို့ မေးလည်းမပြောနိုင် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ အမှုန်အမွှားလားလို့မေးလည်းမပြောနိုင်၊ အကြီး အငယ် အရှယ် အလတ်လားလို့ မေးလည်း မပြောနိုင်၊ တစ်ရွေးသား တစ်ပဲသားရအောင် စုဆောင်းပေးပါဆိုလည်းမပေးနိုင် မဟုတ်ဘူးလားကွာ (ဟုတ်ကဲ့ပါဆရာ)။

အဲဒီလို ဘယ်လိုနည်းနဲ့မှမေးမရတိုင်း၊ ဒီဝါယောဓာတ်မရှိဘူးလို့ ပြောဖြစ်ပါ့မလား (မဖြစ်ပါ ဘူးဆရာ)။ ဒီဝါယောဓာတ်က တကယ်ရှိတာပေါ့ကွနော် (တကယ်ရှိပါတယ်ဆရာ)။ တကယ်ရှိတာ လား (ရှိပါတယ်ဆရာ)။ တကယ်ရှိတာကို မင်းသိတာပေါ့ (သိပါတယ်ဆရာ)။ အေး အေး တကယ်ရှိမှန်းသိတယ်၊ ဘယ်လိုရှိပုံရှိနည်းလဲမေးတော့ မင်းဘယ့်နှယ့်ပြောမှာလဲ (သဘောတရား သက်သက်ကလေး ရှိပါတယ်ဆရာ)။ ဘယ်သဘောရှိတုန်း (ထောက်ကန်မှုသဘောရှိပါတယ်ဆရာ)။ ထောက်ကန်မှုသဘောလို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီသဘောမျှသက်သက်ကလေးဆိုတော့ တို့များပြလာတဲ့ ပထဝီကစပြီးတော့ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး ပြလာတာ၊ သဘောတရားချည်းပဲ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ သဘောသက်သက်ကလေး ဖြစ်နေကြတော့ကာ သဘောတရားချင်းတူလို့ရှိရင် ဓာတ်ကြီးလေးပါးကို ရွေးချယ်လို့မရသလို နေမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် သဘောတရားကတော့ သဘောတရားချည်းပဲတဲ့။ ဒါဖြင့် ဒီဓာတ်ကြီးလေးပါး ပေါင်းစုပြီးနေတဲ့အခါမှာ ဒီသဘောတရားလေးစု သဘောတရားချင်း တူနေမယ် ဆိုရင် ဘယ့်နှယ့်ခွဲပါ့မလဲလို့ဆိုတော့ သူ့လက္ခဏာနဲ့သူခွဲပါလို့ ဒီလိုမနေဘူးဘား (နေပါတယ် ဆရာ)။ သူ့လက္ခဏာနဲ့သူခွဲသွားတော့ အသီးအသီး ပေါ်ထွက်လာပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် ဓာတ်ကြီးလေးပါးဆိုတာ အင်မတန်မှအသိခက်တယ်၊ ဘာဖြစ်လို့ ဒါပရမတ်တရား တွေလို့။ ပကတိမျက်စိနဲ့ မြင်ကောင်းတဲ့တရားမဟုတ်တော့ လွယ်လွယ်ကူကူနဲ့ လက်ညှိုးထိုးပြလို့ မြင်ကောင်းတာမဟုတ်ပါဘူး၊ ကိုင်ပြလို့ဖြစ်ကောင်းတာမဟုတ်ဘူး၊ ယူပြလို့ဖြစ်ကောင်းတာ မဟုတ်ဘူးတဲ့။ မှတ်ကြောင်းလက္ခဏာဆိုတဲ့ မှတ်စရာတွေ ကြည့်ကြည့်ပြီးတော့ဓာတ်ပဲဟဲ့ ဒီလို သိကြတာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုသိတော့ လွဲပါ့မလားမလွဲပါဘူး၊ ဘာဖြစ်လို့ ဒီမှတ်ကြောင်းလက္ခဏာ မြင်ကတည်းက ဒီမှတ်ကြောင်းလက္ခဏာဟာ ဒီဓာတ်ပေါ်မှီဖြစ်တဲ့ လက္ခဏာပါပဲတဲ့ အမှန်ကတော့။ ဒါကြောင့် ဓာတ်သား ပရမတ်သားတော့ လက္ခဏဝန္တတရားလို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မှတ်ကြောင်း လက္ခဏာကတော့ လက္ခဏာပါပဲလို့၊ လက္ခဏာနဲ့လက္ခဏဝန္တဆိုတာ တခြားမဟုတ်ပါဘူး လက္ခဏဝန္တဆိုတဲ့သဘာဝက မှတ်စရာမှတ်ကြောင်းလက္ခဏာ၊ လက္ခဏဝန္တဆိုတာက ထိုမှတ်ကြောင်း

http://www.dhammadownload.com



လက္ခဏာ ထင်ရှားရှိသော တရားကိုယ်တရားသား ခေါ်ပါ၏နော် (ဟုတ်ကဲ့ပါဆရာ)။ တို့များ နောက်နားက တစ်ခါပြောခဲ့တယ်၊ ဥပမာလေးအားဖြင့် မောင်ဖြူဆိုတဲ့ အသားဖြူလူတစ်ယောက်မှာ မောင်ဖြူတွေ့ချင်ရင်ပါးမှာ ဒင်္ဂါးပမာဏရှိတဲ့အမည်းကွက် အမာရွတ်ကြီးအမှတ်ကြီးကိုကြည့်ပါနော် (ဟုတ်ကဲ့ပါဆရာ)။ မွေးဖွားလာကတည်းကပါလာတဲ့ အမှတ်ကြီးကို ကြည့်သွားတယ်ဆိုတော့ ဒီအမှတ်ကြီးဟာ မောင်ဖြူကိုတွေ့ဖို့၊ မောင်ဖြူကိုသိဖို့ ပေးထားတဲ့လက္ခဏာ မဟုတ်လားကွယ် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ လက္ခဏာလို့၊ ဒီအမှတ်ကြီးဟာ မောင်ဖြူဟုတ်ရဲ့လား (မဟုတ်ပါဘူး ဆရာ)။ မောင်ဖြူကော အမှတ်ကြီးဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ အမှတ်ကြီးကဘာတုန်း (အမှတ်ကြီးကလက္ခဏာပါဆရာ)။ ဩော် မှတ်ဖို့ပေါ့ (ဟုတ်ပါတယ်ဆရာ)။ မှတ်စရာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဘယ်သူ့ကိုမှတ်ဖို့တုန်း (မောင်ဖြူကိုမှတ်ဖို့ပါဆရာ)။ ဩော် မောင်ဖြူကို မှတ်ဖို့၊ ဒါဖြင့် ဒီမှတ်စရာလက္ခဏာကြီးက ဘယ်သူ့မှာ ရှိနေတာတုန်း (မောင်ဖြူမှာရှိနေပါတယ် ဆရာ)။ အေး မောင်ဖြူမှာရှိနေတယ်နော်၊ မြန်မာလိုပြန်တော့ မှတ်စရာရှိသော မောင်ဖြူ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှတ်စရာရှိသောမောင်ဖြူဆိုတော့ သူက လက္ခဏဝန္တ၊ လက္ခဏ က မှတ်ကြောင်းလက္ခဏာ၊ ဝန္တ ဆိုတာ ရှိရင်းအနက်ဟောတယ် မှတ်စရာရှိသော မောင်ဖြူ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီပရမတ်တွေနဲ့ ပြသွားတဲ့သဘာဝ၊ လက္ခဏာ လက္ခဏဝန္တ နှစ်မျိုးနော် လက္ခဏာဆိုတာ မှတ်စရာမှတ်ကြောင်းလက္ခဏာ၊ လက္ခဏဝန္တဆိုတာ ထိုမှတ်ကြောင်း လက္ခဏာရှိသော တရားကိုယ်တရားသားအစစ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

မှတ်ကြောင်းလက္ခဏာထင်ရှားရှိသော တရားကိုယ်တရားသားအစစ်ဆိုတော့ ဒီတရားသား လေးအပေါ် မိမိဉာဏ်ထဲမှာ ရောက်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဉာဏ်ထဲရောက်သွားတော့ လက္ခဏာပေါ်မှာ တင်နေမှာစိုးရတယ်၊ မှတ်ကြောင်းလက္ခဏာ တရားအစစ်တရားမှန် ဓာတ်သား ပရမတ်သားမှတ်နေမှာ စိုးရတယ်၊ ဒါကြောင့် မှတ်ကြောင်းလက္ခဏာဟာ ဓာတ်သားပရမတ်သား မဟုတ်ပါဘူး၊ ဒီဓာတ်သားပရမတ်သားကြီးကိုပဲ မှတ်ဖို့ပေးထားတဲ့ မှတ်ကြောင်းလက္ခဏာပါနော် (ဟုတ်ကဲ့ပါဆရာ)။ ဓာတ်သားပရမတ်သားတော့ အဲဒါလက္ခဏဝန္တ၊ တရားကိုယ်တရားသားအစစ်ပဲ ဒါလေးတွေကိုခွဲခြားပြီးတော့မှတ်ထားပါ၊ ဒါကြောင့် ထိုဝါယောဓာတ်ကြီးသည် အထင်ရှားဆုံးဆိုတဲ့ ဥတုဇဝါယောနဲ့စိတ္တဇဝါယော တို့များခွဲပြတယ်၊ ဥတုဇဝါယောဓာတ်လည်း ဥတုကြောင့်ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ် ထောက်ကန်ပုံတွေ လှုပ်ရှားပုံတွေနော် (ဟုတ်ကဲ့ပါဆရာ)။ သစ်ပင် ဝါးပင် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ ဒါတွေကိုပြတယ်၊ ဒါဥတုဇဝါယောဓာတ်ထောက်ကန်ထား တယ်လို့ သူတို့တွေကျတော့စိတ်မရှိကြဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ သဝိညာဏက – အသက် ထင်ရှားရှိတဲ့ သတ္တဝါတွေကျတော့ စိတ္တဇဝါယောဓာတ် ထောက်ကန်ပုံလေးတွေ ဒီလိုမဟုတ်ဘူး

http://www.dhammadownload.com



လားကွယ် (ဟုတ်ကဲ့ပါဆရာ)။ အေး စိတ္တဇဝါယောဓာတ် စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်၊ ထောက်ကန်တဲ့ အမူအရာလေးတွေပြတယ်။ သိပြီလို့ ငါတို့ကိုယ်၌ဖြစ်နေတဲ့ သဘာဝတွေ ငါတို့ကိုယ်တိုင်စဉ်းစားကြည့်။ မထင်ရှားသောနဂိုအနေအားဖြင့် အထူးလုံ့လဝီရိယမစိုက်ရသော အခါ၌သာလျှင် စိတ်ကြောင့်ဖြစ်တယ်ဆိုတဲ့ ဝါယောဓာတ်အကြောင်းသာ ငါတို့မသိတာ။ ငါတို့ကိုယ် တိုင်က နဂိုပင်ကိုထက် ပိုမိုပြီးတော့လေးလံသော ဝန်ထုပ်ဝန်ပိုးကိုမ,မယ်လို့ကြံသောအခါ ထမ်းမယ်လို့ ကြံသောအခါ ရွက်မယ်လို့ကြံသောအခါ ငါတို့ကအားတွေစိုက်ကြရတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အားစိုက်တယ်ဆိုတာ စိတ်ဓာတ်မြှင့်ပေးတယ် မဟုတ်လား (မြှင့်ပေးပါတယ်ဆရာ)။ ရွက်လိုက်မယ်ဟဲ့ ထမ်းလိုက်မယ်ဟဲ့ ပိုးလိုက်မယ်ဟဲ့ ချီလိုက်မယ်ဟဲ့ မလိုက်မယ်ဟဲ့နော် (ဟုတ်ကဲ့ပါ ဆရာ)။

ဝန်ထုပ်ဝန်ပိုးကြီး,ကြီးသလိုပဲ ပိုပြီးတော့ စိတ်ဓာတ်ဝါယမစိုက်ရမယ် မစိုက်ရဘူးလား (စိုက်ရပါတယ်ဆရာ)။ အဲဒါဝန်ထုပ်ဝန်းပိုးကို ဝါယမစိုက်တော့ ဒီစိတ်ဓာတ်က ပိုပြီးတော့ ဝါယမ စိုက်လာတော့ စိတ်ဓာတ်ပြင်းထန်သလောက် ထိုစိတ်ကြောင့်ဖြစ်ပေါ်တဲ့ ဝါယောဓာတ်က ပိုပြီးတော့ ပြင်းထန်လာတယ် မထန်ဘူးလား (ထန်ပါတယ်ဆရာ)။ အဲဒါ ထောက်ကန်တဲ့နေရာမှာ နဂိုပင်ကို ရိုးရိုးရပ်နေတဲ့အခါမျိုးမှာ ဆန်တစ်အိတ်သွားတင်တော့ ခံနိုင်ပါ့မလား (မခံနိုင်ပါဘူးဆရာ)။ ဩော် ဆန်တစ်အိတ်တင်မယ့်ကြံတော့ သူပြုပြင်လာသော စိတ်ဓာတ်ကိုယ်က ပြင်းထန်လာတယ် မထင်ရှား ဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါကြောင့် သူထမ်းနိုင်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒါလေးကြည့်ပါ။ ဩော် ဒါဖြင့် ငါတို့သွားဆဲခဏလာဆဲခဏ ဘယ်ခြေလှမ်းညာခြေလှမ်း လှမ်းဆဲခဏ ညာခြေလှမ်းမယ်ဆိုလို့ရှိရင် ငါညာခြေလှမ်းချင်တယ်ဆိုတဲ့စိတ်ကလေး အရင်ဖြစ်တယ် ထိုစိတ်ကလေးကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က လှမ်းပေးလိုက်၏။ ခြေလှမ်းမယ်လို့ ကြံတော့ ငါညာခြေထောက်လှမ်းမယ်လို့ စိတ်ကူးပေါ်တာ ငါမသိလိုက်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်က အင်မတန်မြန်တယ်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ မသိလိုက်ဘူးတဲ့။

ပြီးတော့ အားထုတ်မှုကလည်း နည်းတဲ့စိတ်ဆိုတော့ မထင်ရှားဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ငါမနေ့ညက ပြောတဲ့အတိုင်းပဲ ဈေးကို ကိစ္စရှိလို့သွားဦးမယ်၊ အဲဒီဈေးကို သွားဦးမယ်ဆိုတဲ့အာရုံက ဖုံးထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အိမ်ကနေဆင်းသွားတော့ ဘယ်တစ်လှမ်းညာတစ်လှမ်း ဘယ်တစ်လှမ်းညာတစ်လှမ်းသွားတယ်၊ အဲဒီလှမ်းဆဲခဏ လှမ်းဆဲခဏမှာ ဘယ်လှမ်းမယ်ကြံတော့ ဘယ်ဘက်ခြေ ငါလှမ်းလိုက်မယ်ဆိုတော့ စိတ်ဓာတ်ကလေးပေါ်လာတာကို သိပါ့မလား (မသိပါဘူး ဆရာ)။ မသိတာမသိတယ် ဒီစိတ်ဓာတ်ကလေး ဖြစ်တယ်မဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ဒီစိတ်ကလေးမဖြစ်ဘဲနဲ့ ဘယ်ခြေလှမ်းလို့ မရဘူးဆိုတာ သေသေချာချာ မှတ်ထားပါနော် (ဟုတ်ကဲ့

http://www.dhammadownload.com



ပါဆရာ)။ ပြီးတော့တစ်ခါ ညာခြေငါလှမ်းလိုက်မယ်၊ ဒီစိတ်ဓာတ်လေး ဖြစ်တာကို သိပါ့မလား (မသိပါဘူးဆရာ)။ အေး ဘယ်သိမတုန်း၊ အင်မတန်သိမ်မွေ့နူးညံ့တဲ့ လျင်မြန်သောဖြစ်ခြင်းနဲ့ ဖြစ်သွားတဲ့ သဘာဝကလေး။ ဒါပေမယ့်သူက လုံ့လဝီရိယအားဖြင့်ဖြစ်တဲ့ စိတ်ဓာတ်မဟုတ်ပါဘူးတဲ့။ နဂိုအားစိုက်ပြီး ဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်ကလေးတွေနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် မထင်ရှားတာပါ၊ တစ်နည်းအားဖြင့် သူ့အရေးတကြီးပြုထားတဲ့ အာရုံတစ်ခုကရှိလိမ့်မယ်၊ အေး ငါ ဘာဝယ်သွားမလို့ ဘာကိစ္စရှိလို့သွားမလို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မြို့ထဲသွားမလို့ ဘယ်နေရာဘာကိစ္စရှိလို့သွားမလို့ဆိုတဲ့ အာရုံတစ်ခုကိုရှေးရှုထားလိုက်ဆိုတော့ အဲဒီအာရုံပြဋ္ဌာန်း လွှမ်းမိုးနေတော့ ဘယ်ခြေညာခြေလှမ်းဆဲခဏလှမ်းဆဲခဏမှာ အသစ်အသစ်ဖြစ်တဲ့ စိတ်ကလေးရဲ့ ဖြစ်ပေါ်မှုကို သူမသိရှာဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒါလေးပါ။

သိမ်မွေ့တဲ့အခန်းလေးတွေကျတော့ ဘယ်လိုပဲ မသိဘူးထားထားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ စောစောတုန်းကပြောသလိုပဲ နဂိုကနေတဲ့ပိုပြီးတော့ ကြီးကျယ်တဲ့ကိစ္စတွေ ဆောင်ရွက်ရမည့်အခါ ထမ်းရ၊ပိုးရမည့်အခါ၊ မ,ကြွရမည့်အခါ ဒီလိုအခါမျိုးကျတော့ မထင်ရှားဘူးလားကွယ် (ထင်ရှားပါတယ်ဆရာ)။ အေး အေး ထင်ရှားတယ် မနေ့ညက တို့များပြောသလို ကိုယ်တိုင်စမ်းကြည့်ပါလို့။ ကိုယ့်ဖိနပ်လေးကို ရိုးရိုးစိတ်နဲ့ကောက်တဲ့အခါကျတော့ စိတ်ဓာတ်ရဲ့လှုံ့ဆော်မှုတယ်မထင်ရှားဘူး နော် (ဟုတ်ကဲ့ပါဆရာ)။ ငါဖိနပ်ကောက်ဦးမှပဲဟေ့ ကုန်းကောက်တယ် ကုန်းကောက်ဦးမှပဲလေ ဆိုတဲ့စိတ်ကြောင့် ဝါယောဓာတ်ကြောင့် ကုန်းကောက်တယ်ဆိုတာ သူမသိဘူးပေါ့ကွနော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒါဘာဖြစ်လို့လဲဆိုတော့ ဟိုမှာအားစိုက်စရာလည်းသိမ်မရှိဘူးတဲ့ မထင်ရှားဘူးတဲ့ စိတ်ဓာတ်ကလေးက သာမညလောက်ဖြစ်တာ ဒါကိုမသိရှာဘူး။ ကောင်းပါပြီ ခွက်တစ်ဆယ်ရှိတဲ့ ဝန်ထုပ်ကြီးကို မလိုက်,ရွှေ့လိုက်ပါလို့ မင်းကိုခိုင်းလိုက်တော့ အခုန ဖိနပ်ကောက်တဲ့ စိတ်ဓာတ် ကလေးနဲ့ တူသေးလား (မတူပါဘူးဆရာ)။ ဒီကျတော့ အားတွေပိုပြီးစိုက်ရတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အားတွေပိုပြီးစိုက်တယ်ဆိုတာ မြန်မာလိုအရပ်ထဲ နားလည်အောင်ပြောတာ အဓိပ္ပာယ်ကဘာတုန်း (စိတ်ဓာတ်ကိုမြှင့်ပေးလိုက်တာပါဆရာ)။

အေး စိတ်ဓာတ်ကလေးမြှင့်ပေးလိုက်တာ အင်မတန်လေးလံတဲ့ ဝန်ထုပ်ကြီးက ခုနက ဖိနပ်ကောက်ထားတာနဲ့မတူဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်လေးလံတဲ့ ဝန် ထုပ်ကြီးက သာမညချီလို့ ကြွမှာမဟုတ်ဘူးလို့။ ဒီတော့ အထူးသဖြင့် အားတွေစိုက်ပြီး ချီမှပဲ ဆိုတဲ့ စိတ်ဓာတ်မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ အဲဒီစိတ်ဓာက်က အင်မတန်ပြင်းထန်တော့ ထိုပြင်းထန်သောစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်ကလည်း ပြင်းထန်လာတယ်လို့။ ခြေထောက်ကလည်း ကြွလာခဲ့တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါလေးတွေကြည့်ပါ။ ဩော်

http://www.dhammadownload.com



လက်စသတ်တော့ တို့သိနေတာကတော့ ဝန်ထုပ်ဝန်ပိုးမလိုက်တယ်၊ ငါမ,လိုက်တယ်ဟဲ့ ငါချီလိုက်တယ်ဟဲ့ ငါရွှေ့လိုက်တယ်ဟဲ့ ကိုင်ပြန်ယူပြန်တော့ ငါ့လက်နဲ့ကိုင်လိုက်တယ်ဟဲ့ ငါ့လက်နဲ့ ယူလိုက်တယ်ဟဲ့ ဒီလိုနော် (ဟုတ်ကဲ့ပါဆရာ)။ သွားပြန်တော့လည်း ငါသွားတယ်ဟဲ့ လှမ်းပြန်တော့လည်း ငါ့ဘယ်ခြေညာခြေလှမ်းတယ်ဟဲ့၊ ခေါင်းလှုပ်တာမြင်ပြန်တော့ ငါ့ခေါင်းလှုပ်တယ်ဟဲ့ လက်လှုပ်ပြန်တော့လည်း ငါ့လက်လှုပ်လိုက်တယ်ဟဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် သေသေချာချာကြည့်၊ ဝါယောဓာတ်ရဲ့သဘောကို သေသေချာချာကြည့်၊ အဲဒီလိုသာ ငါနဲ့ တန်းလန်းကြီးသိနေတယ်ဆိုရင် ဒီဝါယောဓာတ်က ပရမတ်အပေါ်မရောက်ဘူးတဲ့ ဒါပညတ်သိ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပညတ်သိတဲ့ အန္ဓပုထုဇဉ်တွေရဲ့ အသိမျိုးခေါ်တယ် ဒါရိုးရိုး အသိတွေပါ အဆန်းမဟုတ်ပါဘူး။

အမေမွေးကတည်းကနေ ဒီအတိုင်းသိတယ် မသင်မကြားဘဲနဲ့သိတယ် မသိဘူးလားကွယ် (သိပါတယ်ဆရာ)။ ဒါကြောင့် မလှမ်းမကမ်းကနေ မောင်ဖြူဆိုတဲ့ လူတစ်ယောက်က လမ်းလျှောက်လာတယ်၊ မောင်ဖြူ ခေါင်းကလည်းလှုပ်တယ် လက်ကလေးကလည်းလှုပ်တယ် လက်နှစ်ဘက်ကလည်း ဟန်နဲ့လာတယ် ခြေကလည်း တစ်လှမ်းပြီးတစ်လှမ်းလှမ်းလာတယ် လှမ်းလာတယ် လှုပ်ရှားမှုတွေ ပေါ်လာတယ်နော် (ပေါ်လာပါတယ်ဆရာ)။ ဒီကနေ လှမ်းကြည့်လိုက်တော့ တို့ အန္ဓပုထုဇဉ်မျက်စိနဲ့ ကြည့်လိုက်တော့ ဟိုကလှမ်းလာတာ မောင်ဖြူပဲဟေ့။ မောင်ဖြူ ခေါင်းက လှုပ်လာတယ် လက်ကလှုပ်လာတယ် မောင်ဖြူခြေထောက်တွေလည်းလှုပ်လာတယ် ဒီလို မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ သူ့သိငါသိအရပ်သိ နော် (ဟုတ်ကဲ့ပါဆရာ)။ မွေးကတည်း ကနေ သိလာတဲ့အသိ မသင်မကြားဘဲနဲ့ သိလာတဲ့အသိပါ၊ အဆန်းမဟုတ်ပါဘူး ဒီအသိမှန်ရဲ့လား (မမှန်ပါဘူးဆရာ)။ ဒီအသိကတော့ ဘာအသိဖြစ်နေလဲ (ပညတ်အသိဖြစ်နေပါတယ်ဆရာ)။ ပညတ်အသိ ဖြစ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီပရမတ်အသိကျတော့ ဒီအသိအတိုင်းသိနေလို့ ပရမတ်အသိ ဖြစ်ပါ့မလားဟ (မဖြစ်ပါဘူးဆရာ)။ ဒါဖြင့် ကောင်းပါပြီ၊ ပရမတ်အသိပြောစမ်းပါကွာ ဟော မောင်ဖြူလာပြီ မင်းအမြင်နဲ့ပြောစမ်းပါ၊ ခေါင်းလှုပ်လာတယ် လက်လှုပ်လာတယ် ကိုယ်လှုပ် လာတယ် ခြေလှုပ်လာတယ် မင်းဘယ့်နှယ်မြင် (စိတ္တဇဝါယောဓာတ်လှုပ်လာပါတယ်ဆရာ)။ ဩော် စိတ္တဇဝါယောဓာတ် ဒီလိုလှုပ်လာတယ်လား (ဟုတ်ကဲ့ပါဆရာ)။ မောင်ဖြူလှုပ်တာ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။

အေး စိတ္တဇဝါယောဓာတ်လှုပ်လာတယ် လှုပ်ရှားတဲ့အမူအရာလေး "စလနလက္ခဏာ" တဲ့။ လှုပ်ရှားတဲ့အမူအရာက ဝါယောဓာတ်မဟုတ်ဘူးလားကွ (ဝါယောဓာတ်ပါဆရာ)။ ဒီကနေ မင်းလှမ်းကြည့်လိုက်တော့ ဝါယောဓာတ်မြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ ပကတိမျက်စိနဲ့ ဓာတ်ကို

http://www.dhammadownload.com



မြင်ကောင်းတာ မဟုတ်ဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပကတိမျက်စိနဲ့ မြင်မြင်သမျှအမြင်တွေဟာ အမှားတွေပဲလို့ တို့ဘုရားကိုယ်တော်မြတ်ကဟောထားပါတယ်။ ပကတိမျက်စိနဲ့မြင်မြင်သမျှ အမြင်တွေဟာအမှားတွေ၊ ပကတိနားနဲ့ကြားကြားသမျှ အမှားတွေ၊ နှာခေါင်းနဲ့နံနံသမျှ အမှားတွေ၊ ပကတိလျှာနဲ့စားစားသမျှ အမှားတွေ၊ ပကတိကိုယ်နဲ့ထိထိနေတာ အမှားတွေ၊ ပကတိစိတ်လေးနဲ့ ကြံစည်စဉ်းစားသမျှ အမှားတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ပညာမပါဘူးတဲ့ ပညာမျက်စိမရှိကြဘူး၊ ဒါတော့ နဂိုအတိုင်းပဲတဲ့ အရုပ်ထဲမှာ အမိမွေးလာ မသင်မကြားဘဲတတ်လာတဲ့အသိခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သေသေချာချာကြည့်လိုက်လို့ရှိရင် မောင်ဖြူလှုပ်တတ်ပါ့မလား (မလှုပ်တတ်နိုင်ပါဘူးဆရာ)။ မောင်ဖြူလှုပ်တာမှန်လို့ရှိရင် မောင်ဖြူသေပြီး အလောင်းစင်ပေါ်မှာ တင်ထားလိုက် ဒူးလှုပ် ခေါင်းလှုပ် ခြေလှုပ် လက်လှုပ်တွေ လှုပ်သေးသလား (မလှုပ်တတ်ပါဘူးဆရာ)။ လှုပ်တတ်တဲ့ သဘောတရားဖြစ်ရင် အမြဲလှုပ်နေမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် လှုပ်တတ်တဲ့အမျိုးအစား မဟုတ်ပါဘူး။ အမှန်ကတော့ မောင်ဖြူမသေခင် စိတ်ကလေး ထင်ရှားရှိနေတော့ မောင်ဖြူရဲ့ စိတ်ကလေးလှုပ်ရှားပေးတိုင်း ထိုစိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ဝါယောဓာတ်က လှုပ်ရှားပေးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်ထင်ရှားပါတယ်။

ဩော် စိတ္တဇဝါယောဓာတ်လို့ သေသေချာချာကြည့်ကြည့်ပါ နောက်တစ်ခါ ငါတစ်ခု ပြောပဲ့မယ်။ ဟိုတစ်ခါ မင်းကြားဖူးပါလိမ့်မယ် အခုခေတ်မှာလည်း တော်တော်လေးပေါတတ်ပါတယ် အသက်အရွယ်လေး တော်တော်ကြီးလာဆိုတော့ရုပ်သေးကြိုးပြတ် မနေ့ကမြင်လိုက်သေးတယ် ဒီနေ့ မရှိတော့ဘူး ဆုံးသွားပေါ့၊ ဘယ်သူတုန်းဟ ဘယ်သူတဲ့၊ ဘာဖြစ်လို့ လေဖြတ်လို့တဲ့ ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)။ လှုပ်နိုင်သေးရဲ့လားဟ (မလှုပ်နိုင်ပါဘူးဆရာ)။ ဘယ်လှုပ်နိုင်မတုန်း လေက ပြတ်သွားပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကြောင့်ဖြစ်လာတဲ့ စိတ္တဇဝါယောဓာတ်ဟာဒီလိုပဲရှိ ပြတ်သွားပြီတဲ့ အဲဒီလိုပြတ်သွားတဲ့လေကလည်း စိတ်ရှိသော်လည်းပဲ ဘာကြောင့်ပြတ်သွားသလဲဆိုတဲ့ အဓိပ္ပာယ်လေးတွေ။ ငါလေအမျိုးမျိုးနဲ့ခွဲပြီးတော့ နောက်နားကျပြပါဦးမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒီလိုလည်းဖြစ်တတ်တယ်ကိုး တချို့လည်းမသေမရှင်လေး လေငန်းစွဲပြီးကျန်ရစ်ခဲ့တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ တချို့လည်း ရုတ်တရက်အားဖြင့်သေရော၊ ဩော် ပြီးတော့ရှိသေးတယ် သွားနေရင်းလာနေရင်းမတ္တ ရုတ်တရက် ရုပ်သေးကြိုးပြတ် ဖြတ်ခနဲသေသွား။ ဘာရောဂါတုန်းလို့ အခုခေတ်ဆရာဝန်တွေရှိထားတော့ သူတို့က ရောဂါတွေအမည်တပ်တယ် 'နှလုံးရောဂါ'တဲ့ ကြားဖူးသလား (ကြားဖူးပါတယ်ဆရာ)။ အင်မတန်အသေညင်သာတဲ့ရောဂါမျိုးနော် (ဟုတ်ကဲ့ပါ ဆရာ)။ ပုံလျက်သားလဲကျသွားတယ် အကောင်းသား အကောင်းသား နှလုံးရောဂါတဲ့။

နှလုံးရောဂါဆိုတာ တခြားမဟုတ်ပါဘူး အခုပြောတဲ့လေပါပဲ လေရဲ့သတ္တိနော် (ဟုတ်ကဲ့ပါ

http://www.dhammadownload.com



ဆရာ)။ သူ့အခန်းနဲ့သူ ပေါ်ပေါ်လိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် လက်စသတ်တော့ ဒီလေဟာ ငါတို့သတ္တလောကကြီးမှာ လှုပ်လှုပ်ရှရှသွားလာနေတဲ့သတ္တဝါတွေ ဒါအသက်ရှိနေတဲ့ သတ္တဝါတွေ လှုပ်ရှားမှုတွေ လှုပ်လှုပ်ရှရှသွားလာနေတာတွေ အဝိညာဏက အသက်မဲ့တဲ့ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ အစရှိတဲ့ အရာဝတ္ထုတွေ လှုပ်ရှားနေတဲ့ ရွေ့လျားနေတဲ့ သဘာဝတွေဘယ်သူလဲမေးရင် လေသတ္တိ, ဝါယောဓာတ်ရဲ့သတ္တိပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဝါယောဓာတ်ဟာ သူ့ဓာတ်ချည်းပဲ၊ လောကဓာတ်တစ်ခုလုံး အဲဒီဝါယောဓာတ်မရှိဘဲ လောကဓာတ်ကြီး တည်နိုင်စရာ အကြောင်းမရှိဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)။ မနေ့ညက ငါပြောသွားပြီ တို့တည်နေတဲ့စကြဝဠာကြီးက ဘယ်ပေါ်မှာမှီတည်နေသလဲကွ (ပထဝီမြေကြီးပေါ်မှာတည်နေပါတယ်ဆရာ)။ ဟောဗျာ (လေပေါ်မှာတည်နေပါတယ်ဆရာ)။ ရေ့ရေ (ရေပေါ်မှာတည်နေပါတယ်ဆရာ)။ ရေပေါ်မှာတည်နေတယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီရေပြင်ကြီးက ဘယ်အပေါ်မှာ တည်နေရပါသလဲ (လေပြင်ကြီးပေါ်မှာတည်နေပါတယ်ဆရာ)။ လေပေါ်မှာတည်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ကြည့်စမ်း ကြည့်စမ်း အံ့ဩစရာကောင်းလိုက်တာလို့၊ ငါပြောခဲ့တဲ့ လေးကျွန်းတစ်မြင့်မိုရ်ဆိုတဲ့ စကြဝဠာအနန္တ ရေတွက်လို့မကုန်ဆုံးနိုင် များလိုက်တာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီစကြဝဠာ ရေတွက်လို့မကုန်ဆုံးနိုင်တဲ့ လေးကျွန်းတစ်မြင့်မိုရ်ခေါ်ထားတဲ့ စကြဝဠာသည် အင်မတန်များပြားတယ် ဘယ်လောက်ကျယ်ဝန်းတဲ့ရေပြင်ကြီးလဲ၊ ရေပြင်ကြီးလည်းအဆုံးမရှိပါဘူး အင်မတန်ကြီးကျယ်တဲ့ ရေပြင်ပေါ်တည်ပေ့နော် (ဟုတ်ကဲ့ပါဆရာ)။ ယူဇနာပေါင်းခြောက်သန်း အထုရှိတဲ့ရေပြင်ကြီးပေါ်မှာ တည်နေတယ်၊ အဲဒီယူဇနာပေါင်းခြောက်သန်းအထုရှိတဲ့ ရေပြင်ကြီးဟာ ဘယ်အပေါ်မှာ တည်နေသလဲ၊ ယူဇနာပေါင်း ကိုးသန်းအထုရှိတဲ့ လေပြင်ပေါ်မှာတည်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လောက်လေးလံတဲ့ ဝန်ထုပ်ကြီးလဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ယူဇနာပေါင်း ခြောက်သန်းအထုရှိတဲ့ ရေပြင်ကြီးလည်းရှိသေးတယ်၊ ထိုရေပြင်မျက်နှာပြင်မှာ ရေတွက်လို့ မကုန်ဆုံးနိုင်သော သေလာပထဝီဖျတ်ကြီးပမာဏ လေးကျွန်းတစ်မြင့်မိုရ် စကြဝဠာအနန္တ ဒါတွေကလည်း တင်ထားသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလေထုကြီးအောက်မှာ ရေးခြစ် မထင်သော ကောင်းကင်အပြင်ကြီးရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီရေးခြစ်မထင်သော ကောင်းကင်အပြင်ကြီးကတော့ အဆုံးအစမရှိ၊ မင်းတို့ငါတို့ တည်နေပုံလေး ကမ္ဘာတည်နေပုံလေး ခုလပ်ကလေးတည်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ လေထုရေထု အဓိပ္ပာယ်အားဖြင့် အောက်ကလေထု လေထုပေါ်ရေထုတည်နေတယ်။

ရေပြင်ကြီးမျက်နှာပေါ်မှာ စကြဝဠာတည်နေတယ်ဆိုတော့ ဩော် လေထုသာမရှိရင် ဒီစကြဝဠာ

http://www.dhammadownload.com



တည်နိုင်စရာအကြောင်းမရှိဘူး၊ လေထုသာမရှိရင်ဖြင့် ဒီရေထုရှိနိုင်စရာအကြောင်းမရှိဘူး၊ ရေထုမရှိလည်း ဒီစကြဝဠာတည်ဖို့ရာ အကြောင်းမရှိဘူးတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ လေရဲ့သတ္တိ ဝါယောဓာတ်ရဲ့သတ္တိ၊ ဒါဖြင့် သဝိညာဏက အသက်ထင်ရှားရှိနေတဲ့သတ္တဝါ အဝိညာဏက အသက်မဲ့တဲ့အရာဝတ္ထုအစုစု လေများဘယ်လောက်ကျေးဇူးများသလဲ လေ ဘယ်လောက်အကျိုးကျေးဇူးပြုထားသလဲမေးရင်၊ မင်းတို့ငါတို့သေချာကြည့်စမ်းကွယ် လေလုံတဲ့ အရာဝတ္ထုထဲ လူထည့်ထားရင် အသက်ရှင်ပါ့မလား (မရှင်နိုင်ပါဘူးဆရာ)။ ဒါပဲလားမေးတော့ အသက်ရှိတဲ့ သတ္တဝါမှမဟုတ်ပါဘူး အသက်မရှိတဲ့ သစ်ပင်ဝါးပင်တွေကိုကြည့်စမ်း လေလုံတဲ့အထဲ ထည့်ထား အသက်ရှင်နိုင်ပါ့မလား (မရှင်ပါဘူးဆရာ)။ ဘယ်တော့မှ မရှင်နိုင်ပါဘူးနော် (ဟုတ်ကဲ့ ပါဆရာ)။ သြော် လေရဲ့ကျေးဇူးပြုနေတဲ့ သတ္တလောကကြီးပဲ၊ လောကဓာတ်ကြီးက လေကို အမှီပြုနေတဲ့၊ ဝါယောဓာတ်ဦးစီးနေတဲ့ လောကဓာတ်ကြီးပဲလို့ မထင်ရှားဘူးလား (ထင်ရှားပါတယ် ဆရာ)။

ဒါကြောင့် ဝါယောဓာတ်ရဲ့လက္ခဏာကို သေသေချာချာကြည့်စမ်း၊ ဝါယောဓာတ်သည် "ဝိတ္ထမ္ဘန လက္ခဏာ ဝါယောဓာတု သမုဒီရဏရသာ အဘိနီဟာရပစ္စုပဋ္ဌာနာ သေသဘူတတ္တယပဒဋ္ဌာန" (အဋ္ဌသာလိနီအဋ္ဌကထာ၊ ၃၆၈) မနေ့ညမှာ ငါကဒါလေးဆက်မယ်ကြံတော့ မီးက အချိန်စေ့လို့ မီးပိတ်လိုက်တော့ မဆက်လိုက်ရဘူး ဌာန်လေးချက် ဌာန်လေးချက်၊ သြော် ဓာတ်တစ်လုံးတစ်လုံးကို ဌာန်လေးချက်နဲ့ ဖွင့်ပြထားတယ် ဒီလိုမဟုတ်လား၊ ဓာတ်တစ်လုံးတစ်လုံးကို ဌာန်လေးချက်နဲ့ ဖွင့်ပြတော့ ဌာန်လေးချက်ဆိုတာဘာတုန်း လက္ခဏာရယ် ရသရယ် ပစ္စုပဋ္ဌာန်ရယ် ပဒဋ္ဌာန်ရယ် ရှိရမယ် ဒါမှဓာတ်၊ ဒါမှဓာတ်အစစ်အမှန်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ယုတ္တိမရှိဘဲနဲ့ တောပြော တောင်ပြောနဲ့ ဓာတ်အစစ်မဟုတ်ဘူး ပရမတ်အစစ်မဟုတ်ဘူးလို့၊ သူ့သဘာဝနဲ့သူလာနေတဲ့ဥစ္စာ ဒီဝါယောဓာတ်ကြီးကို ဘုရားကိုယ်တော်မြတ်က လုပ်ထားပေးတာမဟုတ်ဘူး၊ သူ့နဂိုသဘာဝနဲ့ ဖြစ်ပေါ်နေတဲ့ဓာတ်ကြီးကို ကိုယ်တော်မြတ်က သဗ္ဗညုတဉာဏ်တော်နဲ့ဝေဖန်ပြီးတော့ ခွဲစိတ်ပြီး ပြနေတာ နားမလည်လည်အောင်သင်ကြားပြသနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် ထိုဝါယောဓာတ်သည် တခြားမဟုတ်ဘူးတဲ့ "ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတု"တဲ့။ ဒါ လက္ခဏာ "သမုဒီရဏရသာ" ဒါကိစ္စ၊ လက္ခဏာရယ် ရသရယ် ပစ္စုပဋ္ဌာန်ရယ် ပစ္စုပဋ္ဌာန်ကျတော့ "အဘိနီဟာရပစ္စုပဋ္ဌာနာ"တဲ့။ သူ့ကျတော့ ပစ္စုပဋ္ဌာန်ခေါ်တယ် ပဒဋ္ဌာန်ကျတော့ "သေသဘူတတ္တယပဒဋ္ဌာနာ"တဲ့၊ မြန်မာလို တစ်ခုချင်းပြန်တော့ ထိုဝါယောဓာတ်ကြီးသည် လောက တစ်ခုလုံးဦးစီးနေတဲ့ ရွေ့ဆောင်နေတဲ့ဝါယောဓာတ်ကြီးသည် မှတ်ကြောင်းလက္ခဏာအနေအားဖြင့်

http://www.dhammadownload.com



ဘာရှိ "ဝိတ္တမ္မနုလက္ခဏာ" မှတ်စရာမှတ်ထားစမ်းပါ။ ထောက်ကန့်မှုသဘောကိုနော် (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန့်တဲ့အမူအရာလေးကိုမှတ်ထားစမ်းပါ၊ ထောက်ကန့်ထားတဲ့ အဓိပ္ပာယ်လေးတွေနားလည်အောင် မှတ်ထားပါ။

ဝါယောဓာတ်ကတော့ မျက်စိနဲ့မြင်အောင်ပြလို့ ဖြစ်ကောင်းတဲ့တရားမဟုတ်ပါဘူး။ ဒါဖြင့် ချစ်သားချစ်သမီးတို့ ဝါယောဓာတ်ကိုသိချင်ရင် ထောက်ကန့်တဲ့လက္ခဏာကို မှတ်ထားကြ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန့်တဲ့လက္ခဏာကို မှတ်ထားတော့ထောက်ကန့်တဲ့သဘောက မင်းတို့ငါတို့ပကတိမျက်စိနဲ့ မြင်ကောင်းတာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ မော်တော်ကားကြီး တာယာထဲလေထိုးထားတယ် အပေါ်မှာအလွန်လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးတွေတင်ထားတယ် အောက်ပြားမကျသွားဘူး ဘာဖြစ်လို့ (ထောက်ကန့်မှုရှိလို့ပါဆရာ)။ ထောက်ကန့်မှုရှိထားတယ် တို့မျှားလေတွေသွင်းထားတယ် လေကထောက်ကန့်ထားတယ်လို့ ဒါပဲသိတယ်နော် (သိပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ ဒါဖြင့် တို့အခုခေတ်ပေါ်နေတဲ့ လောကဓာတ်ဆရာများက ထောက်ကန့်တဲ့အားတွေရော ဖိနေတဲ့အားတွေရောနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီမှာ ဖိနေတာလည်းပါတယ် ထောက်ကန့်နေတာလည်းပါတယ် ဒါကအမျိုးမျိုးရှိမှာပေါ့။ ဒါဖြင့် တို့ဘုရားကိုယ်တော်မြတ်ပြသွားတာကတော့ ထင်ရှားတဲ့နေရာကနေပြီးတော့ ပစ္စတ္တလက္ခဏာအနေနဲ့ ပြသွားကတော့ ထောက်ကန့်တဲ့လက္ခဏာလို့ ပြသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ထောက်ကန့်တဲ့သဘောလက္ခဏာပဲလို့။

"သမုဒီရဏရသာ"ဆိုတာ ဘာလဲဆိုတော့ ရွေ့လျားစေခြင်း, လှုပ်ရှားစေခြင်းကိစ္စရှိတယ် ရသ,က ကိစ္စခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကိစ္စပြီးတော့ ပစ္စုပဋ္ဌာန်ဆိုတော့ ရွေ့ရှုထင်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကိုပြောပါဆိုတော့ "အဘိနီဟာရပစ္စုပဋ္ဌာနာ"တဲ့။ ဒီဓာတ်က သဟဇာတဖြစ်တဲ့ ရုပ်တရားတွေကို ရွေ့ရှုဆောင်တတ်ခြင်းလျှင် နီးစွာသောအကြောင်းရင်းရှိ၏။ ရွေ့ရှုဆောင်ခြင်းရဲ့ထင်ခြင်းရှိ၏၊ ဆောင်တတ်ခြင်းလျှင်ရွေ့ရှုထင်၏။ သူရဲ့သတ္တိကတော့ သဟဇာတဖြစ်တဲ့ သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ရုပ်တရားတွေကို ရွေ့ရှုဆောင်တတ်တဲ့အမူအရာရှိတယ် သဘောတရားရှိတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါ ပစ္စုပဋ္ဌာန်ခေါ်တယ် ပြီးတော့ပဒဋ္ဌာန်ဆိုတော့ နီးသောအကြောင်းကိုပြောစမ်းပါ၊ ဝါယောဓာတ်ဖြစ်လာ အနီးဆုံးသောအကြောင်း ဒီဝါယောဓာတ် ဘာ့ကြောင့် ဖြစ်လာသလဲလို့မေးရင် ဘယ့်နှယ့်ပြောမလဲ၊ အနီးဆုံးသောအကြောင်းကတော့ "သေသဘူတတ္တယပဒဋ္ဌာနာ"လို့ ကြွင်းသော ဓာတ်သုံးပါးသာလျှင် နီးသောအကြောင်းရှိ၏။ ပထဝီရယ် အာပေါရယ် တေဇောရယ် ဒီဓာတ်သုံးပါးကြောင့်သူဖြစ်လာတာ ဒီဓာတ်သုံးပါးနဲ့ အနီးဆုံးသော

http://www.dhammadownload.com



အကြောင်းတရားပါနော် (ဟုတ်ကဲ့ပါဆရာ)။ မြန်မာလိုပြန်တော့ ဒီခေတ်သုံးပါးကြောင့် ဖြစ်ပေါ်၍ လာ၏။ ဒီလိုဆိုပါတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကြွင်းသောခေတ်သုံးပါးကြောင့် ဖြစ်ပေါ်၍ လာ၏။

ဒီတော့ လက္ခဏာရယ် ရသရယ် ပစ္စုပဋ္ဌာန်ရယ် ပဒဋ္ဌာန်ရယ် လက္ခဏာဆိုတာဘာတုန်း ဝိတ္ထမ္ဘနလက္ခဏာလား ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိစ္စကဘယ်သူတုန်း ရသဆိုတာ ကိစ္စမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ "သမုဒီရဏရသာ" မြန်မာလိုပြန်တော့ဘာတုန်း ရွေ့လျားခြင်း လှုပ်ရှားခြင်းကိစ္စရှိ၏။ ပစ္စုပဋ္ဌာန်တဲ့ ရှေ့ရှုထင်ခြင်းအဓိပ္ပာယ်ကိုပြောစမ်းသူဖြစ်ပုံ "အဘိနီဟာရပစ္စုပဋ္ဌာနာ" ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ သဟဇာတဖြစ်တဲ့သူနဲ့အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်တဲ့ ရုပ်တရားတွေကို ရွေ့ရှုဆောင်ရွက်ခြင်းလျှင် ရှေ့ရှု ထင်၏။ သူနဲ့သဟဇာတဖြစ်တဲ့ ရုပ်တရားတွေကို ရွေ့ရှုဆောင်တယ်တဲ့။ မြန်မာလိုပြန်တော့နော် ဟုတ်ကဲ့လား၊ ပဒဋ္ဌာန်ကျတော့ "သေသဘူတတ္တယပဒဋ္ဌာနာ" ဆိုတော့ ကျန်တဲ့ခေတ်သုံးပါးလျှင် နီးသောအကြောင်းရှိ၏။ ဩော် ကျန်တဲ့ခေတ်သုံးပါးကို အမှီပြုပြီးဖြစ်တဲ့တရားပဲ ဒီလိုနားလည်နော် (ဟုတ်ကဲ့ပါဆရာ)။ တို့များ ဒီမှာပြသွားတဲ့နေရာမှာ "သေသဘူတတ္တယပဒဋ္ဌာနာ" ဆိုထားတာ ကျတော့ ကျန်တဲ့ခေတ်သုံးပါးကို အကြောင်းပြုပြီးတော့ ဖြစ်တယ်ဆိုတာထားပါတော့ ဒါတွေ သိပြီးသားပါ။ "ဝိတ္ထမ္ဘနလက္ခဏာ" စောစောက ဘုရားကိုယ်တော်မြတ်ပြထားတဲ့လက္ခဏာ ပေါ်လာ တယ်မဟုတ်လား (ပေါ်လာပါတယ်ဆရာ)။

မော်တော်ကားကြီးဘီး လေထိုးတာကိုကြည့် ထင်ရှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဆန် အိတ်ကြီး ပိုးထားတဲ့လူတစ်ယောက်ရဲ့ စိတ်ခေတ်ပြင်းထန်ပုံ ထိုစိတ်ခေတ်ပြင်းထန်ခြင်းကြောင့် ဖြစ် ပေါ်လာသော ဝါယောခေတ်ကြီး တောင့်တင်းနေပုံ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါ "ဝိတ္ထမ္ဘနလက္ခဏာ"နော် (ဟုတ်ကဲ့ပါဆရာ)။ "သမုဒီရဏရသာ"ဆိုတော့ ရွေ့လျားခြင်း လှုပ်ရှား ခြင်းကိစ္စရှိ၏။ ဝါယောခေတ် မရွေ့မလျားဘဲနဲ့ သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ရုပ်တရားတွေ တစ် နေရာမှတစ်နေရာ ဘယ်တော့မှရွေ့လျားလို့မရဘူး နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ရွေ့လျားလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မင်းတို့ငါတို့ လှုပ်လှုပ်ရှားရှားသွားလာနေတဲ့ လှုပ်ရှားနေတဲ့ အမူအရာတွေ အခုပြောနေတဲ့ "သမုဒီရဏရသာ" မဟုတ်ဘူးလားကွ (ဟုတ်ကဲ့ပါဆရာ)။ သူ့ကြောင့်ပေါ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောခေတ်ကြောင့် မဟုတ်လား (ဝါယော ခေတ်ကြောင့်ပါဆရာ)။ ကျန်တဲ့ခေတ်သုံးပါး လှုပ်ရှားနိုင်တဲ့သတ္တိရှိသလား (မရှိပါဘူးဆရာ)။ ရွေ့လျားနိုင်တဲ့သတ္တိ ရှိသလား (မရှိပါဘူးဆရာ)။ ဩော် လက်စသတ်တော့ အဝိဇ္ဇာဏာက သက်မဲ့

http://www.dhammadownload.com



ဆိုတဲ့ သစ်ပင် ဝါးပင် တုံး တိုင် အရာဝတ္ထုတွေ ရွေ့လျားတာလည်း ဝါယောဓာတ်ပဲ၊ ဥတုဇဝါယောဓာတ်နော် (ဟုတ်ကဲ့ပါဆရာ)။ သဝိညာဏက အသက်ထင်ရှားရှိတဲ့ သတ္တဝါတွေ တစ်နေရာမှတစ်နေရာ ရွေ့လျားနေတဲ့အမူအရာတွေ ဝါယောဓာတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

စိတ္တဇဝါယောဓာတ်နဲ့ ဥတုဇဝါယောဓာတ်ပဲကွာတယ် ဘာမှမထူးပါဘူး ဒီဝါယောဓာတ်ချည်းပဲဆိုတာမှတ်ထားပါ။ "အဘိနီဟာရပစ္စုပဋ္ဌာနာ" ဆိုတော့ ကျန်တဲ့ရုပ်တရားတွေ သူနဲ့ဖြစ်ဖော်ဖြစ်ဖက် ရုပ်တရားတွေ ရှေးရှုဆောင်တတ်တယ်ဆိုတာ သူ့ခေါင်းဆောင် ဆိုလိုတာနော် (ဟုတ်ကဲ့ပါဆရာ)။ သူခေါင်းဆောင်မှ ပါနိုင်တယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ကောင်းကင်မှာ လေယာဉ်ပျံသွားနေတာကို ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ မြစ်ထဲ လှေတွေရွက်တပ်ပြီး ဆန်နေတာကြည့် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်တွန်းပို့နေတယ် ဝါယောဓာတ်ဆောင်ရွက်ပေးနေတယ် ဝါယောဓာတ်ဆောင်ရွက်ရာကို အားလုံးသဟဇာတရုပ်တရားတွေ မကွေမကွာပါသွားကြတယ် ဘာကိုရှေးရှု၊ ဒါအဝိညာဏက၊ သဝိညာဏကြည့်လည်းပဲ စိတ်သွားတိုင်းကိုယ်ပါသွားတယ်ဆိုတဲ့သဘာဝ၊ စိတ်သွားရင်ကိုယ်မပါဘူးလား (ပါပါတယ်ဆရာ)။ အေးစိတ်သွားရင်တော့ ကိုယ်ပါ,ပါသွားပုံ စိတ်ကသွားချင်ရင် ကိုယ်ကပါလာရော၊ ဘာ့ကြောင့် စိတ်သွားရင်ကိုယ်ပါသွားသလဲဆိုတော့ စိတ္တဇဝါယောဓာတ်၊ စိတ်ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်က သွားပေးတယ် လာပေးတယ် ထိုင်ပေးတယ် ထပေးတယ် ကိုင်ပေးတယ် ယူပေးတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါစိတ်ကြောင့်ဖြစ်လာတဲ့ ဝါယောဓာတ်တွေပဲ၊ ဒါဖြင့် စိတ်ကြောင့်ဖြစ်တဲ့ မိမိအဇ္ဈတ္တသန္တာန်အမှန်အားဖြင့်ဖြစ်နေတဲ့ စိတ်ကြောင့်ဖြစ်လာတဲ့ ဝါယောဓာတ်တွေကို အခုပြောနေတယ်လို့ တစ်ခုချင်းတစ်ခုချင်း စဉ်းစားစဉ်းစားပြီးတော့ သေသေချာချာလိုက်သွား။

ဩော် ငါ့စိတ်ကလေးအရင်ဖြစ်တာကိုး၊ ထိုစိတ်ကလေးဖြစ်ပြီးမှ ထိုစိတ်ကြောင့် ဝါယောဓာတ်လှုပ်ရှားပေးတာကို၊ စိတ်ကြောင့်ဖြစ်လာတဲ့ ဝါယောဓာတ်တယ်မှန်ပဲကိုး။ မထင်ရှားတဲ့အပိုင်းက ငါ့ဉာဏ်နဲ့ယှဉ် မဝေဖန်နိုင်တာထား၊ ထင်ရှားတဲ့အပိုင်းကို ငါ့ဉာဏ်နဲ့ဝေဖန်ကြည့် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ခုနထင်ရှားတဲ့ မငြင်းနိုင်တဲ့အပိုင်းကနေပြီးတော့ အလွန်လေးလံတဲ့ ဝန်ထုပ်ပိုးတဲ့အခါ, ထမ်းတဲ့အခါ, ရွက်တဲ့အခါ, မတဲ့အခါ, ချီတဲ့အခါ, ချတဲ့အခါကြည့် ဟုတ်သလား, မဟုတ်သလားလို့။ အားစိုက်ပေးရတယ် အားစိုက်ပေးဆိုတာ အရပ်သုံးအနေနဲ့ နားလည်အောင်ပြောတာ အမှန်ကတော့ စိတ်ကဝါယမလုံ့လစိုက်ပေးရပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလုံ့လကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်ကိုကပို့ပြီးလွှန်ကဲလာလို့ ဒီဝန်ထုပ်ဝန်ပိုးတွေငါထမ်းနိုင်တယ်

http://www.dhammadownload.com



မနိုင်တယ်ချနိုင်တယ်လို့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒီလိုသဘောတွေဖြစ်တယ် ဒါပေမယ့် အဲဒီလိုထောက်ကန်မှုဆိုတဲ့ ဝါယောဓာတ်ကိုတော့သိပြီ တစ်စုံတစ်ခုအောက်ကျမှာစိုးလို့ ကိုယ်ကနေ မထားတယ်ပင့်ထားတယ် ဒါထောက်ကန်မှုတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်တယ်ဆိုတဲ့ ''ဝိတ္ထမ္ဘနလက္ခဏာ'' လက္ခဏာကိုတော့ ငါမြင်နေပြီ။ ဝါယောဓာတ်ကိုတော့ ဘယ်လိုမြင်မလဲ ဘယ်လို့မှ ကြည့်လို့မြင်ကောင်းတဲ့တရားမဟုတ်ပါဘူး။ ဒါပေမယ့် ''ဝိတ္ထမ္ဘနလက္ခဏာ'' ဆိုတဲ့ ထောက်ကန်ထားတဲ့ လက္ခဏာကို မြင်ကတည်းက ဒါဝါယောဓာတ်ပဲလို့ မလွဲတဲ့နဲ့ သိပြီ။

ကောင်းပါပြီ ဒီဝါယောဓာတ်ဘာတုန်း သဘောတရားသက်သက်ကလေး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာသဘောတရားလဲဆိုတော့ ထောက်ကန်သောသဘောတရားလေးနော် ဒီလိုလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ထောက်ကန်တဲ့သဘောတရားလေး အေး ဒါကြောင့် အဲဒီလို ဝါယောဓာတ်ကို အခုလိုပဲ စောစောက မလှမ်းမကမ်းမောင်ဖြူလျှောက်လာတဲ့အခါမှာ ပညာမျက်စိနဲ့ ဝေဖန်ကြည့်လိုက်ရင် မောင်ဖြူပျောက်၊ ဉာဏ်မျက်စိထဲ ဝါယောဓာတ်ကိုမြင်တယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလေးတွေသမာဓိကောင်းကောင်းထား မှတ်လည်းမှတ်ထားကြပါ ဓာတ်တစ်လုံးနဲ့ ပရမတ်အဆုံးမြင်လို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်လို့။ လေးမဂ်လေးဖိုလ်ရပြီးတော့ ရဟန္တာဖြစ်နိုင်တယ်လို့ ကိုယ်တော်မြတ်က တိုက်ရိုက်ဟောထားတယ်။ ''သာဝကာ ဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတ္ဝာ နိဗ္ဗာနံ ပါပုဏန္တိ'' (မူလပဏ္ဏာသ အဋ္ဌကထာ၊ ၁၊ ၅၄) ပါဠိအရဓာတ်လေးပါးအနက် တစ်ပါးပါးသုံးသပ်ပြီးတစ်ပြိုင်နက် အောက်မဂ်အောက်ဖိုလ်မဆိုထားနဲ့ လေးမဂ်လေးဖိုလ်ရပြီးတော့ ရဟန္တာဖြစ်နိုင်တယ် နိဗ္ဗာန်ရောက်နိုင်တယ်လို့ ကိုယ်တော်မြတ်က တိုက်ရိုက်ဟောထားတယ်။ ဘာသဘောတွေလဲ၊ အခုန ပရမတ်အပေါ် ဉာဏ်အမြင်လေးတွေ မြင်လာအောင် ပညတ်မြင်တွေအားလုံးပျောက်၊ ပရမတ်မြင်တွေရောက်လာအောင် ပညတ်အမြင်ဆိုတဲ့ အမှားအမြင်တွေအကုန်ဖျောက်၊ အမှန်မြင်ဆိုတဲ့ ပရမတ်အမြင်ပေါက်လာအောင် သေသေချာချာ ကြည့်ပါ။

သစ်ကိုင်းလေးလှုပ်နေပြန်လည်း သစ်ကိုင်းလှုပ်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှားသလားမှန်သလား (မှားနေပါတယ်ဆရာ)။ ဘာမြင်တုန်းဟ သစ်ကိုင်းလှုပ်နေတာမြင်တယ်ဆိုတာ ဘာမြင်တုန်းမေးတယ် (ပညာမျက်စိနဲ့မြင်နေပါတယ်ဆရာ)။ ဟော ဟော (ပညာမျက်စိအမြင်ပါဆရာ)။ ဒုက္ခမှ အကြီးစားပဲ၊ ဒိုးကလေးတော့ဘေးလိမ့်သွားပြန်ပေါ့ သစ်ကိုင်းလေးလှုပ်နေတယ် လှုပ်နေတယ် လှုပ်နေတဲ့သစ်ကိုင်းလေးကိုမြင်နေရင် ဘာအမြင်လဲမေးတယ် (ပရမတ်အမြင်ပါဆရာ)။ ဟော ချကုန်ပြီ၊ ဘေးကလူတွေ မင်းကိုရယ်နေပြီ မင်းဉစ္စာ (ပညတ်အမြင်ပါဆရာ)။ ဩော်

http://www.dhammadownload.com



တစ်ခါတစ်လေမှားမှာပေါ့နော် ဘာကိုမြင်ရမတုန်း (ဝါယောဓာတ်ကိုမြင်နေပါတယ်ဆရာ)။ သစ်ကိုင်း လှုပ်နေတာကိုမြင်နေရင် ဘာတုန်း (ပရမတ်အမြင်ပါဆရာ)။ ဟော ဒုက္ခမှအကြီးစားပဲကိုး၊ သစ်ကိုင်း လှုပ်နေတယ်လို့မြင်ရင် ဘာအမြင်တုန်း (ပညာအမြင်ပါဆရာ)။ ဟော ချလိုက်ပြန်ပြီ၊ တို့နားက လူတွေမင်းကိုရယ်နေပြီ ဘယ်ကိုမြင်နေတာမသိဘူးနော်၊ သစ်ကိုင်းကလေး လှုပ်တတ်သလား (မလှုပ်တတ်ပါဘူးဆရာ)။ အောင်မယ် ဒါပေမယ့် သစ်ကိုင်းကလေးလှုပ်တယ်လို့ မြင်လို့ရှိရင် ဘာမြင်တုန်းလို့မေးတာ (ပညတ်အမြင်ပါဆရာ)။ ဩော် ပညတ်အမြင်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လိုမြင်ရမှာတုန်းမေးတာ သူမပြောတတ်ဘူး လှုပ်နေတာသစ်ကိုင်းလား (မဟုတ်ပါဘူးဆရာ)။ ဘာတုန်း (ဝါယောဓာတ်ပါဆရာ)။ အဲဒီလိုလုပ်စမ်းပါကွာနော် (ဟုတ်ကဲ့ပါဆရာ)။

လှုပ်နေတာ သစ်ကိုင်းလို့မြင်ရင် အမြင်မှန်သလား (မမှန်ပါဘူးဆရာ)။ ဘာမြင်တုန်း (ပညတ် အမြင်ပါဆရာ)။ ဩော် ပညတ်အမြင်နော် (ဟုတ်ကဲ့ပါဆရာ)။ လှုပ်နေတာ သစ်ကိုင်းမဟုတ်ဘူး လှုပ်နေတာ ဝါယောဓာတ်ပဲလို့ဒီလိုမြင်ရင် ဘာအမြင်ခေါ်တယ် (ပရမတ်အမြင်ခေါ်ပါတယ်ဆရာ)။ ဒီအမြင်ကျတော့ မှားသလားမှန်သလား (မှန်ပါတယ်ဆရာ)။ မှန်တယ်၊ သစ်ကိုင်းလှုပ်တတ်သလား (မလှုပ်တတ်ပါဘူးဆရာ)။ သစ်ကိုင်းမလှုပ်တတ်ဘူးကွ လှုပ်တတ်တယ်ဆိုတဲ့ပစ္စည်းဆိုရင် အမြဲတစေ လှုပ်နေမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အမြဲတစေလှုပ်နေမှာလား (မလှုပ်ပါဘူးဆရာ)။ လှုပ်တဲ့အခါ လှုပ် မလှုပ်တဲ့အခါမလှုပ်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ အေး လှုပ်တတ်တဲ့ပစ္စည်းဖြစ်ရင် အမြဲလှုပ်နေရတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပညတ်အမြင်နဲ့ပရမတ်အမြင် ဟိုကနေ လမ်းလျှောက်လာတဲ့မောင်ဖြူဟာ ခေါင်းလှုပ်လာတယ် လက်လှုပ်လာတယ် ကိုယ်လှုပ်လာတယ် ခြေလှုပ်လာတယ် လှုပ်လာတာကမောင်ဖြူပဲဟေ့ လှုပ်လှုပ်နဲ့လာနေတာ၊ ဒီလိုမြင်တော့ဘာမြင်တုန်း (ပညတ်အမြင်ပါဆရာ)။ ပညတ်အမြင်တဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မှားသလားမှန်သလား (မှားပါတယ် ဆရာ)။ ဘာဖြစ်လို့မှားတယ် (စိတ္တဇဝါယောဓာတ်လှုပ်လာလို့ပါဆရာ)။ ဟော မောင်ဖြူလှုပ်လာတာ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)။ ဒါ အမှားတဲ့လား (မှားပါတယ်ဆရာ)။

လှုပ်တာဘာတုန်း (စိတ္တဇဝါယောဓာတ်ပါဆရာ)။ ဩော် စိတ္တဇဝါယောဓာတ် လှုပ်တယ် လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမြင်တာ ပရမတ်အမြင်တဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ဒီဝါယောဓာတ် မင်းမြင်ရရဲ့လား (မမြင်ရပါဘူးဆရာ)။ ဘာနဲ့မြင်ရမှာတုန်း (ဉာဏ်မျက်စိနဲ့ မြင်ရပါမယ်ဆရာ)။ ပကတိမျက်စိနဲ့ ကြည့်လို့ရပါ့မလား (မရပါဘူးဆရာ)။ ဒါဖြင့် ဝါယောဓာတ် လှုပ်တာ ဘာကြောင့်မသိလဲ လှုပ်တာဘာတုန်း (စိတ္တဇဝါယောဓာတ်ပါဆရာ)။ ဟော ဒုက္ခမှအကြီးစား "ဝိတ္ထမ္ဘနလက္ခဏာ" မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ လှုပ်တဲ့အမူအရာမြင်ကတည်းက ဝါယောဓာတ်ပဲဆိုတာ မင်းသိသလား (သိပါတယ်ဆရာ)။ ဒါကိုသိလို့ ပြောနိုင်တာပေါ့ကွ

http://www.dhammadownload.com



ဝါယောဓာတ်ကို မင်းမြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘူးဆရာ)။ မမြင်နိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ လှုပ်ရှားတတ်တဲ့ အမူအရာကိုတော့ မင်းမြင်တယ်လား (မြင်ပါတယ်ဆရာ)။ အေး ဒါကြောင့် "ဝိတ္ထမ္ဘန လက္ခဏာ"လို့၊ လှုပ်ရှားတတ်တဲ့အမူအရာမြင်တာနဲ့ မင်းဝါယောဓာတ်ကို သိတာနော် (ဟုတ်ကဲ့ပါဆရာ)။ လူတစ်ယောက်လျှောက်လာတယ်၊ မောင်ဖြူလျှောက်လာတယ် လှုပ်လာတယ် မောင်ဖြူလှုပ်လာတယ်ဆိုတဲ့အလှုပ်က မဟုတ်ဘူး၊ အမှန်ကတော့ မောင်ဖြူမလှုပ်တတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မောင်ဖြူလှုပ်တတ်တဲ့တရားမဟုတ်ပါဘူး၊ အမှန်ကတော့ လှုပ်ရှားလာတာ ဝါယောဓာတ်ပါ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်လှုပ်ရှားလာတယ် ဝါယောဓာတ်လှုပ်လာတယ် လှုပ်လာတာကဝါယောဓာတ်၊ မောင်ဖြူသည် လှုပ်တတ်တဲ့ တရား မဟုတ်ဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမြင်မှ ပရမတ်အမြင်ခေါ်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ ကိုယ့်ကိုယ်ကိုပြန်ကြည့်စမ်း တစ်ဖက်သားကိုမြင်တာ ဒါဗဟိဒ္ဓသန္တာန်မြင်တာပဲလို့ ကိုယ့်အဇ္ဈတ္တသန္တာန်ကို ပြန်ကြည့်ပြီးတော့ ငါအမြဲတစေလှုပ်ရှားနေတာ ထိုင်တယ် ထတယ် သွားတယ် လာတယ် လျောင်းတယ် ရပ်တယ် အစရှိသည်အားဖြင့် ဒီလိုဖြစ်နေတယ်။

အမှန်ကတော့ ငါလှုပ်တတ်တာတစ်ခုမှမပါပါဘူး ပါရဲ့လား (မပါပါဘူးဆရာ)။ ငါလှုပ်တတ်တာ တစ်ခုမှမပါပါဘူး ငါသွားတာမပါဘူး ငါထိုင်တာမပါဘူး ငါထတာမပါဘူး ငါရပ်တာမပါဘူး ငါကိုင်တာ တွယ်တာ ချီတာ ပိုးတာ မတာ ရွက်တာမပါဘူး ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ လှုပ်ရှားနေတဲ့ အမူအရာတွေ ငါလှုပ်ရှားချင်တဲ့စိတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်ရဲ့လှုပ်ရှားမှု ဝါယောဓာတ် ရဲ့ထောက်ကန်မှုသဘောပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အဲဒါဝါယောဓာတ်ရှိနေတဲ့ အဓိပ္ပာယ်တော့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ထင်ရှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး ထင်ရှားတယ်ဆိုတာ လက္ခဏာကြည့်ပြီးတော့ ထင်ရှားတာကိုပြောတာပါ၊ ဒီဝါယောဓာတ်ကို မင်းမြင်ရရဲ့လား (မမြင်ရပါဘူးဆရာ)။ ကိုင်လို့ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ယူလို့ကောရရဲ့လား (မရပါဘူးဆရာ)။ မျက်စိနဲ့ကောမြင်အောင်ပြနိုင်ရဲ့လား (မပြနိုင်ပါဘူးဆရာ)။ မိမိကိုယ်ကို ခွဲကြည့်တော့ အခုဝါယောဓာတ်ရှိနေတယ် ဝါယောဓာတ်လှုပ်ရှားနေတယ်ဆိုတဲ့ အမူအရာလေးတွေ ရှိနေတဲ့ဝါယောဓာတ်ကြီးကို ကိုယ်ထဲခွဲစိတ်ရှာတော့တွေ့ပြီလား (မတွေ့ရပါဘူးဆရာ)။ မတွေ့ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီဝါယောဓာတ် အဖြူ အပြာ အဝါ အရောင်အဆင်းနဲ့မေးလို့ ရပါ့မလား (မရပါဘူးဆရာ)။ အတုံး အလုံး အခဲ မေးလို့ကော (မရပါဘူးဆရာ)။ အကောင်အထည်မေးလို့ ကော (မရပါဘူးဆရာ)။ အမှုန် အမွှား အရည် အဖတ် မေးလို့ကော (မရပါဘူးဆရာ)။ ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ် မေးလို့ကော (မရပါဘူးဆရာ)။ ဘယ်လိုမှမရနိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်မတ်တစ်ရွေးလောက် စုဆောင်းလို့ ရကောင်းပါ့မလား (မရကောင်းပါဘူး

http://www.dhammadownload.com



ဆရာ)။ ဒီလိုလည်း မရကောင်းဘူးပေါ့ (မရကောင်းပါဘူးဆရာ)။ ရှိတော့ရှိတယ်လား (ရှိပါတယ် ဆရာ)။ ဘယ်လိုရှိတာလဲ (သဘောတရားသက်သက်ကလေးရှိပါတယ်ဆရာ)။ ဘာသဘောတရားလဲ (ထောက်ကန်မှုသဘောတရားလေးပါဆရာ)။ ထောက်ကန်မှုသဘောတရား လှုပ်ရှားမှုသဘော တရားလား (ဟုတ်ကဲ့ပါဆရာ)။

အေး ထောက်ကန်တာ လှုပ်ရှားတာ လက္ခဏာမဟုတ်ဘူးလားကွာ (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်ကိုမှတ်ဖို့ပေးတဲ့ မှတ်ကြောင်းလက္ခဏာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်က ဘယ်သူတုန်း (ထောက်ကန်မှုပါဆရာ)။ ဟင်း မဟုတ်ဘူး၊ ထောက်ကန်တယ်လှုပ်ရှားတယ်ဆိုတာ ဝါယောဓာတ်ကိုမှတ်ဖို့ ပေးထားတဲ့လက္ခဏာမဟုတ်ဘူးလားကွာ (ဟုတ်ကဲ့ပါဆရာ)။ မှတ်စရာ လက္ခဏာနော် (လက္ခဏာပါဆရာ)။ ဝါယောဓာတ်ကဘယ်သူတုန်း (သဘောတရားပါဆရာ)။ ဒီသဘောတရားနဲ့လက္ခဏာတစ်လုံးတည်း ခွဲလို့မမှတ်မိဘူးထင်တယ် မင်းနားလည်လား (နားလည် ပါတယ်ဆရာ)။ ဥတုဇဝါယောဓာတ်နဲ့ စိတ္တဇဝါယောဓာတ်တော့ အခုနှစ်မျိုးနှစ်စားခွဲပြီးပြလိုက်တော့ နားလည်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ မိမိကိုယ်အမူအရာ လှုပ်ရှားမှုအမူအရာတွေ အကုန်လုံး ပါသွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဝါယောဓာတ်ရှိမှန်းသိသွားပြီပေါ့ (သိသွားပါပြီဆရာ)။

## လေခြောက်မျိုး

အေး ပြီးတော့မှ ငါတို့မင်းတို့မှာ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ထင်ရှားဖြစ်ပေါ်နေတဲ့ ဝါယောဓာတ်တရားကို တစ်ခါချပြီး ဘယ်အမျိုးအစားလို့ အမျိုးအစားအနေနဲ့ ခွဲခြားပြပေါ့ (ဟုတ်ကဲ့ ပါဆရာ)။ အမြဲတစေမင်းတို့ငါတို့မှာ ပဋိသန္ဓေခဏကတည်းကစပြီးတော့ဖြစ်လာတဲ့ ဝါယောဓာတ် အမြဲတစေဖြစ်ပေါ်လာသော ဝါယောဓာတ်ကို အမျိုးအစားအနေနဲ့ခွဲကြစို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ မှတ်ထားကွာ။

(၁) ဥဒ္ဓင်္ဂမဝါတ၊

(၂) အဓောဂမဝါတ၊

(၃) ကုစ္ဆိသယဝါတ၊

(၄) ကောဋ္ဌာသယဝါတ၊

(၅) အင်္ဂမင်္ဂါနုသာရီဝါတ

(၆) အဿာသပဿာသဝါတ

လို့ လေခြောက်မျိုးရှိပါတယ်။ အဲဒီလေခြောက်မျိုးကို မင်းကိုချပြတော့ မင်းရဖူးသလား

http://www.dhammadownload.com



(မရပါဘူးဆရာ)။ ဘယ်တုန်းကကျက်ထားသလဲ မရဘူးပေါ့ (မရပါဘူးဆရာ)။ အေး အဲဒါကို မင်းချပေးမယ်ဆိုရင် အချိန်တွေ သိပ်ပြီးကုန်သွားမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ လိုချင် ယူချင်လို့ရှိရင် ပောဒီကျောက်သင်ပုန်းကြီးမှာ ကူးယူကြပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကျောက်သင်ပုန်းကြီး အမြဲတမ်းရှိပါတယ် မြန်မာလိုငါပြောမယ်။

ဥဒ္ဓင်္ဂမဝါတဆိုတာ အထက်သို့ဆန်တဲ့လေခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ချေတာတို့ သမ်းတာတို့ ချောင်းဆိုးတာတို့ မင်းနားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ အထက်တက်နေတဲ့လေက တစ်ယောက်နှင့်တစ်ယောက်လှမ်းပြီးတော့ ဘယ်သူရေ ဘယ်ဝါရေလှမ်းခေါ်တာတို့ ဩတာတို့နော် (ဟုတ်ကဲ့ပါဆရာ)။ အထက်သို့ဆန်တက်တဲ့လေတဲ့ ကြို့ထိုးတာတွေနော် (ဟုတ်ကဲ့ပါဆရာ)။ သမ်းတာ ချေတာ ချောင်းဆိုးတာ ကြို့ထိုးတာ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါတွေဟာ ဥဒ္ဓင်္ဂမဝါတခေါ်တယ်၊ ဩော် ဒီလေတွေက တို့မရှိဘူးလား (ရှိပါတယ်ဆရာ)။ အဓောဂမဝါတဆိုတာ ကိုယ်အင်္ဂါအစိတ်အပိုင်းမှ အောက်ဘက်သို့ စုန်တဲ့လေခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အောက်ဘက်သို့စုန်တဲ့လေဆိုတာ ကျင်ကြီးကျင်ငယ်စွန့်ပစ်တဲ့အခါ ဖြစ်ပေါ်လာတဲ့လေမျိုး၊ လေလည်တဲ့အခါဖြစ်ပေါ်လာတဲ့လေမျိုးတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါက အဓောဂမဝါတ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဥဒ္ဓင်္ဂမဝါတ – အထက်သို့ ဆန်တက်သောလေ၊ အဓောဂမဝါတ – အောက်သို့ စုန်သောလေနော် (ဟုတ်ကဲ့ပါဆရာ)။

ကုစ္ဆိသယဝါတဆိုတာ မင်းတို့ငါတို့ဝမ်းထဲမှာ အူတွေရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)။ အူအပြင်ပနဲ့ဝမ်းရေအတွင်း ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အူရဲ့အပြင်ပရယ် ဝမ်းရေအတွင်းရယ် ဒီကြားထဲမှာ ရှိတဲ့လေခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အူအပြင်ပနဲ့ ဝမ်းရေအတွင်းမှာ ရှိသောလေသည် ကုစ္ဆိသယဝါတခေါ်၏။ ဩော် ဒါကုစ္ဆိသယဝါတတဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဗိုက်ထဲပြည့်နေတဲ့ လေတွေပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့မှ ကောဋ္ဌာသယဝါတဆိုတာ ဒါအူအတွင်းမှာရှိတဲ့လေခေါ်တယ်နော် (ဟုတ်ကဲ့ဆရာ)။ အဲဒီလေတစ်ခုနဲ့တစ်ခုစပ်တာ မဟုတ်ဘူး၊ လေပြည့်နေတယ် လေတွေကယ်နေတယ် လေတွေပွနေတယ် ဝမ်းတွင်းမှာတရုံးရုံးနဲ့ ဩမြူးနေတဲ့အသံကြားတယ် ဒါကုစ္ဆိသယဝါတခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့မှ ကောဋ္ဌာသယဝါတဆိုတာ မင်းတို့ငါတို့အူတွင်းမှာရှိတဲ့လေ၊ အတွင်းမှာဘာလုပ်တာလဲဆိုတော့ မင်းတို့ငါတို့အစာစားပြီး ထမင်းစားပြီးတဲ့အခါကျတော့ မင်းတို့မျိုလိုက်တော့ တစ်ခါတည်း အူထဲကို မပိတ်မပင်အတားအဆီးမရှိပါဘဲ ချောမောစွာဝင်မသွားဘူးလား (ဝင်သွားပါတယ်ဆရာ)။ အူထဲမှာ ရှိတဲ့လေက စုပ်ယူသွားတယ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အူထဲမှာရှိတဲ့ လေစုပ်ယူသွားတယ် ဒါအူတွင်းမှာရှိတဲ့လေ ဒါကောဋ္ဌာသယဝါတခေါ်တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်နှစ်မျိုး

http://www.dhammadownload.com



ရှိသွားပြီးလဲ (လေးမျိုးရှိသွားပါပြီဆရာ)။ ဩော် လေးမျိုးရှိသွားပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ပြီးတော့ "အင်္ဂမင်္ဂါနုသာရီလေ"တဲ့။ အင်္ဂမင်္ဂါနုသာရီလေဆိုတာ စောစောကငါပြောထားတဲ့ လေပါပဲ။ သွားချင်တယ် လှမ်းချင်တယ် ထိုင်ချင်တယ် ထချင်တယ် ကွေးချင်တယ် မချင်တယ် ချီချင်တယ် ပိုးချင်တယ် ရွက်ချင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလှုပ်ရှားတတ်တဲ့ကိစ္စလေးတွေ စိတ်ကလှုပ်ရှားချင်တဲ့အတိုင်း ထိုစိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်သည် အကြောတည်းဟူသော ကွန်ယက်ကြီးမှာ တောက်လျှောက်သွားနေ၊ တစ်ကိုယ်လုံးပျံ့နှံ့ပြီးနေတဲ့ အဲဒီလိုပျံ့နှံ့ပြီးနေတဲ့ အကြောတွေမှာ တောက်လျှောက်ကြီးတည်နေပြီးတော့ အဲဒီလေက ထောက်ကန်ပေးလိုက်တော့ သွားလည်းသွားနိုင်တယ် ရပ်လည်းရပ်နိုင်တယ် ထိုင်လည်းထိုင်နိုင်တယ် ကွေးလည်းကွေးနိုင်တယ် မ,လည်း မ,နိုင်တယ် ချီလည်းချီနိုင်တယ် ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ အင်္ဂမင်္ဂါနုသာရီ လေပဲလို့ ဒီလိုရှင်းထားပါ။ အခုန စောစောကပြောသွားတဲ့ ထမ်းတယ် ပိုးတယ် သွားတယ် လာတယ် ထတယ် လျောင်းတယ် ရပ်တယ်ဆိုတဲ့သဘာဝ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါအင်္ဂမင်္ဂါနုသာရီ တဲ့ ဘယ်နှစ်ခုရှိသွားပြီလဲ (ငါးခုရှိသွားပါပြီဆရာ)။ ငါးခုရှိသွားပြီ။

ပြီးတော့မှ "အဿာသပဿာသလေ"ဆိုတော့ မင်းတို့ငါတို့ရှူရှိုက် အသက်ရှူ မှတ်မိလား (ဟုတ်ကဲ့ပါဆရာ)။ အဿာသပဿာသ – ထွက်လေနဲ့ဝင်လေ နားလည်လား (နားလည် ပါတယ်ဆရာ)။ အေး ဘယ်နှစ်ပါးရှိသွားပြီလဲ (ခြောက်ပါးရှိသွားပါပြီဆရာ)။ မင်းတို့ငါတို့ကိုယ်မှာ အမြဲတစေဖြစ်နေတဲ့လေ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလေတစ်ခုတစ်ခု ဖောက်ပြန်လာရင် မင်းတို့သေကြပေတော့ဆိုပါစို့၊ သူ့သဘာဝနဲ့ညီနေရမယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် အဲဒီလေခြောက်မျိုးရှိတဲ့အနက်က နောက်ဆုံး အဿာသပဿာသဆိုတဲ့ လေတစ်မျိုး ဖယ်ထား ကျန်သမျှလေငါးမျိုးကတော့ စတုသမုဋ္ဌာနိကရုပ်ခေါ်တယ်။

## စတုသမုဋ္ဌာနိကရုပ်

လေလေးမျိုးကတော့ စတုသမုဋ္ဌာနိကရုပ်ခေါ်တယ်၊ ကံကြောင့်လည်းဖြစ်တယ် စိတ်ကြောင့် လည်းဖြစ်တယ် ဥတုကြောင့်လည်းဖြစ်တယ် အာဟာရကြောင့်လည်းဖြစ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ "အဿာသပဿာသ"ခေါ်ထားတဲ့ ထွက်လေဝင်လေကျတော့ စိတ်ကြောင့်ဖြစ်တဲ့ လေသက်သက်တဲ့ နားလည်လား (ဟုတ်ကဲ့ပါတယ်ဆရာ)။ သူ့အကြောင်းနဲ့သူအရေး ခွဲရေးထားတယ်။ လေက ဘယ်နှစ်မျိုးရှိသွားပြီတုန်း (ခြောက်မျိုးရှိသွားပါတယ်ဆရာ)။ မြန်မာလိုပြောတတ်လား (ပြောတတ်ပါတယ်ဆရာ)။ ပြောစမ်း (အထက်သို့ဆန်တက်သောလေ၊ အောက်သို့ဆန်သောလေ၊ ဝမ်းတွင်းရေထဲမှရှိသောလေ၊ အူအတွင်း၌ရှိသောလေ၊ အင်္ဂါကြီးငယ်အစိတ်အပိုင်းကို တောက်

http://www.dhammadownload.com



လျှောက်သွားတဲ့လေ၊ ထွက်လေဝင်လေ)။ ဟုတ်တယ် ဘယ်နှစ်ပါးရှိသွားပြီလဲ (ခြောက်ပါးရှိပါတယ်ဆရာ)။ နောက်ဆုံး ထွက်လေဝင်လေကိုနုတ်လိုက်တော့ ကျန်တဲ့လေငါးပါးတို့ဟာ ဘာ့ကြောင့်ဖြစ်သလဲ (ကံ စိတ် ဥတု အာဟာရ လေးပါးတို့ကြောင့်ဖြစ်ပါတယ်ဆရာ)။ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းလေးပါးတို့ကြောင့်ဖြစ်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ထွက်လေဝင်လေဟာ ဘာကြောင့်ဖြစ်ပါလိမ့် (မသိတော့ပါဘူးဆရာ)။ ဟောဗျာ စိတ် စိတ် စိတ် (စိတ်ကြောင့်ဖြစ်ပါတယ်ဆရာ)။ အေး စိတ်ကြောင့်ဖြစ်တယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အဲဒီအကျိုးအကြောင်းလေးတွေ ခွဲထားတယ်ပေါ့နော် (မှန်ပါတယ်ဆရာ)။

## တစ်နည်း လေသုံးမျိုး

ဘယ်လူမျိုးမဆို သတ္တဝါတွေမှာ အမြဲရှိတဲ့လေပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီခြောက်ပါးကအမြဲတမ်းရှိနေတတ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလေခြောက်ပါးအမြဲရှိနေတဲ့ကြားထဲကနေပြီးတော့ လေခြောက်ပါးထက်မက အပိုအလိုအားဖြင့် ဖြစ်တတ်တဲ့လေ၊ တစ်ခါလာပြန်တယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒါကျတော့ သတ္ထကဝါတ ခုရကဝါတ ဥပ္ပလကဝါတဟူ၍လေသုံးမျိုးရှိပြန် သတ္ထကဝါတဆိုတာ ဓားငယ်နှင့်တူသောလေတဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ခုရကဝါတဆိုတာသင်တုန်းဓားငယ်နှင့်တူသောလေနော် (ဟုတ်ကဲ့ပါဆရာ)။ ဥပ္ပလကဝါတာဆိုတာ နှလုံးသားကို ထုတ်တတ်တဲ့လေ၊ သူ့ကျတော့ သင်တုန်းဓားနှင့် ဥပမာပြတယ်ပေါ့လေ (ဟုတ်ကဲ့ပါဆရာ)။ သတ္ထကဝါတဆိုတာ ဓားငယ်နှင့်တူသောလေ၊ ခုရကဝါတာဆိုတာ သင်တုန်းဓားနှင့်တူသောလေ၊ ဥပ္ပလကဝါတဆိုတာ နှလုံးသားကို ထုတ်တတ်သောလေ၊ ဒါတွေ အင်မတန်ကြောက်စရာကောင်းပါတယ်။

အခုနတုန်းက လေဖြတ်လို့ မတ်တတ်လဲသွားပေါ့ သေပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တချို့ကမသေဘူး ကျန်နေတာ ထလာတော့လူစဉ်မမီတော့ဘူး ရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)။ တချို့ကမတ်တပ်ကနေလဲပြီးတော့ ချက်ချင်းသေရော နှလုံးရောဂါတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သတ္ထကဝါတဆိုတာ တခြားမဟုတ်ပါဘူးတဲ့၊ ခုနကပြောခဲ့တဲ့ လေသုံးမျိုးမှာ တစ်မျိုးမျိုးပါဝင်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သတ္ထကဝါတဆိုတာ တခြားမဟုတ်ဘူးတဲ့။

သတ္ထကဝါတာတိ သန္ဓိဗန္ဓနာနိ ကတ္တရိယာ ဆိန္ဒန္တာ ဝိယ ပဝတ္တဝါတာ။ "တေနာဟ "သတ္ထံ ဝိယာ"တိအာဒိ။ (အင်္ဂုတ္တရဋီကာ၊ ၃၊ ၃၀)

သတ္ထကဝါတာတိ သန္ဓိဗန္ဓနာနိ ကတ္တရိယာ ဆိန္ဒန္တာ ဝိယ ပဝတ္တဝါတာ။ (ဝိဘင်းအဋ္ဌကထာ၊

http://www.dhammadownload.com



သတ္တကဝါတာတိ တိက္ခဘာဝေန သတ္တကာ ဝိယ ကန္တနကာ ဝါတာ။ (သဂါထာဝဂ္ဂဋီကာ အဋ္ဌကာ၊ ၁၊ ၁၁၂။

သတ္တကဝါတာတိ–သတ္တကဝါတာဟူသည်ကား၊ သန္ဓိဗန္ဓနာနိ–ဆက်စပ်ထားအပ်ကုန်သော၊ အကြောတို့ကို၊ ကတ္တရိယာ–ကပ်ကြေးဖြင့်၊ ဆိန္ဒန္တာ ဝိယ–ဖြတ်ကုန်သကဲ့သို့၊ ပဝတ္တဝါတာ–ဖြစ်သောလေတည်း။

မင်းတို့ငါတို့မှာသွေးကြောတို့၊ လေကြောတို့ရှိသည်မဟုတ်လား (ရှိပါတယ်ဆရာ)။ အကြောကလေးတွေ အဆက်တွေပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အကြောအဆက်ကလေးတွေ အရိုးအဆက်ကလေးတွေရှိတယ် မင်းတို့ငါတို့ရဲ့ ခန္ဓာကိုယ်ကာယကြီးကို ဓာတ်မှန်နဲ့ရိုက်ကြည့်သည့်အခါ ဆရာဝန်ကြီးတွေက ကောင်းကောင်းသိမှာပေါ့ကွာ မင်းတို့ငါတို့ကသိမှာမဟုတ်ဘူး။ အဓိပ္ပာယ် အားဖြင့် ဘာနဲ့သဏ္ဌာန်နဲ့တူသလဲဆိုတော့ အရိုးပေါင်းသုံးရာကျော်လို့၊ ခြင်းကြားမှာ အရစ်ရစ် ချည်ထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အရိုးပေါင်းသုံးရာကျော်က အဲဒါခြင်းကြားမှာ ဝါးအစိတ် အပိုင်းလေးတွေ အကပ်အကပ်နဲ့ရုပ်ကြီးကို ချည်ထားတယ်၊ ပြီးတော့ သားတစ်ပေါင်းခြောက်ရာ ကျော်က အဲဒီခြင်းကြားယှက်ထားတဲ့ အရုပ်ကြီးကို နောက်ချေးတွေကျုံလို့ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အကြောပေါင်းကိုးရာကျော်က အဲဒီအရုပ်ကြီးကို တစ်ခုနဲ့တစ်ခု ဆက်ဆက်,ဆက်ဆက်ပြီးတော့ အမှန်အကန်လေးတွေ လျှောက်ချည်ပြီးတဲ့ကြိုးတွေ (ဟုတ်ကဲ့ပါဆရာ)။ သေချာကြည့်တော့ ခြင်းကြား ထုပ်ကြီး လုပ်ထားသလိုပဲတဲ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုကြည့်လိုက် ဒီသဘာဝတွေရဲ့ သဘောကလေး တွေ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အဲဒါကြည့်ကွယ်၊ ဒါပေမယ့် အကြောအဆက်တို့ အရိုးအဆက်တို့ အဆက်တွေမရှိဘူးလား ကွယ် (ရှိပါတယ်ဆရာ)။ အဲဒီအဆက်ကလေးတွေကို ဓားလေးနဲ့ဖြတ်ထားသလိုပဲတဲ့ "သတ္တက ဝါတာ–ဆိုတာ သတ္တက သဒ္ဒါကဓားငယ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ "သတ္တကဝါတာတိ သန္ဓိ ဗန္ဓနာနိ ကတ္တရိယာ ဆိန္ဒန္တာ ဝိယ ပဝတ္တဝါတာ" သတ္တကဝါတာတိ–သတ္တကဝါတာဟူသည်ကား၊ သန္ဓိဗန္ဓနာနိ–ဆက်စပ်ထားအပ်ကုန်သောအကြောတို့ကို၊ ကတ္တရိယာ–ကပ်ကြေးဖြင့်၊ ဆိန္ဒန္တာ ဝိယ– ဖြတ်ကုန်သကဲ့သို့၊ ပဝတ္တဝါတာ–ဖြစ်သောလေတည်း။

အဲဒါကြောင့် မတ်တတ်ကနေပြီးတော့ ရုပ်သေးကြိုးပြတ်ပုံလဲသွားတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ဘယ်သူက ဖြတ်တာတုန်း (ဝါယောဓာတ်ဖြတ်ပါတယ်ဆရာ)။ ဝါယောဓာတ်ဖြတ်ပြီးတော့ လဲသွားတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကြောက်စရာကောင်းတဲ့ လေပဲလို့ အဲဒီလိုမှတ်ပါ အဆက်အစပ်ပြတ်ထွက်သွားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလူက

http://www.dhammadownload.com



ပြန်ရှင်တော့မှာလား (မရှင်တော့ပါဘူးဆရာ)။ ရှင်သည့်တိုင်အောင် ထနိုင်ပါဦးမှာလား (မထနိုင်တော့ပါဘူးဆရာ)။ ဘယ်ထနိုင်တော့မှာလဲ ပြတ်သွားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အကြောအဆက်တွေ အရိုးဆက်တွေပြတ်သွားပြီ ဓားငယ်နဲ့ဖြတ်သွားသလိုပဲတဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ အခုနပြောခဲ့တဲ့ အကြောအဆက်တွေ အရိုးအဆက်တွေဖြတ်လိုက်လို့ တချို့ကဒေါင့်တန်းဆွဲကြီးနဲ့ ကိုယ်တစ်ခြမ်းသေသွားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်နှာတစ်ခြမ်းလုံးပဲ ဒီတစ်ဘက်မျက်လုံးက မျက်တောင်ခတ်သေးတယ် ဟိုတစ်ဘက်မျက်လုံးကမျက်တောင်မခတ်ဘူး၊ ဒီဘက်ပါးစပ်က ကောင်းသေးတယ် ဟိုဘက်ပါးစပ်ကရွဲ့နေပေါ့၊ ဒီဘက်လက်ကလှုပ်နေပေါ့ ဟိုဘက်လက်ကလှုပ်လို့မရဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်တစ်ခြမ်းသေ ကြားဖူးတယ်မဟုတ်လား (ကြားဖူးပါတယ်ဆရာ)။ သူပဲသတ္တကဝါတာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တခြားလေမဟုတ်ဘူးသူပဲ ဘာဖြစ်လို့ ဒီဘက်ခြမ်းမှာ ညာဘက်ခြမ်းကဖြတ်သွားရင် ညာဘက်ခြမ်းမှာရှိတဲ့ အရိုးအဆက်တွေ အကြောအဆက်တွေ သူဖြတ်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလေက တစ်ခါတစ်ရံ ဖြစ်တတ်တဲ့လေ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လူတိုင်းဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အခုလျှောက်သွားတဲ့လေက လူတိုင်းဖြစ်တယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး လျှောက်သွားတဲ့ လူကိုကြီးထွားစေခြင်း သန်မာစေခြင်း သွားနိုင်စေခြင်း လှုပ်ရှားနိုင်စေခြင်း အကျိုးငှာလို့ဖြစ်ပေါ်စေတဲ့ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့်ဆိုတဲ့ အကြောင်းတရားလေးပါးလေးချက် တို့ကြောင့် ဖြစ်ပေါ်နေတဲ့လေတွေပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

ထွက်လေဝင်လေဆိုတဲ့ အသက်ရှူတာတစ်ပါးက စိတ်ကြောင့်ဖြစ်တယ်တဲ့၊ ဒါထွက်လေ ဝင်လေက စိတ်ကြောင့်ဖြစ်တာ ဟုတ်လား,မဟုတ်လားကြည့်ပါလား၊ စိတ်ကမရှိဘဲ အသက် အောင့်ထားသေရော ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ယခုပြောတဲ့ သတ္တကဝါတာကျတော့ အပိုအားဖြင့် ဖြစ်ပေါ်လာတဲ့လေကိုကွနော် (ဟုတ်ကဲ့ပါဆရာ)။ အတွဲဖက်အနေနဲ့ဖြတ်ထား၏။ ဒါကြောင့် ကိုယ်တစ်ခြမ်းသေ လက်တစ်ခြမ်းသေ လူစဉ်မမှီဘဲမထနိုင် ဘယ်ထနိုင်မတုန်း သေတာ သေရော့ ပြန်မထနိုင်ဘူး၊ ဘာဖြစ်လို့ သူမှာရှိတဲ့ သွေးကြော,လေကြောက အရိုးအဆက်တွေ ဖြတ်လိုက်၏ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမှတ်ထားနော် သတ္တကဝါတလို့။

ခုရကဝါတဆိုတာ တခြားမဟုတ်ဘူး၊ ခုရကဝါတဆိုတာ "ခုရေန ဝိယ ဟဒယံ ဖာလနဝါတာ" (ဝိဘင်းအဋ္ဌကထာ၊ ၆၇) ခုရေန–သင်တုန်းဓားဖြင့်၊ ကဋ္ဌ–သစ်ချောင်းကို၊ ဖာလတိ ဝိယ–ကွဲစိတ် သကဲ့သို့၊ ဝေ–ဤအတူ၊ ဟဒယံ–နှလုံးသားကို၊ ဖာလနဝါတာ–ကွဲစိတ်တတ်သောလေတည်း နော် (ဟုတ်ကဲ့ပါဆရာ)။ ခုရကဝါတဆိုတာ လေသင်တုန်းဓားခေါ်ပါတယ်တဲ့၊ ဒါကြောင့် တို့ရှေးဆရာ

http://www.dhammadownload.com



တွေက လေသင်တုန်းဖြတ်သွားလို့ပြောတယ် မဟုတ်လား (ပြောပါတယ်ဆရာ)။ သူ့ကျတော့ အကြောအဆစ်တွေဖြတ်တာမဟုတ်ဘူး သူ့ကျတော့ဘယ်သူ့ဖြတ် ဘယ်သူ့ခွဲတုန်း (နှလုံးသားကို ခွဲပါတယ်ဆရာ)။ နှလုံးသားကိုခွဲလိုက်ပြီနော် (ဟုတ်ကဲ့ပါတယ်ဆရာ)။ ဒါကြောင့် ''ခရေန ဝိယ ဟဒယံ ဖာလနဝါတာ''လို့။ ခရေန–သင်တုန်းဓားဖြင့်၊ ကဋ္ဌံ–သစ်ချောင်းကို၊ ဖာလတိ ဝိယ–ခွဲစိတ်သကဲ့သို့၊ ဇဝံ–ဤအတူ၊ ဟဒယံ–နှလုံးသားကို၊ ဖာလနဝါတာ–ခွဲစိတ်တတ်သောလေတည်း။

နှလုံးသားကိုခွဲလိုက်တယ်တဲ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါနှလုံးသားကို ခွဲလိုက်တယ် ဆိုလိုက်ကတည်းက အသက်ရှင်နိုင်ဦးမှာလား (အသက်မရှင်နိုင်တော့ပါဘူးဆရာ)။ နှလုံးသားကို သင်တုန်းဓားနဲ့ခွဲလိုက်တယ် ခွဲသလိုပါပဲနော် (ဟုတ်ကဲ့ပါဆရာ)။ ခရေန–သင်တုန်းဓားဖြင့်၊ ကဋ္ဌံ–သစ်ချောင်းကို၊ ဖာလတိ ဝိယ–ခွဲလိုက်သကဲ့သို့၊ ဇဝံ–ဤအတူ၊ ဟဒယံ–နှလုံးသားကို၊ ဖာလန ဝါတာ–ခွဲလိုက်သောလေတည်း။

နှလုံးသားကို သင်တုန်းဓားနဲ့ ခွဲလိုက်သကဲ့သို့တဲ့၊ ခွဲသောလေသည် ခရကဝါတာလို့ခေါ်တယ်၊ မြန်မာလိုပြန်တော့ လေသင်တုန်းလို့ခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အခုနတုန်းက ငါပြောသလို အခုစကားပြောမတ္တ မတ်တတ်ကနေထိုင်ချလိုက်တယ်၊ စကားလေးမေးလို့မရဘူး သွားသွား ဘာဖြစ်လို့နှလုံးရောဂါတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခရကဝါတ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီနှလုံးရောဂါဟာဘာဖြစ်သလဲ လေမဟုတ်လား (လေပါဆရာ)။ ခရကဝါတ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လေသင်တုန်းပေါ့နော် (လေသင်တုန်းပါဆရာ)။ မှတ်ထား မှတ်ထား နှလုံးသားကိုခွဲလိုက်ပြီ ကြောက်စရာအင်မတန်မှကောင်းတယ်၊ သင်တုန်းနှင့် ဥပမာပြထားတယ်၊ သင်တုန်းဓားထက်ထက်တာမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ နှလုံးသားကိုခွဲလိုက်ပြီတဲ့ အဲဒီနှလုံး ရောဂါလို့ လောကဓာတ်ဆရာဝန်တွေက အမည်ထပ်ထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အသေကျ တော့ အလွန်ယဉ်ပါတယ်။

ပြီးတော့ ဥပ္ပလကဝါတကျတော့ ဥပ္ပလကဝါတဆိုတာ တခြားမဟုတ်ပါဘူးတဲ့ နှလုံးသားကို ထုတ်ပစ်လိုက်တဲ့လေခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့ကျတော့ နှလုံးသားကို ထုတ်ပစ်လိုက် ဆိုတော့ ငါကနားမလည်ရှာဘူး နှလုံးသားကိုဘယ့်နှယ့်လုပ်လိုက်မသိဘူး နှလုံးသားကို ထုတ် ပစ်လိုက်တဲ့လေသည် ဥပ္ပလကဝါတမည်၏။

ဥပ္ပလကဝါတာတိ ဟဒယမံသမေဝ ဥပ္ပါဋ္ဌနကဝါတာ။ (ဝိဘင်းအဋ္ဌကထာ၊ ၆၇)

ဥပ္ပလကဝါတာတိ–ဥပ္ပလကဝါတမည်သည်ကား၊ ဟဒယမံသမေဝ–နှလုံးသားအသားကိုသာ လျှင်၊ ဥပ္ပါဋ္ဌနကဝါတာ–ထုတ်ဆောင်တတ်သောလေတည်း။

http://www.dhammadownload.com



မြန်မာလိုပြောတော့ နှလုံးသားကို ထုတ်ပစ်လိုက်တယ်တဲ့ သူ့ကျတော့နော် (ဟုတ်ကဲ့ပါဆရာ)။ နှလုံးသားကိုထုတ်ပစ်လိုက်တယ် ခါပစ်လိုက်တဲ့အဓိပ္ပာယ်ပါပဲ၊ နှလုံးသား ခုကိုပဲလွင့်စင်သွားအောင် လှုပ်ရှားသွားအောင် လုပ်လိုက်သလားကို မပြောတတ်ဘူး၊ သူကလည်းပဲ အသက်ရန်ရှာတယ်တဲ့ ဒီလိုဖြစ်တော့ သေရောနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလေသုံးခုက ခုနပြောခဲ့တဲ့ သတ္တကဝါတဆိုတဲ့ ဓားငယ်လေးနဲ့ အရိုး အကြော အဆစ်တွေ ဖြတ်တောက်လိုက်တဲ့ သတ္တကဝါတဆိုတဲ့ လေးမျိုး လေဖြတ်လို့မထနိုင်ဘူး လေဖြတ်လို့သေသပေါ့၊ လေဖြတ်လို့ တခြမ်းမလှုပ်နိုင်ဘူး စကားမပြော နိုင်ဘူး ဒါသတ္တကဝါတလို့ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

မတ်တတ်ကနေခွေလဲပြီးသေသွားပြီ၊ ဘာဖြစ်လို့နှလုံးရောဂါတဲ့ အဲဒါခုဒ္ဒကဝါတနော် (ဟုတ်ကဲ့ပါဆရာ)။ လေသင်တုန်းဖြတ်လိုက်ပြီ၊ အခုလိုပဲ မတ်တတ်ကနေပြီးတော့ စကားမေးလို့ မရဘူး လှူလှဲပြီးတော့သေပေါ့ အဲဒါဥပ္ပလဝါတနော် (ဟုတ်ကဲ့ပါဆရာ)။ ဥပ္ပလဝါတဆိုတာ ဟို–စိတ္တလတောင်မှာ မထေရ်ကြီးတစ်ပါး ဒီလေရောဂါဖြစ်ပါတယ်၊ ဒီလေရောဂါကြောင့်သေတယ်ဆိုတာ ဥပ္ပလကဝါတလို့ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လေရောဂါကြောင့်သေတယ် ဒီလေသုံးမျိုးကို သေချာကြည့်လိုက်တော့ တစ်ခါတစ်ရံ အင်မတန်အကုသိုလ်နိုပ်စက်တဲ့ ပုဂ္ဂိုလ်များပေါ်လာတဲ့ သေရာ သေကြောင်းဖြစ်ပေါ်လာတဲ့ လေသုံးမျိုးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ လူတိုင်းမှာ ရှိကောင်းရဲ့လား (မရှိကောင်းပါဘူးဆရာ)။ လူတိုင်းမှာရှိကောင်းတာ ဘယ်နှစ်မျိုး (ခြောက်မျိုးပါဆရာ)။ ဘယ်သူ ဘယ်သူတုန်း (အပေါ်ဆန်တဲ့လေရယ်၊ အောက်သို့ဆင်းသွားတဲ့လေရယ်၊ အူအပြင်ပနဲ့ ဝမ်းရေ အကြားမှာရှိတဲ့လေရယ်၊ အူအတွင်းမှာရှိတဲ့လေရယ်၊ အင်္ဂါကြီးငယ်အစိတ်အပိုင်း လျှောက်သွားတဲ့ လေရယ်၊ ထွက်လေဝင်လေရယ်လို့ ခြောက်မျိုး)။ ပြန်ပြောစမ်း (အပေါ်ဆန်တဲ့လေရယ်၊ အောက်သို့ ဆန်သွားတဲ့လေရယ်၊ အူအပြင်ပနဲ့ဝမ်းရေအကြားမှာရှိတဲ့လေရယ်၊ အူအတွင်းမှာရှိတဲ့လေရယ်၊ အင်္ဂါကြီးငယ်အစိတ်အပိုင်း လျှောက်သွားတဲ့လေရယ်၊ ထွက်လေဝင်လေရယ်လို့ ခြောက်မျိုး)။

ဒါဆိုရင် လေကခြောက်မျိုးရှိတယ်၊ အဲဒါထက် အပိုအားဖြင့် သေတတ်တဲ့လေမျိုးက သတ္တက ဝါတနော် (ဟုတ်ကဲ့ပါဆရာ)။ ခုရကဝါတ ဥပ္ပလကဝါတ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အဲဒီ လေမျိုးကိုပေါင်းလိုက်တော့ လေသုံးမျိုးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ပကတိအားဖြင့် အမြဲတစေ ဖြစ်ပေါ်လာသော လေခြောက်မျိုးကို ဘုရားရှင်ကိုယ်တော်မြတ်က ဟောကြားတော်မူ၏နော် (ဟုတ် ကဲ့ပါဆရာ)။ ဟိုလေကျတော့ အင်မတန်အကုသိုလ်ကံနိုပ်စက်တဲ့ပုဂ္ဂိုလ်၊ ဝေဒနာခံစားထားတဲ့ ပုဂ္ဂိုလ်များအား ဖြစ်ပေါ်လာတတ်တဲ့လေသုံးမျိုးလို့ မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလေကို ယနေ့ည ဒီလေအကြောင်းကို လက်စသတ်ကြစို့နော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့ အဲဒီလေဟာ

http://www.dhammadownload.com



အမှန်ကတော့ ကိုင်လို့တွယ်လို့ဖြစ်တာမဟုတ်ဘူး ယူလို့ရတာမဟုတ်ဘူး ကြည့်လို့မြင်လို့ရတာ မဟုတ်ဘူး၊ အတုံး အလုံး အခဲ အကောင်အထည်မဟုတ်ဘူး၊ အရည် ဖတ် အဖြူ အပြာ အဝါပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ သဘောတရားသက်သက်ပဲလို့ အဲဒီသဘောတရားသက်သက်ဆိုတာ ဒါဓာတ်သားပရမတ်သားအစစ်တရားပါပဲ၊ ဘာသဘောတရားလဲဆိုရင် ထောက်ကန်တဲ့သဘော ဒီလိုဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လှုပ်ရှားသဘော ထောက်ကန်တတ်တဲ့သဘောတရား လှုပ်ရှား တတ်တဲ့သဘောတရားဟာ ဝါယောဓာတ်လို့ ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီ ဝါယောဓာတ်ဟာ အမှန်ကတော့ အတုံး အလုံး အခဲ အကောင်အထည်အထည်ဒြပ်သဏ္ဌာန် မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်သတ္တဝါတွေ မဟုတ်ပါဘူးလို့။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ရာဟုလောဝါဒသုတ်ကို ဟောထားတယ်။

အယံ ကာယသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော (ဝိတ္တမ္ဘနာကာရော) အာဗန္ဓနာကာရော ဝါယောဓာတု။ (ဝိဘင်းအဋ္ဌကထာ၊ ၆၅)

ကာယသ္မိံ သရီရေ–ဤကိုယ်၌၊ ပါဋိယေက္ကော–အသီးအခြားဖြစ်သော၊ ကောဋ္ဌာသော–တစ်စု တစ်စည်းဖြစ်သော၊ အယံ ဝါယောဓာတု–ဤဝါယောဓာတ်ကြီးသည်၊ အစေတနော–စေတနာမရှိ၊ အဗျာကတော–ကုသိုလ်လည်းမဟုတ်, အကုသိုလ်လည်းမဟုတ် အဗျာကတတရားသက်သက်မျှ သာရှိ၏၊ သုညော–အကောင်အထည် အထည်ဒြပ်သဏ္ဌာန်မှ လုံးဝကင်းဆိတ်၏။ နိဿတ္တော– ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ယောက်ျားမိန်းမ အသက်လိပ်ပြာမဟုတ်၊ ဝိက္ခမ္ဘနာကာရော– ထောက်ကန်တတ်တဲ့ သဘောအမူအရာကလေးဖြစ်သော၊ ဝါယောဓာတု–ဝါယောဓာတ်မည်၏။

မနေ့က အဆက်ကလေး၊ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်ကြီးလေးပါး၊ ပထဝီဓာတ် လည်းပဲ သဘောနဲ့အဓိပ္ပာယ်နဲ့၊ သူ့ရဲ့မှတ်စရာမှတ်ကြောင်းလက္ခဏာနဲ့၊ အာပေါဓာတ်လည်း ၎င်းနည်း အတိုင်းပဲ၊ တေဇောဓာတ်လည်း ၎င်းနည်းအတိုင်းပဲ၊ ဝါယောဓာတ်လည်း ၎င်းနည်းအတိုင်းပဲ။ အသီးအသီးသောဓာတ်ကြီးလေးပါး သဘောတရားဆိုက်အောင်၊ ပညတ်လွတ်သွားပြီးတော့ ပရမတ္ထအမြင်လေးနဲ့မြင်လာအောင် တစ်လုံးချင်းတစ်လုံးချင်း သင်ကြားပေးနေတယ်။ သိတဲ့ပုဂ္ဂိုလ်များ လည်းပဲ တော်တော်များပါတယ်၊ စုံစမ်းထောက်လှမ်းကြည့်တော့ ဓာတ်ကြီးလေးပါးမှာ ပထဝီဓာတ် အနေနဲ့ကြည့်လည်းပဲ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် လုံးဝမရှိ၊ သဘောတရားသက်သက်ကလေးပါပဲလို့ ဒီလိုသိတယ်။

အာပေါဓာတ်ကျပြန်တော့လည်းဒီလိုပါပဲ၊ အာပေါဓာတ်ဆိုတာ စောစောကသုတ္တန်အနေနဲ့ ကြည့်လိုက်တော့ ရေပဲလို့ ဒီလိုမှတ်လိုက်တယ်။ ဘာမှမဟုတ်ဘူးတဲ့ ဒါ ရေကအာပေါဓာတ်လွန်ကဲလို့

http://www.dhammadownload.com



ရေသာပြောနေတယ်။ ဒါပညတ်အာပေါခေါ်တယ် ပရမတ်ကျတော့ ဒီလိုမဟုတ်ပါဘူး။ သဘောမျှ သက်သက်ကလေး၊ ဒါလည်းသူ့လက္ခဏာနဲ့မှတ်စရာနဲ့ 'အာဗန္ဓနလက္ခဏာ' ပြတယ်။ ဒီအာပေါ ဓာတ်ကြည့်ပြန်လည်း သဘောတရားသက်သက်လို့ အသိဉာဏ်ရောက်သွားတယ် မြင်သွားတယ် နားလည်သွားတယ်။

တစ်ခါတေဇောဓာတ်လည်း ဒီလိုပဲလာပြန်တယ်၊ တေဇောဓာတ်ကျပြန်တော့ သူ့မှတ်စရာ လက္ခဏာနဲ့၊ တေဇောဓာတ်ဆိုတာ သုတ္တန်နည်းအားဖြင့် မီးပဲ ဒါပညတ်ပဲ မီးတောက်မီးလျှံမီးခဲ မြင်နေလို့ရှိရင် တေဇောဓာတ်မဟုတ်ဘူး။ အမှန်ကတော့ တေဇောဓာတ်ဟာ ရင့်ကျက်တဲ့သဘော တရားလေ ဒါက ''ပရိပါစနကာရော''တဲ့၊ ရင့်ကျက်တဲ့သဘောတရားသက်သက်ကလေးက တေဇောဓာတ်ပဲလို့ ဒီလိုမြင်လိုက်ရတော့တေဇောဓာတ်ဟာ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဍာန် အမှုန် အမွှား ဘာမှအစအနရှာဖွေလို့မရဘူး၊ သဘောတရားသက်သက်ပဲလို့ ဒီလိုသိလာတယ်။

ဝါယောဓာတ်ကျတော့ တစ်ခါလာပြန်တယ်၊ ဝါယောဓာတ်ကို သုတ္တန်နည်းအားဖြင့် ပညတ် အနေအားဖြင့်လေခေါ်တာပေါ့ ဒီလိုပဲနားလည်ကြတယ်။ အမှန်ကတော့ ဒီလိုမဟုတ်ပါဘူး ထောက်ကန်တဲ့သဘော လှုပ်ရှားတဲ့သဘောလေးဟာဝါယောလို့ ''ဝိတ္ထမ္ဘနလက္ခဏာ''လို့၊ အမှန် ကတော့ ဒီလိုမြင်လိုက်ရင်ဘာဖြစ် လေလဲ ဝတ္ထုပစ္စည်းတစ်ခုမဟုတ်ပါဘူး၊ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဍာန်၊ အမှုန် အမွှား၊ အရေ၊ အသား၊ အဖြူ၊ အဝါ၊ အညို မဟုတ်ပါဘူး။ ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ် မဟုတ်ပါဘူး ဘာလဲမေးရင်သဘောလို့ ဘာသဘောလို့မေးရင် ထောက်ကန်တဲ့သဘောကလေး လှုပ်ရှားတဲ့သဘောကလေး ဒီလိုမြင်လိုက်ရင် ဘာဖြစ်သလဲဆိုတော့ ပညတ်လွတ်သွားတယ်ခေါ်တယ်။ ပညတ်လွတ်သွားတယ်တဲ့ ပညတ်အမြင် မမြင်တော့ဘူး ဘယ်လိုမြင်တယ် ပရမတ်အနေနဲ့မြင်တယ်။

## ပရမတ္ထ မြင်တာ ဆိုတာ

ပရမတ်မြင်ဆိုတာဘာလဲ ပညတ်နယ်ကလွတ်သွားတာကို ပရမတ်မြင်တာခေါ်တယ်၊ ပရမတ်အမြင်ကျတော့ ဘယ်လိုမြင်တုန်း၊ ပရမတ်ဆိုတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟော ကြားတာက သဘောတရားသက်သက်လို့ ဒီလိုဟောကြားထားတယ်။ ဒါကြောင့် –

တတ္ထ ပရမော ဥတ္တမော အဝိပရီတော အတ္ထော၊ ပရမဿ ဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော။ (ဋီကာကျော်၊ ၇၄)

တတ္ထ–ထိုပရမတ်တရားလေးပါး၌၊ ပရမော ဥတ္တမော–မြတ်သော၊ အဝိပရီတော–မဖောက် မပြန်သော၊ အတ္ထော–သဘောတရားသည်၊ ပရမတ္ထော–မဖောက်မပြန်မြတ်သောသဘောတရား၊

http://www.dhammadownload.com



ဝါ–တစ်နည်းကား၊ ပရမသ ဥတ္တမသ–မြတ်သော၊ ဉာဏသ–ဉာဏ်၏၊ အတ္တော ဂေါစရော–အာရုံတည်း၊ ဣတိ–ထို့ကြောင့်၊ ပရမတ္တော–မြတ်သောဉာဏ်၏ အာရုံဖြစ်တည်း။

သဘောတရားပဲလို့ဟောပါတယ်၊ ဒါပဲလားဆိုတော့မဟုတ်သေးဘူး၊ ဒီရုပ်ဓမ္မနာမ်ဓမ္မဆိုတဲ့ သဘောတရားဟာ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဍာန် ပုဂ္ဂိုလ် သတ္တဝါ အဖြူ အဝါ အကြီးအငယ် အရှယ်အလတ် စုံစမ်းရှာဖွေလို့ဘာမှမရဘူး၊ သဘောတရားသက်သက်လို့ ဒါဟာ နိဇ္ဇီဝ နိဿတ္တ သဘာဝပဲလို့ ဒီလိုပြထားတယ်။

“ဓမ္မာ”ဆိုတဲ့ ရုပ်တရား နာမ်တရား နှစ်ပါးရဲ့ “နိဇ္ဇီဝနိဿတ္တသဘာဝါ”လို့ နိဇ္ဇီဝ–အသက်မဲ့၊ နိဿတ္တ–က သတ္တဝါမဟုတ်၊ အသက် လိပ်ပြာ မဟုတ်။

ဩော် လက်စသတ်တော့ ဒီပရမတ်တရား စိတ်တရားတွေဟာ ပုဂ္ဂိုလ်လည်းမဟုတ် သတ္တဝါလည်းမဟုတ် အသက်လိပ်ပြာလည်းမဟုတ် အကောင်အထည် အထည်ဒြပ်သဏ္ဍာန်နဲ့ ကြည့်ပြန်တော့လည်း လုံးဝမရှိ၊ ဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ အမှုန်အမွှားလေးရှာဖွေလို့ ရကောင်းတဲ့ တရားမဟုတ်၊ ဝတ္ထုပစ္စည်းတစ်ခုအနေအားဖြင့် တစ်ရွေးသားတစ်ပဲသားမှ စုလို့ဆောင်းလို့ ရကောင်းတဲ့ တရားတွေမဟုတ်ပါဘူး။ ဘာတွေလဲဆိုတော့ “သဘာဝါ”ဆိုတဲ့ သဘောတရား သက်သက်၊ ဒါကြောင့် “ဓမ္မာ–နိဿတ္တနိဇ္ဇီဝသဘာဝါ” သဘောတရားမျှသက်သက်၊ ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်းမဟုတ်၊ အသက်လိပ်ပြာလည်းမဟုတ်ပြန်။ ဒါသဘောတရားသက်သက် ကလေး၊ အဲဒီဉာဏ်ထဲမြင်လိုက်တော့ တန်ဖိုးဘယ်လောက်ရှိသလဲလို့မေး။

ကိုင်း တို့လူစုတွေ စိတ်လေးတွေကပြီးသွားတော့ တို့မပျက်မကွက်နဲ့ နေ့စဉ်ရက်ဆက် ဆိုသလိုပါပဲ၊ တချို့လည်း တော်တော်ဝေးလံတဲ့ခရီးက လာကြတယ်။ ငါးပြားလမ်းတို့၊ ဆယ်ပြား လမ်းတို့၊ ဆယ့်ငါးပြားလမ်းတို့၊ ပြားနှစ်ဆယ်လမ်းတို့၊ အစိတ်လမ်းတို့ အတော်ဝေးလံတဲ့ အရပ် ဒေသကလာကြတယ်၊ သမိုင်းကလာကြတယ် ဥက္ကလာပကလာကြတယ်လို့ကြားပါတယ်။ ကြည့်မြင်တိုင်တို့ တာမွေတို့ကလာကြတယ်၊ ဒီလိုလာကြတော့ တို့ဒီလိုပဲ ကိုယ်လည်း ပင်ပန်းခံရ သေးတယ် စျေးစရိတ်ကလည်း နေ့စဉ်ကုန်သေးတယ် ဒီသင်တန်းတက်လာတာ တက်ရက်က နှစ်လ မရှိသေးဘူး ရက်ကတော့ နှစ်လလောက်နီးသွားပြီ။

သင်တန်းတက်ရခြင်းဟာ ဘယ်လောက်အမြတ်ထွက်သလဲ၊ တို့မှာ ဘာကိုယ်ကျိုးရှိသလဲလို့ တွက်ရမယ်၊ သူသူငါငါ ဟိုနောက်နားကပြောခဲ့ပါတယ်။ ခုနစ်ရက်လေက် တစ်ခါနားတယ်ဟဲ့၊ ကိုယ့်အမြတ်စာရင်း၊ အရှုံးစာရင်းလေးပြန်တွက်ကြ ဈေးသည်လိုပေါ့ ရက်ချုပ်စာရင်းပေါ့၊ တစ်လ လောက် စာရင်းပြန်တွက်တော့ တစ်လစာရင်းပေါ့၊ တစ်နှစ်ပြည့်ဆိုရင် တစ်နှစ်ပြည့်စာရင်းပေါ့။

http://www.dhammadownload.com



ဒါဘာမှ တန်ဖိုးမရှိတဲ့ ကိုယ့်တစ်ဘာဘဝကလေးမှာ စားရသောက်ရမဲ့ ရောင်းမှု ဝယ်မှု တောင်မှုပဲ အရှုံးအမြတ်တွ တွက်ရသေးတာပဲ၊ အခုတော့ တစ်သံသရာလုံးသွားမဲ့ ခရီးလမ်းစဉ်ကျတော့ မင်းတို့ရလာတဲ့ အကျိုးအမြတ်တွေ တွက်ပြရမယ်။ အခုနပြောသလိုပဲတို့တော့ စောစောကပြောသလို လူပင်ပန်းတာရော၊ အိမ်မှာစိတ်ချတဲ့ပုဂ္ဂိုလ်၊ စိတ်မချတဲ့ပုဂ္ဂိုလ်ဆိုသလို ထားပစ်ခဲ့ရတာရော၊ ညစဉ်ညတိုင်း ဈေးစရိတ်အကုန်ခံကျပြီးတော့ လာရောက်ပြီးတော့ နာယူရတာရောရက်အားဖြင့် နှစ်လနီးနေပြီ၊ နှစ်ရက်လောက်လိုပါတော့တယ်။ ဘာအကျိုးရ ဘာအမြတ်ထွက် ရှုံးသလား မြတ်သလားလို့ ဒီလိုတွက်ရမယ် ဓာတ်လေးပါးတော့ပြီးသွားပြီ ရှေးပိုင်း နိဒါန်းမှာနာခဲ့ပြီ။

နိဒါန်းကတော့ သူ့အမြတ်နဲ့သူပေါ့လေ ဒါမြတ်မှန်းလေးသိကြတယ်။ ဓာတ်သား ပရမတ်သား တွေ ရောက်ပြန်တော့ ယခုဓာတ်သားပရမတ်သားအနေအားဖြင့် လေးလုံးလောက် ရပါသေးတယ်၊ အဲဒီလေးလုံးရတော့ ဘာအမြတ်သွားသလဲလို့ သေသေချာချာပြန်လည်စဉ်းစားကြည့်၊ ပညတ်အနေနဲ့ ပရမတ်အနေနဲ့ ရှင်းသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ပညတ်အနေနဲ့ ပျောက်သွားပြီလား (ပျောက်သွားပါတယ်ဆရာ)။ ပရမတ်အနေနဲ့ မြင်တတ်ပြီလား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် မရှိတရားနှင့်ရှိတရားကို ပိုင်းခြားသိသွားပြီးပေါ့ (သိသွားပါပြီဆရာ)။ မရှိတာကို မရှိမှန်းသိသွား ပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ရှိတာကို ရှိမှန်းသိသွားပြီပေါ့ (သိသွားပါပြီဆရာ)။

အေး ဒါကြောင့် မရှိတာကိုမရှိမှန်းသိရင် မှန်သလားမှားသလား (မှန်ပါတယ်ဆရာ)။ တကယ်ရှိတာကို ရှိမှန်းသိရင် မှန်သလားမှားသလား (မှန်ပါတယ်ဆရာ)။ လုံးလုံးမရှိတာကို မရှိ မှန်းသိရင် မှန်သလားမှားသလား (မှန်ပါတယ်ဆရာ)။ တို့ပါဠိတော်မှာ ပညတ်နဲ့ပရမတ်တရားမှာ ပညတ်ဟာမရှိတဲ့တရား ပရမတ်ကော (လုံးဝရှိတဲ့တရားပါဆရာ)။ ဩော် ရှိတဲ့တရားနှင့် မရှိတဲ့တရားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အရင်တုန်းက တို့လူစုတွေ ဘယ်လိုနေသလဲမေးတော့ လုံးလုံးမရှိတဲ့ပညတ်တရားကို ရှိတယ်လို့မှတ်တယ် ဒီလိုမနေဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ရှိတယ်လို့ ယူတယ် ရှိတယ်လို့သိတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီအယူမှားသလားမှန်သလား (မှားပါတယ်ဆရာ)။ လုံးလုံးမရှိတဲ့ပညတ်တရားကို ရှိတယ်လို့ ယူဆထားတဲ့ အယူဝါဒဟာ အယူမှား ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

အရင်တုန်းက မှားခဲ့တယ်ပေါ့ (မှားခဲ့ပါတယ်ဆရာ)။ ပုဂ္ဂိုလ်ရှိတယ် သတ္တဝါရှိတယ် ငါရှိ တယ် သူရှိတယ် ယောကျ်ားမိန်းမရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် အဲဒီလို ယူလာတော့ ဒါ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမဆိုတာ အမှန်ကတော့ သမ္မုတိပညတ်အနေနဲ့ကြည့်တော့ ရှိတယ်လို့ဆိုရတာပေါ့ ပရမတ်အနေနဲ့ကြည့်လိုက်တော့

http://www.dhammadownload.com



တကယ်ရှိသလား (မရှိပါဘူးဆရာ)။ မရှိတဲ့တရားကြီးကို တကယ်ရှိတယ်လို့ ယုံကြည်လာရင် ယူလာရင် မှန်သလားမှားသလားလို့မေးတော့ (မှားပါတယ်ဆရာ)။ မှားတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ယခုတော့ လုံးလုံးမရှိတဲ့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ခေါ်တဲ့ ပညတ်တရားကြီးကို မရှိမှန်း သိသွားပြီလား (သိသွားပါပြီးဆရာ)။ မှန်သလားမှားသလား (မှန်ပါတယ်ဆရာ)။ တစ်ခုမှန်သွားပါပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အရင်တုန်းက မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သဘောတရားအနေအားဖြင့် တကယ်ထင်ရှားရှိတဲ့ ပရမတ်တရားကြီးကိုတော့ ဘယ်လိုဖြစ်သလဲဆိုတော့ သဘောတရားအဓိပ္ပာယ်နားမလည် သဘောတရားကို မျက်စိနဲ့ကြည့်လို့လည်းမမြင် ကိုင်လို့မထိ ယူလည်းမရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လိုမှပြလို့မဖြစ် တို့လူစုကရှိမှန်းကိုမသိဘူး ဒီလို မနေဘူးလား (နေပါတယ်ဆရာ)။

တတယ်ရှိတဲ့တရားကို ရှိမှန်းမသိ မသိခြင်းကြောင့် ရှိတယ်လို့မယုံကြည် မယူဆရင် မှားသလား မှန်သလား (မှားပါတယ်ဆရာ)။ မှားတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ယခု မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကဟောတော်မူတဲ့ ဒီဓာတ်တရားပရမတ်တရားကြီးကို တကယ်ရှိမှန်းသိသွားပြီလား (သိသွားပါပြီဆရာ)။ တကယ်ရှိတယ်လို့ ယုံကြည်ပြီလား (ယုံကြည်ပါတယ်ဆရာ)။ အဲဒီယုံကြည်မှုကလေးက အရေးကြီးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ယုံကြည်လာတယ်တဲ့ ယခုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကဟောတော်မူတဲ့ ဓာတ်တရားကြီးက သဘောတရားအနေအားဖြင့် တကယ်ရှိတယ် တကယ်ထင်ရှားရှိတယ် အဟုတ်ရှိတယ် ငါကိုယ်တိုင်လည်းသိလာပြီ သိပြီးသည့်အတိုင်းပဲ ငါ အထူးသဖြင့်ယုံကြည် ယုံကြည်ရဲ့လား (ယုံကြည်ပါတယ်ဆရာ)။ အေး ယုံကြည်လိုက် ယုံကြည်လိုက်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအကွက်ကလေးကနေပြီးတော့ တို့များလည်းပဲ လူပြိန်း တစ်ယောက်သဘောပေါက်စေလိုတဲ့အနေအားဖြင့် တတ်သမျှမှတ်သမျှ စကားပရိယာယ်နဲ့ အမျိုးမျိုး အဖုံဖုံပဲ သင်ကြားပေးတယ်၊ ယခု ဘုရားကိုယ်တော်မြတ်ကဟောတော်မူတဲ့ သဘောတရားအနေနဲ့ တကယ်ထင်ရှားရှိတဲ့ ပရမတ္ထတရားကြီးကို ရှိမှန်းသိသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ရှိတာကို ယုံကြည်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး မှတ်ထား မှတ်ထား၊ ဒါဖြင့် ဒီလိုယုံကြည်သွားတဲ့ အယူအဆဟာ မှန်သလားမှားသလား (မှန်ပါတယ်ဆရာ)။ မှန်တယ်လား (ဟုတ်ကဲ့ပါဆရာ)။

စောစောက မရှိတဲ့တရားကို ရှိတယ်လို့ယူထား မမှားဘူးလားကွယ် (မှားပါတယ်ဆရာ)။ တကယ်ရှိတဲ့တရားကို မရှိဘူးလို့ယူတယ် မမှားဘူးလားကွယ် (မှားပါတယ်ဆရာ)။ ဩော် ရှိတာ, မရှိတာ တရားနှစ်ပါးပါပဲ၊ နှစ်ပါးလုံးရဲ့အယူဝါဒဟာ မှားတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ တကယ်မရှိတဲ့တရားကြီးကို မရှိဘူးလို့တို့ကသိပြီနားလည်ပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



တကယ်ရှိတဲ့တရားကိုရှုမှန်းသိပြီ ယုံကြည်ပြီ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ နှစ်ခုစလုံးမှန်နေပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ သမ္မာဒိဋ္ဌိဉာဏ်လို့ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ သမ္မာဒိဋ္ဌိဉာဏ်ရဲ့ တန်ဖိုးက ဓာတ်ကြီးလေးပါးပေါ်မှာ တကယ်ရှိတယ်လို့ ယခု ပရမတ်အသိအနေအားဖြင့် ယုံကြည်မှု သဒ္ဓါတရား အဝေစ္စပသာဒလို့နော် (ဟုတ်ကဲ့ပါဆရာ)။ အဝေစ္စပသာဒဆိုတာ မတုန်မလှုပ်သော ယုံကြည်မှုတဲ့၊ ဒါပေမယ့် တစ်ဖက်သောပုဂ္ဂိုလ် တစ်ပါးသောပုဂ္ဂိုလ်တို့က မင်းကိုခြောက်လှန့်ပြီးတော့ ပထဝီဆိုတာဘယ်သဘော ပထဝီဆိုတာ အစိုင်အခဲတွေဝတ္ထုပစ္စည်းတွေပေါ့ကွာ၊ ကျမ်းဂန်က ဘယ်လိုလာတာ ပါဠိတော်ကဘယ်လိုလာတာ မင်း ဘယ်လိုပြောယူ ရွတ်ဖတ် ဟိန်းရင် ခြောက်ရင် လှန့်ရင် ဒီအယူစွန့်ဦးမှာလား (မစွန့်ပါဘူးဆရာ)။ ဒီပထဝီဟာသဘောတရားပါပဲ ဟာ ဟုတ်ပါတယ် အတုံး အလုံး မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ အကောင်အထည်မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ အမှုန်အမွှားလေးတွေ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဘယ်သူခြောက်ခြောက် ဘယ်သူကလှန့်လှန့် မင်းဒီအယူက မဖျောက်ဘူးပေါ့ (မဖျောက်ပါဘူးဆရာ)။ မစွန့်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

အေး သေသေချာချာမှတ်ထား အဝေစ္စပသာဒသဒ္ဓါလို့ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူတစ်ပါးလှုပ်ရှားတိုင်း မလှုပ်ရှားဘူးတဲ့ သူတစ်ပါးခြောက်လှန့်တိုင်း မပျောက်ပါဘူးတဲ့ ယိမ်းယိုင် မသွားဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်ယုံကြည်ထားတဲ့ အယူဝါဒ မြဲမြဲစွဲစွဲ ခိုင်ခိုင်မတ်မတ် တည်တည်တံ့တံ့ ယုံကြည်ထားတဲ့ တရားမျိုးဟာ အဝေစ္စပသာဒသဒ္ဓါလို့ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအဝေစ္စပသာဒသဒ္ဓါရှိတဲ့ပုဂ္ဂိုလ်က ဓာတ်ကြီးလေးပါးအပေါ်မှာ တကယ်မတုန်လှုပ် သောသဒ္ဓါတရားဖြင့် ယုံကြည်လာတဲ့ပုဂ္ဂိုလ် ထိုသဒ္ဓါတရားနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီပုဂ္ဂိုလ်မျိုးကို မှတ်ထားပါတဲ့၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အဲဒီအပါယ်လေးပါး ဘယ်တော့မှ မလားဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါတို့ တိကာအင်္ဂုတ္တိုရ် ကိုယ်တော်မြတ်တိုက်ရိုက်ဟော ထားတာရှိပါတယ်၊ အဲဒါ တို့လူစု အမြတ်ထွက်တဲ့နည်းလေ တို့များအခုညတော့ ဓာတ်ကြီးလေးပါး ဇာတ်လည်းသိမ်းတဲ့ညဆိုပြီးတော့ မိမိတို့ရလာတဲ့ဓာတ်လေးပါး၊ မိမိတို့မြင်လာတဲ့အမြင် မိမိတို့ သိလာတဲ့အသိလေးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

ထို့ဟာ အခုလောက်ပဲ တစ်လနှစ်လဆိုသလို အပင်ပန်းခံ အနွမ်းအနယ်ခံပြီးတော့ ဒီသင်တန်းကို အပတ်တကုတ် ကြိုးစားအားထုတ်ပြီး တက်လိုက်တယ်ဆိုရင်ပဲ သေသေချာချာကြည့်ကွဲ့။ ငါခုနက စောစောကပြောတဲ့ အဝေစ္စပသာဒဆိုတဲ့ သဒ္ဓါတရားလေးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ယုံရောတကယ်ယုံကြည်ကြရဲ့လားဟ (ယုံကြည်ပါတယ်ဆရာ)။ နားရောလည်ပုံပေါ်ရဲ့လား (လည်ပါတယ် ဆရာ)။ ဓာတ်လေးပါးလုံးလေ (ဟုတ်ကဲ့ပါဆရာ)။ ဘယ်အလုံးမှ အဖုအဖတ် အမှုန်အမွှားအနေနဲ့

http://www.dhammadownload.com



အခုအခံမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ သဘောတရားသက်သက်ချည်းပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီသဘောတရား၊ ဒါဖြင့် ဒီသဘောတရားလေးတွေမြင်သွားတဲ့ ဒီသဘောလေးခု ပေါင်းစုပြီးဖြစ်ပေါ်နေတဲ့ ကိုယ်ကိုလည်းပြန်ပြီးတော့သုံးသပ်ပါလို့၊ တရားဆိုတာ ကိုယ်မှာပြန်စစ်မှ တရားမှန်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဇ္ဈတ္တသဏ္ဌာန်နဲ့ဗဟိဒ္ဓသဏ္ဌာန်တဲ့ မြတ်စွာဘုရားဟောတဲ့ အဇ္ဈတ္တသဏ္ဌာန်ဖြစ်ပျက်နေတဲ့ သဘာဝကိုအဓိကထားပြီးဟောတော့ ကိုယ်ပေါ်ပြန်တင်ကြည့်တဲ့၊ ကိုယ့်ခန္ဓာ သူတစ်ပါးခန္ဓာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ပြန်တင်ကြည့်၊ ပြန်တင်ကြည့်တဲ့အခါ ကျတော့ ပထဝီနဲ့ဝေဖန်ရင် မင်းတို့ငါတို့မှာ ခေါင်း လက် ကိုယ် ခြေ မျက်လုံး မျက်ခွက် အသား အသွေးဆိုတဲ့ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်ကြီး ပျောက်သွားပါလိမ့်မယ်တဲ့ ပျောက်ရဲ့လား (ပျောက်သွားပါတယ်ဆရာ)။

ဒါသုံးပြီး သုံးသပ်ပြန်တော့လည်းပဲ ဉာဏ်မျက်စိနဲ့ဝေဖန်ကြည့်လိုက်ရင် ဒီအကောင်အထည်ကြီး လုံးဝပျောက်သွားပြီးတော့ အာပေါဓာတ်ကြီး မြင်လာလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဖွဲ့စည်းခြင်း အမူအရာလေး တစ်ကိုယ်လုံးက ခေါင်းကအစခြေဖျားအထိအောင် ဖွဲ့စည်းတဲ့အမူအရာသာမြင်ရမယ် အာပေါဓာတ်လက္ခဏာချည်း ပေါ်နေတာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ပြန်ကြည့် ကိုယ်ပေါ် ပြန်ကြည့်၊ ခေါင်းကအစခြေဖျားအထိအောင် ပထဝီဓာတ်နဲ့ ငါ့ကိုယ်ဝေဖန်ခဲ့သော် ငါရှိတယ် ယောကျ်ား ရှိတယ် မိန်းမရှိတယ် ပုဂ္ဂိုလ်သတ္တဝါရှိတယ် အကောင်အထည်ရှိတယ်ဆိုတာ မဟုတ်၊ အမှန်က ပထဝီဓာတ်တုံးဓာတ်ခဲပဲ ပထဝီဓာတ်ကြီးပဲတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီပထဝီဓာတ်တော့ မြင်လိမ့်မယ် သေသေချာချာကြည့် အဲဒါ ကျပ်ကျပ်ကြီးသုံးသပ်။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဓာတ်လေးပါး တစ်ပါးပါးသုံးသပ်ခိုင်းတယ်၊ နိဗ္ဗာန် ရောက်တယ်လို့ တိုက်ရိုက်ပြထားတာရှိပါတယ် ဒါအင်မတန်ကိုတိကျတဲ့သဘာဝ၊ အဲဒီလို ပရမတ် အမြင်လေးနဲ့မြင်ပြီးတော့ ကိုယ်ပေါ်ပြန်ပြီးတော့ သုံးသပ်တတ်မှ စောစောကပြောသလို နိဗ္ဗာန် မျက်မှောက်ပြုနိုင်မယ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရကြမယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ အကောင်အထည် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟူသောအနေနဲ့သာ သုံးသပ်နေလို့ရှိရင် ဘယ့်နှယ်မှရမှာ မဟုတ်ဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ ပညတ်ဖြစ်လို့တဲ့ ပညတ်ပေါ်တင်နေတယ်၊ အများတွေမြင်နေတယ် အများတွေယူနေတယ် အများတွေသိနေတယ် ဒီလိုဖြစ်၊ ဟော ခုတော့ တို့လူစု ဓာတ်လေးပါးသင်ပေးလိုက်တော့ ဓာတ်လေးပါးခန်းအခြေခံက ဓာတ်ကြီးလေးပါးပဲ၊ မဟာဘုတ်လေးပါးလည်းခေါ်ရဲ့ ဘူတရုပ်လေးပါးလည်းခေါ်ရဲ့၊ ဩဇာ ရုပ်ဓာတ်နှစ်ဆယ့်ရှစ်ပါး ဘုရား ကိုယ်တော်မြတ်ဟောထားတာ ဒီဓာတ်ကြီးလေးပါးက အခြေခံကနေစဖြစ်တဲ့ ဓာတ်ကြီးတွေပါနော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။

အေး ဒီခဏ်တ်ကြီးလေပါးကမကင်းတဲ့ခဏ်တ်ကြီးတွေ၊ ဒါကြောင့် အခြေခံတည်းဟူသော ခဏ်တ်လေးပါးကို တစ်လုံးချင်းတစ်လုံးချင်း ရှင်းလိုက်တော့ တို့လူစုလည်းလင်းသွားပါပြီ၊ ပညတ်တွေလည်းရှင်းသွားပါပြီ၊ ပရမတ်ဆိုတဲ့သဘာဝ သဘောတရားသက်သက်ကလေးပေါ် ဉာဏ်ချက်ရောက်လာတော့ ပထဝီခဏ်တ်တစ်လုံးနဲ့ သုံးသပ်ကြည့်ရင်ကိုယ်ပျောက်တယ် မပျောက်ဘူးလားကွ (ပျောက်သွားပါတယ်ဆရာ)။ ပထဝီခဏ်တ်တစ်လုံးသုံးသပ်သွားပြီးရင် ကိုယ်ပျောက်တယ်၊ အဲဒီမပျောက်သေးတဲ့ပုဂ္ဂိုလ်များရင် အပြန်ပြန်အထပ်ထပ် ဝေဖန်သုံးသပ်ကြည့်ပါ၊ ဉာဏ်နဲ့ ပထဝီခဏ်တ်ကို တိုက်ကြည့်ပါ၊ ကြည့်လို့ရှိရင်ကိုယ်ပျောက်သွားလိမ့်မယ် ငါကိုယ် ငါယောက်ျား ငါလူ ငါသတ္တဝါ ငါအကောင်အထည်လို့ ဒီသဘောတရားလေးကို သေသေချာချာကြည့်လိုက်ပါ။ ပထဝီခဏ်တ်နဲ့ သေသေချာချာကြည့်လိုက်တော့ ဘယ်နေရာမှ ငါ့ကိုယ်ကိုလည်းရှာကြည့်လို့မရဘူး၊ အကောင်အထည်လည်းရှာလို့မရဘူး၊ ယောက်ျားမိန်းမလည်းရှာလို့မရဘူး၊ ပုဂ္ဂိုလ်သတ္တဝါလည်း ရှာလို့မရဘူး ရှာလို့ရသေးသလား (မရပါဘူးဆရာ)။ ရှာကြည့်တော့ ဘာတွေတွေ့သလဲ (ပထဝီခဏ်တ်ကိုတွေ့ရပါတယ်ဆရာ)။ ပထဝီခဏ်တ်ကိုသာ တွေ့ရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပထဝီခဏ်တ်ကိုမလွတ်တမ်းပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ မလွတ်တမ်းတွေ့မယ်တဲ့ ပထဝီခဏ်တ်ကို၊ မှတ်စရာဆိုတော့ လက္ခဏာကိုရှာကြည့် ပထဝီခဏ်တ်ကိုချည်းတွေ့တယ် ဘာဖြစ်လို့ ပထဝီခဏ်တ်ကိုချည်းတွေ့ရသလဲ၊ ပထဝီခဏ်တ်ပဲရှိတာကိုး သူရှိတာ ပုဂ္ဂိုလ်သတ္တဝါမှမရှိဘဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အာပေါခဏ်တ်နဲ့ ဝေဖန်ကြည့်လိုက်တော့ ၎င်းအတိုင်းပါပဲ၊ ကြည့်လိုက်ရင် အာပေါခဏ်တ်ကို ဉာဏ်ပေါ်တင်ပြီးတော့ ဉာဏ်နဲ့အာပေါခဏ်တ်ကိုကြည့်ပြီးတော့ သုံးသပ်ကြည့်စမ်း၊ အခုနပြောခဲ့တဲ့ ငါကောင် သူကောင် ပုဂ္ဂိုလ်ကောင် ပျောက်သွားလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာမြင်သတုန်း ဉာဏ်နဲ့ကြည့်လိုက်၊ အာပေါခဏ်တ်ချည်းပဲ မြင်လိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ နောက်တစ်ခါ တေဇောခဏ်တ်ကိုကြည့်ပြန်လည်းပဲ တေဇောခဏ်တ်ကိုချည်းမြင်ပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါ လုံးဝ ရှာလို့မရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ တေဇောခဏ်တ်ချည်းပဲမြင်ရတယ် နောက်တစ်ခါ ဝါယောခဏ်တ်ကို ကြည့်လိုက်တော့ ၎င်းနည်းအတိုင်းပါပဲ ဝါယောခဏ်တ်ချည်းပဲမြင်တယ် ဘာမှ ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား မိန်းမ ခေါင်း ကိုယ် ခြေ မျက်စိ အသား အသွေး စသည် အကုန်လုံးပျောက်တယ်၊ ဘာတွေမြင်သလဲဆိုတော့ ထောက်ကန်တဲ့သဘောလေး ဝါယောခဏ်တ်ချည်းပဲမြင်ရတယ်၊ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် တစ်ကိုယ်လုံးမှာ ခဏ်တ်ကြီးလေးပါးနဲ့ တစ်ခါတည်း စုပေါင်းပြီးတော့ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ခဏ်တ်ကြီးလေးပါးနဲ့ စုပေါင်းပြီးတော့ တစ်ခါတည်း ဉာဏ်နဲ့

http://www.dhammadownload.com



ဆင်ခြင်လိုက်တော့ ဘာတွေ့သလဲဆိုတော့ ပထဝီတွေ့မယ် အာပေါတွေ့မယ် တေဇောတွေ့မယ် ဝါယောတွေ့မယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပုဂ္ဂိုလ်သတ္တဝါ တွေ့ရမှာလား (မတွေ့ရပါဘူး ဆရာ)။ ဘာကြောင့် မတွေ့ရသလဲ (ပုဂ္ဂိုလ်သတ္တဝါမရှိလို့ပါဆရာ)။

အေး မရှိလို့မတွေ့တာ ရှိရင်တကယ်တွေ့မယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဓာတ်ကြီး လေးပါးတို့နဲ့ သုံးသပ်ဆင်ခြင်လိုက်သောအခါကျတော့ ပုဂ္ဂိုလ် သတ္တဝါတွေ တွေ့သေးလား (မတွေ့ ပါဘူးဆရာ)။ ဘယ်တွေ့မလဲ နဂိုကရှိတဲ့တရားမှမဟုတ်ဘဲနော် (ဟုတ်ကဲ့ပါဆရာ)။ သမ္မုတိသစ္စာ အနေအားဖြင့် ဒါယောကျ်ား ဒါမိန်းမ ဒါပုဂ္ဂိုလ် ဒါသတ္တဝါလို့ခေါ်တာ ဒါအကောင်အထည် ခြေ ကိုယ် မျက်လုံး မျက်ခုံး အစရှိအားဖြင့် ဒီလိုခေါ်ထားတယ် အမှန်ကတော့လုံးဝမရှိ၊ ဓာတ်ကြီးလေးပါးရဲ့ အစုအဝေးပါပဲလို့ ဒီလိုမြင်တာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုမြင်လိုက်တော့ ခုနကိုယ်ကောင်ကြီးက မပျောက်သွားဘူးလား (ပျောက်သွားပါတယ်ဆရာ)။ ငါကောင်သူကောင် မပျောက်သွားဘူးလား (ပျောက်သွားပါတယ်ဆရာ)။ သတ္တဝါကောင် မပျောက်သွားဘူးလား (ပျောက်သွားပါတယ်ဆရာ)။ အေး အဲဒီလို ပျောက်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့်

''ပထဝိဓာတုံ ခေါ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ''တဲ့။ (သဠာယတနသံယုတ်၊ စာပိုဒ်၊ ၁၆၆)

ပထဝီဓာတ်တစ်လုံးကို သုံးသပ်တာနဲ့ ကိုယ်ကောင်ပျောက်နိုင်တယ်တဲ့၊ ကိုယ်ကောင်က သက္ကာယစွဲပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ သက္ကာယဒိဋ္ဌိတဲ့ အဲဒီသက္ကာယဒိဋ္ဌိဆိုတာ အကြီးဆုံးသော ရန်သူပဲလို့ မှတ်ထားပါနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့ အပါယ်လေးပါးကို တဖြုန်းဖြုန်း ချလိုက်တာကသူပဲ သူရှိနေသမျှ အပါယ်လေးပါးမှ မလွတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုမရနိုင်ဘူး ဒိဋ္ဌိကိလေသာဆိုတာ မဂ်ကိုမရနိုင်အောင် တားမြစ်တဲ့ အန္တရာယ် ငါးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်နေလို့၊ ၎င်းသက္ကာယဒိဋ္ဌိသည် ကြီးသောရန်သူပဲလို့ ဒီလို မှတ် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါတွေ ဆိတ်သုဉ်းသွားအောင် အသက်လိပ်ပြာ ဆိတ်သုဉ်းသွားအောင် ခေါင်းတွေ လက်တွေ ကိုယ်တွေ ခြေတွေ အကောင်အထည် အထည်ဒြပ် သဏ္ဌာန်တွေ ဆိတ်သုဉ်းသွားအောင် မိမိတို့ရဲ့အဇ္ဈတ္တသဏ္ဌာန်မှာအမှန်ဖြစ်နေတဲ့ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကို တစ်ပါးချင်းတစ်ပါးချင်း မတတ်မချင်းသင်ပေးနေ တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သင်ပေးတော့ မတတ်လာဘူးလား (တတ်လာပါတယ်ဆရာ)။ အေး သင်ပေးမှတတ်လာတယ် မသင်ဘဲနဲ့မတတ်ဘဲကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ သင်ပေးမှ တတ်လာတယ် တို့လူစုကသိလာတယ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဪ် လက်စသတ်တော့ စေတ်ဆိုတာသဘောတရားသက်သက်ပဲလို့၊ အဲဒီသဘော တရားလေးခု ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ သဘောတရားလေးခု ပေါင်းလိုက်တော့ တစ်ခုချင်းမေးလိုက်တော့ ဘာတစ်ခုမျှရှာကိုမရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အမှုန်အမွှားလေး မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ တစ်ခုချင်းတုန်းကလဲ အမှုန်အမွှားလေးရှာရတဲ့စေတ်တွေမဟုတ်ဘူး သဘောတရားသက်သက်ကလေးပဲ၊ အဲဒီလေးခုစလုံးပေါင်းလိုက်တော့ ရွှေးစေ့လောက်ရှိလား (မရှိပါဘူးဆရာ)။ နှမ်းစေ့လောက် (မရှိပါဘူးဆရာ)။ ရေမှုန်လေးလောက် (မရှိပါဘူးဆရာ)။ ပရမာဏုမြူလောက် (မရှိပါဘူးဆရာ)။ စေတ်ကြီးလေးပါးပေါင်းလိုက်တော့ ပရမာဏုမြူလောက် မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဘာတွေရှိသလဲ (သဘောသက်သက်ကလေးသာရှိပါတယ်ဆရာ)။ အေး သဘောတရားသက်သက်ကလေးရှိတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သဘောတရားက ဘယ်နှစ်ခုရှိလဲ (လေးခုရှိပါတယ်ဆရာ)။ အေး သဘောတရားလေးခုရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဪ် သဘောတရားတူတာကိုမင်းကို ထပ်ပြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သဘောတရားတူတာကို ထပ်ပြလိုက်တော့ဘာမှမရှိဘူး တစ်ခုတည်းတွေ့တဲ့အဓိပ္ပာယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုဆိုရင် မင်းစေတ်လေးပါးကို ထပ်ခွဲလို့မရဖြစ်နေတာကိုး (ဟုတ်ကဲ့ပါဆရာ)။

သဘောတရား သဘောတရားအချင်းချင်းအတူတူတွေပဲ၊ ပထဝီစေတ်လည်းသဘောတရား အာပေါစေတ်လည်းသဘောတရား တေဇောစေတ်လည်းသဘောတရား ဝါယောစေတ်လည်း သဘောတရား သဘောတရားချင်းထပ်လိုက်တော့ တစ်ခုတည်းလိုထင်ရတာပေါ့၊ တစ်ခုတည်းလို ဖြစ်သွားရတာပေါ့ စမ်းလို့မတွေ့ ကိုင်လို့မတွေ့ ရှာလို့မတွေ့ ကြည့်လို့မမြင်ဘူးပေါ့ (ဟုတ်ကဲ့ပါ ဆရာ)။ သဘောတရားချင်းထပ်နေတာပေါ့၊ ဒါပေမယ့် အဲဒီလိုတစ်ခုချင်းပြောရမယ်ဆိုရင် စေတ်လေးပါးက ခွဲလို့မရဘူးနေမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ ခွဲလို့ရတယ်နော် (ရပါပြီ ဆရာ)။ အေး ဒါကြောင့် သူ့လက္ခဏာနဲ့သူခွဲ သူ့သဘောနဲ့သူခွဲ ဒါကြောင့် သူ့လက္ခဏာနဲ့ သူ့သဘောနဲ့သူဆောင်နေတတ်တဲ့ စေတ်သဘောတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု"လို့ မိမိရဲ့သဘောကို မိမိဆောင်နေ၏၊ ဒါကြောင့် လက်စသတ်တော့ ပထဝီစေတ်ကလည်း သူ့လက္ခဏာနဲ့သူ့သဘောဆောင်နေတတ်တဲ့ သဘောတရားကြီးပါပဲ၊ အာပေါစေတ်လည်းပဲ သူ့လက္ခဏာနဲ့ သူ့သဘောဆောင်နေ ဖြစ်နေတယ်၊ တေဇောစေတ်လည်းပဲ သူ့လက္ခဏာနဲ့ သူ့သဘောဆောင်နေ ဖြစ်နေတယ်၊ ဝါယောစေတ်လည်းပဲ သူ့လက္ခဏာနဲ့ သူ့သဘောဆောင်နေ ဖြစ်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး အေး ပေါင်းလိုက်တော့ ဘာမှလည်းစမ်းလို့မရ ရှာဖွေလို့မရပါဘူးနော် (ဟုတ်ကဲ့

http://www.dhammadownload.com



ပါဆရာ)။ ဘာမှ စမ်းသပ်ရှာဖွေလို့မရပါဘူး၊ ဒါပေမယ့် စမ်းသပ်ရှာဖွေလို့မရဘဲ ဘာမှမရှိဘူးလို့ မပြောနဲ့ သဘောတရားအနေနဲ့ တကယ်ထင်ရှားရှိတဲ့တရားတွေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် မင်းတို့ကိုယ်ပေါ် ဓာတ်လေးပါးနဲ့ပြန်တင်ကြည့်၊ ပြန်တင်ကြည့်လိုက်တဲ့အခါ တစ်ပါးနဲ့တင်ကြည့်ရင်ကိုယ်ပျောက်တယ် နှစ်ပါးနဲ့တင်ကြည့်ရင်ကိုယ်ပျောက်တယ် သုံးပါးနဲ့တင်ကြည့်ရင်ကိုယ်ပျောက်တယ် လေးပါးနဲ့တင်ကြည့်ရင်ကိုယ်ပျောက်တယ် အဲဒီကိုယ်ကောင်ကြီး ပျောက်သွားပြီဆိုမှဖြင့် အဲဒါသက္ကာယဒိဋ္ဌိ အရင်တုန်းကယုံကြည်လာတဲ့ ငါရှိ သူရှိ ပုဂ္ဂိုလ်ရှိ သတ္တဝါရှိတဲ့သက္ကာယဒိဋ္ဌိက အလိုလိုခွာသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အလိုလိုစွန့်တယ်တဲ့ ဒီအယူဝါဒ၊ ဩော် အရင်တုန်းက ငါရှိတယ် သူရှိတယ် ပုဂ္ဂိုလ်ရှိတယ် သတ္တဝါရှိတယ် ယောကျ်ားမိန်းမရှိတယ် အသက်လိပ်ပြာရှိတယ် အကောင်အထည် အထည်ဒြပ်သဏ္ဌာန်ရှိတယ်လို့ ယူလာတဲ့အယူဝါဒကို ဘုရားကိုယ်တော်မြတ်ဟောကြားတော်မူတဲ့ ဓာတ်ကြီးလေးပါးနဲ့ ခွဲပြီး ဝေဖန်ကြည့်လိုက်တော့ တကယ်မရှိပါတဲ့၊ ဒီလိုတဖြည်းဖြည်းပေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့်ရင် ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ယုံကြည်မှုတည်းဟူသော သက္ကာယဒိဋ္ဌိ ယုံပါ့ဦးမလားဟ (မယုံတော့ပါဘူးဆရာ)။ အေး မယုံတော့ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီသက္ကာယဒိဋ္ဌိ ကိလေသာအဆိုးကြီးကို အခွာရအရှင်းရ လွယ်ကူစေခြင်းအကျိုးငှာ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကိုပြ၏၊ ၎င်းဓာတ်ကြီးလေးပါးကလည်း တစ်ခုချင်းတစ်ခုချင်း သဘောတရားသက်သက်ကလေးတွေဆိုတဲ့အသိဉာဏ်နဲ့ တို့လူစုပြတယ် ယုံကြည်မှုတွေရှိပါနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီယုံကြည်မှုသည် သေသည့်တိုင်အောင်မပျက်ပါစေနဲ့၊ ဘယ်ပုဂ္ဂိုလ်က နှောင့်ယှက်နှောင့်ယှက် ဘယ်ပုဂ္ဂိုလ်ကခြောက်ခြောက် ဘယ်ပုဂ္ဂိုလ်ကလှန့်လှန့်မပျက်ပါစေနဲ့၊ ပြောရဲတယ်ဆိုတဲ့အနေအားဖြင့် ငါကဥပမာပြောတာ၊ ဘယ်သူမှ သူတော်ကောင်းဆိုတာမလုပ်ပါဘူး ခြောက်လှန့်မှုဆိုတာမလုပ်ပါဘူး၊ ပထဝီဓာတ်ဟာသဘောတရားသက်သက်ကလေး ပထဝီဓာတ်ဆိုတာ "ကက္ခဠတ္တလက္ခဏာ"လို့၊ ပထဝီဓာတ်ဆိုတာ သဘောတရားသက်သက်ကလေးရှိတယ်၊ တစ်ယောက်ကလာပြီး ခြိမ်းခြောက်ပြီးတော့ ဘယ်ဘဝပဲဖြစ်ဖြစ် ပထဝီဓာတ်ဆိုတာ အတုံး အလုံး အခဲပေါ့ ဒီမြေကြီးကပထဝီပေါ့ကွ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတုံးတွေ တိုင်တွေ တောတွေ တောင်တွေ ဒါပထဝီတွေပေါ့ကွ၊ ပထဝီဆိုတာပထဝီဓာတု တူရာတူရာဓာတ်ကြီးဟာပထဝီဓာတ်ပေါ့ ပြောရင် ဘာမှမရှိဘူး၊ ဘယ်အပေါ်သွားတည်မတုန်းဟ ပထဝီဓာတ်ဆိုတာ အတုံး အလုံး အခဲ အစိုင်အခဲအားဖြင့် ဝတ္ထုပစ္စည်းနဲ့ တကယ်ရှိတာပေါ့ ပါဠိပါဌ်သားတွေ ရှုတ်ရှုတ်ဖတ်ခြိမ်းခြောက်လုပ်ရင် မင်းတို့လွင့်သွားမှာလား (မလွင့်ပါဘူးဆရာ)။ ဒီဘဝကစွန့်သွားမှာလား (မစွန့်ပါဘူးဆရာ)။ ခိုင်ခိုင်မြဲမြဲ

http://www.dhammadownload.com



ယုံကြည်ထားတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ငါကြားဖူးလို့ပြောတာပေါ့ ဘုရားလက်ထက် တုန်းက သူရအမ္ဗဋ္ဌက ဒီလိုတဲ့ဟ။

## ခိုင်ခိုင်မြဲမြဲ ယုံကြည်တဲ့ သူရမ္ဗဋ္ဌပုဂ္ဂိုလ်အကြောင်း

သူရအမ္ဗဋ္ဌဆိုတဲ့ ဥပါသကာတစ်ယောက် တို့မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီလိုပဲ ခေတ်တရား ပရမတ်တရားဟောတယ်၊ ဟောတော့ တစ်ခါတည်း ခေတ်တရားပရမတ်တရားတွေ နားလည် သိမြင်သွားပြီးတော့ သမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ကြီးရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ရတော့ ဘုရားကိုယ်တော်မြတ်က ဩော် ငါ့သားတော်သူရအမ္ဗဋ္ဌက တရားထူးရပြီဆိုပြီးတော့ ကိုယ်တော်မြတ်က ပြန်ကြွ၊ မာရ်နတ်က ကြည့်ကွလို့လစ်ရိယရှိပုံ၊ မာရ်နတ်က တို့ဘုရားလက်ထက်မှာဖြင့် အမြဲမပြတ် ကိုယ်တော်မြတ်ကို အကဲခတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လောက်များ ဝီရိယကြီးတဲ့မာရ်နတ်လဲလို့၊ ဘယ်တော့မှသူမေ့မပစ်ဘူး သတိမေ့လျော့မနေဘူး ဘုရားကိုချည်းလိုက်ကြည့် ဘယ်နေရာနိမ့်ပါမလဲ ဘယ်နေရာတိမ်းသွားပါ့မလဲ ဘယ်နေရာစောင်းသွားပါ့မလဲ ဘယ်နေရာအကွက်ကောင်းပေါ်ပါ့မလဲ ဒါပဲလိုက်ကြည့်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်ကြည့်သူရအမ္ဗဋ္ဌက,က မြတ်စွာဘုရား ကိုယ်တော်မြတ် တရားဟောကတည်းက တရားပြကတည်းကသူကကြည့်၊ ဘာကြည့်လို့လဲဆိုတော့ သူ့မှာမြတ်စွာဘုရားကိုယ်တော်မြတ် သူတော်ကောင်းတရားနာရလို့၊ အရိယာဖြစ်သွားမယ်ဆိုလို့ရှိရင် သူဘုရားဖြစ်တဲ့အခါချွတ်ရမဲ့သတ္တဝါထဲက တစ်ယောက်နည်းသွားမှာစိုးလို့တဲ့။

ဒါကြောင့်ပြောတယ် ဒါကိုတော့ကြောင့်ကျတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သတ္တဝါအနန္တပါကွာ မကုန်နိုင်ပါဘူး အဲဒီတော့ သူကသက်သက်မနာလို မုန်းထားတဲ့စိတ်နဲ့ ဘုရားကိုချည်းလိုက်အနှောင့် အယှက်ပေးတယ်၊ ဒီတော့ သူရအမ္ဗဋ္ဌက မြတ်စွာဘုရားကိုယ်တော်မြတ် တရားဟောနေတဲ့အခါ သူကကြည့် ဟောနေတော့ ရုတ်တရက်မဝင်နိုင်ဘူး၊ ဘုရားလည်းပဲငါသားတော့ဖြင့်တရားထူးရပြီ သမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ကြီးရသွားပြီဆိုတော့ ကိုယ်တော်မြတ်ကပြန်ကြွသွား၊ ပြန်လဲကြွသွားရော သူက အခွင့်ကောင်းပေါ်ပြီ၊ ဒီအကောင်တော့ ဒီသူရအမ္ဗဋ္ဌက ဒီဂေါတမဟောတော်မူတဲ့တရား လက်ခံထား ရင်ဖြင့် အရိယာဖြစ်သွားရင် ငါ့လက်တွင်းကလွတ်ရချည်ရဲ့ ခင်းတော့ မဖြစ်အောင်နှောင့်ယှက်မှပဲ၊ ဟော မာရ်နတ်က ဘုရားယောင်ဖန်ဆင်းပြီး၊ သူက တတ်လည်းတတ်နိုင်တယ် တန်ခိုးကတယ်ကြီး ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဘုရားယောင်ဖန်ဆင်းထားပြီ ဒါဘုရားနဲ့ရွေးမရပါဘူး၊ ဒီတော့ သူရအမ္ဗဋ္ဌရဲ့ အိမ်ပေါက်လာပြီးတော့ရပ်တယ်၊ သူရမ္ဗဋ္ဌက ဘုရားကြွသွားတာ ခုပဲတရားပြပြီး ကြွသွားရုံရှိသေးတယ်၊ ခုပဲ ဒီဘုရားကိုယ်တော်မြတ်ပြန်ကြွတယ်ဆိုတော့ သုတ်သီးသုတ်ပြာနဲ့ အမယ်အရှင်ဘုရား ခုပဲကြွသွားပါတယ်ဘုရား၊ အရှင်ဘုရား ဘယ်ကိစ္စကြောင့် ဘယ်အကြောင်းကြောင့်

http://www.dhammadownload.com



အရှင်ဘုရား ချက်ချင်းပဲပြန်ကြွလာပါသလဲဘုရားလို့ လျှောက်တယ်။

အေး ငါလာတာ တခြားအကြောင်းမဟုတ်ဘူးကွ၊ မင်း ငါစောစောက ငါပြောခဲ့တဲ့တရားတွေ နည်းနည်းမှားနေလို့ ပြင်ဆင်ချင်လို့ပါလို့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းကို စောစောကငါဟောခဲ့တဲ့ တရားတွေ နည်းနည်းမှားနေလို့ ၎င်းအမှားတွေကိုပြင်ဆင်ချင်လို့ကွယ့် ဘယ်လိုမှားနေသလဲဆိုတော့ ရှုတ်တရက်အနေနဲ့ သူမသိရှာသေးဘူး ဘုရားဘဲမှတ်တယ် ဘယ်လိုမှားနေတုန်း အခုနတုန်းက မင်းကိုငါ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး ယောကျ်ားမိန်းမမရှိဘူး အသက်လိပ်ပြာမရှိဘူး အကောင်အထည် အထည်ဒြပ်သဏ္ဌာန်မရှိဘူးနဲ့ ပရမတ်သဘောဓာတ်သဘောတွေ ပြောခဲ့တယ်ဟေ့ အဲဒါတွေဟာ နည်းနည်းမှားသွားလို့၊ ဘယ်လိုတုန်းဘုရား ပုဂ္ဂိုလ်သတ္တဝါရှိတယ်မရှိဘူးဆိုတဲ့စကားဟာ နည်းနည်းမှားသွားလို့ပြော၊ သူရအမ္ဗဋ္ဌကစဉ်းစားတယ် ဘုရားရှင်တို့ဆိုသည်မှာ တစ်ခွန်းသောစကားကို ပြောပါတယ် မှားလို့ပြင်ရတာမရှိပါဘူး ဒါတင်မကသေး ငါယုံကြည်ထားတဲ့ယုံကြည်မှုဟာ စောစောကပြောခဲ့တဲ့ အဝေစ္စပသာဒတရားခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မတုန်လှုပ်တဲ့ယုံကြည် သော သဒ္ဓါတရားခေါ်တယ်၊ တရားကိုယုံကြည်ထားတာ ဘုရားကိုယ်တော်မြတ် ပြစဉ်အခါတုန်းက ဆိုကြပါစို့။

ဥပမာအားဖြင့် ဒီပထဝီဓာတ်ကို ပြသွားတယ်ဟေ့၊ သူရအမ္ဗဋ္ဌက ပထဝီဓာတ်ဆိုတာ အတုံး အလုံး အခဲ အကောင်အထည် အမှုန်အမွှား အဖြူ အဝါ အကြီး အငယ် အရှယ်အလတ် လေးထောင့် သုံးထောင့် အဝိုင်း အပြား ဒီလို လောကမှာရှိတဲ့ ဝတ္ထုပစ္စည်းအနေနဲ့ ပြောလို့ဖြစ်ကောင်းတာ မဟုတ်ပါဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပြလို့ဖြစ်ကောင်းတာမဟုတ်ဘူး သဘောတရား သက်သက်ကလေးရယ်လို့ ကိုယ်တော်မြတ်ကဟောလို့ သူရအမ္ဗဋ္ဌကမြင်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ သြော် ပရမတ်တရားဆိုတာ ဒါကြောင့် သဘောတရားအနေအားဖြင့်ဟောတာပဲလို့၊ သဘောတရားသက်သက်အနေနဲ့ တကယ်ထင်ရှားရှိတယ်ဆိုတဲ့အသိကို သူရမ္ဗဋ္ဌကရတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကိုင်း ဘုရားရှင်ကပြန်ကြွ၊ သူကလည်းပဲ ဘုရားရှင်ပြန်လာခြင်းကို လက်မခံဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်ကြည့်၊ သူရအမ္ဗဋ္ဌက ဘုရားပြန်လာခြင်းကိုလက်မခံဘူး အေး မာရ်နတ်က ခုနစောစောက ငါပြောထားတဲ့တရားလေး နည်းနည်းလေးမှားနေတယ် တိမ်းလို့ စောင်းလို့ ငါပြင်ရအောင်လာတယ်၊ ဟော နားမဝင်ဘူး သူ့စိတ်ထဲမှာအသိဉာဏ်ထဲမှာ မဖောက် မပြန် မှန်မှန်ကန်ကန်သိတဲ့ ယထာဘူတဉာဏ်ကြီးရပြီးသား ဘယ်ပြင်လို့ရလိမ့်မလဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

မာရ်နတ်သားက ဘုရားအယောင်ဖန်ဆင်းပြီးတော့၊ ဘုရားကိုယ်တိုင်ပြန်လာတယ်ဆိုတဲ့

http://www.dhammadownload.com



အနေမျိုးနဲ့ သူရအမ္ဗဋ္ဌကမယုံကြည်ဘူးတဲ့ သူသိထားတဲ့အသိဉာဏ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့သဒ္ဓါတရားမခိုင်လားကွဲ့ (ခိုင်ပါတယ်ဆရာ)။ အေး အေး အဝေစ္စပသာဒ အင်မတန်ခိုင်တဲ့ သဒ္ဓါတရားနော်၊ ဒီတော့စဉ်းစားတယ် ဘယ့်နှယ့်လဲ ဘုရားအဖြစ်နဲ့ စကားမများလေဘူး ဘုရားအဖြစ်နဲ့ စကားမများလေနိုင် စကားများလို့ပြင်ရအောင်လာတယ်ဆိုတာမဟုတ်ဘူး၊ သူရအမ္ဗဋ္ဌက စဉ်းစားတယ် သမ္မာဒိဋ္ဌိဉာဏ်ကလည်း ရပြီးသားပုဂ္ဂိုလ်ဖြစ်နေတော့ မိမိယုံကြည်တဲ့အနေအားဖြင့်လည်း တကယ့်ကိုပဲ ဘယ်သူပဲခြောက်ခြောက် ဘယ်သူပဲမြှောက်မြှောက် ဘယ်တော့မှ ယိမ်းခြင်း ယိုင်ခြင်းမရှိ အသိဉာဏ်ကပြတ်သားပြီးသားဖြစ်တော့ မဟုတ်ဘူး ဒါကေန်ဒိဋ္ဌ မာရ်နတ်နဲ့တူတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့စိတ်ထဲအကြံပေါ်လာတယ် ဘုရားတော့မဟုတ်တန်ဘူး မဟုတ်တန်ရာ ကေန္တမာရ်နတ်ပဲ၊ ဒီတော့ လှမ်းမေးလိုက်တယ် အသင်မာရ်နတ်မဟုတ်လား၊ ဒီလိုမေးလိုက်ပြန်တော့ ခမျာလည်းမနေဝံ့ရှာဘူး၊ အေး ဟုတ်သားတဲ့၊ ငါ့အိမ်ဝင်းထဲမှချက်ချင်းထွက် အိမ်နားမကပ်နဲ့ လူလိမ်ပဲ နတ်လိမ်ပဲ နတ်ညာကြီးပဲ ဘယ်တော့မှ ငါသိထားတဲ့အသိဉာဏ်ကို ဖျက်လို့ရလိမ့်မယ်မထင်နဲ့ အခုထွက်သွားဆိုတော့ မာရ်နတ်ဒီတော့မှ ထွက်သွားရသကိုးနော် (ဟုတ်ကဲ့ပါဆရာ)။

## ဓာတ်ကြီးလေးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံလျှင် အပါယ်ငရဲမရောက်နိုင်ကြောင်း

အဲဒီသူရအမ္ဗဋ္ဌကလို ရထားတဲ့အသိဉာဏ်မျိုး တို့လူစုလည်း ဒီအဝေစ္စပသာဒဆိုတဲ့ သဘာဝလေးကို သေသေချာချာမှတ်ထားပါ၊ ဩော် ငါတို့ဉာဏ်ထဲမှာ သင်ကြားပေးလို့ တတ်မြောက်လာသည့်တိုင် ငါတို့ကိုယ်တိုင်က ဝေဖန်သုံးသပ်ပြီးတော့ နားလည်လာတယ် ပြတ်သားလာတယ် ဒီအသိဉာဏ်ပြတ်သားတဲ့အတိုင်း, နားလည်တဲ့အတိုင်း ငါတို့လည်းယုံကြည်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တို့တွေ ယုံကြည်မှုသဒ္ဓါတရားဘယ်သောအခါမှ မတွန့်ပါနဲ့လို့ ဒါဖြင့်ကောင်းပါပြီ၊ ဒီဓာတ်လေးပါးတရားကို ပရမတ်သဘောတရားသက်သက်ဆိုတဲ့ အသိဉာဏ် ပရမတ်အသိရောက်လာတော့ အကျိုးပြောစမ်းပါဦးဆိုတော့ စောစောကပြောသလို ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ ဘယ်တော့မှ မလားဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့်

ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ နတ္တေဝ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတဿ အရိယသာဝကဿ သိယာ အညတတ္တံ။ (တိကင့်တ္တိုရ်၊ နိဝေသကသုတ်၊ စာပိုဒ်၊ ၇၆)

ပထဝီဓာတုယာ–ပထဝီဓာတ်ကြီး၏လည်းကောင်း၊ အာပေါဓာတုယာ–အာပေါဓာတ်၏လည်း

http://www.dhammadownload.com



ကောင်း၊ တေဇောစာတုယာ–တေဇောဓာတ်၏လည်းကောင်း၊ ဝါယောစာတုယာ–ဝါယောဓာတ်၏ လည်းကောင်း၊ ဓမ္မေ–ဓာတ်ကြီးလေးပါး၌၊ အဝေစ္စပ္ပသာဒေန–မတုန်မလှုပ်သော သက်ဝင်ယုံကြည် သောသဒ္ဓါတရားနှင့်၊ သမန္နာဂတဿ–ပြည့်စုံသော၊ အရိယသာဝကဿ–ငါဘုရား၏ တပည့် သာဝက၏၊ အညတတ္တံ–ဘုရားမှတစ်ပါး တခြားသောပုဂ္ဂိုလ်၌ ကြည်ညိုခြင်းသည်၊ နတွေဝ သိယာ– မဖြစ်ရာသာလျှင်တည်း။

ဒီဉာဏ်မြင်လိုက်ရင်ပဲ ကိုယ်တော်မြတ်ကိုယ်ကချီးမြှင့်တာ၊ အရိယသာဝက–ငါဘုရားရဲ့ တပည့် သားတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ သာဝကဖြစ်သွားပြီ၊ အဝေစ္စပ္ပသာဒေန–မတုန်မလှုပ် သက်ဝင်ယုံ ကြည်သော သဒ္ဓါတရားနှင့်၊ သမန္နာဂတဿ–ပြည့်စုံသော၊ အရိယသာဝကဿ–ငါဘုရား၏ တပည့် အား –

"တတြိဒံ အညထတ္တံ၊ သော ဝတာနန္ဒ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော အရိယ သာဝကော နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ ပေတ္တိဝိသယံ ဝါ ဥပပဇ္ဇိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

တတြ–ထိုအရာ၌၊ ဣဒံ–ဤဆိုလတ္တံ့စကားသည်၊ အညထတ္တံ–ဘုရားမှတစ်ပါး တခြားသော ပုဂ္ဂိုလ်၌ ကြည်ညိုခြင်းတည်း။ အာနန္ဒ–အာနန္ဒာ၊ ဝတ–စင်စစ်၊ ဓမ္မေ–ဓာတ်ကြီးလေးပါး၌၊ အဝေစ္စပ္ပသာဒေန–မတုန်မလှုပ်သော သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်၊ သမန္နာဂတော– ပြည့်စုံသော၊ အရိယသာဝကော–ငါဘုရား၏တပည့်သည်၊ နိရယံ ဝါ–ငရဲဘုံသို့လည်းကောင်း၊ တိရစ္ဆာနယောနိံ ဝါ–တိရစ္ဆာန်ဘုံသို့လည်းကောင်း၊ ပေတ္တိဝိသယံ ဝါ–ပြိတ္တာအသူရကာယ်ဘုံ သို့လည်းကောင်း၊ ဥပပဇ္ဇိဿတိ–ရောက်လတ္တံ့၊ ဣတိ ဧတံ ဌာနံ–ဤသို့အကြောင်းအရာသည်၊ န ဝိဇ္ဇတိ–မရှိလေ (ဘယ်တော့အခါမှမရောက်နိုင်)။

ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဘယ်တော့မှ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမကျနိုင်ဘူး မရောက်နိုင်ဘူးတဲ့၊ ဘာဖြစ်လို့ ဓာတ်ကြီးလေးပါးကို ပြတ်ပြတ်သားသား နားလည်တဲ့အချိန်ကာစ ထိုယုံကြည်မှုသဒ္ဓါတရားနဲ့ ပြည့်စုံခြင်းကြောင့်နော် (ဟုတ်ကဲ့ပါဆရာ)။

အေး ကနေ့တော့ ယုံကြည်သေးတယ်၊ နောက် တစ်လ နှစ်လကြာတော့ မီးခိုးတိတ်ဆိုသလို ဉာဏ်လေးကလည်း အသိကကျယ်လာတော့ တို့တော့ယုံကြည်ပါသေး၊ ဓာတ်ကြီးလေးပါး ဘယ်ဓာတ်မှ အတုံး အလုံး အခဲ အမှုန် အမွှား ရှာဖွေဖို့မရဘူး၊ အကောင်အထည်ဆိုတာအစေးကြီး၊ အရည်အဖတ်ကလေးမှရှာဖွေလို့မရဘူး သဘောတရားသက်သက်ကလေး၊ သဘောတရားမှ သူ့လက္ခဏာ သူဆောင်နေတဲ့သဘောလေး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နောက် သုံးလ လေးလလောက်ကြာတော့ မီးဝေးချိပ်အေးဆိုတဲ့စကားလို ဉာဏ်လေးကလည်းမေ့၊ အဲဒီပျောက်လု

http://www.dhammadownload.com



မတတ်ဖြစ်၊ ပြယ်ပြယ်လေးဖြစ်နေတဲ့အချိန်မှာ ကယောင်ချောက်ချားနဲ့ အိုးနင်းခွက်နင်းနဲ့ ဟိုကပြော ဟုတ်နိုးနိုးနဲ့ ဒီကပြောဟုတ်နိုးနိုးနဲ့ အဲဒီအသိဉာဏ် ယုံကြည်ချက်ကလေးတွေက မင်းတို့ ပျောက်သွားရင် မခက်ဘူးလား (ခက်ပါတယ်ဆရာ)။ အေး ဒါကြောင့် ဒီအသိဉာဏ်ကို စောစောက ပြောတဲ့ သူရအမ္ဗဋ္ဌလို ခိုင်ခိုင်မြဲမြဲကြီး စွဲစွဲကြီး ယုံယုံကြည်ကြည် မှတ်သားထားပေါ့ကွနော် (ဟုတ်ကဲ့ပါ ဆရာ)။ အင်မတန်တန်ဖိုးရှိတဲ့ အသိဉာဏ်လို့ ဒီလိုမှတ်ထားပေါ့။

ဒီလို ပရမတ်အမြင်ကြီး မှုချဆတ်ဆတ်မြင်လာတဲ့အချိန်ကျတော့ ဒါသမ္မာဒိဋ္ဌိဉာဏ်လည်း ခေါ်ပါတယ် ယထာဘူတဉာဏ်လည်းခေါ်ပါတယ် ကမ္မဝိတရဏာဉာဏ်လည်းခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဉာဏ်သုံးမျိုးကတော့ အမှန်ကတော့ သဒ္ဒါ ပုဒ် ပါဠိ အက္ခရာသာလွဲတယ် သဘောအဓိပ္ပာယ်ကအတူတူပါပဲ၊ ယထာဘူတဉာဏ်ရယ် သမ္မာဒိဋ္ဌိဉာဏ်ရယ် ကမ္မဝိတရဏာ ဉာဏ်ရယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီဉာဏ်သုံးဆူက အမည်သာလွဲပါတယ် သဒ္ဒါသာကွဲပါတယ် အနက်အဓိပ္ပာယ်ကအတူတူတဲ့၊ မဖောက်မပြန် အမှန်အကန်သိတဲ့ဉာဏ်ခေါ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ယထာဘူတဉာဏ်ခေါ်၏ မဖောက်မပြန်မှန်မှန်ကန်ကန်သိတဲ့ဉာဏ်၊ အဲဒီအသိဉာဏ်ရလာတဲ့ တို့လူစုတွေ အမြင်မှန်ပေါ်လာလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် ဒီဓာတ်ကြီးလေးပါးမမြင်ခင်တုန်းက ယူဆထားတဲ့အမှားတွေအကုန်လျော့ အမှားတွေ အကုန်လျော့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီဓာတ်ကြီးလေးပါး မသင်ခင်မကြားခင် နားမလည်ခင် တုန်းက အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဍာန် အမှုန်အမွှား အရည်အဖတ်တွေ ရှိတယ် ယောကျ်ားမိန်းမတွေရှိတယ် ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဆိုတဲ့ ယုံကြည်မှုတွေ အခုတော့ ငါတို့ မယုံကြည် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒီအယူအဆတွေစွန့်လိုက်ပြီ တို့ဘာရှိ (သဘောတရားသက်သက်ကလေးရှိ)။ အေး သဘောတရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းနဲ့ငါနဲ့ စကားလုံးချင်း သွားတိုက် တယ် မနက်ဖြန်ညေ့သည်များရောက်မလားမပြောတတ်ဘူး သဘောတရားသက်သက်ကလေးလား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ သဘောတရားသက်သက်ကလေးမှတ်မိရဲ့လား (မှတ်မိ ပါတယ်ဆရာ)။ အေး ဒီအယူဝါဒကမထွက်နဲ့လို့နော် (ဟုတ်ကဲ့ပါဆရာ)။ ပန်ကြားခဲ့တယ် ဒါကြောင့် တို့လူစု ဓာတ်ကြီးလေးပါးလည်းပြီးသွားပြီ၊ နှစ်လလည်းပြည့်ခါနီးသွားပြီ၊ တို့တက်လာတဲ့သင်တန်းမှာ နှစ်လကြိုးပမ်းတော့ အကျိုးအမြတ်တွက်ကြည့်ရင် ဘာထွက်သလဲလို့၊ အခုလို ဇယားလေးနဲ့ ချတွက်လိုက်တော့ အမြတ်ထွက်လာတယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အပါယ်လေးပါးကမကျအောင် တားနိုင်တယ်ဆိုတဲ့နည်းက ဒီနည်းထက် သေချာတာ အင်မတန်

http://www.dhammadownload.com



ရှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မသေချာဘူးလားကွယ် (သေချာပါတယ်ဆရာ)။

ဘုရားရှင်ကိုယ်တော်တိုင် ပါဠိတော် တိုက်ရိုက်ဟောသွားတဲ့ပါဠိပါလို့၊ လက်စသတ်တော့ ဒီပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ရဲ့ သဘောအဓိပ္ပာယ်ကို ပရမတ်အနေနဲ့ မြင်သိနေတဲ့ပုဂ္ဂိုလ်များသည် မတုန်မလှုပ်သက်ဝင်သော ယုံကြည်မှုသဒ္ဓါတရားနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်များလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘုရားသားတော်လဲခေါ်ခံရသေး ဘုရားရဲ့တပည့်လည်း အခေါ်ခံရသေး သာဝကအဖြစ်နဲ့ဝင်လာပြီနော် (ဟုတ်ကဲ့ပါဆရာ)။ 'အရိယသာဝကော'လို့ ပြထားတယ်၊ ''အဝေစ္စပ္ပသာဒေန–မတုန်မလှုပ် သက်ဝင်သောယုံကြည်မှု သဒ္ဓါတရားနှင့်၊ သမန္နာဂတော–ပြည့်စုံသော၊ အရိယသာဝကော–ငါ့ဘုရား၏တပည့်သည်၊ နိရယံ ဝါ–ငရဲဘုံ သို့လည်းကောင်း၊ တိရစ္ဆာနယောနိံ ဝါ–တိရစ္ဆာန်ဘုံသို့လည်းကောင်း၊ ပေတ္တိဝိသယံ ဝါ–ပြိတ္တာ အသူရကာယ်ဘုံသို့လည်းကောင်း၊ ဥပပဇ္ဇိဿတိ–ရောက်လတ္တံ့၊ ဣတိ ဧတံ ဌာနံ–ဤသို့ အကြောင်းအရာသည်၊ န ဝိဇ္ဇတိ–မရှိလေ (ဘယ်တော့အခါမှမရောက်နိုင်) ဘယ်လောက် ဝမ်းသာစရာကောင်းလဲ ဝမ်းသာစရာကောင်းလို့လား (ဝမ်းသာစရာကောင်းပါတယ်ဆရာ)။ တကယ် ဝမ်းသာရဲ့လား (ဝမ်းသာပါတယ်ဆရာ)။

အေး အဲဒီလိုမဟုတ်ရင် တို့လူစုတွေဟာဘယ့်နှယ့်နေမလဲ၊ အပါယ်နဲ့တကယ်ဆက်ထားသလို ဖြစ်နေတယ်နော် သေရင် ဥဒ္ဓဂ်မနည်းအားဖြင့် ထန်းပင်ပေါ်ကထန်းသီး ဦးခေါင်းဘယ်ဘက် ရှေ့ရှုနေသတုန်း (မြေကြီးရှေ့ရှုနေပါတယ်ဆရာ)။ မြေကြီးရှေ့ရှုနေတယ်၊ အပင်ပေါ်ကပြုတ်ကျ မြေကြီးထဲကျမယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ပုထုဇဉ်သတ္တဝါ အန္ဓပုထုဇဉ် ပညာမျက်စိ လုံးဝမရှိတဲ့ ပုထုဇဉ်သတ္တဝါများ၊ ဟာ ထန်းပင်ပေါ်ကထန်းသီးလိုပါပဲတဲ့ အဓောဂမနည်းအားဖြင့် နော် (ဟုတ်ကဲ့ပါဆရာ)။ အပါယ်လေးပါးပဲခေါင်းကမှူနေတယ် ဟိုဘက်ပိုဦးတည်နေတယ် ဟိုဘက် အာရုံပြုနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကြံစည်နေတယ် ကိုယ့်ကိုယ်တော့သိပ်အထင်မကြီးကြပါနဲ့၊ ဒီအပါယ်လေးပါး လုံးလုံးလျားလျား တံခါးပိတ်တဲ့နည်းကိုတော့ဖြင့် သာသနာတော် ထင်ရှားရှိနေတုန်း မှာပင် တို့လူစုဒါတို့နည်းမဟုတ်ပါဘူး၊ ဘယ်မှာဖြစ်ဖြစ် ဘယ်ပညာရှိ သူတော်ကောင်းတွေနဲ့ တွေ့တွေ့ဆည်းကပ်ပါ၊ အပါယ်လေးပါးမှာ လုံးလုံးလျားလျားမကျနိုင်တဲ့ ပုံသေနည်းလေးများ သေချာပေါက် နည်းလေးများရရင် ဆည်းပူးကြပါလို့၊ အင်မတန်ကြောက်စရာ ကောင်းပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့တုန်း၊ အပါယ်ကျမှာနဲ့မကျမှာ အပါယ်ကျမှာကအလွန်များတယ် အပါယ်ကျမှာကအလွန်သေချာတယ် အလွန်ကြောက်စရာကောင်းလွန်းလို့။

မိမိတို့အမြင်လေးတွေနဲ့ မိမိတို့အထင်လေးတွေနဲ့ မိမိတို့ကိုယ့်ကိုယ်ကို မိမိတို့အားမကိုး

http://www.dhammadownload.com



ပါနဲ့လို့၊ ဒီအတိုင်းမနေဘဲနဲ့ သာသနာတော်ကြီးပွင့်လင်းနေတဲ့အခါ ကိုယ်တော်မြတ် မဟာကရုဏာ ဓာတ်ကြီးပြဋ္ဌာန်းပြီးတော့ ငါတို့သူငါသတ္တဝါတွေအတွက် ထားတော်မူတဲ့ သာသနာငါးထောင်ထဲမှာ ဒီလိုအချောင်ဆိုတဲ့အနေကလေးလောက်နဲ့ရပ်မနေကြပါနဲ့ ကြိုးစားပါနော် (ဟုတ်ကဲ့ပါဆရာ)။ ကြိုးစားပါ ကြိုးစားပါ၊ ဥပနိဿယပေးနေတဲ့ပုဂ္ဂိုလ်တွေအလွန်များပါတယ် သာသနာတော်ကြီး အင်မတန်ထွန်းနေပါတယ်၊ ဒါကြောင့် မိမိတို့နေတတ်ရင်အမြတ်ဆုံးပေါ့၊ မနေတတ်လို့ သူတော်ကောင်းတွေ့ရင် ဆည်းကပ်မယ်ဟဲ့ ဥပနိဿယယူမယ်ဟဲ့ မေးမယ်ဟဲ့ လျှောက်ထားမယ်ဟဲ့ စသည်အဓိပ္ပာယ်အားဖြင့် ဒီလိုမနေမနားကြိုးစားလာတဲ့ပုဂ္ဂိုလ်တွေက မုချအားဖြင့်ဒီနည်းကိုရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်မှာဖြစ်ဖြစ်ပဲလို့။

ဒါကြောင့် သာသနာတော်ကြီး ထွန်းလင်းတဲ့အခါကြီးမှာ အမှုမဲ့အမှတ်မဲ့ မနေကြပါနဲ့လို့၊ အမှုမဲ့အမှတ်မဲ့နေရင် အမှုမဲ့အမှတ်မဲ့သေတတ်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှုမဲ့အမှတ်မဲ့ သေတော့ စောစောကပြောသလို ''ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ''ဆိုသလိုပါပဲ၊ မတော်တဆ ချွတ်ချော်တိမ်းပါးသေသွားရင် သုဂတိဘဝလားချင်မှလားတတ်တယ်၊ အပါယ်လေးပါးလားဖို့ဟာ များတယ် မများဘူးလား (များပါတယ်ဆရာ)။ အပါယ်လေးပါးမှာလားကြတာများပါတယ်လို့ လားလည်းလားနိုင်ပါတယ်။ ဒါကြောင့် ကဏ္ဏကစ္ဆပဆိုတဲ့လိပ်ကန်းကြီးဝတ္ထုများ ကိုယ်တော်မြတ် ဟောသွားတာတွေ၊ နခသိခသုတ်ဟောသွားတာတွေကြည့်မယ်ဆိုရင်ဖြင့် တို့လူစုက စောစောက ပြောခဲ့တဲ့အတိုင်း ယုံကြည်စရာမရှိပါဘူး၊ ဟာ တို့သူတော်ကောင်းဘဝနဲ့ သူတော်ကောင်းတွေ့ နေတာ ဘယ့်နှယ်အပါယ်လေးပါး သံသရာဘယ်နှယ့်နစ်မွန်းနေရမှာတုန်း၊ လူကောင်းသူကောင်းတွေ ကောင်းရာသုဂတိဘုံသို့လားမှာပေါ့ ဒီလိုထင်ကြတာ မဟုတ်ပါဘူး၊ နခသိခသုတ်ဟောတာတွေ ကဏ္ဏကစ္ဆပလိပ်ကန်းကြီးဝတ္ထု ဟောတာတွေ။

## နခသိခသုတ်ပမာ မှတ်သားစရာ

## (နိဒါနသံယုတ်၊ နခသိခသုတ်၊ စာပိုဒ် ၂၂၄)

နခသိခသုတ်က တခြားမဟုတ်ပါဘူး၊ ယူဇနာပေါင်းနှစ်သိန်းလေးသောင်းရှိတဲ့ မဟာပထဝီ မြေကြီး၌ရှိတဲ့ မြေမှုန့်တွေမြင်လား (မြင်ပါတယ်ဆရာ)။ မများဘူးလား (များပါတယ်ဆရာ)။ သိပ်များ ပါတယ် ရေတွက်လို့ကုန်စရာမရှိပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလောက်ထိ အထုကြီးမားနေတဲ့ မြေကြီးထုကိုကြေမွပြီးတော့ မြေမှုန်လေးတွေ တစ်မှုံချင်းတစ်မှုံချင်း ရေတွက်မယ်ဆိုရင် ကုန်ဆုံး စရာအကြောင်းမရှိဘူး အလွန်များပါတယ် မများဘူးလား (များပါတယ်ဆရာ)။ လက်ထဲမှာ ဆုတ်ထားတဲ့မြေမှုန့်တစ်ဆုပ်လေးကို ရေတွက်စမ်းကြည့်ရင်တောင် ကုန်စရာအကြောင်းမရှိဘူးနော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြည့်၊ နုသသိခသုတ်ကို ကိုယ်တော်မြတ်ဟောထားတာကြည့် တစ်ခါတုန်းက ငါဘုရားလက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်ကလေးရယ်၊ မဟာပထဝီမြေကြီးရှိတဲ့မြေမှုန့်တွေရယ် ဘယ်သူကများသလဲ ဘယ်သူကနည်းသလဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီတော့ ရဟန်းတော်များက အရှင်ဘုရားတဲ့ အရှင်ဘုရားရဲ့လက်သည်းဖျားပေါ်မှာတင်ထားတဲ့ မြေမှုန်ကလေးဟာ မပြောပလောက် အင်မတန်နည်းပါးပါတယ်ဘုရားလို့ ဘုရားတပည့်တော်များထိုင်နေတဲ့မြေမှုန့်ဟာ မရေမတွက်နိုင်လောက်အောင်များပြားနေပါတယ် နှိုင်းစာလို့မရကောင်းပါဘုရား ဒီလောက်တောင် ကွာခြားမနေဘူးလား (ကွာခြားနေပါတယ်ဆရာ)။ လက်သည်းပေါ်မှာတင်ထားတဲ့မြေမှုန်ဟာ ဘာမှမများပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် သူတော်ကောင်းတရားနာကြားပြီးတော့ တကယ်အမြင်မှန်တွေရပါတော့ အပါယ်လေးပါးမှ ကွင်းလုံးကျွတ်လွတ်တဲ့ သတ္တဝါတွေကို ငါဘုရားကိုယ်တော်မြတ်ရဲ့ လက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန်လောက်ပဲရှိတယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ သူတော်ကောင်းတရားကို နာကြားပြီးတော့ အမြင်မှန်မရလို့ အပါယ်လေးပါးသို့ တဖြုန်းဖြုန်းနဲ့ကျသွားတာ၊ ချစ်သားတို့ထိုင်ထားတဲ့ မဟာပထဝီမြေကြီးမှာရှိတဲ့မြေမှုန်နဲ့ညီမျှတယ် အံ့သြစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ဒါနဲ့ တို့လူစုတွေက စောစောကအထင်ကြီးလာနေတယ်၊ ငါသေရင်နတ်ပြည်ရောက်မှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တချို့ငါသေရင် နတ်ပြည်ရောက်မှာပါလို့ သေချာပေါက်တွက်ရသေးတယ်ပေါ့ အမယ်လေး ဒီပြင်နတ်သားတို့လို တစ်ဘက်ငါးရာစီရဖို့မလားလို့ နော် (ဟုတ်ကဲ့ပါဆရာ)။ မထင်ပါနဲ့နော်။

ဒါကြောင့် အပါယ်လေးပါး ဒုဂ္ဂတိဆိုတဲ့ဘဝရယ်၊ ကောင်းရာသုဂတိဆိုတဲ့ဘဝရယ်ဆိုတဲ့ နှစ်မျိုးရှိတဲ့အနက်က ကောင်းရာသုဂတိသို့လားရတာ အလွန်မှခဲယဉ်းပါတယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒုဂ္ဂတိဘဝသို့လားရတာများတယ်လို့၊ ဘာဖြစ်လို့ အန္ဓပုထုဇဉ်ပညာမျက်စိလုံးဝမရှိတဲ့ ပုဂ္ဂိုလ်များဆိုတော့ အမြင်လည်းမှားတယ် အကြားလည်းမှားတယ် အနံ့လည်းမှားတယ် အစားလည်းမှားတယ် အထိအတွေ့လည်းမှားတယ် အသိလည်းမှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဆိုတဲ့ ဝိညာဏ်ခြောက်ရပ် အသိခြောက်ပါးမြင်လိုက်ရင်သိလိုက်တယ် ကြားလိုက်ရင်သိလိုက်တယ် နံလိုက်ရင်သိလိုက်တယ် စားလိုက်ရင်သိလိုက်တယ် ထိလိုက်ရင်သိလိုက်တယ် ကြံစည်လိုက်ရင်သိလိုက်တယ်၊ ဒီခြောက်ခုကိုပဲ အရင်းပြုပြီးတော့ လူ့လောကထဲမှာ လူတစ်လုံးသူတစ်လုံးလုပ်နေတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

သဝိညာဏက–သက်ရှိသတ္တဝါတွေဆိုတာဒီလိုပါပဲတဲ့၊ ဒီအသိခြောက်ပါးနဲ့ စခန်းသွားနေ

http://www.dhammadownload.com



ကြတာပဲလို့၊ ဒါပေမယ့် ဒီအသိခြောက်ပါးနဲ့ စခန်းသွားနေတယ်၊ ဒီအသိခြောက်ပါးဟာ မှန်သလားလို့ မေးတော့ စောစောကပြောခဲ့တဲ့ ပညတ်ချည်းပဲဖြစ်နေတယ် မဖြစ်ဘူးလားကွယ် (ဖြစ်နေပါတယ် ဆရာ)။ ပညတ်ချည်းပဲဖြစ်နေတော့ မှန်သလားမှားသလား (မှားနေပါတယ်ဆရာ)။ အေး မှားနေ တယ်၊ ဒါကြောင့် ၎င်းအမှားတွေနဲ့နေ အမှားတွေနဲ့သေတော့ အပါယ်လေးပါးသို့ လားရတတ် တယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတရားမမြင်ခင်တုန်းကတော့ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ တော တောင် ရေ မြေ စသည်ထင်နေကြ၊ ဒါတွေဟာ ပညတ်ချည်းပဲမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အမှန်ကတော့ ၎င်းနည်းအတိုင်းပဲ ပစ္စည်းဝတ္ထုတွေကိုအမှန်လို့ထင်နေ တရားသဘောကို ဘယ်လိုမှမသိ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်ဒင်းကချောလိုက်တာ အဓိပ္ပာယ်အားဖြင့်ဆိုတယ် ပညာမျက်စိဖြင့်ကြည့်ရင် အမှားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ သူမသိတော့ အေးလိုက်တာ ပူလိုက်တာ နုလိုက်တာ ညံ့လိုက်တာ ချောလိုက်တာ ကြမ်းလိုက်တာစသည်အားဖြင့် ဒီကတ္တီပါကချောတယ် ပိုးထည်ကလေးကနူးညံ့လိုက်တာ အဓိပ္ပာယ်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)။

ဝတ္ထုပစ္စည်းတင်နေတော့ ဖောဋ္ဌဗ္ဗတည်းဟူသောဓာတ်ကိုမသိတော့ ဒါကိုနားမလည် ရှိနေပြန် တော့လည်း မှားမနေဘူးလား (မှားနေပါတယ်ဆရာ)။ စိတ်ထဲကကြံစည်ပြန်တော့လည်း မြင်မှုကြားမှု နံမှု စားမှု ထိတွေ့မှုဆိုတဲ့ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ ဒါကဓမ္မာရုံခေါ်တယ်၊ ဒီဓမ္မာရုံတွေမှာ မြင်ဖူးသမျှ အာရုံအရာတွေကိုကြံတွေး ကြားဖူးသမျှအာရုံတွေကြံတွေး နံဖူးသမျှအာရုံတွေကိုကြံတွေး စားဖူးသမျှ အရာတွေကြံတွေး ထိဖူးသမျှအရာတွေကြံတွေး၊ တွေးပြန်တော့ တွေးပါမယ်ဆိုတော့ ခြောက်ခု မတွေးဘူးလား (တွေးပါတယ်ဆရာ)။ ဒါပေမယ့် အမှားတွေချည်းပဲလို့။

ဒါကြောင့် မြင်လာကတည်းကမှားနေတယ် ကြားလာကတည်းကမှားနေတယ် နံလာက တည်းကမှားနေတယ် စားလာတည်းကလည်းမှားနေတယ် ထိလာကတည်းကမှားနေတယ်၊ ခြော် လက်စသတ်တော့ ဒီယထာဘူတဉာဏ်ကို ဒီပရမတ်သဘော ဓာတ်သဘောတွေ တိတိကျကျနဲ့ သဘောမျှသက်သက်ဆိုတဲ့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ရှင်းသွားအောင် လင်းသွားအောင် ပရမတ်သိကို မသိခင်တုန်းက တို့မြင်သမျှအမှား ကြားသမျှအမှား နံသမျှအမှား စားသမျှအမှား ထိတွေ့သမျှ အမှားဆိုတော့ ထိုအမှားတွေနဲ့သေလို့ သေရလို့ရှိရင် အပါယ်လေးပါးက မလွတ်နိုင်ဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် နခသိခသုတ်ကို ပြန်ကြည့်ပါ၊ ဒါကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရည်ရွယ် ပြီးတော့ ဟောကြားတော်မူခြင်းဖြစ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အပါယ်လေးပါး လားတဲ့ သတ္တဝါတွေနဲ့၊ ကောင်းရာသုဂတိသို့ လားနိုင်တဲ့ သတ္တဝါတွေနဲ့ နှစ်မျိုးနှစ်စားကို ယှဉ်

http://www.dhammadownload.com



ပြီးတော့ ဥပမာပြတော့ တကယ်တမ်း သူတော်ကောင်းတရားတွေကိုနာကြားလို့ ယထာဘူတဉာဏ်ကြီး အမှန်အတိုင်းရလာပြီးတော့ သေသည်၏အခြားမဲ့၌ ကောင်းရာသုဂတိရောက်မည့်ပုဂ္ဂိုလ်တွေဟာ လက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်ပမာဏနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီယထာဘူတဉာဏ်ကြီး မသိမမြင်နိုင်ဘဲနဲ့ အမှားချည်းမြင်ပြီး သေပြီးတော့အပါယ်လေးပါးသို့ တဖြည်းဖြည်းကျမှာက ယူဇနာပေါင်းနှစ်သောင်းလေးထောင်အထုရှိတဲ့ မဟာပထဝီမြေကြီးမှာ ရှိနေတဲ့မြေမှုန့်အမှု ဒါလေးတော့ နားလည်ကြနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ကိုယ့်ကိုယ်ကို အထင်မကြီးကြပါနဲ့၊ ဩော် အပါယ်လေးပါးဆိုတာ အပါယ်ဘေးက တကယ်အေးဖို့ဆိုတဲ့ လုပ်ငန်းဆိုတာ မလွယ်လှပါတဲ့ ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ လွယ်ကူပါ့မလား (မလွယ်ကူပါဆရာ)။ မလွယ်ဘူး၊ ဒီတော့ လုံးလုံးမရှိလို့ တို့ဘုရားကိုယ်တော်မြတ် ဟောထားတဲ့နည်းဆိုတာ အများကြီးရှိပါတယ်၊ ဘာ့ကြောင့် ဒီနည်းကိုမရသလဲဆိုတော့ တို့လူစုက ဆည်းမှမဆည်းကပ်ဘဲပဲ၊ တကယ့်ဟောနိုင်ပြနိုင်သနိုင်တဲ့ တကယ်သာသနာတော်ကြီး ထွန်းလင်းနိုင်တဲ့ အခါကြီးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တကယ်ဟောနိုင်ပြောနိုင်ပြသနိုင်တဲ့ ဆရာကောင်းဆရာမြတ်တွေကိုဆည်းကပ်ပြီးတော့ စောစောကပြောသလို လျှောက်ထားတယ် မေးမြန်းမယ် သင်မယ် ဆွေးနွေးမယ်ဆိုရင် ဒီတရားကိုရမယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ရပြီဆိုမှဖြင့် စောစောကမရေမရာ မသေမချာဆိုတဲ့ အပါယ်လေးပါးကိုလားတတ်တယ်ဆိုတဲ့ တကယ်ကြောက်စရာကောင်းတဲ့ဘေးကြီးမှ ကင်းဝေးကြမယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကင်းဝေးပြန်တော့ ဒီဘဝမှာ မသေမချာမဟုတ်ပါဘူး သေချာပေါက်ကင်းလွတ်နိုင်တယ်တဲ့၊ ဒါကြောင့် တိကအင်္ဂုတ္တိုရ်သုတ်ကို ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူတဲ့သဘာဝကို သေချာပြန်ကြည့်ပါ၊ ကြည့်တော့

ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ နတ္တေဝ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတဿ အရိယသာဝကဿ သိယာ အညတတ္တံ။ (တိကအင်္ဂုတ္တိုရ်၊ နိဝေသကသုတ်၊ စာပုဒ်၊ ၇၆)

ပထဝီဓာတုယာ–ပထဝီဓာတ်ကြီး၏လည်းကောင်း၊ အာပေါဓာတုယာ–အာပေါဓာတ်၏လည်းကောင်း၊ တေဇောဓာတုယာ–တေဇောဓာတ်၏လည်းကောင်း၊ ဝါယောဓာတုယာ–ဝါယောဓာတ်၏ လည်းကောင်း၊ ဓမ္မေ–ဓာတ်ကြီးလေးပါး၌၊ အဝေစ္စပ္ပသာဒေန–မတုန်မလှုပ်သော သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်၊ သမန္နာဂတဿ–ပြည့်စုံသော၊ အရိယသာဝကဿ–ငါဘုရား၏ တပည့်သာဝက၏၊ အညတတ္တံ–ဘုရားမှတစ်ပါး တခြားသောပုဂ္ဂိုလ်၌ ကြည်ညိုခြင်းသည်၊ နတ္တေဝ သိယာ–မဖြစ်ရာသာလျှင်တည်း။

http://www.dhammadownload.com



"တတြိဒံ အညထတ္တံ၊ သော ဝတာနန္ဒ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော အရိယ သာဝကော နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ ပေတ္တိဝိသယံ ဝါ ဥပပဇ္ဇိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"

တတြ–ထိုအရာ၌၊ ဣဒံ–ဤဆိုလတ္တံ့စကားသည်၊ အညထတ္တံ–ဘုရားမှတစ်ပါး တခြားသော ပုဂ္ဂိုလ်၌ ကြည်ညိုခြင်းတည်း။ အာနန္ဒ–အာနန္ဒာ၊ ဝတ–စင်စစ်၊ ဓမ္မေ–ဓာတ်ကြီးလေးပါး၌၊ အဝေစ္စပ္ပသာဒေန–မတုန်မလှုပ်သော သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်၊ သမန္နာဂတော–ပြည့်စုံသော၊ အရိယသာဝကော–ငါဘုရား၏တပည့်သည်၊ နိရယံ ဝါ–ငရဲဘုံသို့လည်းကောင်း၊ တိရစ္ဆာနယောနိံ ဝါ–တိရစ္ဆာန်ဘုံသို့လည်းကောင်း၊ ပေတ္တိဝိသယံ ဝါ–အသူရကာယ်ဘုံသို့လည်း ကောင်း၊ ဥပပဇ္ဇိဿတိ–ရောက်လတ္တံ့၊ ဣတိ ဧတံ ဌာနံ–ဤသို့အကြောင်းအရာသည်၊ န ဝိဇ္ဇတိ– မရှိလေ (ဘယ်တော့အခါမှ မရောက်နိုင်)။

ဘယ်လောက်အားရှိစရာကောင်းလိုက်သလဲ၊ အားရှိစရာမကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)။ အေး ဒါကြောင့် တို့လူစုတွေစာရင်းချုပ်တော့ ဒါက အမြတ်ထွက်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တို့သံသရာဘဝမှာ ဆောက်တည်ရာ ငါရသွားပြီ၊ အားရှိစရာကြီးကောင်းသွား ပြီနော် စောစောကပြောခဲ့တဲ့ "အဝေစ္စပ္ပသာဒေန သမန္နာဂတော"လို့ ပြထားတယ်၊ အစလပသာဒ ဖြစ်အောင်တော့ဖြင့် ဘယ်တော့မှမယိမ်းမယိုင်ကြပါနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဓာတ်ကြီးလေးပါးကို ဘယ်ဓာတ်ကိုမေးမေး သဘောတရားသက်သက်အားဖြင့် ထင်ရှားရှိတယ်ဆိုတဲ့ အသိတော့ဖြင့် သေသေချာချာ မြဲမြဲဆုပ်ကိုင်ထားပါနော် (ဟုတ်ကဲ့ပါဆရာ)။ အမှုန်အမွှားလေးအနေနဲ့ကြည့်စမ်း ပါဦးဆိုတဲ့အနေနဲ့ မလုပ်ကြပါနဲ့လို့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှုန်အမွှားအနေနဲ့ ဓာတ်တစ် ပါးပါးကိုကြည့်စမ်းပါဦးဆိုရင်ဖြင့် မုချအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ ဖြစ်လာတော့မယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဃနပညတ်ဆိုတဲ့ ဒီအတိုင်းထားရင်း၊ အမှုန်အမွှားကြီးကြီးပဲဖြစ်ဖြစ် ငယ်ငယ်ပဲဖြစ် ဖြစ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှုန်အမွှားကလေးကို ဃနပညတ်ခေါ်တယ်၊ မြင့်မိုရ်တောင် ကြီးလည်း ဃနပညတ်ခေါ်တယ်၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ်လည်း ဃနပညတ်ခေါ် ထားတယ်၊ ဃနမရေမရာဖြစ်အောင် ဒီအသိတွေ ဒီအဖြစ်ပြန်ရောက်တော့ဆိုမှဖြင့် ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ သက္ကာယဒိဋ္ဌိနဲ့ပြန်တွယ်တော့မှာပဲ၊ ဒီအယူကို ဘယ်တော့မှ ပြန်ပြီးတော့မယူကြပါနဲ့ အသီးသီးရှင်းလင်းသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် မနေ့ညက ဓာတ်ကြီးလေးပါးလက်စသတ်ကြစို့၊ ဒီမှာ တစ်ခန်းရပ်ကြစို့ နော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့ တို့လူစုက အဲဒီဓာတ်ကြီးလေးပါးကိုပြပြီးတော့၊ ဘာပြရမလဲ ဆိုတော့ ဒီဓာတ်ကြီးလေးပါးကို အမှီသဟဲပြုပြီး ဖြစ်လာတဲ့ ဥပါဒါရုပ်ကလေးတွေကို ပြမယ်

http://www.dhammadownload.com



နော် (ဟုတ်ကဲ့ပါဆရာ)။ ဥပါဒါရုပ်က ရုပ်နှစ်ဆယ့်ရှစ်ပါးရှိတဲ့အနက်က တို့ ယခု မဟာဘုတ်လေးပါး ဘုတ်ကြီးလေးပါးဆိုတာ ဓာတ်ကြီးလေးပါးကို ပယ်ထားပြီးတော့ ကျန်တာ နှစ်ဆယ့်လေးပါး၊ မရှိနေဘူးလား (ရှိနေပါတယ်ဆရာ)။ ကျန်တဲ့နှစ်ဆယ့်လေးပါး အကုန်လုံးသင်မှာလား မသင်ပါဘူးလို့ ကျန်တဲ့နှစ်ဆယ့်လေးပါးကို ဥပါဒါရုပ်လို့ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဥပါဒါရုပ် နှစ်ဆယ့်လေးပါးထဲက လေးပါးတည်းသင်ပါမယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ တို့သင်ပြီးထားတဲ့ မဟာဘုတ်လေးပါးပေါ့၊ နောက်သင်မယ့် ဥပါဒါရုပ်လေးပါး ပေါင်းရှစ်ပါးဆိုတော့ မများဘူးလား မနည်းပါဘူး (နည်းပါတယ်ဆရာ)။

ရုပ်နှစ်ဆယ့်ရှစ်ပါးသင်တော့မယ်ဟေ့ဆိုတော့ တို့သင်တန်းသူ သင်တန်းသားများ မနက်ဖြန်ရှိတော့မှာ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ တို့မအားလပ်တဲ့ကြား အလုပ်များတဲ့ကြား ဒါတွေအားလုံး သင်ကြားနေစရာအကြောင်းမရှိဘူး၊ တချို့စာသင်ရမှာကို အလွန်ကြောက်နေတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ယခု မဟာဘုတ်ကြီးလေးပါးကိုပြတော့ကာ ကျန်တဲ့ဥပါဒါရုပ် နှစ်ဆယ့်လေးပါးအနက် ဥပါဒါရုပ်လေးပါးကိုထပ်ပြမယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့ ကျန်တဲ့နှစ်ဆယ်ထဲက အလျဉ်းသင့်ရာအလျဉ်းသင့်ရာ မသိမသာ တစ်ပါးချင်းတစ်ပါးချင်း သူ့အကွက်ကလေး ရောက်လေအောင် သင်သင်သွားတော့ ကြာတော့ တို့သင်တန်းကုန်ဆုံးသွားပြီး ရုပ်ဓာတ်နှစ်ဆယ့်ရှစ်ပါး သိသွားမှာပေါ့၊ မသိသွားဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကျတော့ တစ်ထောင်ကိုးရာရှိတဲ့ကြွေးကို တစ်ဆယ်ဖြတ်၊ ဆယ့်ငါးကျပ်ဖြတ်၊ ဖြတ်မှန်းမသိဖြတ်ရင်း ကြွေးကျေကျေသွားတယ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရုပ်နှစ်ဆယ့်ရှစ်ပါးအကုန်သင်ရမယ်ဆိုတော့ ကြောက်စရာလန့်စရာဖြစ်နေတော့မသင်ပါဘူး ဒီရှစ်ပါးတည်းသင်ပေးပါမယ်၊ ဒီရှစ်ပါးထဲ လေးပါးသင်ပြီးသွားပါပြီ ဒီလေးပါးသင်ရမယ် ဒီလေးပါးသင်ရတော့ လွယ်လွယ်ကူကူပါပဲ ဒီလိုပါနော် (ဟုတ်ကဲ့ပါဆရာ)။

ပြီးတော့မှ ကျန်တဲ့နှစ်ဆယ်ထဲက အလျဉ်းသင့်သလိုတစ်ပါးချင်းတစ်ပါးချင် ထည့်ထည့်ပြီးတော့ မသိမသာလေးသင်သွားရတာ မပင်ပန်းဘူးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ နောက်ထပ်သင်မယ့် ဥပါဒါရုပ်လေးပါးက ဝဏ္ဏရယ် ဂန္ဓရယ် ရသရယ် ဩဇာရယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုစမ်း (ဝဏ္ဏ ဂန္ဓ ရသ ဩဇာပါဆရာ)။ ရသွားပြီးလား (ရသွားပါပြီဆရာ)။ သေသေချာချာမှတ်ထား ဝဏ္ဏ ဂန္ဓ ရသ ဩဇာ အကုန်လုံးရသွားပါပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အခုကျက်ထားပေါ့ကွယ် ပြန်သွားရင်ပါသွားပါတယ် ဥပါဒါရုပ်လေးနောက်ကပ်ပြသွားမယ်၊ ဆရာဆိုပြတာ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ တစ်ခါတည်းပါသွားတယ် တစ်ခါတည်းမရသွားဘူးလား (ရသွားပါတယ်ဆရာ)။ ဒီတော့ တစ်လုံးချင်းတစ်လုံးချင်း အဓိပ္ပာယ်အသီးအသီးရှင်းသွားတော့

http://www.dhammadownload.com



တစ်လုံးချင်းတစ်လုံးချင်းရဲ့ အဓိပ္ပာယ်ကိုသိသွားတယ်၊ သင်တန်းဆိုတာအဓိပ္ပာယ်ပဲ ဒီလိုပါပဲ သူ့သင်ရမယ့်အလှည့်ကလေးတွေက ဒီလိုပဲသင်သင်ပေးရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဝဏ္ဏရယ် ဂန္ဓရယ် ရသရယ် ဩဇာရယ် အလုံးလေးလုံးပဲမဟုတ်လား (လေးလုံးပဲဆရာ)။ ဒါစာတင်တစ်လုံးချင်းတစ်လုံးချင်းသွားတာ၊ ဒါပေမယ့် စာတင်ကြီးလေးပါးကို လူအမြင်ထဲက ဒီထဲ ရှင်းသွားပြီ မြန်မာအဓိပ္ပာယ်လေးတွေပြောပါဆိုတော့ မှတ်ထားမှတ်ထား၊ ဝဏ္ဏဆိုတာ အဆင်းခေါ်၏ နော် (ဟုတ်ကဲ့ပါဆရာ)။ အဆင်းဆိုတာမင်းသိလား (သေချာမသိပါဘူးဆရာ)။ အဆင်းနော် (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏဆိုတာအဆင်း ဂန္ဓဆိုတာအနံ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရသဆိုတာအရသာ ဩဇာဆိုတာအဆီနော် (ဟုတ်ကဲ့ပါဆရာ)။ ဩဇာဆိုတာအဆီစာတင်လို့ ဘာသာပြန်ထားတာကို အမှတ်လွယ်ကူအောင်လို့ပြန်ထားတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩဇာအခန်းကျတော့မှ ဩဇာစာတင်ဆိုတာဘာလဲဆိုတာ သေချာခွဲရတော့မယ်။ ဝဏ္ဏ–အဆင်း၊ ဂန္ဓ–အနံ့၊ ရသ–အရသာ၊ ဩဇာ–အဆီစာတင် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏ–အဆင်း၊ ဂန္ဓ–အနံ့၊ ရသ–အရသာ၊ ဩဇာ–အဆီစာတင် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေး အဲဒါ ဝဏ္ဏဆိုတာအဆင်းခေါ်တယ်၊ ဂန္ဓဆိုတာ အနံ့ခေါ်တယ်၊ ရသာဆိုတာ အရသာ ခေါ်တယ်၊ ဩဇာဆိုတာ အဆီစာတခေါ်တယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဝဏ္ဏ–အဆင်းဆိုတာ ဘာလဲလို့မေးရင် အဆင်းဆိုတာ တို့ဒီအရပ်ထဲလည်း သုံးကြပါတယ် အဆင်းတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဆင်းတဲ့၊ ဖြူသောအဆင်း ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နီသောအဆင်း ဝါသောအဆင်း စိမ်းသောအဆင်း ပြာသောအဆင်း မခေါ်ဘူးလားကွ (ခေါ်ပါတယ်ဆရာ)။ တစ်ခါလာပြန်ပြီ ဒါပေမဲ့ ဒီအဆင်းဆိုတဲ့အရောင်တဲ့ လာပြန်ပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဖြူတဲ့အရောင် နီတဲ့အရောင် ဝါတဲ့အရောင် စိမ်းတဲ့အရောင် နက်တဲ့အရောင် ညိုတဲ့အရောင် ပြာတဲ့အရောင် မသုံးဘူးလားကွ (သုံးပါတယ်ဆရာ)။ တစ်ခါလာပြန်ပြီ ဒီဥစ္စာပဲ၊ တစ်ခါလာပြန်ပြီ အသွေးတဲ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဖြူသွေး အနီသွေး အပြာသွေး အဝါသွေး အနက်သွေး ကြက်သွေးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မပြောဘူးလား (ပြောပါတယ်ဆရာ)။ ဒါပဲ အမျိုးမျိုး ထပ်သုံးနေတာပဲကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် သူ့အဆင်းလို့လည်းခေါ်တယ် အရောင်လို့လည်း ခေါ်တယ် အသွေးလို့လည်းခေါ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် မြန်မာစကားစုတွေက အင်မတန်များတယ်ကိုးကွ၊ ဘယ်အသွေးလေးကကောင်းလိုက်တာ၊ ဘယ်အရောင်လေးကကောင်းလိုက်တာ၊ ဘယ်အဆင်းလေးကကောင်းလိုက်တာ လှလိုက်တာ ဒီလို

http://www.dhammadownload.com



မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲ အသွေးခေါ်ခေါ်၊ အရောင်ခေါ်ခေါ်၊ အဆင်းခေါ်ခေါ်ပေါ့ ကွယ် ဘာပဲခေါ်ခေါ် ဒီစကားကခွဲထွက်သွားတဲ့စကားအဓိပ္ပါယ် အရပ်ထဲသုံးရင် စကားပရိယာယ် နော်။ ဒါဖြင့်ရင် အသွေးခေါ်တာတွေ အရောင်ခေါ်တာတွေ အဆင်းခေါ်တာတွေ ဘာထူးလဲ (ဘာမှမထူးပါဘူးဆရာ)။ ဘာမှမထူးဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် စကားပရိယာယ်တဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ အဖြူ အပြာ အဝါ အနီ အစိမ်း ဒီလိုပဲခေါ်တယ် ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကိုပဲ အသွေးအရောင်အဆင်းလို့ထပ်ခေါ်တယ် ဒါပညတ်တွေပဲ အမှန်ကတော့၊ ဒီအဖြူ အပြာ အဝါ အကြောင်အကြားဆိုတာ အမှန်ကတော့ ဒီသင်္ကေတ အမှတ်အသားပေးထားတဲ့ အမည်နာမပညတ်ကလေးတွေပဲနော် (ဟုတ်ကဲ့ပါဆရာ)။ အရောင်အသွေး လေးတွေမှတ်ထား အဓိပ္ပာယ်အားဖြင့်ကွယ် ထုံးလိုအရောင်ကျတော့ ဘာခေါ်လဲကွ (အဖြူရောင်ပါ ဆရာ)။ အဖြူရောင်တဲ့လား (ဟုတ်ကဲ့ပါဆရာ)။

ကမ္ဘာဦးတည်စကတည်းကစပြီးတော့ ဒီလိုပဲလာခဲ့တာနော် (ဟုတ်ကဲ့ပါဆရာ)။ မီးသွေးလိုဟာ ကျတော့ဘာခေါ်လဲကွ (အနက်လို့ခေါ်ပါတယ်ဆရာ)။ ဩော် အနက်လို့ခေါ်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ သွေးလိုအရောင်ကျတော့ဘာခေါ်လဲကွ (သွေးလို့ပဲခေါ်ပါတယ်ဆရာ)။ ဟောဗျာ ဒုက္ခပဲ (အနီရောင်လို့ခေါ်ပါတယ်ဆရာ)။ ဩေ် အနီရောင်တဲ့လား အေးဟုတ်ပြီ မိုးကောင်းကင်လို အရောင်ကျတော့ ဘာခေါ်လဲကွ (အဖြူရောင်လို့ခေါ်ပါတယ်ဆရာ)။ အောင်မယ် ဆန်းတယ်ဟေ့ အပြာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ မိုးကောင်းကင်အပြာကြီးပေါ့ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ရွှေလိုအရောင်ကျတော့ဘာခေါ်လဲကွ (အဝါရောင်ပါဆရာ)။ ဩော် အဝါရောင် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ။

အဲ့ဒါလေးတွေ မူလဘူတတုန်းကတော့ ကမ္ဘာဦးတည်စတုန်းကတော့ ဘယ်အရောင် ဘာလို့ ဘယ်သိမလဲကွနော် (ဟုတ်ကဲ့ပါဆရာ)။ နောက်ကျမှ တဖြည်းဖြည်းနဲ့ မျက်စိပသာဒမှာလာပြီး တော့မြင်ကြတော့ ဒီမြင်တဲ့အရောင်အသွေးလေးတွေခွဲပြီးတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရအောင် မမှားရအောင် အမည်နာမလေးတွေတပ်ပြီးတော့ ထုံးလိုအရာဝတ္ထုတွေ့တော့ ဟာ ဒီအရောင်ဒီအဆင်းကျတော့ ဒါအဖြူလို့ခေါ်၊ ဒါအဖြူရောင်ပဲ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နောက်လူတွေကလည်း ဒါမျိုးတွေ့ရင်ဖြူတော့တာပဲ ထုံးတွေ့လည်းဖြူ ဘာတွေ့လည်းဖြူ အကုန်လုံး ဖြူ ဒီအဆင်းအရောင်တွေ့ရင် အဖြူချည်းပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲ လက်ဖောက်ထုတ် လိုက်တဲ့သွေးမျိုးကျတော့ ဒီအရောင်ကျတော့ အနီရောင်ခေါ်ကြလေရဲ့၊ ဟာ ဒါမျိုးဖြင့်အနီပဲ သွေးတင်မဟုတ်ဘူး သူနဲ့အလားတူအရောင်အဆင်းမှန်သမျှအနီ ဒါအနီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ

http://www.dhammadownload.com



ဆရာ)။ ကောင်းကင်မော့ကြည့်လိုက် မိုးကောင်းကင်ရောင်ကျတော့ ဟာဒါကျတော့အပြာပေါ့၊ ဩော် အပြာရောင်၊ ဒါမျိုးတွေကြည့်တော့အပြာရောင် ဘယ်တွေ့တွေ့အပြာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒီလိုချည်းသွားကြပေါ့ကွာ။

ပြည်တွေ့တော ဟာ ဒါကျတော့အဝါရောင် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မီးသွေး လိုတွေ့မယ် ဒါကျတော့အနက်ရောင် အမဲရောင် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နောက်တစ်ခါ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင် ကမ္ဘာဦးတည်းက လူပညာရှိများကစပြီးတော့ ကမ္ဘာသစ်တည်စကတည်းက အမှတ်သားလေးတွေပေးလာတဲ့ အရောင်ကလေးတွေပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အရောင်ကလေးတွေပဲ၊ ဩော် ဒါသင်္ကေတပညတ် ဒါပညတ်အရောင်တွေပဲ ပါးစပ်က တို့အမှတ်သားနဲ့ပေးပြီးထားတဲ့ ပညတ်သဘောလေးတွေနဲ့ မှတ်ပြီးထားတဲ့ အရောင်တွေကိုး ကွနော် (ဟုတ်ကဲ့ပါဆရာ)။

နောက်ပိုင်းကျတော့, နောက်ပိုင်းကျတော့ ခုပြောသွားတဲ့ အင်မတန်ထင်ရှားတဲ့ အဖြူတို့ အနီတို့ အနက်တို့ အစိမ်းတို့ အဝါတို့ အပြာတို့ ဒါတွေ ထင်ရှားတဲ့အရောင်တွေပေါ့ကွနော် (ထင်ရှားတဲ့အရောင်တွေပါဆရာ)။ နောက်ပိုင်းကျလာတော့ အဲဒီပထမအရောင်တွေပဲ ရော ယှက်ပြီးတော့ အရာင်သစ်ကလေးတွေ ပေါ်ထွက်လာတော့ ကြည့်လေ နောက်ပိုင်းတွေ့ရတဲ့ ပညတ်တွေ ဟုတ်လားမဟုတ်လား မင်းတို့မှတ်ထားပါသေသေချာချာ၊ အခုတို့မင်းတို့ငါတို့ခေတ် နောက်ပိုင်းရောက်လာမှ တစ်ခါ ဒီအရောင်အသွေးနဲ့ပတ်သတ်လို့ ပညတ်တွေပေါ်လာပြန်ပြီ၊ ဟော တို့ဒီအထည်ရောင်းတဲ့ ဘန်ကောက်တို့ဘာတို့ရောင်းတဲ့ဆိုင်ကို သွားကြည့်မှသာသိတယ်၊ အရောင်အသစ်ကလေးတွေပေါ်လာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါလေးက ဖက်ဖူးရောင်လေး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မထင်ရှားတဲ့ အရောင်ကလေးတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကတော့ မကျည်း ပွေးလေး ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အချို့က အဲဒါကတော့ရေနံရောင်တဲ့၊ ဒါသူ့ပါးစပ် ထဲမှာ တို့ဆင်တူယိုးမှားရှိသမျှဟာလေးတွေကို တပ်တပ်တပ်တပ်ပြီးတော့ ပညတ်ထားတဲ့ အသုံးလေး တွေ မဟုတ်လားကွဲ့ (ဟုတ်ကဲ့ပါဆရာ)။

ဩော် ဒီလိုဆိုလိုက်ရင် တို့အရပ်ကလည်းသိပါတယ်၊ ဒါကတော့ မကျည်းပွေးလေးဆိုရင် ဒီဗန်ကောက်ကျတော့ ဘယ်လိုပုဂ္ဂိုလ်တွေဝတ်တယ် အဓိကရနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရွှေညိုရောင်၊ ဟာ ရွှေညိုကျတော့ဘယ်လိုအရောင်ပဲ၊ ဩော် မူလဘူတထင်ရှားတဲ့အရောင်လေးအပြင်ပဲ နောက်ထပ်ပြီးတော့ တို့လူစုတွေတို့လူစုနဲ့ အတူတူပဲသမုတ်သမုတ်ထားပြီးတော့ ပညတ်ထားတဲ့ အရောင်ကလေးတွေ တစ်မျိုးတိုးတိုးလာမှပဲ မလာဘူးလား (လာပါတယ်ဆရာ)။ အများကြီး

http://www.dhammadownload.com



အများကြီးလာတယ် နောက်လည်းလာဦးမှာ အများကြီးရှိသေးတယ် ပညတ်တွေကမဆုံးပါဘူး သူ့ပါးစပ်ငါ့ပါးစပ်ဆိုသလိုပဲ လူ့ပါးစပ်နတ်ပါးစပ်ကနေ့စပ်ပြီးတော့ အမှတ်အသားပေးထားတဲ့ သဘာဝတွေ ဒါဖြင့် သင်္ကေတပညတ်အနေအားဖြင့်မှတ်ပြီး ခေါ်ထားတဲ့ပညတ်လုံးဆိုပြီးတော့မှတ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ဒါဖြင့်ကောင်းပါပြီကွယ်၊ အဖြူ အပြာ အဝါ အနီ အကြောင်အကြား အစရှိသည့်ဟာတွေကို အရောင်လို့လည်းခေါ်တယ် အသွေးလို့လည်းခေါ်တယ် အဆင်းလို့လည်းခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အမှန်ကတော့ ဒါရူပါရုံဆိုတဲ့အဆင်းရုပ် ဝဏ္ဏဓာတ်ပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ရူပါရုံဆိုတဲ့အဆင်းရုပ် ဝဏ္ဏဓာတ်သည် အခုတော့ ဘယ်လိုဖြစ်နေသလဲဆိုတော့ ဘယ်ပစ္စည်းလေးကတော့အနီကွ ဘယ်ဝတ္ထုလေးကျတော့အပြာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီပြင်ပစ္စည်းနဲ့ တွဲတွဲတွဲတွဲပြီးတော့ အဲဒီလိုပဲမှတ်မှတ်မှတ်မှတ်နေတော့ ဒီဝဏ္ဏဓာတ်ဆိုတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့သော ရူပါရုံအဆင်းရုပ်ခေါ်ထားတဲ့ ဝဏ္ဏဓာတ်ဟာ အတုံး အလုံး အသွေး အကောင်အထည် အထည်ဒြပ်သဏ္ဌာန် ဝတ္ထုပစ္စည်းပေါ်မှာ တင်တင်ပြီးတော့ ပညတ်အနေအားဖြင့်မှတ်လေတော့ ဒီဝဏ္ဏဓာတ် သဘောဓာတ်သက်သက်ကလေးရှိတယ်ဆိုတဲ့ ဝဏ္ဏဓာတ်ကြီးဟာ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်တွေ ဖြစ်လာရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါအမှန်ကတော့ပညတ်ချည်းပဲလို့၊ ပရမတ်အသိကျတော့ဝဏ္ဏဓာတ် အမှန်ကတော့ သဘောသက်သက်ကလေးသိရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာမှ အတုံး အလုံး အခဲ အဆီ ဝတ္ထုပစ္စည်းတွေနဲ့ရောထွေး၍မရ သဘောဓာတ်သက်သက်ကလေးဆိုတဲ့သဘောလေး ဒီသဘောလေးရောက်ခါမှ ဒါပရမတ်ဓာတ်အစစ်ချည်းဟူသော ဝဏ္ဏဓာတ်ဖြစ်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန်မှ လုံးဝကွင်းလုံးကျွတ်ကင်းလွတ်သွားအောင် ပရမတ်သက်သက်အမြင်ဓာတ် မနက်ဖြန်ကျမှဆက်ကြစို့။

ဝဏ္ဏဆိုတာ မြန်မာလိုပြန်တော့အဆင်းခေါ်တယ်၊ ဂန္ဓဆိုတာအနံ့ခေါ်တယ်၊ ရသဆိုတာအရသာခေါ်တယ်၊ ဩဇာဆိုတာအဆီဓာတ်ခေါ်တယ်၊ အဲဒီလေးလုံးနောက်မှပြတာ တခြားမဟုတ်ပါဘူး၊ ပထမပြထားတဲ့ မဟာဘုတ်လေးပါးနဲ့ပေါင်းလိုက်တော့ ဓာတ်ရှစ်ပါးခေါ်တယ်၊ အဲဒီဓာတ်ရှစ်ပါးကို အဋ္ဌကလာပ်ရှစ်ပါးလို့လည်း ဒီလိုခေါ်ကြတယ် အဋ္ဌကလာပ်ရှစ်ပါး၊ 'အဋ္ဌ'က ရှစ်၊ ''ကလာပ်''က ပေါင်းစည်းတာ ရုပ်ရှစ်ပါးပေါင်းစည်းထားသောရုပ် အဋ္ဌကလာပလို့ခေါ်၏။ အဲဒီရုပ်ရှစ်ပါးကတော့ မိမိအဇ္ဈတ္တသဏ္ဌာန်ပဲဖြစ်ဖြစ်၊ အပြင်ဗဟိဒ္ဓသဏ္ဌာန်မှာ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ် ရှိသမျှအကုန်လုံးတစ်ပြုံလုံးပေါ့လေ ဘယ်ကြည့်ကြည့်

http://www.dhammadownload.com



ရုပ်တရားမှန်ရင် ဒီရုပ်ဓာတ်ရှစ်ပါးမပါရင်မပြီးပါဘူး၊ ဒါအခြေခံရုပ်ဓာတ်ရှစ်ပါးခေါ်တယ်၊ ဒါ့ကြောင့် မိမိအဇ္ဈတ္တသဏ္ဌာန်ဖြစ်တဲ့ရုပ်ကြည့်ကြည့်၊ မိမိရဲ့အဇ္ဈတ္တသဏ္ဌာန် ပြင်ပဖြစ်နေတဲ့ရုပ်တွေပဲကြည့်ကြည့် ဘယ်ရုပ်ပဲဝေဖန်ဝေဖန် အခုပြတဲ့ရုပ်ဓာတ်ရှစ်ပါးကတော့ သူမပါတာမရှိပါဘူး သူကအခြေခံပဲလို့ ဒါကြောင့် လိုရင်းအခြေခံရုပ်တရားရှစ်ပါးမို့ ဒီရှစ်ပါးစလုံးကုန်ဆုံးသွားအောင် ဆက်ပြီးတော့ သင်ကြားကြ။

ဒါကြောင့် ဒီ ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ရုပ်လေးပါးသည် ဒါ ဥပါဒါရုပ်လေးပါးခေါ်၏။ မဟာဘုတ်လေးပါးကပြပြီးသား မဟာဘုတ်လေးပါးနဲ့ ဒီကဥပါဒါရုပ်လေးပါးပေါင်းတော့ ရုပ်ဓာတ်ရှစ်ပါးဖြစ်၏။ ၎င်းရုပ်ဓာတ်ရှစ်ပါးကို 'အဋ္ဌကလာပ''ဟု ခေါ်၏။ ဒီနောက်ထပ်ပြမည့်လေးပါးမှာ ဝဏ္ဏရယ် ဂန္ဓရယ် ရသရယ် ဩဇာရယ်ဆိုတဲ့လေးမျိုးဟာ ဝဏ္ဏဆိုတာအဆင်းခေါ်တယ်ဆိုတော့ အဆင်းက သူသူငါငါလူတကာနားလည်ထားတာက အဖြူတို့ အပြာတို့ အဝါတို့ အနီတို့ အစိမ်းတို့ အနက်တို့ အညိုတို့ ဒီလိုဟာတွေနားလည်ထားတယ်။ ဒါတွေ အဆင်းတွေပဲလို့ မနေ့ညက ပြောတဲ့အတိုင်းပေါ့၊ အဲဒါတွေ အဆင်းလို့လည်းခေါ်တယ် အသွေးလို့လည်းခေါ်တယ် အရောင်လို့လည်းခေါ်တယ်။ ဒါအမျိုးမျိုးအရပ်ထဲမှာ စကားပရိယာယ်အနေအားဖြင့်သုံးထားတာ အမှန်ကတော့ ဒါအဆင်းချည်းပဲလို့, ဝဏ္ဏဓာတ်ချည်းပဲလို့၊ အရောင်ပဲခေါ်ခေါ် အသွေးပဲခေါ်ခေါ် အဆင်းပဲခေါ်ခေါ် ဒါပါဠိလိုဝဏ္ဏဓာတ် မြန်မာလိုပြန်တော့ အဆင်းရုပ် အဆင်းခေါ်တဲ့ရုပ်တရား။

အဲဒီရုပ်တရားကို ပညတ်နဲ့ပရမတ်လွတ်သွားအောင် ဒါသင်ကြားပေးနေတာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအဆင်းဟာ ဝတ္ထုပေါ်တင်ပြီးတော့ ဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ မြင်နေတာတစ်ကြောင်း ၎င်းအပြင် ဒီအစိမ်းမှ အရောင်အဆင်းခေါ်တယ်၊ အဖြူမှ အရောင်အဆင်းခေါ်တယ်၊ အနီမှ အရောင်အဆင်းခေါ်တယ်၊ အနက်မှ အရောင်အဆင်းခေါ်တယ်၊ အညိုမှ အရောင်အဆင်း ခေါ်တယ်လို့ ဒီလိုလည်း စွဲတာကတစ်မျိုး။ ဒီတော့ ဒီအမြင်ဓာတ်ပေါ်မှာ အမှားတွေက အင်မတန် များနေတယ် တော်တော်ထပ်နေတယ်၊ မျက်စိကမြင်တဲ့ အမြင်ဓာတ်ပေါ်မှာ အမှားကြီးမှားကြ၏၊ အများဆုံးမှား၏၊ ဘာဖြစ်လို့ ဒီမျက်စိမြင်ကောင်းတယ်ဆိုတဲ့ မြင်ရတဲ့အမြင်ဓာတ်တွေအပေါ်မှာ ပညတ်လုံးတွေက အများကြီးဖုံးကွယ်နေတယ်။ ဒါကြောင့် ဒီအမြင်မှားနေ ပကတိမျက်စိနဲ့မြင်တဲ့ အမြင်တွေဟာ အကုန်အမှားချည်းပဲလို့ ဘာဖြစ်လို့မှား၊ ဟာ ပုဂ္ဂိုလ်မြင် သတ္တဝါမြင် အကောင် အထည်မြင် ယောကျ်ားမြင် မိန်းမမြင် တုံးမြင် တိုင်မြင် တောမြင် အိမ် ကျောင်း ဇရပ် မြို့ ရွာ နိုင်ငံမြင် ဘုံလောကဓာတ်မြင် မြင်လိုက်ကြတာ၊ အဲဒီလိုလည်းပဲ အတုံး အလုံး အခဲ အကောင်အထည် ဆိုတဲ့ ဃနပညတ်အနေအားဖြင့်လည်း မြင်လိုက်တာ။

http://www.dhammadownload.com



တစ်ခါလာပြန်ပြီ၊ သဝိညာဏက–အသက်ရှိတဲ့ သတ္တဝါတွေ၊ ဒါကလူ ဒါကခွေး ဒါကဝက် ဒါကကြက် ဒါကငှက် ဒီလိုလည်းပုံစံကလေးတွေ ခွဲခြားခွဲခြားပြီးတော့ အသက်ရှင်တဲ့ သတ္တဝါတွေ သဏ္ဌာနပညတ်အနေအားဖြင့် မှားလိုက်တာလည်း အမှား။ ဒီတော့ သဏ္ဌာနပညတ်နဲ့မှားတယ်၊ အကောင်အထည် အတုံး အလုံး အခဲအနေအားဖြင့် ရှိတယ်လို့မြင်တဲ့အမြင်၊ သဏ္ဌာနပညတ် ပုံစံမှတ်ပြီးတော့ လူပဲ ယောကျ်ားပဲ မိန်းမပဲ ပုဂ္ဂိုလ် သတ္တဝါ ခွေး ဝက် ကြက် ငှက်၊ ဒီလို ပုံစံသဏ္ဌာန်လေးတွေမှတ်၊ ဒါကတော့အိမ် ဒါကကျောင်း ဒါကဇရပ် ဒါကတိုက် ဒါကစားပွဲ ဒါက ကုလားထိုင် ဒါတွေဘာတွေတုန်း သဏ္ဌာန်အနေနဲ့ ခွဲခြားခွဲခြားပြီးတော့ မှတ်သားပြီးတော့ မြင်တဲ့ အမြင်တွေ၊ ဒီတော့ ဃနပညတ်အနေအားဖြင့်လည်းမှားတာက တစ်မှား၊ သဏ္ဌာနပညတ်အနေနဲ့ မှားတာတွေ၊ သဏ္ဌာနပညတ်အနေနဲ့ မှားတာတွေ။ နာမပညတ်တစ်ခါလာပြန်တယ် အသီးသီး တပ်တပ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် အမှတ်အသား လွယ်စေခြင်းအကျိုးငှာ ဒီလို တစ်ဦးတစ်ယောက်က ပါးစပ်ဖျားက တပ်ပေးလိုက်တဲ့ အမည်နာမပညတ်၊ အဲဒီအမည်နာမတပ်တဲ့ ပစ္စည်းကိုပဲ တကယ်ရှိတယ်လို့မှတ်ပြီးတော့ မြဲနေတဲ့ နာမပညတ်အားဖြင့်မှားမှုတွေ ဒါပဲလားဆိုတော့ မဟုတ်ပါဘူး။

တစ်ခါလာပြန်ပြီ၊ အဖြူ အပြာ အဝါ အနီ အကြောင်အကြား အနက် အညို အစရှိသည့် ဒါမှ အဆင်းတွေပဲလို့၊ ဒါမှ အရောင်အသွေးတွေပဲလို့ ဒီလိုလည်းမှားပြန်တယ်။ အဲဒီလိုမှားတဲ့ အမြင်က မျက်စိကမြင်လို့မှားတဲ့အမှားတွေကအများကြီးမှားတယ် သူ့အမှားအများဆုံးပဲတဲ့ ဒါကြောင့် အမြင်ဟာ အင်မတန်လှည့်စားတယ်။ ဒါ့ကြောင့် ဒီမြင်တယ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်ကလေးဟာ အင်မတန်လှည့်စားတယ်တဲ့ ဝိညာဏ်တွေဖမ်းစားနေကြတယ် စက္ခုဝိညာဏ် သြော် ငါတို့ကို တစ်သံသရာလုံး ဝိညာဉ်ရဲ့အလိမ်ခံလာကြ၊ ဝိညာဉ်လိမ်ပြတယ် ဝိညာဉ်က ဒီလိုမြင်လိုက် အဖြူမြင်လိုက် ဟောဒါအဖြူကွ၊ အနီမြင်ပြန်လည်း ဒါအနီကွ၊ အစိမ်းမြင်ပြန်လည်း ဒါအစိမ်းကွ၊ လာပြန်ပြီ ဃနပညတ်အနေအားဖြင့် အခုမြင်တာ အတုံးကွ၊ အခုမြင်တာ တိုင်ကွ၊ အခုမြင်တာ ပုဂ္ဂိုလ်၊ အခုမြင်တာ သတ္တဝါ၊ အခုမြင်တာ ယောကျ်ား မိန်းမ၊ အခုမြင်တာ တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ်၊ အဲဒါ ဘာတုန်း၊ မိမိမြင်တယ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်က လှည့်စားနေတာ၊ သူလိမ်လိမ်လိမ်လိမ်ပေးနေတာကို ငါတို့သူငါလူတကာက အဲ့ဒါ မြင်တဲ့အတိုင်း အဟုတ်ရှိတယ် တကယ်ရှိတယ်လို့မှတ် ဒါဝိညာဉ်လိမ်ခံရတယ်ခေါ်တယ်။

အခုလည်း ဒီဝဏ္ဏဆိုတဲ့အဆင်းရုပ်ကြီးက ဘုရားကိုယ်တော်မြတ်က ဟောသွားတာ၊ ဝဏ္ဏ အဆင်းရုပ် မြန်မာလိုပြန်တော့ အဲဒီအဆင်းရုပ်ကြီးလည်းမှားထားလိုက်တာလို့ မှားချင်တိုင်းမှား၊ သြော်

http://www.dhammadownload.com



ဒါဖြင့် ဒီဝဏ္ဏဆိုတဲ့အဆင်းရုပ်ကြီးကို မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတာကတော့ သဘောတရားမျှ သက်သက်အနေအားဖြင့် ထင်ရှားရှိတဲ့တရား၊ ဒါပေမယ့် သူသူငါငါလူတကာဘယ့်နှယ့် ဝဏ္ဏပစ္စည်း ပေါ်တင်ပြီးတော့ သုံးစွဲနေကြတယ်တဲ့၊ ဒီလိုတင်ပြီးတော့ သုံးစွဲနေတော့ ဒီအမြင်မှန်သလားဆိုတော့ မမှန်ပါဘူး အမှားကြီးမှားနေကြတယ်တဲ့၊ ဘာဖြစ်လို့ စိမ်းတဲ့ဝဏ္ဏ ပြာတဲ့ဝဏ္ဏ နီတဲ့ဝဏ္ဏ အဓိပ္ပာယ်အားဖြင့် အကောင်အထည်ကတော့ရှိပါတယ်၊ ဒီအထည်ကြီးကတော့ အနီရောင်လေး၊ ဒီအထည်ကြီးကတော့ အစိမ်းကလေးဆိုတော့ ဒီအနီရောင် အစိမ်းရောင်ကလေးတွေက အထည်ကြီးနဲ့ သွားစွဲတယ် မစွဲဘူးလားကွယ် (စွဲပါတယ်ဆရာ)။ အေး အေး အထည်ဒြပ်သဏ္ဌာန်ပေါ်မှာ စွဲသွားတယ်တဲ့ အမှန်ကတော့ ဒီရုပ်ဝဏ္ဏပစ္စည်းကို အရောင်တွေပေါ်တင်စားပြီးတော့ ဒီအစိမ်းရောင် ကလေးတကယ်ရှိတယ်လို့စွဲနေပေမယ့် အဲဒီဘာဖြစ်လဲလို့ဆိုတော့ ပညတ်လို့ခေါ်တယ် ပရမတ် ခေါ်တာမဟုတ်ဘူး။

ဒါပေမယ့် အဓိပ္ပာယ်အားဖြင့်ကြည့်လေ၊ အစိမ်းရောင်သုတ်ထားတဲ့ ယပ်တောင်လေးတစ်ခု ကို ငါကမင်းကိုလက်နဲ့ထောင်ပြတယ်၊ အဲဒီယပ်တောင်ကိုမြင်သလားဆို မြင်တယ်၊ ယပ်တောင် ကို မြင်ပေ့ါကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အခုမြင်တာကတော့ဘာလဲဆိုရင် ယပ်တောင်လို့ ဒီလို ပြောရမှာပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းတစ်ယောက်တည်း ဒီပစ္စည်းကိုယပ်တောင်ပဲလို့ ပြောမယ့်သူရှိပါသလားဆိုတော့ မေးစရာရှိရင် ယပ်တောင်လို့ ပြော မှာပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဘာဖြစ်လို့ ဒီလို အဖြေမျိုး တိုက်ရိုက်ဖြေသလဲမေးတော့ ဒီပုံစံမျိုးကိုကြည့်ရင် ယပ်တောင်ပါပဲလို့ အားလုံးက နားလည် ထားလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပုံစံကိုမှတ်ပြီးတော့ပြောနေတာက သဏ္ဌာနပညတ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သဏ္ဌာနပညတ် ဖြစ်နေတာပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)။

ပြီးတော့ တစ်ခါလာပြန်ပြီ၊ ဒါဖြင့် ကောင်းပါပြီကွယ် ဒီယပ်တောင်ကတော့ဟုတ်ပါပြီ၊ လူလာ တိုင်း မင်းယပ်တောင်လို့ ပြောကြပါ၏၊ ဒီယပ်တောင်မှာရှိနေတဲ့အရောင်က ဘာအရောင်တုန်း ဘာအသွေးတုန်း ဘာအဆင်းတုန်းဆိုတော့ အစိမ်းရောင် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလူတိုင်းပြောတာပေ့ါနော် (လူတိုင်းပြောပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ ယပ်တောင်က အစိမ်းရောင်ဆိုတော့ ဩော် စိမ်းတဲ့ယပ်တောင်ပဲ ဒီယပ်တောင် နော် (ဟုတ်ကဲ့ပါဆရာ)။ စိမ်းတဲ့ယပ်တောင်လေး ယပ်တောင်စိမ်းစိမ်းလေးပဲလို့ ငါမြင်တာ ယပ်တောင်စိမ်းမြင်တယ် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ငါမြင်တာ ယပ်တောင်စိမ်းမြင်တယ်ဆိုတော့ အခုနပြောတဲ့ အစိမ်းဆိုတဲ့ အဆင်းတည်းဟူသောဝဏ္ဏရုပ်က ယပ်တောင်ပေါ်တင်နေရောနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဘာဖြစ်လို့လဲ၊ ငါမြင်တာယပ်တောင်စိမ်းကလေးပဲ ဒီလိုမြင်လား ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီအမြင်လေးတွေက သေသေချာချာကြည့်တော့ ပရမတ်အမြင်ဟုတ်ရဲ့လားဆိုတော့ ပရမတ်အမြင် မဟုတ်ပါဘူးတဲ့ ပညတ်တွေခေါ်တယ် ဘာဖြစ်လို့ ဒီစိမ်းတဲ့အရောင်ကလေးဟာ ဒီစိမ်းတာမှ အရောင်လို့ မိမိစိတ်ထဲကစွဲတာကတစ်ကြောင်း ဒီစိမ်းတဲ့အရောင်လေးကိုက ယပ်တောင်က စိမ်းနေတယ်လို့ ပြောထားတဲ့အကြောင်းကြောင့်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီပုံစံသဏ္ဌာန်မြင်ရင် ယပ်တောင်လို့ပဲ ငါတို့အမြင်ကသိထားတယ်လို့ယူဆထားတဲ့ အယူကတစ်ကြောင်း၊ ဒါ့ကြောင့် သဏ္ဌာနပညတ်အနေအားဖြင့်မှားလို့ နာမပညတ်ကယပ်တောင်ပဲလို့ အားလုံးကသမုတ်ထားတဲ့ အမြင်ပညတ်ကလေးပေါ့၊ ငါမြင်တာယပ်တောင် ယပ်တောင်ဆိုတာတကယ်ရှိ ဒီအမြင်ကလေးက လည်းပဲ နာမပညတ်အပေါ်မှားလို့။

တစ်ခါလာပြန်ပြီ၊ အရောင်အသွေးအနေအားဖြင့် ဒါကိုမှ အရောင်အဆင်းလို့ စိမ်းတာမှအရောင် ဖြူတာမှအရောင် နီတာမှအရောင် နက်တာမှအရောင် ပြာတာမှအရောင် ဒါတွေမပါရင် အရောင်မဟုတ်သလိုဖြစ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဖြူ အပြာ အဝါ အစိမ်း အနီ အနက် အစရှိတဲ့ စကားလုံးတစ်ခုခုကို ပြောမပြနိုင်ရင် ဒါအဆင်းအရောင်အသွေးမဟုတ်ဘူးလို့ ဒီလိုမြင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် ဒီအမှန်ကတော့ အခုလိုပဲ ဒီလောက သင်ပေး အမှတ်အသားပေးပြီးတော့ ပညတ်ထားတဲ့ သမုတ်ထားတဲ့ အလုပ်ကလေးတွေ တို့လူစုက ဒါကို အဟုတ်မှတ် အဟုတ်မှတ်ပြီးတော မြင်မြင်မြင်မြင်နေကြတော့ ဘယ်လိုဖြစ်သလဲဆိုတော့ သြော် မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ ဒီဝဏ္ဏ ဂန္ဓ ရသ သြဇာ ဆိုတဲ့ ဥပါဒါရုပ်လေးပါးကို ဝဏ္ဏဓာတ်ကြည့်ပြန်လည်းပဲ သဘောမျှသက်သက်ဆိုတဲ့ ဘာမှ အတုံး အလုံး အခဲ ဝတ္ထုပစ္စည်း အထည်ဒြပ်သဏ္ဌာန်ရှာဖွေလို့ မရတဲ့သဘောမျှသက်သက်ကလေးဆိုတဲ့ ဝဏ္ဏဓာတ် ကိုယ်တော်မြတ်က ဟောတယ်၊ တို့လူစုက သဘောတရားသက်သက်ကလေးဆိုတော့မသိ၊ ခုနပြောတဲ့ ဝတ္ထုပစ္စည်းပေါ်မှာ စွဲတယ် မစွဲဘူးလား (စွဲပါတယ်ဆရာ)။

ဒီတော့ ခုနပြောတဲ့ မင်းငါပြောထားတဲ့ယပ်တောင်လေးကြည့်စမ်း မင်းမြင်ထားတာက အစိမ်းလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ စိမ်းတဲ့အရောင်ကလေး ဘာမှအရောင်မထင်တော့ဘူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီစိမ်းတယ်လို့ပြောနိုင်မှဒါအရောင်ဖြစ် ဒါမှအသွေးဖြစ် ဒါမှ အဆင်းဖြစ်တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုမှ တစ်ခုခု အဖြူ အပြာ အဝါ အနီ အကြောင်အကြား အစိမ်း အနက် အစရှိသည်အားဖြင့် မပြောနိုင်ရင် ဒါအဆင်းမဟုတ်တော့ဘူး၊ အဆင်းမရှိဘူး အရောင်မရှိဘူး အသွေးမရှိဘူး ဒီလို နားလည်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဟုတ်ကဲ့လား ငါပြောတာ (ဟုတ်ကဲ့ပါဆရာ)။

အဲဒီတော့ ဒီရေ ကြည်ကြည်လင်လင်လေးကျတော့ ဒီရေမှာ ဘာရောင်ရှိလဲဆိုတော့ ဟော ပြောစရာမရှိ ဘာအရောင်မှမရှိပါဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကြည်နေတာ ဘယ်အရောင်ရှိလိမ့်မတုန်း အဖြူလည်းမဟုတ် အပြာလည်းမဟုတ် အဝါလည်းမဟုတ် အနီလည်း မဟုတ် အနက်လည်းမဟုတ် အစိမ်းလည်းမဟုတ် အကြောင်အကြားလည်းမဟုတ် အညိုလည်း မဟုတ် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီရေ ဘာရောင်ရှိ ဖန်ခွက်ထဲထည့်ထား၊ ဘာ အရောင်မှ မရှိဘူး ဘာရောင်ရှိတုန်း ဘာရောင်မှမရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ၊ အဲဒီအထဲ အစိမ်းလေးထည့်ထား ဘာရောင်ရှိတုန်း (အစိမ်းဖြစ်သွားပါတယ်ဆရာ)။ ဩော် အစိမ်းရောင်ရှိတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အနီထည့်တော့ကော (အနီရောင်ဖြစ် သွားပါတယ်ဆရာ)။ ဩော် အစိမ်းတို့ အနီတို့ အဖြူတို့ အပြာတို့ အဝါတို့ ဒါအရောင်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အရောင်ဆိုတာဘာခေါ်တုန်း (အဆင်းရုပ်ခေါ်ပါတယ်ဆရာ)။ အေး အဆင်းရုပ် ခေါ်တယ်၊ အရောင်ဆိုတာအဆင်းနော် (ဟုတ်ကဲ့ပါဆရာ)။ အသွေးဆိုတာကော (အဆင်းရုပ်ပဲ ခေါ်ပါတယ်ဆရာ)။ အဆင်းပဲနော် အဲဒီအဆင်းကိုပါဠိလို ပြန်လိုက်တော့ ဘာတုန်း (ဝဏ္ဏပါဆရာ)။ အေး ဝဏ္ဏဓာတ် မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီမြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ပရမတ် ဝဏ္ဏဓာတ်ကို တို့လူစုက ဉာဏ်ချက်ကလေးကို ဒတ်ခနဲသိသွားအောင်နာ နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ ပရမတ် ဝဏ္ဏဓာတ်ဆိုတာ ပရမတ်လို အဆင်းရုပ်ဆိုတာ တခြားမှ မဟုတ်ဘဲပဲ ဉာဏ်ထဲ ဒီလိုပြတ်သားလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ငါ ဥပမာလေးတစ်ခုပြောပါ့မယ်၊ တို့လူစုက သေသေချာချာ သမာဓိလည်း ကောင်း ကောင်းထားမှတ်ပေါ့ကွနော်၊ ကိုယ်တော်မြတ်ဟောတော်မူတဲ့ ဝဏ္ဏအဆင်းဓာတ်ဆိုတာ ဘာခေါ်လဲ ဆိုရင် မျက်စိမှာမြင်ကောင်းတာ မြင်ရတာနော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိမှာ မြင်ကောင်းတာ မြင်ရတာ မြင်နိုင်တာ အမြင်သဘောလေးခေါ်တယ် နော် (ဟုတ်ကဲ့ပါဆရာ)။ အခုန အဖြူ အပြာ အဝါ အနီ အကြောင်အကြားတွေ ဒါတွေအသွေးတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ ခုန ငါပြောသလိုပဲ အဲဒီအဖြူ အပြာ အဝါ အနီ အကြောင်အကြားဆိုတဲ့ တစ်ခုခုမှမပြနိုင်ရင် အရောင်မရှိဘူး အဆင်းမရှိဘူး အသွေးမရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ဒီအဖြူ အပြာ အဝါ အနီ အနက် အကြောင်အကြားဆိုတဲ့ အရာဝတ္ထုတစ်ခုခုကို ညွှန်ပြနိုင်မှ ဒါမှတို့လူစုက အဲဒါအဆင်းပေါ့ ဒါအရောင်ပေါ့ ဒါအသွေးပေါ့ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဟုတ်ပြီ၊ ဟုတ်ပြီ။

http://www.dhammadownload.com



ဒါဖြင့် ဖန်ခွက်ထဲထည့်ထားတဲ့ ရေကြည်လေးကျတော့ ဘာအရောင်ရှိတုန်း၊ ဘာအသွေးရှိတုန်း ဘာအဆင်းရှိတုန်းဆို၊ ဘယ့်နှယ့်ပြောမလဲ (ဘာမှမရှိပါဘူးဆရာ)။ ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒါ မင်းတင်မကဘူး လူတိုင်းပြောမှာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာမှ မရှိဘူးနော် (ဟုတ်ကဲ့ ပါဆရာ)။ ဩော် ဒီလိုဆိုတော့ တို့အဖြူလို့လည်းမပြောနိုင် အနီလို့လည်းမပြောနိုင် အဝါလို့လည်း မပြောနိုင် အပြာလို့လည်းမပြောနိုင် အစိမ်းလို့လည်းမပြောနိုင် အနက်လို့လည်းမပြောနိုင် ဘာမှမပြောနိုင်တော့ အဆင်းမရှိဘူး အရောင်မရှိဘူး အသွေးမရှိဘူး ဒီလိုဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီဥပမာလေး သေသေချာချာမှတ်ထား၊ ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်သိစေလိုတာက ဝဏ္ဏာရုံဆိုတာ မျက်စိမှာမြင်ရတဲ့အရာဟာ ဝဏ္ဏာရုံပဲ ဒီလိုလေးနော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိမှာမြင်ရသောအရာသည်ဝဏ္ဏာရုံ အဲဒါလေးမှတ်ထား အဲဒါလေးကလည်း ဒါတို့မူလေးချထား၊ ဒီမူကို အသိဉာဏ်လေးဆိုက်သွားအောင် ဒီကပရိယာယ် အမျိုးမျိုးနဲ့ ပြသွားမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

အဓိပ္ပါယ်ဆိုကြပါစို့ကွာ၊ တို့နှင်းဆီပွင့်လှလှပပနဲ့ ကြက်သွေးရောင်ရဲလို့ နန်းသိင်္ဂီဆိုတဲ့ နှင်းဆီပွင့်လေး လှလည်းလှနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မြင်ဖူးတယ်မဟုတ်လား (မြင်ဖူးပါတယ် ဆရာ)။ ဟုတ်ပြီ ဟုတ်ပြီ၊ အဲ့ဒီ နန်းသိင်္ဂီဆိုတဲ့နှင်းဆီပွင့်ကြီး ဟောဒီစားပွဲပေါ်တင် ပန်းကန်ပြားထဲထည့် လူမြင်တိုင်းမေးစမ်း ဒါဘာကြီးတုန်း ဘာပွင့်ကြီးတုန်း ဘယ့်နှယ့်ပြောမလဲ (နှင်းဆီပွင့်လို့ ပြောပါမယ်ဆရာ)။ ဩော် အေး– နှင်းဆီပွင့်လို့ပြောမယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လူတိုင်း ဒီလိုပြောမယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အောင်မယ် ဒီလူတွေ ဘယ်တုန်းကတိုက်ထားပါလိမ့် အဖြေတူလှချည်ရဲ့လို့ ဘယ်တုန်းကတိုက်ထား (ဘယ်တုန်းကမှမတိုက်ထားပါဘူးဆရာ)။ တစ်ယောက်နဲ့တစ်ယောက် အဖြေတိုက်မထားဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် လာတိုင်းမေးတော့ အဖြေကတူမနေဘူးလား (တူနေပါတယ်ဆရာ)။

တစ်ယောက်မေးလည်းနှင်းဆီပွင့် တစ်ယောက်မေးလည်းနှင်းဆီပွင့်နဲ့ ဘာဖြစ်လို့ ဒီလူတွေ အဖြေတိုက်မထားဘဲနဲ့ တူနေကြပါလိမ့်၊ ဘာကိုမှတ်ထားပြီးပြောပါလိမ့် (ပုံသဏ္ဌာန်ကိုကြည့် ပြီးပြောပါတယ်ဆရာ)။ အဲ ပုံစံသဏ္ဌာန်ကိုကြည့်ပြီး ပြောကြတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီပုံစံမျိုးမြင်ရင် ဒို့ပြင်ပန်းနဲ့မမှားဘူးပေါ့ (မမှားပါဘူးဆရာ)။ ဗုဒ္ဓသရဏံပန်းနဲ့မှားသေးလား (မမှားပါဘူးဆရာ)။ သရဖီနဲ့မှားသေးလား (မမှားပါဘူးဆရာ)။ နှင်းပန်းနဲ့မှားသေးလား (မမှား ပါဘူးဆရာ)။ အဲဒီလိုမမှားဘဲနဲ့ ပန်းချင်းတူရဲ့သားနဲ့ ပန်းချင်းမမှားဘဲနဲ့နှင်းဆီပဲလို့ အားလုံးက ပြောပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့အဖြေတူပါလိမ့်မေးတော့ တူမှာပေါ့တဲ့၊ ဒီလို

http://www.dhammadownload.com



ပုံစံမျိုးမြင်ရင် ဒါနှင်းဆီဆိုတာ လူတိုင်းကသိတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါ သူတို့မြင်နေတာမင်းဘာမြင်တုန်း စားပွဲပေါ်ဘာမြင်ရ နှင်းဆီကြီးမြင်တာပေါ့။ ဒါဖြင့် သူ့အမြင်ကဘာမြင်တုန်း (ပညတ်အမြင့်မြင်တာပါဆရာ)။ ဘာပညတ်တုန်း၊ ဘာပညတ်မြင်တာတုန်း သဏ္ဌာနပညတ်မဟုတ်ဘူးလား (သဏ္ဌာနပညတ်ပါဆရာ)။ ဩော် သူ့ပုံစံကိုမြင်တာပေါ့ (ဟုတ်ကဲ့ပါ ဆရာ)။ သူအချိန်ကျထွက်လာတာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါကို မင်းနားလည်လား (နားလည်ပါတယ် ဆရာ)။ အေး – မင်းနားလည်ရင် တဖြည်းဖြည်း ဉာဏ်ရင့်ကျက်လာတာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ မြတ်စွာဘုရားဟောကြားသလို ကိုက်သလား (ကိုက်ပါတယ်ဆရာ)။ ကိုက်လာရင်တော့ မြတ်စွာဘုရား အပေါ် ကြည်ညိုတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ပြောတတ်တယ်မဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အေး – ယခုပြောတာက သဏ္ဌာနပညတ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒီပညတ်တွေမှားနေတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ကဲ ငါမေးစရာရှိပါတယ် ကောင်းပါပြီ၊ မင်းတို့ ဒီအတိုင်းဆိုရင်နှင်းဆီပွင့်မြင်တယ်၊ မျက်လုံးနဲ့ မြင်သွားတော့ နှင်းဆီပွင့်ကြီးလို့ပြောကြတယ်၊ ဘာအရောင်အဆင်း ဘာအသွေးပါလိမ့် မင်းဘယ့်နှယ့်ပြော (အနီလို့ပြောပါမယ်ဆရာ)။ အနီလို့ပြောမှာလား (ဟုတ်ကဲ့ပါဆရာ)။ လူ တိုင်းပဲလား (လူတိုင်းပဲဆရာ)။ လူတိုင်းပြောမယ်လား (ဟုတ်ကဲ့ပါဆရာ)။ လူတိုင်း ဒီလိုပြောမယ် လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အဖြူ အဝါ အညိုဟူသော အဆင်းတွေထဲကမှ ဒီအဆင်းရုပ်ကြီးကို ဝိုင်းပြီး အနီပဲအနီပဲလို့ပြောတာ အဖြေမတူဘူးလားကွယ် (တူပါတယ်ဆရာ)။ ဘာဖြစ်လို့ အဖြေတူ ပါသလဲမေးတော့ တိုက်မျှားတိုက်ထားသလား (မတိုက်ပါဘူးဆရာ)။ ဘာဖြစ်လို့မတိုက်ဘဲနဲ့ အဖြေတူ (သူ့အဆင်းကြောင့်ဖြစ်လို့ပါဆရာ)။ အောင်မာ သူ့ရဲ့အဆင်းကိုမြင်လို့ပြောတာပေါ့၊ မမြင်ဘဲနဲ့ အရမ်းပြောမှာလို့ ဘယ်ဖြစ်မတုန်းဟ (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် အဖြေတူပြီပေါ့ (တူနေ ပါတယ်ဆရာ)။ အနီရောင်တန်းပြောနေလား (ဟုတ်ကဲ့ပါဆရာ)။ အဖြေတူနေတာမတိုက်ဘဲနဲ့ ဒီလိုဒီလို အဖြေထွက်သွားတာဘာသဘောပါလိမ့်၊ ဒါတော့ မင်းကိုယ်တိုင်နားမလည်ဘူး။

မင်းငယ်ငယ်တုန်း ပြန်ကြည့်လိုက်စမ်း၊ မင်းငယ်ငယ်တုန်းကစပြီးတော့ ကြီးကြီးလာတော့ နည်းနည်းမှတ်သားလောက်နိုင်တဲ့ အရွယ်ရောက်လာတော့ လူကြီးတွေက မသင်ပေးဘူးလား (သင်ပေးပါတယ်ဆရာ)။ ဘယ့်နှယ့်သင်ပေး ထုံးတွေ့တော့ဘာအရောင်တုန်း (အဖြူလို့ခေါ်ပါတယ် ဆရာ)။ မီးသွေးခဲတွေ့တော့ (အနက်လို့ခေါ်ပါတယ်ဆရာ)။ ရှားစေးတုံးတွေ့တော့ (အညိုလို့ ခေါ်ပါတယ်ဆရာ)။ ဒီလိုခေါ်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ မင်းလက်မောင်းဖောက်ပြီးတော့ သွေးတွေကို မြင်လိုက်တော့ (အနီရောင်လို့ခေါ်ပါတယ်ဆရာ)။ ဩော် ဒီလိုတွေ့တယ်လား

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ အရောင်လေးတွေမြင်တော့ လူကြီးတွေကသင်ပေးတယ် ဒါအဖြူရောင်ပဲ ကလေးဘဝတုန်းက မမှားဘူးလား (မှားပါတယ်ဆရာ)။ မှားတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှတ်အသားတွေ မြင်လိုက်တော့ မှတ်ဉာဏ်မရှိလို့ မှားသွားတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ မှားတဲ့အခါမှားတာပေါ့ တဖြည်းဖြည်းနဲ့ အမှတ်မှားတာများလာတော့ မှန်လာတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဩော် တို့လူကြီးတွေက ဟောဒါမျိုးတွေ့တော့ ထုံးလိုအရာဝတ္ထုတွေ့တော့ ဒီအရာဝတ္ထု တွေ့တော့ အဖြူရောင်ပဲ၊ ဟော အနီရောင်တွေ့တော့ ဟောဒါအနီရောင်ပဲ ဟောဒါကျတော့အပြာတဲ့ ဒါကအစိမ်းတဲ့ တရေးရေးနဲ့ တစ်စစ မင်းမှတ်မလာဘူးလား (မှတ်ပါတယ်ဆရာ)။ မင်းလိုပဲ မြင်ရာကနေပြီးတော့ တစ်စစမှတ်လာလို့ မင်းကိုပဲ အမှတ်အသားတွေဟာ မတူဘူးလား (တူပါတယ်ဆရာ)။ ဒါ့ကြောင့် ဒီနန်းသိင်္ဂီခေါ်တဲ့ နှင်းဆီပွင့်ကြီးမြင်လိုက်ရင် ဘာရောင်လဲ၊ ဘာ အသွေးလဲမေးရင် လူတစ်ရာမေးရင်တစ်ရာလုံးက ဒါအနီရောင်လို့မပြောဘူးလား (ပြောပါ တယ်ဆရာ)။ ကိုင်း တို့ဒီသင်္ကေတ အမှတ်အသားနဲ့ မှတ်ပြောနေတာ မဟုတ်ဘူးလား (ဟုတ်ကဲ့ ပါဆရာ)။ ဒါသင်္ကေတပညတ်အားဖြင့်မြင်လိုက်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်တယ်မဟုတ်လား ပြောတာ (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် အနီပဲ အဖြူပဲ အပြာပဲ အဝါပဲဆိုတာ တို့လောက အကျိုးစီးပွားပြီးမြောက်စေခြင်းအကျိုးငှာ တစ်ခုနှင့်တစ်ခု၊ တစ်ယောက်နဲ့တစ်ယောက်မမှားစေဘဲ အကျိုးငှာအမှန်အမှားလေးတွေ ပေးထားတဲ့ သင်္ကေတပညတ် မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

စောစောကပဲ နှင်းဆီပွင့်ငါမြင်တယ် ဖွတ်ငြင်းတယ် တို့အမှတ်အသားမမှားဘူး။ ဒါ နှင်းဆီပွင့် သူ့အမြင်သည် သဏ္ဌာနပညတ်ကိုမြင်ရနော် (ဟုတ်ကဲ့ပါဆရာ)။ နောက်တစ်ခါလာရင် ဘာအရောင် ဘာအသွေး ဘာအဆင်းတို့ အနီရောင် အနီသွေး အဆင်းသွေး အဆင်း နီတဲ့အဆင်း ဒါပြောပြန်ပြီ ဒါလည်း အမှန်ကသင်္ကေတပညတ်သူမြင်တာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုနပြောတာ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဘာတဲ့ တစ်ချက်မှားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီလိုပဲတဲ့၊ မင်းတို့ငါတို့မျက်စိက မြင်သမျှဟာတွေ နာမပညတ်နဲ့မှားလိုက် သဏ္ဌာနပညတ်နဲ့ မှားလိုက် သင်္ကေတပညတ်နဲ့မှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတွေ တကယ်ဟုတ်တယ် တကယ်ရှိတယ် တကယ်မှန်တယ်လို့ ထင်ချက်နဲ့စွဲစွဲစွဲစွဲနေကြတာ အဲဒီအယူဝါဒတွေမမှန်ဘူးတဲ့ အမှန်ကတော့၊ အမှန်က တိုတိုတုတ်တုတ်ကလေးပြောကြစို့ မျက်စိမှာမြင်တာအဆင်းရုပ် ဒီလိုဆိုတော့ ပရမတ်မြင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ခုနပြောတဲ့ဟာ နီတာမှ အဆင်း၊ ဖြူတာမှ အဆင်း၊ မဲတာမှ အဆင်း၊ နက်တာမှ အဆင်း

http://www.dhammadownload.com



လို့ ဒီလိုသာဆိုရင် ဟုတ်လား,မဟုတ်လားကြည့်စမ်းပါ၊ ဒီလိုဆိုရင် တို့ ဓမ္မသင်္ဂဏီပါဠိတော် မြတ်စွာဘုရားကိုယ်တော်မြတ် ဝဏ္ဏာခေတ် ရူပါရုံအဆင်းဆိုတဲ့ ပရိယာယ်လေး ဟောသွားတာ ကြည့်စမ်းပါဦး သေသေချာချာ။

ဆာယာ အာတာပေါ် အာလောကော အန္ဓကာရော အဗ္ဘာ မဟိကာ ဓူမော ရဇော စန္ဒ မဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ မဏိသင်္ခမုတ္တာဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပရဇတဿ ဝဏ္ဏနိဘာ။ (ဓမ္မသင်္ဂဏီ ပါဠိတော်၊ ၁၆၂)

ပြီးတော့ အဲဒီပရိယာယ်ရဲ့အဓိပ္ပာယ်ကို ငါတစ်ခါရှင်းပေးပါဦးမယ်၊ ခုတစ်ခါပြန်ကြည့်စမ်းပါဦး ဒါဖြင့် နီတာအဆင်းဆိုတာ သင်္ကေတပညတ်၊ ဖြူတာအဆင်းဆိုတာ သင်္ကေတပညတ်၊ ဝါတာ အဆင်းဆိုတာ သင်္ကေတပညတ်နော် (ဟုတ်ကဲ့ပါဆရာ)။ နက်တာမှ အဆင်းဆိုတာ သင်္ကေတ ပညတ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ရွှေတာမှ အဆင်းဆိုတာ သင်္ကေတပညတ်၊ ဩဘိ ဒါလူအများသည် တစ်ခုနဲ့တစ်ခုမမှားစေခြင်းအကျိုးငှာ အမှတ်အသားလေးတွေ ပေးပေးပြီးတော့ ပြောသွားတဲ့သဘောလေးတွေ အမည်နာမလေးတွေ၊ အမှန်က ဒါသင်္ကေတပညတ်တွေပဲတဲ့ အမှန် စင်စစ် ဖြူတာမှ အဆင်း၊ နီတာမှ အဆင်း၊ ဝါတာမှ အဆင်း၊ ကြောင်တာကြားတာမှ အဆင်း မဟုတ်ပါဘူး၊ ဟာ အဆင်းဆိုတာဘာလဲဆိုတော့ အဆင်းဆိုတာ မျက်စိမြင်ကောင်းတဲ့ သဘော ဟာ အဆင်းပဲတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိမြင်ကောင်းတဲ့သဘောသည် အဆင်း၊ ဒီတော့ မှတ်ထား တို့လူစုက၊ မျက်စိဖွင့်ကြည့်လိုက်လို့မြင်ရင် မြင်တာဟာအဆင်းပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုဆိုတော့ မှတ်ရမလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ အခုန ဖြူမှအဆင်း၊ ဝါမှ အဆင်း၊ နီမှ အဆင်းဆိုတဲ့ စကားသည် ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဖြူချင်ဖြူ မဖြူချင်နေ၊ နီချင်နီ မနီချင်နေ၊ ပြာချင်ပြာ မပြာချင်နေနော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိမှာမြင်တာ အဆင်းပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဖြူတာ ပြာတာ ဝါတာ နီတာမှ အဆင်းဆိုရင် အခုန မြတ်စွာဘုရားကိုယ်တော်မြတ် ဓမ္မသင်္ဂဏီပါဠိဟောတော်မူတဲ့ ဝဏ္ဏာခေတ်ပရိယာယ်ပြတဲ့ အခန်းနဲ့ လွဲချင်တိုင်းလွဲနေမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ သဘောသက်သက်ကလေးဟောသွားတာ အမှန်က တော့၊ မြင်တတ်တဲ့ သဘောသက်သက်ကလေးကို သိတတ်ဖို့ဆိုတဲ့အနေအားဖြင့် ဟောသွားတဲ့ တရားနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် တို့လူစုကလည်း စောစောကပြောသလိုဖြူတာ ပြာတာ နီတာ ဝါတာ ကြောင်တာ ကြားတာ နက်တာဆိုတဲ့ ဒီတစ်ခုခုပြောနိုင်မှ ဒါအဆင်းရုပ်ပဲလို့ ဒီလိုဆိုရင်

http://www.dhammadownload.com



မှားချင်တိုင်းမှားမယ် ဒါသဏ္ဌာန်တဝေဟာပညတ်၊ အခုပြောသလို မျက်စိထဲပုံစံမှတ်ပြီးတော့ ပြောနေတာ သဏ္ဌာနပညတ် အကောင်အထည်ကြီး အတုံး အလုံး အခဲကြီး အထည်ဒြပ်သဏ္ဌာန် ဒီလိုမြင်တယ် ဆိုရင် ဒါသဏ္ဌာနပညတ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပညတ်တွေချည်းမြင်နေကြတယ် မျက်စိကမှားနေ ဘယ်လောက်များ အမြင်မှားသလဲလို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲ့ဒါ လေးတွေ အမြင်မမှားရအောင်ပေါ့ကွယ်၊ ကြည်ကြည်လင်လင်သန့်သန့်ရှင်းရှင်းနဲ့ လူစုရဲ့ ဉာဏ်မျက်စိထဲမှာ ဒီဝဏ္ဏဆိုတဲ့ခတ်ကြီးကို မင်းတို့ပေါက်လာပြန်တော့ ထိန်းသိမ်းတဲ့နေရာလေးတွေမှာ တန်ဖိုးရှိလို့ သင်တန်းတစ်ခါဆက်ပြပါဦးမယ်။

ထိန်းသိမ်းလိုက်တဲ့အခါကျတော့ အင်မတန်တန်ဖိုးရှိတယ်၊ ဣန္ဒြိယသံဝရသီလမျိုးနဲ့ကျတော့ စက္ခုန္ဒြိယသံဝရသီလဆိုတာ စက္ခုဣန္ဒြေကိုစောင့်စည်းတဲ့တရားဟာ ဣန္ဒြိယသံဝရသီလခေါ်တယ် နော် (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဣန္ဒြေ၊ သြော် မျက်စိကမြင်တတ်တာတွေ ကိုယ်တော်မြတ်ကတော့ စောင့်စည်းကြ ထိန်းသိမ်းကြ၊ ကြည့်ချင်လည်းမကြည့်ကြနဲ့ မကြည့်တတ်ဘဲမကြည့်နဲ့ ကြည့် တတ်မှကြည့်၊ ဒီလို မကြည့်တတ်ဘဲနဲ့ တစ်ကြည့်တည်းကြည့်နေရင် မျက်စိက အင်မတန် ဒုက္ခ ပေးမယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိကဒုက္ခပေးတယ် ဘာဖြစ်လို့လဲ "စက္ခု နာမရူပေန သရာဂါယ စေတေသတိ" ကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာ၊ ဒီစက္ခုနဲ့ အခုမင်းတို့ငါတို့ မြင်တယ်ဆိုတဲ့ ရူပါရုံအဆင်းနဲ့ တွေ့ကြသလားဆိုမှဖြင့် တပ်မက်နှစ်သက်တယ်ဆိုတဲ့ ရာဂတည်း ဟူသော သားသမီးတွေ ပေါက်ဖွားလာကြတယ်တဲ့ ရာဂဆိုတာဘာခေါ်သိလား ဘာခေါ်သက်ပွ ခေါ်တယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ရာဂဆိုတာသက်ပွတဲ့ အဲဒီရာဂသက်ပွဆိုမှဖြင့် သက်ပွရာဂဆိုတာ တစ်ခါပေါ်လာတယ် သက်ပွရာဂဆိုတာဘာတုန်း အထူးထူးအတွေတွေ ကြံစည်အားထုတ်တာ စဉ်းစားတာနော် (ဟုတ်ကဲ့ပါဆရာ)။

မြင်ကာမျှလေး မဟုတ်ဘူးတဲ့၊ မြင်လိုက်လို့ မိမိမြင်တဲ့ရူပါရုံမှာ တပ်မက်တဲ့စိတ်ကလေး၊ နှစ်သက်တဲ့စိတ်ကလေး ပေါ်လာတာကိုး။ ဒီမြင်တဲ့ အဆင်းရုပ်ကလေးအပေါ်မှာ နှစ်သက်တယ် ဆိုတဲ့ ရာဂကပ်ငြိမှုကလေးအကြောင်းပြုပြီးတော့ သက်ပွရာဂလို့ နောက်ထပ်တိုးပြီးတော့ တစ်မျိုး အားဖြင့် အကျယ်ချဲ့ပြီးစဉ်းစားလာလို့ ရာဂလေးတွေပေါ်လာပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို တစ်မျိုးအားဖြင့်တိုးပြီး အကျယ်ချဲ့လာတဲ့ သက်ပွရာဂဆိုတဲ့ ကြံစည်အားထုတ်မှုတွေ စဉ်းစားမှုတွေ ကျယ်ဝန်းလာပြီဆိုမှဖြင့် မကြာခင်ဘဲ တို့ဘက်မြားရောက်တာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ ကြောင့် "စက္ခု နာမရူပေန သရာဂါယ စေတေသတိ" ကိုယ်တော်မြတ်ကဟောသွားတာ၊ ဒီမျက်စိပေါက် မတွယ်တာသင့်ဘူးလို့၊ ဒီမျက်စိပေါက်အလိုချည်း တောက်လျှောက်လိုက်နေရင်

http://www.dhammadownload.com



ဒါဒုက္ခကောင်းကောင်းတွေ့တတ်တယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အခု ပစ္စုပ္ပန်မှာလည်း ဒုက္ခတွေ့တတ်တယ် တမလွန်ကျလည်း ဒုက္ခတွေ့တတ်တယ်။

ဒါကြောင့် မျက်စိကိုထိန်းသိမ်းကြ၊ ကိုယ်တော်မြတ်က္ကန္ဒြိယသံဝရသီလ ဟောသွားတာ၊ ဒါဘာတုန်း စက္ခုထိန်းသိမ်းကြ၊ စက္ခုထိန်းသိမ်းကြဆိုတော့ အခုတို့များပြနေတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်အလိုတော်ကျဆိုတဲ့ ပရမတ္ထဝဏ္ဏစာတ်အမြင်သဘောကြီးကို ပရမတ်အနေအားဖြင့် မသိရင် ဘယ့်နှယ့်နည်းမှထိန်းမရဘူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ထိန်းလို့ရနိုင်ပါ့မလား (မရနိုင်ပါဘူးဆရာ)။ ဘယ်ရမတုန်းကွ၊ ကိလေသာဒင်းကြမ်းမှုဖြစ်နေတဲ့ လူတွေကိုးကွ၊ ကိလေသာဘုံသားတွေ ကာမဘုံသားတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ထိန်းနိုင်ရင်ခဏနေမှာပေါ့တဲ့ ဘာနဲ့တူတုန်း မှော်တွေအပြည့်ပြည့်နေတဲ့ ရေမျက်နှာပြင်မှာ ရေကြည်ရေကောင်းရအောင်ဆိုပြီးတော့ မှော်ကိုဖြိုပြီးတော့ ရေထဲမှာရေအိုးနဲ့ ရေခပ်သလိုပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ရေအိုးနဲ့ခပ်လိုက် မှော်တွေလက်နဲ့ဖယ်ရှားပြီးတော့ရေအိုးနဲ့ခပ်၊ ရေအိုးဆွဲတင်တော့ မှော်တွေကဘယ့်နှယ့်ဖြစ်သွား (ပြန်စုသွားပါတယ်ဆရာ)။ ပြန်စုသွားပါတယ် ဩော် ပြန်စုသွား ဒီလိုပဲကွနော် (ဟုတ်ကဲ့ပါဆရာ)။ ကိလေသာဒင်းကြမ်းကြီးဖြစ်နေတဲ့ အဲဒီကိလေသာဒင်းကြမ်းကြီးထဲမှာ မှော်တွေလက်နဲ့ဖြိုဖြိုပြီးတော့ ခွဲခွဲပြီးတော့ ရေကြည်ရေပေါက်ခပ်ရသလိုပေါ့ တို့လူစုကွက်ခနဲလက်ခနဲ ဒီလိုအနေအားဖြင့် ကုသိုလ်ကောင်းမှုလေးတွေ ဒါလေးတွေကြိုးစားပြီး အခိုက်အတန့်နော် (ဟုတ်ကဲ့ပါဆရာ)။ အမြဲတစေ လင်းနေဖို့ ရှင်းနေဖို့ဆိုတာ အင်မတန်ခဲယဉ်းတယ်၊ ဒါပေမယ့် အခုပြောနေတဲ့ ပရမတ်ဆိုတဲ့ ဝဏ္ဏစာတ်ကြီး အသိဉာဏ်ထဲပေါ်လာပြီဆိုမှဖြင့် အထိန်းသိမ်းက လွယ်ကူလိမ့်မယ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လောက်တန်ဖိုးရှိလဲ ဆိုတဲ့သဘာဝလေးတွေ။

ဒါကြောင့် ဒီပရမတ်ဝဏ္ဏစာတ်ရဲ့ အဓိပ္ပါယတ္ထ လည်လည်ပတ်ပတ်သိရအောင်၊ ဒါဖြင့် အခု ပညတ်အနေအားဖြင့် ငါးလျှောက်ပြော အမြင်များပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပုံစံမှတ်၊ ပုံစံ အမြင်နဲ့ သူကတစ်မျိုး ဒါကဒီလိုခေါ် ဒါကနှင်းဆီပွင့်လို့ခေါ်တာပေါ့၊ ပုံပျက်ပန်းပျက်မများဘဲနဲ့ နှင်းဆီပွင့်လို့ တိုက်ရိုက်ပြောနေကြတာ လူတစ်ရာတစ်ရာပဲ ဘာဖြစ်လို့ အဖြေတူကြပါလိမ့် တူမှာပေါ့ ပုံစံသဏ္ဌာန်တွေကို သူတို့ကမှတ်နေကြတာ ဒါမျိုးတွေတွေ့တော့နှင်းဆီတဲ့၊ ဘယ်သူက နှင်းပန်း မခေါ်ပါဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် သဏ္ဌာနပညတ်အနေအားဖြင့်မြင်ပြန်ပေါ့ ဒါဖြင့်ရင် နှင်းဆီပွင့်ဟာအရာဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ရှိသလားဆို မဟုတ်ပါဘူး၊ ပစ္စည်းတစ်ခုက ကိုင်လို့ဖြစ် ယူလို့ရပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် ပစ္စည်းတစ်ခုအနေနဲ့မြင်ပြန်တော့ ဃနပညတ်အနေနဲ့မြင်ပြန်ပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဒီတစ်ခါလာပြန်ပြီ နှင်းဆီပန်းဟာဘာပစ္စည်းမျိုးပါလိမ့်၊ ဟာ ဒီနှင်းဆီပန်းကျတော့ နမ်းရှုမျိုးပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါနာမပညတ်နဲ့ အမြင်မှားပြန်ပေါ့ အမြင်မမှားဘူးလားကွာ (မှားပါတယ်ဆရာ)။ ဒါဖြင့်ရင် အခုပြောမှာက အခုကြက်သွေးပေါ့ အနီရောင်ပေါ့ဆိုတာလာပြန်ပြီ အရောင်အဆင်းကို ဒီလိုမြင်ပြန်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကြက်သွေးမှ အနီမှ အဖြူမှ အပြာမှ အဝါဆိုတဲ့ ဒါမှအရောင်အဆင်းလို့၊ ဒါလေးပါမှ အရောင်အဆင်းလားဆိုတော့ ဝဏ္ဏဓာတ်ရယ်လို့ မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အခု အဲဒီအဆင်းမှအဆင်းပဲလို့မှတ်၊ အဲဒီအရောင်မှ အရောင်ပဲလို့မှတ်၊ ဒီလိုဆိုတော့ သင်္ကေတပညတ်အနေနဲ့ မှတ်မှားနေပြန်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါမင်းတို့ငါတို့မျက်စိနဲ့မြင်လိုက်ပြီဆိုပါစို့ ဒါနမူနာလေးပြတာပဲ ဘယ်ကြည့်ကြည့် ဒီအတိုင်း မှားနေတယ် မမှားဘူးလားကွယ် (မှားနေပါတယ်ဆရာ)။ စားပွဲကြည့်ကွာ ဘာမြင်မလဲ စားပွဲကို မြင်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ လူတိုင်းပြောတယ်လား (လူတိုင်းပြောပါတယ်ဆရာ)။ စားပွဲမြင် ဆိုကတည်းက အဖြေတူနေတာဘာ့ကြောင့် (ပုံစံသဏ္ဌာန်ကြည့်ပြီးပြောနေပါတယ်ဆရာ)။ ပုံသဏ္ဌာန် မဟုတ်လား ဘာပညတ် (သဏ္ဌာနပညတ်ပါဆရာ)။ ဒီစားပွဲဝတ္ထု ပစ္စည်းတစ်ခုကြည့်သလား၊ မှန်ထဲမှာ အရိပ်တွေ ကိုင်ကြည့်ပါလား ယူရတာပေါ့။

ဒီခေတ်မှာ လူတွေ ဒီလိုသုံးနေတာပဲ၊ ဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ မြင်ပြန်တော့ ဒါဃနပညတ် အမြင်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီစားပွဲရဲ့အရောင်ကိုကြည့်လိုက်တော့ မြင်ပေါ့၊ ဒါက ပျဉ်းကတိုးသား၊ ဒါက ပိတောက်သားနဲ့လုပ်ထား၊ ဒါက ကျွန်းသားနဲ့လုပ်ထား မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ ဒါကကျွန်းသားအရောင်ပဲ ဒါကပျဉ်းကတိုးအရောင်ပဲ ဒါကပိတောက်အရောင် ဒီကပျဉ်းကတိုးသားအရောင်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမြင်တော့ ဒါကျွန်းသားရဲ့ အရောင်အသွေးတွေ၊ ဒါကပျဉ်းကတိုးအရောင်အသွေးလို့ခွဲခြားပြီးပြောနေတာက သင်္ကေတပညတ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါ သင်္ကေတပညတ်အနေနဲ့မှားပြန်ပြီလို့ မမှားနေဘူးလား (မှား နေပါတယ်ဆရာ)။ အေး အဲဒီလို အမျိုးမျိုးတွေကို မျက်စိနဲ့မြင်တိုင်း အမှားတွေက အင်မတန် များပြားနေပါတယ်၊ ဒီတော့ တို့လူစုတွေ ယခုပြောနေတဲ့ ပုံစံသဏ္ဌာန်အနေနဲ့ မြင်လို့မှားတာတွေ ဝတ္ထုပစ္စည်းအနေနဲ့ ဃနပညတ်အမှားတွေဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သဏ္ဌာနနဲ့မှားခြင်း ဃနပညတ်နဲ့မှားခြင်း ပြီးတော့ဃနပညတ်၊ ဒါတော့ အမည်လို့သမုတ်ထားလို့ အားလုံးက နားလည်တယ် ဒီပစ္စည်းကဟုတ်တယ် အမည်နာမပညတ်အားဖြင့်မှားခြင်း၊ အရောင်အသွေး အမှတ်အသားတွေပေးပြီးတော့ လူတွေနားလည်သွားအောင် သမုတ်ထားတဲ့ သင်္ကေတပညတ်လည်း အဟုတ်မှတ်နေတယ်၊ ဒါလည်း သင်္ကေတပညတ်အားဖြင့်မှားခြင်း ဒီလိုမမှားဘူးလား (မှားပါတယ်

http://www.dhammadownload.com



ဆရာ)။ အမှားတွေ အထပ်ထပ်။

ဒါကြောင့် မျက်စိပေါက်ကမှားနေတာ အလွန်ကြောက်စရာကောင်းပါတယ်၊ အမှားတွေ အင်မတန်များတယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအမှားတွေ ကွင်းလုံးကျွတ်စင် သန့်ရှင်းစင်ကြယ်သွားအောင်ပေါ့၊ ဒါဖြင့် တိုတိုလေးမှတ် ခုနပြောသလို မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အဆင်းပဲခေါ်ခေါ် အသွေးပဲခေါ်ခေါ် အရောင်ပဲခေါ်ခေါ် ဒါဝဏ္ဏဓာတ် မှတ်မိလား (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဝဏ္ဏဓာတ်ကြီးသည် အဲဒီလို ပုံစံတွေနဲ့လည်းမမှတ်နဲ့၊ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့်လည်း မမှတ်နဲ့၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့်လည်း မမှတ်နဲ့၊ အဖြူ အပြာ အဝါ အနီ အကြောင် အကြား ဆိုတဲ့ သင်္ကေတအနေအားဖြင့်လည်းမမှတ်သားနဲ့ မှတ်သားစရာမလိုဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အမည်အားဖြင့်လည်းမမှတ်သားနဲ့ ဒါတွေခုမှမဟုတ်ဘူး ဘယ့်နှယ့်မှတ်ရမလဲ မျက်စိမြင်တာဟာ အဆင်းပဲ မရှင်းလားကွ (ရှင်းပါတယ်ဆရာ)။ မျက်စိမြင်တာအဆင်းပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။

အေး အေး အဲ့ဒီမျက်စိမြင်တာအဆင်းပဲဆိုတဲ့ သဘောလေးတွေ သေသေချာချာ သမာဓိလည်း ကောင်းကောင်းထား၊ ကိုယ်ပိုင်ဉာဏ်နဲ့လည်းဝေဖန်ကြည့်ရမယ် မျက်စိမြင်တာအဆင်းပဲ မျက်စိမြင်ကောင်းတာ မြင်နိုင်တာ မြင်ရတာ မြင်တာဟာအဆင်းပဲလို့ စကားပရိယာယ်ကုန်အောင် ပြောရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိမှာမြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သော အဆင်းသည် မြင်သောဓာတ်သည် အဆင်းဓာတ်နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိမှာမြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သောသဘောသည် အဆင်းဝဏ္ဏဓာတ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ မျက်စိမှာမြင်ကောင်းသော မြင်နိုင်သောမြင်ရသော မြင်သောသဘောတရားသည် ဝဏ္ဏဓာတ် အေး ဟုတ်ပြီ ထပ်ဆို (မျက်စိမှာမြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သောဓာတ်သည် ဝဏ္ဏဓာတ်ပါဆရာ)။ အေး ဟုတ်ပြီ၊ ဒါဖြင့် ဒီလိုဆိုတော့ ဖြူတာ ပြာတာ ဝါတာ နီတာ ကြောင်တာ ကြားတာမှအဆင်းဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)။ ဒါဖြင့် ဟိုဒင်းတွေက အမှတ်အသွားပေးထားတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုမှ အမှတ်အသားမပေးရင် လူ့လောကမှာမထားရင်လည်း လူ့လောကမှာ ကိစ္စပြီးပါ့မလားဟ (မပြီးပါဘူးဆရာ)။ မင်းကနီတယ်ဆိုတဲ့ အသွေးအရောင် ဝဏ္ဏအဆင်းရုပ်ကလေးလိုချင်ရင် လူတစ်ယောက်ခိုင်းလိုက်မယ် ငါ့အနီရောင်လေးဝယ်ပေးစမ်းပါဆိုလို့ရှိရင် စောစောကပြောသလိုပေါ့ကွာ။

ဝဏ္ဏဓာတ်တစ်လုံးတည်းသာ ဘာတွေမှမှတ်မနေနဲ့၊ ဒီအမှတ်အသားတွေ ထားစရာမလိုဘူး ဆိုရင် ကမ္ဘာဦးကစပြီးတော့ ဒီလိုအမှတ်အသားတွေမပေးခဲ့ရင် မင်းလိုချင်တဲ့အနီရောင်ရပါ့မလား

http://www.dhammadownload.com



(မရပါဘူးဆရာ)။ ခိုင်းလို့စေလို့ရော ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အဝါရောင်လိုချင်တော့ရော ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အဲဒီလိုမဖြစ်တော့ လောကအကျိုးစီးပွားပြီးပါ့မလား (မပြီးပါဘူး ဆရာ)။ သာသနာ့အကျိုးစီးပွား ဆောင်ရွက်နိုင်ပါ့မလား (မဆောင်ရွက်နိုင်ပါဘူးဆရာ)။ သြော် လောကအကျိုးစီးပွား၊ သာသနာ့အကျိုး စီးပွားပြီးမြောက်ပါစေခြင်းအကျိုးငှာ လူ့လောကကြီးမှာ သုံးလို့ စွဲလို့ လုပ်လို့ ကိုင်လို့ဖြစ်အောင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရအောင် အမှတ်အသားလေးတွေ ပေးကြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ခုပြောတဲ့ စကားရဲ့ မျက်စိမှာ မြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သောသဘောတရားသည် အဲဒါ့အဆင်းရုပ်ပဲ ဝဏ္ဏဓာတ်ပဲဆိုတော့ ခုနဖြူတာ ပြာတာ ဝါတာ နီတာ ကြောင်တာဟာ သူတို့မှာအဆင်းပဲဆိုတဲ့ စကားဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးကွ အဲဒါ မဟုတ်ဘူးတဲ့အကြောင်း ငါသက်သေထူပြမယ် သေသေချာချာကြည့်။

## အမှောင်ကြီးလေးခု

ဒီတော့ မျက်စိမှာ မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသော၊ မြင်သောဆိုတဲ့ သဘော တရားသည် ဝဏ္ဏဓာတ် အဆင်းဓာတ်ဆိုတော့ အဆင်းရုပ်လို့ဆိုတော့ ဟိုးခုနပြောတဲ့ ဓမ္မသင်္ဂဏီပါဠိ တော် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိယာယ်တွေပြသွားပြီ၊ ပြသွားတာတွေကို အထူးတလည် မဖော်ခင် ငါဥပမာတစ်ခုပေးပါဦးမယ်၊ ဒါဖြင့် မျက်စိမှာမြင်ကောင်းရင် အဆင်းရုပ်ပေါ့နော် (ဟုတ်ကဲ့ပါ ဆရာ)။ မျက်စိမှာမြင်နိုင်ရင် အဆင်းရုပ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဝဏ္ဏဓာတ်လို့မှတ်ထား မျက်စိမှာမြင်ကောင်းတယ်၊ မြင်တယ် မြင်ရတယ်ဆိုရင်ဒါအဆင်းရုပ် ဟောဒီလိုသေသေချာချာမှတ် ဒီတော့ အဖြူ အပြာ အဝါတွေဟာ သင်္ကေတပညတ်ပဲဆိုတာ ရှင်းမသွားဘူးလား (ရှင်းပါတယ် ဆရာ)။ ဒီတော့ ဥပမာလေးတစ်ခုပြောမယ်၊ အခုလိုပဲ လကွယ်နေ့ လောကအမှောင်ဆိုတာ လကွယ် သန်းခေါင် မိုးမှောင်တောအုပ် ဖုံးအုပ်ကွယ်ကာနော် (ဟုတ်ကဲ့ပါဆရာ)။ လောကအမှောင်လောက လကွယ်နေ့လည်းဖြစ်တယ် လကွယ်နေ့မှာ ဘယ်အချိန်လဲဆိုတော့ သန်းခေါင်အချိန်တဲ့ လကွယ် သန်းခေါင်နော် (ဟုတ်ကဲ့ပါဆရာ)။ လကွယ်နေ့လကလည်း လုံးဝမရှိဘူး။

ဒါပေမယ့် အဲဒီလကွယ်နေ့ နဂိုကမှ မှောင်တဲ့အထဲမှာ သန်းခေါင်အချိန်တဲ့ ဟုတ်လား (ဟုတ် ကဲ့ပါဆရာ)။ သန်းခေါင်အချိန်လေးကန့်သတ်ပေးထားတာ အလင်းရောင်လုံးလုံးမရဘူး၊ မြင့်မိုရ် တောင် အလယ်ထားပြီးတော့နေနဲ့လနဲ့နှစ်ပါးသွားနေတဲ့ လက်ျာရစ်လှည့်ပြီးသွားနေတဲ့အခါမှာ နေနဲ့လနဲ့က ဟိုဘက်ဒီဘက်ကို တည့်တည့်လေး တစ်သမတ်ကျတဲ့အချိန်က ဒါသန်းခေါင်အချိန် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် လကွယ်နေ့ကလည်းဖြစ်ရတယ်၊ ပြီးတော့ အချိန်ဆိုတာမှာ

http://www.dhammadownload.com



ဟာ သန်းခေါင်အချိန် လကွယ်သန်းခေါင် မိုးမှောင်တောအုပ် မိုးမှောင်ကြီးကလည်း ကျနေတယ် နော် (ဟုတ်ကဲ့ပါဆရာ)။ နေတာကတောအုပ်ထဲမှာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သိပ် မှောင်ပေါ့ကွာနော် (မှောင်နေပါတယ်ဆရာ)။ လောကအမှောင်ဆုံးပဲတဲ့ လကွယ်ရယ် သန်းခေါင် ရယ် မိုးမှောင်ရယ် တောအုပ်ရယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒြော် ဒီအင်္ဂါလေးပါးစုံလို့ရှိရင် လောကအမှောင်အကြီးဆုံးပဲ မကြီးဘူးလားကွ (ကြီးပါ တယ်ဆရာ)။ အဲဒီအထဲ မင်းသွားကြည့်စမ်းကွာဆိုတော့ ငါကမေးမယ်၊ အဲဒီထဲချလိုက်တဲ့ ဒီတောအုပ်ကြီးထဲချလိုက်တဲ့ လကွယ်သန်းခေါင်အချိန်ကြီးချလိုက်၊ အေးကြည့်စမ်းဟဲ့ ဘာမြင်တုန်း ဆိုတော့ မင်းဘယ့်နှယ့်ပြော (မှောင်နေတာမြင်ပါတယ်ဆရာ)။ ဒြော် မှောင်နေတာမြင်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါက မင်းလူရည်လည်ပြီးသားလူပြောတာ လူပြိန်းမေးရင်မင်းဘယ့်နှယ့်ပြော (လူပြိန်းမေးရင်ဘာမှမမြင်ပါဘူးပြောမယ်ဆရာ)။ အဲဒီလိုလုပ်ပါ တစ်ခါတည်းနဲ့အဲလိုလူရည်လည်လုပ် တစ်ခါတည်းမှောင်နေတဲ့အထဲ မင်းဘာမြင်သလဲဆိုတော့ဘယ့်နှယ့်ပြောမလဲ၊ ဘာမှမမြင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ လူပြိန်းပြောတာမျိုးပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ရိုးရိုးပြောရင် ဘာမှ မမြင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဘာမှမမြင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဘာမှမမြင်ဘူး မှောင်လိုက်တာမည်းလို့ သူ့ပါးစပ်နဲ့ပြောတာမဟုတ်လား (ပြောပါတယ်ဆရာ)။ အေး မိုးမှောင်ကျတဲ့ အချိန်ကြီးပါကွာ တစ်အိမ်ပြီးတစ်အိမ်လျှောက်လည်းရင်းမတ်တ မိုးကလည်းတစ်စက်တစ်စက်နဲ့ အိမ်ရောက်တော့မှ အမယ်လေးဟဲ့ ဘာမှမမြင်ဘူး မှောင်လို့မည်းနေတာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဘာမှမမြင်ဘူးဟဲ့ ပါးစပ်ကပြောသေးတယ် ပြီးတော့လဲမှောင်လိုက်တာမည်းလို့ မှောင်လိုက်တာ မဲလို့ သူ့ဘယ်သူကပြောလိုက်သလဲ (အတွင်းလူကပြောလိုက်တယ်ဆရာ)။ ဟော သူကိုယ်က ပြောလိုက်တယ်မဟုတ်လား သွားသာသွားတာ ဟိုကြည့်ဒီကြည့်ဘာမှမမြင်ဘူးကွ မှောင်လိုက်တာ မဲလို့ ဒီလိုမပြောဘူးလား (ဟုတ်ကဲ့ပါဆရာ)။ မှောင်နေတာမဲလို့ ဘယ်သူပြောတာလဲ သူပြောတာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့သူပြောတာလဲ (ဘာမှမမြင်လို့ပါဆရာ)။ ဒီကျတော့ လွဲပြန်ပြီ အလိုလိုလွဲပြန်ပြီ မှောင်လိုက်တာမဲလို့ သူပြောတာမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှောင်လိုက်တာမဲနေလို့ သူပြောတာမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီပြင်လူပြောတာလား (မဟုတ်ပါဘူးဆရာ)။ သူပြောတာမဟုတ်လား (သူပြောတာပါဆရာ)။ ဘာမှမမြင်ဘူး မှောင်လို့ မဲတာဟဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာမှ မမြင်ဘူးပြောတာက လမ်းတွေ တုံးတွေ တောင်တွေဝတ္ထုပစ္စည်းတွေ သူဘာမှမမြင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီနေရာမှာတစ်ခုတော့

http://www.dhammadownload.com



ရှိသေးတယ်၊ မှောင်တာမဲလို့တဲ့ မှောင်တာမဲလို့ သူမြင်တာမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလေး နားလည်စမ်းပါကွာ ဒါဖြင့် မှောင်တာမဲလို့ သူမြင်တဲ့မှောင်တာမဲတာဆိုတဲ့အရောင်မှာ အဖြူရောင် အပြာရောင် အညိုရောင် အဝါရောင်တွေပြောလို့ ဖြစ်သေးလား (မဖြစ်ပါဘူးဆရာ)။ အစိမ်းရောင် ပြောလို့ ဖြစ်သေးလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ ဟော့ မှောင်လိုက်တာ မှောင်လိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)။

မှောင်လိုက်တာမဲလို့တဲ့ တစ်ခါလာပြန်ပြီကွာ တောမှာသွားရင်းနေထွက်လာတယ် နေထွက်လာတော့ ဟိုးကောင်းကင်ကိုမော့ကြည့် အပေါ်မှာဘာမြင်တုန်းဟ (နေမြင်နေပါတယ်ဆရာ)။ ဟာ နေမြင်နေရမှာပေါ့ ဒါကိုပြောတာမဟုတ်ဘူး ကောင်းကင်မှာဘာမြင် (ဘာမှမမြင်ပါဘူးဆရာ)။ ဘာမှမမြင်ဘူးပေါ့ (ဘာမှမမြင်ပါဘူးဆရာ)။ အပေါ်မှာအပြာတွေမမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ မြင်တယ်လား (မြင်ပါတယ်ဆရာ)။ အပြာမြင်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟို အပြာတွေ မိုးထားတယ်ဒီလိုခေါ်တယ် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမြင်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ မင်းမော့ကြည့် နေတဲ့အပေါ်မှာ မြင်တဲ့ပြာပြာဆိုတဲ့ မိုးကားချပ်အပြင် တခြား ဘာမြင်သေးလဲ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)။ ဘာမြင်တုန်း အပေါ်ကမိုးတိမ်တိုက်တွေဆိုတဲ့ မိုးတိမ်တိုက်အပြာတွေ မင်းမြင်တာပေါ့ (မြင်ပါတယ်ဆရာ)။ မင်းမြင်ထားတဲ့ မိုးတိမ်တိုက်အပြာနဲ့ မင်းမျက်စိကြား ဘာများမြင်သလဲ (ဘာမှမမြင်ပါဘူးဆရာ)။ ဘာမှမမြင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာမှမမြင်ဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုပဲမင်းပြောတာ (ဒီလိုပဲပြောပါတယ်ဆရာ)။ ဩော် အပေါ်ကအပြာဆိုတဲ့ မိုးပြာအရောင်ကို မင်းကဒီကနေမြင်တယ်ပေါ့ (မြင်ပါတယ်ဆရာ)။ အေး အေး မြင်တယ် အဲဒီကြားမှာကြည့်လိုက်ရင် ဘာမြင်သလဲဆိုတော့ ဘာမှမမြင်ပါဘူး အပြာပဲမြင်ရတယ် ဒီလိုပြောတယ်မဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒီ မိုးသားအပြာမြင်ရတာကလည်း အမှန်ကတော့ အလင်းရောင်ရှိလို့ မြင်ရတာပဲနော် (ဟုတ်ကဲ့ပါဆရာ)။ အလင်းရောင်မရှိရင် မိုးသားအပြာရောင်ကို မြင်ရမှာလား (မမြင်ရပါဘူးဆရာ)။ မမြင်ရဘူးပေါ့၊ ဒါနဲ့မင်းမျက်စိကြားနဲ့ အပေါ်မော့ကြည့်လိုက်လို့ အပြာရောင်ဆိုတဲ့ မိုးသားကြားမှာ ဘာမှမမြင်ဘူးဆိုတဲ့စကားဟာ ဝတ္ထုပစ္စည်းတစ်ခုအနေအားဖြင့် ထူးထူးခြားခြားလို့ မမြင်ဘူးလို့ ပြောတာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအရောင်အလင်းကိုမြင်တာမဟုတ်လား (မြင်နေပါတယ် ဆရာ)။ အလင်းအရောင်သာမရှိရင် မိုးသားအပြာကိုမြင်ရပါဦးမလား (မမြင်ရပါဘူးဆရာ)။ အဲဒီအလင်းရောင်ကို မျက်စိနဲ့မြင်ရတာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီအလင်းရောင်ကို သေချာကြည့်စမ်းဦး အဲဒီအလင်းအရောင်ဟာ အဖြူလား အနီလား အပြာလား အဝါလား အနက်လား

http://www.dhammadownload.com



အစိမ်းလား အညိုရောင်လား ဖက်ဖူးရောင်လေးလား ဘာအရောင်လဲ (ဘာအရောင်မှမရှိပါဘူး ဆရာ)။

ဒီလို အဖြူ အနီ အဝါ အကြောင်အကြား မဖြစ်နိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါပေမယ့် အဲဒီအလင်းအရောင်လည်းပဲ ဝဏ္ဏခဏတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမှတ်ထား မှတ်ထား၊ ဒါဖြင့် စောစောကပြောခဲ့တဲ့ နမူနာနဲ့ပြထားတဲ့ ယပ်တောင်တွေမြင်တယ် ဘယ်လိုမြင်တယ်၊ ဘာဝတ္ထုမြင်တယ်ဆိုတဲ့ အရာဝတ္ထုပစ္စည်းတွေဟာ အရောင်အသွေးနဲ့ ကပ်ကပ်မှတ်ထားလို့ ဝတ္ထုပစ္စည်းအနေအားဖြင့်ရှိတယ်လို့ဆိုတဲ့ အယူဝါဒဟာ ယခုလို အလင်းအရောင်ကို မြင်လိုက်တော့ အလင်းရောင်နဲ့ဝတ္ထုပစ္စည်း ရှာရသေးလား (မရပါဘူးဆရာ)။ အရောင်တွေပဲရှိတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူလည်းဝဏ္ဏခဏတ်ပေါ့ (ဝဏ္ဏခဏတ်ပါဆရာ)။ ဝဏ္ဏခဏတ်ဆိုတော့ အတုံး အလုံး အခဲ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။

ဩော် ဒါဖြင့် ဒီအလင်းရောင်ကို မြင်ရဆိုကတည်းက မျက်စိမှာမြင်ကောင်းသော မြင်နိုင်သော မြင်ရသောမြင်သော သဘောတရားသည် ဝဏ္ဏခဏတ်ပဲလို့ ကိုယ်တော်မြတ်ဟောတော်မူတဲ့အတိုင်း ယခုငါတို့ပြောနေတဲ့ မျက်စိနဲ့ကောင်းကင်ကိုမော့ကြည့်၊ ဟိုးအပေါ်ဆုံးက အပြာရောင်ဆိုတဲ့ မိုးသား အပြာတွေကိုမြင်တယ်၊ ဒီကြားဆိုတဲ့နေရာကိုမော့ကြည့်လို့ ဘာမြင်သလဲဆိုတော့ ဘာမှမမြင်ဘူးလို့ ပြောမှာပဲ၊ ဒါပေမယ့် သူမြင်တာကို သူ့အသိနဲ့ အလင်းအရောင်ကိုမြင်နေတယ် မြင်တယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်တယ်တဲ့နော် (မြင်ပါတယ်ဆရာ)။ အဲဒီအလင်းအရောင်သည် အမှန်ကတော့ မျက်စိကမြင်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်ရတဲ့သဘောမဟုတ်လား (သဘောပါဆရာ)။ မြင်ကောင်းတဲ့သဘောမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်နိုင်တဲ့သဘောမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ ဒါဟာ ဝဏ္ဏခဏတ်မဟုတ်လား (ဝဏ္ဏခဏတ်ပါဆရာ)။ အဲဒီဝဏ္ဏခဏတ်ကို ဝတ္ထုပစ္စည်းအနေနဲ့ ရှာလို့ရသေးသလား (မရပါဘူးဆရာ)။ အမှုန်အမွှားမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ အတုံး အလုံး အခဲ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ အဖြူ အပြာ အဝါကော ဘာမှမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။

ဩော် ဒါဖြင့် ဒီအဖြူ အပြာ အဝါတွေ ဝတ္ထုပစ္စည်းတွေ အတုံး အလုံး အခဲတွေ အကောင်အထည်တွေ အထည်ဒြပ်သဏ္ဌာန်တွေ ဖြူ နီ အပြာ အဝါတွေ ဖယ်လိုက် ဒါဝဏ္ဏခဏတ် တွေမှန်ပေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီဝဏ္ဏခဏတ်ဘာတွေတုန်း မျက်စိနဲ့မြင် ကောင်းတဲ့ သဘောတရားဟာ ဝဏ္ဏခဏတ်ပဲဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါကြောင့် ဒီနေရာမှပြသွားတာ သေသေချာချာကြည့်ကြည့်စမ်း ဓမ္မသင်္ဂဏီပါဠိတော်မှာဘုရားမြတ်စွာ

http://www.dhammadownload.com



ကိုယ်တော်မြတ်က ဟောထားတာ ...

ဆာယာ အာတာပေါ် အာလောကော အန္တကာရော အဗ္ဘာ မဟိကာ ဓူမော ရဇော စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ မဏိသင်္ခမုတ္တာဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပရဇတဿ ဝဏ္ဏနိဘာ။ (ဓမ္မသင်္ဂဏီ ပါဠိတော်၊ ၁၆၂)

ဆာယာ-အရိပ်ကို မင်းမျက်စိနဲ့မြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ မျက်စိ မျက်စိ ဘာကွယ်နေတယ် မင်းမျက်မှန်တပ်ထားတာလားမတပ်ဘူးလား (မတပ်ထားပါဘူးဆရာ)။ အမယ်လေး မင်းတို့မျက်စိနဲ့မြင်တယ်လား (မြင်ပါတယ်ဆရာ)။ ဒုက္ခမှအကြီးစားပဲနော် ဆာယာအရိပ်နော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ကိုယ့်အရိပ်ကိုပြောထားတာ မင်းကိုယ့်အရိပ်ကိုယ် မင်းမြင်သလား (မြင်ပါတယ်ဆရာ)။ မင်းအရိပ်ကိုမင်းမြင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအရိပ်ဟာ အဖြူ အပြာ အဝါပြောဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)။ အကြောင်အကြားပြောဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)။ အနီ အစိမ်းပြောဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)။ အဖြူမှ အပြာမှ အဝါမှ နီမှ ကြောင်မှ ကြားမှ စိမ်းမှ အရောင်အဆင်းအသွေးကို ဝဏ္ဏဆိုတာ ဟုတ်ပဲ့မလား (မဟုတ်ပါဘူးဆရာ)။ ဝတ္ထုပစ္စည်းတစ်ခုအနေအားဖြင့် အမှုန်အမွှားတွေမြင်ရတော့ ဒီဝဏ္ဏဓာတ်တွေ အတုံး အလုံး အခဲ အကောင်အထည်အနေနဲ့ ရှိမှတဲ့ရှိမှ မြင်ကောင်းတယ်ဆိုတဲ့အနေနဲ့ ဟုတ်ပဲ့မလား (မဟုတ်ပါဘူးဆရာ)။ အရိပ်တစ်ခုကြည့်စမ်း ဒီအရိပ်ထဲမှာ အမှုန်အမွှားတွေ့ပဲ့မလား (မတွေ့ပါဘူးဆရာ)။ မတွေ့ပေမယ့်မြင်တယ်ပေါ့ (မြင်ပါတယ်ဆရာ)။

ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်က ရုပ်ဝတ္ထုပစ္စည်း မြင်ကောင်းတာ ဝဏ္ဏဓာတ် အဆင်းဓာတ် မှတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အရိပ်ကြည့်လိုက်ပါ သူမြင်ငါမြင်ဒီလိုမြင်တာပဲတဲ့ မြင်သာမြင်တယ် အရိပ်ဆိုတဲ့သဘောလေးဟာ ကိုင်လို့လည်းမဖြစ် ယူလို့လည်းမရနော် (ဟုတ်ကဲ့ပါဆရာ)။ အတုံး အလုံး အခဲ အမှုန် အမွှား အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အရည်အဖတ် ဘာမှမရှိဘူးနော် ရှိရဲ့လား (ဘာမှမရှိပါဘူးဆရာ)။ သူဘာတုန်းဆိုတော့ မျက်စိနဲ့မြင်ရတာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မျက်စိနဲ့မြင်ရတာပဲဆိုရင် မျက်စိနဲ့မြင်ရတာဟာ ဝဏ္ဏဓာတ်ပဲလို့ဆိုတာမရှင်းဘူးလားကွယ် (ရှင်းပါတယ်ဆရာ)။ ဒါကြောင့်

ဆာယာ အာတာပေါ် အာလောကော အန္တကာရော အဗ္ဘာ မဟိကာ ဓူမော ရဇော စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ မဏိသင်္ခမုတ္တာဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပရဇတဿ ဝဏ္ဏနိဘာ။

http://www.dhammadownload.com



(ဓမ္မသင်္ဂဏီပါဠိတော်၊ ၁၆၂)

ဆာယာ–အရိပ်၊ အာတာပေါ–နေပူရောင်၊ အာလောကော–အလင်းရောင်၊ ဓာတ်မီးထွန်းထားကွာ ဓာတ်မီးထွန်းတာကိုမြင်လား (ဟုတ်ကဲ့ပါဆရာ)။ ဓာတ်မီးထွန်းတာကို မင်းတို့ငါတို့လှမ်းကြည့်တယ်ဆိုတော့ ဟိုဘက်ဒီဘက် မြင်ရတယ်မဟုတ်လား (မြင်ရပါတယ်ဆရာ)။ ဟိုဘက်ဒီဘက် မြင်ရတယ်ဆိုတာ ဘာမြင်ရသလဲဆိုတော့ ရုတ်တရက်အနေနဲ့ ဘာမှမမြင်ရဘူး၊ ဟိုဘက်အိမ်နဲ့ဒီဘက်အိမ်ကြားမှာ ဘာမှမမြင်ရဘူးလို့ ဒီလိုပြောတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့်ရင် အဲဒီမြင်တာကို သူမသိဘူးပေါ့ (မသိပါဘူးဆရာ)။ သူမြင်တာမသိဘူး အလင်းရောင်ကို သူမြင်နေတယ် မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ အာလောကော–အလင်းရောင်၊ ဆာယာ–အရိပ်၊ အာတာပေါ–နေပူရောင်၊ အာလောကော–အလင်းရောင်၊ အန္ဓကာရော–စောစောကငါပြောသည့်အတိုင်း မှောင်လိုက်တာမဲလို့ ဘာမှမမြင်ဘူး၊ အန္ဓကာရော–အမိုက်မှောင်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဗ္ဘာ–တိမ်တိုက်၊ တိမ်တိုက်သာလွင့်ပြီးသွားတာ သွားစမ်းကြည့်တော့ ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဓူမော–အခိုး၊ ရဇော–မြူနော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့မှ

စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ မဏိသင်္ခမုတ္တာဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပရဇတဿ ဝဏ္ဏနိဘာ။

လရောင် နေရောင် နက္ခတ်တာရာရောင် မှန်ရောင် ပတ္တမြား ခရုသင်း ပုလဲရောင် ကြောင်မျက်ရွဲရောင် ရွှေငွေရောင်တို့ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဖြူရောင်တို့ ငွေရောင်တို့ ဒါတွေထားပါတော့၊ နေရောင်တို့ လရောင်တို့ အခုနတုန်းကပြထားတဲ့ စကားကိုမြန်မာပြန်လို့ သေသေချာချာကြည့်စမ်း၊ ဆာယာ–အရိပ်၊ အာတာပေါ–နေပူရောင်၊ အာလောကော–အလင်းရောင်၊ အန္ဓကာရော–အမိုက်မှောင်နော် (ဟုတ်ကဲ့ပါဆရာ)။ အဗ္ဘာ–တိမ်တိုက်၊ မဟိကာ–ဆီးနှင်း၊ ဓူမော–အခိုး၊ ရဇော–မြူ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အရိပ်တို့ နေပူရောင်တို့ အလင်းရောင်တို့ တိမ်တိုက်တို့ အမိုက်မှောင်တို့ တိမ်တိုက်တို့ ဒါပဲရှိပါတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဆာယာ–အရိပ်၊ အဖြူ အပြာ အဝါ မင်းဘာမှပြောမဖြစ်ဘူး ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အာတာပေါ–နေပူရောင်၊ အဖြူ အပြာ အဝါ မင်းဘာမှပြောမဖြစ်ဘူး ပြောဖြစ်ပါ့မလား (မပြောနိုင်ပါဘူးဆရာ)။ အာလောကော–အလင်းရောင်၊ အလင်းရောင် ဒီအလင်းရောင်ထဲမှာ အခုပြောခဲ့တဲ့ အဖြူ အပြာ အဝါ အနီ အနက် ကြောင်ကြားဆိုတာပြောမဖြစ်ဘူး ဘာမှမရှိဘူး၊ အန္ဓကာရော–အမိုက်မှောင်၊ ဘယ့်နှယ်နည်းမှ အရောင်ဆိုးလို့မရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဒီအရောင်တွေကို လက်စသတ်တော့ သေချာကြည့်လိုက်တော့ ဝဏ္ဏာရာတ်ပဲလို့ ပရိယာယ်တွေ ပြထားတယ်၊ ဓမ္မသင်္ဂဏီပါဠိတော်၌ ကိုယ်တော်မြတ်က အဲဒါဝဏ္ဏာရာတ် အဆင်းရူပါရုံ ရုပ်ပရိယာယ်ဆိုတော့ ဒီပရိယာယ်တွေကျတော့ တို့လူစုတွေကသိထားပါတယ်၊ လွယ်လွယ်ကူကူနဲ့ ဒီလိုမြင်ရင် တို့မျက်စိက အမြင်တွေမှားနေတာ တို့မြင်တာက အကောင်အထည်တွေမြင်နေတယ် အထည်ဒြပ်သဏ္ဍာန်တွေမြင်နေတယ် အတုံး အလုံး အခဲတွေမြင်တယ်၊ အမည်နာမပညတ်အားဖြင့် မှားနေတယ်၊ သင်္ကေတပညတ်အားဖြင့် မှားနေတယ်၊ ဃနပညတ်အားဖြင့် မှားနေတယ်၊ သဏ္ဍာန ပညတ်အားဖြင့် မှားနေတယ်၊ ဒါတွေကျတော့ ဖြူတာ ပြာတာ ဝါတာ နီတာ ကြောင်တာ ကြားတာ ဒါတွေမှအဆင်းတွေပဲလို့၊ မဟုတ်ဘူး ဘုရားကိုယ်တော်မြတ်က ဒီလိုဟောတာမဟုတ်ဘူး မျက်စိမှ မြင်ကောင်းသော မြင်ရသော မြင်သောသဘောတရားသည် ဒါဝဏ္ဏာရာတ် ဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ ဖြူတာ ဝါတာ နီတာ စိမ်းတာ အကြောင်အကြားတွေ အမှတ်အသားထားမနေနဲ့၊ ဒါတွေအာရုံထားမနေနဲ့၊ မင်းမျက်စိမှာမြင်တယ်ဆို ဒါဝဏ္ဏာရာတ်မှတ်ပါ၊ ဒါကြောင့် မျက်စိမှာ မြင်ကောင်းတဲ့ ပရိယာယ်ကျတော့ အရိပ်ကစပြီးတော့ပြသွားတာ၊ အရိပ်ရယ် နေပူရောင်ရယ် အလင်းရောင်ရယ် အမှောင်ရောင်ရယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတွေကိုမြင်ကတည်းကသိရမယ် အရိပ်ကလည်းပဲဒါဝဏ္ဏာရာတ်ပဲ၊ ဘာဖြစ်လို့ အတွင်းမျက်စိနဲ့မြင်ကောင်းတဲ့တရားပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တို့မျက်စိနဲ့မြင်ကောင်းတဲ့တရားပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မျက်စိနဲ့ မြင်ကောင်းရင် ဒါဝဏ္ဏာရာတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မျက်စိနဲ့မြင်ကောင်းရင် ဝဏ္ဏာရာတ်၊ မျက်စိနဲ့မြင်နိုင်ရင် ဝဏ္ဏာရာတ်။

ဩော် ဒါကြောင့် အရိပ်အရောင်ဟာ ဝဏ္ဏာရာတ်ပဲလို့ ဘုရားကိုယ်တော်မြတ် ဟောကြား တော်မူတယ်၊ ဝဏ္ဏာရာတ်ရဲ့ပရိယာယ်တွေ ဟောသွားတယ်၊ အလင်းရောင် နေပူရောင် ဒီအတိုင်းပဲ ဘာထူး နေပူရောင်ကျတော့ ဘာရှာကြည့်လို့ရပ့်မလား (မရပါဘူးဆရာ)။ ခုနကလိုပဲနော် (ဟုတ်ကဲ့ ပါဆရာ)။ အတုံး အလုံး အခဲ တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ အမှုန်အမွှားတွေတွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ အထည်ဒြပ်သဏ္ဍာန်တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ အဖြူ အပြာ အဝါရောင်တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ အရည်အဖတ်တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ ဘာတွေ့မတုန်းကွ ဒါဖြင့် တို့လူစုတွေမြင်ရတာက ဝဏ္ဏာရာတ်ဆိုတဲ့ရာတ်ကြီးကို အမြင်ရာတ်အနေနဲ့ အကုန်လုံး အတုံးတွေဖြစ်၊ အလုံးတွေဖြစ်၊ အခဲတွေဖြစ်၊ အကောင်အထည်တွေဖြစ်၊ အပြားတွေ ဖြစ်၊ လေးဒေါင့် လေးမြှောင့် အဝိုင်း အလျားတွေဖြစ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အဖြူ အပြာ အဝါတွေဖြစ် အနီ အကြောင်အကြားတွေဖြစ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါလေး ဝဏ္ဏစေတ်ပါပဲလို့၊ ဒါတို့ အမြင်စေတ်တွေပဲ၊ ဒီလိုမှတ်ထားတယ်၊ ဒါတွေ အကုန်ပဲလို့ ရှင်းရှင်းလင်းလင်းလေး၊ မျက်စိနဲ့မြင်ရရင် ဒါဝဏ္ဏစေတ်ပါပဲ မရှင်းဘူးလားကွယ် (ရှင်းပါတယ်ဆရာ)။

## မျက်စိနှစ်ခု

ဒါကြောင့် မျက်စိနဲ့မြင်ရရင် ဝဏ္ဏစေတ်ဆိုတဲ့စကားဟာ ဘာကြောင့်ပြသလဲဆိုတော့ ကိုယ်တော်မြတ်ကိုးက တိုက်ရိုက်အဓိပ္ပာယ်ကို လက္ခဏာအားဖြင့် မှတ်သားစရာပေးပြထားတာ၊ ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''တဲ့၊ ရူပံ–ရူပါရုံခေါ်တဲ့ အဆင်းရုပ်တည်းဟူသော ဝဏ္ဏစေတ်သည်၊ စက္ခုပဋိဟနနလက္ခဏံ–စက္ခုပသာဒအကြည်ရုပ်ကလေးကို ထိခိုက်ခြင်း, ထင်ခြင်းလက္ခဏာရှိ၏ နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလေးကို ငါအဓိပ္ပာယ်ရှင်းပြပေးမယ်၊ မင်းတို့သူတို့မှာ ပသာဒစက္ခုရယ်တဲ့၊ သသမ္ဘာရစက္ခုရယ် မျက်စိနှစ်မျိုးရှိတယ်။

''ဓံသစက္ခုပိ ပသာဒစက္ခု သသမ္ဘာရစက္ခုုတိ ဒုဝိဓံ ဟောတိ။ (အဋ္ဌသာလိနီ၊ ၃၆၆) ပသာဒစက္ခုမျက်စိရယ်၊ သသမ္ဘာရစက္ခုပသာဒမျက်စိရယ်၊ နှစ်မျိုးနော် (ဟုတ်ကဲ့ပါဆရာ)။ ဓံသစက္ခုပိ ပသာဒစက္ခု သသမ္ဘာရစက္ခုုတိ ဒုဝိဓံ ဟောတိ။ (အဋ္ဌသာလိနီ၊ ၃၆၆)

ပသာဒစက္ခုဆိုတာ တခြားမဟုတ်ပါဘူး၊ အထက်မျက်ခုံး အောက်မျက်ဝန်းပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဟိုဘက်ဒီဘက်က မျက်ခေါက်၊ အဲဒီကြားမှာ အဝန်းလိုက် အဝိုင်းလိုက် အလုံးလိုက် တည်နေတဲ့ မျက်လုံးဆိုတာ မရှိဘူးလား (ရှိပါတယ်ဆရာ)။ အဲဒီမျက်လုံးကိုတော့ မျက်လုံးလို့လည်း ခေါ်တယ်၊ မျက်စိလို့လည်းခေါ်တယ်၊ သူ့ကိုတော့ သသမ္ဘာရစက္ခုမျက်စိတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ သသမ္ဘာရစက္ခုလို့ခေါ်တယ် ဒါကတစ်မျိုး။ ပြီးတော့ ပသာဒစက္ခုတဲ့၊ တစ်ခါလာပြန်တယ်၊ အဲဒီပသာဒစက္ခုဆိုတာက မြန်မာလိုပြောတော့ ပသာဒဆိုတာ ကြည်လင်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအကြည်မျိုးကို ဘယ့်နှယ့်ခေါ်သလဲဆိုတော့ မင်းတို့ငါတို့ မျက်နက်ဝိုင်းဆိုတာ မရှိဘူးလားကွယ် (ရှိပါတယ်ဆရာ)။ အဲဒီမျက်နက်ဝိုင်းရဲ့အလယ်ခေါင်မှာ တို့ရဲ့အရပ်သုံးတာက သားငယ်အိမ်ခေါ်တယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး သားငယ်အိမ်အိမ်လေးတည့်တည့်ကို သေသေချာချာကြည့်၊ တစ်ယောက်နဲ့တစ်ယောက်ကြည့်ပြီးလားဆိုတော့ အဲဒီသားအိမ်ငယ်လေးနှင့် တကွ အရုပ်ကလေးမပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ မင်းမြင်ဖူးသလား (မြင်ဖူးပါတယ်ဆရာ)။ ပြီးတော့ သားငယ်အိမ်လေးက အရုပ်ကလေးပေါ်နေတယ် (မှန်ပါတယ်ဆရာ)။ မင်းက လူတစ်ယောက်ကို တွေ့မြင်လိုက်ပြီဆိုရင် မင်းရုပ်ကလေးက ဟိုမှာပေါ်နေတယ် (ဟုတ်ကဲ့ပါဆရာ)။ အေး ပေါ်တော့ သေချာပေါ်လာတာ မင်းမြင်ဖူးသလား (မြင်ဖူးပါတယ်ဆရာ)။ မြင်ဖူးတယ်လား (ဟုတ်ကဲ့ပါဆရာ)။ ခေါက်ကွေးကလေး ပေါ်တယ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အေး ဟုတ်ပြီ၊ အဲဒီလိုလိမ်တဲ့အကောင် ဟောဒီအကောင် မင်းပြောတာကို ငါ ဘုန်းကြီးတစ်ပါးပြောတဲ့ ဥပမာသွားသတိရ၊ တောထွက်ဘုန်းကြီးတစ်ပါးက တောရဆောက်တည်သတဲ့၊ အသက်ကြီးလာတဲ့အခါ ရဟန်းဖြစ်တော့ စာပေကိုမတတ်ကျွမ်းနိုင်ဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရှာနဲ့မလှမ်းမကမ်း တောရကျောင်းသွားပြီး တောရဆောက်တည်ပြီးတော့ သူကလည်း ခက်ရောင်ခက်ဆစ်နဲ့၊ တောရဆောက်တည်တဲ့အကြောင်း မလွယ်တဲ့အကြောင်း ဂုဏ်တွေလည်း တယ်ဖွတ်ပြသေးတယ်၊ တစ်နေ့ကျတော့ ဥပုသ်သည်များတဲ့နေ့ကျတော့ သူကဘာပြောသလဲဆိုတော့ အောင်မလေး တောရဆောက်တည်တာ လွယ်တာမဟုတ်ဘူး သာမညသီလ သမာဓိနဲ့ မဖြစ်နိုင်ဘူးပေါ့ သူက ခက်ရာခဲယဉ်းပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့အရှင်ဘုရား၊ ဟာ ဟာ ဘယ်လွယ်ပါ့မတုန်း ညကျရင်ကျားတွေလာကြတာ၊ ဟုတ်သလားအရှင်ဘုရား၊ ဟုတ်တာပေါ့၊ ကျားတွေတကယ်မြင်သလားဘုရား၊ မြင်တာပေါ့၊ ဘယ်လောက်ကြီးသလဲဘုရား၊ ခြောက်တောင်ခုနစ်တောင်လောက်ရှိတယ် ပြောသံကြားကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။

တကယ်တော့ ကျားက သူ့ကျောင်းနားမလာပါဘူး သူလည်းမမြင်ပါဘူး ခြောက်တောင်ခုနစ်တောင်လောက်ရှိတာပေါ့ဆိုတော့ ပရိသတ်တွေကလည်း ဒီကိုယ်တော်ကြီးက အဟုတ်ပဲပြောသလား ဘာလားညာလား အဲဒီလိုဖြစ် နောက်တစ်နေ့တစ်ခါ လူတွေပြန်သွားတော့ သူနဲ့အင်မတန်အကျိုးဝင်တဲ့ မောင်ကံဆိုတဲ့ဒကာလာတယ်၊ မောင်ကံရေ ငါတောရဆောက်တည်တာမလွယ်ဘူးဟ သာမညသမာဓိနဲ့မဖြစ်ဘူးဟ ဘာဖြစ်လို့လဲ ဟာညတိုင်းကျလည်း ရန်သူတွေကတယ်များ၊ ဘာတွေတုန်းဘုရာ့၊ ဟာ ကျားတွေလာလို့ပေါ့၊ ဟာ ကိုယ်တော် ကျားတွေလာသလား၊ လာတယ်၊ ကိုယ်တော်စောင့်ကြည့်တာမြင်ရလား၊ မြင်ရတာပေါ့မောင်ကံရာ၊ ဘယ်လောက်ကြီးသတုန်းကျား၊ ခြောက်တောင်ခုနစ်တောင်လောက်၊ ပရိယာယ်ပြောတဲ့စကား ခြောက်တောင်ခုနစ်တောင်လောက် ကြားဖူးတဲ့အတိုင်းပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ငကံက လက်ခုပ်လက်ဝါးတီးပြီးရယ်တယ်တဲ့ ဘုန်းကြီးအကြောင်းသိချင်တော့၊ ပက်လက်များလန်လို့ ငကံကရယ်လိုက်တယ်၊ ငကံဘာရယ်တာလဲ၊ သေတော့မယ် လူကြားပါ့ကိုယ်တော် ဘယ့်နှယ့်ကျား လေးငါးခြောက်တောင်ဆိုတော့ ဟိုက ပက်လက်လန်အောင် ရယ်သကိုးကွဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အပြင်ဘက်မှာ ကျားလေးငါးခြောက်တောင်မရှိဘူး၊ ဘယ်လိုရှိရမှာလဲ၊ ကိုယ်တော် လူကြားမယ် တိုးတိုးလေးပြော ကျားဆိုတာတစ်ဝါးလေးသစ်လောက်ကြီးတာပေါ့၊ ဟုတ်လား၊ ဟာ ဟုတ်တယ်ပေါ့။ ကိုယ်တော် နောက်ဥပုသ်နေ့ကျတော့ ကိုယ်တော်ကျားလာသလား၊ ဥပုသ်သည်တွေကတော်တော်များ၊ ဟာ လာတာပေါ့ ကျားတွေအင်မတန်ပေါတယ်၊ ကိုယ်တော်မြင်ရလား၊

http://www.dhammadownload.com



မြင်ရတာပေါ့၊ ကျားဘယ်လောက်ကြီးသတုန်းဘုရား၊ ဟာ ကဲ ဒီတစ်ခါတော့ သူ့ကကော်ပြောတဲ့စကား အရပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်တော်မြင်တဲ့ကျားဘယ်လောက်ရှိ၊ လေးသစ်တစ်ဝါး လောက်ရှိတယ်ဆိုတော့ ပရိသတ်က အုံးခနဲသဘောကျတယ်၊ ဟာ ဘယ့်နှယ်ရယ်တာတုန်း၊ ကိုယ်တော်လျှောက်ကြားပါတယ် တပည့်တော် ဆရာရင်းဒကာရင်းမို့တော်သေး ကျားဆိုတာဘယ်လေးသစ် တစ်ဝါးဟုတ်မတုန်း ခြောက်တောင်ခုနစ်တောင်လောက်ရှိတာပေါ့၊ တန်တော့ပေ့ ငါ့ကျားနဂိုက အုံးသြစရာ ငကော်နောက်တာနဲ့ငယ်သွားပြီ နောက်တုန်းကငကော်နောက်တာနဲ့ မင်းအခုပြောတာနဲ့ ယှဉ်ကြည့်တော့ ရယ်စရာပေါ့။

သူ့ရဲ့လက္ခဏာသဘောလေးတွေက "စက္ခုပဋိဟနနလက္ခဏံ ရူပံ"တဲ့၊ ရူပံ–ရူပါရုံခေါ်တဲ့ ဝဏ္ဏဓာတ် အဆင်းရုပ်သည်၊ စက္ခုပဋိဟနနလက္ခဏံ–စက္ခုပသာဒအကြည်ရုပ်ကို ထိခိုက်ခြင်း ထင်မြင်ခြင်း လက္ခဏာရှိ၏နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ ခုနငါပြောတဲ့ သသမ္ဘာရစက္ခုရယ်၊ ပသာဒစက္ခုရယ်၊ သသမ္ဘာရစက္ခုဆိုတာမျက်လုံးတစ်လုံးလုံးကိုခေါ်တယ်၊ ပသာဒစက္ခုဆိုတာ ခုနမင်း ပသာဒဆိုတဲ့ သူ့ငယ်အိမ်ကလေးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီနေရာလေးကသေးသေးလေး သန်းဉခေါင်းမျှပမာဏ၊ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကိုတည်စေခြင်း သဘောရှိတဲ့ ပသာဒရုပ်ကလေးခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကမ္မဇရုပ်တဲ့ မင်းတို့ငါတို့ အတိတ်က ကံကစီမံပေးလိုက်တဲ့ကံရုပ်ကလေးခေါ်တယ် အဲဒါကလေးကနော် (ဟုတ်ကဲ့ပါဆရာ)။ ကမ္မဇဓာတ်မှန်လေး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီမှန်လေးမှာ ဒီရူပါရုံခေါ်ထားတဲ့ ဝဏ္ဏဓာတ်ခေါ်ထားတဲ့ အဆင်းရုပ်ဟာတဲ့၊ အဲဒီစက္ခုပသာဒရုပ်ကလေးကို လာပြီးထိတတ်တယ်တဲ့ ထင်တတ်တယ်တဲ့ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုပြောတော့ သဘောပေါက်ပြီမဟုတ်လား (ပေါက်ပါပြီဆရာ)။

အဓိပ္ပာယ်အားဖြင့် မင်းဘာမှမသိလို့ရှိရင် အိမ်မှာ တို့လှကြည့်တဲ့မှန် ရှိတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှန် လမ်းမပေါ်လှည့်ပြီး ထောင်ထားကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီမှန်လေးက ခုနပြောတဲ့ စက္ခုပသာဒအကြည်ရုပ်ကလေး မှတ်ထားကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီကတော့ လူလုပ်ထားတဲ့မှန် ဟိုကတော့ကံလုပ်ထားတဲ့မှန် ကမ္မဇဓာတ်မှန် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ မင်းထောင်ထားတဲ့မှန်ရှေ့မှာ ခွေးဖြတ်သွားတော့ ဘာရုပ်ထင် (ခွေးရုပ်ထင်ပါတယ်ဆရာ)။ မင်းဖြတ်သွားရင်တော့ကော (ကျွန်တော့်ရုပ်ပါဆရာ)။ မင်းဖြတ်သွားတော့ မင်းအရုပ်ထင်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေးပေါ့ကွာ၊ ဖြတ်သွားတိုင်းဖြတ်သွားတိုင်း အဲဒီဖြတ်သွားတယ်ဆိုတဲ့ ဖြတ်သန်းသွားတယ်ဆိုတဲ့ သဘောလေးဟာ ဒါရူပါရုံမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)။ အရိပ်တွေ

http://www.dhammadownload.com



ပေါ့ကွာနော် (အရိပ်ပါဆရာ)။ အေး အဲဒီအရိပ်တွေက မှန်လေးသွားသွားမထင်ဘူးလားကွ (ထင်ပါတယ်ဆရာ)။ ဒီပမာလိုပါပဲကွ။

အခုကြည့် စက္ခုပသာဒ၊ ပသာဒစက္ခုခေါ်ထားတဲ့ ကမ္မဇဓာတ်မှာ အကြည်ရုပ်ကလေး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအကြည်ရုပ်ကလေးကို မင်းသေသေချာချာ မျက်စိစုံဖွင့်ပြီးတော့ လမ်းမဘက် လှည့်ထိုင်နော် (ဟုတ်ကဲ့ပါဆရာ)။ မင်းရှေ့ခွေးလျှောက်သွားလည်းပဲ အဲဒီခွေးရဲ့ရူပါရုံ မြင်ကောင်းတယ်ဆိုတဲ့ သဘာဝလေး မင်းစက္ခုပသာဒအကြည်ရုပ်ကလေးမှာ သွားမထင်ဘူးလား (ထင်ပါတယ်ဆရာ)။ နွားလျှောက်သွားတော့ကော (ထင်ပါတယ်ဆရာ)။ လူလျှောက်သွားတော့ကော ထင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ ဘာလျှောက်လျှောက် အဲဒီစက္ခုပသာဒခေါ်ထားတဲ့ သန့်ညခေါင်းမှု ပမာဏရှိတဲ့ ကမ္မဇဓာတ်မှာ အကြည်ရုပ်ကလေး ရှေ့တက်လာရင်ထင်မှာချည်းပဲ မင်းမှတ် နော် (ဟုတ်ကဲ့ပါဆရာ)။ ခုနမှန်ထင်သလိုပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ မှန်ထောင်ထားရင် လူလျှောက်သွား ဒီလူသည် မှန်ထဲသွားထင်၏၊ လူလျှောက်သွား လူသည်ထင်၏၊ ခွေးလျှောက် ခွေးထင်၏၊ နွားလျှောက် နွားထင်၏နော် (ဟုတ်ကဲ့ပါဆရာ)။ တုံး တိုင်ဆိုလည်း တုံး တိုင် ထင်၏၊ ဘာပဲ ဖြစ်ဖြစ် သူနဲ့တည့်ရင်ထင်တာပဲ မှန်ထဲသွားထင် မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ အဲဒါက လူလုပ်ထားတဲ့မှန်ပေါ့ မင်းတို့ငါတို့သိတဲ့ စက္ခုပသာဒဆိုတာက ကမ္မဇဓာတ်မှန်နော် (ဟုတ်ကဲ့ပါဆရာ)။ ကံနဲ့ပြုပြင်ပေးထားတဲ့ ကမ္မဇဓာတ်မှန် အကြည်ရုပ်ကလေးခေါ်တယ် အဲဒီအကြည်မှန် ကလေးနဲ့တည့်လာရင်ဖြင့်ထင်ပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့်ဒီအကြည်မှန် လေးမှာ သွားထင်ကောင်းတဲ့သဘောသည် ဒီအကြည်မှန်ကလေး သွားထိခိုက်တတ်တဲ့သဘောသည် ဒါဝဏ္ဏဓာတ်လို့ ဒို့က လက်ခံလိုက်ကြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''တဲ့၊ ရူပံ–ရူပါရုံခေါ်တဲ့၊ (ဝါ) အဆင်းရုပ်ခေါ်တဲ့ ဝဏ္ဏဓာတ်တရားသည်၊ စက္ခုပဋိဟနနလက္ခဏံ–ကံဖြင့် ပြုလုပ်၍ပေးအပ်သော ကမ္မဇဓာတ်မှန်ခေါ်တဲ့ စက္ခုပသာဒအကြည်ရုပ်ကလေးကိုထင်ခြင်း ထိခိုက်ခြင်းလက္ခဏာရှိ၏။ ဒီမှာ သပ်သပ်ထိတတ် တယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီမှာကျတော့ ထိတတ်တယ်ဆိုလို့ပေါ့၊ မင်းတို့ငါတို့ ဘာပဲကြည့်လိုက်၊ ကြည့်လိုက် ခုနပြောတဲ့ အဖြူ အပြာ အဝါ အနီ အကြောင် အကြား ဒါတွေလည်း မြင်တာပဲပေါ့ (မြင်ပါတယ်ဆရာ)။ မြင်တာပဲ ဘာမှမထူးဘူး (ဟုတ်ကဲ့ပါဆရာ)။ ဒီလို အဖြူ အပြာ အဝါ အနီ အကြောင် အကြားလို့ သင်္ကေတပညတ်အားဖြင့် သတ်မှတ်မထားဘဲနဲ့ စောစောက ပြောတဲ့ အရိပ်မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ အာတာပေါ–နေခြည်ရောင်၊ နေရောင်လည်း မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ အာလောကော–အလင်းရောင်၊ ဒါလည်းပဲ မြင်တာပဲလား

http://www.dhammadownload.com



(မြင်ပါတယ်ဆရာ)။ အန္ဓကာရော–အမိုက်မှောင် ဒါလည်းပဲ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ အဗ္ဘာ–တိမ်တိုက်မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ မဟိ–ဆီနှင်းမြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ဓူမော–အခိုးမြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ရဇော–မြူ ဒါလည်း မြင်တာပဲလား (မြင်ပါတယ် ဆရာ)။ အေး အကုန်မြင်တာချည်းပဲနော် (ဟုတ်ကဲ့ပါဆရာ)။

ပြီးတော့ လရောင်မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ နေရောင်မြင်တာပဲလား (မြင်ပါတယ် ဆရာ)။ ရွှေရောင် ငွေရောင် မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ကျောက်သံပတ္တမြား အရောင် မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ဘာဖြစ်လို့ ဒီတရားသေလို့မှတ်ထားတော့ မင်းတို့ငါတို့မျက်စိမှာ မြန်မာလိုပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ "စက္ခုပဋိဟနနလက္ခဏံ ရူပံ"၊ ရူပံ–ရူပါရုံခေါ်ထားတဲ့ အဆင်းရုပ်ခေါ်ထားတဲ့ ဝဏ္ဏာစာတ်တရားကြီးသည်၊ စက္ခုပဋိဟနနလက္ခဏံ–စက္ခုပသာဒ ကမ္ဗဇ စာတ်မှာ အကြည်ရုပ်ကလေးကိုထင်တတ်ခြင်း ထိခိုက်ခြင်းလက္ခဏာရှိ၏ ရှင်းရှင်းလေးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် မြန်မာလိုမှတ်ထားရမှာက မင်းတို့ငါတို့ရဲ့မျက်စိမှာလာပြီးတော့ မြင်တာဟာအဆင်းရုပ် မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။ မြင်တာဟာအဆင်းရုပ် မြင်တာ အဆင်းရုပ်ဆိုတော့ စကားကမကုန်တော့ဘူး ဘယ့်နှယ့်ပြောရမလဲ၊ မြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သောဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သောသဘောတရားသည်အဆင်းရုပ် ဝဏ္ဏာစာတ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။

အေး အဲဒီသဘောလေးကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင်လေး မှတ်ထားတော့ ဩော် ဝဏ္ဏာစာတ်ဆိုတာ တို့အတုံးမြင်တယ်၊ အလုံးမြင်တယ်၊ အခဲမြင်တယ်၊ အထည်ဒြပ်သဏ္ဌာန်မြင်တယ်၊ အမှုန်အမွှားမြင်တယ်၊ အဖြူ အပြာ အဝါ အနီ အကြောင် အကြား မြင်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အရည်အဖတ်မြင်တယ်၊ ဝတ္ထုပစ္စည်း မြင်တယ်၊ အကောင်အထည် မြင်တယ်၊ မိန်းမ ယောကျ်ား မြင်တယ်၊ တုံးတွေ တိုင်တွေ တောတွေ တောင်တွေ မြင်တယ်ဆိုတဲ့ အမြင် စာတ်တွေ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ တစ်ခုမှ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအမြင်တွေဟာ ပညတ်အမြင်တွေ အကုန်လုံးမှားတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဝဏ္ဏာစာတ်ဆိုတာ ဘာလဲ၊ ဝဏ္ဏာစာတ်ဆိုတာ အတုံး အလုံး အခဲ ဝတ္ထုပစ္စည်းတွေနဲ့ အကုန်ခွဲ လိုက်ပါ၊ ဒါတွေမဖွဲ့ပါနဲ့ အရောင်အသွေးတွေမမှတ်ပါနဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာမှတ်ရမှာတုန်းဆိုတော့ မျက်စိမှာမြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သော သဘောတရားသည် ဝဏ္ဏာစာတ်၊ ပါဠိလိုကဝဏ္ဏာစာတ် မြန်မာလိုက 'အဆင်း'လို့ဆိုတော့ ဒီအဆင်းကို မြန်မာစကားလိုသုံးတာက အဆင်းလို့လည်းခေါ်တယ် အရောင်လို့လည်းခေါ်တယ် အသွေးလို့လည်း

http://www.dhammadownload.com



ခေါ်တယ်၊ ဝဏ္ဏဓာတ်၊ ပါဠိတော်ကဝဏ္ဏ မြန်မာလိုက 'အဆင်း'၊ ဒီအဆင်းကို မြန်မာစကားအနေနဲ့ သုံးထားတာက အဆင်းလို့လည်းခေါ်တယ်၊ အရောင်လို့လည်းခေါ်တယ်၊ အသွေးလို့လည်း ခေါ်တယ်၊ အရောင်ပဲခေါ်ခေါ် အဆင်းပဲခေါ်ခေါ် အသွေးအသွေးပဲခေါ်ခေါ် ဒါဖြင့် ဒီအဆင်းခေါ်တာ အရောင်ခေါ်တာ အသွေးခေါ်တာ ဘာလဲလို့ဆိုတော့ ဒါဝဏ္ဏဓာတ်၊ အဲဒီလို နားလည်ထားရမယ်၊ ဒီအဆင်းလို့ အရောင်လို့ အသွေးလို့ဆိုတာက သူသူငါငါ နားလည်ထားတာက အဖြူတို့ အပြာတို့ အဝါတို့ အနီတို့ အနက်တို့ အစိမ်းတို့ ဒီလို တစ်ခုတစ်ခုနဲ့ မှတ်မှတ်ပြီးပြောနိုင်မှ ဒါအဆင်းလို့ နားလည်ထားတယ် ဒါကိုအဆင်းဓာတ်ပဲလို့။

ပါဠိတော်လိုပြောတော့ ဝဏ္ဏဓာတ်၊ ဝဏ္ဏကို မြန်မာလိုပြန်တော့ အဆင်းလို့ပြန်ထားတော့ အရပ်ထဲသုံးတဲ့ စကားလုံးနဲ့တွက်ကြည့်တဲ့အခါ အဆင်းဆိုတာ တို့နားလည်ထားတာက အရောင်ဆိုတာ တို့နားလည်ထားတာက၊ အသွေးဆိုတာတို့နားလည်ထားတာက ဖြူတာ ပြာတာ ဝါတာ နီတာ နက်တာ စိမ်းတာ ညိုတာ စသည်အားဖြင့် ဩော် ဒါအဆင်းတွေပဲ ဒါအရောင်တွေပဲ ဒါအသွေးပဲလို့ အဲသလို နားလည်ထားတော့ ဒါမှအရောင် ဒါမှအဆင်း ဒါမှအသွေးလို့ ဒီလိုသတ်မှတ်တော့ ကောင်းပါပြီ၊ ဒီလိုမှတ်ထားရင်၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူထားတဲ့ ဝဏ္ဏဓာတ်ဟာ ဒီလိုပဲမြန်မာပြန်ထားတော့ အဆင်းတို့ အရောင်တို့ အသွေးတို့နဲ့ မြန်မာလိုပြန်ထားတော့ ဘယ်လိုဖြစ်သလဲ၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဝဏ္ဏဓာတ်သည် ဘာလဲလို့မေးလိုက်တော့ ဖြူတာပေါ့ နီတာပေါ့ နက်တာပေါ့ စိမ်းတာပေါ့ ဝါတာပေါ့ ညိုတာပေါ့ အစရှိသည်အားဖြင့် ဒါဘုရားဟောတဲ့ ဝဏ္ဏဓာတ်ပဲလို့ထင်ကြတယ်၊ ဒါမြတ်စွာဘုရား ကိုယ်တော်မြတ်ဟောတော်မူတဲ့ ပရမတ်ဝဏ္ဏဓာတ်မဟုတ်သေးဘူး ဘာဖြစ်လို့၊ ဒီဖြူတာ ပြာတာ ဝါတာ နီတာ ညိုတာ နက်တာဆိုတာကတော့ ယမန်နေ့က ပြောထားတဲ့အတိုင်း လောကသမ္မုတိ အနေအားဖြင့် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေရအောင် တစ်ယောက်နဲ့တစ်ယောက် မမှားအောင် အညိုလို့ပြောလိုက်ရင် အားလုံးကဒါအညိုလို့ သမုတ်ထားတော့ အညိုလို့သိတယ် အနီလို့ပြောလိုက်ရင် လူတိုင်းနားလည်တယ် အနက်လို့ပြောလိုက်ရင် လူတိုင်းနားလည်တယ်၊ ဒီလို နားလည်မှ လောကအကျိုးဆောင်ရွက်နိုင်မယ်တဲ့ လောကအကျိုးပြီးမြောက်နိုင်မယ်တဲ့။

ဒါကြောင့် ဒီလိုအမှတ်အသားလေးတွေကို ပေးထားပြီးတော့ ကမ္ဘာဦးလူပညာရှိများက ဒါမျိုးကို တွေ့တော့ ဒီအရောင်တွေတွေ့ရင် ဒီအဆင်းတွေတွေ့ရင် အဖြူကွဲ့၊ ဒီအဆင်းမျိုးတွေ့ရင်အနီကွဲ့ ဒီအဆင်းမျိုးတွေ့ရင်အစိမ်းကွဲ့၊ ဒီအဆင်းမျိုးတွေ့ရင်အနက်ကွဲ့၊ အဓိပ္ပာယ်အားဖြင့် အဲဒီလို လောကသမ္မုတိအနေအားဖြင့် သမုတ်ပြီးတော့ အမှတ်အသားလေးတွေ ပေးထားတဲ့ သင်္ကေတပညတ်။

http://www.dhammadownload.com



ဒီစကားကို ထပ်တလဲလဲပြောနေတာ တခြားမဟုတ်ဘူး၊ ဒီလို ဖြူတာ ပြာတာ ဝါတာ နီတာ ကြောင်တာ ကြားတာမှ တစ်ခုတစ်ခု သင်္ကေတအမှတ်အသားနဲ့ ပါးစပ်နဲ့ပြောနိုင်မှ ဝဏ္ဏဓာတ်ပဲဆိုရင် ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ပါဠိတော်နဲ့လွဲနေတယ်။ ဒီလိုမှတ်သားထားရင် ပညတ်အပေါ် မှာတင်နေတယ်၊ ဘာဖြစ်လို့ ဒီအဖြူ အပြာ အဝါ အနီ အကြောင် အကြားဆိုတဲ့ ဒီလက္ခဏာတစ်ခုခုမှ ဒီဟာမှ မပြတတ်ဘူးဆိုရင် ဝဏ္ဏဓာတ်မဟုတ်ဘူးဆိုတဲ့ တစ်ဘက်ကအစွန်းထွက်နေတယ်။ ဒီလိုဆိုရင် တို့လူစုခက်လှချည်ရဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဝဏ္ဏဓာတ်ပြတ်သားနားလည်ဖို့ ခက်လှချည်ရဲ့။

ဒါကြောင့် အဲဒီ ဖြူတာ၊ ပြာတာ၊ ဝါတာ၊ နီတာ၊ ကြောင်တာ၊ ကြားတာဆိုတဲ့ အလုပ်တွေ ဒါတွေဖယ်ထား၊ အလွယ်ဆုံးနည်းနဲ့ပြောမယ်လို့၊ ဒါကြောင့် ဒါတွေပါမှ အဆင်းဓာတ်၊ ဒါတွေပါမှ ဝဏ္ဏဓာတ်ဆိုရင် အဋ္ဌကထာကပြထားပေါ့။ ဝဏ္ဏဓာတ်ရဲ့ ပရိယာယ် 'ဆာယာ'တဲ့၊ 'အာတာပေါ' 'အာလောကော'တဲ့၊ 'အန္ဓကာရော'တဲ့၊ 'အဗ္ဘာ၊ မဟိ၊ ဓူမော၊ ရဇော'၊ ဆာယာ–အရိပ်၊ သူ့ကျ တော့ အဖြူ အပြာ အဝါတွေ စွဲနိုင်သေးလား (မစွဲနိုင်ပါဘူးဆရာ)။ ဒါဆို ဝဏ္ဏဓာတ်မဟုတ်ဘူး ပေါ့ (မဟုတ်ပါဘူးဆရာ)။ သြော် ဒါဖြင့် ဝဏ္ဏဓာတ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟော တော်မူတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဆာယာ–အရိပ်တဲ့၊ အဲဒါလည်း ဝဏ္ဏဓာတ်ပဲ၊ သြော် ဝဏ္ဏဓာတ်ကြီး၊ ဒါဖြင့် တို့ စောစောက မှတ်ထားတဲ့ ဖြူတာမှ ဝဏ္ဏအဆင်းပဲ၊ နီတာမှ ဝဏ္ဏ အဆင်းပဲ၊ နက်တာမှ ဝဏ္ဏအဆင်း၊ ညိုတာမှ ဝဏ္ဏအဆင်းလို့ ဆိုရင် ဒီတရားဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဒီဆာယာ–အရိပ်လို့ဆိုတော့ အဖြူ အပြာ အဝါ ပြောနိုင်ရဲ့လား (မပြော နိုင်ပါဘူးဆရာ)။

လာပြန်ပြီ၊ အာတာပေါ–နေပူရောင်၊ နေကကွယ်လာတယ် တမြန်နေ့က မိုးကောင်းကင်ကို မော့ကြည့်လိုက်စမ်းဆို အပေါ်ကကောင်းကင်ဆိုတဲ့အပြာကြီးကို မင်းမြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ မင်းမျက်လုံးနဲ့ ကောင်းကင်ကြားထဲက မင်းဘာမြင်သလဲဆိုတော့ ဘာမှမမြင်ဘူး ဒီလိုပြောတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် အလင်းရောင်ကိုတော့ မင်းမြင်ထားတာ မဟုတ်လား (မြင်ထားပါတယ်ဆရာ)။ နေရောင်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အာတာပေါ–နေပူရောင်၊ ဒါဝဏ္ဏဓာတ်၊ ဒီလို အဋ္ဌကထာဆရာက ဖွင့်ပြထားတယ်၊ ဝဏ္ဏဓာတ်ရဲ့ပရိယာယ်တွေတဲ့၊ သေသေချာချာမှတ်ထားပါ၊ အဲဒီကောင်းကင်တစ်ပြင်လုံးမှာ မိုးကောင်းကင်အပြာဆိုတဲ့ မိုးကောင်းကင် အပြာထဲ မင်းတို့ငါတို့မျက်စိကြားထဲမှာ ရေးခြစ်မထင်သော အာကာသဟင်းလင်းအပြင်မှာ အဖြူ အပြာ အဝါ အနီ ခွဲလို့ရသေးလား (မရပါဘူးဆရာ)။ ထိုးလို့လည်း ရသေးလား (မရပါဘူးဆရာ)။

http://www.dhammadownload.com



ဆွဲလို့လည်း ရသေးသလား (မရပါဘူးဆရာ)။ ကောင်းပြီ ဒါဖြင့် ဝဏ္ဏစာတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလေး သင်ပေးနေတာ။

ဟိုအဋ္ဌကထာဆရာကြီးများ ဗုဒ္ဓမတညှာဘုရားဟောသွားတဲ့ ပါဠိတော်၊ ဘုရားရဲ့အလိုကို သိတော်မူတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေက၊ ဘုရားက ဒီနေရာမှာဟောသွားတဲ့ ဝဏ္ဏစာတ် ဟောသွားတာ၊ သဘောမျှသက်သက်လေးသိစေချင်လို့ဟောသွားတာ အဖြူ၊ အပြာ၊ အဝါ၊ အနီ၊ အကြောင်အကြားပြောနိုင်မှ ဒါလေးပြနိုင်မှ အဆင်းဓာတ်တွေ မှတ်မနေကြပါနဲ့ အဋ္ဌကထာ ဆရာမြတ်ကနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့ ဒီလို ဖြူတာ ပြာတာ ဝါတာမှ အဆင်းဓာတ် အဆင်းဓာတ်ပဲလို့ဆိုရင် မြတ်စွာဘုရားရဲ့အလိုတော်ကို တို့သိတာက ဒီလိုမဟုတ်ဘူး၊ ဝဏ္ဏဓာတ်ဆိုတာ မင်းတို့ငါတို့ရဲ့မျက်စိပသာဒဆိုတဲ့ အကြည်မှန်တွင်လာထင်ကောင်းတဲ့ အရိပ်ကလေးဟာ အာရုံကလေးဟာနော် (ဟုတ်ကဲ့ပါဆရာ)။ စက္ခုပသာဒဆိုတဲ့ အကြည်မှန်ကလေးမှာ ထင်ကောင်းမြင်ကောင်းတဲ့ အဆင်းရုပ်ကလေးဟာ ဝဏ္ဏဓာတ်ပဲလို့ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလေးကို သမာဓိကောင်းကောင်းနဲ့ထားပြီးတော့စဉ်းစားကြပါ။ ငါတို့မှာ ကံပြုပြင်စီမံပေးတဲ့ မျက်နက်ဝန်းရဲ့ အလယ်ခေါင်မှာ သန်းဦးခေါင်းမျှပမာဏရှိသော မဟာဘုတ်လေးပါးကို တည်စေတတ်တဲ့ သဘောလက္ခဏာရှိသော ပသာဒခေါ်ထားတဲ့ စက္ခုပသာဒ၊ ကံကြောင့်ဖြစ်ပေါ်လာသော ကမ္မဇဓာတ် မှန်လေးအကြည်လေးလို့နော် (ဟုတ်ကဲ့ပါဆရာ)။ မှန်ထဲမှာ အရိပ်ထင်နေတာ မဟုတ်လား (မှန်ပါတယ်ဆရာ)။ အိမ်မှာရှိတဲ့မှန်နဲ့တူတယ် မထူးပါဘူး။

ဒါပေမဲ့ ဟိုကျတော့ လူလုပ်ထားတဲ့မှန်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီကျတော့ ကံလုပ်တဲ့မှန် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှန်ချင်းကတော့အတူတူပါပဲတဲ့ မှန်ဆိုတာတခြားမဟုတ်ပါဘူး မှန်ဆိုတာ မဏ္ဍသဒ္ဒါက လာပါတယ်၊ မဏ္ဍော–ကြည်လင်သော၊ ပသာဒေါ–ကြည်လင်သော၊ အစ္ဆရော–ကြည်လင်သော၊ ကြည်လင်သောအနက်ကို ဟောထားတဲ့အနက်က မဏ္ဍသဒ္ဒါက ပါနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မဏ္ဍော–ကြည်လင်သောဆိုတာကျတော့ မဏ္ဍပုဒ်ကလာလို့ မင်းတို့ငါတို့အိမ်မှာသုံးနေတဲ့ မှန်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲမဏ္ဍပုဒ်ကလာတဲ့ နောက် ဒဒွေးကျေပြီးတော့ မဏ်မဏ်နဲ့ ဒီလိုလာနေရာက၊ နောက် မဏ်ဆိုတဲ့ စကားကပေ့ါပျက်သွားတယ်၊ ကာလရှည်လျားလာတော့ မှန်လို့ဖြစ်သွားတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မှန်ဆိုတာ ဘာကဖြစ်၊ မဏ္ဍသဒ္ဒါကလာတာ၊ မဏ္ဍဆိုတာဘာဟောတယ်၊ ကြည်လင်သောသဘောဟောတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ပသာဒေါ–ကြည်လင်သော၊ မဏ္ဍော–ကြည်လင်သော၊ အစ္ဆရော–ကြည်လင်သော၊ ကြည်လင်တဲ့အနက်အဓိပ္ပာယ်ဟောထားတဲ့

http://www.dhammadownload.com



ပရိယာယ်လေးတွေ။

ဩော် ဒါကြောင့် ဒီစက္ခုပသာဒအကြည်ရုပ်ကလေးကို ဒါကမ္ဗဇခေတ်မှန်လေးလို့ ဒီလိုပြော ရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကမ္ဗဇခေတ်မှန်လေးက သူ့အိမ်ငါ့အိမ်ရှိတဲ့ မှန်နဲ့မထူးပါဘူး အတူတူပါပဲ၊ သူ့အိမ်ငါ့အိမ်ရှိတဲ့ မှန်ကလေးနဲ့ အရိပ်လာလာထင်တာ တခြားမဟုတ်ပါဘူး ကြည်လင်လို့ထင်တာနော် ကြည်လင်တဲ့ အရာဝတ္ထုတွေက မှန်တင်မကပါဘူး ချိပ်သဲခေတ္တာ သုတ်ထားတဲ့စားပွဲငုံ့ကြည့် မင်းအရိပ်မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ တိုက်ထဲကရောက် သစ်စ ဆိုတဲ့ မော်တော်ကားကြီးတွေ ဘေးသွားကြည့် ရပ်ကြည့် မင်းအရိပ်မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ မြင်မှာပေါ့ကွ ကြည်လင်နေတဲ့သဘောလေးတွေရှိလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ချောမွေ့တဲ့သဘော၊ ကြည်လင်တဲ့သဘောလေးရှိလို့၊ ဩော် ကြည်လင်တဲ့သဘောဆိုရင် အရိပ်ထင်ကောင်းတာချည်းပဲတဲ့၊ ရေထဲငုံ့ကြည့်လိုက် အရိပ်ထင်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် ချောမွေ့တဲ့ မဟာဘုတ်ကိုကြည်လင်တတ်တဲ့သဘောလေး ဒါပသာဒလို့ခေါ်တယ် မဏ္ဍာလို့ခေါ်တယ် အစ္ဆရလို့ ခေါ်တယ်၊ ဩော် မဏ္ဍာသဒ္ဒါကနေ ရွေ့လျောလာလို့ မဏ္ဍာကနေ မဏ်၊ မဏ်ကနေ 'မှန်'ဖြစ်လာတယ်။

ဒါကြောင့် အရပ်ထဲသုံးနေတဲ့ ကိုယ့်ကိုယ်ကိုပြန်ကြည့်ကြတဲ့ အရိပ်ထင်ကောင်းတယ်ဆိုတဲ့ ဥစ္စာ 'မှန် မှန်'လို့ ခေါ်ကြတာပဲ။ ဒို့ကြောင့် မင်းတို့ငါတို့ရဲ့ မျက်နက်ဝန်းရဲ့အလယ်မှာရှိတဲ့ သန်းဦးခေါင်းမျှပမာဏ ကံနဲ့လုပ်ပေးလိုက်တဲ့ ကံပြုပြင်စီမံပေးတဲ့ ကမ္ဗဇခေတ်မှန်၊ စက္ခုပသာဒ အကြည်ရုပ်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အိမ်မှာရှိတဲ့မှန်နဲ့ အတူတူပဲဆိုတော့ သူ့ရှေ့မှာ ထင် ကောင်းတဲ့ အရာဝတ္ထုတစ်ခုလာထိုင်ရင် ထင်တယ်ဟုတ်လား (ထင်ပါတယ်ဆရာ)။ အေး ထင် ရတယ်၊ အေး အေး အဲဒီထင်တာလေးမှတ်ထား၊ ဒို့ကြောင့် တမြန်နေ့ကငါပြောတယ် အိမ်ရှေ့မှာချပြီး မှန်တစ်ချပ်ထောင်ထား ခွေးလျှောက်သွားလည်း ခွေးအရိပ်လာထင်တာနော် (ဟုတ်ကဲ့ပါဆရာ)။ ထင်တယ်ဆိုတာရူပါရုံပဲ ဒါဝဏ္ဏခေတ်ပဲ ထင်ကောင်းတယ် ဘယ်မှာထင်တာတုန်း၊ စက္ခုပသာဒ အကြည်မှန်လေးမှာလာထင်တာ ဒါရူပါရုံခေါ်တယ်၊ ဒါဝဏ္ဏခေတ်ခေါ်တယ်မှတ်မိလား (ဟုတ်ကဲ့ပါ ဆရာ)။ ဒါဖြင့် အဖြူပဲ ထင်တယ်၊ အနက်ပဲ ထင်တယ်၊ အပြာပဲ ထင်ထင်ပေါ့၊ အဖြူ၊ အပြာ၊ အဝါ၊ အနက်၊ အကြောင်၊ အကြားလို့ မပြောနိုင်တဲ့ အရာဝတ္ထုပဲထင်ထင်၊ ဒီစက္ခုပသာဒ အကြည်မှန်ကလေးမှာ အရိပ်ကလေးလာထင်ရင် ဒါဝဏ္ဏခေတ် မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အမှတ်ရ မလွယ်ဘူးလားကွ (လွယ်ပါတယ်ဆရာ)။

ဒါကြောင့် ဖြူတာ၊ ပြာတာ၊ နီတာ၊ ဝါတာ၊ ကြောင်တာ၊ ကြားတာ၊ နက်တာ၊ ရွှေတာ ဆိုတဲ့ သဘာဝမှာ ဝဏ္ဏခေတ်လို့၊ အဆင်းလို့၊ အရောင်လို့၊ အသွေးလို့ မမှတ်ပါနဲ့တဲ့၊ မြတ်စွာ

http://www.dhammadownload.com



ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဝဏ္ဏာရုံက ဒီလိုမဟုတ်ပါဘူး။ ဖြူတာမှ ဝဏ္ဏာရုံ၊ စိမ်းတာမှ ဝဏ္ဏာရုံ၊ နက်တာမှ ဝဏ္ဏာရုံ၊ နီတာမှ ဝဏ္ဏာရုံ၊ ဒီလို သင်္ကေတပညတ်တွေ မမှတ်ပါနဲ့။ မှတ်နေရင် မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူသော တကယ့်ပရမတ်အစစ်တည်းဟူသော ဝဏ္ဏာရုံကို နားလည်ထင်တယ် ဟုတ်ပြီလား (ဟုတ်ကဲ့ပါဆရာ)။ ပညတ်ပေါ်တင်နေတတ်တယ်တဲ့၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဝဏ္ဏာရုံ၊ အဖြူ၊ အပြာ၊ အဝါတွေ တွေးမနေပါနဲ့၊ စက္ခုပသာဒ ကမ္ဗဏ္ဏရုပ်မှန်၊ အကြည်မှန်ကလေးမှာ လာထင်တဲ့ အရိပ်ဟာ ဒါဝဏ္ဏာရုံပဲ၊ ဒီလိုဆိုတော့ မှတ်ရမလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ဒါကြောင့် အဋ္ဌကထာဆရာကလည်း မြတ်စွာဘုရားကိုယ်တော်မြတ် အလိုတော်ပြည့် ရေးဖွဲ့သွားတာ။

ဆာယာ၊ အာတပေါ၊ အာလောကော၊ အန္ဓကာရော၊ အဗ္ဘာ၊ မဟိ၊ ဓူမော၊ ရဇော၊ ဆာယာ အရိပ်၊ အာတပေါ–နေပူရောင်၊ အာလောကော–အလင်းရောင်၊ အန္ဓကာရော–အမိုက်မှောင်၊ အဗ္ဘာ–တိမ်တိုက်၊ မဟိကာ–ဆီးနှင်း၊ ဓူမော–အခိုး၊ ရဇော–မြူ၊ ကြည့်စမ်း ဝဏ္ဏာရုံပရိယာယ်တွေ ပြသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လင်းတာရှိသေးတယ်၊ မဏ္ဍလရုံ၊ စန္ဒမဏ္ဍလ သူရိယမဏ္ဍလရုံ လအရောင်၊ နေအရောင်၊ ဒါပါပဲလား မဟုတ်သေးပါဘူး မဏိသင်္ခမုတ္တ ဝေဠုရိယ ကျောက်မျက်ရွဲတို့၊ ပတ္တမြားတို့၊ ပုလဲတို့၊ ဒါတွေလည်း ထွက်နေတဲ့ အရောင်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပဲလား မဟုတ်သေးပါဘူး၊ သုဝဏ္ဏလည်း ဖြစ်တာပဲ၊ ရွှေရောင်၊ ငွေရောင် ဒါတွေလည်းပဲ ဝဏ္ဏာရုံပဲတဲ့၊ ဒီတော့ အပေါ်နားက တို့လူစုဉာဏ်ထဲ ရှင်းသွားအောင် စဉ်းစားဖို့က အရိပ်ဝဏ္ဏာရုံလို့ ကိုယ်တော်မြတ်က ဟောသွားပြီ၊ အဋ္ဌကထာဆရာဖွင့် အရိပ်ဟာ အဖြူလို့လည်းမပြောနိုင်ဘူး အဝါလို့လည်းမပြောနိုင်ဘူး အနီလို့လည်းမပြောနိုင်ဘူး အစိမ်းလို့လည်း မပြောနိုင်ဘူး ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)။ ဘာမှမပြောနိုင်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး ထင်တာချည်း၊ ဒါဖြင့် မင်းတို့ငါတို့ မျက်စိစက္ခုပသာဒလာမထင်ဘူးလား (ထင်ပါတယ်ဆရာ)။ ထင်လို့မြင်တာ၊ မထင်ရင် ဘယ်တော့မှမမြင်ဘူးဆိုတာ မှတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီစက္ခုပသာ အကြည်မှန်လေးမှာ လာမထင်သမျှ မင်းတို့ငါတို့ မြင်ရပါ့မလား (မမြင်ပါဘူးဆရာ)။ မြင်လို့ ဖြစ်ကောင်းပါ့မလား (မဖြစ်ပါဘူးဆရာ)။ ဩော် ဒါဖြင့် ဒီစက္ခုပသာဒ အကြည်အမှန်ကလေးမှာ လာထင်တာဟာ ဒါဝဏ္ဏာရုံပဲဆိုတော့ မရှင်းလားကွ (ရှင်းပါတယ်ဆရာ)။ အေး ဒါကြောင့် ဆာယာ–အရိပ်ဟော ဒါဝဏ္ဏာရုံ၊ အာတပေါ–နေရောင် ဟောဒါ ဝဏ္ဏာရုံ၊ အာလောကော– အလင်းရောင် ဒါဝဏ္ဏာရုံ၊ အန္ဓကာရော–ယမန်နေ့ကပြထားတဲ့လကွယ်သန်းခေါင် မိုးမှောင်ညဥ့် နက်နော် (ဟုတ်ကဲ့ပါဆရာ)။ အမိုက်မှောင် ဟောဒါ ဝဏ္ဏာရုံ။

http://www.dhammadownload.com



အဘ္ဘာ–တိမ်တိုက် ဝဏ္ဏစာတ်၊ မဟိကာ–ဆီနှင်း၊ ဓူမော–အခိုး ဝဏ္ဏစာတ်၊ ရဇော–မြူ ဝဏ္ဏစာတ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတွေ ပြန်ကြည့်ပါကွယ်၊ ဆာယာဆိုတဲ့အရိပ်လို အဖြူ အပြာ အနီ အဝါ အကြောင် အကြား ပြောလို့မဖြစ်ဘူး ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အာတာပေါ– နေရောင်ဆိုလည်း အဖြူ အပြာ အနီ အဝါ အကြောင် အကြား ပြောလို့မဖြစ်ဘူး ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အာလောကော–အလင်းရောင်တဲ့၊ ဓာတ်မီးအရောင်ဖြစ်ဖြစ်၊ ဘာအရောင်ဖြစ်ဖြစ် ညာအရောင်ဖြစ်ဖြစ်ပေါ့ကွာ ဒီအရောင်လည်း အဖြူ၊ အပြာ၊ အဝါ ပြောလို့ မဖြစ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့ အန္ဓကာရော–အမိုက်မှောင်၊ ဟာ သူ့ကျလည်း အဖြူ အပြာ အဝါ အနီ အကြောင်အကြားပြောလို့မဖြစ်ဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါတွေကြည့်၊ ဒါတွေကြည့်တော့ ဩော် ငါတို့သူငါနားလည်ဖို့ဆိုပြီးတော့ အဋ္ဌကထာဆရာက အကျယ်ဝေဖန်ပြသွားတာ၊ ဖြူတာမှ ဝဏ္ဏစာတ်၊ စိမ်းတာမှ ဝဏ္ဏစာတ်၊ နီတာမှ ဝဏ္ဏစာတ်၊ နက်တာမှ ဝဏ္ဏစာတ် ဒီလိုမှတ်မနေနဲ့၊ ဒီလိုမှတ်နေရင် မင်းတို့ပညတ်ပေါ်တင်မယ် ဒါတွေမှတ်စရာမလိုဘူး ဖြူသည်ဖြစ်စေ၊ မဖြူသည်ဖြစ်စေ၊ နီသည်ဖြစ်စေ၊ မနီသည်ဖြစ်စေ၊ စိမ်းသည်ဖြစ်စေ၊ မစိမ်းသည်ဖြစ်စေ၊ အဓိပ္ပာယ်ကနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါတွေမတွေးနဲ့၊ တို့ ဘယ့်နှယ့်တွေးရမလဲ။

စက္ခုပသာဒမှာ လာပြီးတော့ထင်တဲ့အာရုံသည် ဒါဝဏ္ဏစာတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒီစက္ခုပသာဒ အကြည်မှန်ကလေးလာထင်တဲ့အရိပ်ဟာ ဒါဝဏ္ဏစာတ်ပဲလို့ ဒါရူပါရုံခေါ်တယ်၊ ရူပါရုံဆိုတာဝဏ္ဏစာတ် ရူပါရုံဆိုတာအဆင်းနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုဆိုတော့ မလွယ်ဘူးလားကွယ် (လွယ်ပါတယ်ဆရာ)။ ဒါဖြင့် မင်းတို့ငါတို့မှာ မျက်စိထင်ရှားရှိတဲ့ လူတွေပဲလို့ မျက်စိဖွင့်လိုက်လို့ မျက်စိမှာလာပြီး မြင်လိုက်ရင်ဘာခေါ် (ဝဏ္ဏစာတ်လို့ခေါ်ပါတယ်ဆရာ)။ အေး ဝဏ္ဏစာတ် မလွယ်ဘူးလားကွ (လွယ်ပါတယ်ဆရာ)။ ဒီတော့ ခုနပြောတဲ့ အဖြူ အပြာ အဝါ အနီ အကြောင်အကြားတွေ မှတ်စရာလိုသေးလား (မလိုပါဘူးဆရာ)။ အေး အဲဒါတွေမှတ်နေရင် ခုနစကားနဲ့ ဆန့်ကျင်ဘက်ဖြစ်နေမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သဘောလေးကို သေသေချာချာ ကွဲသွားစေချင်လို့၊ ဒါလေးနည်းနည်းထပ်ပြန်တလဲလဲပြောနေတာ တချို့ အထင်မှားအမြင်မှားနေတယ်၊ ဟာ တချို့ ဒီဖြူတာ ဝါတာ နီတာ ကြောင်တာ ကြားတာတွေ ဒါအဆင်းမဟုတ်ဘာတုန်းဆိုတဲ့ စကားက ရှိသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါ ကိုယ့်စိတ်ထဲမှာ ကိုယ်ခုခံပြီးတော့ မာန်သဘောလေးထားပြီးတော့ ယူချင်လည်းယူပေါ့လို့၊ တို့များကတော့ မေတ္တာ စေတနာထားပြီးတော့ ဩော် ဘုရားကိုယ်တော်မြတ်က ဒီလိုဟောတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပါဠိတော် အဋ္ဌကထာဆရာက နားမလည့်လည်အောင် ပရိယာယ်အမျိုးမျိုးနဲ့ ဒီလိုဖွင့်ပြတယ်၊

http://www.dhammadownload.com



အဲဒီဖွင့်ပြတော်မူတဲ့သဘာဝကို အချက်ကျကျနဲ့ တကယ်အမြင်မှန်မြင်ပါစေဆိုပြီးတော့ တို့ကတော့ မေတ္တာနဲ့ကိုယ်သီသမျှ တစ်ဖက်သားလည်း နားလည်ပါစေဆိုပြီးတော့ ကိုယ်ဉာဏ်စွမ်းရှိသမျှ၊ တတ်နိုင်သမျှလေး ပရိယာယ်အမျိုးမျိုးနဲ့ နားမလည့်လည်အောင် ထပ်ပြန်တလဲလဲပြနော် (ဟုတ်ကဲ့ပါဆရာ)။

တချို့က အဲဒီလို မေတ္တာစေတနာထားပြီးတော့ ဩော် တို့မတတ်တတ်အောင်၊ နားမလည်လည်အောင် လှည့်ကာပတ်ကာနဲ့ ပရိယာယ်အမျိုးမျိုးနဲ့ ကြိုးစားပမ်းစားနဲ့ သင်ရှာပေတယ် ကြားရှာပေတယ်လို့ စေတနာကောင်းနဲ့ မမှတ်ယူတဲ့အပြင်လို့ ဆင်ခြေဆင်လက်များပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အကျိုးက ဘယ်လို၊ အပြစ်က ဘယ်လို၊ ယူဆတာက ဘယ့်နှယ့်၊ ဒါကိုယ်ကြိုက်သလိုယူပေါ့၊ ဒါပေမယ့်သူပြောသွားတဲ့စကားဟာ နောက်လည်းမှတ်ထားပေါ့ ဘယ်သူဖြစ်ဖြစ် ငါကတော့ သင်တန်းဖွင့်စကတော့ပြောခဲ့တယ်၊ ငါကတော့ (၁၃) နှစ်လောက်ကျော်ပြီ ပရိသတ်အမြောက်အများနဲ့ နေ့စဉ်ရက်ဆက် အလုပ်လုပ်လာတာ၊ လူပေါင်းသုံးထောင်ကျော် သုံးထောင်ကျော် အစရှိသည်အားဖြင့် ညစဉ်ညတိုင်း သူများလို တစ်ပွဲတစ်လမ်းမဟုတ်ပါဘူး၊ အဲဒီလောက်လုပ်လာတော့ လူအမျိုးမျိုးနဲ့ ငါနဲ့တွေ့ပေါင်းလည်းများပြီ၊ ဒါ့ကြောင့် တို့ဒီအလုံသင်တန်းကြီး ငါ့ညွှန်သည့်အဖြစ်နဲ့ သိပ်တင်းတင်းကျပ်ကျပ်မပြောပေမယ့် ဝတ္တရားအတိုင်းငါပြောပါ့မယ်၊ သင်တန်းလာတက်လို့ရှိရင် စိတ်ကောင်းစေတနာကောင်းထားပြီးတက်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ သံသရာထောက်ရာတည်ရာရသွား အနည်းဆုံးက အပါယ်လေးပါးတံခါးပိတ်အောင်ဟဲ့၊ သာသနာနဲ့တွေ့တဲ့ကြုံတဲ့အခါဖြင့်တဲ့၊ အဲဒီ အကျိုးထူးရောက်မယ်ဆိုလို့ ငါအားကိုးတစ်ခုနဲ့လာနာမယ်ဟဲ့၊ တကယ်လည်းငါကြိုးစားပမ်းစားနဲ့ သမာဓိ တည်ငြိမ်အောင်ထားပြီးငါနာမယ်၊ စိတ်ကောင်းနှလုံးကောင်းနဲ့နာကြပါ။ အတိုအရှည်တိုင်း တတ်တဲ့ပုဂ္ဂိုလ်များ အပြစ်ရှာလိုတဲ့ပုဂ္ဂိုလ်များ ဆားမြည်းတဲ့အနေအားဖြင့် လာတဲ့ပုဂ္ဂိုလ်များ စေတနာမရှိးသားတဲ့ပုဂ္ဂိုလ်များ အခုကတည်းကစမတက်ပါနဲ့ ဒါစောစောပိုင်းက တစ်ခါပြောခဲ့ဖူးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အေး အေး အဲဒါတခြားမဟုတ်ပါဘူး၊ သူတို့လည်းပဲအညောင်းမိမှာ၊ ငါလည်းဝန်လေးတာ တရားလည်းရမှာ မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ လာကတည်းက စေတနာက မသန့်ရှင်းပါဘူးလို့၊ ဘယ်တော့မှ တရားမရဘူးဆိုတာမှတ်ထား၊ ဒါကြောင့် တကယ်ကိုယ့်ကို ကိုယ်ပြန်ပြီး နောက်နားလဲ ငါတစ်ခါဟောပြီ။

“သော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ သ ဝေ ဗာလောတိ ဝုစ္စတိ”။

(ဓမ္မပဒပါဠိတော်၊ ဂါထာနံပါတ်၊ ၆၃)

http://www.dhammadownload.com



ကိုယ့်ကိုကိုယ်ပြန်ကြည့်တဲ့၊ ငါတရားရလားမရလား အနည်းဆုံးကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရတာရတာ အပထားလိုက်၊ သာသနာနဲ့ တွေ့တဲ့ကြုံတဲ့အခါဖြင့် ငါသေရင်စိတ်ချရပြီ၊ ဘယ်လိုမှ အပါယ်လေးပါးတော့မလားဘူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ အဆင့်အတန်းလောက် ကလေးတော့ရောက်အောင် ငါကြိုးစားမယ်ဆိုတဲ့ စိတ်ကောင်းစေတနာကောင်းထားပြီးတော့ တရားကိုကိုယ့်ကိုယ်ကို နှင်ရှာရဲ့လားလို့၊ ကိုယ့်ကိုယ်ကိုပြန်မေး ဟာငါရှာတယ် ငါရှာလို့ ငါလည်း ရသွား၊ သူလည်းရသွား အင်မတန်ဝမ်းသာစရာကောင်းပါတယ်၊ အဲဒီအဖြစ်မျိုးမှ မရောက်သေးဘဲနဲ့ ဟိုတစ်မျိုးဒီတစ်ဖုံနဲ့ နေရာပေါင်းလည်းစုံ၊ စုံတဲ့နေရာပေါင်းလည်းပဲ အဲဒီလို အချိုးမျိုးရအောင် ဘယ်ပုဂ္ဂိုလ်၊ ငါမှီဝဲဆည်းကပ်မယ်၊ ဘယ်သူ့ဆရာတင်မယ်၊ အဓိပ္ပာယ်က ဘယ်နိဿယယူည်း ငါယူမယ်၊ ငါ့ကိုယ်တော့ ငါနံပါတ်တစ်ဆိုရအောင် ငါကြိုးစားမယ်၊ ငါကိုယ်ကို သံသရာထောက်ရာ တည်ရာရသွားအောင် အပါယ်လေးပါးလုံးလုံးလျားလျားလွတ်သွားအောင် ငါကြိုးစားမယ်၊ အဲဒီစေတနာလေးနဲ့ ကြိုးစားလို့ ငါ့ကိုယ်ငါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာမရတာ အပထားပေ့ါလေ။

စောစောကပြောသလို အပါယ်လေးပါးတော့ ငါတံခါးပိတ် စိတ်ချရပြီ၊ အဆင့်အတန်းရောက် သလားလို့ ပြန်မေး၊ မရောက်သေးဘူးဆိုရင် ရောက်အောင်ကြိုးစားပါလို့၊ တစ်အချက် အင်မတန် အရေးကြီးပါတယ်၊ ဟိုရောက်ပြီဆိုတော့ ကိုယ့်ရတဲ့လမ်းစဉ်အားဖြင့် တစ်ဘက်သားကို သနားတဲ့ အနေအားဖြင့် ဝေငှပေးပါလို့၊ ဒါမှ သူတော်ကောင်းပညာရှိ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အခု ကိုယ့်ကိုယ်ကိုပြန်ကြည့်လိုက်၊ ဘာမှမရှိသေးဘူးအားကိုးစရာ၊ မေးကြည့် သေတော့ဘယ့်နှယ် သေမလဲမေး၊ ဒီလိုဘဲ မျက်ကလူးဆန်ပြာနဲ့သေမှာပဲ၊ ပြာပြာသလဲနဲ့ ရှုံ့ကာမဲ့ကာသေမှာပဲ ကြောက်ကြောက်လန့်လန့်နဲ့ နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့လဲ၊ အားကိုးစရာတရားတကယ် မရသေးလို့၊ အဲဒါ ကိုယ့်ကိုယ်ကိုသိတယ် ဘေးကပြောနေတာအပိုပဲလို့၊ မင်းလည်း ကိုယ့်ကိုယ်ကို ပြန်မေးပါ၊ ငါ့မှာသေရင်ကြည်ကြည်လင်လင်နဲ့သန့်သန့်ရှင်းရှင်းသေနိုင်တဲ့အချိန်မျိုး ရောက်ပါ့မလား (သို့မဟုတ်) တွေတွေဝေဝေနဲ့ကြောက်ကြောက်ရွံ့ရွံ့နဲ့ သေရမယ့်အဖြစ်မျိုးလားလို့ ကိုယ့်ကိုယ်ကို ပြန်မေး ကိုယ်သိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ ထောက်ရာတည်ရာရှိတဲ့ အားကိုးလောက်တဲ့ အသိဉာဏ်တစ်ခုရထားတဲ့ပုဂ္ဂိုလ်ကျတော့ သေပျော်နေပျော်ပြီ၊ ငါမသေလို့နေရလည်းပျော်ပျော်ပဲ မနေလို့သေရပြန်တော့လည်း ငါကြောက်စရာဘာမှမရှိဘူး ဘာဖြစ်လို့လဲ ငါ့မှာ အားကိုးစရာတစ်ခု ရှိထားပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီပုဂ္ဂိုလ်မျိုးကျတော ဒါသာသနာနဲ့ တွေ့ကျိုးကြုံကျိုးနပ်ပါတယ်လို့ အဲဒီအဆင့်အတန်းမျိုး မရောက်သေးဘဲ ကိုယ့်ကိုယ်ကို ပညာရှိ သယောင်ယောင် တတ်သယောင်ယောင်ဆိုတဲ့အနေအားဖြင့် အမျိုးမျိုးအဖုံဖုံ ဟိုနေရာလည်း ရှေ့က တက်ချင်၊ ဒီနေရာလည်း ရှေ့ကတက်ချင်၊ ဟိုလည်း ရှေ့ကသွားချင်၊ ဒီလည်း ရှေ့ကသွားချင်၊

http://www.dhammadownload.com



နေရာတကာ လူတွင်ကျယ်လုပ်တယ်ဆိုတဲ့အနေမျိုးနဲ့ လုပ်ချင်တဲ့စေတနာမျိုးနဲ့ အဲဒီလိုသာ တရားရှာနေရင် ကိုယ့်ကိုယ်ကိုလည်း ထောက်ရာတည်ရာရဘို့ ခဲယဉ်းတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

တို့ကိုယ်တို့ပြောတာမဟုတ်ဘူး၊ တို့ချည်းဆရာတင်မှမဟုတ်ပါဘူး၊ ဘယ်မှာဖြစ်ဖြစ်တကယ့်ကို တိတိကျကျပြနိုင်တဲ့ ဆရာကောင်းသမားကောင်း အများကြီးရှိတယ် ရအောင်ယူကြပါလို့၊ နှစ်ပေါင်းလည်း ဒီလောက်ရှည်လာပြီ၊ ဟန်ဆောင်အနေနဲ့လုပ်လာရင် မင်းတို့လည်းတွက်ကြည့်ပေါ့ ဆယ့်သုံးနှစ်ရှိပါပြီ၊ တစ်ရက်လည်းမဟုတ် တစ်လလည်းမဟုတ် ဆယ်နှစ်လည်းမဟုတ် နေ့စဉ် ရက်ဆက် ကိုယ့်ကိုယ်ကိုလည်း ကျန်းမာရေးလေးစားလို့၊ ဒီလူအများတွေ ငါသိသမျှလေး သိပါစေ ဆိုတဲ့ စေတနာနဲ့ မပျက်မကွက်ပို့ချသင်ကြားပေးတာ ဆယ့်သုံးနှစ်ရှိသွားပါပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဟန်ဆောင်လုပ်တဲ့ဆရာဆိုရင် ဒီလောက်ခရီးမရှည်ပါဘူး၊ မရှည်ပါဘူး အကြောင်းတစ်ခုနဲ့ပျက်ပြီးသာ မှတ်ပါ။ ယနေ့အသက်ရှည်တုန်း အဲဒါဘာဖြစ်လို့ စေတနာအမှန်နဲ့လုပ်နေတော့ စေတနာ ဘယ်တော့မှလျော့မသွားပါဘူး၊ လူအများကို အင်မတန်သနားတယ်ဆိုတဲ့ စိတ်ဓာတ်ရှိတယ်၊ သနားလို့၊ ယခု မျက်မှောက်မှာရောက်နေတဲ့ ဆင်းရဲချမ်းသာခွဲခြားသနားတာ မဟုတ်ပါဘူး၊ ရှေ့ကို သွားရမယ့် သံသရာအဆက်ဆက်၊ ဒါကြောင့် မင်းကသောတာပန်လား သကဒါဂါမ်လား၊ အနာဂါမ်လားမမေးပါနဲ့၊ ကိုယ့်ကိုယ်တော့ တော်တော်စိတ်ချယုံကြည်ထားတဲ့ အဆင့်အတန်း နော် (ဟုတ်ကဲ့ပါဆရာ)။ ခပ်တိုတိုပြောလိုက်မယ်၊ ငါသေရင် အပါယ်လေးပါးလုံးလုံးလျားလျားမလားဘူး ဆိုတာတော့ငါတာဝန်ခံရဲတယ်၊ အဲဒီလိုယုံကြည်မှုကလေးရသွားတော့ ဒီအဆင့်အတန်းလောက်ရရင်ပဲ တို့သာသနာကြီးအတွင်းမှာလူလာဖြစ်တဲ့ပုဂ္ဂိုလ်တွေ အဲဒီအဆင့်အတန်းရောက်ရင်မနည်းပါဘူးလို့ အင်မတန်အရေးကြီးတဲ့ အဆင့်အတန်းပါ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုဖယ်ထားပါ ဒါလည်းမဂ်ဉာဏ် ဖိုလ်ဉာဏ် အောက်မဂ်အောက်ဖိုလ်ဆိုတာမရောက်ဘူးလို့ မဆိုနိုင်ဘူး၊ ဒီလိုနာခါမျှ ကြားခါမျှနဲ့ ပြတ်ပြတ်သားသားဉာဏ်အားဖြင့် ထင်ရှားသွားလို့ရှိရင်ဖြင့် ဣန္ဒြေရင့်ကျက်ပြီးသားပုဂ္ဂိုလ်တွေ ရကောင်းတဲ့တရား တစ်မဂ်တစ်ဖိုလ်ကိုတော့ရကောင်းတယ်လို့ သောတာပန်သကဒါဂါမ်ဆိုတာ အောက်မဂ်အောက်ဖိုလ်ခေါ်ပါတယ်၊ အဲဒီတော့ အဲဒီအဆင့်အတန်းမျိုးကို တို့တွေရမလားမရသေး ဘူးလား ရောက်ပြီလားမရောက်သေးဘူးလား မရောက်သေးဘူးဆိုတဲ့ပုဂ္ဂိုလ်များကို အင်မတန် မေတ္တာလည်းထားပါတယ် သနားလည်းသနားပါတယ် ဘယ့်နှယ် သာသနာကြီးထင်ရှားပွင့်နေတဲ့ အခါကြီးမှာ အင်မတန်ထွန်းလင်းတဲ့အခါမှာ တို့လူစုရရမယ် ရောက်ရမယ် မရောက်မရရှိုးလား မရနေရရှိုးလားလို့စိတ်ဓာတ် အဲဒီလိုပဲ အောက်မေ့ပြီးတော့ သနားတဲ့မေတ္တာစိတ်ဓာတ်အရင်းခံထား ပြီးတော့ အပင်ပန်းအနွမ်းနယ်ခံပြီးတော့ သင်ကြားလာလို့ အခုဆယ့်သုံးနှစ်ရှိပါပြီလို့ မပျက်ခဲ့ပါဘူး၊

http://www.dhammadownload.com



ကိုယ်ရေးကိုယ်တာဆိုတာ လုံးဝပုံထားတယ်၊ ဘာမှ ပြန်စောင်းမကြည့်ဘူး၊ အဲဒီလို စေတနာ သန့်သန့်ရှင်းရှင်းနဲ့ ပို့ချသင်ကြားပြီးတော့ အများကိုအားထားလောက်တဲ့ အဆင့်အတန်း ရောက်အောင်ဆိုပြီးတော့ သင်ကြားပေးနေတဲ့အချိန်အခါမှာ အခုနပြောသလိုပဲ ဆင်ခြေဆင်လက် အမျိုးမျိုးဝေဖန်ချက်တွေထုတ်၊ တစ်တောင့်တစ်နားကနေပြီးတော့ အဲသလိုလုပ်နေတဲ့ပုဂ္ဂိုလ်အဖို့တော့ တို့များသနားတယ်။ တရားရစရာအကြောင်းမရှိဘူး ဘာ့ကြောင့်အခုနပြောတဲ့ အတိုအရှည်တိုင်း မှုတွေရော၊ မြေစမ်းခရမ်းပျိုးအနေတွေရော ကြံချင်ဖန်ချင်တယ်ဆိုတဲ့ အနေတွေရောအပျော် တစ်နည်း ဒီလိုလာနာကြတဲ့ပုဂ္ဂိုလ်က အမျိုးမျိုးတချို့လည်းပဲ နေရာတကာမှာဆရာလုပ်ချင်တော့ ဘယ့်နှယ့်လုပ် မလဲ၊ ဆရာလုပ်စရာဆိုတဲ့အကွက်ကောင်းလေးကိုလာရှာ ကိုယ်ကြိုက်တဲ့အကွက်ကလေးယူတယ် နေရာတကာမှာဆရာလုပ်တယ်၊ ဒါပေမယ့် ဒီမှာသူယူသွားတဲ့ ဆရာကိုတော့ဆရာလို့မှတ်ပါ၊ အဲဒါ ဆရာမှတ်ပြီးတော့ရွတ်ပြီး မှတ် မှတ် မှတ်လိုက်၊ ပစ္စက္ခုမှာလားတခြားမှာလား တော်ကြာဒါပေမယ့် ဝတ္တရားကွယ်။

ဩော် ဒီပုဂ္ဂိုလ်လို အမိပ္ပာယ်အားဖြင့် ပရိသတ်အမြောက်အများနဲ့ ငါလဲဆရာတစ်ဆူ လုပ်ချင်တယ်ဆိုပြီးတော့ ပရိသတ်နှစ်ထောင်ကျော်သုံးထောင်ကို တစ်နှစ်တိတိမပြဘဲနဲ့ ထိန်းနိုင် သိမ်းနိုင်ကြသလဲလို့ နည်းကိုစုံစမ်းရမယ် ရအောင်လည်းယူရမယ် ရအောင်ယူပြီးတော့ ဒီလို လုပ်ရမယ်။ သာသနာပြန့်ပွားအောင်လို့ ဝမ်းလည်းသာပါတယ် ကျေးဇူးလည်းတင်ပါတယ် အခုတော့ ဒီဉာဏ်မျိုးတော့မရှိ ဘေးကွေ့နကွေ့ အဲသလိုဆိုလို့ရှိရင် သူ့လည်းကြီးပွားမှာမဟုတ်ပါဘူး။ ဒါကြောင့် အကယ်တန္တုဆရာတစ်ဆူလုပ်ချင်တယ်ဆိုလည်းပဲ သူ့ဘာ့ကြောင့် ဆရာတစ်ဆူဖြစ်သလဲ ဆိုတဲ့နည်းကိုရအောင်ယူ အဲဒါမှလူပါးလူနပ်ခေါ်တယ်။ ငါသူ့နည်းရရင် သူ့လိုပဲလုပ်ပြီး ကြီးပွားနိုင် တယ်။ ပရိသတ်အများကြီးထိန်းသိမ်းနိုင်တယ် ဆရာလုပ်ချင်တဲ့စိတ်ရှိရင် တို့များတော့ဆရာလုပ်ချင် လို့လုပ်တာမျိုးမဟုတ်ပါဘူး မဖြစ်ချင်ဘဲနဲ့ဆရာတက်ဖြစ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ရှောင်လို့ မရပါဘူး၊ နောက်ဆုတ်လို့လည်းမရပါဘူး ပရိသတ်အမြင်ကိုးကအမြဲတစေ အဲသလိုပွဲတိုင်း လည်ပြီးတော့ တောင်းပန်နေကြတဲ့အတွက် အဲဒါငြင်းလို့လည်းမဖြစ်လို့၊ ဆရာမလုပ်ချင်ဘဲနဲ့ အခုရန်ကုန်လည်းလိုက်ချင်လို့ လိုက်လာတာမဟုတ်ပါဘူး၊ မရမကတွယ်ကပ်ပြီးတော့ ဒီကအမှုဆောင် သုံးယောက် တစ်ယောက်တစ်လဲလာ တော်သလင်းလထဲကစရောက်နေကြတာ၊ ဒါဒီလိုပဲကျွေးမွေး ညှိခံထားရတယ်၊ အဲဒါတစ်ယောက်ကို ဆယ်ရက်ဆယ့်တစ်ရက်ကြာတစ်ယောက်ပြန်သွား တစ်ယောက်၊ တစ်ယောက်ပြန်သွားတစ်ယောက် အဲဒီလို ဆက်တိုက်လာလာပြီးတော့ မရမက ခေါ်ပြုနေတာ အားလည်းနာလွန်လွန်းလို့လိုက်လာတာ၊ ဒါကိုယ့်မြို့ကိုယ့်ရွာက ပရိသတ်ကလည်း နည်းနည်းမှမလွှတ်ချင်ပါဘူး၊ အဲဒီတော့အဲဒီလိုပဲလူများအပေါ်မှာ ဆရာလုပ်ချင်တယ်ဆိုရင်တို့ကတော့

http://www.dhammadownload.com



မလုပ်ချင်ဘူး၊ လုပ်ချင်တဲ့လူများရှိရင် သူ့ဘာ့ကြောင့် ဒီပရိသတ်အများကို ထိန်းနိုင်သိမ်းနိုင်သလဲ၊ တစ်နှစ်လုံးလုံးကြီး တစ်လလည်းမဟုတ် ဆယ်ရက်လည်းမဟုတ် ဆယ့်ငါးရက်လည်းမဟုတ် ဒီပရိသတ်ကြီးအမြောက်အများကို ကျမသွားအောင်၊ အစကနေအဆုံးတိုင်အောင်၊ ပါလာအောင် ဘာ့ကြောင့်ပရိသတ်သူ့ကိုကြိုက်သလဲ ဒီနည်းကိုရအောင် ဒီလိုကြီးပွားအောင် ဒီလိုပဲဖြစ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမှ လူပါးခေါ်တယ်တဲ့ ဒါမှလူလိမ္မာခေါ်တယ် ဘာဖြစ်လို့ ဒီလိုကြီးပွားချင်ရင် ဒီနည်းရှာရမယ်တဲ့ အခုတော့ ဒီလိုမဟုတ်ဘူး။ ဒီထဲမှာ ကောင်းတဲ့အကွက်ကလေးယူသွားတယ် တစ်နေရာသွားဆရာလုပ်တယ်၊ ဒီပြင့်ဟာလေးတော့ပုတ်ခတ် ပြောချင်ရာပြော ဝေဖန်ချင်ရာ ဝေဖန်တယ်၊ အဲဒါဘေးမှာ မကျေနပ်လို့ရှိရင်ဝေဖန်မနေနဲ့၊ မရှင်းလင်းတဲ့ပုဂ္ဂိုလ်များ မကျေနပ်တဲ့ ပုဂ္ဂိုလ်များရှိရင် ဟောဒီအိမ်မှာလာပြီးတော့ ကိုယ်တိုင်ကိုယ်ကျလာဆွေးနွေး၊ ဘယ်အချက် ပြောသွားတာ ကျွန်တော်တော့သဘောမရှင်းဘူး အဓိပ္ပါယ်အားဖြင့်၊ ဘယ်အချက်တော့ ကျွန်တော် မကြိုက်ဘူး အဲဒါဘယ်လိုယူဆသလဲ ကျမ်းဂန်ဘယ်လိုပြထားတယ် လာဆွေးနွေး အရန်သင့် ဆွေးနွေးစရာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုမှ မဟုတ်မပြတ်သားပါဘူးဆိုလို့ရှိရင် ဟောဒီမှာ တိတ်ခွေလေးသွင်းထားတယ် စုံစမ်းနိုင်တယ် စစ်ဆေးနိုင်တယ် ဒါတို့ခုပြောပြီး ခုပျောက်သွားတဲ့တရားမဟုတ်ပါဘူး အမှန်ကတော့ ဒါပစ္စက္ကျူလည်း ပစ္စက္ကျူသူ့အတိုင်းဟောမှာပဲ တိကျရှိကောဒါသွင်းထားတာရှိတယ် အစအဆုံး ဒီတော့ တို့များက ဒါမေတ္တာနဲ့ပြောတာပါ၊ ဒီတော့အရေးကြီးတာတစ်ချက်ဘာတုန်း၊ စောစောကပြောသလို တစ်မဂ်တစ်ဖိုလ်ရထားရင် ပိုပြီးကောင်းပါရဲ့၊ တစ်မဂ်တစ်ဖိုလ်ရအောင် မကြိုးစားနိုင်သော်လည်းပဲ ငါသေရင်အပါယ်လေးပါးတော့ လုံးလုံးတံခါးပိတ်ပြီဆိုတဲ့ အဆင်းအတန်းရောက်အောင် ကြိုးစားပါ တစ်အချက် ဒါအရေးကြီးလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ ကိုယ်ရဖို့အရေးကြီးတယ် ဒီလို ကိုယ်ရပြီးခါမှ တစ်ဖက်သားကိုမေတ္တာထား၍ဝေငှပါ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ဝေဖန်ဆိုတဲ့အနေအားဖြင့် ဆရာလုပ်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကလေးနဲ့လုပ်ရင် ကိုယ်လည်းတရား မရဘူး၊ ကိုယ်လည်း အသေဖြောင့်မှာမဟုတ်ဘူး မျက်ကလဲဆန်ပြာနဲ့သေ အဲဒါမေတ္တာနဲ့ပြောတာ သေသေချာချာကြည့်၊ တို့များတော့ အဲဒီသေခြင်းဆိုတဲ့ သဘောတရား၊ ကြောက်လွန်လွန်းလို့ ကိုယ့်မျက်စိအောက်တင် ခေါက်ခနဲခေါက်ခနဲသေသွားတဲ့ လူသေတွေလည်း အများကြီးမြင်ရတယ် ကိုယ်ပြုစုလို့ လက်ထဲတင်သေသွားတယ် သေခြင်းဆိုတဲ့ဒုက္ခ သူ့ထက်ကြောက်စရာကောင်းတာ မရှိ မြင်လည်မြင်တယ် စာကလည်းပြထားတယ်။

ဒါကြောင့် "မရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ" သေခြင်းထက်လွန်ကဲသော ကြောက်စရာ

http://www.dhammadownload.com



ကောင်းတာမရှိ၊ ဆင်းရဲခြင်းမရှိတဲ့၊ ဩော် တစ်နေ့တော့ သေရတော့မှာပဲ၊ သေရင်တော့ဖြင့် အသေကောင်းသေမှုဖြစ်မှာပဲ၊ အသေဆိုးနဲ့သေရင်တော့ဖြင့် ဘဝဆုံးရှုံးတော့မှာ၊ နောက်ဘဝ လူပြန်ဖြစ်မယ်လည်း မပြောနိုင်ဘူး။ ဒီမိဒီဘနဲ့တွေ့မယ်မပြောနိုင်ဘူး ဒီတိုင်းပြည်ဖြစ်မယ်လည်း မပြောနိုင်ဘူး၊ ဒီပြည်တွင်းဖြစ်မယ်လည်းမပြောနိုင်ဘူး၊ ဒီဘုရားဒီသာသနာနဲ့ ဒီဘုရားနဲ့တွေ့မယ် လည်း မပြောနိုင်ဘူး၊ ဒီလိုမျိုးတော့ငါမဖြစ်ဘူး အင်မတန်ကြောက်လန့်တဲ့အနေအားဖြင့် ကိုယ် ကိုယ်တိုင် ရှာလို့ရလာတဲ့ အဆင့်အတန်းလေးပါပဲ၊ ဒါကြောင့် အဲဒီအဆင့်အတန်းလေးရအောင် ကြိုးစားကြလို့ အသေဖြောင့်အောင်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမှ လက်ရှိဘဝမှာ မဆုံးမှာကိုး ကွ၊ ဒါမှ သူတော်ကောင်းနဲ့ပြန်ပေါင်းမိမယ်၊ ဒီသာသနာနဲ့ပြန်တွေ့မယ်၊ ဒီဘုရားနဲ့ ဒီတရားနဲ့ ဒီသာသနာနဲ့ ဒီဘုရားနဲ့ပြန်တွေ့မယ်၊ ဒီအသိဉာဏ်မျိုးတွေမျိုးစေ့ရလာမယ်၊ အဓိပ္ပာယ်အားဖြင့် အဲသလိုသွားရမယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်တော့ ဘာမှလည်းမရှိသေးဘူး၊ ပြောပ လောက်အောင်သိတယ်၊ လူမြင်ရင်သိတယ်၊ ဒီတရားလေးက ဘယ်လောက်ဝင်စားလာတယ်၊ တွေ့လာတာပဲ၊ သင်ကြားပြသသွားတာ၊ လမ်းလျှောက်သွားရင်းနဲ့သိ၊ အဲဒီတော့ ကြွားတယ်လို့ မထင်ပါနဲ့၊ ဟော ဒီလူဟာ အန္ဓပုထုဇဉ်အနေနဲ့ လျှောက်သွားတဲ့လူနဲ့တူတယ်၊ ဟော ဒီလူ၊ ဒီလူကတော့ စူဠသောတာပန်အနေနဲ့ သွားတဲ့လူပဲဆိုတာ နောက်တော့ တို့လူစုလည်းပဲ ဒီနေရာ အဆင့်အတန်း ရောက်လာရင် မြင်လာပါလိမ့်မယ် လေ့လာတတ်မယ် ဝေဖန်တတ်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါဉာဏ်ဆိုတာ အခြားမဟုတ်ပါဘူး၊ ဒါအဓိပ္ပာယ်အားဖြင့် အန္ဓဗာလခေါ်ထားတဲ့ အမိုက်ကန်းဆုံးသော ပုထုဇဉ်တစ်ယောက် အန္ဓပုထုဇဉ်ကပြန်မြင်တယ် ဟောဒီကောင်အန္ဓဗာလ ပုထုဇဉ်ပဲ ဒီလိုသိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ သူကဉာဏ်အစဉ်အတိုင်း သာနေပြီတဲ့ သူတော့ တစ်ခါလာပြန်ပြီ။

ကလျာဏပုထုဇဉ်ဖြစ်တဲ့ပုဂ္ဂိုလ်က အန္ဓပုထုဇဉ်ပြန်မြင်တယ်၊ ဟာ အဲဒီလူကအန္ဓကွ အန္ဓ ပုထုဇဉ်မြင်ပြန်ပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကလျာဏပုထုဇဉ်ကမြင်နိုင်တယ် တစ် ချက်တက်လာ သူကသောတာပန် သူကကလျာဏပုထုဇဉ်လောက်ပါ ဒီပုဂ္ဂိုလ်သိတာ ဟော မြင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စူဠသောတာပန်ကြည့်ပြန်တော့လည်း မဟာသောတာပန်ဆိုတဲ့ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်က ပြန်မြင်ပြန်တယ်၊ ဟာ သူတို့အဆင့်အတန်းက စူဠသောတာ ပန်လောက်ရှိတာပဲ၊ အရိယာမှမဟုတ်သေးဘဲ သိတယ်၊ သောတာပန်ကျလည်းသကဒါဂါမ်ကသိ၊ ဩော် သူ့ခမျာသောတာပန်ရှိသေးတယ်၊ သကဒါဂါမ်လောက်မရသေးဘဲကိုး၊ သကဒါဂါမ်ကျတော့ အနာဂါမ်ကမြင်တယ်။ သူက သကဒါဂါမ်လောက်ရှိတာပဲ အနာဂါမ်မှမဖြစ်သေးဘူး၊ အရဟတ္တမဂ်၊

http://www.dhammadownload.com



အရဟတ္တဖိုလ်ရတဲ့ ရဟန္တာကျတော့ ဪ သူက အနာဂါမ်လောက် ရှိသေးတာ၊ ရဟန်းကိစ္စ မပြီးသေဘူး ဒီလိုမမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ ဪ ဘုရားကျတော့ အကုန်ပြန့်မြင်၊ ဪ တခြားမဟုတ်ဘူး၊ ဒါအသိဉာဏ်ပြဌာန်းခေါ်တယ် တစ်ဆင့်တစ်ဆင့်တက်သွားတဲ့ အသိဉာဏ် ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် အပြောအဆို အမူအယာအလုပ်အကိုင်ကြည့်တာနဲ့ ဪ သူက အန္ဓပုထုဇဉ် ရှိသေးတာပဲလို့ ဒီလိုဝေခွဲနိုင်တယ်၊ တို့မျှားစေတနာထားတာ ဘယ်လိုတုန်း၊ ဓာတ်တစ်လုံး ပရမတ် တစ်လုံးကိုပဲ တို့လူစုကပြတ်ပြတ်သားသားနဲ့ ဘုရားအလိုတော်ကျသွားအောင် ဓာတ်တစ်လုံး လမ်းဆုံးသွားအောင် အသိဉာဏ်လေးရောက်ရင် တို့လည်းဟောကျိုးပြောကျိုး အပင်ပန်းခံကျိုး နပ်တယ်၊ ဘုရားသာသနာအစစ်အမှန်ကြီးကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ဝင်ပြီးတော့ အထောက်အပံ့အနေအားဖြင့် ပြုစုပေးရတယ်၊ ငါပြတဲ့အတွက် ငါဟောပြောသင်ကြားပေးတဲ့အတွက် ဟော တစ်ယောက်တော့ရသွားပြီ၊ ဘုရားသာသနာသက်ဝင်ယုံကြည်သွားပြီ ပရမတ်တစ်လုံး ဓာတ်တစ်လုံးပိုင်သွားပြီ အဲဒါတို့မှာအမြတ်ထွက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲတို့အမြတ်ကတော့ ဒါပဲ စံချိန်ချိုးနေတယ် ဒါပဲအမြတ်ယူတယ် အဲဒါကြောင့် တပည့်သားအပေါ်မှာ စေတနာသန့်သန့် ထားပြီးတော့ အလုပ်လုပ်တဲ့လုပ်ငန်း။

ဒါကြောင့် ခုနပြောတဲ့ အဆင့်အတန်းမျိုးရောက်အောင် နံပါတ်တစ်အနေအားဖြင့် ကိုယ့် ကိုယ်ကိုယ်တိုင်ရအောင်အရင်ကြိုးစားပါ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒီတော့ မင်းက ပရိယာယ်အနေအားဖြင့် ဘုရားအလိုတော်ကျသွားအောင်သိစေလို့ ကိုယ်တတ်သမျှ ပရိယာယ်လေး တွေနဲ့ လူတိုင်းနားလည်အောင်လို့ ခွဲခွဲခွဲခွဲသင်ပေးနေတယ်၊ သင်ပေးတဲ့အလောက်လည်းပဲ သဘော လေးတွေလည်း ပေါက်သင့်သလောက် ပေါက်ကြပါတယ်။ ရလည်းရလောက်ပါတယ်၊ အဲဒါ စိတ်ရင်း စေတနာကောင်းတဲ့ပုဂ္ဂိုလ်မှန်ရင် အလိုလိုပင်ပန်းခံသလောက် တတ်လည်းတတ်တယ်၊ နားလည်း လည်တယ်၊ တီလည်းတီကျတယ်၊ တရားလေးတွေလည်း အထိုက်အလျောက် အားလုံးရကြတယ် ဆိုတာ ယုံကြည်ပါတယ်၊ အဲဒီအထဲမှာ ဟိုလိုစေတနာမရိုးသားတဲ့တဝမျိုးနဲ့နာရင် တစ်နှစ်လုံးသင်ပေး၊ တစ်နှစ်လုံးနာ အဲဒီပုဂ္ဂိုလ်ဘယ်တော့မှမရဘူး ရပ့ါမလား (မရပါဘူးဆရာ)။ ဘယ်ရမလဲ၊ တရားက တို့လိမ္မာလို့ရတာမဟုတ်ဘူး ညာလို့ရတာမဟုတ်ဘူး စေတနာ မူလလာကတည်းက စေတနာ သန့်ရှင်းရမှာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဣန္ဒြေရရမယ်တဲ့၊ တို့ဘုရားလက်ထက်ကကြည့်ကွ၊ နဂိုက ဘယ်လောက်ဆိုးဝါးယုတ်မာခဲ့တဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ သူတော်ကောင်းတရားမြဲလာရင် ဘယ်လိုဖြစ်၊ တကယ်သူတော်ကောင်းတရားသိလျက်နဲ့ သူတော်ကောင်းအစစ်ပြန်ဖြစ်တယ်။

http://www.dhammadownload.com



## သူသတ်သမား တမ္ဗဒါဌိကဝတ္ထု

ဒါ့ကြောင့်ရှင်ဘုရင်က သူ့ကို သူသတ်ယောက်ျားရာထူးထားတော့ သူသတ်ကို စင်ပေါ်မှာ
သတ်ဖို့ထားတော့ အခုလိုပဲ တို့စက်လက်တွေဘာတွေမရှိကြဘူး၊ ဟိုတုန်းကတော့ လူသတ်မှုဖြစ်လို့
သေစားသေစေလို့ အမိန့်ချရင် ဓားနဲ့ခုတ်သတ်၊ လက်ဝါးကပ်တိုင်တင် ဓားနဲ့ခုတ်သတ်၊
လှံနဲ့ထိုးသတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကမ္မကရဏ (၃၂)ပါးနဲ့ သန့်ရှင်းနည်းမျိုး၊ ရာဇဝတ်ကောင်
ညှဥ်းပန်းနှိပ်စက်တဲ့နည်း ဒီတော့ ဓားနဲ့ခုတ်သတ်တာများတယ်၊ တစ်ဖက်အလှည့်ခိုင်းပြီးတော့
ကားစင်တင်ပေးပြီးတော့ တစ်ဖက်ကနေ အမှတ်တမဲ့ခုတ်ချ၊ အဲဒီလို သူသတ်ရာထူးပေးတဲ့ တမ္ဗဒါဌိက
ဆိုတဲ့ သူသတ်ယောက်ျားကြီး၊ သတ်ဖြတ်ပြီး လူချည်းသတ်ပစ် လူသတ်ဘွဲ့ လူတွေချည်းသတ်
ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ လူသတ်တာနဲ့ သရဏဂုံ ဘာမှမသိတဲ့ ခွေး ဝက် ကြက် ငှက်
သတ်တာနဲ့ အပြစ်ကတူရဲ့လား (မတူပါဘူးဆရာ)။ ဘယ်သူကပိုကြီးတုန်း (လူသတ်တာက
ပိုကြီးပါတယ်ဆရာ)။ အေး လူက အသိဉာဏ်ရှိတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ လူကပိုကြီးတယ်၊
ဒီတော့ သူလူသတ်အလုပ်လုပ်လာတာ သတ်ပေါင်းလည်းများပြီ အသက်ပေါင်းများစွာသတ် အသက်
(၅၀)ပြည့်တဲ့အချိန်ကျတော့ ဟိုကပင်စင်ပေးတယ်၊ ဟိုတုန်းကတော့ ပင်စင်တော့မရှိပါဘူး ဒါပေမယ့်
သဘောပြောတာနော် (ဟုတ်ကဲ့ပါဆရာ)။ သူ့ကို ပင်စင်ပေးလေတော့၊ မင်းကအသက်အရွယ်ကြီးပြီ
အသက်အရွယ်ငါးဆယ်ပြည့်ပြီ မင်းအနားယူ ပင်စင်ယူပေတော့လို့ မင်းကိုဒီရာထူးကဖြုတ်လိုက်
တယ်၊ ဝမ်းပမ်းတသာနဲ့ ကနေ့အဖို့ကတော့ ငါဟာပင်စင်ရပြီ ယနေ့အဖို့ လူဖြစ်ကျိုးနပ်အောင်
ဘာလုပ်ရမလဲ၊ အကောင်းဆုံး ငါကြိုက်တဲ့အရသာအမျိုးမျိုးတွေ ဟင်းမျိုးလျာတွေ ချက်ပြီးတော့
ဒီနေ့တော့ ငါပွဲတော်တည်မယ်၊ သူသတ်ယောက်ျားကနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါတမ္ဗဒါဌိက ဒီတော့ သူကျကျနနချက်ပြီးတော့ သူကြိုက်သမျှဟာလေး စီမံဖန်တီးပြီးတော့
စားပွဲနဲ့ ကျကျနနလေးပြင်၊ ပြင်ပြီးတော့မှ ရေမိုးသန့်ပြန့်အောင်ချိုး ချိုးပြီးတော့ အဲဒီမှာစားမယ်လို့
အပြင်လိုက် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က သပိတ်ပိုက်ပြီးတော့ ရုတ်တရက်ကြွလာ၊ ကြွလာတော့
သူ့စိတ်ထဲဘယ့်နှယ့်ဖြစ်သလဲ ငြိုငြူမှုမရှိပါဘူး၊ အောင်မယ် ငါ့မင်းမှုထမ်းယောက်ျားလုပ်နေလိုက်တာ
ဒီကိုယ်တော်ကြီးနဲ့မတွေ့တာ နှစ်ပေါင်းအတော်ကြာပေါ့၊ ကနေ့လည်း မင်းမှုထမ်းဘဝကလွတ်လို့
ငါလည်းပင်စင်ရပြီ မွန်မြတ်တဲ့ခဲဖွယ်ဘောဇဉ်တွေ ချက်ပြုတ်လုပ်ကိုင်စားသောက်လို့ အရံသင့်
ပြင်ဆင်နေတုန်း ကိုယ်တော်ကြီးကြွလာတယ် အခန့်သင့်လိုက်တာ၊ တစ်ကြိမ်မျှ ဒီလိုများ အခန့်
သင့်ငါမတွေ့ဖူးဘူး၊ ဝမ်းပန်းတသာနဲ့ သပိတ်ပါဆီးယူလို့ နေရာထိုင်ခင်းပေး၊ အရှင်ဘုရား
ကြွတော်မူပါဘုရား၊ တပည့်တော် အရှင်ဘုရားကိုဆွမ်းကပ်ပါရစေ ဆွမ်းပါကပ်၊ စားမယ်လို့ အရံသင့်

http://www.dhammadownload.com



ပြင်ထားတဲ့ပွဲတော်၊ ကိုယ်တော်မြတ်ကလည်း ဘုဉ်းပါပေးပြုပြီးတော့မှ တရားပြတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။

တရားပြတော့ ကိုယ်တော်မြတ်က မဂ်ရဖိုလ်ရဆိုတဲ့တရားပြတာ၊ ဒါပေမယ့် တမ္ဗဒါဌိကာ သူသတ်ယောက်ျားစိတ်ထဲ ဘယ့်နှယ့်ဖြစ်တယ်၊ ကိုယ်တော်မြတ်တရားတော် နာနေရင်းမတ္တ အင်မတန်တုန်လှုပ်ချောက်ချားနေတယ်တဲ့၊ ကိုယ်တော်မြတ်တရားကောင်းလိုက်တာ တရားကတော့ သိပ်ကောင်းတဲ့တရား၊ တရားကတော့ အင်မတန်မွန်မြတ်တဲ့တရား၊ ကောင်းလိုက်တာ ကောင်း လိုက်တာ၊ ဒါပေမယ့် ငါ့ကိုယ်ငါပြန်ကြည့်တော့ အသက်ပေါင်းများစွာငါသတ်လာတဲ့ သူသတ် ယောက်ျား ငါ့ဒီအပြစ်တွေကကြီးတယ်၊ ဘယ့်နှယ့်နည်းနဲ့မှ ဆေးကြောလို့ရစရာအကြောင်းမရှိဘူး။ အင်မတန်ကြောက်စရာကောင်းတဲ့အပြစ်တွေ ပြည့်နှက်နေတဲ့ အပြစ်ဒင်းကြမ်းပြည့်ဖြစ်နေတဲ့ပုဂ္ဂိုလ် တစ်ယောက်ဖြစ်။ ဘယ့်နှယ့်နည်းနဲ့မှ ဒီအကုသိုလ်တရားတွေက ငါကျွတ်စရာလွတ်စရာ အကြောင်း မရှိဘူး ကြောက်လိုက်တာ၊ ဒီလိုကြောက်လွန်းအားကြီးတော့ အင်မတန်တုန်လှုပ်ချောက်ချားနေတော့ ကိုယ်တော်မြတ်ဟောတော်မူတဲ့တရားကို နည်းနည်းလေးမှ မစဉ်းစားနိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ကောင်းမှန်းတော့ သိတယ်တဲ့။

ဒီတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က ဆင်ခြင်တယ်၊ ငါတရားပြနေတဲ့ သူသတ်ယောက်ျား တမ္ဗဒါဌိက ငါတရားမှနှလုံးသွင်းနိုင်ရဲ့လားလို့ ကြည့်လိုက်တော့ တုန်လှုပ်ချောက်ချားနေတယ်။ ဘာတွေချောက်ချားပါလိမ့်၊ ဪ လူသတ်ဘဝနဲ့လာပြီးတော့ အသက်ပေါင်းများစွာ သတ်လာတဲ့ ကံတွေက အားကြီးပြီးတော့ ဒီကံတွေပြန်မြင်ပြီးတော့ အင်မတန်တုန်လှုပ်ချောက်ချားနေတာပဲ တရားလည်းမဝင်စားနိုင် တရားလည်းမဝေဖန်နိုင်၊ အဲ့ဒါမဝေဖန်နိုင် ချောက်ချားမှုဖြစ်ပြီးနေ ဒီတော့မှ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က တရားဖြတ်မေးတယ်၊ တမ္ဗဒါဌိကက သင့်ဝမ်းထဲ သင်လုပ်လာတဲ့ ကံတွေ သင်ပြန်ချောက်ချားသလား၊ မှန်ပါ့ဘုရား တပည့်တော် အင်မတန်မှကြောက်ပါတယ် အင်မတန်မှချောက်ချားပါတယ်၊ နေစမ်းပါဦး ငါမေးစမ်းပါရစေ၊ တမ္ဗဒါဌိက သင်အသက်ပေါင်းများစွာ လူသတ်ယောက်ျားဘဝနဲ့ သင်ကသတ်ချင်လွန်းလို့ သင့်စေတနာအလျောက် သင်သတ်တာလား ငါ့မှန်တာပြောစမ်းပါ၊ မဟုတ်ပါဘူးဘုရား၊ ဘယ်လိုတုန်း၊ ရှင်ဘုရင့်အမိန့်နဲ့ သတ်ရတာပါဘုရား ဒီပုဂ္ဂိုလ်တော့ သေစားသေစေ သတ်ထိုက်တဲ့ပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်သတ်ရမယ် ရှင်ဘုရင့်အမိန့် မလွန်ဆန် ဝံ့လို့ တပည့်တော်သတ်ရကြောင်းပါဘုရား တပည့်တော်မင်းခယောက်ျားပါ၊ ဒါဖြင့် တမ္ဗဒါဌိကရယ် သင်နဲ့ဘာဆိုင်လို့တုန်း၊ သင့်စေတနာသာသာထိုးထိုးနဲ့ သတ်ချင်လို့သတ်တာမှမဟုတ်ဘဲ၊ ရှင်ဘုရင့်အာဏာ မလွန်ဆန်ဝံ့လို့ ရှင်ဘုရင် အသတ်ခိုင်းလို့သတ်ရတာ၊ သင်နဲ့ဘာဆိုင်လို့တုန်းလို့

http://www.dhammadownload.com



အဲဒါ တို့ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က အဲဒါ ပရိယာယ်သုံးတယ်ခေါ်တယ် နော် (ဟုတ်ကဲ့ပါ ဆရာ)။ လိမ်တာမဟုတ်ပါဘူး ဒါပရိယာယ်ခေါ်တယ်။

ဘာဖြစ်လို့၊ သူ အင်မတန်ကြောက်နေတဲ့အပြစ်တွေ သက်သာခွင့်ရသွားအောင် ဖြေပေးလိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အပြစ်က အပြစ်ပဲမဟုတ်လား (အပြစ်ပါဆရာ)။ ဘယ်သူကခိုင်းလို့ သတ်သတ် သူသတ်ရင်သူဘဲနော် (ဟုတ်ကဲ့ပါဆရာ)။ အပြစ်တွေရှိတာပေါ့တဲ့၊ ဒါပေမယ့် ရှင်သာရိပုတ္တရာ သူ့မှာချောက်ချားနေတဲ့ စိတ်ဓာတ်ကလေးတွေ တည်ငြိမ်သွားအောင်ဆိုပြီးတော့ ပရိယာယ်တွေ သုံးလိုက်တယ်။ သင်သတ်ချင်လို့သတ်တာမှ မဟုတ်ပဲဘဲတဲ့၊ ရှင်ဘုရင် အသတ်ခိုင်းလို့ သတ်ရတာပဲ သင်နဲ့ဘာဆိုင်လို့လဲ ဒီလိုမေးလိုက်တယ်၊ ဒီတော့မှ တမ္ဗဒါဠိကကက ဟာ ဟုတ်သားပဲ၊ ငါကသတ်ချင်တဲ့စေတနာနဲ့ ငါသတ်တာမှမဟုတ်ပဲဘဲ ရှင်ဘုရင်ခိုင်းလို့ငါသတ်ရတာပဲ၊ စိတ်ထဲ သက်သာရမသွားဘူးလား (ရသွားပါတယ်ဆရာ)။ အေး အဲဒီလို သက်သာရသွားတော့ အရှင်သာရိပုတ္တရာ တရားပြလိုက်တော့ ဒီနေရာမှာ ခဏနဲ့တရားရတယ်၊ ကြည့်စမ်း တရားနဲ့ ဘယ်လောက်ဝေးတဲ့ပုဂ္ဂိုလ်လည်း ဆိုတာနော် (ဟုတ်ကဲ့ပါဆရာ)။ လုပ်လာတာ ပြန်ကြည့်တော့ သူတစ်ပါးအသက်ပေါင်းများစွာသတ်လာတဲ့ သူသတ်ယောက်ျား၊ ဒါပေမယ့် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်တရားပြလိုက်တော့ ခဏနဲ့တရားရတယ်၊ တရားကတော့ ဘာလဲဆိုတော့ သောတာပန်လား သကဒါဂါမ်လား၊ မဟုတ်ပါဘူး ဘာနဲ့မှမရဘူး၊ ဒါပေမယ့် အဲဒီသောတာပတ္တိမဂ် နားကပ်နေတဲ့ သင်္ခါရုပေက္ခာဉာဏ်ဆိုတဲ့ အနုလောမဉာဏ် ချက်ချင်းရသွားတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒါ မဂ်နားကပ်နေပြီ၊ အဲဒါ အနုလောမဉာဏ်ဆိုတဲ့ ဝိပဿနာဉာဏ်ဆယ်ပါး နောက်ဆုံးဉာဏ်၊ အဲဒါမှတ်ထားတော့။ ဒါကြောင့် –

သော ထေရေ အနုမောဒနံ ကရောန္တေ ကေဂ္ဂစိတ္တော ဟုတွာ ဓမ္မံ သုဏန္တော သောတာပတ္တိ မဂ္ဂဿ ဩရတော အနုလောမိကခန္တိံ နိဗ္ဗတ္တေသိ၊ ထေရောပိ အနုမောဒနံ ကတွာ ပက္ကာမိ။ (ဓမ္မပဒအဋ္ဌကထာ၊ ၁၊ တမ္ဗဒါဠိကစောရဃာတဝတ္ထု)

သော–ထိုသူသတ်ယောက်ျားသည်၊ ထေရေ–ထိုရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည်၊ အနုမောဒနံ–အနုမောဒနာကို၊ ကထေန္တေ–ဟောကြားတော်မူစဉ်၊ ကေဂ္ဂစိတ္တော–တည်ကြည်သော စိတ်ရှိသည်၊ ဟုတွာ–ဖြစ်၍၊ ဓမ္မံ–တရားကို၊ သုဏန္တော–နာကြားလျက်၊ သောတာပတ္တိမဂ္ဂဿ– သောတာပတ္တိမဂ်၏၊ ဩရတော–ဒီမှာဘက်တစ်ဆင့်ယုတ်သော သောတာပတ္တိမဂ်ရဲ့ ဒီဘက်နား ကပ်နေတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ သောတာပတ္တိမဂ္ဂဿ ဩရတော–ဆို သောတာပန်မဂ် နောက်နားလို့ ဆိုလိုတယ်၊ အနုလောမိကံ ခန္တိံ–အနုလောမခန္တီဉာဏ်ကို၊ နိဗ္ဗတ္တေသိ–ဖြစ်စေတယ်။

http://www.dhammadownload.com



ကြည့်စမ်းကွယ် တစ်သက်လုံး သူသတ်လာတဲ့ကံတွေ လွှန်ကျူးလာတယ်၊ သူ့ထက်ကြီးတဲ့ အပြစ်မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲသလို အင်မတန်ဆိုးဝါးတဲ့ကံတွေ လွန်ကျူးလာတဲ့ပုဂ္ဂိုလ်၊ တည်ငြိမ်တဲ့စိတ်ဓာတ်ကလေးရလိုက်တော့ တရားကိုဖောက်ချနာလိုက်တယ်၊ ချက်ချင်း မြင်လိုက်တယ်၊ ပထမပိုင်းကတော့ တရားရဖို့ မခက်ဘူးလားကွယ် (ခက်ပါတယ်ဆရာ)။ ခက်မှာ စိတ်က ဗလောင်ဆန်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဂနာမငြိမ်ဘူးတဲ့၊ ဒါကြောင့် ရှင်သာရိပုတ္တရာက သိလို့ သူ့ဂနာငြိမ်ပါစေတော့လို့ စိတ်ကလေးငြိမ်ပါစေဆိုပြီးတော့ ပရိယာယ်နဲ့ လမ်းကြောင်း ပေးတယ်၊ စိတ်ကလေးငြိမ်သွားတယ် ငြိမ်သွားတာနဲ့တစ်ပြိုင်နက်ဟောလိုက်တော့၊ ဟောလိုက် တာနဲ့တစ်ပြိုင်နက် အနုလောမခန္တီဉာဏ်ရောက်သွားတယ်၊ အနုလောမခန္တီဉာဏ်ဆိုတာ ဘာတုန်း၊ သူ့စေတနာသက်သက်ရှိတော့တယ်၊ မဂ်နောက်နားကပ်နေတဲ့ သင်္ခါရုပေက္ခာဉာဏ်ရတယ်၊ ဒါအနု လောမ ဒီနေရာလေးက အင်မတန်မှတ်သားစရာကောင်းတယ်။

ဒါကြောင့် 'သောတာပတ္တိမဂ္ဂဿ–သောတာပတ္တိမဂ်ဉာဏ်၏၊ ဩရတော–နောက်နားတစ်ဆင့် ဟူသောအားဖြင့်၊ အနုလောမိကံ ခန္တိံ–အနုလောမိကခန္တီဉာဏ်ကို၊ နိဗ္ဗတ္တေသိ–ဖြစ်စေ၏။ ဟော သေပြီးအခြားမဲ့တာဝတိံသာရောက် မဂ်ပုဂ္ဂိုလ်ဖြစ်၏ မြန်လိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြည့် အဲဒါကြည့် ဩော် သူတော်ကောင်းတရားဟာ မိမိစိတ်ဓာတ်ကလေးကို ယဉ်ကျေးတယ်ဆိုတဲ့ နှလုံးလေးထားပြီး နိဝါတမာနရှိရမယ်၊ လာကတည်းက မာန်မာနမပါစေနဲ့ မာန်မာနပါရင် လာစရာ မလိုဘူး၊ ကိုယ့်ကိုယ်ကိုဆရာထင်ရင် ဒီမှာလာဝင်စရာမလိုဘူး၊ ငါဆရာပဲ လာစရာမလိုပါဘူး ဒီလိုသဘောထား၊ အကယ်တန္တု ငါသွားနာမယ်ဆိုရင် ပုဂ္ဂိုလ်ရဲ့နည်းနာနယ ယူချင်လည်းယူရမယ်။ ဆရာဟူသောအမှတ်နဲ့၊ ဒါလည်း ဆရာဟူသောအမှတ်နဲ့ယူမှတ်လိုက်ကြဦးမှ သို့မဟုတ် တစ်လုံးတစ်ပါဒကြားရနည်းလား သူတော်ကောင်းတရားဟောနေတာ ဓမ္မဒါနကုသိုလ်ဆိုတာ အင်မတန်ကြီးတယ်၊ ငါသွားပြီးတော့ တစ်ခါတစ်ရံနာဦးမယ်ဆိုတဲ့ အနေအားဖြင့်လာ၊ အင်မတန် မွန်မြတ်တဲ့ ဓမ္မဿဝနတည်းဟူသော ဓမ္မဿဝနကုသိုလ်စေတနာ ဖြစ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ တစ်နည်းအားဖြင့် မှန်းဆပြီးတော့ကာ ~~မာ~~ ငါသိတာပဲဆိုပြီးတော့နာ၊ သူဟောသွားတဲ့သဘောတော့ဖြင့် အစအဆုံးတိုင်အောင် ငါနာယူမှတ်သားမယ် အရှုံးလွယ်အိတ်လိုပေါ့။

မကောင်းတာလွှင့်ပစ် ကောင်းတာယူပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အစအဆုံး ဖောက်ချပြီးတော့ နာရမယ်၊ အဲဒီလိုမှ သူတော်ကောင်းစိတ် ဒါမှပညာရှိ အဲဒီလိုလုပ်ပါ၊ ဒါမှ ကိုယ့် အကျိုးအဖတ်တင် ကျန်ရစ်ခဲ့မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ခုတော့ ဘာမှလည်းရမှာမဟုတ်ဘူး၊ ညောင်းတာ အဖတ်တင်မယ်၊ အခုနပြောတဲ့ မဟုတ်တာတွေ ဝေဖန်ရင် ကိုယ့်မှာအပြစ်များတယ်၊ ဓမ္မန္တရာယ်

http://www.dhammadownload.com



ဖြစ်တတ်တယ်၊ ဟုတ်တာပြောရင်တော်ပါရဲ့ မဟုတ်တာဆိုအပြစ်ဖြစ်လို့ ဒါမွေ့န္တရာယ်၊ တရားမွေ့ကို တို့များကလည်းပဲ ပေါက်ကရလေးဆယ်လျှောက်ပြောတာမဟုတ်ပါဘူး၊ အဓိပ္ပာယ်အားဖြင့် ဟောဒါ ပါဠိတော်၊ ဟောဒါ အဋ္ဌကထာ၊ ဟောဒါ ဋီကာ အဓိပ္ပာယ်အားဖြင့်၊ ဒါသာဓကယုတ္တိ အာဂမယုတ္တိ အာဂုံပါဠိဒီလိုရှိတယ်၊ သဘာဝယုတ္တိသဘောက ဒီလိုရှိတယ်၊ သာဓကယုတ္တိ သက်သေက ဒီလိုရှိတယ်၊ ဒီလိုပဲ တတ်သမျှမှတ်သမျှ အမှန်ဆုံးဆိုတဲ့နည်းလမ်းနဲ့ပြ၊ ဒါပေမယ့် ပုထုဇဉ် သဘောဆိုတာ အမှားကုန်သလားဆိုတော့ မကုန်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ထိုက်သည့်အား လျော်စွာ မှားချင်မှားမှာပေါ့၊ ဒါပေမယ့် မှားတာ စေတနာကောင်းနဲ့မှားတာယူဆရတယ်၊ စကားအသုံး အနှုန်း မှားရင်မှားသွားမယ်၊ အဓိပ္ပာယ်အယူအဆအနေအားဖြင့် ချွတ်ချော်တိမ်းပါးရင် တိမ်းပါး သွားမယ်၊ ဒါပေမယ့် ရှေးရှုထားတဲ့ဒေသနာ ဘာလဲလို့မေးရင် စောစောကပြောသလို သာသနာ ကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါမှာဖြင့် တို့လူစုတွေ အားမငယ်ရအောင်၊ သေပန်းလှအောင် ဆိုတဲ့အနေအား ဖြင့် သေရင် မျက်ကလဲဆန်ပြာနဲ့ အကြောက်ကြောက်အလန့်လန့်နဲ့ မသေရအောင်၊ ငါ့တော့ဖြင့် သေရင် အပါယ်လေးပါး ဘယ်တော့မှမလားဘူး အားထားလောက်ပြီ ဒီလိုမဟုတ်လား (ဟုတ် ကဲ့ပါဆရာ)။ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုဆိုတော့ မင်းလည်းသေဝံ့မယ်မဟုတ်လား (သေဝံ့ပါတယ်ဆရာ)။ အခုတော့ သေခါနီး ကြောက်တတ်လိုက်တာ၊ ဟိုလူကယ်ပါ ဒီလူယူပါနဲ့ အဲဒီအခါကျမှ ဟိုလူကယ်နိုးနိုး ဟိုလူ အားကိုးရနိုးနိုးလုပ်ပြီ အမျိုးမျိုးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကိုယ့်မှာ အားကိုးလက်ကိုင်တစ်ခု ဘာမှမရှိတဲ့ ပုဂ္ဂိုလ်မျိုးတဲ့ ရှိတဲ့ပုဂ္ဂိုလ်ကမတုန်လှုပ်ပါဘူး။ ဒါကြောင့် သေရင် မတွေမဝေသေရပါစေခြင်းအကျိုးငှာ၊ သေရင် ကြောက်ကြောက်လန့်လန့်နဲ့မသေရပါစေခြင်းအကျိုးငှာ အနည်းဆုံးအားဖြင့် ငါသေရင် အပါယ်လေးပါး လုံးလုံးတံခါးပိတ်ပြီးသား၊ ငါနဲ့မဆိုင် တွေးစရာမလိုဆိုတဲ့ ရဲရဲအခြေအနေလေး ရောက်အောင် ကြိုးစားပြီးတော့ မှတ်ပေါ့လို့နော် (ဟုတ် ကဲ့ပါဆရာ)။ စိတ်ကောင်းနှလုံးကောင်းလေး ထားပြီးတော့ ခုန တမွဒါဋီကပုဂ္ဂိုလ်ထက် ဆိုးစရာမရှိပါဘူး။

သြော် စိတ်ကောင်းနှလုံးကောင်း နိဝါတ နိမာန ထားပြီးတော့ တရားကိုယုံကြည်တဲ့စိတ်ကလေးနဲ့ စေတနာကောင်းကလေးနဲ့ မှတ်မှတ်သားသားနာလိုက်၊ တရားအကျိုးက ဒီလိုလာပါလားလို့။ ဒါလေးထောက်ထားသောအားဖြင့် သေသေချာချာ ရှိးသားတဲ့စေတနာလေးတွေနဲ့ နံပါတ် (၁) ကိုယ်ရဖို့သည် အဓိကထားပြီးနာကြပါနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမှ မရှင်းမလင်းလို့၊ မပြတ်သားလို့ရှိရင် ဒီမှာလာပြီးတော့ ရှုပ်ထွေးနေတဲ့ပြဿနာရှိရင် ဒီမှာလာပြီးရှင်းနိုင်ပါတယ်။ အပြင်ပ ဝေဖန်နေရင် အချိန်ကုန်တယ် အပိုပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီမှာလာရှင်းပါ။ အဓိပ္ပာယ်အားဖြင့်

http://www.dhammadownload.com



ဒါအရှင်းဆုံးပဲ။ ဒါပေမယ့် တို့များကတော့ ရှင်းစရာမရှိအောင် ဓာတ်တစ်လုံးတစ်လုံးမှာ ကြားဝင်စရာ မရှိအောင်ဆိုပြီး ကိုယ်တတ်သမျှပရိယာယ်နဲ့ တော်တော်ကြီးလည်းသည်းခံပြီးပြောခဲ့ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် အခုပြနေတဲ့ ဝဏ္ဏဓာတ် သေသေချာချာကြည့်။ စောစောကပြောသလို ဖြူတာ, ဝါတာ, နီတာ, ကြောင်တာတွေ အဆင်းမဟုတ်ဘူး ဘာတုန်း အဆင်းမဟုတ်ဘူးလို့ တို့များကလည်း ပြောတာမဟုတ်ဘူး။ ဒါပေမယ့် အဲဒီလို ဖြူတာ, ပြာတာ, ဝါတာမှ အဆင်းပဲလို့ပြောထားရင် အခုနပြောသလို မြတ်စွာဘုရားကိုယ်တော်မြတ်ပြတော်မူတဲ့ ဝဏ္ဏဓာတ် ပထမအဆင့်ကို သင်ဖို့ ခဲယဉ်းတယ်။ ဘာဖြစ်လို့၊ အဋ္ဌကထာဆရာကိုယ်က ပြထားတာကြည့် ဝဏ္ဏဓာတ်ရဲ့ပရိယာယ်တွေ၊ ဆယာ, အာတပေါ, အာလောကော, အန္ဓကာရော, အဗ္ဘာ, မဟိ, ဓူမော, ရဇော ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါတွေကျတော့ ပြာတာ, ဖြူတာ, ဝါတာ, နီတာ, ကြောင်တာ, ကြားတာ ပါသေးသလား၊ ပြာတာ ဖြူတာ ဝါတာ နီတာ ကြောင်တာ ကြားတာမှ အဆင်းပဲဆိုရင် မှားပေဘူးလား (မှားပါတယ်ဆရာ)။

## ဝဏ္ဏဆိုတာ

အေး အဲဒါတွေ ရောနှောမှာစိုးလို့ ပရမတ်အနေအားဖြင့် သန့်သန့်လေးသိချင်ရင် ဝဏ္ဏ ဓာတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဝဏ္ဏဓာတ်ဆိုတာ စက္ခုပသာဒ ကမ္ဘဇအကြည်ရုပ်ကလေးမှာ လာထင်တာဟာ ဒါဝဏ္ဏဓာတ်ပဲလို့၊ အဲဒီလိုဆိုတော့ ဖြူတာ, ပြာတာ, ဝါတာတွေ ပါသေးသလား (မပါပါဘူးဆရာ)။ ဖြူရင်ဖြူ မဖြူရင်နေပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ မဲချင်ရင်မဲ မမဲချင်နေ၊ နီရင်နီ မနီရင်နေ၊ ကြောင်ချင်ကြောင် မကြောင်ချင်နေ၊ ကြားချင်ကြား မကြားချင်နေ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့ မျက်စိနှစ်လုံး ပြန့်ခနဲပေါ်လာလို့ မျက်စိနဲ့တည့်တည့် လာကျတဲ့အခါ မျက်စိမှာဖျက်ခနဲလာထင်တဲ့အရိပ် ဒါရူပါရုံအဆင်း ဒါဝဏ္ဏဓာတ်ပဲဆိုရင် အမှတ်ရ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ဒါကြောင့် အဋ္ဌကထာဆရာကလည်း ပြထားတယ်။ ဒီဝဏ္ဏဓာတ်ရဲ့ပရိယာယ်လေး ပြထားတဲ့နေရာမှာ ခုနပြောတဲ့ အဖြူ, အပြာ, အဝါ, အနီနဲ့ ရောမှာ ထွေးမှာ စိုးလွန်လွန်းလို့ တို့လူစုတွေ ဒါတွေမမှတ်နဲ့ ဒါတွေဝဏ္ဏဓာတ်မဟုတ်ဘူး။ အမှန်ကတော့၊ ဝဏ္ဏဓာတ်ဆိုတာ အတိုချုပ်ကလေးအနေအားဖြင့် စက္ခုပသာဒ အကြည်မှန်ကလေးမှာ လာထင်တဲ့ အရိပ်သည် ဒါဝဏ္ဏဓာတ်ပဲ ရှင်းတယ်မဟုတ်လား (ရှင်းပါတယ်ဆရာ)။

ဟော မျက်စိထဲ ဝဏ္ဏဓာတ်မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ အလင်းရောင် ကြည့်တော့ရော (မြင်ပါတယ်ဆရာ)။ ဒါဖြင့် အဖြူ, အပြာ, အဝါ, အနီ ပါသေးလား (မပါပါဘူး

http://www.dhammadownload.com



ဆရာ)။ အဖြူ, အပြာ ကြည့်တော့ရော မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ ဩော် ဒါဖြင့် ဒါမျက်စိမြင်ရင် ဒါဝဏ္ဏဓာတ်ပဲဆိုတာ မရှင်ဘူးလားကွ (ရှင်းပါတယ်ဆရာ)။ အေး ဒါကြောင့် မင်းကို အဋ္ဌကထာဆရာပြထားတဲ့ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတဲ့ ဌာန်လေးချက်။ "စက္ခုပဋိဟနနလက္ခဏံ ရူပံ" (အဋ္ဌသာလိနီ၊ အဋ္ဌကထာ၊ ၃၅၅) ရူပံ-ရူပါရုံခေါ်တဲ့ ဝဏ္ဏဓာတ်ကြီးသည်၊ စက္ခုပဋိဟနနလက္ခဏံ-စက္ခုပသာဒခေါ်ထားတဲ့ အကြည်မှုန်ကလေးကို ထိခိုက်ခြင်း, ထင်ခြင်းလက္ခဏာရှိ၏။ မရှင်ဘူးလားကွ (ရှင်းပါတယ်ဆရာ)။

ဝဏ္ဏဓာတ်သိချင်ရင် အလွယ်ကလေးပဲ၊ မှတ်ကြောင်းလက္ခဏာကို ဘုရားကိုယ်တော်မြတ်က ပေးထားတယ် မှတ်ထားပါ ဘယ်လိုမှတ်ထားရမလဲ ဟာ ကိုယ့်မျက်စိကမြင်ရင် အဲဒါဝဏ္ဏပဲ၊ ထင်တယ်ဆိုတာ မြင်တာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ငါ့မျက်စိလာမြင်ရင် အဲဒါဝဏ္ဏဓာတ်ပဲ၊ ဒါဖြင့် အဖြူ, အပြာ, အဝါ, အကြောင်, အကြားတွေ တွေးမနေနဲ့။ အဖြူ, အပြာ, အဝါ, အကြောင်, အကြားတွေတွေးနေရင် မဖြူရင် မပြာရင် ဝဏ္ဏဆိုတဲ့ဓာတ်မဟုတ်သလိုလို ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်က လက္ခဏာပေးထားတာ မှတ်စရာလက္ခဏာလေး။ "စက္ခုပဋိဟနနလက္ခဏံ ရူပံ"၊ ရူပံ-ရူပါရုံဆိုတဲ့ ဝဏ္ဏဓာတ်သည်၊ (ဝါ) အဆင်းရုပ်ကြီးသည်၊ စက္ခုပဋိဟနနလက္ခဏံ-စက္ခုပသာဒခေါ်ထားတဲ့ ကမ္မဇအကြည်မှုန်ကလေးမှာ ထင်ခြင်း, ထိခိုက်ခြင်းလက္ခဏာရှိ၏။

ဩော် ဒီအကြည်မှုန်ကလေးလာထင်ရင် ဘာဓာတ်တုန်း (ဝဏ္ဏဓာတ်ပါဆရာ)။ ဩော် အဖြူ, အပြာ, အဝါတွေ မှတ်စရာလိုသေးလား (မလိုပါဘူးဆရာ)။ မလိုဘူးကွ ဒါတွေမှတ်မနေနဲ့၊ ဒါဖြင့် စောစောကပြောသလို ကမ္ဘာဦးလူပညာရှင်များက တစ်ယောက်နဲ့တစ်ယောက် လောကအကျိုးဆောင်ရွက်တဲ့နေရာ ပြီးမြောက်ပါစေခြင်းအကျိုးငှာ, အငြင်းမပွားစေခြင်းအကျိုးငှာနော် (ဟုတ်ကဲ့ပါဆရာ)။ အငြင်းပွားခြင်းဟာ ပဋိပက္ခမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ပဋိပက္ခကအင်မတန်ကြောက်စရာ ကောင်းတယ်နော်၊ ဝိဝါဒါဓိကရုဏ်း ငြင်းခုန်မှုပြုတာ သတ်ပွဲတောင်ဖြစ်တာ။ အကယ်တန္တ အဲဒီလိုမပညတ်ရင် နောက်ပိုင်းမှာ ဒီပဋိပက္ခတွေပေါ်လာမှာ၊ အနီကို မင်းကအနက်လို့ ငြင်းမယ် ငါကအနီလို့ငြင်းမယ် ရန်မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဆရာ)။

အခုက ကမ္ဘာတည်စကစပြီးတော့ ဟောဒါလေးတွေ အနီလေးလို့ပြဋ္ဌာန်းထားရင် ငြင်းတဲ့လူ ရှိသေးလား (မရှိပါဘူးဆရာ)။ အေး အဲဒီလို လောကငြင်းခုံမှုတွေလည်း မဖြစ်ရလေအောင် လောကအကျိုးကို ဆောင်ရွက်တဲ့နေရာလည်း ပြီးမြောက်လွယ်ကူခြင်းအကျိုးငှာ ဟောဒါမျိုးတွေ့ရင် အဖြူခေါ်ကွ၊ ဒါမျိုးမြင်တော့ အနီခေါ်၊ ဒါမျိုးမြင်တော့ အစိမ်းခေါ်၊ ဒါမျိုးမြင်တော့ အဝါခေါ်၊

http://www.dhammadownload.com



ဒါမျိုးမြင်တော့ အနက်ခေါ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထင်ရှားတဲ့အရောင်ကို အဋ္ဌကထာဆရာပြထားတာက ခုနစ်မျိုးရှိပါတယ်။ နောက်ပိုင်းကျတော့ပညတ်တွေ ဟုတ်လားမဟုတ်လား ကြည့်ပါလား၊ တို့နောက်ပိုင်းရောက်လာတဲ့အခါ ဒီအရောင်အဆင်းဟာ ခုနစ်မျိုးကသေးရဲ့လား (မကပါဘူးဆရာ)။ အေး ဘယ်ကမတုန်း ခုနပြောတဲ့ အရောင်လေးတွေပါလာတော့ ဖြူပြာပြာလေး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နီကြောင်ကြောင်လေးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ စိမ်းဖျော့ဖျော့လေး ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။

အဲဒါကြောင့်မို့ ကျမ်းဂန်ကျတဲ့စကားတော့ ဘယ်ရှိမတုန်းကွဲ့၊ ဖြူဖျော့ဖျော့လေး ဘယ်ရှိမတုန်းနော် (ဟုတ်ကဲ့ပါဆရာ)။ ဖြူပြာပြာလေး မရှိပါဘူး၊ နီဖျော့ဖျော့လေး မရှိပါဘူး၊ နီကြောင်ကြောင်လေး မရှိပါဘူး၊ စိမ်းဖန့်ဖန့်လေး မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဟိုကထင်ရှားတဲ့ အရောင်ခုနစ်မျိုးကို ဒါသဒ္ဒါအနေနဲ့ ပြသွားတာ။ ဩော် ဒါဖြင့် ဒီဥစ္စာကြီးက လက်စသတ်တော့ ကိုယ့်လူအချင်းချင်း နားလည်မှုရှိအောင် သင်္ကေတအမှတ်သညာလေးတွေ ပေးခေါ်ထားတဲ့ အရောင်လေးတွေပဲတဲ့။ ဒီလို ဖြစ်မလာဘူးလား (ဖြစ်ပါတယ်ဆရာ)။ အေး နောက်ပိုင်းတိုးလာတဲ့အရောင်တွေ အများကြီးပဲ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကျတော့ တကယ်သိချင်လို့ရှိရင် ဟိုဆိုးဆေးရောင်းတဲ့ ကုမ္ပဏီသွားကြည့်၊ အရောင်ဘယ်နှစ်မျိုး ပြထားသလဲ (၂၄)မျိုးရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို (၂၄)မျိုးရှိတော့ မင်းဘာကိုမှီပြောလို့ဖြစ်ပါဦးမလား (မဖြစ်ပါဘူးဆရာ)။ သူလည်းမသိ ငါလည်းမသိ ဖြစ်နေပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီလို မပြောဘဲနဲ့ ဘယ့်နှယ်လုပ်ထားသလဲဆိုတော့ စာလေးရေးထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စာလေးတွေရေးထားတယ်၊ အဲဒီ (၂၄)မျိုးထဲက ကြိုက်တဲ့အရောင်ကို ဩဒါပေးပါ သူတို့ဆီမှာရနိုင်ပါသည် ဒီလိုလာမယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် လက်စသတ်တော့ ဒါဖြင့်ရင် ဒီဟာလေးတွေဟာ တို့မျက်စိမြင်ပြီဆိုမှဖြင့် ဒီအသွေးမျိုးလေးမြင်၊ ဒီအရောင်မျိုးလေးမြင်၊ အနီခေါ်ကြစို့ရဲ့။ ဒီအရောင်မျိုးကျတော့ အဖြူခေါ်ကြစို့ရဲ့ဆိုပြီးတော့ အငြင်းမပွားစေခြင်းအကျိုးငှာ၊ လောကအကျိုးစီးပွား ပြီးမြောက်စေခြင်းအကျိုးငှာဆိုပြီးတော့ ရှေးကမ္ဘာတည်စက၊ ကမ္ဘာဦးတည် လူပညာရှိများက သင်္ကေတအမှတ်အသားပေးပြီးတော့ သမုတ်လာတဲ့ သမ္မုတိပညတ်ကလေးတွေပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါမျိုးသာလျှင်အဆင်းပဲလို့ ဒါမျိုးသာလျှင်ဝဏ္ဏဓာတ်ပဲလို့ မှတ်ထားရင် တို့ကပညတ်ပေါ်တင်လိမ့်မယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် ပညတ်ပေါ်မတင်ရအောင် မြတ်စွာဘုရားကိုယ်တော်မြတ်အလိုတော်ကျ သိအောင် ဘယ့်နှယ်လုပ်၊ စောစောကပြောသလို စက္ခုပသာဒ ကမ္ဘဓအကြည်မှန်ကလေးမှာလာထင်ရင်

http://www.dhammadownload.com



ဘာဓာတ်ခေါ်တယ် (ဝဏ္ဏဓာတ်လို့ခေါ်ပါတယ်ဆရာ)။ ဪ ပြီးရော ရှင်းရောနော် (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒါလည်းပဲ ဘယ်နှယ်လဲ၊ ကမ္ဘဓာတ်မှန်အကြည်ဓာတ်ကလေးမှာ လာထိရင်၊ လာထင်ရင် ဝဏ္ဏဓာတ်ဆိုတော့ ဟုတ်ပါ့မလား၊ ဟုတ်တယ်တဲ့၊ ဟုတ်ပုံလေးသေသေချာချာကြည့်၊ ဒါကြောင့် "စက္ခုပဋိဟနနလက္ခဏံ ရူပံ"၊ ရူပံ–ရူပါရုံဆိုတဲ့ ဝဏ္ဏဓာတ် အဆင်းရုပ်ကြီးသည်၊ စက္ခုပဋိဟနန လက္ခဏံ–စက္ခုပသာဒခေါ်ထားတဲ့ ကမ္ဘအကြည်မှန်လေးမှာ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏။ သိပါတဲ့ ဒီလက္ခဏာမှတ်ထားပါ ဒီလိုဆိုတော့မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)။ မင်း မျက်စိမြင်လိုက်ရင် ဒါဝဏ္ဏဓာတ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ အေး မင်းမျက်စိမြင်လိုက်ရင်ဆိုတာက ဘာဖြစ်လို့သူထည့်ပြောလဲ ခုနတုန်းကတော့ထိခိုက်တယ် ခုတော့ မြင်တာရော ထည့်ပြောတယ်။

ဒီဝဏ္ဏဓာတ်ကိုယ်က ဒါခုဆိုရင် လက္ခဏာပြတာ၊ သူတို့ကိစ္စရှိသေးတယ်။ လက္ခဏာရယ် ရသရယ်၊ ရသဆိုတာ ကိစ္စခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့သိတတ်တဲ့ကိစ္စ၊ သူ့သိတတ်တဲ့ကိစ္စ ဘာတုန်းဆိုတော့ "စက္ခုဝိညာဏဿ ဝိသယဘာဝရသံ" (အဋ္ဌသာလိနီ၊ အဋ္ဌကထာ၊ ၃၅၅) ဟော ရသကျတော့နော် (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဝိညာဏဿ–မြင်ကောင်းသော စိတ်ကလေး၏၊ စက္ခုဝိညာဏ်စိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့မျက်စိကမြင်ရင်သိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ သိတာဘာတုန်း (စိတ်ပါဆရာ)။ ဪ စိတ် (ဟုတ်ကဲ့ပါဆရာ)။ စက္ခု ဝိညာဏဿ– မြင်ကောင်းသောစိတ်ကလေး၏၊ ဝိသယဘာဝရသံ–ရသကိစ္စ၊ ဝိသယ ဘာဝဆိုတာ တခြားမဟုတ်ဘူး၊ အာရမ္မဏပစ္စယသတ္တိအားဖြင့် ကျေးဇူးပြုခြင်းကိစ္စရှိ၏။ ဘယ်သူ့ကျေးဇူးပြု စက္ခုဝိညာဏ်စိတ်ကိုကျေးဇူးပြုတယ် မြင်စိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစက္ခုဝိညာဏ်စိတ်ကို မြင်တယ်ဆိုတဲ့ စိတ်ကလေးသည် အာရမ္မဏပစ္စယသတ္တိအားဖြင့် ကျေးဇူးပြုတယ်ဆိုတော့ အာရမ္မဏအာရုံခေါ်တယ် ပစ္စယအကြောင်းရှိ ကျေးဇူးပြုတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လို ကျေးဇူးပြုတာတုန်း မြင်တဲ့စိတ်ကလေးကို အာရုံပြုခြင်းကိစ္စရှိ၏နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါကို မင်းတို့ရုတ်တရက် နားလည်မှာမဟုတ်ဘူး လုံးထွေးထွေးလည်းဖြစ်နေတယ် အဝိပ္ပာယ်လေးတစ်ခု ငါပြောမယ်။ မင်း စက္ခုပသာဒ အကြည်မှန်လေးကို ဟုတ်ကဲ့လား (ဟုတ်ကဲ့ ပါဆရာ)။ အခုပြောတဲ့ ဝဏ္ဏဓာတ်ဆိုတဲ့ ရူပါရုံပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရူပါရုံနဲ့ လာတိုက်လိုက် တယ်လား (လာတိုက်နေပါတယ်ဆရာ)။ ရူပါရုံနဲ့လာတိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ရူပါရုံလာတိုက်တယ် ဘယ်သူ့လာတိုက်သလဲ (မျက်စိဆီလာတိုက်ပါတယ်ဆရာ)။ စက္ခုပသာဒ အကြည်ရုပ်ကလေး (ဟုတ်ကဲ့ပါဆရာ)။ ကမ္ဘဓာတ်မှန်နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့ကို ရူပါရုံက

http://www.dhammadownload.com



လာတိုက်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်တယ် တိုက်တယ်၊ အဲဒါတိုက်တာကို တချို့နားလည် ချင်မှလည်မယ်။ တိုက်တယ်တဲ့၊ ဘယ့်နှယ့်တို့ဆီလာတိုက် တို့ခံနိုင်ပါ့မလား အောက်မေ့တယ် နော် (ဟုတ်ကဲ့ပါဆရာ)။ သိမ်မွေ့နူးညံ့သောတိုက်ခြင်းနဲ့ တိုက်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ မသိရှာဘူး ပြင်းပြင်းထန်ထန်တိုက်မှ တချို့ကလည်း တိုက်တယ်လို့ မှတ်တာကိုးနော် (ဟုတ်ကဲ့ပါ ဆရာ)။

အေး ပြင်းပြင်းထန်ထန် တိုက်တဲ့နေရာမှာ အများကြီးရှိတယ်၊ သိမ်မွေ့နူးညံ့စွာတိုက်တဲ့ နေရာတွေလည်း အများကြီးရှိတယ်။ အဓိပ္ပာယ် အခုနေ မင်း ငါ့မျက်နှာကြည့်လို့ရှိရင် ငါ့မျက်နှာ မြင်ရတယ်ဆိုတဲ့ ရူပါရုံအဆင်းရုပ်က မင်းမျက်စိလုံးကို ကမ္ဘဓာတ်မှန် ပသာဒရုပ်ကလေး မျက်နှာ ဆိုတဲ့ မြင်ကောင်းတဲ့ ရူပါရုံ အဆင်းရုပ်က သွားတိုက်တာ မင်းသိပါ့မလား (သိပါတယ်ဆရာ)။ အောင်မယ် တော်တော်နာသွားလား၊ မင်း မြင်လို့တိုက်မှန်းသိလို့ ပြောတာပေါ့ကွ၊ ဒီလိုမဟုတ် လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ၊ ငါက ပသာဒရုပ်ကလေးလာပြီးတော့ ရူပါရုံက လာ တိုက်တာကိုတိုက်မှန်းမသိတဲ့ နူးညံ့ပုံလေးငါပြောနေတာ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့လဲ နူးညံ့တယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီကတိုက်တဲ့ ရူပါရုံကလည်းပဲ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓရသ ဩဇာ ဆိုတဲ့ ဂန္ဓာရုံ ဆိုတဲ့ အဋ္ဌကလာပ်ရုပ်ရှစ်ပါးမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ သူ့လည်း မဟာဘုတ်လေးပါးနဲ့ပေါ့ (ဟုတ်ကဲ့ပါဆရာ)။

မင်း စက္ခုပသာဒ အကြည့်မှန်ကလေးကလည်း မဟာဘုတ်လေးပါးနဲ့ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး ဘုတ်ဘုတ်ချင်းတိုက်ကြတယ်တဲ့၊ မဟာဘုတ်လေးပါးကို ဘုတ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ ဘုတ်ဘုတ်ချင်းတိုက်တဲ့နေရာမှာ ပြင်းထန်တဲ့နေရာလည်းရှိတယ်၊ သိမ်မွေ့နူးညံ့တဲ့နေရာ လည်း ရှိတယ်တဲ့။ မော်တော်ကားတစ်စီးနဲ့တစ်စီး တိုက်တဲ့အခါကျတော့ လူတောင်သေတယ်၊ ကျိုးပဲ့ကြေမွသွားတဲ့ကား ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ပထဝီလွန်ကဲတယ်၊ ဟိုဘက်ကားကြည့်လည်း သံတုံးသံခဲ၊ ဒီဘက်ကားကြည့်လည်း သံတုံးသံခဲ ဆိုတော့ ပထဝီလွန်ကဲမနေဘူးလား (လွန်ကဲနေပါတယ်ဆရာ)။ ပထဝီလွန်ကဲနေလို့ ဖြုန်းခနဲ ဒိုင်း ခနဲ သေသွားတယ်ပေါ့၊ ကျိုးပဲ့ကြေမွကုန်တာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်း ဝါဂွမ်းလေးတစ်ခု အောက်ကခံပြီးတော့ ဝါဂွမ်းလေးတစ်ခုနဲ့ထုတော့ အသံကြားသေးရဲ့လား (မကြားပါဘူးဆရာ)။ ကျိုးကြေများကုန်သေးရဲ့လား (မကုန်ပါဘူးဆရာ)။

ဩော် ဒါဖြင့် ဒီမှာလည်း ပထဝီဆိုတဲ့ ဓာတ်မရှိဘူးလား (ရှိပါတယ်ဆရာ)။ မဟာဘုတ် ရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)။ ဘုတ်ဘုတ်ချင်းဘဲ၊ မဟာဘုတ်လေးပါးချင်းတိုက်တာပဲလို့၊

http://www.dhammadownload.com



ဝွမ်းလေးခံ ဝွမ်းလေးတစ်ခုနဲ့ ထုလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ အုံးခနဲဒိုင်းခနဲမမြည်ဘဲနဲ့ ကျိုးခြင်းပဲ့ခြင်းလည်းမရှိဘဲနဲ့ ဘာ့ကြောင့်ပါလိမ့်ဆိုတော့ ဘယ့်နှယ့်ပြောမလဲ။ သူ့သိကိုမသိဘူး သိရဲ့လား (မသိပါဘူးဆရာ)။ ကိုင်း ဒီဝါဝွမ်းနှစ်ခုကျတော့ မဟာဘုတ်လေးပါးတော့ ရှိတယ်၊ ပထဝီဓာတ်က လွန်ကဲရဲ့လား (မလွန်ပါဘူးဆရာ)။ ဩော် ဒါဖြင့် မော်တော်ကားတိုက်တာနဲ့ တူနိုင်ပါ့မလားဟ (မတူပါဘူးဆရာ)။ မော်တော်ကားဆိုတဲ့ မဟာဘုတ်လေးပါးကျတော့ မဟာဘုတ် ပထဝီဓာတ်က လွန်ကဲတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ကျိုးကြေကုန်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါကော နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ အေး အေး အဲဒါ မဟာဘုတ် မဟာဘုတ်ချင်း ဘုတ်ချင်းချင်းတိုက်တယ်ဆိုပေမယ့် သိမ်မွေ့တဲ့အခါလည်းရှိ၊ ကြမ်းတမ်းတဲ့အခါလည်း ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီ မင်းမျက်စိကို အခုအနေအားဖြင့် မင်းရှေ့က နာရီလေး ကြည့်နေတယ်ဆိုလို့ရှိရင် ဒီနာရီ မြင်ရတဲ့ ဒီရူပါရုံအဆင်းရုပ်ကလေးဟာ မင်းစက္ခုပသာဒလာတိုက်တာ မင်းရုတ်တရက်သိပါ့မလား (မသိပါဘူးဆရာ)။ ဒ့ါကြောင့် မင်းမြင်လိုက်တယ်ဆိုရင်ပဲ ဟာ ဒီရူပါရုံကငါ့လာတိုက်တယ်၊ ဒီလိုပဲ သိတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး မြင်လို့ မင်းသိတာနော် (ဟုတ်ကဲ့ပါဆရာ)။ မမြင်ရင် မင်းသိစရာအကြောင်းမရှိဘူး၊ ဒါပေမယ့် ပြင်းထန်တဲ့တိုက်ပုံတိုက်နည်း ငါပြောမယ်။ ဩော် ဒီလို မြင်တိုင်းမြင်တိုင်း တို့စက္ခုပသာဒ အကြည်ရုပ်ကလေးမှာ ရူပါရုံခေါ်တဲ့ ဝဏ္ဏဓာတ်တွေ လာလာ တိုက်ကြတယ်၊ တိုက်တာတို့မသိလိုက်ဘူး ဘာဖြစ်လို့ သိမ်မွေ့နူးညံ့လို့၊ ပြင်းထန်တဲ့ရုပ်နဲ့တိုက်ကြည့်၊ ကိုင်းမွန်းတည့်တဲ့အချိန်မှာ မင်းမွန်းတည့်တဲ့အချိန်တည့်တည့်မှာ နေကိုမင်းမော့ပြီးတော့ သေသေ ချာချာ ကြည့်ရဲရဲ့လား (မကြည့်ရဲပါဘူးဆရာ)။ မကြည့်ရဲဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ (စူးလို့ပါဆရာ)။ အေး ဟုတ်ပြီ စူးလို့ (ဟုတ်ကဲ့ပါဆရာ)။ ဘယ်သူကစူးတာတုန်း၊ နေလုံးကြီးက လာပြီးတော့ မင်းမျက်လုံးလာထိတာလား (မဟုတ်ပါဘူးဆရာ)။ ဘာတုန်း (နေအရောင်က ကြိမ်းလို့ စူးလိုက်တာပါဆရာ)။ ဩော် နေအရောင်က စူးလို့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဟုတ်ပြီ နားလည်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ နေရောင်စူးတယ်မဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ တချို့ပြောတယ်ပူလို့ မဟုတ်ပါဘူး ပူလို့မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလောက် အပူကတော့ရှိနိုင်ပါတယ် အမှန်ကတော့။ ဒါပေမယ့် နေအရောင်ပြင်းထန်တယ်ဆိုတဲ့ သဘာဝ ရှိတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီနေအရောင်စူးခြင်းကြောင့် မျက်လုံးနဲ့နေကို မကြည့်နိုင်ဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နေကိုမကြည့်နိုင်ဘူး၊ အဲဒါဘာလဲဆိုတော့ အဲဒီနေအရောင်မှာပါတဲ့ ခုနပြောတဲ့ ကလာပ်စည်းတွေက အင်အားကအင်မတန်ကြီးမားတယ်နော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ သူ့ကျတော့ ဘုတ်အဆက်ဆက်နဲ့လာပြီးတော့ ထိတဲ့တိုက်တဲ့နေရာမှာ မင်းတို့ ငါတို့ မျက်လုံးမှာ လာပြီးတိုးတာတိုက်တာမခံနိုင်ဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပဲလားဆို မဟုတ်သေးပါဘူး၊ အဓိပ္ပာယ်အားဖြင့် အခုပြောတဲ့အတိုင်း လက်နှိပ်ဓာတ်မီးနဲ့ထိုးကွ၊ မင်းမျက်လုံး ရက်ရက်စက်စက်ကြည့် ကြည့်ရဲရဲ့လား (မကြည့်ရဲပါဘူးဆရာ)။ သူ့ကျတော့ ပူလို့ပြောနိုင်သေးလား (မပြောနိုင်ပါဘူးဆရာ)။ သူ့မှာ အာလောကဆိုတဲ့ အလင်းရောင်ပါလာတဲ့ မဟာဘုတ်လေးပါး တည်းဟူသော ဘုတ်အဆက်ဆက် ကိုယ်ကပြင်းထန်လာတဲ့ သတ္တိပါလာတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒါ့ကြောင့် ငါ့မျက်လုံးဒဏ်မခံနိုင်တာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

တစ်နည်းတစ်ခါပြောပါဦးမယ်၊ အင်မတန်ပြင်းထန်တဲ့နေထဲ မင်းမျက်လုံးဖွင့်ပြီး နေရဲရဲ့လား (မနေရဲပါဘူးဆရာ)။ ဩော် နေထိုးမခံနိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ နေထိုးအားကြီးရင် မင်းမျက်လုံးမှာ ကျိန်းတယ် စပ်တယ် နာတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါကြည့်စမ်းပါကွာ၊ နေမှာပါလာတဲ့ နေဆိုတာသုတ္တန်နည်းအားဖြင့်ပြထားတာ၊ အဘိဓမ္မာ နည်းအားဖြင့်ကြည့်တော့ သူ့လည်းပဲ ဝဏ္ဏဓာတ်နဲ့ ရသ, ဩဇာ, ပထဝီ, တေဇော, အာပေါ, ဝါယော ဆိုတဲ့ ဓာတ်ရောင်တွေမပါဘူးလား (ပါပါတယ်ဆရာ)။ ဩော် သူ့ပါလာတဲ့ ပထဝီဓာတ်က တော်တော်လေးပြင်းထန်လာတော့ အဲဒီနေရောင်တိုးတဲ့အခါ မျက်လုံးမခံနိုင်ဘူးတဲ့ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီလိုပဲ စက္ခုပသာဒအကြည်ရုပ်ကလေးမှာ လာပြီးတော့ထိတယ် တိုက်တယ် ခိုက်တယ်ဆိုတဲ့သဘာဝ၊ ဝဏ္ဏဆိုတဲ့အဆင်းရုပ်ဟာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ တိုက်တဲ့အခါ လာတိုက်တယ်၊ ပြင်းပြင်းထန်ထန် လာတိုက်တဲ့အခါလည်းတိုက်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် မင်းတို့ငါတို့ အရပ်ထဲမှာ ဟိုကြည့်ဒီကြည့်ကြည့်တဲ့အခါကျတော့ ဒီရုပါရုံခေါ်ထားတဲ့ ဝဏ္ဏဓာတ်အဆင်းရုပ်လေး လာလာပြီးတော့ စက္ခုပသာဒအကြည်မှန်ကလေးကို လာတိုက်ထာတော့ သိမ်မွေ့နူးညံ့တဲ့သဘောကြောင့် တိုက်မှန်းမသိရှာဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ဟာ ဒီဝဏ္ဏဆိုတဲ့အဆင်းရုပ် ငါ့မျက်လုံးလာတိုက်တယ်လို့သိတာ၊ ဘာ့ကြောင့်သိ၊ မြင်လို့သိတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါ့ကြောင့် ဟိုက "စက္ခုပဋိဟနန လက္ခဏံ ရူပံ၊ စက္ခုဝိညာဏဿ ဝိသယဘာဝရသံ"။ စက္ခုဝိညာဏဿ–မြင်ကောင်းသော စိတ်ကလေးအား၊ ဝိသယဘာဝရသံ–အာရမ္မဏပစ္စယသတ္တိအားဖြင့်ကျေးဇူးပြု၏။ မြန်မာလိုရှင်းရှင်းပြောစမ်းပါဆိုတော့ အဲဒီလာတိုက်တဲ့ ရူပါရုံခေါ်ထားသော ဝဏ္ဏဓာတ် အဆင်းရုပ်ကလေးကိုတဲ့ ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ အာရုံပြုခြင်းကိစ္စရှိတယ်၊ သူလည်းစက္ခုဝိညာဏ်စိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဝိညာဏ်

http://www.dhammadownload.com



စိတ်သည် မြင်တတ်သောစိတ်ကလေးသည် မင်းမျက်လုံးလာတိုက်တဲ့ ရူပါရုံခေါ်ထားသော ဝဏ္ဏဓာတ်ကလေးကို အာရုံပြုရမယ်တဲ့ မပြုဘဲမနေရဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်သူတုန်းမေးတော့ ခုပြောတဲ့ ဝဏ္ဏဓာတ်လို့ နားလည်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။

ဩော် ဒါထက် ဝဏ္ဏဓာတ်သည် ဒီစက္ခုပသာဒ အကြည်ရုပ်ကလေးမှာ လာတိုက်တဲ့အခါမှာ သူရဲ့ကိစ္စသူလုပ်တတ်တာဘာလဲမေး၊ ဒီမြင်စိတ်ကလေးကို ဒီဝဏ္ဏဓာတ်က ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်ကောင်းသော စိတ်ကလေးကို၊ မြင်တတ်တဲ့ စိတ်ကလေးကို (တစ်နည်း) စက္ခုဝိညာဏ်စိတ်ကလေး၊ ရူပါရုံခေါ်ထားတဲ့ ဝဏ္ဏအဆင်းရုပ်က မင်းငါ့အာရုံပြုရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဥပမာလေး ဥပမာလေး ဟိုတုန်းကဒီလိုမရှိပါဘူး၊ ဒါမင်းနဲ့ငါ နားလည်အောင် ပြောတာ၊ ဒီစက္ခုဝိညာဏ်မြင်စိတ်ကလေးသည် ငါ့အာရုံပြုရမယ်။ မပြုဘဲမနေရဘူး နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် သူပြောတဲ့အတိုင်း စက္ခုဝိညာဏ်စိတ်ကလည်း အာရုံပြုတယ် မဟုတ်လား (ပြုပါတယ်ဆရာ)။ အာရုံပြုလို့ပေါ့ကွ၊ ငါမြင်တာ လူပဲ ခွေးပဲ နွားပဲ ကြက်ပဲ ငှက်ပဲနဲ့ အတ္တပညတ်သိသွားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမှအာရုံမပြုရင် ဒီအနက်အဓိပ္ပာယ် သိပါ့မလား (မသိပါဘူးဆရာ)။ အေး ဒါဖြင့် ဒီဝဏ္ဏဓာတ်သတ္တိဘာလဲ၊ ဝဏ္ဏဓာတ်သုံးသပ်တဲ့ကိစ္စသည် ဘာလဲဆိုတော့ တခြားမဟုတ်ပါဘူး။ သူ့ကိုထင်တဲ့ မြင်တဲ့သူ့ကိုမှီကောင်းတဲ့ စက္ခုဝိညာဏ်စိတ်ကို သူကခိုင်းတယ် ခိုင်းတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီစက္ခုဝိညာဏ်စိတ်ကလေးသည် မျက်စိတည်းဟူသော စိတ်ကလေးသည် ငါ့ကို ဒင်း အာရုံပြုရမယ်၊ ဒါမြန်မာလို နားလည်အောင် ပြောတာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒင်းငါ့ကို အာရုံ ပြုရမယ်၊ မပြုဘဲမနေရဘူး။ ဒါ့ကြောင့် စက္ခုဝိညာဏဿ–စက္ခုဝိညာဏ်အား၊ ဝိသယဘာဝရသံ– အာရမ္မဏပစ္စယသတ္တိအားဖြင့် ကျေးဇူးပြု၏။ မြန်မာလိုပြောရင် ငါ့ကိုအာရုံပြုရမယ်ဆိုတဲ့ကိစ္စရှိ၏။ ဘာလဲဆိုတော့ တခြားမဟုတ်ပါဘူး သူ့ကိုထင်တဲ့မြင်တဲ့ သူ့ကိုမှီကောင်းတဲ့ စက္ခုဝိညာဏ်စိတ်ကို သူကခိုင်းတယ်၊ ခိုင်းတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဝဏ္ဏဓာတ် ဝဏ္ဏဓာတ်ကို ပါဠိကို မြန်မာလိုပြန်တော့အဆင်းရုပ်၊ ဒီရုပ်တရားထဲမှာ အဆင်းရုပ်ဟာ အတော်ကြီးကိုပဲ အထင်မှားအမြင်မှား ဖြစ်နေတတ်တယ်လို့ အထင်လည်းမှားတယ်၊ အမြင်လည်း မှားတယ်၊ အယူလည်းမှားတယ်၊ အသိလည်းမှားတယ်။ ဘာဖြစ်လို့ ပကတိမျက်စိနဲ့မြင်တာဟာ စောစောကတည်းက ပြောထားတဲ့ပကတိမျက်စိနဲ့မြင်လို့ရှိရင် အမှားမြင်လို့၊ ဒီလိုပြောခဲ့တယ်။ ပကတိနားနဲ့ကြားလည်း ၎င်းနည်းအတိုင်းပါပဲ။ ဒါ့ကြောင့် ပကတိမျက်စိနဲ့မြင်ရင် အမှားထင်ဆိုတော့ ဘာတွေမြင်နေတုန်း ပုဂ္ဂိုလ်, သတ္တဝါ, ယောက်ျား, မိန်းမ, အသက်, လိပ်ပြာ, အကောင်အထည်,

http://www.dhammadownload.com



အထည်ဒြပ်သဏ္ဍာန်, တုံး, တိုင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်၊ ဒီလို အတုံး အလုံး အကောင်အထည် အထည်ဒြပ်သဏ္ဍာန်အနေအားဖြင့် ပကတိမျက်စိနဲ့ ကြောင်တောင်ကြီး မြင်နိုင်တဲ့၊ မိမိတို့ အသိအယူဝါဒလေးက တကယ်ဟုတ်တယ် မှန်တယ် ရှိတယ်လို့ ဒီလိုယူထားတော့ ဒါအမှားပဲ။ ဒါ့ကြောင့် ပကတိမျက်စိနဲ့မြင်တာ အမှားမြင်တယ်၊ အဲဒီအမှားမြင်ကြီးကို အမှန်မြင် ရောက်ပါစေလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ပိုင်းဖြတ်ဝေဖန်ပြီးတော့ အမှန်အဖြစ်မြင်ရအောင် ဒီအမြင်ဓာတ်တွေ ဘာလဲလို့မေးရင် အဖြူ, အပြာ, အဝါ, အနီ, အစိမ်း အစရှိသည်အားဖြင့် သင်္ကေတပြုသောအားဖြင့် အမှတ်အသားလေးတွေပေးပြီးတော့ ခေါ်ထားတယ်။ ဒီလို အဖြူ, အပြာ, အဝါ, အနီ, အစိမ်းအစရှိတဲ့ ပါးစပ်ကတစ်ခုခုသမုတ်ပြီးပြောနိုင်တာမှ ဒါအဆင်းရုပ်ပဲလို့ ဒီလို မမှတ်ကြနဲ့တဲ့။

ဒီလိုမှတ်တော့ ဘာဖြစ်သလဲ၊ ဒီလိုမှတ်တော့ ဝတ္ထုဒြပ်ပေါ်ရောက်တယ်တဲ့၊ ဒီဝတ္ထု ငါမြင်ထားတာ အစိမ်းမြင်တယ်။ ဒီပစ္စည်းကျတော့ ငါမြင်တာ အနီမြင်တယ်။ ဒီပစ္စည်းကျတော့ အနက်မြင်တယ်။ ဒီပစ္စည်းကျတော့ အဖြူမြင်တယ်နဲ့ ဒီလိုပစ္စည်းမျိုး ဒီတရားထဲမှာစွဲမှတ်ပြီး ယူထားတဲ့အယူတွေရှိတာ၊ အင်မတန်မှားတဲ့အယူကြီးပဲ။ ဒါ့ကြောင့် အမြင်မှန်ရောက်အောင် မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီဝဏ္ဏာဆိုတဲ့ အဆင်းရုပ်ကြီး အမှန်ကတော့ အဝုံး, အလုံး, အခဲ, အကောင်အထည်, အထည်ဒြပ်သန္တာန်, အဖြူ, အပြာ, အဝါ, အနီ စသည်အားဖြင့် မှတ်သားစရာ မလိုဘူး၊ ဒါတွေ မမှတ်သားနဲ့။ ဒီလိုသာ မှတ်သားပြီ စွဲနေမယ်ဆိုရင်တော့ အကုန်အမှားချည်းပဲ။ ဒါဖြင့် အမှန်ဘယ့်နှယ့်မြင်ပဲ့မလဲလို့မေးတော့ အမှန်မြင်စရာ မနေ့ညကပြသွားတဲ့သဘာဝပြန်ကြည့် သူ့လက္ခဏာနဲ့သူ့ကိစ္စ၊ သူ့ပစ္စုပဋ္ဌာန်၊ သူ့ပဒဋ္ဌာန်နဲ့ ဒီလိုကွဲကြတယ်။ ဓာတ်တစ်လုံးတစ်လုံးဆိုတာ လွယ်တာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ ဒီဓာတ်ဟာ အမှန်ကတော့ မြတ်စွာဘုရားကိုယ်တော်မြတ် လုပ်ထားတဲ့ ဓာတ်လည်းမဟုတ်ပါဘူး သဘာဝအားဖြင့်ဖြစ်နေတဲ့တရားတွေ၊ ဒီသဘာဝအားဖြင့် ဖြစ်နေတဲ့တရားတွေကိုပဲ အမျိုးမျိုးယူဆပြီးတော့ မှားချင်တိုင်းမှားနေလို့ ကိုယ်တော်မြတ်က ဒါ့ကြောင့် ဒီသဘာဝအားဖြင့်ဖြစ်ပေါ်နေတဲ့ ဓာတ်တရားတွေဟာ လက္ခဏာ ဒီလိုရှိတယ်၊ ကိစ္စကဒီလိုရှိတယ်၊ ပစ္စုပဋ္ဌာန်က ဒီလိုရှိတယ်၊ ပဒဋ္ဌာန်က ဒီလိုရှိတယ်၊ ဒါ့ကြောင့် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဆိုပြီးတော့ ဌာန်လေးချက်နဲ့ဝေဖန်ပြီးတော့ ကိုယ်တော်မြတ်ဟောသွားတဲ့တရားတွေ။

ဒါ့ကြောင့် တို့လူစုကလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ် အလိုတော်ကျသွားအောင် ခြော် ကိုယ်တော်မြတ်က ဒီလိုသိစေလိုလို့ မြင်စေလိုလို့ ဒီတရားဟောသွားတာပဲ။ ကိုယ်တော်မြတ် ဟောတော်မူတဲ့အတိုင်း ကိုယ်တော်မြတ်ရဲ့အလိုဆန္ဒနဲ့ ကိုက်ညီသွားအောင် တို့လည်း တတ်သမျှ မှတ်သမျှ ကြိုးစားပြီးတော့ မမြင်မြင်အောင် မသိသိအောင် မတတ်တတ်အောင် နားမလည်လည်အောင်

http://www.dhammadownload.com



အားထုတ်မဟဲ့၊ သင်မဟဲ့၊ ကြားမဟဲ့၊ နာယူမဟဲ့၊ စေတနာလေးကို အဲဒီလိုထား။ အဲဒီလိုထားတော့ ဘာဖြစ်မလဲဆိုတော့ ဟိုးနိဒါန်းမှာပြထားတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံခါနီးမှာ အင်မတန်ကြီးမားသော ကရုဏာကြီးကို ငါတို့သူငါ လူတကာအတွက် သတ္တဝါအတွက် ငဲ့ကွက်ပြီးတော့ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့အခန်းမှာကိုပဲ သုံးမျိုးသုံးစားခွဲပြီးတော့ ထူးခြားတဲ့ မတူဘဲနဲ့ တမူခွဲပြီး ပရိနိဗ္ဗာန်စံတော်မူခဲ့တယ်ဆိုတဲ့ ကျေးဇူးတော်ကို ထောက်ထားရာရောက်တယ်၊ အဲဒီလိုမှမဟုတ်ဘဲနဲ့ တော်စွလျော်စွအနေဖြင့်ပြောခဲ့တဲ့ ဝတ်ကျေတန်းကျေဆိုတဲ့ အနေမျိုးအားဖြင့် နာပြန်တော့လည်း တော်ရိလျော်ရိ၊ မှတ်ပြန်သားပြန်တော့လည်း ခရေစေ့တွင်းကျမဟုတ်။ တော်ရုံလျော်ရုံ တော်စွလျော်စွ ဒီလိုမျိုးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကျေးဇူးတော် ပြန်ပြီးမထောက်ထားရာရောက်တယ်၊ ကိုယ်တော်မြတ်ကတော့ သူ့အကျိုးမဟုတ်ပါဘူး၊ သတ္တဝါတွေ အကျိုးအတွက် ငဲ့ကွက်ပြီးတော့။ ဒါကြောင့် ရှေးဘုရားများနဲ့မတူဘဲနဲ့ တမူခွဲပြီး ပရိနိဗ္ဗာန်စံခဲ့တယ်။ သာသနာ ကြည့်လိုက် သက်တမ်းငါးထောင်၊ ရှည်ကြာမသွေတည်ပါစေလို့ စေတောပဏိဓိ အဓိဋ္ဌာန်နဲ့ ပရိနိဗ္ဗာန်စံတော်မူတယ် ဒါပဲလား မဟုတ်ပါဘူး၊ ဒါသူ့အဓိဋ္ဌာန်နဲ့ ပရိနိဗ္ဗာန်စံတော်မူတယ်။

ဓာတ်တော်တွေ အသီးသီးဖြန့်ကြဲတော်မူခဲ့တယ်။ ဒီဓာတ်တော်တွေ ဘယ်ထိအောင်တည်မလဲ သာသနာငါးထောင်ထိတည်မယ်၊ ဒီအတောအတွင်း ဒီဓာတ်တော်တွေက မပျောက်မပျက်ဘဲနဲ့ သူသူငါငါလူတကာ သတ္တဝါတွေ ကိုးကွယ်ဆည်းကပ်ရင် ကောင်းကျိုးချမ်းသာရလိမ့်မယ်ဆိုတဲ့ စေတနာအားဖြင့် ကိုယ်တော်မြတ်က ဒီလိုငဲ့တယ်။ ဒီသာသနာငါးထောင်ဟာ အချောင်သုံးစားဘို့ ထားခဲ့တာမဟုတ်။ ငါတို့ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတုန်းကလိုပဲ သောတာပန်အစစ်တွေ ဖြစ်နိုင်တယ်၊ သကဒါဂါမ်တွေ ဖြစ်နိုင်တယ်။ အနာဂါမ်အစစ်တွေ ဖြစ်နိုင်တယ်၊ ရဟန္တာကြီးတွေ ဖြစ်နိုင်တယ်ဆိုတဲ့အနေအားဖြင့် ဒီလို အခွင့်အရေးတွေပေးသွားတယ်။ ဒါတင်ဘဲလား မဟုတ်ပါဘူး၊ ဒါဖြင့်ကောင်းပြီ၊ ငါဘုရားကိုယ်တော်မြတ်ထားတော်မူတဲ့ သာသနာငါးထောင်၊ ဒီနှစ်ပေါင်း ငါးထောင်တည်နေတဲ့ အတောအတွင်းမှာ သုံးစားတဲ့နေရာ၊ အသုံးချတဲ့နေရာ အလွဲလွဲအချော်ချော် မဖြစ်ပါစေနဲ့လို့ ကိုယ်တော်မြတ် နောက်ဆုံတင်းလွန်လွန်းလို့ ပရိနိဗ္ဗာန်စံခါနီးဆဲဆဲလေးမှာ အရေးတကြီးမှာကြားတော်မူတဲ့ မှာတမ်းတော်။ အဲဒီလိုအချက်တွေထောက်ထားပြီးတော့ ဒါကြောင့် တို့လူစုကနာကြားရတဲ့ အခိုက်ကလေးမှာဖြင့် စိတ်ကောင်းစေတနာကောင်း သန့်သန့်ကလေး ထားပြီးတော့ ငါမပြတ်သားရင်ပြတ်သားအောင် ကြိုးစားမဟဲ့။ ငါ့ဉာဏ်ထဲမရှင်းသေးရင် ရှင်းတဲ့ပုဂ္ဂိုလ်နဲ့ ငါတိုင်ပင်မယ်၊ ဆွေးနွေးမယ်၊ မေးလျှောက်မယ် အဓိပ္ပာယ်အားဖြင့် ဒီလိုရှိရမယ် ဘာဝန်လေးသလဲ ဝန်လေးစရာအကြောင်းမရှိပါဘူး။

http://www.dhammadownload.com



ဒီတော့ တစ်သံသရာလုံး သွားရမယ့် ခရီးလမ်းကြောင်းကဖြစ်နေ၊ ဘဝအဆက်ဆက်ကြီး သွားရမှာ တစ်ပျော်ကြီး၊ သံသရာက ဘယ်ကျမှ ဆုံးမယ်လဲမသိ၊ အေး ဒါကြောင့် ဒီလို သံသရာ မဆုံးခင်က ဒုက္ခထဲ တဝဲလည်လည်နဲ့ ခံစားနေကြတဲ့ဘေးတွေ၊ ဒါတွေ တွေးကြောက်၊ ကြောက်ပြီးတော့ မျက်မှောက်ရောက်နေတဲ့ဘဝလေး၊ တစ်ဘဝတစ်နပ်စာဆိုတဲ့ အနေအားဖြင့် ငါချမ်းသာပြီးရောဆိုတဲ့အလုပ်နဲ့ မလုပ်နဲ့။ ဒါကြောင့် ဘဝအဆက်ဆက်ဆိုသလိုပဲ ငါတို့သံသရာမှာ မနစ်မွန်းအောင်ကြိုးစားမယ်၊ သာသနာကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါ တစ်မဂ်တစ်ဖိုလ်မရနေပါစေတော့၊ ဒါပေမယ့် အားထုတ်ရမယ်၊ အားထုတ်လို့မှမရရှိစေတော့ အားထုတ်ရမယ့်ဝတ္တရားက ငါ့ဝတ္တရား။ အနည်းဆုံးကတော့ ဘာလုပ်ရမလဲ၊ ဒါကတော့ မရှောင်မလွှဲဘဲနဲ့ ရဲရဲဝံ့ဝံ့တာဝန်ခံရဲတဲ့လမ်းစဉ်ခေါ်တယ်။ အပါယ်လေးပါးလုံးလုံးကြီး တံခါးပိတ်စေမယ်လို့ တာဝန်ခံတဲ့စကားအရ၊ တကယ်လည်း တာဝန်ခံတဲ့အလျောက် ရှေ့နားကျတော့ ပြောင်မြောက်လာလိမ့်မယ်။ ဘယ်လောက်အထိ ခရီးရောက်တယ်ဆိုတဲ့ အဓိပ္ပာယ်။ ဒါကြောင့် ဒီလို ခရေစေ့တွင်းကျအနေအားဖြင့် တစ်လုံးချင်း တစ်လုံးချင်း မတတ်မချင်းသင်ပေးတယ်ဆိုတဲ့သင်တန်းဟာ မြန်မာပြည်မှာရှာကြည့်ပါ။ ဘယ်ဌာနမှ မရှိဘူး၊ အဲဒါ ဂုဏ်ဖော်တာမဟုတ်ပါဘူး။ စေတနာနဲ့ပြောနေတာ ဘယ်မှမရှိဘူး၊ ဘယ်ပုဂ္ဂိုလ်မှ သည်းခံပြီးတော့ နားမလည်လည်အောင် စာမတတ်တဲ့ မိန်းမသားများကစပြီးတော့ ဒီတရား မရရအောင် သင်ပြပေးနေတဲ့ သင်တန်းလည်းဖြစ်ပါတယ်။

ဒါကြောင့် မြန်မာပြည်တစ်ဝှမ်းလုံးမှာ စစ်ပြီးခေတ်ကဆိုလို့ရှိရင် ဒီဝိပဿနာတရားကြီးကို ပွားများတတ်အောင်၊ ပြန်လည်ပြီးတော့ ကျေနပ်မှုရသွားအောင် သင်တတ်အောင် နှလုံးသွင်းတတ်အောင် ခရေစေ့တွင်းကျလာအောင်၊ အပါယ်လေးပါး လုံးလုံးလျားလျား တံခါးပိတ်သွားအောင် ဒီဝိပဿနာတရားကြီးကို သင်တန်းအနေနဲ့ဖွင့်တယ်ဆိုတာ ဒီပဋ္ဌာနကစတာပါပဲ၊ ဘယ်မှမရှိပါဘူး။ အဲဒီလို စိတ်ကောင်းစေတနာကောင်းနဲ့ သင်ကြားပြသပေးတဲ့အခါမှာဖြင့်၊ ငါတို့သူငါလူတကာ ဆိုသလိုပဲ မိမိတို့ကိုယ်နဲ့၊ မိမိတို့စိတ်နဲ့၊ မိမိတို့အသိဉာဏ်နဲ့ဆိုင်တယ်။ ဒီလိုအားကိုးအားထား လောက်တဲ့အနေအားဖြင့် သင်ကြားပေးတဲ့အခါ ငါတတ်အောင်သင်ယူမယ်။ သင်တန်းတစ်တန်းလုံး ပြသွားတဲ့တရားတွေ အကုန်တတ်ရမယ်လို့ မဆိုလိုပါဘူး။ ဒီကပြသွားတာ ဒေသနာနည်းမှာရှိသမျှ ဒီနည်းနဲ့နားမလည်၊ ဟိုနည်းနဲ့နားလည်ရမယ်။ ဟိုနည်းနဲ့နားမလည်၊ ဟိုနည်းနဲ့နားလည်ရမယ်၊ အဓိပ္ပာယ်ကတော့ ဘယ်နည်းလောက်ပြထားရင် တစ်နည်းနည်းရနေရမယ်၊ ကိုယ်တော်မြတ်တရားကလည်း တစ်လုံးရရင်လည်းပဲ ကိစ္စပြီးပါတယ်။

ဒါကြောင့် ဆယ်နည်းပြရင် အဓိပ္ပာယ်တစ်နည်းရသွားရင် ဒီပုဂ္ဂိုလ်တော်တယ်၊ ဆယ်နည်း

http://www.dhammadownload.com



သဘောပေါက်၊ ဆယ်နည်းလုံးရရင် ပြောစရာမရှိပါဘူး။ ဒါကြောင့် တစ်လုံးရရင်ရသလောက် ခရီးရောက်တဲ့တရား။ အဲဒါကြောင် တစ်လုံးချင်းတစ်လုံးချင်း ရှင်းရှင်းပေးတယ်၊ မတတ်မချင်း သင်ပေးတယ်၊ ရက်ကကြာတာတွေ၊ ခရီးတွင်တာတွေမတွင်တာတွေ အဓိကမထားပါဘူး။ ရည်ရွယ်ချက်လာတာက သုံးလနဲ့ပြန်ရပြန်ရ၊ လေးလနဲ့ပြန်ရပြန်ရ၊ ပြန်ရတဲ့အချိန်မှာဖြင့် နောက်ဆုံး တစ်နေ့ ငါဓာတ်တစ်လုံးပဲ ပြရ့ပြရ ငါပြရကျိုးနပ်တယ်။ ဘာဖြစ်လို့ ဟာ ဓာတ်တစ်လုံးတော့ ရသွားပြီ၊ ဓာတ်တစ်လုံးတော့ ပြတ်သားသွားပြီ၊ တော်ပြီ ဒါလက်ဆုပ်လက်ကိုင်ရသွားပြီ၊ အဲဒီလိုမှ မဟုတ်ဘဲနဲ့ လေလာပြားပြားအနေအားဖြင့် ဒီဘက်ကလည်းကြည့်ကြောင်း၊ တရားကလည်း အင်မတန် ရှည်လျား၊ ထွေပြားလို့၊ ထသွားတော့ တစ်လုံးမှမရဘူးဆိုရင်ဖြင့် အဲဒါကျေနပ်မှုမရှိဘူး မိမိ စိတ်ထဲလည်း ဘယ်နည်းနဲ့မှ ဒါကျေနပ်မှုမရနိုင်ဘူး၊ ဘာဖြစ်လို့ သူလည်းပင်ပန်းကိုယ်လည်း ပင်ပန်း လုပ်ပြီးတော့ စခန်းလမ်းမရောက် ဖြစ်နေတယ်လို့ ဒါကြောင့် ခုနပြောသလို ရက်ညောင်းတာတို့၊ ကျယ်ဝန်းတာ၊ ရှည်လျားတာတို့၊ အဓိကထားပါ။

ဒါကြောင့် နည်းအမျိုးမျိုးနဲ့ ပြပြပြပြပြီးတော့ တစ်လုံးမသိ တစ်လုံးသိဟဲ့၊ စေတနာဒီလိုပဲ ထားပါတယ်။ ဒါကြောင့် အရင့်အရင်က ဆက်ကာဆက်ကာ ပြသွားတုန်းကလည်း အားမရပါဘူးပေါ့၊ ဒီပေမယ့်လို့ ဒီလောက်ဆိုတော်လောက်ပါပြီ၊ ခန္ဓာငါးပါး ရေတွက်တတ်ရင်ပဲ တော်ပြီဟဲ့။ စိတ်ထဲ ဒီလိုပဲအောက်မေ့တယ် ဒီမှာတင်မကပါဘူး၊ အရင်ပြသွားတုန်းက ရလာပါတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ပြီးအောင်ပြသွားတယ်၊ အခုလည်း ဒီသဘောပဲ၊ တစ်လုံးထဲရ တော်လောက်ပြီ၊ ဒါဖြင့် ပြတဲ့တစ်လုံးထဲ ရမလားဆိုတော့ ဒီပုဂ္ဂိုလ်ရပေမယ့် ဟိုပုဂ္ဂိုလ်ရချင်မှရမှာ။ ဒါကြောင့် တစ်လုံးမရတစ်လုံးရဆိုသလို တစ်လုံးချင်းတစ်လုံးချင်း ရှင်းရှင်းပြီးတော့ မတတ်မချင်းသင်ပေးနေတယ်။

အဲဒါကြောင့် အခုညပြနေတဲ့ ဝဏ္ဏဓာတ်ဆိုတဲ့သဘာဝလည်းပဲ၊ သူ့အသိကသိပ်မလွယ်ဘူး ဘာဖြစ်လို့မလွယ်လဲဆိုတော့ ပညတ်နဲ့ပဲငြိငြိနေကြတော့ ပညတ်ပေါ်တင်တင်တင်တင်နေတတ်တယ်။ အဲဒီလို ပညတ်ပေါ်တင်နေပြန်တော့ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဝဏ္ဏဓာတ်ဆိုတာ အမြင် သဘောလေးတွေ၊ အမြင်ဓာတ်သက်သက်ကလေး ကိုင်ကြည့်လို့လည်းမဖြစ်။ ယူကြည့်လို့လည်း မဖြစ်၊ မျက်စိနဲ့ကြည့်လို့လည်းမြင်ကောင်းတယ်၊ ဒါဘာဖြစ်လို့လဲ ရုပ်ဓာတ် (၂၈)ပါး မြင်ကောင်းတဲ့ တရား၊ ဒီတစ်လုံးတည်းပါ ကျန်တဲ့ (၂၇)ပါးက ဘယ်တရားမှ မမြင်ကောင်းဘူး။ ဒါကြောင့် သူ့ကျတော့ ဘာခေါ်လဲလို့၊ သနိဒဿနရုပ်ခေါ်တယ်။ ဘာဖြစ်လို့လဲ၊ မြင်ကောင်းတဲ့ရုပ်၊ အဲဒီမြင် ကောင်းတာတစ်ခုထဲကိုကထူးတယ်။ ဒို့ပြင် ဓာတ်လည်းမထူးပါဘူး၊ သဘောချည်းပဲ၊ ကိုင်လို့ မဖြစ်ဘူး၊ ယူလို့လည်းမရဘူး၊ အတုံး၊ အလုံး၊ အခဲ၊ လေးတောင့်၊ သုံးမြှောင်၊ အဝိုင်း၊ အပြား

http://www.dhammadownload.com



မေးလို့မရဘူး၊ အမှန်အမှားလေးမေးလို့လည်းမရဘူး၊ အရည်အဖတ်မေးလို့မရဘူး၊ တစ်ရွေးသား တစ်ပဲသား စုလို့ဆောင်းလို့ မရကောင်းဘူး။

ဘာဖြစ်လို့လဲ၊ သူလည်း သဘောတရားသက်သက်ပဲတဲ့။ ဒါကြောင့် နတ်ပြည်မှာ သဘော တရားသက်သက်၊ ဘာဖြစ်လို့ဘာလိုလို့ ဒီတရားကို ဟောနေသလဲ၊ ဒီဓာတ်ပြနေသလဲဆိုတော့ ဟိုနောက်နားက ပြခဲ့ပါတယ်။ ဓာတ်မှန်သမျှ ဒီသဘောချည်း။ သေသေချာချာမှတ်ထား၊ ဒါ "ဓာတုဒ္ဓော နာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌော နာမ သုညတဋ္ဌော၊ သုညတဋ္ဌော နာမ နိဿတ္တဋ္ဌော" ဆိုတဲ့ အသိလိုချင်လို့၊ ဒါအဋ္ဌကထာဆရာက ဖွင့်ထားတဲ့ ပါဠိတော်လည်းရှိတယ်၊ ဟော ကိုယ်တော် မြတ်ကိုက ဒီအသိကို လူတိုင်းလူတိုင်းသိစေလိုလို့ ဟောတော်မူတဲ့ ဒေသနာပါလားလို့၊ အဲဒါ သုနန္ဒပုဂ္ဂိုလ်၊ ဝါရဏပုဂ္ဂိုလ် နှစ်မျိုးရှိတယ်၊ သုနန္ဒပုဂ္ဂိုလ်ဆိုတာ ပြောသွားတာ နားထောင်တဲ့ပုဂ္ဂိုလ် သုနန္ဒပုဂ္ဂိုလ်ခေါ်၏၊ ဝါရဏပုဂ္ဂိုလ်ကပြောပြ၊ သင်ပြပေးတဲ့ပုဂ္ဂိုလ်ကိုဝါရဏပုဂ္ဂိုလ်ခေါ်၏၊ အဲဒီပုဂ္ဂိုလ် နှစ်မျိုးနှစ်စားမှာ သုနန္ဒပုဂ္ဂိုလ်ရဲ့ အစဉ်အလာဟာ ဘာအရေးကြီးသလဲဆိုတော့ ဟောပြောပြသွားတဲ့ တရားတော်၊ ဝါရဏပုဂ္ဂိုလ်ရဲ့ဆိုလိုသောအဓိပ္ပာယ်ကို နားလည်ဖို့အရေးကြီးတယ်၊ သူ့ရဲ့ရည်ရွယ်ချက် ဘာလိုလို့ပြောပါလိမ့်၊ ဘယ်အဓိပ္ပါယ်နဲ့စပ်လို့ပြောပါလိမ့်၊ ဒါကိုသိဖို့အရေးကြီးတယ်၊ ဒါ ဝိသိဋ္ဌခေါ်တယ်။

ပြောလိုတဲ့ ပုဂ္ဂိုလ်ရဲ့အလိုကို သိရမယ်တဲ့။ ဒါကြောင့် ဒီပြောလိုတဲ့ ပုဂ္ဂိုလ်ရဲ့ အလိုဆန္ဒ တောင်တွေး၊ မြောက်တွေးတော့မတွေးကြနဲ့။ သြော် သူပြောတာကဖြင့်သူပြောလိုတဲ့ အဓိပ္ပာယ် ကတော့ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သဘောမျှသက်သက်ကလေးဆိုတဲ့အဓိပ္ပာယ်။ ပညတ်တွေတကယ်လွတ်သွားအောင်၊ ရှင်းသွားအောင် အတုံး အလုံး အခဲပေါ်မှာ စွဲမနေအောင်၊ အမှန် အမှား အရည် အဖတ်ပေါ်မှာ စွဲမနေအောင်၊ ဝတ္ထုပစ္စည်းတစ်ခု အကောင်အထည် အထည်ဒြပ် သဏ္ဌာန်ပေါ် တင်မနေရအောင် သဘောမျှသက်သက်ဆိုတဲ့ အဓိပ္ပာယ်၊ အချုပ်အားဖြင့် ဒါလေး သိစေလိုလို့၊ နားမလည်လည်အောင် ပရိယာယ်အမျိုးမျိုးနဲ့ လှည့်ပတ်ပြတာပဲ။ အဲဒီလိုသိကြရင် ဒါအင်မတန် တန်ဖိုးရှိတဲ့အသိပါ။ ဒီတော့ သူပြောသွားတဲ့စကားထဲမှာ ပရိယာယ်ကအမျိုးမျိုး၊ မတတ်မချင်းသင်ပေးတော့ ဟိုကလှည့်၊ ဒီကလှည့်နဲ့ ပြပြပြပြနေတော့ စကားအသုံးအနှုန်း အပြော အဆိုအနေအားဖြင့်လည်း စကားလောဘကြီးလို့ စကားလုံးတွေမှားရင် နည်းနည်းပါးပါးမှားမယ်၊ ချွတ်ယွင်းချက်ပါရင်ပါသွားမယ်။

အဲဒါမျိုးကျတော့ ဟာ ဒီနေရာတော့ အသုံးလွဲသွားပြီထင်တယ်၊ စကားလောဘကြီးလို့ အသုံးလွဲသွားပြီထင်တယ်၊ စကားလောဘကြီးလို့ အသုံးလောဘကြီးသွားပြီ တူရဲ့၊ အသံကလေး

http://www.dhammadownload.com



ဒီနေရာမှာ ချွတ်ယွင်းသွား၊ ဒါပေမယ့် သူ့ရဲ့ ရည်ရွယ်ချက်တော့ဘာလဲ၊ စောစောကပြောပြတဲ့ သဘောတရားလေးဆိုက်အောင်ပြနေတာပဲ ကိုယ်ကဖြည့်လိုက်ပေါ့၊ ဒါဝန်လေးစရာ အကြောင်း မရှိပါဘူး၊ ဖြည့်လိုက်ပေါ့ ပြင်ချင်ပြင်လိုက်ပေါ့၊ ဒါစကားအသံထွက်မှားသွားတာ လိုရင်းကလည်း ဒီလိုရင်းသွားနေတာ အမှန်က၊ ဒီအတိုင်းဒီအတိုင်း အပြောကလေးမှားသွားတာ၊ ဟောဒီလိုဖြည့်စွက်ပြီး ယူသွားပြန်တော့လည်း ဘာမှအပြစ်ရှာမရပါဘူး။

ခုတော့ ဒီလိုတော့ မဟုတ်ဘူး၊ ခုနပြောသလို ဂျပိုး လိပ်ဖြစ်အောင် ပြောနေတယ်၊ ဒီပြနေတဲ့ ပုဂ္ဂိုလ်ရဲ့ အလိုဆန္ဒကိုတော့ မစဉ်းစား။ တို့ဘာရည်ရွယ်ပြီး ဒီလောက်သည်းခံပြီး သင်ကြား ပြသနေတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုနားမလည်၊ အဲဒီလို ဖြစ်နေတယ်။ ဒါကြောင့် အဲဒီလို မကြိုးစားတဲ့ စေတနာနဲ့မနာပါနဲ့လို့ စောစောကတည်းက ပြောထားတယ်။ ဘာ့ကြောင့် သူလည်း အပြစ် မကင်းဘူး၊ ကိုယ်လည်း အပြစ်မကင်းဘူး၊ ဒီလိုဖြစ်နေတယ်၊ ဒါကြောင့် တကယ်ရိုးသားတဲ့ စေတနာ ရှိတဲ့ ပုဂ္ဂိုလ်များအဖို့ဆိုရင်ဖြင့် သေသေချာချာ အာရုံစိုက်ပြီးတော့ သမာဓိကောင်းကောင်းထား၊ နာပါလို့၊ ဒါစောစောစီးစီးကတည်းက တောင်းပန်စကားပြောခဲ့တယ်၊ အဲဒါကြောင့် စေတနာ ရိုးရိုးသားသားနဲ့ နာတဲ့ပုဂ္ဂိုလ်များအဖို့မှာဆိုလို့ရှိရင် စောစောကပြောသလို မြတ်စွာဘုရား ကိုယ် တော်မြတ်ကြီး မိန့်ကြားတော်မူတဲ့ မှာတမ်းတော်စကား ထောက်ထားပြီးတော့၊ ဟာ တို့တော့ဖြင့် ပြောသမျှပြသမျှ အကုန်မတတ်တောင်ဘဲ ကိုယ်တော်မြတ် တိုက်ရိုက်အားဖြင့် ဟောတော်မူတဲ့ ဓမ္မက္ခန္ဓာထဲက တစ်လုံးပြတ်သားရင် တို့မှာတန်ဖိုးရှိတယ်ဟဲ့။

မှတ်သားပါ၊ သံသရာရဲ့ ထောက်ရာတည်ရာရပါတယ်၊ တစ်လုံးပြတ်သားရင် တစ်လုံးတည်း တတ်တစ်လုံးထဲနားလည်၊ ဘယ်လိုတတ်တုန်း ဝါးတားဝါးတားမဟုတ်ပါဘူး။ လူပြိန်းသူပြိန်း တတ်နည်း မဟုတ်ပါဘူး၊ ကိုယ်တော်မြတ်အလိုတော်နဲ့ ကိုက်ညီသွားအောင်၊ ကိုယ်တော်မြတ်ပြတော်မူတဲ့ ဒေသနာနဲ့တိုက်ဆိုင်သွားအောင် ဒီကလည်းပဲ ဒေသနာယုတ္တိနဲ့ပြတယ်၊ အာဂမယုတ္တိနဲ့ အာဂုံပါဠိနဲ့ ပြတယ်၊ သဘာဝယုတ္တိသဘောအားဖြင့်ပြတယ်၊ သာဓကယုတ္တိ သက်သေနဲ့ပြတယ်။ ဒါ ဘာဖြစ်လို့လဲ နားမလည်လည်အောင်ပြတာ။ အေး အဲဒီလိုပြတဲ့ သဘာဝလေးတွေ သေသေချာချာ ကိုယ်ပိုင်ဉာဏ်လေးနဲ့ ဝေဖန်ပြီးတော့ စဉ်းစဉ်းစားစားလေးနဲ့ နာယူတော်မူကြပါလို့၊ သင်စေချင်တဲ့ ဆန္ဒလေးလည်း ရှိပါတယ်။ ဒါ့ကြောင့် ခုပြနေတဲ့ ဝဏ္ဏဓာတ်သဘောဘာတုန်း၊ သဘောတရား သက်သက်ကလေးဆိုတဲ့အဓိပ္ပာယ်ကို သိစေချင်လို့၊ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်ပေါ်တင်မနေစေချင်ဘူး၊ အမှန်အမှားပေါ်တင်မနေစေချင်ဘူး၊ ဒါတွေ ရောထွေး မနေစေချင်ဘူး။ ဘာဖြစ်လို့လဲ၊ ဒီလိုရောထွေးမနေမှ ပညတ်ကတကယ်လွတ်သွားမှ သဘော

http://www.dhammadownload.com



တရားပေါ် သက်သက်ကလေးရောက်လာမှ၊ ကိုယ်တော်မြတ်အလိုဆန္ဒနဲ့ကိုက်သွားပြီ။ ဒါမှ သဘာဝကျမှာ၊ ဒါမှ အမှန်မြင်၊ အမှန်သိ၊ အဲဒါမှ ပရမတ်သိခေါ်တယ်၊ ဒီလိုမှမဟုတ်ရင် ဒါပညတ်ကြီး မလွတ်၊ မလွတ်တော့ဘာဖြစ် ဒါမဂ္ဂန္တရာယ်ကြီးပဲ မဂ်တားဆီးထားတဲ့သဘောတရား။

ဒါကြောင့် ခပ်ကြမ်းကြမ်းဟောတဲ့ တရားဟောဆရာကျတော့ ဘယ့်နှယ့်ဟောသလဲဆိုတော့ ဟော့ ခုနေ မင်းမျက်စိငါ့ကြည့်လိုက်ရင် မင်းကငါ့မြင်လား၊ ဟာမြင်တာပေါ့ ဆရာပဲဟာ၊ အေး အဲဒီလို ငါဟူသောအနေနဲ့ ငါ့ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်အနေနဲ့ မင်းမျက်စိမြင်နေရင်တော့ဖြင့် မင်းတော့ဖြင့် ဟော န္တားသတ်တဲ့အပြစ်ထက်ကြီးတယ် ဒီလိုမြင်တာ၊ တချို့က ဒီလိုကြမ်းကြမ်း ဟောတယ် တကယ်နားမလည်ဘူး ဘယ့်နှယ်လဲ၊ သူ့မြင်တာ သူဟူသောအနေနဲ့ မြင်တာ၊ န္တား သတ်တဲ့အပြစ်ထက် ကြီးတယ်၊ တော်တော်ဆိုးတဲ့စကား ဒီလိုဖြစ်နေတယ်၊ ဟိုကပြောတဲ့စကား ကတော့ အရင်းမရှိ အဖျားမရှိ တုံးတိတိကြီးဖြစ်နေတယ်။ ဒါပေမယ့် သေသေချာချာကြည့်တော့ အေး ဒီလိုမင်း ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် မင်းမြင်နေပြီဆိုရင် ပညတ်အမြင်ပဲ၊ အမြင်မှားနေတယ်၊ ပညတ်မှန်း ပရမတ်မှန်း မင်းမကွဲဘူး။

အဲဒီလို သက္ကာယဒိဋ္ဌိ တန်းလန်းသာရှိနေရင် မင်းမဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ခဲယဉ်းတယ် ဆိုတဲ့ စကား၊ အဲဒီလို ဆိုလိုတဲ့ပုဂ္ဂိုလ်ရဲ့ အာဘော်သိသွားပြန်တော့ ဩော် ဟုတ်သားပဲ၊ ဘုရား ကိုယ်တော်မြတ်ကိုက ဒီပညတ်ထဲမလွတ်လို့ရှိရင်ဖြင့် ပရမတ်ပေါ်မရောက်ရင် ဘယ့်နှယ့်နည်းနဲ့မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ဘူး၊ ဘာ့ကြောင့် မဂ်အန္တရာယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိ ထင်ရှားရှိနေပေါ့။ အဲဒီလိုဆိုတော့ ဖြေလိုက်တော့လည်းရှင်းလို့၊ မဟုတ်ဘူးလားဆို အင်မတန်ဟုတ်ပါတယ်၊ မင်းတို့ မျက်စိမြင်တာဟာ အကောင်အထည် မြင်နေတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မြင်နေတယ်၊ ယောကျာ်း မိန်းမတွေ ဖြစ်နေတယ်၊ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာတွေ မြင်နေတယ် ဒါဟုတ် ပါ့မလားဟ (မဟုတ်ပါဘူးဆရာ)။ ဘယ့်နှယ့်နည်းနဲ့မှ မဟုတ်နိုင်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီအမြင်တွေ ပကတိမျက်စိနဲ့ ပြောင်ပြောင်ကြီးမြင်နေတာ၊ ဖျောက်ပစ်ရမလားဆိုတော့ မင်းဘယ့်နှယ်ပြောမလဲ (မဖျောက်ပါဘူးဆရာ)။ ဖျောက်တော့ မဖျောက်ရပါဘူး၊ ဩော် အသိတစ်မျိုးနဲ့တိုးကြည့်ရမယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ၊ အသိတစ်မျိုးက ဘယ့်နှယ့်ကြည့်ရမလဲဆိုတော့ ဟာ ဒါတို့ ပကတိမျက်စိနဲ့ အကောင်အထည်တွေသာ စွဲနေတာ အမှန်ကတော့ ဒါတို့ သဏ္ဌာနပညတ်တွေမြင်၊ ဃနပညတ်တွေ မြင်၊ နာမပညတ်တွေမြင် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



## မျက်စိနှစ်မျိုး

ဒီလို ပညတ်တွေမြင်နေတာ တို့ပကတိမျက်စိနဲ့ ဒီအတိုင်းမြင်မှာပဲ၊ ဒါပေမယ့် ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တော့ တို့မြင်သလို ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် တုံး တိုင်တွေမှ မရှိပါဘဲပဲ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ ဪ သဘောတရားသက်သက်ကြီး၊ မြင်ကောင်းတာက မြင်ကောင်းတဲ့ ရုပ်ကို မြင်နေရတာပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီလိုဆိုတော့ ပညတ် လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)။ ဒီ သမ္မုတိအနေအားဖြင့်၊ ပညတ်အနေအားဖြင့် ဒီအမြင်တွေအကုန်လုံး မျက်စိစုံမှိတ်ထားရမယ်လို့ ဆိုလိုတဲ့စကားမဟုတ်ပါဘူး၊ တကယ်ပညာရှိ အရိယာတို့ရဲ့ အမြင်ကျတော့ မျက်စိနှစ်မျိုး၊ ပကတိမျက်စိမြင်ကတစ်မျိုး၊ ဉာဏ်အမြင်က တစ်မျိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပကတိမျက်မြင်လည်းပဲ သောတာပန် သကဒါဂါမ်ဆိုတဲ့ မဂ်ဖိုလ်ဉာဏ်ရနေတဲ့အရိယာတွေ သူလိုငါလိုပါပဲ။ ပုဂ္ဂိုလ် သတ္တဝါတွေ၊ ယောက်ျား မိန်းမတွေ မြင်တာပါပဲတဲ့ မထူးပါဘူး။ ဒါပေမယ့် သူတို့အသိလေးနဲ့ မြင်တိုင်းမြင်တိုင်း ငါမြင်တာရူပါရုံအဆင်းရုပ်၊ ငါမြင်တာဝဏ္ဏခတ်တ် ဒါလေးတွေကပ်လျက်သားပါသွားနော် (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား ငါပြောတာ (ဟုတ်ကဲ့ပါဆရာ)။

အေး ဒီအသိလေးက တတ်နိုင်သမျှပါသွားတော့ ဪ ဉာဏ်အမြင်က ဒီလိုသိထားတယ်။ မျက်မြင်ကတော့ သူမြင်ငါမြင်သလိုပဲ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)။ အေး အဲဒီဉာဏ် အမြင်ကလေး ပေါ်လာတယ်ဖို့တဲ့အနေအားဖြင့် ပညတ်ပေါ်ကလွတ်သွားပြီ၊ ပညတ်လွတ်သွား ပရမတ်ပေါ်တည့်တည့်လေးရောက်လာရော၊ အဲဒီအသိဉာဏ်ပေါက်ဖို့ရောက်ဖို့ဆိုပြီးတော့ ခတ်တစ်လုံးမှာ တစ်လုံးဆိုသလောက် ခရီးရောက်သွားအောင် သင်ကြားပြသပေးရခြင်းဖြစ်တယ်။ ဒါကြောင့် ခုပြနေတဲ့ ဝဏ္ဏခတ်ကို သေသေချာချာကြည့်စမ်း၊ မနေ့ညက တို့များပြောသွားပြီ ဒီဝဏ္ဏခတ်သည်လက္ခဏာရှိတယ်၊ ရသရှိတယ် ပစ္စုပဋ္ဌာန်ရှိတယ် ပဒဋ္ဌာန်ရှိတယ်။ ဟော သူလည်း ဋ္ဌာန်လေးချက် ဒီလိုလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီလို စည်းနဲ့ကမ်းနဲ့လာတယ်၊ အစစ်ဆေးခံနိုင်တယ်၊ အင်္ဂါနဲ့ လက္ခဏာနဲ့ဒီလိုလာတယ်၊ အနက်အဓိပ္ပာယ်တွ၊ ဒါကြောင့် ကိုယ်တော်မြတ်ဟောတော်မူတဲ့ဒေသနာတွေဟာ တစ်လုံးချင်းတစ်လုံးချင်း သေသေချာချာ ဂုဏ်ကျေးဇူးကို ရေတွက်ကြည့်မယ်ဆိုလို့ရှိရင် ချီးကျူးလို့မကုန်နိုင်ပါဘူး၊ အံ့ဩလို့မကုန်နိုင်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီအမြင်မျိုးမြင်လာအောင် ကိုယ်တော်မြတ်ပြခဲ့လို့ လောကသုံးပါး ဘုရားရယ်လို့ပွင့်လာပေလို့ ဒီအသိမျိုးတွေရတယ်၊ နို့မိုရင် တို့ပညတ်နယ်ထဲနေကြရမှာ၊ ပညတ်အနေနဲ့နေကြရင်

http://www.dhammadownload.com



တစ်သံသရာလုံး ဒီလိုလာတာပဲ ဘယ်တော့မှ အမှားအမြင်တွေ ပျောက်မှာမဟုတ်ဘူး။ ဒါကြောင့် မိမိဟာ တကယ်ပရမတ်အစစ်ကြီး ဉာဏ်အမြင်မှာပေါ်လာပြီ၊ ဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေ ပိုပြီးတော့ အထူးသဖြင့် ရှေ့ကထက်ပိုပြီး ကြည်ညိုလေးစား ဒီလိုဖြစ်နေရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါမှ တို့ ဘုရားစစ်တရားစစ်သံဃာစစ်ဆိုတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေ အထူးအထပ်ထပ်နဲ့ မပြတ်အောင်ပေါ်လာတယ်။ ဒီတရားမမြင်ခင်တုန်းက တရားကျေးဇူးမသိတော့ ဘုရားဂုဏ်တော်ရယ်၊ လောကသုံးပါးကိုးကွယ်ဆည်းကပ်ထိုက်တယ်ဆိုတဲ့ အနေအားဖြင့် ကိုးကွယ်ဆည်းကပ်နေကြတယ်၊ ကျေးဇူးလည်း နားမလည်ကြဘူး၊ ဘုရားဂုဏ်တော် ၄င်းနည်းအတိုင်းပါပဲ၊ သူသူငါငါတရားနာသလိုနာနေကြ ကျေးဇူးလည်းမသိပါဘူး သံဃာကျပြန်တော့ သံဃာဆိုတာ ကိုးကွယ်ကောင်းတယ်ဆိုလို့ ကိုးကွယ်လိုက်ရတယ်၊ ဂုဏ်ကျေးဇူးလည်းမသိရှာ ဒီလိုဖြစ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

## တရားမမြင်လျှင် ဘုရားကိုလည်း မမြင်

အဲဒါကြောင့် တရားတစ်လုံးမြင်လာပြီဆိုမှဖြင့် သြော် လက်စသတ်တော့ ရှာလို့ဖွေလို့ မဆုံးပါလားဆိုတဲ့ ကျေးဇူးတွေ ထင်ထင်ရှားရှား ပေါ်ပေါ်ပေါ်ပေါ်လာတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်းပဲ ဣတိဝုတ်ပါဠိတော်ဟောသွားတာ ရှိပါရဲ့၊ ငါကိုယ်တော်မြတ် ဟောတော်မူတဲ့တရားတော်မမြင်ရင်တဲ့ ငါဘုရားကို ဘယ်တော့မှမမြင်ဘူးတဲ့၊ ဟော မှတ်စရာမှတ်စရာနော် (ဟုတ်ကဲ့ပါဆရာ)။ ငါကိုယ်တော်မြတ်ရဲ့တရားတော်မြင်လို့ရှိရင် ငါနဲ့ဘယ်လောက်ပဲ ယူဇနာပေါင်း ဝေးကွာနေစေကာမူ ငါဘုရားကိုမြင်တယ်၊ အံ့သြစရာကောင်း မကောင်းဘူးလားကွ (ကောင်းပါတယ် ဆရာ)။ အေး ဒါ ဝက္ကလိသုတ်မှာ ဟောကြားတဲ့တရား၊ ဣတိဝုတ်ကျတော့တစ်မျိုးပါ၊ အင်မတန် ထင်ရှားတယ်၊ အဲဒါ တို့တိုက်ဆိုင်တာလေးတစ်ခုပြကြစို့ရဲ့၊ ဘယ့်နှယ် တရားမြင်မှဘုရားမြင်တယ် တရားမမြင်ရင်ဘုရားမမြင်ဘူးဆိုတာ ဟုတ်ပါ့မလား၊ ဟုတ်တယ်တဲ့၊ ဟုတ်ပုံလေးပြောပြမယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ် သစ္စာလေးပါးနဲ့ သစ္စာလေးပါးတရား၊ ဗောဓိပင်နဲ့ရွှေပလ္လင် အောင်မြင်တော်မူလို့ဘုရားဖြစ် ခေတ္တခဏလေးပဲ၊ ဘုရားတို့ထုံးတမ်းစဉ်လာ ဓမ္မတာအရအားဖြင့် ဆင်ခြင်တော်မူတော့ ရှေးဦးစွာဘာလုပ်။

သြော် မိဂဒါဝုန်တောဆိုတာ ဒါဗုဒ္ဓဝံသထုံးပဲ၊ ဒီတောသွားကြတယ်၊ ဓမ္မစကြာတရားဟောကြတယ်၊ ငါဘုရားကိုယ်တော်မြတ် ဓမ္မစကြာတရားသွားဟောမှပဲဆိုပြီးတော့ သွားတရားဟောတယ်၊ တရားဟောတော့ ပဉ္စဝဂ္ဂီငါးဦးဟာ ကိုယ်တော်မြတ်အလောင်းတော်ဘဝ ပါရမီဖြည့်စဉ်အခါတုန်းက ကျင့်ဖော်ကျင့်ဖက်တွေပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်စမ်း သူတို့ကလည်း သူတို့

http://www.dhammadownload.com



ဝါဒ တစ်မျိုး၊ သိဒ္ဓတ္ထမင်းသား အစာအာဟာရဖြတ်ပြီးတော့ ဘုရားဖြစ်အောင်ကြိုးစားတာ၊ တို့များက ပထမတော့ အဟုတ်မှတ်လို့၊ အစာရေစာဖြတ်ပြီးတော့ ကျင့်လိုက်တာ၊ နောက်တော့ အရိုးပေါ် အရေတင်လို့ သေစရာအကြောင်းပဲရှိတယ် ဘုရားတော့ဖြစ်မှာမဟုတ်ဘူးလို့ ကိုယ်တော်မြတ် ဆင်ခြင်တော်မူပြီး မဖြစ်ဘူး အာဟာရတော့ ထိုက်သင့်သလောက်မှီဝဲပြီးမှ ငါတရားကြိုးစားမှ ဘုရားဖြစ်မှာပဲလို့၊ သပိတ်လက်စွဲပြီးတော့ အရပ်ထဲဆွမ်းခံထွက်တော့ ပဥ္စဝဂ္ဂီငါးဦးက သူ့ကြည့်ထားတယ်။ ဒီအခါ သိဒ္ဓတ္ထမင်းသားဘုရားဖြစ်အောင်လုပ်ရမယ် ကြိုးစားပါ အားထုတ်ပါ အစာရေစာ မမက်မောပါနဲ့ လောကီတဏှာဖြတ်ပါ ဒါမှဘုရားဖြစ်တော့မှာပေါ့ဆိုပြီးတော့ တို့ကတိုက်တွန်းတယ်။

ပထမပိုင်းတော့ အစာရေစာဖြတ်တယ်၊ ဘုရားဖြစ်အောင်ကျင့်တယ်၊ ခုတော့ကြည့်စမ်းကွယ် ဘုရားလည်းမဖြစ်ဘူး။ သပိတ်လက်စွဲပြီးတော့ အရပ်ထဲဆွမ်းခံထွက်ပြီးတော့ အာဟာရ မှီဝဲသုံးဆောင်နေတယ် ဘယ်ဘုရားဖြစ်မလဲ၊ ကိုယ်တော်မြတ်ကတော့ ဘုရားဖြစ်လာပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)။ ဟော ဟိုကလာပြီ တို့ရဲ့ကျင့်ဖော်ကျင့်ဖက် သိဒ္ဓတ္ထမင်းသား အလောင်းတော်ဂေါတမအလောင်းတော့လာပြီ၊ အစာရေစာမက်မောတာနဲ့ ဘုရားမဖြစ်ဘူး၊ ဟော ဟိုကာဘုရားဖြစ်လာပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဘုရားမှန်းသိရဲ့လား (မသိပါဘူးဆရာ)။ အေး မသိဘူးကွ၊ အေး ဘုရားကို ပထမဆုံးတွေ့တာ ရှိတာ၊ ဒီတော့ ဘယ့်နှယ်လုပ်မလဲ၊ သူတို့ အကြံပေးတာမလိုက်တော့ ဘုရားအလောင်းကို၊ ဘုရားကိုယ်တော်မြတ်ကို သူတို့ကကြည့်ထားတယ်။ တို့က အစာရေစာ မစားပါနဲ့ဆိုတာ သူကနင်းစား ဘယ်ဘုရားဖြစ်လိမ့်မလဲ၊ မဖြစ်ရင် သူလာတာနေရာမပေးနဲ့၊ ဝတ်ကြီးဝတ်ငယ်မပြုနဲ့ ခရီးဦးမကြိုနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ငါးဦးသား ဒီအတိုင်း ကတိထားကြတယ်၊ ဒါပေမယ့် အနားကပ်လာတော့ ဗုဒ္ဓဂုဏ် အစိန္တိယာ–မြတ်စွာဘုရားကိုယ်တော်မြတ် ဂုဏ်ကျေးဇူးတော်၊ အစိန္တိယာဆိုထားတော့ ကိုယ်တော်မြတ်ရဲ့ဂုဏ်က အင်မတန်ကြီးမားတဲ့ဂုဏ်ဖြစ်နေတော့ သူတို့မနေနိုင်ဘူး ဆီးကြိုတာပါပဲ၊ နေရာထိုင်ခင်းပေးကြပါရဲ့ ဝတ်ကြီးဝတ်ငယ်ပြုတာပါပဲ၊ ပြုတော့ ဘုရားဖြစ်တာ သိရဲ့လား (မသိပါဘူးဆရာ)။ မသိပါဘူး။

ဘုရားက ငါဘုရားဖြစ်လာပြီ ငါ့တရားကိုနာကြလို့ ဒါလည်းသူတို့မသိသေးဘူး၊ ကြည့်ကြည့် ဘုရားကိုယ်တော်မြတ် သေသေချာချာမြင်နေတာ ဘုရားမှန်းသိရဲ့လား (မသိပါဘူးဆရာ)။ မသိပါဘူးကွ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဓမ္မစကြာတရားဟောတယ်၊ ဟောနေရင်းမတ္တကနေပြီးတော့ သဘောပေါက်လာတယ် ရှင်းလာတယ် တရားအဓိပ္ပါယတ္တနားလည်လာတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို တရားပေါက်လာမှ၊ တရားမြင်လာမှ ဩော် လက်စသတ်တော့ လောကသုံးပါး တို့သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ် ဖြစ်ပါပေါ့လားလို့ ဒီကျမှ

http://www.dhammadownload.com



ရှိခိုးကြတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ကိုင်း တရားမမြင်တော့ ဘုရားမြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ အေး ဘယ်မြင်မတုန်းကွဲ့၊ ဘုရားဆိုတာ ဘာမှန်းမသိပြီဘဲ အခု တရားလည်း မြင်ရော ဘုရားမှန်းလည်း သိပြီမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် ဣတိပိုတ်ပါဠိတော် ကိုယ်တော်မြတ်ဟောသွားတဲ့စကား၊ ငါဘုရားရဲ့တရား မမြင်လို့ရှိရင် ငါဘုရားမမြင်ပါဘူးတဲ့၊ ငါဘုရားတရား မြင်လာပြီဆိုရင် ငါဘုရားမြင်ရောတဲ့ မရှင်းဘူးလားကွဲ့ (ရှင်းပါတယ်ဆရာ)။ ဒါကြောင့် တို့လူစုကလည်းပဲ အခုမြတ်စွာဘုရားကိုယ်တော် မြတ် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ရှာလို့ရတော်မူလာတဲ့ ပရမတ်တရား ဓာတ်တရားကို တစ်လုံးတစ်ပါဒ မိမိဉာဏ်နဲ့ပြတ်သားလာရင် ဘယ့်နှယ်ဖြစ်မလဲ ဘုရားနဲ့တွေ့လို့နော် ဒီအမြင်မျိုး မြင်ရတာ ဘုရားဟောပေလို့မြင်ရတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘုရားသာ လောကသုံးပါး မှာမပွင့်လို့ ဒီအတိုင်းသာမှောင်အတိကျနေမယ်ဆိုရင် တို့ ဒီအမြင်မျိုးမြင်ရမှာမဟုတ်ဘူး။ ဒီအသိဉာဏ်မျိုး ရမှာမဟုတ်ဘူးဟဲ့၊ အဲဒီမှာ ဘုရားကျေးဇူးတွေ တဖွားဖွားနဲ့ ပေါ်ထွက်လာတယ် ပေးဆပ်လို့မကုန်ဘူး။ ဒီမှ ကိုယ်တော်မြတ်ရဲ့ဂုဏ်ကျေးဇူးတွေ အထူးသဖြင့်ယုံကြည်လာတယ်၊ အဲဒီလို ယုံကြည်လာမှလည်း သဒ္ဓါတရားကလည်း ဩကပ္ပန သဒ္ဓါတရားဖြစ်တယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ သဒ္ဓါမှန်ခေါ်တယ်။

အဲဒီလိုအခါမျိုးကျတော့ ကြိုးစားပမ်းစားနဲ့ ပူဇော်ပါ၊ ရှိခိုးပါ၊ မြတ်နိုးပါ၊ ဆည်းကပ်ပါ။ တရားကျတော့လည်း ၎င်းနည်းအတိုင်း၊ သံဃာကျတော့လည်း ၎င်းနည်းအတိုင်းပဲ၊ ဒီဂုဏ်ကျေးဇူး တွေ တစ်နည်းအားဖြင့် သိလာတဲ့အချိန်ကျတော့ ကိုးကွယ်ဆည်းကပ်လို့ အင်မတန် မြတ်တယ် ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါ့ကြောင့် ဒီအသိဉာဏ်လေးတွေဟာ တို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်မကပါဘူး၊ တစ်ချက်ခုတ်ရင် သုံးချက်ပြတ် လေးချက်ပြတ်ပါလို့။ ဒီတရားနာရလို့ ပြတ်ပြတ်သားသားပရမတ်အားဖြင့် ဓာတ်တရားတစ်လုံးကိုပဲ မိမိအသိဉာဏ်မှာ ထင်ထင်ရှားရှား ပေါ်လာရင် သိလာရင် ရလာရင် မိမိတို့ သဒ္ဓါတရား မသေးပါဘူး၊ ရှေးကထက် ဆယ်ဆထမ်းပိုး တိုး လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

သရဏဂုံယုံကြည်မှုမှာ အရင်နဲ့မတူပါဘူး၊ ဘယ်ဘာသာက လာပြီးတော့ တံစိုးလက်ဆောင်ပေး ခေါ်တောင် မရပါဘူးကွဲ့ ရပါဦးမလား (မရပါဘူးဆရာ)။ သူ့ယုံကြည်မှုက စွဲခိုင်သွားတယ်တဲ့၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ကျေးဇူးကဆပ်ပေးလို့ မကုန်နိုင်ဘူးဆိုတဲ့ကျေးဇူးတွေ ပေါ်လာတယ်။ ကြည့် ဒါကြောင့် ဒီဝဏ္ဏဓာတ်ဟာ သာမညမဟုတ်ပါဘူး။ သူ့ရဲ့လက္ခဏာရယ် ရသရယ် ပစ္စုပဋ္ဌာန်ရယ် ပဒဋ္ဌာန်ရယ် ဌာန်လေးချက်။ လက္ခဏာဘာတုန်း၊ လက္ခဏာက

http://www.dhammadownload.com



ဒီစက္ခုပသာဒဆိုတဲ့ ကမ္ဘဇအကြည်မှုန်လေး၊ ကံကြောင့်ဖြစ်ပေါ်လာသော သန်းဦးခေါင်းမျှပမာဏ ရှိတဲ့ ကမ္မဇဓာတ်အကြည်မှုန်လေးမှာ ထင်တတ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထိခိုက်တတ်တယ် ဩော် သူရဲ့လက္ခဏာ၊ ဒါဝဏ္ဏဓာတ်သိရင်အလွယ်လေး၊ မျက်စိဖွင့်ကြည့်လိုက်၊ မင်း ဖိနပ်မင်းမျက်စိလာပြီးတော့ထင်တယ်ဆိုတာမြင်တာပါ၊ ထိတယ်တိုက်တယ်ဆိုတာ မြင်တာပါပဲ၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သဘောက ဒါပါပဲ၊ ဒ့ါကြောင့် မင်းမျက်စိဖွင့်ကြည့်လိုက် မျက်စိနဲ့တိုက်ရိုက်တူရူအားဖြင့်ကျနေရင် မျက်စိမြင်လိုက်ရင် ဝဏ္ဏဓာတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် ''စက္ခုပဋိဟနနလက္ခဏံ ရူပံ'' (အဋ္ဌသာလိနီအဋ္ဌကထာ၊ ၃၅၅) ရူပံ– ရူပါရုံခေါ်ထားတဲ့ အဆင်းရုပ်တည်းဟူသော ဝဏ္ဏဓာတ်သည်၊ စက္ခုပဋိဟနနလက္ခဏံ–စက္ခုပသာဒ ခေါ်တဲ့ ကမ္မဇဓာတ်မှုန် အကြည်ရုပ်ကလေးကို ထိခိုက်ခြင်း၊ ထင်ခြင်းလက္ခဏာရှိ၏၊ မှတ်စရာတွေ မလွယ်ဘူးလားကွဲ့ (လွယ်ပါတယ်ဆရာ)။ အေး ဒါလေးမှတ်ထားပြီးတာပဲ၊ ဒါဖြင့် ဒီလိုမှတ်လိုက်တော့ မင်းမြင်တာဟာ တံုးမြင်တယ်၊ တိုင်မြင်တယ်၊ ပုဂ္ဂိုလ် သတ္တဝါမြင်တယ်ဆိုတော့ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ တံုးတွေ၊ တိုင်တွေများမြင်ရိုးမှန်လို့ရှိရင် ဒီပစ္စည်းတွေရှိရိုးမှန်ရင် တို့မျက်စိ သူငယ်အိမ် မျက်စိလာတိုးဦးမှာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ပုဂ္ဂိုလ် သတ္တဝါကောင်ကြီး လာတိုးမှာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုတော့ လာတိုးသေးလား (မတိုးပါဘူးဆရာ)။ မတိုးသာမတိုးတယ် မင်းမြင်တော့မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ ဒါအမြင်ဓာတ်ပဲ၊။

ပြီးတော့ကော ဒီကိစ္စဘာတုန်း၊ ဒီဝဏ္ဏဓာတ်ရဲ့ကိစ္စ၊ သူလုပ်တတ်တာဘာတုန်း၊ စက္ခု ဝိညာဏဿ ဝိသယဘာဝရသံ–စက္ခုဝိညာဏ်စိတ်ကလေးကို အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဒီဝဏ္ဏဓာတ်ဆိုတဲ့ အဆင်းရုပ်က ဒီစက္ခုပသာဒ အကြည်မှုန်လေး လာတိုက်တာကွနော် (ဟုတ်ကဲ့ပါဆရာ)။ တိုက်လိုက်တော့ ဘာဖြစ်သလဲလို့မေးတော့ စက္ခုဝိညာဏ်စိတ်ဆိုတဲ့ မြင်စိတ် ကလေးပေါ်လာ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မြင်စိတ်ကလေးပေါ်လာ အဲဒါမှတ်ထား သေသေချာချာ၊ အင်မတန်သိမ်မွေ့တဲ့ အခန်းလေးတွေပါ၊ ဒါလေးတွေ တစ်ခန်းလောက်ပိုင်သွားလို့ ရှိရင်ပဲ အင်မတန်မွန်မြတ်တဲ့ရားခေါ်ပါတယ် ဘာဖြစ်လို့ သိနိုင်ခဲတယ်၊ ဒါဖြင့် တို့မျက်စိနက်ဝန်း ကလေးရဲ့အလယ်ခေါင်မှာရှိတဲ့ အတိတ်ဘဝကကံက စီမံပေးလိုက်သော ကမ္မဇဆိုတဲ့ ပသာဒ အကြည်ရုပ်ကလေး သန်းဦးခေါင်းမျှပမာဏရှိတဲ့ မှန်ချပ်ကလေးထိ၊ ဒီမှန်ချပ်ကလေးလာပြီးတော့ ထိတဲ့ တိုးတဲ့ အာရုံသည် ဒါဝဏ္ဏအဆင်းရုပ် ရူပါရုံပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုတိုးလိုက်တော့ ဘာဖြစ်လဲ၊ သူလာတိုးမှ မင်းတို့ငါတို့က စက္ခုဝိညာဏ်ဆိုတဲ့ မြင်စိတ်ကလေး

http://www.dhammadownload.com



ပေါ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူလာမတိုးရင် မျက်စိကို သူလာမတိုးရင် မင်းတို့ငါတို့ မြင်တယ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မြင်တယ်ဆိုတာ စက္ခုဝိညာဏ်စိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကလေး စိတ်ကလေး အေး အဲဒီလိုလာပေါ်။

ဩော် ဒီစိတ်ကလေးဟာ ငါတို့သူငါ မျက်စိကြည့်လိုက်ရင် ဘာမြင်တယ်ညာမြင်တယ်နဲ့ သိမှုလေးပေါ်လာပြန်ပြီ၊ သိမှုလေးသည်ဘာလဲ၊ စိတ်ကလေးပေါ့၊ ဘာစိတ်ခေါ်သလဲ၊ စက္ခုဝိညာဏ်စိတ်ခေါ်တာပေါ့၊ ဘာဖြစ်လို့ စက္ခုဝိညာဏ်စိတ် ခေါ်တာတုန်း၊ စိတ်ကလေးတစ်ခုပဲ၊ စက္ခုဝတ္ထု၊ စောစောကပြောတဲ့ စက္ခုခေါ်ထားတဲ့ ပသာဒအကြည်ရုပ်ကလေးမှီဖြစ်လို့၊ ဒါကြောင့်သူမှီတဲ့ ဝတ္ထုရုပ်ကလေး တပ်ပြီးတော့ အမည်ကလေးတပ်ခေါ်ထားတာ၊ စက္ခုဝိညာဏ်စိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီစိတ်ကလေးဟာ ဒါဖြင့်အလိုလိုဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ဘယ်တော့မှ ဖြစ်တုန်း (မြင်လိုက်တဲ့အခါဖြစ်ပါတယ်ဆရာ)။ ဩော် မြင်လိုက်တဲ့အခါ၊ မြင်လိုက်တဲ့အခါမှာ ဘယ်သူနဲ့ဘယ်သူ ဘာဖြစ်သွားတာလဲ (စက္ခုပသာဒနဲ့ရူပါရုံနဲ့မြင်လိုက်တဲ့အခါမှာဖြစ်ပါတယ်ဆရာ)။ စက္ခုသာဒနဲ့ရူပါရုံနဲ့ ဘယ့်နှယ့်မြင်လိုက်တဲ့အခါ၊ စက္ခုပသာဒနဲ့ရူပါရုံနဲ့နှစ်ခုတိုက်ရုံရှိသေး မြင်နေပလားဟ၊ စက္ခုပသာဒနဲ့ရူပါရုံနဲ့တိုက်တဲ့အခါမှာ ပေါ်လာတယ်ဟုတ်လား ဒီစိတ်ကလေးက (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီရူပါရုံဆိုတဲ့ ဝဏ္ဏအဆင်းရုပ်နဲ့ စက္ခုပသာဒနဲ့ မတိုက်ရင်ကော (မပေါ်ပါဘူးဆရာ)။ မပေါ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အေး မြင်စိတ်ကလေး မဖြစ်ဘူးပေါ့၊ တိုက်မှ မတိုက်ပဲကိုးနော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန် ထင်ရှားတဲ့သဘောလေးပေါ့။

မင်းမျက်စိမှိတ်ထားရင် မင်းမြင်စိတ်ကလေး ပေါ်သေးသလား (မပေါ်ပါဘူးဆရာ)။ ဘယ်ပေါ်မလဲ၊ မင်းမျက်စိမှိတ်ထားတော့ မင်းသူငယ်အိမ်အကြည်ရုပ်ကလေးမှာ လာပြီးတော့ ဝဏ္ဏဆိုတဲ့ အဆင်းရုပ်က လာတိုက်သေးရဲ့လား (မတိုက်ပါဘူးဆရာ)။ မတိုက်တော့ စိတ်ကလေးပေါ်သေးရဲ့လား (မပေါ်ပါဘူးဆရာ)။ စိတ်ကလေးမပေါ်တော့ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)။ ဩော် ဒါမြင်တာ စက္ခုဝိညာဏ်စိတ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အတိုချုပ်တို့မြင်တာ စက္ခုဝိညာဏ်စိတ်ဆိုတာက အနည်းဆုံး လေးစီထိမြင်တဲ့ကိစ္စ ပြီးပြီကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် တို့လူစုအကြမ်းဖျဉ်းနဲ့ ဒါလေးမှတ်ထား၊ ဩော် လက်စသတ်တော့ ခုပြောနေတဲ့ဝဏ္ဏဓာတ်ဆိုတဲ့ အဆင်းရုပ်ကြီးသည် ရူပါရုံခေါ်ထားတဲ့ အဆင်းရုပ်ကြီးသည် ငါတို့ရဲ့ မျက်နက်ဝန်းအလယ်မှာရှိတဲ့ သန်းဦးခေါင်းမျှ ပမာဏရှိသော ကမ္ဗဇပသာဒ အကြည်မှုန်ကလေးလာပြီးတော့တိုက်မှ မြင်စိတ်ပေါ်တယ်၊ စိတ်ကလေး ဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလေးမှတ်၊ ဒီတော့ ဒါလေးဟာ ဒီစိတ်ကလေး ကိုယ်က မတိုက်ခင်တုန်းက မပေါ်ဘူး၊ ဥပမာ ဘာနဲ့တူသလဲ၊ စည်ရယ် လက်ခတ်ရယ်နော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။

စည်နဲ့လက်ခတ်နဲ့ ဘေးချင်းယှဉ်ချထားတော့ စည်အသံလေးပေါ်ရဲ့လား (မပေါ်ပါဘူးဆရာ)။ ဘယ်ပေါ်မလဲကွ သူ့မှမတီးတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ လက်ခတ်နဲ့တီးမှ ထိမှမထိဘဲ၊ တိုက်မှ မတိုက်ဘဲပဲတဲ့။ ကိုင်း ဒါဖြင့် ဒီလက်ခတ်ကြီးယူပြီးတော့ စည်မျက်နှာပြင်တိုက်လိုက်တော့ကာ တီးခိုက်တော့ ခတ်လိုက်တော့ ဘယ့်နှယ်နေလဲ (မြည်သွားပါတယ်ဆရာ)။ ဩော် မြည်လာတယ် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီမြည်လာတဲ့အသံက မင်းကြည့်စမ်းပါ။ လက်ခတ်နဲ့တီးပြီးတော့ အဲဒီစည်သံကိုကပ်ပြီးနားထောင်ကြည့်၊ လက်ခတ်ထဲမယ် အသံမြည်နေသလား (မမြည်ပါဘူးဆရာ)။ ဘယ်မှာမြည်နေသလဲ (စည်ထဲမှာမြည်နေပါတယ်ဆရာ)။ အေး စည်မှာမြည်နေတယ်နော်။

ဒါဖြင့် ဒီအသံသည် ဘာကိုမှီဖြစ်သလဲဆိုတော့ ဘယ့်နှယ်ပြောမလဲ (စည်ကိုမှီဖြစ်နေပါတယ်ဆရာ)။ စည်မှီဖြစ်တယ်၊ အဲဒီလိုစည်မှီဖြစ်တော့ သူမှီတဲ့ဝတ္ထုရဲ့အမည်လေးတပ်ခေါ်တော့ ဘာသံတဲ့ (စည်သံပါဆရာ)။ အဲ စည်သံလို့ ဒီလိုခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လက်ခတ်သံလို့များ ခေါ်သေးလား (မခေါ်ပါဘူးဆရာ)။ ဘယ်ခေါ်မတုန်းကွ၊ လက်ခတ်ထဲမှာ အသံရှာမရဘဲ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟိုမှာ အသံကဘယ်ကိုမှီဖြစ်၊ စည်ကိုမှီ၍ဖြစ်၏။ ဒို့ကြောင့် သူမှီဖြစ်တဲ့နေရာလေးရဲ့ဝတ္ထုလေးရဲ့အမည်လေးတပ်ခေါ်တယ် စည်သံ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါစည်တီးတာပဲ၊ စည်တီးပြီးတာနဲ့ အသံကချက်ချင်းရပ်သွားတာမဟုတ်ပါဘူး ဟိန်းနေတဲ့အသံကျန်ပါသေးတယ်၊ အဲဒီဟိန်းနေတဲ့အသံသည် ဘယ်ကထွက်သလဲ လက်ခတ်ကထွက်သလား စည်ကထွက်သလား စည်ကထွက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် စည်ရဲ့သံစဉ်ကိုမှီ၍ ဒီအသံသည်ဖြစ်သည်၊ ဒါဖြင့် ဒီအသံရဲ့မှီရာဆိုတဲ့ ဝတ္ထုရုပ်ရဲ့အမည်လေးတပ်ခေါ် ဘာအသံဖြစ် စည်သံ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

နဂိုက စိတ်ကလေးရှိးရှိးပါကွ၊ မင်းတို့ငါတို့သိတယ် သိတယ်ဆိုတဲ့ စိတ်ကလေး၊ အဲဒီစိတ်ကလေးကို၊ စိတ်ကလေးကိုခေါ်တာလားဆိုတော့ မဟုတ်ဘူးတဲ့၊ စောစောကပြောတဲ့ စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်ကလေးမှီဖြစ်တာတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ သူမှီတဲ့ စက္ခုပသာဒဆိုတဲ့ စက္ခုဆိုတဲ့အမည်လေးတပ်ပြီးတော့ စက္ခုဝိညာဏ်စိတ်လို့ခေါ်တာပါ ဒီလိုဆိုတော့ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။ အေး အေး ဒါဖြင့်ရင် ရှင်းရှင်းလေးပြောတော့ ရူပါရုံဆိုတဲ့ အဆင်းရုပ်သည် စက္ခုပသာဒဆိုတဲ့ အကြည်မှန်ကလေးကို တိုက်တတ်၏ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုတိုပြောလိုက်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် သူတို့တိုက်တဲ့ကိစ္စ ဒါလက္ခဏာပါ၊ ဝဏ္ဏဆိုတဲ့ အဆင်းဓာတ်သီချင်လို့ရှိရင် အလွယ်လေး ဘယ်လိုမှတ်ရပါ့မလဲ

http://www.dhammadownload.com



စက္ခုပသာဒ အကြည်မှုန်လေးလာတိုက်တာ ဝဏ္ဏဓာတ်ပေါ့မလွယ်ဘူးလားကွ (လွယ်ပါတယ်ဆရာ)။

ဒါဖြင့် စက္ခုဆိုတဲ့ ပသာဒအကြည်မှုန်လေး လာတိုက်တာ၊ ဖြူတာမှ တိုက်သလား၊ နီတာမှ တိုက်သလား၊ နက်တာမှ တိုက်သလား၊ မဲတာမှ တိုက်သလား၊ ကြောင်တာမှ တိုက်သလား၊ ကြားတာမှ တိုက်သလား မဟုတ်ပါဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်ကောင်းတဲ့ အရာဝတ္ထု၊ တိုက်ကောင်းတဲ့ရုပ်ဝတ္ထု ဝဏ္ဏဓာတ်တွေ အများကြီးပဲရှိတယ်၊ ဒီလိုအမည်နာမပညတ်တွေ မှတ်မနေပါနဲ့တဲ့။ အလွယ်လေးသိချင်ရင် မျက်စိလာပြီးတိုက်လိုက်ရင် မျက်စိလာပြီး မြင်လိုက်ရင် သြော် ဝဏ္ဏရုပ်ပဲ၊ ဝဏ္ဏဓာတ်ပဲ၊ ဒီလိုဆိုတော့ အမှတ်ရမလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ အေး သူနဲ့တိုက်တဲ့သတ္တိ ဘာရှိသလဲဆိုတော့ သူကကိစ္စရသခေါ်တယ်၊ "စက္ခုဝိညာဏဿ ဝိသယဘာဝရသံ"၊ စက္ခုဝိညာဏဿ–စက္ခုဝိညာဏ်စိတ်အား၊ ဝိသယဘာဝရသံ–အာရမ္မဏ ပစ္စယသတ္တိအားဖြင့်၊ ကျေးဇူးပြုသည်ဆိုတော့ မြန်မာလိုနားလည်အောင် ငါပြောမယ် အဓိပ္ပာယ် အားဖြင့် လွယ်လွယ်လေး၊ စာအနေကတော့ ဘာသာပြန်ရင် ဝေ့လည်ဝေ့လည်ဖြစ်နေ၊ ဒီဝဏ္ဏ ဓာတ်ဟာ ဘာလုပ်တတ်သလဲမေးရင် စက္ခုဝိညာဏ်မြင်စိတ်ကလေးသည် ငါ့ကိုအာရုံပြုရမယ်၊ ဒီလိုဆိုတော့ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)။

ခုန မြင်စိတ်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ သြော် ဝဏ္ဏဓာတ်နဲ့ စက္ခုပသာဒ တိုက်လိုက် ရင် တိုက်သည်နှင့်တစ်ပြိုင်နက် စည်နဲ့လက်ခတ်ထိတယ်ဆိုသလိုပဲ အသံလေးပေါ်လာတယ်၊ အသံပေါ်လာသလိုပဲ ဝဏ္ဏဓာတ်နဲ့ စက္ခုပသာဒနဲ့ တိုက်လိုက်ရင် စိတ်ကလေးပေါ်လာ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေးက ဘာလုပ်တတ်သလဲမေးတော့ ဒီစိတ်ကလေး ကို ဘယ့်နှယ့်လုပ်သလဲ၊ ဝဏ္ဏဓာတ်က စိတ်ကလေးတော့ ပေါ်လာပြီ၊ စက္ခုပသာဒအကြည်မှုန်လေး ငါဝင်တိုက်လိုက်လို့မင်းပေါ်လာပြီ၊ ဒါမင်းဝတ္တရား ပေါ်လာသည်နှင့် မင်းသည်ငါ့ကိုအာရုံပြုရမယ် ဟော သူရဲ့ကိစ္စနော် (ဟုတ်ကဲ့ပါဆရာ)။ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)။ အေး ငါ့ကို အာရုံပြုရမယ်လို့ သူကခိုင်းလိုက်တော့ ဥပမာ တော်ကြာ ငါ့ကွယ်ရာစိတ်ကလေးက ခိုင်းတယ် ခိုင်းတယ် ပြောနေပါ့မယ်။

ခုမင်းအာရုံပြုရမယ် ခိုင်းသည်နှင့်တစ်ပြိုင်နက် မင်းအာရုံပြုလိုက်တယ်၊ သြော် စက္ခုပသာဒ အကြည်ရုပ်ကလေးလာတိုက်တဲ့ ဝဏ္ဏဆိုတဲ့ အဆင်းဓာတ်သည် ဘာလဲဆိုတော့ သူက အာရုံ ပြုလိုက်တယ်၊ အာရုံပြုတော့ မြင်သွားပြီ၊ ငါ့လာတိုက်တဲ့ စက္ခုပသာဒ လာတိုက်တဲ့ ဝဏ္ဏဆိုတဲ့ အဆင်းရုပ်သည် လောကသမ္မုတိပညတ်အနေအားဖြင့် အစိမ်းဖြင့် အစိမ်း၊ အနီဖြင့် အနီ၊ အပြာဖြင့် အပြာ၊ အဝါဖြင့် အဝါ၊ အမဲဖြင့် အမဲပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ အရိပ်ဖြင့် အရိပ်၊ အလင်းရောင်

http://www.dhammadownload.com



ဖြင့် အလင်းရောင်၊ နေပူရောင်ဖြင့် နေပူရောင်၊ ခွဲခြားလို့ လူတိုင်းသိသွားကြ၏။ ဒါ စက္ခုဝိညာဏ်စိတ် သိတယ် မဟုတ်လား (သိပါတယ်ဆရာ)။ အေး အဲဒီတော့ သိသွားတော့ ဘာဖြစ်လာသလဲ။

နောက်တစ်ခါ ပစ္စုပဋ္ဌာန်တဲ့၊ ရှေးရှုထင်တဲ့အကြောင်းကလေး ပြောစမ်းပါဆိုတော့ "တဿေဝ ဂေါစရပစ္စုပဋ္ဌာနံ" (နီ၊ ၃၅၅) ထိုစက္ခုဝိညာဏ်စိတ်၊ ထိုရူပါရုံဆိုတဲ့ စက္ခုဝိညာဏ်စိတ်သည် ခံစားခြင်းသဘောရှိ၏လို့ ဉာဏ်မှာထင်တယ်၊ အမှန်က ခုနမြင်တဲ့ လာတိုက်တဲ့ ဝဏ္ဏ အဆင်းရုပ် ကလေး အရသာကို ခံစားတတ်တဲ့သဘောကလေး ရှေ့ရှုဖြစ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ ပစ္စုပဋ္ဌာန်၊ အခုကြည့်၊ မင်းတို့ငါတို့ မျက်စိမြင်လိုက် ရူပါရုံလေး ရလာပြီးတော့ သူလာတဲ့ အဓိပ္ပာယ် လေးတော့ သိသွားတယ်မဟုတ်လား (သိပါတယ်ဆရာ)။ သိသွားတော့ ခုန စက္ခုဝိညာဏ်စိတ်ဟာ ဒီရူပါရုံ၏ သဘောလေး ခံစားမှုသဘောလေး၊ ကျက်စားမှုသဘောကလေးပေါ်လာနော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒါ့ကြောင့် သိတာ။

ဟော လက္ခဏာရယ်, ရသရယ်, ပစ္စုပဋ္ဌာန်ရယ်၊ ပဒဋ္ဌာန်ကဘာလဲ ပဒဋ္ဌာန်ကတော့ တခြားမဟုတ်ပါဘူး၊ အမှီပြုဖြစ်တယ်၊ "စတုမဟာဘူတပဒဋ္ဌာနံ" (နီ၊ ဌ၊ (၃၅၅) ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကို မှီပြီးဖြစ်တဲ့တရားမို့ သူဟာ အနီးဆုံးအကြောင်းပါပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲ ဝဏ္ဏဓာတ်တစ်လုံးချင်း လက္ခဏာရှိရမယ်, ရသရှိရ မယ်, ပစ္စုပဋ္ဌာန်ရှိရမယ်, ပဒဋ္ဌာန်ရှိရမယ်၊ ဟော ဓာတ်လေးချက်ရဲ့ အဓိပ္ပာယ်ထွက်လာတော့ အ ကိုက်ဘဲမကိုက်ဖူးလား (ကိုက်ပါတယ်ဆရာ)။ အေး အေး အဲဒီလို သိစေမြင်စေလိုလို့ ကိုယ်တော်မြတ်ကလည်း ဒီအတိုင်းထုတ်ဖော်ဟောသွားတယ်။ ဒါတရားရတယ်၊ ဘုရားကိုယ်တော်မြတ် ပွင့်တော်မူလို့သာလျှင် ဓာတ်တစ်လုံးတစ်လုံးမှာ သူ့စည်းကမ်းနဲ့၊ သူ့နည်းလမ်းနဲ့ ကျကျနနဝေဖန်ပြီး ဟောတော်မူတာ၊ တစ်ပါးသောပုဂ္ဂိုလ်ဟောလို့မဖြစ်ဘူး၊ သိလည်းသိကောင်းစရာအကြောင်း မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် လောကသုံးပါး ဘုရားကိုယ်တော်မြတ် ပွင့်လာတော့ မင်းတို့ငါတို့လည်း ဘုရားကိုယ်တော်မြတ်ပြတော်မူတဲ့ နိဿယအတိုင်းကျင့်လိုက်တော့ ဒီအမြင်လေး တွေ မြင်လာတယ်၊ ဒီအသိလေးတွေ သိလာတယ်ဆိုတော့ တန်ဖိုးအင်မတန်ကြီးပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်သိနိုင်ခဲတဲ့တရားတွေ။

ဒါ့ကြောင့် ဘုရားကျေးဇူး ပိုပိုပိုပိုပြီးတော့ ပေါ်ပေါ်ပေါ်ပေါ်လာတယ် ဟုတ်လား (ဟုတ် ကဲ့ပါဆရာ)။ ဒီမှလည်း အင်မတန်ကြည်ညိုဖို့ကောင်းတယ်၊ အားရပါးရ ဒီမှတကယ့်စေတနာအရင်း အမှန်တွေတဖွားဖွားထွက်လာတယ်၊ ဒီလိုမှမဟုတ်ရင် ဝတ်ကျေတန်းကျေဆိုတော့ ကြည့်ပါလားကွ၊ တို့လူမျိုးက ဘုရားရှိခိုးလို့၊ ဘုရားကိုးကွယ်တယ်၊ ရှိခိုးရတယ်ဆိုတော့ ကိုးကွယ်နေတာ၊ တချို့များ

http://www.dhammadownload.com



ဘုရားရှိခိုးရင်း ပဲပြုတ်သည်ခေါ်နိုင်တယ်၊ ကျီးခြောက်နိုင်တယ်၊ ခွေးခြောက်နိုင်တယ်၊ ပါးစပ်ကတော့ လက်အုပ်လေးချီလို့ အစိန္တေယျ၊ အစိန္တေယျ၊ ဟဲ့ခွေး၊ အစိန္တေယျ ပဲပြုတ်သည် လာအုံးခေါ်စမ်းဟဲ့၊ ဒီလို မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီလိုလုပ်တာ ဘာဖြစ်လို့ဆိုတော့ ခုနပြောတဲ့ ဘုရားကျေးဇူးမသိ၊ မသိတော့ လေးကိုမလေးစားဘူး ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

ဘုရားကျေးဇူးသိလာတော့ ဘုရားရှေ့ထိုင်ပြီး လက်အုပ်ချီမှမဟုတ်ပါဘူး၊ သွားရင်းလာရင်းနဲ့ ဒီတရားတွေးလိုက်ရင် ဘုရားကျေးဇူးပေါ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘုရားပြပေလို့၊ ဘုရား ဟောပေလို့၊ လောကကြီးမှာ ဘုရားပွင့်တော်မူပေလို့၊ အင်မတန်ခက်ခဲနက်နဲတဲ့ အသိဉာဏ် ငါ့ရတယ်၊ သိရတယ်၊ အင်မတန် မွန်မြတ်စရာကောင်းတယ်၊ နှစ်သက်စရာကောင်းတယ်၊ ဟော ဒီလိုဖြစ်လာ၊ ဒီတော့ ဘုရားကျေးဇူးပေါ်လာ၊ ဒီလိုမှမဟုတ် မင်းကိုငါပြောသလိုပဲ ဘုရားရှိခိုးရင်း ခွေးမောင်းမယ်၊ ကျီးမောင်းမယ်၊ ပဲပြုတ်သည်ခေါ်မယ်၊ ဈေးသည်ခေါ်ချင်တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့လုပ်၊ အဲ့ဒါ ဘာလဲဆိုတော့ ဝါစာကမာ ဝတ်ကျေတန်းကျေနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလို ဖြစ်နေတော့ ဒီသဒ္ဓါတရားကလည်း သိပ်ပြီးတော့ ထက်ထက်သန်သန် အကျိုးမပေးပါဘူးကွ၊ ထိုက်သည့်အားလျော် အကျိုးပေးပေါ့၊ မလုပ်တဲ့လူနဲ့စာရင်တော့ တော်တယ်လို့ ပြောရမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဩော် ဝဏ္ဏစာတ်ရဲ့ သဘောအဓိပ္ပာယ်လေးတွေဟာ မနေ့ကပြောခဲ့ပြီ၊ ဝဏ္ဏစာတ်ဆိုတာ ဘုရားကိုယ်တော်မြတ် သိစေလိုတာကတော့ သဘောတရား သက်သက်ကလေးပဲလို့၊ ဘာမှ အတုံး အလုံး အကောင်အထည် အထည်ဒြပ်သဏ္ဍာန် တို့မြင်တာတွေ မဟုတ်ပါပဲလားလို့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ အဲဒီလိုမှ အသိဉာဏ်မရှိရင် တို့မြင်သမျှအရာဝတ္ထုတွေဟုတ်တယ်၊ ရှိတယ်၊ မှန်တယ်လို့ ဒီလိုပဲမှတ်နေ၊ မမှတ်ဖူးလား (မှတ်ပါတယ်ဆရာ)။ အေး မြင်တာလည်း ဘာကို မြင်တယ်၊ ငါခုနပြောသလို ယောကျ်ားလည်း မြင်၊ မိန်းမလည်း မြင်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မြင်၊ အကောင်အထည်လည်း မြင်၊ အထည်ဒြပ်သဏ္ဍာန်လည်း မြင်၊ တုံးမြင်၊ တိုင်မြင်၊ တောမြင်၊ တောင်မြင်၊ အိမ် ကျောင်း ဇရပ် မြို့ ရွာ နိုင်ငံမြင် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါတွေချည်း မြင်နေတာကိုး အကုန်လုံး၊ အဲဒီတော့ ဒီအမြင်တွေဟာ မြင်တဲ့အတိုင်း ကိုယ်က ယုံယုံကြည်ကြည် နှစ်နှစ်ခြိုက်ခြိုက်နဲ့ လိုက်လိုက်ပြီးတော့ ဟုတ်တယ်ဟဲ့ ငါမြင်နိုင်တယ်၊ မှန်တယ်ဟဲ့ ရှိတယ်ဟဲ့ အဲဒီလိုယူနေ၊ ဒီအယူ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဘာအယူခေါ်တာတုန်း၊ ဘာဖြစ် ဘာစိတ် (မိစ္ဆာအယူပါဆရာ)။ အယူမှားတဲ့၊ အယူမှားခေါ်တယ် နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် ဒီအယူတွေစွန့်ရမယ်ဆိုလိုတာ မဟုတ်ပါဘူး၊ မြင်ပေါ့ မြင်ပြီးတော့သိထားရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဟာ တို့မြင်တဲ့အထဲ တို့ကတော့ လူ ပုဂ္ဂိုလ် သတ္တဝါတွေမြင်ရင် လောကအကျိုး

http://www.dhammadownload.com



စီးပွား ပြီးမြောက်စေခြင်းအကျိုးငှာ မြင်တဲ့အတိုင်းပြောရမှာပဲ၊ မြင်တဲ့အတိုင်း ကျင့်သုံးရမှာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သေသေချာချာကြည့်လိုက်တော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပရမတ်တရားနဲ့ကြည့်လိုက်တော့ ဒါတွေဟာ ဘာမှ လားလားမှမရှိဘူးပဲ၊ အမှန်ကတော့ မြင်တာဆိုတာဘာတုန်း၊ မြင်တာ မြင်ကောင်းလို့ မြင်၊ မြင်ကောင်းတဲ့ဝဏ္ဏ ရုပ်တရားမို့ မြင်တာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သနိဒဿနရုပ်တဲ့ မြန်မာလိုပြောတော့ မြင်ကောင်းတဲ့ရုပ်၊ မြင်ကောင်းတဲ့ရုပ်မို့လို့မြင်တာပေါ့ကွ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေးအေး အဲဒီလို မြင်ကောင်းလို့မြင်တယ်ဆိုတဲ့ အဓိပ္ပာယ်လေးကို သေသေချာချာနားလည်ထားပါ။ ဒါဖြင့် ဒီမြင်ကောင်းတဲ့ရုပ်ကလေးသည် အခုတို့မြင်ထားတာကတော့ ဟာ တော်ကြာဘာမြင် ညာမြင် အတုံး အလုံး အခဲမြင်၊ ဒီတော့ မြင်တဲ့အတိုင်းကောက်ကြ၊ ယူကြဖြစ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။

ရုပ်ပစ္စည်းရှိတဲ့အနေအားဖြင့် မြင်တယ်၊ ဪ ခုလို မြင်ကောင်းတဲ့သဘောသက်သက် ကလေးက ဒါဝဏ္ဏဓာတ်အဆင်းရုပ်ပဲလို့ဆိုလိုက်တော့ ဘယ်လိုဖြစ်လာလဲဆိုတော့ သူ့အတုံးမှတ်လို့ သွားကိုင်ကြည့်လည်းမတွေ့ (ဟုတ်ကဲ့ပါဆရာ)။ အကောင်အထည်မှတ်လို့ သွားကိုင်ကြည့်လည်း မတွေ့ တွေ့သေးရဲ့လား (မတွေ့ပါဘူးဆရာ)။ အရည် အဖတ် အမှုန်အမွှားမှတ်လို့ သွားပြီးတော့ ကိုင်ကြည့်တော့မရှိဘူး ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အထည်ဒြပ်သဏ္ဌာန်ကင်းဆိတ်လို့ ဟာဒါဘာတုန်း ဒါဖြင့်ရင် ဟာဘာမှမဟုတ်ဘူး ဒါသဘောတရား သက်သက်ကလေးပဲ၊ ဒါအမြင်ဓာတ်ပဲ စက္ခုပသာဒအကြည်ရုပ်ကလေးမှာလာပြီးတော့ တိုက်တတ် ထိခိုက်တတ်တဲ့သတ္တိလေး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီသဘောလေး၊ အဲဒီလက္ခဏာကို သေသေချာချာမှတ်ထား။ အဲဒါလေး ကျကျနနမှတ်ထား၊ ဒါဖြင့် အဖြူ၊ အပြာ၊ အဝါဆိုတဲ့ အရာဝတ္ထုတွေ တို့ဒါရွေးစရာဆိုတဲ့ ဒါတွေရွေးမနေပါနဲ့ မှတ်မနေပါနဲ့ စက္ခုပသာဒအကြည်ရုပ်ကလေး လာတိုက်ရင်ဒါဝဏ္ဏဓာတ် မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။ ဒါဖြင့် ဖြူမှ အဆင်း၊ နီမှ အဆင်း၊ ဝါမှ အဆင်းဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ အေး ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ပြတော်မူတဲ့ လမ်းစဉ်ကတော့ ပြခဲ့ပြီးတဲ့ မဟာဘုတ်လေးပါးထဲ အခုပြနေတဲ့ ဥပါဒါန်ရုပ်လေးပါး ပေါင်းလိုက်တော့ (၈)ပါး၊ ရုပ်(၂၈)ပါး၊ နာမ်တရားအားဖြင့် တေပညာသ ငါးဆယ့် သုံးပါး အဓိပ္ပာယ်အားဖြင့်၊ ဒီရုပ်နာမ်နှစ်ပါးကိုပဲ ခန္ဓာငါးပါးဟော၊ ခန္ဓာငါးခုဟောတာ ဘာလို့လဲ ဟောသလဲ၊ ပုဂ္ဂိုလ် သတ္တဝါ မရှိတဲ့အကြောင်းသိချင်လို့ဟောတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ဒါသက္ကာယဒိဋ္ဌိပြုတ်သွားအောင် ဟောတယ်၊ တစ်ခါလာပြန်ပြီ၊ ဒီရုပ်နာမ်နှစ်ပါးကိုပဲ

http://www.dhammadownload.com



တစ်ဆယ်နဲ့နှစ်ပုံပုံပြီးတော့ အာယတန (၁၂)ပါးအနေနဲ့ ဟောပြန်တယ်၊ တရားအတူတူပဲ တိုးမလာပါဘူး၊ ရုပ်နာမ်နှစ်ပါးပါပဲ၊ (၁၂)ပုံ ပုံရင် အာယတန (၁၂)ပါးဖြစ်တယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

အာယတန (၁၂)ပါးအနေနဲ့ သတ္တဝါများဟောပြန်တော့ သဘောက ဘာလိုလို့ဟောပါလိမ့်၊ ပုဂ္ဂိုလ် သတ္တဝါ သုဉ်းဆိတ်သွားအောင် ဟောပါတယ်၊ လာပြန်ပြီကိုးကွ နောက်တစ်ခါလာပြန်ပြီ ရုပ်နာမ်နှစ်ပါးကိုပဲ တစ်ဆယ့်ရှစ်ပုံပုံတော့ ဓာတ်ဆယ့်ရှစ်ပါးဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ တရားကိုယ်တိုးမလာပါဘူး တရားသားတိုးမလာပါဘူး ရုပ်နာမ်နှစ်ပါးပါပဲ၊ ဒါကြောင့် တစ်ဆယ့်နှစ်ပုံ,ပုံတော့ အာယတန (၁၂)ပါးဖြစ်၊ တစ်ဆယ့်ရှစ်ပုံ ပုံတော့ ဓာတ် (၁၈) ပါးဖြစ်တယ်၊ ဓာတ် (၁၈)ပါး တစ်ဆယ့်ရှစ်ပုံ ပုံပြီးတော့ ချဲ့ဟောတာ ဘာသဘောလဲမေးတော့ ဒီလိုပဲတဲ့၊ ပုဂ္ဂိုလ် သတ္တဝါ ရှင်းသွားအောင် လင်းသွားအောင် ဟောတာပါပဲ၊ ဟောဒီလိုလာတယ် နော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒါဖြင့်ကောင်းပါပြီ၊ နောက်ပိုင်းလာပြန်ပြီ၊ လက္ခဏာရေးသုံးပါး၊ ဝိပဿနာဉာဏ် (၁၀)ပါး၊ ဘာလုပ်ဖို့ဟောလဲ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် သုံးသပ်ဖို့ ဟောတာမဟုတ်လား ရုပ်နာမ်နှစ်ပါး အနေအားဖြင့် သုံးသပ်ဖို့ဟောကာ လာပြန်ပြီနော် (ဟုတ်ကဲ့ပါဆရာ)။

နောက်တစ်ခါလာပြန်ပြီ၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောပြန်ပြီ၊ ဘာလုပ်ဖို့ဟောလဲ၊ ပုဂ္ဂိုလ် သတ္တဝါ သုဉ်းဆိတ်အောင်ဟောတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒေသနာတစ်ခုလုံးလျှောက်ကြည့်ရင် အရေးကြီးတာဘာလဲဆိုလို့ရှိရင် တစ်အချက်၊ ပုဂ္ဂိုလ် သတ္တဝါ သုဉ်းဆိတ်သွားဖို့၊ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန်တွေ ပျောက်ကွယ်သွားဖို့၊ မြန်မာလို မင်းတို့နားလည်အောင်ပြောတော့ ပညတ်တွေ လုံးဝပျောက်ပြီးတော့ ပရမတ်ရောက်လာအောင်၊ ပရမတ်အသိပေါ်ထွက်လာအောင် ကိုယ်တော်မြတ်ဟောနေတယ်၊ ဒီလို နားလည်ထားရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့အခန်းတိုင်း၊ သူ့အခန်းတိုင်း ဒီလိုချည်းပဲ အကုန်လုံး သက္ကာယဒိဋ္ဌိခန်းပါပဲ၊ သက္ကာယဒိဋ္ဌိ ဘာကြောင့် ကိုယ်တော်မြတ် သူ့အစွဲတွေနဲ့ ဒါကြီး ဝါယာမစိုက်ပြီးတော့ သတ္တဝါများ နားမလည်,လည်အောင် အမျိုးမျိုးဒေသနာ ပရိယာယ်အားဖြင့် ဟောပါလိမ့်မလဲ မေးတော့ ဟောပါသော်ကော အဲဒီသက္ကာယဒိဋ္ဌိတစ်လုံး ရင်ထဲမှာရှိနေရင် မဂ်တံခါးဖိုလ်တံခါး ပိတ်ထားတယ်တဲ့ မပွင့်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ဘုရားက တို့သားတော်သမီးတော်တွေကို သံသရာက ကယ်တင်တယ်ဆိုတာက အပါယ်လေးပါး လွတ်ရုံတင်မဟုတ်ပါဘူး၊ သံသရာက ကွင်းလုံးကျွတ်လွတ်သွားပြီးတော့ တကယ် မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေရပြီးတော့ နိဗ္ဗာန်ရောက်အောင် ကယ်တင်တာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဒါဖြင့် ဒီဘက်ကိုမရောက်အောင်တားထားတဲ့ ဒီသက္ကာယဒိဋ္ဌိတစ်လုံး ရင်ထဲမှာ မရှင်းသမျှ၊ မလင်းသမျှ ဒီမဂ္ဂန္တရာယ်ရပ်မလား (မရပါဘူးဆရာ)။ အေး ဒါကြောင့် မဂ်တံခါးဖိုလ်တံခါး မဂ်လမ်းကြီးပိတ်ထားတဲ့ အင်မတန်ဆိုးရွား ကြောက်မက်ဖွယ်ကောင်းတဲ့ ဒိဋ္ဌိကိလေသာကြီးကို ကိုယ်တော်မြတ်က နည်းပရိယာယ်အမျိုးမျိုးနဲ့၊ မင်းတို့ငါတို့တွေ လက်ညှိုးပြတော်မူတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မယုံနဲ့ဟဲ့ မရှိဘူးဟဲ့၊ ဘယ်သူက ပုဂ္ဂိုလ်သတ္တဝါတွေရှိတယ်ပြောပြောမယုံနဲ့ မရှိဘူးဟဲ့၊ ငါဘုရား ကိုယ်တော်မြတ် ဟောတော်မူတဲ့ ပရမတ်တရား၊ ဓာတ်တရားသာ တကယ်ရှိတယ်ဟဲ့၊ ရှိပြန် တော့လည်း ပရမတ်တရား၊ ဓာတ်တရားဆိုတာ မင်းတို့လောက ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် တွေရှိလို့ မဟုတ်ဘူးဟဲ့၊ သဘောတရားသက်သက်အနေအားဖြင့် တကယ်ရှိတဲ့တရားကြီးပဲ၊ အဲဒါ မပြတ်သား၊ပြတ်သားအောင် ကိုယ်တော်မြတ်က (၄၅)ဝါကြာမျှ ဒီတရားတော် ဟောတာပါပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။

အေး ဒေသနာဝိလာသ၊ ဒေသနာပရိယာယ်အနေအားဖြင့်တော့ သုတ်သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း အကျယ်ဝိတ္ထာရအနေအားဖြင့် ဒါက ဘုရားမှန်သမျှ ဒီအတိုင်း ချည်းပါပဲ ဒီလိုပဲဟောစမြဲပါနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် သတ္တဝါများ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ အခြေခံအားဖြင့် ပြတော်မူတဲ့အခါကျတော့ အခုပြောတဲ့ ရင်တွင်းမှာ မဂ်မရအောင် တားဆီးထားတယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိ ကိလေသာတစ်လုံး ပြုတ်သွားအောင်၊ ချုပ်သွားအောင် ကိုယ် တော်မြတ် ဒါရှေ့ထားပြီးတော့ ဟောတော်မူတဲ့တရားတွေပါနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတွေ တို့လူစုက ကျေနပ်ဖို့လိုတယ်။ ဩော် ကိုယ်တော်မြတ်အရေးကြီးတာ အဓိကထားထားပြီးတော့ ဟောတာဘာကြောင့်ပါလိမ့်၊ ဟောပါသော်ကော သူမသိရင်၊ ရင်တွင်းကသူမသိ ရင်တွင်းကသူမရှင်း လို့ရှိရင်ဖြင့် တစ်မဂ်တစ်ဖိုလ်ရဖို့ခဲယဉ်းတယ်။ ဒါကြောင့် မဂ်အန္တရာယ်ကြီးတဲ့၊ မဂ်မရအောင် တားဆီးတဲ့ အန္တရာယ်ကြီးပါလားလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး သူတစ်လုံး ရှင်းသွားရင် မဂ်တံခါးဖိုလ်တံခါး ပွင့်ရောနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်တဲ့ခါကျတော့ ပွင့်တာနဲ့တစ်ပြိုင်နက် ရတဲ့ပုဂ္ဂိုလ်လည်းရသွားတယ်၊ တဖြည်းဖြည်းမှရတဲ့ ပုဂ္ဂိုလ်လည်း ရသွားတယ်၊ နောက်များမကြာမီမှ ရတဲ့ပုဂ္ဂိုလ်လည်း ရသွားတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။

ဒီဘဝမရလို့ ဒုတိယဘဝမှာ ရတဲ့ပုဂ္ဂိုလ်လည်းရတယ်၊ ဟော မဂ်တံခါးဖိုလ်တံခါးပွင့်သွားပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် အရေးအကြီးဆုံးအချက်အနေအားဖြင့် ဒီသက္ကာယဒိဋ္ဌိတစ်လုံးပြုတ်ဖို့ဆိုပြီးတော့ ကိုယ်တော်မြတ်ပြတယ်၊ ဒါ့ကြောင့် ပထဝီ တေဇော အာပေါ

http://www.dhammadownload.com



ဝါယော စာတ်ကြီးလေးပါးလည်း သင်္ကာယပြုတ်သွားအောင် သဘောတရားပြတာနော် (ဟုတ်ကဲ့ပါ ဆရာ)။ အခု ဝဏ္ဏစာတ်ကြီးလည်း ဒီလိုပါပဲ၊ သင်္ကာယဒိဋ္ဌိပြုတ်သွားအောင်၊ သင်္ကာယဒိဋ္ဌိဆိုတာ အခြားမဟုတ်ပါဘူး၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အတုံး အလုံး အခဲ အနေအားဖြင့် သိနေရင် မြင်နေရင် ဒါသင်္ကာယဒိဋ္ဌိခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ ပြနေတဲ့ ဝဏ္ဏစာတ်ကြီး အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့် မြင်သေးရဲ့လား (မမြင်ပါဘူး ဆရာ)။ ဘယ့်နှယ်မြင်နေတုန်း (ပရမတ်အနေနဲ့ မြင်နေပါတယ်ဆရာ)။ ဘယ်လို မြင်နေတုန်း မှန်မှန်ပြောစမ်း (မရှိဘူးအနေနဲ့ မြင်နေပါတယ်ဆရာ)။ ဒီဝဏ္ဏစာတ်ကြီး မရှိဘူးပေါ့ (ရှိပါတယ် ဆရာ)။ ဟော ဘယ့်နှယ့်ဖြစ်တာတုန်း (သဘောတရားသက်သက်အနေနဲ့ မြင်လို့ပါဆရာ)။ ဩော် အဲဒီလို လုပ်စမ်းပါကွနော် (ဟုတ်ကဲ့ပါဆရာ)။

သဘောတရားသက်သက်အနေနဲ့ မြင်နေတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အတုံး အလုံး အခဲ အကောင်အထည်အနေနဲ့ မမြင်ဘူးပေါ့ (မမြင်ပါဘူးဆရာ)။ အမှုန်အမွှားအနေနဲ့ မမြင်ဘူးပေါ့ (မမြင်ပါဘူးဆရာ)။ အေး ဒါဖြင့်ရင် ပညတ်နက်ကအမြင် မင်းပျောက်နေပြီပေါ့ (ပျောက်နေ ပါပြီဆရာ)။ ပရမတ်အမြင် မြင်တော့တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ့်နှယ့်မြင်တယ် (သဘောတရားသက်သက်အနေနဲ့ပါဆရာ)။ အေး သဘောတရားသက်သက်အနေနဲ့ မြင် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ကောင်းပါပြီ၊ အဲဒီဝဏ္ဏစာတ်ကြီး သိချင်တော့ကာ မှတ်စရာလို့ ကိုယ်တော်မြတ်ကပေးထားတဲ့ မှတ်ကြောင်းလက္ခဏာဘာတဲ့လဲ ဘာမှတ်ရမလဲ (စက္ခုပသာနဲ့ ရူပါရုံနဲ့ တိုက်လိုက်လို့ ရှိရင် မှတ်ရမယ်ဆရာ)။ လုပ်စမ်းပါဦး ဘယ်လိုမှတ်ရမလဲ၊ ဝဏ္ဏစာတ်သိချင်ရင် ဘယ်လိုမှတ်ရမတုန်း (မြင်ကောင်းတဲ့သဘောလို့ မှတ်ရပါတယ်ဆရာ)။ မင်းကိုယ်တိုင်လည်း မပြတ်သားသေးဘူး၊ စောစောကပြောခဲ့ပါပြီ "စက္ခုပဋိဟနနလက္ခဏံ ရူပံ စက္ခုပသာဒခေါ်ထားတဲ့ ဘယ်နေရာလေး (အလယ်တည့်တည့်)။ ဩော် အလယ်တည့်တည့် ဘေးနားထင်ပါရဲ့ မင်းပြောမှားနေတယ် တိုတိုလေး မပြတ်သားသေးဘူး၊ အလယ်တည့်တည့်ဘာဖြစ်တုန်း၊ ဘာ ပမာဏရှိတယ် (သန်းဦးခေါင်းပမာဏရှိပါတယ်ဆရာ)။ သန်းဦးခေါင်း၊ ဘာလေးတုန်း (အကြည်စာတ်မှန်လေးပါဆရာ)။

ဩော် အကြည်စာတ်မှန်လေးလား (ဟုတ်ကဲ့ပါဆရာ)။ ဒီအကြည်စာတ်မှန်လေးက ဘယ်သူ လုပ်တာပါလိမ့် (ကံကလုပ်တာပါဆရာ)။ ကံလုပ်ပေးတာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်က ကံပါလိမ့် (မသိပါဘူးဆရာ)။ အတိတ်က မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အတိတ်ကဆိုတာ ဘယ်ဘဝ ပြောတာတုန်း (နောက်ဘဝပြောတာပါဆရာ)။ လွန်ခဲ့တဲ့ဘဝ အတိတ်ခေါ်တယ်

http://www.dhammadownload.com



မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လွန်ခဲ့တဲ့ဘဝ ဘာဘဝခေါ်တယ် (အတိတ်ကံခေါ်ပါတယ်ဆရာ)။ အတိတ်ဘဝ (ဟုတ်ကဲ့ပါဆရာ)။ ဩော် အတိတ်ဘဝက မင်းပြုပြင်စီမံလာတဲ့ကံပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီကံက နေလုပ်ပေးလိုက်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီဘက်ဘဝမှာလေ (ဟုတ်ကဲ့ပါဆရာ)။ ပဋိသန္ဓေခဏကစပြီး လုပ်ပေးလိုက်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အတိတ်ကံက စီမံပေးလိုက်တဲ့ ပသာဒအကြည်ရုပ်ကလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ပသာဒဆိုတာဘာခေါ်တုန်း (အကြည်ဓာတ်မှန်ကိုခေါ်တာပါဆရာ)။ အကြည်နော် (ဟုတ်ကဲ့ပါဆရာ)။ ပသာဒဆိုတာ အကြည်ကို ဟောတာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီသန်းဦးခေါင်းမျှပမာဏရှိတဲ့ မျက်နက်ဝန်းရဲ့ အလယ်ခေါင်တည့်တည့် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အတိတ်ကံက စီမံပြုလုပ်ပေးလိုက်သော ကံကြောင့်ဖြစ်တဲ့ ကမ္မဇဓာတ်မှန်လေးလား (ဟုတ်ကဲ့ပါဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဟော အဲဒီဓာတ်မှန်လေးက ရှိရောကွနော် (ဟုတ်ကဲ့ပါဆရာ)။

ကောင်းပါပြီ၊ အဲဒီဓာတ်မှန်လေးကျတော့ ငါကသိပါပြီ၊ ဒါပေမယ့် ခုနပြောတဲ့ ဝဏ္ဏဓာတ်ကို ဘယ်လိုသိရပါ့မလဲလို့ ဟိုက မှတ်ကြောင်းလက္ခဏာ ဘယ့်နှယ့်ပြ မှတ်စရာလေး ဘယ့်နှယ်ပြ (အကြည်မှန်လေးပါဆရာ)။ အကြည်မှန်လေးတော့ မင်းသိသွားပြီလား (သိသွားပါပြီဆရာ)။ အဲဒီ အကြည်မှန်မှာလာပြီးတော့ ထိရင် ခိုက်ရင် တိုက်ရင် ဘာတဲ့လဲ (ဝဏ္ဏဓာတ်ပါဆရာ)။ ဩော် ဒါသိသွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် မင်းဒီစက္ခု ပသာဒအကြည်မှန်လေးမှာ သန်းဦးခေါင်းမျှပမာဏရှိတဲ့ အကြည်မှန်လေးမှာ လာပြီးတော့ ထိတယ် တိုးတယ် တိုက်တယ် ခိုက်တယ်ဆိုတာဟာ ဒို့စိတ်ထဲသိဖို့ဆိုတာ ဟာ လွယ်ပါ့မလား (မလွယ်ပါဘူး ဆရာ)။ ဒါဖြင့် ဘာမှတ်ထားရမလဲ ငါ့မျက်စိ ငါ့မျက်စိလေးလာတိုက်ပြီ၊ ထိပြီ တိုးပြီ ထင်ပြီ ဘာမှတ်ထားရမလဲ၊ ထိလိုက်တိုးလိုက်တာနဲ့တစ်ပြိုင်နက် စေစေကပြောတဲ့ ဘာလေးပါလာတယ်။ ဝဏ္ဏဓာတ်နဲ့ မင်းစက္ခုပသာဒအကြည်မှန်လေး လာပြီး တိုးလိုက်ပြီ၊ တိုက်လိုက်ပြီကွ၊ ထိလိုက်ပြီ၊ တိုက်လိုက်ထိလိုက်တာနဲ့ ဘာလေးပေါ်လာ (အရောင်တွေပေါ်လာပါတယ်ဆရာ)။ စိတ်ကလေး ပေါ်လာတယ် မဟုတ်ဘူးလားဟ (ဟုတ်ကဲ့ဆရာ)။ ဟုတ်ပြီလား (ဟုတ်ကဲ့ဆရာ)။ စိတ်ကလေး ပေါ်လာတယ် ဟုတ်လား (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။

အေး အေး စိတ်ကလေးပေါ်လာတယ် ဒါတော့ မှတ်မိတယ်လား (မှတ်မိပါတယ်ဆရာ)။ မှတ်မိတယ်လား (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကလေးပေါ်လာတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုန စက္ခုပသာဒအကြည်မှန်လေး မင်းသိပြီလား (သိပါပြီဆရာ)။ ဘယ်လောက်ကြီးတုန်း (သန်းဦး ခေါင်းပမာဏရှိတယ်ဆရာ)။ ဩော် သန်းဦးခေါင်းပမာဏလောက်၊ အကြည်လေးပေါ့နော် (ဟုတ်ကဲ့

http://www.dhammadownload.com



ပါဆရာ)။ ဒါဘာနဲ့ လုပ်ထားပါလိမ့် (ကံကြောင့်ဖြစ်တာပါဆရာ)။ ကံကြောင့် ဖြစ်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်တုန်းကကံပါလိမ့် (အတိတ်ကံကြောင့်ပါဆရာ)။ အတိတ်ကံက လုပ်ပေးတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒီတော့ကွာ ပဋိသန္ဓေခဏကစဖြစ်လာတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကံရုပ်ကလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် အကြည်ရုပ်ကလေးက မှန်လေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကောင်းပါပြီ၊ ဒါဖြင့် မင်းသိသွားပြီပေါ့ (သိပါတယ်ဆရာ)။ ဒါဖြင့်ရင် ကောင်းပါပြီ၊ အကြည်မှန်ကလေးဆိုတော့ ဝဏ္ဏာရာတ်သိချင်ရင် ဘုရားကိုယ်တော်မြတ် မှတ်ကြောင်း လက္ခဏာ မှတ်စရာလေးပေးထားတယ် ဘယ်လိုများဝဏ္ဏာရာတ်မှတ်ရမလဲ (ထိမိ တိုးမိ ခိုက်မိလို့ရှိရင်)။ ဩော် မင်းကသွားတိုးတာလား (မဟုတ်ပါဘူးဆရာ)။ ကိုယ့်ကိုမတိုက်ဘဲ ဘာလို့ပြောရတာလဲ၊ ကိုယ့်ကို တိုးမှတိုက်မှ ပြောရတာ။ ဒါ့ကြောင့် ဝဏ္ဏာရာတ်က လာတိုးတယ် တိုက်တယ် ထိတယ် ခိုက်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒီစက္ခုပသာဒ အကြည်မှန်လေးကို ဝဏ္ဏာဆိုတဲ့အဆင်းရုပ်က လာပြီးတိုးလိုက်မယ် ထိလိုက်မယ် ခိုက်လိုက်မယ်ဆိုရင် မင်းသိရောပေါ့ (သိပါတယ်ဆရာ)။ ဝဏ္ဏာရာတ်လို့သိမယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ ဝဏ္ဏာရာတ်က ဒီပုဂ္ဂိုလ်သန္တာန် အကြည်မှန်လေးလာပြီးတော့ တိုးတဲ့ ထိတဲ့ တိုးတဲ့အခါမှာ မင်းကိုယ်တိုင် သိပါ့မလား (မသိပါဘူးဆရာ)။ မသိနိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် သိနိုင်အောင် ဘာကြည့်မှတ်ရမလဲဆိုတော့ ဒါဖြင့် ဒီဝဏ္ဏာရာတ်လည်းပဲ စက္ခုပသာဒ အကြည်ရုပ်ကလေးကို လာတိုးလိုက်ကရော ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာတယ်ဆရာ)။ အေး စိတ်ကလေးပေါ်လာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေး ဘာစိတ်ခေါ်ပါသလဲ (ဝိညာဏ်စိတ်ခေါ်ပါတယ်ဆရာ)။ အေး စက္ခုဝိညာဏ်စိတ် မှတ်မိပြီလား (ဟုတ်ကဲ့ပါဆရာ)။ ဩော် မြန်မာလိုပြောတော့ မျက်စိစိတ်ကလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီစိတ်ကလေးက ဘာလုပ်တတ်ပါလိမ့် မြင်တတ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မင်းကိုယ်မင်းမြင်နေတာ မသိဘူးလားဟ (သိပါတယ်ဆရာ)။ မင်းကိုယ်ထဲမြင်လိုက်ရင် ဘာပဲမြင်လိုက်မြင်လိုက် မင်းသိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ မြင်တာဘာတုန်း (စိတ်ပါဆရာ)။ အေး စိတ် စိတ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒီခုန ငါပြောတဲ့ စက္ခုပသာဒ အကြည်မှန်လေးမှာ ဝဏ္ဏာရာတ်လာတိုက်ရင် တိုက်သည်နှင့်တစ်ပြိုင်နက် စိတ်ကလေးပေါ်လာတယ် မပေါ်ဘူးလား (ပေါ်လာပါတယ်ဆရာ)။

ဩော် တိုက်တာနဲ့ စိတ်ကလေးပေါ်တာနဲ့ မရှေးမနှောင်းနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် တိုက်သည်နှင့်တစ်ပြိုင်နက် စိတ်ကလေးပေါ်လာ၊ စိတ်ကလေးပေါ်လာ၊ ဒီစိတ်ကလေးက ဘာလေးလဲ

http://www.dhammadownload.com



မေးတော့ စက္ခုဝိညာဏ်စိတ်ကလေးပေါ့၊ မြန်မာလိုပြောတော့ မျက်စိစိတ်ကလေးပေါ့၊ သူက ဘာ လုပ်တတ်ပါလိမ့်၊ သူကမြင်တတ်တာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် သူပေါ်တာနဲ့တစ်ပြိုင်နက် မင်းမြင်လိုက်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဩော် အဲဒါ ဝဏ္ဏခေတ်လို့ ဒီလိုမှတ်လိုက်ရင် မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ဩော် ဒါကြောင့် မြင်ကောင်းသော မြင်နိုင်သော မြင်ရသော မြင်သောဆိုတဲ့ သဘောတရားသက်သက်ကလေးက ဝဏ္ဏခေတ် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ) (မရှိတော့ပါဘူးဆရာ)။ မရှိတော့ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မှတ်စရာလည်း မလိုဘူးပေါ့ (မလိုပါဘူးဆရာ)။ ရှင်းရှင်းလေး ဒါလွယ်လေးပဲကွ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''၊ ရူပံ–ရူပါရုံခေါ်တဲ့ အဆင်းရုပ် ဝဏ္ဏခေတ်ကြီးသည်၊ စက္ခုပဋိဟနနလက္ခဏံ–စက္ခုပသာဒခေါ်ထားသော ကမ္မဇအကြည်မှန်လေးကို ထိတတ် တိုးတတ် တိုက်တတ်တတ်သော သဘောရှိ၏။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလေးမှတ်ထား၊ ဒါဖြင့် ဒီတိုးတတ်တိုက်တတ်ဆိုတာ ဘယ့်နှယ့်သိရမလဲ၊ တိုးတဲ့ တိုက်တဲ့ခဏ မြင်တာလေးပေါ်လာ မြင်တာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် မြင်တာဟာ အဆင်းရုပ်ဆိုတာ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ဘာပဲ မြင်မြင် ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဖြူ အပြာ အဝါ ခွဲစရာလိုသေးလား (မလိုပါဘူးဆရာ)။ အတော်အေးပြီ၊ အဲဒါနည်းနည်းကျန်းမာရေးတော့ ဂရုစိုက်ကြပါ၊ အနွေးထည်တို့ဘာတို့ ကိုယ့်ကိုယ်ကို လုံခြုံအောင်၊ ရောဂါဝေဒနာမရအောင်ပေါ့လေ၊ သင်တန်းလည်းမပျက်အောင်၊ ဒီ ''စက္ခုပဋိဟနန လက္ခဏံ ရူပံ''ဆိုတဲ့ သူ့မှတ်ကြောင်းလက္ခဏာလေးတွေ ဒါမှတ်စရာလေး လွယ်သွားပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ တိုးတာတိုက်တာမသိရင် ဒါသိချင်မှသိမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြင်စိတ်က မပေါ်သေးဘဲကိုးနော် (ဟုတ်ကဲ့ပါဆရာ)။ မြင်စိတ်ပေါ်မှ ဩော် မြင်လိုက်တယ်ဆိုရင် ဟာ မြင်တာဟာ ဝဏ္ဏအဆင်းရုပ်ပဲ။ ဝဏ္ဏခေတ်ပဲလို့ ဒီလိုမှတ်လိုက်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာပဲမြင်မြင်၊ မှောင်ထဲ မဲနေတာမြင်မြင်ပေါ့၊ မြင်သမျှသဘောဟာ အခုနပြောတဲ့ စက္ခုပသာဒအကြည် ရုပ်ကလေးကို ဝဏ္ဏခေတ်က လာတိုက်လို့ မြင်တာမဟုတ်လားဟ (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် မြင်စိတ်ပေါ်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါရှင်းရှင်းလေးပဲ၊ ဒီတော့ ဒီမြင်စိတ် ကလေးမပေါ်ရင် တိုက်တာတိုးတာ သိနိုင်ပါ့မလားဆို အေး သိချင်မှသိမယ်၊ မြင်မှမမြင်သေးဘဲ၊ ဒါပေမယ့် မြင်တာနဲ့တိုက်တာနဲ့က မရှေးမနှောင်းလေးပါ။ ဒါဘာမှ စဉ်းစားစရာမလိုပါဘူး ဒါဖြင့် ဘယ့်နှယ့်လုပ်မှတ်ပါ့၊ ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''ဆိုထားတဲ့အတိုင်း ငါ့မျက်စိလာတိုက်ရင် ဒါဝဏ္ဏခေတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တစ်နည်း ငါ့မျက်စိမြင်လိုက်ရင် ဝဏ္ဏခေတ်၊

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒီတော့ ဒီလိုမှတ်တော့ကာ စောစောကငါမြင်တာ အကောင်တွေ၊ အထည်တွေ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ၊ အသက်၊ လိပ်ပြာတွေ၊ တုံးတွေ၊ တိုင်တွေ၊ တောတွေ၊ တောင်တွေ၊ အိမ်တွေ၊ ကျောင်းတွေ၊ ဇရပ်တွေ၊ မြို့ ရွာ နိုင်ငံတွေ၊ ဥယျာဉ်တွေ၊ ဗိမာန်တွေ၊ လောကဓာတ်တွေ၊ နေတွေ၊ လတွေ၊ နက္ခတ်တွေ၊ တာရာတွေ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ဩော် မြင်တာပဲပေါ့ (ဟုတ်ကဲ့ပါဆရာ)။ မြင်သဘောလေးပေါ့၊ အေး ဒါကြောင့် မျက်စိမှာ မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသော၊ မြင်သော သဘောတရားသက်သက်သည် ဝဏ္ဏဓာတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဆိုစမ်းပါ (မျက်စိမှာ မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသော၊ မြင်သော သဘောလေးသက်သက်ကို ဝဏ္ဏဓာတ်လို့ ခေါ်ပါတယ်ဆရာ)။ သဘောတရား (ဟုတ်ကဲ့ပါဆရာ)။ ပြန်ပြော (မျက်စိမှာ မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသော၊ မြင်သော သဘောတရားသည် ဝဏ္ဏဓာတ်လို့ ခေါ်ပါတယ်ဆရာ)။

အေး အဲဒီလိုဆိုတော့ သဘောတရားသက်သက်ကလေး မနေဘူးလား (နေပါတယ်ဆရာ)။ သဘောတရားသက်သက်ကလေးရောက်သွား၊ အတုံး၊ အလုံး၊ အခဲ၊ အကောင်အထည် မြင်တာတွေလည်းပျောက်သွား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒါမှ ပရမတ်အမြင် ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စောစောကမြင်နေတဲ့အမြင်မျိုးဆို ဒါပညတ်မဟုတ်ဘူးလား (ပညတ်ပါဆရာ)။ ပညတ်ဆိုရင်ပဲ ဒါသက္ကာယဒိဋ္ဌိခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒိဋ္ဌိကလေးသော က ဖုံးကွယ်နေတယ်တဲ့၊ သူ့ပဲတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မင်းတို့ငါတို့မရအောင် ပိတ်ပင်တားဆီးထားတဲ့ အန္တရာယ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် အဲဒီသဘောလေးကို သေသေချာချာ မှတ်ထားပါ၊ ဒါကြောင့် အဋ္ဌသာလိနီအဋ္ဌကထာက "ဣမာနိ သတ္တ ဝတ္ထုံ အနာမသိတွာ သဘာဝေနေဝ ဒဿိတာနိ" (အဋ္ဌသာလိနီအဋ္ဌကထာ၊ စာပိုဒ်၊ ၆၁၆) ဣမာနိ သတ္တ–ဤအဆင်း ခုနစ်မျိုးတို့ကို၊ ဝတ္ထုံ–ပညတ်ဝတ္ထုရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ သဘာဝေနေဝ– သဘော တရားသက်သက်အနေအားဖြင့်သာလျှင်၊ ဘဂဝတာ–မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဒဿိတာနိ–ဟောကြားတော်မူအပ်ကုန်၏။

မနေ့ကပြသွားတဲ့ အဋ္ဌသာလိနီအဋ္ဌကထာဆရာက "ဣမာနိ သတ္တ ဝတ္ထုံ အနာမသိတွာ သဘာဝေနေဝ ဒဿိတာနိ"။ ဣမာနိ သတ္တ–ဤအဆင်းခုနစ်မျိုးတို့ကို၊ ဝတ္ထုံ–ပညတ်ဝတ္ထုရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ သဘာဝေနေဝ–သဘောတရားသက်သက်အနေအားဖြင့်သာလျှင်၊ ဘဂဝတာ–မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဒဿိတာနိ–ဟောကြားတော်မူအပ်ကုန်၏။ ဒီအဓိပ္ပာယ်လေး မနေ့ကမရှင်းရသေး (ရှင်းပါတယ်ဆရာ)။ ငါမရှင်းရသေးဘူးလို့ပြောတာ၊ သူက

http://www.dhammadownload.com



ရှင်းပြီး၊ နောက်ဆုံးဘဲလ်ဆွဲခါနီးမှာ ငါဒီပါဠိလေးရွတ်ပြီးတော့ ဘဲလ်ကဆွဲလိုက် အချိန်ကစေ့၊ မရှင်းရသေးဘူးလို့ပြော၊ သူက ရှင်းပါတယ်။ အဲဒါကြောင့် ပြောင်လိမ်တယ်ခေါ်တယ်၊ ပရိသတ်ကလည်း သိပါတယ်၊ ဒီတော့ ဣမာနိ သတ္တ–ဤအဆင်းခုနစ်မျိုးတို့ကို၊ ဝဏ္ဏံ–ပညတ်ဝဏ္ဏရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ သဘာဝေနေဝ–သဘောတရားသက်သက်အနေအားဖြင့်သာလျှင်၊ ဘဂဝတာ–မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဒဿိတာနိ–ဟောကြားတော်မူအပ်ကုန်၏။ အဖြူတို့၊ အပြာတို့၊ အဝါတို့၊ အနီတို့၊ အစိမ်းတို့၊ အနက်တို့ ဒီလို သင်္ကေတပညတ်အားဖြင့် အမှတ်အသားထားတဲ့ အရောင်တွေကို ဒါဝဏ္ဏစာတ်ပဲလို့ ဝဏ္ဏဒြပ်နဲ့ တွဲပြီးတော့ မသုံးသပ်ပါနဲ့တဲ့။ မမြင်ပါနဲ့ ဆိုလိုတယ် နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် ဝဏ္ဏံ–ပညတ်ဝဏ္ဏရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ ဘယ်ပစ္စည်းက အဖြူပဲ၊ ဘယ်ပစ္စည်းက အဝါပဲ၊ ဘယ်ပစ္စည်းကျတော့ အနက်ပဲ၊ ဘယ်အရာဝတ္ထုလေးကျတော့ အစိမ်းပဲ၊ ဘယ်ဥစ္စာကတော့ အနီပဲနဲ့၊ ဒီလို အထည်ဒြပ်သဏ္ဌာန်ပညတ်ပေါ် တင်တင်၊ တင်တင်ပြီးတော့ ငါတို့မြင်တာ ဝတ္ထုပစ္စည်းတွေ မြင်နေတယ်၊ အကောင်အထည်၊ အတုံး၊ အလုံး၊ အခဲ၊ အထည်ဒြပ်သဏ္ဌာန်တွေ မြင်နေတယ်လို့ ဒီလိုမသုံးသပ်ပါနဲ့တဲ့၊ ဒီလိုသုံးသပ်မှုကြောင့် အမြင်မှန်မရဘူးခေါ်တယ် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဝဏ္ဏံ–ဝဏ္ဏပညတ်ရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ ဘယ့်နှယ်လုပ်ရမှာလဲ၊ သဘာဝေနေဝ–သဘောတရားသက်သက်ဖြင့်သာလျှင်၊ ဘဂဝတာ–မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဒဿိတာနိ–ပြတော်မူအပ်ကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ သဘောမျှသက်သက်ကလေးဆိုတဲ့အဓိပ္ပာယ် သိလိုလို့ပြတာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ သဘောမျှသက်သက်ကလေးဆိုတဲ့ အဓိပ္ပာယတ္ထသိလိုလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကပြ၊ ဒီမြတ်စွာဘုရားကိုယ်တော်မြတ်ပြတော်မူတဲ့ အဓိပ္ပာယတ္ထမသိတော့ တို့လူစုကလည်း သင်မှု၊ ကြားမှုမရှိ၊ အသိဉာဏ်ပေးမယ့်ပုဂ္ဂိုလ်ကလည်းမရှိတော့ ဘာတွေမြင်၊ စောစောကပြောသလို ဝတ္ထုပစ္စည်းတွေမြင်၊ အကောင်အထည်တွေ မြင်၊ တုံးတွေ၊ တိုင်တွေ မြင်၊ တောတွေ, တောင်တွေ မြင်နဲ့ ဒီအမြင်တွေမှန်ပါ့မလား (မမှန်ပါဘူးဆရာ)။ ဝဏ္ဏစာတ် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။

ဝဏ္ဏစာတ်က အတုံး၊ အလုံး၊ အခဲ၊ အကောင်အထည်တွေ ဖြစ်နေတယ် မဟုတ်လားနော် (ဟုတ်ကဲ့ပါဆရာ)။ အေး အရည်၊ အဖတ်၊ အမှုန်၊ အမွှား ဆိုတဲ့ အဖြူ၊ အပြာ၊ အဝါတွေ ဖြစ်နေတယ်။ အဋ္ဌသာလိနီအဋ္ဌကထာမှာ "ဣမာနိ သတ္တ ဝဏ္ဏံ အနာမသိတွာ သဘာဝေနေဝ ဒဿိတာနိ"။ ဣမာနိ သတ္တ–ဤအဆင်းခုနစ်မျိုးတို့ကို၊ ဝဏ္ဏံ–ပညတ်ဝဏ္ဏရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ သဘာဝေနေဝ–သဘောတရားသက်သက်အနေအားဖြင့်သာလျှင်၊ ဘဂဝတာ–

http://www.dhammadownload.com



မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဒသိတာနိ–ဟောကြားတော်မူအပ်ကုန်၏။ ဒီအဓိပ္ပာယ်လေး မနေ့က မရှင်းရ (ရှင်းပါတယ်ဆရာ)။ ငါက မရှင်းရသေးဘူးဆိုတော့ သူကရှင်းသေးပါတယ်လို့ ပြောတယ်။ ဒီလိုဆိုရင်ဖြင့် ဒါမြတ်စွာဘုရားကိုယ်တော်မြတ်သိစေလိုတဲ့ ဝဏ္ဏဓာတ်ကိုမြင်သလား ဆိုတော့ မဟုတ်ပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က အဲဒီပညတ်ဝတ္ထုတွေပေါ် တင်မနေနဲ့၊ သဘောမျှသက်သက်ကလေးဆိုတဲ့အဓိပ္ပာယ်ကို ကိုယ်တော်မြတ်က ဖွင့်ပြတော်မူတယ်၊ အဲဒီကိုယ်တော်မြတ်ပြတော်မူတဲ့ အဓိပ္ပာယတ္ထကို တို့လူစုက ဒါကိုနည်းနည်းလေး အာရုံစိုက်ပြီး တော့ ဩော် ကိုယ်တော်မြတ်ကတော့ ဒီအမြင်မြင်စေလိုလို့ ပြတာပဲ၊ ဒီအမြင်လေးတော့ တို့ သိအောင်ကြိုးစားမယ်၊ မြင်တတ်အောင်ကြိုးစားမယ်၊ ဒီလိုကြိုးစားလိုက်ရင် သင်သူ့ ကြားသူရှိရင် ခဏနဲ့ တတ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မသင်ရင်တော့ မတတ်ဘူးပေါ့၊ သူက အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်နဲ့တွေရင် ခဏနဲ့၊ ဟာတို့မျက်စိကအမြင်တွေ မှားနေတယ်၊ အကုန်လုံးပဲ ပကတိမျက်မြင်တွေ အမှားချည်းမြင်ကြတယ်၊ စောစောပိုင်းက ပြောခဲ့ပါတယ်၊ ဒါကြောင့် အဲဒီအမှားမြင်တွေ အကုန်ပျောက်၊ အမှန်မြင်ရောက်လာအောင်၊ ဒါကြောင့် တစ်ညပြီးတစ်ညဆိုသလို ဆက်ကာဆက်ကာပြတာ။ ဒီဝဏ္ဏဓာတ်လည်း ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ ဒီဥပါဒါန်ရုပ်လေးပါး အနက် ဝဏ္ဏဓာတ်ပြရတာ အတော်ခက်တယ်။

ဟို မဟာဘုတ်လေးပါးတုန်းကတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီး လေးပါး၊ ပထဝီဓာတ်သည် အတော်ပြရခက်တယ်၊ ဘာဖြစ်လို့၊ ကနဦးအစ ပထမဆုံးဓာတ်ကိုးကွ နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အပြရ၊ တော်တော်ခက်လွန်လွန်းလို့ သဘောမှရှင်းပါစေ၊ ဒီပရမတ်တစ်လုံးဓာတ်တစ်လုံးဟာ ပြတ်ပြတ်သားသား မိမိတို့ဉာဏ်အားဖြင့် မြင်သွားပြီ၊ သိသွား ပြီဆိုမှဖြင့် နောက်နားက ဓာတ်တွေကျတော့ အပြရလွယ်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ကြောင့် ဒီဝဏ္ဏဓာတ်ကြီးလည်းပဲ ပြတ်ပြတ်သားသားအားဖြင့် သဘောတရားသက်သက်ပဲဆိုတဲ့ အသိဉာဏ်လေးတွေဆိုက်အောင်၊ ဒါကြောင့် ထပ်ပြန်တလဲလဲ တော်တော်ကလေး အပင်ပန်းခံ ပြီးတော့ ပြပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလို မြင်လိုက်တော့ဘာဖြစ်၊ ပညတ်က လွတ်သွား တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပညတ်ကလွတ်သွားတော့ ဘာအမြင်မြင်လာတုန်း (ပရမတ်အမြင် မြင်လာပါတယ်ဆရာ)။ အေး ပရမတ်အမြင်မြင်လာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပရမတ်အမြင် မြင်လာတယ်ဆိုတော့ ပညတ်အမြင်လွတ်သွားတယ်ဆိုကတည်းက စောစောပိုင်းတုန်းကမြင်နေတဲ့ အတုံး၊ အလုံး၊ အခဲ၊ အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်တွေ ငါတို့မြင်တာပဲဆိုတဲ့ အယူမှား ပြီးတော့ ဒိဋ္ဌိကိလေသာတစ်လုံး ပြုတ်မသွားဘူးလားကွ (ပြုတ်သွားပါတယ်ဆရာ)။ ပြုတ်သွားပြီတဲ့၊

http://www.dhammadownload.com



အင်မတန်မှတန်ဖိုးရှိပါတယ် ဒီအသိဟာ သာမန်လည်းမမှတ်ပါနဲ့၊ ဘာဖြစ်လို့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဒီပရမတ်အမြင်ကို မြင်အောင်ပြသလဲမေးရင် ပရမတ်အမြင်မှမမြင်လို့ ပညတ်အမြင် နဲ့သာမြင်နေကြရင်ဖြင့် မိမိတို့တစ်သံသရာလုံး အမြဲတစေနှိပ်စက်နေတဲ့ ဒိဋ္ဌိကိလေသာလက်တွင်းက လွတ်ကင်းမှာ မဟုတ်ဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

နောက်လည်းပဲ ဒီလိုပဲ သံသရာကျင်လည်ရဦးမှာပဲ၊ အပါယ်လေးပါး လားရဦးမှာပဲ၊ ဘာဖြစ် လို့ အပါယ်လေးပါး တဖြုန်းဖြုန်းနဲ့ လားနေကြတယ်၊ ကျနေကြတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဒီဒိဋ္ဌိကိလေသာကြောင့် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်၊ အတုံး၊ အလုံး၊ အခဲ၊ လေးထောင့်၊ အဝိုင်း၊ အလျား အစရှိသည်အားဖြင့် ဒီလို စွဲမြင်နေတဲ့၊ ယူဆနေတဲ့ အယူဝါဒ ဒါဒိဋ္ဌိကိလသာ ခေါ်ပါတယ်၊ အဲဒီဒိဋ္ဌိကိလေသာကြီးထဲ၊ ဒိဋ္ဌိကိလေသာတစ်လုံးက မိမိရင်ထဲမှာ မကုန်ဆုံးသမျှ ကာလပတ်လုံး အပါယ်တဖြုန်းဖြုန်းနဲ့ ကျဦးမယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့ ကိလေသာ ပါနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့ အဇ္ဈတ္တသန္တာန်မှာ ထင်ရှားရှိနေတဲ့တရား လိုက်ကြည့် လို့ရှိရင် ကိလေသာသည် အကျယ်အားဖြင့် တစ်ထောင်နဲ့ငါးရာရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ တစ်ထောင့်ငါးရာကိလေသာ ကြားဖူးတယ်မဟုတ်လား (ကြားဖူးပါတယ်ဆရာ)။ အဲဒါ အကျယ် အားဖြင့် ဝေဖန်ကြည့်ရင် ကိလေသာပေါင်း တစ်ထောင်ငါးရာရှိ၏၊ အကျဉ်းအားဖြင့် တူရာတူရာ ပေါင်းလိုက်တော့ ကိလေသာဆယ်ပါးရှိ၏ ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အကျဉ်းနည်းနဲ့ ရေတွက်ကြည့်ရင် ကိလေသာဆယ်ပါးရှိ၏၊ အကျယ်အားဖြင့် ရေတွက်ကြည့်ရင် တစ်ထောင်ငါး ရာ ရှိ၏၊ အဲဒီကိလေသာကြီး မင်းတို့ငါတို့ကပြန့်ပြီးစဉ်းစား၊ သံသရာအစတည်းက တို့လာလိုက်တာ တို့တစ်ဘဝပြီးတစ်ဘဝ၊ ဘဝတွေလည်း ရေတွက်လို့ ကုန်ဆုံးစရာအကြောင်းမရှိ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်တွေကလည်း ပွင့်တော်မူလိုက်တာ ဂင်္ဂါဝါဠု သဲစုမက သို့ကလောက်တောင် ရေ တွက်လို့ မကုန်ဆုံးနိုင်အောင် ဘုရားတွေ။

ကိုယ်တော်မြတ်တွေ လောကကြီးပွင့်လျက်သားနဲ့ တို့ ဒီတစ်ဆူမတွေ့တစ်ဆူတွေ့၊ တစ်သာသနာမတွေ့တစ်သာသနာတွေ့မှာပဲဆိုတော့ တွေ့စဉ်အခါတုန်းကတော့ ဒီလိုအသိဉာဏ် မျိုးတွေ ရခဲ့သလားဆိုတော့ မရတာကသက်သေခံတယ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ တစ် ဆူသော ဘုရားရှင်လက်ထက်က တစ်ခုသောသာသနာက မင်းတို့ငါတို့ ဒီလို အမြင်မှန်ဉာဏ် များ တစ်ကြိမ်တစ်ခါ ကျကျနနမြင်လာမယ်၊ သမ္မာဒိဋ္ဌိဉာဏ်ကြီး ရလာမယ်ဆိုလို့ရှိရင် ဒီဘဝ၊ ဒီနေရာ ရှိပါဦးမလား (မရှိပါဘူးဆရာ)။ ဘယ်ကိုသွားမှာလဲ (နတ်ပြည်သွားမှာပါဆရာ)။ သြော်

http://www.dhammadownload.com



နတ်ပြည်ဟုတ်ပြီ နတ်ပြည်နော် (ဟုတ်ကဲ့ပါဆရာ)။ နတ်ပြည်တင်ဘယ်ကမတုန်းကွာ၊ တစ်ဆူသော ဘုရားရှင်လက်ထက်က တို့သမ္မာဒိဋ္ဌိဉာဏ် အမှန်သာမြင်ရမယ်ဆိုလို့ရှိရင် တကယ့်ကိုပဲ အောက်မင်အောက်ဖိုလ်တင် မကပါဘူး၊ အထက်မင်အထက်ဖိုလ်တွေရလို့ အရိယာအစစ်တွေ ဖြစ်ကြပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်က ရောက်မယ်၊ ဝင်တဲ့ပုဂ္ဂိုလ်က ဝင်မယ်၊ နိဗ္ဗာန်မဝင်သေးသည့်တိုင်အောင် အထက်အထက်သောဘုံတွေမှာ အရိယာဘဝနဲ့ စံနေကြတာ မုချဖြစ်ရမယ်။

ဒီဘဝတော့ ဒီအချိုးမျိုး၊ ဒီအမျိုးနဲ့ မဖြစ်တန်ရာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ပြန်ကြည့်စမ်းပါလားကွာ၊ ဂေါတမဗုဒ္ဓ သဲစုမက များလိုက်တဲ့ ကိုယ်တော်မြတ်တွေ ပွင့်တော်မူကြတာ၊ တစ်ဆူမတွေ့တစ်ဆူတွေ့မှာပဲလို့ ရှောင်လွဲလို့ ဖြစ်စရာအကြောင်းမရှိ၊ တို့လည်း သံသရာထဲ ကျင်လည်လာတာ ဘုရားကိုယ်တော်မြတ်တွေ ဒီလောက်ပွင့်နေမှန်းလည်း တို့ကိုယ်ကလည်း ရေတွက်လို့ ကုန်ဆုံးစရာ အကြောင်းမရှိဘူး။ တွေ့လျက်သားနဲ့ ဘာကြောင့် တို့ ဒီလိုသံသရာထဲ ငုတ်တုတ်မဲ့တဲ့နဲ့ ရှိပါလိမ့်မလဲလို့ ကြည့်လိုက်တော့ ဒီလိုအမြင်မှန်ဉာဏ်ကို တစ်ကြိမ်တစ်ခါမှ မရခဲ့ဘူးဆိုတာ သက်သေကထင်ရှားတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး ခုလည်းပဲ ဒီသာသနာကြီးနဲ့ တွေ့ကြုံနေတဲ့အခါမှာ ဒီလိုအမြင်မှန်ဉာဏ်လေး ပရမတ်တစ်လုံး ဓာတ်တစ်လုံးမှ မပြတ်သားလို့ရှိရင် ရှေ့ကို ထောက်ရာတည်ရာရစရာ အကြောင်းမရှိပါဘူးကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုပဲ သွားဦးမှာပဲလို့၊ အင်မတန်မှ ကြောက်စရာကောင်းပါတယ်၊ မိမိတို့ ရင်တွင်းမှာ အမြဲတစေ သံသရာအစကတည်းက ကနေ့အထိပါလာကြတဲ့ အကျယ်အားဖြင့် တစ်ထောင်ငါးရာဆိုတဲ့ ကိလေသာ၊ အကျဉ်းအားဖြင့်ဆယ်ပါးဆိုတဲ့ ကိလေသာထဲ ပြန်တွက်ကြည့် ဘယ်ဘဝတုန်းက ဒီတစ်ထောင်ငါးရာကိလေသာထဲက (တစ်နည်း) အကျဉ်းအားဖြင့်ဆယ်ပါးဆိုတဲ့ ကိလေသာထဲက တစ်လုံးတစ်လေမျှ ကုန်ခန်းအောင်၊ ချုပ်ငြိမ်းသွားအောင် ကျင့်နိုင်ခဲ့ဖူးသလဲ၊ အားထုတ်နိုင်ဖူးသလဲ၊ မြင်ခဲ့ဖူးသလဲ၊ ကြားခဲ့ဖူးသလဲလို့ ပြန်စစ်ဆေးကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်ဘဝမှ ဒီအကျဉ်းအားဖြင့်ဆယ်ပါး၊ အကျယ်အားဖြင့် တစ်ထောင့်ငါးရာဆိုတဲ့ ကိလေသာတွေက တစ်လုံးမျှမကျန်ခဲ့ဖူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ တစ်လုံးမှမကုန်ခဲ့ဖူး အင်မတန်ထင်ရှားတယ် တစ်ဘဝလာလည်း ဒီတစ်ထောင့်ငါးရာပဲ၊ တစ်ဘဝလာလည်း တစ်ထောင့်ငါးရာ၊ တစ်ဘဝလာလည်း တစ်ထောင့်ငါးရာ၊ ဘယ်ဘဝတုန်းကများ တစ်လုံးတစ်လေ လျော့ခဲ့သလဲဆိုတော့ ဘယ်ဘဝမှ မလျော့ခဲ့ဘူး မထင်ရှားဘူးလားဟ (ထင်ရှားပါတယ်ဆရာ)။ အေး အေး လျော့တယ်လည်း မရှိဘူး၊ အမှန်ကလျော့လို့မဖြစ်ဘူး၊ ဘာဖြစ်လို့မဖြစ်၊ လျော့ကောင်းတဲ့ အသိဉာဏ်က မပါကြဘူးလို့၊ လျော့ကောင်းတဲ့ အသိဉာဏ်မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



## ကိလေသာဆယ်ပါးတရား

အသိဉာဏ်လည်း မပါကြဘူးလို့၊ သူတော်ကောင်းရဲ့ အသိဉာဏ်လည်းဖြစ်ရာဘာဝ မရခဲ့ဖူးနော် (ဟုတ်ကဲ့ပါဆရာ)။ မရခဲ့ဘူး၊ ခု တို့ဘဝကြည့်ကွယ် အားရှိစရာ အင်မတန်ကောင်း၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ အစရှိတဲ့ အကျဉ်းအားဖြင့် ကိလေသာဆယ်ပါး၊ တစ်ထောင့်ငါးရာ ပေါင်းထားတာနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်ထောင်ငါးရာပေါင်းထားတာ၊ အကျဉ်းအားဖြင့် ဆယ်ပါး၊ လောဘ ဒေါသ မောဟ ဒိဋ္ဌိ ဝိစိကိစ္ဆာ မာန နားလည်တဲ့အပိုင်းလေးရှင်းတာ ကြည့်တော့ ဩော် တို့ရင်ထဲရှိနေတဲ့ ဆယ်ပါးသော ကိလေသာတွေ၊ လောဘတို့၊ ဒေါသတို့၊ ခုသာသနာကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါဖြင့် တို့ရင်တွင်းမှာ ကိလေသာဆယ်ပါးထဲက ဘယ်နှစ်ပါးကုန်ခန်းသွားသလဲလို့ မေးလိုက်တော့ ကြည့်စမ်း အခုပြနေတဲ့ တို့ ပထဝီကစလို့နော် (ဟုတ်ကဲ့ပါဆရာ)။ အရင်တုန်းက ပထဝီဓာတ်မှာ ဖုံးကွယ်ထားတဲ့၊ မင်းတို့ငါတို့ကို အမြဲတစေနှိပ်စက်နေတဲ့ ပညတ်မြင်၊ အတုံး အလုံး အခဲ ပထဝီဓာတ်ကြီးသည် အကောင်အထည်ပဲ၊ စွဲထားတယ် ယူထားတယ်ဆိုတဲ့ ဒိဋ္ဌိကိလေသာ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ပထဝီဓာတ်တုန်းကလေ (ဟုတ်ကဲ့ပါဆရာ)။ ဩော် သူက ရှင်းသွားပြီပေါ့ (ရှင်းသွားပါပြီဆရာ)။ ဩော် ပရမတ်အမြင် မြင်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဩော် ပထဝီဓာတ်က ဘယ့်နှယ့်နေပါလိမ့် (သဘောတရားပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ အာပေါဓာတ်တော့ကော အကောင်အထည်၊ အတုံး၊ အလုံး၊ အခဲအနေနဲ့ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)။ ဝတ္ထုပစ္စည်းအနေနဲ့ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)။ ပညတ်အမြင် ပျောက် သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဲဒါသက္ကာယဒိဋ္ဌိ ပျောက်သွားတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လိုနည်းနဲ့မြင်ပါလိမ့် (သဘောတရားအနေနဲ့မြင်ပါတယ်ဆရာ)။ အေး သဘောတရား သက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါပရမတ်အမြင်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ပရမတ်အမြင်ဆို ဒိဋ္ဌိရှင်းသွားပြီပေါ့ (ရှင်းပါပြီဆရာ)။ အေး ဒိဋ္ဌိဆိုတာ တခြားမဟုတ်ပါဘူး၊ ဝတ္ထုပစ္စည်းတစ်ခုအနေနဲ့၊ အကောင်အထည်အနေနဲ့ မြင်နေရင် ဒါဒိဋ္ဌိအမြင်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒိဋ္ဌိကိလေသာတဲ့၊ ဒါမိမိရင်တွင်းမှာရှိတဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိကိလေသာကြီးပါ။

ကိလေသာဆယ်ပါးမှာ သူက အချုပ်အချာ အညာကွနော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန် ကြောက်စရာကောင်းတဲ့တရားတဲ့၊ ၎င်းဒိဋ္ဌိကိလေသာရန်သူကြီးဟာ အကြီးဆုံးပါပဲ၊ ဒါဖြင့် တို့ တေဇောဓာတ်တုန်းကကော၊ တေဇောဓာတ်ကျတော့ ဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ ဒီလိုပဲ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)။ ပညတ်အမြင် ပျောက်သွားပြီပေါ့ (ပျောက်သွားပါပြီဆရာ)။ ပရမတ်အမြင်

http://www.dhammadownload.com



မြင်နေပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လိုနေပါလိမ့် တေဇောစိတ် (သဘောတရားပါဆရာ)။ ဩော် သဘောတရားသက်သက်ကလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဝါယောစိတ်တော့ ဝတ္ထုပစ္စည်း၊ အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်အနေနဲ့ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)။ ဩော် မမြင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါပညတ်အမြင် ပျောက်သွားပြီပေါ့ (ပျောက်သွားပါပြီဆရာ)။ ဒိဋ္ဌိကိလေသာကွာသွားပြီပေါ့ (ကွာသွားပါပြီဆရာ)။ ဘာအမြင်နဲ့မြင်ပါလိမ့် (သဘောတရားအနေနဲ့ပါဆရာ)။ ဩော် သဘောတရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အခု ဝဏ္ဏစိတ် လာပြန်ပြီလို့၊ ဝဏ္ဏစိတ် စောစောပိုင်းတုန်းကတော့ ဝဏ္ဏစိတ်အနေနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပါဠိတော်တို့၊ အဋ္ဌကထာတို့၊ ဋီကာဒတွေကထုတ်ပြတဲ့ သဘာဝတွေကို တို့လူစု မသင်မကြားခင်တုန်းကတော့ မျက်စိကမြင်သမျှ၊ မျက်စိမြင်သမျှဟာ ယောကျ်ားမြင် မိန်းမမြင် ပုဂ္ဂိုလ်မြင် သတ္တဝါမြင် အကောင်အထည်မြင် အထည်ဒြပ်သဏ္ဌာန်မြင် အတုံးမြင် အလုံးမြင် အခဲမြင် လေးထောင့်မြင် သုံးမြှောင့်မြင် အဝိုင်းမြင် အလျားမြင် တုံးမြင် တိုင်မြင် တောမြင် တောင်မြင် မြို့ရွာနိုင်ငံမြင် မြင်နေတာမမြင်ဘူးလား (မြင်ပါတယ်ဆရာ)။

အဲဒါမြင်တာတွေ မှန်သလား (မမှန်ပါဘူးဆရာ)။ ရှိကောရှိရဲ့လား ဒီပစ္စည်းတွေက (မရှိပါဘူးဆရာ)။ အေး ဒါသေချာ ပရမတ်သဘောနဲ့ကြည့်ရင် လောကကြီးတစ်ခုလုံးက သုညပါလို့၊ တို့များပထမပိုင်းက ပြောခဲ့တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လောကကြီးတစ်ခုလုံးကြည့်လို့ရှိရင် သုည၊ ဘာဖြစ်လို့သုညဖြစ်သတုန်း။ ဟာ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာရှိမှမရှိဘဲပဲ၊ ဘာတွေတုန်း ဟာ မြင်သမျှဟာတွေရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ သိသမျှ ဟာတွေ နာမ်သဘောလေးတွေ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ သဝိညာဏက, အဝိညာဏက ခွဲလိုက်တော့ သက်ရှိသက်မဲ့၊ ရုပ်နဲ့နာမ်ရှိတယ် ဘာမှမရှိဘူး။ ဒါကြောင့် လောကကြီး သုညပါလို့၊ အခုပဲ တို့လူစုက ဒီဝဏ္ဏစိတ်ကြီး မသင်ခင်မကြားခင်တုန်းကတော့ ဘယ့်နှယ်နေသလဲ ဆိုတော့ မြင်သမျှဟာတွေ မြင်တဲ့အတိုင်းပဲ တကယ်ဟုတ်တယ်၊ တကယ်ရှိတယ်၊ တကယ်မှန်တယ်၊ စွဲစွဲလန်းလန်းနဲ့ယုံကြည်ထားတယ်၊ မယုံကြည်ဘူးလား (ယုံပါတယ်ဆရာ)။ အဲဒီလို အကောင် အထည် လုံးဝမရှိတဲ့ အထည်ဒြပ်သဏ္ဌာန်လုံးဝမရှိတဲ့တရားကြီးကို ပကတိမျက်စိက လှည့်စားထား လို့ တို့လူစုက အဟုတ်ယုံလို့၊ အဟုတ်ယုံတယ်၊ အဟုတ်မှတ်တယ်၊ အဟုတ်ယူဆတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဘာတရားလဲဆိုတော့ ဒါဒိဋ္ဌိကိလေသာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်၊ အတုံး၊ အလုံး၊ အခဲ ရှိသေးလား (မရှိပါဘူးဆရာ)။

http://www.dhammadownload.com



သဘောတရားသက်သက်ကလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး သဘောတရားသက်သက်ကလေး မြင်တော့ ဒီဝဏ္ဏဓာတ် အရင်တုန်းကမှားထားတယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိကိလေသာရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ပေ‌ဟာ တစ်လုံးကွာသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

## ပညာအသိတရားဆိုတာ

အဲဒါတန်ဖိုးရှိပုံလေးတွေ တို့ကပြန်ပြီးစာရင်းရှင်းပြတာ၊ ဩော် ဒီလို ပရမတ်မြင်ဆိုတဲ့ ဒိဋ္ဌိ စင်ကြယ်သန့်ရှင်းသွားတဲ့ ပရမတ်အမြင်ဆိုတာဟာ၊ ဒီလိုပဲ တိတိကျကျနဲ့သင်ကြားပေးမယ့် ဆရာ သမားထံ နည်းမခံဘဲနဲ့၊ မသင်မကြားဘဲနဲ့ အမှုမဲ့အမှတ်မဲ့နေရင်၊ တို့ ဒီလို ဒိဋ္ဌိကိလေသာကြီး တစ်လုံးစင်ဖို့ ခက်လှချည့်ရဲ့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)။ ပရမတ်အမြင် မြင်ဖို့ ခက်ချည်ရဲ့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)။ အေး ဒါကြောင့် အင်မတန်လည်း တန်ဖိုးရှိတယ်၊ ဒါလည်းပဲ လောကသုံးပါးမှာ ဘုရားကိုယ်တော်မြတ်ပွင့်လာလို့ ဒီအသိဉာဏ်မျိုးတွေ မင်းတို့ ငါတို့ ရကြ ကြုံကြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလို အမြင်မှန်တွေ မြင်မြင်မြင်မြင်လာတဲ့အခါကျတော့ အမြင်မှန်တစ်လုံး ရဖို့ဥစ္စာလည်း အလွန်လေ့ကျက်ယူရတယ်၊ လေ့လာယူရတယ်လို့ ဆည်းပူးယူ ရတယ် အားထုတ်ယူရတယ်၊ သင်တဲ့ကြားတဲ့ပုဂ္ဂိုလ်လည်း မသက်သာ၊ နာယူတဲ့ ပုဂ္ဂိုလ်လည်း မသက်သာပါဘူး၊ ရလာတာကျတော့ တန်ဖိုးလည်းကြီးလိုက်တာလို့၊ ဘဝပေါင်းများစွာ သချာသချေ မရေမတွက်နိုင်တဲ့ ဘဝပေါင်းများစွာက၊ တစ်ခါမှ မမြင်စဖူးဆိုတဲ့ ဉာဏ်အထူးရတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ပညာစစ်ပညာမှန်ပဲ၊ ဒါကြောင့် ဒီပညာဘာခေါ်လဲ၊ ဒါမှ ပညာစစ်၊ ဒီပညာ ဘာခေါ်တုန်း သမ္မာဒိဋ္ဌိပညာ၊ ယထာဘူတပညာ၊ ကမ္မဝိတရဏပညာ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူမှ ပညာအစစ်တဲ့။

## ဝိဇ္ဇာအမြင်ဉာဏ်

ဘာဖြစ်လို့လဲ၊ မောဟကင်းပြီးတော့ အမောဟဆိုတဲ့ ပညိန္ဒြေစေတသိက်မှာ မြင်ကောင်းတဲ့ အမြင်မျိုးခေါ်တယ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ တစ်နည်းအားဖြင့် ဝိဇ္ဇာမြင်လို့ခေါ်တယ် အဝိဇ္ဇာ မြင်မဟုတ်ပါဘူး၊ ဝိဇ္ဇာသိလို့ခေါ်ပါတယ် အဝိဇ္ဇာအသိ မဟုတ်ပါဘူးတဲ့နော် (ဟုတ်ကဲ့ပါ ဆရာ)။ ဒါကြောင့် ဓာတ်တစ်လုံးပရမတ်တစ်လုံးကို ပြတ်ပြတ်သားသားကြီးနဲ့ တကယ်ပညတ် လွတ်ကင်းသွားအောင်၊ သန့်ရှင်းသွားအောင်၊ ဒိဋ္ဌိကိလေသာဆိုတဲ့ ကိလေသာကြီး စင်ကြယ်သွား အောင် မြင်တယ်၊ ကြားတယ်ဆိုတဲ့ ပေ‌ဟာမှု ပြောမှု ပြမှု သမှု သင်မှု ကြားမှုဆိုတဲ့ စကားများ အင်မတန်မှ တန်ဖိုးကြီးပါလားလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် တို့မဇ္ဈပဒအဋ္ဌကထာက ပြထားတဲ့ သဘာဝရှိတယ်။

http://www.dhammadownload.com



သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။

ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။ (ဓမ္မပဒဂါထာ၊ ၁၀၀)

ဒီဂါထာကို အင်မတန်မှတ်စရာ ကောင်းပါတယ်၊ ကြည့်ကြည့် သေသေချာချာကြည့်၊ အနတ္ထပဒသံဟိတာ–အကျိုးစီးပွားနဲ့မစပ်သော ဖွဲ့ဆိုခြင်းဖြင့် ဖွဲ့ဆိုထားသော၊ ယာ ဝါစာ–အကြင်စကားသည်၊ သဟဿမပိ–ထောင်ပေါင်းများစွာ များပါသော်လည်း၊ န သေယျော–ယုတ်မာတော့သည်သာလျှင်တည်း။ မြန်မာလိုအဓိပ္ပာယ်ပြန်တော့ အကျိုးစီးပွားနှင့်မစပ် အနက်အဓိပ္ပာယ်ကင်းပြတ်နေတဲ့ စကားမျိုးဟာ ခွန်းပေါင်းထောင်ပေါင်းများစွာ၊ ရာပေါင်းများစွာ ပြောဆိုနေတာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီစကားဟာ အမှန်က ယုတ်မာတဲ့စကားပါပဲ ဘာမှတန်ဖိုးမရှိဘူး ဒါဖြင့် ဘယ်စကားမျိုးတန်ဖိုးရှိသလဲ၊ ယံ ဝါစံ–အကြင်စကားကို၊ သုတွာ–ကြားနာရ၍၊ ဥပသမ္မတိ–ကိလေသာမှာ ငြိမ်းနော် (ဟုတ်ကဲ့ပါဆရာ)။ တံ တာဒိသံ–ထိုသို့သဘောရှိသော၊ အတ္ထပဒံ–အကျိုးစီးပွားနှင့်စပ်သော၊ (ဝါ) ခန္ဓာ အာယတနဓာတ် ပရမတ်နှင့်စပ်သော၊ ဧကမ္ပိ–တစ်ခွန်းသော စကားမျှသော်လည်း၊ သေယျော–အထူးသဖြင့်မြတ်၏နော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်စမ်း သူဆိုလိုတာက ယံ ဝါစံ– အကြင်စကားကို၊ သုတွာ–ကြားနာရ၍၊ ဥပသမ္မတိ–ကိလေသာမှ ငြိမ်းနိုင်၏၊ တံ တာဒိသံ–ထိုသို့သဘောရှိသော၊ အတ္ထပဒသံဟိတံ–အကျိုးစီးပွားနှင့်စပ်သော (ဝါ) ခန္ဓာ အာယတနနှင့် စပ်သော စကားသည်၊ ဧကမ္ပိ–တစ်ခွန်းပင်ဖြစ်သော်လည်း၊ သေယျော–အထူးသဖြင့် မြတ်လှ၏။

မြန်မာလိုပြန်လို့ရှိရင် အနက်အဓိပ္ပါယတ္ထ ခန္ဓာ အာယတနဓာတ် အဓိပ္ပာယ်အားဖြင့် ပညတ် ပရမတ် ဒီလို အနက်ဒြပ်ကင်းပြတ်နေတဲ့ ဘာမှကျေးဇူးမပြုတဲ့ စကားတွေဟာ လုံးပေါင်း၊ အခွန်းပေါင်း ထောင်ပေါင်းများစွာ များနေသော်လည်းပဲ ယုတ်ညံ့တာပဲတဲ့၊ ဘာမှ အနှစ်သာရရှာမရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ စကားတစ်လုံးကြားလိုက်ရင် ကိလေသာမှငြိမ်းနိုင်တဲ့ သတ္တိရှိတယ်တဲ့၊ ကြည့်ကြည့်ကြည့် ကိလေသာမှငြိမ်းတယ်ဆိုတာ ခုနငါပြောတဲ့ မင်းတို့ငါတို့ ရင်တွင်းမှာရှိတဲ့ တစ်ထောင့်ငါးရာကိလေသာတွေ အကုန်ပြောတော မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်လုံးတစ်လုံး အဲဒါ ဒီတစ်လုံးငြိမ်းဖို့ဆိုတာလည်းပဲ ဘဝသံသရာက မငြိမ်းခဲ့တာလည်း တို့သိခဲ့ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် တစ်ထောင့်ငါးရာကိလေသာ ငြိမ်းဖို့မဆိုထားနဲ့ တစ်လုံးငြိမ်းဖို့တောင် အတော်အခက်ပါပဲ၊ ဒီဂရိနဲ့တွက်ကြည့် တစ်လုံးငြိမ်းရင် တစ်လုံးပြုတ်၊ တို့မှာ သံသရာမှာ ဝန်ပေါ့သွားတယ်၊ နှစ်လုံးငြိမ်းရင် နှစ်လုံးအတွက်ပေါ့သွားတယ် ဒီလို မှတ်ပါနော် (ဟုတ်ကဲ့ပါဆရာ)။

အခုတော့ ဒီတစ်လုံးသော၊ တစ်ခွန်းသောစကားကို ကြားနာလိုက်ရင် ဒီစကားကို ကြားနာလိုက်ရင် ကိလေသာမှငြိမ်းတယ်၊ ယံ ဝါစံ–အကြင်စကားကို၊ သုတွာ–ကြားနာရ၍၊ ဥပသမ္မတိ–ကိလေသာမှ

http://www.dhammadownload.com



ငြိမ်းနိုင်၏၊ တံ တာဒိသံ–ထိုသို့သဘောရှိသောစကားသည်၊ အတ္ထုပဒံ–အကျိုးစီးပွားနှင့်စပ်သော၊ ကေမွိ–တစ်ခွန်းပင်ဖြစ်သော်လည်း၊ သေယျော–အထူးသဖြင့်မြတ်၏။ မြန်မာလိုပြန်တော့ စကားတစ်လုံး ကြားလိုက်တယ်၊ တစ်ခွန်းတစ်ပါဒ ကြားလိုက်တယ်၊ တစ်ပုဒ်တစ်ကဏ္ဍကြားလိုက်တယ်၊ ကြားခြင်း ကြောင့် မိမိအဇ္ဈတ္တသန္တာန် အမှန်ရှိတဲ့ ကိလေသာတွေက ငြိမ်းသွားတယ် နော် (ဟုတ်ကဲ့ပါဆရာ)။ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)။ တစ်ခွန်းတစ်ပါဒနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့လဲ၊ မိမိအဇ္ဈတ္တသန္တာန် အမှန်ရှိတဲ့ ကိလေသာတစ်လုံးငြိမ်းသွားပြီ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကိလေသာငြိမ်းနိုင်တယ်တဲ့၊ အဲဒီလို စကားမျိုးကျတော့ တစ်ခွန်းတည်းပင် ဖြစ်သော်လည်း တန်ဖိုးမဖြတ်နိုင်အောင်မြတ်တယ်တဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် တို့လူစု တရားနာတဲ့အခါလည်း သေသေချာချာစဉ်းစားနာပေါ့၊ ဩော် စကား စကား ဆိုတာ တရားဆိုတာ လည်း စကားလိုလျှောက်ပြောတာပဲ အဓိပ္ပာယ်နားလည်အောင် မြန်မာလိုလျှောက်ပြောတာလည်း စကားခေါ်တာပဲ။

## ဆိုးတဲ့ကထာ၊ မြတ်တဲ့ကထာ နှစ်မျိုးခွဲခြားခြင်း

ဒါပေမယ့် အဓိပ္ပါယတ္တတော့ နှစ်မျိုးရှိတယ်၊ ဒီစကားဟာ ဘာစကားလဲဆိုရင် တိရစ္ဆာန ကထာက တစ်မျိုးနော် (ဟုတ်ကဲ့ပါဆရာ)။ သဂ္ဂကထာ မဂ္ဂကထာ ဆိုတာ တစ်မျိုး၊ နှစ်မျိုးရှိ တယ်နော်၊ တိရစ္ဆာနကထာ ဆိုတာ တိရစ္ဆာန်စကားလို့ မြန်မာလိုပြန်တော့၊ သဂ္ဂကထာဆိုတာက လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်နိုင်တဲ့ စကားမျိုးခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မဂ္ဂကထာဆိုတာက မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရာရကြောင်း စကားလို့၊ ဒီလိုမနေဘူးလား (နေပါ တယ်ဆရာ)။ သုံးခွန်းပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီသုံးခွန်းထဲမှာ တိရစ္ဆာနကထာဆိုတာ တိရစ္ဆာန်စကားလို့ ဒီလိုဆိုထားတော့ ဘယ့်နှယ့် တိရစ္ဆာန်စကား လူပြောတတ်သလားဆိုတော့ ပြောတတ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ တိရစ္ဆာနကထာဆိုတာကတော့ လုံးလုံးမကောင်း တဲ့စကားတွေ၊ ဒုတိယတန်းကတော့ သဂ္ဂကထာတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့၊ ဒီစကား ပြောရင် အဓိပ္ပာယ်အားဖြင့် ကုသိုလ်ကောင်းမှုအကြောင်းနဲ့ ပတ်သက်ပြောမယ်၊ သမထအကြောင်း နဲ့ ပတ်သက်ပြောမယ်၊ သီလအကြောင်းနဲ့ ပတ်သက်ပြောမယ်၊ ဝိပဿနာအကြောင်းနဲ့ ပတ်သက် ပြောမယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ သဂ္ဂကထာ၊ ဘာဖြစ်လို့ ဒီစကားနာကြားလို့ ရှိရင် လူတို့ နတ်တို့ ဗြဟ္မာတို့ ဒီလိုအကျိုးအထူးတွေကို ရရှိနိုင်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ သုံးနံပါတ်ကျတော့ မဂ္ဂကထာလို့၊ ဒီစကားပြောမယ်ဆိုရင် ဒီစကားနာမည်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တယ်၊ ဟော သေချာတယ်၊ ဒီလို မနေဘူးလား

http://www.dhammadownload.com



(နေပါတယ်ဆရာ)။ ယခု တိရစ္ဆာနကထာ–ဆိုတာ တိရစ္ဆာန်စကားပဲဖြစ်တယ်၊ သဂ္ဂကထာ မဂ္ဂကထာနှစ်ပါးလွဲလို့ရှိရင် လူများပြောနေတာ၊ တိရစ္ဆာနကထာ မြန်မာလိုပြန်တော့ တိရစ္ဆာန်စကားပဲ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် တို့လူစု သိထားတာကတော့ တိရစ္ဆာနစကား ဘာခေါ်သလဲ၊ ဟာ ခွေးတို့၊ ဝက်တို့၊ ငှက်တို့၊ ကြက်တို့၊ နွားတို့၊ ကျွဲတို့၊ ဒါတိရစ္ဆာန်ခေါ်တာပေါ့၊ ဒီလိုသိတာမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှန်ကတော့ တိရစ္ဆာနဆိုတာ တခြားမဟုတ်ပါဘူး၊ နိဗ္ဗာန်မှ ဖီလာ၊ မဂ်ဖိုလ် နိဗ္ဗာန်မှ ဖီလာဖြစ်တဲ့ စကားသည် တိရစ္ဆာနကထာ၊ တိရစ္ဆာနစကားပဲလို့ ဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ တိရစ္ဆာနစကား လူတွေပြောနေတာ၊ ဘယ်လိုစကားမျိုးပဲ့လိမ့်၊ ဟော ဟိုကခွဲပြထားတယ်၊ တိရစ္ဆာနစကားဆိုတာ တခြားမဟုတ်ပါဘူး၊ လူယုတ်တဖော်ဖော်နဲ့ ပြောနေတယ်၊ ဘာတွေတုန်းတဲ့၊ တိရစ္ဆာနစကားဆိုတာ တခြားမဟုတ်ပါဘူး၊ ရာဇကထာတဲ့၊ နိဂမကထာတဲ့၊ ယာနကထာတဲ့၊ ပါနကထာတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရာဇကထာဆိုတာ မင်းစကားစိုးစကားခေါ်တယ်၊ ယခုခေတ်မှာ နိုင်ငံရေးပါတီစကား အကုန်ထည့်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဟော ဒါဖြင့် မင်းကြောင်း စိုးကြောင်း နိုင်ငံရေးကြောင်း ပြောနေတာ တိရစ္ဆာနကထာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ တိရစ္ဆနကထာ ပြောနေတာ ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် တို့လူစုက စောစောသိထားတဲ့ တိရစ္ဆာနစကားဆိုတာ ခွေးခေါ်တာပဲလို့ တို့ဆန့်ကျင်ဘက်ဖြစ်နေတာပဲ နော် (ဖြစ်နေပါတယ်ဆရာ)။ ဒါပေမယ့် ဆန့်ကျင်ဘက်မဖြစ်ပါဘူး။

တိရစ္ဆာန်ဆိုတဲ့ စကားကိုက မဂ်ဖိုလ်မှဖီလာလို့ ဒီလိုဆိုထားတဲ့စကားနော် (ဟုတ်ကဲ့ပါဆရာ)။ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်းမဟုတ်ရင် တိရစ္ဆာနကထာ ခေါ်တယ်၊ ဩော် တိရစ္ဆာန်ဆိုတာက တို့ယူဆတာက လွဲနေတယ်။ ဒါကြောင့် ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ငှက်တွေ သူတို့ ပူဟောင်နေကြတယ် မြည်တွန်နေကြတယ်ဆိုတဲ့ ဥစ္စာဒါတွေလည်း မဂ်ဖိုလ်မှဖီလာ၊ မဂ်ဖိုလ်နိဗ္ဗာန်မှ ဖီလာဖြစ်တဲ့အသံတွေ၊ လူတွေကလည်း ဒီစကားတွေ ပြောရင်ဖြင့် အဓိပ္ပာယ်အားဖြင့် မင်းကြောင်း၊ စိုးကြောင်း၊ တိုင်းကြောင်း၊ ပြည်ကြောင်း၊ မြို့ကြောင်း၊ ရွာကြောင်း၊ နိုင်ငံရေးကြောင်းတွေ ဟောပြော ပြောဆိုနေမယ်ဆိုရင် ဒါတိရစ္ဆာနကထာနော် (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ တိရစ္ဆာနကထာ၊ ဒါပဲလားဆို ဟုတ်ပါဘူး၊ ရာဇကထာ နိဂမကထာဆိုတာ နိဂုံးအကြောင်း၊ ဟာ ဘယ်ရွာတော့ ဘယ်လိုဖြစ်လို့၊ ဘယ့်နှယ်တော့ ဘယ့်နှယ်ဖြစ်ကုန်တယ်၊ ဘာဖြစ်ကုန်တယ်၊ ညာဖြစ်ကုန်တယ်၊ ဒါနိဂုံးနဲ့ ပတ်သက်တဲ့ စကားတွေနော် (ဟုတ်ကဲ့ပါဆရာ)။

အန္နကထာ၊ ပါနကထာဆိုတာ အန္နကထာဆိုတာ ထမင်းစားဖွယ်သောက်ဖွယ်၊ ဒါမျိုးတွေ

http://www.dhammadownload.com



သွားရည်ကျလာအောင် ပြောလို့၊ ဘယ်သူကကျွေးတာကဘယ့်နှယ် ဘာဟင်းတွေနဲ့ကျွေးလို့၊ ဘယ်ဟိုတယ်စားတာကဘယ်လို ဒီအကြောင်းတွေပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါလည်း တိရစ္ဆာနကထာပဲ၊ မင်္ဂလာမှ ဗိုလ်မှ ဗီလာဖြစ်တဲ့စကားတွေပဲ (ဟုတ်ကဲ့ပါဆရာ)။ ပါနကထာဆိုတာ ဒီလိုပဲ သောက်ဖွယ် အဖျော်ယမကာ အစရှိတဲ့ စကားတွေနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ခုနပြောတဲ့ အထဲ ပါလာတဲ့ ရာဇကထာ၊ နိဂမကထာဆိုတဲ့အထဲမှာ တိရစ္ဆာနစကားဆိုတာ အခြားမဟုတ်ပါဘူး၊ စောစောကပြောတဲ့ နိဂုံးအကြောင်း၊ ရွာဇနပုဒ်အကြောင်း ပြောတယ်ဆိုတဲ့အထဲ တိုင်းရေး၊ ပြည်ရေး ပြောတယ်ဆိုတဲ့အထဲ အကုန်လုံး အန္တောဂဓအားဖြင့်ဝင်သွား၊ ပြဇာတ်အကြောင်းတို့၊ ဓာတ်ရှင် အကြောင်းတို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဇာတ်သဘင်အဖွဲ့အကြောင်းတို့၊ ပျော်ပွဲရွှင်ပွဲ အကြောင်း ရှိသမျှဟာတွေ ဂါမကထာ–ရွာသူတို့၏ ပြောနေကျစကားအကြောင်းတို့၊ ရွာသူ့ အကြောင်းကတော့ တစ်ယောက်တစ်ယောက် အတင်းပြောတယ်ပေါ့ကွာ၊ ဒါပါပဲ အဆန်း မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲသလို ကိစ္စတွေလျှောက်ပြောသမျှ အကုန်ပေါင်းလိုက်ရင် ဒါတိရစ္ဆာနကထာပဲ၊ မြန်မာလိုပြောရင် တိရစ္ဆာနစကားနော် (ဟုတ်ကဲ့ပါဆရာ)။ ရင့်ရင့်သီးသီးလေး ပြောရင် ခွေးအကြောင်းပြောရင် ခွေးစကားပြောတာပဲ၊ နွားအကြောင်းပြောရင် နွားစကားပြောတာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး အေး ဒါတိရစ္ဆာနကထာ၊ ဒါဖြင့် တန်ဖိုးရှိတဲ့စကား၊ ဘယ်ဟာလဲဆိုတော့ သဂ္ဂ ကထာသည် ဒုတိယအနေအားဖြင့် တန်ဖိုးရှိတယ်၊ ဘာဖြစ်လို့လဲ၊ ဟာ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ကောင်းရာသုဂတိ ရောက်ရာရောက်ကြောင်းဆိုတဲ့ ကုသိုလ်ကောင်းမှု ဒါနခန်း၊ သီလခန်း၊ သမထခန်းဆိုတဲ့စကားတွေ ပြောနေတယ်ဆို ဒါတော်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မတော်ပေ ဘူးလား (တော်ပါတယ်ဆရာ)။ အဲသူ့ထက် ပိုတော်တာက မဂ္ဂကထာ၊ ဘာပြောတုန်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်း သင်တယ်၊ ကြားတယ်၊ နာယူတယ်၊ မှတ်သားတယ်၊ ပြောတယ်၊ ဆိုတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အခု "သဟာဿမပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။ ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ" ဆိုတာ ဒါမဂ္ဂ ကထာခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ တစ်ပုဒ်ကြားလိုက်ရင် တစ်ဂါထာကြားလိုက်ရင် တစ်ခွန်း ကြားလိုက်ရင် မိမိတို့အဇ္ဈတ္တသန္တာန် အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဆယ်ပါးသောကိလေသာထဲက တစ်ပါးပါးငြိမ်းသွားမယ်၊ အကုန်လုံးရင်လည်း ငြိမ်းသွားမယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီလို ငြိမ်းသွားတဲ့သတ္တိရှိတဲ့စကားမို့လို့၊ ဒီစကားကျတော့ မဂ္ဂကထာ အင်မတန် တန်ဖိုးရှိတယ်။ ဒါကြောင့် ဘယ်လောက်တန်ဖိုးရှိသလဲဆိုတော့ ဒီလို အကျိုးမများတဲ့ မဂ်ဉာဏ်

http://www.dhammadownload.com



ဖိုလ်ဉာဏ် မပေးတတ်တဲ့ စကားမျိုးဟာ ခွန်းရေပေါင်း သိန်းသန်းကုဋေပြောနေ ယုတ်မာတာပဲ၊ အမြတ်မထွက်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

## ကိလေသာကုန်ခန်းနိုင်တဲ့ နည်းမျိုးစုံ

ဒါဖြင့် ဒီ မဂ္ဂကထာ သဂ္ဂကထာဆိုတဲ့ တန်ဖိုးရှိတဲ့စကားကျတော့ ဟာ တစ်လုံးတည်း ဖြစ်ပါစေ သူ့ကျတော့ အမြတ်ဆုံးပဲ၊ တန်ဖိုးဘယ်လောက်မကွာဘူးလား (ကွာပါတယ်ဆရာ)။ တစ်လုံးနဲ့ တစ်သောင်းကွာနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်လုံးနဲ့ထောင်ပေါင်းများစွာ ဘယ်လောက်ကွာလဲ၊ အဲဒါကြောင့် တို့လူစုက ဒီနာယူမှတ်သားတဲ့နေရာလေးတော့ သေသေချာချာကြည့်၊ သြော် တို့နာကြားနေ၊ မှတ်သားနေတဲ့ သဘောလေးတွေဟာ ဘာစကားတွေတုန်း၊ ပြောနေတဲ့စကားတွေ၊ ဘာစကားတွေတုန်း၊ ဟာ မိမိတို့ရင်ထဲမှာ ဘယ်တုန်းကမှ မရှင်းခဲ့ဖူးတဲ့၊ မကုန်ခန်းခဲ့ဖူးတဲ့၊ အင်မတန်ကြောက်စရာကောင်းသော၊ ထောင့်ငါးရာအကျယ်အားဖြင့်၊ ကိလေသာရန်သူ၊ အကျဉ်းအားဖြင့်ဆယ်ပါးဆိုတဲ့ ကိလေသာထဲက၊ ဒီကိလေသာတွေ ငြိမ်းနိုင်တဲ့သတ္တိ၊ ကုန်ခန်းနိုင်တဲ့သတ္တိရှိတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားအနှစ်တွေ နာကြားနေရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ နာကြားနေရတော့ နာကြားတဲ့အတိုင်း ကိလေသာကုန်ရဲ့လား ဆိုတော့ ကုန်ပုံကုန်နည်းလေးကလည်းပဲ ခဏကုန်တာရှိတယ်။ တော်တော်ကြာသွား ကုန်တာရှိတယ် တစ်သက်လုံး ကုန်သွားတာရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကုန်တယ်ဆိုတာကြည့်လိုက် တဒင်္ဂတဲ့၊ ဝိက္ခမ္ဘနတဲ့၊ သမုစ္ဆေဒတဲ့၊ ဘယ်နည်းနဲ့ကုန်ကုန်၊ အခိုက်အတန့်လေးပဲကုန်ဦးတော့ ဒါလည်း ကုန်တယ်လို့ ပြောရမယ်။ တစ်သံသရာလုံးဘယ်တော့မှ ပြန်မပေါ်တဲ့နည်းအားဖြင့် ကုန်သွားပြန်တော့ ဒါလည်းကုန်တာပဲဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီကုန်ခြင်းသုံးမျိုးထဲက တစ်မျိုးမျိုးကုန်ရင်ပဲ မတော်ပေဘူးလားကွ (တော်ပါတယ်ဆရာ)။ အေး ဒါပေမယ့် ဘယ်သူက ခဏလေး ကုန်တယ်၊ ဘယ်သူက တော်တော်ကြာအောင်ကုန်တယ်၊ ဘယ်သူက တစ်သံသရာလုံး ကုန်သွားတယ်လို့ မပြောနိုင်ပါဘူး၊ အမှန်ကတော့ ဒါကုန်ချင်သလို ကုန်ကြမှာပဲ၊ ဒါကြောင့် ဒီစကားအနေအားဖြင့် ယုတ္တိရှိသလား၊ မရှိသလားလို့ စဉ်းစားကြပါ။

ဒါကြောင့် တို့ ဓာတ်ကြီးပရမတ်ကြီးကို ခွဲစိတ်ပြလာတဲ့အခါ ပထဝီက စလို့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ရှစ်လုံးသော ဓာတ်ကြီးတွေကို လေးလုံးပြခဲ့တော့ ဒီလေးလုံးမှာ အရင်တုန်းက ဖုံးကွယ်ထားတဲ့ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဍာန်အနေအားဖြင့် ယူဆထားတဲ့ ဒိဋ္ဌိကိလေသာ ရှိသေးလား (မရှိပါဘူးဆရာ)။ ဟော ကိလေသာကွာသွားနော် (ဟုတ်ကဲ့ပါဆရာ)။ ဒိဋ္ဌိကိလေသာကြီး ကွာမသွားဘူးလား (ကွာသွားပါတယ်ဆရာ)။ အဲဒါ ခဏလား

http://www.dhammadownload.com



တော်တော်ကြွားလား၊ တစ်သက်လုံးလားတော့ ငါမပြောတတ်ဘူးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ပထဝီစာတတ်ကြီးရတဲ့ပုဂ္ဂိုလ်များရဲ့ အသိဉာဏ်တော့ တော်တော်ပြတ်သားပါလိမ့်မယ်၊ ပထဝီစာတတ်ကြီးသည် သဘောတရားသက်သက်အနေကလေးပြောသွားတာ တို့လည်းပြတ်သားတယ်၊ နားလည်တယ်၊ နောက်တစ်ဖန် ပြန်ပြီး ဒီပထဝီစာတတ်ကြီး အတုံး အလုံး အခဲ အကောင်အထည်ဆိုတဲ့ အနေအားဖြင့် ငါဘယ့်နှယ်နည်းနဲ့ ယုံကြည်စရာအကြောင်းမရှိဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုဆိုရင် ဒီလူဟာ အင်မတန်တန်ဖိုးရှိတဲ့လူပဲ၊ တစ်သက်လုံး မှားစရာအကြောင်း မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် တစ်ညပြီးတစ်ညဆိုသလို ဆက်ကာဆက်ကာလာပြီးတော့ နာကြားနေတဲ့အထဲမှာ အမြတ်ကလေးတွေ ထွက်သင့်သလောက် ထွက်လာတယ်ဆိုတဲ့အဓိပ္ပာယ်၊ ဒါထပ်လောင်းပြီးတော့ ပြောရခြင်းပါ၊ ဒါကြောင့် ဒီဝဏ္ဏစာတတ်ကြီးလည်းပဲ မိမိကိုယ်ပေါ် ပြန်တင်တတ်တဲ့ သဘာဝလေး၊ ပြီးတော့ အမြင်လည်းမမှားပါစေနဲ့လို့ မနေ့ညက အဋ္ဌသာလိနီအဋ္ဌကထာ ပြသွားတဲ့ ပါဠိလေးလည်းပြန်ပြီး စာရင်းရှင်းချင်တာနဲ့ အစုညဆက်ပြီးတော့ ပြခြင်းပါနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် မျက်စိက အမြင်မှားဆိုတဲ့ အမှားကြီးက အင်မတန်မှ သူသူငါငါ လူတကာ မရှောင်မရှားနိုင်အောင် မှားတတ်တဲ့ အမှားကြီးမို့လို့ ဒီအမြင်ဟာ အင်မတန်ဆိုးတယ်၊ ဒါကြောင့် ဒီအမြင်ကြီး မမှားရလေအောင်၊ တို့ထပ်ပြီး ဒါနည်းနည်းလေး ရှင်းလင်းပေးခြင်းဖြစ်ပါတယ်။ ဒါဖြင့် မင်းတို့ငါတို့ မျက်စိက အမြင်ဟာ အင်မတန်မှားတတ်တဲ့ အမြင်ကြီးဟာ ခုတော့ မြင်တတ်သွားပြီ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ခု မင်းမြင်သမျှဟာ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်၊ အတုံး၊ အလုံး၊ အခဲ၊ တုံး၊ တိုင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ သစ်ပင်၊ လွင်ပြင် အစရှိတဲ့ အရာဝတ္ထုတွေ မြင်တယ်ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)။ ဘာတွေ မြင်တာတုန်း (သဘောတရားသက်သက်ကလေးသာမြင်ပါတယ်ဆရာ)။ ဟာ အရင်းမရှိ အဖျားမရှိ လုပ်ပြီ၊ ဘာသဘောတရားသက်သက်ကလေးတုန်း (ဝဏ္ဏစာတ်သဘောတရားလေးပါဆရာ)။ ဝဏ္ဏစာတ်သဘောတရားလေး (ဟုတ်ကဲ့ပါဆရာ)။ မြန်မာလိုတော့ ဝဏ္ဏစာတ်ဘာခေါ်တာတုန်း (အဆင်းခေါ်ပါတယ်ဆရာ)။ အဆင်းခေါ်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအဆင်းခေါ်တဲ့ ဝဏ္ဏစာတ်က သေသေချာချာပြောစမ်းပါ၊ အဆင်းဆိုတဲ့ ဝဏ္ဏစာတ်ဟာ ဘယ်လိုသဘောတရားလဲ (မြင်ကောင်းတဲ့သဘောတရားလေးပါဆရာ)။ သြော် မြင်ကောင်းတဲ့သဘောတရားလေး ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။

မြင်ကောင်းတာမှန်ရင် ဝဏ္ဏစာတ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဖြူ၊ အပြာ၊ အဝါ မရွေးရဘူး

http://www.dhammadownload.com



ပေါ့ (မရွေးရပါဘူးဆရာ)။ အမှောင်အလင်း ရွေးမနေနဲ့ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အတုံး၊ အလုံး၊ အခဲတွေ မြင်မနေနဲ့ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဟော မြင်ကောင်းတယ်၊ မြင်ရတယ်၊ မြင်နိုင်တယ်၊ မြင်တယ်ဆိုရင် ဒါဝဏ္ဏာရုံ (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ ဒါ့ကြောင့် ဟိုကဆိုလိုထားတာက ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''၊ ရူပံ–ရူပါရုံ ခေါ်တဲ့ အဆင်းတည်းဟူသော ဝဏ္ဏာရုံသည်၊ စက္ခုပဋိဟနနလက္ခဏံ–စက္ခုပသာဒ ကမ္ဘဇရုပ် မှန်လေးကို ထိခြင်း၊ တိုက်ခြင်း၊ တိုးခြင်း၊ ထင်ခြင်းလက္ခဏာရှိ၏၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှန်ကတော့ မင်းတို့ငါတို့ရဲ့ စက္ခုပသာဒ သန်းဦးခေါင်းမျှပမာဏရှိတဲ့ ကံနဲ့လုပ်ပေးထားတဲ့ စက္ခုပသာဒ အကြည်ရုပ်ကလေးကို လာပြီးတိုးတယ် တိုက်တယ်ဆိုရင် ဒါဝဏ္ဏာရုံပဲ၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုးတာ တိုက်တာ ဘယ့်နှယ့်လုပ်သိပ့်၊ ဟာ မြင်ရင် သိတာ ပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်မှသိပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့လဲ ဆိုတော့ မနေ့ညက ငါရှင်းပြတဲ့အတိုင်း ဒါလေးက နည်းနည်းလေး ရှုပ်ထွေးတတ်တယ် မြင်တာဟာ စိတ်ကလေးပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဝိညာဏ်စိတ်ကလေးနော် (ဟုတ်ကဲ့ပါ ဆရာ)။ မင်းတို့ငါတို့ကြည့်လိုက်ရင် မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ အေး မြင်တယ်၊ မြင်တယ်၊ ဘာမြင် ညာမြင် မြင်တာတွေမှတ်တာပေါ့ကွာ၊ မြင်တော့မြင်တာချည်းပေါ့၊ စာစော တုန်းက အန္တပုထုဇ္ဇဉ်ဘဝတုန်းက တုံးမြင်၊ တိုင်မြင်၊ လူမြင်၊ ပုဂ္ဂိုလ်မြင်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ မြင်ရတယ်ဆိုတဲ့ အမြင်တရားပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီမြင် တယ်ဆိုတာစိတ်ကလေးပဲ၊ ဟော မြင်ရင်ဖြင့် တို့သိပြီ၊ ဘာဖြစ်လို့ ငါ့မျက်စိဖွင့်ကြည့်လိုက်လို့ မြင်ရရင် ဝဏ္ဏာရုံ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်ရင်ဖြင့် ဒါဝဏ္ဏာရုံ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

မြင်ရရင်ဝဏ္ဏာပဲ ဒီလို မှတ်ထားပါနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့တုန်း၊ ဆိုထားတာက ဒီဝဏ္ဏာဆိုတဲ့ အဆင်းရုပ်ကိုက ဒီစက္ခုပသာဒ ကမ္ဘဇရုပ်မှန်အကြည်ရုပ်ကလေးမှာ လာပြီးတော့ တိုးတတ်၊ ထိတတ်၊ ခိုက်တတ်၊ ထင်တတ်တယ်လို့ ဒီလိုဆိုထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူလာတိုးမှ သိတာပေါ့ကွာနော် (သိပါတယ်ဆရာ)။ သူလာတိုးတော့ ဘာ့ကြောင့်သိလဲဆိုတော့ သူလာတိုးကာမှ မြင်စိတ်ကလေးပေါ်လာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်စိတ်ကလေး ပေါ်လာကာမှ မြင်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် တို့လူစုက အမှတ်ရလွယ်သားနဲ့ မြင်လိုက်ရင် ဝဏ္ဏာရုံပဲဟ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုးလို့မြင်တာ မတိုးရင်မမြင်ဘူး ဘာဖြစ်လို့လဲ၊ ဒီမြင်စိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်ကိုးက ဒီဝဏ္ဏာအဆင်းရုပ်ကလေးလာတိုးလိုက်မှ

http://www.dhammadownload.com



စက္ခုပသာဒအကြည်ရုပ်ကလေးလာထိလိုက်မှ မြင်စိတ်ကလေးပေါ်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။

မနေ့ညကပြသွားတာ စည်နဲ့လက်ခတ်လိုပဲ၊ စည်နဲ့လက်ခတ်တခြားစီထား၊ ဘယ်တော့မှ အသံမထွက်ဘူး၊ ဟော လက်ခတ်နဲ့စည်ခတ်လိုက်ပြီဆိုမှဖြင့် အသံမြည်ရော၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒီအသံလေးမြည်လာသလိုပဲ စိတ်ကလေးဟာ ဝဏ္ဏာဆိုတဲ့ အဆင်းဓာတ်ကလေးနဲ့ စက္ခုပသာဒအကြည်ရုပ်ကလေးနဲ့ လာတိုက်လိုက်မှ မြင်စိတ်ကလေးပေါ်လာ၊ အသံနဲ့မတူဘူးလားကွ (တူပါတယ်ဆရာ)။ အေး အေး မြင်စိတ်ကလေးပေါ်လာ၊ အဲဒီလို မြင်စိတ်ကလေးလည်းပေါ်လာရော တို့ကမြင်တယ်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ငါမြင်တယ်၊ ဒီလိုလာတယ်၊ ဒါဖြင့်မြင်ဆိုကတည်းက သူတို့နှစ်ခုတိုက်ပြီ၊ ဒီလိုမသိဘူးလား (သိပါတယ်ဆရာ)။ ငါ့စက္ခုပသာဒငါသာ မပြောတတ်လို့၊ မမြင်ခင်တုန်းက ငါသာမမြင်ကောင်းလို့၊ မသိလိုက်လို့ ဝဏ္ဏာဆိုတဲ့ အဆင်းဓာတ်သည် ငါ့မျက်စိထဲ စက္ခုပသာဒအကြည်ရုပ်ကို လာတိုက်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လာတိုးတာ ဘာဖြစ်လို့မင်းသိ၊ ဟာ သူတိုးလို့ စက္ခုဝိညာဏ် မြင်စိတ်ဖြစ်တာ၊ မြင်စိတ်ဖြစ်လို့ ငါမြင်တာ၊ မြင်ကတည်း သူတိုးမှန်းငါသိတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် ဒီစက္ခုဝဏ္ဏာဓာတ်ကလေးဟာ တခြားမမှတ်ပါနဲ့၊ အတုံး၊ အလုံး၊ အခဲတွေ မြင်တယ်ဆိုတာ မဟုတ်ပါဘူး၊ အကောင်အထည်တွေ မြင်တယ်ဆိုတာမဟုတ်ပါဘူး၊ တုံး တိုင်တွေ မြင်တယ်ဆိုတာ မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အဖြူ အပြာ အဝါတွေ မြင်တယ်ဆိုတာ မဟုတ်ပါဘူး၊ အမှန်ကတော့ မျက်စိမှာစက္ခုပသာဒမှာ လာတိုးတဲ့၊ တိုက်တဲ့သဘောလေး၊ ထင်တဲ့သဘောလေးနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် မြန်မာလို ပြောလိုက်တော့ မြင်တာဟာ ဝဏ္ဏာဓာတ်ပဲ၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် ဒီဝဏ္ဏာဓာတ်ကို သဘောလက္ခဏာအနေအားဖြင့် အခု ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''ဆိုတဲ့ စကားအရ ဝဏ္ဏာဓာတ် ဘယ်နှယ်မှတ်ရပါ့ မြင်ရရင် ဝဏ္ဏာဓာတ်ပဲလို့ မှတ်ထားပါဆိုရင် မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။ ဒီလိုဆိုတော့ ပညတ်တွေ လွတ်သွားပြီပေါ့ (လွတ်သွားပါပြီဆရာ)။ အကောင်အထည်တွေ မြင်နေပြီဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ အေး ဒါတွေ ဖျောက်ပစ်ရမယ်နော်၊ ဒါတွေ ဖျောက်ပစ်ရမယ်ဆိုတာ ဒါတွေ မမြင်ကောင်းဘူးပြောတာ မဟုတ်ဘူး၊ ပကတိမျက်စိနဲ့ ပြောင်ပြောင်ကြီးမြင်မှာပဲ၊ ဒါပေမယ့် ဉာဏ်မျက်စိအမြင်ကတော့ဖြင့် ဟာ ငါအကောင်အထည်တွေ အတုံး၊ အလုံး၊ အခဲ၊ အထည်ဒြပ်သဏ္ဌာန်တွေမြင်နေတာ မဟုတ်ဘူး၊ ဒါငါ့မျက်စိက အမြင်မှားနေတာ အမှန်က၊ ဒါသညာဝိပလ္လာသခေါ်တယ်၊ ဒါကြောင့် မြင်တာကို သညာဖုံးတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မြင်တာကို သညာဖုံးတယ်ဆိုတော့ ဒီအမှတ်

http://www.dhammadownload.com



အသားတွေ လွဲလွဲလွဲလွဲနေတာနဲ့ တို့ပရမတ်အမြင် မမြင်ဘဲကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် ဉာဏ်မျက်စိက ပြန်ပြီးဆင်ခြင်ကြည့်ပါ၊ မိမိက ကြည့်လိုက်လို့ တုံးမြင်၊ တိုင်မြင်တာကို ဟာ ငါမြင်တာ တုံးမြင်၊ တိုင်မြင်တယ်ဆိုတာ ဒါပညတ်အမြင်ပဲ၊ တုံး တိုင်ရယ်လို့ ဘယ်ရှိမလဲ၊ ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မြင်ကောင်းတဲ့သဘောတရားမို့လို့ ငါမြင်တာပဲ၊ မြင်ရတဲ့သဘော တရားမို့ ငါမြင်တာပဲ၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီမြင်ရတဲ့ဓာတ်ကလေးရဲ့အနေအထား ကို တစ်ခါကြည့်စမ်းပါဦး၊ ဟုတ်လား မဟုတ်လားလို့။

မြင်ကောင်းလို့မြင်တယ်၊ မြင်နိုင်လို့မြင်တယ်၊ မြင်ရလို့မြင်တယ်၊ ဟော သူ့သဘောကိုက မြင်ကောင်းတယ်၊ မြင်နိုင်တယ်၊ မြင်ရတယ်၊ ဒီလိုနေတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ သူ့သဘောက ဒါပဲမဟုတ်လား (ဒါပါပဲဆရာ)။ ကိုင်း အဓိပ္ပာယ်အားဖြင့်ကွာ ကြည့်စမ်းပါ၊ ဟို လေးထောင့်စပ်စပ်တုံးလေးတစ်ခု လက်သီးဆုပ်လောက်ပမာဏရှိတဲ့ တုံးလေးချထား၊ မင်းကြည့် တော့ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ သာမန်လူစားဆို မင်းဘာမြင်လဲ၊ တုံးမြင်တယ် ပြောမှာ ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဟာ တုံးကြည့်တာတုံးမြင်မှာပေါ့၊ ခုမြင်တာ တုံးပေါ့၊ ဒီလိုပဲ ငြင်း မယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ကောင်းပါပြီ၊ မြင်တာ တုံးမဟုတ်ဘူးကွ၊ မင်းမြင်တာ တုံးဖြစ်ရင် တုံးပျောက်ရင် မင်းအမြင်ဓာတ် ပျောက်သွားမှာပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တုံးလေး အစိတ်အစိတ်အမွှာအမွှာခွဲချေ ထုရိုက်ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ အစိတ်စိတ် အမွှာမွှာကွဲလို့၊ အကြေအမွတွေဖြစ်နေပေါ့၊ ကြည့်လိုက်တော့မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ မြင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ တုံးရောရှိသေးရဲ့လား (မရှိတော့ဘူးဆရာ)။ ဟော တုံးတော့ ပျောက်သွားပြီလား (ဟုတ်ကဲ့ပါဆရာ)။ မြင်တယ်ဆိုတဲ့ အမြင်ဓာတ်ပျောက်ရဲ့လား (မပျောက်ပါ ဘူးဆရာ)။ ဘာတွေမြင်တုန်း၊ ဟာ သစ်စတွေ မြင်တာပေါ့၊ သစ်စလေးတွေ ခြေမွထားတာ မြင်တာပေါ့။

ကောင်းပါပြီ၊ သစ်စမြင်လို့ရှိရင် အဲဒီသစ်စ တစ်ခါထုထောင်း၊ အမှုန်အမွှားဖြစ်အောင် ညက်ညက် ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ခုန သစ်စလေးတွေရှိသေးသလား (မရှိတော့ပါဘူးဆရာ)။ မရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် စက္ကူထဲ အမှုန့်တွေထည့်ထားတာကြည့်လိုက်စမ်း မြင်လား (မြင်ပါတယ်ဆရာ)။ ဩော် မြင်လျက်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အမြင်ဓာတ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အခုန သစ်စလေးပျောက်သွားပြီပေါ့ (ပျောက်သွားပါပြီဆရာ)။ ဟာ ခုတော့ အမှုန့်တွေ မြင်ပြန်ပေါ့၊ ဒါသစ်သားမှုန့်တွေပဲ ထောင်းထုထားတာ အမှုန်အမွှားဖြစ်၊ ဒါဖြင့် ကောင်း ပါပြီ၊ အမှုန်အမွှားဖြစ်၊ ဒီအမှုံအမွှား ဖျက်ဆီးပစ် ဘယ်နှယ်လဲ မီးရှို့နော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



မီးရှို့တော့ သစ်သားအမှုန့်တွေရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ဘာဖြစ်သွားလဲ (ပြာဖြစ်သွားပါတယ်ဆရာ)။ ပြာဖြစ်သွားတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ကြည့်လိုက်တော့မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ခုန သစ်သားမှုန့်တွေ ပျောက်သွားပြီလား (ပျောက်သွားပါတယ်ဆရာ)။ အမြင်ဓာတ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အေး မပျောက်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီပြာတွေမြေကြီးထဲ အသာချတော့ သုံးနှစ်ကြာရင်မြေဖြစ်ပြီပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ သုံးနှစ်လောက်ကြာတော့ သွားတူးကြည့်တော့ ခုနပြာတွေရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ကြည့်လိုက်တော့ မြင်သလား (မြင်ပါတယ်ဆရာ)။ ဘာမြင်သတုန်း (မြေကြီးမြင်ပါတယ်ဆရာ)။ ဩော် မြင်ပြန်နော် (ဟုတ်ကဲ့ပါဆရာ)။ အမြင်ဓာတ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ခုန ပညတ်အမြင်တော့ ပျောက်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပညတ်ကပျောက်မှာပေါ့၊ နဂိုကရှိတဲ့တရားမှ မဟုတ်တာနော် (ဟုတ်ကဲ့ပါဆရာ)။ လေးထောင့်၊ သုံးမြှောင်ဆိုတဲ့ အတုံးအလုံး မရှိ၊ အမှုန် အမွှား မရှိ၊ အရည်အဖတ် မရှိ၊ ဘာမှမရှိဘူး၊ ပြာမရှိ၊ မီးသွေး မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မရှိသာ မရှိတယ်၊ ဒီဟာတွေသာ ပျောက်ပျောက်သွားတယ်၊ မြင်တာကတော့ မြင်လျက်ပဲ၊ မြင်လျက်ပဲဆိုတော့ အမြင်ဓာတ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဟော အမြင်ဓာတ်က မပျောက်ဘူး၊ ဘာဖြစ်လို့ အမြင်ဓာတ်က မပျောက်သလဲ (မြင်တဲ့သဘောလေး ရှိလို့ပါဆရာ)။ အေးလေ ဘာဖြစ်လို့မပျောက်တုန်း သူ့ကျတော့၊ ဘာတရားမို့လို့လဲ (ပရမတ်တရားမို့လို့ပါဆရာ)။ ဩော် ပရမတ်တရားမို့လို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ခုန အတုံးတို့၊ အကြေအမွှားတို့၊ အမှုန့်တို့၊ ပြာတို့၊ မီးသွေးတို့ ဆိုတာ ဘာတရားတွေတုန်း (ပညတ်တရားတွေပါဆရာ)။ ဩော် မရှိတဲ့တရားတွေပေါ့ (ဟုတ်ကဲ့ပါဆရာ)။ သူတို့က သက်သက်မျက်စိက အမြင်မှားနေတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဟော သညာ၊ သညာ၊ သညာလိမ်ထားတာ၊ ဟောဒါတွေ့တော့ လေးထောင့်၊ သုံးမြှောင်၊ ဟောဒါတော့ သစ်သားစလေးတွေ၊ ဟောဒါတော့ သစ်သားမှုန့်လေးတွေ၊ ဟောဒါကျတော့ မီးသွေး၊ ဟောဒါကျတော့ ပြာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတရားတွေက ပထမရှိရဲ့လား (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူး၊ အမှန်ကြည့်လိုက်တော့ ဒါသေသေချာချာကြည့်လိုက်တော့ အမြင်ဓာတ်က မပျောက်ဘူးတဲ့၊ အမြင်ဓာတ်ကြီးကတော့ ဘယ်တော့မှ မပျောက်ဘူး၊ ထုလို့၊ ထောင်းလို့ကော ပျောက်သွားရဲ့လား (မပျောက်ပါဘူးဆရာ)။ ခြေလို့ မွလို့ရော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မီးနဲ့ရှို့လို့ကော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ပြာဘဝရောက်တော့ရော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မြေထဲ လွှင့်

http://www.dhammadownload.com



ပစ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဘယ်တော့မှ မပျောက်ဘူး၊ မြင်လျက်၊ မြင်လျက်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့်ရင် ပညတ်နဲ့ပရမတ် ဒီနေရာလေး တို့လူစုက ခြားနားပြီးတော့ ဝေဖန်ကြည့်စမ်း၊ လက်စသတ်တော့ ပညတ်ကလုံးလုံးမရှိတဲ့တရား၊ သစ်တုံးလေးဖက်ကကြည့်၊ အမြင်ဓာတ်က ပရမတ်တရား၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ မရှိတရားနဲ့ရှိတဲ့တရား နှစ်ပါးကို မင်းတို့ငါတို့ရဲ့မျက်စိထဲမှာ သေသေချာချာ မျက်စိမှိတ်ခွဲခြားပြီး ချထား၊ ဒီဘက်က တုံးကလေး၊ ဒီဘက်က မြင်ရတဲ့အမြင်ဓာတ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ တုံးကလေး ငါခွဲစိတ်၊ အစိတ်စိတ်အမွှာမွှာဖြစ် ဘာလေးတွေ သစ်သားစလေးတွေ တုံးလေး မြင်သေးရဲ့လား မမြင်တော့ဘူး ဒါပေမယ့် တုံးလေးရှိသေးလား မရှိဘူး။

ဒါပေမယ့် အမြင်ဓာတ်က ပျောက်ရဲ့လား မြင်လျက်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မြင်တာတော့ သဏ္ဌာန်လေးတွေက ပြောင်းသွားတယ်၊ ပြောင်းသွားမှာပေါ့၊ ဒါသဏ္ဌာန ပညတ်၊ နဂိုကရှိတာမဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အတုံးဘဝမှ လေးစိတ်လေးမွှာ ဖြစ်သွားပြီ၊ သဏ္ဌာန်တွေ ပြောင်းသွားပြီ၊ ဩော် ဒီသဏ္ဌာန်တွေ လိုက်နေလို့ ဘယ်ဟုတ်မလဲ၊ သဏ္ဌာန်က ရှိမှ မရှိဘဲ၊ သဏ္ဌာနပညတ်၊ အမြင်ဓာတ်ကတော့ အမြဲတစေရှိတယ် မရှိဘူးလား (ရှိပါတယ်ဆရာ)။ အဲဒီအစိတ်စိတ်အမွှာမွှာခွဲထားတဲ့ သစ်သားစလေးတွေ တစ်ခါ အမှုန့်ထောင်း၊ ညက်ညက်ပါအောင် ထောင်း၊ အမှုန်အမွှားဖြစ်လာပြန်ပေါ့၊ သစ်သားစလေးတွေ မမြင်တော့ဘူး၊ မရှိတော့ဘူး၊ ဘယ်ရှိမလဲ သစ်သားစ၊ နဂိုကမှ မရှိပဲ၊ ဒါပေမယ့် မျက်စိနဲ့ မြင်ရဲ့လား၊ မြင်တယ်၊ ဟော အခု အမြင်ဓာတ်ကတော့ မပျောက်ဘူး၊ သစ်သားစတွေတော့ ပျောက်သွားပြီ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ ဘာဖြစ်သွား၊ အမှုန်တွေ ဖြစ်သွားပြန်ပေါ့၊ အဲဒီအမှုန်တွေ မီးရှို့ မကျွမ်းတကျွမ်းဆို မီးသွေးဖြစ်နော် (ဟုတ်ကဲ့ပါဆရာ)။ သစ်သားမှုန့်တွေ ရှိသေးလား၊ မရှိဘူး၊ ဘာတွေဖြစ်တုန်း၊ မီးသွေးတွေ ဖြစ်ကုန်တယ်၊ မြင်တာက မြင်လျက်ပဲ၊ မြင်တုန်းရှိသေး၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဟော ခုတော့ မီးသွေးအနေနဲ့မြင်ပြန်ပြီ၊ ဘာပဲဖြစ်ဖြစ်၊ ဖြူဖြူ ပြာပြာ ဝါဝါမြင်တာ မြင်တာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီမီးသွေးထပ်ပြီးတော့ မီးရှို့ကြည့်စမ်း၊ ပြာဖြစ်သွား၊ မီးသွေး မရှိပြန်ဘူးတဲ့၊ ဘာဖြစ်သွား၊ ပြာဖြစ်သွား၊ ပြာဖြစ်သွားတော့ ကြည့်စမ်းပါ၊ မြင်သလား မြင်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမြင်ဓာတ် ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အဲဒီနှစ်ခု ယှဉ်ကြည့်စမ်း၊ တုံးကလေးဘဝစပြီးတော့ ဟိုးပြာဘဝရောက်အောင် ဒီဘက် ကတော့ ပညတ်တန်းကြီး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပညတ်တွေချည်း၊ ခုပဲ လေးထောင့်တုံးတဲ့၊ အခုတော့ ခွဲလိုက်၊

http://www.dhammadownload.com



စိတ်လိုက်တော့ သစ်သားစတွေတဲ့၊ အခုထောင်းလိုက်တော့ သစ်သားအမှုန့်၊ အခု မီးရှို့လိုက်တော့ မီးသွေးတဲ့၊ အခုထပ်ရှို့ပြန်တော့ပြာတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သြော် ပညတ်တွေ ပျောက် ပျောက်သွားလိုက်တာ၊ ဒါအမှန်ကတော့ ပညတ်ဆိုတဲ့တရားဟာ သစ်တုံးလည်း မရှိပါဘူး၊ သစ်သားစလေးလည်း မရှိပါဘူး၊ သစ်သားမှုန့်လည်း မရှိပါဘူး၊ မီးသွေးလည်း မရှိပါဘူး၊ ပြာလည်း မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဟော ဒီဘက်က အမြင်ခေတ်ကြီးကတော့ အခုန မင်းတို့ ငါတို့ မြင်တယ်ဆိုတဲ့ ပထမတုံးကလေးက စမြင်တာ ပြာအထိ၊ အမြင်က ပြောင်းရဲ့လား (မပြောင်းပါဘူး ဆရာ)။ မြင်လျက် မြင်လျက်ချည်ပဲ နော် (မြင်ရပါတယ်ဆရာ)။ မြင်တာဟာ ဒါဘာလဲ၊ ဒါမြင်တာဟာ ဝဏ္ဏခေတ်ပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါဖြင့် မရှိပညတ်၊ ရှိပရမတ်ဆိုတဲ့ တရားနှစ်ပါး ခွဲလိုက်တော့ ဟို တုံးဘက်က အတန်းကြီးကတော့ မရှိ ပညတ်၊ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ ပညတ်မြင်တွေ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဟောဒီဘက်က ရှိပရမတ်ဆိုတာကျတော့ အမြင်ခေတ်ကြီးကတော့ ခွဲလို့၊ စိတ်လို့လည်းမရ၊ ထုလို့၊ ထောင်းလို့လည်း မရနော် (ဟုတ်ကဲ့ပါ ဆရာ)။ မီးနဲ့ရှို့လို့လည်းမရ၊ ရရဲ့လား (မရပါဘူးဆရာ)။ ဟာ ထုလိုက် ထောင်းလိုက် ခွဲလိုက် စိတ်လိုက်လည်း မြင်တာပဲဟ၊ မီးဖုတ်လိုက်လည်း မြင်တာပဲ၊ ပြာဖြစ်သွားလည်း မြင်တာပဲ၊ ဒီလို မနေဘူးလား (နေပါတယ်ဆရာ)။

မြင်တာပဲ ပြာဖြစ်သွားလည်းမြင်တာပဲ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ အဲဒီတော့ အဖြူ အပြာ အဝါတွေကို သင်္ကေတပညတ်အနေအားဖြင့် အမှတ်အသားမထားနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မြင်ကောင်းတယ်ဆိုတဲ့ အမြင်ခေတ်ကလေးတစ်ခု သေချာမှတ်ထား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ ဒါမြင်ရတယ်ဆိုတဲ့သဘောတရားလေး၊ မြင်ရတယ်ဆိုတဲ့ သဘောတရားသက်သက်ကလေး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ကောင်းပါပြီ၊ အဲဒီမြင်နေတယ် မြင်နေတယ်ဆိုတဲ့ အမြင်ခေတ် ကြီးဆိုတဲ့ ဝဏ္ဏရုပ်ကလေးကို အဆင်းခေတ်ကလေးကို မင်းလက်နဲ့ကိုင်လို့ရပါ့မလား (မရပါဘူးဆရာ)။ ယူလို့ရောရပါ့မလား (မရပါဘူးဆရာ)။ ကြည့်လို့ရောမြင်ရပါ့မလား (မရပါဘူးဆရာ)။ ဟော မင်းမျက်စိမှိတ်ထားသလား၊ မျက်စိနဲ့မြင်အောင် မကြည့်နိုင်ဘူးလား (မြင်ရပါတယ်ဆရာ)။ သြော် ဖြစ်သွားပြီ၊ ရှေ့နားကပြော၊ ပထဝီက စပြီးတော့ ဒီကိုင်လို့မဖြစ် ယူလို့မရ ကြည့်လို့မမြင်ဆိုတဲ့ စကားလုံးက တန်းလာတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ငါတစ်ခါပုံပြင်လေးတစ်ခု ကြားဖူးတယ်ကွ၊ စက်ရုံကြီးတစ်ရုံမှာ လူပေါင်းက ထောင့်လေးငါးရာ အလုပ်လုပ်တော့ကာ သြော် တိုင်းတရားဆိုတဲ့ အလုပ်စာရင်းစစ်တဲ့လူက စာရင်းကိုင်တဲ့လူကနေးနေး သင်ပုန်းကြီးမှာ သွားသွားကြည့်ရတာ အလုပ်ဆင်းရင် ဘယ်သူလာတယ်၊ ဘယ်သူမလာဘူး၊ ဘယ်သူက ခွင့်တိုင်သွားတယ်ပေါ့နော်။

http://www.dhammadownload.com



အဲဒီတော့ ခွင့်တိုင်တိုင်သွားတော့ ထိပ်ဆုံးကခွင့်တိုင်တဲ့သူက ကနေ့မနက်ဆိုလို့ရှိရင် အကြောင်းပြတယ်၊ ကျွန်တော်နေမကောင်းလို့ ကနေ့ခွင့်ယူပါသည်၊ လူနာမည်က မောင်ဖြူ အဓိပ္ပာယ်အားဖြင့် ဒီလိုပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုဆိုတော့ နေမကောင်းလို့ဆိုတဲ့ လူတွေက လိမ်တဲ့လူတွေကများတော့ အပေါ်ကမောင်ဖြူက ကျွန်တော်နေမကောင်းလို့ ကနေ့ ခွင့်ယူပါသည်၊ ဗိုက်နာလို့ခွင့်ယူပါသည်ဆိုတော့ အကြောင်းက အောက်နားကလူတွေကျမပြ၊ အောက်နားကလူတွေကျတော့ နာမည်သာတပ်တယ်၊ အကြောင်းပြ "ၚင်း"နော် (ဟုတ်ကဲ့ပါဆရာ)။ မောင်ဖြူလိုပဲ ဗိုက်နာလို့ပေါ့ကွာ၊ မောင်ဖြူလိုပဲ နေမကောင်းလို့ပေါ့ "ၚင်း"နော် (ဟုတ်ကဲ့ပါဆရာ)။ မောင်နီၚင်း ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုပဲ တပ်တပ် တပ်တပ် ၚင်းက တပ်နေကျ၊ ဒီလိုပဲ လူညာတွေကိုးကွ၊ အလုပ်က မဆင်းချင်ပဲကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်နေ့ကျတော့ အပေါ်ဆုံး မောင်ဖြူဆိုတဲ့ အကောင်က ဒီနေ့တော့ သူ့မိန်းမက၊ သူ့ဒကာမက အမွှာပူး မျက်နှာမြင်ရှာတယ်၊ ကသီလင်တဖြစ်ရှာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကလေးလေး အမွှာပူး မျက်နှာမြင်လို့၊ မိန်းမမျက်နှာမြင်လို့ ကနေ့ကျွန်တော်အလုပ်မဆင်းဘူး၊ ခွင့်ယူပါတယ်၊ အပေါ်က တပ်လိုက်တယ်၊ ဟို ၚင်းတပ်နေကျအကောင်တွေက အပေါ်ကစာတန်း ဖတ်မကြည့်ဘူး၊ ခါတိုင်းလို မှတ်တယ်၊ အောက်က ၚင်းချည်းလျှောက်တပ်တယ်၊ မောင်နီ၊ မောင်ဖြူ၊ မောင်ညိုပေါ့ကွာ၊ 'ၚင်း၊ ၚင်း၊ ၚင်း၊ ၚင်း' ရေးသားကြတယ်။

တိုင်းမင်းကြီးက လာစာရင်းစစ်ကြည့်၊ ထိပ်ဖျားက ဖတ်လိုက်တယ်၊ မောင်ဖြူ၊ ကျွန်တော် မောင်ဖြူ အိမ်သူမသည် ကလေးအမွှာပူးမျက်နှာမြင်တဲ့အတွက် ကျွန်တော်မအားလပ်လို့ ခွင့်တိုင် ပါသည်၊ အောက်နားက မောင်နီ၊ မောင်ညိုကြည့်တော့ 'ၚင်း၊ ၚင်း၊ ၚင်း၊ ၚင်း'၊ ဟဲ့ အမွှာပူး မွေးမွေးလှချည်လား၊ အမွှာပူးတွေမွေးလှချည်လားဟ၊ အောက်က ၚင်းတွေကလည်း ထပ်လို့၊ မင်းကလည်း ၚင်းအတပ်မှားနေတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ပထဝီစာတ်တုန်းက မင်းကိုင်လို့ရလားမရဘူးလား၊ ယူလို့ရလားမရဘူးလား၊ ကြည့်လို့ မြင်ရလားမမြင်ဘူးလား၊ 'ၚင်း ၚင်း'တွေက လာနေတာနော် (ဟုတ်ကဲ့ပါဆရာ)။ အာပေါလည်း ၚင်းချည်းပဲ၊ တေဇောလည်း ၚင်းချည်းပဲ၊ ဝါယောလည်း ၚင်းချည်းပဲ၊ ဝဏ္ဏဓာတ်ကျတော့ ကြည့်လို့မြင်လားဆိုတော့ မမြင်ဘူး၊ ဝဏ္ဏဓာတ်က သနိဒဿနရုပ်ကွ၊ ရုပ်တစ်ဆယ့်နဲ့ရှစ်ပါးရှိတဲ့အနက်က မြင်ကောင်းတဲ့ရုပ်သည် ဘယ်နှစ် ပါးပါလဲ (တစ်ပါးပဲပါတယ်ဆရာ)။ အေး တစ်ပါးထဲ ဘယ်သူတုန်း (ဝဏ္ဏဓာတ်ပါဆရာ)။ အေး အဲဒီဓာတ်မှတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ရုပ် (၂၈)ပါးသည် မြင်ကောင်းသောဓာတ်သည် တစ်ပါးသာပါ၏၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဘယ်သူတုန်း

http://www.dhammadownload.com



(ဝဏ္ဏဓာတ်ပါဆရာ)။ အေး အေး သူ့ကျတော့ မမြင်ဘူးလို့ မပြောပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ၎င်းအတပ်လွဲသွားကိုးကွနော်၊ အဲဒါမြင်ကောင်းတဲ့ဓာတ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် မင်းကိုင်လို့ရော ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ယူလို့ရောရရဲ့လား (မရပါဘူးဆရာ)။ အတုံး၊ အလုံး၊ အခဲရော ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ လေးထောင့်၊ သုံးမြှောင်၊ အဝိုင်း၊ အလျားကော ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)။ မပြောနိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ် ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)။ အပေါ့ အလေး အားဖြင့် ချိန်လို့ ဆလို့ ရရဲ့လား (မရပါဘူးဆရာ)။ တစ်ရွေးသား တစ်ပဲသား စုလို့ ဆောင်းလို့ ရကောင်းပါ့မလား (မရပါဘူးဆရာ)။ ဒါဖြင့် မင်းဉစ္စာ ဘာမှမေးမရရင် ဘာမှမရှိဘူးပေါ့ (ရှိပါတယ်ဆရာ)။ ဘယ်လိုရှိတာလဲ (မြင်ကောင်းတယ်ဆိုတဲ့သဘောလေးရှိပါတယ်ဆရာ)။ သြော် မြင်ကောင်းတဲ့ သဘာဝတရားသက်သက်ကလေးလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး မြင်ကောင်းတဲ့ သဘောတရားသက်သက်ကလေးလို့ ဒီလိုလည်းသိရော ပညတ်လွတ်သွားပြီလား (ဟုတ်ကဲ့ပါဆရာ)။ ပညတ်လွတ်သွားတော့ကာ ဒီဝဏ္ဏဓာတ်ကြီးကို တစ်သက်လုံးက မင်းတို့ငါတို့ မမှားမှားအောင်၊ အစဉ်တစ်စိုက်မှားလာတဲ့ ဖုံးလွှမ်းထားတဲ့ ဒိဋ္ဌိကိလေသာကြီး ပြုတ်မသွားဘူးလား (ပြုတ်သွားပါတယ်ဆရာ)။ စင်မသွားဘူးလား (စင်သွားပါတယ်ဆရာ)။ အရင်တုန်းကမြင်တုန်းကတော့ မိစ္ဆာဒိဋ္ဌိအမြင်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အရင်တုန်းက မြင်တုန်းကတော့ လူမြင်တယ်၊ ယောကျ်ားမြင်တယ်၊ ပုဂ္ဂိုလ် မြင်တယ်၊ သတ္တဝါမြင်တယ်၊ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် မြင်တယ်၊ တုံးမြင်တယ်၊ တောမြင်တယ်၊ တောင်မြင်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ ဒီဝတ္ထုပစ္စည်းတွေ မြင်တယ်ဆိုတော့ ဟုတ်သေးရဲ့လား (မဟုတ်ပါဆရာ)။ မြင်ကောင်းတဲ့ သဘောတရားသက်သက်ကလေးလား (မဟုတ်ပါဆရာ)။ ဒီလိုဆိုတော့ ခုနကပြောတဲ့ သက္ကာယဒိဋ္ဌိကြီး တစ်လုံးလုံးက ဖုံးလာတဲ့ သက္ကာယဒိဋ္ဌိကြီး ပြုတ်သွားပြီပေါ့ (ပြုတ်သွားပါပြီဆရာ)။ ဒိဋ္ဌိကိလေသာ ကွာသွားပြီပေါ့ (ကွာသွားပါပြီဆရာ)။ အေး အေး အဲဒါခုနငါပြောထားတဲ့ သဂ္ဂကထာ မဂ္ဂကထာဆိုတဲ့ အင်မတန်တန်ဖိုးရှိတဲ့ တစ်လုံးနဲ့ တစ်သိန်းမလဲနိုင်ဘူးဆိုတဲ့ စကားလုံးမျိုးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

သြော် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တရားတော်မြတ်ကြီး နာကြားရတာ ''ယံ သုတွာ ဉပသမ္မတိ'' ယံ ဝါစံ–အကြင်စကားကို၊ သုတွာ–ကြားနာ၍၊ ဉပသမ္မတိ–ကိလေသာမှ ငြိမ်းနိုင်၏တဲ့၊ တံ တာဒိသံ–ထိုသို့သဘောရှိသော၊ အတ္ထပဒံ–အကျိုးစီးပွားနှင့်စပ်သောစကားသည်၊ ကေမ္ပိ–တစ်ခွန်းပင်ဖြစ်သော်လည်း၊ သေယျော–အထူးသဖြင့် မြတ်လှ၏၊ မြတ်မှာပေါ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်

http://www.dhammadownload.com



တောင် အရောက်ပို့နိုင်တဲ့ စကားမျိုးခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဘုရားတရားတော်များ နာရတာ တစ်လုံးနာရနာရ၊ တစ်ပါဒနာရနာရပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်မွန်မြတ်တဲ့တရားတွေ၊ အရသာအကုန်ရှိတယ်၊ မိမိတို့အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ကိန်းအောင်းနေသော တစ်သံသရာလုံးက လုံးလုံးကြီးကုန်ဆုံးအောင် မလုပ်နိုင်တဲ့ (၁၅၀၀) ကိလေသာ၊ အကျဉ်းအားဖြင့် (၁၀)ပါးဆိုတဲ့ ကိလေသာတွေ ကုန်ခန်းနိုင်တဲ့ သတ္တိရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် ကိလေသာက အကျယ်အားဖြင့် (၁၅၀၀)၊ အကျဉ်းအားဖြင့် (၁၀)ပါးဆိုတဲ့ အထဲက တစ်လုံးချုပ်သွားရင်၊ တစ်လုံးပြုတ်သွားရင် မင်းတို့ငါတို့မှာ တစ်လုံးသက်သာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုပဲ တစ်စတစ်စသွား၊ ဒီလိုပဲစတယ် အကုန်လုံးတစ်ပြုံလုံး တစ်ချက်ထဲတော့ အင်မတန်ကုန်ဖို့ ခဲယဉ်းပါတယ်၊ ဟိုး စတုတ္ထမဂ် လေးမဂ်လေးဖိုလ်ရမှ ဒီကိလေသာ (၁၅၀၀) ကိလေသာတရားတွေ လုံးဝကုန်စင်သွားတယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)။

အောက်မဂ်တွေကျတော့ မဟုတ်ပါဘူး၊ သူ့မဂ်နဲ့သူ အားနဲ့မျှသလောက် သတ်သတ်သွားနိုင်တယ်၊ အကုန်လုံး ဒီလို ဘယ်တော့မှ မကုန်ခန်းနိုင်ဘူး။ ဒါကြောင့် ဒီတစ်လုံးတစ်လေမျှ မချုပ်နိုင်၊ မပြုတ်နိုင်ဘဲနဲ့ မိမိရင်ထဲမှာ ထင်ရှားရှိတဲ့ ကိလေသာ (၁၅၀၀) ဒီဘဝ၌ ဒီအတိုင်းပါ၊ ဒီဘဝဒီအတိုင်းပါလို့ရှိရင် နောက်ဘဝလည်း ဒီအတိုင်းပေါ့ကွ၊ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ ဘယ်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမလဲဆိုဝေး မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)။ အေး ဒါကြောင့် ဒီဘဝမှာ တစ်လုံးတစ်ပါဒကုန်ခန်းသွားရင် တစ်လုံးတစ်ပါဒအလျောက် သံသရာမှာ ထောက်ရာတည်ရာရတယ် သက်သာရာရတယ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန် မွန်မြတ်တဲ့တရားခေါ်တယ်၊ ဒါကြောင့် ခုလက်ရှိအားဖြင့်ကြည့်လိုက်ရင် တို့ဒီဝဏ္ဏစေတီ စောစောတုန်းကတော့ အမြင့်မှားချင်တိုင်းမှားထားတဲ့ ဝဏ္ဏစေတီကြီး ခုတော့ငါတို့ အမြင်မှန်တတ်ပေါ့ အမှန်မြင်တတ်ပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှန်မြင်တတ်သွားပြီ၊ ကြည့်လိုက်ပါ၊ ဒါကိုပဲကြည့်၊ ဟာ ငါမြင်တာ ဝဏ္ဏစေတီပဲ၊ အဆင်းရုပ်ပဲ၊ မြင်ကောင်းလို့နော် (ဟုတ်ကဲ့ပါဆရာ)။

မြင်ကောင်းတဲ့စေတီမို့လို့ ငါမြင်တာ အကောင်အထည်တွေ ငါမြင်တယ်ဆိုတာမဟုတ်ပါဘူး၊ အတုံး အလုံး အခဲတွေ မြင်တယ်ဆိုတာမဟုတ်ပါဘူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အကောင်အထည်တွေ မြင်တယ်၊ အတုံး အလုံး အခဲတွေ မြင်တယ်ဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ဝဏ္ဏစေတီကြီးက အကောင်အထည်တွေ ဖြစ်နေမှာပေါ့၊ အတုံး အလုံး အခဲတွေ ဖြစ်နေမှာပေါ့၊ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အေး ဝဏ္ဏစေတီဟာ သဘောမျှသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် "ဣမာနိ သတ္တ ဝတ္ထုံ အနာမသိတွာ

http://www.dhammadownload.com



သဘာဝေနေဝ ဒဿိတာနိ။”ဣမာနိ သတ္တ–ဤအဆင်းခုနစ်မျိုးတို့ကို၊ ဝဏ္ဏံ–ပညတ်ဝဏ္ဏရုပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ သဘာဝေနေဝ–မြင်ကောင်းတယ်ဆိုတဲ့ သဘောတရားသက်သက် အနေအားဖြင့်သာလျှင်၊ ဘဂဝတာ–မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဒဿိတာနိ–ဟောကြား တော်မူအပ်ကုန်၏။

ကိုယ်တော်မြတ်ကိုယ်က အဲဒီသဘောမျှသက်သက်ကလေးဆိုတဲ့ အဓိပ္ပာယ်ကို နားလည်လာ အောင် ကြိုးစားအားထုတ်ပါလို့ ဒီလိုဆိုတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလို မြင်ကြတဲ့၊ ဒီလို မမြင်ရင် မဖြစ်ဘူး၊ ဘာဖြစ်လို့ အမှားမြင်တွေပျောက်မှာမဟုတ်ဘူး၊ ဒိဋ္ဌိကုန်မှာမဟုတ်ဘူး၊ ဒါဖြင့် တို့လူစု ခုတော့ ဒီဝဏ္ဏာစာတ်ရှင်းရင် ဒိဋ္ဌိကိလေသာတစ်လုံးသွားပြီပေါ့ကွာနော် (သွားပါပြီဆရာ)။ သွားပြန်ပြီ၊ ဒါဖြင့် တို့ကိုယ်ပေါ်ပြန်တင်ကြစို့နော် (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်ပေါ်ပြန်တင်ကြစို့၊ မင်းကလည်း ငါ့ကြည့်၊ ငါကလည်း မင်းကြည့်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီရိုးရိုးအန္ဓပုထုဇဉ် အနေအားဖြင့်ကြည့်လိုက်တော့ မင်းငါကြည့်ရင် ငါ့ပဲမြင်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ငါလည်း မင်းကြည့် မင်းမြင်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဟာ ဒါဒိုးကလေးပဲ၊ အသားညိုညိုပဲ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလူကတော့ မနိမ့်မမြင့်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လူကတော့ ငရဲ့ကိုယ်ကလေးပဲ မပိန်မဝပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီလိုပဲ အကောင်အထည်မြင်နေ၊ ဒါမှန်ပါ့မလား (မမှန်ပါဘူးဆရာ)။ မမှန်ဘူးကွ၊ ဒါပုဂ္ဂိုလ်၊ သတ္တဝါဖြစ်နေပြီ၊ ဝဏ္ဏာစာတ်ကြီး အကောင်အထည်ဖြစ်နေပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အတုံး အလုံး အခဲ ဖြစ်နေပြီ၊ ဒီလိုဆိုကတည်းက ပရမတ်ပေါ်မရောက်၊ ပညတ်ပေါ် ရောက်နေပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကိုင်း ကိုင်းတို့ ဝဏ္ဏာစာတ်ကြီး သေသေချာချာ ပရမတ်အားဖြင့် နားလည်လာတော့ မင်းက ငါ့ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ မင်းက ငါ့ကြည့်၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ အောင်မယ် မျက်စိကောင်းသေးကိုးနော်၊ ဘာမြင်တုန်း (ဝဏ္ဏာစာတ် မြင်ပါတယ်ဆရာ)။ ဩော် ဝဏ္ဏာစာတ် အဆင်းရုပ်မြင်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပုဂ္ဂိုလ်ဆိုတဲ့ အနေအားဖြင့်မြင်ရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ပကတိ မျက်စိကတော့ ဒီလိုပုဂ္ဂိုလ်အနေနဲ့ မြင်တယ် မဟုတ်လားဟ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ဒီပကတိမျက်စိနဲ့မြင်တာကို အမှန်ထားမလား (မထားပါဘူးဆရာ)။ မထားဘူးဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းဉာဏ်မျက်စိလေးက ဘယ်လိုမြင်တုန်း (ဝဏ္ဏာစာတ်အဆင်းရုပ်မြင်ပါတယ်ဆရာ)။ ဩော် အဆင်းရုပ်မြင်တာပဲ၊ ပုဂ္ဂိုလ်သတ္တဝါမြင်တာမဟုတ်ပါဘူး ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ အကောင် အထည်မြင်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပကတိမျက်စိနဲ့ ကြောင်တောင်ကြီး အကောင်အထည်

http://www.dhammadownload.com



မြင်တာတော့မှန်တယ်၊ မြင်တိုင်း အကောင်အထည် မဟုတ်ပါဘူး၊ ဒီလို သိရမယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်တိုင်း အကောင်အထည် မဟုတ်ပါဘူး ဒီလိုသိရမယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

မြင်တိုင်းလည်း အကောင်အထည် မဟုတ်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဲဒါဉာဏ်မျက်စိ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အမှန်ကတော့ ဝဏ္ဏဓာတ်၊ မြင်ကောင်းတဲ့ဓာတ်မို့လို့ ငါမြင်တာ၊ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မြင်ကောင်းတဲ့သဘောတရားမို့လို့ငါမြင်တာ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲလို ဉာဏ်မျက်စိလိုက်ပြီးမြင်ပါ၊ ပကတိမျက်မြင်ကတော့ မြင်ပါလိမ့်မယ်၊ မြင်တာလေး ဒါကတော့ကွယ်ထားလို့ မရပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ တုံးကြည့် တုံးပဲ မြင်မှာပဲ၊ တိုင်ကြည့် တိုင်ပဲ မြင်မှာပဲ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် တုံးကြည့်လို့ တုံးမြင်ရင် ပကတိမျက်စိက တုံးမြင်တာပဲ၊ ဒါပေမယ့် တုံးမဟုတ်ဘူးဟဲ့၊ ဒါသဏ္ဌာနပညတ်၊ ဃန ပညတ် တို့မှတ်ပြောနေတာ၊ ဒါမြင်တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဉာဏ်မျက်စိနဲ့ ဝေဖန် လိုက်တော့ ဒါတုံးမဟုတ်ပါဘူး၊ မြင်ကောင်းတဲ့သဘောတရား ငါမြင်တာပဲ၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါဖြင့် ကြည့်ကွယ် အဓိပ္ပာယ်အားဖြင့် လူကြည့်လိုက် လူမြင် တယ်ဆိုတော့ မိမိကိုယ်ပေါ် ပြန်ကြည့်ကြည့်စမ်း၊ သြော် အခု လူအနေနဲ့ ငါမြင်နေတာပဲ၊ မြင် ကောင်းတဲ့သဘောတရား ငါမြင်တယ်ဆိုရင် လူပြိန်းတွေက သိမှာမဟုတ်ဘူး၊ ဒါဖြင့် ငါ လူမြင်နေတယ် ဆိုရင် ဒီလူကို သေသေချာချာကွ ခုတ်စင်းချေမွပြီးတော့ မောင်းထဲထည့်ထောင်းနော် (ဟုတ်ကဲ့ပါ ဆရာ)။ ငါးပိငါးချဉ်လို ဖြစ်သွားတော့ လူရယ်လို့ ပြောနိုင်သေးလား (မပြောနိုင်ပါဘူးဆရာ)။ မပြောနိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် မြင်တာကြည့်လိုက်တော့ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ မြင်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သြော် အမြင်ဓာတ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ခုန တုံးလေး သဘောအတိုင်းနော် (ဟုတ်ကဲ့ပါဆရာ)။ သြော် လက်စသတ်တော့ ငါ့ကိုယ်မှာ မြင်ကောင်းတယ်ဆိုတဲ့ အရာဝတ္ထုအပေါ် ကြည့်လိုက်တော့ အပေါ်ရေဖုံးလွှမ်းထားတဲ့ တစ်ကိုယ်လုံး အရေထူ အရေပါး ဖုံးလွှမ်းထားတယ်ဆိုတဲ့ သဘာဝကြီး ငါအကောင်အထည်အနေအားဖြင့် မြင်နေတယ်၊ ဒီအရည်တွေ ငါသွားကြည့်၊ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ အရည်တွေ ဘာဖြစ်လဲမြင်တာပဲလား (ဟုတ်ကဲ့ပါ ဆရာ)။ မြင်သေးတာပဲဟေ့၊ ဒါလည်းပဲ အမြင်မပျောက်သေးဘူး၊ အမြင်ပျောက် အောင်တော့ ဟေ့ အဲဒီ ငါမြင်နေတယ်ဆိုတဲ့ အသားတွေ အပေါ်ကနေ တစ်လွှာလွှာလိုက်၊ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ နောက်ထပ်ပြီးတော့ ဒီအသားတွေ တစ်လွှာလွှာဦးမယ်ကွယ်၊ လွှာလိုးပစ်

http://www.dhammadownload.com



လိုက်တယ် မြင်သေးလား (မြင်ပါတယ်ဆရာ)။ မြင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ အကုန်လုံး ရှိသမျှ အသားတွေကုန်ထွင်ပစ် မြင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ အမြင်က မပျောက်ပါဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ အကုန်လုံးချေမွပြီးတော့ ခုနပြောသလို မောင်းထဲထည့်ထောင်းကွာ နော် (ဟုတ်ကဲ့ပါဆရာ)။ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ဪ မြင်တာပဲ၊ အခြောက်လှမ်းပြီးတော့ အမှုန့်ဖြစ်အောင်ထောင်းကွာ၊ မှုန့်မှုန့်ညက်ညက် နှာလိုလျှက်ဆားလို ဖြစ်သွားအောင်ထောင်း မြင်တာပဲလား (မြင်ပါတယ်ဆရာ)။

ဟော မြင်လျက်ပဲ ရှိသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မီးနဲ့ရှို့ကွယ်၊ ကျွမ်းသွားလည်း မီးသွေးကြည့် မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ပြာနဲ့မီးနဲ့တွေ့တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ထပ်ရှို့ကွယ် ပြာဖြစ်သွားပြီလား (ဟုတ်ကဲ့ပါဆရာ)။ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ဪ သူတို့ ရှိသေးရဲ့လာ (မရှိပါဘူးဆရာ)။ ပြာဘဝ ရောက်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ လူသာ မရှိတာ၊ အဆင့်ဆင့်ပျောက်သွား၊ လူ့ဘဝကနေ အသားတို့၊ အရိုးတို့၊ အသွေးတို့ အကုန်လုံး လွှာလွှာ,လွှာလွှာပြီးတော့ ထုထောင်းချေမွ ခုတော့မီးနဲ့ရှို့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လုပ်ချင်တိုင်း လုပ်လိုက်တယ်၊ အမြင်ဓာတ်ကတော့ မင်းအဲသလို ချေလို့ မွလို့ ထုလို့ ထောင်းလို့ မီးနဲ့ရှို့လို့ ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အမြင်သဘောလေး (မပျောက်ပါဘူးဆရာ)။ မပျောက်ဘူး ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဟိုဘက်က ပညတ်တန်းကြီးက ပျောက်သွားပြီလား (ပျောက်သွားပါပြီ ဆရာ)။ အေး ပျောက်သွားပြီ၊ အသားအသွေးတွေပျောက်ပြီ၊ အရိုးအဆစ်တွေ ပျောက်သွားပြီ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုတော့ ဟိုလူရယ်လို့လည်း မပြောနိုင်ဘူး၊ အသားလို့လည်း မပြောနိုင်ဘူး၊ မောင်းနဲ့ထည့်ထောင်းတာဟာ ငါးပိငါးချဉ်ဖြစ်နေပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါတင်မကပါဘူး၊ အခြောက်လှမ်းပြီးတော့ ထုထောင်းလို့ နှာလိုဖြစ်နေပေါ့၊ မှုန့်နေပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပညတ်တွေ ပညတ်တွေ ပျောက်ကုန်ပေါ့။

အခု နှာလို ဖြစ်သွားရာကနေပြီးတော့ မီးရှို့လိုက်တော့ မီးကျွမ်းလို့ ပြာမဖြစ်တဖြစ် အညို အမဲ မီးသွေးခဲဖြစ်၊ ဟော ဒီဘဝရောက်၊ မီးသွေးခဲဘဝကနေပြီးတော့ အင်မတန်ပြင်းတဲ့ မီးနဲ့ ရှို့ ထားတော့ ပြာဖြစ်သွားတာ၊ ဒါက ဟိုဘက်က ပြောင်းပြောင်း,ပြောင်းပြောင်းသွားလိုက်တာပဲ၊ လူကောင် ဘဝကနေပြီးတော့ ပျောက်သွားတာနော် (ဟုတ်ကဲ့ပါဆရာ)။ ပျောက်ပျောက်သွား၊ ဒါတွေက မရှိတဲ့ ပညတ်တရားတွေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မရှိတဲ့ပညတ်တန်းကြီးက ကြည့်လိုက်တော့ ပြောင်းလဲသွားလိုက်တာတွေ အမျိုးမျိုး၊ ဒီဘက်က အမြင်ဓာတ်ကတော့ မင်းဘယ့်နှယ့်ပြောင်းပြောင်း မြင်တယ်၊ မြင်တယ်၊ မြင်တယ် ဒီလိုသွားတယ်မဟုတ်လား၊ အမြင်ဓာတ်ကပျောက်ရဲ့လား (မပျောက်

http://www.dhammadownload.com



ပါဘူးဆရာ)။ အဲဒီအမြင်ဓာတ် မင်းထုလို့ ထောင်းလို့ကြေရဲ့လား (မကြေပါဘူးဆရာ)။ ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မှုန့်နေအောင်ထောင်းတော့ရော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မီးနဲ့ရှို့တော့ရော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ပြာဖြစ်တော့ကော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မြေကြီးလှွင့်ပစ်တော့ရော ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ကြည့်စမ်း ဒီပရမတ် ဝဏ္ဏဓာတ် တကယ်ထင်ရှားရှိတဲ့တရားကျတော့ ဘယ့်နှယ့်မှ လုပ်လို့ မပျောက်ဘူး၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ဘာသဘောလဲ၊ တကယ်ရှိတဲ့တရား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဟော တကယ်ရှိတဲ့တရား ဒီဘက်တန်းမှာ တစ်တန်းလုံး သွားတယ်၊ ဖျက်လိုက် ပျက်လိုက် ဖျက်လိုက် ပျက်လိုက်နော် (ဟုတ်ကဲ့ပါဆရာ)။ ပျောက်ပျောက် ပျောက်ပျောက် ပျောက်ပျောက်၊ ဒါပေမယ့် မင်းတို့ငါတို့ကသာ ပြောင်းသွားတယ်ခေါ်တာ၊ သဏ္ဌာန်ပြောင်းသွားတာကို၊ ဒါတကယ် ပြောင်းသွားတယ်ခေါ်တာ၊ နဂိုကတည်းကမရှိပါဘူး၊ သဏ္ဌာနပညတ်နော် (ဟုတ်ကဲ့ပါဆရာ)။ အခုပဲ လေးထောင့်၊ အခုပဲ အလုံး၊ အခုပဲ အလျား၊ အခုပဲအဝိုင်း ဖြစ်ချင်တိုင်းဖြစ်၊ အခုပဲ အမှုန့်၊ အခုပဲ ပြာ၊ အခုပဲ မီးသွေးနဲ့ ဒါသဏ္ဌာနပညတ်တွေပဲတဲ့ အမှန်ကတော့၊ ဟော မရှိတဲ့ ပညတ်တရားကြီးကတော့ တကယ်ပြောင်းပြောင်း ပြောင်းပြောင်းသွားလိုက်တာ အမျိုးမျိုး၊ အဖုံဖုံ ပညတ်နယ်က၊ ဒီဘက်က ရှိတဲ့တရားကတော့ထုလို့၊ ထောင်းလို့လည်း မပျောက်ဘူး၊ ချေလို့၊ မွလို့ လည်း မပျောက်ဘူး၊ မီးနဲ့ရှို့လို့လည်း မပျောက်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ပြာဘဝကလည်း မပျောက်ဘူးလို့၊ ဘာဖြစ်လို့၊ သူကတော့ မြင်လျက် မြင်လျက် မြင်လျက်နဲ့သွား၊ မြင်တယ်၊ မြင်တယ်၊ မြင်တယ်၊ မြင်တယ်၊ အဲဒီအမြင်ဓာတ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ လုံးလုံး မပျောက်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ မပျောက်လဲ (မြင်ကောင်းတယ်ဆိုတဲ့ သဘော လေးရှိလို့ပါဆရာ)။

မြင်ကောင်းတဲ့သဘောတရားလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီမြင်ကောင်းတယ်ဆိုတဲ့ သဘောတရားသန့်သန့်လေးကို တို့လူစုက ဝတ္ထုပညတ်အထည်ဒြပ်တွေ မဖက်ပါနဲ့တဲ့၊ ဘုရား ကိုယ်တော်မြတ်ကနော် (ဟုတ်ကဲ့ပါဆရာ)။ ဝတ္ထုပညတ် အထည်ဒြပ်တွေထည့်ပြီးတော့ မမြင်ကြပါ နဲ့တဲ့၊ ဒါဉာဏ်အမြင်ပြောတာနော် (ဟုတ်ကဲ့ပါဆရာ)။ ဟာ ဝတ္ထုအထည်ဒြပ်တွေထည့်ပြီးတော့ မမြင်ကြပါနဲ့၊ တို့မျက်စိကကြည့်လည်း တုံးတွေ မြင်၊ တိုင်တွေ မြင်၊ ပုဂ္ဂိုလ် သတ္တဝါတွေ မြင် ခက်တော့တာပဲ၊ ဒီလို မအောက်မေ့ပါနဲ့၊ ဒါက ပကတိမျက်မြင်ပြောတာ၊ ပကတိမျက်မြင်ကတော့ မြင်လိမ့်မယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဉာဏ်အမြင် ဉာဏ်အမြင် ပြောတာ၊ ဉာဏ်မှာ

http://www.dhammadownload.com



ဒီလိုမြင်ပါစေတဲ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဉာဏ်မှာ ဒီလိုမြင်ပါစေ၊ ဒါကြောင့် ဣန္ဒြိယ သံဝရအခန်းပြတဲ့အခါကျတော့ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်ပိတ်ပြီးတော့ သိမ်းဆည်းပါ၊ ထိန်းသိမ်းပါ၊ သီလစောင့်ထိန်းတဲ့ နေရာကျတော့ ကိုယ်တော်မြတ်ဟောသွားတာနော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိထိန်းပါ နားထိန်းပါ နှာခေါင်းထိန်းပါ လျှာထိန်းပါ ကိုယ်ထိန်းပါ စိတ်ထိန်းပါနဲ့ မျက်စိထိန်းပါဆိုလည်းပဲ မျက်စိပေါက်က တောက်လျှောက်ကြီး တသွင်သွင်တစီးစီးနဲ့ စီးဆင်းနေတဲ့ ကိလေသာအရေတွေ တားပေးကြပါ၊ ရပ်ပေးကြပါလို့၊ မျက်စိအလိုမလိုက်ပါနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိဆိုတာ အင်မတန်ခက်တယ်၊ မြွေနဲ့တူတယ်၊ ရှုတ်ရှုတ်ယှက်ယှက်မှနေတတ်တယ်၊ မြွေများ ရှုတ်ရှုတ်ယှက် ယှက်နေတတ်တယ်၊ ကွင်းပြင်ကြီး ချထားနေတတ်ရဲ့လား (မနေတတ်ပါဘူးဆရာ)။

မျက်စိလည်း ဒီလိုပဲ ရှုတ်ရှုတ်ယှက်ယှက် ကြည့်စရာတွေ အင်မတန်ပေါတဲ့ တသောသော နေတဲ့ နေရာမျိုးမှာ မျက်စိကပျော်မွေ့တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ကိုယ့်အိမ်တစ်ယောက် ထဲ နေလာပြီဆို ကြည့်စရာမရှိတော့ ပျင်းတော့ တော်ကြာ ဓာတ်ရှင်သွားနော်တိုးတက်၊ သွား ကြည့်၊ အဲသလို ကြည့်နေချင်တဲ့ သတ္တိရှိတယ်၊ သူ့ရဲ့သတ္တိ၊ ကိုင်း ဒါဘာလဲဆိုတော့ ဒါကာမ ဂုဏ်တွေပဲတဲ့ အမှန်ကတော့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူတို့ ကြည့်ပြန်တော့လည်း အကောင် အထည် အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့် အမြင်တွေ မှားနေပြန်တော့ သူ့မှာ အမှားတွေနဲ့ချည်း သွားနေရတယ်၊ ကိလေသာနဲ့ချည်း သွားနေရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ခုနပြောတဲ့ ကာမာဒီနဝ၊ ကာမဂုဏာဒီနဝတည်းဟူသော ကာမဂုဏ်တရားနဲ့ မွေ့လျော်ခြင်း မှားတာ တစ်မျိုး၊ မြင်ပြန်တော့ အကောင်အထည်၊ အထည်ဒြပ်သဏ္ဌာန်အနေနဲ့၊ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ မြင်တာက တစ်မျိုး ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ အဲဒါ ဒိဋ္ဌိကိလေသာကြီးနဲ့ အမြဲတစေ စခန်း သွားနေတယ်လို့။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားတို့ မျက်စိပေါက် ထိန်းသိမ်းကြ၊ ဣန္ဒြိယသံဝရတရား၊ စက္ခုန္ဒြေ စောင့်စည်းကြ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီပရမတ်အမြင် ကို မမြင်ဘဲနဲ့ ဒီစက္ခုန္ဒြေ စောင့်စည်းကြဆိုတာကတော့ အတော်ခဲယဉ်းတဲ့ တရားပါပဲနော် (ဟုတ်ကဲ့ပါဆရာ)။ ဟောဒီ ပရမတ်မြင်တွေ မြင်လာပြီဆိုမှဖြင့် မင်းတို့ မျက်စိစုံမှိတ်နေစရာ မလိုဘူး၊ မှိတ်ထားစရာ လိုသေးလား (မလိုပါဘူးဆရာ)။ မျက်စိဖွင့်ထားပါ၊ လမ်းဆုံ လမ်းခွ လမ်းဘေးမှာ ထိုင်နေပါ၊ မြင်ပါစေနော် (ဟုတ်ကဲ့ပါဆရာ)။ မှိတ်မထားပါနဲ့၊ မြင်ပါစေ၊ မြင်တိုင်း မြင်တိုင်း ပုဂ္ဂိုလ် သတ္တဝါတွေ မြင်တယ်၊ အတုံး အလုံး အခဲတွေ မြင်တယ်၊ အထည်ဒြပ်သဏ္ဌာန်တွေ

http://www.dhammadownload.com



မြင်တယ် ဆိုတာမဟုတ်ဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခု ငါလှုပ်လှုပ်ရှုရှုနဲ့ မြင်နေတာတွေ အမှန်ကတော့ မြင်ကောင်းလို့၊ မြင်ကောင်းတဲ့ဝဏ္ဏာရမဏ် ငါမြင်တယ်၊ အဆင်းရုပ် ငါမြင်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုဆိုတော့ ခုနကပြောတဲ့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝတွေ ကင်းစင်မသွားဘူးလား (သွားပါတယ်ဆရာ)။ လုံးဝ ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါ ဆရာ)။ မြင်ကောင်းတဲ့ သဘောတရားသက်သက်သာမြင်တယ်ဆိုတော့ ဟောဒါ သဘောပေါ် ရောက်သွား မရောက်ဘူးလား (ရောက်ပါတယ်ဆရာ)။ အဲဒီလို သဘောတရားသက်သက်လေး ပေါ်လည်းရောက်လာရော စောစောပိုင်းတော့ တို့အမြင်တွေ မှားချင်တိုင်း မှားထားတယ်ဆိုတဲ့ ဒိဋ္ဌိကိလေသာလည်း ပြုတ်ရော၊ ပြုတ်ဘူးလား (ပြုတ်ပါတယ်ဆရာ)။

အဲဒါ တစ်လုံးပြုတ်တာနဲ့ မဂ်တံခါး၊ ဖိုလ်တံခါး ပွင့်ပြီးသားဖြစ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတယ်လို့ မပြောသေးပါဘူး၊ မဂ်တံခါးဖိုလ်တံခါး ပွင့်ပြီးသား၊ ဘာဖြစ်လို့ အဲဒီမဂ်တံခါးဖိုလ်တံခါး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရအောင် ပိတ်ပင်တားဆီးထားသော ဒိဋ္ဌိကိလေသာ ဆိုတဲ့ အန္တရာယ်ကြီး လုံးဝကွင်းလုံးကျွတ် လွတ်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် မဂ်တံခါးဖိုလ်တံခါး ပွင့်တယ်လို့ ခေါ်တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဒီမဂ်ဖိုလ် မရအောင်တားထားတဲ့ အန္တရာယ်ထဲမှာ အင်မတန်ကြောက်စရာကောင်းတဲ့ အန္တရာယ်ကြီး ခေါ် တယ်၊ ဒိဋ္ဌိကိလေသာ၊ ဘာဖြစ်လို့ မင်းတို့ငါတို့ အမြင်ကအင်မတန်မှားတယ်၊ ပုဂ္ဂိုလ် သတ္တဝါ တွေ မြင်တယ်၊ အတုံး အလုံး အခဲတွေ မြင်တယ်၊ အကောင်အထည်တွေ မြင်တယ်၊ အထည်ဒြပ် သဏ္ဌာန်တွေမြင်တယ်။ ဒီလိုမြင်နေသမျှ ကာလပတ်လုံးဒါဒိဋ္ဌိကိလေသာ အမြင်ပဲ၊ ဒိဋ္ဌိကိလေသာ မကင်းဘူး၊ မလွတ်ဘူး ဒိဋ္ဌိဖုံးကွယ်နေတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုဆိုရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပါ့မလား (မရပါဘူးဆရာ)။ ဘယ်ရမလဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရအောင် တားထားတဲ့ အန္တရာယ်ငါးမျိုးထဲ သူတစ်ပါး အပါအဝင်လို့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် အခုတော့ ဒီဝဏ္ဏာရမဏ်နဲ့ ပတ်သက်ရင်ဖြင့် ငါ့မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရအောင် တားထားတဲ့ မဂ္ဂန္တရာယ်တည်းဟူသော ဒိဋ္ဌိကိလေသာ အန္တရာယ်ကြီးသည် လုံးဝကွင်းလုံးကျွတ် လွတ်သွားပြီ ရှင်းသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ မြတ်စွာဘုရားကိုယ်တော်မြတ် အလိုတော်ကျအတိုင်း သဘောမျှသက်သက် မြင်ကောင်းသော သဘောတရားသက်သက်ဆိုတဲ့ ပရမတ် ဝဏ္ဏာရမဏ်ကြီး ငါမြင်ရပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အဲသလိုလည်း မြင်လိုက်ရော၊ စောစောကပြောထားတဲ့ "သဟာသမပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။ ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ"ဆိုတဲ့ စကားအရ အလုံးပေါင်း ထောင်သောင်းမက စကားသည် တိရစ္ဆာနကထာ–

http://www.dhammadownload.com



မင်္ဂိုလ်မှ ဗီလာဆိုတဲ့ တိရစ္ဆာန်စကားသည် ဒါတွေ နာကြားခြင်းထက်နော် (ဟုတ်ကဲ့ပါဆရာ)။ တစ်လုံးတစ်ပါဒနာကြားရင် မိမိရင်တွင်းမှာထင်ရှားရှိတဲ့ ကိလေသာကိုငြိမ်းနိုင်တဲ့သတ္တိရှိသော သူတော်ကောင်းရဲ့တရားအစစ်ဖြစ်တော်မူတဲ့ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် အစရှိတဲ့ ပရမတ် ပညတ် ဆိုတဲ့ သဘာဝ၊ ဒီသူတော်ကောင်းစကားကြားရတယ်၊ နာရတယ်ဆိုတော့ တစ်လုံးတစ်ပါဒ နာရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကိလေသာငြိမ်းနိုင်တဲ့သတ္တိ မရှိဘူးလား (ရှိပါတယ်ဆရာ)။

ဒါပေမယ့် ခုလို နာရ ကြားရတော့၊ ဒိဋ္ဌိကိလေသာ ခုညအဖို့ ငြိမ်းသွားပြီ မဟုတ်လား (ဒိဋ္ဌိကိလေသာ ငြိမ်းသွားပါတယ်ဆရာ)။ ဘယ်သူ့အပေါ် ဖုံးကွယ်နေတဲ့ ဒိဋ္ဌိကိလေသာတုန်း၊ ဝဏ္ဏဓာတ် (ဝဏ္ဏဓာတ်အပေါ် ဖုံးကွယ်နေတဲ့ ဒိဋ္ဌိကိလေသာ ပြုတ်သွားပါပြီဆရာ)။ စောစောတုန်းက ဝဏ္ဏဓာတ် မမြင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ မြင်သွားပြီလား (မြင်သွားပါပြီဆရာ)။ စောစောတုန်းက ဘာဖြစ်လို့ မမြင်လို့ ဘာဖုံးနေလို့ (ဒိဋ္ဌိကိလေသာဖုံးနေလို့ပါဆရာ)။ ဟော စောစောတုန်းက ဒိဋ္ဌိကိလေသာဖုံးနေတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ဒီပထမဝဏ္ဏဓာတ်ကို လုံးလုံးကြီး မမြင်အောင် ဖုံးကွယ်ထားတဲ့ ဒိဋ္ဌိကိလေသာဟာ ခုတော့ လုံးလုံးကြီး လွတ်သွားပြီလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါလေး မှတ်ထားပါ၊ ဩော် ဝဏ္ဏဓာတ်ပေါ်မှာ တို့ စောစောပိုင်းတုန်းက တို့ မမြင်နိုင်အောင်၊ မသိနိုင်အောင် ဖုံးကွယ်ထားတယ်ဆိုတဲ့ ဒိဋ္ဌိကိလေသာတစ်လုံးသည် ချုပ်သွားပြန်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ချုပ်သွားပြန်ပေါ့၊ ပြုတ်သွားပြန်ပေါ့ဆိုတာ ခဏလားဟဲ့၊ တော်တော်ကြာလားဟဲ့၊ တစ်သက်လုံးလားဟဲ့၊ ဒါတော့ ကိုယ်ရတဲ့ပုဂ္ဂိုလ်များ၊ နာရတဲ့ပုဂ္ဂိုလ်များ ကိုယ့်ပမာဏ ကိုယ်သိကြနော် (ဟုတ်ကဲ့ပါဆရာ)။ ငါမြင်တဲ့ အမြင်ကတော့ နောက်ထပ်ပြီး မှားစရာအကြောင်း မရှိဘူး၊ ခဏတော့ မဟုတ်ပါဘူး၊ နောက်ပြန်လည်း မှားစရာအကြောင်းမရှိဘူး၊ ဝဏ္ဏဓာတ်သည် တစ်သက်နဲ့တစ်ကိုယ်ဆိုသလိုပဲ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ ဝဏ္ဏဓာတ်သည် ဘယ်အခါဖြစ်ဖြစ် သေသည့်တိုင်အောင် အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဍာန် အမှုန် အမွှား အရည် အဖတ်တော့ မဟုတ်နိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မုချသဘောမျှသက်သက်ကလေးပဲ၊ ဘာသဘောတုန်း၊ မြင်ကောင်းတယ်၊ မြင်နိုင်တယ်၊ မြင်ရတယ်၊ မြင်တယ်ဆိုတဲ့ အမြင်ဓာတ်သက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီသဘောတရား သက်သက်ကလေး ရောက်လာမှ မြတ်စွာဘုရားကိုယ်တော်မြတ်အလိုတော်ကျမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် "ဣမာနိ သတ္တ ဝတ္ထုံ အနာမသိတွာ သဘာဝေနေဝ ဒဿိတာနိ"။ ဣမာနိ သတ္တ–ဤအဆင်းခုနစ်မျိုးတို့ကို၊ ဝတ္ထုံ–ပညတ်ဝတ္ထုရုပ်ဒြပ်ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ သဘာဝေနေဝ–မြင်ကောင်းသော မြင်ရသော အမြင်သဘောတရားသက်သက်အနေအားဖြင့်သာလျှင်၊

http://www.dhammadownload.com



ဘဂဝတာ–မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်သည်၊ ဒေသိတာနိ–ဟောကြားတော်မူအပ်ကုန်၏။

သတင်းသဲ့သဲ့ကလေး ညကပြန်သွားတော့ ပြောသံကြားလိုက်တယ်၊ ဂန္ဓရုပ်တော့ ကိုယ်ပေါ်ပြန်တင်တယ်၊ ဝဏ္ဏရုပ်တုန်းကတော့ ကိုယ်ပေါ်ပြန်မတင်ခဲ့ဖူးနော် (ဟုတ်ကဲ့ပါဆရာ)။ တို့များလည်း အဲဒါ နည်းနည်းသတိလစ်ခဲ့တယ်၊ ဘာဖြစ်လို့ သတိလစ်သလဲဆိုတော့ တိုမင်းတို့ ရန်ကုန်မှာ ညွှံသည့်အဖြစ်နဲ့လာပြီး တရားပြတော့ ကျုပ်တို့နဲ့မတူဘူးကွ၊ ကိုယ့်အိမ်မှာ ကိုယ့်ယာမှာ၊ ကိုယ့်မြို့မှာ ပြနေတော့ စိတ်ရှိလက်ရှိ၊ တစ်ညအားမရ နောက်တစ်ညထပ်ပြ၊ တစ်ညအားမရ နောက်တစ်ည ထပ်ပြ၊ နာချင်နာ၊ မနာချင်နေဆိုတဲ့ အနေအားဖြင့် ပြ၊ ဒီကျတော့ ညွှံသည်ဘဝနဲ့ ပြနေတော့ ရက်လေးကလည်း နည်းနည်းတော့လုရတယ်၊ ဘယ်ဓာတ်တော့ ဘယ်နှစ်ရက်လောက် တော်ပြီ တော်ပြီ၊ ရက်ပိုလေးတွေ ပိုမှာလည်းစိုး၊ အဲဒီလို ကြောင့်ကျမကင်းတဲ့စိတ်နဲ့ပြတော့ နည်းနည်းလေး လစ်တဲ့နေရာလည်း လစ်သွားပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါကြောင့် ဒီဝဏ္ဏဓာတ်ကြီး ကိုယ်ပေါ်ပြန်မတင်ခဲ့ဖူး၊ ပြောတဲ့အသံလေးကြား၊ ဒီဝဏ္ဏဓာတ် အကြွေးလေးပြန်ဆပ်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)။ ဒီဝဏ္ဏဓာတ်လေ (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏဓာတ် မြန်မာလို နားလည်အောင် အတိုလေး ပြောစမ်းပါဦး၊ ဝဏ္ဏဓာတ်ဆိုတာ ဘာခေါ်တုန်း (အဆင်းရုပ်ခေါ်ပါတယ်ဆရာ)။ ဩော် အဆင်းရုပ်ခေါ်တယ်လား (ဟုတ်ကဲ့ပါဆရာ)။ အဆင်း၊ အရောင်၊ အသွေး၊ အဆင်းဆိုတာ ဒါဝဏ္ဏဓာတ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အရပ်ထဲသုံးထားတာ အရောင်လဲ့ည်း ခေါ်တယ်၊ အဆင်းလည်း ခေါ်တယ်၊ အသွေးလည်း ခေါ်တယ် ဒီလိုပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီ အရောင် အသွေး အဆင်းခေါ်ထားတဲ့ ဝဏ္ဏဓာတ်ဟာ အတုံး အလုံး အခဲလား (မဟုတ်ပါဘူးဆရာ)။ အဖြူ အပြာ အဝါလား (မဟုတ်ပါဘူးဆရာ)။ လေးတောင့် သုံးမြှောင့် အဝိုင်း အလျားလား (မဟုတ်ပါဘူးဆရာ)။ အကောင်အထည်လား (မဟုတ်ပါဘူးဆရာ)။ ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ်လား (မဟုတ်ပါဘူးဆရာ)။ အမှုန်အမွှား အရည် အဖတ်လား (မဟုတ်ပါဘူးဆရာ)။ ဘယ်ပြန်ညာပြန်အရရော ကြည့်ကောင်းလို့ ရပါ့မလား (မရပါဘူးဆရာ)။

အဲဒီတော့ အဲဒီဝဏ္ဏဓာတ်ကို ကိုင်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ယူလို့ရပါ့မလား (မရပါဘူးဆရာ)။ ကြည့်လို့ကော မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘူးဆရာ)။ ကြည့်စမ်း ပြပြီးတာ၊ ဘယ်နှစ်ရက်ရှိ၊ ကြည့်လို့မြင်တယ် ဖြစ်သွားပြီးလား (ဟုတ်ကဲ့ပါဆရာ)။ တတ်လည်း တတ်နိုင်တယ်၊ တောစောင့်နတ်ဆိုတာလည်းသူပဲ၊ တောင်စောင့်နတ်ဆိုလည်း သူပဲ၊ ကြည့်လို့ မြင်ကောင်းတယ်လား (မြင်ကောင်းပါတယ်ဆရာ)။ ဩော် ရုပ်(၂၈)ပါး ဘုရားဟောထားတဲ့ အနက်က

http://www.dhammadownload.com



ဒီလိုမျက်စိနဲ့ကြည့်လို့ မြင်ကောင်းတဲ့ရုပ်က ဘယ်နှစ်ပါးပါလဲ (တစ်ပါးထည်းပါပါတယ်ဆရာ)။ သြော် သူတစ်ပါးထဲပေါ့ (ဟုတ်ကဲ့ပါဆရာ)။ သူ့ကို ဘာရုပ်ခေါ်တယ် (ဝဏ္ဏရုပ်လို့ခေါ်ပါတယ်ဆရာ)။ ဝဏ္ဏရုပ်လို့ခေါ်တယ် (ဟုတ်ကဲ့ပါဆရာ)။ သနိဒဿနရုပ်တဲ့၊ ဘယ်သူလဲဆိုရင် ဒီဝဏ္ဏဓာတ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူ့ကျတော့ မြင်ကောင်းတာပေါ့ (မြင်ကောင်းပါတယ်ဆရာ)။ အေး အေး ကိုင်လို့တော့ မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ ယူလို့တော့ မရဘူးပေါ့ (မရပါဘူးဆရာ)။ ကြည့်လို့တော့ မမြင်ဘူးပေါ့ (မြင်ပါတယ်ဆရာ)။ အတုံး အလုံး အခဲ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူး ဆရာ)။ အကောင်အထည် မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ အမှုန် အမွှား အရည် အဖတ် မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ် မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ အပေါ့ အလေး ချိန်ဆလို့ မရဘူးပေါ့ (မရပါဘူးဆရာ)။ တစ်ရွေးသား တစ်ပဲသား စုလို့ ဆောင်းလို့လည်း မရဘူးပေါ့ (မရဘူးဆရာ)။ ရှိတော့ ရှိတယ်လား (ရှိပါတယ် ဆရာ)။ ဘယ်လိုရှိတာလဲ (သဘောတရားသက်သက်ကလေးသာရှိတာပါဆရာ)။ အေး သဘောတရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။

ဘာသဘောတရားလဲမေးရင် မင်းဘယ့်နှယ့်ပြောပါ့မလဲ (မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသော သဘောလေးသာ ရှိပါတယ်ဆရာ)။ အေး အမြင်သဘောလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ''စက္ခုပဋိဟနနလက္ခဏံ ရူပံ''၊ မြန်မာလိုပြောတော့ စက္ခုပသာဒရုပ်မှာ လာတိုက်တဲ့ရုပ်ဟာ ဒါ ဝဏ္ဏဓာတ်ပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ စက္ခုပသာဒရုပ်လာတိုက်တဲ့ သဘောလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ စက္ခုပသာဒရုပ် အကြည်ရုပ်ကလေးမှာ လာတိုက်လိုက်တာ ဒါဝဏ္ဏဓာတ်ပေါ့ နော် (ဝဏ္ဏဓာတ်ပါဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒီဝဏ္ဏဓာတ်ကို တမြန်နေ့ကတော့ စုံစုံစိစိ တော်တော်လေးပြောသွားတယ်၊ ဒါပေမယ့် ကိုယ်ပေါ်ပြန်မတင်သေးဘူးဆိုတော့ ပြန်တင်ကြစို့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကိုင်းကွာ သေသေချာချာကြည့်စမ်းပါ၊ မင်းကိုယ်တစ်ကိုယ်လုံး မင်းမျက်စိနဲ့ မင်းပြန်ကြည့်၊ မင်းကိုယ်တစ်ကိုယ်လုံးမှာကြည့်ရင် ခေါင်းကစ ခြေဖျားထိအောင် အပြင်ဘက်က လျှောက်ကြည့်စမ်း၊ မင်းပကတိမျက်စိမှာလာပြီးတော့ မမြင်ကောင်းတဲ့ အဆင်းရယ်လို့ရှိလား (မရှိပါဘူးဆရာ)။ မမြင်ရတဲ့အဆင်းရှိလား (မရှိပါဘူးဆရာ)။ အကုန်မြင်ရတာချည်း (မြင်ရပါတယ် ဆရာ)၊ မင်းကိုယ်မှာ အဲဒီမြင်ကောင်းတယ်ဆိုတဲ့ ဝဏ္ဏဓာတ်အဆင်းရုပ်ဟာနော် (ဟုတ်ကဲ့ပါဆရာ)။

မင်း စက္ခုပသာဒ လာလာတိုက်တာပေါ့နော် (တိုက်ပါတယ်ဆရာ)။ အေး အေး ဒီစက္ခုပသာဒ အကြည်ရုပ်ကလေး လာလာတိုက် ဒါမြင်တယ်၊ မြင်တယ်၊ မြင်တယ်နဲ့ မြင်စိတ်ကလေးက ပေါ် သကိုးကွ (ဟုတ်ကဲ့ပါဆရာ)။ ဒီစက္ခုပသာဒ အကြည်ရုပ်ကလေးကို ဝဏ္ဏဓာတ်က လာတိုက်လိုက်ရင်

http://www.dhammadownload.com



ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာတယ်ဆရာ)။ အေးအေး ဒီစိတ်ကလေးက မြင်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေး ဘာစိတ်ခေါ်ပါလိမ့် (စက္ခုဝိညာဏ်စိတ်လို့ခေါ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ၊ စက္ခုဝိညာဏ်စိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကလေးရှိးရှိးပါပဲ၊ ဒါပေမယ့် သူမှီပြီးဖြစ်တာက စက္ခုပသာဒအကြည်ရုပ်ကလေး တည်ဖြစ်တာ၊ သူ့မှီဖြစ်တဲ့ ဝဏ္ဏရဲ့ အမည်ကလေး တပ်ခေါ်ထားတဲ့ စက္ခုဝိညာဏ်စိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ စည်နှင့်လက်ခတ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒီအတိုင်းသွားကိုး၊ ဒါဖြင့်ရင် ငါ့ကိုယ်တစ်ကိုယ်လုံးမှာ ကြည့်လိုက်ရင် ခေါင်းကအစ ခြေဖျားအထိအောင်အကုန်ကြည့် မမြင်ရတဲ့နေရာရယ်လို့မရှိ၊ မမြင်နိုင်တဲ့ နေရာ မရှိ၊ မမြင်ကောင်းတဲ့နေရာမရှိ ရှိရဲ့လား (မရှိပါဘူးဆရာ)။ အကုန်မြင်တာပေါ့ (မြင်ပါတယ်ဆရာ)။ အဲဒီမြင်တာတွေ ဘာရုပ်တုန်း (ဝဏ္ဏရုပ်ပါဆရာ)။ ဝဏ္ဏရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဆင်းရုပ်တွေ ပဲတဲ့၊ ဒါဖြင့် ဒီအဆင်းရုပ် အပြင်ပကကြည့်ရင် တစ်ကိုယ်လုံးဟာ ဝဏ္ဏဆိုတဲ့ အဆင်းရုပ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အကုန်ရှိတာပေါ့ (ရှိပါတယ်ဆရာ)။ အပြင်ရှိလို့မြင်တာပါ၊ အထဲခွဲကြည့်ရင် မြင်ချင်မှမြင်မှာပါပဲလို့ စိတ်ထဲသံသယမကင်းရင် တစ်ကိုယ်လုံးခွဲစိတ်ကြည့်၊ အစိတ်စိတ်အမွှာမွှာ အထပ်ထပ်လွှာကွာ၊ လွှာကြည့်တော့ မြင်ရရဲ့လား (မြင်ရပါတယ်ဆရာ)။

သြော် မြင်ရတာပဲ၊ ဒါပေမယ့် အတွင်းသားတွေလည်းပဲ အကုန်လုံးမြင်ရတဲ့ ဝဏ္ဏရုပ်ကြီး ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် နင့်ကိုယ်တစ်ကိုယ်လုံးမှာ အတွင်းရောအပြင်ရော အဲဒီမြင်ရ တယ်ဆိုတဲ့ဝဏ္ဏ အဆင်းရုပ်လွတ်နေတဲ့ နေရာလေးများ တစ်ရွေးသားမျှ ရှာရရဲ့လား (မရပါဘူး ဆရာ)။ မြင်ရတယ်ပေါ့ အကုန်လုံး (မြင်ရပါတယ်ဆရာ)။ ဝဏ္ဏရုပ်ကြီးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏဓာတ်ကင်းနိုင်တယ်ဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဘယ်နေရာမှ ရှာမရဘူး၊ မြင်ရတာ ချည်းပဲ အကုန်လုံး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့်ရင် မင်းတို့ငါတို့မျက်စိက ငါမြင်တာ လူမြင်တယ်၊ ယောက်ျားမြင်တယ်၊ မိန်းမမြင်တယ်၊ ပုဂ္ဂိုလ်မြင်တယ်၊ သတ္တဝါမြင်တယ်၊ ခွေးမြင်တယ်၊ ဝက်မြင်တယ်၊ ကြွက်မြင်တယ်၊ ငှက်မြင်တယ်၊ တုံးမြင်တယ်၊ တိုင်မြင်တယ်၊ ဒီလိုမြင်နေရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဘာမြင်တာတုန်း (သဘောတရားသက်သက်ကလေးသာ မြင်ပါတယ်ဆရာ)။ ဘာမြင်တာတုန်း (ဝဏ္ဏရုပ်ပါဆရာ)။ သြော် ဝဏ္ဏရုပ်မြင်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဆင်းရုပ်တွ မြင်နေတာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါဖြင့် အကောင် အထည် အထည်ဒြပ်သဏ္ဌာန်တွေ မြင်တယ်ဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်တွေမြင်နေရင် ငါပဲယောက်ျားပဲမြင်လျှင် ဘုရားကိုယ်တော်မြတ် သဘောတရားသက်သက်ဟောထားတဲ့ ဝဏ္ဏဓာတ်ကြီးက အကောင်ဖြစ်မနေဘူးလား၊ ယောက်ျား ဖြစ်မနေဘူးလား (ဖြစ်ပါတယ်ဆရာ)။

http://www.dhammadownload.com



အေး ဒီလိုဖြစ်နေ ဒါပညတ်မလွတ်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် မြင်ရရင် ဝဏ္ဏစေတ်ပဲ၊ မြင်ရတာ အဆင်းရုပ်ပဲ၊ ဒီလိုဆိုတော့ ခုနပြောတဲ့ အကောင်အထည်တွေ အကုန်ပြုတ်သွားနော် (ဟုတ်ကဲ့ပါဆရာ)။ မပြုတ်ဘူးလား (ပြုတ်ပါတယ်ဆရာ)။ အေး ဒါ့ကြောင့် ကိုယ်ပေါ်ပြန်တင်တဲ့ အခါကျတော့ ကြည့်ပါလား၊ ငါမြင်တာ လူမြင်တယ်၊ ယောက်ျားမြင်တယ်၊ ပုဂ္ဂိုလ်မြင်တယ်၊ သတ္တဝါမြင်တယ်၊ မိန်းမမြင်တယ် စသည်အားဖြင့် မဟုတ်နိုင်ဘူး၊ မြင်ရတာ ပုဂ္ဂိုလ်၊ သတ္တဝါ မြင်နေတာ မဟုတ်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါ မြင်နေရင် ဒီလူကောင်ကြီးမြင်နေလို့ ရှိရင် ဟုတ်နိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ၊ ဒီမြင်ရတာ လူကောင်ကြီးက မြင်ရတာ၊ လူကောင်ကြီးကို မြင်ရတာ၊ မြင်ရတာ လူကောင်ကြီးပဲ၊ ဒီလူကောင်အကောင်အထည်ကြီး ပျောက်သွားရင် အမြင်စေတ် ပျောက်သွားမှာပေါ့၊ အဲဒီလူကောင်ကြီးကိုပဲ စက်ထဲထည့်ကြိတ်၊ မောင်းထဲထည့်ထောင်း၊ လူကောင်ကြီး ပျောက်မသွားဘူလား (ပျောက်သွားပါတယ်ဆရာ)။ ကြည့်လိုက်တော့ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ၊ ဟောဗျာ ဘယ်ရောက်သွားပါလိမ့် (မြင်ပါတယ်ဆရာ)။ မြင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ ဩော် အမြင်စေတ်က မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ ဩော် လူသားတွေ ငါးပိငါးချဉ်သိပ် ဖြစ်နေတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ လူသားတွေ ထောင်းတာ၊ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။

အေး အေး တစ်ခါမြင်ပြန်ပြီ၊ ဟာ ဒီလောက်တောင် မြင်လှတာ၊ ဒီအမြင်စေတ်တော့ ပျောက်အောင်ငါလုပ်ဦးမှပဲဆိုပြီး စက်ထဲထည့်ကြိတ် မှုန့်ညက်နေအောင်ကြိတ် နေခြောက်လှမ်း ထပ်ပြီးတော့ မှုန့်နေအောင်ကြိတ်၊ လျှက်ဆားလိုဖြစ်သွားနော် (ဟုတ်ကဲ့ပါဆရာ)။ အခုန လူသားတွေ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ အမှုန့်တွေ ဖြစ်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကြည့်တော့ မြင်သလား (မြင်ပါတယ်ဆရာ)။ ဩော် မြင်သေးတာပဲလား (ဟုတ်ကဲ့ပါဆရာ)။ ဘယ့်နှယ့်စက်ထဲ ကြိတ်ကြိတ်၊ အမှုန့်ထောင်းထောင်း အမြင်စေတ်က မပျက်ဘူးဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုန လူသားနေရာတော့ ပျောက်သွားပြီ ဟုတ်လား (ပျောက်သွားပါပြီဆရာ)။ ဩော် ဒါဖြင့်အမှုန့်တွေကို မြင်တာပဲ၊ ဒီအမြင်စေတ်တော့ ငါဖျက်ဆီးဦးမှပဲနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ အမှုန့်တွေကို မီးထဲ ထည့်ဖုတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကျွမ်းသွားနော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်လိုက်စမ်းမြင်လား (မြင်ပါတယ်ဆရာ)။ မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ခုန အမှုန့်တွေကတော့ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ မီးသွေးတွေ ဖြစ်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အမြင်စေတ်က မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ ဩော် မီးနဲ့ ရှို့လည်း မပျောက်ဘူးပေါ့ (မပျောက် ပါဘူးဆရာ)။ ကဲ ဆက်ရှို့ကွာ၊ လုံထဲထည့်ထိုးကွာ၊ ပြာအဖြူအဖွေးကျလာအောင်ထိုးနော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ အားရပါးရထိုး၊ ဒီအမြင်ဓာတ်တော့ ငါဖျက်ဆီးပစ်မယ်ဆိုပြီးတော့ မီးထဲထည့် လုံနဲ့ပိတ်ထိုး၊ ဒီလိုထိုးပြီးကြည့်လိုက်စမ်း မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ မြင်ရဲ့လား (မြင်ပါတယ် ဆရာ)။ ဩော် မြင်ရဲ့ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အခုန လူသားတွေ ရှိသေးလား (မရှိပါဘူးဆရာ)။ မီးသွေးတွေကော ရှိသေးလား (မရှိတော့ပါဘူးဆရာ)။ ဩော် မရှိပေမယ့် မြင်တာပဲလား (မြင်ပါတယ် ဆရာ)။ ဒီအမြင်ဓာတ်ကတော့ မီးနဲ့ထည့်ပြီးတော့ ပြင်းပြင်းထန်ထန် ဖိုထဲထည့်ထိုးတော့လဲ အမြင်ဓာတ် မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ ဩော် ခုတော့ ပြာဘဝရောက်လာပြီ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါလည်းမြင်တာပေါ့ (မြင်ပါတယ်ဆရာ)။

အဲဒီပြာကွာမြေကြီးထဲ သွန်ပစ်ကွာ၊ များများစားစား မြေကြီးထဲသွန်ပစ်သုံးနှစ်ကြာတော့ ဒီနေရာလေး တူရွင်းနဲ့ကော်ပြီး ထိုးပြီးလက်ဝါးထဲ တင်ကြည့်စမ်း မြင်သေးလား (မြင်ပါတယ်ဆရာ)။ မြင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ခုနလူသားက ကျလာတဲ့ပြာတော့ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဒါပေမယ့် မြင်တာပဲလား (မြင်ပါတယ်ဆရာ)။ ဩော် သူမြေကြီးဖြစ်သွားပြီ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါဖြင့် အမြင်ဓာတ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ သုံးနှစ်ကြာအောင် မြေကြီးထဲပစ်ချထားတာတောင် အမြင်ဓာတ်မပျောက်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီမြေကြီးတစ်ခါလုပ်ကွယ် ရွှံ့လုပ် အိုးလုပ် အင်လုပ် မြေကြီးပျောက်သွားပြန်ပြီ နော် (ဟုတ်ကဲ့ပါ ဆရာ)။ မြေကြီးမဟုတ်ဘူး အုတ်ဖြစ်ပြန်ပေါ့ အင်ဖြစ်ပြန်ပေါ့ ဒါပေမယ့် အမြင်ဓာတ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အဲဒီအမြင်ဓာတ်ကလေး သေသေချာချာမှတ်ပါ၊ ဒီဘက်ကပညတ်လိုင်းက သွားတော့ပညတ်ကတော့လူတဲ့၊ အကောင်အထည်တဲ့၊ ယောကျ်ားမိန်းမတဲ့၊ အတုံး အလုံး အခဲတဲ့၊ ခေါင်းတဲ့၊ လက်တဲ့၊ ကိုယ်တဲ့၊ ခြေတဲ့၊ ဒါတွေ ငါမြင်တယ်၊ အမြင်ဓာတ် ဟုတ်ကဲ့လား၊ ဟာ အမြင်ဓာတ် ဒါတွေ မြင်နေမဟုတ်ပါဘူး၊ အမြင်ဓာတ်က ပရမတ်ပဲ၊ ဒီခေါင်း၊ လက်၊ ကိုယ်၊ ခြေ ဆိုတဲ့ ဒီအကောင်အထည်သာ အမြင်ဓာတ် မှန်လို့ရှိရင် အကောင်အထည်ပျောက်ရင် အမြင်ဓာတ် ပျောက်မှာပေါ့၊ ဒီအကောင်အထည်ဖျက်ဆီးလာတာ၊ ပြာဘဝရောက်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အမြင်ဓာတ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။

ဘယ်ပျောက်မတုန်း၊ အမြင်ဓာတ်က ဘာတရားတုန်း (ပရမတ်တရားပါဆရာ)။ ဩော် ပရမတ် တရား၊ ခုန အကောင်အထည်ကြီးက (ပညတ်တရားပါဆရာ)။ ဩော် ပညတ်တရား မရှိတရား၊ မရှိတရားနော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် ပညတ်ဆိုတာ လုံးလုံးမရှိတဲ့တရား၊ ဒါကြောင့် ဖျောက်လိုက်ရင် ပျောက်သွားတယ်၊ ဖျက်လိုက်ရင် ပျက်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ ငါတို့ စက္ခုပသာဒ အကြည်ရုပ်ကလေးပေါ်နေတဲ့ စက္ခုဝိညာဏ်ဆိုတဲ့ မြင်စိတ်ကိုက

http://www.dhammadownload.com



အမြင်တွေမှားနေတယ် မမှားဘူးလား (မှားပါတယ်ဆရာ)။ အမြင်တွေမှားနေတယ်၊ အသိတွေမှားနေတယ်၊ အယူတွေမှားနေတယ်၊ အမှတ်တွေမှားနေတယ်၊ ဒါစက္ခုဝိညာဏ်လှည့်စားခံရတာနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတွေက သိမ်မွေ့တယ်ကွယ်၊ နည်းနည်းလေးလည်း ကြည့်တတ်မှကောင်း၊ ကြည့်တတ်မှကောင်း၊ ဘာဖြစ်လို့လဲ ဒီအမြင်ဓာတ်ကလေးက မှားတတ်လွန်းလို့၊ ကြည့်ပါ၊ ကြည့်ပါ သေသေချာချာ သမာဓိကောင်းကောင်းထားပြီးတော့ အိမ်ရောက်တော့လည်း ဒီဝဏ္ဏဓာတ်ရဲ့ပရိယာယ်ကို ပြန်ပြန်ပြီးတော့စဉ်းစားကြည့်ပါ။ အမြင်က မှားတတ်လွန်းလို့၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ဓာတ်ကြီးလေးပါး၊ ဟိုပထမပြတဲ့ ဓာတ်လေးပါးလိုပဲ ပထဝီဓာတ်ဟာ အင်မတန် အရေးကြီးသလို ခုလည်း ဝဏ္ဏဓာတ်သည် အင်မတန်အရေးကြီးတယ်၊ ဒါကိုယ်ပေါ် ပြန်ပြီးတော့ ဆင်ခြင်တဲ့အခါကျတော့ ဒီမြင်ရတယ်၊ မြင်ရတယ်ဆိုတဲ့ အမြင်ဓာတ်ဟာ ငါ့ကိုယ်တစ်ကိုယ်လုံးမှာ အလှာ အလှာနဲ့ ခွါကြည့် မြင်တာပဲ၊ ခွဲစိတ်ကြည့် မြင်တာပဲ၊ ချေမွကြည့် မြင်တာပဲ၊ အပြင် ပန်းက ကြည့်လည်း မြင်တာချည်းပဲ၊ အတွင်းနားလေး အစိတ်စိတ် အမွှာမွှာ ခွဲစိတ်ကြည့်လည်း ဖြစ်တာပဲ၊ ဒါဉာဏ်မျက်စိနဲ့ ကြည့်ရတာပါ။ ကြည့်လိုက်တော့ ဒီအမြင်လွတ်တဲ့နေရာ တစ်ရွေးသား တစ်ခြမ်းသားမျှ ရှာမရပါပဲဘဲ၊ အမြင်ဓာတ်ချည်းရှိ မရှိဘူးလား (ရှိပါတယ်ဆရာ)။

အေး အဲဒီအမြင်ဓာတ်ဟာ စောစောကပြောသလို အရိုးပေါ်တင်၊ အရေပေါ်တင်၊ အသားပေါ်တင်၊ အသွေးပေါ်တင်တယ်၊ တင်လည်း ကြည့်စမ်း၊ ဒါပေမယ့် အရိုးပဲမြင်မြင်၊ အရေပဲမြင်မြင်၊ အသားပဲမြင်မြင်၊ ဘာကိုမြင်မြင်၊ မြင်တာဟာဝဏ္ဏပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီမြင်တာဝဏ္ဏပဲဆိုတဲ့ ဝဏ္ဏဓာတ်ဟာ ဘယ်နေရာကြည့်လိုက်၊ ကြည့်လိုက် အမြင်ဓာတ်သက်သက်ကြီး တွေ့နေတယ်၊ အမြင်ဓာတ်နဲ့ကြည့်ပါ၊ သေသေချာချာ ဝဏ္ဏဓာတ်နဲ့ကြည့်ပါ၊ ဒါမှ မိမိကိုယ်မှာ မိမိပြန်ပြီး မြင်လာပါလိမ့်မယ်၊ ဒါဖြင့် ငါ့မှာ အရင်တုန်းက ငါလူတစ်ယောက်ပဲ၊ ငါယောကျ်ားတစ်ယောက်ပဲ၊ ငါပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ငါအကောင်အထည်ပဲ၊ ငါခေါင်းနဲ့ ကိုယ်နဲ့ ခြေနဲ့ပဲ ဒီလိုထင်ရှားရှိတယ်ဆိုတဲ့ စကားဟာ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပရမတ် ဝဏ္ဏဓာတ်နဲ့ဝေဖန်ကြည့်တော့ ခေါင်းလည်း မရှိ၊ လက်လည်းမရှိ၊ ခြေလည်း မရှိ၊ ကိုယ်လည်း မရှိဘူး၊ အရိုးအဆစ် အသား အသွေး အရေထူ အရေပါးလည်း မရှိ၊ ဘာမှမရှိဘူး၊ ဘာရှိတုန်း မြင်ရတာချည်းပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမြင်ဓာတ်ချည်းပေါ့ (အမြင်ဓာတ်ချည်းပါပဲဆရာ)။ အေး ဒါကြောင့် အမြင်ဓာတ်ကြီးဆိုတဲ့ ဝဏ္ဏဓာတ်နဲ့ ကြည့်လိုက်တော့ မင်းတို့ငါတို့ကိုယ်ဟာ ဝဏ္ဏဓာတ်တုံး၊ ဝဏ္ဏဓာတ်ခဲကြီးဆိုရင် လွဲပါ့မလား (မလွဲပါဘူးဆရာ)။ ဝဏ္ဏဓာတ်ကောင်ကြီးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါလေးကို ပြန်လည်းသုံးသပ်ပါ။ နည်းနည်းလည်း မြင်လည်းမြင်ခဲတယ်၊ နည်းနည်းလည်း

http://www.dhammadownload.com



သိမ်မွေ့တယ်၊ သိမ်မွေ့လို့ အဲဒါလေး ပြန်ပြန်ပြီးတော့ တင်ကြည့်ပါလို့၊ ကြည့်တော့ကော ဒီအကောင်အထည်ကြီး ပျောက်သွားပါလိမ့်မည်လို့နော် (ဟုတ်ကဲ့ပါဆရာ)။ အကောင်အထည်ကြီးပျောက်သွားလိမ့်မယ်၊ ဝဏ္ဏဓာတ်ကြီးမြင်နေပြီ။

ဩော် ဒီဝဏ္ဏဓာတ်ဟာ အခု သေသေချာချာ ငါ စိန္တာမယဉာဏ်အနေအားဖြင့် ပြန်ပြီးတော့ အထပ်ထပ်သုံးသပ်တော့ ငါယောကျ်ား ငါလူတစ်ယောက် ငါပုဂ္ဂိုလ် ငါအကောင်အထည် ခေါင်းနဲ့လက်နဲ့ ကိုယ်နဲ့ခြေနဲ့ အသားအသွေး အကြောအရိုး အရေထူအရေပါးနဲ့လို့ ငါစောစောက မြင်ထားတာ တစ်ခုမှမဟုတ်ဘူး၊ ဘာတွေတုန်းလို့မေးတော့ အမြင်ဓာတ်ချည်းပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတော်တော်လေး ဉာဏ်မှာလွှာလွှာလွှာလွှာကြည့်မှ အဲဒီ အမြင်ဓာတ် ပေါ်လာလိမ့်မယ်။ ဒါဖြင့်ကောင်းပါပြီ အဲဒီအမြင်ဓာတ်ကြီးကတော့ ထင်ရှားရှိနေပြီ ကွယ်လို့မရဘူး၊ ငါ့မျက်စိကြောင်တောင်ကြီးမြင်နေပြီ အမြင်ဓာတ်ဖုံးကွယ်လို့မရတော့ဘူး တစ်မြင်တည်းမြင်နေတယ် အမြင်ဓာတ်တော့ထင်ရှားရှိ၊ ရှိတဲ့အမြင်ဓာတ်ကြီးကကော ဒီလိုသာအမြင်ဓာတ်အနေအားဖြင့် အမြင်သဘောတရားအနေအားဖြင့်သာ ထင်ရှားရှိကြတာ တကယ်ရှိကြတာ ကိုင်လို့လည်းမဖြစ်ဘူး၊ ယူလို့လည်းမရဘူး၊ အတုံး အလုံး အခဲလည်း ပြောစရာမလိုဘူး၊ ပြောလို့မဖြစ်ဘူး၊ လေးထောင့် သုံးမြောင့် အဝိုင်းအလျားလည်း ပြောလို့မဖြစ်ဘူး၊ အမှုန် အမွှား အရည်အဖတ်ကလေးအနေအားဖြင့် ပြောလို့မဖြစ်ဘူး၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ် အနေအားဖြင့်ပြောလို့မဖြစ်ဘူး၊ တစ်ရွေးသား တစ်ပဲသားမှလည်းပဲ စုလို့ဆောင်းလို့ ရကောင်းတဲ့ပစ္စည်းမျိုးလည်းမဟုတ်ဘူး၊ မြင်ကောင်းတယ် မြင်နိုင်တယ် မြင်ရတယ်ဆိုတဲ့ အမြင်သဘောသက်သက်ကလေးပဲ၊ ဒီလိုမြင်လိုက်ရင် စောစောက မိမိတို့စိတ်ထဲမှာ စွဲမြဲယုံကြည်ထားတဲ့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ငါသူတစ်ပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ အကောင်အထည် အထည်ဒြပ်သဏ္ဍာန်အားဖြင့်ရှိတယ် ဟုတ်တယ် မှန်တယ်ဆိုတဲ့ယုံကြည်ချက်ကြီး ဒီနေရာအလိုလို ပြုတ်သွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ပြုတ်အောင်လည်းကြည့်ကြပါ၊ ကြည့်လည်းကြည့်ကြပါ၊ ပြုတ်ပါလိမ့်မယ်၊ ပထဝီဓာတ်ကစပြီးတော့ နားလည်မှုရှိတဲ့ပုဂ္ဂိုလ်များ ဒီဓာတ်တွေကမခဲယဉ်းပါဘူး၊ အတူတူပါပဲ၊ သဘောချည်းပဲအကုန်လုံး။

## ဥပါဒါနရုပ်ခေါ်ဆိုရပုံ

အဲဒါကိုယ်ပေါ်ပြန်တင်တဲ့အခန်းပါပဲလို့၊ ဒီအခန်းလေးနည်းနည်းသတိလစ်ပြီး ကျန်ရစ်ခဲ့လို့ ပြန်ပြီးဆက်နေတာ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ရုပ်နှစ်ဆယ်နဲ့ရှစ်ပါးမှာ ဥပါဒါရုပ်နှစ်ဆယ့်နဲ့လေးပါး၊ ပြပြီးသား မဟာဘုတ်ကလေးပါး၊ ပေါင်းလိုက်တော့ (၂၈)ပါး၊ ဒီတော့ မဟာဘုတ်လေးပါးရယ်၊ ဥပါဒါရုပ် (၂၄)ပါးရယ်၊ ဥပါဒါရုပ် (၂၄)ပါးခေါ်တာ ဘာ့ကြောင့် ဥပါဒါနရုပ်ခေါ်လဲဆိုတော့

http://www.dhammadownload.com



မဟာဘုတ်လေးပါးကိုစွဲ၍ မှီ၍ဖြစ်တတ်သောကြောင့် ဥပါဒါနရုပ်ခေါ်၏။ အဲဒီဥပါဒါရုပ် (၂၄)ပါး ရှိတဲ့အနက်က (၂၀)ကို ပယ်ထားပြီးတော့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ ဥပါဒါရုပ်လေးပါးကိုသာ သီးခြားပြီးတော့ပြမယ်။ ဒီတော့ ဥပါဒါရုပ်လေးပါးနဲ့ပြပြီးသား၊ မဟာဘုတ်လေးပါးနဲ့ပေါင်းလိုက်တော့ ရှစ်ပါးရတယ်၊ အဲဒီရှစ်ပါးကို သုဒ္ဓကလာပ်လည်းခေါ်ရဲ့၊ အဋ္ဌကလာပ်ရုပ် (၈)ပါးခေါ်ရဲ့၊ အဝိနိဗ္ဘောဂရုပ် (၈)ပါးလည်းခေါ်ရဲ့၊ ဒီရှစ်ပါးကတော့ ရုပ်မှန်မှန်သမျှ သူမပါတာမရှိဘူး၊ ဒီတော့ သူပါရမှာချည်းပဲ၊ အခြေခံအရင်း ရှစ်ပါးခေါ်တယ်၊ ဒီတော့ ဒီရုပ်ရှစ်ပါးကိုမပြရင်မပြီး။ ဒါကြောင့် ရုပ်ရှစ်ပါးပြရခြင်း ဖြစ်တယ်။ ဒါကြောင့် ဒီရုပ်ရှစ်ပါးက ဘယ်သူဘယ်သူလဲဆိုတော့ မဟာဘုတ်လေးပါးရယ်၊ ဥပါဒါရုပ် လေးပါး ပေါင်းလိုက်တော့ရှစ်ပါး၊ အဲဒီဥပါဒါရုပ်လေးပါးလည်း ဝဏ္ဏ ဂန္ဓ ရသ ဩဇာ အဲဒီ ရုပ်ဓာတ်လေးပါး၊ မနေ့ညက ဝဏ္ဏဓာတ် လက်စသတ်တယ် ခုညတော့ဂန္ဓပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

## တရားရှာ ကိုယ်မှာတွေ့

ပါဠိလို ဂန္ဓ၊ မြန်မာလိုပြန်တော့ အနံ့၊ အနံ့ဟာရုပ်ပဲ၊ မနေ့ကတော့ မြင်တဲ့အဆင်း ပြတယ်၊ ဒီနေ့တော့ နံတဲ့အနံ့နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါတခြားမှာဖြစ်နေတဲ့ တရားမဟုတ်ပါဘူး၊ မိမိအဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ တရားတွေ၊ ဒီတရားတွေ တစ်လုံးချင်းတစ်လုံးချင်း သင်ကြားပေး၊ သင်ကြားပေးလာတော့ တတ်မြောက်လိမ္မာလာရင် ကိုယ့်ကိုယ်ကိုယ် ပြန်ဝေဖန်နိုင်တယ် ဆင်ခြင်နိုင်တယ် သုံးသပ်နိုင်တယ် ပွားများနိုင်တယ် အားထုတ်နိုင်တယ်။ ဒါကြောင့် တရားရှာ ကိုယ်မှာတွေ့၊ တရားဆိုတာ တခြားရှိတာ မဟုတ်ပါဘူး၊ သတ္တဝါတို့၏ မိမိတို့၏ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ထင်ရှားဖြစ်ပေါ်နေတဲ့ သဘာဝ ဒါတရားခေါ်တယ်။ အဲဒီ ထင်ရှားဖြစ်ပေါ်နေတဲ့ တရားတွေ တစ်လုံးချင်း၊ တစ်လုံးချင်း မိမိတို့ကိုယ်တိုင်က ဘာမှမသိတော့ မသိတော့ဘာဖြစ်၊ ကိုယ့်ကိုယ် ငါလူဟုတ်တယ်၊ ယောကျ်ားဟုတ်တယ်၊ မိန်းမဟုတ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါဟုတ်တယ်၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် ဟုတ်တယ်၊ အတုံး အလုံး အခဲ ဟုတ်တယ်နဲ့ အဲဒီလို စွဲထားတဲ့ အစွဲကြီးက ဒါသူသူငါငါ အမိဝမ်းကမွေးလာကတည်းက ဒီအယူဝါဒ ဒီအတိုင်းပါတယ်၊ မသင်ရမကြားရပါဘူး။

ဒါကြောင့် ကမ္ဘာသူကမ္ဘာသားတွေမှန်သမျှ အရိယာဉာဏ်မျက်စိမရသမျှ အမှန်မျက်စိမသိသမျှ ဒီအယူဝါဒနဲ့လာကြ၊ အဲဒီအယူဝါဒနဲ့လာကြတော့ တကယ်လည်းပဲ မိမိတို့ကိုယ်မိမိတို့ပြန်ပြီးတော့ ကြည့်တော့ ပုဂ္ဂိုလ်လည်း မဟုတ်ပါဘူး၊ ယောကျ်ား မိန်းမလည်း မဟုတ်ပါဘူး၊ အသက်လိပ်ပြာလည်း မဟုတ်ပါဘူး၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်လည်း မဟုတ်ပါဘူး၊ အတုံး အလုံး အခဲလည်း မဟုတ်ပါဘူး၊ အမှုန် အမွှား အရည် အဖတ်လည်း မဟုတ်ပါဘူး ဘာမှမဟုတ်ဘူး၊ စင်စစ်

http://www.dhammadownload.com



သေသေချာချာ ရှာဖွေလို့ကြည့်မယ်ဆိုရင် ခုပြဆဲဆိုတဲ့ရုပ်ဓာတ်ရှစ်ပါး၊ ဟောဒီရုပ်တရားတွေဟာ သဘောအားဖြင့် ပေါင်းစုပြီးတော့ဖြစ်နေတဲ့ သဘောတရားပဲလို့၊ အဲဒီလိုသိလာတဲ့အချိန်ကျတော့ တတ်မြောက်လိမ္မာလာတော့ ကိုယ့်ကိုယ်ကိုပြန်မြင်တယ်၊ လက်စသတ်တော့ ငါဟာယောကျ်ားပဲ၊ ငါပုဂ္ဂိုလ်ပဲ၊ ငါမိန်းမပဲ၊ ငါသတ္တဝါပဲ၊ ငါအသက်လိပ်ပြာနဲ့၊ ငါအကောင်အထည်ကြီးပဲ၊ စောစောပိုင်း တုန်းကတော့ငါဒီလိုယူဆတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားတော်ဒေသနာ သေသေချာချာ တစ်လုံးချင်းတစ်လုံးချင်း စာရင်းရှင်းကြည့်တဲ့အခါကျတော့ ငါထင်သလိုမဟုတ်ပါ ဘဲပဲ ငါယူဆသလိုမဟုတ်ပါပဲ ငါသိသလိုမဟုတ်ပါပဲ။ ဘာမှမသိဘူး၊ အကောင်အထည်အနေအားဖြင့်၊ အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့်၊ အတုံး အလုံး အခဲအနေအားဖြင့် ဘာမှမရှိဘူး၊ ဘာတွေရှိသလဲ မေးတော့ သူ့လက္ခဏာနဲ့သူ့သဘောနဲ့ဖြစ်နေတဲ့ သဘောတရားသက်သက်ဆိုတဲ့ ရုပ်တရားတွေ၊ ၎င်းအပြင် နာမ်တရားတွေ၊ အဲဒီလိုသိလာမှ စောစောကပြောတဲ့ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်အားဖြင့် ရှိတယ်၊ ဟုတ်တယ်၊ မှန်တယ်လို့ ယူဆနေတဲ့ သက္ကာယဒိဋ္ဌိခေါ်ထားတဲ့ ဒိဋ္ဌိအယူကြီး၊ အဲဒီအယူ ပြုစင်သွားတယ်၊ ဒီအယူပြုစင်သွားကာမှ မဂ်တံခါးဖိုလ်တံခါးပွင့်တယ်ခေါ်ပါတယ်၊ ဒီအယူကြီး မပြုစင်မသန့်ရှင်းသမျှ ယုံကြည်နေသမျှ ကာလပတ်လုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်မရအောင် တားထားတဲ့ အန္တရာယ်ငါးပါးထဲ တစ်ပါးအပါအဝင်၊ ဒီဒိဋ္ဌိကိလေသာ၊ ဒါ့ကြောင့် ဒီဒိဋ္ဌိကိလေသာသည် လက်ငုတ်လက်ရင်း အနေအားဖြင့် အကြွင်းအကျန်မရှိအောင် ရှေးဦးမဆွ ပထမဆုံးသုတ်သင်ပစ်ရမယ့် ကိလေသာပဲ ကြောက်ဖွယ်ကောင်းတဲ့ ရန်သူကြီးပဲ။

ဒါကြောင့် ဘဝများစွာ သံသရာလာကြတယ်၊ တစ်ဘဝလာလည်း တစ်မဂ်တစ်ဖိုလ်မှမရ၊ တစ်ဘဝလာလည်း တစ်မဂ်တစ်ဖိုလ်မရနဲ့ ဒီအတိုင်းလာကြတယ်၊ သံသရာလည်းပဲ "သံသရေ ပုဗ္ဗကောဋိ န ပညာယတိ" မိမိတို့ သံသရာပြန်ကြည့်မယ်ဆိုလို့ရှိရင် အပြင်အစွန်း အညစ် အရိပ် ကလေးထင်ဖို့ရာ အင်မတန်မှ ခဲယဉ်းတယ်၊ အင်မတန်ရှည်လျားတယ်။ သို့ကလောက်တောင် ရှည်လားစွာ ကျင်လည်မျောပါးပြီး လာပါသော်လည်း တစ်မဂ်တစ်ဖိုလ်မှမရကြတဲ့ သံသရာတွင်း မှာ ကနေ့အထိငုတ်တုတ်ရှိတာဘာ့ကြောင့် ဘယ်မဂ်ရနိုင်ပါ့၊ ဘယ်ဖိုလ်ရနိုင်ပါ့၊ ဘာဖြစ်လို့ အခုပြောတဲ့ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ ရှိတယ် ဟုတ်တယ်၊ ယုံကြည်လာတဲ့ ဒိဋ္ဌိကိလေသာတည်းဟူသောရန်သူက ကာကွယ်ထားလို့၊ ဒါမဂ္ဂန္တရာယ်ကိုးကွ နော် (ဟုတ်ကဲ့ပါ ဆရာ)။ မဂ်မရအောင် တားဆီးထားတဲ့ အန္တရာယ်ငါးပါးထဲ သူတစ်ပါးအပါအဝင်မဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် ဒီအန္တရာယ်ကြီး မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်က

http://www.dhammadownload.com



ရှေးဦးမဆွ ပထမခံုးထားပြီးတော့ နံပါတ်တစ်ရန်သူအနေအားဖြင့် ချေမှုန်းပစ်ရမယ်၊ ဖျက်ဆီးပစ်ရမယ်၊ ခွါပစ်ရမယ်၊ ဒါကြောင့် ဒီမဂ်မရအောင်တားထားတဲ့ ဒိဋ္ဌိကိလေသာရန်သူကြီးပဲဆိုတာ နားမလည်တော့ တချို့လည်းပဲ အင်တိုက်အားတိုက်ဆိုသလိုပေါ့ကွယ်၊ ဆန္ဒလည်းမသေးကြဘူး တစ်မဂ်တစ်ဖိုလ်လိုချင်လှချည်ရဲ့ဆိုတဲ့အနေအားဖြင့် လမ်းအမျိုးမျိုးက ကြိုးစားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလည်း အင်မတန်များပါတယ်၊ အင်တိုက်အားတိုက်ပဲလို့ စိတ်ပါလက်ပါ၊ အဲဒီလို ကြိုးစားအားထုတ်နေတဲ့ပုဂ္ဂိုလ်များဆိုရင် အားထုတ်တဲ့လမ်းစဉ်အတိုင်း အခုပြောသလို တို့မဂ်မရအောင် တားဆီးထားတဲ့ အန္တရာယ်ဟာ ဘယ်သူလဲလို့ နားမလည်ကြလို့၊ ဒီအန္တရာယ်ရန်စွယ်ကြီးကို မဖယ်မရှားဘဲနဲ့ တချို့လည်း နင်လားငါလား အင်တိုက်အားတိုက် ကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီလို ဒီအန္တရာယ်ရန်စွယ် မဖယ်မရှားဘဲနဲ့၊ လုပ်တော့ ရမလားဆိုတော့ မရကောင်းဘူး။ ဘာဖြစ်လို့ ဒီခုပြောနေတဲ့ ဒိဋ္ဌိကိလေသာဆိုတာ မဂ်မရအောင်တားထားတဲ့ အန္တရာယ်ကြီးဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် ဆရာသမားထံနည်းခံပြီးတော့ မဂ်ရရာရကြောင်း၊ ဖိုလ်ရရာရကြောင်းဆိုတဲ့တရားများ ကျင့်ကြံပွားများအားထုတ်တော့ ဥပနိဿယနဲ့ရှင်းလို့မဖြစ်ကောင်းဘူးတဲ့၊ ဒါကြောင့် ဆရာကောင်းသမားကောင်းထံ နည်းနာခံလို့ လမ်းညွှန်လမ်းပြအနေအားဖြင့် ဆရာပါရှာလို့၊ ဒီလိုရှာလို့ ဆရာများသွန်သင်ဩဝါဒအတိုင်းလိုက်နာပြီး ကျင့်ကြံပွားများအားထုတ်မှ ကိုယ်လိုရာခရီးဆိုတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့နီးကြမယ်။ ဒါကြောင့်လည်းပဲ ဒီဓာတ်တစ်လုံးချင်းတစ်လုံးချင်း ရှင်းရှင်းပြတာ တခြားမဟုတ်ပါဘူး၊ အခုပြောသလို မဂ်မရအောင် ကာကွယ်ထားတယ်ဆိုတဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိကိလေသာတည်းဟူသော အန္တရာယ်ကြီးကို ဖယ်ရှားခြင်း၊ ဒီလိုနားလည်ရမယ်။ ဒါကြောင့် ပထဝီဓာတ်ကစ တစ်လုံးချင်းတစ်လုံးချင်း ၎င်းဒိဋ္ဌိကိလေသာလွတ်သွားအောင်၊ ကျွတ်သွားအောင်၊ ရှင်းသွားအောင် သဘောတရားမျှသက်သက်ကလေးဆိုတဲ့ အဓိပ္ပာယ်ရောက်လာအောင် သင်ကြားပြသပေးရခြင်းပါ၊ အခုလည်းလာပြန်ပြီ မနေ့ညက ဝဏ္ဏဓာတ် လက်စသတ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကနေ့ညတော့ ဂန္ဓဓာတ်တဲ့။

## ဂန္ဓဆိုတာ

အဲဒီဂန္ဓ မြန်မာလိုပြန်တော့ အနံ့၊ အဲဒီအနံ့ဆိုတဲ့သဘောလေးဟာ ဒီတော့ ဒီအနံ့ဆိုတဲ့ သဘောလေးဟာ သူ့သူငါငါလူတကာ အမြင်မှားအထင်မှားနဲ့မှားနေတာ ဘယ်လိုမှားနေသလဲလို့ မှားပုံလေးလည်းကြည့်ပါ၊ ဒီတော့ ဒီဂန္ဓဆိုတဲ့အနံ့ဟာ တို့ဒီအရပ်ထဲသုံးတဲ့စကားလုံး အနေကတော့ ဘယ်လိုနေသလဲဆိုတော့ အနံ့ကို နှစ်မျိုးနှစ်စားခွဲထားတယ် ကောင်းတဲ့အနံ့ မကောင်းတဲ့အနံ့ ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကောင်းတဲ့အနံ့ကျတော့ မွှေးတယ်၊ သင်းတယ်၊ လှိုင်တယ်၊

http://www.dhammadownload.com



ကြိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါအကောင်းလေးတွေ ထည့်သုံးထားတယ်၊ မကောင်းတဲ့အနံ့ကျတော့ ပုပ်တယ်၊ သိုးတယ်၊ ဟောင်တယ်၊ စပ်တယ်၊ နံတယ်၊ စော်တယ် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး နံ့သာနဲ့ပတ်သက်လာတဲ့ အမွှေးအကြိုင်လေးတွေကျတော့ မွှေးလိုက်တာ၊ ကြိုင်လိုက်တာ၊ လှိုင်လိုက်တာ၊ သင်းလိုက်တာ၊ ပျံ့လိုက်တာနဲ့ ယဉ်ယဉ်ကျေးကျေး သုံးကြတယ်၊ ဒါနှစ်သက်တဲ့အာရုံပဲတဲ့ အင်မတန်စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အနံ့တွေကျတော့ ပုပ်တယ်၊ သိုးတယ်၊ ဟောင်တယ်၊ စပ်တယ်၊ နံတယ်၊ စော်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကောင်းတဲ့အနံ့ဖြစ်ဖြစ်၊ မကောင်းတဲ့အနံ့ဖြစ်ဖြစ် အနံ့ချည်းပါပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဂန္ဓရုပ်ချည်းပဲလို့ခေါ်တယ်၊ အနံ့ရုပ်ချည်းပဲလို့၊ မြန်မာလိုပြန်တော့ အနံ့ရုပ်၊ ပါဠိလိုက ဂန္ဓ၊ ဂန္ဓဓာတ်ချည်းပဲ၊ အဲဒါလေး နားလည်ထားပါ။

## အာရုံသုံးမျိုး

ဒါဖြင့် ကောင်းပါပြီ၊ အရပ်သုံးအနေကတော့ နှစ်မျိုးနှစ်စားခွဲခြားထားပြီး ကောင်းတဲ့အနံ့၊ မကောင်းတဲ့အနံ့၊ နံရာကတော့လည်း နှစ်မျိုးနှစ်စားပါပဲ မထူးပါဘူး။ ဒါကတော့ အဆန်းမဟုတ်ပါဘူး၊ ဒီတော့ မိမိတို့ ကြိုက်နှစ်သက်တယ်ဆိုတဲ့ အနံ့ကလေးတွေကျတော့ သင်းတယ်၊ မွှေးတယ်၊ လှိုင်တယ်၊ ကြိုင်တယ်၊ ပျံ့တယ်ဆိုတဲ့ ရနံ့ကောင်းလေးတွေကျတော့ အဲဒါကို နားလည်ထားတာက တစ်မျိုးကွ။ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ပုပ်တယ်၊ ဟောင်တယ်၊ နံတယ်၊ စပ်တယ်၊ စော်တယ်ဆိုတဲ့အနံ့ကို နံရပြန်တော့ ဒါကတစ်မျိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလည်း တခြားမဟုတ်ဘူးကွ၊ တို့ဒီမျက်စိတုန်းကလည်းပဲ နည်းနည်းဟိုးရှေးနားတုန်းက ကြိုတင်ပြောခဲ့သလောက် ပြောခဲ့ပါတယ်၊ ဘယ်လိုပြောခဲ့သလဲဆိုတော့ တို့မျက်စိမှာ အမြင်ဟာနှစ်မျိုးရှိတယ်၊ ကောင်းတာမြင်တာတစ်မျိုး၊ မကောင်းတာမြင်တာတစ်မျိုးလို့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါလည်း ဒီလိုပဲ နံတဲ့အခါမှာ ကောင်းတာနံတာတစ်မျိုး မကောင်းတာနံတာတစ်မျိုးလို့၊ ဒါလည်း နံတဲ့ပုဂ္ဂိုလ်ရဲ့အကြိုက်လိုက်သွားတာပေါ့၊ ဒီတော့ ဟိုတုန်းကလည်းပဲ မျက်စိမြင်တုန်းကလည်းပဲ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံဆိုတာ နှစ်သက်စရာ ကောင်းတဲ့အာရုံကိုမြင်တာ ဣဋ္ဌာရုံခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မနှစ်သက်တဲ့အာရုံမျိုးတွေ့လိုက်တော့ အနိဋ္ဌာရုံတဲ့၊ ဟောဒီလိုလည်း တစ်မျိုးမြင်တာပဲ။

ဒါပေမယ့် ဣဋ္ဌမဇ္ဈတ္တာရုံဆိုတာ မထင်ရှားတဲ့ အာရုံတစ်ခုလည်း ပါလာသေးတယ်၊ နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်းမဟုတ်ဆိုတဲ့ ဣဋ္ဌမဇ္ဈတ္တာရုံ အလယ်အလတ်ဆိုတဲ့ အာရုံတစ်ခုလည်း ပါလာသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလည်း ဒီလိုပါပဲ၊ အနံ့နံပြန်တော့ ဣဋ္ဌာရုံ၊ ကိုယ်ကြိုက်တဲ့ အာရုံလေး၊ မွှေးတယ်၊ သင်းတယ်၊ လှိုင်တယ်၊ ကြိုင်တယ်ဆိုတဲ့အနံ့မျိုး

http://www.dhammadownload.com



ကျတော့ ဣဋ္ဌာရုံနော် (ဟုတ်ကဲ့ပါဆရာ)။ အခုနပြောတဲ့ ပုပ်တယ်၊ ဟောင်တယ်၊ စပ်တယ်၊ နံတယ်၊ စော်တယ်ဆိုတဲ့အနံ့မျိုးကျတော့ ဒါအနိဋ္ဌာရုံ၊ ဒီလိုရှိတယ်၊ ဒါကောင်းတဲ့အာရုံ၊ မကောင်းတဲ့အာရုံပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ပြီးတော့မှ တစ်ခါကောင်းသည်လည်းမဟုတ်၊ မကောင်းသည်လည်းမဟုတ်ဆိုတဲ့ အလယ်အလတ်ဆိုတဲ့ အာရုံကျတော့ ဣဋ္ဌမဇ္ဈတ္တာရုံတဲ့၊ ဒီလို သုံးမျိုးသုံးမျိုးသွားတယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို သုံးမျိုးသုံးမျိုးသွားနေတာ၊ ဒီတော့ ဒီသုံးမျိုးသုံးမျိုးသွားနေတဲ့အခါမှာ ထင်ရှားတဲ့အာရုံလည်းရှိတယ်၊ မထင်ရှားတဲ့အာရုံလည်းရှိတယ်၊ ထင်ရှားတဲ့အာရုံက ကောင်းတဲ့အာရုံနဲ့ မကောင်းတဲ့အာရုံ၊ မထင်ရှားတဲ့အာရုံကျတော့ ကောင်းသည်လည်းမပြောနိုင်၊ မကောင်းဘူးလို့လည်း မပြောနိုင်တဲ့အာရုံ ဒါမထင်ရှားသော အာရုံခေါ်တယ်၊ ဣဋ္ဌာမဇ္ဈတ္တာရုံ ဒီလိုနေသကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ အဲဒီမိမိတို့နှာခေါင်းမှာလာပြီးတော့ နံတဲ့အခါကျ အနံ့လေးရလိုက်ရင် ဣဋ္ဌာရုံကျတော့ ကောင်းလိုက်တာ၊ မွှေးလိုက်တာ၊ သင်းလိုက်တာ၊ လှိုင်လိုက်တာ၊ ကြိုင်လိုက်တာ၊ သူသူငါငါ လူတကာနှစ်သက်တယ်၊ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဆရာ)။

အနိဋ္ဌာရုံကျတော့ နံလိုက်တာ၊ စော်လိုက်တာ၊ ဟောင်လိုက်တာ၊ ပုပ်လိုက်တာ၊ စပ်လိုက်တာ အဓိပ္ပာယ်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကျတော့ နှာခေါင်းရှုံ့တယ်၊ အဲဒါကျတော့ မနှစ်သက်တဲ့အာရုံ၊ အဲဒီလို နှစ်သက်စရာကောင်းသည်လည်းမဟုတ်၊ မနှစ်သက်စရာကောင်းသည်လည်းမဟုတ်ဆိုသော အာရုံကျတော့ ဣဋ္ဌမဇ္ဈတ္တာရုံ၊ ဒါကျတော့ နည်းနည်းမထင်မရှားဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မထူးကဲတဲ့အာရုံမျိုးခေါ်တယ်၊ သူ့နမ်းလိုက်တော့ ကောင်းတယ်လို့လည်း ဘယ်သူမှပြောမယ့်သူမရှိ၊ မကောင်းဘူးလို့လည်း ပြောမယ့်သူမရှိ၊ ဒီတော့ ဣဋ္ဌမဇ္ဈတ္တာရုံ၊ အလယ်အလတ်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို အာရုံက သုံးမျိုးသုံးစားနဲ့ သွားသွားသွားသွားနေကြတော့ မျက်စိမြင်တာလည်း ၎င်းနည်းအတိုင်း၊ နှာခေါင်းနံတာကျတော့လည်း ၎င်းနည်းအတိုင်း၊ ဒါဖြင့်ကောင်းပါပြီ၊ နှာခေါင်းနံတဲ့အာရုံကျတော့ ဂန္ဓဆိုတဲ့ အနံ့ရုပ်ကြီးကျတော့ ဘယ်လိုများ သူသူငါငါလူတကာတွေ အယူအဆလွဲနေသလဲ၊ အသိမှားနေသလဲဆိုတော့ မှားပုံလေးကြည့်၊ ဒီနံတယ်ဆိုတဲ့ မွှေးတယ်ဆိုတဲ့ ဂန္ဓတည်းဟူသော ဂန္ဓဆိုသော အနံ့ရုပ်၊ မွှေးတာဖြစ်စေ နံတာဖြစ်စေ ဒါအနံ့ပဲမဟုတ်လား (အနံ့ပါပဲဆရာ)။ ဒါဂန္ဓရုပ်ချည်း ဒီလိုမှတ်၊ ဒီတော့ ဂန္ဓရုပ် ဘယ်လိုမှားနေသလဲဆိုတော့ မွှေးတာဖြစ်ဖြစ်၊ နံတာဖြစ်ဖြစ်၊ လုံးလုံးမရှိတဲ့ ဝတ္ထုအထည်ဒြဗ်ပေါ်မှာတင်ပြီးတော့ အယူအဆမှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

လုံးလုံးမရှိတဲ့ အထည်ဒြပ်ပညတ်ပေါ်တင်ပြီးတော့ အယူအဆမှားတယ်၊ ဘယ်လိုများမှားပါလိမ့်၊

http://www.dhammadownload.com



များပါပကော၊ အဓိပ္ပာယ်ကတော့ လူပြိန်းတစ်ယောက် မေးကြည့်စမ်း၊ သနပ်ခါးတုံးက နံ့နိုင်မလား ဘယ့်နှယ် (မွှေးပါတယ်ဆရာ)။ မွှေးတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူ့မေးတယ်၊ ဘယ်သူက မွှေးသလဲဆို ဘယ့်နှယ့်ပြော (သနပ်ခါးတုံးက မွှေးတယ်လို့ပြောပါတယ်ဆရာ)။ အဲဒီလို လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကောင်းပါပြီ၊ ပေါင်ဒါအနမ်းခိုင်းစမ်း ဘယ့်နှယ့်နေလဲ (မွှေးပါတယ်ဆရာ)။ မွှေးတယ်ဟုတ်လား ဘယ်သူကမွှေးလဲ (ပေါင်ဒါကမွှေးတာပါဆရာ)။ အေး ဟုတ်ပြီ၊ ရေမွှေးအနမ်းခိုင်စမ်း (မွှေးပါတယ်ဆရာ)။ ဘယ်သူကမွှေးလဲ (ရေမွှေးကမွှေးပါတယ်ဆရာ)။ အေး အဲဒီလိုချည်းပဲသွား၊ ဒါကောင်းတဲ့အာရုံပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ခွေးသေကောင်ပုပ် အနမ်းခိုင်း စမ်း (နံ့ပါတယ်ဆရာ)။ နံ့တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး မကောင်းတာကျတော့ နံ့တယ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီက စ နံ့တယ်၊ ဘယ်သူနံ့တုန်း (ခွေးသေကနံ့တာပါဆရာ)။ ခွေးသေကောင်ပုပ်က နံ့တယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒီလိုပဲ မကောင်းတဲ့အာရုံက ဒီအတိုင်းပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ မွှေးတာနဲ့၊ နံ့တာနှစ်ခု ကွဲသွားတယ်၊ မွှေးတာကျတော့ ကောင်းတဲ့အာရုံလေးတွေ၊ နံ့တာဆိုတာတော့ မကောင်းတဲ့အာရုံတွေ၊ အနံ့တော့ အနံ့ရုပ်ချည်းပဲလို့၊ ဒါနှစ်ခုလုံးကောင်းတာရော၊ မကောင်းတာရော ဂန္ဓဆိုတဲ့ အနံ့ရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် ဘယ်လိုမှားသလဲဆိုတော့ အခုပဲ မှားပြနေပေါ့၊ သနပ်ခါးတုံးနမ်းတော့မွှေးတယ် ဘယ်သူက မွှေး၊ သနပ်ခါးတုံးကမွှေးတယ် ပေါင်ဒါကမွှေးတယ် ရေမွှေးကမွှေးတယ် ဒီလို မဟုတ်လားကွ (ဟုတ်ပါတယ်ဆရာ)။ အေး ဒီလိုဆို မင်းစဉ်းစားကြည့်စမ်း၊ စဉ်းစားကြည့်စမ်း၊ ဒါလူတစ်ရာမှာ ကိုးဆယ့်ကိုးက ဒီအချိုးချည်းသွားမှာ၊ ဘယ်သူဖြစ်ဖြစ် ဒီအတိုင်းချည်းပဲ၊ ဒီတော့ တို့မွှေးတယ်ဆိုတဲ့ ဂန္ဓအနံ့ရုပ်ကြီးဟာ သနပ်ခါးတုံးပေါ် ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)။ သနပ်ခါးတုံး မွှေးတယ်လို့ ဒီအတိုင်းပြောတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်သူပဲမေးမေး၊ အဲဒီတော့ ဒါလူတစ်ရာမှာ ကိုးဆယ့်ကိုးချည်း အန္ဓပုထုဇဉ်မှန်သမျှတော့ ဒီအတိုင်းအစွဲရှိတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အစွဲရှိတယ်၊ ဒ့ါကြောင့်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်က နှာခေါင်းက နံ့သမျှ၊ ပကတိနှာခေါင်းနဲ့နံ့သမျှအနံ့တွေဟာ အမှားတွေချည်းပဲနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ မှားသလဲဆိုတော့ သနပ်ခါးတုံးဆိုတာ လောကဝေါဟာရအနေအားဖြင့် ပညတ်ကြီး သမုတ်ထားတဲ့ သမ္မုတိပညတ်ပဲ၊ တကယ်ရှိတဲ့တရားမှ မဟုတ်ဘဲနော် (ဟုတ်ကဲ့ပါဆရာ)။ တကယ်ရှိတဲ့ တရားမဟုတ်ပါဘူး ဒါပညတ်တရားပဲ၊ ဒါဘာပညတ်တုန်း သနပ်ခါးတုံး အတုံးလိုက် အခဲလိုက် မြင်တာကျတော့ ဃနပညတ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အဲဒါကြောင့် သနပ်ခါးလို့ခေါ်ကြတယ်ဆိုတော့ နာမပညတ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပုံစံ သဏ္ဌာန် အသွေး အပွေး မှတ်ပြီးတော့ ဟောဒါမှ သနပ်ခါးစစ်တယ်တဲ့၊ ဟော ဒါကတော့ သစ်ပု လွေသား ဟောဒါက သီးခေါက်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကျတော့ သဘာဝပိုပြီး ကျွမ်းကျင် ပါတယ်၊ သီးခေါက်ကလည်းအတူတူပဲ သစ်ပုလွေသားလည်းအတူတူပဲ သနပ်ခါးနဲ့ခပ်ဆင်ဆင်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် "အပွေးမြင် အပင်သိ"ဆိုတဲ့စကားအတိုင်း ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များက ကြည့်လိုက်တယ်၊ ဟောဒါသနပ်ခါးအစစ်ပဲ၊ ဒါဖြင့် ဒီအသွေးအပွေးလေးကို မှတ်ထားတယ် ဆိုတာကတော့ သဏ္ဌာနပညတ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပုံစံမှတ်ထားတာ၊ ဒါသနပ်ခါး စစ်တယ်၊ ဒီလိုပဲမှတ်ထားတာ၊ အတုံး အလုံး အခဲ ဝတ္ထုပစ္စည်းအနေအားဖြင့်ရှိတယ်၊ သနပ်ခါး ရှိတယ်၊ ပုံစံ အသွေးအပွေးအနေအားဖြင့် မှတ်ခြင်းသည် သဏ္ဌာနပညတ်၊ သနပ်ခါး အတုံးလိုက် အခဲလိုက် ကိုင်လို့သိ ယူလို့ရ ဝတ္ထုပစ္စည်းတစ်ခုအနေအားဖြင့်ရှိတယ်ဆိုတာ ဃနပညတ်၊ ရှေ့ကနေ ဖုံးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ သစ်သားချင်းတူပါလျက်သားနဲ့ ဒီသစ်သားကျတော့ သနပ်ခါးလို့ နာမပညတ်အားဖြင့် အမည်တပ်ထားတယ် ခွဲခြားထားတယ် ဒါနာမပညတ် ဒီလိုမနေလား (နေပါတယ် ဆရာ)။

အေး အေး အဲဒီလို ပညတ်အနေအားဖြင့်လည်း အထပ်ထပ် မြင်တိုင်းမြင်တိုင်းမှား၊ မမှားဘူး လားကွ (မှားပါတယ်ဆရာ)။ နံ့ပြန်လည်း နံ့တိုင်းနံ့တိုင်းမှားတယ်၊ ဘယ့်နှယ့်မှားလဲ သနပ်ခါးက မွှေးတယ် ဒါသနပ်ခါးအနံ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီသနပ်ခါးက မွှေးတယ်ဆိုတဲ့ မိမိနှာခေါင်းတိုးလာတဲ့ အနံ့ကလေးဟာ အယူအဆမှားနေတယ် (မှားနေပါတယ်ဆရာ)။ အဲဒါကြောင့် ပကတိနှာခေါင်းနဲ့ နံ့နေသမျှအနံ့တွေ တို့လူစုမွှေးကတည်းက တစ်မှားတည်းမှား၊ ဘယ်အထိ အောင်မှား သေသည့်အချိန်အထိအောင်မှားနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်တော့ အမှန်ရောက်မလဲ ဆိုတော့ ဘယ်တော့မှအမှန်မရောက်ဘူးတဲ့၊ ဒါကြောင့် မိမွေးတိုင်းဖမွေးတိုင်း လာကြတာ၊ သူ့ကြည့်လည်းအတူတူ၊ ငါ့ကြည့်လည်းအတူတူ၊ ဒီတရားဟာ သင်ကြားသူမရှိဘဲ ရုတ်တရက် ပြတ်သားနားလည်ဖို့ အင်မတန်မှခဲယဉ်းတဲ့တရား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအမှားတွေ အမှန်ဖြစ်အောင်ဆိုပြီးတော့ တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်များအလျောက်ဆိုသလို တစ်ယောက်နဲ့ တစ်ယောက် ဖေးကာမကာနဲ့ သင်ကြ ကြားကြ ပြသကြ သည်းခံပြီးတော့ ဒါဖြင့်ကောင်းပါပြီ၊ ပြီးရင်မွှေးတာ ဘာတွေတုန်းဟ (ဂန္ဓရုပ်ပါဆရာ)။ ဂန္ဓရုပ် အနံ့ပဲမဟုတ်လား၊ ပါဠိလိုတော့ဂန္ဓပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ မြန်မာလိုကတော့ အနံ့ရုပ်ပေါ့နော် (အနံ့ရုပ်ပါဆရာ)။ အေး ဂန္ဓရုပ် အနံ့ရုပ် မြန်မာလိုပြန်တော့ အနံ့ရုပ်။

ဪ သနပ်ခါးတုံးကမွှေးတယ်၊ မွှေးတယ်ဆိုတာ အမှန်ကတော့ဂန္ဓရုပ်ပဲ၊ အနံ့ရုပ်ပဲလို့

http://www.dhammadownload.com



အဲဒီရုပ်ကလေးကို သဘောသက်သက်အနေအားဖြင့်၊ သဘောတရားသက်သက်အနေအားဖြင့် ဉာဏ်ချက်မှာပေါ်ဖို့ သိပ်မလွယ်လှဘူး၊ ဒါကြောင့် ခုနသနပ်ခါးတုံးဆိုတဲ့ ပညတ်လုံးကဖုံးကွယ်ထား တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီပညတ်လုံးကြီး ဖုံးကွယ်ထားတာ ပညာမျက်စိမရှိရင် ဘယ်လိုနည်းနဲ့မှ အမှန်မသိနိုင်ဘူး သိနိုင်ပါ့မလား (မသိနိုင်ပါဘူးဆရာ)။ ဒါ့ကြောင့် ပကတိမျက်စိကလည်း ကြောင်တောင်ကြီးမြင်တယ်၊ ပကတိနှာခေါင်းကလည်း ကြောင်တောင်ကြီးနံ့နေတယ်၊ မွှေးနေတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် ဒီအနံ့သဘောရုပ်ကလေးသည် သဘောတရားမျှ သက်သက်ကလေးပဲ၊ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် လုံးဝမဖက်ဘဲနဲ့ သဘောတရားသက်သက်ကလေးပဲဆိုတဲ့ အသိဉာဏ်မျိုး ပညာစစ်ပညာမှန်ရဖို့ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူးလို့၊ သင်သူ၊ ကြားသူ၊ ပြသသူမရှိရင်ဖြင့် ဒီအသိဉာဏ်မျိုးရဖို့ခဲယဉ်းတယ်၊ ဒါမိမွှေးတိုင်း ဖမွှေးတိုင်း မွှေးကတည်းကဒီအတိုင်းလာကြ၊ သနပ်ခါးကမွှေးတာပေါ့ ပေါင်ဒါကမွှေးတာပေါ့ ရေမွှေးက မွှေးတာပေါ့၊ မွှေးတာအနံ့ရုပ်ပဲဆိုတဲ့သဘာဝလေးခြားနားပြီး သိဖို့အင်မတန်မှခဲယဉ်းတယ်၊ ဒါကြောင့် အဲဒါလေး ပြတ်ပြတ်သားသား ခြားနားသွားအောင် ကိုင်း သနပ်ခါးတုံးကမွှေးတယ်ဆိုတဲ့ဟူသော အနံ့ရုပ်ကလေးနဲ့ သနပ်ခါးတုံးဆိုတဲ့ ပညတ်ရုပ်ခွဲရအောင် နော် (ဟုတ်ကဲ့ဆရာ)။

သနပ်ခါးတုံးဆိုတာက ပညတ်မဟုတ်လား (ပညတ်ပါဆရာ)။ အေး မွှေးတယ်ဆိုတဲ့ အနံ့ရုပ် သန့်သန့်ကလေး၊ သဘောတရားမျှသက်သက်ကလေးဆိုတဲ့ အနံ့ရုပ်သန့်သန့်ကလေး၊ ဒီပရမတ် ရုပ်ကလေးမမြင်အောင် ဘယ်သူကဖုံးကွယ်ထားသလဲဆိုတော့ သနပ်ခါးတုံးဆိုတဲ့ ပညတ်လုံးက ဖုံးကွယ်တားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပယ်ရမယ် ဒါပယ်ရမယ်၊ ဒါဖြင့်ကောင်းပါပြီ သနပ်ခါးတုံး အနမ်းခိုင်းကြည့်ပါ၊ သာမန်လူသားတစ်ယောက်က သနပ်ခါးတုံးကမွှေးတယ်၊ မွှေးတယ်တဲ့ ဘယ်သူက မွှေး သနပ်ခါးတုံးကမွှေးတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါ့ကြောင့် သနပ်ခါးတုံးက မွှေးတယ်ဆိုတာအဆန်းမဟုတ် လူတစ်ရာမှာ ကိုးဆယ်နဲ့ကိုးပြောမှာပဲ၊ ပညတ်ပရမတ်မကွဲတဲ့ ပုဂ္ဂိုလ်ပြောမှာပဲ ကောင်းပြီ။ ဒါဖြင့် သနပ်ခါးတုံးကမွှေးရိုးမှန်လို့ရှိရင် သနပ်ခါးတုံးပျောက်ရင် အမွှေး ပျောက်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် မွှေးတာတစ်ခုတည်း ဂန္ဓရုပ်မှတ်ထားလို့ရှိရင် ဒါလည်းမဖြစ်သေးဘူး၊ ဂန္ဓရုပ်ဆိုတာ မွှေးတာဖြစ်ဖြစ် နံတာဖြစ်ဖြစ်နော် (ဟုတ်ကဲ့ပါဆရာ)။ ထင်ရှားတဲ့ အနံ့ဖြစ်ဖြစ်၊ မထင်ရှားတဲ့အနံ့ဖြစ်ဖြစ် အနံ့မှန်သမျှဂန္ဓရုပ် ဒါလေးမှတ်ပါနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ဒီသနပ်ခါးတုံးက မွှေးရိုးမှန်လို့ရှိရင် သနပ်ခါးတုံးပျောက်သွားရင် အမွှေးနဲ့ပျောက်သွား မှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအနံ့ရုပ်ကလေး ပျောက်သွားမယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ၊ ဂန္ဓရုပ်ကလေးရဲ့အနံ့ပျောက်မယ်၊ ဒါမွှေးတာ ဂန္ဓရုပ်မဟုတ်လား (ဂန္ဓရုပ်ပါဆရာ)။

http://www.dhammadownload.com



အနံ့ရုပ်၊ ဒါဖြင့် ဒီဂန္ဓရုပ်ကသနပ်ခါးတုံးလားလို့မေးတော့ သနပ်ခါးတုံးသည် ဂန္ဓရုပ်မဟုတ်ပါဘူး၊ ဂန္ဓရုပ်သည် သနပ်ခါးတုံး မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဂန္ဓဆိုတဲ့အနံ့ရုပ်နဲ့ သနပ်ခါးတုံး တခြားစီပဲ၊ ဒီလိုဉာဏ်ထဲမှာပြတ်သားလာမှ၊ ဩော် ဂန္ဓရုပ်ဆိုတာပရမတ်ပဲ ပရမတ်ရုပ်ပဲ တကယ်ရှိတဲ့တရား၊ သနပ်ခါးတုံးဆိုတာ ဒါပညတ်၊ လုံးလုံးမရှိတဲ့တရား၊ အဲဒီလို သနပ်ခါးတုံးဆိုတဲ့ ပညတ်ရုပ်နဲ့ ဂန္ဓအနံ့ဆိုတဲ့ ပရမတ်ရုပ် တခြားစီကွဲလာမှ ဉာဏ်နဲ့ဒီလိုထင်မြင်လာမှ ပရမတ်အမြင် တို့သိမယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုနားလည်ရမယ်၊ ဒါဖြင့်ကောင်းပြီကွယ် အဲဒီ သနပ်ခါးတုံး သနပ်ခါးတုံးကနံတယ် မွှေးတယ်ဆိုလို့ရှိရင် သနပ်ခါးတုံးထုချေအမှုန့်လုပ် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအမှုန့်တွေကျတော့ လူမြင်တိုင်းသိတယ် သနပ်ခါးတုံးပျောက်တယ် ရှိသေးလား (မရှိပါဘူးဆရာ)။ သနပ်ခါးတုံးပျောက်သွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ နမ်းကြည့်တော့ ဘယ့်နှယ့်နေ (မွှေးတာပါပဲဆရာ)။

အေး မွှေးတယ်လား၊ မွှေးတာအနံ့ရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးတုံးတော့ ပျောက်သွားပြီ ဟုတ်လား (ပျောက်သွားပါပြီဆရာ)။ ဂန္ဓဆိုတဲ့ အနံ့ရုပ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မပျောက်ဘူး၊ ဒါဖြင့် သနပ်ခါးတုံးက မွှေးပါတယ်ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်တော့ဘူး၊ အနံ့ရုပ်တော့ ရှိတော့ရှိရဲ့နော် (ရှိပါတယ်ဆရာ)။ အေး ဒီလိုမှ အမှုန့်မလုပ်ချင်လို့ရှိရင်လည်းသွေးကြည့် ကျောက်ပျဉ်ပေါ်တင်ပြီးတော့ သနပ်ခါးတုံးကုန်သွားအောင် သွေးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီသနပ်ခါးရေတွေ လူမြင်တိုင်းမေးတော့ သနပ်ခါးတုံး ပြောမယ့်သူ ရှိသေးလား (မရှိတော့ပါဘူးဆရာ)။ သနပ်ခါးတုံး ပျောက်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် နမ်းကြည့်တော့ဘယ့်နှယ့် (မွှေးတာပါပဲဆရာ)။ မွှေးတာဂန္ဓရုပ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အနံ့ရုပ်ပေါ့၊ ဒါဖြင့် အနံ့ရုပ်ကပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မပျောက်ဘူး သနပ်ခါးတုံး ပျောက်သော်လည်း အနံ့ရုပ်က မပျောက်ဘူး။

ဒါဖြင့် စောစောကတည်းက သနပ်ခါးတုံးကမွှေးတယ်ဆိုတဲ့စကားဟာ အလကားမဟုတ်ပါဘူး ထင်ရှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လာပြန်ပြီ အဲဒီသနပ်ခါးမှုန့်တွေ သနပ်ခါးနှစ်တွေရေနဲ့ ဖျော်လိုက် အရည်တွေပျော်ကုန်နော် (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးမှုန့်တွေရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ သွေးထားတဲ့ သနပ်ခါးလေးရောရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ အရည်ဖြစ်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါလူမြင်တိုင်း မင်းအရည်လို့ ပြောမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အရည်တွေ၊ ဒါဖြင့် အဲဒီအရည်တွေနမ်းကြည့်တော့ ဘယ့်နှယ့်နေ (မွှေးတာပါပဲဆရာ)။ မွှေးတာ (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးတုံးတို့၊ သနပ်ခါးသွေးထားတဲ့အနှစ်တို့ မရှိဘူးပေါ့၊ (မရှိတော့

http://www.dhammadownload.com



ပါဘူးဆရာ)။ ဒါဖြင့် ဒီသနပ်ခါးမှုန့်၊ သနပ်ခါးအနှစ်တွေဟာ မွှေးပါတယ်ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးတဲ့ ဒါကြောင့် ဒီသနပ်ခါးအမှုန့်တွေ၊ အနှစ်တွေသာ မွှေးရိုးမှန်ရင် ဒီအနှစ်၊ အမှုန့်တွေ ပျောက်သွားရင် ဒီအမွှေးနံ့ပျောက်သွားမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ သနပ်ခါးတုံးပျောက်သွားတယ်၊ အမွှေးနံ့တည်းဟူသော ဂန္ဓရုပ်မပျောက်၊ သနပ်ခါးသွေးထားတဲ့ အနှစ်တွေ ပျောက်သွားတယ်၊ အမွှေးနံ့တည်းဟူသော ဂန္ဓရုပ်ကမပျောက် ပျောက်ပါ့မလား (မပျောက်ပါဘူးဆရာ)။

အဲဒီသနပ်ခါးကိုပဲ ရေကြည်လေး အဝတ်ပါးနဲ့စစ် အကြည်လေး ရအောင်စစ်နော် (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးအစအနတောင် မမြင်ရတော့ဘူး၊ ရေကြည်သန့်သန့်လေး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီရေကြည်သန့်သန့်လေး နမ်းကြည့်တော့ ဘယ်လိုနေလဲ (မွှေးတာပါပဲဆရာ)။ ဩော် မွှေးတာပဲလား (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးနဲ့စပ်စရာ၊ အပ်စရာကို မရှိဘူးပေါ့နော် (မရှိပါဘူးဆရာ)။ အမှုန့်အမွှားလေးမှမရှိ၊ ဒီလိုသာပျောက်သွားတယ်၊ အနံ့ရုပ်ကပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မပျောက်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကို ရေအိုးနဲ့ထည့်ကျိုကွယ်၊ ကျိုပြန်တော့ ခန်းခန်းခန်းခန်းပြီး အနှစ်ကလေး ကျမသွားဘူးလား (ကျလာပါတယ်ဆရာ)။ အဲဒီ အနှစ်ကလေးက တစ်ခါ ရေဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)။ ရေက ပျောက်သွားပြန်ပြီပေါ့ (ပျောက်သွားပါတယ်ဆရာ)။ အဲဒီအနှစ်ကလေး နမ်းကြည့်တော့ ဘယ့်နှယ်နေလဲ (မွှေးပါတယ်ဆရာ)။ မွှေးတာပဲလား (ဟုတ်ကဲ့ပါဆရာ)။ အရည်ကတော့ ပျောက်သွားပြီ၊ အမွှေးနံ့ မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ မွှေးတာဆိုတာဘာတုန်း (ဂန္ဓအနံ့ပါဆရာ)။ ဂန္ဓအနံ့ရုပ်နော် (ဟုတ်ကဲ့ဆရာ)။

အေးကွယ် ဒီဘက်ကပညတ်ကြီးက သနပ်ခါးတုံးကစပြီးတော့ အမျိုးမျိုးဖျက်ဖျက် ဖျက်ဖျက်ပြီး ပြသွားလိုက်တာလို့၊ သူကတော့ ပြောင်းချင်တိုင်းပြောင်း၊ ပျောက်ချင်တိုင်းပျောက်နော် (ဟုတ်ကဲ့ပါဆရာ)။ ပျက်ချင်တိုင်းပျက်၊ ပြောင်းမှာပျောက်မှာပေါ့တဲ့၊ နဂိုကတည်းက သနပ်ခါးတုံးဆိုတာ ရှိတာမဟုတ်ပါဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မရှိလို့လည်း သနပ်ခါးတုံးပျောက်သွားတာပေါ့၊ အခုပျောက်သွားပြီ၊ သနပ်ခါးတုံးကရှိသေးလား (မရှိတော့ပါဘူးဆရာ)။ မရှိ အဲဒီသနပ်ခါးအနှစ်တွေ တစ်ခါကွယ်၊ များများစုဆောင်းပြီး မြေကြီးထဲသွန်ပစ်လိုက်၊ အကုန်လုံး နေရာမှတ်သားပြီးတော့ ဘယ်မြေထဲရောက်ရောက်ကွာ သုံးနှစ်ကျရင်မြေဖြစ်တယ်ဆိုပဲနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီနေရာ သွားပြီး တူးပြီးနမ်းကြည့်စမ်း ဘာစော်နံတယ် (မွှေးတာပါပဲဆရာ)။ အဲဒါလိမ်တာနဲ့တူတယ် ဘာစော်နံတုန်း (မြေကြီးစော်နံပါတယ်ဆရာ)။ အေး အဲဒီလိုလုပ်ပါကွ၊ အမွှေးတွေချည်း

http://www.dhammadownload.com



မင်းတောက်လျှောက်ကိုကွ ငင်းအတိုင်းသွားကွာ မြေစော်နံ့ပါတယ်လား (ဟုတ်ကဲ့ပါဆရာ)။ မြေစော်နံ့ ဆိုတာဘာတုန်း ဘာရုပ်တုန်း အနံ့ရုပ်လား (ဟုတ်ကဲ့ပါဆရာ)။ ဂန္ဓရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ မြေဖြစ်သွား ဂန္ဓရုပ်ကပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အနံ့ရုပ်ကမပျောက်ဘူးပေါ့ (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒီမြေကြီးရွှံ့လုပ်ကွယ်၊ ရွှံ့လုပ်ပြီးတော့တည်ပြီး လှည့်ကြည့်တော့ အုတ်ခဲလုပ်ကွာ အိုးလုပ်ကွာ အင်လုပ်ကွာ မီးဖုတ်ကွ မီးဖုတ်တော့ အိုးတွေအင်တွေ ဖြစ်စရာရှိလား (ဟုတ်ကဲ့ပါဆရာ)။ နမ်းကြည့် ဘာစော်နံ့တုန်း (မြေကြီးစော်နံ့ပါတယ်ဆရာ)။ ဟော ဒါမင်းညာတာ၊ မင်းကွာ ဒီကျတော့ အိုးစော်အင်စော်နံ့တာပေါ့ကွ၊ မြေကြီးနံ့နံ့ပါ့မလား ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် သဘောကျတယ်။

အိုးစော်အင်စော်နံ့တယ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအိုးအင်တွေကို တစ်ခါဆုံထဲထည့်ပြီး ဒီအိုးတွေခွဲစိပ် ထုထောင်း၊ ချေမွလုပ် အမှုန့်ချေပစ် နမ်းကြည့်မနံ့ဘူးလား (နံ့ပါတယ်ဆရာ)။ ဘာစော်နံ့လဲ (အိုးစော်နံ့ပါတယ်ဆရာ)။ ဩော် အိုးစော်နံ့တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအမှုန့်တွေ နောက်ထပ်ပြီးတော့ လုပ်ချင်သလိုလုပ်၊ ဘယ်အချိန်မဆိုနမ်းကြည့်၊ မင်းပါးစပ်က အမည်သာ မတပ်တတ်တယ်၊ အနံ့တစ်ခုတော့ရှိတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကြည့်စမ်း ကွယ် ကြည့်စမ်းကြည့်စမ်း၊ ဒီအနံ့ရုပ်ဟာ မင်းဖျက်ပေါင်းလည်းများပြီး၊ သနပ်ခါးတုံး ဘဝကနေ ဖျက်ဆီးလာလိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)။ သွေးလိုသွေး အမှုန့်ထည့်ထောင်းလို့ထောင်း မင်းလက်နဲ့သွေးသွေး မင်းလက်နဲ့ အမှုန့်ညက်အောင်ထောင်းနော် (ဟုတ်ကဲ့ပါဆရာ)။ အနံ့ရုပ်က ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ထောင်းရုံနဲ့ပျောက်တယ်ထင်သလား (မပျောက်ပါဘူးဆရာ)။ သွေးကြည့်ရုံနဲ့ ပျောက်တယ်ထင်သလား (မပျောက်ပါဘူးဆရာ)။ ချေမွပစ်လို့ ပျောက်တယ် ထင်သလား (မပျောက်ပါဘူးဆရာ)။ မီးနဲ့ထည့်အရည်ကျိုရော ပျောက်တယ်ထင်သလား (မပျောက် ပါဘူးဆရာ)။ မြေကြီးထဲသွန်ပစ်တော့ရော အနံ့ပျောက်တယ်ထင်သလား (မပျောက်ပါဘူးဆရာ)။ ဟာ မြေကြီးကနေ တစ်ခါမီးနဲ့ထည့်ဖုတ်တော့ အနံ့ပျောက်တယ်ထင်သလား (မပျောက်ပါဘူးဆရာ)။

ဒါဆို အနံ့ရုပ်က မပျောက်ကောင်းဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဆို ဂန္ဓဆိုတဲ့အနံ့ရုပ်က မပျောက် ကောင်းဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး ဂန္ဓဆိုတဲ့အနံ့ရုပ်သည် မပျောက်ကောင်းဘူးနော် ပျောက်ကောင်းပါ့မလား (မပျောက်ကောင်းပါဘူးဆရာ)။ ဘာဖြစ်လို့ မပျောက်ကောင်းလဲ၊ သူ ကိုယ်တိုင်သဘောမသိသေးပါဘူး၊ ဘာဖြစ်လို့မပျောက်ကောင်းလဲ (မရှင်းသေးပါဘူးဆရာ)။ ဩော် တကယ်ရှိတဲ့တရားကျတော့ ပျောက်ကောင်းသလား (မပျောက်ကောင်းပါဘူးဆရာ)။ တကယ်ရှိတဲ့ တရားဆိုတာ ပျောက်ကောင်းသလား (မပျောက်ကောင်းပါဘူးဆရာ)။ ပထဝီဓာတ်ကတည်းက ပြခဲ့

http://www.dhammadownload.com



ပါပြီကွာ၊ အောင်မလေးဟဲ့ ဒုက္ခအကြီးစား၊ ဘယ့်နှယ်ကောင်မှန်းမသိဘူး တကယ်ရှိတဲ့တရားတွေ ပျောက်သွားနိုင်ပါ့မလား (မပျောက်သွားနိုင်ပါဘူးဆရာ)။ ပထဝီဓာတ်တည်းက ပြထားပါပြီကွာ၊ ကျိုလို့ကျို ချက်လို့ချက် ထောင်းလို့ထောင်း ထုလို့ထု ကြိတ်လို့ကြိတ် နှိပ်လို့နှိပ် ဖျက်လို့ ဖျက် ငါလည်း ထပ်ခါထပ်ခါမေးပြီ၊ သံဆုံမှာထည့်ထောင်းဟဲ့၊ ပျောက်သွားသလား၊ မပျောက် ကောင်းဘူး၊ မီးဖြင့်ကျိုချက်ပစ်၊ ပြာကျသွားအောင်လိုလုပ်၊ ပျောက်ကောင်းသလား၊ မပျောက် ကောင်းဘူး၊ ဝဏ္ဏဓာတ်တုန်းက ငါပြောခဲ့ပြီ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ယခု ဂန္ဓဆိုတဲ့ အနံ့ဓာတ်ကလေးအခန်းကစပြီးတော့ ကျိုလိုကျိုး မီးနဲ့ဖုတ်လိုဖုတ် အနံ့ပျောက်ကောင်းရဲ့လား (မပျောက်ကောင်းပါဘူးဆရာ)။ မပျောက်ကောင်းပါဘူး၊ ဘာဖြစ်လို့ မပျောက်ကောင်းသလဲ (တကယ် ရှိတဲ့တရား မဟုတ်မို့လိုပါဆရာ)။ တကယ်ရှိတဲ့တရားမဟုတ်လား၊ တည့်တည့်ပြောတာ ရိပ်မိ သွားပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်တော့မှမပျောက်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ထောင်းချင်ရာ ထောင်း ထုချင်ရာထု ချေချင်လည်းချေ ကြိတ်ချင်ရာကြိတ် မွချင်ရာမွ မီးနဲ့ကျိုချင်ရာကျို ချက်ချင်ရာချက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ယခုမင်းမြေကြီးမှာလွှင့်ပစ်တဲ့ သနပ်ခါးမို့လို့ မင်းမပျောက်တာပဲ၊ မီးရှို့ပစ်ရင် ပျောက်မှာ ပဲဆိုလို့ ယခုသနပ်တုံးကို မီးနဲ့ ရှို့ပစ်နော် (ဟုတ်ကဲ့ပါဆရာ)။ မီးသွေးဖြစ်သည့်အထိကျွမ်းသွားပြီ နမ်းကြည့်စမ်း (နံပါတယ်ဆရာ)။ ဘာစော်နံလဲ (မီးသွေးစော်နံပါတယ်ဆရာ)။ ဩော် မီးသွေးစော်နံ တယ် ဟုတ်လား၊ ဒီကောင်ပါးသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် အနံ့ကတော့ မထွက်ဘူး ပေါ့ (မထွက်ပါဘူးဆရာ)။ အဲမီးသွေးပြာချကွာ၊ ပြာဖြူလေး လုံထဲထည့်ထိုးပေါ့၊ ဖွေးလို့ ပြာ ဖြူလေးကျလာ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီပြာဖြူလေး နမ်းကြည့်လိုက် (ပြာစော်နံပါ တယ်ဆရာ)။ အနံ့ကပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ပြာစော်နံတယ်ဟုတ်လား တော်တော် ပါးသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အနံ့ကပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ မင်းဘယ့်နှယ့် လုပ်လုပ် ဒီအနံ့ကိုက ပျောက်ကောင်းပါ့မလားဟ (မပျောက်ကောင်းပါဘူးဆရာ)။ ဒါဖြင့် ခုန ဝတ္ထုပစ္စည်းတွေနဲ့ အနံ့ဆိုတဲ့ ပရမတ်သဘောအားဖြင့် ထင်ရှားရှိတဲ့တရားနဲ့ တခြားစီ ဖြစ်မလာ ဘူးလား (ဖြစ်လာပါတယ်ဆရာ)။

## ဝိပလ္လာသတရားများ

ဩော် အနံ့ရုပ်ဆိုတဲ့သဘောဟာ အနံ့ရုပ်က တခြားပါပဲလားနော် (ဟုတ်ကဲ့ပါဆရာ)။ ခုန သနပ်ခါးတို့ ပေါင်ဒါတို့ ရေမွှေးတို့ နံ့သာဖြူတို့ နံ့သာနီတို့ ရှိသမျှအရာဝတ္ထု လောကမှာအကုန်လုံး တစ်ပြုံလုံးစဉ်းစားကြည့်စမ်း၊ ဩော် ဒီအရာဝတ္ထုအစုစုတွေဟာ အမှန်ကတော့ ဒါတွေက

http://www.dhammadownload.com



ပညတ်တရားတွေ၊ လုံးလုံးမရှိတဲ့တရားတွေကျ ဖျောက်လိုက်ရင်ပျောက် ဖျက်လိုက်ရင်ပျက် ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့ ဖျောက်လိုက်ရင်ပျောက်သလဲ၊ နဂိုက ရှိမှမရှိဘဲပဲ ဖျောက်ရင်ပျောက်တာပေါ့၊ နဂိုတုန်းက ရှိတယ်မှတ်နေတာ၊ တို့က အထင်မှားအမြင်မှားတွေ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ သညာဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသဆိုတာ အယူအားဖြင့်မှားနေတယ်၊ စိတ္တဝိပလ္လာသဆိုတာ အမြင်မှားနေတယ်၊ သညာဝိပလ္လာသဆိုတာ အမှတ်အသားအနေနဲ့မှားနေတယ် မမှားဘူးလား (မှားနေပါတယ်ဆရာ)။ အေး အဲဒီဒိဋ္ဌိဝိပလ္လာသအစရှိတဲ့ ဝိပလ္လာသတရားသုံးပါးပဲ ရှိတယ်၊ မင်းတို့ငါတို့မှာ တစ်မှားတည်းမှားနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အယူအားဖြင့်မှားခြင်း၊ အသိအားဖြင့်မှားခြင်း၊ အမှတ်အားဖြင့်မှားခြင်း မမှားဘူးလား (မှားနေပါတယ်ဆရာ)။ အေး အဲဒါတွေ မှားတယ်၊ အဲသလိုမှားနေလို့ တို့မရှိတဲ့ဝတ္ထုပစ္စည်းတွေ ရှိတယ်လို့မှတ်နေလို့၊ ဒါကြောင့်သနပ်ခါး ရှိတယ် ပေါင်ဒါရှိတယ် ရေမွှေးရှိတယ် ရှိလိုက်တာစုံလို့။

ဒီတော့ ဒီမှာ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဍာန်ရှိတယ်၊ အကုန်လုံး အကုန်လုံး လောကဓာတ်ကြီးမှာ သက်ရှိသက်မဲ့အရာဝတ္ထုအစုစုတွေ အကုန်လျှောက်ပြီးတော့ နမ်းကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ အသက်ရှိတဲ့ သတ္တဝါတွေ နမ်းကြည့်လည်း အနံ့နဲ့ပဲ မဟုတ်လား (အနံ့နဲ့ပါဆရာ)။ အသက်မရှိတဲ့ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ နမ်းကြည့်လည်းပဲ အနံ့နဲ့ပဲမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် အနံ့ရုပ်၊ အဲဒီအနံ့ရုပ်ဆိုတာ လက်နဲ့ရှာဖွေလို့ လုံးဝဘာမှမရကောင်းတဲ့ သဘောတရားသက်သက်ကလေးကို အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဍာန် အနေအားဖြင့် တို့လူစုက အကောင်အထည်အနေအားဖြင့် မှတ်သားနေကြတယ်တဲ့ မမှတ်သား ဘူးလား (မှတ်သားပါတယ်ဆရာ)။ အေး မှတ်သားရင် သညာဝိပလ္လာသ အမှတ်မှားတယ်တဲ့၊ ဒိဋ္ဌိဝိပလ္လာသ အယူမှားတယ် ရှိတယ်ဟဲ့ ဟုတ်တယ်ဟဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ စိတ္တဝိပလ္လာသ အသိမှားတယ်တဲ့။ ဒီတော့ စဉ်းစားကြည့်သေသေချာချာ၊ ဩော် ဒီပရမတ်တစ်လုံးဓာတ်တစ်လုံးဟာ ပညတ်တွေဖုံးလို့ လုံးလုံးကြီးကို ပရမတ်လုံးတွေ မမြင်နိုင်ကြဘူး၊ အဲဒီဖုံးနေတဲ့ပညတ်လုံးတွေကို တစ်လုံးချင်းတစ်လုံးချင်း ပယ်ရှားသုတ်သင်ပစ်ရှင်းလင်းသွားအောင်လုပ်၊ ဉာဏ်မျက်စိထဲ ထင်းခနဲ လင်းခနဲ ရှင်းခနဲဖြစ်လာမှ ဩော် ဒါက ပညတ်၊ ဟောဒါက ပရမတ်၊ ဒါက ပညတ်၊ ဒါက ပရမတ်၊ ပညတ်ဆိုတာ လုံးလုံးမရှိတဲ့တရားတွေ ဟောဒီပရမတ်က လုံးလုံးရှိတဲ့တရားနော် (ဟုတ်ကဲ့ပါ ဆရာ)။

ဒါကြောင့် ယခု သနပ်ခါးတုံးလေးနဲ့ယှဉ်ပြီးတော့ပြလိုက်တယ်၊ ဒီဘက်က အနံ့ရုပ်၊ သေ သေချာချာ မှတ်ထား၊ ဒီဘက်ကတော့ သနပ်ခါးတုံး၊ အနံ့ရုပ်သည် ဘယ်သောအခါမှ မပျောက်၊

http://www.dhammadownload.com



သနပ်ခါးတုံးဘဝနဲ့ပဲ အနံ့ရုပ်၊ ဂန္ဓ အနံ့၊ သနပ်ခါးအမှုန့်ဘဝလည်း ဂန္ဓ အနံ့၊ သနပ်ခါးအနှစ်ကျလည်းပဲ ဂန္ဓ အနံ့ရုပ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးအရည်ကျိုလည်းပဲ ဂန္ဓအနံ့ရုပ်၊ အဲဒီအရည်တွေ ခြောက်ခန်းသွားအောင် ကျိုချက်ပြီးလို့ အနှစ်ကျလာလည်း အနံ့ရုပ်၊ ဒီအနှစ်တွေ မီးနဲ့ ထည့်ရှို့လို့ ကျွမ်းလောင်သွားပြန်လည်းနမ်းကြည့် အနံ့ရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ မြေထဲသွန်ပစ်လို့သုံးနှစ်ကြာ မြေသြဇာဖြစ်လည်း အနံ့ရုပ်၊ ဒီမြေကမှတစ်ပါး အိုးလုပ် အင်လုပ်ရင်လည်းအနံ့ရုပ် ပျောက်ရဲ့လား အနံ့ရုပ်က (မပျောက်ပါဘူးဆရာ)။ ခုနကလို ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ သနပ်ခါးတုံးလည်း မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အမှုန့်လည်းမရှိဘူး၊ အရည်လည်းမရှိဘူး၊ အဖတ်လည်းမရှိဘူး၊ အနှစ်လည်းမရှိဘူး၊ မီးသွေးလည်းမရှိဘူး၊ ပြာလည်းမရှိဘူး၊ မြေလည်းမရှိဘူး ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ပျောက်ပျောက် ပျောက်ပျောက်သွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ နဂိုကမှ မရှိဘဲနဲ့၊ အခု ရှိပဲ့မလားလို့၊ ဒါကြောင့် ဒီဘက်ကတကယ်ရှိတဲ့တရားကျတော့ သူကတော့ နံရဲ့နံရဲ့ နံရဲ့နံရဲ့နဲ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

နံတယ်ဆိုတာ အနံ့ပဲလို့မှတ်၊ မွှေးတာဖြစ်ဖြစ် နံတာဖြစ်ဖြစ် ဒါအနံ့ချည်းပဲ။ ဩော် ဒီအနံ့ကတော့ရှိရဲ့၊ ရှိရဲ့နဲ့ သွားနေတယ်၊ သဘောလေးတွေ သေသေချာချာကြည့်၊ ဩော် ဒါကြောင့် ဒီဘက်ကတော့ ပညတ်သား၊ ဟိုဘက်ကတော့ ပရမတ်သားလို့ (ဟုတ်ကဲ့ပါဆရာ)။ ဟောဒီ အနံ့သဘောလေးဟာ အနံ့ဆိုတာဂန္ဓရုပ် သဘောမျှသက်သက်ကလေးဆိုတဲ့ အသိဉာဏ်အစက မသိအောင်ဖုံးတာ ဘယ်သူလဲဆိုတော့ ဒီဘက်က ပညတ်လုပ်တာနော် (ဟုတ်ကဲ့ပါဆရာ)။ အတုံးရှိတယ်၊ အလုံး ရှိတယ်၊ အခဲရှိတယ်၊ အထည်ဒြပ်သဏ္ဌာန်ရှိတယ်၊ အမှုန် အမွှားရှိတယ်၊ အရည်အဖတ်ရှိတယ်၊ အကြီး အငယ် အရှည် အလတ် ရှိတယ်၊ လေးထောင့် သုံးမြှောင် အဝိုင်း အလျားရှိတယ်၊ အဖြူ အပြာ အဝါ အနီ အကြောင်အကြားရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အမှုန် အမွှား အရည် အဖတ်အနေအားဖြင့် ရှိတယ်၊ ဒီအထည်ဒြပ်သဏ္ဌာန် ဝတ္ထုအနေအားဖြင့် တို့လူစုက ဒါတွေစွဲမှတ်ပြီး၊ အခုတော့ သေသေချာချာ ခွာကြည့်လိုက်၊ ခွာကြည့်လိုက်တော့ ဒီဂန္ဓဆိုတဲ့ အနံ့ရုပ်ကြီးမှာ အတုံး အလုံး အခဲ အမှုန် အမွှား အရည် အဖတ် အကြီး အငယ် အရှည် အလတ် ဆိုတာရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီလို အသိဉာဏ်လေး ဆိုက်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်ကြည့် သေသေချာချာကြည့် သေသေချာချာကြည့်။

ဩော် ဒါဖြင့် သနပ်ခါးတုံးနမ်းကြည့်ရင် မွှေးတယ်ဆိုတာ ဂန္ဓအနံ့ရုပ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အနံ့ရုပ်တကယ်ရှိတယ်ပေါ့ (ရှိပါတယ်ဆရာ)။ အဲဒီသနပ်ခါးတုံးနမ်းကြည့်တုန်းကတော့ တို့လူစုက

http://www.dhammadownload.com



သနပ်ခါးတုံးပေါ်မှာချည်း၊ ပညတ်လုံးပေါ်မှာချည်း တင်တင်နေတယ်။ သနပ်ခါးတုံးက မွှေးတာပေါ့ဟ၊ မွှေးတာသနပ်ခါးပေါ့ဟ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ငြင်းလို့မရဘူး၊ ဒါငြင်းကြည့်၊ ငြင်းကြည့်၊ ဟုတ်လားမဟုတ်လားလို့၊ ဒီသင်တန်းမလိုက်တဲ့ပုဂ္ဂိုလ်တွေ အခုဆိုလို့ရှိရင် လူတစ်ရာမှာ ကိုးဆယ့်ကိုး မေးကြည့်၊ ဟာ သနပ်ခါးတုံးမှမမွှေး ဘာကမွှေးမှာတုန်းဟ မွှေးတာသနပ်ခါးပေါ့ သနပ်ခါးမွှေးတာပေါ့ဟ ဒီလိုလာတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမွှေးတာဟာ သူက သနပ်ခါးတုံးဖြစ်အောင် လုပ်ထားတယ် ဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ မွှေးတယ်ဆိုတဲ့ဂန္ဓတည်းဟူသော အနံ့ရုပ်ကို သနပ်ခါးလုပ်ထားတယ်၊ လုပ်မထားဘူးလား (လုပ်ပါတယ်ဆရာ)။ အမှုန့်ဖြစ်ချင် အမှုန့်လုပ်ထား တယ်၊ အရည်ဖြစ်ချင်ရင် အရည်လုပ်ထားတယ် ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အဲဒါငြင်းလို့မရတဲ့ လုပ်ငန်းကြီးတစ်ခု၊ ဘယ့်နှယ့်နည်းမှ ငြင်းလို့ရမှာမဟုတ်ဘူး ဒါဘာဖြစ်လို့လဲ ပညာမျက်စိမရှိတဲ့ အန္ဓပုထုဇဉ်က ဒီအမှိုပြုလိုက်နေတာတဲ့၊ ဒီအမှိုပြုတဲ့တိုင်း ဒီအမှတ်သညာအတိုင်း ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် ဒီဒိဋ္ဌိကိလေသာဆိုတဲ့ အယူမှားနေတဲ့ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့် ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ပရမတ်တရား၊ ဓာတ်တရား ခုလို ကြီးကြီးမားမားပြောပလောက်တဲ့ အကောင်အထည် အတည်ဒြပ်သဏ္ဌာန်ရှိတယ်ဆိုတဲ့ အယူ မယူ။ ကေန်ဒိဋ္ဌ ဟောဒီအနံ့ဆိုတဲ့ ဂန္ဓဓာတ်ကြီးဟာ တို့ပကတိမျက်စိနဲ့ မမြင်ကောင်းလို့သာ ရှိတော့ရှိမှာ၊ ဝဏ္ဏပစ္စည်းအနေအားဖြင့်ဘယ်လိုရှိ မျက်စိကအားသေး အဆတစ်ထောင်လောက်ကြီးတဲ့ မှန်ဘီလူးနဲ့ကြည့် မှုန်မှုန်စစပရမာဏုမြူလောက်တော့ရှိမှာပဲလို့ စိတ်ထဲမှာအဲဒီဃနပညတ်ကလေး မပျောက်လို့ရှိရင်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အင်မတန်သိမ်မွေ့တဲ့ အဖြစ်မျိုးရောက်ပါပြီ၊ ဒါလည်း ခဏပါပဲတဲ့၊ ပရမာဏုမြူလုံးလေးလောက်ရှိနေရင် ဒါအင်မတန်သိမ်မွေ့တဲ့ ဃနပညတ် ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါဝိပဿနာလမ်းက သွားတဲ့ယောဂါဝစရပုဂ္ဂိုလ်ရဲ့ဉာဏ်ဝမှာ ဒီလိုဃနပညတ်ထားနေမယ်ဆိုလို့ရှိရင်ဖြင့် ဒိဋ္ဌိမပျောက်ဘူး၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင့်မိုရ်တောင်ကြီးတစ်လုံးလောက်၊ ကာဆီးနေတာလောက် အန္တရာယ်ကြီးမားတယ်၊ ဘာဖြစ်လို့ ခုနယူဇနာပေါင်း ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင်းမိုရ်တောင်ကြီးလည်း ဃနပညတ် မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

အင်မတန်သေးငယ်တဲ့ ပရမာဏုမြူလုံးလောက်ကလေးတော့ ရှိအုံးမှာပဲဆိုရင်တဲ့၊ ဒါလည်း ဃနတုံး ဃနခဲ ဃနပညတ်ပဲ၊ အစိုင်အခဲ အထည်ဒြပ်သဏ္ဌာန်တစ်ခုအနေနဲ့ရှိတယ်ဆိုတဲ့ အယူဝါဒ ဒီလိုတူမှုတယ်၊ ကြီးလည်းအတူတူပဲ၊ ငယ်လည်းအတူတူပဲ၊ ဒါကြောင့် တို့မသိလို့သာ ဂန္ဓ၊ ဂန္ဓဆိုတဲ့

http://www.dhammadownload.com



အနံ့ဓာတ်ကြီးတွေကို အမှန်တော့မျက်စိအားသေးလို့ မမြင်ကောင်းဘူး၊ ဝဏ္ဏပစ္စည်းအနေကတော့ဖြင့် အမှုန်အမွှားလေးတော့ ရှိဦးမှာပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုနဲ့ကြည့်လို့ရှိရင် ခုနပြောတဲ့ ဃနမကြေဘူးခေါ်တယ်၊ ဃနမပျောက်ဘူး ဃနမပျောက်ရင် ဘယ်အပေါ်ရောက်မလဲဆိုတော့ ပညတ်ပေါ်ရောက်မယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ပရမတ်ပေါ်မရောက်သေးဘူး၊ ဘာကြောင့် ပညတ်မလွတ်သေးလို့ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအမြင်မသန့်ရှင်းသေးဘူး၊ ဒီအယူ မသန့်ရှင်းသေးဘူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ပရမတ်ဒီဝိပဿနာလမ်းက လာတဲ့ပုဂ္ဂိုလ်များကျတော့ ဒီရုပ်တရားဖြစ်ဖြစ်၊ နာမ်တရားဖြစ်ဖြစ် မိမိတို့အသိအားဖြင့် ဘယ်လို နားလည်ရမလဲ၊ ဟာ ရုပ်တရားကြည့်လိုက်၊ သဘောတရားချည်းသက်သက်ကလေးပဲ၊ နာမ်တရားကြည့်လိုက် သဘောတရားမျှသက်သက်ကလေး ဘာမျှမရှိဘူး ဝဏ္ဏပစ္စည်းအထည်ဒြပ် သဏ္ဌာန်အနေအားဖြင့်၊ အကောင်အထည်အနေအားဖြင့် အမှုန်အမွှား အရည်အဖတ်အနေအားဖြင့် ပရမာဏုမြူလုံးလေးလောက်မှ ရှာဖွေလို့မရကောင်းသော လုံးဝဃနပညတ်ဆိတ်သုဉ်းနေတဲ့ သဘောတရားသက်သက်ပဲလို့ ဒီလိုနားလည်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲသလို နားလည်မှ ရုပ်ကိုဒီလိုနားလည်လို့ကြည့်လိုက် ရူပပရိစ္ဆေဒဉာဏ်တဲ့၊ နာမ်ကိုလည်းပဲ ဒီလိုနားလည်မှ နာမပရိစ္ဆေဒဉာဏ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ နှစ်ခုပေါင်းလိုက်တော့ ရုပ်လည်း ငါဒီလိုသိတယ်၊ နာမ်လည်း ငါဒီလိုသိတယ်ဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီနာမရူပပရိစ္ဆေဒဉာဏ်ကြီးရပြီးမှ တို့တစ်ခါရှေ့နားကို ပစ္စယပရိစ္ဆေဒဉာဏ် ဆိုတာတွေ့ရဦးမယ်၊ ဝိပဿနာလမ်းက ဒီလို သူ့ခရီးလမ်းစဉ်နဲ့သွားကြ၊ လမ်းအစဉ်ကလေးနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအစဉ်ကလေးမှချမပြဘဲနဲ့ ရောက်တတ်ရာရာ ပေါက်ကရလေးဆယ် အနေအားဖြင့် သင်ကြားပြသ၊ ဥပနိဿယယျပေးသွားမယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့အလွန်မှခဲယဉ်းတယ်၊ ကိုယ်တော်မြတ်ကိုယ်ကလမ်းညွှန်ပြတယ်ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်တော်မြတ်ဟောထားတဲ့တရား ရုပ်တရားနာမ်တရားနှစ်ပါးရှိတယ်၊ ရုပ်ကိုလည်း ပိုင်းခြားထင်ထင် သိမြင်ရမယ် လက္ခဏာတဲ့ ရသတဲ့ ပစ္စုပဋ္ဌာန်တဲ့ ပဒဋ္ဌာန်တဲ့ ရေနဲ့ဆီပူနဲ့တွေ့တော့ ဒယ်အိုးဟုန်းခနဲဆို မီးကထတောက်နော် (ဟုတ်ကဲ့ပါဆရာ)။ မီးကထတောက်တော့ကာ မီးတောက်တာ လန့်ဖို့ စိတ်ကူးမပေါ်ဘူး၊ အဲဒီဟင်းရွက်တွေ မီးလောင်ပြီးတော့ တမြိုက်မြိုက်နဲ့ ကုန်ဆုံးသွားတော့ ဒီချုပ်သွားမှုတွေ၊ ပျက်သွားမှုတွေနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါတွေ ကြည့်ပြီးတော့ ဩော် လက်စသတ်တော့ အနုပါဒိန္နကဆိုတဲ့ ဥတုဇကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အဝိညာဏက ဟင်းသီးဟင်းရွက်ခေါ်ထားတဲ့ ရုပ်တွေတောင်ပဲ မီးလောင်လိုက်တော့

http://www.dhammadownload.com



တမြိုက်မြိုက်နဲ့၊ အကုန်လုံး ချုပ်ပျက်ပြုန်းတီးပျက်စီးကြတယ်၊ ငါ့ကိုယ်ထဲရှိသမျှ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ငင်းရုပ်တို့နာမ်တို့ဆိုတဲ့ တရားစုတွေလည်းပဲ အသစ်အဟောင်း ပြောင်းပြီးတော့ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာ သိန်း သန်း ကုဋေ မရေမတွက်နိုင်အောင်ပဲ ဖြစ်ပျက်မစဲတသဲသဲနဲ့ အမြဲတစေပျက်နေပါလားလို့ အဲဒါဟိုကဥပမာနဲ့ ဒီကဥပမေယျဆိုတဲ့ မိမိကိုယ်ပေါ်ပြန်တင်လိုက်၊ တင်ဆဲခဏအနာဂါမိမဂ်ရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုတင်ဆဲခဏ အနာဂါမိမဂ်ရလို့ လောင်ပြီးသားကျွမ်းပြီးသားဆိုတဲ့ ဟင်းအိုးကြီးပစ်ချပြီးတော့ ဘုရားကျောင်းတော်တစ်ခါတည်းပြေးတော့ ငါမြင်လိုက်တဲ့အမြင်တွေ ငါ့သိလာတဲ့ ထိုးထွင်းပြီးသိလိုက်တဲ့အသိဉာဏ်တွေ မှန်သလားမှားသလားလို့၊ ဘုရားကိုယ်တော်မြတ် ပြေးပြီးလျှောက်ထားလို့ အရှင်ဘုရား ဘုရားတပည့်တော်မ အရှင်ဘုရားရဲ့တရားကို ညဦးကနာကြားလို့ အခုအချိန်အခါကလေးမှာ ဟင်းရွက်ကိုကြော်မလို့ ကျိုက်ကျိုက်ဆူတဲ့ဆီပူထဲ ထည့်တဲ့အခါကျတော့ ရေနဲ့ဆီပူနဲ့တွေ့ပြီး မီးထတောက်လို့ အရှင်ဘုရား ညကမိန့်ကြားတော်မူတဲ့တရားကို ပြန်ပြီးသတိရတယ်၊ ဒီဟင်းရွက်တွေ မီးလောင်လို့၊ ခဏချင်းနဲ့ လောင်ကျွမ်းပျက်စီးခြင်းရောက်တဲ့ ကုန်ခန်းခြင်းသို့ရောက်တဲ့အဓိပ္ပာယ်။

မိမိကိုယ်ပေါ်ပြန်တင်လို့ မြင်လိုက်တဲ့အသိဉာဏ်၊ တပည့်တော်မြင်တာ မှန်ပါသလားဘုရား၊ ဒီလိုပြန်ပြီးတော့ သေသေချာချာတွက်စစ်၊ ကိုယ်တော်မြတ်က စစ်ဆေးကြည့်လိုက်တဲ့အခါကျတော့ အနာဂါမိမဂ်ဉာဏ်ရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်စမ်း၊ အနာဂါမိမဂ်ဉာဏ်ဆို ဘယ်နှစ်မဂ်တုန်းဟ ဟော ဘယ်နှစ်မဂ်မှန်းတောင်မသိဘူး (သုံးမဂ်ပါဆရာ)။ ဩော် နောက်ကထောက်တော့ သုံးမဂ် မဂ်တယ်နှစ်ခုရှိတုန်း (သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ပါဆရာ)။ ဟော လေးမဂ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါတော့ မသိဘူးဆို၊ သုံးမဂ်ရတယ်တဲ့ အဲဒါကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ တရားဟာ ဒါ့ကြောင့် နေရာထိုင်ခင်းအနေအားဖြင့် အချိန်ကာလကြာညောင်းစွာယူရတယ်မဟုတ်ပါဘူး၊ ဝိပဿနာလမ်းက ဒီလိုသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ သွားရင်းလာရင်း နေရင်းထိုင်ရင်း လုပ်ရင်းကိုင်ရင်း ပြောရင်းဆိုရင်းဆိုသလိုပဲ လစ်ခနဲလစ်ခနဲ အချိန်ကလေး အားလပ်တဲ့အခါမှာ မိမိကိုယ်မှာဖြစ်နေတဲ့ ရုပ်ဓမ္မနာမ်ဓမ္မကို အဖြစ်အပျက်ပဲ ဆင်ခြင်ဆင်ခြင်လို့ ဝိပဿနာဉာဏ်ဆယ်ပါးနဲ့ သွားသွားပေါ့။

တစ်နည်း လက္ခဏာရေးသုံးပါးနဲ့ ပွားများပွားများပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဆင်ခြင်နိုင်လို့ရှိရင် ဒါတရားပါပဲတဲ့၊ အဲဒီလို ဆင်ခြင်ဆဲခဏလေးမှာ ရနိုင်တယ်တဲ့၊ ဒီကတော့ စည်းကမ်းသိပ်မကြီးဘူး၊ သမထလမ်းကျတော့ စည်းကမ်းကြီးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စည်းကမ်းအင်မတန်

http://www.dhammadownload.com



များတယ်၊ စည်းကမ်းတကျနဲ့လုပ်နိုင်မှ သမထ တကယ်လည်းဟုတ်တယ်၊ စည်းကမ်းချင်း၊ နည်းလမ်းချင်းကျတော့ ဒီဝိပဿနာလမ်းကျတော့ စည်းကမ်းမရှိပါဘူး၊ ဒါကြောင့် မိမိတို့ရလာတဲ့ အသိဉာဏ်လေးတွေ တို့များ ပထဝီဓာတ်ပြစဉ်အခါကတည်းက ပြောခဲ့ပါပြီ၊ ပထဝီဓာတ်တစ်လုံးပဲ မိမိကိုယ်မိမိပြန်ပြီးတော့ တင်တင်ပြီးတော့ ဆင်ခြင်သုံးသပ်ပါလို့ အထပ်ထပ်မှာခဲ့တယ်၊ တစ်လုံးတည်း တစ်လုံးတည်းနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်လုံးတည်းရရင်တစ်လုံး၊ နှစ်လုံးရရင်နှစ်လုံး၊ သုံးလုံးရရင်သုံးလုံး၊ လေးလုံးရရင်လေးလုံး၊ လေးလုံးရပြန်တော့ ဓာတ်ကြီးလေးပါးနဲ့ ကိုယ့်ကိုယ်ကိုပြန်တင်သုံးသပ်၊ အဲဒါဘယ်အချိန်တုန်း၊ အချိန်ယူရမှာလား၊ နေရာဌာနရှာရမှာလား မဟုတ်ပါဘူး ကိုယ့်အိမ်မှာကိုယ်နေရင်းထိုင်ရင်း သွားရင်လာရင်းဆိုသလို စားရင်းသောက်ရင်းပေါ့ အဓိပ္ပာယ်အားဖြင့် သတိရတိုင်းသတိရတိုင်း ပြန်ပြန်ဆင်ခြင်လို့ရှိရင် တရားဖြစ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒီလိုဆင်ခြင်ဆဲခဏ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်၊ ဒါဝိပဿနာလမ်းက ဒီလိုသွားရတယ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါကြောင့် ဂန္ဓဆိုတဲ့အနံ့ရုပ်ကြီး ပြန်ပြီးကြည့်ပါဦး၊ ဒါကြောင့် တို့လူစု ဘယ်လိုမှားသလဲဆိုတော့ အခုန သနပ်ခါးတုံးကမွှေးပါတယ်ဆိုတဲ့ အသိဉာဏ်က စူးစိုက်ထားတော့ သနပ်ခါးတုံးနဲ့မွှေးတယ်ဆိုတဲ့ ဂန္ဓာရုံနဲ့ခွဲမရလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ခွဲမရလို့ဖြစ်တယ် ဒီအတိုင်းနေကြတယ်။

ဒါကြောင့် ဒီမွှေးတယ်ဆိုတဲ့ ဂန္ဓ အနံ့ရုပ်က သဘောမျှသက်သက်ကလေး၊ အဲဒီသဘောမျှ သက်သက်ကလေးက ဘာဖြစ်နေလဲဆိုတော့ တို့လူများအသိမှားတာနဲ့ သနပ်ခါးတုံးကြီးဖြစ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အေး ဖြစ်တယ်၊ အဲဒါကြောင့် အဲဒီသနပ်ခါးတုံးဆိုတဲ့ လုံးလုံး မရှိတဲ့ ပညတ်တရားနဲ့အနံ့ဆိုတဲ့ ဂန္ဓာရုံထင်ရှားရှိတဲ့ ပရမတ်တရားတွေကျ ခွဲခြားပြီးပြတယ် နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် သေချာကြည့်စမ်းကွယ်၊ ဒီအနံ့ဆိုတဲ့ရုပ်သည် အတုံး အလုံး အခဲ မဟုတ်ပါဘူးတဲ့၊ ထင်ရှားအောင်ပြောရတယ်၊ အဓိပ္ပာယ်ဆိုကြစို့ကွာ၊ ဟိုမလှမ်းမကမ်းက လေညာကနေပြီးတော့ငါးကြော်တယ် ဒီဘက်တစ်ယောက်ကထိုင်နေတယ် ဘာစော်နံတုန်း (ငါး ကြော်တဲ့အနံ့ နံပါတယ်ဆရာ)။ ငါးကြော်တဲ့အနံ့နံတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ငါးကြော် စော်နံတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ညှော်နံတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီနံတာ ဘာတုန်း (အနံ့ရုပ်ပါဆရာ)။ ဩော် အနံ့ရုပ် ဂန္ဓရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဟိုမှာ ကြော်နေတဲ့ ငါး၊ ငါးကြော်ကောင်ကြီးက မင်းနှာခေါင်းလာတိုးသလားဟ (မတိုးပါဘူးဆရာ)။ ဩော် ဒီကြားထဲ ဒီကြားထဲ ငါးကြီးပါမလာဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန်ကြီး ပါမလာဘူးပေါ့ (မပါပါဘူးဆရာ)။ တခြားစီပေါ့ (တခြားစီပါဆရာ)။ ဒီမှာ နံနေတယ်ဟုတ်လား

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။

အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ ဒါဖြင့်ရင် ခုနတုန်းက သနပ်ခါးတုံးကမွှေးတယ်ဆိုတဲ့စကားဟာ ဟုတ်နိုင်ပါမလား (မဟုတ်ပါဘူးဆရာ)။ ဩော် ဒါဖြင့် သနပ်ခါးတုံးကမွှေးတယ်ဆိုတဲ့ စကားသည် သနပ်ခါးတုံးကောက်နမ်းလို့သူပြောနေတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သနပ်ခါးတုံး မနမ်းဘဲနဲ့ သနပ်ခါးတုံး ဘေးနားချထားတော့ သနပ်ခါးစော်မနံဘူးလား (နံပါတယ်ဆရာ)။ ခုန ငါးကြော်နဲ့တူသေးသလား (မတူပါဘူးဆရာ)။ ဩော် ငါးကြော်တော်တော်ခပ်ဝေးဝေးကနေ ငါးကြော်နေတဲ့ လေညာအောက်ကနေတော့ ငါးကြော်နဲ့လည်း ကိုယ့်နှာခေါင်းမထိဘဲနဲ့ ငါးကြော် အနံ့လေး နံလိုက်တာလို့ ငါးကြော်ပါလာသေးလား (မပါဘူးဆရာ)။ ခုန သနပ်းခါးလည်းဒီလိုပေါ့ကွ၊ ခပ်လှမ်းလှမ်းကထားရင် လေအောက်ကထိုင်နေလို့ရှိရင် သနပ်ခါးစော်မနံဘူးလား (နံပါတယ်ဆရာ)။ သနပ်ခါးတုံးကြီး ပါလာသေးသလား (မပါဘူးဆရာ)။ ဟာ ဒီလိုဆိုတော့ အနံ့တခြား သနပ်ခါး တုံးကတခြား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဒီသဘောလိုပဲကွဲ့ အဓိပ္ပာယ်အားဖြင့် အဲဒါတင် မင်းခွဲခြားပြီးသိပါတယ်၊ ဒီတော့ အနံ့ရုပ်ကလေးသည် သဘောတရားမျှသက်သက်ဆိုတဲ့ အနံ့ရုပ် ကလေးကို သနပ်ခါးတုံးဆိုတဲ့ ပညတ်လုံးကြီး မဖုံးပါစေနဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

အနံ့ရုပ်၊ အနံ့သဘောသက်သက်ကလေး၊ ဒါဖြင့် ကောင်းပါပြီ၊ ၎င်းဂန္ဓဆိုတဲ့အနံ့ရုပ် ဘယ်လို မှတ်ရပါ့မလဲ၊ လက္ခဏာတဲ့, ရသတဲ့, ပစ္စုပဋ္ဌာန်တဲ့, ပဒဋ္ဌာန်တဲ့ ဋ္ဌာန်လေးချက်နော် (ဟုတ်ကဲ့ပါ ဆရာ)။ သူ့မှာလက္ခဏာရှိတယ် မှတ်ကြောင်းလက္ခဏာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီဂန္ဓရုပ်ကြီးသည် ဘယ့်နှယ့်လုပ်မှတ်ရပါမတုန်း၊ ဂန္ဓရုပ်ကြီးသည် ကိုင်လို့မဖြစ် ယူလို့မရ ကြည့်လို့မမြင် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ရှိတော့ရှိလား (ရှိပါတယ်ဆရာ)။ ယူလည်း မရဘူးပေါ့ (မရပါဘူးဆရာ)။ ကြည့်လည်း မမြင်ဘူးပေါ့ (မမြင်ပါဘူးဆရာ)။ အဖြူ အပြာ အဝါလို့ လည်း မပြောနိုင်ဘူးပေါ့ (မပြောနိုင်ပါဘူးဆရာ)။ လေးထောင့်, သုံးမြှောင်, အဝိုင်း, အလျားလည်း မပြောနိုင်ဘူးလား (မပြောနိုင်ဘူးဆရာ)။ အတုံး အလုံး အခဲလည်း မပြောနိုင်ဘူးလား (မပြောနိုင်ပါ ဘူးဆရာ)။ အမှုန် အမွှား အရည် အဖတ်လေးလည်း မပြောနိုင်ဘူးလား (မပြောနိုင်ပါဘူးဆရာ)။ ကြီးကြီး ငယ်ငယ် ရှယ်ရှယ်လတ်လတ်လည်း မပြောနိုင်ဘူးပေါ့ (မပြောနိုင်ပါဘူးဆရာ)။ တစ်ရွေးသား တစ်ပဲသား စုဆောင်းလို့မရဘူးပေါ့ (မရပါဘူးဆရာ)။ ပေါ့တယ်လေးတယ်လို့ ချိန်ဆလို့မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ ရှိတော့ရှိတယ်ပေါ့ (ရှိပါတယ်ဆရာ)။ ဘယ်လိုရှိတာလဲ (သဘောသက်သက် ကလေးပါဆရာ)။ အေးပေါ့ သဘောတရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဟုတ်ပြီ၊ သဘောတရားသက်သက်ကလေးဆိုတော့ တို့ပညတ်တွေ အကုန်ပျောက်မသွားဘူးလားကွဲ့

http://www.dhammadownload.com



(ပျောက်သွားပါတယ်ဆရာ)။

ဒီကနေ ရှင်းသွားပြီပေါ့နော် (ရှင်းပါတယ်ဆရာ)။ အေး အေး အဲဒီအသိဉာဏ်လေး ရောက်စေချင်လို့ဒါလေးပြတာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ ကောင်းပြီ၊ သဘောတရားသက်သက်ကလေးပဲဆိုတော့ အဲဒီဓာတ်ကို ကြည့်လို့မမြင်၊ ကိုင်လို့မဖြစ်၊ ယူလို့မရဆိုတော့ အပြုရ မခက်ဘူးလားကွ (ခက်ပါတယ်ဆရာ)။ အမှတ်ရ မခက်ဘူးလားကွ (ခက်ပါတယ်ဆရာ)။ ဒါဖြင့် သိဖို့မလွယ်ဘူးပေါ့နော် (မလွယ်ပါဘူးဆရာ)။ ဘယ့်နှယ်လုပ်သိပါ့မလဲဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က မှတ်ကြောင်းလက္ခဏာမှတ်စရာလို့ လက္ခဏာပြခဲ့တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ့်နှယ့်ပြခဲ့သလဲဆိုတော့၊ ဟော မင်းတို့ ငါတို့ နှာခေါင်းရဲ့အတွင်းမှာ ပုံသဏ္ဌာန်လေးကတော့ ဆိတ်ခွာသဏ္ဌာန်လေး၊ နှစ်ခွယောင်ယောင်လေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ပမာဏကတော့ဖြင့် လက်သည်းခွံပမာဏလောက်ရှိပါတယ်၊ တို့နှာခေါင်းရဲ့မျက်မှောင်ကြား အရိုးလောက်ရောက်တော့၊ မျက်မှောင်နှစ်ခုကြားလောက်ရောက်တော့ နှာခေါင်းလောက်ရောက်တော့နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလောက်ရောက်လာတော့ ပမာအားဖြင့်ဆိတ်ခွာသဏ္ဌာန်၊ အင်မတန်နုနယ်တဲ့ မွေးညင်းကလေးများ ရစ်သန်းပြီးတော့ပေါက်နေတဲ့ ဆိတ်ခွာသဏ္ဌာန်ဆိုတဲ့ ဃာနပသာဒ အကြည်ရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဃာနပသာဒ အကြည်ရုပ်၊ အဲဒီဃာနပသာဒခေါ်ထားတဲ့ အကြည်ရုပ်ကလေးရှိတယ်တဲ့၊ အဲဒီဃာနပသာဒဆိုတဲ့ အကြည်ရုပ်ကလေးက ဘယ်သူလုပ်တာလဲမေးလို့ရှိရင် ကံလုပ်ပေးထားတာ၊ ကံပြုပြင်ပေးထားတာနော် (ဟုတ်ကဲ့ပါဆရာ)။ ဃာနပသာဒ ကမ္မဇဓာတ်မှန်လေး၊ မနေ့က တို့များပြထားတဲ့ မျက်လုံးရှိတဲ့အကြည်လိုပါပဲ မထူးပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အကြည်ကလေးတွေက မှန်လေးလိုလိုပဲ၊ ဘာမှမထူးဘူး၊ ပသာဒဆိုတာကြည်တာဟောထားတာ၊ ဒါကြောင့် ပသာဒေါ၊ မဏ္ဍော၊ အစ္ဆရော - ကြည်တဲ့အနက်တွေ ဟောထားတဲ့ ပရိယာယ်တွေ၊ အဲဒီပသာဒဆိုတဲ့ ကြည်တာဟာ မှန်ပြင်လိုကြည်တာနော် (ဟုတ်ကဲ့ပါဆရာ)။ မနေ့က စက္ခုပသာဒ၊ အခုတော့ ဃာနပသာဒ၊ ဩော် ဃာနပသာဒဆိုတော့ နှာခေါင်းမှာရှိသော အကြည်မှန်ကလေးတဲ့ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ နှာခေါင်းအတွင်းမှာရှိသော အကြည်မှန်ကလေး၊ ဘယ်လောက်ကြီးလဲဆိုလို့ရှိရင် လက်သည်းခွံပမာဏလောက်ရှိတယ်၊ ပုံစံလေးကတော့ ဆိတ်ခွါသဏ္ဌာန်လေး သူ့ရဲ့အသားမှာ အင်မတန်နုနယ်တဲ့ မွေးညင်းလေးများ ရစ်သန်းပြီးတော့ပေါက်နေနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီ အကြည်မှန်ခေါ်ထားတဲ့ ဃာနပသာဒ ကမ္မဇဓာတ်မှန်လေးမှာ လာပြီး တိုးတဲ့၊ တိုက်တဲ့၊ ထိတဲ့၊ ခိုက်တဲ့ဓာတ်ဟာ ဂန္ဓဓာတ်ပဲနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီမှန်ကလေးလာပြီး တိုးတဲ့၊ တိုက်တဲ့၊

http://www.dhammadownload.com



ထိတဲ့၊ ခိုက်တဲ့၊ ထင်တယ်ဆိုတဲ့သဘောလေး နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ဂန္ဓရုပ်ပဲတဲ့၊ စဉ်းစားစမ်းကွာ၊ ခုနပြောတဲ့ သနပ်ခါးတုံးကသွေးတယ်၊ သွေးတာသနပ်ခါးတုံးပဲဆိုတော့ သနပ်ခါးတုံးကြီး နှာခေါင်းထဲဝင်လို့ ဖြစ်ပါ့မလားဟ (မဖြစ်ပါဘူးဆရာ)။ မဖြစ်ပါဘူးကွဲ့၊ ဃာနပသာဒဆိုတဲ့ အကြည်မှုန်ကလေးကသွားပြီး ဝါယောဓာတ်နဲ့ သယ်ဆောင်ပြီးတော့ အနံ့ရုပ်ကလေးတွေပါလာ၊ ပါလာတော့ ဃာနပသာဒအကြည်မှုန်ကလေးနဲ့ လာထိ တိုး တိုက်၊ အဲဒီလို ထိတဲ့ တိုးတဲ့ တိုက်တဲ့ အခါလေးကျ မင်းတို့ငါတို့ကသိ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သိတာတခြားမဟုတ်ဘူးတဲ့၊ ဒီအနံ့ဆိုတဲ့ ဂန္ဓရုပ်ကလေးက အဲဒီဃာနပသာဒဆိုတဲ့ အကြည်မှုန်ကလေး လာထိလိုက်ရင်ပဲ ဒက်ခနဲ လာပြီး တိုးလိုက်ထိလိုက်ရင်ပဲ ဘာပေါ်လာလဲ စိတ်ကလေးပေါ်လာ ငါပြောခဲ့တယ် စည်နဲ့ လက်ခတ်နဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ စည်နဲ့လက်ခတ်နဲ့ ထိတဲ့အခါ ကျတော့ အသံထွက်လာတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီပမာလို ဒီပမာလို၊ ဒီက ဃာနပသာဒဆိုတဲ့ အကြည်မှုန်လေးကို အခုပြောနေတဲ့ အနံ့တည်းဟူသော ဂန္ဓရုပ်က တိုက်လိုက်ရင်၊ ထိလိုက်ရင် ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ စိတ်ကလေးပေါ်လာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေးက အာရုံကိုသိတတ်တာ စိတ်ကလေးခေါ်တာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေးကို ဘာခေါ်တာလဲဆိုတော့ ဒီစိတ်ကလေး ဘယ်မှီဖြစ်နေသလဲလို့မေးတော့ အခုနပြောတဲ့ ဆိတ်ခွာသဏ္ဌာန်ရှိတဲ့ ဃာနပသာဒရုပ်ကိုမှီဖြစ်တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ သူမှီတဲ့နေရာ သူဖြစ်တဲ့နေရာကို အမည်လေးတပ်လိုက်တယ်၊ ဃာနဝိညာဏ်စိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ အေး ဃာနဝိညာဏ်စိတ်၊ စည်နဲ့ လက်ခတ်နဲ့ထိပြန်တော့ အသံလေးဖြစ်ပေါ်လာပြီ၊ ဒီအသံသည်စည်ထဲရှိသလားဆိုတော့ စည်ထဲ မရှိဘူး၊ ဘယ်ရှိလဲဆိုတော့ စည်မျက်နှာပြင်ရှိတယ်တဲ့၊ ဪ ဒီအသံသည်စည်မျက်နှာပြင် မှီဖြစ်တဲ့အသံပဲဆိုတော့ သူ့ဘာသံခေါ်တယ် (စည်သံခေါ်ပါတယ်ဆရာ)။ ဒီပမာလိုပဲ စိတ်ကလေး ဖြစ်လာတယ် ဘာဖြစ်လို့ဖြစ် အခုပြောတဲ့အနံ့ရုပ်နဲ့ ဃာနသာဒဆိုတဲ့ အကြည်မှုန်လေးနဲ့ တိုက်တယ်တဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်တော့စိတ်ကလေးဖြစ်တယ် စိတ်ကလေးဖြစ်လာတာက လာတိုက်တဲ့ ဂန္ဓအနံ့ရုပ်ကိုမှီဖြစ်သလား၊ ဆိတ်ခွာသဏ္ဌာန်ရှိတဲ့ ဃာနပသာဒဆိုတဲ့ နှာခေါင်း အကြည်ရုပ်ကလေးမှီဖြစ်သလားလို့မေးရင် ဘယ့်နှယ်ပြောမလဲ (ဆိတ်ခွာပသာဒရှိသော နှာခေါင်း အကြည်ဓာတ်ကလေးကို မှီပြီးဖြစ်ပါတယ်ဆရာ)။

အေး အေး ဒါကြောင့် သူမှီဖြစ်တဲ့ဆိတ်ခွာသဏ္ဌာန်ဆိုတဲ့ သူမှီဖြစ်တဲ့ဃာနပသာဒရဲ့အကြည် လေး သူ့ထည့်ခေါ်လိုက်နော် (ဟုတ်ကဲ့ပါဆရာ)။ ကဲ သူ့ဘာစိတ်ခေါ်လဲ (ဃာနဝိညာဏ်စိတ်ပါ

http://www.dhammadownload.com



ဆရာ)။ ဪ ဃာနဝိညာဏ်စိတ် မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး ဃာနဝိညာဏ်စိတ်၊ အဲဒီစိတ်ကလေးက သူတို့နှစ်ခုထိရင်ထိလိုက်ချင်း သူကသိမလာဘူးလား (သိလာပါတယ်ဆရာ)။ ဘယ်သူ့ကိုသိလဲမေးရင် လာတိုက်တဲ့အနံ့ရုပ်ကိုသူသိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် မင်းတို့ငါတို့က နံတယ် မွှေးတယ် သင်းတယ် လှိုင်တယ် ကြိုင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် ဒီနေရာလေးတော့ သေသေချာချာကြည့်၊ ဂန္ဓဆိုတဲ့ အနံ့ဓာတ်သည် ဃာနပသာဒ အကြည်မှုန်ကလေးကို တိုးတတ် ထိတတ် တိုက်တတ် ခိုက်တတ်၏၊ မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် "ဃာနပဋိဟနနလက္ခဏော ဂန္ဓော"၊ ဂန္ဓော-ဂန္ဓဆိုတဲ့ အနံ့ရုပ်သည်၊ ဃာနပဋိဟနနလက္ခဏော-ဃာနပသာဒခေါ်ထားသော ကမ္မဇဓာတ်မှုန် ဆိတ်ခွာ သဏ္ဌာန်ရှိသော အကြည်ရုပ်ကလေးကို ထိတတ်၏၊ ခိုက်တတ်၏။

ပါဠိလိုက ဂန္ဓ၊ မြန်မာလိုပြန်တော့ အနံ့၊ အဲဒီအနံ့ ရုပ်ကလေးကို ပညတ်မဖက်ဘဲနဲ့ သက်သက် ပရမတ်၊ ပရမတ်အသိဉာဏ် ပေါ်ထွက်လာ၊ ပညတ်ဖက်နေလို့ရှိရင် ဂန္ဓဓာတ်ကြီးက ဘုရားကိုယ်တော်မြတ် ဟောထားတာက သဘောတရားသက်သက်၊ ဘာသဘောတရားလဲ ဆိုတော့ နံကောင်းသော၊ နံနိုင်သော၊ နံရသော၊ နံသောဆိုတဲ့ အနံ့သဘောလေး ဟုတ်ပြီလား (ဟုတ်ကဲ့ပါဆရာ)။ နံကောင်းသော၊ နံနိုင်သော၊ နံရသော၊ နံသောဆိုတဲ့ အနံ့သဘောလေးဟာ ဒါဂန္ဓဓာတ်ပဲလို့၊ ဂန္ဓရုပ်ပဲလို့၊ ကိုယ်တော်မြတ်က ဒီသဘောတရားသက်သက်ဟောတယ်၊ ဒါပေမယ့် လူဆိုတာက အန္ဓပုထုဇဉ်ဆိုတဲ့ သတ္တဝါများက ၎င်းသဘောတရားသက်သက်တည်းဟူသော ဂန္ဓဓာတ်တွေကို အတုံးပဲ၊ အလုံးပဲ၊ အခဲပဲ၊ အကောင်ပဲ၊ အထည်ပဲ၊ အထည်ဒြပ်သဏ္ဌာန်ပဲလို့ ဒီလို စွဲမြဲယုံကြည်နေတဲ့ အသိဉာဏ်နဲ့နေကြတယ်၊ ဒီလိုနေတော့ ဒီအသိဟာ မှားသလားမှန်သလားဆိုတော့ အမှားကြီး၊ ယူပြန်တော့လည်းအမှားယူ၊ ဒီလိုဖြစ် ဒီတော့ဒီအမှားချည်းပဲယူနေကြတော့ ဘယ်လိုဖြစ်သလဲဆိုတော့ ဘုရားသာသနာနဲ့ တွေ့လျက်သားနဲ့ အမှန်ကိုမသိရဘူး၊ အမှန်ဟောထားတဲ့ဒေသနာ ထင်ရှားရှိလျက်သားနဲ့ အမှန်ကိုမသိကြ၊ မမြင်ကြဘဲနဲ့ ဒီလိုအမှားကြီးနဲ့နေ အမှားကြီးနဲ့သေ မြန်မာလိုပြန်တော့ အန္ဓပုထုဇဉ်ဘဝနဲ့ အမေကမွေး၊ သေတော့အန္ဓပုထုဇဉ်ဘဝနဲ့သေ၊ ဒီလိုပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓပုထုဇဉ်ဘဝနဲ့သေကြတော့ ဘာဖြစ်သလဲဆိုတော့ အပါယ်လေးပါးလားကြတယ်၊ ဒါကတော့ မြေကြီးလက်ခတ်မလွဲ အင်မတန်မြဲပါတယ်။

ဘာဖြစ်လို့ အမှားမြင် အမှားကြား အမှားနံ အမှားထိ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန မျက်စိက မြင်တာလည်းအမှား၊ နားက ကြားတာအမှား၊ နှာခေါင်းက နံတာအမှား၊ လျှာဖြင့် လျက်တာအမှား၊ ကိုယ်ဖြင့်ထိတာအမှား၊ စိတ်ထဲက ကြံစည်စဉ်းစားတာအမှားကြီးပေါ့၊ ဒီဒွါရခြောက်ပါး

http://www.dhammadownload.com



တံခါးခြောက်ပေါက်မှာ မြင်စေသိစေတဲ့ ဝိညာဏဓာတ်ခြောက်ပါးဟာ အကုန်လုံးအမှားချည်းပဲ၊ အမှန်ကိုပဲ မတွေ့ရ မမြင်ရ၊ အဲဒီလို အမှန်မတွေ့သမျှ မမြင်သမျှ မသိသမျှ အမှားနဲ့နေ အမှားနဲ့သေကြမလားဆို အပါယ်လေးပါးလွတ်ဖို့ခဲယဉ်းတယ်။ ဒီတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ ဆိုတာတော့ မျှော်လင့်ဖွယ်မရှိပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် သာသနာကြီးနဲ့ ကြုံတဲ့ကြိုက်တဲ့အခါလေး တို့မှာ ဘုရားသာသနာထင်ရှားရှိနေတဲ့အခါ ဘုရားဒေသနာတွေ ထင်ရှား ရှိနေတဲ့အခါ၊ ဆရာ့ဆရာကောင်းတွေ ထင်ရှားရှိနေတဲ့အခါလေး၊ အမှန်တစ်လုံးမှ မသိကြဘူးဆိုရင်ဖြင့် ယူကြုံမရဝမ်းနည်းစရာ အင်မတန်ကောင်းတယ်။

ဒါကြောင့် ဒီအမှန်ကို သိမှုဆိုတဲ့အသိလေးဟာ ဒါလည်း ကံကပေးတာမဟုတ်ဘူး၊ ပညာစစ် ပညာမှန်ခေါ်ပါတယ် ဒါမှပညာစစ်၊ ပညာဆိုတာအမောဟ ပညိန္ဒြေစေတသိက် မောဟနဲ့မယှဉ်ဘူး မောဟဆိုတာကတော့ အမှန်ခေါ်လိုက်တော့ အဝိဇ္ဇာခေါ်ပါတယ်။ ဒါဖြင့် ဒီပညာစစ် ပညာမှန်လေး တစ်လုံးသိရင် ဒါပညာစစ်ပညာမှန်သိတဲ့ပညာရှိပဲလို့၊ ဘာဖြစ်လို့လဲ တစ်သံသရာလုံးက မှားချင်တိုင်း မှားလာသမျှ အမှားတွေပျောက်ပြီး၊ ခုတော့ အမှန်ဆိုတဲ့ အသိဉာဏ်ရောက်လာလို့ ဒါပညာရှိအစစ်ပဲ၊ ဒါပညာစစ်ပညာမှန်ဆိုတာ သိဖို့လည်းမလွယ်လှဘူး၊ ဒါကြောင့် ဒီရုပ်ဓာတ်ရှစ်ပါးမှာ ပထဝီစပြီးတော့ တစ်လုံးချင်းတစ်လုံးချင်း ပညာသိတကယ်ပညာရှိ ပညာဉာဏ်တွေနဲ့ အမှားမြင်အမှန်သိအောင်ဆိုပြီး တစ်လုံးချင်းတစ်လုံးချင်းသင်ပေးလို့၊ ပညတ်လုံးရှင်းလို့ စောစောပိုင်းတုန်းကတော့ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာလို့ ဒီလို ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ အယူဝါဒနဲ့လာကြတယ်၊ ၎င်းဒီနည်းပဲ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ဒီအတိုင်းပါပဲ။

အခုတော့ မဟုတ်ဘူး၊ ဒီဓာတ်တွေပြခဲ့သမျှဓာတ်တွေက ပထဝီကစ၊ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် တစ်ခုမှမရှိဘူး၊ သဘောတရားအနေအားဖြင့် တကယ်ထင် ရှားရှိတဲ့ဓာတ်တရား၊ ပရမတ်တရားတွေပဲလို့၊ အဲဒီလိုသိတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဒါမှ အလိုတော်ကျမယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်အလိုတော်ကျအောင် အသိဉာဏ်လေးထပ်ပြော၊ ဒါက သာဝကစာရင်းထဲဝင်သွားပြီ၊ သာဝကဆိုတာတခြားမဟုတ်ပါဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ် သားတော်သမီးတော်ခေါ်ပါတယ်၊ ဒီမှ ကိုယ်တော်မြတ်ရဲ့ သားတော်သမီးတော်အစစ်ဖြစ်တယ်၊ စောစောပိုင်းတုန်းက ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ အားလုံးပဲ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေ တို့ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ကိုးကွယ်ရတယ် ယုံကြည်ရတယ် ဆည်းကပ်ရတယ် တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အင်မတန်မှန်ကန်တိကျတဲ့ အယူဝါဒကြီးရတယ် ဒီလိုနေတယ်။

http://www.dhammadownload.com



ဒါပေမယ့် ကိုယ်ကမသိလို့ ဒါကိုယ့်အယူဝါဒ၊ သေသေချာချာကြည့်တော့ ဘုရားကိုယ်တော်မြတ် အလိုနဲ့ ပြောင်းပြန်ပြန်နေကြ၊ ဆန့်ကျင်ဘက်ဖြစ်နေတယ်။

ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ လောကသုံးပါးဘုရားယုံကြည်စွာပွင့်လာတဲ့ အချိန်ကစ သဗ္ဗညုတရွှေဉာဏ်တော်နဲ့ ဝေဖန်ပြီးကြည့်လိုက်တဲ့အခါကျတော့ ပုဂ္ဂိုလ်လည်းမရှိ၊ သတ္တဝါလည်းမရှိ၊ ယောကျ်ား မိန်းမလည်း မရှိ၊ အသက်လိပ်ပြာလည်း မရှိ၊ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ အရာဝတ္ထုအစုစု ဘာတစ်ခုမျှမရှိဘူး၊ သေသေချာချာကြည့်ရင်၊ စောစောက ပြောတဲ့ ရုပ်အစု၊ နာမ်အစု ရုပ်တရား နာမ်တရား ဒီလိုရုပ်နာမ် ပြန်ကြည့်ပြန်တော့လည်း သဘောတရားသက်သက်၊ အတုံး အလုံး အကောင်အထည် ရှာမရဘူး၊ သဘောတရားချည်းပဲ အကုန်လုံး၊ အဲဒါဓာတ်တွေပေါင်းမိတဲ့အခါကျတော့ သဘောတရားပဲဆိုတာ ထင်ရှားပေါ်လာပါ လိမ့်မယ်။ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ်က ပုဂ္ဂလ သတ္တ အတ္တ ဇီဝဆိုတဲ့ တရားတွေ မဟုတ်ဘူး၊ နိဿတ္တနိဇ္ဇီဝသဘာဝ သတ္တဝါလည်းမဟုတ် ဇီဝလည်းမဟုတ် အသက်လိပ်ပြာလည်း မဟုတ် အကောင်အထည်လည်းမဟုတ် ကိုယ်တော်မြတ်ကဒီလိုဟောတယ်။

ဒါပေမယ့် လူ့လောက နတ်လောက ဗြဟ္မာ့လောက အန္ဓပုထုဇဉ်လောက ကြည့်လိုက်တော့ ဘုရားနဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ အယူဝါဒချင်းက ပြောင်းပြန်ပြန်နေတယ်။ အဲဒီပညာမျက်စိ မရှိတဲ့ လူ့လောက၊ နတ်လောက၊ ဗြဟ္မာ့လောကဆိုတဲ့ အန္ဓပုထုဇဉ်တွေကတော့ လူတွေရှိတယ် နတ်တွေရှိတယ် ဗြဟ္မာတွေရှိတယ် ပုဂ္ဂိုလ်သတ္တဝါတွေရှိတယ် အကောင်အထည်အထည်ဒြပ် သဏ္ဌာန်တွေရှိတယ်၊ ဒီလိုပဲယုံကြည် ယုံကြည်တော့ ဘုရားမြင်တဲ့အမြင်နဲ့ ဘုရားသိတော်မူတဲ့ အသိနဲ့ တို့လူစုတွေသိတဲ့အသိနဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)။ မတူတော့ဘူး ပြောင်းပြန် ပြန်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပြောင်းပြန်ပြန်နေတယ်၊ ဒါကြောင့် ဆန့်ကျင်ဘက်ကြီးက ဖြစ်လို့၊ အမှန်ကတော့ ကိုယ်ကတော့ စိတ်ကောင်းစေတနာကောင်း ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးအပေါ်မှာ တကယ်ကြည်ညိုတဲ့ သဒ္ဓါတရားရှိတာပေါ့၊ ဒါပေမယ့် အယူဝါဒကြည့်လိုက်တော့ ပြောင်းပြန်ပြန်နေတယ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။

စိတ်ကောင်းစေတနာကောင်းနဲ့ ဘုရား တရား သံဃာရတနာမြတ်သုံးပါးတို့၌ တကယ် ကြည်ညိုတဲ့ သဒ္ဓါရှိလောက်တယ်၊ ဒါပေမယ့် အယူဝါဒကြည့်လိုက်တော့ ပြောင်းပြန်နေတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပြောင်းပြန်တယ်ဆိုတာ ဘုရားရဲ့အယူဝါဒနှင့်မညီမျှလျှင် တော် လှန်ပုန်ကန်ရာရောက်တယ် ဒီလိုဖြစ်နေတယ်၊ တည့်ကိုမတည့်၊ ကိုယ်တော်မြတ်က အလွန်တည့် ချင်တယ်၊ ဒါကြောင့် သက်တော်ထင်ရှားရှိစဉ်ခါကာလ လေးဆယ့်ငါးဝါကာလကြာသမျှကာလပတ်လုံး

http://www.dhammadownload.com



ဆိုဆုံးမသွားတဲ့ ဘာတရားလဲဆိုတော့ ဒီတရားပါ။ ဒါ့ကြောင့် "ဓမ္မာ–နိဿတ္တ နိဇ္ဇီဝသဘာဝါ"တဲ့၊ မာတိကာပါဠိတော်ကို တိုက်ရိုက်ပြထားတယ် ဒီအမြင်ကိုမြင်စေချင်တယ်၊ "နိဿတ္တနိဇ္ဇီဝ သဘာဝါ"ဆိုတာ တခြားမဟုတ်ပါဘူး၊ ချစ်သားချစ်သမီးတို့ သတ္တဝါလည်းမဟုတ် ဇီဝလည်းမဟုတ် အသက်လိပ်ပြာလည်းမဟုတ် အကောင်အထည်လည်းမဟုတ် အထည်ဒြပ်သဏ္ဌာန်လည်းမဟုတ် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာလည်းမဟုတ် ကိုယ်တော်မြတ်က ဒီလိုပဲဟောထားတယ် အဲဒီလို သဘောလေးကို သတ္တဝါတွေကို သိစေချင်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် တို့လူစုတွေက ဒါတွေကို အထူးသဖြင့် လက်မခံနိုင်ပါဘူး၊ အကောင်အထည်တွေ မြင်နေတယ်၊ ပုဂ္ဂိုလ် သတ္တဝါတွေ မြင်နေတယ်၊ ဒါကြောင့် တောင်ကြီးမရှိဘူးလို့ဆိုတာ ဟုတ်နိုင်ပါမလားလို့ အဲဒီလိုပဲ ဂုဏ်ခံပြီးတော့ ပြောနေကြတယ်။ ဒါဘုရားအယူနဲ့မညီမျှဘူးလို့ ခေါ်တယ်၊ တစ်နည်းအားဖြင့် ဘုရားနဲ့ရန်သူလိုဒီလိုဖြစ်နေကြတယ်၊ ဘာကြောင့် အယူဝါဒမတူမျှလို့ သဘာဝမကျလို့၊ ဒါကြောင့် မိမိကိုယ်ကိုဝေဖန်နိုင်အောင်ဆိုပြီးတော့ အခြေခံစပြီးတော့ တို့ကိုယ်တို့ ပြန်ကြည့်ပါ၊ စောစောကပြောထားခဲ့တဲ့ အခြေခံဓာတ်ကြီး ပထဝီ အာပေါ တေဇော ဝါယော ဓာတ်ကြီးလေးပါးရှိတယ်၊ ၎င်းဓာတ်ကြီးလေးပါး အမှီတကဲ သဟဲပြုပြီးတော့ နောက်ကျမှဖြစ်လာတဲ့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ရှိတယ်၊ ဒီရုပ်ဓာတ်ရှစ်ပါး ရှိရမယ်၊ ပြီးတော့မှ ကျန်တဲ့ရုပ်နှစ်ဆယ်၊ ကျန်တဲ့ရုပ်နှစ်ဆယ်ကိုတော့ဖြင့် ထိုက်သင့်သလိုထည့်ထည့်လို့ တစ်ပါးချင်းတစ်ပါးချင်ဆိုသလိုပေါ့။ ဒါပေမယ့် သိပ်ပြီးတော့လိုရင်းတော့မဟုတ်ပါဘူး၊ လိုရင်းကတော့ ယခုပြနေတဲ့ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ ရုပ်ဓာတ်ရှစ်ပါးဟာ အရေးကြီးဆုံးပါ။ အဲဒီရုပ်ဓာတ်ရှစ်ပါးကို ပြတ်သားနားလည်သွားလို့ ပိုင်ပိုင်နိုင်နိုင် သဘောတရားကိုပိုင်အောင်သိသွားပြီ၊ သူ့လက္ခဏာနဲ့ သူ့ကိစ္စနဲ့၊ သူ့ပစ္စုပဋ္ဌာန်နဲ့၊ သူ့ပဒဋ္ဌာန်နဲ့ ဌာန်လေးချက် အဲဒီလို ပြတ်ပြတ် ထင်ထင်သိပြီလားဆိုမှဖြင့် မိမိတို့ဉာဏ်ထဲရှင်းရော။

ပြောင်းပြန်ပြန်နေတယ်ဆိုတာ ဘုရားအယူနဲ့မညီမျှရင် ဒါတော်လှန်ပုန်ကန်ရာရောက်တယ်၊ ဒီလိုဖြစ်နေတယ် တည့်ကိုမတည့်ချင်ဘူး၊ ကိုယ်တော်မြတ်ကလည်း အင်မတန်တည့်စေချင်တယ်၊ ဒါကြောင့် သက်တော်ထင်ရှားရှိစဉ်အခါ (၄၅)ဝါကြာသမျှကာလပတ်လုံး ဆိုဆုံးမသွားတဲ့ တရားဟာ ဘာတရားလဲဆိုတော့ဒီတရားပါပဲ။ ဒါကြောင့် ဓမ္မာ–နိဿတ္တနိဇ္ဇီဝါ ဆိုတာတခြားမဟုတ်ပါဘူး၊ ချစ်သားချစ်သမီးတို့ သတ္တဝါလည်းမဟုတ်၊ ဇီဝလည်းမဟုတ်၊ အသက်လိပ်ပြာလည်းမဟုတ်၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်လည်းမဟုတ်၊ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာလည်းမဟုတ်၊ ကိုယ်တော်မြတ်က ဒီလိုပဲဟောတယ်၊ အဲဒီသဘောလေး သိစေချင်တယ်လို့၊ သတ္တဝါများ

http://www.dhammadownload.com



ကိုနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် တို့လူစုက ဒါ့ကို လက်မခံနိုင်ဘူး၊ အကောင်အထည် မြင်နေတာ၊ ပုဂ္ဂိုလ်သတ္တဝါတွေမြင်နေတာ၊ ဒါကြောင့်တောင်ကြီးမရှိဘူး မဟုတ်ဘူးဆိုလို့ ဟုတ်နိုင်ပါ့မလားလို့။ အဲဒီလို စုန်ခံပြီးတော့ ပုန်ကန်နေကြတယ်၊ ဒါဘုရားအလိုနဲ့မညီမျှဘူးခေါ်တယ်၊ တစ်နည်းအားဖြင့် ဘုရားနဲ့ရန်သူလို့ ဒီလိုဖြစ်နေတယ်၊ ဘာဖြစ်လို့ အယူမတူမျှလို့ သဘာဝမကျဘူး။

အဲဒါကြောင့် မိမိတို့ကိုယ်ပြန်ပြီးတော့ ဝေဖန်နိုင်ရအောင်ဆိုပြီးတော့ အခြေခံကစပြီးတော့ တို့ကိုယ်တို့ပြန်ကြည့် ဘာသိ၊ စောစောကပြောတဲ့ အခြေခံဓာတ်ကြီးလေးပါး၊ ပထဝီ တေဇော အာပေါ ဝါယော ဓာတ်ကြီးလေးပါး ရှိတယ်၊ ၎င်းဓာတ်ကြီးလေးပါး အမှီသဟဲပြုပြီးတော့ နောက်ထပ် ဖြစ်လာတဲ့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ရှိတယ်၊ ဒီရုပ်ဓာတ်ရှစ်ပါး အခြေခံပဲ၊ ကျန်နှစ်ဆယ်က လိုရင်းမဟုတ် ပါဘူး၊ လိုရင်းအချက်ကတော့ ခုပြနေတဲ့ ပထဝီ တေဇော အာပေါ ဝါယော၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ ရုပ်ဓာတ်ရှစ်ပါး၊ ဒါအရေးအကြီးဆုံး အဲဒီရုပ်ဓာတ်ရှစ်ပါး ပြတ်သားနားလည်သွားလို့ ပိုင်ပိုင် နိုင်နိုင်ကြီး သဘောတရားဆိုက်အောင်သိသွားပြီ၊ သူ့လက္ခဏာနဲ့ သူ့ကိစ္စနဲ့ သူ့ပစ္စုပဋ္ဌာန်နဲ့ သူ့ပဒဋ္ဌာန်နဲ့ ဌာန်လေးချက်၊ အဲဒီတော့ ပြတ်ပြတ်ထင်ထင် မိမိတို့ဉာဏ်ထဲမြင်ပလားဆိုမှဖြင့် ဒါရူပ ပရိစ္ဆေဒဉာဏ်လို့၊ ဒီလိုခေါ်တယ်၊ ရူပပရိစ္ဆေဒဉာဏ်ဆိုတာတခြားမဟုတ်ပါဘူး၊ ရုပ်ကို ကိုယ်တော်မြတ် ဟောပြတော်မူတဲ့အတိုင်း သဘာဝကျကျနဲ့ ပိုင်းခြားထင်ထင်သိမြင်သော အသိဉာဏ်ကိုခေါ်ပါ၏၊ ဒီလိုဖြစ်ရမယ် (ဟုတ်ကဲ့ပါဆရာ)။ ရူပပရိစ္ဆေဒဉာဏ်ပြီးတော့ တစ်ခါနာမ်သွားရမယ်၊ နာမပရိစ္ဆေဒ ဉာဏ်ရမယ်၊ ပြီးတော့မှ ဒီနာမ်နှစ်ပါးပေါင်းလိုက်တော့ ခန္ဓာငါးပါးဆိုတာ နာမရူပပရိစ္ဆေဒဉာဏ် ခေါ်ပါတယ်။

ပြီးတော့မှတစ်ခါ ပစ္စယပရိဂ္ဂဟဉာဏ်လို့၊ အားလုံးခွဲလိုက်ရင် ဉာဏ်လေးဆူ၊ မခွဲဘဲထားရင် ဉာဏ်နှစ်ဆူရှိတယ်၊ နာမရူပပရိစ္ဆေဒဉာဏ်ရယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ရယ်၊ ဝိပဿနာလမ်းစဉ်က ဒီအတိုင်းသွားမယ်။ ဒါကြောင့် မနေ့ညကပြသွားတဲ့ သဘာဝအတိုင်း ဝိပဿနာလမ်းစဉ်ကတော့ ဉာဏ်အမြင်မှာ ကိစ္စတုံးတယ်တဲ့၊ မိမိတို့ဉာဏ်ထဲသိပလား၊ သိပြီဆိုမှဖြင့် ကိစ္စပြီးပါပြီ။ ဘယ်လို ကိစ္စပြီးသလဲဆိုတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသွားတဲ့ပုဂ္ဂိုလ်လည်းရသွား၊ မရသေးတဲ့ပုဂ္ဂိုလ်လည်း ပဲ နှလုံးသွင်းဖို့၊ ဆင်ခြင်ဖို့၊ စဉ်းစားဖို့၊ ပွားများဖို့ဆိုတာ ပိုင်သွားပါပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ရသွားပြီ အလုပ်လုပ်တတ်ပြီ အားထုတ်တတ်ပြီ ပွားများတတ်ပြီ မြင်တတ်ပြီ ဒီလိုသဘောအဲသလို ထဲကနေပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် တစ်မဂ်တစ်ဖိုလ်ဆိုတာ ရကောင်းတဲ့တရားပါ၊ ဒီလိုလည်း ရပါတယ်။

ဒီတော့ ဒီအခုပြနေတဲ့ ဂန္ဓဆိုတဲ့ အနံ့ရုပ်ကလေး၊ အတုံး အလုံး အခဲ အကောင်အထည်

http://www.dhammadownload.com



အထည်ဒြပ်သဏ္ဍာန်တွေ မဖြစ်ရအောင်ပေါ့။ အမှုန် အမွှား အရည် အဖတ် လေးထောင့် သုံးမြှောင် အဝိုင်း အပြား ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ် ဒီလိုပုံတွေ မထင်ရအောင်ဆိုပြီးတော့ ဂန္ဓဆိုတာ အနံ့သဘောသက်သက်ကလေးပဲ နံကျောင်းတယ်၊ နံနိုင်တယ် နံရတယ် နံတယ်ဆိုတဲ့ အနံ့သဘောတရားသက်သက်ကလေး။ ဒါဂန္ဓရုပ်၊ ဂန္ဓဓာတ်၊ မြန်မာလိုကျတော့ အနံ့ဓာတ်၊ ဩော် ဒါဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့နောက်ထပ်ပြတဲ့ ဥပါဒါနရုပ်လေးပါးမှာ နံပါတ် (၂) အနံ့ရုပ် တရားကြီးပါလားလို့ မြန်မာလိုပြန်တော့နော်၊ အဲဒါရုပ်တရားတဲ့၊ ဒီတော့ ထင်ရှားရှိတယ်ဆိုတဲ သဘာဝလည်း ရှိတယ်၊ ထင်ရှားရှိတယ်၊ တကယ်လည်း ရှိတယ်ဆိုတာလဲ တကယ်သိရမယ်၊ ဒါပေမယ့် ထင်ရှားလည်းရှိရမယ်၊ အတုံး အလုံး အကောင်အထည် ဝတ္ထုပစ္စည်းအနေနဲ့ရှိတာလား ဆိုတော့မဟုတ်ပါဘူး၊ သဘောတရားသက်သက်အနေအားဖြင့်ရှိတယ်၊ ဒီလိုနားလည်ရမယ် အဲဒီအရှိကမှ တကယ်အရှိကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အတုံး အလုံး အခဲ အကောင်အထည် ဝတ္ထုပစ္စည်းအနေအားဖြင့် ရှိတာကတော့ တကယ်ရှိလားဟ (မဟုတ်ပါဘူးဆရာ)။ ဘာဖြစ်တာတုန်း (ပညတ်ရှိပါတယ်ဆရာ)။

ဩော် ပညတ်ရှိတာ၊ လောကသမုတ်ထားတဲ့ ပညတ်တွေနော် (ဟုတ်ကဲ့ပါဆရာ)။ တကယ်ရှာကြည့်တော့ ရှိရဲ့လား (မရှိပါဘူးဆရာ)။ မရှိဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါကြောင့် တို့မနေ့ညကပြတဲ့ သနပ်ခါးတုံးလိုပေါ့၊ သနပ်ခါးတုံးရှိတယ်ဆိုတဲ့အရှိကတော့ ဒါဝတ္ထုပစ္စည်း တစ်ခုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဝတ္ထုပစ္စည်းတစ်ခုအနေနဲ့ သူမြင်ငါမြင်ပကတိမျက်စိနဲ့ ကြောင်တောင်ကြီးမြင်နေတဲ့ ဝတ္ထုပစ္စည်းဟာ ဒါလူတစ်ရာမှာကိုးဆယ့်ကိုးယောက်ကတော့ တကယ် ယုံကြည်တယ်၊ သနပ်ခါးတုံးရှိတာပေါ့ ရှိလို့ ဒီမှာကိုင်ကြည့် ကြည့်သိမြင်ပေါ့၊ အတုံး အလုံး အခဲ ဒီလိုပဲ စိတ်ထဲစွဲတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒါဓာတ်လေးပါး၊ ဓာတ်ရှစ်ပါးနဲ့ခွဲလိုက်တဲ့ အခါကျတော့ သနပ်ခါးတုံးကြီးပျောက်၊ ဘာမှမရှိဘူး သူ့သေသေချာချာ စမ်းသပ်ကြည့်မယ်ဆိုရင် ပထဝီရှိမယ် အာပေါရှိမယ် တေဇောရှိမယ် ဝါယောရှိမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏရှိမယ် ဂန္ဓရှိမယ် ရသရှိမယ် ဩဇာရှိမယ် ဒီရုပ်ဓာတ်ရှစ်ပါးပေါင်းစုပြီးဖြစ်နေတဲ့သဘာဝ သဘောမျှ သက်သက်တဲ့။

သနပ်ခါးတုံးက ဉာဏ်အမြင်နဲ့ ဆင်ခြင်ကြည့်ရင် လုံးဝပျောက်သွားတယ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ ပါဆရာ)။ ပျောက်ရမယ် ဒါဓာတ်ရှစ်ပါးမစုံသေးတော့ မပျောက်သေးဘူးပေါ့၊ စုံလာတဲ့အချိန်ကျတော့ တကယ်ပျောက်ပြီ၊ တကယ်ပျောက်တော့ ဘာရောက်လာလဲဆိုတော့ သဘောရှစ်ခု ပေါင်းစုပြီး နေတယ်ဆိုတဲ့ သဘောတရားတွေ မြင်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အတုံးလည်းရှာမရ၊

http://www.dhammadownload.com



အလုံးလည်း ရှာမရ၊ အခဲလည်း ရှာမရ၊ ဝတ္ထုပစ္စည်း အမှုန် အမွှား အရည် အဖတ် အဖြူ အပြာ အဝါလည်း လုံးဝရှာရစရာအကြောင်းမရှိပါဘူး၊ ဘာမှုမရှိဘူး ဘာဖြစ်လို့ရှာမရ ဘာမှမရှိလို့ရှာမရ နဂိုကတည်းကမရှိပါဘူး၊ ဒါဖြင့် သနပ်ခါးတုံးရှိတယ်ဆိုတာ ယုံကြည်နေတဲ့အသိက ဒါဘာအသိခေါ်လဲ ဆိုရင်မိစ္ဆာအသိခေါ်တယ် အမှားတွေသိနေတယ် မရှိဘဲနဲ့ရှိတယ်လို့သိထားတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါမိစ္ဆာဒိဋ္ဌိပဲ၊ အယူကျတော့လည်းပဲ ရှိတယ်လို့ယူရင် မိစ္ဆာအယူ ခေါ်တယ် ဒါမိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိကိလေသာပဲနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါ့ကြောင့် ဟောဒီ မွှေးတယ် နံတယ် မွှေးတယ် သင်းတယ် လှိုင်တယ် ကြိုင်တယ် ပုပ်တယ် ဟောင်တယ် စပ်တယ် နံတယ် စော်တယ် ဒါကတော့ အရပ်သုံးအနေအားဖြင့် နှစ်မျိုးခွဲထားတယ် မွှေးတယ် သင်းတယ် လှိုင်တယ် ကြိုင်တယ် ပျံ့တယ် အေးတယ်ဆိုတဲ့ သဘောလေးကတော့ ဒါကောင်းတဲ့အနံ့သုံး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ပုပ်တယ် ဟောင်တယ် နံတယ် စပ်တယ် စော်တယ်ဆိုတာကျတော့မကောင်းတဲ့အနံ့သုံး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် ကောင်းတဲ့အနံ့ဖြစ်စေ၊ မကောင်းတဲ့အနံ့ဖြစ်စေ ဒါလဲပဲမေးတော့ ဒါအနံ့ရုပ်ပဲ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါအနံ့ရုပ်ကြီး မဟုတ်လား (အနံ့ရုပ်ပါဆရာ)၊ အေး အေး ဒါဖြင့် ခုနပြောတဲ့ မွှေးတယ် နံတယ် ဒီစကားနှစ်မျိုး၊ မွှေးတယ်ဆိုရင် ကောင်းတဲ့ဘက်သုံးတယ် နံတယ်ဆို မကောင်းတဲ့ဘက်သုံးတယ်၊ ဘယ်လိုပဲသုံးသုံး ဒီမွှေးတာရောနံတာရော သေသေချာချာကြည့်ရင် မင်းတို့ငါတို့ရဲ့နှာခေါင်းအတွင်း မျက်မှောင်ကြား သန်းဦးခေါင်းပမာဏလောက်၊ ဆိတ်ခွာသဏ္ဌာန် ရှိတဲ့၊ လွန်ခဲ့သောအတိတ်ဘဝကကံက စီမံပေးလိုက်တဲ့ ကမ္မဇပသာဒအကြည်ရုပ်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ကမ္မဇက ကံကြောင့်ဖြစ်တာ၊ ပသာဒက အကြည်ရုပ်ခေါ်တယ်၊ အဲဒီကံကြောင့် ဖြစ်လာတဲ့ ကမ္မဇပသာဒခေါ်တဲ့ အကြည်ရုပ်ကလေးဟာ သဏ္ဌာန်ကတော့ ဆိတ်ခွာသဏ္ဌာန်၊ ပမာဏ ကတော့ လက်သည်းခွံပမာဏကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဆိတ်ခွာသဏ္ဌာန်လေး၊ အဲဒါ အင်မတန် နူးညံ့သိမ်မွေ့တဲ့ မွှေးညှင်းကလေးနဲ့ရှင်သန်ပြီးတော့ ပေါက်လို့နေတယ်။ ဒါကတော့ ဒီမွှေးညှင်း ကလေးတွေ ရှင်သန်ပြီးပေါက်နေတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဒီက အနံ့တို့ဘာတို့ ဝါယော ဓာတ်နဲ့လှိုင်ပြီးတော့ဝင်လာတဲ့အခါကျတော့ အမှုန်အမွှားလေးတွေ အန္တရာယ်တွေ ကာကွယ်ဖို့ ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် ဒီအကြည်ရုပ်ကလေးက ဘာနဲ့သဏ္ဌာန်တူလဲဆိုတော့ မှန်ပြင်ကလေးပါပဲ၊ ပသာဒ ကြည်လင်ခြင်း ဟောထားတယ်၊ ဘယ်သူတွေ ကြည်လင်နေတာလဲဆိုတော့ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ မဟာဘုတ်လေးပါး စုပေါင်းပြီးဖြစ်ပေါ်နေတဲ့ ရုပ်တရားမှာကြည်နေတယ် နော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ ကြည်လင်နေတယ်၊ အဲဒီလိုကြည်လို့ မှန်ပြင်လေးလိုနေတာပေါ့၊ ဒါကြောင့် အရိပ်လာထင်တာပေါ့၊ ဘာအရိပ်တုန်း အနံ့ရိပ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ မင်းတို့ငါတို့ ကိုယ်မှာရှိတဲ့ မျက်စိမှာရှိတဲ့အကြည်မှုန်၊ နားမှာရှိတဲ့အကြည်မှုန်၊ နှာခေါင်းမှာရှိတဲ့အကြည်မှုန်၊ လျှာမှာရှိတဲ့အကြည်မှုန်၊ ကိုယ်မှာရှိတဲ့အကြည်မှုန်၊ အဲဒါတွေက လွန်ခဲ့တဲ့အတိတ်ဘဝက ကံပြုပြင်ပေးလိုက်တဲ့ ကမ္မဇပသာဒဆိုတဲ့ အကြည်မှုန်ချည်းပဲ၊ ဒါဖြင့် ဒီမှုန်တွေက ကြည်လင် ပြတ်သားတဲ့သဘောရှိတော့ အပြင်ဘက်ကအရိပ်တွေလာလာထင်ကြ တိုးကြ တိုက်ကြ ခိုက်ကြ ထိကြတယ်။

ဒါဖြင့် ကောင်းပြီ၊ အခု ဃာနပသာဒဆိုတဲ့ မျက်မှောင်အကြားမှာ နှာခေါင်းအတွင်းမှာ ထင်ရှားရှိတယ်ဆိုတဲ့ ဆိတ်ခွာသဏ္ဌာန် ကမ္မဇအကြည်မှုန်ကလေးကို လာပြီး တိုးတာ တိုက်တာ ခိုက်တာ ဘယ်သူလဲလို့မေးတော့ ဂန္ဓဆိုတဲ့အနံ့ရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူပဲတဲ့၊ သူရဲ့သတ္တိ၊ ဒီတော့ ဒီနေရာမှာ ဒါဖြင့်ကောင်းပါပြီ၊ ဒီဂန္ဓဆိုတဲ့အနံ့ရုပ်ဟာ သေသေချာချာကြည့်လို့ရှိရင် မနေ့ညက ပြတဲ့အတိုင်း သနပ်ခါးတုံးနဲ့ယှဉ်ပြီးတော့ ပညတ်တွေ ဖျောက် ဖျောက် ပြီးတော့ အနံ့ဆိုတဲ့ သဘောလေးသက်သက် ရောက်နေတယ်၊ ဒါဖြင့် ဒီအနံ့ဆိုတဲ့ နံ့ကောင်းတဲ့သဘောတရားလေးဟာ ဒါဂန္ဓရုပ်ပဲဆိုတော့ ဒီအနံ့ဆိုတဲ့ ဂန္ဓရုပ်သဘောတရားလေးကို သေသေချာချာကြည့်စမ်းပါ၊ ပကတိ မျက်စိနဲ့ကြည့်လို့ မြင်ပါ့မလား (မမြင်ပါဘူးဆရာ)။ ကိုင်လို့ရော ရပါ့မလား (မရပါဘူးဆရာ)။ ယူလို့ရော ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အဖြူ အပြာ အဝါ မေးတော့ရော (မဖြစ်ပါဘူး ဆရာ)။ မပြောတတ်ဘူး ဟုတ်လား (မပြောနိုင်ပါဘူးဆရာ)။ ဒါဖြင့် အမှုန် အမွှား အရေ အဖတ် ရော (မပြောနိုင်ပါဘူးဆရာ)။ လေးထောင့် သုံးမြှောင့် အဝိုင်း အလျားနဲ့ မေးတော့ရော (မပြော နိုင်ပါဘူးဆရာ)။ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ်မေးတော့ရော (မပြောတတ်ပါဘူးဆရာ)။ အကောင်အထည်နဲ့ မေးတော့ရော (မပြောနိုင်ပါဘူးဆရာ)။ ဘယ်သူမှမပြောနိုင်ဘူးပေါ့ (ဟုတ်ကဲ့ ပါဆရာ)။ ရှိတော့ ရှိတယ်လား (ရှိပါတယ်ဆရာ)။ ဘယ်လိုရှိတာလဲ (သဘောတရားသက်သက် ကလေးရှိပါတယ်ဆရာ)။ အေး သဘောတရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီ သဘောတရားသက်သက်ကလေးပဲဆိုတော့ မျက်စိနဲ့လည်းမမြင်ကောင်းဘူး၊ ကိုင်လို့လည်းမဖြစ်ဘူး၊ ယူလို့လည်းမရဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အတုံး အလုံး အခဲ မဟုတ်ဘူး၊ အမှုန် အမွှား အရည်အဖတ်လည်း မဟုတ်ဘူး၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ်လည်း မဟုတ်ဘူး။

ဒီလိုဆိုတော့ တို့ကဒီဂန္ဓရုပ်ကိုသိဖို့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)။ အင်မတန်ခက် ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်လိုပြရမှန်းကို မသိသလောက်ဖြစ်နေတယ်၊ ဟုတ်ကဲ့လား

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဂန္ဓရုပ်ဆိုတာ ဘယ့်နှယ့်နေတယ်ကွ၊ တို့ဘုရားကိုယ်တော်မြတ် ဟော သွားတာ၊ ဂန္ဓဆိုတဲ့ အနံ့ရုပ်တရားကြီးဟာ ဘယ်လိုနေတယ်ကွလို့ အပြရမလွယ်ဘူးတဲ့၊ အင်မတန် ခက်တယ်၊ ခက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ခက်တော့ ကိုယ်တော်မြတ်က အဲဒီလောက်တောင် အပြရအင်မတန်ခက်တဲ့ နက်နဲတဲ့ ဒေသနာတစ်ရပ်ကဖြစ်နေတော့ အမှတ်အသားလွယ်စေခြင်း အကျိုးငှာဆိုပြီးတော့ မှတ်စရာလက္ခဏာပေးထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မှတ်ထားကြတဲ့ သူ့တွေ့လို့ရှိရင် ဂန္ဓပဲလို့သိ၊ ဂန္ဓပဲလို့နားလည်ကြ၊ ဘယ်လိုပါလိမ့်၊ အမှတ်ကလေးက အမှတ်လက္ခဏာလေးကဘယ့်နှယ့်လဲ (နံ့ကောင်းတယ် နံ့နိုင်တယ် နံ့ရတယ် နံ့တယ်ဆိုတဲ့) ဒါက အနံ့သဘောငါပြောတာ၊ အဲဒီအနံ့သဘောတရားလေးရဲ့ အဓိပ္ပာယ်ကိုပြောတာ၊ အဲဒီအနံ့လေးကို သိချင်တာ၊ ဘယ်လိုမှတ်ရမယ်၊ မနေ့ညက နောက်ဆုံးပြသွားတာ မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)။ ဘယ့်နှယ့် ဘယ့်နှယ့် လုပ်စမ်းပါဦး (နှာခေါင်းအတွင်း၌ ဆိတ်ခွာသဏ္ဌာန်ရှိသော ပသာဒအကြည်ရုပ်ကလေးကို တိုးမိ၊ ခိုက်မိ၊ တိုက်မိလို့ဖြင့် အနံ့လက္ခဏာပါဆရာ)။

ဪ ဒီနှာခေါင်းအတွင်းမှာရှိတဲ့ ဆိတ်ခွာသဏ္ဌာန်ရှိတဲ့ ကမ္ဗဇအကြည်မှန်ကလေးကိုကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီအကြည်မှန်ကလေးလာတိုးလိုက် တိုက်လိုက်ရင် ဒါဂန္ဓပဲ၊ ဒီလိုလား (ဟုတ် ကဲ့ပါဆရာ)။ ဪ တိုးလိုက် တိုက်လိုက်မယ်၊ ထိလိုက် ခိုက်လိုက်မယ်ဆိုရင် ဒါဂန္ဓရုပ်ပဲ ဒီလို သိတာ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ ဒါပဲ ကိုယ်တော်မြတ်က မှတ်စရာ ပေးထား ဒီလိုသိပါတဲ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟိုမျက်စိတုန်းကလည်း ဝဏ္ဏာဓာတ် တုန်းကလည်းငါပြခဲ့တယ်၊ စက္ခုပသာဒ အကြည်မှန်လေးလာပြီး တိုးတယ် တိုက်တယ် ထိတယ် ခိုက်တယ်ဆိုရင်ဝဏ္ဏာဓာတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သိပြီပေါ့နော် (သိပါတယ်ဆရာ)။ ဒါပေမယ့် တိုးတာ တိုက်တာ ခိုက်တာတော့ မသိဘူးပေါ့ကွ၊ မသိပေမယ့် တိုးရင် တိုက်ရင် ခိုက်ရင် ဘာပေါ်လာလဲကွ၊ ခုနမျက်စိတုန်းက ငါပြောတာ (စိတ်ပေါ်လာပါတယ်ဆရာ)။ ဒီတော့ စက္ခုပသာဒ အကြည်မှန်ကလေးမှာ အဆင်းရုပ်ကလာတိုက်လိုက်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်လိုက်ရင် ဘာလေးပေါ်လာလဲ (စိတ်ကလေးပေါ်လာတယ်ဆရာ)။

အေး အေး အဲဒီစိတ်ကလေးက သိတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေး ပေါ်လာတော့ ဒီစိတ်ကလေးက စက္ခုဝိညာဏ်စိတ်မြင်တယ် သိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ ပါဆရာ)။ ဪ အဲဒီလို သိလိုက်ရင် မြင်လိုက်ရင် ဒါဝဏ္ဏာရုပ်ပဲလို့ မသိနိုင်ဘူးလား (သိပါ တယ်ဆရာ)။ ပထမစက္ခုဝိညာဏ်စိတ်ကလေး မပေါ်ခင်တုန်းကတော့ မင်းမျက်လုံးလာပြီးတော့ စက္ခုပသာဒအကြည်မှန်ကလေး ဝဏ္ဏာရုပ်လာတိုက်တာ မင်းသိပါ့မလား (မသိပါဘူးဆရာ)။ မသိဘူး

http://www.dhammadownload.com



ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် တိုက်လိုက်ရင် ဘာပေါ်လာလဲ (စိတ်ကလေးပေါ်လာပါတယ် ဆရာ)။ ကြော် စိတ်ကလေးပေါ်လာတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေးက သိတယ်လား (သိပါတယ်ဆရာ)။ ကြော် လာတိုးတဲ့တိုက်တဲ့ ဝဏ္ဏအဆင်းရုပ်ကလေး သူသိပြီ ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမြင်စိတ်ကလေး ခေါ်တာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ စက္ခုဝိညာဏ် ငါမြင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒီတော့ ကြော် ငါ့မျက်စိမြင်တာ ဝဏ္ဏပဲလို့ဆိုတော့ တုံးတွေ တိုင်တွေ ပုဂ္ဂိုလ်သတ္တဝါတွေ အဖြူ အပြာ အဝါတွေ ခွဲစရာလိုသေးလား (မလိုပါဘူးဆရာ)။ ဒီပမာလိုပါပဲကွ၊ မနေ့ညကငါပြသွားတဲ့ နောက်ဆုံးလက္ခဏာလေးတစ်ခု ချုံ့ရှိသေးတယ်၊ "ဃာနပဋိဟနနလက္ခဏော ဂန္ဓော" (အဋ္ဌသာလိနီ၊ စာပိုဒ်၊ ၆၂၈) ဂန္ဓော– အနံ့ရုပ်သည်၊ ဃာနပဋိဟနနလက္ခဏော–ဃာနပသာဒခေါ်တဲ့ ကမ္ဘဇခေတ်မှန် အကြည်ရုပ်ကလေးကို ထိခိုက်ခြင်းလက္ခဏာရှိ၏၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ကြော် ဒါနဲ့ အပြင်ကလာတဲ့ အနံ့ကလေးဟာ အနံ့ရုပ်ကလေးဟာ ဒီဃာနပသာဒ ဆိတ်ခွာ သဏ္ဌာန်ဆိုတဲ့ ကမ္ဘဇခေတ်မှန်လေးလာတိုက်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်တော့ မင်းတိုက်မှန်းသိရဲ့လား (မသိပါဘူးဆရာ)။ မသိဘူးလား ဘယ်တော့သိမလဲ (စိတ်ကလေးက လာသိပါတယ်ဆရာ)။ ကြော် တိုက်လိုက်တော့ ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာပါတယ် ဆရာ)။ ကြော် စိတ်ကလေးပေါ်လာတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီစိတ်ကလေးက သိတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ငါ့နှာခေါင်းလာတိုးတာ၊ ဒါအနံ့ပဲ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေး ဘာစိတ်ခေါ်ပါလိမ့် (ဃာနဝိညာဏ်စိတ်ပါဆရာ)။ ကြော် ဃာနဝိညာဏ်စိတ် (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဃာနဝိညာဏ်စိတ်၊ စိတ်ကအာရုံနှင့်တစ်ခုတည်း မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး စိတ်ဆိုတာဟာ အာရုံကို သိတတ်တာစိတ်လို့ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အာရုံကိုသိတတ်တာ စိတ်လို့ခေါ်တော့ မင်းတို့စဉ်းစားကြည့်ပေါ့၊ စိတ်ဆိုတာ အလကားဖြစ်လာတာ မဟုတ်ဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ အာရုံတစ်ခုပေါ်လာမှစိတ်ပေါ်လာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကြည့်လေ ယခု မင်းဂန္ဓ ဆိုတဲ့ အနံ့ရုပ်၊ အဲဒီဂန္ဓဆိုတဲ့ အနံ့ရုပ်တည်းဟူသော အာရုံတစ်ခုက ဒီဂန္ဓပသာဒဆိုတဲ့ ကမ္ဘဇ ခေတ်မှန်လေး လာမတိုက်ဘဲနဲ့ အခုပြောတဲ့ ဃာနဝိညာဏ်စိတ်ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ဟော မဖြစ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ကြော် ဒါဖြင့် ဂန္ဓဆိုတဲ့အနံ့ရုပ်က ဃာနပသာဒ အကြည်မှန်ကလေး တိုက်လိုက်တော့ သူဖြစ်လာတယ် ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ အေး ဖြစ်လာ ဒီမှ စိတ်ကလေးပေါ်တယ်။

http://www.dhammadownload.com



## စိတ်ဆိုတာ အာရုံနှင့် မကင်းကောင်း

ဒါကြောင့်စိတ်သည် အာရုံနဲ့ကင်း၍ မဖြစ်ကောင်းသောတရား ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ စိတ်သည်အာရုံနှင့်ကင်း၍ မဖြစ်ကောင်းသောတရား၊ ဒါပေမယ့်ကွယ် စိတ်လို့ဟောထားတာ ဘာဖြစ်လို့စိတ်လို့ခေါ်ပါလိမ့်၊ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" အာရမ္မဏံ-အာရုံကို၊ စိန္တေတိ-ကြံတတ် သိတတ်၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ စိတ္တံ-စိတ်တည်း ဆိုတော့ အာရုံကို သိတတ်တာ စိတ်ခေါ်ပါတယ်ဆိုတော့ အာရုံမှမပေါ်လာဘဲနဲ့ ဒီစိတ်ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ အေး အာရုံသိမှုလေးက စိတ်ခေါ်ပါတယ်၊ ဒါဖြင့်ရင် စိတ်သည် အာရုံမရှိဘဲနဲ့တော့ အလကားမဖြစ်ပါနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ်တော့မှ မဖြစ်ဘူး၊ ဒါ့ကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်တဲ့အတွက် ရူပါရုံပေါ်လာပြီ၊ သောတနားမှာ သောတဝိညာဏ်စိတ်ဖြစ်တယ်ဆိုတာ အသံပေါ်လာပြီ၊ အာရုံတွေ အာရုံတွေနော် (ဟုတ်ကဲ့ပါဆရာ)။ နှာခေါင်း ဃာနဝိညာဏ်စိတ် ဖြစ်တယ်ဆိုတာ အနံ့တွေပေါ်လာပြီ၊ လျှာမှာ ဇိဝှါဝိညာဏ်စိတ်ဖြစ်တယ်ဆိုတာ အရသာတွေပေါ်လာပြီ၊ ကိုယ်မှာ ကာယဝိညာဏ်စိတ် ဖြစ်တယ်ဆိုတာ အသိစိတ်တွေပေါ်လာ အာရုံတွေနော် (ဟုတ်ကဲ့ပါဆရာ)။

ဟိုဝမ်းတွင်းမှာ ဟဒယဝတ္ထုကိုမှီနေတဲ့ မနောဓာတ် မနောဝိညာဏဓာတ်ဆိုတာ ဒီစိတ်ကလေး ဖြစ်ပြန်တော့ ဓမ္မာရုံဆိုတဲ့အာရုံကလေးပေါ်လာပြန်ပြီ ဒီလိုနေရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့်ရင် ဒီစက္ခုရယ်, သောတရယ်, ဃာနရယ်, ဇိဝှါရယ်, ကာယရယ်, မနရယ်, မျက်စိရယ်, နားရယ်, နှာခေါင်းရယ်, လျှာရယ်, ကိုယ်ရယ်, စိတ်ရယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီခြောက်ခုတို့နှင့် တို့လူစုတွေက စခန်းသွားနေကြတာ၊ အဲဒီခြောက်ဌာနမှာ အာရုံတစ်ခုပေါ်လာရင်း စိတ်တစ်ခု ဖြစ်လိုက်ရင်း၊ အာရုံတစ်ခုပေါ်လာရင်း စိတ်တစ်ခုဖြစ်လိုက်ရင်း ဒီလိုသွားနေတယ် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိဖြစ်တော့ စက္ခုဝိညာဏ်စိတ်၊ နားမှာဖြစ်ရင် သောတဝိညာဏ်စိတ်၊ နှာခေါင်းမှာဖြစ်ရင် ဃာနဝိညာဏ်စိတ်၊ လျှာမှာဖြစ်ရင် ဇိဝှါဝိညာဏစိတ်၊ ကိုယ်မှာဖြစ်ရင် ကာယဝိညာဏ်စိတ်၊ ဟိုစိတ်ကလေးသန့်သန့်မှာဖြစ်တော့ မနောဝိညာဏ်စိတ် ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။

အဲဒါ ဝိညာဏ်ခြောက်ပါးခေါ်တယ်၊ ဝိညာဏဓာတ်ခြောက်ရပ်တဲ့၊ မြန်မာလိုပြောတော့ သိမှုခြောက်ခု ခေါ်တယ်။ အဲဒီခြောက်ဌာနက တို့လူစု တစ်ခုချင်းတစ်ခုချင်း တစ်လဲစီတစ်လဲစီ သူပြီးငါ၊ ငါပြီးသူ ဒီခြောက်ဌာန ပြောင်းလဲပြောင်းလဲသိနေတဲ့ အသိခြောက်ပါးနဲ့ လူ့လောကကြီးမှာ ငါလူတစ်ယောက်ပဲလို့ စခန်းသွားနေတာနော် (ဟုတ်ကဲ့ပါဆရာ)။ နတ်ဖြစ်ရင်လည်း ဒါပဲ၊ ဗြဟ္မာ ဖြစ်ရင်လည်း ဒါပဲ၊ ဒီအတိုင်းသွားနေကြတာ၊ ခွေး ဝက် ငှက်တွေလည်း ၎င်းနည်းအတိုင်းပဲ၊ ဒီခြောက်ဌာနကြီး၊ ဒီတော့ ခြောက်ဌာနဖြစ်ပေါ်လာတဲ့ အာရုံကလေးတွေဟာ အာရုံကလေးတစ်ခု

http://www.dhammadownload.com



ဖြစ်လာလိုက်ရင်း ဒီသိစိတ်ကလေးပေါ်လာရင်း၊ အာရုံတစ်ခုဖြစ်လာရင်း သိစိတ်ကလေးပေါ်လာရင်း၊ ဒါ့ကြောင့် ဒီစိတ်ကလေးကို ပေါ်လာတဲ့အာရုံကို သိတတ်သည့်သဘောဖြစ်ပါသောကြောင့် အာရုံသိသောစိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အာရုံမသိဘဲနဲ့ စိတ်ပေါ်ပါ့မလား (မပေါ်လာပါဘူးဆရာ)။ ဒါကြောင့် ခုလည်းကြည့်လေ ဃာနပသာဒ အကြည်မှုန်ကလေး ဆိတ်ခွာသဏ္ဍာန်နော် (ဟုတ်ကဲ့ပါဆရာ)။ မဟာဘုတ်လေးပါး ကြည်တယ်တဲ့၊ အဲဒီကြည်လင်ပြတ်သားတဲ့ ကမ္ဗဇဓာတ်မှုန်လေး၊ ဂန္ဓဆိုတဲ့ အနံ့ရုပ်ကဝင်တိုက်တယ် မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)။

မနေ့ညက ငါပြောတဲ့အတိုင်း၊ ဟိုလေညာကနေ ငါးကြော်တယ် လေအောက်ထိုင်နေနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာစော်နံ (ငါးကြော်စော်နံပါတယ်ဆရာ)။ အဲဒီနံတယ်ဆိုတာ ဘာတုန်း (ဂန္ဓအနံ့ရုပ်ပါဆရာ)။ အေး အေး အဲဒီအနံ့ရုပ် မင်းနှာခေါင်း လက်နဲ့ပိတ်ထားရင် လာတိုက်ရဲ့လား (မတိုက်ပါဘူးဆရာ)။ ဟော မတိုက်နိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ တိုက်သေးရဲ့လား (မတိုက်ပါဘူးဆရာ)။ မတိုက်ဘူး ဘယ်တိုက်မတုန်းကွ မင်းနှာခေါင်းပိတ်ထားတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဖွင့်ထားစမ်းပါလား လာတိုက်တယ်ဟုတ်လား (တိုက်ပါတယ်ဆရာ)။ အဲ ခုနငါပြောတဲ့ မျက်မှောင်ကြားလောက်မှာရှိတဲ့ ဆိတ်ခွာသဏ္ဍာန်ဆိုတဲ့ ကမ္ဗဇအကြည်မှုန်ကလေး၊ အဲဒီနံတယ်ဆိုတဲ့ အနံ့ရုပ်လာတိုက်တယ်၊ မတိုက်ဘူးလားကွ (တိုက်ပါတယ်ဆရာ)။ ဂန္ဓဓာတ်ကလာတိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မထင်ရှားဘူးလားကွ (ထင်ရှားပါတယ်ဆရာ)။ အေး အေး နံလိုက်တာ၊ ညှော်လိုက်တာ ဒီလိုကွနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းကသိပြီ မသိဘူးလား (သိပါတယ်ဆရာ)။ သိမှာပေါ့ကွယ်၊ ဟိုက အနံ့ရုပ်ကလေးကလည်း ဆိတ်ခွာသဏ္ဍာန်ဆိုတဲ့ ကမ္ဗဇဓာတ်မှုန်ကလေးနဲ့ လာတိုက်လိုက်ရော သိစိတ်ကလေးက ဖွားခနဲပေါ်လာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အဲဒီသိစိတ်ကလေးကသိလိုက်တာပါ ဃာနဝိညာဏ်စိတ်၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး အဲဒီလိုစိတ်ကလေးပေါ်လာတော့ တိုက်တာနဲ့ စိတ်ကလေးပေါ်တာနဲ့ မရှေးမနှောင်းပါနော် (ဟုတ်ကဲ့ပါဆရာ)။ တိုက်တာနဲ့ စိတ်ကလေးပေါ်လာတာနဲ့ မရှေးမနှောင်း ဘယ့်နှယ့်နေတုန်း၊ စည်နဲ့လက်ခတ်လို ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ လက်ခတ်နဲ့စည်တီးလိုက်ရင် အသံထွက်တယ်ဟုတ်လား (ထွက်ပါတယ်ဆရာ)။ တီးတာနဲ့တစ်ပြိုင်နက် အသံပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)။ ဒီပမာလိုပါပဲ၊ ဒီအသံသည် လက်ခတ်သံစွဲ၍ ဖြစ်သည်မဟုတ်၊ စည်မျက်နှာပြင်မှာစွဲဖြစ်တဲ့အသံမို့လို့၊ သူစွဲဖြစ်တဲ့နေရာလေး အမည်တပ်ခေါ်တယ် စည်သံဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လက်ခတ်မှာ အသံမှီဖြစ်မယ်ဆိုရင် လက်ခတ်သံလို့ ခေါ်မှာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ လက်ခတ်မှာအသံမှီဖြစ်မယ်ဆိုရင် လက်ခတ်သံလို့ ခေါ်မှာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



လက်ခတ်သံခေါ်တာရောရှိလား (မရှိပါဘူးဆရာ)။ ဘာသံခေါ်တုန်း (စည်သံခေါ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ စည်သံခေါ်ပါလိမ့် (စည်မျက်နှာပြင်စွဲဖြစ်လို့ စည်သံခေါ်ပါတယ်ဆရာ)။ အေး အေး ဟုတ်ပြီ၊ စည်မျက်နှာပြင်စွဲဖြစ်တယ် မှီဖြစ်တယ်၊ ဒါကြောင့် သူ့မှီဖြစ်တဲ့ အမည်လေးတပ်ခေါ်တယ်၊ စည်သံလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကိုင်း ခုလည်းလာပြီကွာ၊ ခုနငါပြောတဲ့ ဃာနပသာဒ၊ အကြည်မှုန်ကလေးကို ဟိုးအညာက ငါးကြော်နေတဲ့အညှော်နံ့ ဂန္ဓရုပ်ကဝင်တိုက်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်လိုက်တော့ ဘာကလေးပေါ်လာ (စိတ်ကလေး ပေါ်လာပါတယ်ဆရာ)။

ဩော် စိတ်ကလေးပေါ်လာ (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကလေးရှိုးရှိုးနော်၊ ပေါ်လာတော့ ဒီစိတ်ကလေး ဘာစိတ်ခေါ်ပါလိမ့် (ဃာနဝိညာဏ်စိတ်ခေါ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ စိတ်ကလေး ရှိုးရှိုး ဃာနဝိညာဏ်လို့တပ်တာတုန်း၊ ဟော သူ့ဥပမာနဲ့ဥပမေယျ နားမလည်းဘူး၊ ခုန စည်သံတုန်းက ဘာဖြစ်လို့ စည်သံခေါ်တုန်း (စည်ရဲ့မျက်နှာပြင်မှာတိုက်လိုက်လို့ စည်သံခေါ်ပါတယ်ဆရာ)။ ဩော် ဒီအသံက စည်မျက်နှာပြင်တည်ဖြစ်တယ်၊ လက်ခတ်တည်ဖြစ်တာမဟုတ်ဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အခုရော ဒီစိတ်ကလေးက ဘယ်မှီဖြစ်တာလဲ (ဆိတ်ခွာသဏ္ဌာန်ရှိတဲ့ ပသာဒ အကြည်ရုပ်မှီဖြစ်ပါတယ်ဆရာ)။ ဃာနပသာဒမှီဖြစ်တယ် (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဖြင့် သူ့မှီဖြစ်တဲ့ နာမည်လေးတပ်ပေါ့ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဘယ့်နှယ့်တပ်မလဲ ဟော ဒုက္ခမှ အကြီးစား (မရှင်းလို့ပါဆရာ)။ လက်ခတ်နဲ့စည်နဲ့ထိမှုအတွက်ကြောင့် အသံပေါ်လာတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအသံ ဘာသံခေါ်တုန်း (စည်သံခေါ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ လက်ခတ်သံ မခေါ်တုန်း (စည်မျက်နှာကိုစွဲပြီးတော့ဖြစ်တဲ့အတွက် စည်သံခေါ်ပါတယ်ဆရာ)။ ဒီအသံဟာ စည်မျက်နှာကိုမှီဖြစ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး သူ့မှီဖြစ်တဲ့စည်ရဲ့ နာမည်လေး တပ်ခေါ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် စည်သံဟုတ်လား (စည်သံပါဆရာ)။

တို့ဂန္ဓဆိုတဲ့ အနံ့ရုပ်နဲ့ဃာနပသာဒဆိုတဲ့ အကြည်ရုပ်ကလေးတိုက်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်တော့ ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ ဩော် စိတ်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ရှိုးရှိုးနော် (ဟုတ်ကဲ့ပါဆရာ)။ ကောင်းပါပြီ၊ ဒီစိတ်ကလေး ဘာကြောင့် ဃာနဝိညာဏ်စိတ်ခေါ်တုန်း (ဆိတ်ခွာသဏ္ဌာန်ရှိတဲ့ ပသာဒအကြည်ရုပ်ကလေးကို စွဲပြီး ဖြစ်တဲ့အတွက်ပါဆရာ)။ ဩော် ဒီဃာနပသာဒရုပ်ကလေးကို မှီဖြစ်လို့ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီစိတ်ကလေးက (ဟုတ်ကဲ့ပါဆရာ)။ ဩော် လာတိုက်တဲ့ဂန္ဓဆိုတဲ့အနံ့ရုပ်ကိုတော့ မှီမဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ အေး အေး ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ နားရောလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ သူ့မေးရင် နားမလည်တာကိုမရှိဘူး၊ ခု ရရောပေါ့ တပည့်ရ

http://www.dhammadownload.com



ပုံစံတစ်ခုရရင်သွားရောပေါ့ ဝေဖန်တတ်ရောပေါ့၊ ဘာထူးတုန်း ဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒီဂန္ဓဆိုတဲ့ အနံ့ရုပ်ကလေးဟာ ဃာနပသာဒအကြည်ရုပ်ကလေး လာတိုက်တယ် တိုက်လိုက်သည်နှင့်တစ်ပြိုင်နက် စိတ်ကလေးပေါ်လာပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီစိတ်ကလေးက ဘာလုပ်တတ် သိတတ်တာပေါ့ ဘယ်သူ့သိ လာတိုက်တဲ့ဂန္ဓဆိုတဲ့ အနံ့ရုပ်ကလေးကိုသူသိတာပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ညှော်လိုက်တာ နံလိုက်တာ မွှေးလိုက်တာ သင်းလိုက်တာ လှိုင်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဘာနံ့ညာနံ့ သိတယ်မဟုတ်ဘူးလား (သိပါတယ်ဆရာ)။ ဘယ်သူကသိသလဲ (စိတ်ကလေးက သိပါတယ်ဆရာ)။ အေး ကောင်းပြီ၊ အဲဒီစိတ်ကလေးကို ဘာစိတ်ခေါ်လဲ (ဃာနဝိညာဏ်စိတ်ခေါ်ပါတယ်ဆရာ)။ ဘာပြုလို့ ဒီစိတ်ကလေးရိုးရိုးကို ဃာနဝိညာဏစိတ်လို့ ခေါ်ရတာတုန်း (ဆိတ်ခွာသဏ္ဌာန်ရှိတဲ့ ဃာနပသာဒကို မှီဖြစ်လို့ပါဆရာ)။ ဃာနပသာဒအကြည်ရုပ်ကလေးကို မှီဖြစ်လို့ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဃာနပသာဒအကြည်ရုပ်ကလေးကို မှီဖြစ်လို့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် သူမှီဖြစ်တဲ့ ဂန္ဓရဲ့အမည်လေးတပ်ခေါ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ စည်သံခေါ်တာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)။ တစ်ခုပြရင် နမူနာပေါ့ကွ၊ ဒီအတိုင်းသွားရမှာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကြောင့် "ဃာနပဋိဟနန လက္ခဏော ဂန္ဓော၊ ဂန္ဓော–ဂန္ဓဆိုတဲ့ အနံ့ရုပ်သည်၊ ဃာနပဋိဟနနလက္ခဏော– ဃာနပသာဒခေါ်ထားတဲ့ ကမ္မဇအကြည်မှန်ကလေးကို ထိခိုက်တတ်သော လက္ခဏာရှိ၏၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ မြန်မာလိုတိုတိုပြန်တော့ ဂန္ဓရုပ်က မြင်လည်းမမြင်ရဘူး၊ ကိုင်လို့လည်းမဖြစ်ဘူး၊ ယူလို့လည်းမရဘူး၊ အဖြူ အပြာ အဝါ မေးလို့လည်းမရဘူး၊ အတုံး အလုံး အခဲလို့လည်းမပြောနိုင်ဘူး၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ်လို့လည်းမပြောနိုင်ဘူး၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်လည်း မပြောနိုင်ဘူး၊ ဒီလိုမပြောနိုင်ရင် ဒီဂန္ဓဓာတ်ကြီးသည် အင်မတန်မှအမှတ်ရခက်ပါဘဲ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင် ဘယ်လိုပြောရပါ့မလဲ၊ နားလည်အောင် ဘယ်လိုမှတ်ရပါ့ ဘယ်လိုသိရပါ့ ဂန္ဓာရုံဖြစ်ပုံနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ တို့ဘုရားကိုယ်တော်မြတ်က အဲဒီဂန္ဓဓာတ်ကြီးသိချင်လို့ရှိရင် လက္ခဏာမှတ်ထားတဲ့၊ မှတ်စရာလက္ခဏာငါပေးခဲ့မယ် အမှတ်ကလေးပေးခဲ့မယ် ဘယ်လိုမှတ်ရမလဲ မင်းတို့ နှာခေါင်း လာတိုက်လိုက်ရင်နော် (ဟုတ်ကဲ့ပါဆရာ)။ နှာခေါင်းဆိုတာ နှာသီးဖျားပြောတာမဟုတ်ဘူး ဘယ်သူ့ပြောတာတုန်း (ပသာဒအကျိုးကိုပြောတာပါဆရာ)။ ဩော် ဃာနပသာဒအကျိုးပေးလို့ (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေး ဒါတိုတိုပြောတော့ နှာခေါင်း

http://www.dhammadownload.com



ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့နှာခေါင်းက လာတိုးလိုက်မယ်၊ တိုက်လိုက်မယ်ဆိုကို ရှိရင် ဒါဂန္ဓအနံ့ရုပ်ပဲလို့သိပါ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုးတော့တိုက်တော့ သိသလား မေးတော့ တိုးတော့တိုက်တော့ဘယ်သိမတုန်း ဘာဖြစ်လို့သိသလဲဆိုတော့ တိုးတဲ့တိုက်တဲ့ အချိန်ကလေးမှာ သိတတ်တဲ့စိတ်ကလေး ပေါ်လာတယ်တဲ့၊ သူကသိပြီ နားလည်လား (ဟုတ်ကဲ့ပါ ဆရာ)။ ငါအခုပြောတာ မင်းသေချာရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)။ မင်း မရှင်းဘဲနဲ့ ရှင်းတယ်လို့ မပြောနဲ့၊ မင်းရှင်းမှ ဒီပြင်လူလည်းရှင်းမှာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် "ဃာနပဋိဟနနလက္ခဏော ဂန္ဓော" ဂန္ဓခေါ်တဲ့ အနံ့ရုပ်သဘောတရားသက်သက် ကလေးသည်၊ ဃာနပဋိဟနနလက္ခဏော–ဂန္ဓခေါ်တဲ့ ပသာဒအကြည်ရုပ်ကလေးကို ထိတတ် တိုက်တတ် ထိလိုက်မယ် ခိုက်တတ်သော လက္ခဏာရှိ၏၊ ဃာနပသာဒ အကြည်ရုပ်ကလေး လာပြီးတော့ ထိလိုက်မယ် တိုက်လိုက်မယ် ခိုက်လိုက်မယ်ဆိုရင် ဒါဂန္ဓရုပ်လို့သိပါ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုဆိုတော့ မင်းမွှေးတာမှအနံ့၊ နံတာမှအနံ့ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ မွှေးမွှေးမမွှေးမွှေး နံနံမနံနံပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီဃာနပသာဒ အကြည်ရုပ်ကလေး လာထိလိုက်ရင်၊ တိုက်လိုက်ရင် ဒါဂန္ဓပဲဟုတ်လား (ဂန္ဓပဲဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ ဒါဖြင့်ရင် မနေ့ကပြတဲ့ သနပ်ခါးတုံးကြီး၊ လူတစ်ရာမှာ ကိုးဆယ့်ကိုးမေးစမ်း သနပ်ခါးတုံးကောက်နမ်း၊ မွှေးတာအနံ့ရုပ်ပေါ့၊ ဘယ်သူကမွှေးတုံး သနပ်ခါးတုံးကမွှေးတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မွှေးတာဘာလဲ၊ မွှေးတာသနပ်ခါးတုံးပေါ့၊ သနပ်ခါးတုံး ကောက်နမ်း၊ သနပ်ခါးတုံးကမွှေးတာဘာလဲ မွှေးတာသနပ်ခါးတုံးပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ မဟုတ်ဘူးတဲ့ မွှေးတာဂန္ဓရုပ် အနံ့ရုပ် သနပ်ခါးတုံးဆိုတာမရှိဘူး၊ ဘယ့်နှယ့်မရှိရမှာတုန်း ကြောင်တောင်တောင်ကြီးနော် (ဟုတ်ကဲ့ပါဆရာ)။ ရှိတာပေါ့။

ဒါဖြင့် ကောင်းပါပြီ၊ ဒီသနပ်ခါးတုံးကသာမွှေးရိုးမှန်ရန် သနပ်ခါးတုံးပျောက်ရင် ဒီအမွှေးနဲ့ ပျောက်သွားမယ်၊ ဂန္ဓာရုံပျောက်သွားမှာပေါ့ကွာနော် (ပျောက်သွားပါတယ်ဆရာ)။ သနပ်ခါးတုံး မနေ့ညကငါပြော ချေမွပြသလိုပေါ့ အစိတ်စိတ်အမွှာမွှာ ချေမွအမှုန့်တွေဘာတွေလုပ်၊ မွှေးတယ် နံတယ်ဆိုတဲ့ ဂန္ဓရုပ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အေး မနေ့ညက ထောက်ပြလိုက်တယ် ပေါ့ကွာ၊ မထူးပါဘူး လျှောက်ပြီးတော့ ပျောက်ချင်လည်းပျောက် ပြာဘဝရောက်၊ မီးနဲ့တိုက်လို့ ပြာဖြစ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပြာဖြစ်တော့ သနပ်ခါးတုံး အစအနလည်း မရှိပါဘူး၊ သနပ်ခါး အမှုန်အမွှား အရေအဖတ်ကြီးလည်းမရှိပါဘူး ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူး ပြာဘဝရောက်သွားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ နမ်းကြည့်စမ်းဘာစော်နံလဲ (ပြာစော်နံပါတယ်ဆရာ)။

http://www.dhammadownload.com



အေး ပြာစော်နံ့နယ်၊ ပြာစော်နံ့ဆိုတာ ဘာရုပ်တုန်း (အနံ့ရုပ်ပါဆရာ)။ အေး အနံ့ရုပ်ဂန္ဓရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီဂန္ဓရုပ်ကတော့ ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အေး သနပ်ခါးတုံးချေလိုချေ မွှလို့မွ ထုလိုထု တောင်းလိုတောင်း သွေးလိုသွေး အမှုန့်ဖြစ်လိုဖြစ် အရည်ကျိုလိုကျို မီးနဲ့ရှို့လိုရှို့နော် (ဟုတ်ကဲ့ပါဆရာ)။ ပြာဘဝရောက်၊ နံ့ကောင်းသော၊ နံ့နိုင်သော၊ နံ့ရသော၊ နံ့သောဆိုတဲ့ အနံ့သဘောလေး ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဟော အနံ့သဘော ဘယ်တော့မှမပျောက်ဘူး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဘာစော်နံ့ဒါဂန္ဓရုပ်ပဲ မဟုတ်လား (ဂန္ဓရုပ်ပဲဆရာ)။ ဒီတော့ မွှေးတာမှ ဂန္ဓရုပ်၊ နံ့တာမှ ဂန္ဓရုပ်ဒီလိုမှတ်မထားပါနဲ့၊ စောစောကပြောခဲ့တဲ့ နံ့ကောင်းသော၊ နံ့နိုင်သော နံ့ရသော နံ့သောဆိုတဲ့အနံ့သဘောသက်သက်ကလေးလည်း ဒါဂန္ဓရုပ်ပဲလို့ ဒီလိုကြည့်လိုက်တော့ နံ့တယ်ဆိုတဲ့ အနံ့ကလေးဟာ နံ့တယ်နံ့တယ်ဆိုတဲ့ အနံ့လေးဟာ နှာခေါင်းလာမတိုးဘဲနဲ့သိပ့်မလား (မသိပါဘူးဆရာ)။ အေး နှာခေါင်းလာမတိုးဘဲနဲ့ မသိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းခေါင်းတွေ လက်တွေကိုယ်တွေကို ညှော်တသင်းသင်းနဲ့ နေတဲ့အထဲမှာ အတင်းဝင်သွားတော့ မင်းခေါင်းတိုးလို့ တိုးမှန်းသိရဲ့လား (မသိပါဘူးဆရာ)။ ကိုယ်တိုးလို့ တိုးမှန်းသိရဲ့လား (မသိပါဘူးဆရာ)။ ဘယ်သိ မတုန်းကွ သူဋ္ဌာနမှမဟုတ်ဘဲ၊ သူ့မှန်မှမဟုတ်ဘဲ၊ သူ့အရိပ်ထင်တဲ့ မှန်ထဲသွားတိုးမှ သူသိမှာပေ့ါကွနော် (ဟုတ်ကဲ့ပါဆရာ)။

ဃာနပသာဒဆိုတဲ့ အကြည်မှန်ကို လာတိုးမှ၊ ဃာနဝိညာဏ်သိစိတ်ကလေး ပေါ်နိုင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါ သူ့မှန်လေးနဲ့၊ သူ့အရိပ်နဲ့လာတိုးရတာ နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဒီနေရာလေး သေသေချာချာကြည့်၊ 'ဃာနပဋိဟနနလက္ခဏော ဂန္ဓော'' ဂန္ဓော–ဂန္ဓခေါ်တဲ့ သဘောတရားသက်သက်မျှသာရှိသော အနံ့ရုပ်တရားသည်၊ ဃာနပဋိဟနန လက္ခဏော–ဃာနပသာဒခေါ်ထားသော ကမ္မဇအကြည်မှန်ကလေးကို တိုးတတ်၊ တိုက်တတ်၊ ထိခိုက်တတ်သော သဘောလက္ခဏာရှိ၏၊ ဒါလေးမှတ်ထားပါ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ တို့မြန်မာလို ရှင်းရှင်းပြောတော့ နှာခေါင်းလာနံ့ရင် အနံ့ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ နှာခေါင်းလာနံ့ရင်အနံ့ ဒီတော့ဒီနှာခေါင်းလာနံ့ရင် အနံ့ပဲဆိုထားတော့ မနေ့ညက ငါပြောသလို မလှမ်းမကမ်းက ညှော်ကြော်နေတယ်၊ မင်းအောက်က ထိုင်နေတယ်၊ နံ့လိုက်တာ၊ ညှော်လိုက်တာ၊ ဒါအနံ့ရုပ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအနံ့ရုပ်ကျတော့ သနပ်ခါးတုံးကြီးလို အတုံး အလုံး အခဲအနေအားဖြင့် ကိုင်လို့တွယ်လို့ ဖြစ်သေးရဲ့လား (မဖြစ်ပါဘူး ဆရာ)။ နမ်းလို့ရော ရသေးရဲ့လား (မရပါဘူးဆရာ)။ ဝတ္ထုပစ္စည်း မပါဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အမှုန်အမွှားလေးမှ မပါဘူးပေါ့ (မပါဘူးဆရာ)။ ဘာမျှမပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဟောဒီအတိုင်းပဲ။

ဒါဖြင့် မင်းနှာခေါင်းလာပြီးတော့ လေညာက ညှော်ကြော်နေတဲ့ညှော်နံ့လေး မင်းနှာခေါင်းလာတိုးတယ်၊ အဲဒီညှော်နံ့လေးကို မင်းငါ့ကိုင်ပြနိုင်ပါ့မလား (မပြနိုင်ပါဘူးဆရာ)။ ယူပြနိုင်ပါ့မလား (မပြနိုင်ပါဘူးဆရာ)။ မျက်စိနဲ့မြင်နိုင်အောင် ပြနိုင်ပါ့မလား (မပြနိုင်ပါဘူးဆရာ)။ ယူပြနိုင်ပါ့မလား (မပြနိုင်ပါဘူးဆရာ)။ ဒါဖြင့် ညှော်နံ့လေး မင်းနှာခေါင်းလာတိုးတယ်ဆိုတဲ့ ညှော်နံ့လေးဟာ အဖြူ အပြာ အဝါလား (မဟုတ်ပါဘူးဆရာ)။ လေးထောင့်, သုံးမြှောင့်, အဝိုင်း, အပြားလား (မဟုတ်ပါဘူးဆရာ)။ အတုံး အလုံး အခဲလား (မဟုတ်ပါဘူးဆရာ)။ အမှုန်အမွှားလား (မဟုတ်ပါဘူးဆရာ)။ အရည်အဖတ်လား (မဟုတ်ပါဘူးဆရာ)။ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ်လား (မဟုတ်ပါဘူးဆရာ)။ ဒါဖြင့် ဒီအနံ့လေး မင်းနှာခေါင်း လာတိုးတယ်ဆိုတဲ့အနံ့လေး ညှော်နံ့လေးကို တစ်ရွေးသား တစ်ပဲသားရအောင် မင်းငါ့စုဆောင်းပေးနိုင်ရဲ့လား (မပေးနိုင်ပါဘူးဆရာ)။ လုပ်မပေးနိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီညှော်နံ့ကလေးဟာ ဒီလိုမမေးလို့မရရင် ဘာမျှမရှိပေါ့ (ရှိပါတယ်ဆရာ)။ ဘယ်လိုရှိတာလဲ (သဘောတရားသက်သက်ကလေးသာရှိပါတယ်ဆရာ)။ အေး သဘောတရားသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာသဘောတရားလဲမေးရင် နံကောင်းသော နံနိုင်သော နံရသော နံသောဆိုတဲ့ အနံ့သဘောသက်သက်ကလေး ဒီလိုမနေဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုသိသွားတော့ကာ စောစောကပြောသလို သနပ်ခါးတုံးကနံတယ်၊ သနပ်ခါးတုံးကမွှေးတယ် ဆိုတဲ့ အတုံး အလုံး အခဲကြီးတွေ ပညတ်တွေပါသေးရဲ့လား (မပါဘူးဆရာ)။ လွတ်သွားပြီပေါ့ (လွတ်သွားပါတယ်ဆရာ)။ ဒါဖြင့် သဘောတရားသက်သက်ကလေးပေါ့၊ ညှော် ဒါဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ အမှတ်အသားလွတ်အောင်ပြထားတဲ့ လက္ခဏာနဲ့အကိုက် နှာခေါင်းလာတိုးရင်ဂန္ဓရုပ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ နှာခေါင်းလာတိုးရင်တိုက်ရင် ဂန္ဓရုပ်ပဲ ဒီလိုသိပါ ဒီလိုပြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုဆိုတော့ ပညတ်လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)။ ဒါကြောင့် ဒီအနံ့ရုပ်ကြီးကို အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဍာန် မလုပ်ကြပါနဲ့၊ အရင်းဆုံးအားဖြင့် အမှုန် အမွှား အရည် အဖတ်ကလေးမှမရှိပါစေနဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုဆိုတော့ အတိအကျဖြစ်သွားနော် (ဖြစ်သွားပါတယ်ဆရာ)။ ပရမတ်ပေါ်ရောက်၊ ပြီးတော့မှ "ဃာနပဋိဟနနလက္ခဏော ဂန္ဓော၊ ဃာနဝိညာဏဿ ဝိသယဘာဝရသော" ဟော လက္ခဏာရယ်၊ ရသရယ်၊ ပစ္စုပဋ္ဌာန်ရယ်၊ ပဒဋ္ဌာန်ရယ် ဌာန်လေးချက်၊ ဓာတ်တစ်လုံးတစ်လုံးမှာ ဌာန်လေး

http://www.dhammadownload.com



ပါး၊ ဌာန်လေးပါး ဒီလိုသွားရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ တို့ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာ ဒီလိုလာတယ်လို့ ဒီလိုမှတ်ပါ၊ ပေါက်ကရလေးဆယ်စကားတွေ လျှောက်ဟောတာ၊ ပြောတာမဟုတ်ဘူး၊ မင်းတို့ငါတို့ကသာ မသိကြတာ၊ ကိုယ်တော်မြတ် ဟောသွားတာ၊ အင်မတန် တိကျတဲ့ သဘာဝ၊ ကမ္ဘာဘယ်ရွာရလိမ့်မလဲ၊ ဘယ်နေရာမှာပဲ၊ ဘယ်ပုဂ္ဂိုလ်ပဲ၊ ဘယ်လောက်ပဲ ဘုရားလို့ ယုံကြည်တဲ့အနေအားဖြင့် ဘုရားမြှောက်စားစေကာမူ ဘုရားသမုတ်စေကာမူ၊ ဘုရား လုပ်စေကာမူနော် (ဟုတ်ကဲ့ပါဆရာ)။

တို့ဘုရားဟောတော်မူတဲ့ဒေသနာနဲ့ ယှဉ်ကြည့်ရင် ယှဉ်တောင်မယှဉ်ကောင်းဘူး၊ ကမ္ဘာမှာ ကြည့်ပါကွာ၊ ဘုရားတွေသိပ်ပေါတယ် မပေါဘူးလား (ပေါပါတယ်ဆရာ)။ ဘယ်ဘုရားဟောတဲ့ ဒေသနာ တစ်လုံးတစ်ပါဒ ဒီလိုစည်းနဲ့ကမ်းနဲ့ နည်းနဲ့လမ်းနဲ့များလာဖူးလို့ ရှိဖူးရဲ့လား (မရှိပါဘူး ဆရာ)။ ဘယ်တော့မှ မရှိဘူး၊ အဲဒါတောင် လူတိုင်းက ယုံကြည်တာမဟုတ်ဘူးနော် (ဟုတ်ကဲ့ပါ ဆရာ)။ တို့ဘာသာ ကမ္ဘာသူကမ္ဘာသား မယုံကြည်ချင်တာ အရေးမကြီးဘူး၊ တို့ဘာသာရင်းကို အမြဲတစေ ကိုးကွယ်ဆည်းကပ်နေတဲ့ ဘာသာရေးလူမျိုးတွေကိုယ်က၊ တို့ဘာသာတစ်စစနဲ့ စွန့်ခွာတဲ့ပုဂ္ဂိုလ်တွေတော်တော်များ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် မင်းရင်ထဲကတန်ဖိုး မရှိတဲ့ အနက်အဓိပ္ပာယ်ကင်းပြတ်နေတဲ့ အနက်ဒြပ်ကင်းပြတ်နေတဲ့ စကားလုံးတွေနဲ့သုံးပြီးတော့ ဟောတာ၊ ပြောတာတွေတချို့ကလည်း ဘုရားမှတ်တယ်၊ တချို့ကလည်း ဘုရားထက်ကို တန်ဖိုး ရှိတဲ့တရားတွေ မှတ်နေတယ်၊ တို့ဘာသာကြီးစွန့်ဖယ်ပြီးတော့ တကယ်ရက်ရက်စက်စက် တခြား သောဘာသာနောက် ကောက်ကောက်ပါအောင်လိုက်တဲ့ပုဂ္ဂိုလ်တွေ၊ အယူဝါဒဖောက်ပြန်မှား ယွင်းတဲ့ပုဂ္ဂိုလ်တွေနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီပုဂ္ဂိုလ်တွေ အင်မတန်များတယ်၊ များရုံတင်မက ဘူး၊ တစ်ဖက်သော အယူဝါဒရောက်သွားရင် တို့ဘုရားပြန်စော်ကားသေး၊ သဗ္ဗညုတဉာဏ်တော် ဆိုတာရှိသလား ဒီလိုလာသေးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုလာသေးနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါဘာလဲဆိုတော့ တို့ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ဒေသနာကို တစ်လုံးတစ်ပါဒမျှ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဒေသနာအလိုက်၊ ထိုက်သည့်အားလျော်စွာ ပညာဆိုတဲ့ အသိဉာဏ်ပညာ မရတဲ့ပုဂ္ဂိုလ်က ဒီလိုပြောတယ် ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ရတဲ့ ပုဂ္ဂိုလ် ဘယ်ပြောမလဲ၊ ကိုင်း ချပြလာတာကြည့်၊ ပထဝီက စပြလာတာ၊ ဓာတ်တစ်လုံးတစ်လုံးကို ဌာန်လေးချက်နဲ့ ဒီလိုပြလာတာ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

ဓာတ်တရားမှန်လို့ရှိရင် ဌာန်လေးချက်မရရင် ဒီဓာတ်တရားဟာ ဓာတ်မဟုတ်ပါဘူး၊ တရား လည်းမဟုတ်ပါဘူး အလကားပဲ၊ ဒါဖြင့် ဒီဝဏ္ဏဓာတ်ကြီး ဘယ့်နှယ့်နေတုန်း၊ ဂန္ဓဓာတ်ကြီး ဘယ့်

http://www.dhammadownload.com



နှယ့်နေတုန်း၊ ဂန္ဓစာတ်လက္ခဏာရှိရမယ်၊ ရသရှိရမယ်၊ ပစ္စုပဋ္ဌာန်ရှိရမယ်၊ ပဒဋ္ဌာန်ရှိရမယ်၊ ဌာန်လေးပါညီရမယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလက္ခဏာကတော့ ခုနပြောသလို ''ဃာနပဋိဟနနလက္ခဏော ဂန္ဓော''၊ ရသဆိုတာကိစ္စပဲ ကိစ္စကဘယ့်နှယ့်နေတုန်းဆိုတော့ ''ဃာနဝိညာဏဿ ဝိသယဘာဝရသော''လို့ မြန်မာလိုပြန်တော့ ဃာနဝိညာဏဿ–ဃာနဝိညာဏ်စိတ်၏၊ ဝိသယဘာဝရသော–အာရုံအဖြစ်ဖြင့်ကျေးဇူးပြု၏။ ဒီဟာလေး သေသေချာချာနားထောင်၊ အာရုံအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကိစ္စဖြစ်၏ အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကိစ္စရှိတယ်၊ ဝဏ္ဏဓာတ်တုန်းက ငါပြောသလိုပါ၊ မနေ့က ခုနငါပြောတဲ့ ဒီဃာနပသာဒအကြည်ရုပ်ကလေးမှာ ဂန္ဓဆိုတဲ့အနံ့ရုပ်က လာတိုက်ကရောလား (တိုက်ပါတယ်ဆရာ)။ တိုက်တော့ ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ အဲဒီစိတ်ကလေး ဘာအမည်တပ်လဲ (ဃာနဝိညာဏ်စိတ် တပ်ပါတယ်ဆရာ)။ ဩော် ဃာနဝိညာဏ်စိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ ကဲ ကြည့် အဲဒီဃာနဝိညာဏ်စိတ်ကလေး ပေါ်လာပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ပေါ်လာတော့ ဒီဂန္ဓဆိုတဲ့အနံ့ရုပ်က ဘာလုပ်တတ်သလဲမေးတော့ ဃာနဝိညာဏဿ–ဃာနဝိညာဏ်စိတ်အား၊ ဝိသယဘာဝရသော–အာရုံပြုခြင်းကိစ္စရှိ၏နော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ဒီဃာနဝိညာဏ်စိတ်ကလေးဟာ ဆိုလိုတာက ဃာနဝိညာဏ်စိတ်ကလေးသည် ခုလာတိုက်တယ်ဆိုတဲ့ အနံ့ရုပ်ကလေးကို အာရုံပြုခြင်းကိစ္စရှိတယ်၊ အာရုံပြုရမယ်ဆိုလိုတာက နော် (ဟုတ်ကဲ့ပါဆရာ)။ ဃာနဝိညာဏ်စိတ်က အနံ့ရုပ်ကလေးကို အာရုံပြုရမယ်၊ မြန်မာလိုနားလည်ရမယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အာရမ္မဏပစ္စယသတ္တိရှိတယ်လို ပြတယ်၊ အာရုံပြုခြင်းကိစ္စ ဖြစ်ရမယ်၊ ဃာနဝိညာဏ်စိတ်ကလေးဟာလာတိုက်သော ဂန္ဓဆိုတဲ့ အနံ့ရုပ်ကို အာရုံပြုရမည် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ပြောစမ်း ငါပြောတဲ့ဒီကိစ္စကို ဃာနဝိညာဏ်ဆိုတဲ့စိတ်ကလေးက အနံ့ဆိုတဲ့အာရုံကိုပြုရမယ်ဆိုတော့ ဘယ်သူ့အာရုံပြုသလဲမေးရင် မင်းဘယ့်နှယ့်ပြောမလဲ (စိတ်ကလေးကိုအာရုံပြုပါတယ်ဆရာ)။ ပဒုမ္မာကြာဖူးက ကြာဖူးလုပ်ခိုင်းသလိုကျနေပြီ ဘယ့်နှယ်ဃာနဝိညာဏ်စိတ်က စိတ်ကလေးပြန်အာရုံပြုရမှာတုန်းဟ၊ ဃာနဝိညာဏ်စိတ်ကလေးသည် ဘယ်သူ့ကိုအာရုံပြုရမလဲ (အနံ့ရုပ်ကိုအာရုံပြုရပါတယ်ဆရာ)။ အဲဒီလိုလုပ်ပါကွ၊ ခုနလာတိုက်တဲ့ ဂန္ဓအနံ့ရုပ်ကိုအာရုံပြုရမယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် စိတ်ဟာ အာရုံကိုကြံတတ်သိတတ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဩော် စိတ်ဆိုတာ ဘာလို့စိတ်ခေါ်တယ် (အာရုံကို ကြံတတ်သိတတ်လို့ပါဆရာ)။ ဩော် အာရုံကို ကြံတတ်သိတတ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် စိတ်ခေါ်တယ် ဟုတ်လား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ၊ ဃာနဝိညာဏ်စိတ်ကလေးက ဘယ်အာရုံကိုသိတုန်း (အနံ့ဆိုတဲ့ အာရုံကို သိပါတယ်ဆရာ)။ အေး ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့်ရင် ဒီအနံ့ဟာ ဘာလုပ်တတ်သလဲဆိုတော့ ဃာနဝိညာဏ်စိတ်ကို အာရုံပြုစေခြင်းကိစ္စရှိတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဂန္ဓဆိုတဲ့ အနံ့ရုပ်ဟာ ဖြစ်ပေါ်လာသော စိတ်ကလေးကို အာရုံပြုစေခြင်း ကိစ္စရှိတယ် (ဟုတ်ကဲ့ပါဆရာ)။ စိတ်ကလေးက အာရုံပြုတာနော် (ဟုတ်ကဲ့ပါဆရာ)။

အေး အေး ဟုတ်ပြီ၊ ဩော် ဒါကြောင့် ဒီစိတ်ဟာအာရုံပြုတတ်တယ်၊ အာရုံကိုသိတတ်တယ် အာရုံကိုသိတတ်တယ် ကြံတတ်တယ်လို့ပြောတာ စိတ်ဆိုတဲ့တရားဟာနော် (ဟုတ်ကဲ့ပါဆရာ)။ အလကားဖြစ်တာမဟုတ်ဘူး၊ အာရုံမပေါ်ဘဲမဖြစ်ကောင်းပါဘူး၊ အာရုံပေါ်မှဖြစ်ကောင်း၊ ဘာဖြစ်လို့ အာရုံပေါ်ရင်ဖြစ်သလဲဆိုတော့ အာရုံပေါ်ရင်ဖြစ်ရမှာပေါ့၊ အဲဒီအာရုံကို သူအာရုံပြုရမယ်၊ သူ့ဒီအာရုံလေး၊ ပေါ်လာတဲ့အာရုံလေးနော် (ဟုတ်ကဲ့ပါဆရာ)။ သူသိတတ်ရမယ်၊ ကြံစည်တတ်ရမယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အာရုံပြုတတ်ရမယ်၊ စိတ်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ အေးအေး ဒါကြောင့် ဃာနဝိညာဏသ ဝိသယဘာဝရသော-ဃာနဝိညာဏသ-ဃာနဝိညာဏ်အား၊ ဝိသယဘာဝရသော-အာရုံပြုခြင်းကိစ္စရှိ၏၊ အာရမ္မဏပစ္စယသတ္တိအားဖြင့် ကျေးဇူးပြုခြင်းကိစ္စဖြစ်၏၊ ဃာနဝိညာဏ်စိတ်သည် ခုန ပသာဒအကြည်ရုပ်ကလေးလာတိုးတဲ့ ဂန္ဓတည်းဟူသော အာရုံကို အာရုံပြုရမယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒါကိစ္စပဲ၊ ဒါရသခေါ်တယ်၊ ရသနဲ့ကိစ္စ အတူတူပါပဲ။

လက္ခဏာရယ်၊ ရသရယ်၊ ပစ္စုပဋ္ဌာန်ဆိုတာ "တဿေဝ ဂေါစရပစ္စုပဋ္ဌာနော"တဿေဝ- ထိုစက္ခုဝိညာဏ်စိတ်၏သာလျှင်၊ ဂေါစရပစ္စုပဋ္ဌာနော-ကျက်စားခြင်းလျှင်ဖြစ်၏ဟု ရှေးရှုထင်၏၊ မြန်မာလိုပြောတော့ အဲဒီဃာနဝိညာဏ်စိတ်ကလေးရဲ့ကျက်စားစရာ၊ မြန်မာလိုပြောတော့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီဃာနဝိညာဏ်စိတ်ကလေးဟာ ဘယ်သူ့အပေါ် အာရုံအရသာခံစားရမလဲ ဆိုရင် ဒီခုလာတိုက်တဲ့ ဂန္ဓဆိုတဲ့အနံ့အာရုံကလေးပေါ် သူကျက်စားတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သူစိတ်ပဲကွ၊ စိတ်ဆိုတာ အာရုံပေါ်မှာသိလည်းပဲ ဒီအာရုံပေါ်မှာသိတယ် အာရုံပြုစရာလည်း အာရုံမှာပဲ ကျက်စားလည်းပဲ သူပဲကျက်စားရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဤကဲ့သို့စိတ်ကလေး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒီတော့ တို့ဂန္ဓဆိုတဲ့ အနံ့ရုပ်ကြီးသည် ဘယ်သူ့ကျေးဇူးပြုနေသလဲဆိုတော့ ဩော် ဒီဂန္ဓဆိုတဲ့အနံ့ရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။ သူအာရုံပြုဖို့ ဖြစ်ပေါ်လာ၏၊ မြန်မာလိုပြောတော့ ဃာနဝိညာဏ်စိတ်ကလေး အာရုံပြုစရာဖြစ်ပေါ်၍လာ၏၊ ဒါကျေးဇူးပြုခြင်းတစ်မျိုး။

http://www.dhammadownload.com



ပစ္စုပဋ္ဌာန်ဆိုတာ ရှေးရှုထင်ဆိုတာက ဒီဃာနဝိညာဏ်စိတ်သည်ပင်လျှင် ဒီဂန္ဓဆိုတဲ့ အနံ့ရုပ်ကလေးကို ကျက်စားရာအာရုံအဖြစ်ဖြင့် ရှေးရှုထင်၏၊ ဒါဖြင့် ဒီဃာနဝိညာဏ်စိတ်ကလေး၏ ကျက်စားရာအနေအားဖြင့် သူဖြစ်ပေါ်လာတယ်လို့ ရှေးရှုထင်ရတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အနီးဆုံးသောအကြောင်းသည် ဂန္ဓအနံ့ရုပ်ကြီးပေါ်လာတာ အနီးဆုံးသောအကြောင်း ဘယ်သူလဲလို့၊ "စတုမဟာဘူတပဒဋ္ဌာနော"-ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ မဟာဘုတ်လေးပါးနဲ့ နီးသောအကြောင်းရှိ၏၊ ဒါဖြင့် ဂန္ဓဆိုတဲ့ အနံ့ရုပ်ဖြစ်လာတာ တခြားမဟုတ်ဘူးတဲ့၊ ပထဝီ အာပေါ တေဇော ဝါယောတည်းဟူသော ဓာတ်ကြီးလေးပါးက အနီးကပ်ဆုံးအနေအားဖြင့် အကြောင်းခံပေးလို့ဖြစ်လာတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လက္ခဏာရယ်၊ ရသရယ်၊ ပစ္စုပဋ္ဌာန်ရယ်၊ ပဒဋ္ဌာန်ရယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဌာန်လေးချက် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒါဂန္ဓဆိုတဲ့ ရုပ်တစ်လုံးမှာပေါ်လာတဲ့သဘာဝ ဒီအတိုင်းလာတယ် ဒါဘယ်တရားဖြစ်ဖြစ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ တရားတွေမှန်သမျှ အကုန်လုံး ဒီရုပ်ဓာတ်ဖြစ်ဖြစ်၊ နာမ်ဓာတ်ဖြစ်ဖြစ် ဒီအတိုင်းသွားရမယ်၊ လက္ခဏာရှိရမယ် ရသရှိရမယ် ပစ္စုပဋ္ဌာန်ရှိရမယ်၊ ပဒဋ္ဌာန်ရှိရမယ်၊ ဌာန်လေးချက် အညီသွားရမယ်(ဟုတ်ကဲ့ပါဆရာ)။

အေး အေး အဲဒီဌာန်လေးပါးနဲ့အညီ၊ အညီအားဖြင့် တို့လူစုကတစ်လုံးပဲ ပြတ်ပြတ်သားသား အမှန်က ဒါတရားကို၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့တရားကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အနေအားဖြင့် ထိုးထွင်းသိသောအသိခေါ်တယ် သဘာဝနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုသိတော့ ဘာဖြစ်တုန်း၊ အဲဒါသိမှ ပညာစစ်ပညာမှန်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် "ယထာသဘာဝပဋိဝေဓလက္ခဏာ ပညာ" (အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၈၈) ပညာ-ပညာသည်၊ (ဝါ) ပညာအစစ်အမှန်သည်၊ ယထာသဘာဝပဋိဝေဓလက္ခဏာ-တရားသဘောကို ထိုးထွင်း၍သိသောလက္ခဏာရှိ၏၊ ဟော 'ယထာသဘာဝပဋိဝေဓလက္ခဏာ-သဘာဝက သဘောတရား၊ ဘယ်သူ့ပြု ရုပ်တရားနဲ့နာမ်တရားနော် (ဟုတ်ကဲ့ပါဆရာ)။ သဘာဝက သဘောတရားသက်သက်ကလေး၊ ပဋိဝေဓ-ထိုးထွင်းသိတယ်၊ အဲဒီဓမ္မသဘာဝဆိုတဲ့ ပါဠိအရပေါ့၊ အခုပြနေတဲ့ ရုပ်တရားသည် သဘောတရားအနေရောက်အောင် ထိုးထွင်းပြီးမသိရင် ဒါပညာမဟုတ်သေးပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ တို့လူစုမှာ လက္ခဏာအနေဖြင့်သိတယ်၊ ရသအနေဖြင့်သိတယ်၊ ပစ္စုပဋ္ဌာန်အနေဖြင့်သိတယ်၊ ပဒဋ္ဌာန်အနေဖြင့်သိတယ်၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဌာန်လေးပါးနဲ့လည်း ခွဲခြားပြီးသိတယ်။

ဒါတင်လား မဟုတ်သေးဘူး၊ ပညတ်လွတ်သွားအောင် ပရမတ်ပေါ်တည့်တည့်လေး ကျလာ

http://www.dhammadownload.com



အောင် ဉာဏ်အမြင်နဲ့မြင်တယ် မြင်ဘူးလား (မြင်ပါတယ်ဆရာ)။ အဲဒါ ပညတ်လွတ်သွားလို့ ပရမတ်ပေါ်တည်တည့်ကျဆိုတာ အဲဒါသဘာဝပဲ၊ မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဟိုက 'ယထာသဘာဝပဋိဝေဓလက္ခဏာ ပညာ'' ယထာသဘာဝ–ရုပ်တရား နာမ်တရားနှစ်ပါးကို သဘောတရားဆိုက်အောင်၊ ပဋိဝေဓလက္ခဏာ–ထိုးထွင်း၍သိသော အသိဉာဏ်သည်၊ ပညာ– ပညာမည်၏၊ (ဝါ) ပညာသည်၊ ယထာသဘာဝပဋိဝေဓလက္ခဏာ–ရုပ်တရား နာမ်တရား နှစ်ပါးကို သဘောတရားဆိုက်အောင် သိသောလက္ခဏာရှိ၏၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါကြောင့် အင်မတန်တန်ဖိုးရှိတဲ့အသိပါလို့၊ ဒါမှ ပညာစစ်ပညာမှန်ခေါ်တယ်၊ ပညာဆိုတာ ဒါဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ် ခေါ်တယ်၊ ဝိဇ္ဇာဉာဏ်ဆိုတာ အဝိဇ္ဇာနဲ့ဆန့်ကျင်ဘက် မောဟအမြင် မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါအင်မတန်တန်ဖိုးရှိတဲ့အသိတွေခေါ်တယ်၊ ဒါ့ကြောင့်လည်း အဲဒီလို အသိဉာဏ်မျိုးရလာတဲ့ပုဂ္ဂိုလ်ကျတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ မဝေးတော့ဘူးလို့ ပြောနေတာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့နီးနေပြီ ကပ်နေပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီတန်ဖိုးလေးလည်း သေသေချာချာမှတ်ထား၊ ဒီတော့ ပညာစစ်ပညာမှန်ကြီး မြင်လာတဲ့ပုဂ္ဂိုလ် ကတော့ သေသေချာချာမှတ်ထား၊ ဒီတော့ ပညာစစ်ပညာမှန်ကြီး မြင်လာတဲ့ပုဂ္ဂိုလ်ကျတော့ စောစောကပြောသလိုပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အခြေခံအားဖြင့် တကယ်အမှန်ရနေတတ်တဲ့ အသိဉာဏ်ကြီး ရလာပြီ၊ ဒါကြောင့် မဂ်ကို မရအောင် ဖုံးကွယ်ထားတဲ့ ဒိဋ္ဌိကိလေသာတစ်လုံးတော့ ချုပ်ပြန်ပေါ့ ငြိမ်းပြန်ပေါ့လို့နော် (ဟုတ်ကဲ့ပါဆရာ)။

အေး အေး ဒါကြောင့် စောစောကပြောတဲ့ ဂန္ဓရုပ်ပြန်ကြည့်ပါဦး၊ ဂန္ဓဆိုတာ အနံ့ကိုခေါ်သည်၊ နံ့ကောင်းသော၊ နံ့နိုင်သော၊ နံ့ရသော၊ နံ့သော ဆိုတဲ့ အနံ့သဘောလေးကိုခေါ်သည် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် ဂန္ဓရုပ်ကို ဘယ်လိုများသိနိုင်ပါ့မလဲမေးတော့ နှာခေါင်းလာနံ သိပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ နှာခေါင်းလာနံရင် ဂန္ဓရုပ်ပဲလို့သိပေါ့ဆိုတော့ မင်းနှာခေါင်းလာနံတာများ အတုံး အလုံး အခဲတွေ ပါသေးသလား (မပါဘူးဆရာ)။ မပါပါဘူး အင်မတန်ရှင်းပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ နှာခေါင်းလာနံရင် ဂန္ဓရုပ်ပဲလို့သိပါ၊ ဘာဖြစ်လို့ တို့က မှတ်စရာလက္ခဏာပေးထားတယ်၊ "ဃာနပဋိဟနန လက္ခဏော ဂန္ဓော" ဟော နှာခေါင်းလာ တိုးလိုက်တိုက်လိုက်ရင်နံလိုက်ရင် နံမှသိမှာကိုးကွ၊ တိုးလိုက် တိုက်လိုက် နံလိုက်ရင် ဂန္ဓရုပ်လို့သိပါဆိုတော့၊ ဩော် တို့နှာခေါင်းလာတိုးလိုက် တိုက်လိုက်တယ်၊ ထိလိုက်တယ်၊ ခိုက်လိုက်တယ်၊ နံလိုက်တယ်ဆိုရင် တို့ကသိ၊ ဘာသိတုန်း ဩော် ဒါဂန္ဓရုပ်ပဲ၊ အဲဒီလိုသိလိုက် တော့ကာ စောစောကပြောတဲ့ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန် အမှုန် အမွှား အရည်

http://www.dhammadownload.com



အဖတ်တွေပါသေးရဲ့လား (မပါပါဘူးဆရာ)။ ဘာမှမပါဘူး မင်းမှားစရာလည်း ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုဆိုတော့ ပညတ်တွေ လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)။ အေး အေး ပြီးတော့မှ အဲဒီပညတ်လွတ်သွားလို့ သဘောတရားသက်သက်ဆိုတဲ့ ပရမတ်ပေါ် ဉာဏ်စိတ်ကလေး ပေါ်လာတော့ ကိုယ်ပေါ်ပြန်တင်ကြစို့ရဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ မင်းတို့ငါတို့ကိုယ်ပေါ်မယ်၊ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ရုပ်ဓာတ်အစုအဝေး ရုပ်တရားကြီးပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ အသက်လိပ်ပြာ မဟုတ်ဘူး၊ အကောင် အထည် မဟုတ်ဘူး၊ အထည်ဒြပ်သဏ္ဍာန်မဟုတ်ဘူး၊ အမှန်ကတော့ ဓာတ်အစုအဝေးကြီးပဲ၊ သဘော တွေပေါင်းစုပြီး ဖြစ်ပေါ်နေတယ်၊ ဒါဖြင့် ဒီရုပ်ဓာတ်ရုစ်ပါးပေါင်းပြီးမှ ပိုပြီးတော့ ပြလို့ပိုကောင်းတယ်၊ အခုတော့ ရုပ်ဓာတ်ရှစ်ပါးလည်း မပေါင်းစုသေးဘူး၊ ဒါပေမယ့် ပေါင်းသည့်ပညာလေး မှတ်ထားပါဦး။

တို့အဖို့မှာ ပြီးခဲ့တဲ့ ပထဝီ တေဇော အာပေါ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ပြန်ပေါင်း ကြည့်၊ ကိုယ့်ကိုယ်ကိုယ့်ခေါင်းကအစ ခြေဖျားအထိအောင်ရှာကြည့် ဘာရှိ ပထဝီရှိတယ်၊ အာပေါရှိတယ်၊ တေဇောရှိတယ်၊ ဝါယောရှိတယ်၊ ဒါပဲရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် ရှိသေးသလား (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ယောကျ်ား၊ မိန်းမ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ အသက်လိပ်ပြာ ရှိသေးလား (မရှိပါဘူးဆရာ)။ ခေါင်း၊ လက်၊ ကိုယ် ရှိသေးလား (မရှိပါဘူးဆရာ)။ ဘာမှ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ အေး ဘာတွေရှိသလဲဆိုတော့ ပထဝီ တေဇော အာပေါ ဝါယောနော် (ဟုတ်ကဲ့ပါဆရာ)။ ဓာတ်ကြီး လေးပါး စုပေါင်းပြီး ဖြစ်နေတယ်၊ ဒါရုပ်လုံး ရုပ်ခဲကြီးအမှန်ကတော့၊ ဒါပေမယ့် ပုဂ္ဂိုလ် သတ္တဝါ အနေနဲ့ပဲ ပြောကြစို့၊ အခုပြောလိုက်တဲ့ ဂန္ဓရုပ်ကိုယ်ပေါ် ပြန်တင်ကြည့်စမ်း၊ ကြည့်စမ်း ခေါင်းက အစ၊ ခြေဖျားအထိ အပြင်ပကလျှောက်ပြီးတော့ မင်းကိုယ်မင်း ပြန်စဉ်းစားကြည့်စမ်း၊ ခေါင်းက အစ ခြေဖျားအထိအောင် လျှောက်ပြီးတော့ နမ်းကြည့်စမ်း နမ်းကြည့်စမ်း နံ့ရဲ့လား (နံ့ပါတယ် ဆရာ)။ ဘာစော်နံ့တုန်း (ချွေးစော်နံ့ပါတယ်ဆရာ)။ ညစ်ပတ်တယ်ကွာ ရေမချိုးဘူးလား (ချိုးပါ တယ်ဆရာ)။ အနံ့ကတော့ရှိတယ်ပေါ့ (ရှိပါတယ်ဆရာ)။ အေး အေး ဒီအနံ့ကိုပဲ နံ့တယ် ပြော ရတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

မင်းကိုယ်အနံ့ မွှေးမွှေးကြိုင်ကြိုင် လိမ်းထားရင်၊ လိမ်းထားရင် ဒီမွှေးတဲ့အနံ့တွေ နံ့မှာပေါ့ ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ အသားနမ်းကြည့်တဲ့၊ ခေါင်းကအစခြေဖျားအထိအောင် လျှောက် ပြီးတော့ နမ်းကြည့်တော့ နမ်းတိုင်းနမ်းတိုင်း အနံ့လွတ်တဲ့နေရာများ ရှိရဲ့လား (မရှိပါဘူးဆရာ)။

http://www.dhammadownload.com



ဘယ်နေရာကြည့်ကြည့် အနံ့မလွတ်ဘူးပေါ့ (မလွတ်ပါဘူးဆရာ)။ မင်းအမည်တပ်လို့သာ မပြောတတ် ရှိရမယ်၊ နံတော့နံရဲ့ပေါ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေးအေး အနံ့လွတ်တဲ့နေရာ မင်း တစ်ရွေးသားမျှ ရှာမရဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဘယ်နေရာမှမလွတ်ဘူးပေါ့ (မလွတ်ပါဘူးဆရာ)။ အနံ့ချည်းပဲနော် (အနံ့ချည်းပါပဲဆရာ)။ အေး အေး အနံ့ချည်းပဲ၊ ဟာ အပြင်ပကနမ်းလို့ အနံ့ဆိုတဲ့ ဂန္ဓရုပ်ရှိတာပဲ ဒီအနံ့တွေရှိတာပဲ၊ အသားထဲ အရည်တွေခွာလုန် အသားထဲခွဲစိတ် အစိတ်စိတ် အမွှာမွှာ လျှောက်ပြီးတော့နမ်းလိုက် ဘယ့်နှယ့်ရှိ (နံတာပါပဲဆရာ)။ နံတာပဲလား (ဟုတ်ကဲ့ပါဆရာ)။ အနံ့ရုပ်တွေ ရှိတာပေါ့ (ရှိပါတယ်ဆရာ)။ ဟော မနံတဲ့နေရာရှိလား (မရှိပါဘူးဆရာ)။ မနံတဲ့နေရာ (ဟုတ်ကဲ့ပါဆရာ)။ တစ်ကိုယ်လုံးလေ (ဟုတ်ကဲ့ပါဆရာ)။ မနံတဲ့နေရာလပ်ကလေးများ မင်းတစ်ရွေး သားမျှ ရှာမရဘူးလား (မရပါဘူးဆရာ)။ အကုန်လုံး နံတာချည်းပဲလား (နံပါတယ်ဆရာ)။ အနံ့နဲ့ ချည်းပေါ့ (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် အတွင်းရုပ်ရောအပြင်ရောပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းကိုယ်သေသေချာချာ ပြန်ကြည့်စမ်းပါကွာ၊ အဲဒီဂန္ဓရုပ်နဲ့ဝေဖန်ကြည့်ရင်၊ ဂန္ဓရုပ်နဲ့ မင်းဉာဏ်မျက်စိထဲမှာ စဉ်းစားဝေဖန် ကြည့်ရင် အနံ့ရုပ်၊ အနံ့ရုပ်၊ အနံ့ရုပ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က သဘောတရားဟောထား တော့ မင်းဒီအတိုင်းကြည့်လိုက် အနံ့ရုပ်ချည်းပဲ၊ ဒါဖြင့် မင်းကိုယ်တစ်ကိုယ်လုံးမှာ အနံ့ရုပ် လွတ်တဲ့နေရာရှိလား (မရှိပါဘူးဆရာ)။ ဘယ်မှမရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီအနံ့ရုပ်နဲ့ ကြည့်လို့ရှိရင် မင်းကိုယ်တစ်ကိုယ်လုံး ဘယ်နေရာနမ်းကြည့်ကြည့်၊ ဘယ်နေရာနမ်းကြည့်ကြည့် အနံ့ချည်းပဲ၊ ဟိုနေရာနမ်းလည်းအနံ့၊ ဒီနေရာနမ်းလည်းအနံ့၊ အနံ့လွတ်တဲ့နေရာ တစ်ရွေးသား ခန့်မျှ ကုန်ကုန်ပြောမယ်ဆိုရင် အပ်တစ်ဖျားခန့်မျှ အတွင်းအပြင်ရှာမရ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အဲဒီအနံ့ရုပ်ချည်း ဒင်းကြမ်းပြည့်အပြည့်ရှိနေတဲ့ သဘာဝကြည့်လိုက်တော့ မင်းကိုယ်မှာ ဂန္ဓဆိုတဲ့ အနံ့တုံး၊ အနံ့ခဲကြီးမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအနံ့ မျက်စိလေးနဲ့ သေသေချာချာကြည့်စမ်း၊ ဂန္ဓရုပ်ကို မျက်စိနဲ့သေသေချာချာကြည့်စမ်း၊ အဲဒီအနံ့လွတ်နေတဲ့နေရာ လုံးဝရှာမရတော့ ခြေဘ် ငါ့ကိုယ်ခေါင်းကစခြေဖျားအထိအောင် ကြည့်လိုက်တယ်၊ အနံ့ရုပ်ခေါ်တဲ့ ဂန္ဓရုပ်ခေါ်တဲ့ ဂန္ဓရုပ်လွတ်တဲ့နေရာသည် အပ်ဖျားချစရာမျှရှာမရ၊ အပြည့်အဝနဲ့ အနံ့ချည်းပဲဆိုတော့ ငါအမှန်ကတော့ ဂန္ဓတုံး၊ ဂန္ဓခဲကြီးပဲလို့ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။

ဒါဖြင့် အဲဒီဂန္ဓဆိုတဲ့ အနံ့ရုပ်နဲ့ လျှောက်ပြီးရှာတော့ မင်းခေါင်းသွားနမ်းကြည့်ရင်အနံ့နံ တာပဲလား (နံပါတယ်ဆရာ)။ အနံ့လွတ်တဲ့နေရာမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဒါဖြင့် ခေါင်းတွေ့လား (မတွေ့ပါဘူးဆရာ)။ လက်နမ်းကြည့်တော့ကော (နံပါတယ်ဆရာ)။ လက်တွေ့လား (မတွေ့

http://www.dhammadownload.com



ပါဘူးဆရာ)။ ဘာတွေ့ (ဂန္ဓဆိုတဲ့အနံ့ပဲတွေ့ပါတယ်ဆရာ)။ ကိုယ်နမ်းကြည့်တော့ရော (နံ့တာပါပဲဆရာ)။ နံ့တာပဲလား (ဟုတ်ကဲ့ပါဆရာ)။ အတွင်းအပြင်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ လွတ်တဲ့နေရာမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဒါဖြင့် ကိုယ်ရှိသေးလား (မရှိပါဘူးဆရာ)။ ဘာရှိနေတုန်း (ဂန္ဓဆိုတဲ့အနံ့ပဲ ရှိပါတယ်ဆရာ)။ အနံ့ပဲရှိတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခြေလျှောက်နမ်းကြည့်တော့ရော (နံ့ပါတယ်ဆရာ)။ ခြေတွေ့သေးလား (မတွေ့ပါဘူးဆရာ)။ ဘာတွေ့လဲ (ဂန္ဓဆိုတဲ့အနံ့ပဲ တွေ့ပါတယ်ဆရာ)။ ဩော် ဂန္ဓဆိုတဲ့ အနံ့ပဲတွေ့တယ်လား ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ခြေမရှိဘူးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ခေါင်းကြည့်လည်း ခေါင်းမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ကိုယ်ကြည့်လည်း ကိုယ်မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ လက်ကြည့်လည်း လက်မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ခြေကြည့်လည်း ခြေမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ရှိတာ ဘာတွေရှိလဲ (အနံ့ဆိုတဲ့ သဘောတရားသက်သက်ကလေးသာ ရှိပါတယ်ဆရာ)။ ဩော် အနံ့ရုပ်တွေရှိတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အနံ့ချည်းရှိတာပေါ့။

အေး အေး အဲဒီအနံ့ဟာ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ခေါင်းကအစခြေဖျားအထိအောင် ဝေဖန်စဉ်းစားကြည့်စမ်း၊ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူသော ဂန္ဓဆိုတဲ့အနံ့ရုပ်ကြီးသည် သဘောတရားသက်သက်အနေအားဖြင့် ထင်ရှားရှိသောတရားကြီးဖြစ်တယ်၊ အဲဒီထင်ရှားရှိတယ်ဆိုတဲ့တရားကြီး ဘယ်လိုထင်ရှားရှိတာလဲလို့ လျှောက်ပြီးစမ်းကြည့်တော့ ခေါင်းကအစ ခြေဖျားအထိအောင် နမ်းကြည့်၊ နမ်းကြည့်၊ အတွင်းအပြင် နမ်းကြည့်၊ မနံ့တဲ့နေရာ အနံ့ကင်းနေတဲ့နေရာရယ်လို့ အပ်ဖျားချစရာမျှ ရှာမရဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အနံ့ချည်းတွေ့၊ ဒါဖြင့် ငါခေါင်းရှိသလားဆိုခေါင်းနမ်းကြည့်၊ ခေါင်းမရှိ အနံ့သာပေါ်လာမယ်၊ ကိုယ်ရှိသလား ကိုယ်နမ်းကြည့်၊ ကိုယ်မရှိ၊ အနံ့သာပေါ်လာမည်၊ လက်ရှိသလား လက်နမ်းကြည့် လက်မရှိ၊ အနံ့သာပေါ်လာ၏၊ ခြေရှိသလားလို့ ခြေနမ်းကြည့် ခြေမရှိ၊ အနံ့သာပေါ်လာ၏နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် တစ်ကိုယ်လုံးကို ဂန္ဓစာတ်နဲ့ ဝေဖန်ကြည့်ခဲ့သော် ဂန္ဓတုံး ဂန္ဓခဲကြီးပဲဆို လွဲပါ့မလား (မလွဲပါဘူးဆရာ)။ အေး အေး အဲဒါ ဂန္ဓရုပ်သည် သဘောတရားအနေအားဖြင့် တကယ်ထင်ရှားရှိတယ်ဆိုတဲ့ သက်သေခံ၊ အခုညပြသွားတဲ့သဘာဝ သေသေချာချာ စဉ်းစားကြည့်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီလိုကြည့်တော့ကာ တို့လူစု စောစောက ဂန္ဓအတုံး အလုံး အခဲ ဆိုတဲ့ အထည်ဒြပ်သဏ္ဌာန်နဲ့ စွဲမှတ်ထားတာတွေနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီဂန္ဓဆိုတဲ့ အနံ့ရုပ်သဘောတရားသက်သက်နဲ့ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်ဆိုတဲ့ ပညတ်ကြီးနဲ့တွဲထားတာတွေနော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒါတွေ ခွဲစိတ်ကြည့်၊ ငါတို့နမ်းနေတာ ကိုယ်က နံ့တယ်၊ ခေါင်းက နံ့တယ်၊ ခြေက နံ့တယ်

http://www.dhammadownload.com



ဆိုတဲ့အလုပ်သည် ဟုတ်သလား၊ မဟုတ်သလားလို့ စဉ်းစားကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ အကယ် တန္တု အဲဒီလို အကောင်အထည် အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့် စွပ်စွဲပြီးတော့ အနံ့ရုပ်ခွဲမရလို့ ရှိရင် ကိုယ့်ကိုယ်ကိုပဲ မနေ့ကသနပ်ခါးတုံး ချေမွပြသလိုပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ပြာဖြစ်တဲ့ ဘဝရောက်အောင် တစ်ဆင့်တစ်ဆင့် ချေမွထုထောင်းပြီးတော့ ပြာဖြစ်သွားတဲ့ဘဝရောက်အောင် မီးနဲ့တိုက်ပြီး၊ ပြာဖြစ်သည့်တိုင်အောင် အနံ့ရုပ်သည်မပျောက် ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဒီက ကိုယ်ပေါ်တင်တော့ ပျောက်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အဆင့် အဆင့် ဖျက်ဖျက်ကြည့်တော့ ကိုယ်ပါပျောက်တဲ့အပြင် အသားအသွေးလုံးဝရှာမရလို့ မီးနဲ့တိုက်လို့ ပြာအဖြစ်ရောက်သည့် တိုင်အောင် အနံ့ရုပ်သည်မပျောက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဩော် ဒါဖြင့် ဒီအနံ့ရုပ်သဘောသည် တကယ်မပျောက်ကောင်းတဲ့ သဘောတရားအနေ အားဖြင့် ထင်ရှားရှိတဲ့ ပရမတ်အစစ်ပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ငါကောင် သူကောင် လူကောင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာ တုံး တိုင် တော တောင် ရေ မြေ ဆိုတဲ့ အရာဝတ္ထုက မရှိတဲ့ပညတ်တရား ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ လုံးဝမရှိတဲ့ ပညတ်တရားနဲ့ လုံးဝတကယ်ထင်ရှားရှိတဲ့ ပရမတ်တရားတွေ၊ ဒီနှစ်ပါးကို ခြားနားကြည့်ရအောင် နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီသိလိုက်တော့ ကိုယ့်ကိုယ်ကိုပြန်တင်ကြည့်ရင် ဂန္ဓရုပ်မှတစ်ပါး (တစ်နည်း) အနံ့ရုပ်မှတစ်ပါး ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ လုံးဝ မရှိဆိုတဲ့ အသိဉာဏ်ကြီး။

ဝဏ္ဏ ဂန္ဓ ရသ ဩဇာ မနေ့က ဂန္ဓဓာတ် လက်စသတ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကနေ့တော့ ရသဓာတ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ဥပါဒါရုပ်လေးပါးမှာ ရသဓာတ်ကျတော့ ဟိုဝဏ္ဏဓာတ် တုန်းက ပါဠိလို ဝဏ္ဏ၊ မြန်မာလိုပြန်တော့ အဆင်း အသွေး အရောင်၊ ဂန္ဓဓာတ်ကျတော့ ပါဠိလိုက ဂန္ဓ၊ မြန်မာလိုပြန်တော့ အနံ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ရသဓာတ်ကျတော့ ပါဠိကလည်း ရသ၊ ဒီရသဓာတ် မြန်မာလိုခေါ်တော့ ဘာခေါ်လဲ (အရသာလို့ခေါ်ပါတယ်ဆရာ)။ ဩော် 'အ'တစ်လုံး တိုးလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပဲထူးတယ်၊ ဒါကလည်း ဒီရသဓာတ် အရသာလို့၊ အရသာဆိုတော့ လူတိုင်းနားလည် ရသဓာတ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ အချို အချဉ် အငန် အစပ် အဖန် အခါး ရသာခြောက်ပါးသောရသဓာတ် ဒီလိုစာများလည်း ဒီလိုရှိထားတော့ ဒီအချို အချဉ် အငန် အဖန် အစပ် အခါး ဆိုတဲ့ ခြောက်ပါးသော ရသဓာတ် ဒီလိုပဲ နားလည်၊ အရသာလည်း ခြောက်ပါး၊ ခြောက်မျိုး၊ အဲဒီချိုတယ်၊ ချဉ်တယ်၊ ငန်တယ်၊ စပ်တယ်၊ ဖန်တယ်၊ ခါးတယ်ဆိုတဲ့ ရသာခြောက်ပါးက ဘယ်သူ့ရှိသလဲဆိုတော့ ပစ္စည်းဝတ္ထုအပေါ်မှာ

http://www.dhammadownload.com



ရှိနေတယ်ဆိုတဲ့ အသိဉာဏ်ကစရှိတယ်၊ ဒီလို နားလည်ထားတယ်၊ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ရသဓာတ်ဆိုတာ အမှန်ကတော့ သဘောတရားသက်သက်ပဲ၊ အတုံး အလုံး အကောင် အထည် အထည်ဒြပ်သဏ္ဍာန် လုံးဝရှာဖွေလို့ ရကောင်းတဲ့ တရားမဟုတ်ဘူး၊ အမှုန် အမွှားလည်း မဟုတ်ဘူး၊ အရည် အဖတ်လည်း မဟုတ်ဘူး၊ အဖြူ အပြာ အဝါလည်း မဟုတ်ဘူး၊ ဒီလို မြတ်စွာဘုရားကိုယ်တော်မြတ်က သဘောတရားသက်သက်ကိုသိစေလို့ ဟောတော်မူတဲ့ဓာတ်တရား။

ဒီတော့ တို့လူများက နားလည်ထားတာက အဓိပ္ပာယ်အားဖြင့် ချိုတာထန်းလျက်ပဲ၊ ချဉ်တာ ရှောက်သီး သံပုရာသီးပဲ၊ ခါးတာက ကြက်ဟင်းခါးသီး တမာတို့ ဝတ္ထုပစ္စည်းနဲ့ တွဲလို့ကွနော် (ဟုတ်ကဲ့ပါဆရာ)။ စပ်တာကျတော့ ငရုတ်သီးတို့၊ ငရုတ်ကောင်းတို့၊ ဂျင်းတို့ ဒီလိုပစ္စည်းတွေ၊ အငန်ကျတော့ ဆားတို့၊ ဖန်တာကျတော့ ဇီးဖြူသီး၊ သျှစ်သျှားသီးတို့၊ ဖန်ခါးသီးတို့၊ မိမိတို့ စားသုံးနေတဲ့ အာဟာရအနေအားဖြင့် စားသုံးနေတဲ့ အရာဝတ္ထုတွေ၊ နေရာဝတ္ထုတွေမှာ ရသဓာတ်က ပါပါ့,ပါပါနေတော့ ဘယ်လိုဖြစ်သလဲ၊ ချဉ်တာဟာ မန်ကျည်းသီးတို့၊ သရက်သီးတို့၊ မရမ်းသီးတို့ ဖြစ်မယ်၊ သံပုရာသီး ရှောက်သီးဖြစ်မယ် ချဉ်တာ၊ ချိုတာကျတော့ ထန်းလျက်ဖြစ်မယ်၊ သကာဖြစ်မယ်၊ သကြားဖြစ်မယ်၊ ဒီလိုဖြစ်ရမှာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ ဒီထန်းလျက်စားကြည့်ရင် ချိုတယ်၊ သကြားစားကြည့်ရင် ချိုတယ်၊ သကာခဲ စားကြည့်ရင် ချိုတယ်ဆိုတော့ ဩော် ချိုတယ်ဆိုတာဟာ သကာကချိုတာပဲ၊ ထန်းလျက်က ချိုတာပဲ၊ ချဉ်တာကျတော့ ရှောက်သီး၊ သံပုရာသီး၊ မန်ကျည်းသီးကချဉ်တာပဲ၊ ဒီလိုဖြစ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ငန်တာကျပြန်တော့ ဆားကငန်တာပဲ၊ အဲဒီလို ခါးတယ်၊ ငန်တယ်၊ စပ်တယ် အစရှိတဲ့ ခြောက်ပါးသောရသဓာတ်ဟာ ဘယ်လိုမှတ်သလဲဆိုတော့ ဝတ္ထုပစ္စည်းပေါ်တင်နေရော၊ တင်နေတဲ့အပြင် တစ်ခါဘာပိုလာပြန်လဲဆိုတော့ ရသဓာတ်ဆိုတာ အရသာခြောက်ပါးလို့ ဘုရားကိုယ်တော်မြတ်ဟောတယ်၊ ဒီခြောက်ပါးအပြင်ဘက်ထွက်လာရင်ပဲ ရသဓာတ်မဟုတ်သလို၊ ရသဓာတ်မရှိသလို ဒီလိုပဲနားလည်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ အချို အချဉ် အငန် အစပ် အဖန် အခါးဆိုတဲ့ ခြောက်ပါးသော ရသာကိုမှ အရသာလို့မှတ်နေတယ်၊ ဒီအမှတ်ကလည်း လွဲခြင်းတစ်ရပ်၊ ဘာဖြစ်လို့၊ ဒီအချို အချဉ် အငန် အစပ် အဖန် အခါး ဆိုတဲ့ ခြောက်ပါးကိုမှ မပြနိုင်ရင် အရသာမပါဘူးလို့ ဒီလိုထင် ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)။ ဥပမာအားဖြင့် သေသေချာချာကြည့်၊ အရပ်ထဲ သုံးတဲ့စကားလုံးက ရေဖန်ခွက် နှစ်ခုထည့်ထားပါ၊ ဒီဘက်က တစ်ခု၊ ဟိုဘက်က တစ်ခု၊ ရေဖန်ခွက်တစ်ခုကတော့ ရေချည်းပဲ ဘာမှ မပါဘူး၊ ဖန်ခွက်တစ်ခုကျတော့ သကြားခပ်ထား ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဒီတော့ ဖန်ခွက်နှစ်ခုသောက်ကြည့်စမ်း၊ ဒီဘက်ဖန်ခွက်က ဘယ့်နှယ့်တုန်း၊ အရသာလည်း မရှိ၊ ဟာ ဟိုဘက်ကတော့ အရသာ ချိုတာပေါ့၊ အချဉ်ထည့်တာ ချဉ်တာပေါ့၊ ဒီလိုကွနော် (ဟုတ်ကဲ့ပါဆရာ)။ ရေချည်းသန့်သန့်ထည့်ထားတဲ့ ဖန်ခွက်ကျတော့ ဘယ့်နှယ့်နေတုန်း၊ ဘာအရသာရှိတုန်း ဘာအရသာမှမရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဒါရသဓာတ်မပါဘူးလို့ ဒီလိုထင်နေတာ၊ အဲဒီလိုထင်နေတော့ ဘာဖြစ်လို့လဲမေးတော့ စောစောက ပြောတဲ့ ရသာကခြောက်ပါးထဲဟောထားတယ်၊ စာထဲလာတာက အချို အချဉ် အငန် အဖန် အစပ် ခါး ဆိုတဲ့ ခြောက်ပါးသောရသဓာတ် ဟောထားတော့၊ ဒီခြောက်ပါးမပါရင်ဘဲ အရသာကင်းသလိုလို အရသာမရှိသလိုလို ရသဓာတ်ကြီးမပါသလိုလို ဒီလိုနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အမှန်ကတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ ဘယ်တရားမဆို ဒီ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသာ ဩဇာ ဆိုတဲ့ ရုပ်ဓာတ်ရှစ်ပါးပါစမြဲ ရှိစမြဲ၊ ဘယ်တော့မှမကင်းကောင်းတဲ့ တရားရှစ်ပါး ခေါ်တယ်၊ ရုပ်တရားမှန်ရင်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် တို့လူစုကတော့ စောစော ကပြောသလိုပဲ အချို အချဉ် အငန် အစပ် အဖန် အခါး ဆိုတဲ့ ရသာခြောက်ပါးနဲ့ ပိုင်းခြား ပြီးတော့ စာကဆိုထားတော့ အဲဒီခြောက်ပါးမပါရင် ရသာမရှိဘူး၊ ဒီလို ထင်တယ်နော် (ဟုတ်ကဲ့ ပါဆရာ)။ ဒါကြောင့်လည်းပဲ ခုနရေဖန်ခွက်နှစ်ခွက်မှာ ရေချည်းသန့်သန့်ကျတော့ အရသာမရှိဘူး၊ ဒီလိုပြောတယ် မဟုတ်လား (ပြောပါတယ်ဆရာ)။

အေး ဟိုဘက်က အချိုအချဉ်ထည့်ထားတဲ့ ဖန်ခွက်ကျတော့ သူကတော့ အရသာရှိတယ်၊ အဲဒီလို နားလည်၊ အဲဒီလို နားလည်ရင်လည်း အမှားပါပဲ၊ ဒီအမှားလေးတွေ အကုန်ပြင်ရမယ်၊ ဒီအမှားတွေ အကုန်ပျောက်သွားရင်ပဲ တစ်နည်း စောစောကပြောသလို အချို အချဉ် အငန် အဖန် အစပ် အခါး အစရှိတဲ့ ခြောက်ပါးသော ရသဓာတ်သည် ဘယ်မှာရှိသလဲဆိုတော့ ဝတ္ထုပစ္စည်း ထဲမှာရှိတယ်ဆိုတဲ့အစွဲကြီး ရင်ထဲကပြုတ်သွားရမယ် ဒီလိုနားလည်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် အဲဒီသဘောမျှသက်သက်ဆိုတဲ့ ရသရုပ်ဓာတ်ကလေးကို ပရမတ်အနေအားဖြင့် ပေါ်လာ အောင် ဒါကိုသင်ကြားပေးရမယ်၊ အဲဒီရသရုပ်သက်သက်ဓာတ်ကြီးဟာ ပညတ်မဖက်ဘဲနဲ့ ပရမတ် သက်သက်ကလေး ပေါ်ထွက်လာမှ တို့လူစု ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ရသဓာတ်ကြီး ပြတ်ပြတ်သားသား ဉာဏ်အားဖြင့်သိရလေပေါ့ နားလည်ရလေပေါ့ ဒီမှ ပိုင်တယ်ခေါ်တယ် ရသဓာတ်တစ်လုံး ပိုင်ပြန်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ရသဓာတ်တစ်လုံးပိုင်ပြန်ပေါ့ဆိုတော့ နောက်က ပြီးပြီးသား ဓာတ်တစ်ခုကလည်းပိုင်ပြီးသားမနေဘူးလားကွ (ပိုင်ပြီးသားနေပါတယ်ဆရာ)။ အေး အေး ပိုင်ပြီးသားနေ၊ အဲဒီလိုချည်းပဲ တစ်လုံးချင်းတစ်လုံးချင်းနဲ့ စာရင်းရှင်းရှင်း ရှင်းရှင်းပေးလာတာ၊

http://www.dhammadownload.com



မတတ်မချင်း သင်ကြားပေးလာတာ၊ ပထဝီကြည့်လည်း သဘောမျှသက်သက်ကလေး အသိဉာဏ် ရတယ်၊ အာပေါကြည့်လည်း ၎င်းနည်းအတိုင်း၊ တေဇောကြည့်ရင်လည်း ၎င်းနည်းအတိုင်း၊ ဝါယောကြည့်ရင် ၎င်းနည်းအတိုင်း၊ အာပေါကြည့်ရင် ၎င်းနည်းအတိုင်း၊ ဝဏ္ဏဓာတ်ကြည့်လည်း ဒီလိုပဲ၊ အထပ်ထပ်အမြင်များတာတွေ အကုန်သုတ်သင်ရှင်းလင်းလို့၊ ဝဏ္ဏဓာတ်ဆိုတာ မြင်ကောင်းတဲ့၊ မြင်ရတဲ့အမြင်ဓာတ်ကလေးပဲလို့၊ သဘောမျှသက်သက်ကလေးနော် (ဟုတ်ကဲ့ပါဆရာ)။

ဂန္ဓဓာတ်ကြည့်ပြန်လည်း အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်တွေ အကုန်ပြုတ်လို့၊ ချုပ်လို့၊ ဘာမှမရှိဘူး၊ ဂန္ဓဆိုတာဘာတုန်း၊ နံကောင်းတယ်၊ နံနိုင်တယ်၊ နံရတယ် ဆိုတဲ့ အနံ့သဘောသက်သက်ကလေး ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုသိသွားတော့ အတုံး အလုံး အခဲ အကောင်အထည် အမှုန် အမွှား အရည် အဖတ်တွေ ပါသေးလား (မပါပါဘူးဆရာ)။ မပါရင် ပညတ်လွတ်မသွားဘူးလား (လွတ်ပါတယ်ဆရာ)။ သဘောတရားသက်သက်ကလေး ပေါ် ရောက်မလာဘူးလား (ရောက်ပါတယ်ဆရာ)။ ဪ သူ့လက္ခဏာနဲ့သူ့သဘောနဲ့လာကြ နော် (ဟုတ်ကဲ့ပါဆရာ)။ သူ့လက္ခဏာနဲ့ချည်းပဲအကုန်လုံး၊ ပထဝီကြည့်လည်း သူ့လက္ခဏာနဲ့သူ့ သဘောနဲ့၊ အာပေါကြည့်လည်း သူ့လက္ခဏာနဲ့သူ့သဘောနဲ့၊ တေဇောကြည့်လည်း သူ့လက္ခဏာ နဲ့သူ့သဘောနဲ့၊ ဝါယောကြည့်လည်း သူ့လက္ခဏာနဲ့သူ့သဘောနဲ့၊ ဝဏ္ဏ ဂန္ဓ ကြည့်လည်း သူ့ လက္ခဏာနဲ့သူ့သဘောနဲ့ချည်း လာတာ၊ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)။ အေး အေး အဲဒီ အသိဉာဏ်လေးတွေရောက်စေလိုလို့၊ ဒါကြောင့် သင်ကြားပြသပေးပါတယ်လို့၊ စာထဲပါတဲ့ အတိုင်းဆိုတာကတော့ သင်ရကြားရတယ်ဆိုတာ သိပ်ပြီးတော့မခက်လှပါဘူး သင်ရင်တတ်တယ်။ ဘာကြောင့် ပထဝီ တေဇော အာပေါ ဝါယော၊ ပထဝီဆိုတာ မြေ၊ အာပေါ–ဆိုတာ ရေ၊ တေဇောဆိုတာ မီး၊ ဝါယောဆိုတာ လေ၊ ဝဏ္ဏဆိုတာ အဆင်းပဲ၊ ဂန္ဓဆိုတာ အနံ့ပဲ၊ ရသာဆိုတာ အရသာပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒီလိုသင်လိုက်ရင် မလွယ်လားကွ (လွယ်ပါတယ်ဆရာ)။ လွယ်ပေမယ့် ခုနပြောသလို ပညတ်က မလွတ်ဘူး၊ နဂိုမိမွေးတိုင်းဖမွေးတိုင်း၊ အမေမွေးလာတဲ့ မှတ်သားတဲ့အတိုင်းပဲ နားလည်တဲ့အတိုင်းပဲ ဒီလိုပဲလာတယ်၊ ဒီလိုလာတော့ ဒီပရမတ်ပေါ်ဆိုတဲ့ ပညာစစ်ပညာမှန်တည်းဟူသော အသိဉာဏ် ရပ့ါမလား (မရနိုင်ပါဘူးဆရာ)။ ဘယ့်နှယ့်နည်းမှ မရဘူး၊ ဒီလိုမရပြန်တော့လည်း ပညတ်မလွတ် ခြင်းကြောင့် မဂ်ဖိုလ်မရအောင်တားဆီးထားတဲ့ ဒိဋ္ဌိဆိုတဲ့အန္တရာယ်ကြီးငြိတွယ်နေတယ်တဲ့၊ ဒီလို ရုပ်ဓာတ်ကို ဒီလိုပြတ်သားကာမျှ ဒီလိုပညတ်မလွတ်ဘဲ ပညတ်အနေအားဖြင့် သိကာမျှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဖြစ်လို့လဲ၊ ခုနပြောတဲ့ ပညတ်မလွတ်လို့၊

http://www.dhammadownload.com



ပညတ်မလွတ်ရင် ဘာခေါ်တုန်း ဒါ ဒိဋ္ဌိကိလေသာခေါ်တယ်၊ အတုံး အလုံး အကောင်အထည် ဝတ္ထုပစ္စည်း အမှုန် အမွှား အရည် အဖတ်အနေအားဖြင့် ယူထားတဲ့ အယူဝါဒခေါ်တယ်၊ ယုံပြီးသား ယုံကြည်မှုခေါ်တယ်၊ ဒီလိုယုံကြည်မှုပေါ်နေရင် ဒီယုံကြည်မှုကြီးနဲ့ ဒီရုပ်ကိုရှုနေလို့ရှိရင် ဘယ့်နှယ့် နည်းနဲ့မှ သောတာပတ္တိမဂ်က ပယ်သွားတယ်ဆိုတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ မပြုတ်နိုင်ပါဘူးနော် (ဟုတ်ကဲ့ပါ ဆရာ)။

ဒါကြောင့် သောတာပတ္တိမဂ်ဉာဏ် ရတယ်ဆိုတာ ကိလေသာအနေအားဖြင့် ကြည့်မယ်ဆိုရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ပယ်သွားတာပါ၊ ပဟာတဗ္ဗ သမုစ္ဆေဒပဟာတဗ္ဗအနေအားဖြင့် ပယ်သွားတဲ့မဂ်သည် ပထမမဂ်ခေါ်ပါတယ်။ ဩော် သောတာပတ္တိမဂ်ကိုက ဒီမဂ်ဉာဏ်ကိုက တစ်သံသရာလုံးက တို့များချင် တိုင်းများလာတဲ့ အယူမှားတည်းဟူသော ဒိဋ္ဌိကိလေသာဆိုတဲ့ဒိဋ္ဌိစိတ်ရယ်၊ ဒိဋ္ဌိသမ္ပယုတ်စိတ်ရယ်၊ ဝိစိကိစ္ဆာသမ္ပယုတ်ရယ် ဒီနှစ်ပါးကိုသောတာပတ္တိမဂ်က ပယ်လိုက်တယ်၊ သောတာပတ္တိမဂ်ကိုက ဦးဦးဖျားဖျား ပထမဆုံးထားပြီးပယ်တဲ့ အကုသိုလ်စိတ်နှစ်ပါးကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။ ပထမဆုံး တားတဲ့၊ ပယ်တဲ့အကုသိုလ်စိတ်သမ္ပယုတ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာအနေအားဖြင့် ဒီပထမမဂ်ဖြင့် ပယ်လိုက်တယ်ဆိုတော့ သောတာပတ္တိမဂ်စိတ်က ဒီနှစ်ပါးကို အရင်းထားပယ်တော့ ဘာဖြစ်လို့ပယ်သလဲမေးကြည့်တော့ ဒီသောတာပတ္တိမဂ်ဉာဏ် ပထမမဂ်ဉာဏ်ကို မရအောင်တားထားတဲ့ ဒိဋ္ဌိတည်းဟူသော အန္တရာယ်ပါပဲလို့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့်ဒီဒိဋ္ဌိကြီးကိုပဲ အရေးတကြီးအနေအားဖြင့် ဒိဋ္ဌိကိလေသာ မစင်စင်အောင်၊ မသန့်ရှင်း သန့်ရှင်းအောင်ဆိုပြီးတော့ ဓာတ်တစ်လုံးချင်း ဓာတ်တစ်လုံးချင်း ရှင်းရှင်းအောင် ပြပေးနေတာ သင်ပေးနေတာ၊ ဒါကြောင့် တို့လူစုတွေက သင်ပေးသွားတဲ့ပုဂ္ဂိုလ်ရဲ့ အလိုဆန္ဒအတိုင်းပေါ့ ပြတ်သားနားလည်အောင် စိန္တာမယ ကိုယ်ပိုင်ဉာဏ်လေးနဲ့ အထပ်ထပ်ဝေဖန်ရှင်းပြ၊ ဘာလိုလို့ ပြောပါလိမ့်၊ ဘာလိုလို့ပြပါလိမ့်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီအထဲ စကားစပ်လို့ပြောရဦးမယ်၊ တို့မနေ့ညကတုန်းကဂန္ဓဆိုတဲ့ အနံ့ရုပ်ကြီး လုံးလုံး ဆက္ကာယက္ကာရှင်းအောင်ပေါ့ကွာ၊ ပညတ်တွေလွတ်သွားအောင်၊ သဘောလေးပေါ်ရောက်အောင် ပြနေတဲ့ နောက်ပိုင်းကျမှ ကိုယ်ပေါ်တစ်ခါပြန်တင်၊ ဓာတ်တိုင်း ဓာတ်တိုင်းကိုယ်ပေါ်တင်ခဲ့တယ် ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်ပေါ်တင်မှ တရားမြင်တယ်၊ ကိုယ်ပေါ်ကျမှ တရားရတယ်၊ ဒီလိုပြနေကျ၊ ဒါ့ကြောင့် မိမိကိုယ်ပေါ်တင်ပြတဲ့အခါ ခေါင်းကစခြေဖျားထိအောင်ပြန်ပြီးတော့ အပြန်ပြန် အထပ်ထပ် သုံးသပ်ကြည့်ပါ၊ အနံ့ရုပ်ကြီး ဘယ်နေရာမှ လွတ်တာလပ်တာမရှိဘူး တစ်ကိုယ်လုံး အနံ့ချည်းပဲ၊ ဂန္ဓ ဒါဂန္ဓဆိုတဲ့ဓာတ်အနေအားဖြင့် ဉာဏ်မျက်စိအားဖြင့် မိမိကိုယ်မိမိပြန်ပြီးတော့

http://www.dhammadownload.com



သုံးသပ်ရင် ဂန္ဓရုပ်ပဲပေါ်တယ်၊ ခေါင်းလည်းမရှိ လက်လည်းမရှိ ကိုယ်လည်းမရှိ ခြေလည်းမရှိ အကောင်အထည်လည်းမရှိ ယောကျ်ားမိန်းမလည်းမရှိ ပုဂ္ဂိုလ်သတ္တဝါလည်းမရှိ ဘာတွေ့လဲ ဂန္ဓာတတ်ပဲတွေ့မယ် ဂန္ဓရုပ်နော် (ဟုတ်ကဲ့ပါဆရာ)။

အေး မနေ့ညက ကိုယ်ပေါ်ပြန်တင်၊ တို့ရသဓာတ်ကလေး စထားတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒီရသဓာတ်ပြန်သွားကြစို့၊ အဲဒီရသဓာတ်လည်း ဝဏ္ဏ ဂန္ဓနဲ့ မခြားပါဘူး၊ ပြတ်သားအောင် ပြန်ကြည့်ရမယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ မင်းတို့ငါတို့မှာ လွန်ခဲ့သော အတိတ် ဘဝက ပြုလုပ်တဲ့ကံက စီမံပြီးပေးလိုက်တဲ့ ဒီဘက်ဘဝ ပဋိသန္ဓေခဏကစပြီးရလာတဲ့ ကမ္မဇရုပ်တွေ ပါလာပြီပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ကမ္မဇရုပ်ဆိုတာ ကံလုပ်ပေးလိုက်တဲ့ရုပ်တွေ၊ ကံစီမံ ပေးတဲ့ရုပ်တွေ ကမ္မဇရုပ်တွေရှိတယ်၊ အဲဒီကမ္မဇရုပ် ဘယ်သူလဲဆိုတော့ စောစောကပြောတဲ့ စက္ခုပသာဒတုန်းကလည်းပဲ မျက်နက်ဝန်းအလယ်မှာ သန်းဦးခေါင်းမျှပမာဏရှိတဲ့ စက္ခုပသာဒ ခေါ် ထားသော ကမ္မဇအကြည်ရုပ်ကလေးရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မနေ့ညက ပြသွားတဲ့ ဂန္ဓာတတ်လည်း ဒီလိုပဲ၊ နှာခေါင်းအတွင်းမှာ မျက်မှောင်ရိုးအကြားမှာ ဟိုအတွင်းသားလေး မှာ လက်သည်းခွံပမာဏ ပုံစံကလေးကတော့ ဆိတ်ခွာသဏ္ဌာန်၊ အင်မတန်နူးညံ့တဲ့ မွေးညှင်းလေးနဲ့ ရှင်သန်ပြီးတော့ ပေါက်နေတယ် အဲဒါဘာလဲဆိုတော့ ဃာနပသာဒနော် (ဟုတ်ကဲ့ပါဆရာ)။ အကြည်လေး၊ အကြည်ရုပ်ကလေး၊ မဟုတ်ဘုတ်လေးပါးမှာ ရှိခြင်းလက္ခဏာရှိတဲ့ အကြည်ရုပ် ကလေးခေါ်တယ်၊ အဲဒီအကြည်ရုပ်ကလေးကို ဃာနပသာဒခေါ်ပါ၏၊ အဲဒီဃာနပသာဒဘယ်သူ လုပ် နေပါသလဲ။

လွန်ခဲ့သော အတိတ်ကကံက လုပ်ပေးနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကံစီမံပေးနေတဲ့ ကမ္မဇရုပ်ကလေး ဒီပမာလိုပဲ မနေ့ညကပြတဲ့ ရသဓာတ်လည်း အခြေခံလေး အရင်မှတ်ပါဦး၊ မင်းတို့ငါတို့ရဲ့ လျှာအလယ်ခေါင်မှာနော် (ဟုတ်ကဲ့ပါဆရာ)။ လျှာအလယ်ခေါင်မှာ ညှောင်ရွက် သဏ္ဌာန်လေး၊ တစ်ဘက်ကအချွန်လေးနဲ့ ဝိုင်းဝိုင်းလေးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ တချို့ စာကတော့ ကြာရွက်ဖျားပြတ်သဏ္ဌာန်၊ တချို့ကလည်း ညှောင်ရွက်ဖျားပြတ်သဏ္ဌာန်လေး၊ တစ်ဘက် ချွန်ကလေးပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ မိမိတို့လျှာအလယ်ခေါင်မှာရှိ၊ ပကတိမျက်စိ နဲ့ကြည့်ရင် မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)။ မမြင်ကောင်းပါဘူး၊ လျှာအလယ် ခေါင်၊ အဲဒါကလေးက ကွက်ကွက်ကလေးပေါ့ သေးသေးကလေး၊ အဲဒါဘာလဲမေးတော့ လျှာ ရိုးရိုးမဟုတ်ပါဘူး၊ လျှာရဲ့အလယ်ခေါင်တည့်တည့်မှာ ညှောင်ရွက်ဖျားပြတ်သဏ္ဌာန်၊ ကြာရွက် ဖျားပြတ်သဏ္ဌာန်လေး၊ လွန်ခဲ့သောအတိတ်ဘဝက ကံစီမံပေးလိုက်တဲ့ ကံလုပ်ပေးလိုက်တဲ့ ကမ္မဇ

http://www.dhammadownload.com



အကြည်မှုန်ကလေး ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ပထဝီ တေဇော အာပေါ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ပေါင်းစုပြီးဖြစ်နေတဲ့ အဲဒီရုပ်ပေါ်မှာ လာပြီးတော့ ပျံ့နှံ့နေတဲ့ ကြည်လင်နေတဲ့ သဘောတရားလေးတွေ ပေါ်လွင်နေတယ်၊ ဒါဇိဝှါပသာဒ ဒီလိုခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဇိဝှါပသာဒရုပ်တဲ့၊ မြန်မာလိုပြောတော့ လျှာအကြည်ရုပ်ခေါ်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဝဏ္ဏဓာတ်တုန်းကတော့ စက္ခုပသာဒအကြည်ရုပ်၊ ဂန္ဓကျတော့ နှာခေါင်းအကြည်ရုပ်၊ အခု ရသကျတော့ ဇိဝှါအကြည်ရုပ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကံလုပ်ပေးတဲ့ ကမ္မဇရုပ်ကလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ သူက ကြည်လင်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ကြည်လင်တယ်၊ ကြည်လင်ရင် မှန်ပြင်လို နေတာပေါ့၊ မှန်ပြင်ဖြစ်ရင် အရိပ်ထင်တာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီမှာ စက္ခုပသာဒလည်း ကြည်လင်တယ်၊ ကြည်လင်တော့ မှန်ပြင်လိုပဲ မှန်ပြင်လို အရိပ်ထင်တာပေါ့၊ ဘာအရိပ်ထင်တုန်း၊ ရူပါရုံခေါ်တဲ့ဝဏ္ဏဆိုတဲ့ အဆင်းရုပ်ကတွေလာထင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဃာနပသာဒခေါ်ထားတော့ အကြည်ရုပ်ကလေးပေါ့၊ ကြည်လင်တယ် ကြည်လင်ရင် မှန်ပြင်လိုပေါ့၊ မှန်ပြင်လိုဖြစ် အရိပ်ထင်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဘာအရိပ်တွေ လာထင်တုန်း၊ ဂန္ဓဆိုတဲ့ အနံ့ရုပ်တွေ လာထင်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ထင်ကြတယ် ထင်ကြတယ် ဒီမှာလာလာထိ တိုက်ကြတယ် ဇိဝှါပသာဒတစ်ခါလာပြန်ပြီ။

ဇိဝှါပသာဒ လျှာမှုန်အကြည်လေး၊ လျှာမှာအကြည်လေး ကြည်လင်ရာ အရိပ်ထင်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အရိပ်ထင်ရင် ဘာအရိပ်တွေလာထင်လဲဆိုတော့ စောစောကပြောတဲ့ အချို အချဉ် အငန် အစပ် အဖန် အခါး ထင်ရှားတဲ့ ရသာခြောက်ပါးဆိုတဲ့ အရိပ်တွေလာထင်တယ် မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ ဒီမှာ လာပြီးတော့ တိုးကြ တိုက်ကြ ထိကြ ခိုက်ကြတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီမှန်ပြင်လေးလာပြီးတော့ တိုးကြ တိုက်ကြ ထိကြ ခိုက်ကြတော့ တို့လူစုက ဘယ်လိုမှတ်သလဲဆိုတော့ ဩော် စာကလည်းပဲ အချို အချဉ် အငန် အဖန် အစပ် အခါး ခြောက်ပါးသောရသာလို့ဟောထားတော့ ချိုတာမှ ရသာဟဲ့၊ ချဉ်တာမှ ရသာဟဲ့၊ ငန်တာမှ ရသာဟဲ့၊ စပ်တာမှ ရသာဟဲ့၊ ခါးတာမှ ရသာဟဲ့၊ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလို ဒီလိုမှတ်ထား၊ အဲဒီခြောက်ပါးသော အမည်ကိုမှ မဖေါ်တတ်လို့ရှိရင် အရသာမရှိဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီခြောက်ပါးသော အမည်တစ်ခုခုတပ်တတ်ရင် အရသာရှိတယ်၊ အရသာရှိတဲ့ရုပ်၊ အရသာရှိတဲ့ထမင်း၊ အဖျော်ယမကပဲ၊ အဲဒီအရသာခြောက်ပါး အမည်တစ်ခုခုထင်ရှားအောင် တတ်မပြောနိုင်ရင် ဒါအရသာမရှိဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ဒါ ခုနတုန်းက ရေဖန်ခွက်နှစ်ခုထဲထည့်ထားစမ်း၊ ဒီဘက်ဖန်ခွက်တုန်းက သကြားထည့်ထားတယ်၊ ဟိုဘက်ဖန်ခွက်ကျတော့ ဘာမှမထည့်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ လက်ယာဘက်က ဖန်ခွက်သောက်ကြည့်စမ်း မြည်းကြည့်စမ်း ဘယ့်နှယ့်နေတုန်း၊ ဟာ ချိုတယ်၊ အရသာပြော၊ ဟာ ချိုတဲ့ အရသာပေါ့၊ ဟိုဘက် ဘာမှမထည့်တဲ့ဖန်ခွက်သောက်ခိုင်းတယ်၊ ဘာအရသာရှိလဲ၊ ဘာမှ အရသာမရှိဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒါဟာ အများကြီးမှားနေတယ်၊ အဲဒီအမှားလည်း တို့လူစုပြင်ကြ၊ ဘာဖြစ်လို့ပြင်ရမလဲဆိုတော့ မဟုတ်ဘူး၊ ရသာဆိုတာ ဘုရားကိုယ်တော်မြတ် ဒါဟောတာ၊ ချိုတာ ချဉ်တာ ငန်တာ ဖန်တာ စပ်တာ ခါးတာ ဟောတာ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာဟောတုန်းမေးတော့ လျှာမှာ စောစောကပြောသလို ချိုတယ်၊ ချဉ်တယ်၊ ငန်တယ်၊ စပ်တယ်၊ ဖန်တယ်၊ ခါးတယ်လို့ မပြောနိုင်ပေမယ့် မပြောနိုင်သော်လည်းနော် (ဟုတ်ကဲ့ပါဆရာ)။ ခုနပြထားတဲ့ ဇိဝှါပသာဒ လျှာအလယ်က ကမ္ဗဇအကြည့်မှုန်လေးမှာ လာတိုက်ရင် ထိရင် ခိုက်ရင် ရသရုပ်ပဲ ရသဓာတ်ပဲ ဒီလိုမှတ်ရမယ်၊ ဟော ဒီလိုဆိုတော့ ချိုတာ ချဉ်တာ ငန်တာ ဖန်တာ စပ်တာ ခါးတာမှ အရသာဆို ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ဟုတ်တော့ကော (ဟုတ်ပါတယ်ဆရာ)။ ဇိဝှါပသာဒ လျှာက အလယ်ကအကြည့်မှုန်ကလေးလာပြီးတော့ ထိတယ် ခိုက်တယ်ဆိုရင် မင်းရသဓာတ်ပေါ့ (ရသဓာတ်ပါဆရာ)။ အေး အေး အဲဒါလေး တို့လူစုက ယုံချင်မှယုံမယ်၊ ဘာဖြစ်လို့ ခုနပြောတဲ့ အချို အချဉ် အငန် အဖန် အစပ် အခါး ဆိုတဲ့ ခြောက်ပါးသောရသဓာတ်ကထင်ရှားတော့ ကြားတာလည်းဒါကြားတော့ ဒါပဲမှတ်ထား၊ ဒါမပါရင်ဖြင့် အရသာမဟုတ်ဘူး၊ ဒီခြောက်မျိုး တစ်မျိုးမပါရင်အရသာမရှိ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ကဲ မင်းကို ငါအရင်စမ်းပါဦးမယ်၊ ဒီလိုဆိုတော့ မင်းနည်းနည်းရိပ်စားမိသွားတာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ ဒါဖြင့် မင်း မန်ကျည်းသီးစားဖူးလား (စားဖူးပါတယ်ဆရာ)။ ဘယ့်နှယ့်နေလဲ (ချဉ်ပါတယ်ဆရာ)။ ထန်းလျက်ကော (ချိုပါတယ်ဆရာ)။ အဲဒီ ချဉ်တယ် ချိုတယ်ဆိုတာ ဘာတွေတုန်း (အရသာတွေပါဆရာ)။ ဩော် အရသာတွေဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမချဉ်ဘူး မချိုဘူးဆိုရင် ရသာမဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)။ အေး ဒီလိုပဲနားလည်တာ (ဟုတ်ကဲ့ပါဆရာ)။ အဲဒါက ထင်ရှားတဲ့သဘောလေး၊ အဲဒီတော့ လူပြိန်းတစ်ယောက်ကို သဘောပေါက်အောင်ပြောစမ်းပါဆိုတော့ သိပ်တော့မလွယ်လှဘူး၊ ဘာဖြစ်လို့လဲ ခုနပြောတဲ့ရေဖန်ခွက်နှစ်ခုမှာ သကြားမခပ်တဲ့ရေသောက်ကြည့်ရင် ဟာ ဘာအရသာမှ မရှိပါဘူး၊ ဒီလိုနေတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကဲ သကြားမထည့်တဲ့ ရေဖန်ခွက်

http://www.dhammadownload.com



ငါသောက်ခိုင်းပါဦးမယ်၊ ဒီက သကြားခပ်ထားတော့ ပြောနိုင်တယ်ပေါ့ ချိုတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ချိုတဲ့အရသာရှိတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကဲ သကြားမခပ်တဲ့ရေ အသောက်ခိုင်းတော့ မင်း ဘယ့်နှယ့်နေလဲ ဘယ်လိုမှမနေပါဘူး (ဟုတ်ကဲ့ပါဆရာ)။ ဘာအရသာရှိလဲ (ဘာမှမရှိပါဘူးဆရာ)။

အေး ဘာမှမရှိဘူး၊ ဒီလိုပဲပြောမယ်မဟုတ်လား (ဟုတ်ကဲ့ဆရာ)။ ဒါလူတစ်ရာမှာ ကိုးဆယ်နဲ့ ကိုး ဒီအတိုင်းပြောမှာပဲ၊ ဟာ တစ်ယောက်ကတော့ ဒီပရမတ်သဘောပေါက်လို့ သိချင်လည်း သိမပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဘာအရသာမှမရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ကြည့်ကြည့်ကြည့် ငါပြောမယ် အဲဒီရေနဲ့အလားတူပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ရေနဲ့အလားတူ ဟောဒီမြေမှုန့်တို့ ကျောက်ခဲတို့ သွပ်တို့ သံတို့ ရွှေတို့ ငွေတို့ ကျောက်သံပတ္တမြားတို့ သစ်သားတို့ ဝါးတို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါတွေ သေသေချာချာကြည့်စမ်း၊ ခုနရေနဲ့မတူဘူးလားကွ (တူပါတယ်ဆရာ)။ ကျောက်ခဲလေး မင်းလျှာပေါ်တင်တော့ ဘာအရသာရှိလဲ (ဘာမှအရသာမရှိပါဘူး)။ ဘာမှ အရသာမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး သဲလေး မင်းလျှာပေါ်တင်တော့ရော (ဘာမှအရသာမရှိဘူးဆရာ)။ ဘာမှအရသာမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ မြေမှုန့်လေး မင်းလျှာပေါ်တင်တော့ရော (ဘာမှအရသာမရှိဘူးဆရာ)။ ဒီလိုမဟုတ်လား ခုနသွပ်ပြားလေး သွပ်စလေး လျှာပေါ်တင်တော့ရော (ဘာမှမရှိပါဘူးဆရာ)။ သံစလေးရော (ဘာမှမရှိပါဘူးဆရာ)။ ရွှေစလေးရော (မရှိပါဘူးဆရာ)။ ငွေစလေးရော (မရှိပါဘူးဆရာ)။ ကျောက်သံပတ္တမြားလေးရော (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ကဲ သစ်သားစလေးတင်တော့ရော (မရှိပါဘူးဆရာ)။ တမာရိုးလေး တင်လိုက်တော့ရော (ခါးပါတယ်ဆရာ)။

ဟော ဒါကျတော့ ခါးသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် မထင်ရှားတဲ့ သစ်သားစလေး ဆို ဘာမှမထူးဘူးပေါ့၊ ကျောက်သံပတ္တမြားနဲ့အတူတူပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲသလိုပဲမှတ်ကြတယ်၊ ထင်ရှားတဲ့အရသာလေးပေါ်လာ ဟာ သူ့ကျတော့ အရသာခါးသည်၊ ချိုတယ် ချဉ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုနပြတဲ့ ကျောက်ခဲတို့ သလဲတို့ ကျောက်သံပတ္တမြားတို့ ရွှေတို့ ငွေတို့ကျတော့ ဘာမှမထင်ရှားတော့ ရေလိုပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ လျှာပေါ်တင်လိုက်ရင် ဘာအရသာရှိလဲမေးရင် လူတစ်ရာမှာ ကိုးဆယ်နဲ့ကိုးယောက် ဘာအရသာမှ မရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုဆိုလို့ရှိရင်ကွယ် ဒါဖြင့် ခုန မြတ်စွာဘုရား ကိုယ်တော်မြတ်ဟောတော်မူတဲ့ ဇိဝှါပသာဒ အကြည်ရုပ်ကလေးမှာလာထိရင် ရသရုပ်ပဲလို့ ကိုယ်တော်မြတ်က ဒီလိုဟောတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဇိဝှါပဋိဟနနလက္ခဏော ရသော” ရသော–ရသရုပ်သည်၊ (ဝါ) အရသာသည်၊ ဇိဝှါပဋိဟနနလက္ခဏော–ဇိဝှါပသာဒခေါ်တဲ့

http://www.dhammadownload.com



လျှာအလယ်မှာ ကြာရွက်ဖျားပြတ်သဏ္ဍာန်ရှိသော ကမ္မဇဓာတ်မှန် အကြည်ရုပ်ကလေးကို ထိတာတ်တိုက်တတ် ခိုက်တတ်သော သဘောလက္ခဏာရှိ၏၊ ဟောဆိုထားတာနော် (ဟုတ်ကဲ့ပါဆရာ)။

သူတို့လက္ခဏာက ဪ ဒီရသာရုပ်က တခြားမဟုတ်ပဲဘဲ၊ ဘုရားကိုယ်တော်မြတ်ဆိုလိုတာကတော့ ငါတို့သူငါလူတကာမှာရှိတဲ့ လျှာဖျားရဲ့အလယ်ခေါင်မှာ အတိတ်ကံကပြုပြင်ပေးလိုက်တဲ့ ကမ္မဇပသာဒခေါ်ထားတဲ့ အကြည်မှန်ကလေး လာပြီးတော့ ထိတာတ် ခိုက်တတ်တဲ့ သဘောတရားလေးက ဒါရသာရုပ်၊ ဒီလိုပြောတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီအသိလေးကို ဆိုက်သွားမှ မင်းတို့ငါတို့က ဒါရသာရုပ်အမှန်ကို နားလည်သွားမှာနော် (ဟုတ်ကဲ့ပါဆရာ)။ အခုတော့ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ အချို အချဉ် အငန် အစပ် အဖန် အခါးဆိုတဲ့ ခြောက်ပါး တစ်ပါးပါးမှမဖော်တတ်ရင် ရသာရုပ်မရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒီလိုဆိုရင် မှန်ပါ့မလား (မမှန်ပါဘူးဆရာ)။ မမှန်ဘူးကွဲ့ ဘာဖြစ်လို့လဲ ခုန ကျောက်ခဲသလဲက စလို့ပေါ့ကွယ်၊ သွပ် သံ ရွှေ ငွေ ကြေး ခဲ ကျောက်သံပတ္တမြား ဘယ်အရာဝတ္ထုမျိုးမဆို ရုပ်တုံး ရုပ်ခဲတွေ မင်းတို့ငါတို့မျက်စိမှာမြင်နေသမျှ သဝိညာဏက အသက်ထင်ရှားရှိတဲ့ သတ္တဝါတွေရော၊ အဝိညာဏက–အသက်မဲ့တဲ့ တော တောင် ရေ မြေ သမုဒ္ဒရာ ဟောဒီဘုံလောကဓာတ်ကြီးကော အကုန်ရှိလေသမျှ သက်ရှိသက်မဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ သက်ရှိသက်မဲ့ရှိရှိသမျှ ရုပ်တုံး ရုပ်လုံး ရုပ်ခဲတွေမှန်သမျှ ရုပ်တရားတွေမှန်သမျှ အခုပြောတဲ့ ရသာရုပ်မပါဘဲ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ပါဘူးကွ။

ဒါကြောင့် ဒီရုပ်ဓာတ်ရှစ်ပါးကို အခြေခံထားပြီးသင်ပေးနေတာ၊ ပထဝီရှိမယ် အာပေါရှိမယ် တေဇောရှိမယ် ဝါယောရှိမယ် ဝဏ္ဏရှိမယ် ဂန္ဓရှိမယ် ရသရှိမယ် ဩဇာရှိမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဪ ဒီရုပ်ဓာတ်ရှစ်ပါးက၊ ဒါကြောင့် အခြေခံတရားအနေအားဖြင့် ဒီရှစ်ပါးနားမလည် လည်အောင် သင်ကြားပေးနေတာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီရှစ်ပါး ပေါင်းမိသွားပြန်တော့လည်း တို့လူစုဟာ ဒါဖြင့် ရုပ်ဓာတ်အနေအားဖြင့် မျက်လုံးပိုပြီး ကျယ်လာလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ကိုယ်ပေါ်လည်းပြန်ပြီးတော့ သုံးသပ်တတ်လိမ့်မယ်၊ သဘောလေးလည်း ပိုပြီးတော့ရှင်းလိမ့်မယ်၊ ကိုယ့်ကိုယ်ကိုလည်းပြန်ပြီးတော့ ဆင်ခြင်တဲ့အခါကျတော့ ငါကောင် သူကောင် လူကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် မဟုတ်ပါဘဲပဲ၊ ရုပ်ဓာတ်ရှစ်ပါးပေါင်းစုထားတဲ့ ရုပ်ကောင်ကြီးပါပဲလားလို့ ဒီလိုသိလာလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဲဒီ အသိဉာဏ်လေးရဖို့ပါပဲ။

ဒါဖြင့် ကောင်းပြီကွယ်၊ ခုနတုန်းကပြောသလို ရသာဓာတ် မြတ်စွာဘုရားကိုယ်တော်မြတ်

http://www.dhammadownload.com



ဟောသွားတဲ့ ဒေသနာကတော့ ဖိတ်ပိုပသာဒခေါ်ထားတဲ့ လျှာအလယ်မှာ ကံဖြင့်ပြုပြင်ပေးထားသော ကမ္ဗဇအကြည်မှုန်လေးမှာ တိုက်တတ် ခိုက်တတ် ထိတတ်တဲ့ သဘောတရားလေးသည် ရသာ ခေတ်ပဲလို့ ဒီလိုဆိုထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဲဒီဆိုထားတဲ့စကားအရ တို့လူစုက ဒါဉာဏ်က မှီအောင် လိုက်ကြရမယ်၊ ဒီတော့စဉ်းစားစမ်း ခုနမင်းလျှာပေါ်မှာလာထိရင် ဆားလေးထိလိုက်တော့ ငန်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သံပုရာသီးလေးလာထိတော့ ချဉ်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သကာခဲလေး လာတင်လိုက်တော့ ချိုလိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီချိုတာ ချဉ်တာ ငန်တာတွေဟာ ဘယ်လိုဖြစ်နေသလဲဆိုတော့ ဒီချိုတာ ချဉ်တာ ငန်တာ စပ်တာ ဖန်တာ ခါးတာမှ ရသာပဲလို့စိတ်ထဲစွဲနေတယ်၊ ကျောက်ခဲသေးသေးလေး ကျောက်စရစ်ခဲအဖြူလေး လျှာပေါ်တင်လိုက်၊ သူ့ကျတော့ ချိုတယ်လို့မပြော၊ ချဉ်တယ်လို့မပြော၊ ငန်တယ်လို့မပြော၊ စပ်တယ်လို့မပြော၊ ခါးတယ်လို့မပြော၊ ဖန်တယ်လို့မပြော ပြောသေးလား (မပြောပါဘူးဆရာ)။ ဘာမှ မပြောဘူး။

ဒါတော့ အရသာတော့မရှိဘူး သူ့ကျတော့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ခုန ရေကြည်လေး သောက်သလိုပါပဲ ရသာမရှိဘူး၊ မင်းက မျက်စိမှိတ် မျက်စိမှိတ်ထား ကျောက်စရစ်ခဲလေး ငါကောက်ပြီးတော့ မင်းလျှာပေါ်တင်လိုက်မယ်နော် (ဟုတ်ကဲ့ပါဆရာ)။ လျှာပေါ်တင်လိုက်၊ လျှာပေါ်တင်လိုက်တော့ မင်းလျှာပေါ်မှာ ဒီကျောက်စရစ်ခဲလေးတင်တယ်ဆိုတာ မင်းသိတယ်လား (သိပါတယ်ဆရာ)။ မျက်စိကမှိတ်ထား မကြည့်နဲ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မျက်စိကမှိတ်ထား၊ ဒီလိုကလေး မျက်စိမှိတ် လျှာထုတ် မင်းပါးစပ်ထဲ ကျောက်စရစ်ခဲလေး လျှာပေါ်တင်လိုက်တယ်၊ လျှာပေါ်တင်ကြည့်လိုက်တော့ မင်းလျှာအရသာလေးနဲ့ တို့ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ သိတယ် ဟုတ်လား (သိပါတယ်ဆရာ)။ ဘာသိတာလဲ၊ ဘာလေးလို့သိတုန်း (ကျောက်စရစ်ခဲလေးလို့သိပါတယ်ဆရာ)။ တကယ်သိသလားဟ (မသိပါဘူးဆရာ)။ ဒုက္ခမှ အကြီးစားဟ မသိဘူးလားသိသလား မှန်မှန်ပြောစမ်းပါ (မသိပါဘူးဆရာ)။ မသိဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ကျောက်စရစ်ခဲမှန်းတော့ မင်းမဝေခွဲနိုင်ဘူးပေါ့ (မဝေခွဲနိုင်ပါဘူးဆရာ)။

ဒါဖြင့် ကဲ အဲဒီကျောက်စရစ်ခဲလုံးကလေးကို မဝေခွဲနိုင်ထားပါကွာ၊ တအောင့်တနား မင်းလျှာနဲ့ လျှက်လျှက်ပြီးတော့ အရသာလေးဘာလေးခံကြည့်တော့ မင်းသိလား (မသိပါဘူးဆရာ)။ ဒါလည်း မသိဘူးလား (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုလည်း မသိဘူးလား (မသိပါဘူးဆရာ)။ ဒါဖြင့် ကောင်းပြီ မင်းမျက်စိမှိတ်ထားပါဦး မြေမှုန့်လေးသန့်သန့်လေးပေါ့ကွာ၊ ခြေနင်းဖတ်ထဲကမြေမဟုတ်ပါဘူး သန့်သန့်မြေလေးပေါ့ကွာနော် မြေမှုန့်သန့်သန့်လေးငါရွေးပြီးတော့ မင်းလျှာပေါ်ငါတင်လိုက်မယ်

http://www.dhammadownload.com



သိလား (သိပါတယ်ဆရာ)။ ဘာလို့သိ (မြေမှုန့်လေးသိပါတယ်ဆရာ)။ ဩော် မြေမှုန့်မှုန်းသိ (သိပါတယ်ဆရာ)။ ဒါကျတော့သိသားပဲ သိသလား (သိပါတယ်ဆရာ)။ မြေမှုန့်မှုန်းသိတယ်ဟုတ်လား၊ ကျောက်ခဲလေးတင်လည်း သိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ ကျောက်ခဲမှန်းတော့မသိဘူး တင်မှန်းတော့မင်းသိတယ် (သိပါတယ်ဆရာ)။ အေး အေး တင်မှန်းသိရင်ပဲ တော်လှပြီ၊ တင်မှန်းမသိရင် မင်းမိကျောင်းနဲ့အတူတူပဲ၊ ဒါပေမယ့် ခုနပြောသလို သွပ်တို့ သံတို့ ကြေးတို့ ခဲတို့ တစ်ခုချင်းတစ်ခုချင်း မင်းမျက်စိအဝတ်စည်းပြီးပိတ်ထား လျှာထုတ် ငါတစ်ခုချင်းတစ်ခုချင်း တင်ပေးမယ် တင်တဲ့နေရာမင်းသိလား (သိပါတယ်ဆရာ)။ သိတယ်လား (သိပါတယ်ဆရာ)။

ဝတ္ထုပစ္စည်းတော့ မင်းခွဲချင်မှခွဲနိုင်မယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် မင်းမခွဲနိုင်ဘူးဆိုတာ ဟုတ်သေးပါဘူး၊ မင်းမြင်ဖူးတွေ့ဖူးရင် မင်းခွဲနိုင်ရမှာပါ ခွဲနိုင်လား (ဟုတ်ကဲ့ပါဆရာ)။ ဖြစ်လာပြန်ပေါ့၊ မင်းမြင်ဖူးတွေ့ဖူးတဲ့ ပစ္စည်းမှန်ရင် မင်းခွဲနိုင်ရမယ်၊ မမြင်ဘူးတဲ့ ပစ္စည်းတင်ရင်သာ မင်းအသိဉာဏ်မရှိလို့ မခွဲနိုင်ရှိရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းမျက်စိမှိတ်ထား၊ မင်းလျှာပေါ်သဲသန့်သန့်လေးတင်ရင်သိလား (သိပါတယ်ဆရာ)။ သိတယ် (သိပါပြီဆရာ)။ ဒါဖြင့် မင်းလျှာပေါ်ကို ငါ ဟိုးမိုးကုတ်ကထွက်တဲ့ ကျောက်နီလေးတွေ၊ ကျောက်စိမ်းလေးတွေငါတင်ရင် မင်းသိလား (မသိပါဘူးဆရာ)။ ဟော လျှာမရှိပြန်ဘူး၊ ကျောက်နီ ကျောက်စိမ်းသာ မင်းမပြောနိုင်တယ်၊ တင်တာတော့မင်းသိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ တင်တာမသိရင် ခက်ရချည်ရဲ့ကွာ၊ တင်တာတော့ သိတယ် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် တိုတိုပြောရအောင်ကွာ၊ ဘာတင်တင် မင်းသိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ ဒါပေမယ့် မင်း ဒီအရသာတော့ ခံစားဖူးရိုးမှန်ရင် မင်းမျက်စိမှိတ်ထားပေမယ့် မင်းလျှာပေါ်တင် သိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ ဒီအရသာတွေ့ဖူးရင်နော် (ဟုတ်ကဲ့ပါဆရာ)။

ကဲ ကဲ ငါနားလည်အောင် မေးစမ်းပြန်ရင်ကွာ၊ မင်းကြည့်ပိုက်ဆံလေးတော့ ကလေးဘဝက ငုံဖူးတယ်လား (ငုံဖူးပါတယ်ဆရာ)။ ငုံဖူးတယ် (ဟုတ်ကဲ့ပါဆရာ)။ လျှာနဲ့တွေ့တော့ ဘယ့်နှယ့်နေလဲ၊ ဟာ သူပြောကိုမပြောနိုင်ဘူး (ဖန်ပြပြနေပါတယ်ဆရာ)။ ဩော် ဖန်ပြပြနေတယ်၊ ဖန်ပြပြနေတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး ကြေးကိုကွနော် (ဟုတ်ကဲ့ပါဆရာ)။ ကြေးအညှိကလေးကလည်းခပ်နန့်၊ လျှာနဲ့သွားတွေ့လိုက်တော့ ဒီကြာကြာလေးတွေ့နေရင် အဲဒီလျှာပေါ်တွေ့တွေ့ပြီးတော့ အော့ချင်သလို အန်ချင်သလိုဖြစ်လာတယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ဒီအရသာတွေ့ဖူးရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ဒီအရသာတွေ့ဖူးလို့ရှိရင် ကိုင်းကိုင်း ... ဒီတစ်ခါ မျက်စိမှိတ်ထား၊ အဝတ်စည်းထား၊ ငါပြောမယ်၊ အဲဒီ ကြေးစလေးတစ်စ

http://www.dhammadownload.com



ဖြတ်ပြီးတော့ မင်းလျှာပေါ် ငါက မသိအောင် မျက်စိမှိတ်ထားဆိုပြီးတော့ ငါတင်လိုက်တယ်၊ သေသေချာချာ အရသာခံကြည့် လျှာလေးနဲ့လိမ့်လိမ့်လိမ့်လိမ့်ကြည့် သိလား (သိပါပြီဆရာ)။ ကြေးမုန်းသိတယ်ဟုတ်လား (သိပါပြီဆရာ)။ အဲဒါမင်း သိဖူးလို့ သိတာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါနဲ့ မင်းမမြင်ဘဲနဲ့ မင်းသိပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းအဲဒီသိတယ်ဆိုတဲ့ ကြေးစလေး မင်းလျှာပေါ်တင်တော့ ကြေးစလေးရဲ့ ရသာဓာတ်ကလေးက မင်းဇိဝှါပသာဒဆိုတဲ့ အကြည်မှုန် ကလေးမှာ လာတိုက်တော့ကာနော် (ဟုတ်ကဲ့ပါဆရာ)။ သိစိတ်ကလေး ပေါ်မလာဘူးလား (ပေါ်လာ ပါတယ်ဆရာ)။ ဇိဝှါဝိညာဏ်စိတ်နော် (ဟုတ်ကဲ့ပါဆရာ)။ သိစိတ်ကလေးက သိလိုက်တယ် ဟုတ်လား (သိပါတယ်ဆရာ)။ ငါ့လျှာပေါ်တင်တာကြေးစလေးပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ သံစလေးရောငုံဖူးရဲ့လား၊ မင်းပါးစပ်ထဲ သံစလေး သံစလေး သံချောင်းလေး သံစလေးများ ပါးစပ်ထဲ ငုံဖူးလား (ငုံဖူးပါတယ်ဆရာ)။ ငုံဖူးတယ်လား (ဟုတ်ကဲ့ပါဆရာ)။ လျှာပေါ်တင်သိတယ် ဟုတ်လား (သိပါတယ်ဆရာ)။

မင်းမျက်စိမှိတ်ထား ငါသံခဲလေးတစ်ခုတင်လိုက်တယ် မင်းသိလား (သိပါတယ်ဆရာ)။ သံ အရသာလေးပေါ်နေတယ် ဟုတ်လား (ပေါ်လာပါတယ်ဆရာ)။ ဒါဖြင့် မင်းမျက်စိတ်မှိတ်ထားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါမင်းတွေ့ဖူးတဲ့အရသာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်း မျက်စိမှိတ်ထားတယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ မင်းဘာခဲလို့မပြောဘူး၊ ဒါပေမယ့် လျှာ ပေါ်တင်လိုက်ရင် ရသာလေးခွဲပြောနိုင်တယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ငါ့လျှာလာတွေ့တာ 'သံ'အရသာလေးပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် ငါစောစောကပြောထားတဲ့ အချို အချဉ် အငန် အစပ် အဖန် အခါး ဆိုတဲ့ခြောက်ပါးသောအရသာထဲ မင်းမပါဘူးပေါ့ (မပါဘူး ဆရာ)။ မပြောနိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ မပြောနိုင်ပေမယ့် သံအရသာဆိုတာတော့ မင်းမသိ ဘူးလား (သိပါတယ်ဆရာ)။ ဟော ဒီလိုလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ကဲ ကဲ အဲဒါလေးတော့ စဉ်းစားကြပါ၊ ဒါဖြင့် မင်းသေသေချာချာကြည့်စမ်းကွယ်၊ ခုန ကျောက်ခဲလေး မင်းလျှာပေါ်တင်တော့ လျှာမှာရှိတဲ့ ဇိဝှါပသာဒ အကြည်ရုပ်ကလေးနဲ့ ကျောက်ခဲ လေး တိုက်လိုက်တယ်ဆိုရင်ပဲ သိစိတ်ကလေးပေါ်လာ၊ ဇိဝှါဝိညာဏ်၊ အဲဒီသိစိတ်ကလေးက ကျောက်ခဲလေး လျှာပေါ်တင်တဲ့ အရသာလေးဘယ်လိုသိ ဘာအရသာလေးတွေ့ (အေးတဲ့ အရသာတွေ့ပါတယ်ဆရာ)။ ဟောဗျာ အေးတာအရသာလား ဆန်းလည်းဆန်းပါတယ် ကျောက်ခဲအရသာလေး မဟုတ်ဘူးလားဟ (ဟုတ်ကဲ့ပါဆရာ)။ ကျောက်ခဲဆိုတဲ့ သဘာဝလေး မင်းလျှာပေါ်တစ်ခါတင်ကြည့်ဖူးရင် ဟောကျောက်ခဲရဲ့အရသာ ဒီလိုနေသကိုးကွနော် (ဟုတ်ကဲ့ပါ

http://www.dhammadownload.com



ဆရာ)။ နောက်တစ်ခါ မျက်စိမှိတ်ထား၊ မင်းလျှာပေါ် ဒီကျောက်ခဲမျိုးလေးတင်လိုက်ရင် မင်း ဒီ အရသာ မသိဘူးလား (သိပါတယ်ဆရာ)။ တင်ဖူးရင် မင်းသိရမယ်၊ ဒီဝတ္ထုပစ္စည်းရဲ့၊ ဒီအရသာ မင်းမတွေ့ဘူးရင်တော့ မင်းမသိဘူးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဘယ်ပစ္စည်းဖြစ်ဖြစ် မြန်မာလိုငါရှင်းရှင်းပြောမယ်၊ မင်းဘာသာ မင်းချိုတာ ချဉ်တာ ငန်တာ စပ်တာ ဖန်တာ ခါးတာ ခွဲခြားပြီးတော့ ပြောနိုင်သည်ဖြစ်စေ မပြောနိုင်သည်ဖြစ်စေ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ပြောစရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျှာပေါ်တင်သည့်ဝတ္ထုပစ္စည်းလေး တင်သည်နှင့် တစ်ပြိုင်နက် ငါ့လျှာပေါ်မှာ အရာဝတ္ထုတစ်ခု ရောက်လာပြီဟုတ်လား အရသာတစ်ခုတွေ့နေပြီ ငါ့လျှာ။

ရောက်လာတဲ့အရာဝတ္ထုတစ်ခုဟာ မုချရသာဓာတ်ပါနေတယ်၊ အဲဒီရသာဓာတ်ဟာ ထင်ရှားတာလည်း ရှိတယ်၊ မထင်ရှားတာလည်း ရှိတယ်၊ သိမ်မွေ့နူးညံ့တဲ့သဘောသည် မထင်ရှားဘူးနော် (ဟုတ်ကဲ့ပါဆရာ)။ ဘယ့်နှယ်မထင်ရှားဘူးပြောပြော၊ အဲဒီရောက်လာတဲ့ ရုပ်ဝတ္ထုပစ္စည်းလေးမှာ ပါလာတဲ့ အရသာလေးက မင်းဇိဝှါပသာဒဆိုတဲ့ အကြည်မှန်ကလေးနဲ့ တွေ့တဲ့အခါမင်းမုချသိရမယ် သိဖူးလား (သိပါတယ်ဆရာ)။ သိတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟော မင်းနာမည်သာ ပြောတတ်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ လျှာပေါ်ထိလိုက်ရင် သိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ အေး အဲဒါရသာဓာတ်ကလေးနဲ့ ဇိဝှါဝိညာဏ်စိတ် လာတိုက်တယ်နော် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တိုက်တော့ သိစိတ်ကလေးပေါ်လာတယ်ဟုတ်လား (ပေါ်လာပါတယ်ဆရာ)။ အဲဒီ သိစိတ်ကလေးဟာ ဇိဝှါဝိညာဏ်စိတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဟော သူကသိပြီ၊ ငါ့လျှာပေါ်မှာ အရသာလေးတစ်ခုငါတွေ့နေပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အရသာနာမည် မင်းပြောတတ်ရဲ့လား (မပြောတတ်ပါဘူးဆရာ)။ ဩော် မပြောတတ်ဘူး၊ ဒါပေမယ့် အရသာလေးတွေ့နေတယ်ဆိုတာ မင်းသိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ အေး ဒါကြောင့် မင်းမျက်စိပုဝါစည်းထားပါ ကျောက်ခဲတင် ငါ့လျှာအရသာတစ်ခု ငါထင်သည်နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ သဲမှုန့်လေးတင်၊ ငါ့လျှာပေါ် အရသာတစ်ခု ငါထင်သည်ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

သံတို့ ရွှေတို့ ကြေးတို့ ခဲတို့ သွပ်တို့ ပစ္စည်းလေးတွေ တစ်ခုစီတင်သွား၊ ငါ့လျှာပေါ် အရာတစ်ခုထင်နေသည် ရသာဓာတ်ကလေးတင်သည်နော် (ဟုတ်ကဲ့ပါဆရာ)။ ခုန ကျောက်သံပတ္တမြားလေး၊ ဘာမျှထင်ရှားရသာမပေါ်ပေမယ့် ငါ့လျှာပေါ် ရသာရုပ်တစ်ခုထင်သည် မသိဘူးလား သိလား (သိပါတယ်ဆရာ)။ သိတယ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် မင်းအမည်တော့ မပြောတတ်ဘူးပေါ့ (မပြောတတ်ပါဘူးဆရာ)။ ဘယ်ပြောတတ်မလဲ၊ ရသာဓာတ်အင်မတန်သိမ်မွေ့တဲ့တရားဖြင့်

http://www.dhammadownload.com



ဆိုတော့ ချိုတယ် ချဉ်တယ် ငန်တယ် စပ်တယ် ဖန်တယ် ခါးတယ် ခြောက်ပါးသော နာမည်ထဲက တစ်ခုမှသူမပြောနိုင်ဘူးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီလိုမထင်ရှားတဲ့ အင်မတန် သိမ်မွေ့တဲ့ ရသာရုပ်ကလေးတွေရှိတဲ့ ဝတ္ထုပစ္စည်းတွေရဲ့ အရသာဟာ ဘာနဲ့တူ၊ စောစောက မင်းဖန်ခွက်ထဲက ရေကြည် ရေသန့်လေး မင်းသောက်စမ်းပါ၊ မင်း သောက်တဲ့ရေနဲ့မတူဘူးလား (တူပါတယ်ဆရာ)။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ရေနဲ့ ဒီပမာလိုပဲ၊ မင်းမျက်စိမှိတ် ပုဝါစည်းထား လျှာထုတ်စမ်းဆိုငါရေစက်ကလေးချ မင်းသိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ ဘာအရသာလဲ (ရေရဲ့အရသာ)။ ဩော် ရေရဲ့အရသာနော် (ဟုတ်ကဲ့ပါဆရာ)။ မပြောတတ်ရင် သူ့သဘာဝအတိုင်းပြောရမှာပေါ့၊ ရေသောက်ကြည့်ရင် အရသာတွေ့တယ် တွေ့သလား တွေ့တယ်၊ ဘာအရသာတုန်း ရေအရသာပေါ့၊ ဒါအပြင် ပိုပြောနိုင်သေးသလား (မပြောနိုင်ပါဘူးဆရာ)။

ဒီရေထဲ သကြားထည့်လိုက်ရင် ချိုတဲ့အရသာ မင်းဒီလိုပြောမယ်မဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အေး ဒါ့ကြောင့် ဘယ်ရုပ်ဝတ္ထုပစ္စည်းမျိုးမဆို ရသာခတ် အနုအကြမ်းသာကွာသွားမယ်၊ သိမ်မွေ့တာထင်ရှားတာသာ ကွာသွားမယ်၊ ရသာရုပ်ကင်းနေတဲ့ရုပ်ဝတ္ထုဘယ်မှမရှိဘူး နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ရသာရုပ်ကင်းနေတဲ့ရုပ်ဝတ္ထု ရှိပို့မလား (မရှိပါဘူးဆရာ)။ ဘယ်တော့မှမရှိဘူး ရသာခတ်ရှိတာချည်းပဲအကုန်လုံး၊ ဒါပေမယ့် မထင်ရှားတဲ့ရသာခတ်၊ သိမ်မွေ့နူးညံ့တဲ့ရသာခတ်၊ ထင်ရှားတဲ့ရသာခတ်၊ ဒီလိုသာကွာခြားတယ် ခုနတုန်းက အချို အချဉ် အငန် အစပ် အဖန် အခါး ဆိုတဲ့ ရသာခြောက်ပါး သူကထင်ရှားနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ထင်ရှားနေတယ်တဲ့၊ အဲဒီထင်ရှားတဲ့သဘာဝတွေ ဒါတွေသာ တို့လူစုက ရသာခတ်မှတ်မှတ်နေတယ် အဲဒီခြောက်ပါးသော ရသာခတ်အမည်တစ်ပါးပါးမှ မတပ်တတ်ရင် ရသာမရှိဘူး၊ ဒီလိုမှတ်တယ် မဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)။ အေး ဒီအမှတ်ကမှားနေတယ် ဒီလိုမဟုတ်ပါဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ်ပြသွားတဲ့ "ဇိဝှါပဋိဟနနလက္ခဏော ရသော"ဆိုတဲ့ စကားအရ သူ့လက္ခဏာကို သေသေချာချာပြန်ကြည့်။

ရသော–ရသာခတ်သည်၊ (ဝါ) အရသာသဘောတရားသက်သက်ကလေးသည်၊ ဇိဝှါပဋိ ဟနနလက္ခဏော–ဇိဝှါပသာဒခေါ်ထားသော ကံဖြင့်ပြုပြင်စီမံပေးသော ကမ္မဇအကြည်ရုပ်ကလေး၌ ထိတတ်ခိုက်တတ်တိုက်တတ်သောလက္ခဏာရှိ၏။ ရှင်းရှင်းလေး ဇိဝှါပသာဒအကြည်ရုပ်ကလေးမှာ လာပြီးတော့ ထိတတ် ခိုက်တတ် တိုက်တတ်တဲ့ သဘောလက္ခဏာရှိတယ်၊ သူ့ရဲ့ လက္ခဏာနော် (ဟုတ်ကဲ့ပါဆရာ)။ အေး ဒီလက္ခဏာလေးမှတ်ထား၊ ဒီလက္ခဏာလေး မှတ်လိုက်တော့ကွာ၊ တို့ စောစောကပြောတဲ့ ဒီလိုဆိုရင်ဖြင့်လျှာကြားမှာလာပြီးတော့ ညောင်ရွက်ဖျားမျှသဏ္ဌာန် ကြာရွက်ဖျား မျှသဏ္ဌာန်ဆိုတဲ့ ဇိဝှါပသာဒတည်းဟူသော ကမ္မဇအကြည်မှုန်လေးလာပြီး တိုးလိုက်တိုက်လိုက်ရင်

http://www.dhammadownload.com



ဘာစာတ်လို့သိလဲ (ရသာစာတ်လို့သိပါတယ်ဆရာ)။ ဩော် ရသာစာတ်လိုသိနော် (ဟုတ်ကဲ့ပါဆရာ)။ မင်းခုနပြောတဲ့ အချို အချဉ် အငန် အစပ် အဖန် အခါး ခွဲစရာလိုသေးလား (မလိုပါဘူးဆရာ)။ ခွဲနိုင်ရင်တော့ ပိုသေချာတာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါပေမယ့် အဲဒီခြောက်ပါးသော အမည်ကိုမှ ရသာစာတ်လို့မှတ်နေမှာစိုးလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလိုမဟုတ်ပါဘူး၊ ဒီလို မှတ်မနေပါနဲ့၊ ဒါကတော့ သန့်သန့်သင်္ကေတပညတ်အနေအားဖြင့် ကမ္ဘာတည်စက၊ ကမ္ဘာဦးတည်းလူပညာရှိများ၊ ကမ္ဘာပေါ်မှာ အလိုအလျောက်ပေါက်လာသော အသီး အနှံ အရွက် အဖူးတွေ ဒီလိုပဲ ဇိဝှါပသာဒဆိုတဲ့ ကမ္မဇအကြည်မှုန်ကလေးနဲ့ တို့တို့တို့တို့တိုက်၊ လျှာနဲ့တို့ကြည့်၊ မြန်မာလိုပြောတော့ လျှာနဲ့တို့ကြည့်တယ်၊ မင်းချိုသလား ချဉ်သလား ငန်သလား သိချင်ရင် အရာဝတ္ထုသိချင်ရင် ဘာနဲ့တို့စမ်းတဲ့ (လျှာနဲ့တို့စမ်းပါတယ်ဆရာ)။ ဩော် လျှာနဲ့တို့စမ်းတယ်၊ လျှာနဲ့တို့စမ်းတော့ အဲဒီလျှာမှာရှိတဲ့ အာပခေါ်တဲ့ အာပေါဓာတ်၊ စိုစွတ်သောသဘောကလေးက ဒီကရှိတဲ့ ရသာရုပ်ကလေးဘယ်လိုလဲလို့ တို့တာလျှာဖျားကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ကြည့်ကြည့်ကြည့် မင်းဟိုထန်းလျက်ခဲလေး လျှာဖျားနဲ့တို့ကြည့်စမ်း၊ လျှာဖျားလေးနဲ့တို့ရင် ဇိဝှါပသာဒ ငါပြောတဲ့ ကမ္မဇအကြည်မှုန်ကလေးက လျှာဖျားရှိသလား (မရှိပါဘူးဆရာ)။ ဘယ်မှာရှိ (အလယ်တည့်တည့်မှာရှိပါတယ်ဆရာ)။ ဩော် လျှာအလယ်တည့်တည့်မှာ ရှိတယ်ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဒီဇိဝှါပသာဒဆိုတဲ့ ကမ္မဇဓာတ်မှုန်လေးနဲ့ ထန်းလျက်ကလေး တို့ကြည့်တဲ့လျှာဖျားနဲ့ ဝေးနေတာပေါ့နော် (ဝေးနေပါတယ်ဆရာ)။ ဒါပေမယ့်ကြည့်စမ်း လျှာဖျားကလေးနဲ့ ထန်းလျက်ကလေးတို့ကြည့် မင်းသိလား (သိပါတယ်ဆရာ)။ ချိုတာသိလားလို့စဉ်းစား (မသိပါဘူးဆရာ)။ စဉ်းစား စဉ်းစား။

ဘယ်အချိန်ကြည့်ကြည့်ပေါ့၊ ဘာအရသာရှိတယ်ဆိုတာ လျှာဖျားလေးနဲ့ အရင်မတို့ရင် ဘယ့်နှယ့်လုပ် တို့မတုန်းဟ၊ တစ်ခါတည်းထည့်စားသလားဟ (မစားပါဘူးဆရာ)။ တို့ကြည့်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ တို့ကြည့်ရင် သိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ အေး အဲဒီနေရာမှာ တို့လိုက်တဲ့ ဝတ္ထုပစ္စည်းမှာပါတဲ့ ရသာရုပ်ကလေးဟာ လျှာဖျားလေးနဲ့ ကမ္မဇဓာတ်မှုန် ဝေးနေတဲ့ အဲဒီမှာ စဉ်းစားစမ်းပါကွာ၊ တို့ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့အနေအားဖြင့် တို့နားလည်နေတာက ဘယ်ဒင်းက ချိုတယ်၊ ဘယ်ဒင်းက ချဉ်တယ်၊ စိုစွတ်နေတဲ့ အာပေါဓာတ် မရှိဘူးလားကွ (ရှိပါတယ်ဆရာ)။ ဟိုက အာပရှိတာ၊ အဲဒီအာပေါဓာတ်ကလေးက စိုစွတ်နေတဲ့ သဘောကလေးက ကူးစက်သွားတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီက ရသာရုပ်ကလေးယူပြီးတော့ အဲဒီစိုစွတ်နေတဲ့ အရည်ကလေးကယူပြီးတော့ ဘယ်သွားသလဲဆိုတော့ အခုနလျှာလယ်မှာရှိတဲ့

http://www.dhammadownload.com



ဖိဂ္ဂါပသာဒခေါ်ထားတဲ့ ကမ္ဗဇအကြည့်မှန်ကလေးဆီ ရောက်အောင်ပို့လိုက်တယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)။ ပို့လိုက်တယ်၊ ပို့လိုက်တော့ အကြည့်မှန်ကလေးနဲ့လည်းတွေ့ရော ဇိဝှါဝိညာဏ် စိတ်ကလေးပေါ်လာတယ် မပေါ်ဘူးလား (ပေါ်လာပါတယ်ဆရာ)။

အဲဒီစိတ်ကလေးသည်လည်းပေါ်လာရော ချိုတယ် ချဉ်တယ် ငန်တယ် စပ်တယ် ဖန်တယ် ခါးတယ် သူသိပြီ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လျှာမှာလည်း မင်းစမ်းမှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ လျှာမတင်ရသေးဘူး လုံးဝမတင်ရသေးဘူး ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ မတင်ပေမယ့် လျှာဖျားလေးနဲ့ တို့ကြည့်လိုက်တာနဲ့သိတယ် ဘာဖြစ်လို့သိတာ ကူးစက်သွားတာ ဒီက ရသာရုပ်ကလေးပါသွား အရသာကလေးနော် (ဟုတ်ကဲ့ပါဆရာ)။ ဇိဝှါပသာဒ အကြည့်ရုပ်ကလေးသွားပြီးတော့ ထိလိုက်တယ် ထိလိုက်ရင် စိတ်ကလေးပေါ်လာတယ် တိုက်လိုက်ရင် စိတ်ကလေးပေါ်လာ ဘယ်သူတိုက်တုန်း ခုန ရသာရုပ်ကလာတိုက်တယ် မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)။ တိုက်လိုက်ရင် ဘာပေါ်လာတုန်း (ရသာရုပ်ပေါ်လာပါတယ်ဆရာ) (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ အဲသလိုလုပ်ပါကွ စိတ်ကလေးပေါ်လာ (ဟုတ်ကဲ့ပါဆရာ)။ ဒီ စိတ်ကလေးက ဘာလေးပါလိမ့် (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ ဟောဗျာ (ဇိဝှါဝိညာဏ်စိတ်ပါဆရာ)။ ဇိဝှါဝိညာဏ်စိတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဇိဝှါဝိညာဏ်စိတ်၊ စားသိစိတ်ကလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ စားသိစိတ်ကလေး၊ အဲဒီစိတ်ကလေးက သိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ ဒါဖြင့် တို့ ဒီအခုပြောနေတဲ့ ရသာရုပ်ကလေးဟာ စဉ်းစားစမ်းပါကွာ၊ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့အနေအားဖြင့် ဒို့ နားလည်နေတာက ဘယ်ဒင်းက ချဉ်တယ်၊ ဘယ်ဒင်းက ငန်တယ်၊ ဘယ်ဒင်းက စပ်တယ်၊ ဘယ်ဒင်းက ခါးတယ်၊ ဝတ္ထုပစ္စည်းပေါ် တင်တင်မနေဘူးလား (တင်နေပါတယ်ဆရာ)။ တင်နေတာ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး အဓိပ္ပာယ်ကကွာ ထန်းလျက်ကချိုတယ်ဆိုတာ ဟုတ်ပဲ့မလား (မဟုတ်ပါဘူးဆရာ)။ ချိုတာဘယ်သူတုန်း (ချိုတာပညတ်တရားပါဆရာ)။ ဟင် မဟုတ်ဘူး၊ ချိုတာဘာတုန်း ဘာရုပ်တုန်း (ရသာရုပ်ပါဆရာ)။ ဩော် ရသာရုပ်၊ ထန်းလျက်က ချိုတာဆိုတာ ဟုတ်ပဲ့မလား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)။ ချိုတာ ရသာရုပ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါထင်ရှားတဲ့ ရသာရုပ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ထန်းလျက်ချိုတာဆိုရင်မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ ဘာဖြစ်လို့မဟုတ်လဲဆိုတော့ ရသာရုပ်က မြတ်စွာဘုရားကိုယ်တော်မြတ်က သဘောသက်သက်ကလေး ဟောထားတော့ သူကထန်းလျက်ခဲ လေး ဖြစ်နေပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ အေး အေး

http://www.dhammadownload.com



အဲဒီလို သွားနေတာ။

ဩော် လက်စသတ်တော့ တို့က ထန်းလျက်ကချိုတယ်၊ သကာကချိုတယ်၊ အဓိပ္ပာယ် အားဖြင့် ရှောက်သီးကချဉ်တယ်၊ သံပုရာသီးကချဉ်တယ်နဲ့၊ ဟော ချဉ်တာသံပုရာသီးပဲ၊ ချဉ်တာ ရှောက်သီးပဲဆိုတော့ချဉ်တယ်ဆိုတဲ့ ရသာဓာတ်ဟာ သံပုရာသီး၊ ရှောက်သီးဖြစ်နေတော့ အတုံး အလုံး အခဲ ဖြစ်နေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဓိပ္ပာယ်အားဖြင့် ရှောက်သီးကချဉ်တယ်၊ သံပုရာသီးကချဉ်တယ်နဲ့ ဟောချဉ်တာသံပုရာသီးပဲ၊ ချဉ်တာရှောက်သီးပဲဆိုတော့ ချဉ်တယ်ဆိုတဲ့ ရသာဓာတ်ဟာ သံပုရာသီး၊ ရှောက်သီးဖြစ်နေတော့ အတုံး အလုံး အခဲ ဖြစ်နေတယ် မဖြစ်ဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ခုန ချိုတယ်ဆိုတဲ့ ရသာဓာတ်ကြီးလည်းပဲ ထန်းလျက်ခဲဖြစ်လိုဖြစ်၊ သကာခဲဖြစ်လိုဖြစ်၊ အတုံး အလုံး အခဲ ဖြစ်လိုဖြစ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အေး အေး ဒါကြောင့် ဒီသေသေချာချာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ရသာဓာတ်အနေအားဖြင့် သိချင်ရင် ဘယ်လိုမှတ်ရမယ်၊ ဖိုဋ္ဌပသာအကြည်ရုပ်ကလေးက လာပြီးတော့ တိုးတာ တိုက်တာ ထိတာ ခိုက်တာမှန်သမျှ ဘာတဲ့တုန်း (ရသာရုပ်ပါဆရာ)။

အေး ရသာရုပ်၊ မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ တိုးတာ တိုက်တာ ထိတာ ခိုက်တာက သူတိုးတိုးချင်း တိုးတာကိုသိသလားဆို မဟုတ်ပါဘူး၊ တိုးလိုက်ရင်း ထိလိုက်ရင်း ခိုက်လိုက်ရင်း စိတ်ကလေးပေါ်လာ၊ စိတ်ကလေးပေါ်လာရင် ဒီစိတ်ကလေးကဘာလုပ် တိုးတဲ့ တိုက်တဲ့ ရသာရုပ်ကို သူသိတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ရသာရဲ့အာရုံကိုသူသိတယ်၊ ဒါကြောင့် သူ့ကို ဇိဝှါဝိညာဏ်စိတ်၊ မြန်မာလိုပြောတော့ လျှာစိတ်ကလေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ မျက်စိစိတ်တို့ နားစိတ်တို့ နှာခေါင်းစိတ်တို့ ခုတော့လျှာစိတ်ကလေး၊ ဒါကြောင့် လျှာပေါ်မှာထိတဲ့အာရုံကို သူသိတယ်၊ ဩော် ဒါဖြင့်ရင် တို့လူစုကဒီလျှာပေါ်မှာ တစ်စုံတစ်ခုရသာဓာတ်ကလေးတင်လိုက်ရင် သိပေါ့၊ သိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ သိတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ ဩော် ရသာဓာတ်ကလေး၊ အရသာလေးတစ်ခုခု လျှာပေါ်တင်လိုက်ရင် အဲဝတ္ထုပစ္စည်းလေးပါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဝတ္ထုပစ္စည်းတစ်ခုခု လျှာပေါ်တင်လိုက်ရင် စိတ်ကလေးကသိတယ် ဟုတ်လား (သိပါတယ်ဆရာ)။ လျှာပေါ်တင်လို့ သိမှုသဘောကလေးသည် ဒါတို့ရသာဓာတ်ကို မှတ်ကြောင်း လက္ခဏာလို့ ဒီလိုပြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် "ဇိဝှါပဋိဟနနလက္ခဏော ရသော" ရသော-မြတ်စွာဘုရားကိုယ်တော်မြတ် ဟော တော်မူသော ရသာဓာတ်ကြီးသည်၊ ဇိဝှါပဋိဟနနလက္ခဏော-ဇိဝှါပသာဒခေါ်ထားသော လျှာအလယ် ၌ရှိသော အတိတ်ကံကပြုပြင်စီမံသော ကမ္မဇအကြည်မှန်လေး၌ ထိတတ် တိုက်တတ် ခိုက်တတ်

http://www.dhammadownload.com



သော သဘောသည်၊ ရသော–ရသမည်၏။ (ဝါ) ရသော–ရသဆိုတဲ့ ဓာတ်ကြီးသည်၊ ဇိဝှါပဋိဟနနလက္ခဏော–ဇိဝှါပသာဒကမ္ဗဇအကြည်မှန်လေး၌ ထိတတ် တိုက်တတ် ခိုက်တတ်သော လက္ခဏာရှိ၏။ ရသာဓာတ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသာ၊ ဩဇာ၊ ပြောမှာက ရသာဓာတ်၊ ရသာဓာတ် မြန်မာလိုပြန်တော့ အရသာ၊ အဲဒီအရသာဆိုတာ အချို အချဉ် အငန် အစပ် အဖန် အခါး ခြောက်ပါးကိုပဲ ရသာလို့ သူသူငါငါ လူတကာက နားလည်ထားတယ်၊ ဒီခြောက်ပါးတစ်ပါးပါး မပြနိုင်ရင် အရသာမရှိဘူး ဒီလိုမှတ်တယ်၊ ဒါကြောင့် ဒီခြောက်ပါးမှာ တစ်ပါးပါးနာမည်မတပ်နိုင်ရင် မခေါ်နိုင်ရင် အရသာမရှိဘူး ဆိုတဲ့စကားလုံးလုံး မဟုတ်ဘူး၊ ဒီခြောက်ပါးအမည်တပ်ထားတာလည်း ဘယ်သူ့တပ်။

မနေ့ညကပြသွားတဲ့ ဇိဝှါပသာဒ ကမ္ဗဇအကြည်မှန်ကလေးမှာ ထိတတ်၊ တိုက်တတ်၊ ခိုက်တတ်တဲ့ သဘောလေးဟာ အဲဒါ ရသာဓာတ်ပဲ။ ဒီတော့ ဇိဝှါပသာဒဆိုတဲ့ ကမ္ဗဇအကြည်မှန်ကလေးမှာ ထိတယ် တိုက်တယ် ထိတယ် တိုက်တယ်ဆိုရင် ဒါရသာဓာတ်။ ရသာဓာတ်ရဲ့ သဘောလေး ဒါလေးမှတ်ထား။ အဲဒါလေးမှတ်တော့ကာ ဒါရသာဓာတ်ပဲလို့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ရသာဓာတ်ကို မှတ်ဖို့ပေးထားတဲ့ မှတ်ကြောင်းလက္ခဏာ မှတ်စရာလေး မှတ်ထားတော့ ဒါဖြင့် လျှာပေါ်လာပြီး ထိလိုက်ရင် ဇိဝှါပသာဒဆိုတဲ့ လျှာဖျားရဲ့အလယ်မှာ ညောင်ရွက် ကြာရွက်ဖျားမျှသဏ္ဍာန်ဆိုတဲ့ ကံတွေစီမံထားသော ကမ္ဗဇရုပ်ကလေး လာပြီး ထိတဲ့ တိုက်တဲ့ သဘောလေးက ဒါ ရသာဓာတ်ဆိုတော့ ဒါဖြင့် ဒီလျှာမှာလာပြီး ထိသမျှ တိုက်သမျှလေး စောစောကပြောတဲ့ အချို အချဉ် အငံ အစပ် အဖန် အခါးဆိုတဲ့ ၆–ပါးသော အမည်နာမတွေ ပြနိုင်တာလည်းရှိတယ် မပြနိုင်တာလည်းရှိတယ် ထင်ရှားတာလည်းရှိတယ် မထင်ရှားတာလည်း ရှိတယ် ဒီလိုသဘောလေး။ ဒါကြောင့် မနေ့ညကပြသွားတာ ကျောက်ခဲလေးလျှာပေါ်တင်အချို အချဉ် အငံ အစပ် အဖန် အခါး တစ်ပါးမှမပြောနိုင်ဘူး ပြောနိုင်လား (မပြောနိုင်ပါဘူးဆရာ)။ သဲလေးလျှာပေါ်တင် မပြောနိုင်ဘူး ဘယ်နာမည်မှမတပ်နိုင်ဘူး၊ ကျောက်သံပတ္တမြားလေးတွေ လျှာပေါ်တင်လည်း မပြောနိုင်ဘူး။ သွပ် သံ ကြေး ခဲ ရွှေ ငွေဆိုတဲ့ သတ္တုလေးတွေ လျှာပေါ်တင်လည်း မပြောနိုင်ပါဘူး။ ချိုတယ်မပြောနိုင်ဘူး ချဉ်တယ်မပြောနိုင်ဘူး ငံတယ်မပြောနိုင်ဘူး စပ်တယ်မပြောနိုင်ဘူး ဖန်တယ်မပြောနိုင်ဘူး ခါးတယ်မပြောနိုင်ဘူး ပြောနိုင်ပါ့မလား (မပြောနိုင်ပါဘူးဆရာ)။ အဲ မပြောနိုင်တော့ အဲဒါတွေရသာမရှိဘူး ဒီလိုပဲနားလည် ဒီလိုပဲမှတ်သားကြ။ ဘာဖြစ်လို့ အချို အချဉ် အငံ အစပ် အဖန် အခါးဆိုတဲ့ ၆–မျိုး တစ်မျိုးမျိုးမပြောနိုင်လို့ ကဲ တို့လူစုတွေ ဘယ့်နှယ့်ဖြစ်နေ ဒီလိုမပြောနိုင်ရင် ရသာဓာတ်မပါဘူးမှတ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမှတ်၊ အဲဒီအမှတ်ကြီးကလည်း လွဲချင်တိုင်းလွဲနေတယ်။ ဒါကြောင့် မနေ့ညက ရေနှစ်မျိုးနှစ်စား

http://www.dhammadownload.com



ယှဉ်ပြီတာ ရေကြည်ရေသန့်လေးဖန်ခွက်ထဲထည့်ထား တစ်ဖက်ကရေခွက်တော့ သကြားထည့်ထား သကြားဖျော်ထား ဒီရေနှစ်ခုသောက်ကြည့်မြည်းကြည့်၊ ဒီဘက်ကရေတော့ သကြားထည့်ထားလို့ ဒီရေအရသာကတော့ ချိုသောအရသာရှိတယ် ဒီလိုပြောနိုင်တယ် (ဟုတ်ပါတယ်ဆရာ)။ ဘာမှ မထည့်တဲ့ ရေကြည်ရေသန့်လေးကျတော့ ဘာအရသာရှိလဲ၊ ဘာမှအရသာမရှိဘူး ဒီလို ပြောတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး အေး အဲဒီနမူနာအတိုင်းပေါ့။ ရေနဲ့သဏ္ဌာန်တူတဲ့ အချို အချဉ် အငံ အစပ် အဖန် အခါးဆိုတဲ့ ၆–ပါးသော အမည်နာမတစ်ခုခုတပ်စရာမရှိရင် ရသာဓာတ်မရှိဘူးလို့ ဒီလိုမှတ်တယ် အရသာမရှိဘူးလို့ ဒီလိုပဲယူဆတယ် ဒီအယူအဆမှတ်ရတာ လုံးလုံးမှားတယ် နော် (ဟုတ်ပါတယ် ဆရာ)။ မှားတယ်၊ ဘာဖြစ်လို့ အမည်မတပ်တတ်လို့ ရသာဓာတ်မရှိဘူးလို့ပြောတာ၊ ဘယ်ရုပ်မဆို ဘယ်အာဟာရမဆို ဘယ်ပစ္စည်းမဆို ဘယ်ဝတ္ထုမဆို လျှာပေါ်မှာလာတင်လို့ မိမိလျှာပေါ်တင်မှန်း သိလိုက်သည်နှင့်တစ်ပြိုင်နက် ရသာဓာတ်ပါတယ် ရသာဓာတ်ရှိတယ် ဒီလိုနားလည်ရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီရသာဓာတ်က အင်မတန်မှ အမှတ်ရခက်တယ် ဘာဖြစ်လို့အမှတ်ရခက် မျက်စိနဲ့လည်းမြင်ရတာမဟုတ် ကိုင်လို့လည်း ဖြစ်တာမဟုတ် ယူလို့လည်းရတာမဟုတ်၊ အတုံး အလုံး အခဲ အကောင်အထည်လည်းပြောလို့ မဖြစ်၊ လေးထောင့် သုံးမြှောင့် အဝိုင်း အလျား သဏ္ဌာန်အားဖြင့်လည်းပြောလို့မဖြစ်၊ အဖြူ အဝါ အပြာဆိုတဲ့အနေအားဖြင့် ပြလို့မဖြစ်၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ်လည်း ပြောလို့မဖြစ်၊ တစ်ရွေးသား တစ်ပဲသားရအောင် စုလို့ဆောင်းလို့ရကောင်းသော ဝတ္ထုပစ္စည်းလည်း မဟုတ်တော့ ဒီရသာဓာတ်ကြီးဟာ ပရမတ်အနေအားဖြင့် သဘောတရားသက်သက်ထင်ရှားရှိတယ်ဆိုတဲ့ အဓိပ္ပါယ် လွယ်လွယ်နဲ့မသိနိုင်ဘူး သိနိုင်ပါ့မလား (မသိနိုင်ပါဘူးဆရာ)။ သာမညတရားမှ မဟုတ်ဘဲပဲ၊ ဒါကြောင့် ဒီမြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အဘိဓမ္မာဒေသနာဟာ သာမညလို့ မမှတ်နဲ့၊ အင်မတန်မှ အသိခက်တဲ့တရားတွေ။ ဒါကြောင့် ဂမ္ဘီရလေးပါးနဲ့ ကိုယ်တော်မြတ် ဟောထားတဲ့ နက်နဲခြင်းလေးပါးနဲ့ ဟောထားတဲ့တရား၊ ဒါကြောင့် ဒီအဘိဓမ္မာပရမတ်အစစ်ဆိုတဲ့ အဘိဓမ္မာတရားကျတော့ ပုဂ္ဂိုလ်တိုင်းလည်းမသိ မသိကောင်းဘူး၊ သိနိုင်ဖို့လည်းမလွယ်ဘူး၊ ဘာဖြစ်လို့လဲ အခုလိုပဲ အသိခက်တယ် အသိခက်မှာပေါ့ မိမိတို့သိထားတာကပညတ်အမြင်နဲ့ အကုန်လုံးယုံကြည်ထားတယ် ယူဆထားတယ် နားလည်ထားတယ် သိထားတယ် စွဲထားတယ် ဒီလို ဖြစ်နေတယ်။ အဲဒီလို ကြောင်တောင်ကြီးတွေမြင်နေကြတဲ့ ပညတ်လုံးကြီးတွေက ဖုံးကွယ်ထားတော့ အင်မတန်သိမ်မွေ့နူးညံ့တဲ့ အသိအင်မတန်ခက်တယ်ဆိုတဲ့ ပရမတ်ကျတော့ လွယ်လွယ်နဲ့သိဖို့ အင်မတန်ခက်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က သို့ကလောက်တောင်အသိခက်တဲ့ ရသာဓာတ်

http://www.dhammadownload.com



ကြီး၊ ပရမတ်ဓာတ်တရားကြီးကို ပြတ်ပြတ်သားသားသိချင်ရင် မှတ်စရာမှတ်ကြောင်းလက္ခဏာပေးထားမယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အသိမလွယ်လားကွဲ့ (လွယ်ပါတယ်ဆရာ)။ အေး အေး ဘယ့်နှယ့်မှတ်စရာပေးထားသလဲလို့။ မိမိလျှာမှာလာပြီးတော့ တွေ့သမျှ ထိသမျှ တိုက်သမျှ ဘာဓာတ်လဲ (ရသာဓာတ်လို့ခေါ်ပါတယ်ဆရာ)။ ရသာဓာတ် မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တွေ့သမျှ ထိသမျှ တိုက်သမျှဆိုတော့ တို့မနေ့ညကပြထားတဲ့ အချို အချဉ် အင့ံ အစပ် အဖန် အခါးဆိုတဲ့ ၆–ပါးထဲက တစ်ပါးပါးမှ ဘာမှမထည့်ထားတဲ့ ရေသန့်သန့်လေးတော့ အချို အချဉ် အင့ံ အဖန် အစပ် အခါး မပြောနိုင်ဘူးပေါ့နော် (မပြောနိုင်ပါဘူးဆရာ)။ မပြောနိုင်တော့ ရေလေးသောက်လိုက်တော့အရသာမရှိ ဒီလိုပြောတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ရေဟာရေအရသာရှိတယ် ဒီလိုနားလည်ရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရေဟာ ရေအရသာရှိတယ်။ ဘယ်သူဖြစ်ဖြစ် ရေလျှာပေါ်တင်လိုက်ရင်သိတယ် ဒါရေပဲ ရေအရသာပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် စောစောကပြောတဲ့ ကျောက်ခဲသလဲလေးတွေတင်လည်း ဒါကျောက်ခဲတင်တာပဲ ဒါသဲတင်တာပဲ ဒါမြေမှုန့်တင်တာပဲ ဒါသစ်စဝါးစတင်တာ ဒါကျောက်သံပတ္တမြားတင်တာ။ သွပ် သံ ကြေး ခဲ ရွှေ ငွေဆိုတဲ့ သတ္တုတင်တာပဲလို့၊ မိမိလျှာပေါ်သမျှအရာလေးကို ဇိဝှါပသာဒဆိုတဲ့ ကမ္မဇအကြည်မှန်ကလေးကို တိုးတယ် ထိတယ် တိုက်တယ် ခိုက်တယ်ဆိုတာ မသိဘူးလားကွ (သိပါတယ်ဆရာ)။ သိကြတယ်နော် (ဟုတ်ပါတယ်ဆရာ)။ သိမှာပေါ့ မသိဘဲနေပါ့မလား ဒီရသာဓာတ်ကိုက ဒီဇိဝှါပသာဒဆိုတဲ့ ကမ္မဇမှန်ကလေးမှာ တိုးတတ် တိုက်တယ် ထိခိုက်တတ်တဲ့သဘောရှိတယ် ဒါလေးမှတ်ထားပါလို့ ဘုရားကိုယ်တော်မြတ်က မိန့်ကြားထားတော့ တို့လျှာလာတွေ့ရင် ဒါရသာဓာတ်ပဲလို့ မသိဘူးလား (သိပါတယ်ဆရာ)။ ရသာဓာတ်ပဲ၊ ဒါဖြင့် လျှာလာထိလို့ ရသာဓာတ်လို့သိနေတဲ့ မင်းလျှာကလွဲတဲ့ လက်တို့ ခေါင်းတို့ ကိုယ်တို့ ခြေတို့ အဲဒီနေရာမှာ ဥပမာလေး ငါတစ်ခုမေးပါ့မယ်။

သံပုရာသီးနဲ့တွေ့လို့ ချဉ်မှန်းသိပါ့မလား မင်းကိုယ်က (မသိပါဘူးဆရာ)။ သိပါ့မလား (မသိပါဘူးဆရာ)။ ဘယ်သိမတုန်းကွ သူ့ရသာသိကောင်းတဲ့၊ ရသာအတိုက်ခံရတဲ့ ကမ္မဇဓာတ်မှန်ရှိမှမရှိဘဲ ရှိရဲ့လား (မရှိပါဘူးဆရာ)။ မရှိဘူးကွ၊ အဲဒီ ရသာရုပ်ကလေးသိစေဖို့ဆိုတဲ့ ကံကလုပ်ပေးတဲ့ ကမ္မဇအကြည်မှန်ကလေးရှိသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒီမှန်ကလေးလာတိုက်ရင်သိတယ် ဟုတ်လား (သိပါတယ်ဆရာ)။ အေး အေး ဒီမှန်တိုက်ရင်ဖြင့်၊ ကမ္မဇအကြည်ရုပ်ကလေးတိုက်ရင်ဖြင့် မသိဘဲနေလို့ မဖြစ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီပသာဒရုပ်ကိုက လုံးလုံးကြီးပျက်နေတဲ့ပုဂ္ဂိုလ်ဆိုရင်ဖြင့် သိချင်မှသိပေါ့လို့ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ချဉ်တယ် ချိုတယ်ဆိုတာ မင်းလက်နဲ့စမ်းကြည့်လို့သိပါ့မလား (မသိပါဘူးဆရာ)။ မသိပါဘူး မျက်စိနဲ့မြင်တော့ကောသိပါ့မလား (မသိပါဘူးဆရာ)။ နှာခေါင်းနဲ့နမ်း

http://www.dhammadownload.com



ကြည့်တော့ကော သိပ်ုမလား (မသိပါဘူးဆရာ)။ လျှာနဲ့တို့ကြည့်တော့ကော (သိပါတယ်ဆရာ)။ ဩော်-ဒါကျတော့သိပြီ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာသိတုန်း၊ အဲဒီ ရှောက်သီး သံပုရာသီး ထန်းလျက် သကာအစရှိသည့် ဝတ္ထုရုပ်မှာပါလာသော ရသာဓာတ်ကလေးကို ဒီရသာဓာတ်ကလေး သည် လျှာနဲ့တို့ကြည့်သိမှာပေါ့။ လျှာမှာပါသော လျှာရဲ့ဗဟိုအလယ်ခေါင်မှာ ကြာရွက်ဖျားဖြတ် သဏ္ဌာန်ရှိတဲ့ ကံဖြင့်စီမံထားတဲ့ ကမ္မဇအကြည်မှုန်လာတိုက်တယ် မတိုးဘူးလား (တိုးပါတယ်ဆရာ)။ သူ့မှုန်နဲ့သူ့အိမ်နဲ့မှသိမှာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ၊ ဒါကြောင့် တို့ကိုယ်ပြန်ကြည့်လို့ရှိရင် မျက်စိလဲ ကမ္မဇအကြည်မှုန်ရှိတယ်၊ နားလဲ ကမ္မဇအကြည်မှုန်လေး ရှိတယ်၊ နှာခေါင်းလဲ ကမ္မဇအကြည်မှုန်ကလေးရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီငါးခု၊ မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ် ကိုယ်ရယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ပသာဒရုပ် ၅-ပါးလို့ခေါ်ပါတယ် ပသာဒရုပ် ၅-ပါးဆိုတာ ပသာဒကပသာဒပါ ရုပ်ကရုပ်၊ ပသာဒက ကြည်လင်သော အနက်ကိုဟောတယ် သဘောရုပ်ကရုပ်၊ ဟော-ပသာဒရုပ်ဆိုတာ ကြည်လင်တဲ့ရုပ် ၅-ခုပဲ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကြည်လင်တဲ့ရုပ် ၅-ခု၊ ကြည်လင်တယ်ဆိုတာ မှန်ပြင်လို နေတာပေါ့ မှန်ပြင်လိုကြည်လင်ရင် အရိပ်ထင်တာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒီသဘောလေး သေသေချာချာကြည့်၊ ဒီတော့ စက္ခုအကြည်မှုန်လေးဟာ ဘယ်လောက်ရှိ သူ့ပမာဏလေးက သန်းဦးခေါင်းမျှပမာဏ ဒါပဲ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူ့အပြင် ဖက်တွယ်သွားတဲ့ ဘေးသားတွေကျတော့ ပါသေးရဲ့လား (မပါပါဘူးဆရာ)။ မပါဘူး၊ ကံဖြင့် လုပ်ထားတဲ့ ကမ္မဇအကြည်မှုန်ကလေးက သန်းဦးခေါင်းမျှပမာဏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ကျဉ်းကျဉ်းလေး သေးသေးလေး၊ တစ်ခါလာပြန်ပြီ သောတပသာဒ သောတပသာဒဆိုတာ တစ်ခြားမဟုတ်ပါဘူး၊ နားထဲမှာရှိတဲ့ ကြေးနီကွင်းလက်စွပ်ကလေးပမာဏနော် (ဟုတ်ပါတယ် ဆရာ)။ ဆိုင်တော့မဆိုင်ဘူးပေါ့ မဆိုင်ပေမဲ့ ဒီပသာဒ ၅-ခုတော့မှတ်ထားပေါ့၊ နားတွင်းမှာ ကြေးနီကွင်းလက်စွပ်သဏ္ဌာန်လေး သောတပသာဒကံဖြင့် ပြုလုပ်ထားသော ကမ္မဇရုပ်ကလေးပေါ့ နော် (ဟုတ်ပါတယ်ဆရာ)။ သူလည်း အကြည်မှုန်ကလေး မဟုတ်လား (အကြည်မှုန်ကလေးပါ ဆရာ)။ အေး အဲဒီကြေးနီလက်စွပ်ကွင်းသဏ္ဌာန်ရှိတဲ့ ကမ္မဇအကြည်မှုန်ကလေးရဲ့ ဘေးနားမှာ အင်မတန်နူးညံ့တဲ့အမွေးကလေးများ ရှင်သန်ပြီးတော့ ပေါက်နေတယ်။ ဒါလေးကတော့ အပြင်က အမှုံအမွှားတွေလာရင် ကာကွယ်ဖို့ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အကြည်မှုန်ပြင်လေး မထိအောင် မွှေးညှင်းကလေးတွေ ပေါက်နေတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ကမ္မဇအကြည်မှုန်ကလေးကလည်းဘယ်အရိပ်တွေထင်ဖို့တုန်း ဘာတွေထင်ဖို့တုန်း မေးတော့ အသံဆိုတဲ့သဒ္ဒရိပ်ကို လာထင်ဖို့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မင်းတို့ ငါတို့ အသံကို ဘယ်ကကြားရလဲ (နားကကြားရပါတယ်ဆရာ)။ ဩော်-နားကကြားရတယ် အသံ

http://www.dhammadownload.com



မျက်စိကကြားလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ နှာခေါင်းကရော (မဖြစ်ပါဘူးဆရာ)။ လျှာကရော (မဖြစ်ပါဘူးဆရာ)။ ဘယ်ဖြစ်မလဲကွ အဲဒီအသံကိုလက်ခံနိုင်တဲ့ အသံရဲ့ အတိုးအတိုက်ခံတတ်တဲ့ ကမ္ဘဇာတ်မှန်က နားထဲရှိတာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဩ်–ဒါကျတော့ ဟိုအဆင်းရုပ်တုန်းကတော့ စက္ခုပသာဒအကြည်မှန်ကလက်ခံတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အသံဆိုတဲ့ သဒ္ဒအသံရုပ်ကျတော့ သောတပသာဒဆိုတဲ့ ကမ္ဘဇရုပ်ဓာတ်မှန်က လက်ခံတယ်။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဂန္ဓအနံ့ဆိုတဲ့ ဂန္ဓရုပ်ကြီးကျတော့ ဃာနပသာဒအကြည်ရုပ်က လက်ခံတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ နှာခေါင်းထဲမှာနော် (ဟုတ်ပါတယ်ဆရာ)။ မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဘာသဏ္ဌာန်လဲကွ (ဆိတ်ခွာသဏ္ဌာန်ရှိပါတယ်ဆရာ)။ အေး ဆိတ်ခွါသဏ္ဌာန်လေး ဂန္ဓပသာဒနော် (ဟုတ်ပါတယ်ဆရာ)။ သူကတော့ အနံ့ရုပ်ကလေး လာလာတိုက်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီမှန်ပြင်လေးလာအရိပ်ထင်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီလိုပါပဲ၊ ဒါဒီသဘောလေးတွေမှတ်ထားပါ စက္ခုလည်းပဲ အရိပ်ထင်ဖို့လို့ မှန်ပြင်လေးရှိတယ်၊ နားတွင်လည်း အရိပ်ထင်ဖို့ မှန်ပြင်လေးရှိတယ်၊ နှာခေါင်းတွင်လည်း အရိပ်ထင်ဖို့မှန်ပြင်လေးရှိတယ်၊ လျှာအလယ်ခေါင်လည်း အရိပ်ထင်ဖို့ မှန်ပြင်လေးရှိတယ်၊ မြန်မာလိုနားလည်အောင် မှန်ပြင်လေးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဟိုကတော့ ကံပြုပြင်ထားတဲ့ ကမ္ဘဇဓာတ်မှန်ခေါ်တယ် ပသာဒရုပ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါတို့ ကိုယ်ကျတော့ရော၊ ကိုယ်မှန်ကျတော့ ခုနမှန်တွေလိုမဟုတ်ဘူး စက္ခုမှန်လေးကြည့် သန်းဦးခေါင်းမျှ ပမာဏ နားထဲက သောတမှန်လေးကြည့်လည်း လက်စွပ်ကွင်းသဏ္ဌာန်လေးနော် (ဟုတ်ပါတယ်ဆရာ)။ သေးသေးလေးနော် (ဟုတ်ပါတယ်ဆရာ)။ ဂန္ဓပသာဒ နှာခေါင်းအတွင်းက မှန်လေးကြည့်ပြန်တော့ လက်သည်းခွံပမာဏ ဆိတ်ခွာသဏ္ဌာန်လေး၊ သေးသေးလေးမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ လျှာကြည့်ပြန်တော့ ဇိဝှါပသာဒ လျှာဖျားရဲ့အလယ်ခေါင်က ကြာရွက်ဖျားပြတ်သဏ္ဌာန်ကလေး တစ်ဖက်ချွန်းကလေးနဲ့ ဒီလိုမဟုတ်လား သူတို့က သေးသေးလေးပေါ့နော် (သေးသေးလေးတွေပါဆရာ)။ အေး အဲဒါလေးတွေ လွတ်ထွက်သွားတဲ့နေရာတွေကို တို့တစ်ကိုယ်လုံးကြည့်စမ်း အများကြီးမဟုတ်လားကွ (ဟုတ်ပါတယ်ဆရာ)။ စက္ခုမှန် သန်းဦးခေါင်းမျှပမာဏ သူ့ပတ်ဝန်းကျင် ဖယ်လိုက် သောတမှန်ကြေးနီလက်စွပ်ကွင်းပမာဏ သူ့ပတ်ဝန်းကျင်က အပိုတွေ ဖယ်လိုက်နော် (ဟုတ်ပါတယ်ဆရာ)။ ဂန္ဓမှန် လက်သည်းခွံပမာဏ သူ့ပတ်ဝန်းကျင်က အပိုတွေဖယ်လိုက်၊ ဇိဝှါပသာဒ လျှာအလယ်ခေါင် ညောင်ရွက်ဖျားပြတ်သဏ္ဌာန်လေး သူကလည်း လက်သည်းခွံပမာဏနော် (ဟုတ်ပါတယ်ဆရာ)။ ဒါလေးက အပြင်ဖက်က အပိုအသားတွေဖယ်လိုက် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ကိုင်း ကျန်တဲ့ တို့ကိုယ်ကာယတစ်ခုလုံး ကျန်မနေဘူးလား (ကျန်နေပါတယ်ဆရာ)။

http://www.dhammadownload.com



အများကြီးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါကြည့် အဲဒါကြည့် ခေါင်းကအစ ခြေဖျား အထိအောင် အရေထူအရေပါးဖုံးလွှမ်းထားတဲ့ တို့တစ်ကိုယ်လုံးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ခေါင်းကအစ ခြေဖျားအထိအောင် တစ်ကိုယ်လုံး အရေထူအရေပါးဖုံးလွှမ်း၍ထားအပ်သော ကိုယ်ကောင် တစ်ကိုယ်လုံးမှာ ကာယပသာဒအကြည်မှန်သည်အပြည့်ရှိ၏ သြော်ကိုယ်မှန်ကျတော့ အပြည့်ရှိ၏ တစ်ကိုယ်လုံး (ဟုတ်ပါတယ်ဆရာ)။ ဘယ်နေရာလွတ်သလဲမေးတော့ ခြောက်သွေ့သော နေရာကိုဖယ်ထား လက်သည်းဖယ်ထား ခြေသည်းဖယ်ထား ဆံပင်ဖယ်ထားနော် (ဟုတ်ပါတယ်ဆရာ)။ မွေးညှင်းဖယ်ထား၊ ပြီးတော့ မင်းတို့ငါတို့ရဲ့ဖဝါးမှာ ဖနောင့်နားမှာ အရေခွံ မရှိဘူးလားကွ (ရှိပါတယ်ဆရာ)။ အထူကြီးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီအရေထူခြောက်သွေ့တဲ့နေရာဖယ်ထား၊ အဲဒါတွေ ဖယ်ထားလိုက်ပါ၊ တစ်ကိုယ်လုံး ကာယပသာဒဆိုတဲ့ အကြည်မှန်လွှမ်းဖုံးနေပါတယ်တဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲတော့ သိချင်လို့ရှိရင်ထိကြည့် ဟုတ်လားမဟုတ်လားလို့၊ ဟော ကာယပသာဒမှန်ကျတော့ တယ်ကျယ်ဝန်းပါလား။ ကျယ်ဝန်းပါသကော ခေါင်းကအစ ခြေဖျားအထိအောင်၊ အခုနပြောတဲ့ မစိုမစွတ်တဲ့ ခြောက်သွေ့တဲ့နေရာတွေ ဖယ်လိုက်ပါဆိုတော့ လက်သည်း ခြေသည်းတို့ ဆံပင်တို့ ဖနောင့်အောက်က ဖဝါးအောက်က ထူတဲ့အရေထူတို့ ဒါဖယ်လိုက်ပါ၊ ဒါတွေကျတော့ ကာယပသာဒအကြည်မှန် မရှိဘူးတဲ့ သူတို့ကျတော့နော် (ဟုတ်ပါတယ်ဆရာ)။ လွတ်နေတယ်တဲ့ ဒီပြင်နေရာတော့ ဒီပြင်နေရာကျတော့ တစ်ကိုယ်လုံး ကာယပသာဒအကြည်မှန်တုံးကြီး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အကြည်မှန်တုံးကြီးကတော့ ဒီမှန်ကြီးကျတော့ ဘယ်အရိပ်တွေ ထင်သလဲဆိုတော့ အတွေ့ အထိ အရိပ်တွေ လာထင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အတွေ့အထိအရိပ်တွေဆိုတော့ အတွေ့အထိဘယ်သူ တွေလည်းဆိုတော့ ပူတာ အေးတာ နူးညံ့တာ ချောတာ ကြမ်းတာ စူးတာ ရှတာ ဒါအတွေ့ အထိနော် ဖောဋ္ဌဗ္ဗာတတ်အတွေ့အထိတွေ၊ အဲဒီ အတွေ့အထိဆိုတဲ့ ဖောဋ္ဌဗ္ဗတည်းဟူသော အရိပ်တွေ လာထင်ကြတယ် သူတို့လာတိုက်တာခိုက်တာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ သူတို့ လာတိုက်လို့ခိုက်လို့ကော ဘယ်နေရာထိလိုက်ထိလိုက် သိတာပေါ့။ ဟာ ပူလိုက်တာ အေးလိုက်တာ နူးညံ့လိုက်တာ ချောနေတာ မွတ်နေတာ ညက်နေတာ အိနေတာ စူးလိုက်တာ နာလိုက်တာ ကြမ်းလိုက်တာ မသိဘူးလား (သိပါတယ်ဆရာ)။ ဒါက အဲဒါ မင်းခေါင်းကအစ ခုနငါပြတဲ့ ခြေဖျားအထိ ကာယပသာဒဆိုတဲ့ အကြည်မှန်တစ်ကိုယ်လုံး ဖုံးထားတယ်။

မှန်တုံးကြီးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ သြော်–ကာယပသာဒဆိုတဲ့ အကြည်မှန်ကျတော့ ခုနပြောတဲ့ အတွေ့အထိဆိုတဲ့ အရိပ်တွေလာတိုးကြတိုက်ကြတယ်၊ ထိကြခိုက်ကြတယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ၅–ချက်တော့ သေချာမှတ်ထား။ စက္ခုပသာဒ မျက်စိအကြည်၊ သောတပသာဒ နားအကြည်၊ ဃာနပသာဒ နှာခေါင်းအကြည်၊ ဇိဝှါပသာဒ

http://www.dhammadownload.com



လျှာအကြည်၊ ကာယပသာဒ ဒါကံဖြင့် လုပ်ပေးလိုက်တဲ့ ကမ္မဇခေတ်မှန်ငါးခုနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီမှာ အခုငါတို့ ဒီအထဲပြသွားတဲ့ ဝဏ္ဏရယ် ဂန္ဓရယ် ရသရယ် ဩဇာရယ် ခေတ် ၄-ပါး၊ ဥပါဒါရုပ်၄-ပါးခွဲပြလိုက်ရင် ဒီထဲမှာ သောတဖယ်ထားနော် (ဟုတ်ပါတယ်ဆရာ)။ ပြီးတော့ ကာယဖယ်ထားနော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဟုတ်ပြီ ဒါတွေဖယ်ထားလိုက်၊ ဒါတွေ နားလည်မှုရှိအောင် ပလ္လင်ခံထား အမှန်ကတော့၊ ဒါဖြင့် အခုတို့ ဇိဝှါပသာဒမှာလာပြီးတော့ တိုးတက် တိုက်တတ် ထိတတ် ခိုက်တတ်တဲ့ သဘောဟာ ဒါရသာခေတ်ပဲလို့ဆိုတော့ တို့လူစုကာဘာမှတ်ရမလဲ ဘုရားကိုယ်တော်မြတ်မှတ်စရာဆိုတဲ့ မှတ်ကြောင်းလက္ခဏာပေးထားတာလေး မှတ်ရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ လျှာပေါ်လာထိရင် ဘာလို့သိရမလဲ (ရသာခေတ်လို့သိရပါမယ်ဆရာ)။ ဩော်-ရသာခေတ်လို့ သိရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ချိုတာ ချဉ်တာ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ ချိုတာချဉ်တာရော ရသာခေတ်ပါပဲ ဩော် ဒါလည်း ရသာခေတ်ပဲလား (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် ခုနပြောသလို အပိုင်းအခြားလေးနဲ့ အမှတ်မှားနေမှာစိုးလို့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါ တို့လူစုနားလည်တာက ချိုတယ် ချဉ်တယ် ငံတယ် စပ်တာ ဖန်တာ ခါးတာ ဒီ ၆-ခုမှ အရသာ ဒီလိုပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမမှတ်ပါနဲ့၊ ချိုသည်ဖြစ်စေ မချိုသည်ဖြစ်စေ၊ ချဉ်သည်ဖြစ်စေ မချဉ်သည်ဖြစ်စေ ၆-ပါးလုံးနော် (ဟုတ်ပါတယ်ဆရာ)။ ဘာမှ မပြနိုင်ပေမဲ့ မိမိလျှာမှာလာပြီးထိရင် တိုက်ရင် ခိုက်ရင်ဒါရသာခေတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မင်းလျှာပေါ်ငါတင်ခိုင်းတယ် ကျောက်ခဲလေးတင်သိသလား သိရဲ့လား (သိပါတယ်ဆရာ)။ ကျောက်ခဲတင်မှန်းသိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ မြေမှုန့်လေးတင်တော့ကော (သိပါတယ်ဆရာ)။ သဲလေးတင်တော့ကော (သိပါတယ်ဆရာ)။ သွပ် သံ ရွှေ ငွေ ကြေး ခဲဆိုတဲ့ သတ္တုစလေးတွေ တစ်ခုစီတင်တော့ကော (သိပါတယ်ဆရာ)။ ကျောက်သံပတ္တမြားတွေတင်တော့ကော (သိပါတယ်ဆရာ)။ ဩော် သိတာပေါ့ (သိပါတယ်ဆရာ)။ ပိုထင်ရှားအောင် ဒါမထင်ရှားတဲ့ အပိုင်းလေးတွေငါတင်ပြ၊ ဩော် တင်တော့တင်တယ် မင်းသိတယ်ပေါ့ (သိပါတယ်ဆရာ)။ သိတာ ဘာကြောင့်လဲဆိုတော့ အဲဒီတင်တဲ့ဝတ္ထုပစ္စည်းမှာ ပါလာတဲ့ရသာခေတ်က မင်းသောတပသာဒဆိုတဲ့ အကြည်မှန်လာတိုက်တယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ တိုက်တယ်လား (တိုက်ပါတယ်ဆရာ)။ အေး တိုက်တယ်၊ ဘာကလေးပေါ်လာ (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ ဘာစိတ်ကလေး (ဇိဝှါဝိညာဏ်စိတ်ပါဆရာ)။ အေး ဇိဝှါဝိညာဏ်စိတ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဇိဝှါဝိညာဏ်စိတ် မြန်မာလိုပြန်တော့စားသိစိတ်နော် (ဟုတ်ကဲ့ပါဆရာ)။

လျှာပေါ်တင်ရင် စားကြတယ်မဟုတ်လား (စားကြပါတယ်ဆရာ)။ အေး ဒါစားတာသိတဲ့ စိတ်ကလေးသည် ဇိဝှါဝိညာဏ်စိတ် လျှာစိတ်ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ မျက်စိစိတ် နားစိတ်

http://www.dhammadownload.com



နှာခေါင်းစိတ် လျှာစိတ် ကိုယ်စိတ် အမိုကလေးတွေ ပြုပြီးပေါ်လာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ရင် မင်းတို့ ငါတို့ လျှာပေါ်မှာဝတ္ထုပစ္စည်းလေး တစ်ခုတင်လိုက်ရင်တင်မှန်းသိတယ် မဟုတ်လား (သိပါတယ်ဆရာ)။ ဒါသိတာဘာကသိ (စိတ်ကသိပါတယ်ဆရာ)။ ဘယ်စိတ်ပါလိမ့် (ဇိဝှါဝိညာဏ် စိတ်ပါဆရာ)။ ဩြ် ဇိဝှါဝိညာဏ်စိတ်ကနော် (ဟုတ်ပါတယ်ဆရာ)။ ဒီစိတ်ကလေးဟာ မင်းလျှာပေါ် ဝတ္ထုပစ္စည်းကလေး မတင်ခင် ဝတ္ထုပစ္စည်းလေးမှာပါလာတဲ့ ရသာဓာတ်က မင်းဇိဝှါပသာဒ အကြည်မှုန် ကလေး မတိုက်ခင်တုန်းက ဒီစိတ်ကလေးရှိလား (မရှိပါဘူးဆရာ)။ သေးသေးလေးမရှိဘူးလား (မရှိပါဘူးဆရာ)။ ဩော် မင်းလျှာပေါ်တင်လိုက်တဲ့ ဝတ္ထုပစ္စည်းရဲ့ရသာဓာတ်ကလေးက မင်းဇိဝှါ ပသာဒအကြည်ရုပ်ကလေး တိုက်လိုက်တဲ့အခါ သူပေါ်လာတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ နဂိုကမရှိဘူးနော် (မရှိပါဘူးဆရာ)။ တစ်နေရာများရှိမနေဘူးလား (မရှိပါဘူးဆရာ)။ မရှိဘူးလား (ဟုတ်ပါတယ်ဆရာ)။

ဒါတို့လူစုတွေ ဒါလေးတွေလည်းမှတ်ထားဟေ့ အင်မတန်မှတန်ဖိုးရှိတယ် တို့ဖြစ်နေတဲ့ စိတ်တွေဟာ တစ်ဆက်တည်း တစ်တန်းတည်းထဲ တစ်ခုတည်းလည်း မှတ်မနေကြနဲ့၊ ဟိုး တို့ဘာနဲ့တူသလဲဆိုတော့ ခုလုပ်နေကြတဲ့ သံမီးခြစ်ကလေးတွေမရှိလားကွဲ့ (ရှိပါတယ်ဆရာ)။ သံမီးခြစ်ကလေးတွေရှိ အဲဒီတော့ သံမီးခြစ်ကလေးတွေ လက်ထဲကိုင်ထားတော့ မီးပွင့်ရဲ့လား (မပွင့်ပါဘူးဆရာ)။ မပွင့်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ သံဘီးကလေးလှည့်လိုက်တော့ ပွင့်လာ တယ်မဟုတ်လား (ပွင့်လာပါတယ်ဆရာ)။ ဘာဖြစ်လို့ ပွင့်လာပါလိမ့် (သံဘီးကလေးခြစ်လိုက်လို့ မီးပွင့်သွားပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ၊ သံဘီးကလေးလှည့်လိုက်တော့ သံဘီးကလေး နဲ့ကျောက်နဲ့ သွားတိုက်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီတော့ မီးလေးပွင့်လာတယ် (မီးလေးပွင့်လာပါတယ်ဆရာ)။ ပွင့်လာတဲ့ မီးကလေးက သူတို့နှစ်ခုမတိုက်ခင်တုန်းက ဘယ်နေရာမှာ ရှိလဲ (ဘယ်နေရာမှမရှိပါဘူးဆရာ)။ သံဘီးကလေးထဲ မရှိဘူးလား (မရှိပါဘူးဆရာ)။ ကျောက်တိုင် ထဲကော (မရှိပါဘူးဆရာ)။ နဂိုကလေ (ဟုတ်ပါတယ်ဆရာ)။ မရှိဘဲနဲ့ ဘယ်ကလာပါလိမ့် (တိုက်လိုက်တောမှထွက်လာပါတယ်ဆရာ)။ ဩော် ထွက်လာတယ် ဟုတ်လား (ဟုတ်ပါတယ်ဆ ရာ)။ အေး အေး အေး ဒါဖြင့် ဒီမီးကလေးက နဂိုကမရှိဘူးပေါ့ (မရှိပါဘူးဆရာ)။ ဩြ် သံဘီးကလေးနဲ့ကျောက်တိုင်နဲ့ခြစ်ခါမှတိုက်ခါမှ ပေါ်လာတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါသေသေချာချာကြည့်ပါ၊ မင်းတို့ ငါတို့ဟာ မွေးတဲ့အချိန်ကစ ပဋိသန္ဓေခဏကစမယ်နော် (ဟုတ်ပါတယ်ဆရာ)။

မြင်စိတ်ကလေးတွေ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မြင်တဲ့စိတ်ကလေးတွေ ဖြစ်တယ် မဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ဒီစိတ်ကလေးတွေဖြစ်တော့ မြင်တယ်ပေါ့ (မြင်ပါတယ်ဆရာ)။ ကြားစိတ်ကလေးတွေ နံစိတ်ကလေးတွေ စားစိတ်ကလေးတွေ ထိစိတ်ကလေးတွေ ကြံစိတ်

http://www.dhammadownload.com



ကလေးတွေ ၆–ခု မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဥစ္စာကလေးတွေဟာ အလကားများ ဆက်စပ်ပြီးတော့ ဖြစ်နေတယ်ထင်သလား (မထင်ပါဘူးဆရာ)။ ဘယ်လိုလာမှဘယ်လိုဖြစ်မှဖြစ်မလဲ မြင်စိတ်ကလေးကွယ် အမြဲတမ်းဘာမှမလုပ်ဘဲနဲ့ ဖြစ်တယ်ထင်သလား (မဖြစ်ပါဘူးဆရာ)။ ဘယ်လိုမှ ဖြစ်လဲ (မြင်မှဖြစ်ပါတယ်)။ အဲဒီ မြင်စိတ်ငါမေးတာ မြင်စိတ်ကလေးဟာ အလကားဖြစ်နေသလား (မဖြစ်ပါဘူးဆရာ)။ ဘယ်လိုမှဖြစ်တုန်း (မြင်လိုက်တဲ့အခါမှပေါ်လာပါတယ်ဆရာ)။ ရူပါရုံနဲ့ ဘာဖြစ်တယ် (စက္ခုနဲ့ရူပါရုံနဲ့တိုက်လိုက်မှဖြစ်ပါတယ်ဆရာ)။ သြော် အဲဒီလိုလုပ်ပါကွနော် (ဟုတ်ပါတယ်ဆရာ)။ မတိုက်ရင်ဒီစိတ်ကလေးမဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။

အေး အေး ဒါဖြင့်ရင် ဒီစိတ်ကလေးဟာ တို့အမြဲမြင်နေတယ်ဆိုတော့ သူတို့နှစ်ခု အမြဲ တိုက်မနေဘူးလား (တိုက်နေပါတယ်ဆရာ)။ အင်မတန်သိမ်မွေ့တဲ့တရားတွေပါ၊ မင်းအငြိမ့်ရော ကြည့်ဖူးရဲ့လား (ကြည့်ဖူးပါတယ်ဆရာ)။ အငြိမ့်သွားကြည့်နေတော့ မင်းအဓိပ္ပါယ်ဆိုပါစို့ကွာ အငြိမ့်မင်းသမီးကအကအဆိုတွေ အင်မတန်ကောင်းတော့ ရုပ်ကလည်း အင်မတန်ချောတော့ မင်းငေးပြီးတော့ မျက်တောင်မခတ်ဘဲနဲ့ ခေါ်တောကြည့်ကြည့်တယ် နာရီဝက်လောက် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မျက်တောင်မခတ်ဘူးပေါ့ (မခတ်ပါဘူးဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ တကယ်မျက်တောင်မခတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ နာရီဝက်လောက်ကြည့် ကြည့်နေတော့ အဲဒီ ဒီမြင်နေတယ်ဆိုတော့ ဆက်တိုက်ကြီး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဒီတော့ မင်းစိတ်ထဲမထင်ဘူးလား အောင်မယ် ငါကြည့်နေတာ နာရီဝက်တောင်ရှိသွားပြီ နာရီကြည့်တော့ တော်တော်ကြာသွားပေါ့ တစ်ဆက်တည်းချည်း မြင်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ တစ်ဆက် တည်းချည်းမြင်နေတော့ အဲဒီမြင်စိတ်ဟာ မင်းတစ်ဆက်တည်းချည်းဖြစ်နေတယ် ထင်သလား (မထင်ပါဘူးဆရာ)။ ဘယ့်နှယ့်ထင်တုန်း ဘယ့်နှယ့်မှမထင်တတ်ဘူး (မထင်တတ်ပါဘူးဆရာ)။ အေး ဟုတ်ပြီနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီဥစ္စာမင်းသမီးကနေတယ်ဆိုတဲ့ ရူပါရုံအဆင်းရုပ် မဟုတ်ဘူးလား (အဆင်းရုပ်ပါဆရာ)။ အဲဒီ အဆင်းရုပ်က မင်းမျက်စိကလည်း သူ့ဘက် သေသေ ချာချာလှည့်ပြီးတော့ ခေါ်တောကြည့်ဆိုတော့ မျက်တောင်မခတ်ဘဲ အမြဲဖွင့်မထားဘူးလား (ဖွင့် ထားပါတယ်ဆရာ)။ ဖွင့်ထားရင် မင်းစက္ခုပသာဒဆိုတဲ့ အကြည့်မှန်ကလေးနဲ့ ဟိုက အငြိမ့်မင်းသမီး ဆိုတဲ့ရူပါရုံနဲ့ အမြဲတိုက်မနေဘူးလား (တိုက်နေပါတယ်ဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ သြော် အမြဲတိုက်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါအမြဲတိုက်နေတယ်ဆိုတာက တစ်ချက်ထိထားရင် ဘယ်တော့မှ လက်မလွှတ်တမ်းတိုက်နေတယ် ဒီလို မထင်ပါနဲ့နော် (ဟုတ်ပါ တယ်ဆရာ)။

တိုက်ပြီးရင်းတိုက်ရင်း တိုက်ပြီးရင်းတိုက်ရင်း ဒီလိုနေတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ တစ်ချက်တိုက်ရင် တစ်ချက်မြင်တယ်၊ တစ်ချက်တိုက်ရင် တစ်ချက်မြင်တယ် ဒီလိုမနေဘူးလား

http://www.dhammadownload.com



(နေပါတယ်ဆရာ)။ အဲဒီ ဟိုက ရှုပါရုံက မင်းစက္ခုပသာဒ အကြည်ရုပ်ကလေးလာတိုက်နေတာက တစ်ချက်ချင်း တစ်ချက်ချင်းတိုက်သွားတာက အင်မတန်မြန်သကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ မြန်တော့ တစ်ချက်ပြီးမှတစ်ချက်တိုက်တယ်ဆိုတာလည်း မင်းမသိဘူး၊ မင်းစိတ်ကလေးကတော့ ဟိုကတစ်ချက်တိုက်မှ တစ်ချက်ပေါ်တယ်ဆိုတာ မင်းမသိဘူး၊ ဘာဖြစ်လို့လဲစိတ်ဆိုတာ အင်မတန် မြန်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘာနဲ့ဥပမာတူလဲဆိုတော့ကြည့်စမ်းကွယ် အခု ဒီဖန် ချောင်းကြီးထွန်းထားတဲ့ ဓာတ်မီးရှိတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဓာတ်မီးရှိတယ် မဟုတ်လား၊ မင်းတို့ငါတို့အမြင်ကတော့ ဓာတ်မီးဟာ ခလုပ်နှိပ်ထားရင် တစ်ချက်တည်းလင်းတယ် ဒီလို မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ အေး သစ်ခွဲရင်းမောင်းတဲ့ စက်ကြီးသွားကြည့်တော့ ဘယ်ဟုတ်မလဲ၊ တစ်ချက်ပြီးမှတစ်ချက် လက်ခနဲလက်ခနဲဒီလိုသွား နားလည်လား (ဟုတ်ပါတယ် ဆရာ)။ တစ်ချက်ပြီးမှတစ်ချက် လက်ကနဲလက်ကနဲသွားနေတာ ဟိုက ဘီးကြီးက အင်မတန် မြန်လိုက်တော့ အဲဒီ လက်ခနဲလက်ခနဲ ဆက်မနေဘူးလား (ဆက်နေပါတယ်ဆရာ)။ ဖြစ်နေတော့ မင်းတို့ငါတို့မျက်စိ ဖန်ချောင်းကြီးကြည့်ရင် အောင်မယ် တစ်ဆက်တည်းလင်းနေတယ် ဒီလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။

အေး အဲဒီနေရာမှာ တစ်စက္ကန့်မှာ အပတ်တစ်ထောင်တို့၊ ထောင့်ရှစ်ရာတို့ ငါဒီလို ကြားဖူး တယ် တစ်မိနစ်ဆိုလားနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလောက်မြန်တာ၊ အခုနပြောတဲ့ ဒီမင်းကို့ ငါတို့မှာမြင်တဲ့ စိတ်ကလေးတွေ ကြားတဲ့စိတ်ကလေးတွေ နံတဲ့စိတ်ကလေးတွေ စားတဲ့စိတ် ထိတဲ့စိတ် ကြံစည်တဲ့စိတ်၊ ဒီစိတ်ကလေးတွေကျတော့ ဘယ်လောက်မြန်သလဲဆိုရင် မျက်တောင်တစ်ခတ်၊ တစ်စက္ကန့်ဆိုတဲ့ မျက်တောင်တစ်ခတ် ကာလအတွင်းမှာ ဒီလိုပဲ မြင်တယ် မြင်တယ် မြင်တယ်ဆိုတဲ့ စိတ်ကလေး လုံးရေပေါင်းဟာ ကုဋေတစ်သိန်းတိတိရှိ၊ ကုဋေနဲ့ပြတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကုဋေနဲ့ချီပြီးပြထားတာ အသစ်အဟောင်း ပြောင်းပြောင်းပြောင်းပြောင်းသွား တစ်လုံးချုပ်လိုက် တစ်လုံးပေါ် တစ်လုံးချုပ်လိုက်တစ်လုံးပေါ် ခုန မီးခလုတ်နှိပ်သလို လက်ခနဲလက်ခနဲဆိုတဲ့သဘောတွေ၊ တစ်လုံးနှိပ်သွားလိုက် တစ်လုံးဖြစ်လာလိုက် တစ်လုံးချုပ်သွားလိုက် တစ်လုံးဖြစ်လာလိုက် အဲဒီလို အသစ်အဟောင်းပြောင်းပြောင်း ပျက်သွားတဲ့ သုံးရေပေါင်း ဘယ်လောက်ရှိသလဲဆိုတော့ မျက်တောင်တစ်ခတ် အချိန်ကလေးမှာ ကုဋေတစ်သိန်း မမြန်ဘူးလား (မြန်ပါတယ်ဆရာ)။ အဲသလို မြန်နေတော့ မင်းတို့ငါတို့တွေဟာ တစ်ချက်ပြီးမှ တစ်ချက်ပွင့်တယ်ဆိုတဲ့ အကြားကလေးတွေ မမြင်ရတော့ တစ်ဆက်တည်းကြီးမြင်နေရော မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ အေး အမှန်က ဒီလိုမဟုတ်ပါဘူး တစ်ဆက်တည်းမဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ချက်ပြီးမှ တစ်ချက် မြင်တယ်။

ဟိုရှုပါရုံအဆင်းရုပ်ကလည်း မင်းစက္ခုပသာဒအကြည်မှန်လေးမှာ တစ်ချက်ပြီးမှတစ်ချက်လာ

http://www.dhammadownload.com



တိုက်တယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ တစ်ချက်တိုက်လိုက် ပျက်သွားလိုက် နောက် တစ်ချက်တိုက်လိုက် ပျက်သွားလိုက် တိုက်ပြန်တော့လည်း ခံတာမဟုတ်ဘဲကိုးကွ အင်မတန် အပျက်ကမြန်သကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် ဒီလက်နှိပ်မီးကလေးပွင့်တာကို သေသေချာချာစဉ်းစားပါ မင်းတို့ငါတို့ သေသေချာချာစဉ်းစား မင်းတို့ငါတို့အိမ် ဖန်သီးထွန်းထား ဖန်ချောင်းထွန်းထား တစ်ဆက်တည်းမှာ မူလလွှတ်လိုက်တဲ့ စက်ရင်းကိုသွားကြည့် တစ်ချက်ပြီးမှ တစ်ချက်ပွင့်တယ်ဆိုတဲ့ သဘောလေးတွေပေါ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ဟိုကလည်းပဲ ဘီးကအင်မတန် အမြန်လည်တော့ တစ်ချက်ပြီးတစ်ချက် တစ်ချက်ပြီးတစ်ချက် ဆိုတာက အင်မတန်မြန်နေတော့ အကြားအကြားမနေဘဲနဲ့ တစ်ဆက်တည်းကြီးဖြစ်နေတယ် ဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် သေသေချာချာစဉ်းစားပါ၊ အခုပြောတဲ့သဘောလေး အခု ဒီရသာစိတ် ဆိုတဲ့သဘောလေး၊ လျှာရဲ့အလယ်မှာ ကြာရွက်ဖျားပြတ်သဏ္ဍာန်ဆိုတဲ့ ဇိဝှါပသာဒကမ္မဇ အကြည့်မှုန် လေးမှာ စောစောကပြောသလို ရသာရုပ်လာတိုက်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ တိုက်လိုက်ပြီး တာနဲ့ တစ်ခါတည်း စိတ်ကလေးဖြစ်လာတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာစိတ်ကလေး ပါလိမ့် (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ ဇိဝှါဝိညာဏ်စိတ်ပါ ဇိဝှါဝိညာဏ်စိတ်လား (ဟုတ်ပါတယ် ဆရာ)။ အေး အေး အဲဒီစိတ်ကလေးပေါ်လာတယ် ဟုတ်လား (ပေါ်လာပါတယ်ဆရာ)။ ဒီစိတ်ကလေး ပေါ်လာရင် သိတာပဲလား (သိပါတယ်ဆရာ)။ ဟာ ငါ့လျှာလာပြီးတော့ တစ်ခုခုလာတိုက်ပြီ၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားတဲ့ အရသာဆိုပြောလိမ့်မယ်။ ဒါချို ဒါချဉ် ဒါငံ ဒါအစပ် ဒါအခါး ဒါအဖန် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မထင်ရှားရင်တော့ သူမပြောနိုင်ဘူးပေါ့ (မပြောနိုင်ပါဘူးဆရာ)။ စောစောကပြောသလို ဘာအရသာမှမရှိပါဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါပေမဲ့ အဲဒါတွေ ခွဲခြားမမှတ်ပါနဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါတွေ ခွဲခြားလို့မမှတ်ပါနဲ့၊ စောစောကပြောတဲ့ ဇိဝှါပသာဒလျှာအလယ်မှာရှိတဲ့ ကမ္မဇအကြည့်မှုန်လေးကို တိုးတာတိုက်တာကိုမှတ်ထားကြပါ ဘုရားဒီလိုမှာတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ တို့မသိလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ လျှာမှာတိုးတိုက်ရင် သိမှာပေါ့ (သိပါတယ်ဆရာ)။ သိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ငါခပ်ငယ်ငယ်တုန်းကကြားဖူးတယ်၊ ကျောင်းမှာဒီလိုပဲ ချက်ပြုတ်နေတဲ့ ကိုရင်ကြီးတစ်ပါး။ ခပ်ရိုးရိုးခပ်အအ မနက်အစောကြီး အာရုံဆွမ်းထချက်တော့ ဟင်းချိုဆားလိုမလားခပ်တော့ ငံ၊ ငံတော့ မနက်မိုးလင်းတော့ အာရုံဆွမ်းကပ်တော့ ဘုန်းကြီးကပြောတယ် ကိုရင်နှယ့်ကွာ။ မင်းဟင်းချိုက သောက်ကိုမသောက်နိုင် ဘာဖြစ်လို့တုန်းဘုရား ဟာ ဆားတွေ လိုမှခပ်တာကိုး။ ဟာ ဒါတော့သည်းခံပါဘုရား မှောင်ကြီးထဲဆိုတော့ တပည့်တော်မမြင်လို့ပါ ဒီမှောင်ကြီးထဲ မမြင်လို့ပါဆိုတော့ ဒီငံတယ်ဆိုတဲ့ ဥစ္စာမျက်စိနဲ့ မြင်ကောင်းသလား (မမြင်ကောင်းပါဘူး

http://www.dhammadownload.com



ဆရာ)။ အေး ဒါသူ့ခမျာမောင်ကြီးထဲ မသိလို့ပါဆိုတော့ ရသာရုပ်ပဲ မျက်စိနဲ့မြင်သလိုလို ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရသာရုပ်မျက်စိနဲ့ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူး ဆရာ)။ ဘယ်သူနဲ့သာသိတုန်း (ဇိဝှါပသာဒနဲ့သာသိပါတယ်ဆရာ)။ အဲ ဇိဝှါပသာဒနဲ့ထိတယ် ဒါလေးလည်း မှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် "ဇိဝှါပဋိဟနနလက္ခဏော ရသော"၊ ရသော–ရသဆိုတဲ့ ဓာတ်ကြီးသည်။ ဇိဝှါပဋိဟနနလက္ခဏော–ဇိဝှါပသာဒကမ္ဗဇအကြည်မှုန်ကလေးမှာ တိုးတတ် တိုက်တတ် ထိခိုက် တတ်သော သဘောလက္ခဏာရှိ၏ ဒါလေးမှတ်ထားပါ။ ဒါလေးမှတ်ထားတော့ ခုန ချိုတာမှရသာ၊ ချဉ်တာမှ ရသာဆိုတဲ့သဘောတွေပါသေးလား (မပါပါဘူးဆရာ)။ အေး ဒါကြောင့် ချိုတာ ချဉ်တာ ငန်တာ စပ်တာ ဖန်တာ ခါးတာ မပါပေမဲ့ ဇိဝှါပသာဒ အကြည်မှုန်လေးလာတိုးရင် တိုက်ရင် ထိရင် ခိုက်ရင် ဒါရသာဓာတ်ကြီးသိပါ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကောင်းပါပြီ အဲလို ဇိဝှါပသာဒဆိုတဲ့ လျှာလေးမှာ လာတိုးတဲ့ တိုက်တဲ့ ခိုက်တဲ့အခါမှာ တို့လူစုမှတ်ထားတဲ့ အချို အချဉ် အငံ အစပ် အဖန် အခါးဆိုတဲ့ ၆–ပါးသော ရသာဓာတ်ကလည်းပဲ ဘာသဘောလဲလို့ မေးတော့ အမှန်က သူတို့ကို ရသာဓာတ်လို့ ပြဋ္ဌာန်းတာ မဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ကမ္ဘာဦးတည်သူ လူပညာရှိများက သမုတ်ပစ်ခဲ့တဲ့၊ ပညတ်ပစ်ခဲ့တဲ့ အမည်နာမပညတ်တွေ အမှတ်အသားထားပစ်ခဲ့တဲ့ သင်္ကေတပညတ်တွေ ဒါအပြစ်မဟုတ်ပါဘူး နော် (ဟုတ်ပါတယ်ဆရာ)။ ဟာ ဘယ်လိုသမုတ်ခဲ့တာတုန်း ကမ္ဘာတည်စက ဒီလိုပဲ သဘာဝအနေအားဖြင့် သစ်ပင်တစ်ပင် ပေါက်လာတော့ ရှေးဦးပထမပေါ်လာတဲ့ ကမ္ဘာသူကမ္ဘာသားများ ကောင်းနိုးရာရာ ရှာပြီးတော့ လူနဲ့သင့်မြတ်တဲ့ အစာအာဟာရစားကြ သောက်ကြ ရှာကြ ဖွေကြ ပြုပြင်ဖန်တီးကြပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဓိပ္ပါယ်ဆိုပါတော့ကွာ သံပုရာသီးလိုအသီး သွားပြီးတော့စားမိတယ် ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ စားမိတော့ ဒီရသာတွေ့လိုက်ရင် လူတိုင်းသွားကျိန်းတယ် မျက်နှာရှုံ့တယ် ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီအမူအရာလေးပေါ်တယ် ဒီတော့ ကမ္ဘာဦးတည် လူပညာရှိက အဲဒီအရသာမျိုးတွေ့ရင် ဒါတို့အချဉ်လို့ခေါ်ကြ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီအရသာမျိုးတွေ့ရင် အချဉ်လို့ခေါ်ကြစို့လို့ အဲဒီ အရသာလေးကိုလျှာပေါ်တင်လိုက်တာနဲ့ တစ်ပြိုင်နက် မင်းလည်းသိ ငါလည်းသိသွား မသိဘူးလားကွ (သိပါတယ်ဆရာ)။ အဲဒါကျတော့ အချဉ်လို့ အမည်တပ်ကြစို့ဆိုတော့ အမည်တပ်လိုက်တယ် ဟုတ်တယ်မဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ကမ္ဘာသူကမ္ဘာသားတွေ တစ်ယောက်နဲ့တစ်ယောက် တစ်ဆင့်နဲ့တစ်ဆင့် လက်ကမ်း လက်ကမ်းပြီးသွားကြ။

ဟောဒါမျိုးကျတော့ အချဉ်တဲ့ဟေ့၊ ကောင်းပြီ နောက်တစ်ယောက်က ကြည့်ပြန်ပြီ သံပုရာ သီးတော့မဟုတ်ပါဘူး၊ မန်ကျည်းသီးတွေ ကောက်ပြီးတော့ လျှာပေါ်တင်ကြည့် ဟုတ်ကဲလား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ သူ့ပါးစပ်က ဒီအရသာဘာတဲ့ ဘာအရသာလို့ပြော (ချဉ်တယ်လို့ပြော ပါတယ်ဆရာ)။ သြော် ချဉ်တယ်လို့ပြောတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး တူရဲ့လား (တူပါတယ်ဆရာ)။ မှတ်သွားတာ မှတ်သွားတာနော် (ဟုတ်ပါတယ်ဆရာ)။ နောက်တစ်ခါ တွေ့တော့ပေါ့ ရှောက်သီးတွေ့တဲ့လူက ဒီလိုပဲလျှာပေါ်တင်ကြည့်၊ ဒီအရသာက ချဉ်တယ်ပဲလား (ဟုတ်ပါတယ်ဆရာ)။ အေး ဒီလိုပဲပြောမှာပဲ ဒါကြောင့် ဘာသီးသီးတွေ့တွေ့ ဘယ်နေရာရရ လျှာပေါ်တင်ကြည့် ဒီသဘောမျိုးပေါ်လာရင် အချဉ်ခေါ်ကြစို့ရဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။

နောက်တစ်ခါလာပြန်ပြီ ပျားလပို့တို့ သကာခဲတို့ ထန်းလျက်ခဲတို့ တင်လဲတို့ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အဓိပ္ပါယ်အားဖြင့် လျှာပေါ်တင်တယ် အင်မတန်ချိုမြိန်တဲ့ အရသာ လာတွေ့တယ်။ ဒီကျတော့ လူတိုင်းလူတိုင်း နှစ်သက်တယ်၊ ဒီအရသာလေးတွေ့ရင်ဖြင့် အချို ခေါ်ကြစို့ရဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နောက်တော့ ဒီပျားလပို့တွေ့မှ မဟုတ်ပါဘူး၊ သကာစားမိလဲ လျှာပေါ်တင်ကြည့် စားကောင်းလားလို့မြည်းကြည့် အောင်မယ် ဒီအရသာက ဘာအရသာလဲ (ချိုတဲ့အရသာပါဆရာ)။ သြော် ချိုတဲ့အရသာ သူမပြောဘဲနဲ့ သူက သဘော ပေါက်ပြီး နာမည်တပ်တာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ တပ်မှာပေါ့တဲ့ အခုနအရသာနဲ့ သွားတူတယ် ပျားလပို့အရသာနဲ့မတူဘူးလား (တူပါတယ်ဆရာ)။ တူတယ်၊ ဒါမျိုးဆိုရင် ဘာကိုပဲ စမ်းကြည့် စမ်းကြည့် ဒီအရသာမျိုးတွေ့ရင် အချိုလို့ခေါ်ကြစို့ရဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အချို အချဉ် အငံ အစပ် အဖန် အခါး ခြောက်ပါးသော အရသာ ဒီအတိုင်းချည်းသွားကြ။ ဒါ ကမ္ဘာတည်စ ကမ္ဘာဦးတည်သူ လူပညာရှိများက ရှေးဦးမဆွ ပထမဆုံးတစ်ယောက်နဲ့တစ်ယောက် လူလောကကြီးမှာ အငြင်းမပွားစေခြင်းအကျိုးငှာ၊ လောက အကျိုးကိစ္စပြီးမြောက်စေခြင်းအကျိုးငှာ ဆိုပြီးတော့ သမုတ်တဲ့ ပညတ်တဲ့ သင်္ကေတ အမှတ်အသားထားတဲ့ ပညတ်ကြီးနော် (ဟုတ်ပါတယ် ဆရာ)။ အေး အဲဒီပညတ်တွေပေါ် တို့လူစုက ချိုတာမှရသာစာတ်၊ ချဉ်တာမှရသာစာတ်ဆို ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဒီလို မဟုတ်ပါနဲ့တဲ့၊ ဒါကြောင့် အဲဒီ အချို အချဉ် အငံ အစပ် အဖန် အခါးဆိုတဲ့ ၆-ပါးသော ရသာစာတ်ဟာ တစ်ခြားမဟုတ်ပါဘူးတဲ့ ဘုရားကိုယ်တော်မြတ် ဟောသွား၊ မိမိတို့လျှာပေါ်မှာ ထင်တဲ့ဝတ္ထုပစ္စည်း အထည်ဒြပ်မှာပါလာသော ရသာစာတ်၏ အမည်နာမ [illegible] ဖြင့် ပိုင်းခြားပြီးဟောတာပါ၊ အမှန်က ရသာစာတ်ကလိုရင်းပါပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် အဋ္ဌကထာဆရာက ပြသွားတယ်။

တံတံဝတ္ထုတော ဂဇနေဝှ ရသော ဝါ အမ္ဗိလာဒီဟိ နာမေဟိ ဝုတ္တောတိ ဝေဒိတဗ္ဗော။ (အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၆၂၇)

http://www.dhammadownload.com



အင်မတန် မှတ်စရာကောင်းပါတယ်။ တွေ့ ပန–ဤအရသာဓာတ်အရာ၌၊ တံတံဝတ္ထုတော–ထိုထိုဝတ္ထုအထည်ဒြပ်၌ရှိသော၊ ရသော၀–ရသာဓာတ်ကိုသာလျှင်၊ အမ္ဗိလာဒီဟိ–အချဉ်အစရှိသော၊ နာမေဟိ–အမည်တို့ဖြင့်၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဝုတ္တော–မိန့်ဆိုအပ်၏၊ ဣတိ–ဤသို့၊ ဝေဒိတဗ္ဗော–သိအပ်၏။ ဒါမြန်မာလိုပြန်တော့တစ်ခြားမဟုတ်ပါဘူး လျှာပေါ်မှာလာထင်တဲ့ ဝတ္ထုအထည်ဒြပ်မှာ ပါလာသောရသာဓာတ်ကို "အမ္ဗိလာဒီဟိ နာမေဟိ ဝုတ္တော"လို့ ဆိုထားတယ်။ အဲဒီလျှာပေါ်မှာတင်တဲ့ ဝတ္ထုထဲမှာပါလာတဲ့ ရသာဓာတ်ကို အချဉ်ပဲ အင်ပဲ အစပ်ပဲ အခါးပဲ အဖန်ပဲ ဒီလိုအမည်သိအစွမ်းအားဖြင့် ဘုရားကိုယ်တော်မြတ် ပိုင်းခြား၍ဟောထားပါတယ် ဒီလိုပဲ နားလည်ထားနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီချဉ်တယ် ငံတယ် စပ်တယ် ဖန်တယ် ခါးတယ် ချိုတယ်ဆိုတာ ဘယ်သူ့အမည်တွေ တပ်ခေါ်တာလဲ (ပစ္စည်းရဲ့အမည်တွေတပ်ခေါ်တာပါဆရာ)။ ဒုက္ခမှအကြီးစား၊ တစ်ခါတည်း ဟိုးနောက်ပြန်ဆင်းသွား ရသာဓာတ်ပစ္စည်း ဖြစ်ကုန်ပြန်ပြီ၊ အတုံး အလုံး အခဲဖြစ်ကုန်ပြန် (ရသာဓာတ်ကိုအမှီပြုပြီးခေါ်တာပါဆရာ)။ အဲဒီလို လုပ်စမ်းပါကွ၊ ရသာဓာတ်ကို အမည်တပ်ခေါ်တာ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရသာဓာတ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

တံတံဝတ္ထုတော ပနေတ္ထ ရသော ဝါ အမ္ဗိလာဒီဟိ နာမေဟိ ဝုတ္တောတိ ဝေဒိတဗ္ဗော။

တွေ့ ပန–ဤရသာဓာတ်အရာ၌၊ တံတံဝတ္ထုတော–ထိုထို လျှာပေါ်မှာတင်တဲ့ ဝတ္ထုအထည်ဒြပ်၌ ပါလာသော၊ ရသော၀–ရသာဓာတ်ကိုပင်လျှင်၊ အမ္ဗိလာဒီဟိ–အချဉ်အစရှိသော၊ နာမေဟိ–အမည်တို့ဖြင့်၊ ဝုတ္တော–ဟောတော်မူအပ်၏၊ ဣတိ–ဤသို့၊ ဝေဒိတဗ္ဗော–သိမူအပ်၏၊ မြန်မာလိုပြောတော့ ရှင်းရှင်းလေး ရှင်းရှင်းလေးပါ။ ထိုထိုဝတ္ထုပစ္စည်း အထည်ဒြပ်မှာပါလာတဲ့ ရသာဓာတ်ကို အချို အချဉ် အငံ အစပ် အဖန် အခါးဟူသော အမည်တပ်ပြီးခေါ်လာတာ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အမည်က ရသာဓာတ်လား၊ ရသာဓာတ်က ရသာဓာတ်လား (ရသာဓာတ်က ရသာဓာတ်ပါဆရာ)။ အေး အဲဒါမှတ်ထားပါ၊ ရသာဓာတ်က ရသာဓာတ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရသာဓာတ်ကိုမှ အချို အချဉ် အငံ အစပ် အဖန် အခါးဟူသော အမည်နှင့်တပ်ဟောတာပါ၊ ဒီလိုဆိုတော့ ဘယ်သူ့တရားကိုယ်ရလဲ ရသာဓာတ် ပြန်မရဘူးလား (ရပါတယ်ဆရာ)။ အချို အချဉ် သွားရသေးသလား (မရပါဘူးဆရာ)။ အေး အဲဒါလေး ပြတ်သားအောင် နည်းနည်းလေးမှတ်ပါ၊ အဋ္ဌကထာဆရာက ကိုယ်တိုင်က တိုက်ရိုက်ဟောသွားပြီ၊ ဝုတ္တောဆိုတာက မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတာ ပြတာ။ ဣတိ–ဤသို့၊ ဝေဒိတဗ္ဗော–သိအပ်၏ဟု ဒီလိုမှတ်ပါ။ ဘယ်လိုမှတ်ရပဲ၊ တံတံဝတ္ထုတော–ထိုထို ဝတ္ထုအထည်ဒြပ်၌ ထင်ရှားရှိသော၊ ရသော၀–ရသာဓာတ်ကိုပင်လျှင်၊ သြော် – အထည်ဝတ္ထုဒြပ်မှာ ပါလာတဲ့ ရသာ

http://www.dhammadownload.com



ဓာတ်ကလေးနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီရသာဓာတ်ဘယ့်နှယ့်လုပ်၊ အမ္ဗိလာဒီဟိ နာမေဟိ– အချဉ်အစရှိသော အမည်နာမတို့ဖြင့်၊ ရသော–ရသာဓာတ်ကိုပင်လျှင်၊ ဝုတ္တော–ဟောကြားတော်မူအပ်၏၊ ဣတိ–ဤသို့၊ ဝေဒိတဗ္ဗော–သိအပ်၏ဆိုတော့ အဲဒီလိုသိရမယ်၊ ဘယ်လိုသိရမလဲ ထိုထိုဝတ္ထုအထည်ဒြပ်မှာပါလာတဲ့ ရသာဓာတ်ပထမ ရသာဓာတ်ကို အချို အချဉ် အငံ အစပ် အဖန် အခါး ဟူသော အမည်နာမနဲ့ပိုင်းခြားပြီး ဟောပါတယ်ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် အမည်က ရသာဓာတ်လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးကွ၊ ရသာဓာတ်က ရသာဓာတ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရသာဓာတ်ကို အမည်နာမနဲ့တပ်ပြီးတော့ ဟောပါတယ်၊ ၆–မျိုးသောအမည်နာမ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါလေးမှတ်ထား ဒီလိုဆိုတော့ ရှင်းမသွားဘူးလား (ရှင်းပါတယ်ဆရာ)။ ဒါဖြင့် မင်းအချို အချဉ် အငံ အစပ် အဖန် အခါးဆိုတဲ့ခြောက်ပါးသော အမည်ပြထားမှ ရသာဓာတ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ချိုသည်ဖြစ်စေ မချိုသည်ဖြစ်စေ ချဉ်သည်ဖြစ်စေ မချဉ်သည်ဖြစ်စေ ခါးသည်ဖြစ်စေ မခါးသည်ဖြစ်စေ ဖန်သည်ဖြစ်စေ မဖန်သည်ဖြစ်စေ စပ်သည်ဖြစ်စေ မစပ်သည်ဖြစ်စေနော် (ဟုတ်ပါတယ်ဆရာ)။ ဘာပဲဖြစ်ဖြစ်ရသာ ဓာတ်သိချင်ရင် လျှာပေါ်တင်ကြည့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကို လျှာပေါ်မတင်ဘဲနဲ့ စားပွဲပေါ်တင်ထားတော့ ဒီကနေ ရသာဓာတ်သိအောင် ငါစမ်းမယ်ဆိုရင် ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ဩ ဒီဥစ္စာတော့ ရသာရုပ်လို့ခေါ်ပါတယ် ဒါမျိုးကိုကာဒီပသာဒရုပ်မှာ လာထိပြီးတော့ သိတာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ လာထိမှသိကောင်းတယ်လို့၊ ဩော် ဒါဖြင့်ရင် ဒီရသာဓာတ်ကြီးကို ကိုယ်တိုင်က ဇိဝှါပသာဒဆိုတဲ့ အကြည်မှန်ကလေးလာထိမှ သိသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါလေး မှတ်ထား။

ဒါဖြင့်ရင် ဘုရားကိုယ်တော်မြတ်က ဒီရသာဓာတ်ကြီး ဘယ့်နှယ့်မှတ်ရပ့်၊ မှတ်စရာ အလွယ်လေးလို့ ငါဘုရားကိုယ်တော်မြတ်မှတ်သားစရာပေးခဲ့မယ် လက္ခဏာနော် (ဟုတ်ပါတယ်ဆရာ)။ မှတ်ကြောင်းလက္ခဏာ ဘယ့်နှယ့်မှတ်ရပ့်၊ ဇိဝှါပသာဒလာပြီးတော့ ထိရင် ခိုက်ရင် တိုးရင် ရသာဓာတ်လို့သိပါ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ရသာဓာတ်မှတ်စရာလက္ခဏာ ဒါကြောင့် "ဇိဝှါပဋိဃဋ္ဋနလက္ခဏောရသော" ရသော–အလွန်သိနိုင်ခဲသော ပရမတ်ရသာဓာတ်ကြီးသည်၊ ဇိဝှါပဋိဃဋ္ဋနလက္ခဏော–ဇိဝှါပသာဒခေါ်တဲ့ ကမ္ဗဇအကြည်မှန်ကလေးကို တိုးတတ် တိုက်တတ် ထိတတ် ခိုက်တတ်တဲ့လက္ခဏာရှိ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုဆိုတော့ အမှတ်ရမလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ မျက်စိမှိတ်ထားပြီးမကြည့်ပါနဲ့ အဓိပ္ပါယ်အားဖြင့်နော် (ဟုတ်ပါတယ်ဆရာ)။ မျက်စိမှတ်ပြီး လျှာထုတ်ထားပါ၊ မှောင်ထဲမှာစမ်းကြည့် ဘာဖြစ်ဖြစ်လျှာပေါ် တင်လိုက်ရင် တို့လူစုသိရဲ့လား (သိပါတယ်ဆရာ)။ သိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



အေး အေး သိနိုင်တာချည်းပဲ အကုန်လုံး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ရင် ဒါရသာ ဓာတ်မှတ်ဖို့ပေးထားတဲ့လက္ခဏာ ဒါလက္ခဏာနော် (ဟုတ်ပါတယ်ဆရာ)။ လက္ခဏာပြီးတော့ရသ ပြီးတော့ပစ္စုပဋ္ဌာန်တဲ့ ပဋ္ဌာန်တဲ့၊ ဓာတ်တစ်လုံးတစ်လုံးမှာ ဌာန် ၄-ပါးနဲ့သွား ဌာန် ၄-ပါးထဲမှာ ဝေဖန်လို့မရတာမရှိပါဘူး။ တို့ဘုရားကိုယ်တော်မြတ် နှုတ်တော်ကထုတ်ဖော်ပြီး ဟောကြားတော်မူတဲ့ ဓာတ်တရား ပရမတ်တရားဆိုတာ ဒီလို စည်းနဲ့ကမ်းနဲ့လာတယ် ဒီလို မှတ်ရမယ်နော် (ဟုတ်ပါတယ် ဆရာ)။ အင်မတန်တန်ဖိုးရှိတဲ့ အသိဉာဏ်တွေပါလို့၊ ဒီအသိဉာဏ်တွေက သိရတာ မလွယ်ပါဘူး။

ဒီတော့ တို့သင်တန်းတက်တဲ့ပုဂ္ဂိုလ်များကလည်းပဲ အခုရလာတဲ့ ဓာတ်တရားတွေ တစ်လုံး ချင်းတစ်လုံးချင်း ပြန်ပြန်ပြီးတော့ တန်ဖိုးထားပြီးတော့ ဝေဖန်စဉ်းစားပါ။ ဘာဖြစ်လို့ ဝေဖန်စဉ်းစား ရလည်းဆိုတော့ ဝေဖန်စဉ်းစားဆိုတာက စိန္တာမယဉာဏ်ခေါ်တယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်မှု စဉ်းစားမှု နှလုံးသွင်းမှု အဲဒါယောနိသောမနသိကာရခေါ်တယ်။ အဲဒီလို ယောနိသောမနသိကာရ လုပ်မယ်ဆိုရင်လုပ်ဆဲခဏမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း ရနိုင်ပါတယ်လို့။ မြတ်စွာဘုရားကိုယ် တော်မြတ်တိုက်ရိုက်ဟောထားတဲ့ ဒေသနာလည်း ရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အကယ်တန္တု မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘူးထားပေါ့၊ ဒီတရားပွားများခြင်းကြောင့် ဝိပဿနာကုသိုလ်ဇောစိတ္တုပ္ပါဒ်တွေ အမြဲကိုယ်မှာဖြစ်နေတယ် တန်ဖိုးရှိပုံပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ဝိပဿနာကုသိုလ်ဆိုတာ အင်မတန်မြတ်တဲ့ကုသိုလ် ဒီကုသိုလ်ရဲ့ရသကိစ္စ ကိစ္စသဘောကိုက ရသဂုဏ်ကိုက ဘာရှိသလဲဆိုရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အမြန်ဆုံး ရောက်စေတတ်တဲ့ ရစေတတ်တဲ့ သတ္တိထူးရှိတယ်နော် (ဟုတ်ကဲ့ ဆရာ)။ အဲဒါ မမေ့ပါနဲ့လို့ မိမိတို့သိလာတဲ့ အသိဉာဏ်လဲပဲ ပထဝီကစပြီး ကနေ့ညပြတဲ့ ရသာဓာတ်ပေါ့၊ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန် အမှုံ အမွှား အရည် အဖတ် ကြီးကြီးငယ်ငယ် ရှည်ရှည်လတ်လတ်အနေအားဖြင့် ရှာဖွေလို့အကောင်အထည်အနေအားဖြင့် ရှာဖွေလို့ဘာမှမရတဲ့ ဓာတ်တရားတွေ ပရမတ်တရားတွေ၊ ဒါဖြင့် ထင်ရှားရှိ ဘယ်လိုထင်ရှားရှိ သဘောတရားသက်သက် အနေအားဖြင့် ထင်ရှားရှိတဲ့တရားတွေ၊ အဲဒီသဘောတရားအနေအားဖြင့် ထင်ရှားရှိတာမှ၊ ဒို့ဘုရားကိုယ်တော်မြတ်က အဲဒါမှ တကယ်ရှိတဲ့နော် (ဟုတ်ကဲ့ဆရာ)။ အတုံး အလုံး အခဲ အကောင်အထည် ဝတ္တုပစ္စည်း အမှုံ အမွှား အမြင်အားဖြင့်ရှိတယ်ဆိုတဲ့ အရှိတွေကတော့ အဲဒါပညတ်တွေကြီးပဲတဲ့ တကယ်မရှိပါဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ဆရာ)။ အေး ဒါကြောင့် တကယ်မရှိတဲ့ တရားကျတော့ မင်းငါတို့ပကတိမျက်စိနဲ့ ကြောင်တောင်တောင်ကြီးမြင်နေတော့ တကယ်ရှိတယ်လို့မှတ် မှတ်ဘူးလားကွာ (မှတ်ပါတယ်ဆရာ)။ ဉာဏ်မျက်စိနဲ့ မြင်ကောင်းတယ် မြင်ရမယ်ဆိုတဲ့ တကယ်ရှိတယ်လို့မှတ် မှတ်ဘူးလားကွ (မှတ်ပါတယ်ဆရာ)။ ဉာဏ်မျက်စိနဲ့ မြင်ကောင်းတယ် မြင်ရမယ်ဆိုတဲ့ သဘောတရားသက်သက်အနေအားဖြင့် တကယ်ရှိတဲ့၊ အဟုတ်ရှိတဲ့ ပရမတ်တရားဓာတ်တရားကျတော့ မမြင်နိုင်ဘူး၊ ဒီလို ဖြစ်နေတယ်။ ပြောင်းပြန်ပြန်နော်

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါလည်းပဲ အမှန်ကတော့ မောဟတည်းဟူသော အဝိဇ္ဇာ ဓာတ်ဖုံးလွှမ်းနေတယ်တဲ့။ မင်းတို့ငါတို့ မှန်ရာကန်ရာကိုမသိဘဲနဲ့ ဇောက်ထိုးမိုးမျှော်ဆိုသလိုပေါ့ကွယ်၊ အမှန်ကတော့ အမှားမှားအချွတ်ချွတ်နဲ့ မဟုတ်မဟတ်တာတွေကို အဟုတ်မှတ်ပြီးတော့ သိနေတဲ့ သဘော ဒါကြောင့် အဝိဇ္ဇာသတ်မှနော် (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် တို့ ဒီအခုလိုပဲ ရုပ်တစ်လုံးကို ဓာတ်တစ်လုံးကို ပြတ်ပြတ်သားသား ပရမတ်အားဖြင့် နားလည်သွားတဲ့အသိဉာဏ်ဟာ ဒါပညာစစ်ပညာမှန်၊ သူ့မှပညာအစစ် ဘာဖြစ်လို့လဲ ပညာဆိုတာ မောဟလောဘ ကင်းစင်နေတယ်၊ အဝိဇ္ဇာကင်းစင်နေတဲ့ အသိဉာဏ်မှ ပညာခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ပညာဆိုတာဝိဇ္ဇာပဲ၊ အဝိဇ္ဇာမဟုတ်ပါဘူး၊ အဝိဇ္ဇာဆိုတာ မောဟ၊ ပညာစစ် ပညာမှန်ကြီးကျတော့ ဘယ့်နှယ့်လာလဲ "ယထာသဘာဝ ပဋိဝေဓလက္ခဏာ ပညာ" ပညာရဲ့ လက္ခဏာပြတာနော် (ဟုတ်ပါတယ်ဆရာ)။ "ယထာသဘာဝ ပဋိဝေဓလက္ခဏာ ပညာ" သဘာဝဆိုတာက ဓာတ်သဘော ပရမတ်သဘောကို သဘာဝဆိုတာ သဘော၊ ဓမ္မကတော့ ဒီရုပ်ဓာတ်၊ နာမ်ဓာတ်ကို ဓမ္မခေါ်ပါတယ်။ "ယထာသဘာဝပဋိဝေဓ လက္ခဏာ ပညာ"တဲ့ ရုပ်သဘော နာမ်သဘောကို သဘောတရားမျှတဲ့လို့သိအောင် ထိုးထွင်းသော အသိလက္ခဏာနော် (ဟုတ်ပါတယ်ဆရာ)။ ပဋိဝေဓလက္ခဏာ–ထိုးထွင်းတဲ့သိမှုကလေးက ဒါပညာရဲ့လက္ခဏာ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် ပညာအမောဟ ပညိန္ဒြေစေတသိက်နဲ့ယှဉ်တဲ့ ပညာသည် "ယထာသဘာဝပဋိဝေဓလက္ခဏာ–ရုပ်တရား နာမ်တရားဆိုတဲ့ ပရမတ်တရား ဓာတ်တရားတို့ကို သဘောတရားဆိုက်အောင် ထိုးထွင်း၍သိခြင်း လက္ခဏာရှိ၏။ ကြည့်စမ်း ဒီရုပ်ဓာတ် နာမ်ဓာတ်ဆိုတဲ့ ပရမတ်သဘောလေးတွေကို သဘောမျှသက်သက်ကလေးဆိုတဲ့ ထိုးထွင်း၍ သိတဲ့အသိဟာ အဲဒါပညာပဲ၊ ပညာဆိုတာ ဒါခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒါပေမဲ့ လက္ခဏာတော့ဟုတ်ပါတယ် ရသာကဘာတုန်း၊ ရသာဆိုတာကိစ္စပါပဲ သူ့အခြေခံကလုပ်တတ်တဲ့ကိစ္စ ဓမ္မာသဘာဝ ပါဠိ၊ သူ့ကျတော့ အနက်အဓိပ္ပါယ်တော်တော်ရှည်တယ်။ ဓမ္မသဘာဝပဋိစ္ဆာဒန–ဓမ္မ–ရုပ်တရားနာမ်တရား နှစ်ပါးတို့ကို၊ ပဋိစ္ဆာဒနမောဟန္ဓာကာရ ပဋိစ္ဆာဒက– ဖုံးလွှမ်းတယ်၊ မောဟကနော် (ဟုတ်ပါတယ်ဆရာ)။ မောဟဆိုတာ အဝိဇ္ဇာမဟုတ်ဘူးလား (အဝိဇ္ဇာပါဆရာ)။ အေး မှတ်ထား မှတ်ထား ပဋိစ္ဆာဒက–ဖုံးလွှမ်းတာ၊ မောဟက–မောဟ၊ မောဟန္ဓသာရ ဆိုတာ– မောဟ အန္ဓဆိုတာ အမိုက်မှောင်နော် (ဟုတ်ပါတယ်ဆရာ)။ မောဟန္ဓာ– မောဟတည်းဟူသော အမိုက်မှောင် (တစ်နည်း) အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်သည် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အာကာရ–အချင်း၊ ဝိဒ္ဓံသန–ဖျက်ဆီးတတ်တာနော် (ဟုတ်ပါတယ်ဆရာ)။

ပညာစိတ်ကြီးသည် ဘာလုပ်တတ်သလဲမေးတော့ ဟော ဓမ္မာနံ–ရုပ်ဓမ္မနာမ်ဓမ္မတို့၏ သဘာဝ တရားတို့ကို ထိုးထွင်းတတ်သော၊ ထိုးထွင်းတတ်သောအဓိပ္ပါယ်က မသိအောင်လုပ်တာနော်

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့မမြင်ရဘူးတဲ့ ဒီရုပ်တရားနာမ်တရားကို သဘောတရားလေး ဆိုက်သွားအောင်ဆိုတဲ့ အသိမျိုးမသိအောင်နော် (ဟုတ်ပါတယ်ဆရာ)။ ဖုံးလွှမ်းထားတယ် ဘယ်သူတုန်း၊ မောဟန္ဓကာရ–မောဟတည်းဟူသော အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကြီး နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဟော ဒီအသိမျိုးမသိလို့ရှိရင် မင်းတို့ငါတို့ အဝိဇ္ဇာအမှောင် အားဖြင့် နေပြီပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဝိဇ္ဇာအမှောင်အားကြီးနေပြီ၊ အဝိဇ္ဇာဖုံးလွှမ်းနေလို့ မမြင်တာဘဲ၊ ဒါကြောင့် လူတိုင်းလည်းမြင်ကောင်းတဲ့ တရားမဟုတ်ပါဘူးလို့ သေသေချာချာလည်း မှတ်ပါ။

ဒါကြောင့် မောဟန္ဓကာရဝိဒ္ဓံသနရသာ–ကောင်းပါပြီ၊ ဒီလို ရုပ်ဓမ္မ နာမ်ဓမ္မဆိုတဲ့ တရားတွေ ရဲ့သဘောတရားဆိုက်သွားအောင် ပရမတ်အသိလေးပေါ်ထွက်လာအောင် မသိအောင် ဖုံးလွှမ်းတာ ဘယ်သူလဲဆိုတော့ မောဟတည်းဟူသော အဝိဇ္ဇာမှောင်တိုက်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ မောဟတည်းဟူသော အဝိဇ္ဇာမှောင်တိုက်ကြီးကို ဒီပညာက ဒီအသိပညာရလာအောင် ဒီပညာက ဘယ့်နှယ်လုပ်တတ်တုန်း၊ ဝိဒ္ဓံသနရသာ–ဖြိုခွဲဖျက်ဆီးတတ်သောကိစ္စရှိ၏၊ အဲဒီ ပညာပေါ်လာမှ မင်းတို့ငါတို့မသိအောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာတည်းဟူသော မှောင်တိုက်ကြီးကို ဖျက်ဆီးနိုင်တယ်တဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ပညာလေ (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါဒီပညာ ဒီလိုဆိုတော့ သူတို့စိတ်ဓာတ် သူလုပ်တတ်တဲ့ သဘာဝစပြီးတော့ သူစတင်ပြလိုက်တော့ တန်ဖိုးမရှိဘူးလား (ရှိပါတယ်ဆရာ)။ အေး အဲဒီပညာမှ မရလို့ရှိရင် ခုနပြောသလိုပဲ ရုပ်တစ်လုံး နာမ်တစ်လုံးဆိုသလို သဘောတရားဆိုက်သွားအောင်ဆိုတဲ့အသိဉာဏ် မင်းတို့ငါတို့ရောက်ဖို့ လွယ်ပါ့မလား (မလွယ်ပါဘူးဆရာ)။ ဘယ်တော့မှ မလွယ်ဘူးဆိုတာမှတ်၊ ဘာဖြစ်လို့မလွယ်လဲ ဘယ်သူ့မှမပြစ်မတင်နဲ့၊ မိမိတို့ကိုယ်မှာ သံသရာတည်စကတည်းကပါလာတဲ့ အဝိဇ္ဇာမှောင်ထုကြီးက ပါလာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီအဝိဇ္ဇာအမှောင်တိုက်ကြီးဆိုတာ ဖျက်ဆီးနိုင်တဲ့ လက်နက်က ရှာမရဘူး၊ အင်မတန်ရှားတယ်။ အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီးဖျက်ဆီး နိုင်တဲ့ လက်နက်တွေကဘယ်သူတုန်း၊ အခုပြောတဲ့ ပညာဆိုတဲ့ အသိဉာဏ်ကြီးပေါ်လာမှ ဖျက်ဆီး နိုင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြည့် ပညာရဲ့ရသ ပညာရဲ့ကိစ္စပြစမ်းပါဆိုတော့ ဟော "တေသံ ဓမ္မာနံ သဘာဝပဋိစ္ဆာဒကမောဟန္ဓကာရဝိဒ္ဓံသနရသာ"။

တေသံ ဓမ္မာနံ–ထိုထိုရုပ်နာမ်ဓမ္မတရားတို့၏။ သဘာဝပဋိစ္ဆာဒကမောဟန္ဓကာရဝိဒ္ဓံသန ရသာ။ သဘောတရားမျှ သက်သက်ကလေးပါလားလို့သိလာတဲ့ အသိမျိုးမရောက်အောင် ဖုံးကွယ် ထားသော မောဟတည်းဟူသော အဝိဇ္ဇာအမှောင်တိုက်ကြီးကို ဖျက်ဆီးဖြိုခွင်းတတ်သော ကိစ္စရှိ၏ သူ့သတ္တိပဲ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ဒါသူ့သတ္တိပဲ သူလုပ်တတ်တဲ့သတ္တိ သူဆောင်ရမဲ့သတ္တိ ဒါကိစ္စ ရသခေါ်တယ်။ ကြည့်စမ်း ဘယ်လောက်တန်ဖိုးရှိသလဲနော်

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ နောက် ဒီအသိပညာတစ်လုံးလည်းရလာရော တို့လူစုရှင်းမသွားဘူးလား (ရှင်းသွားပါတယ်ဆရာ)။ ဟာ ပထဝီဆိုတာ ဘယ်အတုံး အလုံး အခဲ အကောင်အထည် ဟုတ်လိမ့်မတုန်း၊ အရည်အဖတ်ဘယ်ဟုတ်လိမ့်၊ အမှုံအမွှား ဘယ်ဟုတ်လိမ့်၊ အမှန်က သဘောတရားသက်သက်ပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သိလာပြီ၊ အဲဒီလိုဆိုတော့ တစ်သံသရာလုံးက ဖုံးလွှမ်းလာတဲ့ ပထဝီခေတ်တစ်လုံးဖုံးကွယ်လာတဲ့ အဝိဇ္ဇာတုံး အဝိဇ္ဇာမှောင်ကြီး ပြိုသွားပြီ ပျက်သွားပြီ ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ မရှိဘူး၊ အဲဒီလိုမြင်လာမှ ဒါမှ ယထာဘူတ ဉာဏ်ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ သမ္မာဒိဋ္ဌိဉာဏ်ပဲ ယထာဘူတဉာဏ်၊ အဲဒါမှ မဖောက်မပြန် မှန်မှန်ကန်ကန်မြင်လာတဲ့ဉာဏ်ပါလို့၊ ဒါကြောင့် ဒီအသိဉာဏ်မျိုးရဖို့ဆိုတာ လွယ်တယ်မမှတ်နဲ့ အင်မတန်မှခဲယဉ်းတယ်။ ဒါကြောင့် အထပ်ထပ်အပြန်ပြန်အားဖြင့် နားမလည် လည်အောင် သဘောမရှင်းရှင်းအောင် ပြန်ပြီးတော့ ပြောလည်းပြောမှ ပြလည်းပြမှ သင်လည်းပေးမှ။ နာတဲ့ပုဂ္ဂိုလ်များကလည်း မညည်းမညူဘဲနဲ့ ဟာ တစ်နေ့မရတစ်နေ့ရ တစ်နေ့မရတစ်နေ့ရဆိုတဲ့ ဇွဲကောင်း,အသည်းကောင်းအနေအားဖြင့် ထပ်ပြန်တလဲလဲနဲ့မှတ်မှနာကြားမှသင်မှ ဒီအသိဉာဏ်ကြီး ပေါ်လာတာနော် (ဟုတ်ပါတယ်ဆရာ)။

ဒီနေရာမှာ သင်တန်းတတ်နေတဲ့ သင်တန်းသူသင်တန်းသားပါ အများကြီးရှိသေးပါတယ် ဘာလဲကွ တိဘက်က တရုပ်ပြည်ကဆိုလား အအေးထူပြီ လေထုကြီးပါလာလို့ အေးလိုက်တာ လို့နော် (ဟုတ်ပါတယ်ဆရာ)။ တော်တော့်ကိုအေးတာပဲ၊ ဆိုးဆိုးရွားရွားပဲ ရောဂါဝေဒနာများ ရပြန်မလား ဖျားမလားနာမလားနဲ့၊ သင်တန်းမှပြလို့ဖြစ်ပါ့မလားနဲ့ ငါ့တော်တော်ကြီးချိန်ဆ အေးလိုက်တာ အတော်ကြီးကိုအေးတယ်။ အဲဒီကြားထဲမှာကိုပဲ ဇွဲကောင်းအသည်းကောင်းနဲ့ မပျက် မကွက် ကိုယ့်ကိုယ်ကိုအကာအကွယ်လေးတွေနဲ့လာပြီးတော့ ရက်မပျက်အောင် နာယူတဲ့ပုဂ္ဂိုလ်များ ငါချီးကျူးပါ၏နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီပုဂ္ဂိုလ်များ ကြည့်လိုက်တာနဲ့ သူတို့ရဲ့ သဒ္ဓါတရား ကြည့်ပြန်တော့ ဩော် တရားတစ်လုံးမှ တို့မပြတ်သားရင် မဖြစ်ဘူးဟဲ့။ သာသနာကြီးနဲ့တွေ့တဲ့ ကြုံတဲ့အခါမှာ တကယ်ကျကျနန သင်ကြားပေးတဲ့ ဆရာရောက်နေတဲ့အခါဖြင့် တို့လက်လွှတ်ခံလို့ မဖြစ်ဘူး၊ ကွင်းဆက်အပြတ်ခံလို့မဖြစ်ဘူးဆိုတဲ့ ဇွဲနဲ့လာကြနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ဘာဖြစ်လို့၊ သံသရာဘေးကြောက်လွန်းလို့ ဒီတရားနာလို့ရှိရင် တစ်မဂ်တစ်ဖိုလ်တော့ ရကောင်း ပါရဲ့၊ အကယ်တန္တု တစ်မဂ်တစ်ဖိုလ်မရဘူးထား တို့အင်မတန်ကြောက်တယ်၊ သူရောင်ါပါ သတ္တဝါတွေကြောက်တယ်ဆိုတဲ့ အပါယ်လေးပါးတော့ လုံးလုံးတံခါးပိတ်ချည်ရဲ့၊ ဒီအဆင့်အတန်း ရောက်ရင်မနည်းဘူးဆိုတဲ့သတ္တိနဲ့ အားခဲပြီးလာကြနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ အခြေခံ ကတော့ တစ်မဂ်တစ်ဖိုလ်လိုချင်တဲ့ဆန္ဒတော့ ဒါအခြေခံပါပဲ ဟုတ်ပြီလား (ဟုတ်ပါတယ်ဆရာ)။

အဲ တစ်မဂ်တစ်ဖိုလ်ဆိုတာကတော့ ရချင်လည်းရသွားမှာပဲ မရချင်လည်းမရဘူးပေါ့။

http://www.dhammadownload.com



ဘယ်သူရတယ် ဘယ်သူမရဘူးလို့ ဒါအမည်တပ်ပေးလို့ ဖြစ်ကောင်းတဲ့ တရားလည်းမဟုတ်ဘူး။ ဣန္ဒြိယပရိပါက – သတ္တဝါများရဲ့ ဣန္ဒြေအနုအရင့်ဆိုတာ ဘုရားကိုယ်တော်မြတ်ကိုက တိုက်ရိုက် ဟောသွားတာနော် (ဟုတ်ပါတယ်ဆရာ)။ ကိုယ်တော်မြတ်ရှိစဉ်အခါတုန်းကတောင်မှ ဒီအတိုင်းပါပဲ၊ ကိုယ်တော်မြတ်အာရုံကျင်းလို့ အလင်းဘက်ရောက်လာပြီဆိုရင် သတ္တဝါများ ကယ်တင်တော်မူမယ် ဆိုတဲ့အနေအားဖြင့် မဟာဂရုဏာသမာပတ်ဝင်စားလာပြီဆိုမှဖြင့် မဟာဂရုဏာသမာပတ်ကြီးကလည်း ကွန်ယက်နဲ့သဏ္ဌာန်တူတယ်။ ကွန်ယက်များ တံငါသည်များဟာ ကွန်ယက်ဖြန့်ပြီး အုပ်လိုက်တဲ့အချ ကတော့ အတွင်းမှာဝင်လာတဲ့ငါးတွေ အကုန်မိတယ်မဟုတ်လား (မိပါတယ်ဆရာ)။ ဥပမာပြတယ် အသံမကြားရ မဟာဂရုဏာသမာပတ် သတ္တဝါများအပေါ် သနားတော်မူတယ်ဆိုတဲ့ ဂရုဏာသမာပတ် ကြီးဝင်စားလိုက်တယ်။ အဲဒီရွှေဉာဏ်တော်တည်းဟူသော ကွန်ယက်အတွင်းမှာ ကျွတ်တမ်းဝင်မဲ့ ပုဂ္ဂိုလ်တွေ အသီးသီးပေါ်လာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အသီးသီးပေါ်လာတဲ့အခါကျတော့ ကိုယ်တော်မြတ် မြင်တော်မူတယ်၊ ကနေ့ ငါမဟာဂရုဏာသမာပတ် အခုအာရုံကျင်းလို့ အလင်း ရောက်တဲ့အခါမှာ မဟာဂရုဏာသမာပတ်ဝင်စားတော်မူတဲ့အခါကျ ငါ့ရွှေဉာဏ်တော်တည်းဟူသော ကွန်ယက်အတွင်းမှာ သတ္တဝါတွေဝင်လာကြပြီ။ ဘယ်သူတဲ့ ဘယ်ဝါတဲ့ သူဌေးတဲ့ သူကြွယ်တဲ့ ရဟန်းပရိသတ်တဲ့ ပုဏ္ဏားပရိသတ်တဲ့ မင်းပရိသတ်တဲ့ ဆင်းရဲသားပရိသတ်တဲ့နော် (ဟုတ်ပါတယ် ဆရာ)။ အဲဒီတော့မှ ဒီပုဂ္ဂိုလ်တွေစာရင်းခွဲလိုက်တယ်၊ ဘယ်ပုဂ္ဂိုလ်တော့ ဘယ်လိုကယ်မှ ဘယ်လိုဟောမှ၊ ဘယ်ပုဂ္ဂိုလ်တော့ ဘယ်လောက်ဝေးတဲ့ခရီး သွားချွတ်ရမှ၊ ဘယ်ပုဂ္ဂိုလ်တော့ အခြံအရံနဲ့သွား၊ ဘယ်ပုဂ္ဂိုလ်ဖြင့် ငါတစ်ပါးတည်းသွား၊ ဘယ်ပုဂ္ဂိုလ်ကျတော့ ယူဇနာဘယ်လောက် ပဲဝေးဝေး ငါခြေကျင်ကြွမှ မြေပြင်က၊ ဘယ်ပုဂ္ဂိုလ်ကျတော့ နီးသည့်တိုင်အောင် ငါအမြင့်ခရီးက စျာန်ယာဉ်စီးပြီးကြွ၊ အသီးသီးနဲ့ ဝေဖန်တော်မူတဲ့အခါကျတော့ ဒါအစဉ်အလာသွားရမဲ့ကိစ္စ။ ပြီးတော့ ကြည့်ပြန်တော့ ထိုပုဂ္ဂိုလ်များရဲ့ ဣန္ဒြေအနုအရင့်ကြည့်ပြန်တော့ ကနေ့ ငါ့ရွှေဉာဏ်တော်ကွန်ယက် ထင်လာမြင်လာတယ်ဆိုပေမဲ့ ဒီပုဂ္ဂိုလ် ငါကနေ့သွားဟောလို့ရမလား၊ မရသေးဘူး ဘာဖြစ်လို့လဲ အချိန်လိုသေးတယ်၊ ဘာဖြစ်လို့လဲ ဣန္ဒြိယပရိပါက – ဣန္ဒြေရဲ့ရင့်ကျက်မှု နုနဲ့နုသေးတယ် ရက်နဲ့ ဆိုင်းရမယ် လနဲ့ဆိုင်းရမယ် နှစ်နဲ့ဆိုင်းရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရက်လိုရင်လည်း ရက်ဆိုင်းရမယ် နှစ်လိုရင်လည်းနှစ်ဆိုင်းရမယ် လလိုရင်လည်းလဆိုင်းရမယ်။ အဲဒါ ဒီလိုပုဂ္ဂိုလ်မျိုး တွေ့ပြန်တော့ ကိုယ်တော်မြတ်က ရွှေဉာဏ်တော်စာရင်းမှာ သွင်းထားလိုက်တယ်။ ဘယ်ပုဂ္ဂိုလ် ကျတော့ ရက်လောက်ရှိရင်ဖြင့် ဣန္ဒြေရင့်ကျက်တန်ရဲ့၊ ဘယ်ပုဂ္ဂိုလ်ကျလို့ရှိရင်ဖြင့် လလောက် ရှိရင်ဖြင့် ဣန္ဒြေရင့်တန်ရဲ့၊ ဘယ်ပုဂ္ဂိုလ်ကျတော့ဖြင့် နှစ်လောက်ကျမှ ဣန္ဒြေရင့်ကျက်မယ်၊ ရွှေဉာဏ်တော်စာရင်းသွတ်သွင်းထားတာ ဘယ်တော့မှမေ့လျော့တယ်မရှိပါဘူး သူ့အချိန်နဲ့သူနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုက ဟော မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတယ်ဆိုတာ ကူ့န္တြ ယပရိပါက–ဣန္ဒြေရဲ့အနုအရင့်လိုသေးတယ်ဆိုတော့ အကယ်တန္တု တကယ်မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါက်ရောက်တဲ့၊ ရောက်လောက်တဲ့ တရားတွေဟောပေမဲ့ တို့လူစုက ဣန္ဒြေနုသေးတယ်ဆိုရင် ရပ့်မလား (မရပါဘူးဆရာ)။ ဒါဖြင့် ဣန္ဒြေရင့်ကျက်ပြီးသားပုဂ္ဂိုလ်ကျတော့ကော (ရပါတယ်ဆရာ)။ ရရမှာပေါ့လို့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ရတာမရတာအပထားပြီး နောက်ဆုံးတစ်နေ့ အောက်ခြေလွတ်အနေအားဖြင့်တွက်ကြည့်၊ တို့လူစုတွေအပါယ်လေးပါးတော့ ဒီတရားနာရင် တံခါးပိတ်ရမယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီအဆင့်အတန်းရောက်ရင်ပဲ အာဂယောက်ျားပါလို့၊ ဒီတော့ အပါယ်လေးပါးသေသည့်အခြားမဲ့မလားအောင် ဂတိမြဲသွားအောင်ဆိုတဲ့ အဆင့်အတန်းဟာလည်းပဲ မှန်မှန်ကြိုးစားရင်ဖြစ်ကောင်းတဲ့အလုပ်ပါလို့။ ဒါဖြင့် ကောင်းပါပြီ အပါယ် မကျအောင်လောက်ပဲ ကျေးဇူးများသလားဆိုတော့မဟုတ်ပါဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး ရောက်တယ်ဆိုတဲ့ အခြေခံကို ပို့ထားတဲ့လမ်းစဉ်ကြီးနော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲ၊ ပုဂ္ဂိုလ်ရဲ့အဇ္ဈာသယကြည့်ပြန်တော့ သာသနာကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခိုက် တမဂ်တဖိုလ် ကြုံချင် လှချည်ရဲ့ဆိုတဲ့ ဆန္ဒစာတ်ကလေးက တော်တော်ပြင်းတယ် မပြင်းဘူးလား (ပြင်းပါတယ်ဆရာ)။

အဲဒီလို ပြင်းတဲ့အခြေခံစာတ်ကလေးနဲ့လာပြီး နာနေကြတော့ ဟာ တို့များကလည်း မြတ်စွာ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဒါကရုပ် ဒါကနာမ်၊ အဓိပ္ပါယ်အားဖြင့် ခန္ဓာ အာယတန ဒီလို ပြတ်ပြတ်သားသား ပညတ်အားဖြင့်ဖယ်ရှားလို့ ပရမတ်ကလေးတွေသိလာအောင် ဆိုပြီးတော့ သင်ကြားပြသပေးနေတဲ့ တရားမျိုးနာကြတော့ ဒီပုဂ္ဂိုလ်တွေ ဘာတွေကျင့်နေပါလိမ့်၊ ဒါ မဂ္ဂနုလောမ– မဂ္ဂပဋိပန္နပုဂ္ဂိုလ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ မဂ်နဲ့လျော်သော၊ မဂ်ကိုရရာရကြောင်းတည်းဟူသော အကျင့်ကို ကျင့်ကြံပွားများအားထုတ်တဲ့ပုဂ္ဂိုလ်စာရင်းထဲ တို့လူစုဝင်သွားရော တမဂ်တဖိုလ်မှ မရသေးဘူးထား တို့အရိယာပုဂ္ဂိုလ်အားလုံးက ၈–ပါးရှိတယ်။ မဂ်ပုဂ္ဂိုလ် ၄–ပါးနဲ့ ဖိုလ်ပုဂ္ဂိုလ် ၄–ပါး ဒါမဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးသား ပုဂ္ဂိုလ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အရိယာပုဂ္ဂိုလ် ၈–ပါးထဲ အခုပြောတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် လိုချင်လှချည်ရဲ့ဆိုတဲ့အနေအားဖြင့် ဒီလိုသူတော်ကောင်း တရားကို အမြဲတစေ နာကြားနေတဲ့ပုဂ္ဂိုလ်များသည် အဲဒီ တမဂ်တဖိုလ်မှမရပေမဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးသားဆိုတဲ့ အရိယာပုဂ္ဂိုလ် ၈–ပါးထဲ သွတ်သွင်းပြီးတော့ ရေတွက်ကောင်းတယ်တဲ့။

ဒါကြောင့် အရိယာပုဂ္ဂိုလ်ရေတွက်နည်းသည် ၈ ပါး တစ်နည်း ၁၂ ပါး တစ်နည်း ဟုတ်ပြီ လား (ဟုတ်ပါတယ်ဆရာ)။ ၈ ပါး တစ်နည်း ၁၂ ပါး တစ်နည်း၊ ၈ ပါးတစ်နည်းကျတော့ မင်းရေတတ်လား (မရေတတ်ပါဘူးဆရာ)။ ဟောဗျာ အရိယာပုဂ္ဂိုလ် ၈ ပါးတောင်မင်းမရေတွက် ဘူးပေါ့၊ မဂ်ပုဂ္ဂိုလ် ၄ ပါး (မဂ်ပုဂ္ဂိုလ် ၄ ပါးပါ[illegible] ပြီးတော့ (ဖိုလ်ပုဂ္ဂိုလ် ၄ ပါးပါဆရာ)။

http://www.dhammadownload.com



ဟော မတတ်ဘူးဆိုပြီးတော့ ပြောလိုက်တာအဟုတ်ကြီးပါပဲ ဟုတ်ပြီလား ဒါအရိယာပုဂ္ဂိုလ် ၈–ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါသူတို့က မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးသားတွေပေါ့ (ရပြီးသား တွေပါဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ် စသည့်မဂ်ပုဂ္ဂိုလ် ၄ ပါးမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ် ဖိုလ် ၄–ပါး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူတို့က မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးသား ပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် ၈–ယောက် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါဖြင့်ရင် ခုမဂ်ဉာဏ်ဖိုလ်ဉာဏ် လိုချင်လှချည်ရဲ့ဆိုတဲ့ ဒီတရား ဖွဲ့နဲ့သည်းနဲ့လာနာနေတဲ့ပုဂ္ဂိုလ်တွေ မဂ္ဂါနုလောမ၊ မဂ္ဂပဋိပန္နပုဂ္ဂိုလ်တွေ မဟုတ်ဘူးလားကွ (ဟုတ်ပါတယ်ဆရာ)။ မဂ်အားလျော်သော မဂ်ရရာရကြောင်း အကျင့်ကျင့်နေတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အကျင့်ဆိုတာ ငါပြောမယ်သေသေချာချာ ဟိုလူမရှိတဲ့ တောကြီးတောင်ကြီးထဲသွားပြီးတော့ တစ်ယောက်ထဲထိုင်ပြီးတော့ နင်လားငါလား ကျင့်ကြံပွားများ အားထုတ်မှ တရားအားထုတ်တာ တရားကျင့်တာ မဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။

အခုလို မင်းတို့ရထားတဲ့ ပရမတ်အမြင်ဓာတ်အမြင်ဆိုတဲ့ သဘောလေးတွေ သွားရင်းလာရင်း နေရင်းထိုင်ရင်း စားရင်းသောက်ရင်းဆိုသလိုပဲ အားလပ်ခွင့်ရတဲ့ မိနစ်ပိုင်းလေးမိနစ်ပိုင်းလေးမှာ လှစ်ကနဲသတိရရင် ဉာဏငါနာလာတဲ့ အဓိပ္ပါယ်ဆိုကြပါစို့၊ မနေ့ကငါနာလာတဲ့ "ဂန္ဓဓာတ်" ငါ့ကိုယ်သေသေချာချာကြည့် ဂန္ဓရုပ်နဲ့ထင်မြင်ကြည့် ဂန္ဓရုပ်ဂန္ဓခဲကြီး၊ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါရှာမရဟဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အကောင်အထည်မရှိဘူးဟဲ့၊ အကောင် အထည်ရှိရင် ငါ့ခေါင်းတွေ လက်တွေ ကိုယ်တွေ ခြေတွေတွေ့မှာပေါ့၊ အသားအရိုးတွေတွေ့မှာပေါ့၊ အရိုးအချဉ်တွေတွေ့မှာပေါ့၊ အခုတော့မဟုတ်ဘူး၊ ငါ့အနံ့ရုပ်ချည်းတွေ့နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဟြော် ဒါ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဂန္ဓဓာတ်တုံး ဂန္ဓဓာတ်ခဲကြီးပဲ၊ ပုဂ္ဂိုလ် သတ္တဝါပျောက်သုဉ်းဆိတ်သွားအောင် မနေ့ဉာဏငါမှာခဲ့တယ် လှစ်ခနဲလှစ်ခနဲဆို ဒါလေးတွေ ဆင်ခြင်စဉ်းစားနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါနဲ့ ယောနိသောမနသိကာရ တရားအားထုတ်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးလားဟုတ်သလား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါအားထုတ် ဒါတရားကျင့်တယ်ခေါ်ပါတယ်၊ ကျင့်တဲ့ပုဂ္ဂိုလ်လည်းပါပါတယ်၊ ဒါမဂ္ဂါနုလောမ၊ မဂ္ဂပဋိပန္နပုဂ္ဂိုလ်ထဲ ဝင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲလို မဂ္ဂါနုလောမ၊ မဂ္ဂပဋိပန္န–မဂ်ရအောင် ကျင့်နေတဲ့ပုဂ္ဂိုလ်ဝင်သွားတော့ ကြည့်စမ်း အခုနက မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ အရိယာပုဂ္ဂိုလ် ၈ ပါးထဲ သူ့သွင်းလိုက် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲ ဒါဖြင့် မဂ်ရအောင်ကျင့်ဆဲဆိုတဲ့ မဂ္ဂါနုလောမပုဂ္ဂိုလ် ဘယ်နှစ်ယောက်လဲဆိုတော့ သောတာပတ္တိမဂ် ရအောင်ကျင့်နေတဲ့ ပုဂ္ဂိုတ်တစ်ပါး၊ သကဒါဂါမိမဂ်ရအောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်တစ်ပါး၊ အနာဂါမိမဂ်

http://www.dhammadownload.com



ရအောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်တစ်ပါး၊ အရဟတ္တမဂ်ရအောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်တစ်ပါးဆိုတော့ ကျင့်နေတဲ့ပုဂ္ဂိုလ် ၄ ပါးမနေဘူးလား (နေပါတယ်ဆရာ)။ ဟော အဲဒီ ၄ ပါး ခုန ၈ ပါးထဲထည့် (၁၂ ပါးပါဆရာ)။ ဟော ၁၂ ပါး၊ အရိယာပုဂ္ဂိုလ်ရေတွက်ကြည့်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ တကယ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရထားတဲ့ အရိယာပုဂ္ဂိုလ် ၈–ပါးထဲရှိတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသော်လည်း ကျင့်ဆဲဆိုတဲ့ပုဂ္ဂိုလ် ၄ ပါးထည့်လိုက် ၁၂ ပါးဖြစ် မှတ်မိလား (မှတ်မိပါတယ် ဆရာ)။

အေး ဒါကြောင့် ပညာရဲ့သတ္တိ အဖိုးတန်ပုံတို့များကပြတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် "ဓမ္မသဘာဝပဋိဝေဓလက္ခဏာပညာ" ပညာဆိုတဲ့ အတတ်သည် အသိဉာဏ်ကြီးသည် ဘယ်လောက်တန်ဖိုးရှိသလဲ ဘယ်လိုမှတ်ရမလဲ၊ လက္ခဏာဘယ့်နှယ့်နေတုန်း၊ ဓမ္မသဘာဝပဋိဝေဓ လက္ခဏာဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ရုပ်တရားနာမ်တရားဆိုတဲ့ တရား နှစ်ပါးသဘောအားဖြင့် ထိုးထွင်း၍သိတဲ့လက္ခဏာ သဘော သဘောနော် (ဟုတ်ပါတယ်ဆရာ)။ သဘာဝပဋိဝေဓလက္ခဏာ သဘောဆိုက်ရောက်ထိုးထွင်းသိတဲ့ လက္ခဏာရှိတယ်၊ ဒါပညာ နော် (ဟုတ်ပါတယ်ဆရာ)။ အေး ပညာ ပညာ မှတ်ထား၊ ဒါဖြင့် သူရဲ့ကိစ္စ သူလုပ်တတ်တဲ့ဒီပညာဟာ ရလာပြီ၊ ဒီပညာစလာပြီ ဒီပညာရလာပြီ ဒီပညာလေးရလာတော့ ဒီပညာဘာလုပ်တတ်ပါလိမ့်။ သူ့ရဲ့ သတ္တိပြောစမ်းပါဆိုတော့ "တေသံ တေသံ ဓမ္မာနံ သဘာဝပဋိစ္ဆာဒကမောဟန္ဓကာရ ပဋိစ္ဆာဒလက္ခဏာ–သဘောတရားသက်သက်ပဲလို့ မသိအောင် ရှေးအဖို့က ဖုံးလွှမ်းကာကွယ်ထား သော၊ မောဟန္ဓကာရဝိဒ္ဓံသနရသာ–မောဟတည်းဟူသော အမှောင်ကြီးကို ဖျက်ဆီးဖြိုခွင်း နိုင်သောကိစ္စရှိ၏ ဟော ပညာနော် (ဟုတ်ပါတယ်ဆရာ)။ တကယ်ထက်မြက်တဲ့လက်နက်၊ အဲဒီ လက်နက်မှ မင်းတို့ငါတို့ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာအမှောင်ထု ဘယ်လက်နက်မှ မဖျက်ဆီးနိုင်ဘူးဆိုတာ မှတ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ အဲဒါဝိဇ္ဇာဉာဏ်ထဲနော် (ဟုတ်ပါတယ်ဆရာ)။ မောဟဆိုတာ အဝိဇ္ဇာမဟုတ်ဘူးလား (အဝိဇ္ဇာပါဆရာ)။ ဩော်–သူတို့နှစ်ခုက ကျောခြင်းကပ် မဟုတ်ဘူးလား (ကျောခြင်းကပ်ပါဆရာ)။ ပဋိပက္ခဓာတ်ခြင်းကော (ဟုတ်ပါတယ်ဆရာ)။ အမှောင် နဲ့အလင်း (ဟုတ်ပါတယ်ဆရာ)။ အမှောင်က အဝိဇ္ဇာမဟုတ်ဘူးလား (အဝိဇ္ဇာပါဆရာ)။ အလင်း ကဘာတုန်း (ဝိဇ္ဇာပါဆရာ)။ ဟော ဝိဇ္ဇာကအလင်း အဝိဇ္ဇာကအမှောင်နော်၊ အမှောင်နဲ့အလင်းနော် (ဟုတ်ပါတယ်ဆရာ)။ အဝိဇ္ဇာကအမှောင်လား (အမှောင်ပါဆရာ)။ ဝိဇ္ဇာက (အလင်းပါဆရာ)။

ကောင်းပြီ အဲဒီ အမှောင်ထုကြီးကို ဘာနဲ့ဖျက်မှပျက်မလဲ (အလင်းနဲ့ဖျက်မှပျက်မှာပါဆရာ)။ အေး ခုန မှောင်ပြီမဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)။ သောတဥပမာ ခုနညမှောင်ပြီလား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အမှောင်ထုကြီး ဘယ်မှမပျက်မလဲ (လင်းမှပျက်ပါမယ်ဆရာ)။ ဩော် လင်းမှ ပျက်မယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နေထွက်မှ ပျက်တာပေါ့ (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဘေးက အလင်းရောင်လာတယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီပမာလိုပါပဲ၊ ဝိဇ္ဇာနဲ့အဝိဇ္ဇာကျော်ခြင်းကပ် ပဋိပက္ခဓာတ် တည့်ကိုမတည့်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီး ကို ဘာနဲ့ဖျက်ဝိဇ္ဇာဓာတ်နဲ့ဖျက် ဒါလက်နက်နော် (ဟုတ်ပါတယ်ဆရာ)။ ဟာနောက်တစ်ခု ပညာ ဖျက်ပြပေါ့ပဲ၊ ပညာဆိုတဲ့သတ္တိ ပညာဆိုတဲ့ကိစ္စပြစမ်းပါဆိုတော့ ဟော "တေသံ တေသံ ဓမ္မာနံ သဘာဝ ပဋိစ္ဆာဒက မောဟန္ဓကာရ ဝိဓံသနရသာ"ထိုထို မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော် မူတဲ့ရုပ်တရား နာမ်တရားတွေ သဘောတရားမှန်သက်သက်ကလေးပဲဆိုတဲ့ အသိဉာဏ်တွေ မသိအောင် ဖုံးကွယ်ထားသော အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီးကို ဖျက်ဆီးနိုင်သော သတ္တိရှိ၏ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဒါဖြင့်ကောင်းပါပြီ၊ ဒါလက္ခဏာ ဒါက ရသ ပစ္စုပဋ္ဌာန်ပြောစမ်းပါဆိုတော့ "အသမ္မောဟပစ္စုပဋ္ဌာန"တဲ့ အသမ္မောဟ–မတွေမဝေ မဖုံး မလွှမ်းသော မတွေဝေဘူးတဲ့ မဖုံးလွှမ်းဘူးလို့ ရှေ့ရှုပြီးထင်တယ် တွေဝေတယ် ဖုံးလွှမ်းတယ်ဆိုတာ မောဟ (မောဟပါဆရာ)။ မောဟဆိုတာ အဝိဇ္ဇာမဟုတ်ဘူးလား (အဝိဇ္ဇာပါဆရာ)။ ဘာထူးတုန်း တူတူပါ သူတို့မောဟအဝိဇ္ဇာ အဝိဇ္ဇာ မောဟ၊ ဒါဖြင့် ဒီကျတော့ အသမ္မောဟဆိုတာ မောဟ မဟုတ်တော့ဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မတွေဝေသောအဖြစ်လျှင် ရှေးရှုထင်၏ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့်ကောင်းပါပြီ ဒါကတော့ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကျတော့ဘာလဲ၊ ပဒဋ္ဌာန်ကျတော့ "သမာဓိပဒဋ္ဌာနာ" တည်ကြည်မှုလေးတင်အကြောင်းခံပြီးတော့ ဖြစ်ဆဲအကြောင်း ရှိပြီး နီးစွာသောအကြောင်းရှိ၏။ ဒီပညာဖြစ်တာဘာကြောင့်ဖြစ်တယ် အနီးဆုံးအကြောင်းရှာတော့မှ သမာဓိကြောင့်ဖြစ်တယ် ဒီပညာလေးကနော် (ဟုတ်ပါတယ်ဆရာ)။ ဒီပညာလေးရဲ့ အသိဉာဏ်လေး က သမာဓိသည်နီးသောအကြောင်းရှိ၏။ ဩော် ဒါဖြင့် ဒီအသိဉာဏ်ပညာလေးဖြစ်လာတာဟာ အခြေခံပြောစမ်းပါ၊ အကြောင်းရင်းဘယ်သူလဲဆိုတော့သမာဓိကြောင့် ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ကိုင်း သမာဓိကြည့်စမ်းကွာ၊ ဒီပညာရဖို့သမာဓိ တို့လူစုဘာလုပ်ရသလဲဆိုတော့ ဒီမှာ တစ်နာရီလာထိုင်နေရတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ တစ်နာရီအတွင်း တို့များက ကျကျနနသင်ကြားပြသ၊ နားမလည်လည်အောင်မေးတယ်။ ဟိုဘက်ကလှည့်ပြ ဒီဘက်ကလှည့်ပြနဲ့။ လူပြိန်းတွေလည်းနားလည်သွားအောင် သဘောရှင်းသွားအောင်ပြတော့ ဟောပြ နေတဲ့ အခိုက်အတန့်လေးမှာ အာရုံတစ်ပါးလွင့်မသွားဘဲနဲ့ တည်ငြိမ်တဲ့ကုဋ္ဌေလေးဆောင်ပြီးတော့ စိတ်ကလေး ကျကျနနထားပြီးတော့ ပြတ်ပြတ်သားသားနာလိုက်တော့ အခုပြောနေတဲ့ပညာဆိုတဲ့ အသိဉာဏ်ကြီးပေါ်ထွက် မလာဘူးလား (ပေါ်ထွက်လာပါတယ်ဆရာ)။ အေး အေး အဲဒါကြောင့် သမာဓိသည် အနီးဆုံးသောအကြောင်းတရားနော် (ဟုတ်ပါတယ်ဆရာ)။ သမာဓိပဒဋ္ဌာနာ ဒီပညာ ပေါ်ခြင်းသည် သမာဓိသာလျှင် နီးသောအကြောင်းရှိ၏ဟုဆိုတော့ သမာဓိသက်သက်များ ယူသွား

http://www.dhammadownload.com



မလားဟဲ့၊ နာရီပေါင်းများစွာ ရက်ပေါင်းများစွာလပေါင်းများစွာ အဲသလိုတော့ မဟုတ်ပါဘူး၊ ဒီလိုမဟုတ်ပါဘူး။ အစီအစဉ်အတိုင်း ဒီကပြနေတယ် တစ်နာရီလာနာတယ်၊ တစ်နာရီပြနေတဲ့ အတောအတွင်းမှာ တစ်ခြားမှာ အာရုံမသွားဘဲနဲ့ ဒီပြနေတဲ့ သဘောလေးထဲမှာ စိတ်ကလေးကို တည်ငြိမ်စွာထားပြီးတော့ မှတ်မှတ်သားသားနာလိုက်ရင် အသိဉာဏ်ပေါ်ထွက်လာတယ်၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် တို့လူစု ပထဝီတစ်လုံးရဲ့အစက ပြတ်ပြတ်သားသား နဲ့ ဒီသမာဓိအခြေခံထားပြီးတော့ ပထဝီဓာတ်ကြီးသည် အလုံး အတုံး အခဲ အကောင်အထည် ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဘာမှမဟုတ်။

မူလရှိရင်းစွဲဆိုတဲ့ ရသာသဒ္ဒါကိုပဲ ရှေ့က ''အ''လေးတစ်လုံးတိုးတယ်။ ''အရသာ''လို့ ဒီလိုခေါ်တယ်၊ အဲဒီရသာဓာတ်ဆိုတာ သူသူငါငါ လူတကာအထင်လွဲအမြင်လွဲနဲ့ ယူဆနေတဲ့ သဘာဝလေးအမှန်ရောက်အောင် သင်ပြပေးရခြင်းဖြစ်တယ်။ ဘယ်လိုလွဲနေလဲဆိုရင် ဒီရသာဓာတ်ဟာ အချို အချဉ် အင့် အစပ် အဖန် အခါး ဒီ ၆ ပါးထဲ တစ်ပါးပါးတတ်နိုင်မှရသာလို့ထင်၊ ဒီလိုထင်တော့ ဒီဓာတ်တစ်ပါးပါး မတပ်နိုင်တဲ့ဓာတ်ကျတော့ အရသာမခေါ်ဘူး။ အရသာမရှိဘူးလို့ ဒီလိုသိ၊ ဒါကြောင့် အဲဒီအသိလေးတွေလည်းပဲအကုန်လုံး ပြတ်ပြတ်သားသား နားလည်သွားအောင် ငါတို့ အမှတ်အသားများနေ၊ ပြန်လည်ပြင်ကြစို့ရဲ့ဆိုတဲ့အနေအားဖြင့် ဒီရသာဓာတ်ဟာ ရုပ်ဝတ္ထုမှန်မှန်သမျှ အရသာရှိတာချည်းပဲ၊ ရသာဓာတ်ရှိတာချည်းပဲ ဒီလိုနားလည်ရမယ်။ ဒါဖြင့် အရသာရှိတော့ စောစောကပြောထားသလို အချို အချဉ် အင့် အစပ် အဖန် အခါးဆိုတဲ့ ၆ ပါးသော အမည်နာမတစ်ခုခု မပြနိုင်တာ ဘယ်သဘောလဲ ဒါရသာဓာတ် မထင်ရှားတဲ့သဘောလေး၊ အားမရှိတဲ့ သဘောလေး ဒီလိုခေါ်တယ်။

ဒါကြောင့် တစ်မြန်နေ့ကပြသွားတဲ့ သဘာဝအတိုင်း ပကတိရေသန့်သန့်ကလေး လျှာပေါ် တင်တော့ ဘာအရသာမှမထင်၊ ဘာအရသာမှမရှိ။ အမှန်ကတော့ ရေမှာရသာဓာတ်ရှိတယ်၊ ဒါကြောင့် သောက်တဲ့ပုဂ္ဂိုလ်များ မျိုချတဲ့ပုဂ္ဂိုလ်များ မင်းလျှာပေါ်ရေရောက်သည်နှင့်တစ်ပြိုင်နက် ရေရဲ့အရသာ ခံစားကြတယ်။ ဒါကိုယ်ခံစားတဲ့ ရသာဓာတ်ကလေးအဓိပ္ပါယ် ကိုယ်နားလည်ရမယ်။ ရေလေးသောက်တော့ အရသာရှိတယ်မရှိဘူးဆိုတာ တို့ပါးစပ်ကပြောတယ်။ ရေသောက်လို့ရ နေပူကျဲကျဲကလာလို့ အရိပ်ထဲ အင်မတန်မှအေးမြကြည်လင်တဲ့ ရေအိုးစင်ဝင်ရေသောက်လိုက်ရတာ အရသာရှိလိုက်တာ ပြောကြ မပြောဘူးလား (ပြောပါတယ်ဆရာ)။ ဒါပေမဲ့ အဲဒီ မိမိလျှာမှာထား ပြီးတော့ ရသာဓာတ်ရှိမှန်းသာသိတယ်။ စောစောကပြောတဲ့ အချို အချဉ် အင့် အစပ် အဖန် အခါး ၆ ပါး တစ်ပါးပါး အမည်မတပ်နိုင်တော့ အရသာမရှိဘူးမှတ်နေကြ။ အဲဒါ ရုပ်တရားမှန်မှန်သမျှ ဘယ်ရုပ်ဖြစ်ဖြစ် မိမိတို့ သဝိညာဏက–အသက်ထင်ရှားရှိတဲ့ရုပ်တွေ၊ အဝိညာဏက–အသက်မဲ့တဲ့ တော တောင် ရေ မြေ တုံး တိုင် အစရှိတဲ့ အရာဝတ္ထုအစုစုတွေမြင်မြင်သမျှ ရသာဓာတ် ဘယ်ရုပ်မှ

http://www.dhammadownload.com



မကောင်းကောင်းဘူး၊ ရသာဓာတ်အမြဲတစေရှိတယ်။ ဘာဖြစ်လို့ ချုပြလာတဲ့ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီး ၄ ပါး မဟာဘုတ် ၄ ပါးရယ် အခုပြလာတဲ့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာရယ် ပေါင်းလိုက်တော့ ၈ ပါး၊ အဲဒီ ရုပ်ဓာတ် ၈ ပါးက တစ်ခုနဲ့တစ်ခု ခွဲလို့ခွာလို့မရကောင်းတဲ့ ရုပ်ဓာတ် ၈ ပါးတရားခေါ်တယ်။ တစ်ခုရှိရင် အကုန်ရှိတယ်လို ဒီလိုသိရမယ်၊ တစ်ခုပျက်ရင် အကုန်ပျက်တယ်။ ဘာဖြစ်လို့ ဒီရုပ်ဓာတ် ၈ ပါးဟာ တစ်ခုနဲ့တစ်ခု တစ်ခုချင်း နှစ်ခုချင်း သုံးခုချင်းဆိုသလို ဒီလိုခွဲပြီးတော့ မဖြစ်ကောင်းဘူး၊ ဒီရုပ်ဓာတ် ၈ ပါးဟာ အမြဲတစေ တွဲလျက်ကြီး နေရတယ်။ ဒါကြောင့် ဒီရုပ်ဓာတ် ၈ ပါးထဲမှာ အခုပြနေတဲ့ သဘာဝရသာဓာတ် သူတစ်ပါးထဲ မရှိဘူး၊ ရှိတယ်လို့ငြင်းစရာမလိုပါဘူး။ ဒါကြောင့် အသက်ထင်ရှားရှိတဲ့ သဝိညာဏက အသက်မရှိတဲ့ အဝိညာဏက၊ မြင်ခဲ့သမျှ ရုပ်ဝတ္ထုအစုစုမှာ ရသာဓာတ်တွေ အပြည့်အဝရှိတယ်ဆိုတာ ကိုယ်က နားလည်ထားရမယ်။ ဒါကြောင့် အချို အချဉ် အငံ အစပ် အဖန် အခါး ၆ ပါးသော အမည်နာမ တစ်ခုခုပြနိုင်သည်ဖြစ်စေ မပြနိုင်သည်ဖြစ်စေ၊ ပြောနိုင်သည်ဖြစ်စေ မပြောနိုင်သည်ဖြစ်စေ အမှန်က ရသာဓာတ်ရှိရမယ်။ ဘာဖြစ်လို့ တစ်မြန်နေ့ကရှင်းပြထားတဲ့ ဇိဝှါပသာဒခေါ်ထားတဲ့ လျှာအလယ်က ကံဖြင့်ပြုလုပ်ထားတဲ့ ကံစီမံပေးတဲ့ ကမ္မဇပသာဒ အကြည်ရုပ်ကလေးရှိတယ်၊ အဲဒီရုပ်ကလေး လာပြီးတော့ ထိတတ်တိုက်တတ်တဲ့သဘောသည် ဒါရသာဓာတ်ပဲ။ ဒီတော့ တစ်မြန်နေ့ကပြသွားတဲ့ သင်တန်းထဲ ဒီစက္ခုပသာဒတို့ သောတပသာဒတို့ ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ ပသာဒ ၅ ခု အကြည်ရုပ် ၅ ခု ခေါ်ပါတယ်။ မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည်တွေပါ။

မျက်စိအကြည်တဲ့ နားအကြည်တဲ့ နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည်၊ ဩော် ဒါအကြည်တွေချည်းပဲ အကုန်လုံး၊ ဒါကံရှိလို့ပေးထားတဲ့ ကမ္မဇအကြည်ရုပ်ကလေးတွေ ခေါ်တယ်။ ကမ္မဇာတ်မှန် အဲဒီ ကမ္မဇာတ်မှန်၊ အဲဒီ ကမ္မဇပသာဒခေါ်တဲ့ အကြည်ရုပ်ကလေးတွေက ကြည်ရင် အရိပ်ထင်တာပေါ့။ ကြည်ရင် အရိပ်ထင်တာပေါ့ဆိုတော့ လောက အိမ်သုံးထားတဲ့ မှန်ကျတော့ရော သူလည်း ကြည်လို့အရိပ်ထင်တာပေါ့၊ အဲသူကတော့ဘာလဲဆိုတော့ ရူပါရုံဆိုတဲ့ အတွေ့တစ်ခုထဲ ထင်ကောင်းတယ်။ အိမ်သုံးနေတဲ့ သူသူငါငါလူတကာသုံးနေတဲ့ ကြည့်နေတဲ့မှန်ကျတော့ ဘာထင်သလဲမေးရင် ဝဏ္ဏဆိုတဲ့အဆင်းရိပ်ထင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရူပါရုံဆိုတဲ့ အဆင်းရိပ်ပဲ ထင်ကောင်းတယ်၊ ဒီတစ်မျိုးအပြင် အသံဆိုတဲ့အရိပ် ထင်ကောင်းလား (မထင်ကောင်းပါဘူးဆရာ)။ အနံ့ဆိုတဲ့အရိပ်ကော ထင်ကောင်းရဲ့လား (မထင်ကောင်းပါဘူးဆရာ)။ အရသာဆိုတဲ့ အရိပ်ကော ထင်ကောင်းရဲ့လား (မထင်ကောင်းပါဘူးဆရာ)။ မထင်ကောင်းဘူးနော် (ဟုတ်ပါတယ် ဆရာ)။ အိမ်မှာသုံးနေတဲ့မှန်ကျတော့ ဒါကလူလုပ်ထားတဲ့မှန်၊ သူကျတော့ အရိပ်တစ်ခုထဲ ထင်ကောင်းတယ်။ ဘယ်အရိပ်တုန်း၊ ရူပါရုံဝဏ္ဏဓာတ်ခေါ်တဲ့ အဆင်းရိပ်ထင်တယ်။ ဒါကြောင့်

http://www.dhammadownload.com



လူဖြတ်သွားရင် လူရိပ်ထင်တယ်၊ ခွေးဖြတ်သွားရင် ခွေးရိပ်ထင်တယ်။ ကဲနဲ့ စီမံဖန်တီးထားတဲ့ ကမ္မဇပသာဒခေါ်ထားတဲ့ မှန်တွေကျ ဖန်ဆင်းတဲ့ကမ္မ၊ မျက်စိဆိုတဲ့ အကြည်မှန်လေးကျတော့ စောစောကအိမ်မှာရှိတဲ့ မှန်နဲ့အတူတူပဲကွနော် (ဟုတ်ပါတယ်ဆရာ)။ မြင်ကောင်းတယ် မြင်ရတယ်ဆိုတဲ့ ဝဏ္ဏရူပါရုံ အဆင်းရိပ်တွေ မှန်ထဲအကုန်ထင်၊ ဒါထက် မျက်စိရှေ့မှာလူလျှောက်ရင် လူရိပ်ထင်တယ်၊ ခွေးလျှောက်သွား ခွေးရိပ်ထင်တယ်၊ တုံးထားရင် တုံးရိပ်ထင်တယ်၊ တိုင်ထားရင် တိုင်ရိပ်ထင်တယ် ဒီတော့ အိမ်မှာကြည့်တဲ့မှန်နဲ့မတူလားကွဲ့ (တူပါတယ်ဆရာ)။ အေး အေး ပြီးတော့ ဒါသောတပသာဒဆိုတဲ့ အကြည်မှန်လေးကျတော့ စောစောကပြောတဲ့ ဝဏ္ဏဆိုတဲ့အဆင်း ရိပ်တွေ ထင်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ သူ့ကျတော့ အသံဆိုတဲ့ အရိပ်လာထင်ကောင်း တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ သူ့ကဏ္ဍသူ့အရိပ် တစ်ခါတည်း လုပ်ပေးထားတယ် အင်မတန်ဆန်းကြယ်တယ်။ ပြီးတော့ဂန္ဓဆိုတဲ့ နှာခေါင်းအကြည်မှန်လေးကျတော့ ခုနပြောတဲ့ အသံ အရိပ်တွေ၊ အဆင်းအရိပ်တွေ ထင်ကောင်းပါ့မလား (မထင်ကောင်းပါဘူးဆရာ)။ သူကျတော့ ဘာအရိပ်ထင်သလဲ (အနံ့အရိပ်ပဲထင်ကောင်းပါတယ်ဆရာ)။ သြော် အနံ့ဆိုတဲ့ ဂန္ဓရုပ်အရိပ် လာထင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် အနံ့ကောင်းတယ် ဆိုးတယ် ညှီတယ် နံတယ် မွှေးတယ် ပုပ်တယ် ဟောင်တယ် စသည်ဖြင့်၊ ဃာနပသာဒ အကြည်မှန်ကျတော့ အနံ့ရိပ် လာထင်တယ်။

ဒါဖြင့် ဇိဝှါပသာဒဆိုတဲ့ လျှာအလယ်ကရှိတဲ့ ကမ္မဇအကြည်မှန်ကျတော့ စောစောကပြောတဲ့ အဆင်းရိပ်တွေ အသံရိပ်တွေ အနံ့ရိပ်တွေလာထင်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ သူကျ တော့ ဘာရိပ်ထင်လဲ (အရသာအရိပ်လာထင်ပါတယ်ဆရာ)။ အေး အရသာအရိပ်လာထင်တယ် နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဒီအရိပ်လေးတွေပြောတဲ့စကားတွေ တို့လူစုက ရုတ်တရက်အား ဖြင့် လက်ခံချင်မှခံမယ်လို့၊ အမှန်ကတော့ မင်းတို့ငါတို့မျက်စိမြင်နေတဲ့ ရူပါရုံအဆင်းတွေပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါတွေ တို့လူစုကမြင်တာ ဘယ်နှယ့်မြင်သလဲဆိုတော့ လူတွေမြင်တယ် ယောက်ျား မိန်းမတွေမြင်တယ်၊ ပုဂ္ဂိုလ် သတ္တဝါမြင်တယ်၊ တုံး တိုင် မြင်တယ်၊ အကောင် အထည်မြင်တယ်၊ အတုံး အလုံး အခဲတွေ မြင်တယ်လို့ ဒီလိုမြင်တော့ မြင်တဲ့အတိုင်း အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်တွေမှတ်၊ အမှန်ကတော့အရိပ်ပါပဲ စမ်းသပ် ရှာဖွေကြည့်တော့ ဘာရှိဘာမှမရှိဘူးနော် (ဟုတ်ပါတယ်ဆရာ)။ မြင်ကောင်းတဲ့ သဘောလေး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး သဘောလေး၊ ဒါအရိပ်နဲ့တူတူပဲလို့ မှန်မှာထင်နေတဲ့ အရိပ်သွားကိုင်ကြည့်ပါ၊ တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ မင်းအရိပ် မင်းပြန်စမ်းကြည့်ပါ မှန်တည့်တည့်ချ မင်းအရိပ်မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ ပေါ်တော့ အဲဒီအရိပ်သွားကိုင်တော့ မင်းတွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)။ ဒါပေမဲ့ ဟိုမှာ အရိပ်ကပေါ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



အေး အေး ဒါကြောင့် မင်းတို့ငါတို့ရဲ့ မျက်စိအကြည်မှန်လေးလာပေါ်တဲ့ အရိပ်တွေဟာ ဒါဝဏ္ဏ ရူပါရုံအဆင်းရိပ်တွေပဲလို့၊ ဒါပေမဲ့ တို့လူစုထင်ထားတာ ဒါအကောင်အထည်တွေ အတုံး အလုံး အခဲတွေ အထည်ဒြပ်သဏ္ဌာန်တွေ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီလို သိထားတယ်၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အတုံး အလုံး အခဲဆို သွားကိုင်ကြည့် ရှိပါ့မလား (မရှိပါဘူးဆရာ)။ မရှိပါဘူး၊ သေသေချာချာကိုင်ကြည့်သိ၊ ဒါကြောင့် ဒီရုပ်ဓာတ်ဟာ သေသေချာချာ ပြတ်ပြတ်သားသားကြီးပေါ့လေ တစ်ပါးချင်းတစ်ပါးချင်း သဘောတရားဆိုက်အောင် သင်သင် ပေးနေတာ၊ အဲဒီတော့ ရုပ်ဓာတ် ၈ ပါးပေါင်းမိတဲ့အခါကျတော့ မိမိတို့အမြင်က ဘယ်လိုမြင်လာမလဲ။ အကုန်လုံး အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန် အမှုံ အမွှား အရည်အဖတ် ဒါတွေအကုန်ပျောက်၊ သဘောသက်သက်ကလေးဆိုတဲ့ အဓိပ္ပါယ်ရောက်လာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါက ဃနကျေတယ် ဃနပျောက်တယ်ခေါ်တယ်၊ ဒါမှ ပရမတ်အသိ သိလာတယ်ခေါ်တယ်။ ပညတ်အသိတွေ လွတ်သွားပြီ ရှင်းသွားပြီ ရှင်းလောက်ပြီခေါ်တယ်။ အဲဒီ အသိအမြင်ရောက်ချင်လို့ ဒါလေး ထပ်ပြန်တလဲလဲနဲ့ တစ်လုံးချင်းတစ်လုံးချင်း ရှင်းပေးနေတာ။

ဒီတော့ သေသေချာချာကြည့်ပါ။ ဒီမျက်စိအကြည်မှန်လေးမြင်လိုက်တော့ ဒီအတုံး အလုံး အခဲ အကောင်အထည်တွေ ထင်တယ်။ မြင်တဲ့အတွက် ဒီလိုရှိတယ်လို့မှတ်တယ်၊ ဒါပေမဲ့ သွားကိုင်ကြည့်တော့ အကောင်အထည် အတုံး အလုံး အထည်ဒြပ်သဏ္ဌာန် တွေ့ပါ့မလား (မတွေ့ပါဘူးဆရာ)။ မတွေ့ပါဘူး၊ သွားထိမိရင် ဒါ ပထဝီဓာတ်တွေ့တော့မပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မြင်တော့ကော ရူပါရုံအဆင်းရုပ် မဟုတ်လားကွ (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မှန်ထဲပေါ်တဲ့အရိပ်နဲ့တူလို့ ဒါကြောင့် ဝဏ္ဏဆိုတဲ့ ရူပါရုံအဆင်းရိပ်၊ သဒ္ဒတစ်ခါလာပြန်ပြီ သဒ္ဒဆိုတဲ့ သောတပသာဒ အကြည်မှန်လေးလာထင်တယ်ဆိုတဲ့ အသံရိပ်၊ အသံကို အရိပ်နဲ့ ပြောတယ် ဘယ့်နှယ့်အရိပ်ရမတုန်း အသံအရိပ်မဟုတ်ရင် အသံဟာ အတုံး အလုံး အခဲလားမေးတော့ မင်းဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူး၊ အသံသွားဖမ်းကိုင်ကြည့်လို့ရမှာ မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကတော့ရှင်းပါတယ်၊ သူ့သူ့ငါငါ ဘယ်ကထွက်လာတဲ့ အသံဖြစ်ဖြစ် အဲဒီအသံသွားကိုင်ကြည့်လို့ မဖြစ်ပါဘူး။ ဘယ်ဖြစ်မလဲ အသံဆိုတာ သောတပသာဒ အကြည်မှန်လေးမှာ ထင်ကောင်းတဲ့ အရိပ်တစ်မျိုးပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါအရိပ်တွေ။

တစ်ခါလာပြန်ပြီ ဃာနပသာဒဆိုတဲ့ နှာခေါင်းအကြည်မှန်လေးလာထင်တာ အနံ့ရိပ်၊ ဒီဂန္ဓ ဆိုတဲ့အနံ့ရိပ်ကြီးကို သရုပ်မပေါ်ခင်တုန်းကတော့ တို့လူစု သနပ်ခါးတုံးကမွှေးတယ်၊ ဒီလိုနေသကိုး ကွနော် (ဟုတ်ပါတယ်ဆရာ)။ မွှေးတယ်ဆိုတဲ့ ဂန္ဓရုပ်ကြီးက သနပ်ခါးတုံးကြီးဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဒါနမူနာတစ်ခုပဲကွ ဒီပြင် ဒီမှတစ်ပါးအနံ့ရုပ်ချည်းပေါ့နော် (ဟုတ်ပါတယ်

http://www.dhammadownload.com



ဆရာ)။ အေး အေး ဒါကြောင့် ဒီနှာခေါင်းမှာ နံ့သမျှနံ့ကောင်းတယ် နံ့နိုင်တယ် နံ့ရတယ်လို့ နံ့တယ်ဆိုတဲ့ အနံ့သဘောသက်သက်ကလေးကို မင်းစိတ်ကမပိုင်တော့ ဒီအနံ့ရုပ်ကြီးက ဘာဖြစ်သလဲဆိုတော့ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဍာန် တုံး တိုင် တောတောင် ရေ မြေ သမုဒ္ဒရာ အရာဝတ္ထုအစုစုတွေဖြစ်တယ် ဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)။ အခု သေသေချာချာ ပြတ်ပြတ်သားသား ပရမတ်အားဖြင့် နားလည်အောင် ခွဲစိတ်ကြည့်လိုက်တဲ့အခါကျတော့ ဟာ ငါတို့ယူဆတဲ့အနံ့ဆိုတာ အတုံး အလုံး အခဲမှ ရှာမရပဲဘဲ၊ ဃာနပသာဒ အကြည့်မှန်လေးမှာလာပြီးတော့ တိုးတတ် ထိတတ် ခိုက်တတ်တဲ့သဘောသက်သက် အနံ့ရုပ်ကလေး ဒါအနံ့ပဲနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဒီဃာနပသာဒဆိုတဲ့ အကြည့်မှန်လေးလာပြီး အရိပ်ထင်တယ် ဒါထိတယ် ခိုက်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ခုတော့ ဒီဓာတ်ကြီးက တစ်ခါလာပြန်ပြီ။ ဘယ်ဒင်းစားကြည့်ကြည့်၊ မိမိလျှာပေါ်တင်ကြည့် ချိုတယ် ချဉ်တယ် ငန်တယ် စပ်တယ် ဖန်တယ် ခါးတယ်။ ဒါတွေက အမည်နာမအားဖြင့် တစ်ယောက်နဲ့တစ်ယောက် အငြင်းအခုံမဖြစ်ရအောင် လောကအကျိုးစီးပွားကြီး ဆောင်ရွက်တဲ့နေရာမှာ အငြင်းမပွားဘဲနဲ့ တစ်သားထဲနဲ့ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်စေခြင်းအကျိုးငှာ၊ ငြင်းခုံမှုတွေ မဖြစ်စေခြင်းအကျိုးငှာဆိုပြီးတော့ ကမ္ဘာဦး လူပညာရှိကြီးများက မကျည်းသီးလို အရသာမျိုးကျတော့ ဖန်တီးလာတယ်၊ ဘာဖြစ်လို့လဲ အချဉ်ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။

တစ်ယောက်ကစပြီးတော့ အမှတ်အသားလေးပေးလိုက်တယ်။ နောက်တော့ ဒီမန်ကျည်းသီး အရသာနဲ့တူသမျှ သံပုရာသီး ရှောက်သီး စသည်အားဖြင့် ဒါတွေ လျှာပေါ်တင်ကြည့် ချဉ်တယ်ဟေ့ ဒီလိုဖြစ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အမှတ်အသား တူမသွားဘူးလား (တူသွားပါတယ်ဆရာ)။ တူသွားတော့ ငြင်းစရာလိုသေးလား (မလိုပါဘူးဆရာ)။ တစ်ယောက်က ဒါ အချဉ်အရသာဟေ့ဆိုရင် နောက်တစ်ယောက်က အချိုဟေ့လို့ ငြင်းပါဦးမလား (မငြင်းတော့ပါဘူးဆရာ)။ အဲ လောကငြင်းခုံပွဲကြီးလည်း မရှိတော့ဘူးတဲ့ လောကအကျိုးစီးပွားဆောင်ရွက်တဲ့နေရာလည်း တစ်ညီတစ်ညာထဲ ကိစ္စပြီးမြောက်နိုင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် ကမ္ဘာဦးတည်ရှေးလူပညာရှိများက ကမ္ဘာသစ်တည်စမှာ အလိုအလျောက် ပေါ်ပေါက်လာတဲ့ သစ်သီးဝလံများကို ကောင်းတာရွေးချယ်ပြီး လျှာပေါ်တင်တဲ့အခါကျတော့ ဒီအရသာမျိုးတွေ့တော့ အချဉ်ခေါ်တယ်၊ ဒီအရသာတွေ့တော့အချိုခေါ်တယ် ဒီအရသာတွေ့တော့အခါးခေါ်တယ် ဒီအရသာတွေ့တော့ အဖန်ခေါ်တယ်၊ ဒီအရသာတွေ့တော့အငံခေါ်တယ်၊ ဒီအရသာတွေ့တော့ အစပ်ခေါ်တယ်၊ ဒီလို သီးခြားသီးခြားပြီးတော့ အမှတ်အသားလေးတွေ ပေးလိုက်တော့ တစ်ယောက်နဲ့တစ်ယောက်လည်း ညီညွတ်မှုရတယ် ငြင်းခုံမှုမရှိဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ပြီးတော့လည်း လောကကိစ္စအဝဝ ဆောင်ရွက်တဲ့နေရာလည်း တစ်ညီတစ်ညွတ်ထဲ ငြင်းခုံဖွယ်မရှိတော့ဘူး။ ဒါကြောင့် လောကကိစ္စလည်း

http://www.dhammadownload.com



ပြီးမြောက်နိုင်တယ်။

အမှန်က ဒါဘာလဲမေးတော့ မိမိတို့ လျှာပေါ်မှာလာပြီးတော့ ဇိဝှါပသာဒဆိုတဲ့ အကြည်မှုန်လေးမှာ တိုးတတ် တိုက်တတ် ထိတတ်တဲ့ လက္ခဏာရှိသော သဘောမျှသက်သက်ဆိုတဲ့ ရသာဓာတ်ကလေးကို စောစောကပြောတဲ့ အချဉ် အချို အငန် အစပ် အဖန် အခါးဟူသော ၆ ပါးသော အမည်နာမနဲ့ ခေါ်ဝေါ်သမုတ်ထားတာတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် တစ်မြန်နေ့ညကတို့ပြသွားတဲ့ ပါဠိလေး အဋ္ဌကထာဆရာက "တံတံဝတ္ထုတော ပနေတ္ထ ရသော ၀ အမ္ဗိလာဒီဟိ နာမေဟိ ဝုတ္တောတိ ဝေဒိတဗ္ဗော" အင်မတန်မှတ်စရာကောင်းပါတယ်။ တံတံ ဝတ္ထုတော–ထိုထိုဝတ္ထုအတည်ဒြပ်၌ရှိသော။ ရသော၀–အတုံး အလုံး အခဲ အမှုံ အမွှား အရည် အဖတ်လုံး၀ ရှာဖွေ၍မရသော သဘောမျှသက်သက်သာလျှင်ရှိသော ရသာဓာတ်ကို၊ အမ္ဗိလာဒီဟိ နာမေဟိ–အချဉ်အစရှိသော အမည်တို့ဖြင့်၊ အာဒိသဒ္ဒါပါတယ်။ အချဉ်အစရှိသော အမည်တို့ဖြင့် အာဒိသဒ္ဒါနဲ့ အချို အချဉ် အငန် အဖန် အစပ် အခါးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ တို့စာထဲ သဒ္ဒါထဲ ပြထားတဲ့ ၆ ပါးသော အရသာ၊ ခုခေတ်ကျတော့ ဒီ ၆ ပါးက စာထဲပြထားတာ၊ အဲဒီ ၆ ပါးကနေ ဖြာထွက်လာတဲ့တစ်ခါ သင်္ကေတပညတ်ကလေးတွေ ပေါ်လာပြန်ပြီ၊ သိပ်ပြီးတော့ ဆားလိုသိသိသာသာ ငံတာကျတော့ လျှာပေါ်တင်လိုက် ဘယ့်နှယ့်နေရမလဲငံတယ် (ဟုတ်ပါတယ်ဆရာ)။ ကြားဖူးလား (ကြားဖူးပါတယ်ဆရာ)။ ငန်ပြပြလေးနေတယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သကြားလို လုံးဝမချိုဘဲနဲ့ ချိုသော်မှုလေး ပါတဲ့အရည်အဖတ်ကလေး လျှာပေါ်တင်လိုက်တော့ မြည်းလိုက်တော့ ဘာပြလဲ (ချိုမြမြလေးနေပါတယ်ဆရာ)။ ဩော် ချိုမြမြ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါလည်းသင်္ကေတပညတ်ပဲ ခုနရသာဓာတ် ၆ ပါးက နေပြီးတော့ ခွဲထွက်လာတဲ့ စကားလေးတွေနော် (ဟုတ်ပါတယ်ဆရာ)။

ဒီနေရာလေးဟာ ဒီဟာလေဘယ့်နှယ့်နေတုန်း ဟာ ချိုမြမြလေးနေတယ်ဆိုတဲ့ တစ်ဖက်သားက ဘယ့်နှယ်နားလည်၊ အချိုအစစ်ကြီးမဟုတ်ဘူး မသိဘူးလား (သိပါတယ်ဆရာ)။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင် ဒီလိုပညတ်လုံးလေးတွေထုတ်၊ ဒါနောက်ပိုင်းက ဒီလိုဖြစ် ငန်ပြပြလေး ချိုမြမြလေးနော် (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါတွေတော့ ငါကနားလည်တာ ငန်ပြပြလေးဆိုတာ သိပ်မငန်လို့ငံပြပြလေးဆို ငန်ပြပြလေးပြောတာ။ သကြားလို သိပ်မချိုတာတော့ ချိုမြမြလေးအဲဒါတော့ နားလည်တယ်၊ မင်း ငါမေးရဦးမယ် မင်းလည်း နားလည်အောင်ဖြေ ဖန်တွတ်တွတ်ကြီးဆိုတာဘာလဲ (မသိပါဘူးဆရာ)။ အဲ မင်းလည်းမသိဘူး ငါလည်း မသိဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါတွေက နောက်ပေါ်လာတဲ့ ပညတ်လုံးတွေပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဩော် ပညတ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင် ဒီလိုပဲ သမုတ်လာကြတာပဲ။ ဒါကတော့ တို့လူအများကလဲ နားလည်ပါတယ်၊ တစ်ဆင့်စကား

http://www.dhammadownload.com



တစ်ဆင့်အားဖြင့်၊ ချိုမြမြလေးတွေဆိုသိပြီ သကြားလိုမချိုဘူး ထန်းလျက်လိုမချိုဘူး ချိုကာမျှလေး ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ငန်ပြပြလေးဆိုတာ ဟာ ဆားလိုမငန်ဘူးဟ ငန်ကာမျှလေး ငန်တယ်ပြောလောက်အောင်လေး ဒီအရသာမျိုးပြောတာဟဲ့၊ တစ်ယောက်ကလည်းနားလည်တယ် နားမလည်ဘူးလား (နားလည်ပါတယ်ဆရာ)။ အေး အေး တခြားမဟုတ်ပါဘူးလို့၊ ပညတ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက်သိစေမှုအတွက်အားဖြင့် ရှေးဦးမဆွသမုတ်ထားတဲ့ အလုံးလေးတွေ ဒါပညတ်ခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် ဟိုကအဋ္ဌကထာဆရာကပြသွားတာ အချို အချဉ် အငန် အစပ် အဖန် အခါးဆိုတဲ့ ၆ ပါးသော ရသာဓာတ်တခြားမဟုတ်ပါဘူး ရသာမှတ်မနေပါနဲ့။ မင်းတို့ငါတို့ရဲ့ လျှာပေါ်မှာတင်လို့ ဇိဝှါပသာဒဆိုတဲ့ ကမ္ဗဇအကြည်မှန်လေးမှာ လာပြီးတော့ ထိလိုက်တယ်ခိုက်လိုက်တယ်ဆိုရင်ပဲ မင်းတို့ ငါတို့က သိလာနော် (ဟုတ်ပါတယ်ဆရာ)။ အဲ သိလာတဲ့သဘာဝ ဒါဘာလဲဆိုရင်ရသာဓာတ်ပဲ၊ အဲဒီ ရသာဓာတ်ကို အမည်နာမအားဖြင့် ပိုင်းခြားပြီးတော့ မှတ်သားစေခြင်းအကျိုးငှာ ဆိုပြီးတော့ သင်္ကေတပညတ်ကလေးတွေထားလို့။ ဒါအချို ဒါအချဉ် ဒါအငန် ဒါအစပ် ဒါအဖန် ဒါအခါး ဒီလိုမဟုတ်လားကွ (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါကြောင့် တံတံဝတ္ထုတော–ထိုထိုဝတ္ထုဌ် ရှိသော၊ ရသော၀–ရသာဓာတ်ကိုသာလျှင်၊ အမ္ဗိလာဒီဟိ–အချဉ်အစရှိသော၊ နာမေဟိ–အမည်တို့ဖြင့် (ဝါ) အချဉ် အချို အဖန် အစပ် အငန် အခါးဟူသောအမည်တို့ဖြင့်၊ ဘဂဝတာ–မြတ်စွာဘုရား ကိုယ်တော်မြတ်သည်၊ ဝုတ္တော–ဟောကြားတော်မူအပ်၏၊ ဣတိ–ဤသို့၊ ဝေဒိတဗ္ဗော–သိအပ်၏၊ အဲဒီ အချို အချဉ် အဖန် အစပ် အငန် အခါးဆိုတဲ့ ဒီသင်္ကေတပညတ်အားဖြင့် အမှတ်အသား ထားတာ။ ဒါမှ ရသာ ဒီလိုမမှတ်နဲ့၊ အမှန်ကတော့ ထိုထိုဝတ္ထုပစ္စည်းမှာပါလာတဲ့ ရသာဓာတ်ရဲ့ အမည်အနေအားဖြင့် ပညတ်ထားတဲ့သဘာဝလေး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါအင်မတန်ထင်ရှားတယ်။

ဒီတော့ တို့လူစုက ဒါဖြင့်ကောင်းပါပြီ၊ ရသာဓာတ်ဘယ်လိုမှတ်ရမလဲ ရသာဓာတ်ဟာ ဇိဝှါပသာဒခေါ်ထားတဲ့ စောစောကပြောတဲ့ ကံဖြင့်ပြုလုပ်အပ်သော ကမ္ဗဇအကြည်မှန်လေးမှာ လာထင်တဲ့ အရိပ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီအရိပ်ဟာ ရသာဓာတ်ပဲ၊ ဒီအရိပ် ဘယ့်နှယ့် လုပ်သိပ်မလဲ သိတာပေါ့ ကိုင်း မင်းလျှာပေါ်ကို ထန်းလျက်ခဲတင်လိုက်နော် (ဟုတ်ပါတယ်ဆရာ)။ ထန်းလျက်မှာပါလာတဲ့ ရသာဓာတ်နဲ့ မင်းလျှာရှိတဲ့ ကမ္ဗဇပသာဒ အကြည်ရုပ်ကလေးသွားမတိုက် ဘူးလား (တိုက်ပါတယ်ဆရာ)။ တိုက်တော့ ဘာပေါ်လာ (အချိုဓာတ်ပေါ်လာပါတယ်ဆရာ)။ ဟောဗျာ (ရသာဓာတ်ပေါ်လာပါတယ်ဆရာ)။ အဲဒီ ရသာဓာတ် မင်းချိုတယ်လို့ သမုတ်ထားတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ ရသာဓာတ်နော် ချိုချိုချဉ်ချဉ် ဒါရသာဓာတ်ပဲ။ အဲဒီ ရသာ ဓာတ်နဲ့ရသာရုပ်နဲ့ အဲဒီ ဇိဝှါပသာဒဆိုတဲ့ ကမ္ဗဇအကြည်မှန်နဲ့ တိုက်လိုက်တဲ့အခါ တိုက်ဖူးလား

http://www.dhammadownload.com



(တိုက်ပါတယ်ဆရာ)။ တင်လိုက်တယ်ဆို တိုက်တယ်ပေါ့၊ တိုက်တော့ဘာလေးပေါ်လာ (စိတ်ကလေး ပေါ်လာပါတယ်ဆရာ)။ အေး အဲဒီလို လုပ်စမ်းပါနော် (ဟုတ်ပါတယ်ဆရာ)။ စိတ်ကလေးပေါ်လာ (ဟုတ်ပါတယ်ဆရာ)။ စိတ်ကလေးကတော့ ရိုးရိုးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ စိတ်ကလေးက သူ့ဘာလုပ်တတ်၊ စိတ်ဆိုတာဘာလုပ်တတ်လဲ အာရုံကို (အာရုံကိုသိတတ်ပါတယ်ဆရာ)။ ဒြော် အာရုံကို သိတတ်တယ် (ဟုတ်ပါတယ်ဆရာ)။ စိတ်ကလေးက (ဟုတ်ပါတယ်ဆရာ)။

ဒီ စိတ်ကလေးပေါ်လာတယ် ဟုတ်လား (ပေါ်လာပါတယ်ဆရာ)။ အေး အေး ဒါဖြင့် သူလည်း ပေါ်လာ သူကသိတယ်ဟုတ်လား (သိပါတယ်ဆရာ)။ ဘယ့်နှယ်သိ ချိုတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ချိုတယ် သူသိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒြော် ရသာရုံဆိုတဲ့ အာရုံကလေး သူသိတယ်ပေါ့ (သိပါတယ်ဆရာ)။ ဒါပေမဲ့ ဒီစိတ်ကလေးကို စိတ်ကလေးအတိုင်း အတိုင်း မထားဘဲနဲ့ ဘာအမည်လေးထပ်မှည့်တယ် (ဇိဝှါဝိညာဏ်လို့အမည်တပ်ပါတယ်ဆရာ)။ ဒြော် ဇိဝှါဝိညာဏ်စိတ်လို့ တပ်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ ဒီစိတ်ကလေး ရိုးရိုးက ဇိဝှါဝိညာဏ်ဆို ဇိဝှါဆိုတာဘာကြောင့်တပ်ပါလိမ့်၊ ဒီစိတ်ကလေးဟာ ဇိဝှါပသာဒဆိုတဲ့ ကမ္ဗဒအကြည်ရုပ်ကလေး မှီဖြစ်သလား လာတိုက်တဲ့ရသာရုံ အမှီပြုဖြစ်သလား (လာတိုက်တဲ့ ရသာရုံမှီဖြစ်ပါတယ်ဆရာ)။ ဒါဖြင့် ရသာဝိညာဏ်လို့ ခေါ်ပါလားကွ၊ စည်နဲ့လက်ခတ် တိုက်လိုက် တော့ အသံထွက်တယ် ဟုတ်လား (ထွက်ပါတယ်ဆရာ)။ အသံနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အသံကို ဘယ်သူ့အသံ ဘယ်ဝဲ့အသံလို့ အမည်မပေးဘဲနဲ့ ဘာသံခေါ်တယ် (စည်သံလို့ခေါ်ပါတယ် ဆရာ)။ ဘာဖြစ်လို့ စည်သံလို့အမည်တပ်တုန်း၊ ဒီအသံဘယ်သူ့မှီဖြစ်သတုန်း (စည်ကို မှီဖြစ်ပါတယ်ဆရာ)။ ဒြော် ဒါကြောင့် သူမှီဖြစ်တဲ့ဝတ္ထုရဲ့အမည်တပ်ခေါ်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ လက်ခတ်သံလို့များ ခေါ်သလား (မခေါ်ပါဘူးဆရာ)။ ဘာလို့မခေါ်သလဲ (လက်ခတ်ကအသံမထွက်လို့ပါဆရာ)။ လက်ခတ်သံမှီပြီးမဖြစ်လို့ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါနဲ့ မင်းသဘောရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)။ ဒါမှမရှင်းရင်လည်း မင်းနှယ့်ကွာ နှစ်ချက် သုံးချက် ထရိုက်ဖို့ကောင်းတယ်။

စည်းတီးနေတဲ့အခါကျတော့ စည်မျက်နှာပြင်ကပ်နားထောင်ရင် စည်သံဟိန်းနေတာရှိသေး တယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ လက်ခတ်ကျတော့ (မရှိပါဘူးဆရာ)။ နဂိုကတည်းက (ဟုတ်ပါတယ်ဆရာ)။ ဒြော် ဒါဖြင့် ဒီအသံဟာ ဘယ်မှီဖြစ်တာတုန်း (စည်သံမှီဖြစ်ပါတယ်ဆရာ)။ စည်မှီဖြစ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သူ့ဘာသံခေါ်လဲ (စည်သံလို့ခေါ် ပါတယ်ဆရာ)။ ဒြော် သူမှီဖြစ်တဲ့ ဝတ္ထုရုပ်အမည်လေး တပ်ခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ စည်သံပေါ့ (ဟုတ်ပါတယ်ဆရာ)။ အကယ်တန္တု လက်ခတ်များ ဒီအသံလေးမှီဖြစ်ရင် ဘယ့်နှယ့်ခေါ်မယ် (လက်ခတ်သံလို့ခေါ်ပါမယ်ဆရာ)။ အေး ခုလက်ခတ်သံလို့ခေါ်ရဲ့လား

http://www.dhammadownload.com



(မခေါ်ပါဘူးဆရာ)။ ဒါတော့ မင်းနားလည်လား (နားလည်ပါတယ်ဆရာ)။ ကောင်းပါပြီ အခု ဒီ ဇိဝှါပသာဒဆိုတဲ့ ကမ္ဗဇရုပ်ကလေးနဲ့ ပသာဒရုပ်ကလေးနဲ့ ရသာဆိုတဲ့ဓာတ်ကြီးနဲ့ သွားတိုက်တယ် မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)။ ဘာလေးပေါ်လာ (စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ စိတ်ကလေးရိုးရိုးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီစိတ်ကလေးက အာရုံသိတတ်တယ်ပေါ့ (သိတတ်ပါတယ်ဆရာ)။ ဩော် အာရုံသိတတ်လို့ စိတ်ခေါ်တာပေါ့ (ဟုတ်ပါတယ်ဆရာ)။ သူပေါ်လာကာမှ လျှာမှာ ငါ့လာထိတဲ့ရသာဓာတ် ချိုတယ် ချဉ်တယ် ငန်တယ် စပ်တယ် ဖန်တယ် ခါးတယ် ဒီလို ပြောနိုင်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီစိတ်ကလေးတော့ သိတာပေါ့ (သိပါတယ် ဆရာ)။ စိတ်ကလေးရိုးရိုးကို ဘာကြောင့် ဇိဝှါဝိညာဏ်စိတ် ဝိညာဏ်ဆိုတာ စိတ်ခေါ်ပါတယ်၊ ဘာဖြစ်လို့ ဇိဝှါဝိညာဏ်စိတ်လို့ အမည်ပေး (အာရုံကိုသိတတ်လို့ ဇိဝှါဝိညာဏ်စိတ်လို့ပေးတာပါ ဆရာ)။ အာရုံသိတတ်ရင် ဝိညာဏ်ပေါ့ကွ၊ စိတ်ဆိုတာဝိညာဏ်ပဲ ဘာလို့ဇိဝှါဆိုတဲ့အမည်တပ်ပေး ထန်းလျက်ခဲကိုအမှီပြုပြီး ဒါဖြင့်ထန်းလျက်ဝိညာဏ်၊ ဒါဖြင့် ကိုဒိုးလေးလက္ခဏာကြားဖူးတယ် မှတ်သာထားကြ ထန်းလျက်ဝိညာဉ်စိတ်။

ဒီစိတ်ကလေး ဘယ်အမှီပြုဖြစ်သလဲ (ရသာဓာတ်ကိုအမှီပြုဖြစ်ပါတယ်ဆရာ)။ ဟော မလျှော့ဘူးဟေ့ မလျှော့ဘူးဗျာ၊ ဇိဝှါပသာဒမှာမှီဖြစ်တယ်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အောင်မယ် သဘောကျတယ်၊ တည့်တည့်ပြောတော့ ရိပ်မိတယ်ကိုးကွနော် စည်သံနဲ့မတူဘူးလားဟ (တူပါတယ်ဆရာ)။ အောင်မလေး အုံ့ဩစရာကောင်းတယ်ဆိုသလိုကျနေပြီ ဩော် ဇိဝှါပသာဒမှာ မှီဖြစ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ စည်သံနဲ့မတူဘူးလား၊ အေး အေး မင်းငါးလေးခုရှိပြီ ထပ်ပြန်တလဲလဲဒါငါပြောတာ အဲဒါကို သူပြတ်သားအောင်မသိဘူး အခုတော့ ပြတ်သားသွားပြီလား (ပြတ်သားသွားပါပြီဆရာ)။ ကောင်းပြီ မှတ်ထား မှတ်ထား၊ ဒါဖြင့် သူမှီဖြစ်တဲ့ ဇိဝှါပသာဒရဲ့ အမည်လေး ဇိဝှါဆိုတဲ့ အမည်လေးယူခေါ်တာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဒီစိတ်ကလေးကို စိတ်ကလေး ရိုးရိုးစိတ်ကလေးလို့ ဝိညာဉ်လို့မခေါ်ဘဲနဲ့ ဇိဝှါဝိညာဏ်စိတ် ဒီလိုခေါ်တယ် (ဟုတ်ပါတယ် ဆရာ)။ အေး အေး ဒါဖြင့်ကြည့်ကွယ် အဲဒီ ဇိဝှါဝိညာဏ်စိတ်က ဇိဝှါပသာဒမှာ ရသာဓာတ် ကလေးလာတိုက် သူသိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေး အေး အဲဒါလေးမှတ်ထားပါကွ၊ မင်းတို့ငါတို့ရဲ့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ ဓာတ် ၄ ပါးမှာ ဓာတ် ၄ ပါးလုံးအကုန် သဘောသက်သက်ချည်းပဲ သဘောတရားသက်သက်ချည်းပဲ။ ဘယ်ဓာတ်ဖြစ်ဖြစ် ကိုင်လို့လည်းမဖြစ်၊ ယူလို့လည်းမရ၊ အတုံး အလုံး အခဲလည်းမဟုတ်၊ အထည်ဒြပ်သဏ္ဌာန်လည်းမဟုတ်၊ အမှုန်အမွှား၊ အရည်အဖတ်လည်းမဟုတ်၊ အကောင်အထည် လည်းမဟုတ်၊ အကြီးအငယ် အရွယ်အားဖြင့်လည်း မပြောနိုင်။ သို့ကလောက်တောင် အသိခက်နေတဲ့ ဓာတ်ကြီး ဘာနဲ့မှတ်ရပါ့မလဲလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒါမှတ်ကြောင်းလက္ခဏာ

http://www.dhammadownload.com



မှတ်စရာတွေပေးသွားတာ နားလည်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဝဏ္ဏဓာတ်တို့လည်း ဘယ်လိုသိပါ။ ဂန္ဓဓာတ်ကျတော့လည်း ဘယ်လိုသိပါ့၊ အခု ရသာဓာတ်လာပြန်ပြီ ရသာဓာတ် ဒါဖြင့်ရင် ကိုင်လို့တွယ်လို့မဖြစ်၊ ယူလို့မရ၊ ကြည့်လို့မမြင်၊ အတုံး အလုံး အခဲ အမှုန် အမွှား အရည်အဖတ်မှ မဟုတ်ပါဘူးဆိုတော့ သဘောတရားသက်သက်ကလေးဆိုတော့ မသိမခက်ဘူးလား (ခက်ပါတယ်ဆရာ)။ အဲဒီအသိခက်တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီဓာတ်ကိုသိချင်ရင် မှတ်ကြောင်းလက္ခဏာ မှတ်စရာလေးမှတ်ထား။

မှတ်စရာလေးက ဘာလေးလဲဆိုတော့ "ဇိဝှါပဋိဟနနလက္ခဏော ရသော" ရသော-ရသာဓာတ်သည်၊ ဇိဝှါပဋိဟနနလက္ခဏော-ဇိဝှါပသာဒကမ္မဇအကြည်မှုန်ကလေးမှာ ထိခိုက်တတ်သော လက္ခဏာရှိ၏၊ ဟော နားလည်လား (နားလည်ပါတယ်ဆရာ)။ ဇိဝှါပသာဒအကြည်မှုန်လာပြီးတော့ ထိခိုက်တတ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဇိဝှါပဋိဟနနလက္ခဏော-ထိခိုက်တဲ့လက္ခဏာ၊ ဒါဖြင့် ဒီရသာဓာတ်ကလေးဟာ တို့ဘယ်နှယ့်လုပ်သိပါ့မလဲဆိုတော့ လျှာပေါ်တင်ကြည့် သိတာပေါ့တဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ လျှာပေါ်တင်ကြည့်ရင် စောစောကပြောတဲ့ ဇိဝှါပသာဒဆိုတဲ့ ကမ္မဇဓာတ်မှုန်နဲ့မထိဘူးလား (ထိပါတယ်ဆရာ)။ ထိလိုက်ရင် သိ (သိပါတယ်ဆရာ)။ ဩော် သိတာကတော့ တစ်ခြားမဟုတ်ပါဘူး၊ ထိထိချင်း သိသလားဆိုတော့ မဟုတ်ပါဘူး၊ သူတို့နှစ်ခုထိလိုက်တယ်ဆိုရင်ပဲ စိတ်ကလေးပေါ်လာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ စိတ်ကလေးက သိရမှာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ထိတာနဲ့ စိတ်ကလေးပေါ်တာနဲ့ မရှေးမနှောင်း အင်မတန်မြန်တယ်ကွနော် (ဟုတ်ပါတယ်ဆရာ)။ ထိရင်သိပေါ့၊ သိတာဘယ်သူတုန်း စိတ်၊ ရုပ်ရုပ်ချင်းထိတာနဲ့ ဇိဝှါပသာဒကလည်းရုပ်၊ ရသာဓာတ်ကလည်း ရုပ်၊ ရုပ်ရုပ်ခြင်းထိတာနဲ့ ဘယ်သူကသိတာလဲဆိုတော့ သိတာက စိတ်ကလေး ခေါ်တယ် အောင်မယ် ဒါဖြင့် ထိထိချင်းသိတယ် မသိဘူးလား (သိပါတယ်ဆရာ)။ ထိထိချင်းသိဆိုတော့ ထိထိချင်းဒီစိတ်ပေါ်လာလို့ပေါ့ကွာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီစိတ်ကလေး ဘယ့်နှယ့်ပေါ်ပါလိမ့်၊ ပေါ်တာအဆန်းလားလို့၊ မရှေးမနှောင်း သေသေချာချာကြည့်စမ်းပါ အဋ္ဌကထာဆရာပြတဲ့ ဥပမာလေးနဲ့ပြန်ကြည့်။

လက်ခတ်နဲ့ စည်မျက်နှာပြင်နဲ့ခတ်လိုက်၊ စည်မျက်နှာပြင်နဲ့ လက်ခတ်နဲ့ခတ်ပြီးမှ တအောင့်တနားကြာမှ အသံပေါ်သလား (မပေါ်ပါဘူးဆရာ)။ ဘယ်တော့ပေါ်သလဲ (ခတ်ခတ်ချင်းပေါ်ပါတယ်ဆရာ)။ အေး ခတ်ခတ်ချင်းပေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ထိထိချင်း အသံထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)။ ဒီဥပမာလိုပါပဲ၊ ဒီဇိဝှါပသာဒဆိုတဲ့ ကမ္မဇရုပ် အကြည်မှုန်နဲ့ ခုနရသာဓာတ်နဲ့ ရသာဓာတ်ကလည်း ရုပ်ပဲမဟုတ်လား (ရုပ်ပါပဲဆရာ)။ ကမ္မဇ ခုနဇိဝှါပသာဒကလည်း ရုပ်ပဲမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ရုပ်ရုပ်ချင်းတိုက်တာ၊ အဲဒါ

http://www.dhammadownload.com



တိုက်တဲ့ရုပ်တွေထဲမှာကိုပဲ တို့လူစု ဒီအခန်းလေးတော့ နည်းနည်းခက်သေးတာပေါ့။ ဒါပေမဲ့ မှတ်ထားစမ်းပါ၊ ဟိုကလာတိုက်တဲ့ ရသာဆိုတဲ့ အချို အချဉ် အငန် အဖန် အစပ် အခါးလို့ အမည်တပ်ထားတဲ့ ရသာနဲ့ကြည့်ကြည့်ဟဲ့။ ရသာလေးတစ်ခုထဲ လာတိုက်တာမဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်သူတွေပါတုန်း၊ ငါစောစောက မင်းငါပြောထားတယ် ရသာဓာတ် တစ်ခုရှိရင် ဘာတွေရှိရမလဲ ဘာဓာတ်တွေရှိရမလဲ ခွဲလို့မရကောင်းတဲ့ဓာတ်တွေ၊ ဘယ်သူ ဘယ်သူ (ပထဝီ တေဇော ဝါယော အာပေါ)၊ ပြီးတော့ (ဝဏ္ဏ ဂန္ဓ ရသ ဩဇာပါဆရာ)။ ဩော် သိပြီ (ဟုတ်ပါတယ်ဆရာ)။ နားလည်ပြီလား (နားလည်ပါတယ်ဆရာ)။ ဩော် ရသာဓာတ်လာတိုက်၊ ကျန်တဲ့ခုနစ်ပါးက တွဲလျက်လာမယ်နော် (ဟုတ်ပါတယ်ဆရာ)။ သူတို့က တစ်ပေါင်းတည်းနေတာ မဟုတ်လား (တစ်ပေါင်းတည်းပါဆရာ)။ တစ်ခုထဲမျှားခွဲဖြစ်ကောင်းရဲ့လား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူးကွ၊ ဒီပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါးက ဒါ အဋ္ဌကလာပ်ရုပ်ရှစ်ပါးခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ သူတို့ကိုတစ်ခါ အဝိနိဗ္ဘောဂရုပ်လို့ တစ်ခါခေါ်ပြန်တယ်၊ အဝိနိဗ္ဘောဂရုပ်လို့ခေါ်တာ ရုပ် ၈ ပါးဆိုတာ တစ်ခြားမဟုတ်ပါဘူး၊ တစ်ပါးချင်း နှစ်ပါးချင်းခွဲလို့ ဘယ်သောအခါမှမဖြစ်ကောင်းဘူး၊ ၈ ပါးတစ်ပေါင်းတည်း ဖြစ်အတူပျက်အတူ နားလည်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် တို့ဒီလျှာမှာလာထင်တာ ရသာဓာတ်လာထင်တယ်။ ကျန်တဲ့ဓာတ် ၇ ပါးက ထင်ရဲ့လား (ထင်ပါတယ်ဆရာ)။ အောင်မယ် (မထင်ပါဘူးဆရာ)။ အဲဒီလိုလုပ်စမ်းပါ၊ ဒါဖြင့် ကျန်တဲ့ ၇ ပါးက လာမထင်တော့ ကျန်တဲ့ ၇ ပါး မပါသလိုမနေဘူးလား (နေပါတယ်ဆရာ)။ ဒါဖြင့် မပါတာလားဆိုတော့ ပါတယ်၊ ကျန်တဲ့ ၇ ပါးက အားသေးနော် (ဟုတ်ပါတယ်ဆရာ)။ ရသာဓာတ်ကလွန်ကဲလို့ ရသာရုပ်ပဲလာထင်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ တစ်နည်း ရသာက ထင်ကောင်းတဲ့ ဖိဝုါပသာဒမို့လို့ ရသာရုပ်သာထင်ကောင်းတယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ မျက်စိမြင်တုန်းက ဝဏ္ဏဓာတ်ဆိုတာလည်း ဝဏ္ဏဓာတ်တစ်ပါးထဲလာ ဖြစ်သလား (မဖြစ်ပါဘူးဆရာ)။ ဘယ်နှစ်ပါးလာဖြစ် (ရှစ်ပါးလုံးလာဖြစ်ပါတယ်ဆရာ)။ ဩော် ရှစ်ပါးလုံး ဘယ်သူ ဘယ်သူ (ပထဝီ အာပေါ ဝါယော တေဇော ဝဏ္ဏ ဂန္ဓ ရသ ဩဇာပါဆရာ)။ ဩော် ရှစ်ပါးလုံးလာထင်တယ် ဟုတ်လား (လာထင်ပါတယ်ဆရာ)။ ဒါပေမဲ့ ဒီရုပ်ဓာတ် ၈ ပါးထဲမှာ မျက်စိမှာထင်ကောင်းတဲ့ရုပ်က ဘယ်နှယ်ပါးပါလဲ (တစ်ပါးထဲပါပါတယ်ဆရာ)။ ဘယ်သူတုန်း (ဝဏ္ဏဓာတ်ပါဆရာ)။ ဩော် ဒါဖြင့် ကျန် ၇ ပါးက မပါသလိုဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဒါပေမဲ့ ပါတယ်မဟုတ်လား (ပါပါတယ်ဆရာ)။ အေး မှတ်ထား မှတ်ထား ဩော် ဒီရုပ်ဓာတ် ၈ ပါးသည် တစ်ပါးထဲ ဘယ်တော့မှခွဲပြီးတော့ မဖြစ်ဘူးလို့။ အဲဒါလေး တစ်ထစ်ချမှတ်ထားနော် (မှတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒီတော့ တို့လူစုက ဘာနားလည်ရမလဲ။ ဒီကမ္မဇဓာတ်မှန် ပြုပြင်ထားတာကိုက စက္ခုသည် ဝဏ္ဏဆိုတဲ့ ဓာတ်တစ်လုံးထင်ဖို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သောတသည် သဒ္ဒဆိုတဲ့ အသံတစ်လုံးထင်ဖို့၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဃာနသည် ဂန္ဓဆိုတဲ့ အနံ့ရုပ်တစ်လုံး ထင်ဖို့၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဇိဝှါသည် ရသာဆိုတဲ့ဓာတ်တစ်လုံးထင်ဖို့ စီမံထားတဲ့ ကမ္မဇဓာတ်မှန် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ကျန်တဲ့ရုပ်တွေ ထင်ကောင်းပါ့မလား (မထင်ကောင်းပါဘူးဆရာ)။ မထင်ကောင်းလို့မထင်တာ ပါတော့ပါတယ်ပေါ့ (ပါပါတယ်ဆရာ)။ အေး အဲဒါလေးမှတ်ထား ဒါဖြင့်ကြည့်စမ်းကွာ ဇိဝှါပသာဒဆိုတဲ့ လျှာအကြည်လေးမှာ လာပြီးထင်လိုက်၊ ထင်တာက ရသာဓာတ်လာထင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ချိုလိုက်တာ ချဉ်လိုက်တာ ငန်လိုက်တာ စပ်လိုက်တာ ဖန်လိုက်တာ ခါးလိုက်တာ၊ ဘာပဲပြောပြော ဒါရသာဓာတ်ပဲ ချိုရင်ချို ချဉ်ရင်ချဉ်နော် (ဟုတ်ပါတယ်ဆရာ)။ လျှာမှာလာထိရင်ရသာဓာတ်ပဲ။ လျှာလာထိတယ်ဆိုတာ ဘယ်ဓာတ်တုန်းဆိုတော့ ရသာဓာတ်မှ ထိကောင်းတယ်။ ဘာကြောင့် ဇိဝှါပသာဒဆိုတဲ့ ကမ္မဇအကြည်မှန်ကိုက ကံစီမံပေးထဲက ရသာရုပ်ထင်ဖို့ အရသာတည်းဟူသော အရိပ်ထင်ဖို့ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီပြင်ဓာတ်တွေထင်ဖို့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ပါဘူး၊ ဒါဖြင့် ရသာဓာတ်ထင်ဖို့သန့်သန့်ဆိုတော့ ရသာရုပ်လာထင်တာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ရသာရုပ်လာထင်တော့ ဒီပြင်ဓာတ် ၇ ပါး ငုပ်မနေဘူးလား (ငုပ်နေပါတယ်ဆရာ)။ မပါသလို မနေဘူးလား (နေပါတယ်ဆရာ)။ ဒါပေမဲ့ မပါဘဲနေသလား (မနေပါဘူးဆရာ)။ ပါတယ်မဟုတ်လား (ပါပါတယ်ဆရာ)။

အေး ဒါကြောင့် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ၎င်းရုပ်ဓာတ် ၈ ပါးသည် တစ်ပါးချင်းခွဲ၍ ဘယ်တော့မှမဖြစ်။ တစ်ပါးရွေ့လိုက်ရင် ဒီတစ်ပါးကို လက္ခဏာအားဖြင့် တွေ့လိုက်ရင် ဟာ ငါ့လျှာလာထိတာ ရသာဓာတ်၊ ငါ့လျှာလာထိတာရသာဓာတ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရသာဓာတ်ဆိုရင် ကျန်တဲ့ဓာတ် ၇ ပါးပါ တစ်ပေါင်းတည်းပါလာတယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလောက်ထိနားလည်ထား။ ဒါကြောင့် ဒီရုပ်ဓာတ် ၈ ပါးကို ဖိဖိ၊ဖိဖိပြီးတော့ပြနေတာ ဒီရုပ်ဓာတ် ၈ ပါး ပြတ်ပြတ်သားသားကြီး နားလည်သွားလို့ရှိရင် တို့လူစု ဒီ ၃၁ ဘုံ အကုန်လုံးခြုံပြီးတော့ဝေဖန်နိုင်တယ် ဉာဏ်မျက်စိနဲ့နော် (ဟုတ်ပါတယ်ဆရာ)။ အကုန်လုံးခြုံဝေဖန်နိုင်တယ်၊ ဉာဏ်လင်းသွားပြီ ဉာဏ်ပွင့်သွားပြီ ၃၁ ဘုံ အကုန်ခြုံကြည့်ရင် သက်ရှိ သက်မဲ့၊ သက်ရှိရုပ်နဲ့သက်မဲ့ရုပ် ဒီနှစ်ခုအပြင်ဘာရှိသေးလဲ (ဘာမှမရှိပါဘူးဆရာ)။ ဒါပဲရှိတယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အေး အတုံး အလုံး အကောင်အထည် အထည်ဒြပ်သဏ္ဌာန် တုံး တိုင် ရေ မြေ သမုဒ္ဒရာရှိသမျှအကုန် လောကဓာတ်ကြီး အကုန်လုံး အကုန်လုံး ၃၁ ဘုံ အကုန်ခြုံပြီးတော့ ဒီကနေမျက်စိမှိတ်ပြီးတော့ ဉာဏ်နဲ့ ရထားတဲ့ဉာဏ်နဲ့ဝေဖန်ရင် ကုန်ရောနော်

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ ဘယ်နေရာကြည့်ကြည့် အခုပြောနေတဲ့ ရုပ်ဓာတ် ၈ ပါးပဲရှိပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီရုပ်ဓာတ် ၈ ပါးရှိပါတယ်၊ လောကဓာတ်တစ်ခုလုံး အကုန်စုပုံလိုက်ပြန်တော့။ ရေတွက်ကြည့် ရုပ်ဓာတ် ၈ ပါးပဲရှိတယ် ဘာမှမရှိဘူး။

ဒီလိုမြင်ရင် သိလာမှာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒီအခါကျမှ ပိုပြီးတော့ တန်ဖိုးရှိတယ်။ ဒီလိုသိလာပြန်တော့လည်း လောကဓာတ်တစ်ခုလုံး အကုန်ခြုံကြည့်လိုက်ရင် ရုပ်ဓာတ် ၈ ပါးပဲရှိတယ်ဆိုတဲ့ အသိဉာဏ်လည်းရောက်ကရော တို့ ၃၁ ဘုံ အကုန်လုံးသော လောကဓာတ်ကြီးလည်းပဲ သုညဖြစ်သွားရော ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သုညဖြစ်သွားရောဆိုတော့ ဘာပျောက်သွား (ဃနပျောက်သွားပါတယ်ဆရာ)။ ဃနပျောက်သွား ဃနပျောက်သွားတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မြန်မာလို နားလည်အောင်ပြောစမ်း၊ ဃနပျောက်သွားတယ်ဆိုတာပြောစမ်း၊ သုညဖြစ်သွားပြီ သုဉ်းဆိတ်သွားပြီ ဘာတွေပျောက်သွား ဃနဆိုတာ ဘာခေါ်တုန်း (ဃနဆိုတာ လုံးဝဘာမှမရှိပါဘူးဆရာ)။ ဟောဗျာ ဃနဆိုတာလေ ဒုက္ခမှအကြီးစား ဃနဆိုတာ အတုံး အလုံး အကောင်အထည် ဃနခေါ်တာပေါ့ (ပုဂ္ဂိုလ်သတ္တဝါ ပျောက်သွားပါတယ်ဆရာ)။ အဲဒီလိုလုပ်စမ်းပါကွနော် (ဟုတ်ပါတယ်ဆရာ)။ သုဉ်းဆိတ်သွားတယ် လောကကြီးသုဉ်းသွားတယ်ဆိုတော့ ခုနလောကကြီးမှာ မင်းလူတွေ နတ်တွေ ဗြဟ္မာတွေ ဘုံသုံးပါး သတ္တဝါတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)။ ခုန ရုပ်ဓာတ် ၈ ပါးသိလာတဲ့အခါ ရုပ်ဓာတ် ၈ ပါး ကပ်ပြီးဝေဖန်တော့ လောကဓာတ်ကြီးမှာ လူတွေ နတ်တွေ ဗြဟ္မာတွေ ခွေး ဝက် ကြက် ငှက်ဆိုတဲ့ သဝိညာဏက အသက်ရှိတဲ့သတ္တဝါတွေရော၊ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာတွေရော ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဆရာ)။ ဘာတွေရောက်လာလဲ၊ ဟာ ဘာရောက်လာမှန်းလဲမသိဘူး ဘာရောက်မှန်းလဲမသိဘူး ဒုက္ခမှ အကြီးစားပဲဟေ့၊ ခုနပုဂ္ဂိုလ် သတ္တဝါ တုံး တိုင်တွေရောပျောက်သွား၊ လောကဓာတ်ကြီး ပျောက်သွားပြီပေါ့ (ပျောက်သွားပါပြီဆရာ)။ သူတို့ပျောက်သွား ဘာတွေရောက်လာတုန်း ဘာတွေရှိနေတုန်း (သဘောတရားသက်သက်ကလေးသာရှိပါတယ်ဆရာ)။ အဲ ရှိုးချပြီအဲဒါ၊ ဘာသဘောတရားသက်သက်တုန်း (ရုပ်ဓာတ်ရှစ်ပါးပါဆရာ)။ အေး ဟုတ်တယ် ဟုတ်တယ်၊ ရုပ်ဓာတ် ၈ ပါးပဲရှိတော့တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာရှိသလဲမေးရင် ရုပ်ပဲရှိတော့တယ် ရုပ်ဓာတ် ၈ ပါးပဲ ရှိတော့တယ်၊ တကယ်ကြည့် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

အဲ ရုပ်ဓာတ် ၈–ပါးရှိတော့ တုံးတွေ၊ တိုင်တွေ ပျောက်ရဲ့လား။ အကောင်အထည်တွေ ပျောက်ရဲ့လား။ ဟာ ရုပ်ဓာတ် ၈–ပါးရှိတယ်ဆိုတဲ့ သိလာတဲ့ အသိဉာဏ်ဟာ ရုပ်ဓာတ် ၈–ပါး သဘောတရားသက်သက်ပဲဆိုတော့ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်တွေ ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ အေး အေး အဲဒီလို ပျောက်သွားတာကို ဒါသုညဖြစ်သွားတယ်လို့ –

http://www.dhammadownload.com



သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။

အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စု ပရော သိယာ။

ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ (သုတ္တနိပါတပါဠိ၊ ၄၄၇)

ဘုရားကိုယ်တော်မြတ် ဟောသွားတာ။

မောဃရာဇ–ချစ်သား မောဃရာဇ၊ လောကံ–လှုပ်လှုပ်ရှရှ မြင်သမျှဆိုတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေ ခွေး ဝက် ကြက် ငှက် အကောင်အထည် အထည်သဏ္ဌာန်အားဖြင့် ထင်ရှားသွားလာနေကြတဲ့ သတ္တလောကကြီးကို၊ သုညတော–သုညဖြစ်အောင်၊ အဝေက္ခဿု–ပညာမျက်စိမမြင်မြင်အောင် ကြည့်ကြည့်ပါလော့။ ပညာမျက်စိတပ်ကြည့်စမ်းတဲ့ ချစ်သား၊ ဒီလှုပ်လှုပ်ရှရှနဲ့ အကောင်အထည်တွေ၊ ပုဂ္ဂိုလ်တွေ သတ္တဝါတွေ ယောက်ျား မိန်းမ ၃၁ ဘုံအကုန်လုံး ရှိတယ်ရှိတယ်နဲ့ သမုတ်ထားတဲ့ သတ္တလောကကြီးတစ်ခုလုံး သုညဖြစ်သွားအောင် ကြည့်စမ်းနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီစာတ် ၈ ပါးမှ နားမလည်ရင် ဒီသတ္တလောကကြီး သုညဖြစ်အောင် ကြည့်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မျက်စိမှတ်ထားပြီးကြည့်။ မမြင်မြင်အောင် ဒါကြည့်နော် (ဟုတ်ပါတယ်ဆရာ)။ ကြည့်တော့ ပုဂ္ဂိုလ်သတ္တဝါမြင်မှာပေါ့ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ ဒါပကတိမျက်စိနော် (ဟုတ်ပါတယ်ဆရာ)။ တုံးတွေ တိုင်တွေ မြင်မှာပေါ့၊ တောတွေ တောင်တွေ မြင်မှာပေါ့ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ ဘယ့်နှယ့်လုပ်ကြည့်ပါ့မတုန်း၊ လှုပ်လှုပ်ရှရှ အကောင်အထည်တွေ သွားလာ ရောင်းဝယ် ဖောက်ကား စားသောက်နေကြတာတွေ။ ဒီသတ္တဝါအနန္တ ထင်ရှားရှိနေတာတွေ တော တောင် ရေ မြေ သမုဒ္ဒရာထင်ရှားရှိ၊ ဝတ္ထုပစ္စည်းတွေထင်ရှားရှိ ဒါကြီး လုံးဝသုဉ်းဆိတ်ပျောက်ကွယ်သွား သုညဖြစ်အောင်ကြည့်ပါဆိုလို့ ဒီရုပ်ဓာတ် ၈ ပါးကိုက သဘောတရားသက်သက်ကလေးအနေကလေးနဲ့ရောက်အောင် သင်ကြားတတ်မြောက် လိမ္မာမှု မရှိရင် ဘယ့်နှယ့်လုပ်ဖြစ်ပါ့မလား ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ပျောက်ပါ့မလား (မပျောက်ပါဘူးဆရာ)။ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး၊ ဒါဖြင့် ခုဒီရုပ်ဓာတ် ၈ ပါးကို ချေမွပြီးတော့ တစ်လုံးချင်းတစ်လုံးချင်း ရှင်းလင်းပြီးတော့သဘောစစ်ကြည့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အဲဒီ သဘောအစစ်ကိုလည်းသိလာရော၊ သဘောတရားသက်သက်ဆိုတဲ့ အကောင်အထည်တွေပျောက်၊ အမှုံအမွှားပါမရှိ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ဘာမှမရှိဘူး၊ ဘာတွေရှိလဲဆိုတော့ သဘော ၈ ခုပဲနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီအသိဉာဏ်တွေဆိုက်ရောက်လာမယ်၊ အဲဒီအသိဉာဏ်တွေပြတ်သွားတော့ တို့လူစုဘာဖြစ်မလဲဆိုတော့ ဟာ ရူပပရိစ္ဆေဒဉာဏ်ရပြီ နော် (ဟုတ်ပါတယ်ဆရာ)။ ရူပပရိစ္ဆေဒဉာဏ်ရပြီ၊ မြန်မာလိုပြောတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ရုပ်တရားကြီး သဘောတရားဆိုက်အောင် သဘာဝအနေအားဖြင့် ထိုးထွင်း၍ တို့

http://www.dhammadownload.com



သိနေကြပြီ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲလိုသိတော့ဘာဖြစ်လဲ၊ ပညာဖြစ်သွားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါမှ ပညာလို့၊ ဒီပညာမှ ပညာစစ်ပညာမှန်ခေါ်တယ် အဲဒါပညာပဲတဲ့ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ နာမ်တရားဆိုတာကတော့ ဒီလောက်အတုံး အလုံး အခဲ အကောင်အထည်အနေအားဖြင့် သူသူငါငါ လူတကာမစွဲပါဘူး မယူဆပါဘူး ဘာဖြစ်လို့ နာမ်ဆိုတာ အမည်တော့ နာမ်တပ်ခေါ်ထားတယ်။ ဘာခေါ်လဲဆိုတော့ စိတ် စေတသိက် မင်းတို့ငါတို့ဖြစ်နေတဲ့ စိတ်ကလေးတွေပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ စိတ်ကလေးပြောတော့ စေတသိက်လည်း နားလည်သွား၊ ဩော် စိတ် စေတသိက်ကျတော့ လူမမယ်ကလေးအရွယ်ကစသိပါတယ်၊ သူငယ် မင်းဖြစ်နေတဲ့ စိတ်ကလေးတွေမင်းသိရဲ့လား ဟာ သိတာပေါ့၊ စိတ်ရှိလို့ပေါ့ဗျာ တော်ကြာ စိတ်ကဆိုးလိုက် စိတ်ကကောင်းလိုက် စိတ်တိုလိုက် စိတ်ရှည်လိုက် မဟုတ်ဘူးလားကွ (ဟုတ်ပါတယ်ဆရာ)။ ဆိုပါဦးကွာ အဲဒီ ဒီသူငယ်မင်းဖြစ်နေတဲ့ စိတ်ကလေးနေစမ်းပါဦး။ အဲဒါ အတုံး အလုံး အခဲလေးတွေလား၊ အဖြူ အပြာ အဝါလေးတွေလာမေးရင် သူပြောမယ်မဟုတ်လား၊ ဟာ ဘာမှ မဟုတ်ဘူးဗျာ ဘာမှရှာမရဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကျတော့ လူပြိန်းလည်း သိပါတယ်။

ဟောဒါဖြင့် စိတ် စေတသိက်ခေါ်ထားတဲ့ နာမ်တရားကျတော့ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့် ဃနပညတ်ကြီးကမရှိပါဘူး။ နဂိုကတည်းက ပြိုပြီး ပျက်ပြီး ဖြစ်နေနော် (ဟုတ်ပါတယ်ဆရာ)။ ဒါ နာမ်ကျတော့ သိပ်အရမခဲယဉ်းဘူး၊ ဟော ဒီရုပ်ကျတော့ သူသူငါငါဘုံသုံးပါးရှိတဲ့ အန္ဓပုထုဇဉ် ပညာမျက်စိမရှိတဲ့သတ္တဝါများ ပညာမျက်စိ လုံးဝမရှိထားတော့ တုံးမြင်လည်း တုံးမှတ်ထား၊ တိုင်မြင်လည်း တိုင်မှတ်ထား၊ လူမြင်လည်း လူမှတ်ထား၊ အကောင် အထည်မြင်လည်း အကောင်အထည်မှတ်ထား၊ အထည်ဒြပ်သဏ္ဌာန်မြင်လည်း အထည်ဒြပ်သဏ္ဌာန် မှတ်တာ မမှတ်ဘူးလား (မှတ်ပါတယ်ဆရာ)။ အေး အဲဒီ ရုပ်ဓာတ်ကြီးက အကြေအမွ သိပ်မလွယ် လှဘူး၊ အင်မတန်ခဲယဉ်းတယ်၊ အင်မတန်ခက်ခဲတဲ့တရားကြီးခေါ်တယ်။ ဟောဒီ ရုပ်ဓာတ် ၈ ပါးကို ရုပ်တရားကို ပြတ်ပြတ်သားသားနဲ့ ချေမွပြီးတော့ သဘောသက်သက်ကလေး ဆိုက် သွားအောင် မြင်တတ်ထင်တတ်မှတဲ့။ ဒီလို မြင်ပြန်ထင်ပြန်တော့ အဲဒါ ပညာစစ်ပညာမှန်ခေါ်ပါတယ်။ သမ္မာဒိဋ္ဌိဉာဏ်ပညာတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သူမှ ပညာစစ်၊ အင်မတန် တန်ဖိုးရှိတယ်။ ထားပါတော့ တမြန်နေ့ကတို့ပြသွားတဲ့ ပညာရဲ့လက္ခဏာတို့ ရသတို့ ပစ္စုပဋ္ဌာန်တို့ ပဒဋ္ဌာန်တို့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်လိုတန်ဖိုးရှိတဲ့ပညာလဲ "ယထာသဘာဝ ပဋိဝေဓလက္ခဏာ ပညာ"တဲ့။

ကိုယ်တော်မြတ်ဟောတော်မူတဲ့ ရုပ်တရားနာမ်တရားကို သဘောအားဖြင့် သဘောရောက် အောင်ထိုးထွင်း၍ သိတတ်တဲ့လက္ခဏာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပဲလား မဟုတ်ဘူး၊ "ဓမ္မာနံ သဘာဝပဋိစ္ဆာဒကမောဟန္ဓကာရဝိဒ္ဓံသနရသာ" အဲဒီပညာဆိုတဲ့ စေတသိက်က

http://www.dhammadownload.com



ဒီပညာကဘာများလုပ်တတ်၊ သူ့ကိစ္စပြောစမ်းပါဆိုတော့ "တေသံ တေသံ ဓမ္မာနံ သဘာဝပဋိစ္ဆာဒက မောဟန္ဓကာရဝိဒ္ဓံသနရသာ" ထိုထိုမြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ရုပ်ဓမ္မ နာမ်ဓမ္မ တရားတို့ကို ပါဠိအနေနဲ့ သဘာဝက သဘောတရားသက်သက်၊ ပဋိစ္ဆာဒက–မမြင်အောင် ဖုံးလွှမ်းထားတယ်၊ အဲဒီရုပ်တရားနာမ်တရားရဲ့ သဘောတရားသက်သက်ကလေးကို အသိဉာဏ် မပေါ်အောင် ဖုံးထားတယ်။ ဘယ်သူဖုံးတုန်း၊ မောဟန္ဓကာရ–မောဟတည်းဟူသော အမိုက်တိုက်ကြီး တဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်လောက်အံ့ဩစရာကောင်းလဲ၊ အဲဒီမြတ်စွာဘုရား ကိုယ်တော်မြတ်ဟောတော်မူတဲ့ ရုပ်တရားနာမ်တရားနှစ်ပါးကို သဘောမျှသက်သက်ကလေးဆိုတဲ့ အသိဉာဏ်မပေါ်ထွက်အောင် လုံးလုံးကြီးမသိအောင်ဖုံးကွယ်ထားတဲ့ မောဟတည်းဟူသော အမိုက်တိုက်ကြီး၊ အမိုက်မှောင်တိုက်ကြီးကို ဟောဒီပညာက ဖျက်ဆီးတတ်တဲ့ သတ္တိရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒါဖြင့် မင်းတို့ငါတို့ ဒီရုပ်တစ်လုံးနာမ်တစ်လုံးမှာ ပြတ်ပြတ်သားသား အဓိပ္ပါယ်အားဖြင့် သဘောတရားလေး ဆိုက်သွားအောင်၊ ယထာဘူတဉာဏ်ကြီးပေါ်ထွက်လာအောင် ဘယ်သူလုပ်၊ မသိအောင်ကောဘယ်သူလုပ် ဘယ်သူလုပ်ပါလိမ့် မောဟတည်းဟူသော အမှောင် တိုက်ကြီးက ဖုံးထားပြီးလုပ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သိအောင် ဘယ်သူ လုပ်ပါလိမ့်၊ ဟောဒီပညာဆိုတဲ့စေတသိက်က ၎င်းရုပ်သဘာဝ နာမ်သဘာဝလေး သဘော တရားဆိုက်အောင် မသိအောင် ဖုံးကွယ်ထားသော အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီးကို ဖျက်ဆီးနိုင်တယ်၊ သူဖျက်ဆီးလို့ဖြစ်တာ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒါသူရဲ့သတ္တိ သူရဲ့ကိစ္စပဲ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ကိစ္စ၊ လက္ခဏာ ရသဆိုတာ ကိစ္စ ခေါ်တယ်။ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်၊ "အသမ္မောဟပစ္စုပဋ္ဌာန်" ဆိုတော့ မတွေဝေ မဖုံးလွှမ်းသော အဓိပ္ပါယ်နှင့် ရှေ့ရှုထင်၏။ ပညာများရလာပြီဆိုမှဖြင့် တွေဝေခြင်း ဖုံးလွှမ်းခြင်း မရှိတော့ဘူးတဲ့ တွေတွေဝေဝေ မဖြစ်တော့ဘူး။ ဘယ်လို တွေတွေဝေဝေတုန်း၊ ဘုရားဟောသွားတဲ့ တရားဟာ ဟုတ်မှဟုတ်ပါ့မလား သဘောတရားသက်သက်ကလေးဆိုတာ မှန်မှမှန်ပါ့မလား၊ ပြောလို့သာ တို့နား ကြားနေရတယ် ဘာမှမရှိဘူး သဘောသာရှိတယ်ဆိုပေမဲ့ ဟုတ်ချင်မှဟုတ်မှာ၊ အမှုံအမွှားလေးများ ရှိသေးလား မေးတယ်နော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီလို ဟိုဘက်တစ်ဝက် ဒီဘက်တစ်ဝက် ယုံထင်ကြောင်ထင်ဆိုတဲ့အနေအားဖြင့် တွေဝေတဲ့ သဘော။ ဟောဒီ ပညာဆိုတဲ့အသိဉာဏ်လည်းပေါ်လာရော လုံးဝမရှိတော့ပါဘူး။ မင်းတို့ရှိသေးလား ပထဝီဓာတ် အမှုံအမွှားလေးများရှိသေးလား (မရှိပါဘူးဆရာ)။ ရှိတာလေးများ ဖဝေဖဝါရှိသေးသလား (မရှိပါဘူးဆရာ)။ မသေမချာရော (မရှိပါဘူးဆရာ)။ ဟော သေသေချာချာဖြစ်သွားပြီပေါ့ (ဟုတ်ပါတယ်ဆရာ)။ မရေမရာလည်းမဟုတ်ဘူး ဖဝေဖဝါလည်းမဟုတ်ဘူး မသေမချာလည်း မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ရေရေရာရာ သေသေချာချာ ဒီလိုသိပြီးပြတ်သားနေရမယ်။

http://www.dhammadownload.com



ဒါသိ၊ ဘယ်သူ့သတ္တိလဲဆိုတော့ ခုနပြောတဲ့ ပညာရဲ့သတ္တိပဲ။ အဲဒီလိုဉာဏ်အားဖြင့် ရှေးရှုထင်တဲ့ သဘော။ ဒါဖြင့် သူ့ဒီပညာဆိုတဲ့ စေတသိက်တစ်လုံးဟာ သူ့ဒီပညာဆိုတဲ့တရားကြီးဖြစ်လာ။ အနီးဆုံးအကြောင်း ဘယ်သူလဲဆိုတော့ သမာဓိပဋ္ဌာနာ–သမာဓိက အနီးဆုံးအကြောင်း သမာဓိမှီပြီး ဖြစ်တာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သမာဓိဆိုတာဘာလဲ အာရုံတစ်ပါးပျံမသွားဘဲနဲ့ တစ်ခုထဲစိုက်ပြီးတော့ အာရုံယူထားတာ ဒါသမာဓိခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အစိက္ခေပေါ် သမာဓိဆိုတာ ပျံ့လွင့်တဲ့သဘောတရားမရှိတာတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

တည်ငြိမ်နေတဲ့ သဘောလေး ဒါသမာဓိ၊ ဒါဖြင့် ဒီပညာဆိုတဲ့ စေတသိက်ပေါ်ထွက်လာဖို့ မင်းတို့ငါတို့ ပထဝီဓာတ်တစ်လုံးကို ပြတ်ပြတ်သားသားနဲ့ အတုံး အလုံး အခဲတွေပျောက်၊ အမှုံ အမွှားတွေပျောက်၊ အရည် အဖတ်တွေပျောက်ပြီးတော့ သဘောသက်သက်ကလေးရောက်လာအောင် အသိဉာဏ်ဆိုတဲ့ ပညာပေါ်လာအောင် သမာဓိက နီးစွာသောအကြောင်း အနီးဆုံးသောအကြောင်း ဆိုတော့ ဘယ်သမာဓိမှီဖြစ်ပါလိမ့်၊ ဘယ်သမာဓိမှီဖြစ် ရက်အားဖြင့်လအားဖြင့် ကြာရှည်လေးနက်စွာ သွားပြီးတော့ လုံခြုံတဲ့နေရာ ဆိတ်ငြိမ်တဲ့နေရာသွားပြီးတော့ သမာဓိများ သီးသန့်ထူထောင် ရသေးသလား (မထူထောင်ရပါဘူးဆရာ)။ သူ့သူငါငါလူတကာ အခုလာတဲ့ ပရိသတ်အမြောက်အများ လာပြီး တရားနာတယ်ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီက သင်ကြားပြသပေးတဲ့ ဝဒန္တပုဂ္ဂိုလ်ဆိုလို့တဲ့ စကားအဓိပ္ပါယတ္ထ အာရုံအိမ်ပြန်သွားတာတွေ၊ အရောင်းအဝယ်အတွက် လျှောက်သွားတာတွေ၊ ဟိုရွှေ့ဒီရွှေ့ လျှောက်သွားတာ။ ဒါ မင်းတို့စိတ်ဆိုတာ အင်မတန်မြန်တယ် နော် ဒါဖြစ်တတ်လို့ငါပြောနေတာ ကိစ္စလေးပြော စိတ်ဆိုတာ ဘယ်လောက်မြန်လဲလို့။

ဆွမ်းတော်ပွဲလေးကိုင် ဘုရားကိုယ်တော်မြတ် ဆွမ်းတော်ကပ်နော် (ဟုတ်ပါတယ်ဆရာ)။ ဆွမ်းတော်ပွဲလေးကပ်ပြီးတော့ ဘုရားကိုယ်တော်မြတ် ဆွမ်းတော်ကပ်တယ်၊ အစကပ်တုန်းကတော့ ဘုရားအရင်ရှိခိုးတယ်၊ အစိန္တေယျ အစိန္တေယျ အစိန္တေယျ အစိန္တေယျ ဘုရားရှိခိုးကလည်း သိပ်ပြီးတော့ ကျယ်ကျယ်ဝန်းဝန်းမရတော့ အစိန္တေယျမှာချည်းပဲ အခါ ၆၀ လောက်ထပ်နေတယ် နော် (ဟုတ်ပါတယ်ဆရာ)။ အစိန္တေယျ အစိန္တေယျ အဲဒီလိုထပ်နေ မျက်စိက ဘုရားနောက်က ကြွက်လျှောက်ကလေးသွားပြီးတော့ မျက်စိကစိုက်ထား၊ ပထမတော့ ဘုရားကြည့်နေတာပေါ့ ဆွမ်းတော်ပွဲလေးကပ်ပြီးတော့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဆွမ်းတော်တင်စားနေတဲ့ ကြွက်ကလေးက တိုင်ကြားထဲကနေပြီးတော့ ထွက်လိုက်ဝင်လိုက် ထွက်လိုက်ဝင်လိုက်လုပ်နေ။ ဒီက အစိန္တေယျဆိုရင် ပြန်ဝင်သွားပြီးတော့ လစ်လိုက်ရင် ခေါင်းလေးကပြူလိုက်ရင်းနော် (ဟုတ်ပါတယ် ဆရာ)။ ပါးစပ်ကဆိုတုန်းကတော့ အစိန္တေယျ အစိန္တေယျ အစိန္တေယျ၊ အဲဒီ ကြွက်ကလေး ခေါင်းလေးက လူကြည့်လူကြည့်လုပ်တာ အာရုံကကပ်သွား၊ စိတ်အင်မတန်မြန်တယ်။ ဘုရားစိတ် ပျောက်သွား၊ ကြွက်စိတ်ရောက်သွားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ အစိန္တေယျ အစိန္တေယျ

http://www.dhammadownload.com



အစိန္တေယျ အစိန္တေယျကနေ ဘယ်ကူးလဲဆိုတော့ အစိန္တေယျ အစိန္တေယျ အစိန္တေယျ အစိန္တေယျ ပြူတစ်ပြူတစ် ဟော ဖြစ်သွား နားလည်လား (နားလည်ပါတယ်ဆရာ)။ မမြန်ဘူးလား (မြန်ပါတယ် ဆရာ)။ အဲဒီပြူတစ်နဲ့ အတော်ကြီးကြာအောင်နေပြီးမှ သတိတစ်ခါပြန်ရပြီးတော့ ဘုရားဘက် တစ်ခါပြန်လှည့်လာ အစိန္တေယျဆီနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလို စိတ်ဆိုတာ အင်မတန် မြန်တတ်တယ်၊ ဒါတရားနာရင်းမတ်တတ် ဘုရားရှိခိုးရင်းမတ်တတ်နော် တစ်ချို့ကမေးတယ်။ မင်းဘုရားရှိခိုးဆုံးအောင်ခိုးတတ်ရဲ့လား ဘုရားရှိခိုးဆုံးဖူးရဲ့လားမေးလိုက်ရင် တဖက်သားတော့ တော်တော်ဒေါသဖြစ်တယ်။

ဟာ ဘုရားရှိခိုးတော့ ဘယ့်နှယ့်ဘုရားရှိခိုးမဆုံးရမှာလည်း ကိုယ်ကျက်ထားတဲ့ ဘုရား ရှိခိုးဆုံးအောင်ခိုးတာပေါ့ မဟုတ်ဘူး၊ တချို့လည်းဘုရားရှိခိုးရတယ် လက်အုပ်ချီပြီးတော့ အစိန္တေယျ စပြီးတော့ဆိုသွားလိုက်တာ ပါးစပ်ကတော့ ကျက်ပြီးသား ညက်ညက်ကျေနေတော့ အကုန်လျှောက် ဆိုသွားနော် (ဟုတ်ပါတယ်ဆရာ)။ စိတ်ကဘယ်ရောက် ရောင်းမှုဝယ်မှုရောက်သွားတယ်၊ ဈေးရောင်းသွားတယ် မြို့ရေးရွာရေးရောက်သွားတယ်၊ ဟိုမြို့ဒီရွာရောက်သွားတယ်၊ ရောက်ဖူးလား (ရောက်ပါတယ်ဆရာ)။ အဲဒါ အဖျားသတ်ကျတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာများ ရောက်ရပါလို၏အရှင်ဘုရားဆိုကျတော့ ရှေ့ဆိုစရာမရှိတော့မှ ဘုရားရှိခိုးဆုံးမှန်းသိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့မှ ကုန်းပြီးဦးချတယ်၊ ဒါဘုရားရှိခိုးဆုံးအောင်ခိုးဖူးရဲ့လားလို့ တချို့ကလည်းမေးတယ်၊ ဆုံးအောင် ဘုရားရှိခိုး ခိုးတတ်လို့လားလို့မေးတယ်။ ဒါပေမဲ့ ရောက်ချင်ရာ ရောက်သွားတယ် အာရုံက စိတ်ကလေးကအင်မတန်လျင်မြန်တယ်၊ မမြန်ဘူးလား (မြန်ပါတယ် ဆရာ)။ အဲဒါ စိတ် စိတ် စိတ်ရဲ့သတ္တိနော်။

ဒါကြောင့် ဒီသမာဓိဆိုတာ အဲဒီလိုစိတ်ဟိုသွားဒီသွား မသွားဘဲနဲ့ တစ်ခုတည်းသော အာရုံကို စိုက်ထားတဲ့သဘောလေးဟာ တစ်မိနစ်ကြာလည်း သမာဓိရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ စက္ကန့် ၃၀ ကြာလည်းသမာဓိပဲ၊ တစ်နာရီကြာလည်းသမာဓိပဲ မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါအဲသလို စက္ကန့်မိနစ်အနေအားဖြင့် အာရုံတစ်ပါးမသွားဘဲနဲ့ အာရုံတစ်ခုထဲစိုက်ပြီးတော့ ထားရင် အဝိက္ခေပလက္ခဏာလို့ပြထားတယ်။ အာရုံထဲမပျံ့ဘဲနဲ့ ဒီအာရုံထဲမရှိဘဲနဲ့ တည်ငြိမ်နေမှုကို သမာဓိခေါ်ပါ၏နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့တရားပွားများအားထုတ်တဲ့ ဒီစျာန်လမ်း သမထလမ်းကပွားများအားထုတ်တဲ့ သမာဓိကဒီလိုနဲ့မရဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုနဲ့ မရဘူး၊ ဟိုကျတော့ စည်းကမ်းကြီးတယ် စည်းကမ်းအင်မတန်ကြီးတယ်၊ သမာဓိလည်း အထူးသဖြင့် ထူထောင်ရတယ်။ အဲ ဟိုသမာဓိကတစ်မျိုးစျာန်လမ်း၊ သမာဓိလမ်းကျတော့ သမာဓိကျကျနန သူ့စည်းကမ်းနည်းလမ်းအတိုင်း ကျကျနန ထူထောင်ရတယ်။ ခုဒါဖြင့် ဒီပထဝီဓာတ်တစ်လုံးကို သဘောတရားလေးဆိုက်အောင် ပြတဲ့နေရာမှာ အတုံး အလုံး အခဲ အထည်ဒြပ်သဏ္ဌာန်တွေ

http://www.dhammadownload.com



လုံးဝပျောက်ကင်းပြီးတော့ ဟာ ပထဝီဓာတ်ဆိုတာ သဘောသက်သက်ကလေးပါပဲ သိပြီမဟုတ်လား (သိပါပြီဆရာ)။ အဲဒီ အသိဉာဏ်လေးဟာ ပညာမဟုတ်ဘူးလား (ပညာပါဆရာ)။ ဒါဖြင့် ဒီပညာဆိုတဲ့ အမောဟပညိန္ဒြေစေတသိက်ကြီးဟာ ပေါ်ထွက်လာတယ်၊ အနီးဆုံးအကြောင်း ဘယ်သူလဲ ဆိုတော့သမာဓိ သမာဓိစာတ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်အချိန်သမာဓိထူထောင်ပါလိမ့်မလဲ၊ ဒီပညာအသိဉာဏ်ကြီးပေါ်ထွက်လာအောင် ဘယ်အချိန်များသွားပြီးထူထောင်ပါလိမ့်၊ ဆိတ်ငြိမ်တဲ့ နေရာ ဘယ်များသွားပြီးထူထောင်ပါလိမ့် မေးစရာမလိုဘူးလား (လိုပါတယ်ဆရာ)။ ဘယ်မှသွားပြီး သီးသန့်ထူထောင်တာ မဟုတ်ပါဘူးလို့၊ အခုလိုပဲ လူအပြောက်အပြားလာပြီးတော့ ဒီက ဝဒန္တပုဂ္ဂိုလ် ဆိုလို့တဲ့၊ ပုဂ္ဂိုလ်ရဲ့ပြောဆို ပြသ သင်ကြားပေး။ တို့လူစုက ဟောဒီစုရုံးပြီးတော့ အကုန်လုံး အာရုံလေးတွေ စောစောကပြောသလို တိုက်ပြန်မသွားတာတွေ၊ အိမ်ပြန်မသွားတာတွေနော် (ဟုတ်ပါတယ်ဆရာ)။ ရောင်းရေးဝယ်တာတွေ၊ ဟိုဘက်တွေမလှည့်တာတွေ၊ တောင်ကြောင့်ကျ မြောက်ကြောင့်ကျဆိုတဲ့ ကြောင့်ကျခပ်သိမ်းကင်းငြိမ်း၊ ဒီက ဝဒန္တဟောပြောနေတဲ့ပုဂ္ဂိုလ် သင်ကြား ပြသပေးတဲ့ပုဂ္ဂိုလ်ရဲ့ အသံထွက်စကားလုံးလေးတွေ တစ်လုံးချင်း တစ်လုံးချင်း တစ်လုံးချင်း မိမိနားထဲမှာ ကိုင်ပြီးသွင်းသလိုပေါ့ အဓိပ္ပါယ်အားဖြင့် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အဲဒါလေးတွေ တည်ငြိမ်စွာနဲ့ ဣန္ဒြေရရနဲ့ နာယူမှတ်သားလို့ ဒီပထဝီဆိုတာ သဘောမျှ သက်သက်ကလေးပဲဆိုတဲ့ ပညာအသိဉာဏ်ကြီးပေါ်လာတယ် မဟုတ်ဘူးလား (ပေါ်လာပါပြီဆရာ)။ ဒါ "သမာဓိပဒဋ္ဌာနာ" သမာဓိအနီးဆုံးသော အကြောင်းကြောင့် ဖြစ်လာတယ်ဆိုတာ မထင်ရှား ဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး အဲဒီ သမာဓိကတစ်မျိုးဆိုတာ မှတ်ထားနော် (ဟုတ် ပါတယ်ဆရာ)။ အဲဒီလို ဒီအင်မတန်မွန်မြတ်တဲ့ သမာဓိဉာဏ် အမြင်မှန်ရအောင် ပေါ်လာတဲ့ ပညာဆိုတဲ့ သဘာဝရဲ့ လက္ခဏာတို့ ရသတို့ ပစ္စုပဋ္ဌာန်တို့ ပဒဋ္ဌာန်တို့ တစ်မြန်နေ့ကတော့ ပြောခဲ့ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ခုလည်းပဲ တို့ဒီရသာဓာတ်တွေမှာ သဘောတရား သက်သက်ကလေးဆိုတဲ့ အဓိပ္ပါယ်ကြီးကို ပြတ်ပြတ်သားသား နားလည်သွားအောင်နော် (ဟုတ်ပါ တယ်ဆရာ)။ ဒါသင်္ကာယခွာတယ်ခေါ်ပါတယ်၊ ရသာဓာတ်ကြီးသည် ဘာကချဉ်တယ်၊ ညာက ချဉ်တယ်၊ ဘာကချိုတယ်၊ ဘာကချိုတယ်လို့ ဝတ္ထုပစ္စည်းပေါ်တင်မနေဘဲနဲ့ အမှန်ကတော့ ဒီဝတ္ထုပစ္စည်း အထူးထူးသော ဝတ္ထုပစ္စည်းတွေမှာ ထင်ရှားရှိတဲ့ ရသာဓာတ်ရဲ့ အမည်နာမအားဖြင့် သင်္ကေတ အမှတ်အသားပေးထားတဲ့ ပညတ်တွေပဲ၊ ဒီလို နားလည်ထားရမယ်နော် (ဟုတ်ပါတယ် ဆရာ)။

ဒါဖြင့် ရသာဓာတ်ကို အစစ်အနေအားဖြင့် သိအောင်ရှာကြစို့ရဲ့၊ ရသာဓာတ်သည် အသီး လား အနံ့လား အရွက်လား အမြစ်လား အဖုလား ဥလား စားကောင်းသောက်ဖွယ်လား အဓိပ္ပါယ် အားဖြင့်နော် (ဟုတ်ပါတယ်ဆရာ)။ အတုံး အလုံး အခဲလား အထည်ဒြပ်သဏ္ဌာန်လား အကောင်

http://www.dhammadownload.com



အထည်လား အမှုံ အမွှား အရည် အဖတ် အဖြူ အဝါ အပြာလားလို့ ဒါလေးတွေ ရှင်းရမယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါသဘောတရားသက်သက်ကလေးပဲဆိုတာ သိသွားအောင်၊ ဒါဖြင့် ရသာဓာတ်ကြီးသိအောင် ဘယ့်နှယ့်လုပ်မှတ်ရ မှတ်ထားပါ လျှာလာထိရင်ရသာလို့သိပါ ဒါရှင်းရှင်းလေးမနေဘူးလားကွ (နေပါတယ်ဆရာ)။ ဒါဖြင့် ခုနပြောတဲ့ အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် ပျောက်သွားအောင် သက္ကာယခွာကြည့်ရအောင်နော် (ဟုတ်ပါတယ်ဆရာ)။ ကိုင်း မင်း ငါမေးမယ် ချဉ်ပါတယ် ချဉ်တာဘာဓာတ်တုန်း (ရသာဓာတ်ပါ ဆရာ)။ အေး ရသာဓာတ် မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ လူပြိန်းတစ်ယောက်မေး ဘယ်သူက ချဉ်လဲဆို မန်ကျည်းသီးကချဉ်မှာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ချဉ်တာဘာလဲဆိုတော့ ချဉ်တာမန်ကျည်းသီးပေါ့၊ မန်ကျည်းသီးစားနေ မန်ကျည်းသီးကချဉ်တာပေါ့ ချဉ်တာမန်ကျည်းသီး မန်ကျည်းသီးကချဉ်တယ် ဒါပဲမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ သူသိ ငါသိ လူတကာသိ၊ ဒီအတိုင်း ဒီအတိုင်း။

ဒီတော့ ဒီချဉ်တယ်ဆိုတဲ့ ရသာဓာတ်ကြီးက မန်ကျည်းသီးဖြစ်မနေဘူးလားဟ (ဖြစ်နေပါတယ် ဆရာ)။ အတုံး အလုံး အခဲဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ အေး အေး အဲဒါတွေ မှားနေတယ်လို့၊ ဒါကြောင့် ဒီဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ရသာဓာတ်သည် အတုံး အလုံး အခဲ အသီး အပွင့် အရွက် အခေါက် အမြစ် အစရှိသည်အားဖြင့် အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အမှုံ အမွှား အရည် အဖတ်ကလေးမှ မရှိပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ သဘောမျှသက်သက်ကလေးဆိုတဲ့ အဓိပ္ပါယ်တွသိသွားအောင်၊ ကိုင်း ကောင်းပါပြီ၊ မန်ကျည်းသီးက ချဉ်တယ် ဟုတ်လား (ချဉ်ပါတယ်ဆရာ)။ ချဉ်တာ ရသာဓာတ်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ မန်ကျည်းသီးကချဉ်ရိုးမှန်ရင် မန်ကျည်းသီးပျောက်ရင် ဒီအချဉ်ပျောက်မှာပေါ့ (ပျောက်ပါတယ်ဆရာ)။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိုင်း မန်ကျည်းသီး ဆုံထဲထည့်ထောင်းကွာ နော် (ဟုတ်ပါတယ်ဆရာ)။ ဆုံထဲ ထည့်ထောင်းတော့ ညက်ညက်ကျေ၊ လက်ဝါးပေါ်တင်မေးတော့ မန်ကျည်းသီးလို့ ပြောမဲ့သူရှိသေးလား (မရှိပါဘူးဆရာ)။ ဘာဖြစ်လို့မရှိလဲ (မန်ကျည်းသီး ပျောက်သွားလို့ပါဆရာ)။ ဩော် မန်ကျည်းသီး ပျောက်သွားလို့နော် (ဟုတ်ပါတယ်ဆရာ)။ မကျည်း သီးက ဘာလို့ပျောက်သွားပါလိမ့် (နဂိုကတည်းကမကျည်းသီးမရှိလို့ပါဆရာ)။ အေး မရှိဘူး နော် (ဟုတ်ပါတယ်ဆရာ)။ သဏ္ဌာနပညတ်ပုံစံမှတ်ပြီးတော့ လူမြင်တိုင်း မကျည်းသီးပြောမယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒါ သဏ္ဌာနပညတ် နဂိုကတည်းက မကျည်းသီးမှမရှိဘဲ ခုတော့ လက်ဝါးပေါ်တင်မေးပြန်တော့ မကျည်းသီးထောင်းဖြစ်ပြန်နော် (ဟုတ်ပါတယ်ဆရာ)။

လျှာနဲ့တို့ကြည့်စမ်း (ချဉ်ပါတယ်ဆရာ)။ ဩော် ခုနတုန်းကတော့ မကျည်းသီးကချဉ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မန်ကျည်းသီးကချဉ်ရိုးမှန်ရင် မကျည်းသီးပျောက်ရင်

http://www.dhammadownload.com



အချဉ်ဓာတ်ပျောက်မှာပေါ့ဆိုတော့ ခုတော့ ဒီအချဉ်ဓာတ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဩော် ဒီအချဉ်ဓာတ်က ရသာဓာတ်ကြီးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဩော် မန်ကျည်းသီးသာ ပျောက်တယ်၊ ရသာဓာတ်မပျောက် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကောင်းပါပြီကွာ မန်ကျည်းသီးနဲ့ဆက်နွယ်နေတဲ့ အဲဒီအမှုံတွေအရည်ဖျော်ကွာ၊ အဝတ်ပါးလေးနဲ့စစ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အရည်လျှာနဲ့တို့ကြည့် (ချဉ်ပါတယ်ဆရာ)။ ချဉ်တာပဲလား (ဟုတ်ပါတယ် ဆရာ)။ မန်ကျည်းသီးနဲ့ အဆက်အသွယ်ကိုဖြတ်လို့၊ မန်ကျည်းသီးထောင်းတို့ကြည့်တုန်းကတော့ ချဉ်တယ် ဘာလို့ချဉ်လဲ၊ မန်ကျည်းသီးထောင်းကချဉ်တယ်။ ကောင်းပြီ အခုတော့ မန်ကျည်းသီး ထောင်းကို လုံးဝမရှိတော့ဘူး အရည်ဖြစ်နေပြီနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ အချဉ်ဓာတ် ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ရသာဓာတ်ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဩော် ရသာဓာတ်အရည်ဖြစ်လည်း မပျောက်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အဲဒီအရည်တွေ ပြန်ပြီးတော့ကျိုတော့ အနှစ်ကျတယ် ကျဖူးလားကွ (ကျပါတယ်ဆရာ)။ မီးနဲ့ကျို နာနာချက် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အနှစ်ကျလာ အရည်ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူး ဆရာ)။ အနှစ်ကလေးတွေဖြစ်နေပေါ့ (ဟုတ်ပါတယ်ဆရာ)။ အဲဒီအနှစ်လျှာနဲ့ တို့ကြည့် (ချဉ်ပါတယ် ဆရာ)။ ဒါလည်းချဉ်တာပဲလား (ဟုတ်ပါတယ်ဆရာ)။ ခုနအရည်တွေ မန်ကျည်းရည်တွေက ပျောက်သွားပြီ ရသာဓာတ်ကပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ အခု မန်ကျည်းသီးနှစ်မို့လို့ ချဉ်တာပဲ၊ မန်ကျည်းသီးနဲ့အဆက်အသွယ်က မကုန်သေးဘဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။

ဟာ မန်ကျည်းသီးအနှစ်တွေထည့်ထားတာချဉ်မှာပေါ့ လာပြန်ပြီ၊ ကောင်းပါပြီ မန်ကျည်း သီးကို ပျောက်အောင်ဖျောက်မယ်။ အဲဒီ အနှစ်တွေ စုဆောင်းပေါင်းပြီးတော့ လုံထဲထည့်၊ အပေါ်က အဖုံးလေးပိတ် တစ်ခါထဲမီးပြင်းထိုးချနော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လာ (ပြာဖြစ်သွားပါတယ် ဆရာ)။ ပြာဖြစ်သွားတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိုင်း ကိုင်း မန်ကျည်းသီး အဆက်အသွယ်ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ မီးပြင်းကို ထိုးလိုက်တာ၊ သံသယဖြစ်စရာ မလိုပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ မန်ကျည်းသီးနဲ့ အဆက်အသွယ်ပြတ်သွားပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒီလုံထဲကျနေတဲ့ ပြာဖွေးဖွေးလေးကို လျှာနဲ့တို့ ကြည့်စမ်း ဘယ့်နှယ့်နေတုန်း (ချဉ်တာပါပဲဆရာ)။ လိမ်ပြီ၊ အေး ဘယ်တုန်းကမင်းတို့ကြည့် ဘယ်တုန်းကတို့ကြည့်တုန်းပြာလေးကို ဖွေးနေအောင်ချက်ထား လျှာနဲ့တို့ကြည့်ချဉ်တုန်းပဲလားဟ (ငန်ပြပြလေးနေပါတယ်ဆရာ)။ အဲ အဲလိုလုပ်ပါ အဲဒီငန်ပြပြဘာဓာတ်တုန်း (ရသာဓာတ်ပါဆရာ)။ ဩော် မန်ကျည်းနှစ်ကနေပြီးတော့ ပြာဖြစ်သွားတော့ ရသာဓာတ်က မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ မန်ကျည်းနှစ်ကတော့ ပျောက်သွားပြီလား (ပျောက်သွားပါပြီဆရာ)။ ပြာဖြစ်သွားနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီပြာ ပြန်ပြီးတော့ ရေဖျော်ပြီးတော့ ပြန်ချက်ကွာ၊ ရေကြည်ယူပြီးတော့ ဘာဖြစ်လာ ဆားဖြစ်လာပြီလား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ ခုန ပြာတော့ ပျောက်သွားပြီလား (ပျောက်သွားပါပြီဆရာ)။ အဲဒီဆား လျှာနဲ့တို့ကြည့်စမ်း ဘယ့်နှယ့် (ငန်ပါတယ်ဆရာ)။ ငန်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မချဉ်ဝံ့ဘူးနော် ငန်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

သြော် ခုန ပြာကတော့ ပျောက်သွားပြီဟုတ်လား (ပျောက်သွားပါပြီဆရာ)။ ရသာဓာတ်ကတော့ မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ အေး ဆားကို အမျိုးမျိုးအဖုံဖုံ မင်းလုပ်ကြည့်၊ ဒီ ရုပ်တုံးရုပ်ခဲ ဒီရုပ်ဝတ္ထုပစ္စည်း မပျောက်သမျှကာလပတ်လုံး မင်းလျှာမှာတို့ကြည့်ထိကြည့်ရင် လျှာမှာ တွေ့ကောင်းသော တွေ့နိုင်သော တွေ့သောဆိုတဲ့ အတွေ့သဘောလေး တွေ့ရဲ့လား (တွေ့ပါတယ်ဆရာ)။ ဒါ ဘာဓာတ်တုန်း (ရသာဓာတ်ပါဆရာ)။ သူကျတော့ ပျောက်ကောင်းရဲ့လား (မပျောက်ကောင်းပါဘူးဆရာ)။ ကြည့်ကွယ် ဒီဘက်က ပညတ်လမ်းကသွားစမ်း ပညတ်လိုင်းက တစ်လိုင်းထား၊ ကျောက်သင်ပုန်းကြီးချ ဒီဘက်ကမန်ကျည်းသီးနော် (ဟုတ်ပါတယ်ဆရာ)။ မန်ကျည်းသီးထောင်း မန်ကျည်းသီးအနှစ်တွေဖြစ် အရည်ဖျော် ပြန်စစ်၊ အရည်ဘဝ အရည်ဘဝကနေပြီးတော့ အနှစ်တစ်ခါယူ အနှစ်ဘဝရောက်ပြန်တော့ လုံထဲထည့် မီးပြင်းတိုက် ဖိုနဲ့နာနာထိုး ဖြူဖြူဖွေးဖွေးဆိုတဲ့ ပြာလေးတွေရောက် ပြောင်းတာကိုပြောင်းတာကို ပညတ်လိုင်းကနော် (ဟုတ်ပါတယ်ဆရာ)။ ပြာလေးတွေဘဝရောက်ပြန်တော့ အဲဒီပြာလေးရေနဲ့ဖျော် ရေကြည်လေးဆားချက် ဆားဖြစ်ပြန်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီဆားကိုပဲ နောက်တစ်ခါ မြေကြီးထဲသွန်ပစ် သုံးနှစ်ကြာ မြေဖြစ် ဒီမြေလေးလျှာနဲ့တို့ကြည့် ဘာအရသာရှိလဲ (မြေကြီးအရသာရှိပါတယ်ဆရာ)။ သြော် မြေကြီးအရသာရှိတယ်၊ ဟာ အရသာ ရသာကို မတူဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ရသာဓာတ် ထင်ရှားရှိတယ် ဟုတ်လား (ရှိပါတယ်ဆရာ)။ အဲဒီလို မန်ကျည်းသီးဘဝကနေပြီးတော့ ဟိုးမြေကြီး ဘဝပြန်ဖြစ်တဲ့နေရာထိအောင် ဒီပညတ်လိုင်းကနေထပ်ပြီးတော့သင်တာ။ ဟောဒီထဲက မင်းလျှာတို့ မန်ကျည်းသီးဘဝတို့ကြည့်နော် (ဟုတ်ပါတယ်ဆရာ)။ မန်ကျည်းသီးဘဝ တို့ကြည့်လည်းပဲ ရသာဓာတ်ရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)။ မန်ကျည်းသီးထောင်းထားတာ တို့ကြည့်လည်း ရှိလား (ရှိပါတယ်ဆရာ)။ မပျောက်ဘူးပေါ့ (မပျောက်ပါဘူးဆရာ)။ အရည်ဘက်ကတို့ကြည့်လည်း အရသာဓာတ်ရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)။ အနှစ်ကလေးတွေ စစ်ကြည့်တော့လည်း ရသာဓာတ်ရှိတယ် ဟုတ်လား (ရှိပါတယ်ဆရာ)။ အဲဒီ အနှစ်ကလေးတွေ ပြာဖြစ်အောင်ဆို ပြာဘဝကျလည်း ရသာဓာတ်ရှိတယ် ဟုတ်လား (ရှိပါတယ်ဆရာ)။ ကြည့် သေသေချာချာ၊ ဒီပြာကိုပဲ ရေဖျော်ပြီးတော့ဆားချက်တယ် ဆားဘဝရောက်သွားတော့ ရသာဓာတ်ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ ဒီဆားကိုပဲ မြေကြီးထဲလွှင့်ပစ် သွန်ပစ် ၃ နှစ်ကြာတော့မြေဖြစ်တယ်၊ မြေကြီးဘဝရောက်လည်း ရသာဓာတ်ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ ရသာဓာတ် မပျောက်ဘူးပေါ့ (မပျောက်ပါဘူး ဆရာ)။

http://www.dhammadownload.com



အဲဒီ မြေဘ၀ပြန်တက် အိုးဖြစ် အင်ဖြစ်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါလည်း ရသာဓာတ်နဲ့ပေါ့ (ရသာဓာတ်နဲ့ပါဆရာ)။ ကြည့်စမ်း ပရမတ်လိုင်းကနေခွဲထားတာ၊ လျှာတို့ကြည့်ရင် ရသာဓာတ် ရသာဓာတ် အခုမြေကြီးဘ၀ကနေ အိုးဖြစ်အင်ဖြစ် ဖြစ်လာပြန်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ လျှာတို့ကြည့်ရင် သိကောင်းတယ်ဆိုတဲ့ လျှာမှာထိလိုက်ရင် ရသာဓာတ်ကြီးရှိပေါ့ ဒီဘက်က မန်ကျည်းသီးအစအနရှာရသေးလား (မရပါဘူးဆရာ)။ မန်ကျည်းသီးဘ၀နေ ပျက်ပျက်ပျက်ပျက်သွား၊ ဖျက်တိုင်းပျက် ဖျောက်တိုင်းပျောက် ဒီပညတ်လိုင်းက သေသေချာချာကြည့်ဘာဖြစ်လို့ ဖျက်တိုင်းပျက်သလဲ ဖျောက်တိုင်းပျောက်သလဲဆိုတော့ ဒီစိတ်က ပညတ်က မန်ကျည်းသီးဆိုတာ နဂိုကမှမရှိဘဲနဲ့ပဲ သဏ္ဌာနပညတ်၊ ဒီအသီးမြင်ရင် ဒီပုံစံမျိုးမြင်ရင် စားပွဲပေါ်တင် လူမြင်တိုင်းမေးပါကွ အဖြေလွဲပွဲမလား (မလွဲပါဘူးဆရာ)။ ဘယ်လွဲမလဲကွ စကမ္ဘာဦးတည်လူပညာရှိများက ဟောဒါမန်ကျည်းသီး ဒီလိုသမုတ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ လူတိုင်းကသိတယ် ဒါတွေ့ရင် မန်ကျည်းသီးပဲ၊ ကလေးလူကြီးကစ အကုန်နားလည်တယ်။ ဩ် ဒါဖြင့် သဏ္ဌာန်ကြည့်ပြောနေတာ ပုံစံကြည့်ပြောနေတာ အမှတ်အသားတွေ ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။ သဏ္ဌာနပညတ်ပဲ မန်ကျည်းသီးဆိုတာ အတုံးလိုက် အလုံးလိုက် အခဲလိုက် ကိုင်ပြ ယူပစ်။ ဒါဃနပညတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပရမတ်နဲ့ကြည့်ရင် အကောင်လည်းမရှိဘူး၊ အတုံး အလုံး အခဲလည်းမရှိဘူး၊ ဘာမှမရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီပညတ်ကတော့ ဖျောက်တိုင်းပျောက်တယ် ဖျက်တိုင်းလည်းပျက်တယ် ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဆရာ)။ ဒီက ပရမတ်လိုင်းက လျှာမှာတို့ကြည့်ထိကြည့်ရင် သိကောင်းတယ်ဆိုတဲ့ ရသာဓာတ်က ပျက်ရဲ့လား (မပျက်ပါဘူးဆရာ)။ ပျောက်ရဲ့လား (မပျောက်ပါဘူးဆရာ)။ ဘယ်ပျက်မလဲ ဘယ်ပျောက်မလဲကွ သူက သဘောတရားအနေအားဖြင့် ထင်ရှားရှိတဲ့ ရသာဓာတ်ကြီးနော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ရသာဓာတ်ကြီး အတုံး အလုံး အခဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် အမှုံအမွှား လုံးလုံးရှိတဲ့တရားမဟုတ်ပါဘူး ဘာအနေအားဖြင့်ရှိ သဘောတရားအနေအားဖြင့်ရှိ၊ ဘာသဘောတရားတုန်း၊ လျှာမှာ တွေ့ကောင်းသော တွေ့နိုင်သော တွေ့ရသော အတွေ့သဘောလေးသည် ရသာဓာတ်ကြီး မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ အဲဒီရသာဓာတ်ကြီး ကိုယ်ပေါ်ပြန်တင်စမ်းကွာ၊ မင်းခေါင်းကအစခြေဖျားအထိ မင်းတစ်ကိုယ်လုံး ဉာဏ်နဲ့ဉာဏ်နဲ့ တကယ်တော့မလုပ်ပါနဲ့ မင်းလျှာနဲ့မင်းပြန်တို့ကြည့်စမ်း ခေါင်းကအစခြေဖျားအထိအောင် တွေ့ရဲ့လား (တွေ့ပါတယ်ဆရာ)။ ရှိကောင်းတယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှယ့်နေလဲ ငါပြောတာလုပ်ပါဦး (ကောင်းတဲ့အရသာရှိပါတယ်ဆရာ)။ ဟော သူပြောတာ၊ အရသာတွေ့တယ် ဟုတ်လား (တွေ့ပါတယ်ဆရာ)။ အေး အေး ခြေဖျားအထိပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရသာဓာတ်လွတ်နေတဲ့နေရာ အပြင်ပန်းကရှာလို့ရှိရင် တစ်ရွေးသားလောက်များ နေရာလေးများရှိသလား

http://www.dhammadownload.com



(မရှိပါဘူးဆရာ)။ လျှာမှာ အကုန်တွေ့ရတယ်ပေါ့ (တွေ့ပါတယ်ဆရာ)။ ဒါဖြင့် ရသာဓာတ် အပြင်က ကြည့်ရင် အကုန်လုံး တစ်ပြုံလုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အပြင်မို့ ဒီလျှာနဲ့တွေ့တဲ့ တွေ့ကောင်းတယ်ဆိုတဲ့ ရသာဓာတ်တွေ့နေတာ အထဲခွဲကြည့်ရင် တွေ့ချင်မှ တွေ့မှာပဲလို့ စိတ်ထဲမှာမချင့်မရဲဖြစ်ရင်ခွဲကြည့်စမ်း အစိတ်စိတ်အမွှာမွှာ အရည်ထူအရည်ပါးတွေ လှန်ကွာ၊ ရှိသမျှအသားဆိုင်တွေ ဈေ့ာက်ပြီးတော့ လျှာလေးနဲ့တို့တို့တို့တို့ကြည့်၊ တွေ့ရဲ့လား (တွေ့ပါတယ်ဆရာ)။ ရသာဓာတ်လေ (ဟုတ်ပါတယ်ဆရာ)။ မင်းအမည်တော့ မတပ်တတ်ဘူးပေါ့ (မတပ်တတ်ပါဘူးဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ အမည်တော့မတပ်တတ်ဘူး၊ ဒါပေမဲ့ မင်းလျှာမှာ လျှာပသာဒအကြည်ရုပ်ကလေးမှာ လာပြီးတော့ တိုးတဲ့ ထိတဲ့ တိုက်တယ်ဆိုတာတော့ မင်းတွေ့ပြီပေါ့ (တွေ့ပါတယ်ဆရာ)။

ကြည့်စမ်းကွယ် အဲဒီ အတွင်းသားတွေနဲ့ပဲ လျှာနဲ့တို့ကြည့်လို့ မတွေ့ကောင်းဘူးဆိုတဲ့ ရသာဓာတ်ကင်းပြတ်နေတဲ့ နေရာလေးဟာ တစ်ရွေးသားလေးများနေရာလေးရှိလား (မရှိပါဘူး ဆရာ)။ အကုန်အပြည့်ပေါ့ (အပြည့်ရှိပါတယ်ဆရာ)။ အဲဒါ မင်းပြန်ပြီးတော့ ဉာဏ်မျက်စိနဲ့ သုံးသပ်ကြည့်စမ်း၊ အရင်တုန်းကတော့ ငါ့ခေါင်းရှိတယ် လက်ရှိတယ် ကိုယ်ရှိတယ် ခြေရှိတယ်၊ ငါယောက်ျား ငါပုဂ္ဂိုလ် ငါသတ္တဝါ ငါအကောင်အထည် အသွေးနဲ့ အသားနဲ့ အရိုးနဲ့ အဆစ်နဲ့ အရေထူအရေပါးနဲ့ ငါဒီလိုထင်တယ်။ အခု မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူသော သဘောမျှသက်သက်သာ ထင်ရှားရှိတယ်ဆိုတဲ့ ရသာဓာတ်ကြီးနဲ့ ဝေဖန်ရင် ငါကိုယ်တစ်ကိုယ် လုံးမှာ ရသာဓာတ်ကင်း ပြတ်နေတဲ့နေရာ လွတ်နေတဲ့နေရာ တစ်ရွေးသားလေးမှ ရှာမရနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ကိုယ်လုံးအတွင်း အပြင်ရသာဓာတ်နဲ့ ဝေဖန်ကြည့်ရင်ရသာဓာတ် အပြည့်နှက်ရှိ၏ ရှိရဲ့လား (ရှိပါတယ်ဆရာ)။ မင်းကိုယ်မှာ ရသာဓာတ်လွတ်နေတဲ့နေရာ လုံးဝ ရှာမရဘူးဆိုတော့ တစ်ကိုယ်လုံးက ရသာဓာတ်တုံး ရသာဓာတ်ခဲကြီး မနေဘူးလား (နေပါတယ် ဆရာ)။ အေး အဲဒီလို ဉာဏ်နဲ့ပြန်ကြည့်လိုက်ရင် ရသာဓာတ်တုံး ရသာဓာတ်ခဲကလွဲရင် မင်းကိုယ်တာမှ မရှိနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကောင်းပါပြီ ရသာဓာတ်အပြည့်အနှက်ရှိပါသော်လည်းပဲ ၎င်းရသာဓာတ်ကြီးသည် အတုံးလား အလုံးလား အခဲလား အကောင်အထည်လား အမှုံအမွှားလား အရည်အဖတ်လားမေးရင် မင်းဘယ့်နှယ့်ပြောမလဲ (မရှိပါဘူးဆရာ)။ ဘာရှိ (သဘောတရား သက်သက်ကလေးသာရှိပါတယ်ဆရာ)။ သဘောတရားသက်သက်ကလေးအမြင်ကို ရောက်အောင် ခုရသာဓာတ်သဘောနားလည်ရင် မင်းကိုယ်မှာပြန်ဝေဖန်ရင် မင်းကိုယ်ပျောက်သလား မပျောက်ဘူးလား (ပျောက်ပါတယ်ဆရာ)။ အေး ပျောက်တယ် နော် (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် ရသာဓာတ်ကိုယ်ပေါ်ပြန်တင်ရင် ၎င်းနည်းအတိုင်းတင်ပေါ့၊ ဒါရသာဓာတ်ရဲ့ သဘောနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ရသာဓာတ်သည် "ဇိဝှါပဋိဟနနလက္ခဏော ရသော"

http://www.dhammadownload.com



“ဖဿပိဝိညာဏဿ ဝိသယဘာဝရသော”နော် (ဟုတ်ပါတယ်ဆရာ)။ တဿေဝ ဂေါစရပစ္စုပဋ္ဌာနော၊ စတုမဟာဘူတပဒဋ္ဌာနော၊ လက္ခဏာရယ် ရသရယ် ပစ္စုပဋ္ဌာန်ရယ် ပဒဋ္ဌာန်ရယ်၊ လက္ခဏာက ဘယ်သူတုန်း၊ ဖဿပသာဒမှာလာပြီးတော့ ထိတယ် တိုက်တယ် ခိုက်တယ်ဆိုရင် ရသာဓာတ်လို့သိပါ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိစ္စက သူ့ရဲ့ကိစ္စကဘာတုန်းရသာဓာတ်၊ ရသာဓာတ်က ဖဿပိဝိညာဏ်ကို အာရမ္မဏသတ္တိအဖြစ်ဖြင့် ကျေးဇူးပြု၏နော် (ဟုတ်ပါတယ်ဆရာ)။ “ဖဿပိဝိညာဏဿ ဝိသယဘာဝရသော”–ဖဿပိဝိညာဏဿ–ဖဿပိဝိညာဏ်စိတ်ကလေးအား၊ ဝိသယဘာဝရသော–အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပစ္စုပဋ္ဌာန် ဘာတုန်း ရှေးရှုထင်တဲ့အဓိပ္ပါယ်ပြောစမ်းပါ၊ “တဿေဝ ဂေါစရပစ္စု ပဒဋ္ဌာနော”–တဿေဝ–ထိုစက္ခုဝိညာဏ်စိတ်ကလေး၏၊ ဂေါစရပစ္စုပဋ္ဌာနော–ကျက်စားရာအာရုံ၏အဖြစ်ဖြင့် ရှေးရှုထင်၏။

ဒါဖြင့် ဒီရသာဓာတ်ဖြစ်လာတဲ့အနီးဆုံးအကြောင်းပြောစမ်းပါ။ ဒီလိုဖြစ်လာတာ တစ်ခြား မဟုတ်ဘူးတဲ့၊ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီး ၄ ပါး အမှီပြုပြီးဖြစ်လာတယ် နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် စတုမဟာဘူတပဒဋ္ဌာနော–ပထဝီ အာပေါ တေဇော ဝါယောဆိုသော ဓာတ်ကြီး ၄ ပါးသည် နီးသောအကြောင်းရှိ၏။ ၄ နာရီနဲ့ မိနစ် ၃၀ လောက် ပခုက္ကူက ကြေးနန်းရောက်၊ ကြေးနန်းရောက်လာတော့ စိုးရိမ်မကင်းမိဘူး အကြောင်းထူးရှိလို့ ရိုက်တာပဲ။ ကြေးနန်းဖွင့်ကြည့်လိုက်တော့ ပခုက္ကူမှာမီးလောင်လို့။ လောင်တဲ့ရပ်ကွက်လည်းပါလာ ဒါပေမဲ့ ဟိုကလောင်ပြီးပြီးချင်းရိုက်လိုက်တဲ့ ကြေးနန်းဖြစ်တော့ သတင်းက အစုံအစိပါလာတယ်။ ဒါပေမဲ့ ပခုက္ကူက အနောက်ပိုင်းမြို့ အနောက်ကြားက ခံတောရပ်ကွက်မီးလောင်၊ ဒီလိုပါမလာဘူး ဘယ်ရွှေ့ဘယ်မျှလောင်တယ်ပါမလာဘူး၊ ဟိုကလည်း မြန်းခနဲရိုက်လိုက်တာ။ အဲဒါ ဟိုကလောင်တဲ့ မီးကလည်း နာရီပြန်တစ်ချက်လောက်လောင်တယ်။ အဲဒါ ဟိုကလောင်တဲ့မီးကလည်း နာရီပြန် တစ်ချက်လောက်စလောင်တယ်။ နာရီပြန်တစ်ချက်လောက်လောင်တော့ နှစ်ချက်လောက်ကျတော့ မီးငြိမ်းတယ် ပြောရတော့မှာပေါ့။ အဲဒါ ငြိမ်းခြင်း မီးငြိမ်းရိုက်တဲ့ကြေးနန်းပဲ၊ ဒီလို ကြေးနန်း ရုတ်တရက်အားဖြင့်ရိုက်တာလည်းပဲ ဒီမှာ ရုတ်တရက်သတင်းစကား မသေမချာဘဲနဲ့ကြားလို့ရှိရင် အတွေးဆိုတာမျိုးက တောင်တွေးမြောက်တွေး တွေးတတ်တယ်။ ဒီတော့ ဒီသင်တန်းပေးနေတဲ့ ဆရာလုပ်တဲ့ပုဂ္ဂိုလ်မှာ အတောမသတ်တွေးနေရင် စိတ်ဆင်းရဲမှာစိုးလို့ ကြိုတင်ပြီးတော့ အမြန်ဆုံး သိအောင် အကြောင်းကြားခြင်းပါ။ ဒီတော့ မြို့အနောက်ကြားက ခံတောရပ်ကွက်မှာ စလောင်တယ်တဲ့၊ ဒီနေ့တော့ သတင်းစာထဲ တိတိကျကျပါလာတယ်။ ပါလာတော့လည်းပဲ အတိုက်အခတ်နဲ့ပါ အိမ်ခြေ ပေါင်း ၃၅ အိမ်ကျော်ကျော် တော်တော်လည်း တန်ဖိုးများပါတယ် ဆယ့်ငါးသိန်းလောက် ဆုံးရှုံးသွားတယ်။ အဲဒီရပ်ကွက်ထဲကလည်းပဲ ပခုက္ကူသင်တန်းသူသင်တန်းသားတွေ အတော်ပဲ များတယ်။ ပခုက္ကူကလည်းပဲ မီးနှိပ်စက်တာများတယ် ခံရတယ်၊ တစ်မြို့လုံးကျွတ်သွားအောင်

http://www.dhammadownload.com



လောင်တာ ရပ်ကွက်လိုက်လောင်တာ အကြိမ်ပေါင်းကတော့မရေနိုင်ကြဘူး တော်တော့်ကိုများခဲ့ပါပြီ။ ဒီတော့ မီးဒဏ် အင်မတန်အနှိပ်အစက်ခံနေရတဲ့မြို့လို့၊ မီးဘေးကလည်း အင်မတန်လည်း ကြောက်စရာ ကောင်းပါတယ်။ လေဆိုတာက အိမ်ကျန်ရင်ကျန်ဦးမယ်၊ အချို့သောပစ္စည်း ကျန်ရစ်နေမသယ်နိုင်တာ ကျန်ရင်ကျန်ပါလိမ့်မယ်၊ မီးဘေးနှိပ်စက်ပြီဆိုမှဖြင့် အိမ်ပျောက် ယာပျောက်ဖြစ် အင်မတန်မှလည်း ကြောက်စရာကောင်းတဲ့ဘေးကြီး။

အဲဒီအကြောင်းပြုပြီးတော့ မနေ့ညကလည်း သတိပေးတယ်။ လူအများစုဝေးတဲ့ ဌာနဖြစ်လို့ ဆရာရယ် မီးကိစ္စတော့ သတိကလေးနည်းနည်းပေးပါ။ ဒါကြောင့် မနေ့ညကတော့ ပဋ္ဌာန်းမီးလောင်တဲ့ သတင်းရတာနဲ့ ပတ်သက်ပြီးတော့ အားလုံးပဲ အခုသင်တန်းတက်လာကြတဲ့ပုဂ္ဂိုလ်များ ရပ်ကွက်လည်းစုံပါတယ်၊ လူလည်းစုံပါတယ်၊ များလည်းများပါတယ်။ ဒီတော့ ဒီဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်သမျှ ငယ်ငယ်တုန်းက ကျောင်းမှာ ပရိတ်ကြီးမင်္ဂလသုတ် သင်ဖူးပါလိမ့်မယ်။ "ရာဇတော ဝါ၊ စောရတော ဝါ၊ မနုဿတော ဝါ၊ အမနုဿတော ဝါ၊ အဂ္ဂိတော ဝါ – ဘေးတွေ၊ ဘေးတွေ။ ရာဇတော ဝါ–ဘာတုန်းကွ မင်းသိလား (မသိပါဘူးဆရာ)။ မသိတာကောင်းတယ် မင်းတွေ့မှလည်း ကောင်းမှာနော် (ဟုတ်ပါတယ်ဆရာ)။ စောရတော ဝါ၊ စောရဆိုတာဘာတုန်း (သူခိုးပါဆရာ)။ အေး အေး ဒါဖြင့် ကျော်လိုက်ပါတော့ကွာ အဂ္ဂိတော ဝါ ဆိုတာ (မသိပါဘူးဆရာ)။ အဲကောင်းတယ် မသိတာပဲကောင်းတယ် အဂ္ဂိဆိုတဲ့စကားမှမင်းမကြားဖူးဘူးလား။ အဂ္ဂိတော ဝါ–မီးဘေးမှလည်းကောင်း၊ ဘေးတွေ ဘေးတွေ လျှောက်ပြတာနော် (ဟုတ်ပါတယ်ဆရာ)။ မီးလည်းဘေးပဲ ခိုးသူလည်းဘေးပဲ မီးလည်းဘေးပဲတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရေရော၊ ဩော် တစ်နေ့ကပဲ ဝေဘူလကြီးသွားရှာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ကြေကွဲစရာ ဝမ်းနည်းစရာလို့ လူပေါင်းသုံးဆယ်ကျော်စာရင်းထွက်၊ ကချင်မှလည်းကမှာပေါ့။ မီးဘေးကလည်းပဲ အသက်ပျောက်အောင် ဆုံးရှုံးတတ်ပါတယ်၊ ရေဘေးကလည်းပဲ အသက်ပျောက်အောင် ဆုံးရှုံးတတ်ပါတယ်။ ရန်သူမျိုးငါးပါးမှန်သမျှ တစ်ခုမှမကောင်းမရှိပါဘူး၊ ဒါကြောင့် အသီးသီးသောရောက်လာသော ပုဂ္ဂိုလ်များသည် မိမိတို့လက်လုပ်မီးမှိုသမျှပေါ့လေ။ အခုလို နွေရာသီပေါက်လာတဲ့အချိန်ကျတော့ အမြို့မြို့အရွာရွာ မီးဘေးနှိပ်စက်လို့ခံရတာလည်းပဲ ကြားပေါင်းလည်းများတွေ့ပေါင်းလည်းများကြပေါ့လို့။ ဒါ့ကြောင့် အထူးသတိဝီရိယထားပြီးတော့ ရှိသေကြပါစောင့်ရှောက်ကြပါ ဒါကိုယ့်တာဝန်ပါပဲလို့။ အသီးသီးသူ့လွှဲချ ငါ့လွှဲချ လွှဲချစရာမရှိပါဘူး၊ ခံရပြီဆိုမှဖြင့် တစ်ပြုလုံးခံကြရမှာ တစ်ယောက်မတော်တာလုပ်ရင် တစ်ယောက်ထဲကိစ္စပြီးသွားတဲ့ကိစ္စမဟုတ်ပါဘူး။ ဒီလိုမဟုတ်ပါဘူး၊ တစ်ယောက်မတော်တာလုပ်လည်း တစ်ရပ်လုံး တစ်မြို့လုံး တစ်ရွာလုံး ပျက်စီးဆုံးရှုံးတတ်ပါတယ်။

ဒါကြောင့် အဖက်ဖက်က စိတ်ကောင်း၊ စေတနာကောင်းထားပြီးတော့ ဟာ တချို့ကလည်း

http://www.dhammadownload.com



နဲနဲမလေးစားတဲ့ စိတ်ဓာတ်က လေလဲပါတတ်တယ် မရှိမသေလုပ်တာပါတတ်တယ်။ ဒီတော့ ဒီရှိရှိသေသေ၊ လေးလေးစားစားဆိုသလိုပဲ အထူးသဖြင့် စောင့်ရှောက်လာကြပါလို့၊ တခြားသော ရုပ်တွေနဲ့ မရောမယှက် အခြေခံသက်သက်အားဖြင့် ဖြစ်ပေါ်လာတဲ့ ရုပ်ဓာတ် ၈ ပါး။ ဒါသုဒ္ဓဋ္ဌ ကလာပ်၊ သုဒ္ဓဋ္ဌဆိုတာ စင်ကြယ်သန့်ရှင်းတာခေါ်တယ်။ ဘာစင်ကြယ်သန့်ရှင်းတာတုန်း တစ်ပါး သောရုပ်တွေနဲ့မရောဘူး၊ ရုပ်က ဘုရားကိုယ်တော်မြတ် ဘယ်နှစ်ပါးဟောတုန်းကွ (၈ ပါး ဟောထားပါတယ်ဆရာ)။ အားလုံး အားလုံး (အားလုံး ၂၈ ပါး ဟောထားပါတယ်ဆရာ)။ ၂၈ ပါး ဟောထားတယ်၊ ဒါဖြင့် တို့ ၂၀ ကျန်တာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ စောင့်ရှောက်ကြပါ၊ ကိုယ်လက်လှုပ်ရှားမှုသမျှလည်း သတိပေးစကားပြောကြားကြပါ။ ဒီဘေးကြီးကနေ့စဉ်နဲ့အမျှ နွေရာသီ ပေါက်လာပြီဆိုမှဖြင့်ကြားရပြီ၊ ဒီနှစ်ဆိုရင်တော့လည်း ခုဆောင်းမှမကျွတ်သေးပါဘူး၊ ဆောင်း လယ်လောက်ရှိပါသေး ခုတော်တော်လေးကြာပြီ ဟိုလောင်ဒီလောင်နဲ့ တော်တော်များသွားပါပြီ။ ဒီနှစ်မီးကတော့ နှစ်ဦးရှိပါပြီ၊ မီးထဲအတူပါသွားတာ အခု ပခုက္ကူလောင်တဲ့မီးလည်းစလောင်တဲ့နေ့က အသက်အရွယ် ၈၀ လောက်ရှိတဲ့အမယ်ကြီးပါ။ ဒီအမယ်ကြီးက စိတ်ကကောင်းကောင်းမနှံ့ရှာဘူး၊ အဲဒီစိတ်မနှံ့ပေမယ့်သူပါပါသွား လွတ်အောင်မပြေးနိုင်ဘူး။ အဲဒါတွေလည်းကြားရတယ် ပြီးတော့ ဟိုးဟသ်ာတတစ်ဖက်ကမ်းက သာရဝေါလောင်တဲ့မီးလည်း အိမ်ခြေ ၂၅ လောက်ပါသွား။ အဲဒီအထဲမှာလည်း မျက်မမြင် လူငယ်လေးတစ်ယောက်ပါသွားတယ်တဲ့ တော်တော်လည်းပဲ ကြေကွဲစရာကောင်းပါတယ်။ ဒါကြောင့် အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ရန်သူမျိုး ၅ ပါးထဲမှာဖြင့် အဆိုးရွားဆုံး ထင်ပါတယ်။ ဒါကြောင့် တစ်ယောက်မကောင်းရင် တစ်ယောက် ထိခိုက်တတ်တဲ့ ဘေးမဟုတ်ပါဘူး အများခံရတတ်တဲ့ဘေး။ ဒါကြောင့် အထူး သတိဝီရိယရှိပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် စောင့်ရှောက်တဲ့အနေအားဖြင့် ကူညီတဲ့အနေအားဖြင့် သတိပေးစကားပြောကြားကြပါ။

မနေ့ကတော့ ရသာဓာတ်ပြီးကြပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ရသာဓာတ်ကြီးလည်း ပဲ အတုံး အလုံး အခဲ ဝတ္ထုပစ္စည်းပေါ်တင်ပြီးတော့နေကြတယ်။ ရသာဓာတ်ဘုရားကိုယ်တော် မြတ်ဟောတော်မူတဲ့ ရသာဓာတ်သည် အတုံး အလုံး အခဲ အမှုံ အမွှား အရည်အဖတ် လုံးဝ ဘာမှ ရှာဖွေလို့မရတဲ့ ဓာတ်ကြီးကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ သဘောတရားသက်သက်အနေအားဖြင့် ထင်ရှားရှိတယ်ဆိုတဲ့အသိဉာဏ် တို့လူစုရောက်သွားပြီဆိုမှဖြင့် ဒါပရမတ်ပေါက်တယ် ပရမတ်အမြင် သိသွားပြီ ဒီလိုခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ မနေ့က ရသာဓာတ်ပြတာ သင့်တော်လောက်ပြီလို့ ဒီလိုလည်းထင်ပါတယ်၊ အားလုံးလည်းနားလည်လောက်ပြီ။ ဒါဖြင့် ရသာဓာတ်ပြီးတော့ ကနေ့ညတော့ ဩဇာဓာတ်စကြစို့။

ဒီတော့ ဩဇာဓာတ်ဆိုတော့ အားလုံးရုပ်ဓာတ် ၈ ပါးပြမယ်လို့ကြေငြာထားတော့ ပထဝီ တေဇော အာပေါ ဝါယော မဟာဘုတ် ၄ ပါး ဓာတ်ကြီး ၄ ပါးနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ပြီးတော့မှ ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတော့ ဩဇာဓာတ် နောက်ဆုံးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဩဇာဓာတ်နောက်ဆုံးဆိုတော့ ဒီဩဇာဓာတ်ဟာ အင်မတန်မှ အရေးပါအရာရောက်တဲ့ဓာတ် တရားတစ်ခုပဲလို့ ဒီလိုလည်းနားလည်ထားပါ။ ဩဇာဓာတ်ဆိုတော့ ဘယ်သူ့ကိုဩဇာဓာတ်ခေါ်သလဲ ဩဇာဩဇာနဲ့ တို့အရပ်ထဲ ဒီစကားလုံးကတော့ ဘုရားကိုယ်တော်မြတ်ဟောသွားတဲ့ ဩဇာဓာတ် ကတော့ ဒို့ရုပ်ဓာတ်ရှစ်ပါး ထင်ရှားရှိတဲ့တရားတွေမှန်သမျှ ဩဇာဓာတ်ပါစမြဲကိုကွနော် (ဟုတ်ကဲ့ပါဆရာ)။ ဒီဩဇာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ပထဝီ တေဇော ဝါယော အာပေါ ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတော့ ရုပ်ဓာတ် ၈ ပါး မရှိလားကွဲ့ (ရှိပါတယ်ဆရာ)။ ဒီတော့ ဩဇာဓာတ်က ပါစမြဲမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ၈ ပါးပေါင်းထားတဲ့ သဘောတရား ၈ ခုဟာ အဋ္ဌကလာပ်ရုပ် ၈ ပါးလည်းခေါ်ပါတယ်။ အဋ္ဌက ရှစ်၊ ကလာပ်က ပေါင်းစည်းတာ။ အဋ္ဌကလာပ်ရုပ် ၈–ပါး၊ မြန်မာလိုပြန်တော့ ရုပ်ဓာတ် ၈–ပါး ပေါင်းစည်းထား၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ တစ်နည်း သုဒ္ဓဋ္ဌကလာပ်လည်းခေါ်တယ် တခြားသောရုပ်တွေနဲ့ မရောမယှက်ဘယ်ရုပ်နဲ့မှ မရောဘဲနဲ့ ဒီ ၈ ပါးကတော့ တစ်ခုထဲတစ်တွဲထဲ တစ်ပေါင်းထဲဖြစ်တဲ့ ရုပ်တရား ၈ ပါးကွနော် (ဟုတ်ပါတယ် ဆရာ)။ အဲဒါကြောင့် ဘယ်ရုပ်တွေမှမရောဘဲနဲ့ သူတို့ ၈ ပါးထဲက သန့်သန့်ဖြစ်နေပြီ ဖြစ်ပါ သောကြောင့် သုဒ္ဓဋ္ဌကလာပ်လို့ခေါ်ပါတယ်။ သုဒ္ဓ–စင်ကြယ်ခြင်း၊ ကလာပ်ကတော့ ပေါင်းစည်းထားတာ၊ စင်ကြယ်သန့်ရှင်းသော ရုပ်ဓာတ် ၈ ပါး ဒီလိုကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဟော တစ်ခါဒီ ရုပ်ဓာတ် ၈ ပါးကို တစ်ခါလာပြန်ပြီ၊ အဝိနိဗ္ဘောဂရုပ် ၈ ပါးလို့ ဒီလိုခေါ်တယ်။ အဝိနိဗ္ဘောဂရုပ် ၈ ပါးခေါ်တာက မြန်မာလိုအဓိပ္ပါယ်ပြန်တော့ ဘာခေါ်သလဲလို့မေးတော့ အဲဒီ ရုပ်ဓာတ် ၈ ပါးဟာ ဘယ်တော့မှ တစ်ပါးနဲ့တစ်ပါး ခွဲလို့ခွာလို့ မရကောင်းဘူးနော် (ဟုတ်ပါတယ် ဆရာ)။

ဘယ်တော့မှ တစ်ပါးနဲ့တစ်ပါး ခွဲလို့ခွာလို့ မရကောင်းပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ပါးထဲ ဒီရုပ်ဓာတ် ၈ ပါးထဲက ပထဝီတစ်လုံးတည်း သီးသန့်ချည်းဖြစ်နေတယ်။ တစ်နည်း အာပေါတစ်လုံးထဲ သီးသန့်ချည်းဖြစ်နေတယ်၊ တေဇောတစ်လုံးတည်း သီးသန့်ချည်းဖြစ်နေတယ်၊ ဝါယောတစ်လုံးတည်း သီးသန့်ချည်းဖြစ်နေတယ်။ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဒီအတိုင်းပါပဲ၊ အဲဒီလို တစ်လုံးချင်း တစ်လုံးချင်းများ ခွဲခြားပြီးတော့ တစ်လုံးချင်းသော်လည်းကောင်း၊ နှစ်လုံးတစ်တွဲသော် လည်းကောင်း၊ သုံးလုံးတစ်တွဲသော်လည်းကောင်း ဒီလိုများခွဲပြီးတော့ ဖြစ်တတ်သလားဆိုတော့ ဘယ်တော့မှမဖြစ်ဘူးတဲ့။ ဒါလေးတော့ တို့လူစုက သေသေချာချာ အခြေခံလေးနဲ့မှတ်ထား ဘယ်တော့မှ ခွဲမဖြစ်ကောင်းဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဖြစ်ရင်ဘယ့်နှယ်ဖြစ်၊ ခွဲမဖြစ်ကောင်းရင် ဖြစ်ရင်ဘယ့်နှယ်ဖြစ်တုန်း ဟော (ပေါင်းစည်းလို့မရပါဘူးဆရာ)။ ဩော် ရမ်းအုပ်ပြီနော် တစ်ပါး ချင်းတစ်ပါးချင်း ခွဲလို့ဘယ်တော့မှမနေကောင်းဘူးလို့ မင်းဒီလိုဆိုရင် ဘယ်လောက်လွယ်ပို့မလဲ၊

http://www.dhammadownload.com



မင်းဒီမှာ ဒီနားလူနှစ်ယောက်လျှောက်သွားတယ်၊ ဘယ်ဘက်ကတစ်ယောက် ညာဘက်က တစ်ယောက် ၂ ယောက် လျှောက်သွားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ငါကပြောတယ် ဒိုးကလေး ဟိုမှာ ကြည့်စမ်းကြည့်စမ်း ဒီဘက်က ဒီဘက်ကလူက မှတ်မိနေပြီလို့ ဒီလိုပြောတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဟိုဘက်ကလူက ငါဘာမှမပြောဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဘက်ကလူက အသားဖြူလိုက်တာဆိုတော့ ဟိုဘက်ကလူက ဘာအမိပ္ပါယ်ရလဲ (အသားမဲ ပါတယ်ဆရာ)။ ဒီလိုတော့သိသွား ဟင် ရုပ်စာတ် ၈ ပါးသည် တစ်ပါးချင်း တစ်ပါးချင်း တစ်ပါး နှစ်ပါး သုံးပါးဆိုသလို ခွဲလို့ဘယ်တော့မှမဖြစ်ကောင်းဘူးဆိုရင် ဘယ့်နှယ့်ပြောမလဲ ပြောကို မပြောတတ်ဘူး၊ အဲဒါ ဒီရုပ်စာတ် ၈ ပါးဟာ တစ်ပါးချင်းတစ်ပါးချင်း ခွဲလို့မဖြစ်ကောင်းဘူးဆိုတော့ ဘယ်လိုဖြစ်ကောင်း (မပြောတတ်ဘူးဆရာ)။ အေး မပြောတတ်တာပဲကောင်းတယ်နော်။

ခုန နမူနာပြထားပေါ့။ ခွဲမဖြစ်ကောင်းရင် တွဲဖြစ်ကောင်းတာပေါ့ကွ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ခွဲမဖြစ်ရင် တွဲဖြစ်ရမယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ သိလား (သိပါတယ်ဆရာ)။ အောင်မလေးဟဲ့ မင်းအတွက်ငါမောလိုက်တာဆိုတာကျနေပြီ ခွဲမဖြစ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ခွဲမရဘူးပေါ့ (မရပါဘူးဆရာ)။ တစ်ပါးချင်းတစ်ပါးချင်း အတိုက်စာတ် ဒီရုပ်စာတ် ၈ ပါးထဲက ခွဲပြီးတော့ဖြစ်တယ်လို့ ဘယ့်တော့မှမရှိဘူး။ ၈ ပါးစလုံး အကုန်လုံး တပြုံလုံး တစ်ပြိုင်နက် အတူဖြစ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ နားလည်ပြီလား (နားလည်ပါပြီဆရာ)။ ဒါဖြင့် ပထဝီဖြစ်ရင် ကျန်တဲ့ ၇ ပါးလည်း (အတူတူဖြစ်ပါတယ်ဆရာ)။ ဩော် ပထဝီနဲ့တူတူပဲလား (ဟုတ်ပါတယ်ဆရာ)။ ဝါယောဖြစ်ရင်ကော (ကျန်တဲ့စာတ်တွေနဲ့အတူတူဖြစ်ပါတယ်ဆရာ)။ အတူတူပဲလား (ဟုတ်ပါတယ်ဆရာ)။ တေဇောဖြစ်ရင်ကော (အတူတူဖြစ်ပါတယ်ဆရာ)။ ဝါယော ဖြစ်ရင်ကော (အတူတူပါပဲဆရာ)။ ဝဏ္ဏဖြစ်ရင်ကော (အတူတူဖြစ်ပါတယ်ဆရာ)။ ဂန္ဓဖြစ်ရင်ကော (အတူတူပဲဖြစ်ပါတယ်ဆရာ)။ ရသဖြစ်ရင်ကော (အတူတူဖြစ်ပါတယ်ဆရာ)။ ဩဇာ (အတူတူပဲ ဖြစ်ပါတယ်ဆရာ)။ ပြန်မေးမယ်၊ မင်းငါသိပ်ကြောက်တာ ပထဝီ (အတူတူပါပဲဖြစ်ပါတယ်ဆရာ)။ အကုန်လုံး တစ်ပြိုင်ထဲဖြစ်တယ်ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ဖြစ်ရင် အကုန်ဖြစ်တယ် ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။

ဒါဖြင့် မင်းမှတ်မိလား (မှတ်မိပါပြီဆရာ)။ အဲဒါ မင်းမှတ်ထား သေသေချာချာမှတ်ထား ဒီစာတ် ၈ ပါးထဲက အခုလည်းသင်ပြလာတယ် နောက်ဆုံးစာတ်ရောက်လာပြီ ၇ ပါးပြီးခဲ့ပြီ နော် (ဟုတ်ပါတယ်ဆရာ)။ အခုကျမှဩဇာစာတ် သူပါထည့်လိုက် ၈ ပါးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ အဲဒီ ၈ ပါးကဖြစ်အတူပျက်အတူနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ပါးချင်းတစ်ပါးချင်း ခွဲလို့ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)။ တစ်ပြိုင်ထဲ အကုန်လုံး တစ်ပြုံလုံးဖြစ်ရမယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါလေးမှတ်ထား အဲဒီလို ခွဲလို့ခွာလို့ တစ်ပါးချင်း၊

http://www.dhammadownload.com



တစ်ပါးချင်း တစ်ခုနဲ့တစ်ခု ခွဲလို့ခွါလို့မရကောင်းသော ရုပ်ဓာတ် ၈ ပါးဖြစ်ခြင်းကြောင့် အဝိနိဗ္ဘောဂရုပ် ၈ ပါးခေါ်၏ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဘယ်လိုခေါ် (အဝိနိဗ္ဘောဂရုပ် ၈ ပါးလို့ ခေါ်ပါတယ်ဆရာ)။ အေး အဝိနိဗ္ဘောဂရုပ် ၈ ပါးလို့ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဝိနိဗ္ဘောဂရုပ်၊ ဘယ်နှစ်ပါးလဲ ၈ ပါး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ အဝိနိဗ္ဘောဂရုပ်ခေါ်သလဲဆို ဘယ့်နှယ့်ပြောမလဲ (ခွဲလို့ မရလို့ပါဆရာ)။ ခွဲလို့မရလို့ တစ်ပါးချင်း တစ်ပါးချင်းခွဲလို့မရဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်တော့မှမရဘူး၊ ဒါဖြင့် အဲဒီရုပ်ဓာတ် ၈ ပါးမှာ ပထဝီတစ်လုံးပျက်သွားပြီဆိုတော့ ကျန်တဲ့ ၇ ပါး (ပျက်သွားပါပြီဆရာ)။ ပျက်သွားပြီ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါ မှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်တော့ ဖြစ်ဖြစ် တစ်လုံးပျက်သွားရင် အကုန်ပျက်ပြီဆိုတာ တွေးမနေနဲ့ တွေးမနေနဲ့။

တစ်လုံးရှိရင်လည်းပဲ ဒီဓာတ်တစ်လုံးတွေ့ရင် ကျန်တဲ့ ၇ ပါးက အတူတူပဲရှိတယ်၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဖြစ်အတူပျက်အတူတဲ့ ဒီ ၈ ပါးက တတွဲထဲ နေတဲ့ဓာတ်ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သုဒ္ဓဋ္ဌကလာပ်လို့လည်းခေါ်တယ်၊ အဋ္ဌကလာပ်ရုပ် ၈ ပါးလို့လည်းခေါ်တယ်၊ အဝိနိဗ္ဘောဂရုပ် ၈ ပါးလို့လည်းခေါ်တယ်၊ မြန်မာလို ပြန်တော့ တစ်ပါးချင်းတစ်ပါးချင်း ခွဲလို့ခွာလို့မရကောင်း ၈ ပါးစလုံး၊ တစ်ပါးပျက်ရင် အကုန် ပျက်တာပဲ တွေးမနေနဲ့ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီတော့ ဒါဖြင့် ဒီရုပ်ဓာတ် ၈ ပါးမှာ ဩဇာဓာတ်ပါနေပေါ့ (ပါနေပါပြီဆရာ)။ ပါနေပြီ၊ အဲဒီ ဩဇာဓာတ်နဲ့ အဓိပ္ပါယ်ပြန်ပြီးတော့ ရှင်းရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဩဇာဓာတ်ဆိုတာ ဘာခေါ်သလဲလို့မေးတော့ ဒါဖြင့် ဒီဓာတ်ကျတော့ တို့နောက်ကပြနေတဲ့ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသဆိုတဲ့ ဓာတ်တွေနဲ့မတူဘူး သူ့ရဲ့ပြပုံကလေးက။ အဲဒီ ဩဇာလို့အမည်တပ်ပြီး ဟောထားတာကိုက လက္ခဏာကိုအမည်တပ်ပြီး ဟောထားတာနော် (ဟုတ်ပါတယ်ဆရာ)။ ဓာတ်ရင်းကဘယ်သူလဲ ဆိုတော့ ဓာတ်ရင်းက ကဗဠီကာရ အာဟာရ၊ ကဗဠီကာရအာဟာရသည် ဩဇာဓာတ်ကိုခေါ်၏နော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်သည် ကဗဠီကာရအာဟာရကိုခေါ်၏၊ ဟော ကဗဠီကာရအာဟာရ နဲ့ ဩဇာဓာတ်နဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ကဗဠီကာရအာဟာရဆိုတာ တို့မြန်မာလို နားလည်အောင်ပြောတော့ ရှည်နေတယ်၊ ကဗဠီကာရအာဟာရဆိုတော့ တော်တော်အခေါ်ရ ခက်တယ် အာဟာရလို့သုံးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အာဟာရဆိုရင် လူတိုင်းနားလည်တယ် ဟုတ်လား (နားလည်ပါတယ်ဆရာ)။ ဘာခေါ်တုန်း (အာဟာရလို့ခေါ်ပါတယ်ဆရာ)။ ဟောဗျာ (ဩဇာဓာတ်လို့ခေါ်ပါတယ်ဆရာ)။ ဟောဗျာ ချကုန်ပြီ ရမ်းအုပ်တာပဲ အဲဒီဩဇာဓာတ်ကို ကဗဠီကာရအာဟာရခေါ်တယ် ကဗဠီကာရဖြုတ်ထားလိုက် အာဟာရလို့ပြောကြစို့၊ အာဟာရဆို မင်းသိလား (သိပါတယ်ဆရာ)။ ဘာခေါ်တုန်း (အစားအသောက်ကိုခေါ်ပါတယ်ဆရာ)။ အေး

http://www.dhammadownload.com



အဲဒီလိုပြော တော်သားနော်၊ စားစရာသောက်စရာဆိုတာ အာဟာရခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် သူ့ကို အရပ်ထဲက သုံးနေတယ် မဟုတ်လားကွ (ဟုတ်ပါတယ်ဆရာ)။ အေး အာဟာရဆိုတဲ့စကားကရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)။ ဘာကြောင့် အာဟာရတော်မွတ် ခေါင်းပါးနေတယ်၊ အစာအာဟာရပြည့်ပြည့်ဝဝရှိတယ်၊ ဒီလိုသုံးတဲ့အသံတွေကြားဖူးတယ် မဟုတ်လား (ကြားဖူးပါတယ်ဆရာ)။ ဩော် ဒါဖြင့် စားကောင်းသောက်ဖွယ်ဆိုတဲ့ဥစ္စာကို အာဟာရခေါ်တာပဲ ဒီလိုပဲ နားလည်နော် (ဟုတ်ပါတယ်ဆရာ)။ အဲ ကဗဠီကာရဆိုတာက အလုတ်အလွေ့ကိုခေါ်တယ်။ အမှန်တော့ မင်းထမင်းစားတော့ မင်းထမင်းအလုတ်ကလေးလုပ်ပြီးတော့ ပါးစပ်ထဲ မခွံ့ရဘူးလား (ခွံ့ရပါတယ်ဆရာ)။ ကဗဠီကာရော အာဟာရော၊ အလုတ်အလွေ့ကို မသိသော်လည်း သိသကဲ့သို့သော၊ အဟာရော–အာဟာရ၊ အဲဒီအာဟာရကို ဘာခေါ်သလဲမေးတော့ ဩဇာခေါ်ပါတယ်တဲ့ ဒီလိုခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ တို့လူစုကဒါလေးမှတ်ထား၊ အာဟာရဆိုသည် ဩဇာကို ခေါ်၏ ဩဇာဆိုသည်အာဟာရကိုခေါ်၏ ဒီလိုနားလည်ရမယ် (ဟုတ်ပါတယ်ဆရာ)။ ဒီနေရာမှာ ဒါဖြင့်ကောင်းပါပြီ အရင်စာတ်တွေတုန်းကတော့ လက္ခဏာတို့ ရသတို့ ပစ္စုပဋ္ဌာန်တို့ ပဒဋ္ဌာန်တို့ ဌာန်လေးချက်နဲ့ပြထား၊ ဒီနေရာကျတော့ဘယ့်နှယ့်တုန်း ဩဇာလို့ ရုပ်စာတ် ၈ ပါး ဟောထား သွားတယ်၊ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏော ဂန္ဓ ရသ ဩဇာ ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ မှတ်ကြောင်းလက္ခဏာတပ်ဟောလာပြီးတော့ မှတ်ကြောင်းလက္ခဏာတပ်မနေနဲ့ သွင်းပြီးတော့ ဟောတယ်၊ ဩဇာဆိုတာ မှတ်ကြောင်းလက္ခဏာ ဘယ်သူ့မှတ်စရာလဲဆိုတော့ စောစောကပြောတဲ့ ကဗဠီကာရအာဟာရလို့မှတ်ဖို့ပေးထားတာ အာဟာရနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီအာဟာရကို မှတ်ဖို့ပေးထားတဲ့လက္ခဏာတဲ့၊ ဘာကြောင့် ဒီနေရာကျတော့ ဒီလက္ခဏာဩဇာစာတ်ကို စာတ်အနေ အားဖြင့် ဟောပါသလဲဆိုတော့ သူကပြဋ္ဌာန်းလို့တဲ့ ဩဇာစာတ်ကိုနော် (ဟုတ်ပါတယ်ဆရာ)။ ဘာပြဋ္ဌာန်းသလဲမေးတော့ အခုသူနှင့်တကွ ပြပြီးသားခုနစ်ပါးပေါင်းလိုက်တော့ ရှစ်ပါးမနေဘူးလား (ရှစ်ပါးနေပါတယ်ဆရာ)။ အဲဒီ ရုပ်စာတ် ၈ ပါးပေါင်းစုထားတဲ့ အဋ္ဌကလာပ်ခေါ်ထားတဲ့ ရုပ်စာတ် ၈ ပါးမှာ သူပါလို့ ဒီရှစ်ပါးသောရုပ်စာတ်တရားကြီးက တည်မြဲနေရတာနော် (ဟုတ်ပါတယ်ဆရာ)။ မပြိုမကွဲ မပျက်မစီး မဆွေးမပြည့်ဘဲနဲ့ တည်မြဲနေရတာ ဘယ်သူပါနေတုန်းမေးတော့ အဲဒီ ဩဇာစာတ် ပါလို့နော် (ဟုတ်ပါတယ်ဆရာ)။

ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏော ဂန္ဓ ရသ ဩဇာ ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ ဩဇာစာတ်ရှိလို့ ပထဝီကစပြီးတော့ ဒီဩဇာစာတ်အထိ ရှစ်ပါးသော ရုပ်တရားတွေ သူဆောင်ထားတာ သူစောင့်စည်းထားတာ သူစောင့်ရှောက်ထားတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ရှစ်ပါးသောရုပ်တရားတွေက မပျက်မစီး မပြိုမကွဲဘဲနဲ့ တစ်ခဲနက်တည်နေကြတယ်

http://www.dhammadownload.com



ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီဩဇာဓာတ်က ပြဌာန်းထားတာ ရုပ်ဓာတ် ၈ ပါးကိုနော် (ဟုတ်ပါတယ်ဆရာ)။ အေး သူပြဌာန်းလို့ သူ့ကိုဓာတ်ရင်းအနေအားဖြင့် ဒီနေရာတော့ တစ်ခြားသောဓာတ်တွေလို့ ဓာတ်သားပရမတ်သားလို့ ထည့်သွင်းမဟောဘဲနဲ့ လက္ခဏာဆိုတဲ့ ဩဇာဓာတ်ကိုတော့ သိပြီးသားဟောထားတယ် ဩဇာဓာတ်ပြဌာန်းတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဩဇာဓာတ် ဘယ်အထိအောင်ပြဌာန်းလဲဆိုတော့ သင်ပြတာကတော့ သူနှင့်တကွအတူဖြစ်တဲ့ ခုနစ်ပါးသော ရုပ်တရားတွေကို သူက မပျက်စီးအောင်ဆောင်တတ်တယ် စောင့်ရှောက်တတ်တယ် ထောက်ပံ့တတ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူနှင့်တကွဖြစ်တဲ့ ရုပ်ခုနစ်ပါးနော် (ဟုတ်ပါတယ်ဆရာ)။ သူပါနဲ့ဆိုဘယ်နှစ်ပါး (ရှစ်ပါးပါဆရာ)။ အေး ရှစ်ပါး ရှစ်ပါး။

အဲဒီရုပ်ရှစ်ပါးကို မပြိုမကွဲ မပျက်မစီး မဆွေးမမြေ့အောင် စောင့်စည်းတတ်တယ် ထောက်ပံ့တတ်တယ် ခိုင်မြဲစေတတ်တယ် သူရဲ့သတ္တိနော် (ဟုတ်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဩော် သူနဲ့အတူတူဖြစ်နေတဲ့ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသဆိုတဲ့ ခုနစ်ပါးသော ရုပ်တရားတွေကို မပျက်မစီးအောင် သူကဆောင်ထားတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ စောင့်ရှောက်ထားတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ထောက်ပင့်ထားတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဘယ်သူက ထောက်ပင့်ထားတာလဲ (ဩဇာဓာတ်ပါဆရာ)။ အေး အေး မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အေး မှတ်မိ မှတ်မိ၊ ဒီတော့ သူဟာ ဒီနေရာမှာ ရုပ်ဓာတ် ၈ ပါး ပေါင်းစုပြီးတော့ သဘောအစုကိုပေါင်းစုပြီးတော့ ဖြစ်နေတယ်ဆိုတဲ့ ပကတိမျက်စိနဲ့မြင်နေတဲ့ အတုံး အလုံး အခဲ အကောင် အထည် အထည်ဒြပ်သဏ္ဍာန် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ သဝိညာဏက–အသက်ရှိ၊ အဝိညာဏက–အသက်မဲ့ဆိုတဲ့ လောကဓာတ်ကြီးတစ်ခုလုံး၊ အသက်ရှင်တဲ့ရုပ်ရော အသက်မရှိတဲ့ ရုပ်ရော ဆိုသလိုပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါတွေ ရုပ်တွေ မဟုတ်ဘူးလား (ရုပ်တွေချည်းပါပဲ ဆရာ)။ အဲဒီ ရုပ်တွေဟာ အသက်ထင်ရှားရှိတဲ့ ရုပ်တွေလည်းပဲ သေမသွားအောင် ဆွေးမြေ့မသွားအောင် အသက်ရှိတဲ့သတ္တဝါတွေကျတော့နော် (ဟုတ်ပါတယ်ဆရာ)။ အသက်မရှိတဲ့ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာဆိုတဲ့ ရုပ်တွေကျတော့လည်း ဆွေးမြေ့မသွားအောင် ပျက်စီးမသွားအောင် ပျောက်မသွားအောင် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်သူစောင့်ရှောက်ထားတာလဲ ဘယ်သူထောက်ပင့်ထားတာတုန်းဆိုတော့ ဟောဒီဩဇာဓာတ် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် လောကဓာတ်ကြီး ဆုတ်ယုတ်ပျက်စီးခြင်း မရောက်တာပေါ့။ အသက်ရှင်နေတဲ့ သတ္တဝါတွေကြည့်လည်း ဒီအသက်တွေ ရှင်နေတာကတော့ မသေဘဲ တည်မြဲနေတာဘာကြောင့် သူထောက်ပံ့ထားတယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ တုံး တိုင် တော တောင် ရေ မြေ သစ်ပင် ဝိညာဉ်အစရှိတဲ့ ဒီအဝိညာဏက–အသက်မဲ့တဲ့ ရုပ်တွေလည်းပဲ ဆွေးမြေ့မသွားအောင်

http://www.dhammadownload.com



ပျက်စီးမသွားအောင် ထောက်ပင့်ထားတာ ဘယ်သူတုန်း ဩဇာစာတ် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သက်ရှိသက်မဲ့ လောကစာတ်တစ်ခုလုံး အကုန်ခြုံကြည့်၊ အသက်ရှိတဲ့ သတ္တဝါတွေ မသေမပျောက်ဘဲနဲ့ တည်မြဲနေတာရော ခုနသက်မဲ့ဆိုတဲ့ အသက်မရှိတဲ့ တိုး တိုင် သစ်ပင် ဝါးပင် တော တောင် ရေ မြေ သမုဒ္ဒရာတွေ မဆွေးမမြေ့ မပျက်မစီးဘဲ တည်မြဲနေတာ ဘယ်သူလဲ မေးကြည့်ရင် ဩဇာစာတ်ထောက်ပင့်ထားတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဩဇာစာတ် ကြီးနော်။

ဒီတော့ ဩဇာစာတ်ဟာ ခရီးအရောက်ဆုံးသော စာတ်တစ်လုံးဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ခရီးရောက်တယ် တာသွားတယ်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ တန်ခိုးရှိတယ်ပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ တို့ ဒီ ၃၁ ဘုံအကုန်ခြုံကြည့်လိုက်၊ ၃၁ ဘုံ တည်းဟူသော လောကစာတ်ကြီး အသက်ရှိတဲ့သတ္တဝါတွေရော၊ အသက်မဲ့တဲ့အရာဝတ္ထု အစုစုတွေပေါ့ကွာ၊ လောကစာတ်ကြီးတစ်ခုလုံးပေါ့။ အဲဒီလောကစာတ်ကြီးတွေ မဆွေးမမြေ့ မပျက်မဆီး မသေမပျောက်ဘဲနဲ့ ခိုင်မြဲနေတာ ဘယ်သူကြောင့်ဆိုရင် ဩဇာစာတ်ကြောင့် ဒီလိုဆိုရင်လွဲပါ့မလား (မလွဲပါဘူးဆရာ)။ ဒါဖြင့် သူသတ္တိအမြောက်ဆုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ခရီးအရောက်ဆုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ တန်ခိုးအရှိဆုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ စာတ် ၈ ပါးထဲလေ (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါလေး သေသေချာချာမှတ်ကွဲ့၊ အဲဒါတွေ နားလည်တဲ့ ပညာရှိများက ဒီဩဇာစာတ်တစ်လုံးရဲ့ ဘယ်နေရာသုံးတယ်လို့ အရပ်ထဲ မြို့ပေါ် ရွာပေါ် နိုင်ငံပေါ် ဒီလိုနေရာတွေ လှည့်သုံးထားတယ်၊ ဘယ်လိုလှည့်ကြည့်ကြည့် ဘာဖြစ်လို့လဲ ဟာ သူကဩဇာမရှိဘူးဗျ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ဘယ်သူလဲ ဘယ်သူကတော့ဩဇာရှိတယ် သူကတော့ဩဇာတိက္ကမရှိတယ်၊ သူ့ဩဇာ လည်းညောင်းကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီလိုသုံးတဲ့နေရာလေးမှာ ဩဇာဆိုတဲ့ ဩဇာမျိုးရယ်၊ အခုငါပြနေတဲ့ဩဇာဆိုတဲ့ စာတ်ရယ်တူရဲ့လား (မတူပါဘူးဆရာ)။ မတူဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဟိုက ဩဇာက စားကောင်းသောက်ကောင်းတဲ့ဩဇာ မဟုတ် ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။ ဒီက ဩဇာက (စားကောင်း သောက်ကောင်းတဲ့ ဩဇာပါဆရာ)။ အေး အေး စားကောင်း သောက်ကောင်းတဲ့ အစာအာဟာရဩဇာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ဟိုဩဇာက ဩဇာရဲ့တန်ခိုးသတ္တိယူပြီးတော့ ဥပမာတင်စားပြီးတော့ ထင်ရှားအောင်ပြောတဲ့ စကားလုံးနော် (ဟုတ်ပါတယ်ဆရာ)။ အတူတူပါပဲ ဒီဩဇာချည်းပြောတာ၊ ဘာဖြစ်လို့တုန်း မင်းပါးစပ်ထဲ ရုပ်စာတ် ၇ ပါး၊ ရုပ်စာတ် ၈ ပါးရှိတဲ့အနက်က ပထဝီလည်း သူ့လောက်တန်ခိုး မကြီးပါဘူးတဲ့၊ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဒီစာတ်တွေလည်း တန်ခိုးမကြီးပါဘူး ခရီးမရောက်ပါဘူး တာမသွားပါဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဩဇာစာတ်ကတော့

http://www.dhammadownload.com



ဒီရုပ်လက္ခဏာနဲ့ သူ့တန်ခိုးအရှိဆုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ သူ့သတ္တိအရှိဆုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ သူ့ခရီးအရောက်ဆုံးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်တန်ခိုးရှိတယ် ခရီးရောက်တယ် သတ္တိပြောင်မြောက်တယ်။

ဒီအဝိပ္ပါယ်လေးကိုယူပြီးတော့ အရပ်ထဲ ဘယ်သူ့ဩဇာကောင်းလဲ ဘယ်သူ့ဩဇာတိက္ကမရှိသလဲ ဩဇာ ဒီဩဇာယူပြောတာပါတဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါဖြင့် ဒီရုပ်ဓာတ် ၈ ပါးရှိတဲ့အနက်က ဒီဩဇာဓာတ်တစ်လုံးဟာ တန်ခိုးအထက်အမြက်ဆုံးပဲ တာအသွားဆုံးပဲ ခရီးအရောက်ဆုံးပဲဆိုတာ မင်းနားလည်ပြီပေါ့ (နားလည်ပါတယ်ဆရာ)။

သေချာပြန်ကြည့်၊ အခုပြထားတဲ့ ပထဝီရယ် အာပေါရယ် တေဇောရယ် ဝါယောရယ် ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါး၊ မင်းတို့ငါတို့ ဟိုးဘဝကစပြီးတော့ပြန်ကြည့်၊ ငါ့ဘက်ကစပြီးတော့ အသက်ရှိတဲ့ ငါဆိုတဲ့အကောင်ကစကြည့်၊ သတ္တဝါမှန်သမျှရှိတဲ့ ရုပ်တရားတွေ၊ ခေါင်း လက် ကိုယ် ခြေ ဒါမျိုးတွေမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဝိညာဏက အသက်မရှိတဲ့ ဝတ္ထုပစ္စည်းတွေမှန်သမျှ အကုန်လုံးဒီရုပ်တွေချည်း၊ ဒီတော့ မင်းဘေးပတ်ဝန်းကျင်မှာ အခု မျက်စိအောက်မှာ စားပွဲ ကုလားထိုင် တုံး တိုင် သစ်ပင် ဝါးပင် တော တောင် ရေ မြေ မြို့ ရွာ ဒါအသက်မဲ့ရုပ်တွေ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မင်းအသက်ရှိတဲ့ သတ္တဝါတွေရဲ့ကိုယ်တည်း ဟူသော သမုတ်ထားတဲ့ရုပ်တွေရော အသက်မဲ့တဲ့ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာဆိုတဲ့ ရုပ်တွေရော၊ အဲဒီရုပ်တွေ တစ်ခုချင်းတစ်ခုချင်းကြည့်၊ တစ်ခုချင်းယူကြည့် အဝိပ္ပါယ်မင်းရှေ့က အခုချထားတဲ့ စားပွဲကြီးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါ တို့ပညတ်နယ်ထဲက ရုပ်လုံးရုပ်ခဲကြီးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီရုပ်ကြီးကို ဒါအသက်မဲ့တဲ့ရုပ် ဓာတ်ခွဲကြည့်လို့ရှိရင် ဓာတ်ဘယ်နှစ်ပါး ရလာလဲ (ဓာတ် ၈ ပါးရလာပါတယ်ဆရာ)။ ဩော် ၈ ပါးပဲလား (ဟုတ်ပါတယ်ဆရာ)။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီပမာလိုပဲ မင်းအသက်ရှိတဲ့ မင်းကိုယ်ဓာတ်ခွဲကြည့်တော့ကော အသိဓာတ်တွေ ဖယ်ထား (ဓာတ် ၈ ပါးပဲရပါတယ်ဆရာ)။ ဩော် ဒီပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ဒီ ၈ ပါးပဲရမယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် သက်ရှိသတ္တဝါမှန်သမျှ ဒီ ၈ ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ အသက်မဲ့တဲ့၊ အသက်မရှိတဲ့ ဘုံလောကဓာတ်ကြီးတစ်ခုလုံး ဒီ ၈ ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါ ကြောင့် ဘယ်ကြည့်ကြည့် သက်ရှိသက်မဲ့ဘုံလောကဓာတ်ကြီးတစ်ခုလုံးမှာ အကုန်ခြုံပြီးဖေ့ကြည့်ပါ။ တစ်ခုချင်းတစ်ခုချင်း ခွဲကြည့် စိတ်ကြည့် လှီးကြည့် ဘာရှိလဲမေးရင် ဒီပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါးပဲရှိပါတယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ရုပ်ဓာတ် ၈ ပါးချည်းရှိလိုက်တော့ ရုပ်ဓာတ် ၈ ပါးရှိနေတော့ ဒါဖြင့် ဟိုကြည့်လည်းရုပ်ဓာတ် ၈ ပါး၊ ဒီကြည့်လည်း ရုပ်ဓာတ် ၈ ပါး၊ ငါ့ကြည့်လည်း ရုပ်ဓာတ် ၈ ပါး၊ သူ့ကြည့်လည်းရုပ်ဓာတ် ၈ ပါး၊ တုံးတွေ တိုင်တွေကြည့်လည်း ရုပ်ဓာတ် ၈ ပါး၊ နေ လ နက္ခတ် တာယာကြည့်လည်း ရုပ်ဓာတ် ၈ ပါး၊ ဘုံလောကဓာတ်ကြည့်လည်း ရုပ်ဓာတ် ၈ ပါး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရုပ်ဓာတ် ၈ ပါးချည်းပဲအကုန်လုံး။ ဩော် ဒါဖြင့် ဒီရုပ်တရားကြီး၊ ရုပ်ဓာတ် ၈ ပါးဆိုတဲ့ပေါင်းစုထားတဲ့ ရုပ်တရားကြီးတွေ အသက်ရှိတဲ့သတ္တဝါတွေ အသက်မဲ့တဲ့ဘုံလောကဓာတ်ကြီးတွေ အသက်ရှိတဲ့ သတ္တဝါတွေကြည့်ပြန်တော့ မသေမကြေဘဲနဲ့ တည်နေကြတယ်။ အသက်မရှိတဲ့ တုံး တိုင် တော တောင် ရေ မြေ သစ်ပင် ဝါးပင်အစရှိတဲ့ လောကဓာတ်ကြီး ကြည့်ပြန်လည်း မဆွေးမမြေ့ မပျက်မစီးဘဲနဲ့ တည်မြဲနေကြတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်လိုက်တော့လည်း သူတို့ရုပ်ဓာတ် ၈ ပါးဘဲ (ဟုတ်ပါတယ်ဆရာ)။ ဘာကြောင့်တည်မြဲနေသလဲ ဘာကြောင့် အသက်ရှင်နေသလဲမေးတော့ ဒီဩဇာဓာတ်ထောက်ပံ့ထားလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ သဘောပေါက်သွားပြီပေါ့ (ပေါက်ပါပြီဆရာ)။

အေး အေး အဲဒီ ဩဇာဓာတ်၊ ဒါဩဇာဓာတ်က နည်းနည်းလည်းကျယ်ဝန်းတယ်၊ တို့လူစု နည်းနည်းလေး ကျယ်ကျယ်ဝန်းဝန်းလေးနဲ့ ဩဇာဓာတ်ကျတော့ ကျကျနနလေးပြပေးမှ။ ဒီတော့ တစ်ရက်ပြီးတစ်ရက်ဆိုသလိုပေါ့ ဆက်ကာဆက်ကာနဲ့ သူ့ကွင်းဆက်ကလေးနဲ့သူ မပြတ်အောင် လေးနော် နားလည်လား အင်မတန်မှမမြဲတဲ့တရားကြီးလည်းဖြစ်ပါတယ်။ ဒီပရမတ်တွေ ပညတ်တွေဆိုတာကတော့ သင်စရာကြားစရာမလိုပါဘူး။ အဲဒီ ပညတ်တွေ စိတ်ပျက်လို့ တစ်သံသရာလုံးမှာ ဘယ်တော့မှ သံသရာဝဋ်အတွင်းက မလွတ်ကင်းဘူးဆိုတာ မှတ်ထားပါ။ ဘာဖြစ်လို့ တို့မဟုတ်မမှန်တာတွေ၊ အမြဲတစေသိနေတဲ့ပညတ်တွေစိတ်ပျက်လို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ပရမတ်သိဆိုတဲ့အသိသည် အင်မတန် တန်ဖိုးရှိတဲ့တရားကြီးပါ။ ဒီတော့ ဒီပညတ်အသိတွေလုံးဝဖယ်ရှားပြီးတော့ ပရမတ်အသိလေးရောက်လာအောင် ဩဇာဓာတ်ရဲ့သတ္တိတန်ခိုး အကျိုးဘယ်လိုရှိပုံ တည်နေပုံ သတ္တဝါများ အထောက်အပံ့ ဘယ်လိုပေးထားပုံ အသက်ရှိတဲ့သတ္တဝါတွေ၊ အသက်မရှိတဲ့ အရာဝတ္ထုတွေကျတော့ ဘယ်လိုအထောက်အပံ့ပေးတယ် သူ့ရဲ့သတ္တိနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဒီဩဇာဓာတ်ကြီး ကျကျနနကြီး အခြေခံကစပြီး သူ့ကွင်းဆက်နဲ့သူပြသွားပါမယ်၊ နည်းနည်းလေး ကျယ်ရင်လည်းကျယ်ပါလိမ့်မယ်၊ ကျယ်ကျယ် ဝန်းဝန်းလေးရှိမှလည်း ပိုလည်းပြတ်သားတယ် အဲဒါမှလည်းပိုင်ပိုင်နိုင်နိုင်ရတယ်၊ ဒါမှ ဩဇာ ဓာတ်တစ်လုံးနောက်ဆုံးဆိုတဲ့အနေနဲ့ ဩဇာဓာတ်တစ်လုံး တို့ပရမတ်အနေအားဖြင့် သိပြန်ပေါ့လို့ ဒီလိုရမှာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလို ရသွားပြန်တော့လည်း ရုပ်ဓာတ် ၈ ပါးနဲ့ ပြန် ပေါင်းလိုက်တော့ ဟာ ရုပ်ဓာတ် ၈ ပါး ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ရုပ်ဓာတ် ၈ ပါး

http://www.dhammadownload.com



တစ်ပါးချင်းတစ်ပါးချင်း ပရမတ်အနေအားဖြင့် ငါထင်ထင်ရှားရှား ပြတ်ပြတ်သားသားသိတယ် ငါရတယ် ငါနားလည်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီလိုမှ ဒါမှကိုယ်ပိုင်ကွ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပြောသံကြားရင် ကိုယ်ပိုင်ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ပြောသံကြားပဲရှိမယ်။

လေဖမ်းပြီးဝရမ်းချီသလိုဖြစ်မှာပေါ့ ပြောသံကြားဆို၊ စာအနေနဲ့ သူ့သူငါငါလည်းကြားဖူးသားပဲ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတာ စာသင်ဖူးတဲ့ပုဂ္ဂိုလ်လည်းဒီအတိုင်းပဲ ဒါတော့မှတ်ရဦးမယ်။ ဒါတော့ အဲဒီစာကထိုးပြထားတဲ့ သဘာဝဆိုတဲ့ သဘောတရားသက်သက် ပညာစစ်ပညာမှန်ဆိုတဲ့အသိဉာဏ်တွေ ပေါ်ထွက်လာဖို့က အတော်ကြီးခက်ပါတယ်။ ဒါကြောင့် ပညာဆိုတာ တစ်ခြားမဟုတ်ပါဘူးတဲ့၊ တရားသဘောကိုထိုးထွင်း၍သိတာ ပညာလို့ ဒီလိုပြခဲ့ပေါ့ မနေ့ကပြပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ မှတ်လည်းထားပါ၊ အဲဒီ အသိဉာဏ်ရောက်မှ ပညာစစ် ပညာမှန်၊ ဒီအသိဉာဏ်မရောက်ခင်ကာလပတ်လုံး ဘယ်တော့မှ ဒီသိနေတဲ့အသိတွေ တတ်နေတဲ့ အတတ်တွေက ပညာမခေါ်ပါဘူး၊ ပညာစစ်ပညာမှန်မခေါ်ပါဘူး ပညာစစ်ပညာမှန်တစ်လုံးမှမသိရင် ပညာရှိမဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ပညာရှိအစစ် အခေါ်ခံချင်ရင် မြတ်စွာဘုရား ကိုယ်တော်မြတ်ဟောတော်မူတဲ့ ပရမတ်တစ်လုံး ဓာတ်တစ်လုံးကို ပြတ်ပြတ်သားသား နားလည် အောင်ယူ၊ တကယ့်ပရမတ်အစစ်ကြီးသိလာရင်ဖြင့် အဲဒါပညာစစ်ပညာမှန်ပဲ ဒါမှပညာရှိ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် ဒီဩဇာဓာတ်ကြီးမှာ သေသေချာချာအခြေခံကစပြ၊ ဩဇာဓာတ်ဆိုတာ ပါဠိ လိုနော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ် ပါဠိလို၊ မြန်မာလိုပြန်တော့ တို့ မြန်မာဘာသာပြန် အနေနဲ့တော့ ဘယ်ကျမ်းမှာပဲကြည့်ကြည့် ဩဇာဓာတ်သည်အဆီအနှစ်လို့ ဒီလိုပဲပြန်ကြတယ် နော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်သည် အဆီအနှစ်၊ ဒီလိုပဲ မြန်မာလိုနားလည်အောင်ပြန်၊ မြန်မာပြန်လေးတွေပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်သည် ပါဠိလိုကဩဇာဓာတ်၊ မြန်မာလိုဘာခေါ်သလဲ အဆီအနှစ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဩဇာဓာတ်က မြန်မာလိုပြန်တော့ဘာလဲ (အဆီအနှစ်ခေါ်ပါတယ်ဆရာ)။ အေး အဆီအနှစ်၊ ဒါဩဇာဓာတ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အဆီအနှစ်လို့ ဘာသာပြန်ထားတဲ့စကားက တစ်ခြားမဟုတ်ပါဘူး စကားအမှားခေါ်တယ် ပြန်စရာ မြန်မာစကား ပရိယာယ်မှာ ဩဇာဓာတ်ပြန်ပြဖို့ ခပ်ရှားရှားဖြစ်နေတယ်၊ ဒါကြောင့် လူများနားလည်လွယ်အောင် ဩဇာဓာတ်ကို အဆီအနှစ်လို့ နားလည်လွယ်အောင် စကားအမှားအနေအားဖြင့် ဘာသာပြန်ထား တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ ဒီဩဇာဓာတ်ဆိုတာ အဆီခေါ်တယ် ဩဇာဓာတ်ဆိုတာအဆီခေါ်တယ်နဲ့ ဒီလိုပဲနားလည်ထား ဘာဖြစ်လို့လဲ မြန်မာပြန်က

http://www.dhammadownload.com



ဒီအတိုင်းပြန်ထားတာ၊ ဘာသာပြန်က ဒီအတိုင်းပြန်ထားတာ။ ဘာဖြစ်လို့ ဒီအတိုင်းပြန်သလဲဆိုတော့ ဒီဘာသာပြန်တဲ့ပုဂ္ဂိုလ်ကမသိတော့ သူ့နားသိတဲ့ အဲဒီအနီးကပ်ဆုံး အနက်အဓိပ္ပါယ် လူများ သိလွယ်အောင်ဆိုတာက အဆီလို့ပြန်တဲ့ စကားသံရှာပြီးတော့ ပြန်ကြတယ် မရှိသလိုဖြစ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် လူအများအသိလွယ်ဆုံးဆိုတဲ့ မြန်မာဘာသာပြန်က အဆီလို့ ပြန်ထားတယ်၊ ပါဠိလိုကသြဇာ မြန်မာလိုပြန်တော့အဆီ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ဒီလိုဘာသာပြန်ထားတော့ အဆီမှ သြဇာဓာတ်လားလို့မေးတော့ ဒီလိုမဟုတ်ပါဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဆီမှသြဇာဓာတ်လားဆိုတော့ မဟုတ်ပါဘူး၊ သြဇာဆိုတဲ့ သဘောဟာ အမှန်စင်စစ်ကတော့ စောစောကပြောတဲ့အတိုင်း မင်းတို့ငါတို့ အသက်ရှိတဲ့ သတ္တဝါ တွေလည်းပဲ မင်းတို့ငါတို့မှာ ထင်ရှားဖြစ်နေတဲ့ရုပ်ကို ဆက်ကာဆက်ကာ အထောက်အပံ့ပေးနေတဲ့ သဘောလေးနော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့ရုပ်ကို ဆက်ကာဆက်ကာ အထောက်အပံ့ ပေးနေတဲ့သဘောလေးကသြဇာဓာတ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါနဲ့ တို့ အသက်ရှိတဲ့ လူတွေ အသက်ထင်ရှားရှိနေတော့ မသေမကြေဘဲနဲ့နေကြတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သေတာတော့နော် သေခြင်းတရား ၄ ပါးနဲ့ပြည့်စုံရင် သေကြမှာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲ မသေခင်လေးမှာ မင်းတို့ငါတို့ဟာ ငယ်စဉ်တောင်ကျေးကလေးကစပြီးတော့ အခု တစ်စတစ်စနဲ့ ကြီးထွားလာတယ် ကျန်းမာတယ် ချမ်းသာလာတယ် အသက်ရှည်လာတယ်၊ နေ့ပြီးရက် ရက်ပြီးလ လပြီးနှစ်ဆိုသလိုပဲ ဒီလိုဖြစ်ဖြစ်လာတော့ မင်းတို့ငါတို့ရုပ်ကြီးဟာ မပျက်မစီးအောင် အထောက်အပံ့ ပေးတာ ဘယ်သူလဲဆိုတော့သြဇာဓာတ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သစ်ပင် ဝါးပင် တော တောင် ရေ မြေ သမုဒ္ဒရာတွေကြည့်ပါဦး တုံး တိုင်ကစလို့၊ သူကျတော့ သဝိညာဏက အသက်ရှိတဲ့ သတ္တဝါတွေပေးထားတဲ့ သြဇာဓာတ်ရဲ့ အထောက်အပံ့ပေးသလို ဒါဖြင့် တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာအကုန်လုံးပေါ့ အဝိညာဏက အသက်မဲ့တဲ့ဥစ္စာ အရာဝတ္ထု မှန်သမျှပေါ့ ကြည့်စမ်းကွာ သစ်ပင်တွေ တစ်နေ့ထက်တစ်နေ့ကြီးထွားလာတယ် မလာဘူးလား (လာပါတယ်ဆရာ)။ သူကြည့်ပျက်စီးမသွားဘူး သွားလား (မသွားပါဘူးဆရာ)။ မသွားဘူး ဒါဘာဖြစ်လို့ သြဇာဓာတ်အထောက်အပံ့ပေးလို့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တုံးတွေ တိုင်တွေက မိုးထဲရေထဲပစ်ထား ရုတ်တရက်မဆွေးဘူး၊ ဒါပေမယ့် မဆွေးအောင်ခိုင်မြဲနေတာဘယ်သူလဲဆိုတော့ သြဇာဓာတ်ထောက်ပံ့နေတာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါလည်းပဲ တို့သြဇာဓာတ် များရင် များသလို သြဇာဓာတ်နည်းရင်နည်းသလိုပဲ၊ ရုပ်တိုင်းမှာ ဒီသြဇာဓာတ်က အမြဲတစေရှိထားတော့ သြဇာဓာတ်ကြောင့် ဒီရုပ်သည် မဆွေးမြေ့မပျက်မစီးဘဲနဲ့ ခိုင်မြဲနေတယ်။ သြဇာဓာတ် အထောက်အပံ့ပေးတဲ့ ဒီသစ်ပင်ဝါးပင်တို့သည် မဆွေးမမြေ့မပျက်မစီးဘဲနဲ့ ကြီးထွားလာတယ်။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သြဇာဓာတ် အထောက်အပံ့ပေးခြင်းကြောင့် အသက်

http://www.dhammadownload.com



ထင်ရှားရှိတဲ့သတ္တဝါများသည် နေ့ပြီးရက် ရက်ပြီးလ လပြီးနှစ်ဆိုသလို မသေမကြေ မဆွေးမမြေ့ မပျက်မစီးဘဲနဲ့ တည်မြဲနေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်သူ့အထောက်အပံ့ပေး ဩဇာဓာတ်ချည်းအထောက်အပံ့ပေးနေတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါ ဩဇာဓာတ် အထောက်အပံ့ပေးနေတယ်။ ဒါဖြင့်ရင် တို့သဝိညာဏက အသက်ထင်ရှားရှိတဲ့သတ္တဝါတွေ၊ အဝိညာဏက တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာဆိုတဲ့အရာဝတ္ထု ဒါတွေဟာ ခိုင်မြဲနေတဲ့ သဘောတရားလေးတွေ ကြည့်လိုက်တော့ ဩဇာဓာတ်အထောက်အပံ့ပေးထားတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အဲဒီအထောက်အပံ့ပေးတဲ့ သဘောတရားလေးကို သေသေချာချာမှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ဩဇာဓာတ်သည် မြန်မာပြန် မြန်မာလိုမေးရင် စာဖြင့်ဩဇာဓာတ်သည် အဆီကိုခေါ်ပါတယ် လို့ရေးထားတော့ တို့လူစုက နည်းနည်းအထင်အမြင်လွဲနေတယ်၊ ဩဇာဆိုတာ အဆီခေါ်တာပေါ့ ဆိုတော့ အဆီပါမှဩဇာဓာတ်ရှိတယ်လို့ ဒီလိုထင်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ အဆီပါမှ ဩဇာဓာတ်ရှိတယ် ဩဇာဓာတ်ပါတယ် ဩဇာဓာတ်ရှိတယ်လို့ ဒီလိုထင်တယ်။ ဒါကြောင့် အဓိပ္ပါယ်အားဖြင့်ဆိုကြစို့ကွယ် အဆီလုံးလုံးမမြင်ရတဲ့၊ ဆီကြည်တို့ ဆီဦးတို့ ထောပတ်တို့ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုအရာတွေမပါတဲ့ အစာအာဟာရကြည့်လိုက် ဒါတော့ သိပ်ပြီးတော့ ဩဇာမရှိပါဘူး ဒီဥစ္စာတော့ အဆီအနှစ်မရှိပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီအစာကတော့ သိပ်ပြီးတော့တန်ဖိုးမရှိပါဘူး အခုနပြောတဲ့ ဒီဒန်ပေါက်တို့ ထောပတ်ထမင်းတို့ အုန်းထမင်းတို့ ဒါတွေကျတော့ အဲဒါမျိုးစားလိုက်ရတော့ ဘာဖြစ်လို့ ဒါတော့အဆီအနှစ်နဲ့ပြည့်စုံတယ် ဩဇာဓာတ် များတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဒီအဆီလေးပါလာမှ တို့လူစုက ဩဇာဓာတ် ထင်နေတော့ အဓိပ္ပါယ်ဆိုကြစို့ကွာ သောက်ရေ ရေတည်းဟူသောဩဇာဓာတ် သူတို့ပြန်ထားတော့ ဘာသာပြန်အနေအားဖြင့် ရေမှာဆီညှစ်လို့ထွက်ပါ့မလား (မထွက်ပါဘူးဆရာ)။ ရေမှာဆီကလုံးဝ ရှာမရဘူး၊ ရှာမရတော့ ရေသည်ဩဇာဓာတ်မရှိဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ်တယ် မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ ဘယ်သူကြည့်ကြည့် အဆီလေးမြင်လိုက်ရင် အဆီတဝေ့ဝေ့မြင်လိုက်ရင် အဲဒါမှ အဆီပါတယ်၊ ဒါမှ ဩဇာဓာတ်ပြည့်ဝတယ် ဒီအစာမျိုးစားမှပိုအားရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဒီတော့ ဆီဦးထောပတ် ဆီကြည်ဆိုတဲ့သဘာဝသည် အဲဒါကမှဩဇာဓာတ်အစစ်ပဲလို့ စိတ်ထဲစွဲမြဲယုံကြည်လို့ ခုနငါပြောသလို အဲဒီလိုအဆီလေးမှ နည်းနည်းလေး မမြင်ရမတွေ့ရ၊ ရေသက်သက်ကလေးဆိုရင်ပဲ ဩဇာဓာတ်မရှိသလို ဒီလိုထင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒီတော့ တို့စောစောကပြောသွားတဲ့အတိုင်း ကြည့်စမ်းကွယ် မင်းတို့ငါတို့ရဲ့အသက်ကို ရှည်ရာ ရှည်ကြောင်းအနေအားဖြင့် မင်းတို့ငါတို့ရဲ့ ထင်ရှားဖြစ်ပေါ်တဲ့ရုပ်ကြီးကို ဒီရေသောက်ပြီးတော့ အထောက်အပံ့ မပေးဘူးလား (ပေးပါတယ်ဆရာ)။ ရေက အထောက်အပံ့မပေးဘူးလား (ပေးပါ

http://www.dhammadownload.com



တယ်ဆရာ)။ ရေမသောက်ဘဲနဲ့မဖြစ်ဘူး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရုပ်ပျက်သွားမယ်နော် (ဟုတ်ပါတယ်ဆရာ)။ အသက်ရှည်ပါ့မလား (မရှည်ပါဘူးဆရာ)။ မရှည်ဘူးကွ၊ ဩဇာ ရေသောက်လည်းပဲရေဆိုတဲ့ သဘာဝထဲပါလာတဲ့ ဩဇာဓာတ်အထောက်အပံ့ပေးလို့ ရေသောက်နေတဲ့ တို့သတ္တဝါများသည် အသက်ရှင်နိုင်တဲ့သတ္တိရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အသက်ရှင်တာလေး သေသေချာချာမှတ်ထား အသက်ရှင်တာဩဇာဓာတ်ကြောင့် ဒါအတိုချုံးကျတော့ အမှန်ကတော့ အသက်ရှင်တယ်ဆိုတာ မင်းတို့ငါတို့မှာဖြစ်နေတဲ့ရုပ်ကလေးတွေ အဆင့်အဆင့် အသစ်အသစ်အနေအားဖြင့် ဆက်ပြီးဖြစ်အောင်လုပ်ပေးတဲ့ ဓာတ်သဘောကို ဩဇာဓာတ်ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့မှာဖြစ်နေတဲ့ ရုပ်တရားသည် အမေမွေးလာကတည်းက ဒီရုပ်ချည်းပဲလို့ထင်မနေနဲ့၊ အမေမွေးလာကတည်းက ဒီရုပ်ကြီး ငါ့ကနေ့အထိ ထင်ရှားရှိတယ်လို့ ဒီလို ထင်မနေနဲ့၊ ထင်တဲ့လူကလည်းများတယ်။ ဘာဖြစ်လို့များ၊ ဟာ အမေမွေးကတည်းက ငါ့ခေါင်း လက် ကိုယ် ခြေ မျက်လုံး မျက်ခုံး အသား အသွေး အရိုး အဆစ် အကြော ဒီရုပ်ကြီးပေါ့၊ အမေမွေးကတည်းကဒီအတိုင်းပဲ ကနေ့အထိဒီအတိုင်းရှိတာပဲ ဒီလိုထင်တယ် မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ ထင်တယ်ကွ၊ အဲဒီလိုထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကနားလည်ထားတာက အဲ ငါမွေးလာမှ ငါတို့နေတဲ့ အိမ်ထောင်ပဲ မခိုင်လို့ မမြဲလို့ ပျက်စီးသွားလို့ အခုအသစ်ပြန် ဆောက်ရတာ နှစ်ခါရှိသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။ အသစ်မဆောက်ဘဲ တော်တော်ခိုင်တဲ့ အိမ်ဖြစ်နေ၊ ဟင်း အသစ်တော့ ပြန်မဆောက်ရသေးဘူး။ ဒါပေမဲ့ ဟိုနေရာကကျိုးလို့ ဒီနေရာက ဆွေးလို့၊ ဒီနေရာကပျက်စီးလို့ အစားသွင်းပေးရတာ ဘယ်နှစ်ခါရှိပြီဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါစိုးရိမ်တကြီးနဲ့ ပြောတာမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ငါနေတဲ့အိမ်ထောင်လည်း ငါမွေးပြီးတဲ့ နောက်ပိုင်းမှာ မခိုင်မမြဲလို့ ဆွေးမြေ့နေလို့ အသစ်ပြန်ဆောက်ရပုံ အစားထိုးရပုံတွေငါကိုယ်တွေ့ ငါ့ကိုယ်တော့ဖြင့် အမေမွေးကတည်းက ကနေ့အထိ လက်မောင်းသားဆွေးသွားလို့ အသစ်ပြန်လဲ ရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ခြေထောက်ကဆွေးမြေ့သွားလို့ အသစ်ပြန်လဲရတယ်၊ ကိုယ်က ဆွေးသွားလို့ အသစ်ပြန်လဲရတယ် တွေ့ဖူးလား (မတွေ့ဘူးပါဘူးဆရာ)။ အဲလို မတွေ့ဘူးလို့ ဘယ်သူနဲ့ မြင်သလဲဆိုတော့ ဟာ အမေမွေးကတည်းက ဒီရုပ်ကဒီကနေ့အထိပဲ ဒီရုပ်ခိုင်မြဲနေတာ မြဲနေတာနော် (ဟုတ်ပါတယ်ဆရာ)။ တစ်သက်လုံးကြီးထင်လို့ ဒီရုပ်ပဲထင်ထားတာ မထင်ဘူးလား (ထင်ပါတယ်ဆရာ)။

အမှန်ကတော့ မင်းတို့ငါတို့ ကိုယ်မှာဖြစ်နေတဲ့ရုပ်ဟာ ဒီလိုမဟုတ်ပါဘူးတဲ့၊ ဒီလိုမဟုတ်ပါဘူး ဒါကြောင့် ဒီအပေါင်းလေးတွေ ချုပ်ချုပ် ပျက်ပျက်ပျက်ပျက်သွားပြီးတော့ အသစ်အသစ်ကလေးတွေ ဆက်ဆက်ပြီးဖြစ်လာ၊ တို့လူစုက မသိဘဲကိုးကွ ဒါပရမတ်သဘောကိုနော် (ဟုတ်ပါတယ်ဆရာ)။ ဒါ ဘုရားကိုယ်တော်မြတ်ကိုက ဒီအတိုင်းဟောထားတာ၊ ကြည့်စမ်းကွယ် ခုပြောတဲ့ ပထဝီ အာပေါ

http://www.dhammadownload.com



တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ဒီရုပ် ၈ ပါး မင်းတို့ငါတို့ကိုယ် ပြန်ကြည့်ရင် ဒီ ၈ ပါးရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)။ အေး အေး ဒီ ၈ ပါးတော့ရှိ၏၊ မင်းမျက်စိထဲမြင်လား အဲဒီ ၈ ပါးအဓိကထားပြီးတော့ ဩော် ဒီရုပ်ဓာတ် ၈ ပါးဟာ ပဋိသန္ဓေခဏထဲကစပြီးဖြစ်လာတဲ့ ရုပ်တရားပဲ၊ ကနေ့အထိ တို့ဘက်က ဒီရုပ်ပဲလို့ထင်နေတာ မဟုတ်ပါဘူး၊ အဲဒီ ဒီရုပ်တွေ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ ဒီပထဝီ အာပေါ် တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ တစ်ပေါင်းထဲဖြစ်နေတဲ့ ရုပ်တွေဟာ တို့ မျက်တောင်တစ်ခတ်မှာ အင်မတန်မြန်တယ်မဟုတ်လား (မြန်ပါတယ်ဆရာ)။ မျက်တောင်တစ်ခတ်မှာ အဲဒီရုပ်လုံးရေပေါင်းဟာ ဘယ်လောက်သွားသလဲ အလုံးပေါင်းဟာ အသစ်အဟောင်းပြောင်းသွားတယ်။ တစ်လုံးဖြစ်လိုက် ပျက်သွားလိုက် နောက်တစ်လုံးဖြစ်လိုက် ပျက်သွားလိုက် နောက်တစ်လုံးဖြစ်လိုက် ပျက်သွားလိုက် ရပ်မနေဘဲကိုးကွ အသစ်အသစ်က ဖြစ်နေတာကိုးနော် (ဟုတ်ပါတယ်ဆရာ)။ သေသေချာချာလည်းကြည့်။

ကံကြောင့်ဖြစ်တဲ့ရုပ် ၈ ပါး ပါတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ် ၈ ပါး ပါတယ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ် ၈ ပါး ပါတယ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ် ၈ ပါး ပါတယ်။ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်း ၄ ချက်နဲ့ဖြစ်နေတဲ့ ရုပ်ဓာတ် ၈ ပါးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဒီရုပ် ၈ ပါး၊ ရုပ် ၈ ပါးဟာ လေးမျိုးလေးစား မနေဘူးလား (နေပါတယ်ဆရာ)။ ကံကြောင့်က လည်း ၈ ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ စိတ်ကြောင့်ရော (၈ ပါးပါပဲဆရာ)။ ဥတုကြောင့် (၈ ပါးပါပဲဆရာ)။ အာဟာရကြောင့် (၈ ပါးပါပဲဆရာ)။ အေး အေး မင်းတို့ငါတို့ ကိုယ်ဖြစ်တဲ့ ရုပ်တရားဟာ အလကားများ ဖြစ်နေတယ်မမှတ်နဲ့၊ အကြောင်း ၄ ပါးနဲ့ ဖြစ်နေတာ။ ကံပြုပြင်ပေးလို့ဖြစ်နေတဲ့ရုပ်ကတစ်မျိုး၊ စိတ်ပြုပြင်ပေးလို့ဖြစ်တဲ့ရုပ်ကတစ်မျိုး၊ ဥတုပြုပြင်ပေးလို့ ဖြစ်တဲ့ရုပ်က တစ်မျိုး၊ အာဟာရပြုပြင်ပေးလို့ ဖြစ်တဲ့ရုပ်ကတစ်မျိုးနော် (ဟုတ်ပါတယ်ဆရာ)။ လေးမျိုး လေးမျိုး ပေါင်းပြီးတော့ တစ်ပေါင်းတည်းဖြစ်နေတယ်၊ ဖြစ်နေတော့ တစ်ခါဖြစ်ပြီးရင် ဘယ်လောက်ကြာကြာ ခံသလဲလို့မေးတော့။ ဒီရုပ်ဓာတ် ၈ ပါးဟာ ဘယ်လောက်ကြာကြာခံသလဲမေးတော့ ဘယ်လောက် ကြာကြာခံသလဲလို့ မှန်းခြေပမာဏနဲ့ပြလို့မဖြစ်ဘူးတဲ့၊ သူ့ရဲ့ဖြစ်တဲ့ကာလ ပျက်တဲ့ကာလလေးကို ပမာဏနဲ့ ကိုယ်တော်မြတ်ကပိုင်းပြထားတယ်။ ကြည့်စမ်း မျက်တောင်တစ်ခတ်အတွင်းမှာ အဲဒီရုပ် ၈ ပါး အသစ်အဟောင်း ပြောင်းပြောင်းပြောင်းပြောင်းသွားလိုက်တာ တစ်ခဏချင်း ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်လောက်များသလဲလို့ ကုဋေငါးထောင် ရှစ်ရာရှစ်ဆယ်ရှိ အလုံးပေါင်းအလုံးပေါင်း ကုဋေ ကုဋေနော် (ဟုတ်ပါတယ်ဆရာ)။ ကုဋေဆိုတာကြီး တွက်ကြည့် ဘယ်လောက်များသလဲ၊ အဲဒီ ကုဋေမျိုး ကုဋေပေါင်းငါးထောင်၊ ကုဋေငါးထောင်နဲ့ ရှစ်ရာရှစ်ဆယ်ကျော်ရှိတယ်တဲ့၊ မျက်တောင်တစ်ခတ်အတွင်းမှာ အသစ်အဟောင်းပြောင်းသွားတဲ့ ရုပ်လုံးလေး ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြည့် အဲဒါကြည့်။

http://www.dhammadownload.com



အဲဒါကတော့ ယုံတမ်းစကားပြောသလိုဖြစ်နေတယ်၊ ဒါဘုရားဉာဏ်နဲ့မြင်ကောင်းတာပဲ၊ ဘုရားဉာဏ်နဲ့သိကောင်းတဲ့အဖြစ်၊ မျက်တောင်တခတ်ဆိုတာ အင်မတန်မြန်တဲ့ ကာလကလေးမှာ။ ဒီအလုံးရေပေါင်းသည် ဒီရုပ် ၈ လုံးတစ်တွဲ ၈ လုံးတစ်တွဲ အသစ်အဟောင်းပြောင်းပြောင်းသွားတာ ဘယ်လောက်မြန်သလဲ အလုံးပေါင်း ကုဋေငါးထောင်နဲ့ရှစ်ရာရှစ်ဆယ်ကျော်နော် (ဟုတ်ပါတယ် ဆရာ)။ အပျက်တွေ မမြန်ဘူးလား (မြန်ပါတယ်ဆရာ)။ အဖြစ်ကကော (မြန်ပါတယ်ဆရာ)။ ဖြစ်ပြီးပျက်တာပဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ သူကရပ်မှမနေဘဲ၊ ပျက်ပြီးအသစ်ဖြစ် ပျက်လိုက်အသစ်ဖြစ်လိုက် ပျက်လိုက်အသစ်ဖြစ်လိုက် ဒီလိုသွားတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ ဒါဖြင့်ကြည့်စမ်းကွယ် တို့လူတွေဟာ အမေမွေးကတည်းက ဒီနေ့အထိ ဒီရုပ်တွေပဲဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ အခုမင်းတို့ ငါနဲ့စကားပြောနေတာ စကားလုံးတစ်လုံး မဆုံးခင်ဘဲ ရုပ်တွေအသစ်အဟောင်းပြောင်းသွားတာ ဘယ်လောက်များလဲ၊ ကုဋေငါးထောင်ကျော် တောင် ကသေးရဲ့လား (မကပါဘူးဆရာ)။ အဲဒါကြည့်၊ ဒါဖြင့်ရင် ဒီအဖြစ်နဲ့အပျက်က အင်မတန် မြန်တော့ကာ တစ်ဆက်တည်းကြီး ဒီလိုထင်နေကြတယ် မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ အေး အေး ဒီတော့ကြည့်ကွယ် သေသေချာချာ၊ တို့ဒီအာဟာရစားသုံးထားတဲ့ ပုဂ္ဂိုလ်များသည် ထမင်းတစ်ခါ စားထားရင် ထမင်းအသက်က ဘယ်လောက်ရှိတယ် (ခုနစ်ရက်ရှိပါတယ်ဆရာ)။ ဟော ခုနစ်ရက် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ရေအသက် (တစ်မနက်ရှိပါတယ်ဆရာ)။ ဒါတွေ ပြောသံကြားပေ့ါ မင်းတစ်ခါမှ ရေမငတ်ဘူးဖူးပေ့ါ (ဟုတ်ပါတယ်ဆရာ)။ အလကားပြောတာ ငါကြားဘူးတယ် ထောင်ထဲ ရေအငတ်ခံရတဲ့လူဆိုးတွေအတွက် ရေအသက်နှစ်ဆယ်ရက်ခံတယ်လို့ ဆရာဝန်တစ်ယောက်က ရေးနော် (ဟုတ်ပါတယ်ဆရာ)။

''ထမင်းအသက် ခုနစ်ရက်''ဆိုတာ အာဟာရပေ့ါနော် (ဟုတ်ပါတယ်ဆရာ)။ ဩော် အဲဒီ ထမင်းပါလာတဲ့ အာဟာရ၊ ထမင်းဆိုတာ အာဟာရပဲတဲ့။ ဩော် ဒီအာဟာရကြောင့်ဖြစ်တဲ့ရုပ်ဟာ ဘယ်လောက်ခံသလဲဆိုရင် ခုနစ်ရက်ခံတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်း ကွယ် ခုနစ်ရက်ဆိုတော့ကာ သူတစ်ခါစားလိုက်ရင် ဒီစားတဲ့အာဟာရခေါ်ထားတဲ့ထမင်းက ထမင်းပါလာတဲ့ ဩဇာဓာတ်က၊ ရုပ်အသစ်အသစ် အသစ်အသစ်ကလေးတွေဖြစ်အောင် သူက လုပ်ပေးတယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ တစ်လုံးပျက်သွားတယ် နောက်အသစ်ဖြစ်တယ် တစ်လုံးပျက်သွားတယ် နောက်အသစ်ဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ သူစားပြီးတဲ့အချိန်ကစပြီးတော့ နောက်အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်တဲ့ရုပ်ကလေး အသစ်အသစ်ဖြစ်အောင် ဘယ်သူလုပ်ပေးသလဲဆိုတော့ သူလုပ်ပေးတာ၊ ဒီဩဇာဓာတ်လုပ်ပေး တာ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်ကဩဇာဓာတ်၊ ထမင်းမှာပါတဲ့ဩဇာဓာတ် အစာမှာပါတဲ့ဩဇာဓာတ် သူရဲ့သတ္တိနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် ဩဇာဓာတ်ဆိုတာ

http://www.dhammadownload.com



ဘယ်သူ့ခေါ်သလဲဆိုရင် စောစောကဘာသာပြန်ထားတဲ့ အဆီခေါ်တယ်ဆိုတာ မဟုတ်ပါဘူး နော် (ဟုတ်ပါတယ်ဆရာ)။ အဆီခေါ်တယ်ဆိုတာ မဟုတ်ပါဘူး၊ အမှန်က ခုနပြောတဲ့ ရုပ်အသစ်အသစ်ကလေးတွေကို သူကအမြဲတစေဖြစ်အောင် လုပ်ပေးတဲ့သတ္တိကိုခေါ်ပါတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဩဇာဓာတ်က ဘယ်မှာပါလိမ့်လို့မေးတော့ ဩဇာဓာတ်ဆိုတာ တစ်ခြားပါတာ မဟုတ်ပါဘူးတဲ့ မင်းတို့ငါတို့ စားတယ် မြိုတယ် ခဲတယ် ယက်တယ် သောက်တယ်ဆိုတဲ့ အစာအာဟာရ အဖျော်ယမကာတွေက ရုပ်တရားတွေမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အကုန်လုံး ရုပ်ချည်းပေါ့၊ မင်းစားတဲ့ ထမင်းလုံးလေးတစ်လုံးကြည့်စမ်း ထမင်းလုံးလေးတစ်လုံးမှာ သေသေချာချာ ဓာတ်ခွဲကြည့် ရုပ်ဓာတ်ဘယ်နှစ်ပါးရှိလဲ (ရုပ်ဓာတ် ၈ ပါးပါပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူလဲ (ပထဝီ အာပေါ တေဇော ဝါယော ဂန္ဓ ရသ ဩဇာပါဆရာ)။ ဩဇာ ထမင်းလုံးလေးတစ်လုံးမှာလေ (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဟုတ်ပြီ။

မင်းစားတဲ့ ဝက်သားလေးတစ်တုံး ဓာတ်ခွဲကြည့်စမ်း ဘယ်လောက်ပါလဲ (ရှစ်လုံးပဲပါပါတယ်ဆရာ)။ ဒီရုပ်ဓာတ် ၈ ပါးပဲ (ဟုတ်ပါတယ်ဆရာ)။ ဩဇာ ဒါဖြင့် မင်းသောက်တဲ့ဟင်းချိုဓာတ်ခွဲကြည့်စမ်း ဘယ်လောက်ပါလဲ (ရုပ်ဓာတ် ၈ ပါးပဲပါပါတယ်ဆရာ)။ ၈ ပါးပဲလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မင်းတို့ငါတို့က ဒီရုပ်ဓာတ် ၈ ပါးပါတဲ့ အာဟာရတွေစားနေတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အာဟာရဆိုတာ ဘာခေါ်သလဲဆိုတော့ ဒီရုပ်ဓာတ် ၈ ပါးပဲတဲ့ တစ်ခြားမဟုတ်ပါဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် တို့ လောကဝေါဟာရအနေကတော့ ဒါထမင်းတဲ့ ဒါဟင်းတဲ့ ဒါအဖျော်တဲ့ ဒါယမကာတဲ့ ဒါမုန့်ပဲသားရေစာစသည်ဖြင့် ဒီလိုခေါ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်အစာဖြစ်ဖြစ် မင်းတို့ငါတို့ အမြဲတစေမျိုချနေတဲ့ အစာတိုင်း အစာတိုင်းမှာ ဓာတ်ခွဲကြည့်ရင် ဘာရှိသလဲဆိုရင် ရုပ်ဓာတ် ၈ ပါးပါပဲတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မင်းတို့ငါတို့ ရုပ်ဓာတ် ၈ ပါး စားနေတာမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ရုပ်ဓာတ် ၈ ပါး စားနေကြတာတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရုပ်ဓာတ် ၈ ပါးထဲမှာ ဩဇာဓာတ်ပါ ပါမသွားဘူးလား (ပါပါတယ်ဆရာ)။ အဲဒီ ဩဇာဓာတ်ကပဲတဲ့ မင်းတို့ငါတို့ရဲ့ အခုထင်ရှားဖြစ်ပေါ်နေတဲ့ရုပ်တရားကြီး၊ ငါစောစောကပြောသလို မျက်တောင်တခတ်အတွင်းမှာ ကုဋေငါးထောင်နဲ့ရှစ်ရာရှစ်ဆယ်ကျော်တဲ့ ရုပ်အသစ်ကလေးတွေ ဆက်ကာဆက်ကာ ဖြစ်အောင်လုပ်ပေးတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အသစ်အသစ်ကလေးတွေ ဆက်ဆက်ဖြစ်အောင် သူလုပ်ပေးတယ် သူအထောက်အပံ့ပေးတယ် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ကုဋေငါးထောင် ရှစ်ရာကျော်ဆိုတော့ တစ်စက္ကန့်လေးတင် ခံသလားဆိုတော့ ဟုတ်သေးပါဘူးတဲ့၊ ဒီအာဟာရ ခေါ်ထားတဲ့ ထမင်း အဖျော်ယမကာ တစ်ခါစားထားရင် နောက်မစားပါနဲ့တဲ့၊ ခုနစ်ရက်တော့ဖြင့် ဒီရုပ်အသစ်အသစ်ကလေးတွေ မျက်တောင်တစ်ခတ်မှာ ရုပ်သစ်လုံးရေပေါင်း ကုဋေငါးထောင်နဲ့

http://www.dhammadownload.com



ရှစ်ရာကျော် မျက်တောင်အခတ်ပေါင်းများလာရင် မိနစ်ဖြစ်မယ်၊ မိနစ်များလာရင်နာရီဖြစ်မယ် နာရီများလာရင်ရက်ဖြစ်မယ် ရက်များလာရင်လဖြစ်မယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဩော် ဒါဖြင့် ဒီငါတို့စားသုံးနေတဲ့ အစာမှာပါလာသော ဌိဇာခဏ်သည် တစ်ခါစားထား လို့ရှိရင် ငါတို့ကိုယ်မှာ အဇ္ဈတ္တသန္တာန်အမှန်ဖြစ်နေတဲ့ ရုပ်တရားကြီး မပျက်မစီးနိုင်အောင်လို့ ခုနစ်ရက် တိတိ အထောက်အပံ့ပေးနိုင်တဲ့သတ္တိရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ရုပ်အသစ် အသစ်ကလေးတွေ ဆက်ဖြစ်အောင်လုပ်တာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါ ဌိဇာခဏ်ရဲ့ သတ္တိပဲဆိုတာမှတ်ထား ဌိဇာခဏ်ရဲ့သတ္တိပဲ ဌိဇာခဏ်ရဲ့သဘောပဲလို့။ ဩော် ဌိဇာခဏ်ဆိုတာ ဒါခေါ်သကိုး၊ ဒါကြောင့် ဌိဇာဆိုတဲ့အဓိပ္ပါယ်လေး ပါဠိလိုနေတာကို မြန်မာလိုပြန်တော့ သူရဲ့အဓိပ္ပါယ်က –

အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဌိဇာ။ (ဋီကာကျော်၊ ရုပ်ပိုင်း၊ ၂၇)

အတ္တနော–မိမိ၏၊ ဥဒယာနန္တရံ–ဖြစ်သည်၏အခြားမဲ့၌၊ ရူပံ–ရုပ်အသစ်ကို၊ ဇနေတိ– ဖြစ်စေတတ်၏၊ ဣတိ တသ္မာ–ထိုသို့မိမိဖြစ်သည် အခြားမဲ့ ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သော သတ္တိကြောင့်၊ ဌိဇာ–ဌိဇာမည်၏။

အတ္တနော–မိမိဆိုတာသူ့ကိုယ်သူပြောတာ ဌိဇာခဏ်ပြောတာ ဒီဌိဇာခဏ်ဖြစ်သည်၏ အခြားမဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဌိဇာခဏ်ကလေးနဲ့တွေ့လိုက်ပြီ၊ ဌိဇာခဏ် ကလေးဖြစ်လိုက်ပြီဆိုမှဖြင့်ရင် သူဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဘာဖြစ်လဲ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာ ဖြစ်စေတတ်၏ ဘယ်သူလဲမေးတော့သူတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ အတ္တနော–မိမိဟုဆိုအပ်သော ဌိဇာခဏ်၏၊ ဥဒယာနန္တရံ–ဖြစ်သည်၏အခြားမဲ့၌၊ ရူပံ– ရုပ်အသစ်အသစ်ကို၊ ဇနေတိ–ဆက်ကာဆက်ကာဖြစ်စေတတ်၏၊ ဣတိ တသ္မာ–ထိုသို့ မိမိ၏ အခြားမဲ့၌ ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သောသတ္တိကြောင့်၊ ဌိဇာ–ဌိဇာမည်၏၊ ကြည့်စမ်းကွယ် အဓိပ္ပါယ်ဆိုလိုတာကငါပြောမယ်၊ ရေနံဆီခွက်ထဲ ရေနံဆီလေးထည့် မီးစာလေးတပ်မီးလေးထွန်းထား နော် (ဟုတ်ပါတယ်ဆရာ)။ မီးလေးထွန်းထားတော့ ဒီမီးလေးငြိမ်းရဲ့လား (မငြိမ်းပါဘူးဆရာ)။ မငြိမ်းဘူးဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ ဒီမီးစာလေးမငြိမ်းတာလဲပြောပါ၊ ငါကတော့ နမူနာလေးပြ အောက်ကဆီလေးလိုက်လို့၊ ရေနံဆီလေးလိုက်လို့ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ သဘောလေး သဘောလေး ဥပမာလေး ငါပြောနေတာ၊ အောက်က ရေနံဆီလေးက အမြဲတစေလိုက်နေ မီးတောက်ကလေးက တောက်နေတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ မီးတောက်ကလေးက တောက်နေတာ ဘာကြောင့် (ရေနံဆီကြောင့်ပါဆရာ)။ အေး ရေနံဆီကြောင့်၊ ရေနံဆီလည်းကုန်ရော မီးလည်း

http://www.dhammadownload.com



တောက်သေးလား (မတောက်ပါဘူးဆရာ)။ ဘာဖြစ်လို့ မတောက်လဲ (ရေနံဆီမရှိလို့ပါဆရာ)။ အေး ရေနံဆီကုန်သွားလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အခုလည်းဒီလိုပဲ၊ ဒီဩဇာဓာတ် ပါတဲ့အာဟာရကို တစ်ခါစားသုံးထားရင် ဩဇာဓာတ်ပါတဲ့အာဟာရဆိုတော့ အာဟာရတိုင်း ဩဇာဓာတ် မပါဘူးလို့ အဓိပ္ပါယ်ရောက်တယ်။ အာဟာရကိုတစ်ခါစားသုံးထားရင် တို့အာဟာရမှာပါလာသော ဩဇာဓာတ်က ထောက်ပံ့ပေးထားတော့ ခုနရေနံဆီခွက်ကလေးအောက်က ရေနံရှိနေသမျှ မီးအမြဲတစေ တောက်နေသလိုပဲနော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့အဖွဲ့ထွသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရားကြီးကလည်း ဆက်ကာဆက်ကာ ဆက်ကာဆက်ကာနဲ့ အသစ်အသစ် အသစ်အသစ်နဲ့ဖြစ်နေတယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဩဇာဓာတ်လည်း အားလည်း ကုန်သွားရော ဒီရုပ်လည်းပျက်ကရော ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ဒီရုပ်ကြီးဆောင်ထားတာ ဩဇာဓာတ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီရုပ်ကြီးထမ်းဆောင် ထားတာ ဩဇာဓာတ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီရုပ်ကြီးမပျက်စီးအောင် စောင့်စည်းထားတာ ဩဇာဓာတ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ နားလည်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဩဇာရဲ့သတ္တိ ရုပ်ကိုထောက်ပံ့တတ်တဲ့သတ္တိ ရုပ်ကိုအသစ်အသစ်ဖြစ်စေတတ်တဲ့သတ္တိ ဒါဩဇာဓာတ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဩဇာဘယ်မှာရှိ ကဗဠီကာရအာဟာရမှာရှိနော် (ဟုတ်ပါ တယ်ဆရာ)။ ဒီဩဇာဓာတ် ဘယ်မှာရှိ (ကဗဠီကာရမှာရှိပါတယ်ဆရာ)။ ကဗဠီကာရအာဟာရ ဆိုတာ ဘာပါလိမ့်၊ မင်းတို့ငါတို့စားသုံးမျိုချလိုက်သော အစာအာဟာရသည် ကဗဠီကာရအာဟာ ရခေါ်၏ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရအာဟာရဆိုတာ ဘာခေါ်ပါလိမ့် (မိမိစားသုံးနေတဲ့ အစာအာဟာရကိုခေါ်ပါတယ်ဆရာ)။ အေး မိမိစားသုံးနေတဲ့ အစာအာဟာရ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီစားသုံးနေတဲ့ အစာအဟာရမှာပါလာတဲ့ဓာတ်ကို ဩဇာဓာတ်ခေါ်၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ စားသုံးနေတဲ့ အစာအာဟာရ လည်း အမျိုးမျိုးရှိတယ်၊ စောစောကငါပြောသလို ဒန်ပေါက်တို့ ထောပတ်ထမင်းတို့ အုန်း ထမင်းတို့ကျတော့ ဆီဦးထောပတ် ဆီကြည်ဆီဦးတို့ ထောပတ်တို့ ဆီကြည်တို့ အပြည့်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလိုပါလာမှ ဒါဩဇာဓာတ်လို့ထင်တယ်၊ ဆီလေးဝေ့နေတာမှ မမြင် ဆီရောင်လေးသန်းနေတာမှမမြင်ရင် ဩဇာဓာတ်မပါဘူးထင်တယ် အဆီမရှိတဲ့အစာပဲလို့။

ဒါကြောင့် ရေကို အဆီပါသလားမေးရင် လုံးဝအဆီမပါပါဘူး မဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)။ ဒါပေမဲ့ကြည့်လေ အဆီမှဩဇာဓာတ်လား ဒီလိုမေးရင် အဆီမှဩဇာဓာတ်မဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်ဆိုတာ ခုနပြောတဲ့ ရုပ်အသစ်အသစ်ကိုဖြစ်စေတတ်တဲ့ သတ္တိထူးလေးကဩဇာဓာတ် ဒါပဲမှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)။ အဆီမှဩဇာဓာတ်ခေါ်ရင် ကြည့်စမ်းပါကွယ်၊ ဒီအဆီပါမှ သတ္တဝါအသက်ရှင်ရမယ် ရုပ်အသစ်အသစ်ဖြစ်မယ်ဆိုလို့ရှိရင်

http://www.dhammadownload.com



ကျောက်ခဲ သလဲ အဆီကြိတ်လို့ရမလား (မရပါဘူးဆရာ)။ ရွှံ့ညွှံအဆီကြိတ်လို့ရပ့်မလား (မရပါဘူးဆရာ)။ မြက်ခြောက်တို့ သစ်ရွက်တို့အဆီကြိတ်လို့ ရပ့်မလား (မရပါဘူးဆရာ)။ မရဘူးပေ့ါနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှယ့်နည်းနဲ့မှ ဆီနဲ့အပ်စပ်တဲ့ အရာဝတ္ထုတွေ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီ သစ်ရွက်ခြောက် မြက်ခြောက် ကောက်ရိုးစားသောက်နေကြတဲ့ နွားတွေ ဆိတ်တွေ မြင်းတွေ အသက်မရှင်ဘူးလား (ရှင်ပါတယ်ဆရာ)။ ရုပ်အသစ်အသစ်တွေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ရုပ်အသစ်အသစ်ဆက်ကာဖြစ်လို့ အသက်ရှင်တာပေ့ါ နော် (ဟုတ်ပါတယ် ဆရာ)။ သြော် ဒါဖြင့် မြက်ခြောက် ကောက်ရိုးဆိုတဲ့ အရာဝတ္ထုသည် ဆီဆိုတဲ့အရာဝတ္ထုနဲ့ လုံးဝမသက်ဆိုင်တော့ဘူး ဘာမှမဆိုင်ဘူး။ ဒါပေမဲ့ ဒီအစာအာဟာရ ဒီအာဟာရတွေမှီဝဲနေတဲ့ ဆင် မြင်း ကျွဲ နွားဆိုတဲ့သတ္တဝါများသည် ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်လို့ မသေဘဲနဲ့ တည်မြဲနေကြတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါ ဩဇာဓာတ်သတ္တိ၊ သူတို့ စားနေတဲ့ မြက်ခြောက် ကောက်ရိုးဆိုတဲ့ အရာဝတ္ထုမှာပါလာတဲ့ ဩဇာဓာတ် နော် (ဟုတ်ပါတယ် ဆရာ)။

ဒါဖြင့် မြက်ခြောက် ကောက်ရိုးမှာ ဩဇာဓာတ် သူတို့ပြောသလိုဆီဆိုရင် မြက်ခြောက် ကောက်ရိုးမှာ ဆီရှာလို့ရပ့်မလား (မရပါဘူးဆရာ)။ ဆီကြိတ်လို့ တွေ့ပ့်မလား (မတွေ့ပါဘူး ဆရာ)။ မတွေ့ပါဘူး မရှိပါဘူး ဒါပဲလားဆိုမဟုတ်ပါဘူး သစ်ဆွေး ဝါးဆွေးတွေ သေသေ ချာချာကြည့်စမ်း၊ သစ်ဆွေး ဝါးဆွေးတွေ ဆီထွက်စရာအကြောင်းပေါ်သေးရဲ့လား (မပေါ်ပါဘူး ဆရာ)။ ဆီကော ရှိကောင်းရဲ့လား (မရှိပါဘူးဆရာ)။ အစိုဆိုရင် ပြောချင်လိမ့်မယ်နော် (ဟုတ်ပါ တယ်ဆရာ)။ အဆွေးအမြွေ ဆီနဲ့ဘာမှမဆိုင်ဘူး၊ ဆီပါမှဩဇာဓာတ်ဆိုရင် ဒီသစ်ဆွေး ဝါးဆွေး လေးတွေ စားသောက်နေတဲ့ ပိုးရွ ချပိုးလေးတွေ အသက်ရှင်လို့ဖြစ်ပ့်မလား (မဖြစ်ပါဘူးဆရာ)။ အခုတော့ကြည့်စမ်း၊ ဆီနဲ့ပတ်သက်တာ နဲနဲလေးမှရှာမရဘူး သစ်ဆွေး ဝါးဆွေးလေးတွေ စားသုံးနေကြတဲ့ခြလေးတွေ အသက်ရှင်နေတယ် မရှင်ဘူးလား (ရှင်ပါတယ်ဆရာ)။ ရှင်မှာပေ့ါ သူတို့စားတဲ့ သစ်ဆွေးဝါးဆွေးမှာ သေသေချာချာတွက်ကြည့်၊ သစ်ဆွေးစလေးတွေဓာတ်ခွဲကြည့် ဓာတ်ဘယ်နှစ်ပါးလဲ (ဓာတ် ၈ ပါးရှိပါတယ်ဆရာ)။ ပထဝီ အာပေါ ဝါယော တေဇော ဝဏ္ဏ ဂန္ဓ ရသ ဩဇာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီအထဲပါလာတဲ့ဩဇာဓာတ်က အထောက်အပံ့ပေးတော့ ဒီသူစားနေတဲ့ခြလေးတွေဟာ ရုပ်ကလေးတွေအသစ်အသစ် ဆက်ကာဆက်ကာတိုးပွားလို့ အသက်ရှင်နေကြတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အခုနပြောတဲ့ မြက်ခြောက် ကောက်ရိုးမှာခွဲကြည့် အဆီဆိုတာနဲနဲလေးမှမမြင်ကောင်းတဲ့ မဟပ်စပ်တဲ့အရာဝတ္ထု။ ဒါပေမဲ့ ၎င်းမြက်ခြောက် ကောက်ရိုးတွက်ကြည့် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါးရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီအထဲပါလာတဲ့ ဩဇာဓာတ်က

http://www.dhammadownload.com



အထောက်အပံ့ပေးလို့ ၎င်းဆင် မြင်း ကျွဲ နွားဆိုတဲ့ သတ္တဝါများသည် ရုပ်အသစ်အသစ် ဖြစ်ခြင်းကြောင့် အသက်မသေဘဲနဲ့ အသက်ရှည်နေကြတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ် ဆရာ)။

ကြည့်ကွယ်ဒါဖြင့် ဟာ ဒီမြက်ခြောက်ကောက်ရိုး စာစောကပြောတဲ့ အရာဝတ္ထု တို့မမြင် ကောင်းလို့သာ အဆီဆိုတဲ့ဩဇာဓာတ် အဆီဆိုတဲ့သဘာဝရှိရင်ရှိမှာပေါ့ သံသယရှိရင်ရှိပေါ့၊ ငါခုနပြောတဲ့ သဲတို့ရွှံ့ညွှံတို့ကျတော့ ဆီရှိသေးလား (မရှိပါဘူးဆရာ)။ ဒါကျတော့ နည်းနည်းမှ ဆီနဲ့မအပ်စပ်ပါဘူး။ ဒါဖြင့် အဲဒီ ရွှံ့ညွှံစားနေတဲ့တီများ သေသေချာချာကြည့်စမ်း နော် (ဟုတ်ပါတယ် ဆရာ)။ တီ ဘာစားလဲ (ရွှံ့စားပါတယ်ဆရာ)။ ဩော် ရွှံ့စား ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ရွှံ့စားပြီးတော့ အသက်ရှင်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရွှံ့ဓာတ်ခွဲကြည့်စမ်း မင်းဘယ်လောက်ရှိ (ရုပ်ဓာတ် ၈ ပါးပဲ ရှိပါတယ်ဆရာ)။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ မပါဘူးလား (ပါပါတယ်ဆရာ)။ အဲဒီမှာ ဩဇာဓာတ်မပါဘူးလား (ပါပါတယ်ဆရာ)။ ရွှံ့ညွှံမှာရှိတဲ့ ဩဇာဓာတ်က အထောက်အပံ့ပေးလို့ ဒီတီကလေးတွေဟာ ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်ပြီး အသက်ရှင်နေရတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အင်မတန်ထင်ရှားတယ်၊ ဒါ တို့ ဆီကြည်တို့ ဆီဦးတို့ ထောပတ်တို့မှ ဩဇာဓာတ်လို့ ဒီလိုမမှတ် လေနဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ မြန်မာဘာသာပြန်တဲ့ပုဂ္ဂိုလ်များကတော့ ဩဇာဓာတ်ကို မြန်မာစကားပရိယာယ်နဲ့ပြန်ဖို့ဟာက လွယ်လွယ်ကူကူ လူတိုင်းနားလည်လွယ်အောင်ဆိုပြီးတော့ ဩဇာဆိုသည်အဆီကိုခေါ်၏ ဒီလိုရေးတာကြားဖူးတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဆိုသည် အဆီကိုခေါ်၏ဆိုတော့ တို့လူစုကဘယ့်နှယ့်ဖြစ်နေလဲ၊ အဆီပါမှဩဇာရှိတယ် ဩဇာဓာတ်ရှိတယ် ဒီလိုထင်တယ် မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ ဒါဖြင့် သေသေချာချာ ငါပြတော့ သရုပ်သဏ္ဌာန် လေးနဲ့ ခွဲစိတ်ကြည့်လိုက်တော့ ဒီဩဇာဓာတ်ဟာအဆီဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး ဆရာ)။ မဟုတ်ပါဘူး။

ဆီသည်ဖြစ်စေ မဆီသည်ဖြစ်စေပေါ့ကွာ၊ ဆီပါသည်ဖြစ်စေ မပါသည်ဖြစ်စေ။ ဒါဖြင့် ဆီကော ဩဇာဓာတ်ကင်းသလားဆိုတော့ ဆီဆိုတဲ့ နှမ်းဆီဖြစ်ဖြစ် ထောပတ်ဖြစ်ဖြစ်ပေါ့ကွာ အဲဒီ ထောပတ်ဓာတ်ခွဲကြည့်စမ်း ဘယ်လောက်ရှိ (ရုပ်ဓာတ် ၈ ပါးပဲရှိပါတယ်ဆရာ)။ ဒါကြောင့် ဆီဆိုတဲ့ဓာတ်ကိုပဲ တစ်ခုဓာတ်ခွဲကြည့်၊ ဒီရုပ်ကိုပဲ ဓာတ်ခွဲကြည့်ပြန်တော့ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါးပဲရှိတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဆီထဲမှာပါလာတဲ့ဩဇာဓာတ်က ဒီအတိုင်းတော့ ဩဇာဓာတ်ရှိပါတယ်၊ ခုနပြောတဲ့ ကောက်ရိုးတို့ မြက်ခြောက်တို့ ရွှံ့တို့ ညွန်တို့ ကျောက်ခဲတို့သလဲတို့ မှုစ်တို့ဝါးတို့ရှိသမျှ ရုပ်ဝတ္ထု

http://www.dhammadownload.com



အစုစုတွေမှန်သမျှ ဘာဓာတ်တွေလည်းမေးရင် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာ ၎င်းရုပ်ဓာတ် ၈ ပါးသည် တစ်ပေါင်းတစ်ခုတည်းဖြစ်နေတဲ့တရားဆိုတာ မှတ်ထားနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သဲမှုံလေးတစ်မှုံကတွက်ကြည့် သဲမှုံလေးတစ်မှုံဓာတ်ခွဲကြည့် ရုပ်ဓာတ် ၈ ပါးရှိ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မြင်းမိုရ်တောင်ကြီး ဓာတ်ခွဲကြည့် ရုပ်ဓာတ် ၈ ပါးရှိ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ လူတစ်ယောက်ဓာတ်ခွဲကြည့် ရုပ်ဓာတ် ၈ ပါးရှိနော် (ဟုတ်ပါတယ်ဆရာ)။ ခွေးတစ်ကောင်ဓာတ်ခွဲကြည့် ရုပ်ဓာတ် ၈ ပါးရှိ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သစ်ပင် ဝါးပင်ဓာတ်ခွဲကြည့် ရုပ်ဓာတ် ၈ ပါးရှိ၏ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ရုပ်တိုင်းရုပ်တိုင်းမှာ ဒီရုပ်ဓာတ် ၈ ပါးချည်းမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် သူ့ကို ဒီပြင်ရုပ်တွေနဲ့ မရောနှောသေးဘဲနဲ့ သက်သက် အခြေခံအားဖြင့် ပထမဆုံးစတွေ့လိုက်တဲ့ ရုပ်တရားမို့လို့ သုဒ္ဓဋ္ဌကလာပ် ၈ ပါးလို့ ဒီလိုခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။

တစ်နည်း ၎င်း ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါးသည် တစ်ပါးခြင်းနှစ်ပါးခြင်းအားဖြင့် ခွဲလို့ခွာလို့ ဘယ်တော့မှမရကောင်းတဲ့ တရားဖြစ်ခြင်းကြောင့် အဝိနိဗ္ဘောဂရုပ်ဖြစ်သည်လည်းခေါ်၏ မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ရင်ကွယ် ဒီသြဇာ ဓာတ်ကြီးဟာ ထိုရုပ်ဓာတ် ၈ ပါးပေါင်းစည်းပြီးဖြစ်နေသမျှ အရာဝတ္ထုတွေထဲမှာ သြဇာဓာတ်ပါစမြဲ ဖြစ်နေတော့ သူဖြစ်နေတဲ့ ရုပ်ဓာတ် ၈ ပါးတိုင်း ရုပ်ဓာတ် ၈ ပါးတိုင်း အဓိပ္ပါယ်ဆိုကြပါစို့၊ သတ္တဝါတွေကြည့်လည်း ရုပ်ဓာတ် ၈ ပါးနော် (ဟုတ်ပါတယ်ဆရာ)။ အသက်မဲ့တဲ့ ဒီစားပွဲ ကုလားထိုင်ကြည့်လည်း ရုပ်ဓာတ် ၈ ပါး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ စားပွဲ ကုလားထိုင်ကြီးက မဆွေးမမြေ့ဘဲနဲ့ အခုလိုခိုင်မြဲနေတာ ဘာကြောင့်လဲဆို မင်းဘယ့်နှယ့်ပြောမလဲ (သြဇာဓာတ်ရှိလို့ပါဆရာ)။ သြော် သြဇာဓာတ်ထောက်ပံ့ထားတယ်၊ သြဇာဓာတ်ခိုင်ထားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ စောင့်ရှောက်ထားတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီစားပွဲထဲမှာလည်း ရုပ်ဓာတ် ၈ ပါးပါတယ် ဒီလိုမပါဘူးလား (ပါပါတယ်ဆရာ)။ ဒါကြောင့် ပထမဆုံးအခြေခံစပြစဉ်အခါကတည်းက ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါးဟာ အဲဒီရုပ်ဓာတ် ၈ ပါးထဲမှာပါလာသော သြဇာဓာတ်သည် သူနဲ့ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ဖေါ် ဖြစ်ပျက်ဆိုတဲ့ ဓာတ် ၇ ပါးကို အမြဲတစေ အထောက်အပံ့ပေး၍နေ၏။

သြဇာဓာတ် ပါဠိလို၊ မြန်မာလိုပြန်တော့အဆီဓာတ် မြန်မာလိုဘာသာပြန်တော့ စာအုပ်မှန်သမျှ သြဇာဓာတ်မေးရင်အဆီဓာတ် ဒီလိုပဲ မြန်မာလိုပြန်ရေးတယ်၊ ဒါဖြင့် သြဇာဓာတ်ဟာ အဆီမှ သြဇာခေါ်သလားလို့ ဒီလိုမဟုတ်ပါဘူး။ ဒါပေမဲ့ လူအများ နားလည်လွယ်တာကတော့ ဒီစကားနဲ့ ဘာသာပြန်မှ၊ ဒီလိုရေးမှ ဒီလိုမှမဟုတ်လို့ရှိရင် တစ်မျိုးတစ်မည်အားဖြင့် ရေးပြန်တော့ သြဇာဓာတ်ရဲ့

http://www.dhammadownload.com



အဓိပ္ပါယ် အဓိပ္ပါယ်နားလည်ဖို့ခဲယဉ်းတယ်၊ ဒါကြောင့် ဒီဩဇာဓာတ်ကို မြန်မာဘာသာပြန်က အဆီဓာတ်လို့ ဒီလိုရေးထားတယ်။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဒါမြန်မာပြန်လေးတွေချည်းပဲအကုန်လုံး ဒီတော့ဩဇာဓာတ်မှာ အဆီဓာတ်လို့ မြန်မာလို ဘာသာပြန်ထားတော့ သူသူငါငါလူတကာလည်း ဘယ်အရာဝတ္ထုဖြစ်ဖြစ် အဆီလေးပါမှ ဒါမှ ဩဇာဓာတ်များတယ် ဩဇာဓာတ်ရှိတယ်လို့ ဒီလိုထင်ကြတယ်။ ဒါကြောင့် အဆီလုံးဝရှာမရတဲ့ အရာဝတ္ထုကျတော့ ဩဇာဓာတ်မရှိဘူး ဒီလိုမှတ်တယ်။ အမှန်က ဩဇာဓာတ်သည် အဆီကို ခေါ်သလားဆိုတော့ မဟုတ်ပါဘူး၊ ဒါစကားအငှားအနေအားဖြင့် ဘာသာပြန်ထားတဲ့ သဘောလေး။ ဒါဖြင့် ဩဇာဓာတ်ဘယ်သူ့ခေါ်သလဲလို့ မြန်မာလိုနားလည်အောင် ရှင်းရှင်းလင်းလင်းနဲ့ ရှင်းပြပါ ဆိုတော့ ဩဇာဓာတ်ဟာ ရုပ်အသစ်အသစ်တွေဖြစ်စေတတ်တဲ့ သဘောတရားလေး၊ ရုပ်အသစ် အသစ်ကို ဖြစ်စေတတ်တဲ့သဘောတရားလေးသည် ဩဇာဓာတ်မည်၏။ ဒီတော့ ရုပ်အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်နေတယ်ဆိုလို့ရှိရင်ဖြင့် အသက်ရှိတဲ့သတ္တဝါများလည်းပဲ မသေဘဲနဲ့ တည်မြဲနေရတယ် အသက်ထင်ရှားရှိနေရတယ်။ ဒီလိုဆိုရင် ဒါဘယ်သူ့သတ္တိလည်းလို့ ဒီလိုမေးရင် ဟာ ဩဇာဓာတ်ပဲ၊ ဘာဖြစ်လို့ ဩဇာဓာတ်က ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ပြီးတော့ အားပေးနေတဲ့ဓာတ် သူကလုပ်ပေးနေတယ် ရုပ်အသစ်အသစ်ဆက်ဖြစ်နေတယ်။ ဒါကြောင့် မသေနိုင်ဘူး အသက်ရှင်နေတယ် ခိုင်မြဲနေတယ်။ မြန်မာလိုရှင်းရှင်းပြောရင် အသက်ရှင်နေတာ ဘာကြောင့် ဩဇာဓာတ်ကြောင့် ဒီလိုပြောရမယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ လူတွေ မသေဘဲအသက်ရှင်နေတာ ဘာကြောင့် (ဩဇာဓာတ်ကြောင့်ပါဆရာ)။ အေး ဩဇာဓာတ်ကြောင့် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါ အသက်ရှင်နေတယ်ဆိုကတည်းက ရုပ်ဟာအဆက်အားဖြင့် အသစ်အသစ်ဆက်ပြီး ဖြစ်ဖြစ်နေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဟုတ်လားမဟုတ်လား စဉ်းစားကြည့်ပါလားလို့၊ ထမင်းတစ်ခါစားရင် ထမင်းမှာပါလာတဲ့ ဩဇာဓာတ်က အထောက်အပံ့ ပေးတော့ အသက်ဘယ်နှစ်ရက်ခံတယ် (ခုနစ်ရက်ခံပါတယ်ဆရာ)။ ဪ ခုနစ်ရက်ခံတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ခုနစ်ရက်စေ့တော့ နောက်ဆက်မစားဘဲနေရင် ဒီလူ အသက်ရှင်နိုင်ပါ့မလား (မရှင်နိုင်ပါဘူးဆရာ)။ ဘယ်ရှင်မတုန်း ဩဇာဓာတ်ကုန်သွားပြီ၊ ပထမဆုံး တစ်ခါစားတဲ့ ထမင်း အဖျော်ယမကာမှာ ပါလာသော ကဗဠီကာရ အာဟာရမှာပါလာသော ဩဇာ ဓာတ်အရှိန်ကုန်သွားပြီနော် (ဟုတ်ပါတယ်ဆရာ)။ သူခံတာက တစ်ခါစားရင် ဒီစားတဲ့အစာမှာ ပါလာတဲ့ ဩဇာဓာတ်သည် ၇ ရက်အတွင်း အထောက်အပံ့ပေးနိုင်တယ်။ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်အောင် ခုနစ်ရက်အထိ အလုပ်လုပ်ပေးနိုင်တယ်။ ခုနစ်ရက်လည်းစေ့ရော နောက်ထပ်မစားတော့သေလျှင် ရုပ်ပျက်၊ ဘာဖြစ်လို့ ဩဇာဓာတ်က ရုပ်အသစ်အသစ်ဖြစ်အောင်

http://www.dhammadownload.com



ဆက်ပြီးလုပ်မပေးဘူး၊ ဘာဖြစ်လို့ ဩဇာဓာတ်မရှိ၊ ဘာဖြစ်လို့မရှိ အာဟာရမစားမသုံးလို့တဲ့ ဒါဖြင့် ဩဇာဓာတ် ဘယ်သူ့ခေါ်တာတုန်း၊ ကဗဠီကာရ အာဟာရကို ဩဇာဓာတ်လို့ ခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရအာဟာရကို ဩဇာဓာတ်လို့ ခေါ်ပါတယ်။

တစ်နည်း သူသူငါငါ လူတကာနားလည်အောင် အာဟာရဆိုရင် စားစရာသောက်စရာဆိုတာ အားလုံးသိတယ် မသိဘူးလားကွ (သိပါတယ်ဆရာ)။ အစာအာဟာရ တို့ မြန်မာစကား တွဲသုံးထားတယ် အစာအာဟာရ ဒီအစာအာဟာရပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီအစာမှာပါလာသော ထမင်း အဖျော်ယမကာဆိုတဲ့ အစာမှာပါလာသော ဩဇာဓာတ်က မင်းတို့ ငါတို့ အဇ္ဈတ္တသန္တာန်ဖြစ်ပေါ်နေတဲ့ရုပ်တရားကို အသစ်အသစ်ဖြစ်အောင် လုပ်ပေးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ ဩဇာဓာတ်ရဲ့သတ္တိ ဩဇာဓာတ်ရဲ့လက္ခဏာ ဒီလို ဆိုကတည်းက အသက်ရှင်နေတဲ့ သတ္တဝါများသည် မသေတာဩဇာဓာတ်ပဲလို့ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)။ သိနိုင်တယ်၊ အသက်ရှင်နေတဲ့ သတ္တဝါများသည် မသေဘဲအသက်ရှင်နေတာ ဩဇာဓာတ်ကြောင့်၊ ဩော် ဒါဖြင့် အသက်ရှင်တာမြင်ရင် ဩဇာဓာတ်ပဲလို့ ဒီလိုကြည့်ရင်လွဲပဲ့မလား (မလွဲပါဘူးဆရာ)။ မလွဲတော့ဘူး၊ ဒါဖြင့် ''ဩဇာလက္ခဏော ကဗဠီကာရာဟာရော'' ကဗဠီကာရာဟာရော–အလုတ်အလွေ့အားဖြင့် စားကောင်းသောက်ကောင်းသောအာဟာရသည်၊ ဩဇာလက္ခဏာ–ဩဇာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဒီတော့ ဩဇာတွင် မှတ်ကြောင်းလက္ခဏာ ရှိ၏ဆိုတော့ ဒီဩဇာရဲ့အဓိပ္ပါယ် လုံးလုံးမှနားမလည်တော့ ဘယ့်နှယ့်ဩဇာတွင် မှတ်တမ်းလက္ခဏာ ရှိပါလိမ့်၊ အရင်တုန်းက ဓာတ်တွေတုန်းကတော့ မှတ်ကြောင်းလက္ခဏာမှတ်စရာဆို မြန်မာလို ပြန်သွားတော့ရှင်းတယ် ဘယ်လိုမှတ်ဟဲ့၊ ဘယ်အမြင်လေးမြင်လိုက်ရင် ဘာလို့သိဟဲ့ အခုတော့ ''ဩဇလက္ခဏော ကဗဠီကာရာဟာရော''။ ကဗဠီကာရာအာဟာရော–အလုတ်အလွေ့တို့ကို မပြုသော်လည်း ပြုဖွယ်သကဲ့သို့ စားဖွယ်သောက်ဖွယ်တည်းဟူသော ကဗဠီကာရအာဟာရသည် ဩဇာလက္ခဏော–ဩဇာသာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဩဇာကိုမှတ်ပါ ဘယ်သူ့မှတ် ကဗဠီကာရအာဟာရကိုတဲ့ ကဗဠီကာရအာဟာရသိချင်ရင် ဩဇာကိုမှတ်ပါဆိုတော့ ဩဇာက မှတ်ကြောင်းလက္ခဏာ ဖြစ်နေတယ်။

ဩဇာအဓိပ္ပါယ်မှမသိဘဲနဲ့ ဘယ့်နှယ့်လုပ်မှတ်ပါ့မလဲလို့ ဒီလိုဖြစ်လာနော် (ဟုတ်ပါတယ် ဆရာ)။ ဩဇာရဲ့အဓိပ္ပါယ်မှမသိဘဲနဲ့ ဒီအာဟာရဆိုတဲ့ ကဗဠီကာရအာဟာရ သူသူငါငါလူတကာ စားသုံးမျိုချနေကြတဲ့ ကဗဠီကာရအာဟာရ ခေါ်ထားသော အစာအာဟာရသည် ဩဇာဖြင့်မှတ်ပါ ဆိုတော့ မှတ်စရာပေးထားတဲ့ လက္ခဏာတည်းဟူသော ဩဇာကိုက သူသူငါငါလူတကာ အဓိပ္ပါယ်သိဖို့ ခဲယဉ်းတယ် မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)။ ဒီတော့ ဒါဖြင့် ဩဇာဟာ မှတ်ကြောင်း လက္ခဏာပဲ ဩဇာကိုမှတ်ထားပါ၊ ကဗဠီကာရအာဟာရရဲ့ အဓိပ္ပါယ်သိချင်ရင် ဩဇာ

http://www.dhammadownload.com



မှတ်ထားပါဆိုတော့ ဘယ့်နှယ်မှတ်ပ့ါ၊ သတ္တဝါအသက်ရှင်နေရင် ဩဇာဓာတ်ပဲလို့ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။ သတ္တဝါ အသက်ရှင်နေရင် ဩဇာဓာတ်ပဲ၊ သစ်ပင်တွေကြီးထွားနေရင် ဩဇာဓာတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဝိညာဏက သဝိညာဏက၊ သဝိညာဏက– အသက်ရှိတဲ့ သတ္တဝါတွေအသက်ရှင်နေတာ ဩဇာဓာတ်၊ မြင်လိုက်ရင် ဒါဩဇာဓာတ်ပဲလို့ ဒီလို သိရမယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ အသက်ရှင်နေတဲ့ သစ်ပင်လေးတွေ ကြီးထွားနေတာ ကြီးထွားနေတာ ဒါဩဇာဓာတ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဩဇာဓာတ်ဟာ ဘယ်သူ့မှတ်ဖို့လဲဆိုတော့ ကဗဠီကာရအာဟာရကိုမှတ်ဖို့၊ ကဗဠီကာရအာဟာရဆိုတာ ဘယ်သူ့ ခေါ်သလဲဆိုတော့ စားသုံးမျိုချတဲ့အစာနော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့ ထမင်း အဖျော် ယမကာ မုန့်ပဲသွားရေစာ ဒါတွေ အစာတွေစားတယ်မဟုတ်လား၊ ဒါအသက်ထင်ရှားရှိတဲ့ သတ္တဝါကျတော့ ဒီအစာကိုရှောင်လွှဲလို့ အစာမှမသွင်းဘဲနဲ့လွတ်နေတဲ့သတ္တဝါတွေ ရှိလား (မရှိပါဘူးဆရာ)။ မရှိဘူးကွ၊ ဒါကြောင့် တို့ဘုရားက ဘယ့်နှယ့်ဟောသလဲဆိုတော့ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" သဗ္ဗေ–ခပ်သိမ်းကုန်သော၊ သတ္တာ–သတ္တဝါမှန်သမျှတို့သည်၊ အာဟာရဋ္ဌိတိကာ–အာဟာရသာလျှင် မှီရာတည်ရာရှိကြကုန်၏။ ဘုံသုံးပါးဖြစ်နေတဲ့ သတ္တဝါတွေ အပါယ် ၄ ပါးတို့ လူ့ဘုံတို့ နတ်ပြည်ခြောက်ထပ်တို့ ဗြဟ္မာ ၂၀ တို့၊ ပေါင်းလိုက်တော့ ၃၁ ဘုံ အဲဒီ (၃၁) ဘုံမှီတင်းနေထိုင်ကြကုန်တဲ့ အားလုံးသော သက်ရှိသတ္တဝါမှန်သမျှ ဘာကို အမှီပြု၍ နေကြသလဲဆိုတော့ အာဟာရအမှီပြုနေကြတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ဘုရား ရဟန္တာကအစ အကုန်လုံး။ ဩော် ဒါဖြင့်ရင် ဒီသတ္တဝါမှန်မှန်သမျှ ဒီအာဟာရကို အမှီပြုနေကြတယ်ဆိုတော့ ငါတို့လူသားသာလျှင် ထမင်း အဖျော်ယမကာဆိုတဲ့ အစာကိုစားသုံး၍ အသက်ရှင်နေသည်မဟုတ်၊ ကျွဲ နွား မြင်း ခွေး ဝက် ကြက် ငှက်အစရှိတဲ့ တိရစ္ဆာန်များလည်းပဲ ဒီအာဟာရကိုပဲ အစာတည်းဟူသောအာဟာရကိုပဲ အမှီသဟဲပြု၍နေကြ၏ အသက်ရှင်နေကြ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ လူ့လောကကြီး နတ်လောကဖယ်ထား၊ လူ့လောကကြည့် တိရစ္ဆာန်လောကကြည့်၊ အမြဲတစေ စားသုံးနေကြတဲ့ အစာအာဟာရအမှီပြုလို့ အသက်ရှင်နေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး ထင်ရှားတယ်၊ အဲဒါမှ အစာအာဟာရမှ မသုံးစားရလို့ရှိရင် ဘယ့်နှယ်နည်းမှ အသက်ရှင်ဖွယ်အကြောင်းမရှိဘူး ဒါဖြင့် အသက်ရှင်နေတာ ဘယ်သူ့ကြောင့်လဲ၊ စားသုံးတဲ့ အစာအာဟာရကို စားသုံးနေကြလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဩဇာနဲ့ ဘာဆိုင်သလဲဆိုတော့ အဲဒီစားသုံးနေကြတဲ့အစာမှာ ပါလာသောဓာတ်ကလေးဟာ သတ္တိထူးကလေး ဟာ ဒါဩဇာပဲနော် (ဟုတ်ပါတယ်ဆရာ)။ ဒီအာဟာရဆိုတဲ့ ခုပြောတဲ့စားသုံးတဲ့ အစာတည်းဟူသော အာဟာရသည်ပင်ဩဇာဓာတ်ရဲ့အမည်လို့ ဥပမာအားဖြင့် တင်စားပြီးခေါ်ထားတဲ့ အမည်လေးပါ။

http://www.dhammadownload.com



ဩဇာရဲ့အမည်ကို အာဟာရလို့ခေါ်၏ အာဟာရဆိုတာဘာခေါ်တုန်း၊ မင်းတို့ငါတို့စားသုံးမှီဝဲနေတဲ့ အစာအာဟာရ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ဩဇာဓာတ်က နည်းနည်းလေးလည်း ရှုပ်လည်းရှုပ်တယ်။ ဒါပေမဲ့ ဒီကရှင်းနိုင်သမျှ ကြိုးစားပြီးရှင်းပေးပါ့မယ်။ ဟာ ဩဇာဓာတ်ဆိုတာကွာ တို့သဘောတရားသက်သက်ကလေးပဲဆိုရင် ရှေ့ကဓာတ် ၇ ပါးနားလည်ထားတော့ ဟာ အတုံး အလုံး အခဲ အကောင်အထည် အရည် အဖတ် အမှုံ အမွှား အပြို အပြာ ရှာမရဘူးကွဲ့၊ ဩဇာဓာတ်ဆိုတာ သဘောသက်သက်ကလေးပဲလို့ ဒီလိုပြောရင် မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ဒါပေမဲ့လည်း ဩဇာဓာတ်ရဲ့သဘောအဓိပ္ပါယ် လည်လည်ပတ်ပတ် နားလည်မလားဆိုတော့မလည်ပါဘူး။ ဒါကြောင့် ဒီဩဇာဓာတ်ကြီးရဲ့ သဘောအဓိပ္ပါယ်ကို လည်လည်ပတ်ပတ်သိစေခြင်းအကျိုးငှာ ပါဠိတော်က ဘယ်လိုဆိုတယ် အဋ္ဌကထာက ဘယ်လိုဆိုတယ် အဓိပ္ပါယ်အားဖြင့်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေးတွေ တစ်ခုချင်းတစ်ခုချင်း ရှင်းရှင်းရှင်းရှင်းပြီးတော့ ဒီက မတတ်မခြင်းသင်ကြားပေးပါ့မယ် သမာဓိ လည်းကောင်းကောင်းထားပြီးတော့ နာလည်နာယူကြ မှတ်လည်းမှတ်ကြပေါ့။ ဩဇာဓာတ်က အပြရတော့ သိပ်မလွယ်ဘူး လူပြိန်းတစ်ယောက် သဘောပေါက်အောင် စောစောကပြောသလို ဒီရှေ့နားကဓာတ်တွေနဲ့မှုလိုက်ပြီးတော့ ပြလိုက်ရင်ဖြင့်ဒါလွယ်သင့်သလောက်လွယ်တာပေါ့။ ဒါပေမဲ့ တကယ်ပေါက်သလားဆိုတော့ မပေါက်ပါဘူး၊ ဩဇာဓာတ်တော်တော် အသိခက်တဲ့ဓာတ်။

ဒါကြောင့် ဒီဩဇာဓာတ်ဟာ မှတ်ကြောင်းလက္ခဏာ မှတ်စရာလို့ပြောထားတာ၊ ဘယ်သူ မှတ်ရမှာတုန်းဆိုတော့ ကဗဠီကာရအာဟာရကို မှတ်ဖို့နော် (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရ အာဟာရကို မှတ်ဖို့ပေးထားတဲ့ မှတ်ကြောင်းလက္ခဏာမှတ်စရာ။ ဒါကြောင့် ''ဩဇာလက္ခဏော ကဗဠီကာရာဟာရော'' ကဗဠီကာရာဟာရော-အလုတ်အလွေ့ကိုမပြုသော်လည်း ပြုမိသကဲ့သို့သော ကဗဠီကာရအာဟာရသည်၊ ဩဇာလက္ခဏော-ဩဇာတွင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဒါဖြင့် မင်းတို့ ငါတို့ စားသုံးနေတဲ့ ကဗဠီကာရဆိုတဲ့ အစာအာဟာရတွေကို သိချင်လို့ရှိရင်ဘာနဲ့မှတ်၊ ဩဇာနဲ့ မှတ်ပါ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ တို့လူစုက ကဗဠီကာရအာဟာရလို့ စားနေတဲ့အစာတွေဆိုတော့ ဒီအစာတွေမြင်နော် (ဟုတ်ပါတယ်ဆရာ)။ ဟာ တို့ထမင်းတွေစားတယ် ဟင်းတွေစားတယ် မုန့်ပဲသွားရေစာတွေစားတယ်၊ အဲဒါတွေစားပြီး အသက်ရှင်နေတယ် တို့တိုင်းပြည်ကတော့ ထမင်းအားကိုးတယ်၊ ဒီပြင် တိုင်းပြည်ကျတော့ ဂျုံစားတယ် ပဲစားတယ် လူးဆတ်စားတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတွေ အစာတွေ မဟုတ်လား (အစာတွေ ပါဆရာ)။ အေး အစာတွေ၊ ဒီအစာတွေတော့သိသားပဲ အဲဒါ ကဗဠီကာရအာဟာရပေါ့။ ဒါဖြင့် ဒီအစာတွေမှာပါလာတဲ့ ဩဇာဓာတ် အဲဒါတွေသိလို့ရှိရင် ဩဇာဓာတ်သိရမယ်။ ဒီတော့ အစာတွေ စားတိုင်းစားတိုင်း တို့လူစုက တို့ထမင်းတွေစားနေတယ်၊ ထမင်းကြောင့် အသက်ရှင်နေတယ်။

http://www.dhammadownload.com



မုန့်ပဲသွားရေစာ စားတယ်၊ မုန့်ပဲသွားရေစာကြောင့် အသက်ရှင်တယ် ဒီလိုပဲ နားလည်ထားတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းတွေစားတော့ ထမင်းကြောင့်အသက်ရှည်ရင် မင်းတို့ ငါတို့စားတဲ့ ထမင်းတွေဟာ မင်းတို့ငါတို့ရဲ့ ကိုယ်ကာယကြီး အထောက်အပံ့ပေးရုံမှန်လျှင် အသားတဲ့ အသွေးတဲ့ အကြောတဲ့ အရိုးတဲ့ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ တစ်ခါလာပြန်ပြီ ဦးနှောက်တို့ သည်းခြေတို့ သလိပ်တို့ ဆီတို့ သွေးတို့ အစိတ်အပိုင်းတွေ အများကြီးသွားတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ စားလိုက်တဲ့ အစာတွေဝေပြီး ထွက်သွားတယ်၊ ဝေဖြာပြီးတော့ သူ့ဆိုင်ရာ ဆိုင်ရာ အားပေးတတ်တဲ့ သတ္တိလေးတွေ လှည့်သွားကုန်ပြီ၊ ဦးနှောက်အားပေးတာရှိတယ် မျက်စိအားပေးတာရှိတယ် အကြောအားပေးတာရှိတယ် အသွေးအားပေးတာရှိတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အသားအားပေးတာရှိတယ် အရိုးအားပေးတာရှိတယ် အရည်အားပေးတာ ရှိတယ်၊ စားလိုက်တဲ့အစာတစ်ခုတစ်ခုက ဖြာထွက်လာတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်းကွယ် ဒါဖြင့်ထမင်းစားလို့ ဒီရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ ငါတို့တွေ အသက်ရှည်နေကြတယ်ဆိုလို့ရှိရင် စားလိုက်တဲ့ထမင်းဝေကြည့်စမ်း။ အခုန ဦးနှောက်တို့ အကြောတို့ အသွေးတို့ အသားတို့ နှလုံးတို့ ကျောက်ကပ်တို့ အဆုတ်တို့ အသဲတို့ အရိုးတို့ဝေကြည့်စမ်း ခြင်ဆီတို့ ဒါအကုန်ဝေရမယ် မဟုတ်လား (ဟုတ်ကဲ့ဆရာ)

အရိုးတို့ဝေကြည့်စမ်း ခြင်ဆီတို့ဒါအကုန်ဝေတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ထမင်းစားလို့ အသက်ရှည်တယ်ဆိုလို့ရှိရင် ထမင်းစားလိုက်ရင် အဲဒီလို ကိုယ်အင်္ဂါအစိတ်အပိုင်းမှာရှိတဲ့ သူရဲ့ဌာန ဌာန (ကောဋ္ဌာသ) ကောဋ္ဌာသဆိုတဲ့ အစုအစုကိုစားလိုက်တဲ့ ထမင်းကဝေပုံ ဝေစုနဲ့ ဝေလိုက်၊ ကြည့်စမ်းပါကွာ ဒီထမင်းတွေဟာ စားပြီးတဲ့နောက်ပိုင်းမှာ အစာဟောင်းအနေနဲ့ ပြန်လာစရာရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အခုတော့ ကလီစာတဲ့ ကျင်ကြီးတဲ့ အစာဟောင်းအဖြစ်နဲ့ပြန်လာ မလာဘူးလား (လာပါတယ်ဆရာ)။ ထမင်းတွေ ပျောက်ပျောက်သွားတယ်လို့မမှတ်နဲ့၊ စားသုံးနေတဲ့အစာတွေ ပျောက်ပျောက်သွားတယ်မမှတ်နဲ့။ စားသုံးလိုက်တဲ့ ထမင်းအဖျော်ယမကာဆိုတဲ့ မုန့်ပဲသွားရေစာဆိုတဲ့ အစာတွေဟာ စားတဲ့အတိုင်း ပြန်လာတယ်။ ဒါပေမဲ့ စားတုန်းကအစာအသစ်၊ ပြန်လာတော့အစာအဟောင်း ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါနဲ့ခုနပြောတုန်းက ခန္ဓာအတွင်းမှာ အဇ္ဈတ္တသဏ္ဍာန်ရှိတဲ့ အစိတ်အပိုင်း တွေကို ဒီထမင်းတွေစားပြီးတော့ ထမင်းတွေကအထောက်အပံ့ပေးတယ်ဆိုတော့ ထမင်းတွေအတိုင်း လျှောက်လျှောက်ပြီးတော့ ဝေပုံဝေစုနဲ့ ထောက်ပံ့လိုက်ရင် ဒီထမင်းတွေက အစာအဟောင်းတွေ အဖြစ်နဲ့ ပြန်လာပါဦးမလား (မလာပါဘူးဆရာ)။ တစ်နေ့စားလိုက်ကုန်သွားလိုက် တစ်နေ့စားလိုက် ကုန်သွားလိုက် တစ်နေ့စားလိုက်ကုန်သွားလိုက် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုဆိုရင် မင်းအိမ်သာတောင် ထားစရာမလိုဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အခုတော့ ပျောက်ပျောက်သွား

http://www.dhammadownload.com



ရဲ့လား (မပျောက်ပါဘူးဆရာ)။ အမြဲပြန်လာတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အစာသစ်နဲ့ အစာဟောင်းပြောင်းလဲပြီး ပြန်လာခဲ့ရတယ်၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒါဖြင့်ရင် ဒီအစာတွေက တို့ခန္ဓကမ္မဇရုပ်ခေါ်တဲ့ တို့ခန္ဓပဥ္စကဆိုတဲ့ ခန္ဓာဓာတ်ကြီးမှာ အသား အသွေး အရိုး အဆစ် အဖျတ္တသဏ္ဍာန်ဖြစ်နေတဲ့ ကောဋ္ဌာသအစိတ်အပိုင်းတွေ တို့စားတဲ့ထမင်းက ဝေပုံဝေစု အနေအားဖြင့် ဝေခြမ်းပြီးတော့ ကုန်သွားတာမဟုတ်ဘူး၊ ထမင်းကထမင်းနော် (ဟုတ်ပါတယ်ဆရာ)။ အစာသစ်နဲ့အစာဟောင်း ပြောင်းတာချည်းပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ဒီတို့ရဲ့ရုပ်တရားကြီးဟာ အဆင့်ဆင့်တိုးပွားတိုးပွားပြီးတော့ အသက်မသေဘဲနဲ့ ဆက်ဆက်နေတဲ့သတ္တိ ဘယ်သူလဲလို့မေးတော့ မင်းတို့ငါတို့စားတဲ့ ထမင်းဆိုကြပါစို့ ဥပမာ။ အဲဒီ ထမင်းဆိုတဲ့ ရုပ်ဝတ္ထုမှာပါလာသော ဩဇာဓာတ်ကလေးက သူက အထောက်အပံ့ပေးတယ် နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလို အထောက်အပံ့ပေးတယ်၊ ဒါဖြင့် ဒီဩဇာဓာတ်ကလေးဟာ ဘယ်မှာရှိ ထမင်းမှာရှိ အစာမှာရှိ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီအစာဘာခေါ်တယ် ကဗဠီကာရ အာဟာရခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရဆိုတာ အလုပ်အလွေ့ ပြုတာကို ကဗဠီကာရခေါ်ပါတယ်၊ အာဟာရကတော့ အာဟာရ၊ ကဗဠီကာရအာဟာရဆိုတော့ ကဗ္ဗဠီကာရက မင်းတို့ငါတို့ စားမယ်ကြဲရင် အလုတ်အလွေ့လုပ်ရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ပြင်ရဆင်ရတယ် ပါးစပ်ထဲဝင်အောင်ဆိုပြီးတော့ ဒီကပြုပြင်ပြီးမှသွင်းရတယ် ဒါကဗဠီကာရ၊ အဲဒီကဗဠီကာရအာဟာရခေါ်တဲ့ ဒီအာဟာရဟာ ဘယ်သူရဲ့အမည်လဲဆိုတော့ ဩဇာရဲ့အမည်ပါ တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲဆိုတော့ ဩဇာပြဋ္ဌာန်းလို့၊ ဩဇာရဲ့အမည်ကို သူ့တပ်ပြီး ခေါ်ထားတယ်၊ ဒါဖြင့် ဩဇာဓာတ် ဒီအထဲရှိတာပေါ့ (ရှိပါတယ်ဆရာ)။ အေး ဒီအထဲရှိတယ်၊ ဒီတော့ခုနပြောသလိုပဲ ဒါဖြင့်ကောင်းပါပြီ ထမင်းစားရင်လည်း လူ့အသက်ရှင်နေတယ်၊ ဘာဖြစ်လို့လဲ ထမင်းဆိုတဲ့ ကဗဠီကာရအာဟာရမှာပါလာသော ဩဇာဓာတ်ကလေးက အထောက်အပံ့ပေးနေလို့ ဒီလူသည် အသက်ရှင်နေရ၏ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဩဇာဓာတ်ကြောင့် အသက်ရှင်တယ်ဆိုတာက အသက်ရှင်တာက မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ထမင်းမစားရင်သေမှာပဲ အစာမစားရင်သေမှာပဲ အစာဆိုတာခုနပြောတဲ့ ကဗဠီကာရအာဟာရ။ ဒါပေမဲ့ ထမင်းလေးက ထင်ရှားတော့ ထမင်းပဲမှတ်တယ်၊ တို့ထမင်းစားလို့ အသက်ရှင်တယ်၊ ထမင်းမစားရင် အသက်သေမယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းစားတော့အသက်ရှင်တော့ ခုန ပြောသလိုပဲ အသက်ရှင်အောင် စားလိုက်တဲ့ထမင်းက ဝေခြမ်းပြီးတော့ အစိတ်အပိုင်းတွေပို့လိုက် သလားဆိုတော့ မပို့ပါဘူးတဲ့၊ ဒီထမင်းက ထမင်းအတိုင်းပါပဲတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်သူကိုပို့သလဲမေးတော့ အဲဒီထမင်းမှာပါလာတဲ့ ဩဇာဓာတ်ကပို့တယ်တဲ့၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဩဇာဓာတ်ကို သဘောရှင်းဖို့ အင်မတန်မှ အရေးကြီးတယ်။

http://www.dhammadownload.com



ဩဇာဓာတ် ပြတ်ပြတ်သားသားနားလည်သွားဖို့၊ ဟာ ဩဇာဓာတ်ဆိုတာ အတုံး အလုံး အခဲ အကောင်အထည် အမှုံ အမွှား အရည် အဖတ်မှမဟုတ်ဘဲ သဘောသတ္တိလေးပဲ၊ သဘောတရားသက်သက်ကလေး။ ဘာသဘောတရားလဲမေးတော့ ဩဇာဆိုတဲ့ပုဒ်ကိုက မနေ့ညက ပြသွားတဲ့အတိုင်း "အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ" (သင်္ဂြိုဟ်၊ ရုပ်ပိုင်း၊ စာပိုဒ် - ၂၇) အတ္တနော-မိမိ၏၊ ဥဒယာနန္တရံ-ဖြစ်ပေါ်သည်၏အခြားမဲ့ (ဝါ) ဖြစ်ပြီးသည်နောက်၊ ရူပံ-ရုပ်အသစ်အသစ်ကို၊ ဇနေတိ-ဖြစ်စေတတ်၏။ ဣတိ တသ္မာ-ထို့ကြောင့်၊ ဩဇာ-ဩဇာမည်၏ ဆိုတော့ ဟောဒီဩဇာတခြားမဟုတ်ပါဘူး။ အမှန်က ဒီဩဇာဓာတ်ကလေးဖြစ်လိုက်ရင် သူဖြစ်တဲ့ အချိန်ကစ နောက်ရုပ်အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်တတ်တဲ့သတ္တိလေးနော် (ဟုတ်ကဲ့ပါ ဆရာ)။ မျက်စိကလည်းတာဖြစ်တယ် ဘယ့်နှယ့်ပါလိမ့် သူဖြစ်နောက်ရုပ်ကလာပ်တွေ သူ့ကြောင့် ဆက်ကာဆက်ကာဖြစ်အောင် လုပ်ပေးလိုက်တယ် အထောက်အပံ့ပေးလိုက်တယ် ရုပ်အသစ် အသစ်တွေဆက်ကာဆက်ကာဖြစ်တာ သူ့ကြောင့်၊ ဩဇာဓာတ်ကြောင့်။ ဒါကြောင့်လည်း သူ့ကို ဩဇာခေါ်တယ်၊ ဩဇာဆိုတာတခြားမဟုတ်ပါဘူး။ မြန်မာလိုကတော့ သူဖြစ်လို့ရှိရင် သူ့ကြောင့် ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်နိုင်၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်သလား မဟုတ်ဘူးလားဆိုတော့ မင်းတို့ငါတို့ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ဆိုထားတဲ့ ဘုံသုံးပါးမှာ သတ္တဝါမှန်မှန်သမျှ ဒီအာဟာရကို မှီတင်းပြီးနေကြရတယ်။ အာဟာရနဲ့ကင်း၍ မနေ ကောင်းဘူးဆိုတော့ ဩော် ဒါဖြင့် ဒီစားသုံးကောင်းတဲ့ အစာအာဟာရမှီဝဲနေတဲ့ သတ္တဝါမှန်မှန်သမျှ ရုပ်အသစ်အသစ်ဖြစ်ပြီးတော့ကာ အသက်မသေဘဲနဲ့ ဆက်ပြီးနေတယ်ဆိုတာဟာ ဒီအစာစားလို့ပဲ အစာကတော့ ထင်ရှားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီအစာစားလို့ပဲလို့ ထင်ရှားတော့ ဒီအစာစား လို့ရှိရင် ဒီအစာပေါ်မှာစိတ်ကစွဲနေရင် ဒီအစာသည် ကိုယ်ခန္ဓာအစိတ်အပိုင်း အစုစုပြုပြုပြီးတော့ ဝေဖန်တိကျပြီးတော့ ဝေပုံဝေနည်းနဲ့ပို့လိုက်ရင် ကုန်သွားမှာပေါ့ ဒီအစာတွေဟာနော် (ဟုတ်ပါ တယ်ဆရာ)။ အခုတော့ ကုန်ရဲ့လား (မကုန်ပါဘူးဆရာ)။ မကုန်ရင် ဒါနဲ့ဒီအစာတွေက ပို့တာ မဟုတ်ဘူး၊ အစာမှာပါလာတဲ့ စောစောကပြောတဲ့ ဩဇာဆိုတဲ့သတ္တိထူးလေးကပို့တာ မထင်ရှား ဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါဩဇာဓာတ်နော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်က ပို့နေတာ၊ ဩဇာဓာတ်ကထောက်ပံ့နေတာ ဩဇာဓာတ်ကဆောင်နေတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ထမင်းကပို့တာမဟုတ်ဘူး၊ ထမင်းပါလာသော ဩဇာဓာတ်ကပို့နေတာ မထင်ရှားလား (ထင်ရှားပါတယ်ဆရာ)။ မင်းစားတဲ့ထမင်းလုံးလေးထဲ သေသေချာချာဒါးလေးနဲ့ စိတ်မွှာခွဲကြည့် မှန်ဘီလူးအကြီးကြီးနဲ့၊ ငါစားတဲ့ ထမင်းလုံးလေထဲမှာ ဩဇာဓာတ်ပါပါတယ်။ ဘာဖြစ်လို့ သေသေချာချာ ဓားလေးနဲ့စိတ် မွှာ ခွဲကြည့် မှန်ဘီလူးအကြီးကြီးနဲ့။ ငါစားတဲ့ ထမင်းလုံးထဲမှာ

http://www.dhammadownload.com



ဩဇာဓာတ် ပါပါတယ်၊ ဘာဖြစ်လို့။ သူဒီထမင်းစားလို့ အသက်ရှင်နေတာ ထမင်းမစားရင် သေသွားမှာပေါ့၊ ထမင်းစားလို့အသက်ရှင်နေတာ။ ဒါဆိုကောင်းပြီ တို့စားတဲ့ထမင်းလုံးလေးထဲ တစ်လုံးချင်း တစ်လုံးချင်းဆိုသလို ခန္ဓာအစိတ်အပိုင်းက ကောဋ္ဌာသအစုအစုတွေဝေခြမ်းပို့ရဲ့လား မဟုတ်ပါဘူး၊ ဒီထမင်းကတော့ ထမင်းအတိုင်းပဲ။ အစာသစ်အစာဟောင်းပြောင်းတာပဲရှိတယ်၊ ဒီထမင်းအတိုင်း ဝတ္ထုရုပ်တွေ ပြန်ထွက်လာတယ်။ ဘယ်သူပို့ပါသလဲ ထမင်းထဲပါတဲ့ဩဇာဓာတ်ကပို့တယ်၊ ဒါဖြင့် ထမင်းထဲပါတဲ့ဩဇာ ငါခွဲပြီးရှာဦးမယ်ဆိုတော့ ထမင်းလုံးလေးတွေ အစိတ်စိတ်အမွှာမွှာခွဲ မှန်ဘီဘူးအကြီးကြီးနဲ့ကြည့်ပြီးရှာစမ်း ဩဇာဓာတ်မင်းတွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)။ မြင်ရော မြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ တွေ့လည်းမတွေ့ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ မြင်လည်းမမြင်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ အဲဒါ အသိအင်မတန်ခက်တဲ့တရားနော် (ဟုတ်ပါတယ်ဆရာ)။ မခက်ဘူးလား (ခက်ပါတယ်ဆရာ)။ ဒါဖြင့် မင်းမျက်စိနဲ့ ထမင်းလုံးလေး ချေမွှခွဲစိတ်ကြည့်တော့ ဩဇာဓာတ်ကြည့်လို့လည်းမမြင် တွေ့လည်းမတွေ့ မမြင်မတွေ့တာနဲ့ ထမင်းလုံးသည် ဩဇာဓာတ် မရှိဘူးလို့ မင်းဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘူးဆရာ)။ ဩဇာဓာတ်ရှိတာ အမှန်ပေါ့နော် (ရှိပါတယ်ဆရာ)။ ဘာဖြစ်လို့သိသလဲ သူ့စားရင်အသက်ရှည်တာကြည့် အသက်ရှင်တာကြည့် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် ဟိုကဩဇာလက္ခဏော "ကဗဠီကာရော အာဟာရော"လို့ ကဗဠီကာရအာဟာရကို သိချင်လို့ရှိရင် ဩဇာကိုကြည့်ပါ၊ ဩဇာက မှတ်ကြောင်းလက္ခဏာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဩဇာက မှတ်ကြောင်းလက္ခဏာဖြင့် ဘယ့်နှယ့်လုပ်မှတ်ပါ့၊ ဘယ်လိုသိပါ့ အလွယ်လေးပဲ သတ္တဝါအသက်ရှင်နေတာကြည့် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါကဗဠီကာရအာဟာရ ဒါဖြင့်ကွယ် တို့မနေ့ကငါပြောတဲ့အတိုင်း ဩဇာဓာတ်သည် အဆီကိုခေါ်၏။ ဒီလိုဆိုရင် အဆီမှ ဩဇာဓာတ် ခေါ်သလိုဖြစ်နေနော် (ဟုတ်ပါတယ်ဆရာ)။ အမှန်က ဩဇာဓာတ်ဆိုတာ အဆီ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးကွယ်၊ ရုပ်ကိုအသစ်အသစ်ဖြစ်စေတတ်တဲ့ သတ္တိလေးက ဒါဩဇာ၊ သဘောတရားလေးက မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဒါဩဇာမဟုတ်လား (ဩဇာပါဆရာ)။ ဒါဖြင့် ဩဇာဓာတ်ကို အဆီလို့ဘာသာပြန်ထားတာ လူအများ အမှတ်လွယ်စေခြင်းအကျိုးငှာ စကားအမှားနဲ့ပြန်ထားတဲ့အဓိပ္ပါယ် မပေါ်ဘူးလားကွ (ပေါ်ပါတယ်ဆရာ)။

ဒါဖြင့် အဆီကို ဩဇာဓာတ်လို့ မှတ်မနေပါနဲ့၊ အဆီဖြစ်စေ အဆီရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ။ မြန်မာလိုရှင်းရှင်းပြောလို့ရှိရင်ကွယ် ကဲ ထောပတ်ထက်အဆီများတာ မရှိဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ နွမ်းဆီတို့ ပဲဆီတို့ ထောပတ်တို့ ဆီကြည်တို့ ဆီဉတို့၊ ကိုင်း ဒါတွေဟာ အဆီတွေပဲ၊ ဒါတွေကို ဩဇာဓာတ်ပဲလို့ပြောရအောင် အဲဒီထောပတ်တစ်ခုထဲဓာတ်ခွဲကြည့် သူ့မှာ

http://www.dhammadownload.com



ပထဝီရှိတယ် ရှိလား (ရှိပါတယ်ဆရာ)။ အာပေါရှိတယ် ရှိရဲ့လား (ရှိပါတယ်ဆရာ)။ တေဇောရှိတယ် ရှိရဲ့လား (ရှိပါတယ်ဆရာ)။ ဝါယောရှိတယ် ရှိရဲ့လား (ရှိပါတယ်ဆရာ)။ ဝဏ္ဏ (ရှိပါတယ်ဆရာ)။ ဂန္ဓရှိလား (ရှိပါတယ်ဆရာ)။ ရသ (ရှိပါတယ်ဆရာ)၊ ဩဇာ (ရှိပါတယ်ဆရာ)။ သူလည်း ရုပ်ဓာတ် ၈ ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါ အဆီကြည့်ပြီးတော့ ဒီအဆီဟာ ဩဇာဓာတ်ပဲလို့ ဒီလို မှတ်မနေပါနဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီတော့ ဒီအဆီစားနေတယ်။ အဆီတွေအကုန်လုံး ခုနပြောသလို ဟာ ဒါဩဇာဓာတ်တွေ အဆီတွေချည်း စားသောက်နေရလို့ ရှိရင် ငါခန္ဓာအစိတ်အပိုင်း ကောဋ္ဌာသအစုအစုတွေ ဝေပုံဝေစုနဲ့ ပို့မှာပဲလို့၊ အသားထဲပို့တာပို့ အသွေးထဲပို့တာပို့ အကြောထဲပို့တာပို့ အရိုးထဲပို့တာပို့ ချဉ်ဆီထဲပို့တာပို့ ဦးနှောက်ထဲပို့တာပို့ တစ်ချို့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလို ခန္ဓာအစိတ်အပိုင်း ကောဋ္ဌာသအစုစုနဲ့ ဒီအဆီတွေ အကုန်လုံးပို့ပြီးတော့ ပျောက်သွားသလားလို့ မဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ပျောက်လည်း မသွားကောင်းပါဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ အဲဒီထောပတ်သောက်နေတဲ့ပုဂ္ဂိုလ် အသက်ရှင်နေတာထောက်ကြည့်၊ ထောပတ်ထဲမှာပါလာသော ဩဇာဓာတ်ကလေးက အထောက်အပံ့ ပေးနေတယ်၊ ရုပ်အသစ်အသစ်ဖြစ်စေတယ်။ ဒါကြောင့် ထောပတ်ချည်းသောက်နေတဲ့ပုဂ္ဂိုလ်လည်း အသက်ရှင်တတ်ပါ၏ မရှင်ဘူးလား (ရှင်ပါတယ်ဆရာ)။ သူလည်း ကဗဠီကာရအာဟာရ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အေး အေး စားသုံးမျိုချလိုက်တဲ့အစာကို ကဗဠီကာရ အာဟာရခေါ်ပါ၏ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါအသက်ရှင်တဲ့ သတ္တဝါတွေကြည့်ကွယ်။

တစ်ခါလာပြန်ပြီ ကောင်းပါပြီ၊ လူစားတာတော့ မျက်စိနဲ့မြင်ရတဲ့ ဆီကြည်တို့ ဆီဦးတို့ ထောပတ်တို့ ဒါတွေ ပါလို့ထားပါတော့။ မနေ့ညကပြသွားတဲ့ နွားများ မြင်းများ ကျွဲများ ဆိတ်များ ဆင်များစားသောက်နေတဲ့ မြက်ခြောက် ကောက်ရိုးဆိုတဲ့ အရာဝတ္ထုကျတော့ ဆီရှာရသေးလား (မရပါဘူးဆရာ)။ မရဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါသူစားနေတဲ့ မြက်ခြောက်ဓာတ် ခွဲကြည့် တော့လည်း ဒီအဋ္ဌကလာပ်ရုပ်၊ ၈ ပါးမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဩော် ဒီရုပ်ဓာတ် ၈ ပါး၊ မြက်ကြည့်လည်း ရုပ်ဓာတ် ၈ ပါး၊ ကောက်ရိုးကြည့်လည်း ရုပ်ဓာတ် ၈ ပါး၊ သစ်ရွက်ခြောက်ကြည့်လည်း ရုပ်ဓာတ် ၈ ပါးလို့ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရုပ်ဓာတ် ၈ ပါးမှာ ပါလာတဲ့ ဩဇာဓာတ်သတ္တိလေး မြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ မမြင်ကောင်းဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ဒီမြက်ခြောက် ကောက်ရိုးစားတဲ့ နွားတွေ ကျွဲတွေ မြင်းတွေ ဆိတ်တွေ အသက်မရှင်ဘူးလား (ရှင်ပါတယ်ဆရာ)။ အသက်ရှင်တာထောက်ကတည်းက ဩဇာဓာတ်ရဲ့သတ္တိပဲ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ သူတို့လည်း ဒီမြက်ခြောက်ကောက်ရိုးဆိုတဲ့ အာဟာရ ဒါကဗဠီကာရအာဟာရခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါတွေလည်း အာဟာရတွေပဲ အစာတွေပဲ သူတို့စားသုံးနေတာ။ ဒါဖြင့်

http://www.dhammadownload.com



ဩဇာဓာတ် ဩဇာဓာတ်ဆိုတာ အဆီခေါ်ပါတယ်ဆိုတဲ့စကားဟာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး ဆရာ)။ မဟုတ်ပါဘူး ဆီနဲ့လုံးဝမပါတ်သက်ပါဘူး မြက်ခြောက် ကောက်ရိုး ဆီကြိတ်လို့ ထွက်ကောင်းပါ့မလား (မထွက်ကောင်းပါဘူးဆရာ)။ မထွက်ကောင်းပါဘူး ပိုပြီးထင်ရှားတဲ့ ရွှံ့ညွန် စားနေတဲ့တီကောင် အသက်ရှင်တာကြည့်၊ ဘာကြောင့် အသက်ရှင်သလဲ (ဩဇာဓာတ်ပါလို့ပါပဲ ဆရာ)။ အေး ဩဇာဓာတ် ဩဇာဓာတ်ကြောင့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်မှာ ပါတာတုန်း (မြေကြီးထဲမှာပါတဲ့ဩဇာဓာတ်ပါဆရာ)။ အေး ရွှံ့မှာရှိတဲ့ဩဇာဓာတ် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ရွှံ့ဓာတ်ခွဲတော့ ဘယ်လောက်ရလဲ (ရုပ်ဓာတ် ၈ ပါးပဲ ရပါတယ်ဆရာ)။ ရုပ်ဓာတ် ၈ ပါး ဩဇာဓာတ်ပါတယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး ရွှံ့မှာပါတဲ့ ဩဇာဓာတ်ရဲ့ သတ္တိကြောင့် ဒီတီကောင်သည် ရွှံ့စားသော်လည်း အသက်ရှင်၍နေရ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

## ဩဇာဆိုတာ အဆီမဟုတ်ပါ

ဒါဖြင့်ကွယ် ဩဇာဓာတ်ဆိုတာ အဆီဆိုတဲ့စကားဟာ ဒါစကားအမှားကြီးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ မှုချမဟုတ်ဘူးလို့၊ အမှန်က ဩဇာဓာတ်ဆိုတာ ဘာလဲဆိုရင် ရုပ်အသစ် အသစ်ကို ဆက်ကာဆက်ကာ ဖြစ်စေတဲ့သဘောတရား သက်သက်ကလေး ဩဇာဓာတ်၊ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အဲဒီရွှံ့ကလေးပါလာတဲ့ဩဇာဓာတ်က အထောက်အပံ့ပေးလို့ ဒီတီကောင်လေးသည် ရုပ်အသစ်အသစ်ဖြစ်ပြီးတော့ အသက်ရှည်နေတယ်ဆိုတော့ ဩဇာဓာတ်ရဲ့ လက္ခဏာတော့ ပေါ်နေပြီပေါ့၊ ဩဇာဓာတ်ရဲ့သတ္တိတော့သဘောတော့ ငါမြင်နေပြီ၊ ဘာကြောင့် ရွှံ့ညွှံစားနေတဲ့ တီကောင်သည်အသက်ရှင်နေရ၏။ တီကောင်လေးရုပ်အသစ်အသစ်ဖြစ်ပြီးတော့ အသက်ရှင်နေတယ်ဆိုတဲ့ ဒါဩဇာဓာတ်ပဲလို့ ငါသိပြောနိုင်တယ်။ ဒါပေမဲ့ အဲဒီဩဇာဓာတ်ကို ရွှံ့လေးထဲချေမွပြီး သေသေချာချာကြည့် ဩဇာဓာတ်မြင်ပါ့မလား (မမြင်ပါဘူးဆရာ)။ တွေ့ရော တွေ့ပါမလား (မတွေ့ပါဘူးဆရာ)။ မတွေ့ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ မမြင်တိုင်း မတွေ့တိုင်း မင်းဩဇာဓာတ်မရှိဘူးလို့ ပြောမလား (မပြောပါဘူးဆရာ)။ ရှိတာအမှန်ပေါ့ (ရှိတာအမှန်ပါပဲဆရာ)။ အေး အဲဒီ သဘောလေးတွေသဘောလေးတွေ သေသေချာချာမှတ်၊ ဒါကြောင့် ဩဇာဓာတ်ဆိုတာ အဆီပဲဆိုတဲ့ စကားလေးပဲ တို့လူစုနားလည်၊ အများနားလည်အောင် လွယ်လွယ်ကူကူရေးထားတဲ့ မြန်မာဘာသာပြန်တွေလို ဩဇာဓာတ်ဆိုတာ အမှန်က အဆီမဟောပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်ကိုက သူဖြစ်လာသည်နှင့်တစ်ပြိုင်နက် ရုပ်အသစ်အသစ်ကိုဖြစ်စေတတ်တဲ့ သဘောတရား သက်သက်ကလေး သတ္တိထူးကလေးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အသက်ရှိတဲ့ သဝိညာဏက သတ္တဝါတွေ၊ မင်းတို့ငါတို့ရဲ့ကိုယ်ကာယရှိတဲ့ ရုပ်တရားတွေ၊ ဒါတွေကြည့်လည်းပဲ အဋ္ဌကလာပ်ရုပ် ၈ ပါးပဲနော် (ဟုတ်ပါတယ်ဆရာ)။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ

http://www.dhammadownload.com



အသက်မဲ့တဲ့ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ လောကဓာတ်ကြီးကစပြီး အကုန်လုံးကြည့် အကုန်လုံးနေရော လတွေရော နက္ခတ်တာယာတွေရော ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီမဟာပထဝီမြေကြီးရောအကုန်ကြည့်၊ ဒါတွေကြည့်ပြန်လည်း တစ်ချင်းတစ်ခုချင်းကြည့် ကြည့်လို့ရှိရင်ဘာလဲ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ အဋ္ဌကလာပ်ရုပ် ၈ ပါးပဲ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါအပြင်ခွဲလို့စိတ်လို့မရပါဘူးလို့၊ ဒီကိစ္စ ၈ ပါးချည်း ရှိကြတယ်။ ဒါမေးရင် ပတ်ဝန်းကျင်မြင်မြင်သမျှ သက်ရှိသက်မဲ့ဆိုတဲ့ အရာဝတ္ထုအစုစုတွေ ဘုံလောကဓာတ်ကြီးတစ်ခုလုံး အကုန်ခြုံကြည့်ရင် ဒီပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ်ချည်းရှိတယ်၊ ဒီ ၈ ပါးချည်းရှိတယ်နော် (မှန်ပါတယ်ဆရာ)။ ဘယ်ကြည့်ကြည့် ဘယ်ဝေဖန်ဝေဖန်လို့၊ ဒါပေမဲ့ အချင်းတို့ သဏ္ဌာန်တို့ အရိပ်တို့ နိမိတ်တို့ကတော့ မင်းတို့ငါတို့ မျက်စိမြင်သလိုပဲလို့၊ အထင်လွဲအမြင်လွဲအားဖြင့် အမျိုးမျိုးခွဲခြားပြီးတော့ သမုတ်ထားတာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှယ့်သမုတ်၊ သမုတ်တာတွေဟာ တစ်ခုမှ မဟုတ်ဘူးလို့ အမှန်ကြည့်လိုက်တော့ ရုပ်ဓာတ် ၈ ပါးချည်း ဒီလိုသွားတာနော် (ဟုတ်ပါတယ်ဆရာ)။

## ဩဇာနှင့်အာဟာရ ထူးခြားပုံ

ဒါဖြင့် ဒီဩဇာနဲ့ ကဗဠီကာရအာဟာရနဲ့ "ဩဇာလက္ခဏော ကဗဠီကာရာဟာရော"လို့ ဆိုထားတော့ ကဗဠီကာရာဟာရော–အလုပ်အလွေ့မပြုသော်လည်း ပြုမိသကဲ့သို့သော အာဟာရသည် (ဝါ) အစာသည်၊ မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဩဇာလက္ခဏော–ဩဇာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ အဲဒီ မင်းတို့ငါတို့စားသုံးနေတဲ့ အာဟာရ ကဗဠီကာရအာဟာရ သိချင်ရင် ဩဇာနဲ့မှတ်ပါလို့၊ ဩဇာက မှတ်ကြောင်းလက္ခဏာမှတ်စရာ ဘယ်သူ့မှတ်ဖို့ပေးတာတုန်း ဆိုတော့ အာဟာရမှတ်ဖို့ပေးတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ကောင်းပါပြီ၊ ဒီဩဇာနဲ့ ကဗဠီကာရအာဟာရနဲ့ ဘယ်လိုထူးသလဲ ဘယ်လိုကွာခြားသလဲဆိုတော့ပြန်ကြည့်၊ ဒီကဗဠီကာရအာဟာရနဲ့ ဩဇာဓာတ်နဲ့ ဘယ်လိုထူးသလဲ အမှန်ကအာဟာရလို့ခေါ်ထားတာ ကဗဠီကာရအာဟာရလို့ ခေါ်ထားတာဩဇာရဲ့ အမည်ပါတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဩဇာရဲ့ အမည်ကို တင်စားပြီးတော့ ကဗဠီကာရအာဟာရလို့ခေါ်ထားတာ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ တင်စားပြီးတော့ ကဗဠီကာရအာဟာရသည် –

ကဗဠီကာရော အာဟာရောတိ ကဗဠံ ကတွာ အဇ္ဈောဟရိတဗ္ဗကော အာဟာရော၊ ဩဒနကုမ္မာဒိဝတ္ထုကာယ ဩဇာယေတံ အဓိဝစနံ။ (နိဒါနသံယုတ်၊ ၂၊ ၂၂)

ကဗဠီကာရော အာဟာရောတိ–ဟူသည်ကား၊ ကဗဠံ–အလုတ်အလွေ့ကို၊ ကတွာ–ပြု၍၊ အဇ္ဈောဟရိတဗ္ဗကော–မျိုချသောအစာအာဟာရ၍ရှိသော၊ အာဟာရော–အာဟာရသည်၊ ဩဒန–

http://www.dhammadownload.com



ထမင်း၊ ကုမ္မာသ–မုန့်ပဲသွားရည်စာ၊ အာဒိသဒ္ဒါဖြင့် စားစရာတွေအကုန်လျှောက်ပြော ထမင်း မုန့်ပဲသွားရည်စာ အစရှိကုန်သော ဝတ္ထုရုပ်နှင့်ပါလာသော၊ ဩဇာယ–ဩဇာ၏၊ အဓိဝစနံ–အမည်တည်း။ ဒီကဗဠီကာရအာဟာရဆိုတဲ့အမည်က အလုတ်အလွေ့ကိုမပြုသော်လည်း ပြုမိသကဲ့သို့ မျိုချရသော အာဟာရက တခြားမဟုတ်ပါဘူးတဲ့၊ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာ အစရှိသော ရုပ်ဝတ္ထုအစုစုတို့နှင့်ပါလာသော ဩဇာဓာတ်ရဲ့ အမည်ပါပဲနော် (ဟုတ်ပါတယ်ဆရာ)။ ''ကဗဠီကာရော အာဟာရောတိ ကဗဠံ ကတွာ အဇ္ဈောဟရိတဗ္ဗကော အာဟာရော၊ ဩဒနကုမ္မာဒိဝတ္ထုကာယ ဩဇာယေတံ အဓိဝစနံ'' စာလေးရဲ့ 'အဓိဝစနံ'ပုဒ်နဲ့ လာလို့ရှိရင် ဒါဥပစာလို့မှတ်ပါလို့ဆိုတော့ ဒါဖြင့် ဒီကဗဠီကာရအာဟာရဆိုတာ ဘယ်သူ့အမည်လဲဆိုတော့ ဒါဩဇာရဲ့ အမည်ပါပဲ တင်စားပြီးဥပမာအားဖြင့်ခေါ်ထားတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီကဗဠီကာရအာဟာရနဲ့ ဩဇာနဲ့တူသေးရဲ့လား (မတူပါဘူးဆရာ)။ မတူဘူး မတူပေမဲ့ မင်းတို့ ငါတို့ပိုင်းခြားသိဖို့က ဘယ်လိုသိရမလဲ၊ ကဗဠီကာရအာဟာရမှန်ရင် ရုပ်ဝတ္ထုပစ္စည်းအနေအားဖြင့် ထင်ရှားရှိတဲ့သဘာဝကို ကဗဠီကာရအာဟာရခေါ်၏။ ထမင်းတဲ့ မုန့်ပဲသားရေစာတဲ့ အဖျော်ယမကာတဲ့ တောတိရစ္ဆာန်များစားတဲ့အစာကျပြန်တော့ မြက်ခြောက်တဲ့ ကောက်ရိုးတဲ့ သစ်ရွက်ခြောက်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သစ်ရွက်စိုတဲ့ ဒါတွေကိုမြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ အဲသူ့ကျတော့ အဲဒါကြောင့် ဒီနေရာလေးမှာ ဩဇာရဲ့အမည်ကိုတင်စားပြီးတော့ ကဗဠီကာရအာဟာရလို့ခေါ်ထားတာ ဘာဖြစ်လို့ခေါ်ထား၊ ဒါတွေက မြင်ကောင်းတဲ့ စားဖွယ်သောက်ဖွယ်ဆိုတဲ့ အစာအာဟာရတွေတဲ့။ ဒါကြောင့် မင်းတို့ငါတို့ မြင်ကောင်းတယ် ပါးစပ်ထဲမှာ အလုပ်အလွေ့အားဖြင့်ပြုပြီးတော့ သွင်းကောင်းတယ် စားကောင်းတယ်ဆိုတဲ့ ဝတ္ထုပစ္စည်းတွေကျတော့ ကဗဠီကာရအာဟာရလို့ခေါ်ပါ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ကဗဠီကာရအာဟာရဟူသောအမည်သည် တစ်ခြားမဟုတ်ပါဘူး၊ ဩဇာဓာတ်ရဲ့ အမည်ပါပဲဆိုတော့ ဒါဖြင့် ဒီဩဇာနဲ့ ကဗ္ဗဠီကာရအာဟာရနဲ့ ဘာထူးလဲ (ဘာမှမထူးပါဘူးဆရာ)။ ဘာမှမထူးဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ''ကဗဠီကာရော အာဟာရောတိ ကဗဠံ ကတွာ အဇ္ဈောဟရိတဗ္ဗကော အာဟာရော၊ ဩဒနကုမ္မာဒိဝတ္ထုကာယ ဩဇာယေတံ အဓိဝစနံ။'' တော်–ဤ''ကဗဠီကာရော အာဟာရော''ဟူသော အမည်သည်၊ ဩဇာယ–ဩဇာ၏၊ အဓိဝစနံ–အမည်တည်းဆိုတော့ ဟာ ဩဇာရဲ့အမည် အာဟာရလို့တပ်ခေါ်တာပဲ ကဗဠီကာရအာဟာရလို့ တပ်ခေါ်တာပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီနေရာစကားရှုပ်အောင် ဘာကြောင့် လုပ်ထားတာတုန်းလို့မေးစရာရှိတယ်။ သက်သက် သတ္တဝါများနားရှုပ်အောင် ဒီလိုခွဲစိတ်ထားတာ အာဟာရဖြင့် အာဟာရခေါ်လိုက်ပါလား တစ်မျိုးထဲ၊ ဩဇာဖြင့်ဩဇာခေါ်လိုက်ပါလား မဟုတ်ဘူး ဒီလိုမဟုတ်သေးဘူး။ ကဗဠီကာရအာဟာရအနေအားဖြင့် ဟောထားတာက သူမြင် ငါမြင် သူသိ

http://www.dhammadownload.com



ငါးသိ သူစား ငါးစားဆိုတဲ့ ဝတ္ထုရုပ်အနေအားဖြင့် အစာအာဟာရအနေအားဖြင့်ပြထားတာ ကဗဠီကာရအာဟာရလို့ပြောထားတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သြဇာက တခြားမဟုတ်ပါဘူး၊ အဲဒီသူသူငါငါလူတကာ စားသောက်နေကြတဲ့ အစာအာဟာရမှာပါလာသော သတ္တိထူးလေးကသြဇာဓာတ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အဲဒီ စားသုံးကောင်းတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာသည် သေသေချာချာကြည့်စမ်းပါဦး၊ သူ့ကျတော့ မင်းလည်း စားတယ် ငါလည်းစားတယ် အားလုံးလည်းစားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒါကျတော့ အလုတ်အလွေ့လုပ်ပြီးတော့ ပါးစပ်ထဲမခွံ့ရဘူးလား (ခွံ့ရပါတယ်ဆရာ)။ မဝါးရဘူးလား (ဝါးရပါတယ်ဆရာ)။ မမျိုရဘူးလား (မျိုရပါတယ်ဆရာ)။ ဩော် အဲဒီလို အလုတ်အလွေ့ကို မပြုသော်လည်းပြုမိသကဲ့သို့ မျိုချရသောအစာကိုတော့ ကဗဠီကာရအာဟာရလို့ခေါ်တယ်။ အဲဒီအစာမှာပါလာသော ရုပ်အသစ်အသစ်ကိုဖြစ်စေတတ်တဲ့ သတ္တိထူးကိုတော့ သြဇာဓာတ်လို့ ဟောတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် သူတို့ ၂ ခု ဘာထူးတုန်း၊ ဒီအာဟာရဟူသောအမည်က သြဇာရဲ့အမည်ပါပဲဆိုတော့ သြဇာသည်ပင်လျှင် အာဟာရ၊ အာဟာရသည်ပင်လျှင်သြဇာ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)။ ထူးတာကဒီလိုတဲ့ အဲဒီ သြဇာဓာတ်သန့်သန့်လေးကျလာတော့ မင်းတို့ ငါတို့ အခုန ပြောသလိုပဲ ပါးစပ်ထဲဝါးလို့ဖြစ်သေးသလား (မဖြစ်ပါဘူးဆရာ)။ အလုတ်အလွေ့လုပ်လို့ရသေးလား (မရပါဘူးဆရာ)။ မျိုလို့ရော ရသေးရဲ့လား (မရပါဘူးဆရာ)။ သြဇာဓာတ်လေ (ဟုတ်ပါတယ် ဆရာ)။ မျိုလည်းမဖြစ်ဘူးပေါ့ ဝါးလို့လည်းမဖြစ်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ စားလို့လည်း မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ သောက်လို့လည်း မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ အေး အေး သြဇာဆိုတဲ့ သဘောလေးကျတော့နော် (ဟုတ်ပါတယ်ဆရာ)။ မျိုလို့လည်းမဖြစ်ဘူး (ဟုတ်ပါတယ်ဆရာ)။ ဝါးလို့လည်းမဖြစ်ဘူး (ဟုတ်ပါတယ်ဆရာ)။ စားလို့လည်းမဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ သောက်လို့လည်း မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)။ အေး အေး သြဇာဆိုတဲ့ သဘောလေးကျတော့နော် (ဟုတ်ပါတယ်ဆရာ)။ မျိုလို့လည်းမဖြစ်ဘူး ဝါးလို့လည်းမဖြစ်ဘူး စားလို့လည်းမဖြစ်ဘူး သောက်လို့လည်းမဖြစ်ဘူး ဒီလိုမဟုတ်လား။ ဘာဖြစ်လို့မဖြစ်သလဲဆိုတော့ မျက်စိလည်းလည်သွားမှာ သမာဓိတရားလည်းကောင်းကောင်းထားလိုက်၊ ဒီနေရာနည်းနည်းလေးနဲ့ ရှုပ်လည်းရှုပ်တယ် နက်လည်းနက်တယ်။

ဘယ့်နှယ့်လဲ သြဇာဓာတ်ဟာ အာဟာရရဲ့အမည်ပါပဲဆိုတော့ အာဟာရနဲ့သြဇာခွဲမရသလို ဖြစ်နေပါတယ်။ ခွဲမရသလို အတူတူဖြစ်နေရင် သြဇာဖြင့်သြဇာ ခွဲလိုက်ရောပေါ့၊ အာဟာရဖြင့် အာဟာရခွဲလိုက်ကရောပေါ့။ ဘာကြောင့် နှစ်မျိုးနှစ်စားခွဲဟောသလဲ ဟောဒါကဒီလို ကဗဠီကာရ အာဟာရအနေနဲ့ ဟောတာကတော့ မင်းတို့ ငါတို့ ဝါးလို့ဖြစ် စားလို့ဖြစ် မျိုလို့ဖြစ် သောက်လို့ဖြစ်

http://www.dhammadownload.com



လျှက်လို့ဖြစ်၊ အလုတ်အလွေ့အားဖြင့် ဝါးကောင်း စားကောင်း မြိုကောင်း သောက်ကောင်းတဲ့ ဝတ္ထုပစ္စည်းအထည်ဒြပ်အနေအားဖြင့်ဟောသည် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဩဇာဟာ အဲဒီလို စားကောင်း သောက်ကောင်း မျိုချကောင်း၊ စားလို့ဖြစ် ဝါးလို့ဖြစ် မျိုလို့ဖြစ် သောက်လို့ဖြစ်ဆိုတဲ့ ကဗဠီကာရအာဟာရကြောင့် ကြည့်ကြည့်ကြည့်ကြည့်၊ သတ္တဝါများသည် အသက်ရှင်၍နေကြ၏။ ရုပ်အသစ်အသစ်တွေဖြစ်ပေါ်၍လာကြ၏။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ခုနပြောတဲ့ စားတဲ့သောက်တဲ့ အစာအဟာရစားတဲ့သောက်တဲ့ အချိန်ကစပြီးနော် (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒီအစာအာဟာရတွေ တို့စားတယ် မျိုတယ် သောက်တယ် လျှက်တယ် အလုတ်အလွေ့လုပ်ပြီး ပြီးတော့ စားကြတယ် သောက်ကြတယ် မျိုကြတယ် လျှက်ကြတယ် ဘာတွေတုန်း အစာတွေပေါ့၊ ကဗဠီကာရအာဟာရတွေပေါ့။

အဲဒါတွေ မျိုတော့ဘာဖြစ်လဲ၊ အဲဒါတွေ မျိုခြင်းကြောင့် ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ အသက်ရှည်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါတွေ မျိုခြင်းကြောင့်ဆိုတော့ အဲဒါတွေ မျိုတဲ့အချိန်ကစပြီး မင်းတို့ငါတို့မှာ ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒါဖြင့် အာဟာရရဲ့ သတ္တိပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)။ မျက်စိထဲမှာနော် သမာဓိလည်းကောင်းကောင်းထား ဩော် ဒါဖြင့် အစာအာဟာရရဲ့ သတ္တိပေါ်နေပါပဲ၊ ဒီအစာအာဟာရတွေစားသုံးလို့ ငါတို့မှာ ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ အသက်မသေဘဲနဲ့ ရှည်နေကြတယ်လို့ ဒီလိုလား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီ အာဟာရစားသုံးခြင်းကြောင့် ဒီအစာတွေစားသုံးခြင်းကြောင့် ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ အသက်ရှည်နေတယ်ဆိုတဲ့ သဘောလေးဟာ ဒါဩဇာဓာတ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုဆိုတော့ မင်းနားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဟုတ်မှလုပ်စမ်းပါဟ၊ ကဲကဲ ဘယ့်နှယ့် ဩဇာဓာတ် ဘယ့်နှယ့် လုပ်စမ်းပါဦး (မိမိတို့စားသုံးနေတဲ့ အစာအာဟာရတွေမှာပါတဲ့ သဘောသက်သက်ကလေးကို ဩဇာဓာတ်လို့ ခေါ်ပါတယ်ဆရာ)။ ဩဇာဓာတ်လို့ ခေါ်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ ငါတို့ စားနေတဲ့အစာမှာပါလာတဲ့ သဘောလေးကို (ဟုတ်ပါတယ်ဆရာ)။ အစာမှာပါလာတဲ့ သဘောလေးကို ဩဇာဓာတ်ခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အစာပါတဲ့ သဘောလေးက ဘာသဘောလေးပါလိမ့် ဘာလုပ်တတ်လဲ (မိမိရဲ့ရုပ်ကို အသစ်ဆက်ကာဆက်ကာ ဖြစ်တတ်တဲ့ သဘောလေးရှိပါတယ်ဆရာ)။ ဩော် ရုပ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ၊ ဒါဖြင့် ဒါဘယ်သူလဲမေးရင် ဒီအာဟာရပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒီကဗဠီကာရအာဟာရပေါ့ (ဟုတ်ပါတယ်ဆရာ)။ အစာပေါ့ (အစာပါဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီအစာပဲလို့ ဆိုလိုတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်

http://www.dhammadownload.com



အစာပဲဆိုတော့ စောစောကမင်းငါပြောပြီးပြီ၊ ဒါဖြင့် ဒီအစာထဲက တို့ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာ ဖြစ်နေတယ်ဆိုတော့ မင်းတို့ငါတို့ရဲ့ ခန္ဓာအစိတ်အပိုင်းအတိုင်း ရုပ်တွေက အမျိုးမျိုးမဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)။ ဦးနှောက်တို့ အသည်းနှလုံးတို့ ကျောက်ကပ်တို့ အဆုတ်တို့ အသားတို့ အသွေးတို့ အရိုးတို့ အရည်တို့ ဒါတွေဆက်စပ်ပြီးတော့ သွားနေရတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ခုနပြောတဲ့မင်းအစာဟာ သူသူငါငါထမင်းတွေ စားလိုက်တယ်၊ အဲဒီစားလိုက်တဲ့အစာဆိုတဲ့ ထမင်းတွေက အခုနပြောတဲ့ ကောဋ္ဌာသ အစုအစု တွေကို ဒီထမင်းတွေ ဝေပုံဝေစုနဲ့ ဝေပြီးတော့ ပို့လိုက်သလား (မဟုတ်ပါဘူးဆရာ)။ ဩော် မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ မဟုတ်သာမဟုတ်တယ် အဲဒီ ဦးနှောက်ကစလို့ ခုနပြောတဲ့ အကြောတို့ အသားတို့ အသွေးတို့ နှလုံးတို့ ကျောက်ကပ်တို့ အရိုးတို့ အရည်တို့ ဒါတွေဟာ အသစ်အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်ဖြစ်မနေဘူးလား (နေပါတယ်ဆရာ)။ တိုးပွားမနေဘူးလား (တိုးပွားနေပါတယ်ဆရာ)။ အဲဒါတွေ တိုးပွားနေတဲ့ဥစ္စာ ခုနင်းပြောတဲ့ အသက်ရှင်နေတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်း ကြည့်စမ်း အဲဒီတိုးပွားနေတဲ့ဥစ္စာ၊ ခုနမင်းပြောတဲ့ ထမင်းဆိုတဲ့ အစာအာဟာရကလည်းပဲ ဝေပုံဝေစုနဲ့ ထမင်းလုံးတွေ ခွဲပြီးပို့တာလည်းမဟုတ်နော် (ဟုတ်ပါတယ် ဆရာ)။ ထမင်းကိုမျိုချကာမျှ၊ ထမင်းကိုစားသုံးကာမျှ အခုနပြောတဲ့ အစိတ်အပိုင်းတွေမှာ အလိုလို ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ အေး ဒါဖြင့် ဒီထမင်းမှာပါလာတဲ့ သတ္တိထူးလေးဆိုတော့ ဒီသတ္တိထူး လေးကိုက ထမင်းထဲခွဲရှာလည်း မတွေ့နော် (ဟုတ်ပါတယ်ဆရာ)။ ထမင်းလုံးချေမွကြည့်လည်း မတွေ့၊ တွေ့လား (မတွေ့ပါဘူးဆရာ)။ မတွေ့ဘူးကွ အဲဒီသတ္တိထူးလေးက ဩဇာဓာတ်၊ ဒီလိုဆိုတောကော့ ဒါဖြင့် ဒီထမင်းကြောင့် ဒီရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်တယ်ဆိုတဲ့ သဘောတရားလေးက ဒါဩဇာဓာတ်ပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ခုနပြောတဲ့ ကဗဠီကာရအာဟာရနဲ့ဩဇာဓာတ်နဲ့ ထွေးလုံးရစ်ပတ်ဖြစ်နေတယ် ဒီလိုဖြစ်နေတယ်။

အဲဒါမှ မရှင်းသေးရင် နမူနာတစ်ခုပြပါဦးမယ်၊ သစ်ပင်စိုက်ထား သစ်ပင်လေးစိုက်ထားတော့ သစ်ပင်လေး မြေပေါ်စိုက်ထား ရေလေးလောင်းပေးရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ပထဝီရသ အာပေါရသ ရေနဲ့မြေကိုအမှီပြု၍ သစ်ပင်လေးတစ်နေ့တစ်ခြားကြီးထွားလာ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ လက်သည်းခွံပမာဏကနေပြီးတော့ ပုဆိုးတစ်ပတ်ပမာဏရှိတဲ့ အတုံး အလုံး အခဲကြီးဖြစ်လာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ သေသေချာချာကြည့်စမ်းပါ၊ အဲဒါလေး သေသေချာချာကြည့် ဒီသစ်ပင်လေးဟာ ပထမတုန်းကတော့ သက်ကယ်ချောင်းလောက်ရှိတယ် ပမာဏနော် (ဟုတ်ပါတယ်ဆရာ)။ နောက်တော့ အဲဒီသစ်ပင်လုံးလေး သက်ကယ်ချောင်း ကနေပြီးတော့ တစ်စတစ်စနဲ့ကြီးထွားလာလိုက်တာ ပုဆိုးတစ်ပတ်လောက်ရှိတယ်၊ ဟုတ်ကဲ့လား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ သူ့အမှီပြုတာဘယ်အမှီပြုသလဲဆိုတော့ မြေနဲ့ရေလို့၊ ပထဝီရသနဲ့ အာပေါရသ၊ မြေနဲ့ရေအမှီပြုပြီးတော့ ကြီးထွားလာတယ်ဆိုတော့ ဘာမှီပါလိမ့်မလဲ၊ ဘယ်သူက အထောက်အပံ့ပေးပါလိမ့်မလဲ။ မြေမှာပါလာသော ဩဇာဓာတ် ရေမှာပါလာသော ဩဇာဓာတ် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ မြေမှာရုပ်ဘယ်နှစ်ပါးရလဲ (ရုပ်ဓာတ် ၈ ပါးပဲရပါတယ်ဆရာ)။ အဋ္ဌကလာပ် ၈ ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဩဇာဓာတ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရေမှာရော (ရုပ်ဓာတ် ၈ ပါးပဲရပါတယ်ဆရာ)။ ဩော် ရုပ်ဓာတ် ၈ ပါးရတယ်၊ ဒါဖြင့် မြေမှာပါတဲ့ဩဇာဓာတ်နဲ့ ရေမှာပါတဲ့ဩဇာဓာတ်က အထောက်အပံ့ပေးတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်း အဲဒီ ဩဇာဓာတ်သတ္တိကျတော့ မင်းတို့ငါတို့ ခုန စားသောက်နေတဲ့ ကဗဠီကာရအာဟာရဆိုတဲ့အစာတွေနဲ့ ဩဇာဓာတ်နဲ့ ရုတ်တရက်ခွဲလို့မရဖြစ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲဆိုတော့ အလုတ်အားဖြင့် စားနေတယ် ဝါးနေတယ် မျိုချတာမြင်တယ် ဝတ္ထုပစ္စည်းမဟုတ်ဘဲ သွားရေစာတွေစားသောက်နေတာမြင်တယ်။ အဲဒီ အစာတွေကနေပြီးတော့ မင်းတို့ငါတို့ကို ကိုယ်ထဲမှာ အစိတ်အပိုင်းအားဖြင့် အကုန်လုံးပျံ့နှံ့ပြီးတော့ဝင်သွားသလား၊ ဒီလိုလည်း မဟုတ် ဒါဖြင့်လူကြီးထွားလာတာ ရုပ်အသစ်အသစ်တွေဖြစ်တာဘယ်သူ့ကြောင့်၊ အဲဒီစားလိုက်တဲ့ မျိုချလိုက်တဲ့အစာတွေမှာပါလာသော ဩဇာဓာတ်က ရုပ်အသစ်အသစ်ကို ဖြစ်စေခြင်းကြောင့် မင်းတို့ငါတို့ကြီးထွားလာတယ်၊ အသက်မသေဘဲနဲ့ အသက်ရှင်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကျတော့ ထွေးလုံးရစ်ပတ်ကြီးက ဖြစ်နေရော၊ ကိုင်း ဒီသစ်ပင်လေး ကြည့်ပါကွာ၊ ပေါက်စတုန်းက သက်ကယ်ချောင်းပမာဏ နောက်တော့ ပုဆိုးတစ်ပတ်လောက်ရှိ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ ဒီသစ်ပင်လေး အသက်ရှင်နေလို့ ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်လို့ ကြီးထွားလာသတုန်းမေးရင် သူ့အမှီပြုပြီးပေါက်ရောက်နေတဲ့ ပထဝီရသအာပေါရသ၊ ပထဝီမှာရှိသော ရုပ်ဓာတ် ၈ ပါးမှာရှိတဲ့ ဩဇာဓာတ်က အထောက်အပံ့ပေးတယ်။

အာပေါဓာတ်မှာရှိတဲ့ရေမှာရှိတဲ့ ဩဇာဓာတ်က အထောက်အပံ့ပေးလို့ကြီးထွားလာတယ် ကြီးပွားလာတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်းပါဦးကွာ၊ ကိုင်း ဒါဖြင့် သူ့အမှီပြုပြီးနေတဲ့ရေနဲ့မြေကြီးက ဒီသစ်ပင်လေးထဲမှာ မြေမှုံတွေဟာ အစဉ်လိုက်အစဉ်လိုက် မြေကြီးထဲက မြေသားလေးတွေ ဒီသစ်ပင်ထဲဝင်လာသလား (မဝင်ပါဘူးဆရာ)။ မပါဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ကောင်းပါပြီ သူ့အားပြုပြီးတော့ သူ့အထောက်အပံ့ပေးနေတဲ့ရေကရော ဒီသစ်ပင်ထဲ ဝင်ဝင်လာသလား (မဝင်ပါဘူးဆရာ)။ ရေလည်းမဝင်ဘူး မြေလည်းမဝင်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)။ အကယ်တန္တု မြေကြီးတွေသာ တိုးတိုးတိုးတိုးဝင်လာလို့ရှိရင် မြေကြီးတွေတိုးလာလို့ သူကြီးထွားလာပါတယ်ဆို ဒီသစ်သားခွဲကြည့်

http://www.dhammadownload.com



အထဲမြေကြီးချည်းတွေ့ရမယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အကယ်တန္တ္တ သူ့သောက်သမျှရေ၊ သူအားပေးနေတဲ့ အာပေါဓာတ်တွေ သူ့အထဲသာ အကုန်လုံးဝင်လာလို့ သူကြီးလာပါတယ်ဆိုလို့ရှိရင် သစ်ပင်ကြီးခွဲရင် ရေတွေထွက်လာမလား ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သစ်ပင်ကြီးခွဲတော့ ရေတွေများထွက်လာသလား (မထွက် လာပါဘူးဆရာ)။ မြေကြီးတွေရောတွေ့သလား (မတွေ့ပါဘူးဆရာ)။ ကြည့်စမ်းကွယ် ဒါပေမယ့်လို့ မြေနဲ့ရေကိုအမှီပြုပြီးတော့ ကြီးထွားလာတယ် ကြီးပွားလာတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အဲဒါလေးကြည့် အဲဒါလေးကြည့် ဒီတော့ တို့ အစာအာဟာရမျိုချစားသုံး နေတဲ့ လူပုဂ္ဂိုလ်မှာဖြစ်လာတဲ့ ဩဇာဓာတ်နဲ့ ဟိုကသစ်ပင်မှာ အထောက်အပံ့ပေးထားတဲ့ ဩဇာ ဓာတ်နဲ့ အဲဒါလေး ယှဉ်ကြည့်စမ်း၊ ဟိုတော့ကော မြေနဲ့ရေ အမှီပြုရတယ်နော် (ဟုတ်ပါတယ် ဆရာ)။ မင်းတို့ငါတို့တော့ မျိုချလိုက်တဲ့ အစာအမှီပြုရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ အဲဒါလေးရှင်းအောင်မှတ်ထား၊ သဘောသက်သက်ကလေးဆိုတဲ့ အဓိပ္ပါယ်နော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့တော့ကာ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ခေါ်တဲ့အတိုင်း အစာကိုအမှီပြုရ၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အစာကြောင့်အသက်ရှည်၏ အစာတွေ စားနေကြတယ်နော် (ဟုတ်ပါတယ်ဆရာ)။ သစ်ပင်ဝါးပင်ကျတော့ မြေနဲ့ရေကိုအမှီပြုနေ၏ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟိုမှာမြင်တဲ့မြေကျတော့ သစ်ပင်ကမစားတတ်တော့ မစားရဘူး ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ မစားပေမဲ့စားသလိုပဲ သဘောထားပါလို့၊ ဘာကြောင့် မြေနဲ့ရေကို အမှီပြုပြီးတော့ ကြီးပွားလာတယ် ကြီးထွားလာတယ်၊ မင်းတို့ငါတို့လည်း အစာမှီပြုပြီးတော့ ကြီးပွားလာတယ် ကြီးထွားလာတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

ယဒါ မာတရာ အဇ္ဈောဟဋအန္နပါနဩဇာ ဒါရကဿ သရီရေ ပတိဋ္ဌာတိ၊ တဒါ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ (ဝိဘင်းအဋ္ဌကထာ၊ ၂၃)

ယဒါ–အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋအန္နပါနဩဇာ–မျိုချအပ်သော ထမင်း အဖျော်ယမကာတို့၌ရှိသော ဩဇာဓာတ်သည်၊ ဒါရကဿ–သူငယ်၏၊ သရီရေ–ကိုယ်၌၊ ပတိဋ္ဌာတိ– တည်၏၊ တဒါ–ထိုအခါ၌၊ အဋ္ဌ ရူပါနိ–ရှစ်ပါးသော ရုပ်တို့ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။

အမိဝမ်းတွင်း ပဋိသန္ဓေအားဖြင့်ကိန်းအောင်းနေတဲ့သတ္တဝါတွေ၊ သန္ဓေသားကောင်တွေ နော် (ဟုတ်ပါတယ်ဆရာ)။ ဒီက ပြသွားတာ ပြသွားတာ ပဋိသန္ဓေနေတဲ့သတ္တဝါတွေ ဘယ်သူထမင်းကျွေး (ဘယ်သူမှမကျွေးပါဘူးဆရာ)။ ကျွေးလို့လည်းဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ဘယ်သူနို့တိုက်လဲ (ဘယ်သူမှတိုက်လို့မဖြစ်ပါဘူးဆရာ)။ ဘယ်သူမှတိုက်လို့မဖြစ် သူဘာသာသူချည်း နော် (ဟုတ်ပါ တယ်ဆရာ)။ ဒါဖြင့် ဘာကြောင့်အသက်ရှင်နေပါလိမ့်၊ ဘာကြောင့် သူတဖြည်းဖြည်း ကြီးထွား

http://www.dhammadownload.com



လာပါလိမ့်၊ ပဋိသန္ဓေတည်ခန်းတော့ မင်းကြားဖူးလား "ပထမ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ" ဆိုတဲ့အတိုင်း ပထမဆုံး ပဋိသန္ဓေတည်စက ကလလရေကြည်လို့ ငါတစ်ခါ ပြောခဲ့တယ် မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ အင်မတန်သေးငယ်တဲ့ဘဝလေးကနေပြီး တစ်စတစ်စ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ပမာဏပြလို့မဖြစ်အောင်ဆိုသလိုပဲ မြောက်ကျွန်းသူ၏ ဆံပင်ဖျားလေးဖြင့် ဆီကြည်ပေါက်ထဲနှစ်ပြီးတော့ ခါသွင်းသလို ကျတဲ့ဆီကြည်ပမာဏလောက် ကလေးကစခဲ့တာ ပဋိသန္ဓေခဏ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ အဲဒီထဲကစခဲ့တာ၊ အဲဒီအထဲက စပြီးတော့ တော်ကြာတော့ အမြှုပ်၊ ၇ ရက်လဲတော့ အမြှုပ်၊ အမြှုပ်ကနေပြီးတော့ အစိုင်အခဲ၊ အစိုင်အခဲကနေ သားတစ်နော် (ဟုတ်ပါတယ်ဆရာ)။ သားတစ်ကနေပြီးတော့ ရင့်ကျက်မှု၊ ရင့်ကျက်မှုကနေပြီးတော့ ခက်မငါးဖြာ၊ ခက်မငါးဖြာကနေ ခေါင်း လက် ကိုယ် ခြေ စုံလင်တဲ့ အင်္ဂါပစ္စယော၊ အဲဒါ ၇ ရက်စီ ၇ ရက်စီ တက်တက်တက်တက်လာတာ သတ္တာဟ သတ္တာဟကနေ တက်လာတာ။ "ပထမံ ကလလံ ဟောတိ"ဆိုတဲ့ ခုန ဆံပင်ဖျားမှာပါလာတဲ့ဆီကြည် ပမာဏလောက်ကလေးကနေ နေလိုက်တာ ၇ ရက်၊ သူ့နောက် အမြှုပ်သဏ္ဍာန်လေး အဲဒီလို အင်မတန်သေးငယ်တဲ့ ဆီကြည်ပေါက်လေးပမာဏကနေပြီးတော့ နည်းနည်းလေးကြီးသွားလာတဲ့ အမြှုပ်သဏ္ဍာန်အားဖြင့် ဖြစ်ပေါ်နေတာ ၇ ရက်နော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီ အမြှုပ်သဏ္ဍာန်လေးကနေပြီးတော့ အသားဆိုင် အသားခဲလေးလို နေလိုက်တာက ၇ ရက်ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အသားစိုင် အသားခဲလေးက ၇ ရက်စေ့တဲ့ အခါကျတော့ ရင့်ကျက်မှုလို့ ဒီအသားစိုင် အသားခဲလေးက မာကြောလာတဲ့ဘဝက ၇ ရက်။ အဲဒီ မာကျောလာတဲ့ အသားစိုင် အသားခဲဘဝကနေပြီးတော့ ခက်မငါးဖြာဆိုတဲ့အနေအားဖြင့် အဖုလေးငါးခု ဒီအလုံးလေးမှာနော် (ဟုတ်ပါတယ်ဆရာ)။ ခေါင်းကတစ်ခု လက်နှစ်ဖက်ကနှစ်ခု ခြေနှစ်ဖက်ကနှစ်ခုဆိုတော့ ငါးခုဖြစ်မလာဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါ အဖုကလေးတွေ အဖုကလေးတွေ ခေါင်းဖြစ်မဲ့နေရာ လက်ဖြစ်မဲ့နေရာ ခြေဖြစ်မဲ့နေရာလို့ ခက်မငါးဖြာပေါ်လာပြီ အဲဒီလိုလာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ခုနစ်ရက်ခုနစ်လီကျတော့ ခုနစ်ခုနစ်လီလေးဆယ့်ကိုး ရက်ကျတော့ မင်းတို့ငါတို့ မျက်လုံးလေးတွေ နားလေးတွေ နှာခေါင်းလေးတွေ ပါးစပ်ကလေးတွေ သရုပ်ပေါ်လာပြီနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလိုလာ ကြည့်ကြည့်ကြည့်၊ ဒါဖြင့်ရင် ပထမဖြစ်စတုန်းကနဲ့မတူ ခုတော့အကောင်အထည်ရုပ်လုံးပေါ်လာပြီ မျက်လုံး မျက်ခုံးတွေနဲ့ ဆံပင် မွေးညှင်းတွေနဲ့ ပေါ်လာပြီနော် (ဟုတ်ပါတယ်ဆရာ)။ လက်သည်း ခြေသည်းဆိုတဲ့ သဘောတွေ ပေါ်လာပြီ လူနဲ့တူလာပြီ လူလေးလို့သမုတ်နိုင်ပြီ လူပုံလေးပေါ်လာပြီ ပထမစဖြစ်တော့ ဘယ်အရွယ်လေးပါလိမ့် ဘယ်အရွယ်လေးမမေးနဲ့ အရွယ်ပမာဏပြလို့လည်း မဖြစ်သလောက်ပဲ။ မြောက်ကျွန်းသူလေးဆံပင်ကို ငါတို့တိုင်းပြည်က မိန်းမသားတွေ ဆံပင်တစ်ပင်ကို ရှစ်စိတ်စိတ်ရင်

http://www.dhammadownload.com



တစ်စိတ်စာမျှပမာဏရှိတဲ့ မြောက်ကျွန်းသူဆံပင်လေး အင်မတန်နုတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲလောက်တောင်နုတဲ့ ဆံပင်ဖျားလေးနဲ့ဆီထဲနှစ် အဖျားကလေးနဲ့ အဖျားကလေးနဲ့ ဆီထဲနှစ် ခါပစ်လိုက်၊ ခါပစ်လို့ကျန်တဲ့ ဆီပေါက်လေးလောက်ပမာဏသည် ပဋိသန္ဓေခဏဒီကစတယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နောက်တော့ ကြီးမလာဘူးလား နောက်တော့ အကောင် အထည်ကြီး ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဆရာ)။ နောက်တော့ ဒါလူပဲ ယောက်ျားပဲ မိန်းမပဲလို့ အင်္ဂါပယောဂတွေစုံလို့ မလာဘူးလား (လာပါတယ်ဆရာ)။ ဒါပဋိသန္ဓေခန်းက အရှည်ကြီးပေါ့ကွာ။

နောက်တော့ ကိုးလ ဆယ်လကျတော့ ဖွားနော် (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်းကွယ် ကြီးထွားလာတာ၊ ဒီထဲဘယ်သူဝင်ပြီးတော့ အစာကျွေးလဲ (ဘယ်သူမှမကျွေးပါဘူးဆရာ)။ ဘယ်သူ နို့တိုက်သလဲ (ဘယ်သူမှမတိုက်ပါဘူးဆရာ)။ ဘယ်သူမှ နို့မတိုက်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြည့် အဲဒါကြည့်၊ ဘာကြောင့် သူအသက်ရှင်နေပါလိမ့်ဟယ် ကိုးလ ဆယ်လကြီးနည်းတာ မဟုတ်ဘူး။ မင်းတို့က ပြထားတာက ကဗဠီကာရအာဟာရဆိုတာ မင်းတို့ငါတို့ ထမင်းအသက် ခုနစ်ရက်ရှိ၊ တစ်ခါစားလိုက်ရင် ၎င်းကဗဠီကာရအာဟာရသည် ရုပ်အသစ်အသစ်ကို ခုနစ်ရက် သာဆက်ပြီးတော့ ဖြစ်စေတတ်တယ် ဖြစ်စေနိုင်တယ်လို့၊ ခုနစ်ရက်ဟိုဘက် ဆက်မဖြစ်နိုင်ဘူး ဆိုတော့ ခုနစ်ရက်မစေ့ခင် ဒီက အစာသွင်းရတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မင်းတို့ ငါတို့ မနက်စားလိုက် ညစားလိုက် မနက်စားလိုက် ညစားလိုက် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ဘာဖြစ်လို့ မနက်နဲ့ညဆက်ကာဆက်ကာစားနေ ခုနစ်ရက်မှတစ်ကြိမ်စားပါလားဆိုတော့ အဲဒါ မသေရုံပြောတာ မပျက်ရုံလေးပြောတာတဲ့ ခုနစ်ရက်အသက်ဆိုတာကနော် (ဟုတ်ပါတယ် ဆရာ)။ မသေရုံလေးပြောတာ ဒီလိုခုနစ်ရက်တစ်ခါ ခုနစ်ရက်တစ်ခါတို့ အာဟာရလေးဆက်ပေးမယ် ဆိုရင် ဒီလူတွေအလုပ်လုပ်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်နိုင်ဘူး ဘယ့်နှယ့်နည်းနဲ့မှ အလုပ်လုပ်လို့ မဖြစ်နိုင်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အိပ်ယာထဲကလည်း ထစရာအကြောင်း မရှိဘူး၊ ဒါကြောင့် ခုနစ်ရက်ဆိုတာ ဒီအာဟာရရုပ် အထောက်အပံ့ပေးတာလေး အသက်ကို တွက်ပြီးတော့ ခုနစ်ရက်လို့ပြောတာ။ ဒါဖြင့် ဒီအပြင်လူတွေတော့ သတ္တဝါတွေတော့ ဒီကဗဠီကာရ အာဟာရ အထောက်အပံ့ပေးတာ ခုနစ်ရက်ပဲခံတယ်။ ရုပ်အသစ်အသစ်ဖြစ်နေတာ ခုနစ်ရက်ပဲ ရှိတယ်၊ ခုနစ်ရက်ထက် မပိုလွန်ဘူးပြောရင် ဟိုမှာသန္ဓေသားကျတော့ကြည့်စမ်း၊ ကိုးလဆယ်လနော် (ဟုတ်ပါတယ်ဆရာ)။ သူ့ကျတော့ ဘာဖြစ်လို့အသက်ရှင်ပါလိမ့် ရုပ်အသစ်အသစ်တွေ ဘာကြောင့် ဖြစ်ပါလိမ့် ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။ အေး သြဇာဓာတ်ရဲ့သတ္တိ အခုနငါပြောတဲ့ သစ်ပင်လေးသဘာဝနော် (ဟုတ်ပါတယ်ဆရာ)။

သစ်ပင်လေးသည် မြေနဲ့ရေကိုအမှီပြုနေ၏၊ မြေမှာပါသောသြဇာဓာတ် ရေမှာပါသော သြဇာဓာတ်က အထောက်အပံ့ပေးလို့ သစ်ပင်လေးသည် သေးသေးလေးကနေပြီးတော့ အင်မတန်

http://www.dhammadownload.com



ကြီးမားတဲ့ ဘဝရောက်လာ၊ ထွားလာလိုက်တာ အသားတွေတိုးလို့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီလိုတိုးလာတာ မြေကအားပေးတယ် ရေကအားပေးတယ်ဆိုတော့ မြေသားတွေ သစ်ပင်ထဲ တစ်စတစ်စ ဝင်လာကြသလား၊ ရေတွေများတစ်စတစ်စသစ်ပင်ထဲဝင်လာလို့ ကြီးထွားလာသလားလို့ သစ်ပင်ခွဲကြည့် ရေလည်းတစ်မှုံမှမတွေ့ဘူး တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)။ မြေကိုရောတွေ့လား (မတွေ့ပါဘူးဆရာ)။ အကယ်တန္တု မြေတွေရေတွေသာ သူ့မြေအလိုက်၊ ရေအလိုက်သာ တိုးတက်ပြီး လာလို့ သစ်ပင်ကြီးကြီးထွားလာတယ်ဆိုရင် ခွဲကြည့်ရင် မြေတွေတွေ့မယ် ရေတွေတွေ့မယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အခုတော့ တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)။ ဘာမှမတွေ့ဘူး သစ်သားချည်း ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြည့် အဲဒါကြည့် ဒါဖြင့်ရင် မြေမှာရှိတဲ့ ဩဇာဓာတ်၊ ရေမှာရှိတဲ့ဩဇာဓာတ် အထောက်အပံ့ပေးလို့ သစ်ပင်လေးသည် ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ ကြီးထွားလာရတယ်ဆိုတဲ့သဘာဝ သေသေချာချာကြည့်လိုက်တော့ သဘောလေးသက်သက်မဟုတ်ရင် ဘာတုန်းကွ (သဘောသက်သက်ပါပဲဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဩဇာဓာတ်က သဘောတရားသက်သက်ကလေးပေါ့။ (ဟုတ်ပါတယ် ဆရာ)။

ကိုင်း ဒီအထဲကြည့် အခုန "ပထမံ ကလလံ ဟောတိ" ဆိုတဲ့ ပဋိသန္ဓေတည်စခဏက ဆီကြည်ပေါက်ပမာဏရှိတဲ့ အင်မတန်သေးငယ်တဲ့ ဘဝကလေးကနေ ခုလူကောင်ကြီးဖြစ်နေပေါ့ ကြီးထွားလာတာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အကယ်တန္တု ဩဇာဓာတ်သာမရှိလို့ရှိရင် ဒါပေမဲ့ မင်းတို့ငါတို့ကတော့ စားတာ ဝါးတာ မျိုတာ ချတာ မမြင်ဘူးကွနော် (မမြင်ပါဘူးဆရာ)။ ဩဇာဓာတ်ရဲ့သတ္တိ သေသေချာချာကြည့်တဲ့ ဩဇာဓာတ်ဆိုတာဘာခေါ်လဲ၊ ဒါကြောင့် ယဒါ– အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋ္ဌအန္နပါနဩဇာ–မျိုချအပ်သော ထမင်း အဖျော် ယမကာ အစရှိသည်တို့၌ပါလာသော ဩဇာဓာတ်သည်နော် (ဟုတ်ပါတယ်ဆရာ)။ အမိကတော့ ထမင်းတို့ ဟင်းတို့ အဖျော်ယမကာ မုန့်ပဲသွားရေစာ စားတယ်မဟုတ်လား (စားပါတယ်ဆရာ)။ အေး အဲဒီအမိစားတဲ့ ထမင်းအဖျော်ယမကာမှာပါလာသော မုန့်ပဲသွားရေစာမှာပါလာသော ဩဇာဓာတ်သည်တဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ယဒါ–အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋ္ဌအန္နပါနဩဇာ–မျိုချအပ်သော ထမင်း အဖျော်ယမကာ အစရှိသည်၌ ပါလာသော ဩဇာဓာတ်သည်၊ ဒါရကဿ–သန္ဓေသားကောင်လေး၏၊ သရီရေ–ကိုယ်၌၊ ပတိဋ္ဌာတိ–တည်၏။ ဘယ်ကလာတည် သူကိုယ်နားမလည်ဘူးဒီကောင် အမိမျိုချသော ထမင်း အဖျော်ယမကာ အစာမှာ ပါလာသော ဩဇာဓာတ်သည်တဲ့ သားကောင်လေးရဲ့ကိုယ်မှာ လာတည်တယ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။

အေး ဒီတော့ဘာဖြစ်၊ သတ္တါ–ထိုသို့ အမိစားသုံးသော ထမင်း အဖျော်ယမကာ၌ပါလာသော

http://www.dhammadownload.com



ဩဇာဓာတ် သူငယ်ကိုယ်၌တည်သောအခါ၌။ တည်သောအခါ၌ အဋ္ဌရူပါနိ–ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရှစ်ပါးသောရုပ်တရားတွေကို သမုဋ္ဌာပေတိ–ဖြစ်စေသည်။ အမိမျိုချတဲ့ အမိစားသုံးတဲ့ အမိလုပ်တဲ့သူက အမြဲစားတယ်မဟုတ်လား (စားပါတယ်ဆရာ)။ ပဋိသန္ဓေတည်စကဖြစ်စေ၊ တည်ပြီးတဲ့နောက်ဖြစ်စေ အမြဲတစေစားနေတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ကြည့်ကွယ် အဲဒီ သူစားတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာဆိုတဲ့ ကဗဠီကာရအာဟာရမှာ ပါလာတဲ့ ဩဇာဓာတ်တဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဩဇာဓာတ်ဘယ်သွားလဲဆိုတော့ သူမျိုချလိုက်တော့ သူစားသုံးတဲ့ မျိုချလိုက်တဲ့အစာမှာပါလာတဲ့ ဩဇာဓာတ်က သူငယ်၏ကိုယ် သွားပြီးတော့ ပျံ့နှံ့ပြီးတည်တယ် ကြည့်စမ်း နားလည်လား (ဟုတ်ပါတယ်ဆရာ)။ သူငယ်၏ ကိုယ်သွားဖြစ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သေသေချာချာမှတ် သေသေချာချာမှတ် မျက်စိလည်သွားမှာစိုးလို့၊ ယဒါ–အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋ္ဌအန္နပါနဩဇာ–အမိသည် မျိုချအပ်သော ထမင်း အဖျော်ယမကာတို့၌ပါလာသော ဩဇာဓာတ်သည်၊ ဒါရကဿ–သန္ဓေသားငယ်၏၊ သရီရေ–ကိုယ်၌၊ ပတိဋ္ဌာတိ–တည်၏။ ဟော–အမိစားတဲ့အစာ ပါလာတဲ့ ထမင်း အဖျော်ယမကာသူစားလိုက်တဲ့ အစာမှာပါလာတဲ့ ဩဇာဓာတ်ဟာ သန္ဓေသားကောင်ရဲ့ ကိုယ်မှာသွားပြီး ပျံ့နှံ့ပြီးတည်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် နားလည်လား (နားလည်ပါတယ်ဆရာ)။

တဒါ–ထိုအခါ၌၊ အဋ္ဌ ရူပါနိ–ရှစ်ပါးသော ရုပ်တို့ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။ အဲဒီလိုလည်း တည်လိုက်ကရော ရှစ်ပါးသောရုပ်တရားတို့လည်းဖြစ်လာရော ရုပ်အသစ်အသစ်တွေ ဖြစ်ပြန်ပြီ ဘယ်သူလဲ (သုဒ္ဓကလာပ်ရုပ် ၈ ပါး)။ သုဒ္ဓကလာပ်ရုပ် ၈ ပါး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါအာဟာရရုပ်နော် (ဟုတ်ပါတယ်ဆရာ)။ အာဟာရကြောင့်ဖြစ်တဲ့ရုပ်။ အဲဒီသန္ဓေသားကောင်လေးဟာ အဲဒီလို အမိစားတဲ့ ထမင်း အဖျော်ယမကာမှာပါလာတဲ့ ဩဇာဓာတ်က ဒီသန္ဓေသားကလေးရဲ့ကိုယ်မှာလည်းတည်လိုက်ကရော ဒီသန္ဓေသားကောင်လေးမှာ ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာလည်း ဖြစ်လာရော နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မင်း ငါမေးစမ်းပါရစေ၊ အဲဒီသန္ဓေခန်းမှာ ပဋိသန္ဓေခန်းမှာကြည့်တော့ တို့ ဒီဂဗ္ဘသေယျကပဋိသန္ဓေမှန်ရင်သားဟာ အလွတ်နေတာ မဟုတ်ပါဘူး၊ အိမ်နဲ့နေတာ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလို ပဋိသန္ဓေခန်းကျတော့ အိမ်နဲ့နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့အိမ်နဲ့နေသလဲဆိုတော့ အိမ်နဲ့မနေလို့အိမ်မပါဘဲနေကြည့် သားဟာသန္ဓေသားဟာ အသက်ရှင်ဖွယ်အကြောင်းမရှိဘူးတဲ့ ဒါကံလုပ်ပေးထားတာနော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ နေဖို့ကိုက အမိကျောရိုးဘက်မျက်နှာမူလို့ ဆောင့်ကြောင့်ထိုင်၊ အမိရဲ့အစာဟောင်း အိမ်ကို ဖင်ခုထိုင်လို့၊ အမိရဲ့အစာသစ်အိမ်ဦး ခေါင်းပေါ်ရွက်လို့၊ သစ်ပင်ခွကြားမှာ မျောက်အိုများ ထိုင်နေဘိသကဲ့သို့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါဖြင့် ဒီသူ့မှာ သိမ်းပိုက်ထားတဲ့ အိမ်ရှိပေလို့ပေါ့၊ အိမ်မရှိရင် ဒီအစာဟောင်းအိမ်နဲ့ အစာသစ်အိမ်ကြားမှာ နေရတော့မယ်၊ သူက အကယ်တန္တု အကာအကွယ်တည်းဟူသော အိမ်သာ မရှိလို့ရှိရင် သူအသက်ရှင်စရာ အကြောင်းရှိသေးရဲ့လာ (မရှိပါဘူးဆရာ)။ မရှိဘူးကွ၊ ဒါကြောင့် သူ့မှာအိမ်နဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သားအိမ် ဒီအိမ်လေးထဲမှာ အိမ်ဆိုတော့ အဝိပ္ပါယ် ဆိုကြပါစို့ကွာ ထင်ရှားအောင်ငါပြလိုက်တော့ ငါးစီပေါင်းထဲမှာ သားကောင်လေးဝင်နေသလိုပေါ့ ဒီလိုမနေဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ရင် အမိမျိုချတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲ သွားရေစာက အိမ်နဲ့နေတဲ့ သန္ဓေသားလေးဆီ ဒီထမင်းထမင်းအတိုင်း မျိုချမျိုချတဲ့အတိုင်း အဖျော်ယမကာအဖျော်ယမကာအတိုင်း ရောက်ရဲ့လား (မရောက်ပါဘူးဆရာ)။ အဲဒါကြည့်စမ်းပါ၊ သူက ကတ္တားခြားထားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ သူ့မှာ အကာအကွယ်ကြီးနဲ့မဟုတ်လား (အကာအကွယ်ကြီးနဲပါဆရာ)။ ဒါဖြင့် ဒီအမိစားသုံးတဲ့ ထမင်းတွေဟင်းတွေ တိုက်ရိုက် မရောက်ဘူးပေါ့ (မရောက်ပါဘူးဆရာ)။

အမိရဲ့ အစာသစ်အိမ်ရောက်သွားတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ သားလေးဝမ်းထဲရောက်ပါ့ မလား (မရောက်ပါဘူးဆရာ)။ ဒါဖြင့် သားလေးရဲ့ကိုယ်ရော ဒီထမင်း အဖျော်ယမကာတွေ သွားထိပါ့မလား (မထိပါဘူးဆရာ)။ ဩဇာဓာတ်ရဲ့သတ္တိတွေ သေသေချာချာကြည့်စမ်း ဩဇာ ဓာတ်ရဲ့သတ္တိတွေနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့လို့ အဲဒီ အမိမျိုချတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရေစာမှာပါသော ဩဇာဓာတ်သည်တဲ့ သူငယ်လေး၏ ကိုယ်ကိုသွားပြီးပျံ့နှံ၏ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပျံ့နှံ့ပြီးသွားတည်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ လိုတည်တဲ့အချိန်ကစပြီးတော့ ထိုသူငယ်သားကောင်ကလေးမှာ ရုပ်အသစ်အသစ်ကို ဆက်ကာ ဆက်ကာ ဖြစ်စေတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သူသည်မသေဘဲနဲ့ အသက်ရှင်နေတယ် မမွေးမချင်း၊ ကိုးလဆယ်လ နည်းတာမဟုတ်ဘူးနော် (ဟုတ်ပါတယ် ဆရာ)။ ဒါဖြင့် ဒီသန္ဓေသားလေးဟာ ပဋိသန္ဓေနေတဲ့အချိန်ကစ ဖွားမြင်တဲ့ဆယ်လအတွင်း ဘာကို အမှီပြု၍ အသက်ရှင်နေသလဲမေးရင် ဘယ်သူအထောက်အပံ့ပေးလို့ အသက်ရှင်နေသလဲမေးရင် မင်းဘယ့်နှယ့်ပြောမလဲ (ဩဇာဓာတ်ရဲ့အထောက်အပံ့ပေးလို့ပါဆရာ)။ ဩော် ဩဇာဓာတ် ထောက်ပံ့ပေးလို့ သူအသက်ရှင်နေတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဩဇာဓာတ်က ဘယ်မှာရှိတဲ့ ဩဇာဓာတ်တုန်း (ကဗဠီကာရအာဟာရမှာရှိတဲ့ ဩဇာဓာတ်ပါဆရာ)။ ဒီကဗဠီကာရ အာဟာရက ဘယ်မှာရှိတာလဲ (အာဟာရမှာရှိတာပါဆရာ)။ ဟောဗျာ လုပ်ပြန်ပြီ၊ ပဒုမ္မာကြာဖူး က ကြာဖူးလုပ်၊ ကဗဠီကာရအာဟာရမေးနေတာ အဲဒီ ကဗဠီကာရအာဟာရ ဘယ်မှာရှိတာတုန်း မေး အမိစားတဲ့အစာ (အမိစားတဲ့အာဟာရမှာရှိပါတယ်ဆရာ)။ အဲဒီကောင်ကိုက အူလည်လည် ပါ သူသိပ်နားလည်ဟန်မတူပါဘူး၊ အမိလုပ်တဲ့သူက စားတာသောက်တာတွေ ဘာခေါ်တယ်

http://www.dhammadownload.com



(အာဟာရလို့ခေါ်ပါတယ်ဆရာ)။ ဘာအာဟာရတုန်း (ကဗဠီကာရအာဟာရပါဆရာ)။ ဒါကို သူ မပြတ်သားဘူး မှတ်ထား မင်းတို့ငါတို့စားတဲ့သောက်တဲ့ အာဟာရမှန်ရင် ကဗဠီကာရအာဟာရ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။

ဘာဖြစ်လို့ ကဗဠီကာရအာဟာရခေါ်လဲ။ ကဗဠီကာရတစ်ပုဒ်၊ အာဟာရကတစ်ပုဒ် ကဗဠီကာရအာဟာရဆိုတော့ အလုတ်အလွေ့ကို ပြုပြီးတော့ စားသောက်တာကို ကဗဠီကာရအာဟာရ ခေါ်သည် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီအမိလုပ်တဲ့သူက ဒီကဗဠီကာရ အာဟာရခေါ်ထားတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရေစာတွေ သူမစားဘူးလား (စားပါတယ် ဆရာ)။ စားတယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ထမင်း အဖျော်ယမကာမှာပါလာသော ဩဇာဓာတ်သည် သန္ဓေသားလေးကို အမြဲတစေအထောက်အပံ့ပေးသည် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် ဒီသန္ဓေသားလေးဟာ အမိလိုပဲ ထမင်း အဖျော်ယမကာတွေ စားနိုင်ရဲ့လား (မစားနိုင်ပါဘူးဆရာ)။ စားရရဲ့လား (မစားရပါဘူးဆရာ)။ ဒါဖြင့် ဒီအမိစားတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာ သူ့ဆီ တိုက်ရိုက်သွားသလား (မသွားပါဘူးဆရာ)။ မသွားဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)၊ (အကာ အကွယ်ထဲကပါဆရာ)။ သူလည်း အကာအကွယ်ရှိတာ တစ်ကြောင်းကွဲ့၊ အမိလည်း အစာသစ် အိမ်ရယ်လို့ သီးသန့်မရှိဘူးလား (ရှိပါတယ်ဆရာ)။ အမိမျိုချလိုက်တဲ့အစာတွေဟာ ဘယ်ထဲ သွားသတုန်း (အစာအိမ်ထဲသွားပါတယ်ဆရာ)။ အေး အစာသစ်အိမ်ထဲသွားမယ်နော် (ဟုတ်ပါတယ် ဆရာ)။ သူ့အစာအိမ်သစ်နဲ့သူနေတာပဲကွ၊ ဒီအစာအာဟာရတွေက ကလေးတိုက်ရိုက်ထောက်ပံ့ တာမှမဟုတ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့လို့ ဘာကြောင့် ဒီကလေး အသက်ရှင်သလဲမေးရင် အဲဒီ အမိမျိုချသော ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာထဲမှာ ပါလာတဲ့ ဩဇာဓာတ်က အထောက်အပံ့ပေးခြင်းကြောင့် ကလေးအသက်ရှင်၏။

ဩဇာဓာတ် မနေ့ကပြသွားတဲ့သဘာဝအတိုင်း ဒီဩဇာဓာတ်ဟာ တရားကိုယ်တရားသား နဲ့သဘောအဓိပ္ပါယ်ရှာဖွေပြီးတော့ ဟိုးနောက်နောက်ကပြထားတဲ့ ပထဝီ တေဇော ဝါယော အာပေါ ဝဏ္ဏ ဂန္ဓ ရသဆိုတဲ့ဓာတ်တွေလိုပါပဲ သဘောတရားသက်သက်ကလေး။ ဒီတော့ သဘောတရား သက်သက်ကလေးကို မိမိတို့ဉာဏ်မှာသိလာဖို့ ဒါအရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဩဇာဓာတ်ဟာ ဘယ်အပေါ်မူတည်ပြနေသလဲဆိုတော့ ကဗဠီကာရအာဟာရ ဒါပေါ်မူတည် ပြနေတယ်။ ဒီတော့ ကဗဠီကာရအာဟာရဆိုတာ ဘာခေါ်သလဲလို့ဆို အာဟာရဆိုတာ လူတိုင်း နားလည်တယ်၊ ဘာဖြစ်လို့ အစားအစာအာဟာရ အစာအာဟာရနဲ့ အရပ်ထဲသုံးတော့ သြော် တို့စားတဲ့သောက်တဲ့ အစာတွေမှန်သမျှ ဒါအာဟာရပဲလို့။ အမှန်က အဲဒီ အစာတွေဟာ ကဗဠီကာရ၊ အလုတ်အလွေ့ကိုပြုသော်လည်း ပြုမိသကဲ့သို့ ဝါးရတယ် စားရတယ် မြိုချရတယ် ဒီလို

http://www.dhammadownload.com



အမှုအယာကို ကဗဠီကာရခေါ်တယ်။ ဒီတော့ သူ့နောက်ကက အာဟာရဆိုတဲ့ ကဗဠီကာရအာဟာရ ဆိုတော့ သူ့သူငါငါနားလည်ထားတာက အာဟာရဟာ ဒီစားစရာ သောက်စရာတွေပဲ။ စားစရာတွေ သောက်စရာတွေ ဝါးစရာတွေ မျိုစရာတွေ။ ဒါကြောင့် ထမင်း အဖျော်ယမကာ စားဖွယ် သောက်ဖွယ် ဒီလိုဥစ္စာတွေ ဒါဘာလဲခေါ်ရင်ဒါကဗဠီကာရ အစားအစာ ပြီးတော့မှ အဲဒီကဗဠီကာရနဲ့ နောက်က အာဟာရနဲ့တွဲလို့ ကဗဠီကာရအာဟာရလို့။ ဒီတော့ ကဗဠီကာရအာဟာရဆိုထားတော့ ဩော် ကဗဠီကာရဆိုတာကတော့ တို့ မြန်မာလိုပြန်လို့ရှိရင်ဖြင့် စားစရာသောက်စရာတွေခေါ်၏ ဒါကဗဠီကာရ ပြီးတော့မှ သူ့နောက်ကအာဟာရတစ်ခါတွဲလို့ ကဗဠီကာရအာဟာရ နားလည်လား (ဟုတ်ပါတယ်ဆရာ)။

ကဗဠီကာရဆိုတာ ဘယ်သူ့ခေါ် (အာဟာရကို ခေါ်ပါတယ်ဆရာ)။ ဟင် ဒုက္ခမှအကြီးစား (အစားအစာကိုခေါ်ပါတယ်ဆရာ)။ ကဗဠီကာရက အစားအစာကိုခေါ်တယ် ဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဩော် ဒီအစားအစာတွေက ကဗဠီကာရ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ပြီး တော့မှ နောက်က အာဟာရတစ်ခါတွဲလို့ ကဗဠီကာရအာဟာရ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကဗဠီကာရဆိုတာ ဘယ်သူ့ကိုခေါ် (အစားအစာကိုခေါ်ပါတယ်ဆရာ)။ ဩော် စားစရာ သောက်စရာတွေနော် (ဟုတ်ပါတယ်ဆရာ)။ ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ ထမင်း အဖျော် ယမကာတို့ စားကောင်း သောက်ကောင်းတဲ့ အစာမှန်သမျှ ဒါကဗဠီကာရ၊ ပြီးတော့မှ နောက်က အာဟာရတွဲလို့ ကဗဠီကာရအာဟာရ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကဗဠီကာရ အဓိပ္ပါယ်တော့ နားလည်ပါပြီ၊ အာဟာရအဓိပ္ပါယ် ဘာလဲလို့မေးတော့ အာဟာရက ဆောင်တာ ကိုခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဆောင်တတ်တာကို အာဟာရခေါ်တယ်။

## အာဟာရဆိုတာ

"အာဟာရေတီတိ အာဟာရော" အာဟာရေတိ–ဆောင်တတ်၏၊ ဣတိ တသ္မာ–ထိုသို့ ဆောင် တတ်သောသတ္တိကြောင့်၊ အာဟာရော–အာဟာရမည်၏၊ အာဟာရဆိုတာ ဆောင်တတ်တယ်။ ဒါဖြင့် ဒီဆောင်တတ်တယ်ဆိုတဲ့အာဟာရနဲ့ ရှေ့နားက စားစရာသောက်စရာဆိုတဲ့ ကဗဠီကာရနဲ့တွဲ ကဗဠီကာရောအာဟာရောနော် (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရအာဟာရ ဒါဖြင့် ရှေ့က ကဗဠီကာရက စားစရာသောက်စရာ အစာတွေပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ နောက်က အာဟာရ ဆောင်တတ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒီတော့ စားစရာသောက်စရာရယ် ဆောင်တတ်တာရယ် ဆိုတော့ ဘာအဓိပ္ပါယ်လဲမေးတော့ အဲဒီ စားစရာသောက်စရာဆိုတဲ့ အစာတွေကို စားလိုက်တော့ကာ၊ မင်းတို့ငါတို့ရဲ့ ရုပ်တရားကို မပျက်ပြားအောင် တိုးပွားလာအောင် ဆောင်တတ်တဲ့ သတ္တိရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ကဗဠီကာရော အာဟာရော၊ စားဖွယ် သောက်ဖွယ်

http://www.dhammadownload.com



ခဲဖွယ် လျက်ဖွယ်ဆိုတဲ့ အာဟာရသည် အာဟာရတိ–ဆောင်တတ်၏။ ဘာဆောင်သလဲ ရုပ်ကို ဆောင်တတ်တယ်။ ဒါကြောင့် –

"ဩဇဋ္ဌမကံ ရူပံ အာဟာရတိ"၊ ဩဇဋ္ဌမကံ ရူပံ–ဩဇာလျှင် ၈ ခုမြောက်သောရုပ်ကို၊ အာဟာရတိ–ဆောင်တတ်၏။ ဩဇာလျှင် ၈ ခုမြောက်သောရုပ်ကို ဆောင်တတ်တယ်ဆိုတော့ ပထဝီက,စရေကြည့် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၊ ဩဇာ ၈ ခုမြောက်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်တရားကို ဆောင်တတ်၏ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေး ရှင်းရှင်းလင်းလင်းမှတ်ထား။ ကဗဠီကာရအာဟာရ ကဗဠီကာရက တစ်ခု၊ အာဟာရက တစ်ခု၊ ကဗဠီကာရဆိုတာ ဘယ်သူ တုန်း စားစရာသောက်စရာအစာကိုခေါ်၏။ ဒါ တို့လူတွေရဲ့ထမင်း အဖျော်ယမကာပေါ့ကွာ နော် (ဟုတ်ပါတယ်ဆရာ)။ ကျွဲ နွား တိရစ္ဆာန်တွေကျတော့ မြက်တို့ ကောက်ရိုးတို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါတွေပေါ့ ဒီပြင်တိရစ္ဆာန်လည်း ဒီပြင်တိရစ္ဆာန်အလျောက်ပေါ့ သူတို့စားနေတဲ့ အစာတွေက ဒါကဗဠီကာရပဲလို့ ဒီလိုမှတ်ထား၊ ဒါဖြင့် တို့စားနေကျ ကဗဠီကာရဆိုတာ ထမင်း အဖျော်ယမကာ စားစရာတွေ ကဗဠီကာရခေါ်၏။

ဒါဖြင့် သူ့နောက်က အာဟာရကဘာလဲမေးတော့ အာဟာရကဆောင်တတ်တယ်၊ ဘာကို ဆောင်တတ် ဩဇာလျှင်ရှစ်ခုမြောက်သောရုပ်တရားကို ဆောင်တတ်တယ်၊ ဆောင်တတ်တယ်ဆိုတာ သူ့ဖြစ်အောင် လုပ်ပေးနေတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ မြန်မာလိုနားလည်အောင်ပြောတော့ ဒီကဗဠီကာရအာဟာရမှာ ကဗဠီကာရတစ်ပုဒ်၊ အာဟာရတစ်ပုဒ်ခွဲလိုက်တော့ ကဗဠီကာရက စားဖွယ် သောက်ဖွယ် ထမင်း အဖျော်ယမကာကို ကဗဠီကာရခေါ်၏။ အာဟာရကဆောင်တတ်တာကိုခေါ်၏။ မြန်မာလိုနားလည်အောင်ပြောရင် မင်းတို့ငါတို့ စားစရာ သောက်စရာ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရေစာ ဒီလိုအစာတွေစားတော့ ရုပ်အသစ်အသစ်တွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ရုပ်အသစ်အသစ်တွေ ဖြစ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ရုပ်အသစ်အသစ်တွေဖြစ်အောင် ဆောင်ပေးတာ ဘယ်သူလဲ၊ လုပ်ပေးတာ ဘယ်သူလဲဆိုတော့ ခုန စားစရာသောက်စရာဆိုတဲ့ ကဗဠီကာရလေးတဲ့ နားလည်လား (ဟုတ်ပါ တယ်ဆရာ)။ ဒါဖြင့် မြန်မာလိုပြောတော့ရှင်းရှင်းပဲ ထမင်းစားလို့ ရုပ်အသစ်အသစ် ဆက်ဆက်ဖြစ်လို့မသေတာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ အစာစားလို့ ရုပ်အသစ်အသစ်တွေဆက်ဆက်ဖြစ်နေတော့ မသေဘဲနေကြတာပေါ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါဖြင့် အစာစားလို့ ရုပ်အသစ်အသစ်ဆက်ဖြစ်တယ်၊ ရုပ်အသစ်အသစ်ဆက်ဖြစ်တာ ဘယ်သူ့ ကြောင့် အစာကြောင့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ကဗဠီကာရနဲ့ အာဟာရ

http://www.dhammadownload.com



နှစ်ခုခွဲနေတယ်။ အဲဒီအခန်းတော့ နည်းနည်းလေး ကျယ်လည်းကျယ်ဝန်းတဲ့အတွက် ပြောရ ပြရတာလည်းပဲ လည်မှလည်ပါ့မလားလို့ဖြစ်နေ။ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ ကိုယ်ကိုယ်တိုင်ကိုက ဘယ်လိုပြလို့ ပိုပြီးရှင်းမယ်ဆိုတာ လမ်းစကို ရှာမရကိုဖြစ်နေတာ။ ဒါကြောင့် နည်းနည်းသည်းခံပြီးတော့ သမာဓိကောင်းကောင်းထားပြီးတော့ မှတ်လည်းမှတ်ပါ။ မနေ့ညက ပြသွားတာတစ်မျိုး ခုညပြသွားတာ တစ်မျိုးလို့ နားထဲထွေးမှာလည်းစိုးတယ်။ ဒါကြောင့် မနေ့ညကပြသွားတာတော့ ဒီအာဟာရနဲ့ သြဇာဓာတ်နဲ့ ကဗဠီကာရအာဟာရဓာတ်နဲ့ သြဇာဓာတ်နဲ့ မထူးတော့ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီကဗဠီကာရအာဟာရခေါ်ထားတဲ့ ထမင်း အဖျော်ယမကာ စားစရာ သောက်စရာမှ ပါလာသော သဘောလေးက သြဇာဓာတ်လို့ မနေ့က ဒီသြဇာဓာတ်ကို တစ်ခါခွဲလိုက်တယ်။ အဲဒီ ကဗဠီကာရ အာဟာရဆိုတာ တခြားမဟုတ်ပါဘူး သြဇာဓာတ်ရဲ့အမည်ပါလို့ မနေ့ညကတစ်ခါပြခဲ့တယ်နော် (ဟုတ်ပါတယ်ဆရာ)။

တို့ပထမညတော့ ဘာပြသလဲဆိုတော့ သြဇာဓာတ်သည် ဘုရားဟောပါဠိတော်မှာ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာလို့ပြထားတယ်။ အဲဒီ သြဇာဓာတ်ကို မြန်မာလိုပြန်စမ်းပါဆိုတော့ အဆီဓာတ်လို့ပြန်ထားလို့ ဘယ်ဘာသာပြန်ဖြစ်ဖြစ်၊ ဘယ်စာအုပ်မှာ ကြည့်ကြည့် သြဇာဓာတ်ကို အဆီဓာတ်လို့ ဒီလိုပြန်ထားလို့ သြဇာဓာတ်သည် အဆီမဟုတ်ကြောင်း ကို ပထမညက ခွဲတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒုတိယညကျတော့ သြဇာဓာတ်အဆီမဟုတ် ဘူးဟေ့ တို့သိပြီ၊ သြဇာဓာတ်ဆိုတာဘာတုန်း ငါတို့သူငါလူတကာ စားသုံးနေကြတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရေစာမှာပါလာသော သတ္တိထူးလေးပဲ သဘောလေးပဲ ဘာသဘော လေးတုန်း ဘာသတ္တိထူးလေးတုန်း ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်သော သဘောလေး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ တို့မနေ့ညကပြသွားတာ၊ ရုပ်အသစ် အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သဘောတရားလေးက ဒါသြဇာဓာတ်၊ အဲဒီသြဇာဓာတ် ဘယ်မှာရှိ စောစောကပြောတဲ့ စားစရာသောက်စရာဆိုတဲ့ မုန့်ပဲသွားရည်စာမှာရှိ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာကြောင့်တုန်း မုန့်ပဲသွားရည်စာစားလို့ ထမင်းအဖျော်ယမကာစားလို့ သူသူငါငါလူတကာ အသက်ရှင်တာထောက်ကြည့် သိတယ်မဟုတ်လား (သိပါတယ်ဆရာ)။ မင်းဘာကြောင့် အသက်ရှင်နေ (စားစရာသောက်စရာတွေစားနေလို့ပါဆရာ)။ ထမင်းစားနေလို့နော် (ဟုတ်ပါတယ်ဆရာ)။ ထမင်းစားနေလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အသက်ရှင်အောင် ဆိုပြီးတော့ ထမင်းတစ်နပ်ပြီးတစ်နပ် ဆက်ကာဆက်ကာစားနေတယ်မဟုတ်လား (ဟုတ်ပါတယ် ဆရာ)။

အဲဒီထမင်းကိုပဲ ကဗဠီကာရအာဟာရဒီလိုခေါ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါဖြင့် ဒီထမင်းစားခြင်းကြောင့် မနေ့ညက တို့များခွဲပြထားတယ်။ ထမင်းစားခြင်းကြောင့်

http://www.dhammadownload.com



အသက်ရှင်တယ် ရုပ်အသစ်အသစ်ထပ်ထပ်ဖြစ်တယ်ဆိုတော့ အဲဒီမင်းစားလိုက်တဲ့ ထမင်းတွေကများ တစ်ပုံစီတစ်ပုံစီခွဲစိတ်ပြီးတော့ ငါမနေ့ညကပြတဲ့ ကောဋ္ဌာသအစိတ်အပိုင်းတွေမှာ အကုန်လုံး ဝင်ဝင်သွားသလား (မဝင်ပါဘူးဆရာ)။ မဝင်ဘူးဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းက ထမင်းပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အစာသစ်နဲ့အစာဟောင်း ပြောင်းလာတာကြည့်တဲ့ ထမင်းတွေပျောက်မသွားဘူး မုန့်ပဲသွားရည်စာတွေ ပျောက်မသွားပါဘူးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီထမင်းဆိုတဲ့ အစာစားခြင်းကြောင့် ရုပ်အသစ်အသစ် ဆက်ကာ ဆက်ကာဖြစ်ပြီးတော့ မသေဘဲနဲ့နေကြတယ်ဆိုတာဟာ ထမင်းလည်း ပျောက်မသွားပါဘူး၊ အစာလည်းပျောက်မသွားပါဘူး။ ဘယ်သူကဖြစ်တာလဲမေးတော့ အဲဒီ ထမင်းမှာပါလာသောသတ္တိ သဘောလေးနော် (ဟုတ်ပါတယ်ဆရာ)။ သူ့အထောက်အပံ့ပေးတယ်၊ အဲဒီအထောက်အပံ့ပေးတဲ့ သဘောတရားလေးကို ဒါသြဇာဓာတ်ခေါ်ပါတယ်။ ဒီသဘောတရားလေးသြဇာဓာတ် ခေါ်တယ် ဆိုတော့ ထမင်းကလည်းပဲ တို့ခန္ဓာအစိတ်အပိုင်းထဲမှာ ဝေငှပြီးတော့ အစုလိုက် အပြုံလိုက်သွားသည် မဟုတ်။ ထမင်းကလည်း ထမင်းအတိုင်း အစာဟောင်းအနေနဲ့ ထင်ထင်ရှားရှား ကျန်ရစ်ခဲ့တယ်။ ဒါပေမဲ့ ဒီထမင်းကိုစားခြင်းကြောင့် ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်တယ် အသက်ရှင်တယ် ဆိုတဲ့ဥစ္စာ ဘယ်သူလဲမေးတော့သြဇာဓာတ်၊ အဲဒီသြဇာဓာတ်ဘယ်မှာတုန်း၊ စားစားကစားတဲ့အစာထဲ ပါလာတဲ့သြဇာဓာတ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီအစာကိုပဲ ကဗဠီကာရအာဟာရ ခေါ်တယ်၊ အဲဒီ ကဗဠီကာရအာဟာရသည်ပင်လျှင် သြဇာရဲ့အမည်ပါပဲလို့ တို့များမနေ့ညကပြသွား။ အဲဒါလေးတွေက တော်တော်လေး ရှုပ်ရှုပ်ထွေးထွေးဖြစ်နေလို့ ထပ်ပြန်တလဲလဲပြနေ။ ဒါကြောင့်

ကဗဠီကာရော အာဟာရောတိ ကဗဠံ ကတွာ အဇ္ဈောဟရိတဗ္ဗကော အာဟာရော၊ သြဒနကုမ္မာသာဒိဝတ္ထုကာယ သြဇာယေတံ အဓိဝစနံ။ (နိဒါနသံယုတ်၊ ၂၊ ၂၂) ကို သံယုတ်အဋ္ဌကထာက ပြထားတာ။

ကဗဠီကာရော အာဟာရောတိ တော်-ကဗဠီကာရော အာဟာရောဟူသော ဤအမည်သည်၊ ကဗဠီကာရအာဟာရဆိုတဲ့အမည်ဟာတဲ့ ခုနငါပြောတဲ့ ကဗဠီကာရအာဟာရ မှတ်မိလား (ဟုတ်ပါ တယ်ဆရာ)။ ကဗဠီကာရအာဟာရခေါ်ထားတဲ့အမည်ဟာ တခြားမဟုတ်ပါဘူး ဘယ်သူတုန်း မေးတော့ ကဗဠံ-အလုတ်အလွေ့ကို၊ ကတွာ-ပြု၍၊ အဇ္ဈောဟရိတဗ္ဗကော-မျိုချအပ်သော အာဟာရော-အာဟာရတည်း၊ သြဒနကုမ္မာသာဒိဝတ္ထုကာယ သြဇာယ-ထမင်း မုန့်ပဲသွားရည်စာ အစရှိသော အစာတို့၌ ပါလာသော သြဇာဓာတ်၏၊ အဓိဝစနံ-အမည်တည်း။

ကြည့်သေသေချာချာ၊ ဒါဖြင့် ခုနပြောတဲ့ မုန့်ပဲသွားရည်စာ ထမင်း အဖျော်ယမကာမှာ ပါလာတဲ့ သြဇာဓာတ်ရဲ့အမည်ကို ကဗဠီကာရအာဟာရလို့ခေါ်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဒါဖြင့် ဒီကဗဠီကာရအာဟာရနဲ့ သြဇာဓာတ်နဲ့ ဘယ်လိုခြားနားသလဲမေးတော့

http://www.dhammadownload.com



ကဗဠီကာရအာဟာရအနေနဲ့ ဟောတာက မနေ့ညကပြောတဲ့အတိုင်း၊ ဒါဖြင့် ကဗဠီကာရအာဟာရလို့ တစ်ခုထဲဟောပါလား (သို့မဟုတ်) သြဇာရင်လည်း သြဇာလို့ တစ်ခုထဲဟောပါလား။ ခုတော့ "သြဇာလက္ခဏော ကဗဠီကာရော အာဟာရော" (တစ်နည်း) သြဇာသင်္ခါတော အာဟာရော"လို့ သြဇာနဲ့သင်္ခါရ ရွေးချယ်လို့မရအောင် နှစ်မျိုးနှစ်စားဟောသွားတာ သတ္တဝါအများမှာဖြစ်နေတယ်၊ ဘုရားကိုယ်တော်မြတ် ဘယ့်နှယ့်ကြောင့် ဒီသမုတ်ဟောသလဲမေးတော့ ကဗဠီကာရအာဟာရအနေနဲ့ ဟောတာက စားကောင်း သောက်ကောင်း စားစရာသောက်စရာဆိုတဲ့ ခဲဖွယ်ဘောဇဉ် ဝတ္ထုပစ္စည်း အနေအားဖြင့် ရည်ရွယ်ပြီးဟောတယ် ဒါကဗဠီကာရ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် "ကဗဠီကာရော အာဟာရောတိ ကဗဠံ ကတွာ အဇ္ဈောဟရိတဗ္ဗကော အာဟာရော၊ သြဒနကုမ္မာဒိဝတ္ထုကာယ သြဇာယေတံ အဓိဝစနံ။' ကဗဠံ–အလုတ်အလွေ့ကို၊ ကတွာ–ပြု၍၊ အဇ္ဈောဟရိတဗ္ဗကော–မျိုချအပ်သော၊ အာဟာရော–အာဟာရသည်၊ အလုတ်အလွေ့ကို မပြုသော်လည်း ပြုမိသကဲ့သို့ ဝါးရသော စားရသော မျိုချရသော အာဟာရ၊ ဒီလို ကဗဠီကာရ အာဟာရနဲ့ ဟောလိုက်တော့ မင်းတို့ငါတို့ သူသူငါငါ လူတကာအနေအားဖြင့် ထမင်းတွေဟဲ့ မုန့်ပဲသွားရည်စာတွေဟဲ့၊ စားစရာသောက်စရာဟဲ့ ဒီလို နားမလည်ဘူးလား (နားလည်ပါတယ် ဆရာ)။ ဒါတော့ သူမြင်ငါမြင်လို့ ဒီလိုဟောမှဖြစ်မယ်တဲ့၊ ဒီနေရာကျတော့ ဒါဖြင့် ကောင်းပြီ သြဇာဓာတ်က ဝါးစားလို့လည်းမဖြစ် မျိုချလို့လည်းမဖြစ် သောက်လို့လည်းမဖြစ် စားလို့လည်း မဖြစ် ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ဘယ်ဖြစ်မတုန်း သြဇာဓာတ်ဆိုတာ စောစောကပြောတဲ့ ရုပ်အသစ်အသစ်ကလေး ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သဘောတရားသတ္တိလေးက ဒါသြဇာ ဓာတ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အဲဒီသြဇာဓာတ်ဘယ်မလဲလို့မေးတော့ စောစောကပြောတဲ့ ကဗဠီကာရအာဟာရမှာပါလာသောသြဇာဓာတ် ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ အဲဒီအကူးလေးကိုပဲ နည်းနည်းလေး အထူးသတိထားဖို့၊ ဘယ့်နှယ့်လုပ်ပြောတဲ့ စကားပါလိမ့်မတုန်း၊ တော်ကြာသြဇာဓာတ်ဆိုတာ စားကောင်းသောက်ကောင်း မျိုကောင်းတာ မဟုတ်ဘူး၊ ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သဘောတရားသက်သက်ကလေး။ ဒါဖြင့် ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သဘောတရားသက်သက်ကလေး သြဇာဓာတ်ခေါ်ရင် ဒီသြဇာဓာတ်ဘယ်မှာရှိ၊ စောစောကပြောတဲ့ စားကောင်းသောက်ကောင်းတဲ့ အစာခဲဖွယ်ဘောဇဉ်မှာရှိ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကွဲပြားသွားပြီပေါ့ (ကွဲပြားသွားပါပြီဆရာ)။

အေး ဒါဖြင့်ကောင်းပါပြီ၊ အဲဒီထမင်းမှာ သြဇာဓာတ်ရှိတယ်ဆိုတော့ ထမင်းက ကဗဠီကာရ အာဟာရပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ထမင်းမှာ ကဗဠီကာရအာဟာရခေါ်ထားသော ထမင်းမှာ သြဇာဓာတ်ရှိရင် ရှိကြောင်းဘယ့်နှယ်လုပ်သိမလဲ၊ ထမင်းစားလို့ အသက်ရှင်တာကြည့်။

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား ငါပြောတာ (ဟုတ်ပါတယ်ဆရာ)။ ထမင်းစားရင် အသက်ရှင်တယ်ဆိုတာတော့ သူသူငါငါသိတယ်လား (သိပါတယ်ဆရာ)။ ဒါထမင်းဆိုတာတို့နမူနာတစ်ခုပြတာပေါ့ကွယ်၊ နိုင်ငံခြားသားတွေကျတော့ ဂျုံစားတယ် ဘာစားတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာစားစားပေါ့ ဒါအစာပေါ့ အစာစားရင်အသက်ရှင်တယ်။ ကျွဲ နွားတိရစ္ဆာန်ကျတော့ မြက်ခြောက်ကောက်ရိုးတို့ သူတို့ရဲ့အစာသူတို့ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အင်မတန်ငယ်တဲ့ သေးငယ်တဲ့ ပိုးဟပ် ချပိုးလေးကျလည်း သူတို့စားနေတဲ့အစာ ဒါကဗဠီကာရအာဟာရ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီကဗဠီကာရအာဟာရတွေစားသုံးတဲ့ သတ္တဝါတိုင်းအသက်ရှင်တာ မြင်ကြရတယ် မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ ဒီအသက်ရှင်တာ မြင်ကတည်းက ဒါဩဇာရဲ့ သတ္တိပဲလို့ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)။

အသက်ရှင်တာမြင်ကတည်းက ဒါဩဇာရဲ့သတ္တိပဲလို့ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)။ ဒါကြောင့် "ဩဇာလက္ခဏော ကဗဠီကာရော အာဟာရော"။ ကဗဠီကာရော အာဟာရော–ဝါး၍စား၍ မျိုချအပ်သော ကဗဠီကာရ အာဟာရသည်၊ ဩဇာလက္ခဏော–ရုပ်အသစ်အသစ်ကိုဖြစ်စေတတ်သောဩဇာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီကဗဠီကာရောနဲ့ ဩဇာဓာတ်တော့ မင်းသိသွားပြီမဟုတ်လား (သိသွားပါပြီဆရာ)။ ကဗဠီကာရဆိုတာ ဘယ်သူ့ခေါ် (အစားအသောက်ကိုခေါ်ပါတယ်ဆရာ)။ ဪ စားစရာသောက်စရာ အစာတွေပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်ဖြစ် အကုန်လုံးအကုန်လုံး ဒါဖြင့် ဩဇာဓာတ်က ဘာခေါ်လဲ (ဩဇာဓာတ်ကဆောင်တတ်တာကို ခေါ်ပါတယ်ဆရာ)။ ဘာကိုဆောင်တတ်တာ (အာဟာရကိုဆောင်တတ်တာပါဆရာ)။ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့သဘောလေး၊ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာ ဖြစ်စေတတ်တဲ့ သဘောလေးလား (ဟုတ်ပါတယ်ဆရာ)။ ဒါဩဇာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဩဇာဘယ်မှာရှိ (ကဗဠီကာရအာဟာရမှာရှိပါတယ်ဆရာ)။ အေး ဟုတ်ပြီ ကဗဠီကာရအာဟာရမှာရှိတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဘာဖြစ်လို့သိသလဲမေးတော့ ဒီကဗဠီကာရအာဟာရစားရင် အသက်ရှင်တယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဪ ကဗဠီကာရအာဟာရဆိုတဲ့အစာ စားလိုက်ရင်အသက်ရှင်တာမြင်ကတည်းက ဘယ်သူ့သတ္တိတုန်း (အစာရဲ့သတ္တိကြောင့်ပါဆရာ)။ ဪ အုပ်ချုလိုက်ပြန်ပြီ ဩဇာရဲ့သတ္တိ မဟုတ်ဘူးလားဟ (ဟုတ်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဪ ဒီအစာကိုစားလိုက်ရင် အသက်ရှင်တယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ မင်းမြင်တယ်ပေါ့ (မြင်ပါတယ်ဆရာ)။ အစာမစားရင်သေတယ်ဟုတ်လား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ သေမှာကိုက အသစ်အသစ်မဖြစ်ဘဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အစာစားရင် ရုပ်အသစ်အသစ်ဖြစ်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ ဒါဖြင့် အစာစားရင်အသက်ရှင်တယ်၊ ဒါတော့ သူမြင်ငါမြင်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါမြင်ကောင်းတဲ့သဘာဝ အစာစားရင်အသက်ရှင်တယ်။ ဘာကြောင့်လဲ "သ... တ္တာ အာဟာရဋ္ဌိတိကာ"လို့ ကိုယ်တော်မြတ်ဟောထားတာ။ ခပ်သိမ်းညသုံ အလုံးစုံသောသတ္တဝါများ အာဟာရကို အမှီသကဲသဟဲပြုနေကြတယ် အသက်ရှင်နေကြတယ် မှီနေကြတယ် ဒီလိုမဟုတ် (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒါဖြင့် အာဟာရစားသုံးရင် ကဗဠီကာရအာဟာရဆိုတဲ့ အစာ... စားသုံးရင် အသက်ရှင်၏ မြင်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။

အေး အသက်ရှင်တာမြင်ကတည်းက ဘယ်သူ့သတ္တိလဲမေးရင် ဩဇာရဲ့သတ္တိ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် "ဩဇာလက္ခဏော"လို့ ဩဇာနဲ့မှတ်ပါလို့၊ ဩဇာဟာ အာဟာရရဲ့ မှတ်ကြောင်းလက္ခဏာလို့ပြထား "ဩဇာလက္ခဏော"တဲ့။ ဟာ ဒါဖြင့် အစာတွေစားရင်ဖြင့် သတ္တဝါများသည် သူသူငါငါလူတကာ အသက်ရှင်ကြတယ်၊ ရှင်တာ ဘာသဘောလဲ ဩဇာဓာတ်ရဲ့ သတ္တိပဲ ဩဇာရဲ့သဘောပဲ ပြောနိုင်တယ် မလွဲပါဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကောင်းပါပြီ အဲဒီ ထမင်းစားတော့ ဒီအစာဆိုတဲ့ ကဗဠီကာရအာဟာရကိုစားတော့ အသက်ရှင်တယ်၊ ဘာဖြစ်လို့ ကဗဠီကာရအာဟာရမှာပါတဲ့၊ အစာမှာပါလာတဲ့ ဩဇာဓာတ်က ရုပ်အသစ်အသစ်ကိုဖြစ်အောင် လုပ်ပေးလို့။ ဒါဖြင့်ကောင်းပါပြီ တို့စားနေတဲ့ထမင်းလေးတွေ ချေမွခွဲစိတ်ကြည့်၊ ဒီထမင်းလေးက နေပြီးတော့ တို့ကို ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်အောင် လုပ်ပေးတဲ့ ဩဇာဓာတ် ထမင်းလုံးထဲခွဲရှာတော့ မင်းတွေ့သလား (မတွေ့ပါဘူးဆရာ)။ မြင်ရောမြင်သလား (မမြင်ပါဘူးဆရာ)။ တွေ့လည်းမတွေ့ပါဘူး မြင်လည်းမမြင်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ဩဇာဓာတ်မရှိဘူးလားကွ (ရှိပါတယ်ဆရာ)။ ရှိမှန်းတော့ သိတယ်ဟုတ်လား (သိပါတယ်ဆရာ)။

ဘာကြည့်လို့ သိ (ထမင်းစားရင် အသက်ရှင်လို့ သိပါတယ်ဆရာ)။ ထမင်းစားရင် အသက်ရှင်တာ ထောက်ကြည့်ရမယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းစားရင် အသက်ရှင်တယ်၊ ဘာဖြစ်လို့ရှင်လဲ တို့ထမင်းမှာပါလာသော ဩဇာဓာတ်က ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်လုပ်ပေးတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဩဇာဓာတ်ရဲ့သဘောအဓိပ္ပါယ်လေး တစ်လုံးထဲ သေသေချာချာမှတ်ထားပါ "အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ"။ အတ္တနော– မိမိ၏၊ ဥဒယာနန္တရံ–ဖြစ်သည်၏ အခြားမဲ့၌၊ ရူပံ–ရုပ်အသစ်အသစ်ကို၊ ဇနေတိ–ဖြစ်စေတတ်၏။ ဣတိ တသ္မာ–ထိုသို့ ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သောသတ္တိကြောင့်၊ ဩဇာ–ဩဇာမည်၏။ သူ့နာမည်ကိုက ဩဇာခေါ်တာ တခြားမဟုတ်ဘူး ဩဇာဓာတ်ကလေးနဲ့တွေ့ရင် သူဖြစ်လာရင် သူဖြစ်ပြီးတဲ့နောက်ပိုင်း ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တယ်တဲ့ ဒီလိုမဟုတ်လား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ ဩော် ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်အောင် လုပ်ပေးတာ သြဇာဓာတ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းလုံးကမဟုတ်ရင် ထမင်းလုံးသည် ရုပ်အသစ်ကိုဖြစ်အောင် လုပ်ပေးတာနဲ့ ဒီထမင်းလုံးတွေ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)။ ရှာရမှာ မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ရပါဦးမလား (မရပါဘူးဆရာ)။ အေး အေး တနေ့ညက ငါပြောသွားပြီကွယ်၊ ထမင်းတွေစားရင် ထမင်းကအသက်ရှင်အောင်လုပ်ပေးတယ်၊ ထမင်းဆိုတဲ့ ကဗဠီကာရအာဟာရက ရုပ်အသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ်ဆိုလို့ရှိရင် ရုပ်တွေကလည်း တစ်ကိုယ်လုံးအများကြီး၊ သူ့အစုနဲ့ သူ့ကောဋ္ဌာသနဲ့ သူ့နေရာနဲ့သူ။

စားလိုက်တဲ့ထမင်းဆိုတဲ့ အစာတစ်ခုကနေပြီးတော့ အစိတ်အပိုင်းတွေဝေငှပြီးပို့၊ ဦးနှောက် ပို့တာကပို့ အကြောပို့တာကပို့ အရိုးပို့တာကပို့ အသားပို့တာကပို့ အမွေးဖြစ်အောင်ပို့နေတာပို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အစိတ်အပိုင်းတွေ၊ အဲဒါတွေ ထမင်းကသာတိုက်ရိုက် တကယ်ဖြစ်စေတတ်တဲ့ သတ္တိရှိရင် ဒီထမင်းတွေရှာရဦးမလား (မရှာပါဘူးဆရာ)။ထမင်းတွေ ဘယ်မှ မသွားဘူးတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သတ္တိပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ လည်မျိုတွေက ထမင်းအတိုင်းသွားပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ထမင်းက ကဗဠီကာရအာဟာရဆိုတာမှတ်ထား။ ဩော် ထမင်းစားမှအသက်ရှင်တယ်။ ထမင်းစားမှ အသက်ရှင်တယ်ဆိုတော့ အသက်ရှင်တာ ထမင်းအဖြစ်ထည့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းတွေကလုပ်ပေးတာမဟုတ်ပါဘူး တို့ ဘယ်သူတွေကလုပ်ပေး၊ ထမင်းမှာပါလာသော သြဇာဆိုတဲ့ဓာတ်က လုပ်ပေးနေတယ်တဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ထမင်းထဲမှာပါလာတဲ့ သြဇာဓာတ်က ရုပ်အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်အောင်လုပ်ပေးတယ်ဆိုတော့ ဒီသြဇာဓာတ် ထမင်းလုံးထဲခွဲရှာတော့ တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)။ မြင်ရောမြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ မတွေ့လည်းမတွေ့ဘူး မမြင်လည်းမမြင်ဘူး မတွေ့ရင်မမြင်ရင် ထမင်းလုံးထဲသြဇာဓာတ်တော့မရှိဘူးလို့ မင်းပြောနိုင်ပဲ့မလား (မပြောနိုင်ပါဘူးဆရာ)။ ရှိတာအမှန်ပေါ့ (ရှိတာအမှန်ပါဆရာ)။ ဘာဖြစ်လို့ ရှိမှန်းသိသလဲဆိုတော့ ထမင်းစားရင် အသက်ရှင်တာသိရတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါဖြင့် ဒီသြဇာဓာတ်ဟာ သဘောတရားသက်သက်ကလေး မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒီသြဇာ၊ ဒါဖြင့် ကောင်းပါပြီ ထမင်းခေါ်ထားတဲ့ ကဗဠီကာရအာဟာရဆိုတဲ့ အမည်ဟာ ဘယ်သူ့အမည်လဲမေးတော့ အဲဒီသြဇာရဲ့အမည်တပ်ပြီး ဟောနေတာပါနော် (ဟုတ်ပါတယ်ဆရာ)။

ကဗဠီကာရော အာဟာရောတိ ကဗဠံ ကတွာ အဇ္ဈောဟရိတဗ္ဗကော အာဟာရော၊ သြဒနကုမ္မာသာဒိဝတ္ထုကာယ သြဇာယေတံ အဓိဝစနံ။ ကဗဠီကာရော အာဟာရောတိ တော်–ဤကဗ ဠီကာရအာဟာရ ဟူသောအမည်သည်၊ သြဒနကုမ္မာသာဒိဝတ္ထုကာယ–ထမင်း ကောက်ညှင်း အစရှိသော ပစ္စည်းတစ်ခုတည်ရှိသော၊ သြဇာယ–သြဇာဓာတ်၏၊ အဓိဝစနံ–အမည်တည်းဆိုတော့ စောစောက

http://www.dhammadownload.com



ပြောနေတဲ့ ဝါးအပ် စားအပ် မျိုအပ်သော ကဗဠီကာရအာဟာရဆိုတဲ့အမည်ကိုက ဩဇာရဲ့အမည်ကို ပရိယာယ်အားဖြင့် တင်စားပြီးတော့ခေါ်နေတာ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။

## ကဗဠီကာရအာဟာရနှင့်ဩဇာ နှစ်ခု ဟောထားရခြင်း

ဒါဖြင့်ရင် ကဗဠီကာရအာဟာရနဲ့ ဩဇာဓာတ်မထူးဘူးပေါ့ (မထူးပါဘူးဆရာ)။ ဩဇာရဲ့ အမည်လေးကိုပဲ တင်စားပြီးတော့ ကဗဠီကာရအာဟာရလို့ ခေါ်နေတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ခေါ်နေပြန်တော့ ခုနငါပြောတဲ့ ပြဿနာပြန်လာတယ်၊ ဒါဖြင့် မထူးလို့ရှိရင်လည်းပဲ ကဗဠီကာရ အာဟာရကတစ်ခု ဩဇာကတစ်ခု ဘာကြောင့်နှစ်ခုဟောသလဲ ကဗဠီကာရအာဟာရတစ်ခုဟောရင် မပြီးဘူးလား (သို့မဟုတ်) ဩဇာဟောရင် မပြီးဘူးလားလို့ ဒီလိုမေးစရာမရှိဘူးလား (ရှိပါတယ် ဆရာ)။ ဒီလို နှစ်မျိုးနှစ်စားဖြင့်ဟောသွားတာ သတ္တဝါများနားထောင်ဖို့လားဆိုတော့မဟုတ်ပါဘူး။ ကဗဠီကာရအာဟာရအနေနဲ့ဟောတာက သူသူငါငါလူတကာ မြင်ကောင်းတယ်ဆိုတဲ့ စားလို့ဖြစ် ဝါးလို့ဖြစ် မျိုလို့ဖြစ် သောက်လို့ဖြစ်ဆိုတဲ့ ရုပ်ဝတ္ထုပစ္စည်းအနေနဲ့ ဒါရုပ်မဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)။ မင်းတို့ငါတို့ စားသောက်နေတဲ့အစာအာဟာရ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရေစာ ရုပ်တွေ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီ ရုပ်ဝတ္ထုပစ္စည်းတွေအနေအားဖြင့် ကိုင်လို့ဖြစ် ယူလို့ရ ကြည့်လိုမြင်ဆိုတဲ့ အလုတ်အလွေ့ကိုမပြုသော်လည်း ပြုမိသကဲ့သို့သော ဒီလိုဝတ္ထုပစ္စည်းအနေအားဖြင့် ထင်ရှားဖြစ်နေတဲ့ သဘာဝကို ကဗဠီကာရအာဟာရလို့ ဒီလိုဟောမှနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ အဲဒီ ကဗဠီကာရအာဟာရသည်ပင်လျှင် ဩဇာရဲ့အမည်ပါပဲ ဒီလိုဆိုထားတော့ ဒါဖြင့် ကဗဠီကာရအာဟာရဆိုတာ မင်းတို့ငါတို့သိနေတဲ့ ထမင်းတို့ ဟင်းတို့ မုန့်ပဲသွားရည်စာတို့ ဝတ္ထုပစ္စည်း အတုံး အလုံး အခဲ ဝါးဖြစ် စားဖြစ် မျိုဖြစ်ဆိုတဲ့ ဝတ္ထုပစ္စည်း အနေနဲ့ဟောသည် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဩဇာဓာတ်အနေနဲ့ကတော့ ဘာကြောင့်ဟောသလဲဆိုတော့ ဩဇာဓာတ်အနေကျတော့ အဲဒီထမင်းအဖျော်ယမကာ မုန့်ပဲသွားရည်စာရဲ့ သူတို့မှာပါလာသော သူတို့စားလိုက်ရင် ရုပ် အသစ်အသစ်ဆက်ကာဆက်ကာ ဖြစ်စေတတ်သောဆိုတဲ့ သဘောတရားသက်သက်တည်းဟူသော ဩဇာဓာတ်ခွဲခြား၍ ဟောကြားတော်မူသည် ဒီလိုနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဩဇာဓာတ် ဘာလဲဆိုတော့ ဩဇာဓာတ်က သဘောတရားသက်သက်ကလေးတဲ့ ဒီလိုနားလည်ရမယ် (ဟုတ်ပါ တယ်ဆရာ)။ ဩဇာဓာတ်ဆိုတာ သဘောတရားသက်သက်ကလေး ဘာသဘောတရား သက်သက်လဲ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်အောင်လုပ်ပေးတယ်။ ဒါကြောင့် ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာဆိုတဲ့အစာသည် ဩဇာဓာတ်လားမေးရင်မဟုတ်ပါဘူး။ ဘာဖြစ်လို့ မနေ့ညက တို့များပြသွားတဲ့ပါဠိပြန်ကြည့်စမ်းပါဦး၊ သံယုတ်အဋ္ဌကထာဆရာကပြထားတဲ့အတိုင်း အမိသည်မျိုချအပ်သောအကြင်အခါ၌၊ အမိသည်မျိုချအပ်သော ထမင်း အဖျော်ယမကာ

http://www.dhammadownload.com



အစရှိသည်တို့၌ပါလာသော ဩဇာဓာတ်သည် သူငယ်၏ ကိုယ်ကိုပျံ့နှံ့၍တည်၏။ ထိုအခါ၌ ရုစ်ပါးသောရုပ်တရားတို့သည် ဖြစ်ပေါ်၍လာကြ၏နော် (ဟုတ်ပါတယ်ဆရာ)။ မနေ့ညက တို့များ ပြသွားတာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ယဒါ မာတရာ အဇ္ဈောဟဋ္ဌအန္နပါနဩဇာ ဒါရကဿ သရီရေ ပတိဋ္ဌာတိ၊ တဒါ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ (ဝိဘင်းအဋ္ဌကထာ၊ ၂၃)

ယဒါ–အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋ္ဌအန္နပါနဩဇာ–မျိုချအပ်သော ထမင်း အဖျော်ယမကာတို့၌ပါရှိသော ဩဇာဓာတ်သည်၊ ဒါရကဿ–သန္ဓေသားသူငယ်၏၊ သရီရေ–အမိဝမ်း၌၊ ပတိဋ္ဌာတိ–တည်၏၊ တဒါ–ထိုအခါ၌၊ အဋ္ဌ ရူပါနိ–ရှစ်ပါးသော ရုပ်တို့ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။

မနေ့ကပြသွားတဲ့သန္ဓေသားလေး မဖွားမချင်းအမိဝမ်းတွင်းမှာ အသက်ရှင်နေတယ်ဆိုတဲ့ ရုပ်အသစ်အသစ်တိုးတိုးဖြစ်ပုံလေး မြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ ဘယ်ဩဇာဓာတ်အမှီပြုလဲ အမိစားသုံးတဲ့အစာမှာပါလာတဲ့ ထမင်း အဖျော်ယမကာဆိုတဲ့ အစာတွင်ပါလာတဲ့ ဩဇာဓာတ် အမှီပြုရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အမိစားသုံးတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာ ကလေးဆီ တိုက်ရိုက်သွားကောင်းရဲ့လား (မသွားကောင်းပါဘူးဆရာ)။ ဘယ်သွားကောင်းလိမ့်မလဲကွ အမိကမျိုချလိုက်တဲ့ အစာအာဟာရက သူ့အစာသစ်အိမ်ထဲ သူဝင်သွားတာပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အစာအိမ်သစ် အစာသစ်အိမ်မှာ နားတယ်။

ဒါဖြင့် ကောင်းပါပြီ ဒီအစာသစ်အိမ်ထဲမှာ သူ့အိမ်နဲ့ဖွဲ့ထားတဲ့ အစာသစ်အိမ်ထဲမှာ အမိ (ဝါ) ဘုရားရဲ့ ဂုဏ်ကျေးဇူးကို တကယ်ရှိသေတယ် လေးစားတယ် ရှိသေတယ် မြတ်နိုးတယ် တို့ ဗုဒ္ဓဘာသာဝီသတယ်ဆိုလို့ရှိရင် တစ်ဖက်သောပုဂ္ဂိုလ် ဟောပြောသွားရင် ပုဂ္ဂလမိဋ္ဌာန်အနေအားဖြင့် ကြည့်ပြီးတော့ မရေရွတ်ပါနဲ့ မကဲ့ရဲ့ပါနဲ့ မရှုတ်ချပါနဲ့ အပြစ်မတင်ပါနဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သူပြောသွားတဲ့ ပါဠိရှိသလားမရှိသလား ရှေးဦးစွာရှာဖွေစုံစမ်း ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ရှိတယ်ဆိုရင် တို့လက်အုပ်ချီပြီး ပူဇော်ထိုက်တယ်။ ဘာကြောင့် ဘုရားဟောတော်မူတဲ့ပါဠိတွေ ဘုရားဟောတော်မူတဲ့ပါဠိတွေကို အဋ္ဌကထာဆရာက တစ်ခါဖွင့်ပြီးထားတယ်။ အဋ္ဌကထာဖွင့်ဆိုတာကို အနက်အဓိပ္ပါယ်မပေါ်သေးဘူးဆိုရင် ဋီကာဆရာကထပ်ပြီးဖွင့်ပေးပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ တို့များ မေတ္တာနဲ့ပြောတယ်။ ပြီးတော့လည်း အခုလိုသာဘေးတွေ နံတွေနဲ့ အမျိုးမျိုး တောပြောတောင်ပြောနဲ့ပြော ရုပ်အသစ်အသစ်တွေဖြစ်ပြီးတော့ ကြီးထွားနေ တယ်လို့ ဒီလိုဆိုစရာရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အခုတော့ တစ်ကဏ္ဍစီထား၊ အမိစားတဲ့ အစာတွေ အမိရဲ့အစာသစ်အိမ်ထဲမှာ တည်နေ၏။ သန္ဓေသားဆီ ရောက်သေးရဲ့လား (မရောက် ပါဘူးဆရာ)။ မရောက်ပါဘူး ကြည့်သေသေချာချာ ဩဇာဓာတ်သွားပုံနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



နောက်တစ်ခါ သန္ဓေသားဆီရောက်၊ သန္ဓေသားဆိုတာ အလွတ်ချည်းနေတာမဟုတ်ပါဘူး အိမ်နဲ့ပါတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သားအိမ် သားအိမ် အိမ်နဲ့နေတာပါပဲ၊ ဟိုလည်းပဲ အစာသစ်ကလည်းအိမ်နဲ့ ဒီသားလည်းပဲအိမ်နဲ့ဆိုတော့ ကြည့်စမ်း ဟိုဘက်အိမ်ဖောက်ထွင်းပြီးတော့ ဒီဘက်အိမ်ဖောက်ထွင်းပြီးတော့ သန္ဓေသားဆီရောက်အောင်လာဖို့ ဒီအစာတွေမခက်ဘူးလား (ခက်ပါတယ်ဆရာ)။ ဒါဖြင့် ဒီအမိစားတဲ့အစာတွေက တိုက်ရိုက် ရုပ်အသစ်အသစ်ကို ကဗဠီကာရ အာဟာရက ဖြစ်စေနိုင်တယ်ဆိုတဲ့သဘောဟာ ဘယ့်နှယ့်နည်းနဲ့မှ မဟုတ်ဘူးဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါပေမဲ့ အဲဒီအမိမျိုချတဲ့ ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာမှာပါလာသော ဩဇာဓာတ်သည် သန္ဓေသားမှာ ပျံ့နှံ့၍တည်၏နော် (ဟုတ်ပါတယ်ဆရာ)။

ကြည့် ကြည့် ကြည့် သန္ဓေသားမှာ ပျံ့နှံ့၍တည်၏ဆိုတော့ ဘယ့်နှယ့်ဩဇာဓာတ်ပါလိမ့် မတုန်း၊ အရည်လေးတွေလား အမှုံအမွှားလေးတွေလား အဖတ်ကလေးတွေလား ဒီအစာမှာပါလာတဲ့ အမိစားတဲ့ ထမင်း အဖျော်ယမကာပါလာတဲ့ ဩဇာဓာတ်က သန္ဓေသားသွားထိတယ်ဆိုတော့ ဘယ့်နှယ့်ပါလိမ့်။ ဒါကြောင့် ယဒါ မာတရာ အဇ္ဈောဟဋအန္နပါနဩဇာ ဒါရကဿ သရီရေ ပတိဋ္ဌာတိ၊ တဒါ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ ယဒါ–အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋအန္နပါန ဩဇာ–မျိုချအပ်သော ထမင်း အဖျော်ယမကာတို့ပါလာသော ဩဇာဓာတ်သည်၊ ဒါရကဿ–သူငယ်၏၊ သရီရေ–ကိုယ်၌၊ ပတိဋ္ဌာတိ–တည်၏၊ တဒါ–ထိုအခါ၌၊ အဋ္ဌ ရူပါနိ–ရှစ်ပါးသောရုပ်တို့ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။ ဟော ထမင်းသွားတည်တယ်လို့ဆိုသလား မုန့်ပဲသွားရည်စာသွားတည်တယ်လို့ဆိုသလား သူငယ်လေးရဲ့ကိုယ်မှာ (မဆိုပါဘူးဆရာ)။ ဩဇာဓာတ် တည်တယ် ဒီလိုပြောတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ထမင်းအဖျော်ယမကာ သွားတည်လို့ရှိရင်ဖြင့်ကွယ် အဇ္ဈောဟဋအန္နပါနဩဇာ–အမိမျိုချအပ်သော ထမင်း အဖျော်ယမကာတို့သည်၊ ဒါရကဿ–သူငယ်၏၊ သရီရေ–ကိုယ်၌၊ ဒီလိုလာရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ အခုတော့ ဒီလိုမဟုတ်ဘူး၊ ယဒါ–အကြင်အခါ၌၊ မာတရာ–အမိသည်၊ အဇ္ဈောဟဋ အန္နပါနဩဇာ–မျိုချအပ်သော ထမင်း အဖျော်ယမကာတို့၌ ပါလာသော ဩဇာဓာတ်သည်တဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒါရကဿ–သူငယ်၏၊ သရီရေ–ကိုယ်၌၊ ပတိဋ္ဌာတိ–တည်၏။ ဩဇာဓာတ်သွားတည်ပုံသာပြောသွားတာ ထမင်း အဖျော်ယမကာတွေ သွားတည်တယ်ထိတယ်လို့ မပြောပါဘူး နားလည်လား (ဟုတ်ပါတယ်ဆရာ)။

အဲဒါကြည့် ဒီတော့ မင်းတို့ငါတို့ စားသောက်နေတဲ့ ထမင်းတွေလည်းပဲ တိုက်ရိုက်အားဖြင့် ဒီရုပ်အသစ်အသစ်ကို သူတို့က ဖြစ်အောင်လုပ်ပေးတယ်ဆိုတာ မဟုတ်ပါဘူးနော် (ဟုတ်ပါတယ် ဆရာ)။ ဘယ်သူက လုပ်ပေးလဲ (ဩဇာဓာတ်က လုပ်ပေးတာပါဆရာ)။ အေး ဩဇာဓာတ်က

http://www.dhammadownload.com



လုပ်ပေးတယ်၊ ဟိုသန္ဓေသားလေးပြတာ အင်မတန်ထင်ရှားပါတယ်၊ အင်မတန်ခြားနားပါတယ်။ ဒါကြောင့် အမိစားသုံးတဲ့ ထမင်း အဖျော်ယမကာဆိုတာတွေလည်း သူ့အစာသစ်အိမ်ထဲမှာ သူ့အိမ်နဲ့ ဖွဲ့နေတယ် အပြင်မထွက်နိုင်ပါဘူး၊ သန္ဓေသားတစ်ခါကြည့်ပါလား သူလည်းအိမ်နဲ့ပါလို့ ရစ်ပတ်ထား ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှယ့်နည်းနဲ့မှ အမိစားသုံးတဲ့ထမင်း အဖျော်ယမကာ မုန့်ပဲသွားရည်စာဆိုတဲ့အစာတွေဟာ သန္ဓေသားဆီတိုက်ရိုက်မသွားပါဘူး သွားရဲ့လား (မသွားပါဘူး ဆရာ)။ မသွားပါဘူးတဲ့ ဒါပေမဲ့ သန္ဓေသား၏ ဒါရကဿ သရီရေ ပတိဋ္ဌာတိ–ကိုယ်သွားထိတဲ့ အချိန်ကစပြီးတော့ ရှစ်ပါးသောရုပ်တရားတွေ အမြဲတစေဖြစ်စေတတ်တယ်။ ဒါကြောင့် တဒါ– ထိုဩဇာဓာတ်သည် သန္ဓေသားရဲ့ကိုယ်ထိသောအခါ၌၊ အဋ္ဌ ရူပါနိ–ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏော ဂန္ဓ ရသ ဩဇာဆိုတဲ့ အဋ္ဌကလာပ်ရုပ် ၈ ပါးသော ရုပ်တရားတို့ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။

ဩဇာဓာတ်လည်းပဲ သန္ဓေသားရဲ့ကိုယ်လည်း ပျံ့နှံ့လည်းတည်ရော သန္ဓေသားလေးလည်း ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ကရော။ ဒါကြောင့် မနေ့ညကပြသွားတဲ့ "ပထမံ ကလလံ ဟောတိ"ဆိုတဲ့ ဆီကြည်ပေါက်ကလေးပမာဏလောက်ကနေပြီးတော့ တော်ကြာတော့ အကောင်အထည်ကြီးဖြစ် ကြီးထွားလာတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ကြီးထွားလာ လိုက်တာ ခေါင်းနဲ့ လက်နဲ့ ကိုယ်နဲ့ ခြေနဲ့ မျက်လုံးနဲ့ မျက်ခုံးနဲ့ လူကောင်တစ်ယောက်လုံး ဖြစ်လာကလေးဘဝ သေကြတာ။ ကြည့်စမ်းဘာတွေတုန်း သူ့မှာ အသားတွေ အသွေးတွေ အရိုးတွေ အဆစ်တွေ ဆံပင်တွေ မွေးညှင်းတွေ အဆုတ်တို့ ကျောက်ကပ်တို့ နှလုံးတို့ သရက်ရွက်တို့ အူသိမ် အူမတို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အတုံး အလုံး အခဲဆိုတဲ့ အထည်ဒြပ်သဏ္ဌာန်ကြီးက ဘယ်ကအမှုံ့အမွှားတွေတိုးလာသလဲ။ အမိစားတဲ့ ထမင်းကပဲလာဖြစ် သလား မုန့်ပဲသားရေစာကလာဖြစ်သလားလို့။ ဖြစ်တယ်လို့ပြောရအောင်လဲ အမိအစာဟာလည်းပဲ အစာသစ်အိမ်နဲ့ပါ၊ အကာအကွယ်နဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သန္ဓေသားကြည့်ပြန်လည်းပဲ သန္ဓေသားလည်းပဲ အကာအကွယ်နဲ့အိမ်နဲ့ပါ အမိစားတဲ့အစာပေါ်မှာ သံသယရှိစရာမရှိပါဘူး ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အစာတွေကတော့ တိုက်ရိုက်လာပြီးတော့ ရုပ်အသစ်အသစ် ဖြစ်အောင်တော့ လုပ်ပေးတာမဟုတ်ဘူး။ တို့ အမိစားတဲ့ အစာသစ်မှာပါလာသော ဩဇာဓာတ်က ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်အောင်လုပ်ပေးတယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ် ဆရာ)။

ဒါဖြင့် ကြည့်စမ်းပါဦးကွ၊ အဲဒီ အမိစားတဲ့ထမင်းပါလာတဲ့ ဩဇာဓာတ်က သန္ဓေသားလေးရဲ့ ရုပ်အသစ်အသစ်ဖြစ်အောင်လုပ်ပေးတယ်ဆိုတော့ အဲဒီ ဒီဩဇာဓာတ်ကို ဒီအမိအစာသစ်အိမ်ထဲ ကနေပြီးတော့ သန္ဓေသားလေးကူးပြောင်းလာမှုလေးတွေ မင်းတို့ငါတို့ သေသေချာချာကြည့်လို့ ရှိရင် အရည်လားဟဲ့ အမှုံ့အမွှားလေးတွေလားဟဲ့ အဖြူ အပြာ အဝါလေးတွေလားဟဲ့ ဟိုက

http://www.dhammadownload.com



ပို့နေမှုလေးတွေနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုကြည့်လို့ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)။ အမှုံ့ အမွှားလေးတွေလားဆို ဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)။ ဒီလိုလည်း မဟုတ်ဘူး (ဟုတ်ပါတယ်ဆရာ)။ အရည်လား (မဟုတ်ပါဘူးဆရာ)။ ဒီလိုလည်း မဟုတ်ဘူး ဘယ်သူမှ တွေးလို့မရကောင်းဘူး ရကောင်းပါ့မလား (မကောင်းပါဘူးဆရာ)။ ဒါဖြင့် သေသေချာချာ ကြည့်လိုက်တော့ အမိစားသုံးတဲ့ အစာမှာပါလာတဲ့ ဩဇာဓာတ်ကြောင့် ဒီသန္ဓေသားမှာ ရုပ်အသစ်အသစ်ဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အမိမစားဘဲနေကြည့် ဒီသန္ဓေသားဟာ ရှင်ဖွယ်ရာအကြောင်းမရှိဘူးတဲ့၊ ထင်ရှားတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဩဇာဓာတ်ဟာ သဘောတရားသက်သက်ကလေးပဲဆိုတာ မထင်ရှားဘူးလားကွ (ထင်ရှားပါတယ်ဆရာ)။ သဘောပဲတဲ့၊ ကြည့်လို့လည်းမမြင် ကိုင်လို့လည်းမဖြစ် ယူလို့လည်းမရ အဖြူ အပြာ အဝါလို့လည်းမပြောနိုင်၊ လေးထောင့် သုံးမြှောင် အဝိုင်း အလျားလို့လည်း သဏ္ဌာန်လိုလည်း မပြောနိုင်၊ အတုံး အလုံး အခဲ အမှုံ့ အမွှား အရည် အဖတ်ကလေး ဝတ္ထုပစ္စည်းအနေအားဖြင့် မပြနိုင်နော် (ဟုတ်ကဲ့ပါဆရာ)။ ရှိတော့ရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)။ ရှိတာဘာကြောင့် သိသလဲဆိုရင် သန္ဓေသားလေး အသက်ရှင်တာကြည့် ရုပ်တွေတိုးပွားပြီးတော့ကြီးထွားလာတာကြည့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဘယ်ပုံဘယ်နည်းရှိသလဲဆိုတော့ သဘောတရားသက်သက်ကလေး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာသဘောတရားလဲ ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်သော သဘောတရားလေး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါသဝိညာဏအသက်ရှိတဲ့ သတ္တဝါလေးတွေ ဖြစ်ပုံလေးတွေပြနေတာ၊ စားနေတဲ့ အစာအာဟာရ ကဗဠီကာရ အာဟာရ၊ ထိုကဗဠီကာရအာဟာရဆိုတဲ့ စားသောအစာကြောင့် အသက်ရှင်တယ်လို့ ဆိုပေမဲ့ စားသောအစာက အသက်ရှင်အောင် ရုပ်အသစ်အသစ် တိုက်ရိုက်အားဖြင့်ဖြစ်အောင် လုပ်မပေးဘူးဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

ဒါပေမဲ့ စားတဲ့အစာနဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ်ဆိုတဲ့ ဩဇာဓာတ်နဲ့ ကင်းကောင်းရဲ့လား (မကင်းကောင်းပါဘူးဆရာ)။ အစာအာဟာရ ဒါအကြောင်းရင်းပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေးကြည့်၊ ဒါကြောင့် အသက်ထင်ရှားရှိတဲ့သတ္တဝါတိုင်း အဲဒီလိုပဲ ပြနေတယ်။ အသက်လုံးဝမရှိဘူးဆိုတဲ့ သစ်ပင် ဝါးပင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ်ကြီးလည်းပဲ မနေ့ညကတို့များပြသွား သစ်ပင်လေးစိုက်ထား ငယ်စဉ်တုန်းကတော့ သက်ကယ်ချောင်း ပမာဏသေးသေးလေးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ နောက်တော့ ပုဆိုးတစ်ဖက်လောက်ရှိတဲ့ အင်မတန်ကြီးထွားတဲ့ဘဝမျိုးရောက်လာ၊ ဟာ သစ်ပင်လေးက ငယ်ငယ်လေး သက်ကယ်ချောင်းပမာဏကနေပြီးတော့ ခုတော့ပုဆိုးတစ်ဖက်လောက်ကြီးထွား လာတယ် အသားတွေတိုးလာတယ် အကိုင်းအခက်တွေကြီးထွားလာတယ် ပင်လုံးပင်စည်

http://www.dhammadownload.com



ကြီးထွားလာတယ်။ ဒီသစ်ပင်ကြီး ကြီးထွားလာတဲ့သတ္တိလေးတွေဟာ သူအမှီပြုနေကြတဲ့ ရေနဲ့မြေ အမှီပြုတယ်။ ပထဝီရသ အပေါရသ၊ ပထဝီအရသာ အာပေါအရသာ၊ ရေနဲ့မြေနှစ်ပါး အမှီပြုနေတယ်ဆိုတော့ ဟာ ရေတွေပဲဒီထဲဝင်လာသလား ဒါကြောင့်ကြီးနေသလား၊ သို့မဟုတ် သူအမှီပြုနေတဲ့ မြေကြီးတွေပဲဝင်လာသလား သူကြီးနေတာ။ သေသေချာချာ ခွဲ စိတ်ကြည့်ပြန်တော့လည်း မြေကြီးဆိုတစ်ရွေးသားမှမတွေ့ဘူး တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)။ ဘယ်တွေ့မလဲ မြေကြီးတွေဝင်လာရင် မြေကြီးတွေပါနေမှာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ရေတွေဝင်လာရင် သစ်ပင်ကြီးခွဲရင်ရေတွေ့မယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အခုတော့ ရေလည်းမတွေ့ မြေလည်းမတွေ့၊ ဒါဖြင့် သူမှီနေတဲ့ ပထဝီနဲ့အာပေါဆိုတဲ့ မြေနဲ့ရေနှစ်ပါးကြောင့် ဒီသစ်ပင်ကြီးထွားတယ်ဆိုတော့ မြေလည်းတိုက်ရိုက် ဒီသစ်ပင်လုံးထဲကိုအားပေးတဲ့အနေနဲ့ ရောက်မလာပါဘူး၊ ရေလည်း တိုက်ရိုက်အနေအားဖြင့် သစ်ပင်ရဲ့လုံးပတ်ထဲကို တိုက်ရိုက်အားဖြင့် ရောက်မလာပါဘူးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီသစ်ပင်ကြီးထွားလာတာ ဘယ်သူကြောင့်လဲမေးတော့ မြေမှာပါလာသောဩဇာဓာတ်၊ မြေဓာတ်ဘယ်နှစ်ပါးရတုန်း (ရှစ်ပါး ရပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူတုန်း (ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာပါဆရာ)။ ဩော် အဋ္ဌကလာပ်ရုပ် ၈ ပါးနော် (ဟုတ်ပါတယ်ဆရာ)။ အခုပြနေတဲ့ ရုပ်ဓာတ် ၈ ပါးပါပဲ၊ ဩော် မြေကြီးလည်း ဒီရုပ်ဓာတ် ၈ ပါးပေါ့ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ရေရော (ရှစ်ပါးပါပဲဆရာ)။ ရေလည်းပဲ ဒီရှစ်ပါးပဲ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မြေရှစ်ပါးတုန်းကတော့ မင်းတော်တော်ပြတ်သားပါလိမ့်မယ်၊ ရေရှစ်ပါးတော့မင်းပြတ်သားရဲ့လား ရေမှာပထဝီရှိလား (မရှိပါဘူးဆရာ)။ ဟော ငြင်းတယ် (ရှိပါတယ်ဆရာ)။ ဟော ငြင်းတယ် အဲဒီလိုကွ ရေနော် (ဟုတ်ပါတယ်ဆရာ)။ ရေဖြစ်နေတော့ အာပေါဓာတ်များ ရှိသေးလား (ရှိပါတယ်ဆရာ)။ ဩော် ဒါတော့ငြင်းမရဘူး လူရေလည်သွားပြီ၊ အာပေါဓာတ်ရှိတယ် ဟုတ်လား (ရှိပါတယ်ဆရာ)။ တေဇောရော (ရှိပါတယ်ဆရာ)။ တေဇောရှိမှန်းသိတယ် ဟုတ်လား (သိပါတယ်ဆရာ)။ ဘယ်လိုလုပ်သိ (အအေးဓာတ်လွှမ်းကဲတယ်ဆိုတာ သိပါတယ်ဆရာ)။ သူ့ကို ကိုင်ကြည့်ရင် အေးရင်အေးတယ် ပူရင်ပူတာပေါ့ (ဟုတ်ကဲ့ပါဆရာ)။ တေဇောမှတ်စရာနော် (ဟုတ်ပါတယ်ဆရာ)။ "ဥဏှသီတလက္ခဏော တေဇောဓာတု" တေဇောဓာတ်သိချင်ရင် အပူတို့ အအေးတို့မှတ်ထား ဒီလိုလား (ဟုတ်ပါတယ်ဆရာ)။ ဩော် ရေစမ်းကြည့်ရင် ပူရင်အေးရင် ဒါတေဇောပေါ့ (ဟုတ်ပါတယ်ဆရာ)။ ကောင်းပါပြီ ရေမှာဝါယောရှိလား (ရှိပါတယ်ဆရာ)။ ရှိတယ် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့သိ (လှုပ်ရှားတဲ့အတွက်သိပါတယ်ဆရာ)။ ဩော် လှုပ်ရှားနေတာ မြင်တယ်သိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ပြီ ဟုတ်ပြီ၊ ဒါဖြင့် ရေမှာဝဏ္ဏဓာတ်ရှိလား (ရှိပါတယ်ဆရာ)။ ဘာဖြစ်လို့သိ၊ ဒါတော့ သူမပြောနိုင်ဘူးဟုတ်လား၊ အဖြူ အဝါ အပြာ အနီ

http://www.dhammadownload.com



အကြောင်း အကြားတွေ သူမပါတော့သူမပြောနိုင်ဘူး၊ ရေမှာ ဝဏ္ဏခဏ်ရှိလား (ရှိပါတယ်ဆရာ)။ ဘာဖြစ်လို့သိတုန်း (မြင်ရလို့သိပါတယ်ဆရာ)။ ဩော် ရေမြင်ရတယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ မြင်တာအဆင်းပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဝဏ္ဏခဏ် ပြန်မမေ့သေးဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဝဏ္ဏခဏ်ဆိုတာ မြင်တာအဆင်းပဲလား (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီဒါဖြင့် ရေမင်းမြင်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဂန္ဓရောရှိလား (ရှိပါတယ်ဆရာ)။ ရေမှာလေ (ရှိပါတယ်ဆရာ)။ ရေနမ်းကြည့်လား (နမ်းကြည့်ပါတယ်ဆရာ)။ အနံ့ရလား (ရပါတယ်ဆရာ)။ ဘာနံ့ရလဲ (ရေနံ့ရပါတယ်ဆရာ)။ မဆိုးလှဘူး၊ ဂန္ဓခဏ်ရှိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ကောင်းပါပြီ အရသာရှိသလား (ရှိပါတယ်ဆရာ)။ ရသာခဏ်လေ (ရှိပါတယ်ဆရာ)။ သိသလား (သိပါတယ်ဆရာ)။ ဒါဖြင့် ရေဘာအရသာရှိလဲ (ရေရဲ့အရသာရှိပါတယ်ဆရာ)။ ဩော် သိပ်မဆိုးလှဘူး လူရေလည်သွားပြီ၊ အရသာရှိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကောင်းပါပြီ ရေဩဇာခဏ်ရှိလား (ရှိပါတယ်ဆရာ)။ ဩဇာခဏ်ရှိမှန်းမင်းသိလား (သိပါတယ်ဆရာ)။ ဘာဖြစ်လို့သိ (ရေထဲကပါတဲ့ဩဇာကြောင့်သိပါတယ်ဆရာ)။ အေး ဟုတ်ပါပြီ ရေထဲပါတဲ့ဩဇာခဏ် ကို မင်းသိသလားရှိမှန်း (သိပါတယ်ဆရာ)။ ဘာဖြစ်လို့သိတုန်း၊ အဲဒါ ဖောင်စီးရင်းရေငတ်ဆိုတာ ဟောဒီကောင်၊ ဩဇာခဏ်ပြောပြီးပြီ သူနားကိုမလည်ဘူး။ ကိုင်း ရေမှာဩဇာခဏ်ပါတယ်ဆိုတာ ဘာကြောင့်မင်းသိတုန်း အဲဒါဖောင်စီးရင်းရေငတ်တာပဲ မင်းဩဇာခဏ် ခုပြောနေပြီ (ရေသောက်ရင် သိပါတယ်ဆရာ)။ ဘယ့်နှယ့်လုပ်သိတုန်း (ရုပ်အသစ်အသစ်ဆက်ကာဆက်ကာ ဖြစ်နေတဲ့အတွက် သိပါတယ်ဆရာ)။ ဩော် တိုတိုပြောစမ်းပါ၊ ရေသောက်မှအသက်ရှင်တယ် ဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ အေး အေး သဘောကျတယ်၊ ဒါဖြင့်ရေမှာ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာပေါ့၊ အဋ္ဌကလာပ်ရုပ်ရှစ်ပါးပေါ့ နော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး မြေကြည့်လည်း ပဲ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ရေကြည့်လည်းပဲ ဒီရုပ်ခဏ် ၈ ပါး မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သစ်ပင်ဝါးပင်တွေ ကြည့်တော့ရော (ရုပ်ခဏ် ၈ ပါးပါပဲ ဆရာ)။ တုံးတွေတိုင်တွေ ကြည့်တော့ရော (ရုပ်ခဏ် ၈ ပါးပါပဲဆရာ)။ အကုန်လုံးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဘာမှမလွတ်ဘူးပေါ့ (မလွတ်ပါဘူးဆရာ)။ ဒါဖြင့် နေစမ်းပါဦး ဒီသတ္တု ပျဉ်းကတိုး တွေကြည့်တော့ရော (ရုပ်ခဏ် ၈ ပါးပါပဲဆရာ)။ ရုပ်ခဏ် ၈ ပါးချည်းပေါ့ (ဟုတ်ပါတယ် ဆရာ)။ အောင်မယ် ဒီဖြင့် ကျောက်ခဲလေးကျတော့ ဘယ့်နှယ့်နေ (ရုပ်ခဏ် ၈ ပါးပါပဲဆရာ)။ ဩော် ကျောက်ခဲလေးလဲ ရုပ်ခဏ် ၈ ပါးပဲလား (ဟုတ်ပါတယ်ဆရာ)။ ဒီကောင်တော့ လူရေ လည်သွားပြီ ညာမရဘူးနော်၊ ဩော် ဒါဖြင့်ရင် သက်ရှိသက်မဲ့ အားလုံးသောလောကခဏ်ကြီး တစ်ခုလုံးမှာ အကုန်လုံးခြုံကြည့်လိုက်ရင် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုမှန်မှန်သမျှ ဒီရုပ်ခဏ် ရှစ်ပါးချည်းပေါ့

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါလေးမှတ်ထား။

ဒီတော့ကြည့်ကွယ် အခုနမြေမှာရှိတဲ့ ဩဇာဓာတ်၊ ရုပ်ဓာတ် ၈ ပါးပါလာပြီနော် ရေမှာရှိတဲ့ ဩဇာဓာတ်။ ဩော် ဒါကြောင့် မြေရဲ့အရသာ ရေရဲ့အရသာ၊ ပထဝီရသ အာပေါရသ။ ဒီနှစ်ပါးကို အမှီပြုပြီးတော့ သစ်ပင်လေး ငယ်ငယ်လေးကနေပြီးတော့ အင်မတန်ကြီးထွားတဲ့သစ်ပင်ဝါးပင်ကြီး ဖြစ်လာတယ် မဖြစ်ဘူးလားကွ (ဖြစ်လာပါတယ်ဆရာ)။ ရုပ်တွေ တိုးတိုးမလာဘူးလား (တိုးလာပါတယ် ဆရာ)။ အေး အေး ရုပ်တွေ တိုးတိုးလာတယ်၊ ဘယ်သူလုပ်ပေးတာလဲမေးတော့ မြေမှာပါသော ဩဇာဓာတ်၊ ရေမှာပါလာသော ဩဇာဓာတ်နှစ်ပါးကြောင့် ၎င်းသစ်ပင်ကြီးမားပွားများလာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မြေနဲ့ရေကြောင့်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ မြေနဲ့ရေကြောင့် သစ်ပင်လေးသည် ကြီးထွားလာတယ်ဆိုပေမယ့် သစ်ပင်လေး ဟာ ကြီးထွားလာတဲ့အထဲမှာ မြေတွေပဲဝင်လာသလား၊ ရေတွေပဲဝင်လာသလားဆိုတော့ တစ်ခုမှ မဝင်ပါဘူးတဲ့ မြင်ရဲ့မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မြေလည်းရှာမရဘူး ရေလည်းရှာမရဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဘယ်သူလဲမေးတော့ အဲဒီ မြေရေနှစ်ပါးမှာရှိတဲ့ ဩဇာဓာတ်ကြောင့် ရုပ်အသစ်အသစ်ဖြစ်လာတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရုပ်တွေတိုးပွားလာတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုဆိုရင် ဒီရုပ်အသစ်အသစ်ဖြစ်အောင်လုပ်ပေးတဲ့ ဩဇာဓာတ်ရဲ့ အဓိပ္ပါယတ္တ တို့လူစု သေသေချာချာကြည့်လိုက်ရင် ဟာ ဩဇာဓာတ်ဆိုတာ လက်စ သတ်တော့ မျက်စိနဲ့ကြည့်လို့လည်းမမြင်ဘူး ကိုင်လို့လည်းမဖြစ်ဘူး ယူလို့လည်းမရဘူး၊ အဖြူ အပြာ အဝါလို့လည်းမပြောနိုင်ဘူး၊ အတိုး အလုံး အခဲ အထည်ဒြပ်သဏ္ဍာန်အနေအားဖြင့်လည်း မပြောနိုင်ဘူး မပြောနိုင်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ သဘောတရားသက်သက်ပဲ ဒီဩဇာဓာတ် ဆိုတာ ဒါဖြင့် ဒီဩဇာဓာတ်ဘယ်မှာရှိ၊ စောစောကပြောတဲ့ ရုပ်ဝတ္ထုပစ္စည်းမှန်မှန်သမျှ ဒီဩဇာဓာတ် ပါတာပဲ မပါဘူးလား (ပါပါတယ်ဆရာ)။ ဒါဖြင့် ဒီဩဇာဓာတ်ရဲ့အဓိပ္ပါယ်သည် ဘာလဲမေးရင် ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာ ဖြစ်စေတတ်သော သဘောတရားသက်သက်ကလေးသည် ဩဇာဓာတ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အဲဒီအခုပြောတဲ့ ဩဇာဓာတ်ဘယ်မှာ ပြောနေသလဲမေးတော့ စောစောကပြောတဲ့ မင်းတို့ ငါတို့ အသက်ရှင်တဲ့ သတ္တဝါများစားသုံး မျိုချအပ်သော အစာမှာပါလာတဲ့ဩဇာဓာတ်။ ကဗဠီကာရ အာဟာရနော် (ဟုတ်ပါတယ်ဆရာ)။ သူတို့မှာပါလာတဲ့ ဩဇာဓာတ်ပြနေတယ်။ ဒါဖြင့် ကောင်း ပါပြီ ပထမစကားလေးပြန်ကြည့်ပါဦး ကဗဠီကာရအာဟာရဆိုတော့ ကဗဠီကာရကအစာပေါ့ကွာ နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်ဖြစ် အကုန်လုံးအကုန်လုံး၊ ကဗဠီကာရကအစာ “ကဗဠံ ကတွာ အဇ္ဈောဟရီတဗ္ဗောကော ကဗဠီကာရော”လို့ အလုတ်အလွေ့မပြုသော်လည်း အလုတ်အလွေ့ ပြုမိသကဲ့သို့ ဝါးကောင်း စားကောင်း မြိုကောင်း သောက်ကောင်းသော အစားအစာမှန်မှန်သမျှ

http://www.dhammadownload.com



ကဗဠီကာရ၊ သူ့နောက်ကအာဟာရက ဘာပါလိမ့် (ဆောင်တတ်တဲ့သဘောရှိပါတယ်ဆရာ)။ ဆောင်တတ်တဲ့သတ္တိနော် (ဟုတ်ပါတယ်ဆရာ)။ သူတို့နှစ်ခု တွဲနေတယ် တွဲနေတယ်၊ ဒါကြောင့် ကဗဠီကာရအာဟာရ ကောင်းပါပြီ ဒါဖြင့် ဒီစားကောင်း သောက်ကောင်း မျိုကောင်းတဲ့အစာကို ကဗဠီကာရခေါ်တယ်တဲ့ ဒါနားလည်ပါပြီ၊ နောက်က အာဟာရကဆောင်တတ်တာခေါ်တယ်။ သူတို့နှစ်ခုတွဲလိုက်တော့ ဘာအဓိပ္ပါယ်လဲဆိုတော့ စားကောင်း သောက်ကောင်း မျိုကောင်းတဲ့ အစာကိုစားရင် ထိုအစာတို့သည် ရုပ်အသစ်အသစ်ကို ဆောင်ကြကုန်၏ ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ မြန်မာလိုပြောတာ အစာတွေစားရင် အသက်ရှင်လာတယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့။

ရုပ်အ‌ သစ်အသစ်ကို ဖြစ်အောင်လုပ်ပေးလို့ နားလည်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီအာဟာရက ဆောင်တတ်တဲ့သတ္တိ သဘောလေးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရက အစာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အစာစားမှ ရုပ်အသစ်အသစ်ကိုဆောင်တတ်တယ် ဆောင်နိုင်တယ် ဆောင်ခြင်းလေးဟောထားတယ်အာဟာရ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ "အာဟာရေတိ အာဟာရော"လို့၊ အာဟာရေတိ–ဆောင်တတ်၏၊ ဣတိ တသ္မာ–ထိုသို့ ဆောင်တတ်သောသတ္တိကြောင့်၊ အာဟာရော–အာဟာရမည်၏၊ ဘာဆောင်လဲမေးတော့ "ဩဇဋ္ဌမကံ ရူပံ အာဟရေတီတိ အာဟာရော၊ ဩဇဋ္ဌမကံ ရူပံ–ဩဇာလျှင် ရှစ်ခုမြောက်သော ကလာပ်ရုပ် ရှစ်ပါးကို၊ အာဟရေတိ–ဆောင်တတ်၏။ ဣတိ တသ္မာ–ထိုသို့ရှစ်ပါးသော ရုပ်တရားကို ဆောင်တတ် သောသတ္တိကြောင့်၊ အာဟာရော–အာဟာရမည်၏ဆိုတော့ ဩော် အာဟာရဆိုတာ အခြား မဟုတ်ဘဲပဲ။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ်ဓာတ် ၈ ပါး ဆောင်ထားတာ ဆောင်တဲ့သတ္တိလေးက ဒါအာဟာရပဲ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဘယ်သူလဲ မေးတော့ စောစောကပြောတဲ့ စားစရာသောက်စရာဆိုတဲ့ ကဗဠီကာရတွေ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူတို့စားမှ ရုပ်ဓာတ် ၈ ပါးဆောင်တယ်၊ သူတို့ဆိုတာ ဘယ်သူတုန်း အစာတွေပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် မင်းတို့ငါတို့ လူသားတွေ ထမင်းတို့ မုန့်ပဲသွားရည်စာတို့ အဖျော်ယမကာတို့ စားကြသောက်ကြတယ်နော် (ဟုတ်ပါတယ် ဆရာ)။ အဲဒီ အစာတွေကလည်း ရုပ်အသစ်အသစ်ဆိုတဲ့ ရုပ်ဓာတ် ၈ ပါးတွေ ဆက်ကာဆက်ကာ ဆောင်ပေး၏။ ကျွဲ နွား ဆင် မြင်းဆိုတဲ့ တိရစ္ဆာန်တွေကျတော့ မြက်ခြောက်တို့ ကောက်ရိုးတို့ သစ်ရွက်တို့ မြက်စိမ်းတို့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလိုဟာတွေစား ဒါတွေ တို့ ကဗဠီကာရ အာဟာရပဲ၊ အဲဒါတွေစားတော့ အဲဒါတွေကပဲ သူတို့ရုပ်အသစ်အသစ်ဖြစ်အောင် ဆောင်ပေးတယ်၊ ဒါကြောင့် သူတို့အသက်ရှင်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ခြလေးတွေကျတော့ သစ်ဆွေးဝါးဆွေးလေးတွေစား ဒါ ကဗဠီကာရဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီသစ်ဆွေး

http://www.dhammadownload.com



ဝါးဆွေးလေးတွေစားလို့ ဒီသစ်ဆွေးဝါးဆွေးဆိုတဲ့ ဒီကဗဠီကာရကြောင့် သူတို့ရဲ့ ရုပ်အသစ်အသစ် ကလေးတွေ ဆက်ကာဆက်ကာဖြစ်လို့ အသက်ရှင်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ အာဟာရ ဒါ သူ့သတ္တဝါနဲ့ သူ့ဥစ္စာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။

နောက်တစ်ခါရွှံ့ညွှံစားနေတဲ့ တီကောင်၊ ရွှံ့ညွှံထဲပါလာတဲ့ ဩဇာဓာတ်သတ္တိ။ ရွှံ့ညွှံ တည်းဟူသော ကဗဠီကာရအာဟာရကြောင့် စားသုံးခြင်းကြောင့် တီကောင်သည် ရုပ်အသစ်အသစ် ကလေးတွေ ဖြစ်ဖြစ်ပြီးတော့ အသက်ရှည်တယ် အာဟာရ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ကဗဠီကာရအာဟာရအဓိပ္ပါယ် ကဗဠီကာရတခြား အာဟာရတခြား ပေါ်သွားပြီပေါ့ (ပေါ်ပါပြီဆရာ)။ ကဗဠီကာရက စားကောင်း သောက်ကောင်း မျိုကောင်းသော အစာကိုခေါ်သည် အာဟာရက ဆောင်တတ်တာခေါ်သည် အဓိပ္ပါယ်ဘာတုန်း အဲဒီ စားကောင်း သောက်ကောင်း မျိုကောင်းတဲ့ အစာတွေက စားလိုက်လို့ရှိရင် ရုပ်ကိုဆောင်တတ်၏၊ ရုပ် ၈ ပါးကို မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အစာမစားရင် သေမှာပေါ့နော် (သေမှာပါဆရာ)။ အတူတူပါပဲလား အစာမစားရင်သေမယ် အစာစားရင်အသက်ရှင်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရှင်မှာပေါ့ အဲဒီအစာတွေက ရုပ်အသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ တိုတိုလေး တိုတိုလေး ဒါကဗဠီကာရအာဟာရလို့ ကဗဠီကာရတစ်ခြား အာဟာရတစ်ခြား မှတ်မိရဲ့လား (မှတ်မိ ပါတယ်ဆရာ)။ အဲဒီနောက်က အာဟာရက အခုပြတဲ့ ကဗဠီကာရဆိုတဲ့ပုဒ်နဲ့တွဲတဲ့ အာဟာရ တစ်မျိုးတည်း မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အခု ကဗဠီကာရနဲ့တွဲတဲ့ အာဟာရက တစ်မျိုးမနေဘူးလား (တစ်မျိုးနေပါတယ်ဆရာ)။ ကဗဠီကာရ–ထမင်း အဖျော်ယမကာ စားစရာ ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။

## အာဟာရလေးမျိုး

ဟော ဒီအာဟာရကတစ်မျိုး မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ အာဟာရ ၄ မျိုးတဲ့၊ တို့ သံယုတ်အဋ္ဌကထာတို့ အဋ္ဌသာလိနီတို့ပြထားတာ၊ အာဟာရ ၄ မျိုး (၁) ကဗဠီကာရ အာဟာရ– အခုပြောတဲ့ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ် အစာအာဟာရ မှတ်မိရဲ့လား (ဟုတ်ပါတယ် ဆရာ)။ အစာတွေ ဒါ ကဗဠီကာရအာဟာရခေါ်တယ် (၂) ဖဿအာဟာရ – ဟော အာဟာရ တစ်မျိုးတိုးပြန်ပြီနော် (ဟုတ်ပါတယ်ဆရာ)။ ခုနတုန်းက စားစရာ သောက်စရာ အာဟာရမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ခုတော့ ဖဿအာဟာရ (၃) မနောသဉ္စေတနာ အာဟာရ – ဟော အာဟာရ ၃ မျိုးရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ (၄) ဝိညာဏအာဟာရ ဘယ်နှစ်မျိုးရှိသွားပြီလဲ (၄ ခုရှိသွားပါပြီဆရာ)။ အာဟာရ ၄ မျိုးတဲ့၊ ဆောင်တတ်တာဆောင်တတ်တာနော် (ဟုတ်ပါတယ်ဆရာ)။ ဆောင်တတ်တဲ့ အာဟာရ ၄ မျိုးတဲ့၊ ကဗဠီကာရအာဟာရတစ်မျိုး ဖဿအာဟာရတစ်မျိုး

http://www.dhammadownload.com



မနောသဉ္စေတနာအာဟာရတစ်မျိုး ဝိညာဏအာဟာရတစ်မျိုး မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဆိုစမ်း (ကဗဠီကာရအာဟာရတစ်မျိုး၊ ဖဿအာဟာရတစ်မျိုး၊ မနောသဉ္စေနနာအာဟာရတစ်မျိုး၊ ဝိညာဏာအာဟာရတစ်မျိုးပါဆရာ)။ အေး ဝိညာဏ အာဟာရတစ်မျိုးနော် (ဟုတ်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် အာဟာရ ၄ မျိုးပေါ့ (ဟုတ်ပါတယ်ဆရာ)။ နောက်စောစောက ကဗဠီကာရ အာဟာရနဲ့ ကဗဠီကာရနဲ့ အာဟာရနဲ့ ငါခွဲပြီး ၄ ခုပြတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကဗဠီကာရအာဟာရဆိုတာ ဘာရလဲ စားစရာရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဝါးလို့ဖြစ်တာ စားလို့ဖြစ်တာ မျိုလို့ဖြစ်တာဆိုတဲ့ အစာရေစာရတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ သူလည်းဆောင်တတ်တာပဲတဲ့ သူလည်းအာဟာရခေါ်တာပဲ ဘာဖြစ်လို့အာဟာရခေါ် ဆောင်တတ်လို့အာဟာရခေါ် ဘာဆောင်လို့ ရုပ်အသစ်အသစ်ကိုဖြစ်အောင် ဆောင်ပေးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

နောက်တစ်ခါလာပြန်ပြီ ဖဿအာဟာရ၊ ဖဿအာဟာရ သူလည်းအာဟာရပဲတဲ့ သူလည်း ရုပ်အသစ်အသစ်ဖြစ်အောင် ဆောင်ပေးတာပဲ ဆောင်တတ်တဲ့သတ္တိရှိတာပဲနော် (ဟုတ်ပါတယ်ဆရာ)။ နောက်တစ်ခါလာပြန်ပြီ သူ့နောက်ကအာဟာရလာပြန်ပြီ မနောသဉ္စေတနာအာဟာရ သူလည်း အာဟာရပဲ၊ မနောသဉ္စေတနာအာဟာရဆိုတာ ဘယ်သူ့ခေါ်လဲ စေတနာခေါ်ပါတယ် မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ သူလည်းဆောင်ပေးနေတာပဲ နောက်တစ်ခါလာပြန်ပြီ ၄ နံပါတ် ဝိညာဏအာဟာရတဲ့ ဝိညာဏ်လည်းအာဟာရပါပဲ သူလည်းဘာဖြစ်လို့အာဟာရ၊ သူလည်း ဆောင်ပေးနေတာပဲ။ ဆောင်တတ်တဲ့တရား ၄ မျိုး၊ ဒါဆို အာဟာရဆိုရင် တို့လူစုကတော့ စားစရာချည်း မှတ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ အရပ်ထဲသုံးတာ အစာအာဟာရ အစာအာဟာရနဲ့ သုံးထားတော့ ကြော် အစာအာဟာရပဲလို့ ဒီလိုမှတ်မနေဘူးလား (မှတ်နေပါ တယ်ဆရာ)။ ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ မဟုတ်ဘူးတဲ့ စားကောင်းတာလဲ အာဟာရပဲတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဖဿဆိုတာလည်း အာဟာရပဲ၊ မနော သဉ္စေတနာဆိုတာလည်း အာဟာရပဲ၊ ဝိညာဏ်ဆိုတာလည်း အာဟာရပဲတဲ့၊ လေးမျိုး လေးစား ထွက်နေတယ် မထွက်ဘူးလား (ထွက်ပါတယ်ဆရာ)။ အေး အဲဒါလေးတွေ သူ့တရားကိုယ့်တရား သားနဲ့ သရုပ်အမိပ္ပာယ်နဲ့ ဒီလိုလာရတယ်။ ကောင်းပါပြီ အခု ကဗဠီကာရအာဟာရဆိုတဲ့ နံပါတ်တစ်တော့ ပြောလို့ရှင်းပါပြီ၊ ကဗဠီကာရဆိုတာ စားစရာသောက်စရာ အာဟာရက ဆောင်တတ်တာ၊ စားစရာသောက်စရာတွေစားလိုက်ရင် ရုပ်ကိုဆောင်နိုင်တဲ့သတ္တိရှိ၏။ ဒါကြောင့် ဒီအစားအစာလည်းပဲ အာဟာရထဲဖွင့်ထားပါသည်။ နံပါတ်နှစ် ဖဿအာဟာရ၊ ဖဿဆိုတဲ့ သဘောက စေတသိက် ဖဿစေတသိက်နော် (ဟုတ်ပါတယ်ဆရာ)။ ဖဿဆိုတာ မြန်မာလို ပြောတော့ တွေ့ထိတတ်တဲ့ သဘောလေးဟာ ဖဿပဲတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



တွေ့ထိတတ်တဲ့သဘောလေးသည် ဖဿစေတသိက်ခေါ်၏။ "တိဏ္ဏံ သင်္ဂတိ ဖဿော" တိဏ္ဏံ-တရားသုံးပါးတို့၏၊ သင်္ဂတိ-ပေါင်းဆုံခြင်းသည်၊ ဖဿော-ဖဿမည်၏၊ ဘယ်သူတွေပေါင်းတုန်း ဖဿလေးတစ်ခုလုပ်ပြီး၊ ဖဿဆိုတာ မျက်စိမှာဖြစ်တဲ့ဖဿ၊ နားမှာဖြစ်တဲ့ဖဿ၊ နှာခေါင်းမှာဖြစ်တဲ့ဖဿ၊ လျှာမှာဖြစ်တဲ့ဖဿ၊ ကိုယ်မှာဖြစ်တဲ့ဖဿ၊ စိတ်မှာဖြစ်တဲ့ဖဿ။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ၆ ဌာနနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊ ဖဿဖြစ်ပုံလေး ၆ မျိုး၊ ၆ နေရာကဖြစ်နေတယ် ဖဿနော် (ဟုတ်ပါတယ်ဆရာ)။

မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ် ၆ နေရာ မနေဘူးလား (နေပါတယ်ဆရာ)။ တစ်နေရာမှာ ဖဿတစ်မျိုးစီဖြစ်တတ်တယ်၊ ဖဿဖြစ်ပုံလေးတွေနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီနမူနာပြလေး စက္ခုမှာ မျက်စိမှာဖြစ်တဲ့ ဖဿပြောစမ်းပါ။ "တိဏ္ဏံ သင်္ဂတိ ဖဿော" တရားသုံးခုပေါင်းရင် ဖဿပဲလို့၊ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" စက္ခုဉ္စ-စက္ခုပသာဒရုပ်ကိုငင်း၊ ရူပေ စ-ရူပါရုံအဆင်းရုပ်ကိုငင်း၊ ပဋိစ္စ-စွဲ၍၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်သည်၊ သမ္ဘဝတိ-ဖြစ်၏။ တိဏ္ဏံ-ထိုတရားသုံးပါးတို့၏၊ သင်္ဂတိ-ပေါင်းဆုံမိခြင်းသည်၊ ဖဿော-ဖဿမည်၏။ ဖဿဆိုတာဒါပဲလို့ မျက်စိမှာဖြစ်တဲ့ ဖဿနော် (ဟုတ်ပါတယ်ဆရာ)။ တရားသုံးခုပေါင်းရင်ဖဿခေါ်တာပဲ နားလည်း ဒီအတိုင်းသွားပေါ့ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နားရယ် နှာခေါင်းရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ် ၆ ဌာန တစ်ခုချင်းတစ်ခုချင်း ဒီအတိုင်းသွား ဒါနမူနာပြလေး ပြော် ဖဿဆိုတာဒါခေါ်သကိုး၊ ဟုတ်ပြီလား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဖဿဟာလည်း အာဟာရပါပဲ သူလည်းဆောင်တတ်တာပဲ ဖဿအာဟာရနော် (ဟုတ်ပါတယ်ဆရာ)။ ပြီးတော့ တစ်ခါလာပြန်ပြီ မနောသဉ္စေတနအာဟာရ မနောသဉ္စေတနာအာဟာရဆိုတာ စေတနာလေးကိုလည်းပဲ အာဟာရခေါ်ပါတယ်၊ သူလည်း ဆောင်တတ်တာပဲနော် (ဟုတ်ပါတယ်ဆရာ)။ နောက်တစ်ခါလာပြန်ပြီ ဝိညာဏအာဟာရ-ဝိညာဏ်ဆိုတဲ့ သိစိတ်ကလေးကလည်းပဲ သူလည်းဆောင်တတ်တာပါပဲနော် (ဟုတ်ပါတယ်ဆရာ)။

ပြန်ကြည့်စမ်းကွယ် ဒါဖြင့် တို့အာဟာရဘယ်နှစ်မျိုးရ (အာဟာရ ၄ မျိုးရပါသွားပါပြီဆရာ)။ ကဗဠီကာရအာဟာရပြီးတော့ (ဖဿအာဟာရပါဆရာ)။ ပြီးတော့ (မနောသဉ္စေတနာအာဟာရ) ပြီးတော့ (ဝိညာဏ အာဟာရ) ထပ်ဆို (ကဗဠီကာရအာဟာရ၊ ဖဿအာဟာရ၊ မနောသဉ္စေတနာ အာဟာရ၊ ဝိညာဏအာဟာရ) ဝိညာဏအာဟာရ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ကဗဠီကာရအာဟာရရယ်၊ ဖဿအာဟာရရယ်၊ မနောသဉ္စေတနာအာဟာရ ရယ်၊ ဝိညာဏအာဟာရရယ် မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ပြန်ကြည့် ကဗဠီကာရ အာဟာရ၊ ဖဿအာဟာရ၊ မနောသဉ္စေတနာ အာဟာရ၊ ဝိညာဏအာဟာရ မှတ်မိရဲ့လား (ဟုတ်ပါ

http://www.dhammadownload.com



တယ်ဆရာ)။ ကဗဠီကာရအာဟာရကျတော့ ဘယ်သူ့ခေါ် (အစားအစာကိုခေါ်ပါတယ်ဆရာ)။ စားစရာ သောက်စရာတွေပေါ့ (ဟုတ်ပါတယ်ဆရာ)။ အစာတွေပေါ့ (ဟုတ်ပါတယ်ဆရာ)။ သူကျတော့ ကဗဠီကာရအာဟာရ (ဟုတ်ပါတယ်ဆရာ)။ ဪ သူလည်းဆောင်တတ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဆောင်တတ်လို့ အာဟာရခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာတွေဆောင်ပါလိမ့် (ရုပ်ကိုအသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်စေတတ်ပါတယ်ဆရာ)။ ဪ ရုပ်ကိုဆောင်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရုပ်အသစ်အသစ်ဖြစ်အောင် ဆောင်ပေးနေတယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဟုတ်ပြီ ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေး ဒါကဗဠီကာရအာဟာရ၊ ဒါကြောင့် ''ဩဇဋ္ဌမကံ ရူပံ အာဟရတိ''–ဩဇဋ္ဌမကံ ရူပံ–ဩဇာလျှင်ရှစ်ခုမြောက်သော ရုပ်တရားတို့၊ အာရတိ–ဆောင်တတ်၏။ မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဖဿအာဟာရကျတော့ ဘာဆောင်သလဲဆိုတော့ ''ဖဿော တိဿော ဝေဒနာ'' ဖဿ အာဟာရကျတော့ ဝေဒနာသုံးပါးကိုဆောင်တယ်။ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ဖဿအာဟာရကျတော့ ဘယ်သူ့ဆောင်တုန်း (သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဒေါမနဿဝေဒနာဆောင်ပါတယ်ဆရာ)။ ဒေါမနဿခွဲထား ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ဆိုစမ်းပြန်ပြီးတော့ (သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာပါဆရာ)။ မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ''ဖဿော တိဿော ဝေဒနာ'' ဖဿော–ဖဿအာဟာရသည်၊ တိဿော ဝေဒနာ–ဝေဒနာသုံးပါးကို၊ အာဟရတိ–ဆောင်၏။ ဒီလိုလား (ဟုတ်ပါတယ်ဆရာ)။ မနောသဉ္စေတနာဟာရသင်္ခါတံ ကုသလာကုသလကမ္မံ တီသု ဘဝေသု ပဋိသန္ဓိ'' မနောသဉ္စေတနာအာဟာရခေါ်ထားတဲ့ စေတနာကျတော့ ကာမဘဝ၊ ရူပဘဝ အရူပဘဝဆိုတဲ့ ဘဝသုံးပါးကိုဆောင်၏။ မှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ မနော သဉ္စေတနာ အာဟာရက ဘာကိုဆောင်တယ် (ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝကို ဆောင်ပါတယ်ဆရာ)။ ဘဝသုံးပါးကို ဆောင်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ''ဝိညာဏာဟာရသင်္ခါတံ ပဋိသန္ဓိ ဝိညာဏံ သဟဇာတနာမရူပေ အာဟရတိ'' ဝိညာဏာဟာရသင်္ခါတံ–ဝိညာဏ အာဟာရ ဆိုအပ်သော၊ ပဋိသန္ဓိဝိညာဏံ–ပဋိသန္ဓိဝိညာဏ်သည်။ သဟဇာတရူပေ–သဟဇာတ်ရုပ်တို့ကို၊ အာဟရတိ–ဆောင်၏။ မှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဝိညာဏအာဟာရကျတော့ ဘာ ဆောင်တယ် (ပဋိသန္ဓေနာမ်ရုပ် ၂ ပါးကို ဆောင်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ၊ ဒါသူ့ဆောင် စရာလေးနဲ့ သူပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ကဗဠီကာရအာဟာရကျတော့ မင်းတို့ ငါတို့မှာ ရုပ်အသစ်အသစ်ကို ဆောင်ပေးနေတယ် စားတဲ့အစာတွေ မှတ်မိလား (ဟုတ်ပါတယ် ဆရာ)။ ဒါကြောင့် ဒီစားစရာသောက်စရာတွေလည်း အာဟာရတစ်မျိုး၊ ဖဿလည်းပဲ

http://www.dhammadownload.com



ဆောင်တတ်တယ်။ ဘာတွေဆောင်တတ်လဲ ဝေဒနာသုံးပါးကိုဖြစ်အောင် ဆောင်ပေးနေတယ် ဒါကြောင့် ဖဿလည်းအာဟာရတစ်မျိုးနော် (ဟုတ်ပါတယ်ဆရာ)။ စေတနာခေါ်ထားတဲ့ မနော သဉ္စေတနာလည်းပဲ သူလည်းပဲဆောင်တတ်တယ်။ ဒါကြောင့် သူလည်းပဲ အာဟာရထဲ သွင်းထားတယ်။ မနောသဉ္စေတနာအာဟာရ သူကတော့ ဘယ်သူ့ဆောင်တုန်းဆိုတော့ ဘဝသုံးပါးကို ဆောင်တယ်။ ဝိညာဏ်ဆိုတဲ့ စိတ်ကလေးကလည်းပဲ ဆောင်တတ်တယ်တဲ့။ ဆောင်တတ်လို့ သူလည်းပဲ အာဟာရသွင်းထားတယ် ဝိညာဏအာဟာရ။ သူက ဘယ်သူ့ဆောင်တုန်း ပဋိသန္ဓေ နာမ်ရုပ် ၂ ပါးကို ဆောင်တတ်တယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

အေး ဒါကြောင့်ပြန်ကြည့် ကဗဠီကာရအာဟာရတစ်မျိုး ဖဿအာဟာရတစ်မျိုး ဖဿ အာဟာရနော် (ဟုတ်ပါတယ်ဆရာ)။ မနောသဉ္စေတနာအာဟာရတစ်မျိုး။ ဝိညာဏအာဟာရ တစ်မျိုးမှတ်မိရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ထပ်ဆိုစမ်း (ကဗဠီကာရအာဟာရတစ်မျိုး၊ ဖဿ အာဟာရတစ်မျိုး၊ မနောသဉ္စေတနာအာဟာရတစ်မျိုး၊ ဝိညာဏအာဟာရတစ်မျိုးပါဆရာ)။

ကဗဠီကာရ အာဟာရ–တရားထောက်က တစ်ယောက်ပြောင်းပြန်ပေါ့။ မနေ့ညက မင်းလာ တယ် (လာပါတယ်ဆရာ)။ မင်းနဲ့ငါတွေ့ကြပြန်ပြီ အောင်တင်ဟော့ ဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ငါတော့ နောင်ကြွင်နေပေါ့ မင်းကျယ်ကျယ်ပြောပါ (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ မင်း မနေ့ကလာတော့ ငါပြသွားတဲ့ မနေ့ညကပြီးကာနီးမှာ ကဗဠီကာရအာဟာရဆိုတာ ကဗဠီကာရက တစ်ခု၊ အာဟာရကတစ်ခု။ ကဗဠီကာရက ရှင်းရှင်းပြောရင် အစာကိုခေါ်တယ်နော် (ဟုတ်ပါတယ် ဆရာ)။ အာဟာရကဆောင်တာခေါ်တယ်၊ ဒီတော့ ပေါင်းလိုက်တော့ ဒီအစာကိုစားခြင်းကြောင့် ရုပ်အသစ်အသစ်ကိုဆောင်သည် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မသေတာ ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ ရှင်းသွားပြီပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒီကဗဠီကာရအာဟာရ၊ ကဗဠီကာရ ဖယ်ထား၊ ဒါဖြင့် အာဟာရက မင်းတို့ငါတို့ မသေအောင် အသက်ရှင်အောင် ဆောင်ပေးနေတယ်ဆိုတဲ့ အဓိပ္ပါယ်မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ အေး အေး အဲဒီအာဟာရတစ်ခါခွဲထွက်လာတော့၊ ဒီအစာဆိုတဲ့ အာဟာရတင် မဟုတ်သေးပါဘူးတဲ့ ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ ဝိညာဏ်အာဟာရ အာဟာရ ၄ မျိုး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒါလေး တို့မနေ့ညကပြသွားတယ်၊ ဒီကဗဠီကာရနဲ့အာဟာရခွဲကြည့်တော့ တို့လူစုဒီကဗဠီကာရမှာပဲ ဒီစားစရာသောက်စရာဆိုတဲ့ အစာမှာပါလာသောဩဇာဓာတ်ရဲ့ အဓိပ္ပါယ် ကိုပဲ တို့ကြည့်ခဲ့တာ ၃ ညရှိပြီနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ကဗဠီကာရလို့ခေါ်ထားတဲ့ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်ဆိုတဲ့အစာမှာပါလာသော ဩဇာဓာတ်ရဲ့အဓိပ္ပါယ်လေးယှဉ်ပြီးတော့ ပြလာတာ။ ဒါဖြင့် ဒီဩဇာဓာတ်သည် ကဗဠီကာရမှာပါလာသော ဩဇာဓာတ်ဆိုတော့ ဒီဩဇာဓာတ်ကိုး က ဒီမှာမှတ်ကြောင်းလက္ခဏာအနေနဲ့ ပြနေတာဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ

http://www.dhammadownload.com



မှတ်ကြောင်းလက္ခဏာ ပြထားတဲ့ဩဇာဓာတ်ကို မြန်မာလိုအဆီလို့ပြန်ထားတော့ အဆီပါမှ ဩဇာဓာတ်မှတ်မှာစိုးလို့ အဲဒီကဗဠီကာရခေါ်ထားတဲ့ ငါတို့သူငါလူတကာတွေ စားသုံးနေတဲ့ ထမင်းအဖျော်ယမကာ မုန့်ပဲသွားရည်စာ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်၊ ပြီးတော့ဒီတိရစ္ဆာန်များ စားသောက်နေကြတဲ့ မြက်ခြောက် ကောက်ရိုး အစရှိသည်အားဖြင့် ဒီလိုအစာတွေ ဘာပဲဖြစ်ဖြစ် အောက်ထစ်ဆုံးအနေအားဖြင့် ရွှံ့ညွှံစားနေတဲ့ တီလေးရဲ့အစာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကဗဠီကာရတွေပေါ့ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီကဗဠီကာရခေါ်ထားတဲ့ ဒီအစာတွေစားခြင်းကြောင့် ဆောင်တတ်တယ်၊ ဘယ်သူကဆောင်၊ ဒီအစာတွေကဆောင်တယ်။ ဒီအစာတွေကဆောင်တယ်ဆိုတော့ အစာတွေက ဘာကိုဆောင်သလဲမေးတော့ ရုပ်အသစ်အသစ်ကို ဆောင်တယ်။ ရုပ်အသစ်အသစ်တွေဆက်ကာဆက်ကာဖြစ်အောင် လုပ်ပေးလို့ သတ္တဝါများဟာ အသက်ရှင်နေကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် ဒီအစာတွေက အမှန်ကတော့ ရုပ်အသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ်ဆိုတဲ့နေရာမှာ ဒီအစာတွေက တိုက်ရိုက်အားဖြင့် လုပ်ပေးတာမဟုတ်ဘူး ဒီအစာတွေမှာပါလာတဲ့ဩဇာဓာတ်က လုပ်ပေးတယ်။ ဒါလေးသိအောင် ဆိုပြီးတော့ ဩဇာဓာတ်နဲ့အစာနဲ့ ခွဲခွဲ ခွဲခွဲပြီးတော့ ပြနေတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ဩဇာဓာတ်ဟာ သဘောမျှသက်သက်ကလေးပဲ၊ သဘောတရားသက်သက်ကလေးပဲဆိုတာ သိသွားပြီပေါ့နော် (သိသွားပါပြီဆရာ)။ ဒါကြောင့် သန္ဓေသားလေး အမိမျိုချအပ်တဲ့ အစာမှာပါလာတဲ့ ဩဇာဓာတ်က အထောက်အပံ့ပေးလို့ သန္ဓေသားသူငယ်လေးသည် ကြီးထွားလာရတယ် ကြီးပွားလာရတယ် အသက်ရှင်ရတယ် ထင်ရှားတယ် မဟုတ်လားကွာ (ထင်ရှားပါတယ်ဆရာ)။ အေး အေး လာပြီ၊ သစ်ပင် ဝါးပင်လေး မြေ ပထဝီရသ အာပေါရသ၊ မြေရေကိုအမှီပြုပြီးတော့ ပေါက်ရောက်နေတဲ့ သစ်ပင်လေးသည် အင်မတန်သေးငယ်တဲ့ ဘဝကနေပြီးတော့ တစ်ဖက်ပုဆိုးတစ်ပတ်အစရှိတဲ့ ကြီးကျယ်တဲ့အဖြစ်ရောက်လာတာ ဒီလိုတိုးပွား လာတာ၊ ကြီးထွားလာတာ မြေတွေဝင်လာသလား ရေတွေဝင်လာသလား မြေလည်းမဝင်ပါဘူး ရေလည်းမဝင်ပါဘူး။ ဘာကြောင့် သူ့ခွဲကြည့် မြေဝင်လာရင်မြေသားတွေတွေ့မှာပေါ့။ ရေဝင်လာရင် ရေတွေတွေ့မှာပေါ့။ အခု မြေလည်းမဝင် ရေလည်းမဝင်ဘူးဆိုတော့ ဒါဖြင့် ဘယ်သူက လုပ်ပေးသလဲဆိုတော့ မြေမှာရေမှာပါလာသော ဩဇာဓာတ်က အထောက်အပံ့ပေးလို့ ဟုတ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ ဒီကဗဠီကာရဆိုတဲ့သဘာဝမှာပါလာသော ဩဇာဓာတ်ရဲ့ အဓိပ္ပါယ်ရှင်းပြီပေါ့ (ရှင်းပါပြီဆရာ)။ အေး ရှင်းသွားပြီ သဘောတရားသက်သက်ကလေးပဲ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်သော သဘောတရားသည် ဩဇာဓာတ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် "အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ"။ အတ္တနော–မိမိ၏၊

http://www.dhammadownload.com



ဥဒယာနန္တရံ–ဖြစ်ပြီးသည်အခြားမဲ့၌၊ ရူပံ–ရုပ်အသစ်အသစ်ကို၊ ဇနေတိ–ဖြစ်စေတတ်၏။ ဣတိ တသ္မာ–ထို့ကြောင့်၊ ဩဇာ–ဩဇာမည်၏။ ဩဇ် ဩဇာဓာတ်ဆိုတာ အခြားမဟုတ်ဘူး။ သူဖြစ်လို့ရှိရင် သူမှတစ်ပါးအခြားသော ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်ပေးတတ်တဲ့ သတ္တိ။ ဒါဖြင့် သူသတ္တဝါ ၃၁ ဘုံ အကုန်ခြုံကြည့်တော့ သတ္တဝါများဟာ အစာအာဟာရမှီဝဲနေတဲ့ သတ္တဝါများဟာ ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်လို့ မသေတာဘဲဆိုတာ ထင်ရှားဘူးလား ကွဲ့ (ထင်ရှားပါတယ်ဆရာ)။ အေး ဒါကြောင့် ကဗဠီကာရဆိုတဲ့ အဓိပ္ပါယ်တော့ပြီးရော၊ ပြီးတော့ ကောင်းပါပြီ သူ့နောက်ကတွဲထားတဲ့ အာဟာရဆိုတာဘာလဲ ကဗဠီကာရက စားသုံးစရာ၊ အာဟာရက ဆောင်တာ။ ဒီနှစ်ပုဒ်တွဲတော့ ဘာအဓိပ္ပါယ်တုန်း အစာစားသုံးစရာစားခြင်းကြောင့် ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်၏။ ဆောင်စေတတ်၏ဆိုတော့ ဒီတော့ အာဟာရကဆောင်တဲ့ အဓိပ္ပါယ်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)။ အဲဒီ ဆောင်တတ်တဲ့ အဓိပ္ပါယ် သတ္တဝါများ သူသူငါငါ ၃၁ ဘုံအကုန်ခြုံကြည့်ရင် သက်ရှိသတ္တဝါတွေ၊ မသေမကြေဘဲနဲ့ ဒီရုပ်အသစ်အသစ်ဖြစ်လာအောင် ဆောင်ပေးတယ်ဆိုတဲ့ အာဟာရ၊ ဒါအာဟာရ သဘောပေါ်လာ ပြီနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကောင်းပါပြီ ၃၁ ဘုံ အကုန်ခြုံကြည့်ရင် ရှိရှိသမျှသတ္တဝါတွေ အသက်မသေအောင် ရုပ်အသစ်အသစ်ဖြစ်အောင် ဆောင်ပေးတယ်ဆိုတဲ့ အာဟာရဘယ်နှစ်မျိုး ရှိသလဲလို့၊ ဒီလိုလာမှတစ်ခါ အာဟာရခွဲလို့ဖြစ်မယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် အစာရေစာခေါ်ထားတဲ့ ကဗဠီကာရအာဟာရကတစ်မျိုး ဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဒါကြောင့် တို့အားလုံးပဲသတ္တဝါတွေ သိကြတယ်ပေါ့ကွယ် စားကောင်းတယ် သောက် ကောင်းတယ် မျိုကောင်းတယ် ခဲကောင်းတယ် လျက်ကောင်းတယ် အစာတွေနော် (ဟုတ်ပါ တယ်ဆရာ)။ အဲဒါရုပ်အာဟာရခေါ်တယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ထမင်းတို့ မုန့်ပဲသွား ရေစာတို့ အဖျော်ယမကာတို့ တောတိရစ္ဆာန်များစားနေတဲ့ မြက်ခြောက်တို့ ကောက်ရိုးတို့ သစ်ရွက်တို့ မြက်စိုတို့ ဒါတွေကရုပ်တွေမဟုတ်လား (ရုပ်တွေပါဆရာ)။ အဲဒါရုပ်အာဟာရလို့ ဒီလိုမှတ်၊ ဒါပဲလားမေးတော့ မဟုတ်ပါဘူး၊ အာဟာရက ရုပ်အာဟာရတင် မဟုတ်ပါဘူး နာမ်အာဟာရက တစ်ခါလာပါပြီ၊ ဘယ်သူတုန်း ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ ဝိညာဏအာဟာရ ဒီလိုမျိုးထွက်လာပြီနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေး တို့မနေ့ညက စသွား ပါတယ်။ ဒါဖြင့် ကဗဠီကာရအာဟာရခေါ်ထားတဲ့ အစာရေစာနဲ့ပတ်သက်သော အာဟာရသည် ဖဿအာဟာရဆိုတာဘာလဲလို့ ဒီလိုမေး၊ မနေ့ညကပြသွားတဲ့အတိုင်း "ကဗဠီကာရောဟာရော ဟိ ဩဇဋ္ဌမကရူပံ အာဟရတိ" သေသေချာချာကြည့်။ ဟိ–ချဲ့ဦးအံ့၊ ကဗဠီကာရောဟာရော– ကဗဠီကာရအာဟာရသည်၊ ဩဇဋ္ဌမကရူပံ–ဩဇာလျှင် ရှစ်ခုမြောက်သောရုပ်တရားကို၊ အာဟရတိ– ဆောင်တတ်၏။ ဖဿော–ဖဿအာဟာရသည်၊ တိဿော–သုံးပါးကုန်သော၊ ဝေဒနာ–ဝေဒနာ

http://www.dhammadownload.com



တို့ကို၊ အာဟရတိ–ဆောင်တတ်၏။ မနောသဥ္စေတနာအာဟာရော–မနောသဥ္စေတနာ အာဟာရသည်၊ တိသော ဘဝေ–ကာမဘဝ ရူပဘဝ အရူပဘဝခေါ်တဲ့ ဘဝသုံးပါးကို၊ အာဟရတိ–ဆောင်တတ်၏။ ဝိညာဏာဟာရသင်္ခါတံ–ဝိညာဏအာဟာရဆိုအပ်သော၊ ပဋိသန္ဓိပဋိဝိညာဏံ–ပဋိသန္ဓိဝိညာဏ်သည်၊ သဟဇာတနာမရူပေ–ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကို၊ အာဟရတိ–ဆောင်တတ်၏။ ဒါနာမ်အာဟာရသုံးမျိုးတိုးတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ခုန ရုပ်အာဟာရပြောပြီးပြီ မဟုတ်လား (ပြောပြီးပါပြီဆရာ)။ နာမ်အာဟာရသုံးမျိုးတိုးတယ် ဖဿအာဟာရ၊ မနောသဥ္စေတနာအဟာရ၊ ဝိညာဏအာဟာရဆိုတာ ဒါနာမ်တရားချည်းပဲ။ ဖဿလည်း ဖဿစေတသိက် ကောက်တယ်၊ မနောသဥ္စေတနာအာဟာရက စေတနာကောက်တယ်၊ ဝိညာဏအာဟာရက စိတ်ကို ကောက်ပါတယ်။ ဩော် သူတို့လည်းအာဟာရတွေပဲ၊ ဘာကြောင့် သူတို့အာဟာရခေါ်လဲ၊ စားလည်း မစားရဘဲနဲ့ ဘာကြောင့်အာဟာရ၊ သူတို့လည်းပဲ မင်းတို့ငါတို့ရဲ့ သတ္တဝါများရဲ့ ဘုံသုံးပါးရှိတဲ့ သတ္တဝါများရဲ့ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်အောင် ဆောင်တတ်တဲ့ သတ္တိရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒီတော့ တို့လူစုတွေ မြင်တာကတော့ အစာစားမှုအသက်ရှင်တယ်။ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်ဆိုတဲ့ အစာတွေစားမှ အသက်ရှင်တယ်။ ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်တယ် ဘာဖြစ်လို့ စားတဲ့အစာတွင်ပါလာသောဩဇာဓာတ်က အသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ် ဒီလိုပဲနားလည်ရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်ဆိုတဲ့ အစာအာဟာရမဟုတ်တော့ မဆောင်ဘူးလားမေးတော့ မဟုတ်ပါဘူးတဲ့ ဆောင်ပါတယ်တဲ့၊ မစားရမသောက်ရပေမဲ့နော် (ဟုတ်ပါတယ်ဆရာ)။ အစာအာဟာရမဟုတ်ပေမဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ကာဆက်ကာဖြစ်အောင် လုပ်ပေးနိုင်ပါတယ် ဆောင်တတ်ပါတယ်၊ ဘယ်သူတွေလဲမေးတော့ စောစောကပြောတဲ့ ဖဿအာဟာရ၊ မနောသဥ္စေတနာအာဟာရ၊ ဝိညာဏအာဟာရ၊ ဖဿအာဟာရဆိုတာဘာတုန်း ဖဿစေတသိက်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် "ဖဿော တိဿော ဝေဒနာ အာဟရတိ"။ ဖဿော–ဖဿ အာဟာရသည်၊ တိဿော–သုံးပါးကုန်သော၊ ဝေဒနာ–ဝေဒနာတို့ကို၊ အာဟရတိ–ဆောင်တတ်၏။ ဟော – ဖဿဆိုတဲ့ သဘောတရားလေးပေါ်လာပြီ။ သူကဘယ်သူ့ဆောင်သလဲဆိုတော့ ဝေဒနာသုံးပါးကိုဆောင်တယ်။ ဝေဒနာသုံးပါးကဘယ်သူတုန်း၊ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့ ဒါမင်းတို့ငါတို့ကိုယ်မှာ အမြဲတစေဖြစ်နေတဲ့ တရားသုံးပါးကိုးကွ နော် (ဟုတ်ပါတယ်ဆရာ)။ စိတ်မှာ ဝမ်းမြောက်စရာလေး မင်းစိတ်ထဲမှာ ဝမ်းသာစရာဝမ်းမြောက်စရာလေးတွေတွေ့ရင် ဒီတွေ့တဲ့အာရုံရဲ့ အရသာလေး မင်းခံစားမှုသဘောပေါ်လာနော် (ဟုတ်ပါတယ်ဆရာ)။ ဝမ်းသာစရာတွေ့ပြီ တွေ့တဲ့ အာရုံရဲ့အရသာခံစားမှု ခံစားတာဘယ်သူတုန်း ဝေဒနာ ခံစားကာမျှသဘောလေးသည် ဝေဒနာ

http://www.dhammadownload.com



ဘယ်သူခံစားတုန်း၊ အာရုံရဲ့အရသာလေး ခံစားကာမျှသည့် ဝေဒနာ။

ဒါကြောင့် ဝေဒနာကျတော့ "ဝေဒယိတလက္ခဏာ" ခံစားခြင်းလက္ခဏာရှိတယ်၊ ဘာခံစားတုန်း ပေါ်လာတဲ့အာရုံရဲ့အရသာခံစား၊ ပေါ်လာတဲ့အာရုံက ဘာအာရုံတုန်း ကြိုက်တဲ့အာရုံလား မကြိုက်တဲ့အာရုံလား ဟာ ကြိုက်တဲ့အာရုံမို့လို့ သောမနဿအာရုံ ခေါ်တာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ တစ်ခါလာပြန်ပြီ ဒေါမနဿဝေဒနာလို့၊ နှလုံးမသာစရာ စိတ်မချမ်းသာစရာဆိုတဲ့ သတင်းစကားကြားတယ်၊ အာရုံတစ်ခုတွေ့တယ်ဆို ဒီအာရုံရဲ့အရသာလည်းခံစားမှု သဘောလေးရှိတာပဲ သူလည်းဝေဒနာပဲနော် (ဟုတ်ပါတယ်ဆရာ)။ သူ့ကျတော့ဘယ်လိုဖြစ်သလဲ စိတ်မချမ်းမမြေ့ဘဲနဲ့ ခံစားရတော့ ဒေါမနဿဝေဒနာလို့ ဒီလိုခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာဒါရုံ၊ တို့ စောစောကပါ တစ်ခါခွဲပြောခဲ့ပြီ ကိုယ်ကြိုက်တဲ့ အာရုံလေးကျတော့ ဣဋ္ဌာရုံ၊ ကိုယ်မကြိုက်တဲ့ အာရုံကျတော့ အနိဋ္ဌာရုံနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဣဋ္ဌာရုံ ကြိုက်တဲ့အာရုံလေးတွေ့ပြီဆိုမှ သောမနဿဖြစ်တယ်၊ မြန်မာလိုပြန်တော့ ဝမ်းသာတယ် ကြိုက်တယ် နှစ်သက်တယ် မြတ်နိုးတယ်။ မကြိုက်တဲ့အာရုံကျတော့ ဘာဖြစ်သလဲ သည်းမခံနိုင်ဘူး စိတ်ဆိုးတယ် နှလုံးနာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါ ဘာတုန်း ဒေါမနဿဝေဒနာ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ၊ ကြိုက်လွန်းတဲ့အာရုံလည်းမဟုတ် မကြိုက်လွန်းတဲ့အာရုံလည်းမဟုတ် မတုန်မလှုပ်ဆိုတဲ့ သဘာဝကြားအာရုံလေးကျတော့ ဒီအာရုံမြင်လိုက်ရင် ကြိုက်သည်လည်းမဟုတ်၊ မကြိုက်သည်လည်းမဟုတ် မပြောနိုင်ဘူး။ သူ့ကျတော့ ဘာလဲမေးတော့ သူ့ကျလည်း ဒီအာရုံ ခံစားတာပဲ၊ မခံစားဘဲ ဘယ်တော့မှမနေဘူး မြင်လိုက်ရင်ခံစားတာချည်းနော် (ဟုတ်ပါတယ်ဆရာ)။ တို့လူစုက ခံစားတယ်ဆိုတာက မြိန်မြိန်ရှက်ရှက်ကြီး သေသေချာချာသိသိသာသာ ထမင်းစားသလို ဟင်းစားသလိုစားမှ ခံစားတယ်ထင်နေတာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမဟုတ်ပါဘူး၊ ကြိုက်တဲ့အာရုံလေးတွေ ကြိုက်လိုက်တယ်ဆိုရင် ဒါခံစားမှုပါ၊ မကြိုက်တဲ့အာရုံ၊ မကြိုက်ဘူးဆိုရင် ခံစားမှုသဘောလေးနော် (ဟုတ်ပါတယ်ဆရာ)။ ကြိုက်၊မကြိုက်ဆိုတဲ့ အာရုံကျတော့ ဒါဥပေက္ခာဝေဒနာလို့၊ ဟော ဝေဒနာသုံးမျိုးမြင်ရဲ့လား (မြင်ပါတယ်ဆရာ)။ အဲဒီဝေဒနာသုံးမျိုးက မင်းတို့ငါတို့ နေ့စဉ်နဲ့အမျှ တိုးနေတဲ့ အာရုံ ၃ ပါးပါကွနော် (ဟုတ်ပါတယ်ဆရာ)။ မင်းတစ်နေ့လုံးကို တွက်ကြည့်ပါလား၊ မင်းမျက်စိထဲမြင်တာတွေ မင်းနားကြားတာ နှာခေါင်းနံတာ လျှာမှာစားတာ ကိုယ်မှာထိတာ စိတ်ထဲကစဉ်းစားတာ၊ အာရုံ ၆ ပါးလုံး တစ်ခုတစ်ခုလျှောက်ကြည့်၊ မင်းတစ်နေ့လုံးမြင်နေဆိုတဲ့ ရူပါရုံတစ်ခုထဲပြောကြစို့၊ မင်းတစ်နေ့လုံးမြင်နေတာ မင်းကြိုက်တဲ့အာရုံလေးလားဆို မင်းဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)။ မကြိုက်တဲ့အာရုံလည်း မြင်မိတာပဲဟုတ်လား (မြင်မိပါတယ်ဆရာ)။ အေး အေး ဒါဖြင့် ကြိုက်သည်လည်းမဟုတ်၊ မကြိုက်သည်လည်းမဟုတ်ဆိုတဲ့ ကြားအာရုံလည်း

http://www.dhammadownload.com



မြင်တာပေါ့ (မြင်ပါတယ်ဆရာ)။ အဓိပ္ပါယ်အားဖြင့်ကွာ မင်းထူးထူးဆန်းဆန်းအာရုံလေး တော်တော်ကောင်းတဲ့ ဣဋ္ဌာရုံလေးကျတော့ မင်းမြင်လိုက်ရင်ကြိုက်တယ် သိတယ်ပေါ့နော် (ဟုတ်ကဲ့ မကြိုက်ပါဘူးဆရာ)။ မင်းမနှစ်သက်တဲ့ အာရုံကိုမြင်လိုက်ရင် မနှစ်သက်ဘူးပေါ့ (မနှစ်သက်ပါဘူး ဆရာ)။ ဒါဖြင့် မင်းသွားနေကျလမ်းမှာ အဓိပ္ပါယ်အားဖြင့် မင်းဖဝါးအောက်က တစ်ခုပြီးတစ်ခု ရိုပ်ကနဲ ရိုပ်ကနဲပေါ်လာတဲ့ ကျောက်ခဲတွေမြင်တော့ မင်းကြိုက်သေးသလား (ကြိုက်သည်လည်းမဟုတ် မကြိုက်သည်လည်းမဟုတ်ပါဆရာ)။ ဗြော် ကြိုက်လည်းမကြိုက်ဘူး၊ မကြိုက်ဘူးလည်း မဟုတ်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ မထူးဘူးပေါ့၊ ဒါပေမဲ့ ဒီအာရုံတော့ မြင်သွားတယ်မဟုတ်လား (မြင်တော့မြင်ပါတယ်ဆရာ)။ မြင်သွားရင် ဒီခံစားမှုသဘောလေးကပါပါသွားတယ်နော် (ဟုတ်ပါတယ် ဆရာ)။ အဲဒါ ဥပေက္ခာဝေဒနာ။

ဒါဖြင့် တို့တစ်နေကုန်တစ်နေ့ခန်းကွာ သွားလာနေကြတာ မျက်စိနဲ့မြင်တဲ့အာရုံမှုကိုပဲ ကြိုက်တဲ့အာရုံ မကြိုက်တဲ့အာရုံ ကြိုက်သည်လည်းမဟုတ် မကြိုက်သည်လည်းမဟုတ်ဆိုတဲ့ အာရုံ ဒီအာရုံ ၃ ပါးလွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)။ ဒါဝေဒနာတွေ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဆရာ)။ အဲဒါ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာ တစ်ခါလာပြန်ပြီ နားကကြားတဲ့အသံလည်း ဒီသုံးမျိုးသွားတယ် မဟုတ်လား (ဒီသုံးမျိုးပဲသွားပါတယ်ဆရာ)။ နှာခေါင်းနံ့တဲ့အနံ့ရော (ဒီသုံးမျိုးပဲသွားပါတယ်ဆရာ)။ လျှာမှာစားတဲ့ အရသာရော (ဒီသုံးမျိုးပဲ သွားပါတယ်ဆရာ)။ ကိုယ်မှာတွေ့ထိတဲ့ အတွေ့အထိကရော (ဒီသုံးမျိုးပဲသွားပါတယ်ဆရာ)။ မင်းစိတ်ထဲမှာ တစ်ခါတစ်ခါစိတ်ကူးကြံစည်နေတဲ့ အာရုံတွေကျတော့ကော (ဒီသုံးမျိုးပဲသွားပါတယ် ဆရာ)။ ဒီသုံးမျိုးသုံးမျိုးစီ သွားနေတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါ သေသေ ချာချာကြည့်၊ ဒီအာရုံသုံးမျိုးလာလာတွေ့တာ ဘာကြောင့်လဲမေးတော့ ဖဿကြောင့်နော် (ဟုတ်ပါတယ် ဆရာ)။ ဖဿကြောင့်တဲ့၊ ဖဿဆိုတာ ဘာလဲမေးတော့ မနေ့ညကငါနမူနာပြခဲ့ပါတယ်။

"စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" စက္ခုဉ္စ– စက္ခုပသာဒ အကြည်ရုပ်ကလေးကိုရင်း၊ ရူပေ စ–မြင်ကောင်းတယ်ဆိုတဲ့ ဝဏ္ဏာစာတ်အဆင်းရုပ် တို့ကိုရင်း၊ ပဋိစ္စ–စွဲ၍၊ စက္ခုဝိညာဏံ–မြင်စိတ်ကလေးသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ တိဏ္ဏံ–စက္ခုပသာဒ ရူပါရုံ စက္ခု ဝိညာဏ်ဆိုတဲ့ တရားသုံးပါး၏၊ သင်္ဂတိ–ပေါင်းဆုံမိခြင်းသည်၊ ဖဿော–ဖဿမည်၏။ ခုနပြောတဲ့ ကြိုက်စရာကောင်းတဲ့အာရုံ မကြိုက်စရာကောင်းတဲ့အာရုံ ကြိုက်သည်လည်းမဟုတ် မကြိုက်သည်လည်းမဟုတ်ဆိုတဲ့ အာရုံတွေကိုကြည့်စမ်းပါ။ ဒီအာရုံ ၃ ခု မင်း စက္ခုပသာဒ အကြည်ရုပ်ကလေးရယ် မြင်ကောင်းတယ်ဆိုတဲ့ ရူပါရုံအဆင်းရုပ်ရယ် တိုက်လိုက်တယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ တိုက်တော့ဘာပေါ်သလဲ စက္ခုဝိညာဏ်စိတ် (စက္ခုဝိညာဏ်စိတ် ပေါ်လာ ပါတယ်ဆရာ)။ မြင်စိတ်ကလေးပေါ်လာတယ် ဟုတ်လား (မြင်စိတ်ကလေးပေါ်လာပါတယ်ဆရာ)။

http://www.dhammadownload.com



သြော် ဒီလို ပေါ်လာမှမြင်တယ်ပေါ့။ (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒီသုံးခုပေါင်းလိုက်ရင် ဘာခေါ် ဖဿ (ဖဿခေါ်ပါတယ်ဆရာ)။ ရဲရဲပြော မှားလို့ဘယ်ရောက်သွားသွားနော် (ဟုတ်ပါ တယ်ဆရာ)။ ပရိသတ်ကြောက်သလား (မကြောက်ပါဘူးဆရာ)။ မင်း တရားထောက်လုပ်နေတာ ငါကြားဖူးပါတယ် (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှဲ့ဘယ့်နှဲ့ လုပ်လာတယ်ဆိုတာ ငါမပြောတတ်ပါ ဘူး၊ စက္ခုပသာဒရုပ်၊ ရူပါရုံရုယ် စက္ခုဝိညာဏ်စိတ်ရယ် သုံးခုပေါင်းရင် ဖဿဖြစ်တယ် မဟုတ် လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီသုံးခုပေါင်းမှုလည်းပဲ မင်းခုနပြောတဲ့ ကြိုက်တယ်ဆိုတဲ့ အာရုံကို မင်းကြိုက်ဖြစ်မယ် မဟုတ်လား (ဖြစ်ပါမယ်ဆရာ)။ မကြိုက်ဘူးဆိုတဲ့ အာရုံကိုလည်း မကြိုက်ဘူးဆိုတာ ဖြစ်မယ်မဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ကြိုက်သည်လည်းမဟုတ် မကြိုက် သည်လည်းမဟုတ်ဆိုတဲ့အာရုံလည်းပဲ ဒီကျမှုဖြစ်မယ်မဟုတ်လား (ဟုတ်ကဲ့ဆရာဖြစ်ပါတယ်ဆရာ)။ သြော် ဒါဖြင့်ရင် ဒီတရားသုံးခုပေါင်းခြင်းသည် ဖဿမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ သြော် ဒါကြောင့် ဖဿသည် "ဖဿော တိဿော ဝေဒနာ အာဟရတိ" ဖဿော–ဖဿအာဟာရသည်၊ တိဿော–သုံးပါးကုန်သော၊ ဝေဒနာ–ဝေဒနာတို့ကို၊ အာဟရတိ–ဆောင်တတ်၏။

သြော် ဖဿဟာ ဝေဒနာသုံးပါးကိုဆောင်တတ်တယ်၊ ဆောင်ခြင်းကိစ္စကို ပြတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ကောင်းပါပြီ မနောသဉ္စေတနာအာဟာရ ပြောပါဦးမယ် "မနောသဉ္စေ တနာဟာရော အာယူဟမာနောယေဝ အာဟရကိစ္စံ သာဓေတိ"။ မနောသဉ္စေတနာဟာရော– မနောသဉ္စေတနာဆိုတဲ့ အာဟာရသည်၊ အာယူဟမာနောယေဝ–အားထုတ်ခါမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေတတ်၏။ မနောသဉ္စေတနာအာဟာရကျတော့ အားထုတ်ကာမျှလေးနဲ့ ဆောင်ခြင်းကိစ္စပြီးပါတယ်၊ ဆောင်ပုံလေးတွေ ပြနေတယ်နော် (ဟုတ်ပါတယ် ဆရာ)။ ဒါဖြင့် ကောင်းပါပြီ မနောသဉ္စေတနာအာဟာရက ဒီအားထုတ်ကာမျှလေးနဲ့ ဆောင်ခြင်း ကိစ္စပြီးတယ်ဆိုတော့ သူဆောင်တာကလည်းပဲ "တယော ဘဝေ"လို့ ပြထားတယ်၊ ဘဝသုံးပါး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ "မနောသဉ္စေတနာဟာရော တယော ဘဝေ အာဟရတိ" မနောသဉ္စေတနာဟာရော– မနောသဉ္စေတနာအာဟာရသည်၊ တယော–သုံးပါးကုန်သော၊ ဘဝေ– ဘဝတို့ကို၊ အာဟရတိ–ဆောင်တတ်၏။ သူဆောင်ပုံလေးပြောစမ်းပါဆိုတော့ သူက အားထုတ် ကာမျှလေးဆိုတာတခြားမဟုတ်ပါဘူး၊ လုံ့လပယောဂပြုတာလေး ပြောတာနော် (ဟုတ်ပါတယ် ဆရာ)။ ဒီတော့ မနောသဉ္စေတနာ အာဟာရတရားကိုယ်ကောက်တော့ ဘာရသလဲမေးတော့ စေတနာကိုကောက်ပါတယ်၊ စေတနာ စေတနာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီစေတနာကိုပဲ မြတ်စွာဘုရားကိုယ်တော်မြတ်က "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"လို့ ဟောထားတော့ စေတနာဟာ ကံပဲ။

ဒါဖြင့် ကောင်းပါပြီ ဒီမနောသဉ္စေတနာအာဟာရခေါ်ထားတဲ့ စေတနာလေးဟာဘဝသုံးပါးကို

http://www.dhammadownload.com



ဆောင်တယ်ဆိုတော့ ဆောင်ပုံဆောင်နည်းလေးပြစမ်းပါ၊ ကြည့်ကွယ် တို့ပဋိစ္စသမုပ္ပါဒ်လိုက်ဖူးတဲ့ ပုဂ္ဂိုလ်များ ပိုထင်ရှားပါတယ်။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဒီနေရာလေး သေသေချာချာကြည့်စမ်းပါ၊ သင်္ခါရ ၃ မျိုး၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ အဲဒါ အခုပြောတဲ့ မနောသဉ္စေတနာအဟာရပဲလို့။ မနောသဉ္စေတနာခေါ်ထားတဲ့ အာဟာရတွေ စေတနာတွေနော် (ဟုတ်ပါတယ်ဆရာ)။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒီစေတနာတွေက ဘဝသုံးပါးကိုဆောင်တယ် ဘုံ ၃ ပါးကို ဆောင်တယ်ဆိုတော့ ဆောင်ပုံလေးပြစမ်းပါ ဘုံသုံးပါးတည်နေပုံကြည့်ပါဦး အပါယ် ၄ ဘုံရယ်၊ လူ့ဘုံရယ်၊ နတ်ပြည် ၆ ထပ်ရယ် ပေါင်းလိုက်တော့ဘယ်လောက်ရှိ (၁၁ ဘုံရှိပါတယ်ဆရာ)။ အပါယ် ၄ ဘုံရယ် လူ့ဘုံရယ် ၅ ဘုံ မဟုတ်ဘူးလား (၆ ဘုံပါဆရာ)။ ဟောဗျာ မင်းနဲ့ငါနဲ့တွေ့ပြီ၊ သာသနာငါးထောင်နဲ့ ခြောက်ထောင် ငြင်းသလိုကျနေ၊ အပါယ်လေးဘုံနဲ့လူ့ဘုံနဲ့ထည့်လိုက်တော့ ငါးဘုံမဟုတ်လား (ငါးဘုံပါဆရာ)။ နတ်ပြည် ၆ ထပ်ထည့်တော့ရော (၁၁ ဘုံပါဆရာ)။ ဩော် ၁၁ ဘုံ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒါ ကာမ ၁၁ ဘုံ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကာမဘဝ၊ ရူပဘဝကျတော့ ရူပဘုံဆိုတာက တစ်ဆယ့်ခြောက်ဘုံ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အရူပဘဝကျတော့ အရူပလေးဘုံ ကြည့်စမ်းကွယ် ခုနငါရေပြတဲ့ ကာမ ၁၁ ဘုံရယ်၊ ရူပဘုံက ၁၆ ဘုံရယ်၊ အရူပ ၄ ဘုံရယ် ပေါင်းလိုက်တော့ ဘုံ ၃၁ ဘုံရှိတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဘုံအားဖြင့်ရေတွက်ရင် ၃၁ ဘုံ ဘဝအားဖြင့် ရေတွက်တော့ ၃ ပါး ကာမဘဝ ရူပဘဝ အရူပဘဝ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။

အဲဒီ ၃၁ ဘုံကြီးဖြစ်အောင် လုပ်ပေးနေတာ ဘယ်သူလဲလို့ လက်သည်ရှာကြည့်စမ်း၊ ကာမ ၁၁ ဘုံဖြစ်အောင် လုပ်ပေးနေတာ၊ ရူပ ၁၆ ဘုံဖြစ်အောင် လုပ်ပေးနေတာ။ အရူပ ၄ ဘုံ ဖြစ်အောင် လုပ်ပေးတာ ဘယ်သူတွေလဲ လျှောက်ကြည့်တော့ အခုပြောတဲ့ မနောသဉ္စေတနာတဲ့ စေတနာပါတဲ့၊ ဒီစေတနာလုပ်ပေးနေတာ နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒီမနောသဉ္စေတနာဆိုတဲ့ စေတနာပါတဲ့ သူလုပ်ပေးနေတာတဲ့ ကြည့်လေ ဟုတ်လားမဟုတ်လားလို့။ ဒီ ၃၁ ဘုံဟာ ဘာကြောင့် ဖြစ်သလဲဆို ဖြစ်ချင်လို့ဖြစ်တာမဟုတ်ပါဘူး ဖြစ်အောင်လုပ်လို့ဖြစ်တာတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှယ့်ဖြစ်အောင်လုပ်သလဲဆိုတော့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အကုသိုလ်တရားတွေ ကျင့်ကြံနေရင် အကုသိုလ်တရားကံတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ သေတော့ဘယ်သွားမတုန်း (အပါယ် သွားပါမယ်ဆရာ)။ ဟော အပါယ်လေးဘုံ အဲဒီအကုသိုလ်ကံ လုပ်ပေးနေတာ နားလည်လား (နားလည်ပါတယ်ဆရာ)။ အဲဒီ အကုသိုလ်ကံသာမလုပ်လို့ရှိရင် ဒီသတ္တဝါအတွက် အပါယ်လေးပါး ရှိပါဦးမလား (မရှိနိုင်ပါဘူးဆရာ)။ အပါယ်ဘုံမရှိပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။

တစ်ခါလာပြန်ပြီ၊ တို့ ဒါန သီလအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်

http://www.dhammadownload.com



အလုပ်လုပ်၊ သေတော့လူမဖြစ်ဘူးလား ဘယ့်နှယ့်ဖြစ်ကုန် (ဖြစ်ပါတယ်ဆရာ)။ သေတော့ လူဖြစ်တယ်ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ဒါနကုသိုလ် သီလကုသိုလ်လုပ်ရင် သေရင်လူဖြစ်တယ် ဟုတ်လား (ဖြစ်ပါတယ်ဆရာ)။ ဟော ဘယ့်နှယ့်ဖြစ် ငါတောင်ပြန်မသင်္ကာဘူး ဒါနကုသိုလ် သီလကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေလုပ်ရင် သေပြီးအခြားမဲ့၌ လူမဖြစ်ဘူးလား (ဖြစ်ပါတယ် ဆရာ)။ နတ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဟုတ်ရောဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ငါ့ရှေ့ယုံရဲ့လား (ယုံပါတယ်ဆရာ)။ ဒီလို လုပ်စမ်းပါကွာနော်၊ ဩော် ဒါနကုသိုလ် သီလကုသိုလ် ဆိုတဲ့ ကုသိုလ်ကံတရားတွေလုပ်ရင် သေပြီးအခြားမဲ့၌ လူဖြစ်တယ် နတ်ဖြစ်တယ်ပေါ့ (ဟုတ်ပါတယ် ဆရာ)။ အဲဒီလူ့ဘုံ နတ်ဘုံတွေက ဒါန သီလဆိုတဲ့ ကုသိုလ်ကောင်းမှုလုပ်လို့ဖြစ်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အကယ်တန္တု ဒါနကုသိုလ် သီလကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေမလုပ်ရင် ဒီပုဂ္ဂိုလ်အတွက် လူ့ဘုံ နတ်ဘုံ ဖြစ်ပါဦးမလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူးနော် (ဟုတ်ပါတယ် ဆရာ)။ နားကြားလည်းလွဲနေဦးမယ် ဒါနကုသိုလ် သီလကုသိုလ်တွေမလုပ်ရဘူးဖြစ်နေဦးမယ်။ ဒီဘုံ ၃၁ ဖြစ်လာပုံ စေတနာကပို့ပုံပြောနေတာနော်၊ ဒါဖြင့်ရင် လူ့ဘဝ နတ်ဘဝ၊ လူ့ဘုံ နတ်ဘုံဖြစ်အောင်လုပ်ပေးတာ ဘယ်သူလဲဆိုတော့ အခုနပြောတဲ့ ဒါန သီလဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်တဲ့ ကုသိုလ်စေတနာ၊ သူပို့တာမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ ဩော် သူပို့လိုက်တာလို့၊ လူဖြစ်လာတယ် နတ်ဖြစ်လာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကုသိုလ်စေတနာလေးတွေကပို့တယ် မဟုတ်လား (ကုသိုလ်စေတနာလေးတွေပို့ပါတယ်ဆရာ)။

နောက်တစ်ခါလာပြန်ပြီကွာ ရူပါဝစရဆိုတဲ့ ဈာန်သမထဆိုတဲ့ ရူပကုသိုလ်ကို ကြိုးစား အားထုတ်ပွားများ လုပ်ပြန်တော့ သေပြီးအခြားမဲ့၌ ရူပါဝစရ ၁၆ ဘုံဆိုတဲ့ ပြဟ္မာတွေ မဖြစ်ဘူး လား (ဖြစ်ပါတယ်ဆရာ)။ ဒါဖြင့် ရူပါဝစရကုသိုလ်စေတနာဆိုတဲ့ စေတနာက ပို့တာမဟုတ်ဘူးလား (ပို့ပါတယ်ဆရာ)။ ကုသိုလ်ဆိုတဲ့ စေတနာက ပို့တာမဟုတ်ဘူလား (စေတနာကပို့တာပါဆရာ)။ ဩော် ရူပါဝစရ ၁၆ ဘုံဆိုတဲ့ ပြဟ္မာဘုံဖြစ်လာတဲ့ ရူပါဝစရ ကုသိုလ်စေတနာကပို့သည် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အထက်ဘုံခေါ်ထားတဲ့ အရူပပြဟ္မာ ၄ ဘုံကျပြန်တော့ လာပြန်ပြီ၊ အရူပါဝစရကုသိုလ်တရားတွေကြိုးစားလို့ ဈာန်သမထတွေ ပွားများအားထုတ်တော့ အဲဒီကုသိုလ်ကံစေတနာလေးကပို့လိုက်တော့ သေပြီးအခြားမဲ့ အရူပပြဟ္မာ ၄ ဘုံ ရောက်ပြန်ပြီ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အရူပပြဟ္မာ ၄ ဘုံ၊ အထက်ဘဝဂ် ၄ ဘုံသည် ဘယ်သူလုပ်လို့ရောက်သလဲ၊ ဘယ်သူ့ကြောင့်ဖြစ်သလဲဆိုတော့ အရူပါဝစရကုသိုလ်စေတနာက ပို့လိုက်လို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်ကွယ် သေသေချာချာ အကုသိုလ် စေတနာရယ်၊ ကာမာဝစရကုသိုလ် စေတနာရယ်၊ ရူပါဝစရကုသိုလ် စေတနာရယ်၊ အရူပါဝစရ ကုသိုလ်စေတနာရယ် အဲဒီစေတနာ ၄ ပါးနော် (ဟုတ်ပါတယ်ဆရာ)။ အကုသိုလ်စေတနာက

http://www.dhammadownload.com



အပါယ်လေးပါး ရောက်အောင်ပို့၏ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကာမာဝစရကုသိုလ်စေတနာက လူ့ဘဝ နတ်ဘဝရောက်အောင်ပို့၏။ ရူပါဝစရ ကုသိုလ်စေတနာက ရူပါဝစရ ၁၆ ဘုံရောက်အောင်ပို့လိုက်၏။ အရူပါဝစရကုသိုလ်စေတနာက အရူပ ၄ ဘုံရောက်အောင် ပို့လိုက်သည် ဆိုတော့ ၃၁ ဘုံကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)။

ဒါဖြင့် ၃၁ ဘုံ ခုနပြောသလို ဘဝအားဖြင့် ပိုင်းလိုက်တော့ ကာမဘဝရယ် ရူပဘဝရယ် အရူပဘဝ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ အဲဒီ ဘဝသုံးပါးဆိုတဲ့ ၃၁ ဘုံရောက်အောင် ပို့နေတာဘယ်သူလဲဆိုတော့ ခုပြောနေတဲ့ စေတနာမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် "မနောသဉ္စေတနာဟာရော တယော ဘဝေ အာဟရတိ" မနောသဉ္စေတနာ ဟာရော– မနောသဉ္စေတနာခေါ်တဲ့ စေတနာတရားသည်၊ တယော ဘဝေ–ဘုံသုံးပါးတို့ကို၊ အာဟရတိ– ဆောင်တတ်၏။ ဟုတ်ကဲ့လား ငါပြောတာ (ဟုတ်ပါတယ်ဆရာ)။ စေတနာတဲ့ သူလည်းဆောင်တာ ပဲတဲ့၊ ဒါဖြင့် ခုနငါပြောတဲ့ ကဗဠီကာရအာဟာရဆိုတော့ တို့စားစရာ သောက်စရာဆိုတဲ့ အစာ တည်းဟူသော ကဗဠီကာရသာလျှင် မင်းတို့ငါတို့ကို ရုပ်အသစ်အသစ်ဖြစ်အောင် ဆောင်ပေးတတ် သလားမေးတော့မဟုတ်ပါဘူး၊ ဖဿလည်းဆောင်ပေးတာပဲနော် (ဟုတ်ပါတယ်ဆရာ)။ စေတနာ လည်း ဆောင်ပေးတာပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဖဿအဟာရဆောင်ပုံ ပြသွားပြီ၊ မနောသဉ္စေတနာအာဟာရ စေတနာ ဆောင်ပုံပြသွားပြီ။

ဝိညာဏာဟာရသင်္ခါတံ–ဝိညာဏအာဟာရဆိုအပ်သော၊ ပဋိသန္ဓိပဋိဝိညာဏံ–ပဋိသန္ဓိ ဝိညာဏ်သည်၊ သဟဇာတနာမရူပေ–ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကို၊ အာဟရတိ–ဆောင်တတ်၏။ ကြည့် – ဝိညာဏ်ဆိုတဲ့စိတ်ကလေး နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဝိညာဏ်ဆိုတဲ့ စိတ်ကလေးဟာ ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကို ဆောင်တတ်တယ်၊ ဘယ့်နှယ့်လုပ်ဆောင်ပါလိမ့်၊ သူဆောင်လိုက်တဲ့ ပဋိသန္ဓေနာမ် ရုပ်နှစ်ပါးကလည်းပဲ ဆောင်လို့ကိုမဆုံးနိုင်ဘူး နိဗ္ဗာန်မရောက်မချင်းပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ နိဗ္ဗာန်ရောက်တော့ ပဋိသန္ဓေနေသေးသလား (မနေတော့ပါဘူးဆရာ)။ မနေဘူးဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကျယ်ကျယ်ပြော သြော် နိဗ္ဗာန်ရောက်မှ ပဋိသန္ဓေ ငြိမ်းသွားတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ၊ ဒီတော့ ဝိညာဏ်အာဟာရလေး ဆောင်ပုံပြစမ်းပါဆိုတော့ ဝိညာဏ်ဟာတဲ့ ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကို အမြဲတစေ ဖြစ်စေတတ် တယ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ကြည့် မင်းတို့ငါတို့ ဟိုဘက်ဘဝကနေပြီးတော့ တစ်ခုခုသော ဘဝက စုတိစိတ်ကျလာ၊ စုတိစိတ်ဆိုတာ ဟိုဘက်ဘဝ နောက်ဆုံးသေတာပေါ့ကွာ နော် (ဟုတ်ပါတယ်ဆရာ)။ နောက်ဆုံးပဲနောက်ဆုံးပဲ၊ ဟိုဘက်ဘဝက စုတိစိတ်ကျတော့ နောက်ဆုံး စုတိရုပ် ဆိုပြီးတဲ့နောက်ကို ဒီဘက်ဘဝလာ ပဋိသန္ဓေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒီတော့ ပဋိသန္ဓေဆိုတာ ဒီဘက်ဘဝမှာ ပထမဦးဆုံး အစဦးဖြစ်တဲ့ တရားပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



စုတိနောက် ပဋိသန္ဓေလို့၊ အဲဒီ စုတိနဲ့ပဋိသန္ဓေစုတိက ဟိုဘက်ဘဝနောက်ဆုံးစိတ်။

ပဋိသန္ဓေက ဒီဘက်ဘဝမှာ အစဆုံးစိတ်ကလေး၊ ဟော သူတို့နှစ်ခုလည်းပဲ သေသေချာချာ ကြည့်ရင်မဝေးပါဘူး ကပ်လျက်သားရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့ ဟိုဘက်ဘဝ ကနေနောက်ဆုံး စိတ်ကလေးကလည်း ဥပါဒ် ဌီ ဘင် ခဏယ် ၃ ချက်တိပျက်၊ ပျက်ပြီးသည်နှင့် တစ်ပြိုင်နက် ဒီဘက်ပဋိသန္ဓေစိတ် အသစ်ကလေးက ဥပါဒ်ကစပြီးတော့ ဥပါဒ် ဌီ ဘင်လို့ ဖြစ် လိုက်တာပဲ ဒီတော့ ဆက်လျက်သားမနေဘူးလား (နေပါတယ်ဆရာ)။ အဲဒီစုတိနဲ့ ပဋိသန္ဓေ ဆက်စပ်နေတယ်ဆိုတော့ ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝဝေးသေးသလားဟ (မဝေးပါဘူးဆရာ)။ ဘယ်လောက်ကွာတုန်း ဝေးမှန်းတော့သူသိတယ် ဘယ်လောက်ဝေးမှန်းသူမသိဘူး မမှန်းလောက် သေးဘူးလားဟေ ဘယ်လောက်ဝေးတုန်း မင်းစိတ်ထဲဘယ်လောက်ဝေးတယ်ထင်တုန်းဟ ကဲ ကျော်အောင် (ဥပါဒ် ဌီ ဘင်)။ အေး ဟုတ်ပြီ ဥပါဒ် ဌီ ဘင် ကိုင်း (စိတ်တစ်ခဏ)။ ဩော် စိတ်တစ်ခဏ၊ ပြီးတော့ ဒါပဲသိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ စိတ်တစ်ခဏတော့ သိတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဟိုဘက်ဘဝတုန်းက နောက်ဆုံးစိတ်ကလေးက စုတိစိတ်ကလေးက ဥပါဒ် ဌီ ဘင် ခဏသုံးချက်ပဲ အသက်ရှင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဘက်ဘဝက ပထမဆုံးဖြစ်တဲ့ ပဋိသန္ဓေစိတ်ကလေးကရော (ခဏယ်သုံးချက်ပဲ ရှိပါတယ် ဆရာ)။ ဩော် ဒီခဏယ်သုံးချက်ပဲလား (ဟုတ်ပါတယ်ဆရာ)။ သူတို့နှစ်ခုဘာထူးတုန်းဟ မထူးဘူးပေါ့ (မထူးပါဘူးဆရာ)။ စုတိစိတ်လည်းအတူတူ ပဋိသန္ဓေစိတ်လည်း အတူတူပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် စုတိစိတ်ချုပ်ပြီးရင် ပဋိသန္ဓေစိတ်ပေါ်လာတယ် ဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဒါဖြင့် ပျက်ပြီးဖြစ်တာပဲ ဆက်လျက်သားသွားနေ၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ် ဆရာ)။

ဒါဖြင့် ဟိုဘက်က စုတိစိတ်ကလေးချုပ်ပြီးရင် ဒီဘက်က ပဋိသန္ဓေစိတ် အသစ်ကလေး က ဖြစ်တာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဆက်လျက်သားမနေဘူးလား (ဆက်လျက်သားနေပါတယ် ဆရာ)။ ဆက်လျက်သားနေတယ် ဟိုဘက်ဘဝဟောင်းနဲ့ ဒီဘက်ကဘဝသစ် နားလည်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတာ သေသေချာချာလည်းကြည့် သဘောလေးတွေ ရှင်းသွားအောင်၊ သံသရာအစကတည်းက တို့လူစုတွေ ဒီလိုပဲလာတယ်။ ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝအကူးမြန် အထူးအားဖြင့် ဝေးနေတယ် နီးနေတယ် မှတ်မနေကြနဲ့၊ တချို့လည်းရှင်တုန်း လူ့ပြည်ကနေပြီးတော့ သေသွားတော့ စုတိစိတ်ကျသွားတယ်၊ နတ်ပြည် သွားဖြစ်တယ်ဆိုတော့ နတ်ပြည်နဲ့တို့လူ့ပြည်က အနည်းဆုံးအားဖြင့် တာဝတိံသာနတ်ပြည်ဖြစ်တယ် ထားဦးတော့ တာဝတိံသာနတ်ပြည်က မြင်းမိုရ်တောင်ထိပ်ဖျားမှာတည်နေတော့ ယူဇနာပေါင်းရှစ် သောင်းနဲ့လေးထောင်ရှိတယ် လူ့ပြည်ကနေတွက်ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)။ ယူဇနာပေါင်း

http://www.dhammadownload.com



ရှစ်သောင်းလေးထောင်ဝေးတဲ့၊ မြင့်တဲ့တာဝတိံသာနတ်ပြည်သွား နတ်ဖြစ်တယ်ဆိုတော့ လူ့ဘဝ စုတိစိတ်ကျပြီး အတော်ရောက်အောင်သွားနေရတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်နေတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အင်မတန်မြင့်တဲ့ ဗြဟ္မာပြည်ဆိုတာ ထားဦးတော့။

အဲဒီလို ဝေးကွာနေတဲ့ သဘာဝလေးတွေမြင်တော့ ဟိုဘက်ဘဝက စုတိစိတ် နောက်ဆုံး စုတိကျလာတော့ သေခြင်းဆိုတဲ့ စုတိစိတ်ကလေးနဲ့ ဒီဘက်ဘဝ အသစ်ဖြစ်တဲ့ ပဋိသန္ဓေစိတ် တချို့လည်းအတော်ကြီးဝေးတယ်ထင်၊ တချို့လည်းနီးစပ်တယ်ထင်၊ အဓိပ္ပါယ်အားဖြင့် အရှေ့ဘက်အိမ်က ပြေးသွား အနောက်ဘက်အိမ်ဝင်စားတယ်ဆို ကပ်လျက်သား၊ ဒါတော့ မဝေးဘူးဟဲ့ ဒီလို ထင်ရင်ထင်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ မဟုတ်ပါဘူးတဲ့၊ ဟိုဘက်ဘဝ ဟောင်းက နောက်ဆုံးဆိုတဲ့သေခြင်းတည်းဟူသော စုတိစိတ်ကလေးနဲ့ ဒီဘက်ဘဝကဖြစ်တဲ့ အစဆုံး ပဋိသန္ဓေစိတ်နဲ့ ဆက်လျက်သားနေကြတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အကြားမရှိပါဘူး နဂိုကနောက်ဆုံး စိတ်ကလေးလည်း ဥပါဒ် ဋ္ဌီ ဘင် ခဏငယ်သုံးချက်ရှိ ပျက်သွားတယ် ဟိုကလည်းပျက် ဒီကလည်းဆက်ပေါ်သွားတယ်၊ စုတိနောင် ပဋိသန္ဓေလို့ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ ကပ်လျက်သား ကပ်လျက်သား တစ်ဘဝနဲ့တစ်ဘဝခြားနေတာမဟုတ်ပါဘူး ဆက်လျက်သားသွားတယ်၊ အခု ပစ္စက္ခလည်းဒီလိုပါပဲ မင်းနဲ့ငါနဲ့ အခုစကားပြောနေတဲ့အခါမှာ မင်းသိနေတဲ့ မင်းမှာဖြစ်နေတဲ့ စိတ်ကလေးတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)။ အဲဒီ စိတ်ကလေး တွေဟာလည်းပဲ စိတ်တစ်လုံးတစ်လုံးမှာ ဥပါဒ် ဋ္ဌီ ဘင် ပျက်သွားပြီ၊ နောက်တစ်လုံးဖြစ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီ နောက်တစ်လုံး ဥပါဒ် ဋ္ဌီ ဘင်ပျက်သွားပြီ နောက်တစ်လုံးဖြစ် ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ ဒီအတိုင်းပဲ ဘာမှမထူးဘူး။

ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝ ဟိုဘက်ဘဝ ဒီဘက်ဘဝ သမ္ဗုတိအနေအားဖြင့် ခေါ်ထားတာ စိတ်ကလေးတွေကတော့ (ဥပါဒ် ဋ္ဌီ ဘင်) (ဥပါဒ် ဋ္ဌီ ဘင်) (ဥပါဒ် ဋ္ဌီ ဘင်) ဒီလိုသွားနေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ မြန်မာလိုပြန်တော့ ဖြစ် တည် ပျက်၊ ဖြစ် တည် ပျက်၊ ဖြစ် တည် ပျက်၊ ဟော တည်ဆိုတာ ဋ္ဌီကာလ ဥပါဒ်ရယ် ဋ္ဌီရယ် ဘင်ရယ်လို့ ဋ္ဌီကာလထည့်သာဟောတယ် ဘုရားကိုယ်တော်မြတ်က အဘိဓမ္မာ ၇ ကျမ်းပါဠိတော် ဋ္ဌီကာလ ထည့်တောင်မဟောဘူး ဖြစ်ပျက် ဖြစ်ပျက် ဒီလိုလာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အင်မတန်မြန်တဲ့သဘောလေး ဒါပေမဲ့ ဟိုဘက်ဘဝ စုတိစိတ်ကျ၊ ဒီဘက်ဘဝ ပဋိသန္ဓေဆိုတော့ ဟိုဘက်ဘဝနဲ့ဒီဘက်ဘဝ မဝေးဘူးပေါ့ (မဝေးပါဘူးဆရာ)။ ဒါပေမဲ့ တို့လူစုထင်ထားတာက အတော်ကြီးခြားနားနေတယ်လို့ထင်တယ် အတော့်ကိုဝေးတယ်ထင်တယ် လူတစ်ယောက်စုတိစိတ်ကျသွားပြီဆိုမှဖြင့် သေသွားပြီဆိုမှဖြင့် အဲဒါ ဟိုဘက်ဘဝ မရောက်သေးဘဲနဲ့ ဒီဘက်ဘဝကလည်းသေသွား၊ ဒီဘက်ဘဝလည်း လွတ်သွားပြီ ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဟိုဘက်ဘဝလည်း ဘာမှမဖြစ်သေးဘဲနဲ့ အဲဒီအကြားမှာ

http://www.dhammadownload.com



ယောင်လည်ယောင်လည်နဲ့ ဒီလိုနေတယ်ထင်တယ် တို့လူစုက ယောင်လည်ယောင်လည်နဲ့ ဘာဆိုလဲ မပြောနိုင်ဘူးပေါ့ကွာ၊ ဒါကြောင့် ကြည့်ပါလား တို့လူစုသေပြီးလို့ သချိုင်းကုန်းမသာချအပြီး သစ်ခက်ကလေးချိုးပြီးတော့ မသာမြှုပ်တဲ့နေရာကနေ နုတ်ဆက်ခေါ်လာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါရန်ကုန်ပြောတာပါ၊ ပစ္စက္ခုပြောတာမဟုတ်ဘူး သစ်ခက်ကလေးခေါ်လာ ဒီကျတော့ သူ့အသက်ပျောက်တဲ့နေရာလေး အဝတ်ကလေးဘာလေးခင်းပြီးတော့ အဲဒီသစ်ခက်ကလေးတင်ထား ခေါ်လာခေါ်လာ ဟိုကခေါ်လာတယ်၊ ဒီအတိုင်းပဲနေကြတာပဲအိမ်မှာ။ အဲဒါ ဘယ်တော့မှ ဒီသစ်ခက်ကလေးနဲ့ နေရာလေး သိမ်းမလဲဆိုတော့ ၇ ရက် ရက်လည်ဆွမ်း မတကာဘတ္တဆိုတဲ့ ဆွမ်းသွတ်ပြီးမှ ဒါလေး သစ်ရွက်ကလေးဖယ်လိုက်၊ ဘာသဘောလဲဆိုတော့ ၇ ရက်ပြည့်တော့ သူကျွတ်သွားပြီတဲ့ ဘဝသစ်ပြောင်းသွားနော် (ဟုတ်ပါတယ်ဆရာ)။ ဒါနဲ့စောစောကဘယ်နေလဲဆိုတော့ မပြောတတ်ဘူးတဲ့၊ သချိုင်းမှာလိုလို ဟိုတမာပင်မှာလိုလို ဟိုကုက္ကိုလ်ပင်မှာလိုလို ညောင်ပင်ကြီးမှာလိုလို ဒီလိုဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဟောပြီးတော့ ခုနစ်ရက်ပြည့်မှ သူဘဝသစ်ရောက်သွားတယ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။

ကြည့် ကြည့် တို့လူစုအစွဲကလည်းအဲဒီလိုရှိကြတယ်၊ ဒီမှာ စုတိနဲ့ပဋိသန္ဓေဆက်လျက်သားနေတဲ့ သဘောလေးကတော့ လုံးလုံးမှနားမလည်ကြဘူးနော် (ဟုတ်ပါတယ်ဆရာ)။ စုတိနဲ့ပဋိသန္ဓေဆက်လျက်နေတယ်၊ စုတိနောက်ပဋိသန္ဓေပဲဆိုတာ ပဋိသန္ဓေဆိုတာဘဝသစ်ပါ မှတ်ထားမဝေးပါဘူး။ နောက်ဆုံးတစ်နေ့ ခုနပြောတဲ့ ၃၁ ဘုံအထက်ဖျားဆိုတဲ့ အကနိဋ္ဌဘုံ ဖြစ်စေကာမူ လူ့ဘဝ စုတိစိတ်ကျခဏပဲတဲ့၊ စုတိနောက် ပဋိသန္ဓေဆိုတာ အကနိဋ္ဌဘုံမှာပဲ ဖြစ်နေနော် (ဟုတ်ပါတယ်ဆရာ)။ ဘဝ ဘဝ အဲဒီလိုသွား၊ အဲဒါလေးလည်း ပြတ်ပြတ်သားသား နားလည်ရမယ် ဒီတရားလေးတွေ ဆင်ခြင်တုံ့တရားပိုရှိရမယ်၊ ပြတ်သားပြီးသားဖြစ်ရမယ် နားလည်ပြီးသားဖြစ်ရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါလေး နားလည်တော့ ဘာဖြစ်သလဲဆိုတော့ ခုန အယူလေးတစ်မျိုးပြောင်းပြန်ပေါ့ကွာ၊ သချိုင်းကုန်းက သစ်ကိုင်းကြီးနဲ့ခေါ်လာတာတွေ ပျောက်လိုပျောက်နော် (ဟုတ်ပါတယ်ဆရာ)။ ခုနစ်ရက်အတွင်းဘယ်မှမသွား အိမ်ရှိလေရဲ့ ဒါမျိုးတွေလည်း ပျောက်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူကဘဝသစ် ဖြစ်ချင်ရာဖြစ်ပေါ့၊ စောစောကပြောပါတယ် ဂတိ ၅ ပါး လားချင်ရာလားပေါ့၊ စုတိနောင်ပဋိသန္ဓေဆိုတာသွားပါပြီ စုတိစိတ်ပြီးရင် ပဋိသန္ဓေဖြစ်သွားပြီ ကိုယ်ကသာဘာမှမသိ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါလေးတွေပြန်ကြည့်။

ဒီတော့ ကောင်းပါပြီ၊ တို့ အပါယ်လေးပါးရယ် လူ့ဘုံရယ် ၅၊ နတ်ပြည်ခြောက်ထပ် ၁၁၊ ဒီ ၁၁ ဘုံကျတော့ ကာမ ၁၁ ဘုံလည်းခေါ်တယ် ကာမဘဝလည်း ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ သူ့အထက် ရူပါဝစရ ၁၆ ဘုံကျတော့ ရူပါဝစရ ၁၆ ဘုံလို့လည်းခေါ်တယ်

http://www.dhammadownload.com



ရူပဘဝလို့လည်းခေါ်တယ်၊ သူ့အထက် အရူပ ၄ ဘုံကျတော့ အရူပါဝစရ ၄ ဘုံလို့လည်း ခေါ်တယ်၊ အရူပဘဝလို့လည်းခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီ ၃၁ ဘုံ ဘဝနဲ့တွဲလိုက်တော့ ကာမဘဝ ရူပဘဝ အရူပဘဝ မနေဘူးလား (နေပါတယ်ဆရာ)။ ဒါကြောင့် "မနောသဉ္စေတနာ တယော ဘဝေ အာဟရတိ"။ မနောသဉ္စေတနာဟာရော– မနောသဉ္စေတနာ–ဆိုတဲ့ အာဟာရသည်၊ တယော ဘဝေ–ကာမဘဝ ရူပဘဝ အရူပဘဝ ဆိုတဲ့ ၃–ပါးကို၊ အာဟရတိ–ဆောင်တတ်၏။ ဟော ဒီဘဝ ၃ ပါးဖြစ်အောင်လုပ်ပေးတာဘယ်သူတုန်း စေတနာမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)။ အေး ဟုတ်ပြီ ကောင်းပါပြီ ဝိညာဏအာဟာရပြောစမ်းပါ ဝိညာဏအာဟာရဆိုတာဘာလဲလို့၊ အေး အဲဒီ ဝိညာဏအာဟာရလေးပဲ ခုပြနေတာ၊ ဝိညာဏ်ဆိုတဲ့ စိတ်ကလေးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ သေသေချာချာကြည့်ကွာ၊ "သင်္ခါရပစ္စယာ ဝိညာဏံ"လို့ အခုန ဘုံ ၃ ပါးဖြစ်အောင် လုပ်ပေးတာ၊ ဘဝသုံးပါးဖြစ်အောင်လုပ်ပေးတာ သင်္ခါရလို့ ဝိညာဏ် ပြောစမ်းပါဆိုတော့ "သင်္ခါရပစ္စယာ ဝိညာဏံ"လို့။ အဲဒီစေတနာလေးတွေ မင်းတို့ငါတို့ ကုသိုလ် အကုသိုလ်ဆိုတဲ့ စေတနာလေးတွေ ကြိုးစားအားထုတ်အလုပ်လုပ်တော့ သေပြီးအခြားမဲ့ ဟိုဘက်ဘဝစုတိစိတ်ကျ နော် (ဟုတ်ပါတယ်ဆရာ)။ ဟောဒီဘက်ဘဝလာပြီးတော့ ပထမဆုံး ပဋိသန္ဓေလို့၊ စုတိနောင် ပဋိသန္ဓေ လာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒီပဋိသန္ဓေဟာ ဘာလဲမေးတော့ အဲဒါ ဝိညာဉ်ပဲတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ "သင်္ခါရပစ္စယာ ဝိညာဏံ" ပဋိစ္စသမုပ္ပါဒ် ဒေသနာ လာတဲ့အတိုင်းပါ။ သင်္ခါရပစ္စယာ–စေတနာသုံးမျိုးသုံးစားတည်းဟူသော သင်္ခါရကြောင့်၊ ဝိညာ ဏံ– ဒုတိယဘဝအသစ်၌ ပထမဆုံးဖြစ်သော ပဋိသန္ဓေဝိညာဉ်သည်၊ သမ္ဘဝတိ–ဖြစ်၏။ စုတိနောင် ပဋိသန္ဓေဆိုတာ ဒီမှာ ပဋိသန္ဓေဝိညာဏ်ကို ပြဋ္ဌာန်းပြီးတော့ ဘုရားကိုယ်တော်မြတ် ဟောသွားတာ နော် (ဟုတ်ပါတယ်ဆရာ)။ ဘာဝိညာဏ်လဲ၊ ဟော ဒီဘက် ဘဝသစ်လာဖြစ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဘယ်သူတုန်း ဝိညာဏ်နော် (ဟုတ်ပါတယ်ဆရာ)။ ပဋိသန္ဓေဝိညာဏ်လာဖြစ် တယ်၊ အဲဒီ ပဋိသန္ဓေဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်တစ်ခုထဲ လာဖြစ်သလားဆို မဟုတ်ပါဘူးတဲ့။ ဝိညာဏ်ပြဋ္ဌာန်းလို့ ပဋိသန္ဓေဝိညာဏ်လို့ပြထားတာ "သင်္ခါရပစ္စယာ ဝိညာဏံ"လို့ ပြထားတာ။ အမှန်ကတော့ ထိုဝိညာဏ်စိတ်နဲ့ တစ်ဉပါဒ်တည်းပြိုင်ဖြစ်တဲ့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ် ၂၀ ပါလာပါပြီနော် (ဟုတ်ပါတယ်ဆရာ)။

ဟော ပဋိသန္ဓေဖြစ်စေတတ်တဲ့ ပဋိသန္ဓေဝိညာဏ်က ဝိညာဏ် နာမ်တရားနော် (ဟုတ်ပါတယ်ဆရာ)။ ပြီးတော့ ထိုပဋိသန္ဓေဝိညာဏ်စိတ်နဲ့ တစ်ဉပါဒ်ထဲပြိုင်ဖြစ်တဲ့ ကံကြောင့် ဖြစ်သော ကမ္မဇရုပ် ၂၀၊ သူက ရုပ်တရားမဟုတ်ဘူးလား (ရုပ်တရားပါဆရာ)။ ဟော နာမ်ရုပ် ၂ ပါးတဲ့။ ဒါကြောင့် "ဝိညာဏာဟာရသင်္ခါတံ ပဋိသန္ဓိဝိညာဏံ သဟဇာတနာမရူပေ အာဟရတိ"

ဝိညာဏာဟာရသင်္ခါတံ–ဝိညာဏအာဟာရဆိုအပ်သော၊ ပဋိသန္ဓိပဋိဝိညာဏံ–ပဋိသန္ဓိဝိညာဏ်သည်၊ သဟဇာတနာမရူပေ–ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကို၊ အာဟရတိ–ဆောင်တတ်၏ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ ပဋိသန္ဓေခဏမှာ၊ ပဋိသန္ဓေတည်ဆဲလေးခဏမှာ ဟိုက စုတိစိတ်ကျ ဒီဘက်ဘဝပဋိသန္ဓေဆိုတော့ ထိုပဋိသန္ဓေခဏမှာ ပထမဆုံးဥပါဒ် ဘာတွေ လာဖြစ်သလဲဆိုရင် ပဋိသန္ဓေဝိညာဏ်စိတ်ရယ်၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ် ၂၀ ရယ် တစ်ဥပါဒ်ထဲ တစ်ပြိုင်ထဲလာဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် ပဋိသန္ဓေ ဝိညာဏ်စိတ်က နာမ်ခေါ်တယ်၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ် ၂၀ က ရုပ်ခေါ်၏။ ဟော ရုပ်ဓာတ်နာမ်ဓာတ်နှစ်ပါးလာဖြစ်တယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒါကြောင့် အဋ္ဌကထာ ဆရာက "ကဗဠီကာရောအာဟာရော ဥပ္ပါဒေန္တော အာဟာရကိစ္စံ သာဓေတိ"နော် (ဟုတ်ပါတယ် ဆရာ)။ ကိစ္စလေး ကိစ္စလေး တစ်ခါပြမယ်၊ ဒီအာဟာရ ၄ မျိုး ကဗဠီကာရအာဟာရရယ်၊ ဖဿအာဟာရရယ်၊ မနောသဉ္စေတနာအာဟာရရယ်၊ ဝိညာဏအာဟာရရယ် ဆောင်ပုံလေး ကိစ္စလေးတွေ၊ သူတို့လုပ်တဲ့ကိစ္စလေးတွေပြောပါလို့ အဋ္ဌကထာဆရာကပြတယ်။

"ကဗဠီကာရောအာဟာရော ဥပ္ပါဒေန္တော အာဟာရကိစ္စံ သာဓေတိ၊ ဖဿာဟာရော ဖုသန္တောယေဝ အာဟာရကိစ္စံ သာဓေတိ၊ မနောသဉ္စေတနာဟာရော အာယူဟမာနောဝ အာဟာရ ကိစ္စံ သာဓေတိ"။

မြန်မာလိုပြန်တော့ ကဗဠီကာရောအာဟာရော–ကဗဠီကာရအာဟာရသည် (ဝါ) စားသုံးစရာ အစာဆိုတဲ့ အာဟာရသည်၊ ဥပ္ပါဒေန္တော–ရုပ်အသစ်အသစ်ကို ဖြစ်စေခြင်းသည်၊ အာဟာရကိစ္စံ– အာဟာရကိစ္စကို၊ သာဓေတိ–ပြီးစေ၏။

တို့ မင်းတို့ငါတို့ စားသောက်နေတဲ့ အစာတည်းဟူသော ကဗဠီကာရအာဟာရက ဆောင်ပုံ ကိစ္စလေးကတော့ ရုပ်အသစ်အသစ်ကို ဖြစ်အောင်ထောက်ပံ့ပေးတာပဲတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကောင်းပါပြီ ဖဿအာဟာရကျတော့ သူဆောင်တဲ့ကိစ္စပြပါ "ဖဿာဟာရော ဖုသန္တောယေဝ အာဟာရကိစ္စံ သာဓေတိ"၊ ဖဿာဟာရော–ဖဿအာဟာရသည်၊ ဖုသန္တောယေဝ–တွေ့ထိကာ မျှသော်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ ဖဿကျတော့ အာရုံ တစ်ခုနဲ့တစ်ခု တွေ့ထိမှုလေးဟာ သူဆောင်တတ်တဲ့ သတ္တိပါပဲနော် (ဟုတ်ပါတယ်ဆရာ)။ မနော သဉ္စေတနာဟာရော–မနောသဉ္စေတနာဟာရသည်၊ အာယူဟမာနောဝ–အားထုတ်ကာမျှဖြင့်သာ လျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ မနောသဉ္စေတနာဟာရကျတော့ အားထုတ်ကာမျှလေးနဲ့ ဆောင်ခြင်းကိစ္စပြီးပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဝိညာဏာဟာရော– ဝိညာဏအာဟာရသည်၊ ဝိဇာနန္တောယေဝ–သိကာမျှဖြင့်သာလျှင် အာဟာရကိစ္စံ–အာဟာရကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ ဝိညာဏ်အာဟာရကျတော့ ဆောင်တယ်ဆိုတဲ့ကိစ္စတခြားမဟုတ်ပါဘူး

http://www.dhammadownload.com



သိကာမျှလေး သိတာလေးသည့် ဝိညာဏ်စိတ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီစိတ်ကိုပဲ ဝိညာဉ် ခေါ်တယ်၊ ဩော် ဒီစိတ်ကလေးဟာ ဒီစိတ်ကလေး မင်းတို့ငါတို့မှာရှိတဲ့ စိတ်ကလေးဟာ ဘဝအသစ်အသစ် ဆက်ကာဆက်ကာ ပဋိသန္ဓေဖြစ်အောင် ငါတို့သူတို့ လူတကာတွေ အမြဲတစေ လုပ်နေကြတယ် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)။ လုပ်သာလုပ်တယ် ကြည့်ပါသေသေချာချာ၊ ဒုစရိုက် ဒုရာဇီဝ အပါယ်လေးပါးလားမှာစိုးလို့ မလုပ်ဘူး မဟုတ်လား (မလုပ်ပါဘူးဆရာ)။ ကုသိုလ်ကောင်းမှုဆိုတဲ့ စိတ်တွေကျတော့ လုပ်တယ်မဟုတ်လား (လုပ်ပါတယ်ဆရာ)။ ကုသိုလ် စိတ်တွေ အမြဲပွားများနေ အားထုတ်နေကြည့်ကွယ် သေသေချာချာ။ ဟာ ကုသိုလ်ကောင်းမှုလုပ် ကုသိုလ်ကောင်းမှုလုပ်နေတယ်ဆိုကတည်းက ဒါအမှန်ကတော့နောက်ဘဝလူဖြစ်ချင်တယ် နတ်ဖြစ်ချင်တယ် ပြဟ္မာဖြစ်ချင်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒီလို ရည်ရွယ်ချက်ကလေးတွေ ဒီအသိဉာဏ်ကလေးတွေက လုပ်လုပ်နေတော့ လုပ်တဲ့အတိုင်းပဲ နောက်က သေသွားသည့်အခြားမဲ့ ဒီကုသိုလ်အထောက်အပံ့ပေးတော့ တချို့လည်း လူသွားဖြစ်တယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ တချို့လည်းနတ်ဖြစ်တယ် တချို့လည်းပြဟ္မာဖြစ်တယ် ဒါကုသိုလ်ကံကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ကုသိုလ်စိတ်ကလေး တွေ ခုနပြောတဲ့ 'ဝိဇာနန္တမေဝ'ဆိုတဲ့ သိတာမျှလေးသည့်သာလျှင် ဆောင်ခြင်းကိစ္စပြီးတယ်ဆိုတော့ ဩော် လက်စသတ်တော့ တို့လုပ်နေတဲ့ စိတ်ကလေးတွေကိုက တို့အသိကိုးက ဒီလိုသိထားတာကိုး သိလို့လည်းတို့ကလုပ် လုပ်တဲ့အတိုင်းလည်း နောင်ဘဝသေပြီးအခြားမဲ့ လူသွားဖြစ် လူ့ပဋိသန္ဓေ မနေဘူးလား (နေပါတယ်ဆရာ)။ နတ်သွားဖြစ် နတ်ပဋိသန္ဓေ၊ ပြဟ္မာဖြစ် ပြဟ္မပဋိသန္ဓေ ပဋိသန္ဓေဆိုတာ ဇာတိပါပဲနော် (ဟုတ်ပါတယ်ဆရာ)။

ဟော ဒါကြောင့် ''ဝိညာဏာဟာရော ပဋိသန္ဓိနာမရူပံ အာဟရတိ''၊ ဝိညာဏာဟာရော– ဝိညာဏအာဟာရသည်၊ ပဋိသန္ဓိနာမရူပံ–ပဋိသန္ဓေဆိုတဲ့ နာမ်ရုပ်နှစ်ပါးကို၊ အာဟရတိ–ဆောင် တတ်၏။ သေသွားရင် ဘယ်သူဖြစ်ဖြစ် ဒုတိယဘဝသစ်မှာ ပဋိသန္ဓေနေမယ် မဟုတ်လား (နေပါ တယ်ဆရာ)။ နေမယ်ဟုတ်လား (နေပါတယ်ဆရာ)။ ကျယ်ကျယ်ပြော အပါယ်လေးပါးလဲ ပဋိသန္ဓေ နေမယ် မဟုတ်လား (နေပါတယ်ဆရာ)။ လူ့ဘဝကော (လူ့ဘဝလည်းနေပါတယ်ဆရာ)။ နတ်ဘဝ ကော (နတ်ဘဝလည်းနေပါတယ်ဆရာ)။ ပြဟ္မာဘဝကော (ပြဟ္မာဘဝလည်းနေပါတယ်ဆရာ)။ ဘုံ ၃ ပါးကိုလားရင် ပဋိသန္ဓေချည်းဖြစ်မှာပေါ့ (ဖြစ်မှာပါဆရာ)။ သေရမှာချည်းပေါ့နော် (ဟုတ် ပါတယ်ဆရာ)။ အေး ပဋိသန္ဓေနေတာ ဘယ်နှစ်ခါလဲမေးတော့ အခါရေတွက်နိုင်ပါ့မလား (မရေတွက်နိုင်ပါဘူးဆရာ)။ ဘဝအသစ်အသစ် နိဗ္ဗာန်မရောက်မချင်း ဆက်ကာဆက်ကာဖြစ်မယ်တဲ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ကြည့်စမ်းကွယ် ဘဝတွေ ရေတွက်လို့မကုန်ဘူး၊ မင်းတို့ ငါတို့သွားနေတာ သံသရာလမ်းခရီးနော် (အနမတဂ္ဂ) အနမတဂ္ဂပြောတာ၊ အခုလို ရုပ်ခမ္မ နာမ်ခမ္မ

http://www.dhammadownload.com



ပြတ်ပြတ်သားသား သဘာဝကျပြီးသားပုဂ္ဂိုလ်များကျတော့ ဒီလောက်သံသရာမရှည်တော့ပါဘူး တိုပြီးသားလို့မှတ်ထားပါ။ ဩော် အန္ဓပုထုဇဉ် ပညာမျက်စိလုံးဝမရှိတဲ့ သတ္တဝါများကျတော့ "သံသရဿ ပုဗ္ဗကောဋိ န ပညာယတိ" လွန်ပြီးသား သံသရာရဲ့အစ အဖြစ်မထင်ကောင်းပါဘူး။ လွန်ပြီးတဲ့သံသရာက ခရီးရှည်လျားလို့ အစအဖြစ်မထင်ကောင်းဘူးဆိုတော့ ဟုတ်ပါပြီ၊ နောက်ရှည်လျားသောသံသရာ ပြောစမ်းပါဆိုတော့ မထူးပါဘူးတဲ့။ ဘုရားကိုယ်တော်မြတ် ဟောသွားတာက သတ္တဝါတစ်ဦးတစ်ယောက် အန္ဓပုထုဇဉ်အနေအားဖြင့် ရေတွက်ကြည့်လို့ရှိရင် လွန်ခဲ့ပြီးတဲ့ အတိတ်သံသရာပြန်ကြည့်တော့ အနမတဂ္ဂသံသရာလို့၊ အနမတဂ္ဂသံသရာတွေ ရေတွက်လို့မကုန်ဆုံးဘူးနော် လာခဲ့တဲ့လမ်းစဉ်တွေနော် (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ ဖြစ်ခဲ့တဲ့ဘဝဖယ်ထားပါ၊ ဒီဘဝသေလို့ နောက်ဘဝ နောက်ဘဝတွေ ဆက်ကာဆက်ကာဖြစ်လာ အနာဂတ်သံသရာပြောစမ်းပါ၊ ဟိုက ဘဝအနံ့အသက် သံသရာလို့ ဖြစ်ဦးမဲ့ဘဝတွေ ရေတွက်လို့ဆုံးဦးမလား (မဆုံးနိုင်ပါဘူးဆရာ)။ မဆုံးဘူးတဲ့၊ ကြည့်စမ်း ရှည်လျားတဲ့ဘဝ အဲဒီရှည်လျားသမျှ ဘဝပေါင်းများစွာမှာ ဘဝအသစ်အသစ်ကို ပဋိသန္ဓေဆက်ကာ ဆက်ကာဖြစ်အောင် လုပ်ပေးနေတာ ဘယ်သူလဲဆိုတော့ ခုနပြောတဲ့ဝိညာဏ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ပဋိသန္ဓေခဏကို ဖြစ်စေတတ်သော သဘောလေးကို ဝိညာဏ်က ပြတာနော် (ဟုတ်ပါတယ်ဆရာ)။ စောစောကပြောတဲ့ "မနောသဉ္စေတနာအာဟာရော တယော ဘဝေ" ဆိုတာကတော့ ဘဝသုံးပါးဖြစ်အောင် လုပ်ပေးတယ်ဆိုတာကတစ်မျိုး၊ ရောလည်းနေဦးမယ်။ ဘယ့်နှယ့်လဲ ခုနလည်း စေတနာသုံးပါးကလည်း ဘဝသုံးပါးဖြစ်အောင်လုပ်ပေးတယ် ဒီဘဝတွေပဲ ကာမ (၁၁) ဘုံဆိုတဲ့ ကာမဘဝ၊ ရူပါဝစရ (၁၆) ဘုံဆိုတဲ့ ရူပဘဝ၊ အရူပ (၄) ဘုံဆိုတဲ့ အရူပဘဝ။ ဒီဘဝ ၃ ပါးကို မနောသဉ္စေတနာဆိုတဲ့ အာဟာရက ဆောင်ပြနေမှာဘဲ။ သူ့ဝိညာဏအာဟာရက လာပြန်တော့ အဲဒီနောက် အနမတဂ္ဂတစ်သံသရာလုံး သွားရဦးမယ်ဆိုတဲ့ ဘဝအသစ်အသစ်တွေဖြစ်တာ ပြပြန်တယ်ဆိုတော့ ဒီအာဟာရနှစ်မျိုးက ထပ်တူပြမနေဘူးလားလို့ မေးစရာမလိုဘူးလား (လိုပါတယ်ဆရာ)။ အေး မေးစရာလိုတယ်နော် (ဟုတ်ပါတယ်ဆရာ)။ သေသေချာချာကြည့်ပါဦး၊ ဒါဖြင့် ခုန မနောသဉ္စေတနာအာဟာရက ဘဝ ၃ ပါးဆောင်တယ် ဆိုတာက တစ်သဘော၊ အခု ဝိညာဏအာဟာရက နိဗ္ဗာန်မရောက်မချင်း အသစ်အသစ်ဖြစ်တဲ့ ဖြစ်ရမဲ့ ပဋိသန္ဓေဖြစ်အောင် လုပ်ပေးတယ်ဆိုတဲ့ ဆောင်ခြင်းကတစ်မျိုး၊ ဒီလို မနေဘူးလား (နေပါတယ်ဆရာ)။ အေး ဟိုက ပြထားတာက ဘဝနဲ့ပြတာတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘဝနဲ့ ပြတာတဲ့ "မနောသဉ္စေတနာဟာရော တယော ဘဝေ" မနောသဉ္စေတနာဟာရော–မနောသဉ္စေတနာ အာဟာရသည်၊ တယော–ကာမဘဝ ရူပဘဝ အရူပဘဝဆိုတဲ့ ဘဝ ၃ ပါးတို့ကို၊ အာဟရတိ– ဆောင်တတ်တယ်။ အဲဒါကတော့ ဘဝကြီး ၃ ပါးကိုရောက်အောင် ပို့ဆောင်နေတဲ့စေတနာ

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘဝကြီး ၃ ပါးဆိုတော့ သတ္တဝါတစ်ဦးတစ်ယောက် ဖြစ်လာတဲ့ အပိုင်းအခြားကာလမပါပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ သူဖြစ်သမျှပဲ၊ တစ်ဘဝ တစ်ဘဝလည်း သူရှည်သမျှ သူတည်သမျှ သူခိုင်းသမျှ တစ်ဝက်စီ တစ်ဘဝစီ သွားမယ်။

ကာမဘဝဖြစ်လိုက် ရူပဘဝဖြစ်လိုက် အရူပဘဝဖြစ်လိုက်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဘဝအနေနဲ့ပြောသွားတာ၊ ဒါဖြင့် ခုကောင်းပါပြီ ဝိညာဏအာဟာရကလည်းပဲ ဒီပဋိသန္ဓေ အသစ်အသစ်ဖြစ်စေတယ်ဆိုတော့ ဘာသဘောလဲ၊ အဲ သူက ပဋိသန္ဓေခဏကိုသာ ရည်ရွယ်ပြော တာနော် (ဟုတ်ပါတယ်ဆရာ)။ စုတိနဲ့ ပဋိသန္ဓေတစ်ခြားစီနော် (ဟုတ်ပါတယ်ဆရာ)။ အေး ဝိညာဏအာဟာရဆောင်တာကတော့ ပဋိသန္ဓေခဏဆောင်ပုံပြတာ ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဒါဖြင့် တစ်ဘဝပြီးတစ်ဘဝ တို့လူစုတွေ ပဋိသန္ဓေအသစ်အသစ်ဖြစ်သွားတယ် ဆိုတဲ့သဘောလေးတွေ ပြန်ကြည့်၊ ပဋိသန္ဓေခဏကြာတာမဟုတ်ပါဘူး။ စိတ္တက္ခဏ အဲ့ဒီ ပဋိသန္ဓေစိတ် ကလေးဖြစ်လာတဲ့အချိန်မှာ ပဋိသန္ဓေဝိညာဉ်စိတ် (၁၉)၊ ပြီးတော့ ခုနကပြောတဲ့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ် (၂၀)၊ ဟော ရုပ်ရောနာမ်ရောနှစ်ပါးစလုံး၊ ပဋိသန္ဓေ (၁၉) က နာမ်တရား၊ ကံကြောင့် ဖြစ်တဲ့ ကမ္မဇရုပ်ကရုပ်တရား ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။ အဲ့ဒီရုပ်နာမ်နှစ်ပါးသည် အခိုက် အတန့်ပဋိသန္ဓေခဏ ပထမဆုံးဖြစ်ပုံလေးတွေ ဝိညာဏအာဟာရ ဝိညာဏ်ဆိုတဲ့ အာဟာရက ဆောင်ပုံပြတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေး သေသေချာချာ စဉ်းစားကြည့်ပေါ့ကွယ် ပြီးတော့မှ ဒါဖြင့်ရင်ကောင်းပါပြီ ဖဿအာဟာရဆောင်သွားပုံ ဝေဒနာ ၃ ပါးဖြစ်လာပုံနော် (ဟုတ်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ပြီးတော့ မနောသဥ္စေတနာအာဟာရက ကာမဘဝ ရူပဘဝ အရူပဘဝဆိုတဲ့ ဘဝကြီး ၃ ပါးဆောင်ပုံ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဝိညာဏအာဟာရက အသစ်အသစ် ဘဝသစ်ဘဝသစ်မှာ ပဋိသန္ဓေအားဖြင့်ဖြစ်ပုံ၊ ပဋိသန္ဓေနာမ်ရုပ် ၂ ပါးနော် (ဟုတ်ပါတယ်ဆရာ)။ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)။ မနောသဥ္စေတနာအာဟာရနဲ့ ဝိညာဏအာဟာရနဲ့ ရောလို့ဖြစ်သေးလား (မဖြစ်ပါဘူးဆရာ)၊ မနောသဥ္စေတနာအာဟာရ ဘဝသုံးပါးစလုံးကို အကုန်ခြုံပြီးတော့ပြသွားတာ သဘာဝနော် (ဟုတ်ပါတယ်ဆရာ)။ ဝိညာဏ အာဟာရက ပဋိသန္ဓေအခိုက်အတန့်ပြတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)။ ဖဿအာဟာရက ဘယ်သူ့ဆောင်တုန်း (ဖဿအာဟာရ ဝေဒနာသုံးပါးကို ဆောင်ပါတယ်ဆရာ)။ ဘယ်ဝေဒနာ ဘယ်ဝေဒနာတုန်း (သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာပါဆရာ)။ ဩော် ဝေဒနာသုံးပါးကို ဆောင်တယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒီ ဖဿဖြစ်လို့သာ ဒီဝေဒနာသုံးပါးဆောင်တယ်ဟုတ်လား။ ဩော် ဖဿပြန်လာလို့သာ ဒီဝေဒနာသုံးပါးပေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း မေးပါ့မယ်လို့ ဒီလိုပဋိစ္စသမုပ္ပါဒ်ပြထားတာ။

http://www.dhammadownload.com



"ဖဿပစ္စယာ ဝေဒနာ"ဆိုတာ ဝေဒနာဘာကြောင့်ဖြစ် ဖဿကြောင့်ဖြစ်၊ ဖဿမဖြစ်ဘဲနဲ့ ဝေဒနာဘယ်တော့မှ မဖြစ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဝေဒနာဆိုတာ ခံစားမှုသဘောလေး ဝေဒနာခေါ်၏။ ဩော် ဝေဒနာဆိုတာ ခံစားမှုသဘောလေးဝေဒနာခေါ်တယ်၊ ဒီခံစားမှုသဘော လေးဆိုတဲ့ ဝေဒနာက ဘယ်နှစ်မျိုးပြားတုန်း၊ အနုဝေဒယိတလက္ခဏာအားဖြင့် ၃ ပါး၊ ဣန္ဒြိယဘေဒ အားဖြင့် ၅ ပါး၊ ဝေဒနာဖြစ်ပုံလေး သေသေချာချာကြည့်ပါဦး။ အနုဝေဒယိတလက္ခဏာဆိုတာ မင်းတို့ငါတို့ သတ္တဝါသန္တာန်အစဉ်မှာ အမြဲတစေခံစားနေတဲ့ ဝေဒနာသုံးပါးခေါ်တယ်၊ အနုဘဝန အစဉ်ခံစားတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါ အနုဘဝနနည်းအားဖြင့်ရေတော့ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတဲ့။ ဒါ ခုနရှင်းတဲ့အတိုင်း သောမနဿဝေဒနာဆိုတာ စိတ်မှာဝမ်းပန်းတသာဖြစ်တယ်၊ ဒေါမနဿဝေဒနာဆိုတာ စိတ်မှာနှလုံးမသာတာ၊ ဥပေက္ခာဝေဒနာ ဆိုတာ စိတ်မှာကြိုက်သည်လည်းမဟုတ် မကြိုက်သည်လည်းမဟုတ်တဲ့သဘော မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒီ ဝေဒနာ ၃ မျိုးထဲကို ဣန္ဒြိယဘေဒနည်းနဲ့ရေလိုက်တော့ ၅ ပါး ဆိုတော့ ၂ ပါးထပ်တိုးလိုက်ပါ။ ဘယ်သူတုန်းဆိုတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာလို့ ၂ ပါးထပ် တိုးလိုက်နော် (ဟုတ်ပါတယ်ဆရာ)။ ၂ လုံးထပ်တိုးတော့ ဘယ်နှယ်ဖြစ်သွား (၅ ပါးဖြစ်သွား ပါတယ်ဆရာ)။ အေး ဒါက ဣန္ဒြိယဘေဒအားဖြင့် ရေတွက်နည်းခေါ်တယ်။

သုခဝေဒနာဘယ်သူ့ခေါ်တုန်း၊ ခုနတုန်းက သောမနဿဝေဒနာက စိတ်မှာ ဝမ်းသာတာ နော် (ဟုတ်ပါတယ်ဆရာ)။ ဒေါမနဿဝေဒနာက စိတ်မှာ ဆင်းရဲတာနော် (ဟုတ်ပါတယ်ဆရာ)။ အခု သုခဝေဒနာနဲ့ ဒုက္ခဝေဒနာနှစ်လုံး တွဲလိုက်တော့ သုခဝေဒနာဆိုတာ ဘယ်သူ့ခေါ်သလဲ ဆိုတော့ ကိုယ်မှာချမ်းသာတာ ကာယသုခနားလည်လား (နားလည်ပါတယ်ဆရာ)။ ဒုက္ခဝေဒနာ ဆိုတာ ကိုယ်မှာဆင်းရဲစွာ ခံစားရတာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီကောင်းတဲ့ဝေဒနာ နှစ်ခုမှာ သောမနဿဝေဒနာနဲ့ သုခဝေဒနာရယ်ဆိုတော့ ခွဲထားပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ သောမနဿဝေဒနာစိတ်မှာ နှစ်သက်တာ၊ သုခဝေဒနာကကိုယ်မှာချမ်းသာတာ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒေါမနဿဝေဒနာက စိတ်မှာဆင်းရဲတာ၊ ဒုက္ခဝေဒနာက ကိုယ်မှာဆင်းရဲတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ အမှန်ကတော့ ဣန္ဒြိယဘေဒနည်းအားဖြင့် ရေတွက် ချင်တော့ ခွဲလိုက်တာတဲ့၊ အမှန်က သုခနဲ့ဒုက္ခ သောမနဿနဲ့ ဒေါမနဿထဲသွင်းလိုက် ထည့်လိုက်ရင် ရတယ်။ ဒါ့ကြောင့် အနုမာနသတ္တဝါတို့သည် အစဉ်တစိုက်ခံစားတဲ့အနေအားဖြင့် မြင်ကြည့်၊ အနုမာနနည်းအားဖြင့် မြင်ကြည့်၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ သုံးမျိုးပဲရှိရမယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ရေကြည့်ရင် သောမနဿဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာဝေဒနာ ၃ မျိုးပဲရှိရမယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဩော် ဒါဖြင့် ဒီခံစားမှုဆိုတဲ့ဝေဒနာ ၃ မျိုး၊ ၃ စားဖြစ်လာတာ ဘယ်သူ့ကြောင့်လဲမေးတော့ ဖဿကြောင့် ဒီလို

http://www.dhammadownload.com



မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ပြထားတာ ဖဿပစ္စယာ–ဖဿတည်းဟူသော အကြောင်းကြောင့်၊ ဝေဒနာ–ဝေဒနာသည်၊ သမ္ဘဝန္တိ–ဖြစ်၏။

ခံစားမှုဆိုတဲ့ ဝေဒနာတွေ၊ ကောင်းမကောင်းဆိုတဲ့ ဝေဒနာတွေဖြစ်လာတာ၊ မင်းတို့ငါတို့ခံစား ခံစားနေရတဲ့ဝေဒနာတွေ ဘာကြောင့်ဖြစ်သလဲဆိုတော့ ဖဿကြောင့်ဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် "ဖဿာဟာရော တိဿော ဝေဒနာ" ဖဿာ ဟာရော–ဖဿတည်းဟူသော အာဟာရသည်၊ တိဿော–သုံးပါးကုန်သော၊ ဝေဒနာ–ဝေဒနာတို့ကို၊ အာဟာရတိ–ဆောင်တတ်၏။ လက်စသတ် ဒီဝေဒနာသုံးပါးပေါ်တာ ဖဿဆောင်ပေးလို့ပေါ်လာတာပဲလို့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး အင်မတန်ထင်ရှားတယ် ကဲ ကြည့်စမ်းကွယ်၊ အာဟာရ ၄ မျိုးမှာ ကဗဠီကာရအာဟာရ အစားစားလို့ မင်းတို့ငါတို့ရဲ့ ရုပ်အသစ်အသစ်ကို ဆောင်ခြင်းနော် (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရောအာဟာရော ဩဇဋ္ဌမကရူပံ အာရတိ။ ကဗဠီကာရော အာဟာရော–မျိုချအပ်သော စားသုံးသော အစာအာဟာရသည်၊ ဩဇဋ္ဌမကရူပံ–ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်တရားကို၊ အာဟရတိ–ဆောင်တတ်၏။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့ စားသောက်နေတဲ့အစာဆိုတဲ့ ကဗဠီကာရအာဟာရသည် ဘာတွေဆောင်တယ် ရုပ်ဓာတ် ၈ ပါး (ရုပ်ဓာတ် ၈ ပါးကို ဆောင်ပါတယ်ဆရာ)။ ရုပ်ဓာတ် ၈ ပါးက ဘယ်သူ ဘယ်သူတွေတုန်း (ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏော ဂန္ဓ ရသော ဩဇာပါဆရာ)။ ဪ ဒီရုပ်ဓာတ် ၈ ပါးကို ဆောင်ပေးတယ် ဟုတ်လား (ဟုတ်ပါတယ် ဆောင်ပေးပါတယ်ဆရာ)။ ဪ ဒီစားတဲ့အစာတွေစားတော့ ဒီစားတဲ့အစာထဲကနေပြီးတော့ ဒီရုပ်ဓာတ် ၈ ပါးတွေ ဆက်ကာဆက်ကာဖြစ်အောင် လုပ်ပေးတယ် ဟုတ်လား (လုပ်ပေးပါတယ် ဆရာ)။ ဒါ ကဗဠီကာရအာဟာရ။

ပြီးတော့ ဖဿအာဟာရ၊ ဖဿစေတသိက်တည်းဟူသော အာဟာရက ဘာတွေဆောင် ပေးတယ် (ဝေဒနာတွေ ဆောင်ပေးပါတယ်ဆရာ)။ ဘာဝေဒနာတုန်း (သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာပါဆရာ)။ အေး ဟုတ်ပြီ ဒီဝေဒနာသုံးပါးကို ဖြစ်အောင်လုပ်ပေး တယ်ဟုတ်လား (ဖြစ်အောင်လုပ်ပေးပါတယ်ဆရာ)။ ဒါဆောင်ပေးတာပေါ့နော် (ဟုတ်ပါတယ် ဆရာ)။ မနောသဉ္စေတနာအာဟာရကျတော့ မနောသဉ္စေတနာက စေတနာ မရဘူးလား (ရပါတယ် ဆရာ)။ စေတနာမှန်ရင် အကုန်ကောက်သွား၊ ကုသိုလ်အကုသိုလ်နော် (ဟုတ်ပါတယ်ဆရာ)။ ကောင်းပါပြီ ဒီစေတနာအာဟာရက ဘာတွေဆောင်တုန်း ဘဝသုံးပါး (ဘဝသုံးပါးကို ဆောင် ပါတယ်ဆရာ)။ ဘဝသုံးပါးဆောင်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘဝသုံးပါးဖြစ်အောင် လုပ်ပေးတာပေါ့ (ဖြစ်အောင် လုပ်ပေးပါတယ်ဆရာ)။ ဘဝသုံးပါးက ဘယ်သူတွေပါလိမ့် (ကာမဘဝ ရူပဘဝ အရူပဘဝ)။ ကာမဘဝရယ် ရူပဘဝရယ် အရူပဘဝရယ် မဟုတ်လား (ဟုတ်ပါတယ်

http://www.dhammadownload.com



ဆရာ)။ ဘဝကြီးသုံးပါပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ကမ္မဘဝဆိုတာ ဘယ်သူတွေခေါ်ပါလိမ့်၊ ကာမ ၁၁ ဘုံ (ကာမ ၁၁ ဘုံကို ခေါ်ပါတယ်ဆရာ)။ ကာမ ၁၁ ဘုံက ဘယ်သူဘယ်သူတွေတုန်း (အပါယ်လေးဘုံ လူ့ဘုံ နတ်ပြည်ခြောက်ထပ်ပါဆရာ)။ ဘယ်လောက်ရှိလဲ (၁၁ ဘုံရှိပါတယ်ဆရာ)။ ရဲရဲပြောပါကွ၊ ဩော် ဒါကာမ ၁၁ ဘုံခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဘဝဆိုတာ ကမ္မဘဝပေါ့ (ဟုတ်ပါတယ်ဆရာ)။ ရူပဘဝဆိုတာ ဘယ်သူ့ခေါ်ပါလိမ့်၊ ရူပါဝစရသည့် ဗြဟ္မာ ၁၆ ဘုံ (ရူပါဝစရဗြဟ္မာ ၁၆ ဘုံ)။ ရဲရဲပြောပါဟ၊ မင်းဘယ်သူက ဘယ့်နှယ်ပြောထား စောစောကဟင် (မပြောပါဘူးဆရာ)။ကျယ်ကျယ်ပြောပါဟ၊ ရူပါဝစရ ၁၆ ဘုံ (ရူပါဝစရ ၁၆ ဘုံပါဆရာ)။ ဩော် ဒါသူ့ရူပဘဝခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အရူပ ၄ ဘုံကျတော့ကော အရူပဘဝ (အရူပဘဝလေးဘုံပါဆရာ)။ ဩော် အရူပဘဝလေးဘုံက အရူပဘဝခေါ်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ပေါင်းလိုက်တော့ဘဝအားဖြင့် ကာမဘဝ ရူပဘဝ အရူပဘဝပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဘဝတွေဘယ်နှစ်ဘုံရှိတုန်း (သုံးဘုံရှိပါတယ်ဆရာ)။ အေး ကုန်ရောမဟုတ်လား (ကုန်ပါပြီဆရာ)။ ဩော် ဒီသုံးဘုံကြီးဖြစ်အောင်လုပ်ပေးတာ ဘယ်သူတွေတုန်း (စေတနာတွေပါဆရာ)။ အေး စေတနာတွေ ကုသိုလ်အကုသိုလ်နော် (ဟုတ်ပါတယ်ဆရာ)။ အကုသိုလ်စေတနာတွေပါတယ်၊ ကာမာဝစရကုသိုလ်စေတနာပါတယ်၊ ရူပါဝစရကုသိုလ်စေနာပါတယ် အရူပါဝစရကုသိုလ်စေတနာပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူ့ဥစ္စာသူ ဒီလိုဖြစ်အောင်လုပ်ပေးလို့ ဖြစ်နေတာမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဩော် ဒီစေတနာတွေကဖြစ်အောင် ငါက လူဖြစ်ချင်တယ်ဆို လူသွားဖြစ်တာပဲ လူဖြစ်ချင်တဲ့ စေတနာက ပို့လိုက်တယ်၊ နတ်ဖြစ်အောင်ငါလုပ်တယ် နတ်ဖြစ်ချင်တဲ့စေတနာလေးက နတ်ဖြစ်အောင် ပို့လိုက်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဗြဟ္မာဖြစ်အောင်လုပ်တယ် ဗြဟ္မာဖြစ်ချင်တဲ့ စေတနာလေးက ဗြဟ္မာဖြစ်အောင်ပို့လိုက်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အပါယ်လေးပါးရောက်ချင်တယ်၊ အပါယ်လေးပါးရောက်ချင်တယ်ဆိုတဲ့ စေတနာကအပါယ်လေးပါးပို့လိုက်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မနောသဉ္စေတနာရော တယော ဘဝေ။ မနောသဉ္စေတနာဟာရော–မနောသဉ္စေတနာအာဟာရသည်၊ တယော–သုံးပါးကုန်သော၊ ဘဝေ–ဘဝတို့ကို၊ အာဟရတိ–ဆောင်တတ်၏။ ဟော ဘဝသုံးပါးဆောင်တယ် ဘယ်သူတုန်း မနောသဉ္စေနတနာ အာဟာရ၊ မနောသဉ္စေတနာက စေတနာ၊ အာဟာရကဆောင်တတ်တာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီလိုပဲ သွားတယ်တဲ့ အာဟာရ၊ အာဟာရပြတာ ဆောင်တတ်တဲ့ သဘောတွေပြတာနော် (ဟုတ်ပါတယ်ဆရာ)။

ဝိညာဏအာဟာရ–ဝိညာဏအာဟာရကျတော့ ဘာဆောင်သလဲ (ပဋိသန္ဓေနာမ်ရုပ်ကို ဆောင်ပါတယ်ဆရာ)။ ဩော် ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကိုဖြစ်အောင် လုပ်ပေးတယ်ဟုတ်လား။

http://www.dhammadownload.com



အေး အေး သူကျတော့ အတောမသတ်ကြီးပေါ့ကွနော် (ဟုတ်ပါတယ်ဆရာ)။ နိဗ္ဗာန်မရောက်မချင်း ပဋိသန္ဓေနေလို့ပြီးပါ့မလား (မပြီးပါဘူးဆရာ)။ နေလို့မပြီးတိုင်းမပြီးတိုင်း ပဋိသန္ဓေအသစ်အသစ်မှန်ရင် ဒီနာမ်ရုပ်နှစ်ပါးပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး ဒီလိုချည်းသွားကြပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ အရူပနဲ့ အသညသတ်ကျတော့ အရူပကျတော့ နာမ်ပဋိသန္ဓေ အသညသတ်ကျတော့ ရုပ်ပဋိသန္ဓေချည်းပဲလို့၊ ဒါ ပဋိစ္စသမုပ္ပါဒ်ကျတော့ နာမဥ္စ ရူပဥ္စ နာမရူပဉ္စ နာမရူပံ။ နာမဥ္စ–နာမ်တရားငှင်း၊ ရူပဥ္စ–ရုပ်တရားငှင်း၊ နာမရူပဥ္စ–နာမ်ရုပ်တရားနှစ်ပါးငှင်း၊ ဟော ဒီလိုသုံးမျိုးခွဲထားတယ်။ နာမဥ္စ–နာမ်ချည်းငှင်းဆိုတဲ့ ပဋိသန္ဓေကျတော့ အရူပ ၄–ဘုံ ဗြဟ္မာများ ရုပ်မရှိဘူးနော် (ဟုတ်ပါတယ်ဆရာ)။ နေထဲက နာမ်ကလေးတွေနေတာ၊ ရူပဥ္စ–ရုပ်ချည်းသန့်သန့် ဆိုတော့ အသညသတ်ဘုံကျတော့ ရုပ်ချည်းပဲရှိတယ် နာမ်မရှိဘူးနော် (ဟုတ်ပါတယ်ဆရာ)။ နာမရူပဥ္စ နာမ်တရားရုပ်တရားနှစ်ပါးငှင်းဆိုတော့ ဟောတို့ လူဘဝတို့ နတ်ဘဝတို့ ရူပါဝစရ ဗြဟ္မာဘုံတို့ အပါယ်လေးပါးသတ္တဝါတို့ သူတို့ကျတော့ နာမ်နဲ့ရုပ်တွဲတယ်မဟုတ်လား (တွဲလျက်ပါဆရာ)။ အေး ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်က နာမရူပံ–ဆိုတဲ့ပုဒ်ကလေးမှာ၊ နာမဥ္စ–က တစ်ပုဒ်၊ ရူပဥ္စ–က တစ်ပုဒ်၊ နာမရူပဥ္စ–က တစ်ပုဒ်၊ သုံးပုဒ်ပေါင်းမှ အဲဒီသုံးပုဒ်မှ ပါဠိတစ်ခုချင်းလုပ်လိုက်လို့ နာမရူပံလို့ ဒီလိုဖြစ်တယ်။

ဩော် ဒီပရိစ္ဆေဒခွဲပြီးသားတွေ၊ ဒါဖြင့် ခြုံကြည့်လိုက်တော့ တိုတိုပြောလိုက်တော့ကွာ ၃၁ ဘုံကြီးဖြစ်အောင် လုပ်ပေးတာ ဘယ်သူလဲဆိုတော့ ဒီကစေတနာ၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ၃၁ ဘုံကို ဘုံသုံးပါးခေါ်ပါတယ်၊ ဒါကြောင့် မနောသဥ္စေတနာဟာရော တယော ဘဝေ။ မနောသဥ္စတာနာဟာရော–မနောသဥ္စတနာ အာဟာရသည်၊ တယော ဘဝေ–ဘုံသုံးပါးတို့ကို၊ အာဟရတိ–ဆောင်တတ်၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေး ပြီးတော့မှ ဝိညာဏအာဟာရော ဝိညာဏ်ဆိုတဲ့ အသိစိတ်ကလေးသည် ဘာကိုဆောင်သလဲမေးတော့ ပဋိသန္ဓေဆိုတဲ့ နာမ်ရုပ်နှစ်ပါးကိုဆောင်တတ်တယ်။ ဘယ်နှစ်ခါဆောင်သလဲဆိုတော့ နိဗ္ဗာန်မရောက်မချင်း၊ ပဋိသန္ဓေအသစ်အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်တိုင်းဖြစ်တိုင်း နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ် ဒီလိုပဲ သွားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြောင့် စုတိနောင်ပဋိသန္ဓေဆိုတဲ့ နေရာလေးမှာ ကြည့်၊ ပဋိသန္ဓေဟာ ကြာရှည်နေတာ မဟုတ်ပါဘူး၊ ပဋိသန္ဓေပဝတ္တိအားဖြင့် တစ်ဝီထိပဲရှိပါတယ် ဒီနောက်တော့ ဒါပဝတ္တိခေါ်ပါတယ် ဇာတိမဟုတ်ပါဘူး၊ အဲဒီ ပဋိသန္ဓေခဏလေးမှာ ပထမဆုံးလာဖြစ်တဲ့ ပဋိသန္ဓေဆိုတဲ့ စိတ်ကလေးတစ်လုံးထဲမှာ။ ထိုစိတ်ကလေးတစ်လုံးသည် ဥပါဒ်ခဏ ဌီခဏ ဘင်ခဏ ခဏငယ်သုံးချက်ရှိသည့်အနက်က ပထမဆုံးဥပါဒ်ခဏမှာ ပဋိသန္ဓေဝိညာဏ်စိတ်နှင့်တကွ ကံကြောင့် ဖြစ်သော ကမ္မဇရုပ် ၂၀ သည် တစ်ပြိုင်နက်ဖြစ်၏။ ရုပ်ဓာတ်လို့ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီနေရာနားထောင် "ပဋိသန္ဓိနာမရူပံ"လို့ ပြတယ်၊ ပဋိသန္ဓေအခိုက်၌ဖြစ်သော နာမ်တရားရုပ်တရား

http://www.dhammadownload.com



နှစ်ပါးကို ခေါ်ပါ၏ နော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီအခန်းလေးတွေကျတော့ ငြီးငွေ့စရာလည်းကောင်းတယ်၊ ပျင်းစရာလည်းကောင်းတယ်။ ဒါပေမဲ့ တို့ ဒီအာဟာရ ၄ မျိုးမှာ နံပါတ်တစ် ကဗဠီကာရအာဟာရက ဆောင်ပုံလေးကတော့ စားစရာသောက်စရာတွေ စားခြင်းကြောင့် မင်းတို့ငါတို့သည် ရုပ်အသစ်အသစ်တွေ ဆက်ကာ ဆက်ကာဖြစ်တယ်ဆိုတော့ ထင်ရှားပြီပေါ့နော်။ ဖဿအာဟာရဆောင်ပုံကျတော့ အဋ္ဌကထာ ဆရာပြသလိုပြ၊ ဒါလေးတွေကျ မှတ်စရာလေးတွေ သေသေချာချာမှတ်။ "ဖဿာဟာရော ဖုသန္တောယေဝ အာဟာရကိစ္စံ သာဓေတိ" ဖဿာဟာရော–ဖဿအာဟာရသည်၊ ဖုသန္တောယေဝ– တွေ့ထိကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ ပြရုပ်ကလေး ပြစမ်းပါလို့ ပစ္စက္ခမျက်မှောက် သူသူငါငါလူတကာမြင်ကောင်းတဲ့ ပြယုတ်ပြစမ်းပါဆို အဋ္ဌကထာ ဆရာက ထုတ်ပြတယ်။

တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဌာဒယော ပန မာတုသမ္ဖဿေန ယာပေန္တေ ဒိသွာ "တေ ဖဿာဟာရေန ယာပေန္တီ"တိ တဿ လဒ္ဓိ။ (နိဒါနဝဂ္ဂသံယုတ် ၊ ၂၉)

တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဌာဒယော ပန–ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်တို့သည် ကား၊ မာတုသမ္ဖဿေန–အမိအတွေ့တည်းဟူသော ဖဿဖြင့်၊ ယာပေန္တေ–မျှတသည်တို့ကို၊ ဒိသွာ– မြင်၍၊ တေ–ထိုတိရစ္ဆာန်တို့သည်၊ ဖဿာဟာရေန–ဖဿတည်းဟူသော အရသာဖြင့်၊ ယာပေန္တိ– အသက်ရှင်ကြကုန်၏။ ဖဿအာဟာရ၊ ဖဿဆိုတဲ့သဘောလေးက ဆောင်ပုံလေး သက်သေတင်ပြ အဋ္ဌကထာဆရာကနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ယောက်က ကြည့်၊ စောစောကပြောတဲ့ တို့ကဗဠီကာရအာဟာရ အစာတွေစားမှ အသက်ရှင်တယ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ရုပ်အသစ်အသစ်တွေဖြစ်တယ်၊ ရုပ်အသစ်အသစ်တွေဖြစ်မှ အသက်ရှင်တယ် ကြီးထွားတယ် ကြီးပွားတယ် ဒီလိုကိုး (ဟုတ်ပါတယ်ဆရာ)။ ဖဿအာဟာရဆောင် ပုံလေးပြပါ။

ကိုင်း ကြက်ကလေးတွေ မအေကြီးက ဥပြီးတဲ့နောက်ပိုင်းမှာ ဥလေးပေါက်မြောက်အောင် မအေကြီးကအစာခွံ့နိုင်သလား (မခွံ့နိုင်ပါဘူးဆရာ)။ ရေတိုက်နိုင်သလား (မတိုက်နိုင်ပါဘူးဆရာ)။ အစာလည်းမကျွေးနိုင်ဘူး၊ ရေလည်းမတိုက်နိုင်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ကြက်ဥများ ဘယ်လောက်ကြာမှ ကြက်ဥလေးတွေ ပေါက်တုန်းကွ (သူ့အမေကြီးကဝပ်ပေးမှ ပေါက်ပါတယ် ဆရာ)။ ဩော်ဟုတ်ပြီ ဘယ်လောက်ကြာကြာဝပ်တာပေါက်တုန်းလို့ ခင်ဗျားပြောမှကျုပ်သိတယ် တစ်လကိုးသီတင်းထင်ပါရဲ့ကွာ (ဟုတ်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကြက်မကြီးက နေ့စဉ်နဲ့အမျှဝပ်ပေးရတယ် ဟုတ်လား (ဝပ်ပေးပါတယ်ဆရာ)။ ကျယ်ကျယ်ပြော၊ ဝပ်ပေးပြန်တော့ နောက်အချိန်တန်တော့ ကြက်ကလေးတွေ အလိုလိုပေါက်လာကြတယ် ဟုတ်လား

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ ကဲကွာ ကြက်မကြီးဥပြီးတဲ့အချိန်ကစလို့ တစ်လကိုးသီတင်းထားပါလို့၊ လေးသီတင်းလောက် ငါးသီတင်းလောက် ငါတော့မသိပါဘူး မှန်းပြောရတာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဥကလေးတွေ ပုပ်ဆွေးများသွားသလား (မသွားပါဘူးဆရာ)။ သေကြေကုန်လား (မကုန်ပါဘူးဆရာ)။ အချိန်တန်တော့ ပေါက်လာတယ်ဟုတ်လား သူနားမလည်ဘူး ငါ့ကို ဘယ်လိုတုန်း အချိန်တန်တော့ ပေါက်လာသလားလို့ (မလာပါဘူးဆရာ)။ ဟောဗျာ မလာရင် သေကုန်ပေါ့၊ မင်းကြက်မကြီးက သွားသွားပြီးဝပ်ပေးတယ် မဟုတ်လား (ဝပ်ပေးမှပေါက်ပါတယ် ဆရာ)။ ဩော် ဝပ်ပေးရတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဝပ်ပေးတော့ တစ်လကိုးသီတင်း ကြာတော့ကော အချိန်တန်တော့ ပေါက်လာကြတယ် ဟုတ်လား (အချိန်တန်တော့ ပေါက်လာပါ တယ်ဆရာ)။ တစ်လကိုးသီတင်းကြာရင် ပေါက်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ လေးသီတင်းပေါ့ နော် (ဟုတ်ပါတယ်ဆရာ)။ လေးသီတင်းဝပ်တော့ ပေါက်လာကြတယ်ဟုတ်လား (ပေါက်လာကြ ပါတယ်ဆရာ)။ ကဲ ကဲ ဥပြီးတဲ့အချိန်ကစ အဲဒီ ပေါက်တဲ့အချိန်လေးအထိ ကြက်မကြီးက တို့ရေများ တိုက်သလား (မတိုက်ပါဘူးဆရာ)။ အစာများကျွေးသလား (မကျွေးပါဘူးဆရာ)။ ဘာမှ မလုပ်ဘူး ပေါ့ (ဘာမှမလုပ်ပါဘူးဆရာ)။ ဘာမှမလုပ်ဘဲနဲ့ ကြက်ပေါက်ကလေးတွေက ပဋိသန္ဓေဆိုတဲ့ ကလလရေကြည်လေးကနေပြီး အခုအကောင်လေး အမွေးအတောင်လေးတွေစုံပြီးတော့ ဥခွံထဲကစပြီး ထွက်ပြီး ရှင်လာကြပြီနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလေးသီတင်းအတွင်းမှာ အမေလည်း အစာ မကျွေးဘူး၊ ရေလည်းမတိုက်ပါဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာကြောင့် အသက် ရှင်ပါလိမ့်၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ နားလည်တယ် ဟုတ်လား (နားလည်ပါတယ်ဆရာ)။ ဘာကြောင့် ရှင်လဲ (ကြက်မကြီးကဝပ်ပေးလို့ပါဆရာ)။ အေး ဟုတ်ပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ရှင်းရှင်းပဲလေ၊ ကြက်မကြီးဝပ်ပေးတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ကြက်မကြီးဝပ်ပေးတာဟာ ကြက်မကြီးရင်ငွေ့နဲ့ ကြက်ဥလေးတွေကို ထိပေးနေရတယ် မဟုတ်လား (ထိပေးနေပါတယ်ဆရာ)။ ဒါ ကာယသမ္ဖဿမဟုတ်ဘူးလားကွ (ဟုတ်ပါတယ်ဆရာ)။ ဖဿ မဟုတ်ဘူးလား (ဖဿပါဆရာ)။

ဩော် ကြည့် ဒါကြောင့် "တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဋာဒယော ပန မာတုသမ္ဖဿေန ယာပေန္တေ ဒိသွာ "တေ ဖဿာဟာရေန ယာပေန္တီ"တိ တဿ လဒ္ဓိ။ 'တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဋာဒယော ပန–ခါ ငုံး ဥဒေါင်း ကြက်အစရှိကုန်သော တိရစ္ဆာန်ကလေးတို့သည်ကား၊ မာတုသမ္ဖဿေန– အမိ၏ကိုယ်ငွေ့တည်းဟူသော ဖဿအတွေ့ဖြင့်၊ ယာပေန္တေ–မျှတ၍ အသက်ရှင်နေကြသည်တို့ကို၊ ဒိသွာ–မြင်၍၊ တေ–ထို ခါ ငုံး ဥဒေါင်း ကြက်အစရှိကုန်သော တိရစ္ဆာန်ကလေးတို့သည် ဖဿာဟာရေနဖဿတည်းဟူသော အာဟာရဖြင့်၊ ယာပေန္တိ–အသက်ရှင်၍ တည်နေကြကုန်၏။ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)။ ပါဠိ ကုက္ကုဋ္ဋဆိုတာ ကြက်ခေါ်တယ်၊ အာဒိဆိုတာကတော့

http://www.dhammadownload.com



ကြက်အပြင် အဲဒီလို အမေဝပ်ဝပ်ပေးရတာ ဘာရှိသေးတုန်း၊ ဘာကောင်ရှိသေးတုန်းဟ ဟာ ဒီကောင်လည်း ဗဟုသုတ ခပ်နည်းနည်းအကောင်ပါပဲလား ဟင် မအေရင်ငွေ့ပေးရတာပေါ့ (ဟုတ်ပါ တယ်ဆရာ)။ အဲဒီရင်ငွေ့နဲ့ ဥနဲ့အမြဲတစေ ထိထားတယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါဘာဖဿ လဲ (ကာယသမ္ဖဿပါဆရာ)။ မျက်စိမြင်တာကျတော့ စက္ခုသမ္ဖဿ ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ နားကကြားတာကျတော့ (သောတသမ္ဖဿပါဆရာ)။ နှာခေါင်းကျတော့ရော (ဃာန သမ္ဖဿပါဆရာ)။ လျှာကျတော့ (ဇိဝှါသမ္ဖဿပါဆရာ)။ ငါကစပြောပါ့မယ်ကွာ၊ ကိုယ်နဲ့ထိတော့ ကာယသမ္ဖဿ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ စိတ်နဲ့တွေ့တော့ (မနောသမ္ဖဿပါဆရာ)။ ဖဿ ၆ မျိုး မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ၆ ဌာနမှာ တရားသုံးခုပေါင်းပေါင်းသွားတာချည်းပဲနော် (ဟုတ်ပါတယ်ဆရာ)။ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" သောတပသာဒရယ်၊ သဒ္ဒဆိုတဲ့ အသံရုပ်ရယ် သူတို့နှစ်ခုပေါင်းလိုက်ရင် သောတဝိညာဏ်စိတ်ကလေးပေါ်လာပြီ၊ ၃ ခုလည်း ပေါင်းလိုက်ရော ဖဿဖြစ်ပြန်ပြီ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အသံကလည်း ဒီလိုပဲ၊ လျှာနဲ့တိုးကြည့်မယ် ကိုယ်နဲ့တိုးကြည့်မယ် စိတ်နဲ့တိုးကြည့်မယ် သုံးခုစလုံးသွားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မျက်စိမှာဖြစ်တဲ့ဖဿ နားမှာဖြစ်တဲ့ ဖဿ နှာခေါင်းမှာဖြစ်တဲ့ဖဿ လျှာမှာဖြစ်တဲ့ဖဿ ကိုယ်မှာဖြစ်တဲ့ဖဿ စိတ်မှာဖြစ်တဲ့ဖဿ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြက်မကြီးက ကြက်ဥကလေးတွေဝပ်ပေးနေတယ်ဆိုတော့ ကိုယ်ငွေ့ပေးတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါအတွေ့ကလေးတွေ တွေ့နေတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီ ကာယသမ္ဖဿခေါ်ထားတဲ့ ဒီဖဿသည်ပင်လျှင် ဒီကြက်ကလေး အစရှိတဲ့ တိရစ္ဆာန်လေးတွေကို ရေတစ်ပေါက်မပေး၊ နည်းနည်းလေးမှလည်းအစာမကျွေးဘဲနဲ့ လေးသီတင်း ငါးသီတင်းကာလမျှ မသေတဲ့အပြင် မသိုးတဲ့အပြင် ခြေလက်အတောင်စုံလို့ အကောင်လေးတွေဖြစ်လို့ ဥခွံထဲကထွက်၍ပေါက်ကြတယ်။

အာဟာရ ၄ ချက်၊ ကဗဠီကာရအာဟာရ ဖဿအာဟာရ မနောသဉ္စေတနာအာဟာရ ဝိညာဏအာဟာရ ဘယ်နှစ်မျိုးလဲ (၄ မျိုးပါဆရာ)။ ကိုဒိုးလေးလား ဟာ မင်းအိမ် ဘယ်ချိန် ပြန်ရောက် (ကျွန်တော်မနက်ကပဲပြန်ရောက်ပါတယ်ဆရာ)။ ဘယ်သွားနေလဲ (သန်လျင်ကို သွားနေပါတယ်ဆရာ)။ အာဟာရ ၄ မျိုး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဘယ်သူဘယ်သူ တုန်း (ကဗဠီကာရအာဟာရ ဖဿအာဟာရ မနောသဉ္စေတနာအာဟာရ ဝိညာဏအာဟာရ ပါဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ၊ ကဗ္ဗဠီကာရအာဟာရ ဖဿအာဟာရ မနောသဉ္စနာအာဟာရ ဝိညာဏ်အာဟာရ၊ အာဟာရ ၄ မျိုး အာဟာရဆိုတာ ဘာခေါ်တုန်းဆိုတော့ ဆောင်တတ်တာနော် (ဟုတ်ပါတယ်ဆရာ)။ ဆောင်တတ်တာတဲ့၊ ဘာကိုဆောင်သလဲမေးတော့ မင်းတို့ငါတို့သတ္တဝါတွေ

http://www.dhammadownload.com



မသေဘဲနဲ့ အသက်ရှင်စေဖို့ဆိုတဲ့အနေအားဖြင့် ဆောင်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ သူဆောင်လို့တဲ့၊ ဒီတော့ သတ္တဝါတွေရဲ့ အသက်မသေဖို့ဆိုတော့ ဒီမင်းတို့ငါတို့မှာ ဖြစ်နေတဲ့ အဇ္ဈတ္တသန္တာန်ဖြစ်နေတဲ့ ရုပ်ကလေးတွေဟာ အသစ်အသစ်ဆက်ကာဆက်ကာဖြစ်အောင် လုပ်မပေးရင် အသက်ရှည်ပါ့လား (မရှည်ပါဘူးဆရာ)။ ဒီတော့ မင်းတို့ငါတို့ အဇ္ဈတ္တသန္တာန် ဖြစ်နေတဲ့ ရုပ်ကလေးတွေကို အသစ်အသစ်ဖြစ်အောင် ဆက်ကာဆက်ကာ လုပ်ထားသလား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် အာဟာရဟာ အာဟာရဆောင်ထားလို့ ဘုံ ၃ ပါးရှိတဲ့ သတ္တဝါများသည် မပျက်မစီးဘဲနဲ့ အသက်ရှင်၍ တည်နေကြ၏။ ဒါဖြင့် ကောင်းပါပြီ ဘုံ ၃ ပါးရှိတဲ့ (၃၁) ဘုံသတ္တဝါတွေ ဘာအမှီပြုနေသလဲဆိုတော့ အာဟာရအမှီပြုနေကြ၏နော် (ဟုတ်ပါတယ် ဆရာ)။

ဒါကြောင့် "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"။ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ သတ္တာ–သတ္တဝါ ဉသုံအလုံးစုံတို့သည်၊ အာဟာရဋ္ဌိတိကာ–အာဟာရသာလျှင် မှီရာတည်ရာ ရှိကြကုန်၏။ ဒီတော့ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ သဗ္ဗေ–အလုံးစုံကုန်သောဆိုတော့ တို့ဘုရားကအစအကုန်ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဘုရားကစအကုန်လုံးပေါ့ (ဟုတ်ကဲ့ပါဆရာ)။ အကုန်လုံးရှိသမျှ သတ္တဝါတွေဟာ အာဟာရအမှီပြုနေကြရတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ တို့လူစုနားလည်ထားတာ အာဟာရဆိုတာ ဒါစားစရာ သောက်စရာ ဒါအစာအာဟာရ ဒီအစာပဲသိတယ်။ ဒါ ကဗဠီကာရအာဟာရ စားကောင်း သောက်ကောင်း မျိုကောင်းတဲ့ အစာ အာဟာရကျတော့ ကဗဠီကာရအာဟာရ ဟုတ်ပြီလား (ဟုတ်ပါတယ်ဆရာ)။ ဖဿအာဟာရ ကျတော့ စားလို့သောက်လို့ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူး၊ မဖြစ်ပေမဲ့ ဒီဖဿထဲလည်း ခုနပြောတဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ဆောင်ပေးနေတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားတယ် မဟုတ်လား (ထင်ရှားပါတယ်ဆရာ)။ မနောသဉ္စေတနာအာဟာရ၊ စေတနာ ၃ မျိုးပေါ့၊ ဒီစေတနာလေးတွေနဲ့ပဲ မင်းတို့ငါတို့သတ္တဝါများ မပျက်မစီးအောင် ရုပ်အသစ် အသစ်ဖြစ်အောင်ဆောင်ပေးနေတယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ နောက်တစ်ခါ ၄ နံပါတ် ဝိညာဏအာဟာရ ဒီလိုပဲဝိညာဏ်ဆိုတဲ့အာဟာရပါ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒီ အာဟာရ ၄ မျိုးကို တစ်ခုချင်းတစ်ခုချင်းအားဖြင့် ပြတဲ့အခါကျတော့ "ကဗဠီကာရာဟာရော ဩဇဋ္ဌမကရူပံ အာဟာရကိစ္စံ ဥပတ္ထမ္ဘေန္တော အာဟာရကိစ္စံ သာဓေတိ" ကဗဠီကာရာဟာရော–ကဗဠီကာရအာဟာရသည်၊ ဩဇဋ္ဌမကရူပံ–ဩဇာလျှင် ၈–ခုမြောက်သော ရုပ်တရားကို၊ ဥပတ္ထမ္ဘေန္တော–ထောက်ပံ့စေသောသဘောသည်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ *သာဓေတိ–ပြီးစေ၏။* တို့စားကောင်း သောက်ကောင်း မျိုကောင်းတဲ့အစာခေါ်ထားတဲ့ ကဗဠီကာရ ကျတော့ ဘာဆောင်သလဲမေးတော့ ဩဇာလျှင် ၈ ခုမြောက်တဲ့ ရုပ်အသစ်အသစ်ကလေးတွေ

http://www.dhammadownload.com



ဖြစ်အောင်လုပ်ပေးတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဆောင်ပုံလေးတွေ ဆောင်ပုံလေးတွေ၊ ဖဿကျတော့ ဖဿအာဟာရဘယ့်နှယ်လုပ် ဖဿအာဟာရကျတော့ ဒီလို ဝါးစရာ စားစရာ မျိုစရာ မလိုတော့ဘူး။ ဘယ်လိုဆောင်သတုန်းမေးတော့ "ဖဿော ဖုသန္တောယေဝ အာဟာရကိစ္စံ သာဓေတိ" ဖဿော–ဖဿဆိုတဲ့ အာဟာရသည်၊ ဖုသန္တောယေဝ–အာရုံတစ်ခုနှင့် ဝတ္ထုတွေ့ထိကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေတတ်၏။ ဖဿကျတော့ အာရုံတွေ့ထိမှုသဘောလေးနဲ့ပဲ တွေ့ထိကာမျှဆောင်ခြင်းကိစ္စပြီးနိုင်တယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မနောသဉ္စေတနာအာဟာရကျတော့ မနောသဉ္စေတနာ အာဟာရဆိုတဲ့ ဘယ့်နှယ့်လုပ်မလဲ "မနောသဉ္စေတနာဟာရော အာယူဟမာနောယေဝ အာဟာရကိစ္စံ သာဓေတိ" မနောသဉ္စေတနာဟာရော–စေတနာခေါ်ထားတဲ့ အာဟာရသည်၊ အာယူဟမာနောယေဝ–အားထုတ်ကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ မနောသဉ္စေတနာခေါ်ထးတဲ့ စေတနာအာဟာရကျတော့ အားထုတ်ကာမျှဖြင့် ဆောင်ခြင်းကိစ္စပြီးတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီနေရာအားထုတ်ကာမျှဆိုတာ အာယူဟမာနာဝ–အားထုတ်ကာမျှဆိုတာ တစ်ခြားမဟုတ်ပါဘူး စေတနာလေး၊ မင်းတို့ငါတို့ ကိုယ်နဲ့ အလုပ်လုပ်ကြတယ်၊ နှုတ်နဲ့အလုပ်လုပ်ကြတယ် စိတ်နဲ့အလုပ်လုပ်ကြတယ်။ ကိုယ်ရယ် နှုတ်ရယ် စိတ်ရယ် ၃ ခု မရှိဘူးလား (ရှိပါတယ်ဆရာ)။ ကိုယ်နဲ့လုပ်တော့ကာယကံ၊ နှုတ်နဲ့လုပ်တော့ ဝစီကံ၊ စိတ်နဲ့လုပ်တော့မနောကံ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ကံဆိုတာ စေတနာလေးတွေ မဟုတ်ဘူးလား (စေတနာလေးပါဆရာ)။ အေး ကိုယ်နဲ့လုပ်တော့ ကာယကံ စေတနာဖြစ်လာတယ်၊ နှုတ်နဲ့လုပ်တော့ဝစီကံစေတနာဖြစ်တယ်၊ စိတ်နဲ့လုပ်တော့ မနောကံ စေတနာဖြစ်တယ်တဲ့။ ဒီတော့ ကာယကံရယ် ဝစီကံရယ် မနောကံရယ်ဆိုတဲ့ ကံ ၃ ခု သေသေချာချာကြည့်ရင်ဒါစေတနာလေး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိုယ်နဲ့လုပ်တယ်ဆိုတာ အားထုတ်မှုသဘောလေး၊ နှုတ်နဲ့လုပ်တယ်ဆိုတာအားထုတ်မှုသဘောလေး စိတ်နဲ့လုပ်တယ်ဆိုတာ အားထုတ်မှုသဘောလေးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဆို ဒီစေတနာ ၃ ပါးဟာ ကာယကံစေတနာ ဝစီကံစေတနာ မနောကံစေတနာဆိုတဲ့ စေတနာ ၃ ပါးဟာ သူ့ရဲ့ဆောင်ပုံလေးကြည့်လိုက်တော့ သူဟာအားထုတ်ကာမျှလေးပဲလို့ဆိုထားတော့ ဩော် ဒါကြောင့် ဒီအားထုတ်ကာမျှဆိုတာ တစ်ခြား မဟုတ်ဘူး၊ အားထုတ်ကာမျှဆိုတာ တို့ကိုယ်တိုင်ပဲ ကုသိုလ်လုပ်လုပ် အကုသိုလ်လုပ်လုပ် ကိုယ်နဲ့ လုပ်ရင် ကာယကံကုသိုလ်မြောက်ပေါ့မမြောက်ဘူးလား (မြောက်ပါတယ်ဆရာ)။ ကိုယ်နဲ့လုပ်လိုက်ရင် ကာယကံ အကုသိုလ်ကံမြောက်ပေါ့၊ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် ၂ မျိုးလုံးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။

နှုတ်နဲ့လုပ်ပြန် ဝစီကံကုသိုလ်မြောက်ပေါ့၊ နှုတ်နဲ့လုပ်ပြန် ဝစီကံအကုသိုလ်မြောက်ပြန်ပေါ့။

http://www.dhammadownload.com



စိတ်နဲ့လုပ်ပြန်တော့ မနောကံကုသိုလ်မြောက်ပြန်ပေါ့၊ စိတ်နဲ့လုပ်ပြန်တော့ မနောကံအကုသိုလ်ကံ မြောက်ပြန်ပေါ့ဆိုတော့ ဒီနေရာလေးတင် သေသေချာချာကြည့်စမ်း ကိုယ်နဲ့လုပ်ရင်လည်း စေတနာ မပါဘဲ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ နှုတ်နဲ့လုပ်တော့ စေတနာမပါဘဲဖြစ်ရဲ့လား (မဖြစ်ပါဘူး ဆရာ)။ စိတ်နဲ့လုပ်တော့ စေတနာမပါဘဲဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ဒါဖြင့် စေတနာအရင်းခံ ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"လို့ ဘုရားကိုယ်တော်မြတ် ဟောသွားတာကြည့်၊ ဒီစေတနာလုံးလေးတွေကိုပဲ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒါကံပဲတဲ့ အမှန်က ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ကာယနဲ့လုပ်ရင် ကိုယ်နဲ့လုပ်ရင် ကာယကံဆိုတဲ့စေတနာသည် အဖတ်တင်၍ကျန်ရစ်ခဲ့၏။ မင်းတို့ငါတို့ကံကျန်ရစ်ခဲ့၏။ နှုတ်နဲ့ လုပ်ပြန်တော့ ဝစီကံဆိုတဲ့ စေတနာလုံးလေးတွေ ကံလေးတွေ အဖတ်တင်ကျန်ရစ်ခဲ့၏။ စိတ်နဲ့ လုပ်ပြန်လည်းပဲ မနောကံဆိုတဲ့ စေတနာလုံးလေးတွေ ကံအဖြစ်နဲ့ အဖတ်တင်ကျန်ရစ်ခဲ့၏။ ဒါကြောင့် မင်းတို့ငါတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာ ကာယကံ ဝစီကံ မနောကံဆိုတဲ့ လာသမျှအခါကာလတွေ အကျိုးပေးဖို့ရံထားတဲ့ စေတနာလုံးတွေနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ပြုံတစ်ခေါင်းကြီးပဲ မှတ်ထား ဒါ ခုဘဝကတည်းကရေတွက်လို့ ကုန်စရာအကြောင်းမရှိဘူး၊ မင်းတို့ငါတို့ လူလားမြောက်တဲ့ အချိန်ကာစ လူမှန်းသူမှန်းသိတဲ့အချိန်ကာစ ကုသိုလ်ကောင်းမှုဆိုတဲ့ ကာယကံ ဝစီကံ မနောကံဆိုတဲ့ ကံတွေကလုပ်တာ၊ အကုသိုလ်ဆိုတဲ့ ကာယကံ ဝစီကံ မနောကံတွေလုပ်တာ မလုပ်ဘူးလား (လုပ်ပါ တယ်ဆရာ)။ အေး အဲဒါတွေဟာ လက်ထိလက်ရောက်အားဖြင့် ပြုခြင်းပြီးခြင်း လုပ်ပြီးပြီးချင်း အကျိုးပေးတဲ့ကံတွေလည်း ရှိရဲ့၊ ဘယ်တော့မှ ပျောက်မသွားကောင်းတဲ့ အကျိုးမပေးရ သေးတဲ့ကံတွေလည်း ရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်တော့မှ ပျောက်မသွားကောင်းတဲ့ကံ၊ ဒါ တို့ ဇောနဲ့ကျလာတော့ ဇော ၇ ကြိမ်စောတဲ့အနက် ပထမဇောက ဒိဋ္ဌဓမ္မဝေဒနီယအကျိုး ပေးရင်ပေး၊ မပေးရင် အချိန်ကုန်သွား အဟောသိကံဖြစ်၊ နောက်ဆုံး သတ္တမဇောကတော့ ဒုတိယ ဘဝပဋိသန္ဓေဖြစ်ရင်ဖြစ် မဖြစ်ရင်သူ့အဟောသိကံဖြစ်၊ အဟောသိကံဆိုတာ ပျောက်သွားတာ။ နောက် မျှော်လင့်စရာမရှိဘူး။

ဒါပေမယ့် အလယ်မှာ ကျန်နေတဲ့ ဇော ၅ လုံးကတော့ အပရာပရိယေဒနီယကံခေါ်ထားတဲ့ ကံတွေကျတော့ ဒီစေတနာလုံးတွေ ကံလုံးလေးတွေဟာ မင်းတို့ ငါတို့အဇ္ဈတ္တသန္တာန်မှာ စုပုံအနေအားဖြင့် လှောင်ထားတာ အများကြီးရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်တော့ အကျိုးပေးမလဲ ဒုတိယဘဝ တတိယဘဝကာစ နိဗ္ဗာန်မရောက်သမျှကာလပတ်လုံး အကျိုးမပေးဘဲနဲ့ ဒီကံတွေမပျောက်ကောင်းပါဘူး လှောင်ထားတာတွေနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ အခုဘဝတင် ငါပြောတာ ရေတွက်လို့ကုန်စရာအကြောင်းမရှိဘူး အများကြီး၊ ဒါဖြင့် ခုဘဝတင်ဆိုတော့ ခုဘဝတင်ရှိသလားဆိုတော့ မဟုတ်ပါဘူး။ လွန်ခဲ့သောနောက်နောက်က လွန်ပြီးသောဘဝပေါင်း

http://www.dhammadownload.com



များစွာက ဒီလိုပဲလုပ်လာတဲ့ ကံဟောင်းတွေပါလာကြတယ် သူသူငါငါသတ္တဝါတွေ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အပရာပရိယဝေဒနိယကံတွေ အများကြီးပါကြတယ် ကုသိုလ်ကံတွေလည်း ပါတာပဲ အကုသိုလ်ကံတွေလည်းပါတာပဲ၊ သတ္တဝါများဆိုတာ ဂတိမမြဲတော့ ပုထုဇဉ်အနေအားဖြင့် ကောင်းတဲ့ဂတိလည်းရောက်တာပဲ မကောင်းတဲ့ဂတိလည်းရောက်တာပဲ ကောင်းတဲ့ဂတိ သူတော် ကောင်းဘဝဖြစ်ရင် ကုသိုလ်ကံကများတယ် အကုသိုလ်ကံကနည်းတယ်၊ မကောင်းတဲ့အမျိုးထဲ လူမိုက်မျိုးထဲသွားဖြစ်ပြန်တော့လည်းပဲ ကုသိုလ်ကံနည်းပြီးတော့ အကုသိုလ်ကံတွေကများတယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် လွန်ခဲ့သော အတိတ်ဘဝက အတီတာနန္တရ ဘဝပေါင်းများစွာ မင်းတို့ငါတို့တတွေ သိုလှောင်လာတဲ့ ငါတို့တတွေသိုလှောင်လာတဲ့ အခွင့်သာရင် အကျိုးပေးမယ်လို့ ရှယ်နေတဲ့ ကံဟောင်းတွေ၊ မင်းတို့ငါတို့ရဲ့အဇ္ဈတ္တသန္တာန်ပြည့်လို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ သိလည်းမသိပါဘူး မြင်လည်းမမြင်ပါဘူး ဘယ်သူမှလည်းနားမလည်ပါဘူး ဒီဘဝရောက်လာ ပြီလားဆို တော်တော်လေးအဆင့်အတန်းမြင့်လာဆို ဘေးရှိမှန်းမသိ ကြွေးရှိမှန်းမသိ ပျော်လိုက် မော်လိုက် ကြွားလိုက် တုလိုက် ပလိုက် ပြိုင်လိုက် ဆိုင်လိုက် မာန်မာနထကြွကြွ ဒီလိုဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒီဘဝတော့ဟုတ်တာပေါ့၊ သူ့ဘေးနားမှာအခွင့်ရှိနေတဲ့ လွန်ခဲ့သော ဘဝပေါင်းများစွာက သိုလှောင်လာတဲ့ကံဟောင်းတွေက ပေးမယ်လို့စောင့်နေတယ်၊ မသိကြဘူးနော် (ဟုတ်ပါတယ်ဆရာ)။ မသိကြဘူးတဲ့ဘယ်အချိန်ကျ ဘယ်ကံက ဝင်ပြီးနှိပ်စက်မယ် ဘယ်အချိန် ကျတော့ ဘယ်ကံမျိုးက ဝင်အကျိုးပေးမယ်ဆိုတာ မသိရှာပါဘူးသိရဲ့လား (မသိပါဘူးဆရာ)။ အဲဒါတွေ ဘယ်တော့မှကုန်သလဲလို့ ဘယ်တော့မှမကုန်ဘူး၊ ဘယ်ကုန်မတုန်းလို့ နောက်နောက်က ပါလာတဲ့ ဘဝပေါင်းများစွာက ကံဟောင်းတွေမကုန်တဲ့အပြင် ခုဖြစ်တဲ့ဘဝသစ် ထပ်ပြီးတော့ ကြွေးတွေကတင်ပြန် (ဟုတ်ပါတယ်ဆရာ)။ အဲဒါဘာလဲ ကိုယ်နဲ့လုပ်တာ နှုတ်နဲ့လုပ်တာ စိတ်နဲ့လုပ်တာ ဒီနေရာလေးတော့အကျဉ်းလောက်ပါပဲ။ ဝဋ္ဋရေလည်မှ ဒီကံဟောင်းတွေပြန်ပြီးတော့ သရုပ်ဖော်လို့ကောင်းတယ်၊ ကြောက်စရာလည်းအင်မတန်ကောင်းတယ်၊ ငါ့အကြွေးတွေကို ပေးဆပ်လို့ ကုန်နိုင်စရာအကြောင်းမရှိပါလားလို့ ဘယ်တော့မှကုန်မှာလဲ ဘယ်တော့မှမကုန်ဘူး နိဗ္ဗာန်မရောက်မချင်းနော် (ဟုတ်ပါတယ်ဆရာ)။ အေး နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်များ အဓိပ္ပါယ်အားဖြင့် ပထမမဂ်ရ ဒုတိယမဂ်ရ တတိယမဂ်ရ စတုတ္ထမဂ်ရ၊ ဒီလို မဂ်အဆင့်ဆင့်တက်သွားတဲ့ပုဂ္ဂိုလ်များ ပထမမဂ်ရကထဲက အဲဒီလိုဘဝပေါင်းများစွာသိုလှောင်လာတဲ့ အခွင့်သာရင် အကျိုးပေးမယ် စောင့်နေတဲ့ ကံဟောင်းတွေက အကုန်ပြတ်တယ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ကုန်သွားပြီတဲ့၊ အကျိုးပေးဖို့မရှိတော့ဘူး ကြွေးများတဲ့လူ အကြွေးမပေးနိုင်တော့ ဟိုဒင်းလိုပေါ့ကွာ ဆင်းရဲသား သူဆင်းရဲစာရင်းခံလိုက်သလိုပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုပဲ ဒီလိုပဲ၊ အဲဒါ မဂ်ဉာဏ်

http://www.dhammadownload.com



ဖိုလ်ဉာဏ်ရမှတဲ့၊ ဒါမှမဟုတ်လို့ရှိရင် ဒီကံဟောင်းတွေ ဆပ်လို့ကုန်နိုင်စရာအကြောင်းမရှိဘူး တစ်သံသရာလုံး။ အဲဒါ မင်းတို့ကြည့်လေ အဓိပ္ပါယ်အားဖြင့် လူတစ်ဦးတစ်ယောက်မှာ ဒီဘက်ဘဝရောက်လာရင် ပထမအရွယ် ဒုတိယအရွယ် တတိယအရွယ် အရွယ်သုံးပါးတဖြောင့်ထဲ မွေးကတည်းကချမ်းသာရင်လည်း သေတဲ့အချိန်အထိ ချမ်းသာသွားတယ်ဆိုတဲ့ပုဂ္ဂိုလ်က ခပ်ရှားရှား နော် (ဟုတ်ပါတယ်ဆရာ)။ ဒီဘက်ဘဝမွေးကထဲက ဆင်းရဲလိုက်တာ သေသည့်အထိဆင်းရဲ သွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်းခပ်ရှားရှား။ ပထမအရွယ် ဒုတိယအရွယ် တတိယအရွယ် အရွယ် ၃ မျိုးရှိသည့်အနက်က ပထမအရွယ်လူချမ်းသာဖြစ်၊ ဒုတိယအရွယ်ကျလူမွဲဖြစ်၊ တတိယအရွယ်ကျ ပြန်လူချမ်းသာဖြစ် ကမောက်ကမနော် (ဟုတ်ပါတယ်ဆရာ)။

တစ်ချို့လည်း ပထမအရွယ် လူချမ်းသာဖြစ်၊ ဒုတိယအရွယ်ကျ လူမွဲဖြစ်၊ တတိယအရွယ် ကျလူမွဲဖြစ် ပထမပိုင်းတော့လူချမ်းသာနော် (ဟုတ်ပါတယ်ဆရာ)။ တစ်ချို့လည်း တစ်ပိုင်းက လူချမ်းသာ တစ်ပိုင်းကလူမွဲ၊ အဲဒါ ဘာလဲဆိုတော့ အလှည့်နဲ့ခံကြရတဲ့ကံတွေပဲ။ ဩော် တို့ ဒီဘဝမှာပေးတဲ့ ကုသိုလ်ကံကတော့ အမှန်ကတော့ ပထမအရွယ် လူချမ်းသာဘဝနဲ့လာတာ တဖြောင့်ထဲလာဖို့၊ ဒါပေမဲ့ တဖြောင့်ထဲမလာဘဲနဲ့ ဒုတိယဘဝလာပြီးတော့ ဒီလိုဆင်းရဲတဲ့ဘဝ ကြုံရတာဘာကြောင့်လဲဆိုတော့ လွန်ခဲ့သောအတိတ်ဘဝက ပေးဆပ်စရာရှိတဲ့ ကံကလေးက ဝင်လာတယ် သူလာနှိပ်စက်တယ်ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သူက တစ်ခါထဲ တစ်သက်လုံးပဲ လူဆင်းရဲဖြစ်အောင်လုပ်မလားဆို မဟုတ်ပါဘူးတဲ့၊ သူလည်းပဲ သူ့အားရှိတဲ့အတိုင်း ဒီအခွင့်သင့်တဲ့ အခိုက်ကလေးဝင်ပေးတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ကံလည်းပဲ သူ့အရှိန် အဝါကုန်လို့ သူလည်းပျောက်ပျက်သွားပြန်တော့ ကုသိုလ်ကံတစ်ခါဝင်ပြီးတော့ ဝင်ပြန်တော့ လူချမ်း သာပြန်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒါကြောင့် တစ်ဘဝထဲမှာ အစ အလယ် အဆုံး သုံးပါးလုံးကို တဖြောင့်ထဲ အကျိုးပေးထားတယ်ဆိုတဲ့ ပုဂ္ဂိုလ်များသည် လွန်ခဲ့သော အတိတ်ဘဝက ပုဗ္ဗ မုဥ္စ ပရဆိုတဲ့ ပထမဆုံးစေတနာ အလယ်အလတ်စေတနာ နောက်ဆုံးစေတနာလို့ ကုသိုလ် ကောင်းမှုပြုတဲ့နေရာမှာ စေတနာသုံးတန်အရင်းအဖျားညီတဲ့ပုဂ္ဂိုလ်များမှ တစ်ဘဝလုံး ပထမ ဒုတိယ တတိယအရွယ်သုံးပါးလုံး တဖြောင့်ထဲ အကျိုးပေးတတ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမှ မဟုတ်လို့ ဟိုဘက်ဘဝတုန်းက ပုဗ္ဗစေတနာကကောင်းပါရဲ့၊ မုဥ္စနဲ့ပရစေတနာ ချို့ယွင်းပြီဆိုမှဖြင့် ဒုတိယဘဝ တတိယဘဝကျ အကျိုးမပေးပြန်ဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

တစ်ချို့ကလည်း ပုဗ္ဗစေတနာတော့ညံ့ညံ့ပဲ၊ ဒါပေမဲ့ မုဥ္စစေတနာပရ စေတနာကောင်းပြန် တယ်ဆိုတော့ ပထမဘဝဆင်းရဲပေမဲ့ ဒုတိယ တတိယကျတော့ လူချမ်းသာဖြစ်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီလိုပဲ အပြောင်းပြောင်းအလဲလဲသွားကြ၊ ဒါဘာလဲလို့မေးတော့ အခုနပြောသလို အတီတာနန္တရဘဝ လုပ်လာကြတဲ့ မင်းတို့ငါတို့မှာ ကာယကံကုသိုလ် ဝစီကံကုသိုလ်

http://www.dhammadownload.com



မနောကံကုသိုလ်ဆိုတဲ့ အကျိုးမပေးသေးတဲ့ ကံဟောင်းတွေက အစုလိုက် အပြုံလိုက်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ဘယ်လောက်များသလဲဆို မရေမတွက်နိုင်ဘူးတဲ့၊ တို့ကျမ်းဂန်များ ပြထားတာ အပရာပရိယဝေဒနီကကံနော် (ဟုတ်ပါတယ်ဆရာ)။ အများကြီးဘဲ၊ ဒီတော့ တို့ကံ မကောင်းလို့ အကြောင်းမသင့် မသင့်သလို ခံကြရပြန်တာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် "သဗ္ဗေ သတ္တာ ကမ္မဿကာ။ သဗ္ဗေ သတ္တာ ကမ္မဒါယာဒါ။ သဗ္ဗေ သတ္တာ ကမ္မံ ဝိဘဇတိ"- ကိုယ်တော်မြတ်ဟောထားတာ။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ မင်းတို့ငါတို့ကိုယ်ပိုင်ပစ္စည်းကကံပဲ၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မဒါယာဒါ-ကံသာလျှင် အမွေခံအနှစ်ဥစ္စာဖြစ်ကြကုန်၏။ အမွေခံပစ္စည်းကကံပဲနော် (ဟုတ်ပါတယ် ဆရာ)။ ကံပေးလို့ရှိရင်ချမ်းသာမှာ ကံမပေးသေးရင်မချမ်းသာဘူး၊ ကံဖျက်ရင်ပျက်တာပဲ ကံတက် ရင်တက်တာပဲ ဒီလိုလာတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သတ္တေ-သတ္တဝါတို့ကို၊ ကမ္မံ- ကံသည်၊ ဝိဘဇတိ-ကောင်းကျိုးဆိုးကျိုးတို့နှစ်မျိုးကို ဝေဖန်တတ်၏။ မင်းတို့ငါတို့ ကောင်းလိုက် မကောင်းလိုက်၊ ကောင်းလိုက်မကောင်းလိုက် ဘယ်သူလုပ်တာတုန်းမေးတော့ ကံလုပ်ပေးနေတာ ကံဝေဖန်ပေးနေတာ ကံအဝေဖန်ခံကြရတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါလေးတွေကြည့်၊ ဒီတော့စိတ်ထဲမှာ ငါ့အခွင့်ကောင်းလို့ အကြောင်းသင့်နေတဲ့အခါမှာ ငါတော်လှပြီဆိုတဲ့အနေနဲ့ မာန်မာနတကြွကြွနဲ့မနေကြနဲ့၊ ဒါက ကုသိုလ်အလှည့်ကြုံလို့ ငါဒီလို မြင့်မြတ်တဲ့အဖြစ်မျိုးရောက်နေတယ်၊ အကုသိုလ်အလှည့်ကြုံလာရင်ငါမပြောနိုင်ဘူး၊ ဘာဖြစ်လို့ ငါ့အဇ္ဈတ္တသန္တာန်အကျိုးမပေးရသေးတဲ့ ကံဟောင်းတွေ တစ်ပုံတစ်ခေါင်းကြီးရှိတယ် နော် (ဟုတ်ပါ တယ်ဆရာ)။ အလှည့်သင့်ရင်လာလိမ့်မယ်၊ အဲဒါလေးတွေ နားလည်ထားရမယ်။

ဒါကြောင့် ဒီကံကြွေးတွေဟာ လွန်ခဲ့သောအတိတ်ဘဝကပါလာတဲ့ ကံကြွေးတွေ ကုန်အောင် ဆပ်ပေးဖို့နေနေသာသာ တို့လူစု အခုဘဝပြုနေတဲ့ ကံကြွေးတွေကိုက ဘယ်လောက်တင်သလဲ မေးရင် ရေတွက်လို့မကုန်ပါဘူး ကုန်ပါ့မလား (မကုန်ပါဘူးဆရာ)။ ဘယ်ကုန်မလဲကွ မျက်စိကမြင် နားကကြား နှာခေါင်းကနံ လျှာကစား ကိုယ်ထိ စိတ်ထဲကြံနဲ့၊ တံခါး ၆ ပေါက်၊ တံခါး ၆ ပေါက်၊ အာရုံ ၆ ပါးနဲ့တွေ့တိုင်းတွေ့တိုင်း ငါစောစောကလည်း ပြောခဲ့ပါတယ်၊ လူသတ်မှအပြစ် မဟုတ်ပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ နွားခိုးမှအပြစ်မဟုတ်ပါဘူး၊ အမှန်ကတော့ အပြစ်တွေ အပြစ်တွေ ဝေဖန်ရလိမ့်၊ အပြစ်တွေအပြစ်တွေ အင်မတန်ကြောက်စရာကောင်းတယ်။ ဒါကြောင့် ဒီကံ ၃ ပါး၊ ကာယကံ ဝစီကံ မနောကံ ၃ ပါးဆိုတဲ့ ဒုစရိုက်တရားတွေကို လူတိုင်း လူတိုင်း နားလည်ဖို့ အလွန်ကောင်း။ ဟာ ဒါ ဒုစရိုက်တရားတွေပါလားဟ၊ အဓိပ္ပါယ် ကိုယ့်စိတ်ထဲက တစ်ဖက်သားကြီးပွားချမ်းသာတာ မနာလိုတဲ့ စိတ်ကလေးရှိရင်လည်း ဟာ ဒါမျိုးက မလုပ်ကောင်း

http://www.dhammadownload.com



ဘူးဟဲ့ သူတော်ကောင်းများ စက်ဆုပ်ရွံ့ရှာတဲ့ ဒါဒုစရိုက်တရားကြီး ဟောဒါ မနောဒုစရိုက် အင်မတန်ကြောက်စရာကောင်းပါတယ် သူစီးပွားဥစ္စာချမ်းသာတိုးတက်လာရင် ငါဘာလုပ်ရမလဲ ငါဝမ်းမြောက်ရမယ် မုဒိတာနော် (ဟုတ်ပါတယ်ဆရာ)။ သုခိတာသတ္တဝါများမြင်လို့ရှိရင် ချမ်းသာတဲ့ သတ္တဝါမြင်ရင် ဝမ်းပန်းတသာဖြစ်ရမယ်။ တို့ဘုရားကမှာထား၊ ကောင်းပါပြီ ဒုက္ခိတသတ္တဝါ လူဆင်းရဲမြင်တော့ ဆင်းရဲတဲ့လူမြင်တော့ ဘယ့်နှယ့်လုပ်ရ သနားရမယ် ဒါ ကရုဏာစေတသိက် ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကရုဏာနဲ့မုဒိတာပဲ ဒီနှစ်လုံးလက်ကိုင်နေရတယ်။ ဩော် ဆင်းရဲတဲ့လူ တော်တော်ကြီးကို ဆင်းရဲပင်ပန်းနေတဲ့ ဒုက္ခိတသတ္တဝါမြင်ရင် တို့ဘာလုပ်ရမလဲ၊ သနားရမယ် ကြင်နာရမယ် စိတ်ကလေးက ဒီလိုထားရမယ်နော် (ဟုတ်ပါတယ်ဆရာ)။

ကောင်းပါပြီ သူ့မှာ အခွင့်အရေးသင့်လို့ တော်တော်ကြီးမြင့်မြင့်မြတ်မြတ်နဲ့ ချမ်းချမ်းသာသာ ဖြစ်လာရင် ဘာလုပ်ရမလဲ ဝမ်းသာရမယ်တဲ့ ကိုယ်ရသလိုနော် (ဟုတ်ပါတယ်ဆရာ)။ ငါရသလိုပဲ ဒင်း ဒီလိုချမ်းချမ်းသာသာဖြစ်လာတာ ငါအင်မတန်ဝမ်းသာတယ်၊ ငါမရလည်းငါရသကဲ့သို့ ဒါမုဒိတာစေတသိက်ခေါ်တယ် ဒီလိုထားရမယ်တဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ခုတော့ ဒီလိုမဟုတ်ပါဘူး၊ တို့လူစုက ဒါကြောင့် ဒီကံဟောင်းတွေ တို့ဗိုက်ထဲမှာလှောင်ထားတာပြန်ကြည့်လို့၊ လွန်ခဲ့တဲ့ဘဝပေါင်းများစွာကပါလာတဲ့ ကံကြွေးမဆိုထားနဲ့ ခုဘဝဖြစ်နေတဲ့ကံဟောင်းတွေ ပြန်ပြောင်းကြည့်စမ်းပါဦး ဘယ်လောက်များသလဲနော် (ဟုတ်ပါတယ်ဆရာ)။ ဒါများ ငါဟိုလက်သီး လက်မောင်းတန်းပြီးတော့ ခိုးလား တိုက်လား ရိုက်လား ပုတ်လား လုလား ယက်လားဆိုတဲ့ ကံကြီးတွေ၊ မျက်မြင်ကံကြီးတွေမပြောသေးပါဘူး စိတ်ထဲမှာထိုင်နေရင်း သက်သက်ကြွေးတက်နေတဲ့ကံတွေ ငါပြောနေတာနော် (ဟုတ်ပါတယ်ဆရာ)။ ကြည့်ကြည့် တစ်ဖက်သားဝဝစားရင် နာလိုဖူးလို့လား (မလိုပါဘူးဆရာ)။ အေး တစ်ဖက်သားချမ်းသာရင်မရှုစိမ့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ အေး အေး အဲဒါတွေ မစားရမသောက်ရသက်သက် အဲဒါလူမမြင်တဲ့အကုသိုလ်ကံကြွေး ခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ တစ်ယောက်နဲ့တစ်ယောက်အဘိဇ္ဈာများလိုက်တာ၊ မကြားရ ဘေးကလူမမြင်ဘဲနဲ့ အလိုလို ကံကြွေးတွေ ကိုယ့်အပေါ် အလိုလိုတက်နေတယ်၊ ဘေးကလူကတော့ မမြင်ကောင်းဘဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဘေးကလူကတော့ ခုနပြောသလို ရိုက်မှ နှက်မှ ခိုးမှ ဖွက်မှ လုမှ ယက်မှ သတ်မှ ဖြတ်မှလည်း ဒါမှအကုသိုလ်ထင်တယ် မဟုတ်ပါဘူး အင်မတန် ကြောက်စရာကောင်းတဲ့ကံ တရိပ်ရိပ်နဲ့တက်နေတယ်။ အဲဒီ ကံမျိုးတွေလည်းပဲ တို့လူစုလည်းပဲ ဒီပစ္စက္ခမျက်မှောက် ရောက်လာတဲ့ဘဝမှာကိုပဲ တက်နေတဲ့ကံကြွေးတွေက ဆပ်ပေးလို့ ကုန်စရာ အကြောင်းမရှိပါဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါကံအကြောင်းနဲ့ ပတ်သက်လို့ပါ၊ ဘယ်သူလဲဆိုတော့ ဒီစေတနာတွေပဲတဲ့၊ အဲဒီစေတနာလုံးလေးတွေက ဒါဘာလဲဆို ဘာအာဟာရလဲမေးတော့ မနောသဉ္စေတနာအာဟာရ။ အဲဒီစေတနာတည်းဟူသော မနော

http://www.dhammadownload.com



သဉ္စေတနာအာဟာရက ဘာတွေလုပ်ပေးလဲဆိုတော့ "မနောသဉ္စေတနာဟာရေဝ တယော ဘဝေ"။ ကြည့်စမ်း မနေ့ညက တို့များပြသွားတဲ့ ဘုံသုံးပါး ၃၁ ဘုံနော် (ဟုတ်ပါတယ်ဆရာ)။ ၃၁ ဘုံကို ဘဝနဲ့ရေတွက်လိုက်တော့ ကာမဘဝ ရူပဘဝ အရူပဘဝဆိုတော့ ဘဝကြီး ၃ ပါး ဖြစ်သွားတယ် နော် (ဟုတ်ပါတယ်ဆရာ)။ ဘုံနဲ့ကြည့်လိုက်ရင် ၃၁ ဘုံ၊ အဲဒီ ၃၁ ဘုံဆိုတဲ့ လောကဓာတ်ကြီး ဘယ်သူဖြစ်အောင်လုပ်လဲဆိုတော့ ဒီမနောသဉ္စေတနာအာဟာရ လုပ်ပေးတာပေါ့၊ သူတည်ဆောက် ပေးတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် ခုနပြောတဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ အကုသိုလ်ကံကြွေးတွေ လုပ်တဲ့ ပုဂ္ဂိုလ်များကျတော့ သေပြီးအခြားမဲ့၌ အပါယ်လေးဘုံဖြစ်ရတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အပါယ်လေးဘုံသိပြီ ဘယ်သူလုပ်တာတုန်း စောစောကပြောတဲ့ အကုသိုလ် ကံစေတနာကလုပ်ပေးသည် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကုသိုလ်ကောင်းမှုတွေလုပ်တယ် ဒါနသီလဆိုတဲ့ ကုသိုလ်ကောင်းမှုတွေလုပ်တယ် လူ့ဘုံနတ်ဘုံပေါ်လာပြီ၊ လူ့ဘုံရယ် နတ်ပြည် ၆ ထပ် ဒီလူ့ဘုံနဲ့နတ်ပြည် ၆ ထပ်ဆိုတဲ့ ဘုံကြီးလောကဓာတ်ကြီး ဘာကြောင့်ပေါ်လာပါလိမ့်၊ စောစောကပြောတဲ့ ကုသိုလ်ကံဆိုတဲ့စေတနာကလုပ်ပေးသည် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ရူပါဝစရပြဟ္မာ ၁၆ ဘုံကြီးပေါ်လာတာ ဘယ်သူလုပ်ပါလိမ့်၊ ရူပါဝစရကုသိုလ်စေတနာက လုပ်ပေးသည် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အထက်အရူပလေးဘုံတည်းဟူသော ဘဝင်ဘုံကိုလုပ်ပေးတာ အရူပစေတနာ၊ ခြုံကြည့်တော့ ကာမဘဝ ရူပဘဝ အရူပဘဝ ခေါ်ထားတဲ့ ၃၁ ဘုံတည်းဟူသော လောကဓာတ်ကြီး ဘယ်သူလုပ်တာလဲဆိုတော့ ခုပြောတဲ့ မနောသဉ္စေတနာ အာဟာရ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ မနောသဉ္စေတနာအာဟာရခေါ်တယ် ဝိညာဏအာဟာရကျတော့ ပြောစရာမလိုတော့ပါဘူး၊ နိဗ္ဗာန်မရောက်မချင်း ပဋိသန္ဓေမကင်းသမျှ ကာလပတ်လုံး ဘဝအသစ်အသစ် ဆက်ကာဆက်ကာဖြစ်လာတယ်ဆိုတဲ့ ရုပ်နာမ်နှစ်ပါးကို ဝိညာဏအာဟာရ လုပ်ပေးတာပါတဲ့၊ ဒါတော့ရေတွက်လို့မကုန်တော့ဘူးနော် (ဟုတ်ပါတယ် ဆရာ)။ အေး အေး အဲဒီအာဟာရ ၄ မျိုး၊ ဒါသူရဲ့ သဘောအဓိပ္ပါယ်လေးတွေခေါ်တယ် ပြီးတော့မှ ပြယုဂ်အနေအားဖြင့်ပြပါဆိုတော့ မနေ့ညကပြသွားတယ်။

ကဗဠီကာရ အာဟာရကျတော့ ပြစရာမလိုဘူး၊ ဘာဖြစ်လို့သူသိငါသိ။ တို့ ထမင်းစား အသက်ရှင်တာပဲ၊ တို့ထမင်းစား တောင့်တောင့်တင်းတင်းရှိတာပဲ ချမ်းသာတာ ကျန်းမာတာ ထမင်းမစားသေမှာပေါ့၊ ဟာ လူတိုင်းသိ။ ဒါဖြင့် ကဗဠီကာရအာဟာရတော့ တို့ရုပ်အသစ်အသစ် ဖြစ်အောင်ဆက်ပေးလို့ တို့အသက်ရှင်တယ် လူတိုင်းသိ မသိဘူးလားကွ (သိပါတယ်ဆရာ)။ ဖဿအာဟာရကျတော့ ဘယ်လိုတုန်းလို့ စောစောကပြောတဲ့ "ဖဿော ဖုသန္တောယေဝ အာဟာရ ကိစ္စံ သာဓေတိ" ဖဿအဟာရဆိုတာ ဖဿစေတသိက်ကလေးကို ဖဿလို့ခေါ်ပါတယ်။ ဒါဖြင့်

http://www.dhammadownload.com



ကောင်းပါပြီ သူက ဘာတွေဆောင်ပေးသလဲလို့မေးတော့ သူဆောင်တာဟာ တစ်ခြားမဟုတ်ပါဘူး တဲ့၊ တို့လောကမျက်မြင်အနေအားဖြင့် အဋ္ဌကထာဆရာက သာဓကလေးထုတ်ပြီးပြသွားတာ ပြယုက်ကလေးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဌာဒယော ပန မာတုသမ္ဘဝေန ယာပေန္တေ ဒိသွာ "ဝေတေ ဖဿာဟာရေန ယာပေန္တီ"တိ ဝတ္တဗ္ဗာ လဒ္ဓိ။ မနေ့ညက ပြသွားတာ မနေ့ကမင်းမရှိဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဌာဒယော ပန–ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်ကလေးတို့သည်ကား၊ မာတုသမ္ဘဝေန–အမိ၏အတွေ့ဖြင့်၊ ယာပေန္တေ–မျှတ၍ အသက်ရှင်လျက်အဖြစ်တို့ကို၊ ဒိသွာ–မြင်၍၊ ဝေတေ–ထို ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်ကောင်ကလေးတို့သည်၊ ဖဿာဟာရေန–ဖဿတည်းဟူသော အာဟာရဖြင့်၊ ယာပေန္တိ–အသက်ရှင်၍ တည်နေကြကုန်၏။

ကြက်ကလေးတွေ သေသေချာချာကြည့်စမ်း၊ ကြက်ကလေးတွေ အမိဝမ်းကဥလိုက်တယ် ဥပြီးတဲ့နောက် ဘယ်ကျမှအကောင်ပေါက် မြန်မာကြက် ၄ သီတင်း ၅ သီတင်းနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလောက်ကြာပေါက်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ မင်းကြက်အကြောင်းတော့ သိလား (သိပါတယ်ဆရာ)။ အောင်မယ် ဟုတ်ပြီ၊ ဘယ်နှစ်သီတင်းလောက်ဝပ်ရလဲ (၄ သီတင်းလောက်ဝပ်ရပါတယ်ဆရာ)။ ငါပြောတာဘာထူး၊ ကောင်းပါပြီကွာ လေးသီတင်းဆိုတာ တစ်လမနေလားကွဲ့ (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အမိမွေးပြီးတဲ့နောက် ဥပြီးတဲ့နောက်ပိုင်းမှာ တစ်လကြာမှ အကောင်အထည်လေးတွေ အပြင်ဘက်ရောက်လာတယ်။ အဲဒီ တစ်လအတွင်းမှာ ဥတွင်းမှာ နေစဉ်အခါတုန်းက အမိကရေတစ်ပေါက်တိုက်သလား (မတိုက်ပါဘူးဆရာ)။ အစာခွံ့သလား (မခွံ့ပါဘူးဆရာ)။ အစာလည်းမကျွေး ရေလည်းမတိုက်ဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါနဲ့များ ဒီတစ်လပတ်လုံး သူဟာမသေဘဲနဲ့ အမြဲအသက်ရှင်လာတယ်ဆိုတဲ့ သဘာဝကြည့်၊ ဒါပေမဲ့ ဒီဥစတုန်းကတော့ ကလလရေကြည်ပဲလို့၊ နောက်တော့ အကောင်အထည်ဖြစ်နော် (ဟုတ်ပါတယ်ဆရာ)။ အမွေးအတောင်စုံလို့၊ မျက်လုံး မျက်နှာ မျက်စိနဲ့ နားနဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယလို့၊ ပသာဒရုပ်တွေလည်းဖြစ်လို့ အကောင်အထည်လေးဖြစ်လို့ တစ်လစေ့တော့ဆိုပါတော့ ဥခွံထဲကနေ ထွက်လာကြတယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီတစ်လအတောအတွင်းမှာ ဥခွံထဲကထွက်ပြီးတဲ့ နောက်ပိုင်းရောက်တော့ ကိုယ့်အစာကိုယ်ကောက်စားတတ်လို့ ထားပါတော့ အာဟာရကိစ္စဆောင်သွားပြီ ကဗဠီကာရ အာဟာရဆောင်သွားပြီ။

ကဗဠီကာရအာဟာရဆောင်သွားပြီ၊ ဒါပေမဲ့ အမိဥပြီးတဲ့အချိန်ကစ အကောင်ပေါက်တဲ့ အချိန်အထိ ရေလည်းမသောက်ရ၊ အစာလည်းမစားရဘဲနဲ့ ဒီအထဲမှာ မပုပ်မသိုး မပျက်မစီးဘဲနဲ့ အသက်ရှင်နေတယ် ကြီးပွားနေတယ် ကြီးထွားနေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး ဒါဖြင့် အဲဒီလိုရုပ်ကလေးဟာ၊ သူ့ရဲ့ ရုပ်ကလေးဟာ အသက်မသေဘဲ

http://www.dhammadownload.com



ကြီးပွားလာတယ် ကြီးထွားလာတယ် အသက်ရှင်လာတယ်ဆိုတာ ဖဿတည်းဟူသော အာဟာရ ကဆောင်တာ ဘယ်လိုဆောင်သတုန်းလို့၊ အမိရဲ့ရင်ငွေ့နဲ့ အမြဲတစေတွေ့ထိနေရ မတွေ့ရဘူးလား (တွေ့ရပါတယ်ဆရာ)။ အေး အမိရဲ့ရင်ငွေ့နဲ့ ဒီကြက်ဥကလေးနဲ့ အမြဲတွေ့နေတာ ဖဿ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ မနေ့ညကပြသွားတာ ကာယသမ္ဖဿလို့၊ မျက်စိ မှာတွေ့တော့ စက္ခုသမ္ဖဿ၊ နားမှာတွေ့ရင် သောတသမ္ဖဿ၊ နှာခေါင်းမှာတွေ့ရင် ဃာနသမ္ဖဿ၊ လျှာမှာတွေ့ရင် ဇိဝှါသမ္ဖဿ၊ ကိုယ်မှာတွေ့တော့ ကာယသမ္ဖဿ ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ စိတ်မှာတွေ့ရင် မနောသမ္ဖဿ၊ ဖဿ ၆ မျိုး၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဆိုတဲ့ ၆ ဒွါနတွဲပြီးတော့ ဖဿ ၆ မျိုးဖြစ်တယ်။ ဒါဖြင့် ကြက်ကလေးတွေ အမိ ရင်ငွေ့ပေး နေတယ် တို့အရပ်သုံးအနေတော့ ဒီလိုပဲမြင်တယ် ကြက်ကလေးတွေ အမိကဝပ်ပေးရတယ် ဝပ်ပေးတာဘာတုန်း ရင်ငွေ့ပေးနေတယ် ဒီလိုမြင်တယ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အမှန်က ဒါဖဿပဲအမှန်က၊ ဒါ အရပ်ပြောအနေအားဖြင့် ဒါရင်ငွေ့ပေးတယ်လို့ပြောတာ၊ ဒါဖဿတဲ့ ဘာဖဿလဲမေးတော့ ကိုယ်ငွေ့တည်းဟူသော ကာယသမ္ဖဿ၊ ကိုယ်နဲ့ဖြစ်တဲ့ဖဿမို့လို့ ကာယသမ္ဖဿ။ ဒါဖြင့် အဲဒီ ဖဿနဲ့တွေ့ထားလို့ ဒီကြက်ကလေးတွေဟာ တစ်လလေးသီတင်း ရှိတောင်ပဲ မပုပ်မသိုးတဲ့အပြင် ကြီးပွားလာတယ် ကြီးထွားလာတယ်။ ရုပ်အသစ်အသစ်ကလေး တွေ တိုးတက်လာတယ် စည်ပင်ပြန့်ပွားလာတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

ဒါဖြင့် ကြီးပွားလာတယ် ကြီးထွားလာတယ်၊ ရုပ်အသစ်အသစ်ကလေးတွေ တိုးတက် လာတယ်၊ စည်ပင်ပြန့်ပွားလာတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါဖြင့် ဒီဖဿဆောင်တယ်ဆိုတဲ့ ဆောင်ခြင်းကိစ္စလေးကပိုပြီးတော့ ထင်ရှားလာတာပေါ့နော် (ဟုတ်ပါတယ် ဆရာ)။ ဒါအဋ္ဌကထာဆရာကပြတဲ့ ဥပမာ၊ ဒီတော့ ကုက္ကုဋ္ဌဒယော ပန ဆိုတော့ ကုက္ကုဋ္ဌ– ကြက် ငှက်၊ အာဒယောက အာဒိသဒ္ဒါအနက် ကြက်အစရှိသော တိရစ္ဆာန်များကို ဒီလိုပဲလို့ မှတ်ပါဆိုတော့ ကြက် ငှက်တကွပေါ့ကွာ။ အမွေးအတောင်နဲ့ဥတတ်တဲ့ ငှက်တို့ ကောင်းကင် ပျံသန်းတတ်တဲ့အကောင်တို့ ဒီလိုကောင်တွေမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူတို့လည်းပဲ ရင်ငွေ့ပေးရတယ် မဟုတ်ဘူးလား (ပေးရပါတယ်ဆရာ)။ သူတို့လည်း ရင်ငွေ့ပေးရတာပဲ၊ ဒါဖြင့်ရင် ဖဿအာဟာရဆိုတာ "ဖဿာဟာရော ဖုသန္တောယေဝ အာဟရကိစ္စံ သာဓေတိ" ဖဿာဟာရော– ဖဿအာဟာရသည်၊ ဖုသန္တောယေဝ–တွေ့ထိကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်း ကိစ္စကို၊ သာဓေတိ–ပြီးစေ၏ဆိုတဲ့ သက်သေသာဓကေခိုင်လုံသွားပြီပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ကောင်းပါပြီ မနောသဉ္စေတနာအာဟာရပြောကြစို့။

စေတနာတည်းဟူသော အာဟာရက အားထုတ်ကာမျှဖြင့် ဆောင်တယ်ဆိုတဲ့ အဓိပ္ပါယ် ပြောစမ်းပါ ဒါသာကေ ယုတ္တိခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အာဂမယုတ္တိတဲ့၊ ပါဠိတော်

http://www.dhammadownload.com



အဋ္ဌကထာကလာတဲ့ ဒါက ပါဠိတော်လာတဲ့အဓိပ္ပါယ် ဒါက အဋ္ဌကထာလာတဲ့အဓိပ္ပါယ် ဒါဋီကာလာတဲ့အဓိပ္ပါယ်လို့ အကိုးအကားနဲ့ပြတာ ဒါအာဂမယုတ္တိခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ သာဓကယုတ္တိဆိုတာကတော့သက်သေ၊ ဘုရားလက်ထက်က ဘယ်ပုဂ္ဂိုလ်အကြောင်းပြုလို့ ဘယ်လိုဟောသွားလို့ဘာဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါသာဓကယုတ္တိခေါ်တယ်၊ သဘာဝယုတ္တိကျတော့ ပါဠိတော်ထဲလည်းရှာမရဘူး၊ သက်သေလည်း ထူစရာကျမ်းဂန်လည်းမလာဘူး။ ဒါပေမဲ့ သဘောအားဖြင့်မပယ်ရှားနိုင်တဲ့၊ ထင်ရှားတဲ့ အချက်အလက်ယုံကြည်လောက်တဲ့ အချက်အလက်ကျန်တယ် မငြင်းနိုင်တဲ့အချက်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါသဘာဝယုတ္တိ၊ သဘာဝယုတ္တိလည်းပဲ ခိုင်လုံတတ်ပါတယ်၊ အာဂမယုတ္တိဆိုတာပြောစရာမလိုဘူး၊ သာဓကယုတ္တိဆိုတာလည်း ပြောစရာမလိုဘူး၊ သဘာဝယုတ္တိဆိုတာကတော့ ဒါပေမဲ့ ကျမ်းဂန်ထဲတိုက်ရိုက်မပါသော်လည်း ခိုင်လုံပါတယ်လို့၊ သဘာဝယုတ္တိများလည်း ပြကောင်းပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။

သဘာဝယုတ္တိကျတော့ သဘောအားဖြင့် ထင်ရှားရှိတာပြောတာ၊ သဘောအားဖြင့် မှန်တာပြောတာ၊ သဘောအားဖြင့် ဟုတ်တာပြောတာ၊ သဘောအားဖြင့် မငြင်းနိုင်တာ ပြောတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဒီနေရာမှာ သာဓကယုတ္တိအဋ္ဌကထာဆရာက ထိုးပြသွားတော့ ဖဿဆောင်ပုံလေးပြသွားတော့ ကြက်ငယ်ကလေးနဲ့ဥပမာပြတယ် ထင်ရှားသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ငြင်းနိုင်သေးရဲ့လား (မငြင်းနိုင်ပါဘူးဆရာ)။ အေး အေး ဟုတ်ပြီ၊ ကာယသမ္ဘဿကိုယ်ငွေ့နဲ့အမြဲတွေ့နေတာနဲ့ရုပ်ကလေးက တစ်နေ့တစ်ခြားကြီးပွားလာတယ် အသက်ရှင်လာတယ်ဟုတ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မနောသဥ္စေတနာအာဟာရစေတနာ ဆောင်ပုံလေးသက်သေထုတ်စမ်းပါလို့ဆိုတော့ အဋ္ဌကထာဆရာက ထုတ်ပြတယ်။ အဲဒါ ရှေးရှေးက ဗုဒ္ဓမတ္တညူဖြစ်တော်မူတဲ့ ကျမ်းသိအလိမ္မာဘုရားအလိုတော်သိတော်မူရှာတဲ့ အဋ္ဌကထာဆရာကြီးများ၊ တို့တော့အထူးသဖြင့် ချီးလည်းချီးမွမ်းတယ် အံ့လည်းအံ့သြတယ် စုံလည်းစုံပါပေတယ် ဗဟုသုတအင်မတန်မှပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေနော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့ ခုခေတ်မှာလူတွေဟာဘယ်လောက်ပဲ နေရာနှံ့စပ်တယ်ပြောပြော ဒီပုဂ္ဂိုလ်ကြီးတွေလို လောကီအရာလည်းမသိလောကုတ္တရာအရာလည်းမသိ။ ဒီတော့ ဗုဒ္ဓမတ္တညူဘုရားအလိုတော်သိတဲ့ အဋ္ဌကထာဖွင့်ဆိုသွားကြတဲ့ ရဟန္တာကြီးတွေ၊ ရဟန္တာဘဝတောင်ရောက်လို့ ဘုရားအလိုတော်တောင်သိတယ်ပြောတယ်။ သာသနာဝင်တဲ့အချိန် သာသနာထမ်းနေတဲ့အချိန်ကများတယ် လူ့လောကလူ့ရေးရာတွေ မသိရှာဘူးလို့ တစ်ချို့ကလည်း ဒီလို မှတ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ သိတယ်တဲ့၊ အများကြီးပိုသိတယ် ကိုင်း သေသေချာချာကြည့်ကွယ် ဒီနေရာပြသွားတာ။

မနောသဥ္စေတနာအာဟာရကျတော့ အဋ္ဌကထာဆရာဥပမာထုတ်သွားပုံလေးနော် (ဟုတ်ပါ

http://www.dhammadownload.com



တယ်ဆရာ)။ လိပ်များဟာ ကြည့်၊ တို့ လိပ် လိပ်တော့မြင်ဖူးလား (မြင်ဖူးပါတယ်ဆရာ)။ မင်း ကတော့ မြင်ဖူးပါလိမ့်မယ်ငါယုံပါတယ် မြင်ဖူးတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ့်နှယ့် နေလဲ (ပျော့စိစိကြီးပါဆရာ)။ အေး ဟုတ်ပြီ သေချာပြီနော်၊ ငါတော့ မမြင်ဖူးဘူး မင်းတို့ပဲ ပြောသံကြားတာပဲ ပျော့စိစိဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိုင်း လိပ်များ ဥတော့ဘယ်မှာ ဥလဲ (သဲသောင်မှာဥပါတယ်ဆရာ)။ ဩော် သဲသောင်မှာဥတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ သဲသောင်ပြင်ဥတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့ အဋ္ဌကထာဆရာ ပြတာတော့ ကမ္ဘာလိပ်နဲ့တူရဲ့ကွ၊ လိပ်သောင် လိပ်သောင်ခေါ်တဲ့ သောင်ပြင်တွေတက်ဥတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကြည့်ကွယ် သူတို့နေတော့ရေထဲမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူတို့ နေတော့ရေထဲမှာ ဥတော့သောင်ပြင်ပေါ်တက်ပြီး ဥပြီးတော့သဲနဲ့ဖုံး ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ သဲနဲ့ဖုံးပြီးတော့ နေရာပါပြင်ပြီးတော့ လူမသိအောင်ဆိုပြီး နေရာပါကြိုပြင်ပြီးတော့ သူဘယ်သွားနေလဲဆိုတော့ ဒီရေထဲပြန်ဆင်းသွားတာပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ရေထဲပြန်ဆင်းသွား နောက်ကြက်များ ငှက်များလိုပဲ ရင်ငွေ့လေးလာပေးသေးသလား မေးတော့ မင်းဘယ့်နှယ့်ပြောမလဲ (မပေးပါဘူးဆရာ)။ မပေးဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ မင်းသိသလား အထင်နဲ့ပြောတာလား (အထင်နဲ့ပြောတာပါဆရာ)။ ဩော် အထင်နဲ့ပြောတာ ဒါပေမဲ့ မင်းပြောသလိုဟုတ်ပါတယ် လိပ်များဟာရင်ငွေ့လာမပေးဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဥပြီးပြန်တက်သွားတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပြန်ဆင်းပြီး ပြီးတဲ့နောက်ပိုင်းမှာ တဖြည်းဖြည်း ဒီလိပ်ဥလေးတွေဟာ အချိန်တန်တော့ အကောင်လေးတွေပေါက်လာတယ်ဟုတ်လား (ပေါက်လာပါတယ်ဆရာ)။ မင်းအဲဒါ ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)။ ဩော် လိပ်မကြီး ဥပြီးပြန်ဆင်းသွားတယ် မပေါ်လာဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ နောက်အလိုလိုပေါက်လာတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အလိုလိုပေါက်တော့ ဥခွံထဲကထွက်လို့ အကောင်လေးတွေ ဖြစ်သွားမှ သူတို့လည်း ရေထဲပြန်ဆင်းပြီးတော့ ရှာကြ ဖွေကြ စားကြ သောက်ကြပေါ့နော် (ဟုတ်ပါတယ်ဆရာ)။

ကိုင်းကွာ ဒါဖြင့်ရင် လိပ်တစ်ခါဥထားရင် ဘယ်လောက်ကြာမှ အကောင်ပေါက်သလဲ (မသိ ပါဘူးဆရာ)။ အေး အေး မင်းလည်းမသိဘူး ငါလည်းမသိဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ထားပါတော့ကွာ ခုနပြောသလို ကြက်တို့ ငှက်တို့လို ဥနဲ့လာတဲ့ သတ္တဝါလောက်တော့ ရှိမှာပေါ့ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ လိပ်ကလည်း လေးသီတင်း တစ်လ တစ်လခွဲဆိုပါတော့ ဒီအချိန်ကျမှအကောင်ပေါက်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကိုင်း ခုနတုန်းက ကြက်တုန်း က "တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဌာဒယော ပန မာတုသမ္ဘသေန ယာပေန္တေ ဒိသွာ "ဧတေ ဖဿာဟာရေန ယာပေန္တီ"တိ တဿ လဒ္ဓိ။ ကစ္ဆပါ ပန အတ္တနော ဥတုသမယေ မဟာသမုဒ္ဒတော

http://www.dhammadownload.com



နိက္ခမိတွာ သမုဒ္ဒတီရေ ဝါလိကန္တရေ အဏ္ဍာနိ ဌပေတွာ ဝါလိကာယ ပဋိစ္ဆာဒေတွာ မဟာသမုဒ္ဒမေဝ ဩတရန္တိ၊ တာနိ မာတုအနုဿ ရဏဝသေန န ပူတီနိ ဟောန္တိ။''

ကြက်မကြီးလာလာပြီးတော့ဝပ်တဲ့အတွင်း ကိုယ်ငွေ့တည်းဟူသော ဖဿနဲ့တွေ့လို့ ကြက်ဥလေးတွေဟာ ရင့်ကျက်ခြင်းဖြစ်ပြီးတော့ မသေမပျောက်ဘဲနဲ့ ပေါက်ဖွားလာကြတယ် ထင်ရှားတယ် လိပ်ကျတော့ လိပ်မကြီးကလာမဝပ်ဘူးလို့ ကိုယ်ငွေ့လည်းမပေးဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ဒီဥတွေပုပ်သိုးသွားသလား (မသိုးပါဘူးဆရာ)။ နောက်တော့ အချိန်တန်တော့ အကောင်ပေါက်တာပဲလား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဥပြီးတဲ့ အချိန်တုန်းက လိပ်ကောင်လေးတွေ မဟုတ်ဘူးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ကလလရေကြည်ထဲက ဆိုကြပါစို့ နောက်တော့ ကလလရေကြည်ထဲက ရင့်ကျက်ရင့်ကျက်ပြီးတော့ အကောင်အထည်လေးတွေ ဖြစ်လာတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး နောက်တော့ အကောင်အထည်လေးတွေဖြစ်ပြီး ကြီးထွားလာတော့ ဒီဥခွံထဲက အလိုလိုပဲပေါက်ကန်ပြီးတော့ ကွဲထွက်လာကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေးကွယ် အဲဒီဥခွံထဲက အကောင်ဖြစ်ပြီးတော့ အပြင်ယွက်လာတဲ့အချိန်အထိ အမိဥသွားတဲ့ အချိန်ကစပြီး၊ ဒီကြား လိပ်မကြီးကများ အစာလာကျွေးသလား (မကျွေးပါဘူးဆရာ)။ ရေများလာတိုက်သလား (မတိုက်ပါဘူးဆရာ)။ နို့လာတိုက်သလား (မတိုက်ပါဘူးဆရာ)။ ဒါဖြင့် ဒီလိပ်ကောင်လေးတွေက လိပ်ဥလေးထဲရှိတဲ့ လိပ်ကောင်လေးတွေက ဘာအာဟာရမှ မသုံးစားဘူးပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ သူ့အသက်ရှင်တယ် ဟုတ်လား (ရှင်ပါတယ်ဆရာ)။ နောက်တော့ ကြီးထွားလာပြီးတော့ လိပ်ဥထဲက အကုန်ထွက်ပြီးတော့ ကိုယ့်ဥစ္စာကိုယ်ခွဲထွက်သွားကြတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။

ဩော် ဒီအချိန်ထိအောင် ဒီလိပ်ဥလေးတွေဟာ အမိဥပြီးတဲ့နောက်ပိုင်းမှာ ဘယ်ကမှ အာဟာရအထောက်အပံ့လည်းမရ၊ အစာရေစာလည်းမမှီဝဲမသုံးဆောင်ရဘဲနဲ့ မပုပ်မသိုး မပျက်မစီးဘဲနဲ့ ကြီးထွားလာတယ် ကြီးပွားလာတယ် အသက်ရှင်လာတယ်ဆိုတဲ့အဖြစ် ဘာအမှီပြုလို့လဲ စဉ်းစားစရာမလိုဘူးလား (လိုပါတယ်ဆရာ)။ ကြက်တုန်းကတော့ အမိကြီးဝပ်ပေးလို့ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဒါတော့ ထင်ရှားတယ်ပေါ့ (ထင်ရှားပါတယ်ဆရာ)။ ဟော လိပ်ကျတော့ ဝပ်လဲမဝပ်ဘူးပေါ့၊ ဘာကြောင့်လဲလို့ ဒီလိုမေးတော့ ခုပြနေတဲ့ဥပမာ ဘယ်အာဟာရပြတာတုန်း (မနောသဉ္စေတနာအာဟာရပြတာပါဆရာ)။ ဩော် မနောသဉ္စေတနာအာဟာရပြတာ၊ မနောသဉ္စေတနာဆိုတော့ တရားကိုယ်ကောက်တော့ဘာရလဲ (စေတနာကိုရပါတယ်ဆရာ)။ စေတနာမှတ်မိလား (ဟုတ်ပါတယ်ဆရာ)။ ရတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒီစေတနာကြောင့် ဒီလိပ်ကလေးတွေဟာ မပုပ်မသိုး မပျက်မစီးဘဲနဲ့ ရုပ်တွေ အသစ်အသစ်တိုးပြီးတော့ ကြီးထွားလာတယ် ကြီးပွားလာတယ် အသက်ရှင်လာတယ်၊ ဒီလိုယူရမယ်နော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါဖြင့် ဘယ်နှယ့်စေတနာလဲလို့မေးတော့ အဲဒီနေရာကြည့် လိပ်မကြီးက အချိန်တန်တော့ သောင်ပြင်ပေါ် တက်ဥ ဥပြီးတဲ့အခါကျတော့သဲထဲမြှုပ်၊ မြှုပ်ပြီးတော့ သဲတစ်ခါဖုံး၊ ဖုံးပြီးတော့ ရေထဲပြန်ဆင်း သွားတယ်၊ ဆင်းသွားတဲ့အချိန်ကစ သူဥပစ်ခဲ့တဲ့သူ့သားတွေရှိရာ လိပ်မကြီးကဘယ်ပဲရောက်ရောက် ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ သူဥတဲ့နေရာ သူမှတ်မိတာပေါ့ (မှတ်မိပါတယ်ဆရာ)။ အေး အေး အဲဒါ ဘယ်အရပ်ကိုပဲသူရောက်နေနေ သူကတော့ဖြစ်သလိုလှည့်ပြီးတော့ ကျက်စားနေ ကြတယ်။ ရောက်ရာအရပ်ကနေပြီးတော့ သူဥတဲ့နေရာမှာ သူ့သားတွေကို မျှော်မှန်းရော်ရမ်းပြီးတော့ မေတ္တာကမ္ဘဋ္ဌာန်းပွားများနေတယ် မြန်မာလိုပြောတော့နော် (ဟုတ်ပါတယ်ဆရာ)။ မေတ္တာ ကမ္ဘဋ္ဌာန်းပွားများနေတယ်၊ ငါ့သားတွေ ဘေးမသီ ရန်မခ အေးမြချမ်းသာစွာ အသက်ရှင်ပါစေ ကြီးပွားပါစေ ကြီးထွားပါစေ ကျန်းမာပါစေ ချမ်းသာပါစေလို့ လိပ်မကြီးက အမြဲတစေ မေတ္တာပို့ တယ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါကြည့် အဲဒါကြည့် မေတ္တာပို့တယ်၊ အဲဒီလိပ်မကြီးရဲ့ မေတ္တာ အမြဲတစေခံယူရသည်ဖြစ်ပါသောကြောင့် ၎င်းလိပ်ဥများသည် မပုပ်မသိုး မပျက်မစီးဘဲနဲ့ ကြီးပွားခြင်း ကြီးထွားခြင်းရောက်ပြီးတော့ အသက်ရှင်တဲ့ ဟိုဘက်ဥလေးတွေက ကန်ပြီး ထွက်လာကြရတယ်၊ ဒီအတောအတွင်းမှာ မေတ္တာဓာတ်ခံယူနေကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါကြည့် ဒါလိပ်မကြီးကပို့တဲ့မေတ္တာ၊ မေတ္တာဆိုတော့ ဘာစေတနာ လဲလို့ ဒါမနောကံစေတနာခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ မေတ္တာပွားများတာ မနောကံမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး မနောကံစေတနာ၊ ဒါဖြင့် ဒီစေတနာလေးက ဆောင်နေတယ် ဒီလိပ်ကလေးတွေရဲ့ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်အောင် ဆောင် နေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ထင်ရှားတယ်နော် (ဟုတ်ပါတယ် ဆရာ)။ အေး ဒါအဋ္ဌကထာဆရာပြသွားတာ။

ဒါကြောင့် တို့လူစုဟာ အဋ္ဌကထာဆရာကြီးများက ဒီအထိအောင်လိုက်ပြီးတော့ စုံစုံစိစိ သိကြတယ်၊ လိပ်များဘယ်နှယ့်ပေါက်ပါလိမ့်၊ လိပ်များဟာ လိပ်ကလေးတွေက ကြက်များလိုပဲ လိပ်မကြီးက ဝပ်ပြီးတော့ရင်ငွေ့ပေးသလား မဟုတ်ပါဘူး ဥပြီးထားပြီးသွားတာပဲနော် (ဟုတ်ပါ တယ်ဆရာ)။ ဒါပေမဲ့ အချိန်တန်တော့ ပေါက်လာကြတယ်။ အချိန်တန်တော့ ပေါက်လာတာ ဒီကြားမှာ မပျက်မစီးတာ ဘယ်လိုစောင့်စည်းတဲ့ သဘာဝရှိပါလိမ့်၊ ဘယ်လိုစောင့်ရှောက်တဲ့ သဘာဝရှိပါလိမ့် ကြက်များကတော့ ရင်ငွေ့ပေးလို့ထားပါတော့၊ အခုတော့ လိပ်မကြီးရင်ငွေ့ ပေးသည်လည်းမဟုတ် အစာရေစာကျွေးလို့လည်းဖြစ်တာမဟုတ်။ ဘယ့်အတွက်ကြောင့် မပျက်မစီး မသေမကြေ မပျောက်မပျက်ဘဲနဲ့ အကောင်အထည်ဖြစ်ပြီးတော့ ပေါက်လာကြပါလိမ့်မလဲမေးတော့ တစ်ခြားမဟုတ်ပါဘူး၊ လိပ်မကြီးက ရောက်ရာအရပ်ကနေပြီးတော့ သူ့သားတွေ မျှော်မှန်းရော်ရမ်း ပြီးတော့ မေတ္တာပို့တယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ မေတ္တာအစွမ်းကိုခံယူရမှာဖြင့်

http://www.dhammadownload.com



ငှင်းလိပ်များသည် မသေမပျောက်ဘဲနဲ့ အကောင်ပေါက်လာတဲ့ ဘဝရောက်ရပါတယ်၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ မနောသဉ္စေတနာအာဟာရ မဟုတ်ဘူးလားကွ (ဟုတ်ပါတယ် ဆရာ)။ အေး ဒါကြောင့် မနောသဉ္စေတနာအာဟာရော–မနောသဉ္စေတနာအာဟာရသည်၊ အာယူဟာမာနော၀–အားထုတ်ကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ– ပြီးစေ၏။ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အားထုတ်ကာမျှလေးနဲ့ ဆောင်ခြင်းကိစ္စ ပြီးနိုင်တယ်။ ဘာဆောင်၊ ရုပ်အသစ်အသစ်ဖြစ်အောင် ရုပ်အသစ်အသစ်တိုးပွားအောင် ဆောင်ပေး နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး အဲဒါကြည့် အဲဒါကြည့် ဒီတော့ မနောသဉ္စေတနာအာဟာရရဲ့ သတ္တိတွေနော် (ဟုတ်ပါ တယ်ဆရာ)။ ဒါကြောင့် တို့အဋ္ဌကထာဆရာက

"ကစ္ဆပါ ပန အတ္တနော ဥတုသမယေ မဟာသမုဒ္ဒတော နိက္ခမိတွာ သမုဒ္ဒတီရေ ဝါလိကန္တရေ အဏ္ဍာနိ ဌပေတွာ ဝါလိကာယ ပဋိစ္ဆာဒေတွာ မဟာသမုဒ္ဒမေဝ ဩတရန္တိ၊ တာနိ မတာအနုဿရဏာဝသေန န ပူတီနိ ဟောန္တိ၊ တာနိ မနောသဉ္စေတနာဟာရေန ယာပေန္တီတိ တဿ လဒ္ဓိ။"

ကစ္ဆပါ ပန–လိပ်တို့သည်ကား၊ အတ္တနော–မိမိ၏၊ ဥတုသမယေ–ပေါက်အပ်သော အခါ ကာလရောက်သောအခါ၌၊ မဟာသမုဒ္ဒတော–မဟာသမုဒ္ဒရာမှ၊ နိက္ခမိတွာ–ထွက်၍၊ သမုဒ္ဒတီရေ– မဟာသမုဒ္ဒရာကမ်းနား၌၊ ဝါလိကန္တရေ–သဲအတွင်း၌၊ အဏ္ဍာနိ–ဥတို့ကို၊ ဌပေတွာ–ထား၍၊ (ဝါ) ဥ၍၊ ဝါလိကာယ–သဲဖြင့်၊ ပဋိစ္ဆာဒေတွာ–ဖုံးလွှမ်း၍၊ မဟာသမုဒ္ဒမေဝ–မဟာသမုဒ္ဒရာအတွင်း သို့သာလျှင်၊ ဩတရန္တိ–ပြန်၍တက်ကြလေကုန်၏။

လိပ်မကြီးက အချိန်တန်တော့ ဥချိန်တန်တော့ သောင်ပြင်ပေါ်တက်၊ သမုဒ္ဒရာရဲ့ ကမ်းနား သောင်ပြင်ပေါ်တက်၊ သဲယက် သဲယက်ပြီးတော့ ဥ ဥပြီးတဲ့နောက် ဒီသဲတွေပြန်ဖုံး၊ ဖုံးပြီးတော့ ဘာလုပ်၊ မဟာသမုဒ္ဒရာအတွင်း ပြန်ဆင်းတယ်၊ ကောင်းပါပြီ သွားပြီးတော့ ဘယ်နှယ့်လုပ်လဲ။

တာနိ မာတာအနုဿရဏာဝသေန န ပူတီနိ ဟောန္တိ၊ တာနိ မနောသဉ္စေတနာဟာရေန ယာပေန္တီတိ တဿ လဒ္ဓိ။

တာတိ–ထိုလိပ်ဥတို့သည်၊ မာတာနုဿရဏာဝသေန–အမိသည် အဆင်မပြတ်အောက် မေ့အပ်သော (ဝါ) ပွားများအပ်သော မေတ္တာကမ္မဋ္ဌာန်းဖြင့်၊ ပူတီနိ–ပုပ်သိုးကုန်သည်၊ န ဟောန္တိ– မဖြစ်၊ တာနိ–ထိုလိပ်ဥတို့သည်၊ မနောသဉ္စေတနာ အာဟာရဖြင့်၊ ယာပေန္တိ–အသက်ရှင်၍မျှတ၍ ပေါက်ဖွားကြလေကုန်၏။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ကြည့် သူဆင်းသွားပြီးတဲ့နောက်ပိုင်း ဘာလုပ်သလဲ၊ တစ်ခါမှပြန်မလာဘူး၊ လာသေးလား

http://www.dhammadownload.com



(မလာပါဘူးဆရာ)။ ဘယ်တော့မှမလာဘူး၊ လိပ်မကြီးသာမရောက်တာ သူရောက်ရာအရပ်က စေတနာရောက်တယ်၊ မရောက်ဖူးလား (ရောက်ပါတယ်ဆရာ)။ ဘာစေတနာတုန်း (မေတ္တာစေတနာပါဆရာ)။ အေး မေတ္တာစေတနာလာတယ်နော်၊ ဩော် စေတနာနဲ့လွှတ်တယ် စေတနာနဲ့ပို့တယ် ကျမ်းမာပါစေ ချမ်းသာပါစေ အချိန်တန်တဲ့အခါကျတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ငါ့သားလေးတွေ ပေါက်ဖွားပါစေ၊ လိမ်မကြီးက ပို့နေတဲ့စေတနာနော် (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီ စေတနာလေးတွေလွှတ်ပြီးတော့ ပို့နေတဲ့ဒီစေတနာသည် သေသေချာချာ ကြည့်လိုက်တော့ ဒီလိပ်ကလေးတွေရဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် အသက်ရှင်အောင်ဆိုတဲ့ ခံတတ်တဲ့ ကိစ္စတွေ မထင်ရှားလားကွဲ့ (ထင်ရှားပါတယ်ဆရာ)။ အေး အဲဒါလေးမှတ်ထား၊ ဒါ မနော သဉ္စေတနာဟာရော တယော ဘဝေ။ မနောသဉ္စေတနာအာဟာရော–မနောသဉ္စေတနာ အာဟာရသည်၊ တယော ဘဝေ–ဘုံသုံးပါးကို၊ အာဟရေတိ–ဆောင်တတ်၏။ ဒါတင်မကပါဘူး ကာမဘဝ ရူပဘဝ အရူပဘဝ ဘဝအားဖြင့် သုံးပါး ဘုံအားဖြင့် ၃၁ ဘုံ၊ ဒီဘုံလောကဓာတ်ကြီး တောင် ဖြစ်အောင်ဆောင်ပေးနေတဲ့စေတနာပါ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ စေတနာရဲ့သတ္တိတွေနော် (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ။ မနောသဉ္စေတနာအာဟာရဆိုတာ မနောသဉ္စေတနာ စေတနာတည်းဟူသော စေတနာလေးက ဆောင်ပုံဆိုတဲ့ အာဟာရကိစ္စပြီးပုံလေးတော့ သိသွားပြီပေါ့ (သိသွားပါပြီ ဆရာ)။ ပြီးတော့ ဘာလာတုန်း (ဝိညာဏအာဟာရပါဆရာ)။ အေး ဝိညာဏအာဟာရ၊ ကောင်းပါပြီ ဝိညာဏအာဟာရကျတော့ ဘယ်နှယ့်လုပ်မလဲလို့၊ ဝိညာဏအာဟာရဆိုတာ တစ်ခြားမဟုတ်ပါဘူး၊ ဝိညာဏအာဟာရဆောင်တဲ့ သဘောလေးက လာလတ္တံ့သောအနာဂတ်ဘဝ ဘဝအသစ်အသစ် ကို ဖြစ်စေတတ်တဲ့ ပဋိသန္ဓေနာမ်ရုပ်နှစ်ပါးကိုဆောင်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ပဋိသန္ဓေ နာမ်ရုပ်နှစ်ပါး ပဋိသန္ဓေခဏမှာ ရုပ်တရားချည်းလည်းမဟုတ်ဘူး နာမ်တရားကြီးလည်းမဟုတ်ဘူး တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ရုပ်နာမ်ဆိုတဲ့သဘာဝ ဒါကတော့ငြင်းမဖြစ်ဘူး၊ ပဋိသန္ဓေခဏ မနေ့ညကလည်း ငါတော်တော်လေးပြသွားပါပြီ၊ စုတိနောင်ပဋိသန္ဓေ ဟိုဘက်ဘဝကနောက်ဆုံး စိတ်သည် စုတိစိတ်၊ ဒီဘက်ဘဝ ပထမဆုံးဖြစ်တဲ့ စိတ်ကလေးက ပဋိသန္ဓေစိတ်၊ စုတိနဲ့ပဋိသန္ဓေ ဆက်ကာနေကြတယ်။ ဟိုဘက်ဘဝ စုတိစိတ်ကျတယ်၊ ဒီဘက် ဘဝပဋိသန္ဓေလာနေတော့ ပဋိသန္ဓေ ဆိုတာ ဘာလဲမေးတော့ ပဋိသန္ဓေရဲ့ ဥပါဒ်ခဏလေးမှာပဋိသန္ဓေဝိညာဏ်စိတ်ကလေးရယ် ပြီးတော့ ပဋိသန္ဓေဝိညာဉ်စိတ်ကလေးနဲ့ တစ်ဥပါဒ်ထဲပြိုင်ဖြစ်တဲ့ကံကြောင့်ဖြစ်သော ကမ္မဇရုပ် ၂၀ ရယ် နှစ်မျိုးမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပဋိသန္ဓေဝိညာဏ်စိတ်ကနာမ်တရား၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ် ၂၀ က ရုပ်တရားမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နာမ်ရုပ် နှစ်ပါးပေါ့ကွာနော် (ဟုတ်ပါ တယ်ဆရာ)။ အေး နာမ်ရုပ်နှစ်ပါး၊ ဒါပဋိသန္ဓေအခိုက်အတန့် ပဋိသန္ဓေခဏလာဖြစ်တဲ့တရား

http://www.dhammadownload.com



နှစ်ပါးခေါ်တယ် ဘဝအသစ်မှာဒီအတိုင်းပဲ။ ကိုင်း တတိယဘဝတော့ ဟာ တတိယဘဝတော့ဒီလိုပဲ၊ ဒီဘက်ဘဝစုတိစိတ်ကျ ဟိုဘက်ဘဝရောက်သွားရင် ဒါနာမ်ရုပ်နှစ်ပါး၊ စတုတ္ထဘဝ စတုတ္ထဘဝလည်းဒီအတိုင်းပဲ ဒီဘက်ဘဝစုတိစိတ်ကျ ဟိုဘက်ဘဝပဋိသန္ဓေဆိုရင် ဒါနာမ်ရုပ်နှစ်ပါး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ပဋိသန္ဓေခဏ ခဏမှာ နာမ်နဲ့ရုပ်နဲ့ နာမ်နဲ့ရုပ်နဲ့ သွားလိုက်တာ ဒီပဋိသန္ဓေ အသစ်အသစ်ဟာ ဘယ်လောက်များသလဲဆို ရေတွက်လို့မကုန်ဆုံးဘူး ဆုံးပါ့မလား (မဆုံးပါဘူးဆရာ)။ နိဗ္ဗာန်ရောက်မှ ရပ်မယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် အန္ဓပုထုဇဉ်၊ ပုထုဇဉ်သတ္တဝါတစ်ယောက်အတွက်လို့ဆိုလို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့ မျှော်မှန်းလို့မရတဲ့သတ္တဝါဆိုရင် ဖြင့်လာလတ္တံ့ ဘဝအသစ်အသစ်ဖြစ်ဦးမှာ ဘယ်လောက် များသလဲဆို အနမတဂ္ဂသံသရာလို့ ဒီလိုလာတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရေတွက်လို့ မကုန်ဆုံးနိုင်ဘူးတဲ့ ဒီပုဂ္ဂိုလ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် လွန်ခဲ့တဲ့ သံသရာပြင်၊ ဟော အတိတ်လည်းပဲ လွန်ခဲ့တဲ့သံသရာက အနမတဂ္ဂသံသရာပဲ၊ ဟိုဘက်ကြည့်လည်း ရေတွက်လို့ မကုန်ပါဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ လွန်ခဲ့ပြီးတဲ့အတိတ်ပြန်ကြည့်လည်း ရေတွက် လို့မကုန်ဆုံးနိုင်ဘူးတဲ့၊ သူကျင်လည်လာတဲ့ဘဝ ဒါဖြင့် ဟိုဘက်လာလတ္တံ့ အနာဂတ်ဘဝ မျှော်မှန်းကြည့်ပြန်လည်း နောက်ဘယ်လောက်ဖြစ်ဦးမယ်ဆိုတာ ရေတွက်လို့မကုန်ဆုံးနိုင်ဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မင်းတို့ငါတို့ရောက်နေတဲ့ဘဝဟာ သံသရာရဲ့ အတိုင်းအရှည်ပမာဏကြည့်လိုက်တော့ အလယ်ဗဟိုတည့်တည့်လေး ကျမနေဘူးလား (ကျပါ တယ်ဆရာ)။ ဟုတ်ရော ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဟုတ်တယ်နော် (ဟုတ်ပါတယ် ဆရာ)။ အေး အေး ဟုတ်တယ် ဟုတ်တယ် ဘာဖြစ်လို့လဲ အတိတ်သံသရာကလည်း အနမတဂ္ဂသံသရာ ဒီလိုပြောတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အနာဂတ်တော့ရော (အနမတဂ္ဂသံသရာပါပဲဆရာ)။ အေး အနမတဂ္ဂသံသရာ၊ ဒါဖြင့် ဒီဟိုဘက်လည်း အနမတဂ္ဂ သံသရာ၊ ဒီဘက်လည်း အနမတဂ္ဂသံသရာရှိတော့ အတိတ်ရောအနာဂတ်ရော ကြည့်လိုက်တော့ အလယ်ခေါင်ကြားက ဒါဗဟိုပဲလို့ ခုဖြစ်နေတဲ့ဘဝ ဒါပစ္စုပ္ပန်နော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး အဲဒါကြည့် အဲဒါကြည့်။

ဒါကြောင့် သံသရာရဲ့ သံသာရပုဗ္ဗကောဋိ န ပညာယတိ–အစွန်းအမြစ် ရေိယာ မထင်ကောင်း ဘူးတဲ့ သတ္တဝါတစ်ယောက်၊ ဘယ်လောက်ကြောက်စရာကောင်းသလဲ သေသေချာချာကြည့် ဘယ်သူတုန်းမေးတော့ ပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓပုထုဇဉ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓပုထုဇဉ်သူကန်းတဲ့၊ သွားဦးမယ်တဲ့ သံသရာကြီးနော် (ဟုတ်ပါ တယ်ဆရာ)။ ဗရမ်းဗတာနဲ့ ဖြစ်ချင်ရာဖြစ် နစ်ချင်ရာနစ် ကျချင်ရာကျ ရောက်ချင်ရာရောက်နဲ့ သွားဦးမယ်၊ ပညာမျက်စိလုံးလုံးရှိလာတဲ့ပုဂ္ဂိုလ်ကျတော့ လာလတ္တံ့ အနာဂတ်သံသရာကြီးမှာ

http://www.dhammadownload.com



ဘယ်လောက်ကြာဦးမလဲမေးရင် သူ့ကျတော့ အပိုင်းအခြားနဲ့လာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီပုဂ္ဂိုလ်မျိုးကျတော့ အနမတဂ္ဂသံသရာကျင်လည်ရဦးမယ် မပြောကောင်းဘူးတဲ့၊ အမြန်ဆုံး သံသရာဝဋ်အတွင်းက ကျွတ်ကင်းမဲ့ ပုဂ္ဂိုလ်မျိုးခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါကြောင့် အင်မတန်လည်း အားရှိစရာကောင်းပါတယ်ကွာ၊ အဓိပ္ပါယ်အားဖြင့် ဒီမဂ္ဂါနုလောမ မဂ္ဂပဋိပန္နဆိုတဲ့ သဘောလေး မဂ္ဂါနုလောမဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ်အားလျော်သော တရားခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ မဂ်ဉာဏ်ဖိုလ်ဉာဏ်အားလျော်သောတရားတဲ့၊ မဂ္ဂပဋိပန္နဆိုတာ ထိုလျော်သောတရားကို ကျင့်ကြံပွားများအားထုတ်သောပုဂ္ဂိုလ်တဲ့။ အဲဒါ မဂ္ဂနိရောဓမဂ္ဂပဋိပန္န ပုဂ္ဂိုလ်စာရင်းဝင်လာရင်ပဲ တစ်မဂ်မှမရသေးပေမဲ့ မဂ်ရပြီးသား အရိယာ ၈ ပါးထဲသွင်းပြီးတော့ မြင်ကောင်းပါတယ်လို့ဘုရားဟောတာနော် (ဟုတ်ပါတယ်ဆရာ)။ ငါတစ်ခါလည်းပြောခဲ့ပါပြီ အရိယာအားလုံးမှ ၈ ပါးရှိတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူတုန်း (မဂ် ၄ ပါး၊ ဖိုလ် ၄ ပါးပါဆရာ)။ အေး မဂ် ၄ ပါး ဖိုလ် ၄ ပါး၊ မဂ်ရပြီးဖိုလ်ရပြီးပုဂ္ဂိုလ်တွေပေါ့ (ဟုတ်ပါတယ်ဆရာ)။ မင်းမဂ် ၄ ပါး ဖိုလ် ၄ ပါး ပုဂ္ဂိုလ်ပေါင်းလိုက်တော့ ၈ ပါးဆိုတော့ ဒါအရိယာပုဂ္ဂိုလ်အစစ်တွေပေါ့နော် (အစစ်တွေပါဆရာ)။ ဒါတစ်နည်းတဲ့ အရိယာ ရေတွက်နည်းတွေ။

နောက်တစ်ခါ တစ်နည်းရေးပါဦးမယ်၊ အရိယာပုဂ္ဂိုလ် ၁၂ ပါး၊ ဟော ၁၂ ပါးဆိုတော့ ၄ ပါးတိုးလာတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ၄ ပါးတိုးတော့ ဘယ်သူလဲမေးတော့ အဲဒီ တိုးလာတဲ့ ၄ ပါးထဲမှာကြည့်စမ်း သောတာပတ္တိမဂ်ရအောင်ကျင့်နေတဲ့ ကျင့်ဆဲပုဂ္ဂိုလ်တစ်ယောက် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သကဒါဂါမိမဂ်ရအောင်ကျင့်နေတဲ့ ကျင့်ဆဲပုဂ္ဂိုလ်တစ်ယောက်၊ အနာဂါမိမဂ်ရအောင်ကျင့်နေတဲ့ ကျင့်ဆဲပုဂ္ဂိုလ်တစ်ယောက် အရဟတ္တမဂ်ရအောင်ကျင့်နေတဲ့ ကျင့်ဆဲပုဂ္ဂိုလ်တစ်ယောက် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကျင့်ဆဲပုဂ္ဂိုလ်တွေနော် (ဟုတ်ပါတယ်ဆရာ)။ မဂ်လေးပါးကိုကျင့်ဆဲ သောတာပန်ကျင့်ဆဲ သကဒါဂါမ်ကျင့်ဆဲ အနာဂါမ်ကျင့်ဆဲ အရဟတ္တမဂ်ကျင့်ဆဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကျင့်ဆဲပုဂ္ဂိုလ် ၄ ယောက်၊ အဲဒီ ၄ ယောက်ပေါင်းတော့ ဘယ်လောက်ရှိ ၁၂ ပါးရှိပါတယ်။ ဩော် ၁၂ ပါး အရိယာ ၁၂ ပါးရှိ၏နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အရိယာရေနည်းထဲမှာ ခုန အရိယာစစ်စစ် ၈ ပါး ဖယ်ထားလိုက်တော့ နောက်တိုးတဲ့ ၄ ပါးထဲမှာ ပုထုဇဉ်ဘယ်နှစ်ပါးပါလဲ (ပုထုဇဉ် ၄ ပါးပါပါတယ်ဆရာ)။ ရမ်းအုပ်တာပဲ (တစ်ပါးပါပါတယ်ဆရာ)။ ဘယ်သူတုန်း (သောတာပတ္တိမဂ်ကျင့်နေတဲ့လူပါဆရာ)။ ကျင့်ဆဲပုဂ္ဂိုလ် (ဟုတ်ပါတယ်ဆရာ)။ လူတစ်ယောက်ပေါ့ (လူတစ်ယောက်ပါဆရာ)။ သကဒါဂါမိမဂ်ကျင့်ဆဲပုဂ္ဂိုလ်ကျတော့ ပုထုဇဉ်ဟုတ်သေးလား (မဟုတ်ပါဘူးဆရာ)။ သူကသောတာပန်ဖြစ်ပြီးမဟုတ်လား (ဖြစ်ပြီးပါပြီဆရာ)။ အနာဂါမိမဂ်ကျင့်ဆဲဆိုတော့ကော (မဟုတ်ပါဘူးဆရာ)။ သူလည်းပဲ မဂ်ရပြီးသားပေါ့ (ဟုတ်ပါတယ်ဆရာ)။ သက

http://www.dhammadownload.com



ဒါဂါမိမဂ်တောင်ရပြီပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အရဟတ္တမဂ်ကျင့်ဆဲဆိုတော့ကော (မဟုတ်ပါဘူးဆရာ)။ ပုထုဇဉ်မဟုတ်ဘူး ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သူက အနာဂါမိမဂ်ရပြီးသားနော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး ဒါအထက်မဂ်တွေကျင့်ဆဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ဒီအထဲမှာနောက်တိုးတဲ့ ၄ ပါးထဲ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်ထဲပေါ့ (ဟုတ်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ သောတာပတ္တိမဂ်ရအောင်ကျင့်ဆဲ ဟုတ်လား (ကျင့်ဆဲပါဆရာ)။ မဂ်က အဆင့်ဆင့်တက်ရမှာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ကျော်တက်လို့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ နောက်တိုးတဲ့ ပုဂ္ဂိုလ် ၄ ပါးထဲမှာ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ပါးထဲပါတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ သောတာပတ္တိမဂ်ရအောင်ကျင့်ဆဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီပုဂ္ဂိုလ်ဘယ်ပုဂ္ဂိုလ်လည်းမေးတော့ မဂ္ဂနိရောဓမဂ္ဂပဋိသန္ဓပုဂ္ဂိုလ် မဂ္ဂါနုလောမဆိုတာဘာခေါ်တုန်း၊ အဲဒီမဂ်ဉာဏ်ကို သောတာပတ္တိမဂ်ဉာဏ်ကို မဂ်ဉာဏ်နှင့်လျော်သော မဂ်ဉာဏ်ကို ရစေတတ်သော တရားလို့ဆိုထားတော့ ကြည့်ကွယ်သေသေချာချာ။ သောတာပတ္တိမဂ်ဉာဏ်ကို ရစေတတ်သောတရား သောတာပတ္တိမဂ်ဉာဏ်ရခြင်းနဲ့လျော်သောဆိုတော့ မဂ္ဂါလောမ၊ သောတာပတ္တိမဂ်ဉာဏ်ရဖို့ဆိုတော့ ဘယ်တရားလဲမေးတော့ အခုပြောတဲ့ ရုပ် နာမ် ခန္ဓာ ပရမတ် ဓာတ်သစ္စာဆိုတဲ့ သဘောတွေ၊ အဲဒါတွေ ပြတ်ပြတ်သားသားနားလည်အောင် သင်ကြားတတ်မြောက်လိမ္မာအောင်လေ့လာ ဆည်းပူးအားထုတ် ဒါတွေ တတ်ကျွမ်းနားလည်လာရင် မိမိကိုယ်မိမိပြန်ပြီးတော့ ဆင်ခြင်သုံးသပ်ရင် ဒါပရမတ်မဂ်ဉာဏ်ရနိုင်၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ မဂ်ဉာဏ်ကိုရရာရကြောင်းဆိုတဲ့ တရားထဲမှာဖြင့် ဒီရုပ်နာမ်ခန္ဓာ ပရမတ်သဘော ဓာတ်သဘောဟာ အလွယ်ဆုံးသောတရားပါပဲနော် (ဟုတ်ပါတယ်ဆရာ)။ အလွယ်ဆုံးသောတရား၊ ဒီတရားဟာ အင်မတန်မှန်ကန်တိကျတယ်၊ သူ့အနီးစပ်ဆုံး သူ့အလျော်ဆုံး သူ့အားထုတ်မှုမဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်တယ်၊ ဒါတော့ လွဲမဖြစ်ဘူး ဒီပြင် တရားတော့ကော၊ ဟာ ဒီပြင်တရားကတော့ သူ့သဘာဝနဲ့ သူပေါ့၊ ဒါ တို့ဝေဖန်စရာမလိုဘူး အမှန်ကတော့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲလို့မေးတော့ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကဘာတွေ သတ်လို့ ဘာတွေပယ်သလဲမေးရင်။ အခု တို့များပြထားတဲ့ ရုပ်ဓာတ် ၈ ပါးမှာကွာ သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိကိလေသာခေါ်ထားတဲ့ အတုံး အလုံး အခဲ အကောင် အထည် အမှုံအမွှား အရည်အဖတ် အထည်ဒြပ်သဏ္ဌာန်ဆိုတဲ့ အယူဝါဒစွဲကပ်နေတဲ့ သဘာဝ ဒါ ဒိဋ္ဌိကိလေသာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဒိဋ္ဌိကိလေသာကြီး လုံးဝ ကွင်းလုံးကျွတ်သွားအောင် ကွင်းလုံးကျွတ်သွားအောင် ရုပ်လည်းသဘာဝ သဘောသက်သက်ကလေး၊ နာမ်လည်းသဘောတရား သက်သက်ကလေး ပုဂ္ဂလ သတ္တ အတ္တ ဇီဝ လုံးလုံးကြီးကင်းဆိတ်သွားအောင် သင်ကြားပြသပေးမှ ဒီဒိဋ္ဌိကိလေသာငြိမ်းနိုင်တယ်တဲ့ နော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



အဲဒီ ဒိဋ္ဌိကိလေသာ ငြိမ်းပြီလားဆိုမှဖြင့်လည်း ဒိဋ္ဌိကိလေသာရှိလို့ဖြစ်တတ်တယ်ဆိုတဲ့ ဝိစိကိစ္ဆာပါသွား ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ပထမဆုံး သောတာပတ္တိမဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်များသည် သောတာပတ္တိမဂ်ဉာဏ်က ကိလေသာ ၁၀ ပါး ဘယ်ကိလေသာ ပယ်သလဲဆိုတော့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ၂ ပါးသာပယ်၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဒီဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကိုပယ်တယ်ဆိုတဲ့နေရာမှာ နာမ်ပေါ် ရုပ်ပေါ် ခန္ဓာပေါ်မှာ ပညတ်လုံးလုံးကြီးလွတ်ရှင်းလို့ ပရမတ်အသိဉာဏ်လေး တည့်တည့်လေးကျအောင် သိလာမှတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါမှ ဒိဋ္ဌိကိလေသာကင်းနိုင် ရှင်းနိုင်တယ် ဒါကြောင့် သောတာပတ္တိမဂ်ဉာဏ်ကို အမှန်ရောက်စေတတ်တဲ့ မဂ္ဂနုလောမဆိုတာ ဒီတရားပါနော် (ဟုတ်ပါ တယ်ဆရာ)။ ဒီပြင် တရားလည်းအပြစ်မဆိုပါဘူး ကိုယ်ကြိုက်တာကိုယ်လုပ်ပေါ့၊ ဒါပေမဲ့ ဒီ တရားကတော့ ခိုင်လုံတဲ့အကြောင်းလေးချပြတာ သေသေချာချာကြည့်၊ ဒါကြောင့် ဒဿနေန ပဟာတဗ္ဗော-ပါဠိနဲ့ပြန်ကြည့်။ ဘာတွေပယ်လိုက်လို့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်သွားပြီ၊ ဒိဋ္ဌိဆိုတာ ဘာတုန်းတဲ့ ရုပ်ကော နာမ်ကော ခန္ဓာပေါ်မှာ ပရမတ်အမြင်နဲ့ မမြင်ဘဲနဲ့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝဆိုတဲ့အယူကြီးတွေနဲ့အယူဝါဒ ဒိဋ္ဌိကိလေသာခေါ်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

## ဝိစိကိစ္ဆာ ၁၆-ပါး

ဝိစိကိစ္ဆာဆိုတာဘာတုန်းတဲ့ ဝိစိကိစ္ဆာဆိုတာ ဒိဋ္ဌိကိလေသာမှီဖြစ်တဲ့တရားပါ။ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်တယ်လို့ ယုံကြည်နေတဲ့ လူတစ်ယောက်ဟာ လွန်ခဲ့တဲ့အတိတ်ဘဝလည်း ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ တွေးမှာပဲတဲ့ မတွေးဘူးလား (တွေးပါတယ်ဆရာ)။ အခုဖြစ်နေတဲ့ပစ္စုပ္ပန်ဘဝလည်း ပုဂ္ဂိုလ် သတ္တဝါ အနေအားဖြင့် ယုံကြည်ပြီးသားဆိုတော့ တွေးဦးမှာပဲတဲ့ မတွေးဘူးလား (တွေးပါတယ်ဆရာ)။ လာလတ္တံ့အနာဂတ်လည်း ပုဂ္ဂိုလ် သတ္တဝါအနေနဲ့တွေးဦးမှာပဲ အတွေး ၁၆ ပါးခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ တွေးနည်း ၁၆ ပါးထဲက သူကြိုက်တာ သူတွေးတတ်တယ်တဲ့၊ အဲဒီတွေးနည်း ၁၆ ပါးကို ဝိစိကိစ္ဆာ ၁၆ ပါးခေါ်တယ်။ ဒါဖြင့် ဒိဋ္ဌိကိလေသာရှင်းသွားတဲ့ လူတစ်ယောက်သည် ဒိဋ္ဌိကိလေသာ ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဆိုတာငါမယုံဘူး ရုပ်တရားနာမ်တရားသာထင်ရှားရှိတယ်လို့ ယုံကြည်တဲ့လူတစ်ယောက်က ဒိဋ္ဌိကိလေသာလည်းကွာသွားတယ်၊ အတိတ်ပစ္စုပ္ပန်အနာဂတ်ဆိုတဲ့ ကာလသုံးပါး ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ တွေးတတ်တဲ့အတွေး ၁၆ ပါးလည်း ပြုတ်သွားပြီး ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါမှ မင်တံခါးဖိုလ်တံခါးပွင့်တယ်ခေါ်တယ်နော် (မှန်ပါတယ် ဆရာ)။ မင်ကိုမရအောင်တားထားတဲ့ အင်မတန်ကြောက်စရာကောင်းသော ဒိဋ္ဌိတည်းဟူသော ကိလေသာအန္တရာယ်ကြီးစင်သွားပြီ၊ မဂ်တံခါး ဖိုလ်တံခါးပွင့်သွားပြီ သောတာပတ္တိမဂ်ဉာဏ်ကို ခဏနဲ့ ရနိုင်၏ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဒါ မဂ္ဂနုလောမ၊ မဂ်နဲ့အလျော်ဆုံးသော တရားခေါ်တယ်။

http://www.dhammadownload.com



မဂ္ဂပဋိပန္နဆိုတော့ အေး အဲဒီ မဂ်ကိုလိုချင်လို့ ဒီတရားနာတာပဲဆို ဒါမဂ္ဂပဋိပန္နဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ရင် အခု အရိယာပုဂ္ဂိုလ် ၈ ပါးအပြင် နောက် ၄ ပါး တိုးပြီးတော့ ဘုရားကိုယ်တော်မြတ်က သွတ်သွင်းပြီးတော့ အရိယာ ၁၂ ပါးပါဆိုတဲ့အထဲမှာ အခုပြောတဲ့ မဂ္ဂနုလောမ မဂ္ဂပဋိပန္နပုဂ္ဂိုလ်တစ်ယောက်ပါလား မပါဘူးလား (ပါပါတယ်ဆရာ)။ ပုထုဇဉ်ဆိုရင် သူတစ်ယောက်ပဲ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဘာမဂ်မှမရသေးပေမဲ့ ဒီတရားကို မဂ်ရတာ ကေန်အမှန်ပဲလို့ ယုံကြည်တဲ့စေတနာအားဖြင့် ပြတ်ပြတ်သားသားလိုက်တဲ့ ပုဂ္ဂိုလ်များသည် မဂ္ဂပဋိပန္နပုဂ္ဂိုလ်စာရင်းမှာဝင်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အရိယာမဖြစ်သေးပေမဲ့ အရိယာ ၁၂ ပါးထဲဝင်ပြီးသား ဖြစ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ကောင်းသလား မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ အေး အင်မတန်မှဝမ်းသာစရာကောင်းတယ် အင်မတန်မှ လည်း အားရှိစရာကောင်းပါတယ်လို့ ဒီတရားဟာ၊ အခုနာနေတဲ့ ကြားနေတဲ့အတောအတွင်းမှာ မဂ်ရတယ်မရဘူးဆိုတာ ဒါဟောတဲ့ပြောတဲ့ပုဂ္ဂိုလ်ရဲ့ တာဝန်မဟုတ်ပါဘူး။ အားလုံးရဲ့နာကြားတဲ့ ပုဂ္ဂိုလ်များရဲ့ကုသိုလ်ယပရိပါက ကုသိုလ်ရင့်ကျက်မှုအပေါ်မူတည်တယ် ရတော့တကယ်ရနိုင်တဲ့ တရားကြီးပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ကောင်းပါပြီ အခုဘဝတော့ ငါတော့ ဒီတရားတွေ ထပ်ပြန်တလဲလဲ ပွားများအားထုတ်လည်းမဂ်မရဘူး၊ အဓိပ္ပါယ်ဆိုပါတော့ အခုလည်း မရဘူး သေတဲ့အချိန်ထိမရဘူး၊ ဒီလိုမရပေမဲ့ အရှုံးလားအမြတ်လားလို့ တွက်ကြည့်တော့ အရှုံး မထွက်ပါဘူး အမြတ်ထွက်တာပါနော် (ဟုတ်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲ ဟာ ဒီပုဂ္ဂိုလ် ဒီဘဝ မဂ်ရနိုင်လောက်တဲ့ ကုသိုလ်ယပရိပါက ကုသိုလ်ရင့်ကျက်မှုမရှိလို့မရတာ၊ ဒီဘဝမရပေမဲ့ ဒုတိယဘဝ မှုချရမဲ့ပုဂ္ဂိုလ်မျိုးနော် (ဟုတ်ပါတယ်ဆရာ)။ ဟာ ဒီဘဝမရလို့ ဒုတိယဘဝ သေချာပေါက် ရပါလိမ့်မယ်ဆို ဝမ်းမြောက်စရာ မဟုတ်ဘူးလားဟာ (ဟုတ်ပါတယ်ဆရာ)။ ဒီဘဝနဲ့ ဟိုဘဝ ဝေးသလား (မဝေးပါဘူးဆရာ)။ မဝေးဘူးဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

မဝေးဘူးဆိုတော့ ဘယ်လောက်ဝေးတယ်ထင်လဲ (လျှပ်တစ်ပြက်ပါပဲဆရာ)။ အေး လျှပ် တစ်ပြက် (ဟုတ်ပါတယ်ဆရာ)။ အောင်မယ် လျှပ်တစ်ပြက်၊ ဒါမင်းက လူရေလည်လုပ်ပြောတာ လျှပ်တစ်ပြက်ကိုမရှိဘူး၊ လျှပ်တစ်ပြက်ဆိုရင် စိတ္တခဏ အချက်ပေါင်းဘယ်လောက်သွားလဲ (ကုဋေတစ်သိန်းပါဆရာ)။ ဟင် ကုဋေတစ်သိန်းဆိုရင် ဟိုဘဝနဲ့ဒီဘဝ ကူးတာဟာအကြိမ်ပေါင်းဟာ ကုဋေတစ်သိန်းဖြစ်မှာပေါ့ဟ၊ စိတ္တခဏ တစ်ချက်ရှိတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဟိုဘက်ဘဝ စုတိစိတ်ကလည်း ဥပါဒ် ဌီ ဘင် ခဏငယ် ၃ ချက် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီဘက် ပဋိသန္ဓေကရော (ဥပါဒ် ဌီ ဘင် ခဏငယ် ၃ ချက်ပါပဲဆရာ)။ ဩော် ဒါဖြင့် ဟိုဘက်စုတိစိတ်က ဥပါဒ် ဌီ ဘင်နဲ့ ဒီပဋိသန္ဓေက ဥပါဒ် ဌီ ဘင် ဒီလိုမဟုတ်လား (ဟုတ်ပါ တယ်ဆရာ)။ ဒါကြောင့် ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်နဲ့ ခဏငယ် ၃ ချက်နဲ့ အဆက်မပြတ်

http://www.dhammadownload.com



သွားနေတဲ့ သဘောတရားလေးတွေ၊ ဒါတွေ ဟိုသံသရာ အစကတည်းက ဥပါဒ် ဋ္ဌီ ဘင်၊ ဥပါဒ် ဋ္ဌီ ဘင် ခဏငယ် ၃ ချက်နဲ့သွားနေတဲ့ ရုပ်အစဉ်နာမ်အစဉ်ကတော့ အဟောင်းပျောက် အသစ်ပေါ်တယ်ဆိုတာ ရပ်နားခြင်းမရှိပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ ဒီဘဝ ဟိုဘဝ ဟိုဘဝနဲ့ဒီဘဝ အပိုင်းအခြားနဲ့ပြောနေတာ ဒါသမ္မုတိသစ္စာအနေအားဖြင့် ပြောတဲ့စကားနော် (ဟုတ်ပါတယ်ဆရာ)။ ရုပ်အစဉ် နာမ်အစဉ်က ရပ်ရဲ့လား (မရပ်ပါဘူးဆရာ)။ မရပ်ပါဘူး၊ ဘယ်တော့မှမရပ်ဘူး အမှန်သွားနေတယ် အဓိပ္ပါယ်အားဖြင့် နာရီ၊ စက္ကန့်လေးက တစ်ဖျပ်ဖျပ်နဲ့ သွားနေတာ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)။ ဒါပေမဲ့ စက္ကန့်လေးတဖျပ်ဖျပ်သွားနေတာ မရပ်ပါဘူး၊ ဒါပေမဲ့ တို့လူစုကတော့ ဟောဒါက နေ့၊ ဟောဒါက ည၊ ဒါကမနက်၊ ဒါကနေ့လည် ဒီလို မပိုင်းဘူးလား (ပိုင်းပါတယ်ဆရာ)။

ဩော် စက္ကန့်လေးကတော့ အသွားရပ်ရဲ့လား (မရပ်ပါဘူးဆရာ)။ အေး ဒီပမာလိုပါပဲ၊ ဒါ ငြေူ့အဖြစ်ဘဝ ဒါကငနီဘဝ ဒါကလူ့ဘဝ ဒါကနတ်ဘဝ ဒါကပြိတ္တာဘဝ၊ ခေါ်င်းအမျိုးမျိုး အမျိုးမျိုးပြောင်းပြောင်းပြီးတော့ ပုံစံလေးတွေ သတ်မှတ်ပြီးတော့ သမ္မုတိပညတ်အနေအားဖြင့် ဒီလို ခေါ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ငါတို့ အဇ္ဈတ္တသဏ္ဌာန်အမှန်ဖြစ်နေတဲ့ ရုပ် နာမ်ဆိုတဲ့ ခန္ဓာအစဉ်ကတော့ ရပ်ရဲ့လား (မရပ်ပါဘူးဆရာ)။ ဘယ်တော့မှ မရပ်ဘူးဆိုတာ မှတ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဟိုဘဝနဲ့ဒီဘဝအကူးများ အထူးဝေးတယ်များ မှတ်မနေနဲ့ ဆက်လျက်သားနေ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ စုတိနောင် ပဋိသန္ဓေ ဆက်ရက်သား သွားတယ် ဘာမှမထူးဘူး အခုဖြစ်နေတဲ့ဘဝနဲ့ ဘာမှမထူးဘူးထူးရဲ့လား (မထူးပါဘူးဆရာ)။ ဘယ်ထူးလိမ့်မလဲကွ ခန္ဓာငါးချက်ဖြစ်နေတဲ့ဥစ္စာ ကျဲသွားတဲ့နေရာမရှိဘူး၊ စိပ်သွားတဲ့နေရာ မရှိပါဘူး အမှတ်အတိုင်းသွားတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ခုန နာရီ၊ စက္ကန့်လေးသွားနေတဲ့ ပမာဏ သဘာဝအားဖြင့်တူတယ်လို့ အဲဒီ စက္ကန့်လေးသွားနေတဲ့သဘာဝ ရုပ်အစဉ်နာမ်အစဉ် လေးတွေ အဟောင်းပျောက်အသစ်ရောက်၊ အဟောင်းပျောက်အသစ်ရောက်နဲ့ သွားနေတဲ့ သဘောလေး၊ အဲဒီ မှန်မှန်ကြီးသွားနေတဲ့အပေါ်မှာ တို့တစ်တွေကဘာတွေလုပ်၊ ဟောဒါကလူ့ဘဝ ဟောဒါကနတ်ဘဝ ဟောဒါကပြိတ္တာဘဝ၊ ဘယ်ဘဝကနေဘာဖြစ်လာ ဘယ်ဘဝကနေဘာဖြစ်လာ ဘဝအမျိုးမျိုးတွေပြောင်းပြောင်းပြီးတော့ ခေါင်းပြောင်းတာလေးတွေကြည့်ပြီးတော့ သမုတ်ကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ခြားနားတာတော့ ဒါပဲခြားနားတယ်၊ ဒီပြင် ဘာမှမခြားနားဘူး ဒီရုပ်အစဉ် နာမ်အစဉ် ခန္ဓာအစဉ်ကတော့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်နဲ့သွားနေ၊ အမြဲတစေသွားနေတဲ့ တရားနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်တော့မှရပ်မလဲ နိဗ္ဗာန်ကျမှရပ်မယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး အရဟတ္တမဂ်ရလို့ အာသဝေါတရားကုန်ခမ်းလို့ ရဟန္တာဖြစ်၊ ခန္ဓပရိနိဗ္ဗာန်စံပြီးမှ

http://www.dhammadownload.com



ဒီဖြစ်ပျက်ဆိုတဲ့ သဘာဝရုပ်မယ်တဲ့တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ခန္ဓပရိနိဗ္ဗာန်မစံသမျှ ကာလပတ်လုံး ဒီဖြစ်ပျက်ဖြစ်ပျက်ဆိုတဲ့ ခန္ဓာငါးချက်သွားနေတဲ့ သဘောလေးဟာ ဘယ်တော့မှ ရပ်နားခွင့်မရှိပါဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကဲ ပခု ဝိညာဏအာဟာရလာပြန်ပြီ၊ ဝိညာဏအာဟာရသည် ပဋိသန္ဓေအသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့သတ္တိ ဒါဝိညာဏအာဟာရ၊ ဝိညာဏဆောင်တာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သူ့ရဲ့ကိစ္စလေးပြောစမ်းပါဆိုတော့ "ဝိညာဏာဟာရော ဝိဇာနန္တမေဝ" ဝိညာဏာဟာရော– ဝိညာဏအာဟာရသည်၊ ဝိဇာနန္တမေဝ–သိကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေအပ်၏။ ဝိညာဏအာဟာရကျတော့ သူဆောင်ခြင်းကိစ္စပြီးတာ တစ်ခြား မဟုတ်ပါဘူး သိကာမျှလေးပဲ၊ သိကာမျှဆိုတာ ဝိညာဏ်ဆိုတာစိတ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ စိတ်ဆိုတာ အာရုံကို ကြံတတ်သိတတ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး သိသဘောလေး ဒီသိမှုဆိုတဲ့စိတ်ကလေးပဲ အဲဒီစိတ်ကလေးပဲတဲ့ မင်းတို့ငါတို့ ရှေ့ဆောင်ပြီးတော့ ဘဝအသစ် အသစ် ဖြစ်အောင်လုပ်ပေးနေတယ်လို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကြည့်လေ တို့လူစု အခုလုပ် ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ကုသိုလ်အမျိုးစုံပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါနခန်းကကြည့်လည်းပဲ နည်းရောင်းများရောင်းတောင်းပြည့်၊ ဝန်နဲ့အားမြားနဲ့လေး ကိုယ်တတ်အား သမျှကြိုးပမ်းပြီး အားထုတ်အလုပ်လုပ်တဲ့ကုသိုလ်တွေ အမည်နာမအားဖြင့် အင်မတန်မှများ အဲဒါ ကြိုးစားကြတယ်၊ ကုသိုလ်တရားတွေလုပ် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)။ အဲဒါကြည့်ကွ အဲဒါကုသိုလ်တရားတွေ လုပ်တဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းပေါ့ကွာ၊ ဒါနလုပ်လုပ် သီလလုပ်လုပ်ပေါ့ ဘယ်ပုဂ္ဂိုလ်လုပ်လုပ်၊ ဒါမင်းတို့ငါတို့အတူနေတွေပဲ တစ်ခြားမေးစရာမလိုပါဘူး လုပ်တဲ့လူတွေ သွားမေးကြည့် ဥစ္စာပစ္စည်းအကုန်အကျခံပြီးတော့ ဒါနမှုသီလမှုလုပ်တယ် ရည်ရွယ်ချက်နော် (ဟုတ်ပါတယ်ဆရာ)။ မျှော်လင့်ချက်နဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အကျိုး မရှိဘဲနဲ့ လုပ်သလား (မလုပ်ပါဘူးဆရာ)။

အကျိုးနဲ့လုပ်တာပေါ့ (ဟုတ်ပါတယ်ဆရာ)။ မျှော်လင့်ချက်နဲ့ ရည်ရွယ်ချက်နဲ့လုပ်နေ တယ်တဲ့၊ ဘာမျှော်လင့်ချက်လဲ ဘာရည်ရွယ်ချက်လဲလို့ သူတို့စိတ်ထဲတော့ အသိဉာဏ်လေးတွေ အမျိုးမျိုးရှိတာပေါ့။ တစ်ချို့လည်း ဒီဘဝသေသွားရင် လူပြန်ဖြစ်ချင်တယ်၊ လူပြန်ဖြစ်ချင်ရင် သူတော်ကောင်းတရားနာကြား လူပြန်ဖြစ်ချင်ရင် လက်ပိုက်ကြည့်လို့မဖြစ်ဘူးဟဲ့ ဒါနသီလဆိုတဲ့ ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ်အလုပ်လုပ် ဆုတောင်း လူ့ဘဝပြန်ရပါစေလို့နော် (ဟုတ်ပါ တယ်ဆရာ)။ အကျိုးပေးတယ်၊ သူတော်ကောင်းရဲ့ တရားစကားနာရတော့ ဒီလိုပဲရည်မှန်းပြီး လုပ်တယ် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)။ လူ့ဘဝပြန်ရတာ ဆင်းရဲလွန်လွန်းလို့ အနာရောဂါ လည်းများလွန်းလို့၊ တော်ကြာ သဘောကနစ်နာတယ် ဒုက္ခသိပ်များ၊ ငါတော့တာဝတိံသာ

http://www.dhammadownload.com



နတ်ပြည် နတ်သားဖြစ်ချင်ပါတယ်၊ ဟာ နတ်ဖြစ်ချင်ရင် လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာလုပ်ရမလဲ ဒါနသီလဆိုတဲ့ ကုသိုလ်ကောင်းမှု ကြိုးစား အလုပ်လုပ် လုပ်တော့ဘယ့်နှယ်လုပ် လုပ်ပြီးဆုတောင်းပေါ့ ရောက်တာပေါ့ ဟော လုပ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)။ လုပ်တဲ့အတိုင်း မရောက်ဘူးလား (ရောက်ပါတယ်ဆရာ)။ သူတို့ရည်ရွယ်ချက် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။ လုပ်စဉ်အခါတုန်းက အသိဉာဏ်လေးတွေပြဋ္ဌာန်း၊ ပြဋ္ဌာန်းပြီးတော့ လုပ်နေတာ စိတ်မဟုတ်ဘူးလားဟ (ဟုတ်ပါတယ်ဆရာ)။ ဝိညာဉ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒီအသိဉာဏ်လေးတွေ ပြဋ္ဌာန်း၊ ပြဋ္ဌာန်းပြီးလုပ်တော့ ဒီဝိညာဉ်ဆိုတဲ့ စိတ်ကလေးဟာ သူလည်း အာဟာရ၊ သူလည်းဆောင်တတ်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဘာဆောင်သလဲ မေးတော့ ပဋိသန္ဓေအသစ်အသစ် ရုပ်နာမ်နှစ်ပါးကိုဖြစ်စေခြင်းကို ဆောင်ပေးနေပါတယ် ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

"ဝိညာဏာဟာရော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ ပစ္စယော"တိ။ ဧတ္ထ စ ဝိညာဏာ ဟာရောတိ ပဋိသန္ဓိစိတ္တံ၊ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တီတိ တေနေဝ ဝိညာဏေန သဟုပ္ပန္နနာမရူပံ။ တသ္မိံ ဘူတေ သတိ သဠာယတနန္တိ တသ္မိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိသင်္ခါတေ နာမရူပေ ဇာတေ သတိ သဠာယတနံ ဟောတီတိ အတ္ထော။ (နိဒါနသံယုတ်၊ ၂၆)

ဝိညာဏာဟာရောတိ–ဝိညာဏအာဟာရသည်ကား၊ (ဝါ) စိတ်ကလေးဆောင်တယ်ဆိုတဲ့ စကားသည်ကား၊ အာယတိံ–နောင်အခါ၌၊ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ–ဘဝအသစ်အသစ်ကိုဖြစ်စေခြင်းငှာ၊ ပစ္စယော–အကြောင်းတည်း။ စ–ဆက်ဦးအံ့၊ ဝိညာဏာဟာရောတိ–ဝိညာဏာဟာရသည်ကား၊ ပဋိသန္ဓိစိတ္တံ–ပဋိသန္ဓိစိတ်မည်၏၊ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တီတိ–ဟူသည်ကား၊ တေနေဝ ဝိညာဏေန–ထိုအသိဉာဏ်ခေါ်ထားတဲ့ ပဋိသန္ဓေစိတ်ကလေးနဲ့၊ သဟုပ္ပန္နနာမရူပံ–တကွဖြစ်သော နာမ်တရားရုပ်တရားနှစ်ပါးသည်၊ ဝိညာဏာဟရော–ဝိညာဏအာဟာရမည်၏။

အာဟာရ ၄ မျိုး၊ ကဗဠီကာရအာဟာရ, ဖဿအာဟာရ, မနောသဥ္စေတနာအာဟာရ, ဝိညာဏအာဟာရ။ ဒီတော့ အာဟာရ ၄ မျိုးမှာ အာဟာရဆိုတာဘာခေါ်လဲ ဖဿဓာတ်ခေါ်တယ်၊ ဘာကိုဆောင်သလဲ၊ သတ္တဝါတွေ ရုပ်ကိုဆောင်တယ်၊ ဒီသတ္တဝါတွေရုပ်ကို အမြဲတစေ ဆောင် ပေးနေလို့ သတ္တဝါများဟာမသေဘဲနဲ့ အသက်ရှင်နေတယ် ကြီးပွားနေတယ် ကြီးထွားနေတယ်။ အဲဒီ အာဟာရဟာ အမှန်ကတော့ "ဩဇနကုမ္မာဒိဝတ္ထုကာယ ဩဇာယေတံ အဓိဝစနံ" ပါဠိစကား အရ၊ တေံ–ဤအာဟာရဟူသောအမည်သည်၊ ဩဇနကုမ္မာသဒိဝတ္ထုကာယ–ထမင်း ကောက်ညှင်း အစရှိသော တည်ရာရှိသော၊ ဩဇာယ–ဩဇာဓာတ်၏၊ အဓိဝစနံ–အမည်တည်း။ ဒီအာဟာရဟာ ဩဇာဓာတ်ရဲ့အမည်ပါပဲလို့။ ဒါကြောင့် ဒီဩဇာဓာတ်ပြရင်းကနေပြီးတော့ ဒီအာဟာရထည့်ပြရတာ၊ မပြရင်ဖြစ်ကိုမဖြစ်ဘူး၊ ဘာဖြစ်လို့လဲ ဒီအာဟာရဆိုတာ ဩဇာရဲ့အမည်ပါဆိုတော့ ဩဇာနဲ့အာဟာရ

http://www.dhammadownload.com



ဒါလေး ပြတ်သားခြားနားသွားအောင် ဒီတော့ "ဩဇာသင်္ခါတော အာဟာရော"လို့ ပါဠိတော် တစ်ခါပြုပြန်တော့ ဩဇာသင်္ခါတော–ဩဇာဟုဆိုအပ်သော၊ အာဟာရော–အာဟာရသည် ဆိုတော့ ဩဇာသည်ပင်လျှင် အာဟာရ၊ အာဟာရသည်ပင်လျှင် ဩဇာ။ အဲဒီဩဇာဓာတ်ဟာ ရုပ်ဓာတ် ၈ ပါးမှာ နောက်ဆုံးကနေတဲ့ ဓာတ်တရားကလည်းဖြစ်၊ အဲဒီဩဇာလည်း ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဆိုတဲ့ ၇ ပါးသော ဓာတ်တရားများလဲပဲ သဘောတရားမျှပဲရှိတယ်။ အတုံး အခဲ ဝတ္ထုပစ္စည်း အထည်ဒြပ်သဏ္ဍာန် အမှုံ အမွှား အရည် အဖတ် ဘာမှရှာဖွေလို့ မရဘူး။

ဒါကြောင့် သဘောတရားပဲရှိတယ်ဆိုတဲ့ အသိဉာဏ်လေးရအောင် ဒီဩဇာဓာတ်နဲ့ အာဟာရဆိုတဲ့ သဘာဝလေး ခွဲခြားပြီးတော့ပြတာ။ ဒီတော့ ဒါဖြင့်ကောင်းပါပြီ ဩဇာဆိုတာ ဘယ်သူ့ အမည်လဲဆိုတော့ ဒီအာဟာရရဲ့အမည်ပါပဲလို့။ တေံ–ဤအာဟာရဟူသော အမည်သည်၊ ဩဇာ ရ–ဩဇာ၏၊ အဓိဝစနံ–အမည်တည်းဆိုတော့ ဒီအာဟာရကိုက ဩဇာရဲ့အမည်ပါပဲဆိုရင် အာဟာ ရပြောရင် ဩဇာသဘောပေါက်ပြီးသားဖြစ်ရမယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အာဟာရ ပြောရင် ဩဇာရဲ့သဘောက ပေါက်ပြီးသားဖြစ်ရမယ် နားလည်ပြီးသားဖြစ်ရမယ်၊ ဒါကြောင့် ဒီဩဇာဆိုတဲ့အမည်ကိုက ဒီအာဟာရရဲ့အမည်ပါပဲလို့ဆိုထားတော့ ပြောစရာမလိုပါဘူး။ ဒါကြောင့် ဒီအာဟာရနားလည်ရင် ဩဇာဓါတ်သဘောပေါက်ရမယ် ရှင်းရမယ် လင်းရမယ်၊ ဒါဖြင့်ကောင်းပါပြီ ဒီအာဟာရဟာ ဘယ်နှစ်မျိုးဘယ်နှစ်စားရှိသလဲဆိုရင် လေးမျိုးလေးစားရှိတယ် တစ်ခုထဲမှတ်မနေနဲ့ တို့လူစုသိတာကတော့တစ်ခုထဲသိတယ်၊ ဘာသိလဲ ကဗဠီကာရအာဟာရ ဒါတစ်ခုထဲသိတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရအာဟာရ၊ ကဗဠီကာရဆိုတာက စားစရာ သောက်စရာအစာကိုခေါ်တယ်၊ အာဟာရကဆောင်တတ်တဲ့သတ္တိ၊ ဒီတော့ ဒီစားစရာ သောက်စရာ ဆိုတဲ့ ကဗဠီကာရနဲ့အာဟာရနဲ့တွဲလိုက်တော့ ကဗဠီကာရအာဟာရ။ လူအများနားလည်တော့ ဘယ့်နှယ်နားလည်တာလဲ၊ ဒါစားစရာသောက်စရာအစာပဲလို့ ဒီလိုသိ၊ အဲဒီလိုသိတဲ့အာဟာရ တစ်ချက်ထဲရှိလို့ ဒါကြောင့် အာဟာရဆိုတာ ဒီတစ်ခုထဲမဟုတ်ဘူး ၄ မျိုး ၄ စားပြားတယ်၊ ၄ မျိုး ၄ စားရှိတယ်။ ဘုံ ၃ ပါးရှိတဲ့ သတ္တဝါများရဲ့ရုပ်ကို မပျက်စီးအောင် အမြဲတစေဆောင်ပေးနေတဲ့ အာဟာရ။ တို့စားနေတဲ့အစာခေါ်တဲ့ အာဟာရတစ်မျိုးသာလျှင်မဟုတ်၊ ဒါက ရုပ်အာဟာရ၊ နာမ်အာဟာရတရားတွေလည်း ရှိသေးတယ်။ ဖဿအာဟာရ, မနောသဉ္စေတနာအာဟာရ, ဝိညာဏအာဟာရလို့ နောက် ၃ ပါးတိုး အားလုံး ၄ မျိုးပါနော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ၄ မျိုးမှာ ဒီတော့ ဒီအာဟာရ ၄ မျိုးပြားနေတာ အာဟာရဆိုတဲ့ အဓိပ္ပါယ်လည်း ရှင်းပြီးပါပြီ၊ သတ္တဝါတွေရဲ့ရုပ်ကို ဘုံ ၃ ပါးရှိတဲ့ သတ္တဝါတွေရဲ့ရုပ်ကို မပျက်စီးအောင် အမြဲတစေ ဆောင်ပေးနေတယ်၊ ဆောင်တတ်တယ် ထောက်ပံ့ပေးနေတယ်၊ ဒါအာဟာရရဲ့သတ္တိ။ ဒါကြောင့်

http://www.dhammadownload.com



"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"လို့ ကိုယ်တော်မြတ်ဟောတယ်၊ ဘုံသုံးပါးရှိတဲ့ သတ္တဝါများသည် အာဟာရသာလျှင် အမှီပြု၍ တည်နေကြကုန်၏ဆိုတော့ အာဟာရနဲ့ကင်းတဲ့ သတ္တဝါတွေ ဘုံသုံးပါးမှာ ရှာမရဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် သတ္တဝါမှန်သမျှ အာဟာရအမှီပြုရတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားတယ် မဟုတ်လား (ထင်ရှားပါတယ်ဆရာ)။ အေး ဒါကြောင့် ဒီဘုံသုံးပါးကလည်းပဲ သတ္တဝါတွေကရှိတဲ့ သတ္တဝါတွေက စားစားက မင်းတို့ငါတို့ စားသုံးနေတဲ့ ကဗဠီကာရအာဟာရဆိုတဲ့ အစာကိုအမှီပြုတဲ့သတ္တဝါ၊ ဒီအာဟာရအမှီပြုနေတဲ့ သတ္တဝါတစ်မျိုးကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ တို့လူစုကသိထားတာ ဒီတစ်ခုထဲသိတယ် ဒီပြင်တော့ မသိဘူး။ ဘာဖြစ်လို့ ဒါမှ အစာအာဟာရ အစာအာဟာရနဲ့အရပ်ထဲ သူသူငါငါ ခေါ်ဝေါ်သမုတ်ထားလို့ သုံးစွဲနေကြလို့ အစာအာဟာရ ဩော် အစာကိုအာဟာရခေါ်တာပဲ။ ဒီတော့ တို့စားကောင်းသောက်ဖွယ်၊ ခဲဖွယ်ဘောဇဉ်ဆိုတဲ့ ချိုချဉ်အရသာ တို့စားစရာသောက်စရာဆိုတဲ့ အစာကိုစားပြီး ဒီအာဟာရအမှီပြုတဲ့ သတ္တဝါတစ်မျိုး၊ ဒါကျတော့ တို့လူတွေရတယ် တိရစ္ဆာန်တွေရတယ် မရဘူးလားကွ (ရပါတယ်ဆရာ)။ ပြိတ္တာတွေရတယ်နော် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အစားအစာကို သုံးစွဲနေကြတာ အစာအာဟာရ၊ အစာကိုအာဟာရခေါ်တာပဲ ဒါပဲသိ၊ ဒီတော့ တို့စားကောင်းသောက်ဖွယ်ဆိုတဲ့ ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာဆိုတဲ့ စားစရာသောက်စရာ အစာကိုစားပြီး ကဗဠီကာရအာဟာရကို အမှီပြုတဲ့ သတ္တဝါကတစ်မျိုး ဒါကျတော့ တို့လူတွေရတယ် တိရစ္ဆာန်တွေရတယ် ပြိတ္တာတွေရတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အောက်ဘုံတွေကျတော့ ဒီလို စားဖွယ် သောက်ဖွယ် လျက်ဖွယ်ဆိုတဲ့အစာတည်းဟူသော ကဗဠီကာရအာဟာရနဲ့ အသက်ရှင်နေကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နတ်ပြည် ၆ ထပ်အထိပေါ့ကွာ ထားပါတော့၊ နတ်လည်းပဲ မင်းတို့ငါတို့လိုပဲ အစာရေစာ ကဗဠီကာရအာဟာရ သုံးစားတာပေါ့၊ နတ်သုဒ္ဓါ နတ်ဩဇာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

တို့ပြဟ္မာ ၂၀ ကျတော့ ပြဟ္မာတွေကျတော့ အဲဒီလို ဝါးစား ဝါးရတယ်စားရတယ် မျိုချရတယ်ဆိုတဲ့ အစာအာဟာရခေါ်ထားတဲ့ ကဗဠီကာရအာဟာရနဲ့ အသက်ရှင်နေတာလား သေသေချာချာမှတ်၊ သမာဓိလည်းကောင်းကောင်းယူပေါ့။ ဒီတော့ ရှေ့ကဘာလိုလို့ပြောသွားတယ် ပြောတဲ့ ဟောတဲ့ပုဂ္ဂိုလ်ရဲ့အလိုဆန္ဒ ရည်ရွယ်ချက်ကရှိလိမ့်မယ် တို့ဘယ်လိုနားလည်စေလိုလို့ ဒီအာဟာရ ၄ မျိုးထိုးပြနေတယ်။ တို့အတွက်ပဲ မတတ်,တတ်အောင် နားမလည်,လည်အောင် မတတ်သေးတဲ့ ပုဂ္ဂိုလ်များ မသိသေးတဲ့ပုဂ္ဂိုလ်များ မနာရသေးတဲ့ပုဂ္ဂိုလ်များအတွက် ငဲ့ကွက်ပြီးတော့ ဟောပြောပြသပေးနေတယ်၊ သူ့အတွက်ကတော့မဟုတ်ဘူးလေ ကိုယ့်အတွက်ဖြစ်ရင်လည်း ငါဒီမြို့လာစရာအကြောင်းမရှိဘူးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အများသူငါအတွက် ငဲ့ကွက်ပြီးတော့ တတ်ပြီးသားပုဂ္ဂိုလ်များ မဆိုလိုပါဘူး၊ မတတ်သေးတဲ့ပုဂ္ဂိုလ် နားမလည်သေးတဲ့ပုဂ္ဂိုလ်များအတွက်

http://www.dhammadownload.com



ငဲ့ကွက်ပြီးတော့ သက်သက်မေတ္တာနဲ့ လာပြနေတာ။ ဒီတော့ ကိုယ်မေတ္တာထားသလို မေတ္တာစေတနာလည်းထားပြီးတော့ နာလည်းနာကြပါ ကြားပြီးသားဖြစ်လို့ အဆန်းမဟုတ်ရင်လည်းပဲ မနာချင်လည်းနေပေ့ါနော် (ဟုတ်ပါတယ်ဆရာ)။ မကြားရသေးလို့ ထူးထူးဆန်းဆန်းဖြစ်ရင်လည်းပဲ ဝမ်းပန်းတသာနဲ့ တို့တစ်ခါမှ မနားဘူးဘူးဟဲ့ မကြားဘူးဘူးဟဲ့၊ တို့သိတာကတော့ဖြင့် စားကောင်းသောက်ဖွယ်ဆိုတဲ့အစာကို အမှီပြုပြီးသတ္တဝါများ အသက်ရှင်တယ်လို့ ဒီလိုမှတ်၊ ဒီလိုမှတ်တော့ ဒါဖြင့် အာဟာရ ၄ မျိုးတိုးပြလိုက်တော့ တို့သိတာ ကဗဠီကာရအာဟာရ၊ စားစရာသောက်စရာဆိုတဲ့ အစာရေစာကိုအမှီပြုပြီး သတ္တဝါများအသက်ရှင်တယ်၊ တို့ဒီလောက်ပဲသိတယ် ဒီလိုမဟုတ်လားကွဲ့ (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါကတော့ နတ်တွေကစလို့ပေ့ါကွယ်၊ ဟိုအောက်အောက်ဘုံတွေ အထိပေ့ါ။ လူ့ပြည်မှာ တိရစ္ဆာန်တွေရော အစရှိတဲ့သတ္တဝါတွေ၊ ဒါတွေက ကဗဠီကာရအာဟာရ အစာကိုစားရင် ဘာကိုပဲစားစား၊ ဒါကဗဠီကာရအာဟာရ။ ဩော် ဒီသတ္တဝါတွေကတော့ တို့ဘုံသုံးပါးမှာ တွက်ကြည့်လိုက်ရင် ဒီအောက်အောက်သောဘုံဖြစ်နေတဲ့ သတ္တဝါတွေကျတော့ ကဗဠီကာရအာဟာရဆိုတဲ့ စားကောင်းသောက်ဖွယ်အစာရေစာ အမှီသကဲသဟဲပြုပြီးတော့ ဒီအာဟာရနဲ့ အသက်ရှင်နေကြတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရူပါဝစရပြဟ္မာ အရူပါဝစရ ပြဟ္မာ့ဘုံ ၂၀ ကျတော့ ပြဟ္မာများကျတော့ မင်းတို့ငါတို့လိုပဲ စားကောင်းသောက်ဖွယ်ဆိုတဲ့ အစာရေစာဆိုတဲ့ ကဗဠီကာရအာဟာရမှီပြီးတော့ စားသောက်ပြီးတော့ အသက်ရှင်တာမဟုတ်ဘူးတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ဆိုတော့ ပြဟ္မာတွေလွတ် နေသလားဆိုတော့ သဗ္ဗေ သတ္တာနဲ့ ပြဟ္မာအကုန်ပါပါတယ် ဘုရားကအစနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့်ရင် ၃၁ ဘုံအကုန်လုံးသော သတ္တဝါတွေ အာဟာရအမှီပြု၍ တည်နေကြကုန်၏ဆိုတော့ ပြဟ္မာ ၂၀ ဒီလို ကဗဠီကာရအာဟာရဆိုတဲ့ စားကောင်းသောက်ဖွယ်ဆိုတဲ့ အစာရေစာတွေမစားဘဲနဲ့ ဘာအမှီပြုပြီးတော့ အသက်ရှင်တာတုန်း ဒီလိုလာတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပြဟ္မာလည်း ဒီလို အစားစားတယ်လို့ မကြားဖူးဘူး ရှိလည်းမရှိ စားလည်းမစားကောင်းနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ပြဟ္မာတွေ ဘာကြောင့်အသက်ရှင်ပါလိမ့်၊ ပြဟ္မာရှည်တဲ့အသက်က တို့လူသက်နဲ့လဲ တွက်မရပါဘူး အင်မတန်သက်တမ်းရှည်တဲ့ နတ်ပြည်ခြောက်ထပ်က နတ်သက်တွေနဲ့လဲ တွက်မရပါဘူး၊ ဟိုကျတော့ ကမ္ဘာကပ်နဲ့ချီပြီး အသက်ရှည်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အောက်တစ်ဆုံးဆိုတဲ့ ပြဟ္မာ ၂၀ မှာ အောက်တန်းစားဆိုတဲ့ ပဌမဈာန် ၃ ဘုံရှိတဲ့ ပြဟ္မာများဟာ အနည်းဆုံးအားဖြင့် မဟာကပ်ပေါင်း ၅၀၀ အသက်ရှည်တယ် မရှည်လားကွဲ့ (ရှည်ပါတယ်ဆရာ)။ လူ့အသက် နတ်အသက်တွေနဲ့ တွက်ကြည့်မယ်ဆိုလို့ရှိရင် အဆပေါင်းများစွာရှည်လျားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ကပ်နေလို့ မဟာကပ်၊ မဟာကပ်ပေါင်း ၅၀၀ လို့။ ဒါအောက်ထစ်ဆုံးပြဟ္မာနော်

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ အထက်အထက်တက်သွားပြန်တော့ အရှည်ဆုံးဗြဟ္မာဘယ်လောက်ရှိသလဲ ဆိုတော့ မဟာကပ်ပေါင်းရှစ်သောင်းနဲ့လေးထောင် အသက်ရှည်တယ်၊ အံ့ဩစရာကောင်းတယ် မရှည်ဘူးလား (ရှည်ပါတယ်ဆရာ)။ မဟာကပ်တစ်ကပ်ဆိုတာ မနဲပါဘူး၊ ဒီအထိအောင် အသက် ရှည်နေ ဗြဟ္မာတွေမသေဘဲနဲ့ အသက်ရှည်နေတာ ငါတို့သူငါလူတကာတွေတော့ ကဗဠီကာရ အာဟာရခေါ်ထားတဲ့ မျိုကောင်စားကောင်းတဲ့ အစာရေစာတွေ စားသောက်နေလို့ ဒီအာဟာရ အမှီပြုလို့ အသက်ရှင်တယ်၊ ဗြဟ္မာတွေကျတော့ ဘယ်လိုအစာတွေစားပါလိမ့်၊ ဘယ်လို အာဟာရမှီဝဲပါလိမ့်၊ ဘာကြောင့် အသက်ရှင်ပါလိမ့်။ တို့ထက်မွန်မြတ်တဲ့ အစာရေစာစားသလား နတ်တွေစားတဲ့နတ်သုဓာ နတ်ဩဇာတွေစားနေသလား သို့မဟုတ် နတ်သုဓာနတ်ဩဇာ ထက်မြတ် တဲ့အစာတွေ စားနေသလား ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဗြဟ္မာတွေ အစာမစားတာ လည်း အင်မတန်ထင်ရှားတယ် အစာမစားပါဘူး။

## ပီတိဆိုတာ အစာတစ်မျိုးပါ

ဒါဖြင့် ကောင်းပါပြီ အစာမစားရင် ဘယ်အာဟာရအမှီပြု အသက်ရှင်သလဲ "ပီတိဘက္ခာ အာဟာရော"ဆိုတဲ့ ပီတိဟာနှစ်သက်ခြင်းခေါ်တယ် ဘက္ခာဆိုတာ အစာခေါ်တယ်။ "ပီတိဘက္ခာ အာဟာရော"–ပီတိဘက္ခာ–နှစ်သက်ခြင်းဆိုတဲ့ ပီတိတည်းဟူသောအစာသည်သာလျှင်၊ အာဟာ ရော–အာဟာရမည်၏။ ကြည့်ဦး ဗြဟ္မာကျတော့ နှစ်သက်ခြင်းဆိုတဲ့ ပီတိလေးကို အာဟာရလုပ်နေ ကြတယ်၊ ဒီအာဟာရက ထောက်ပံ့ပေးနေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဒီပီတိဟာ နှစ်သက်တယ်ဆိုတော့ ဘာနှစ်သက်သလဲမေးတော့ အောက်အောက်သော ရူပါဝစရဗြဟ္မာကစပြီး တော့ အထက်တက်အရူပဗြဟ္မာအထိပေါ့၊ ဗြဟ္မာများဟာ ဈာန်သမာပတ်နဲ့မွေ့လျော်နေကြတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဗြဟ္မဝိဟာရတရားနဲ့ မွေ့လျော်နေကြတယ်၊ သူတို့ ဒီဘုံ ရောက်စဉ်အခါကတည်းက အောက်အောက်သော လူ့ဘဝကနေပြီးတော့ ဈာန်သမထတရား ပွားများလို့ ဒီဗြဟ္မာပြည်လားသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဗြဟ္မာဖြစ်တော့ အစာရေစာဆိုတဲ့ ကဗဠီကာရအာဟာရစားသလား မစားပါဘူး။ သူတို့ဘာကြောင့် ဘယ်ဟာကနေပြီးတော့ အသက်ရှင် သလဲမေးတော့ ပီတိဘက္ခာအာဟာရောဆိုတော့ ပီတိသာလျှင် အာဟာရမည်ပါတယ်။ ပီတိဆိုတာ ဘာတုန်း နှစ်သက်တာ ဘာနှစ်သက်တာတုန်း သူတို့မွေ့လျော်နေတဲ့ဝင်စားနေတဲ့ ဈာန်သမာပတ် ပေါ်မှာ နှစ်သက်တယ်ဆိုတဲ့ ပီတိစိတ်ကလေး စေတသိက်ကလေးနော် (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်း ကြည့်စမ်း သူတို့ဝင်စားနေတဲ့ဈာန်သမာပတ် မွေ့လျော်နေတဲ့ဈာန်သမာပတ်အပေါ်မှာ နှစ်သက်တယ်ဆိုတဲ့ ပီတိစေတသိက်ကလေး၊ အဲဒါလေးက သူတို့ရဲ့အစာပဲနော် (ဟုတ်ပါ တယ်ဆရာ)။ ဒါကြောင့် ပီတိဘက္ခာ–ဈာန်သမာပတ်အပေါ်၌ နှစ်သက်ခြင်းတည်းဟူသော အစာသည်ပင်လျှင်၊ အာဟာရော–အာဟာရမည်၏။ ဒါဖြင့် သူတို့ဘာအာဟာရအမှီပြုပြီးတော့

http://www.dhammadownload.com



သို့ကလောက်တောင်ပဲ သက်တမ်းတွေ သမာပတ်နဲ့ချိပြီးတော့အသက်ရှည်နေသလဲ၊ ဒီရုပ်တွေ အဆက်ဆက်တိုးပွားနေသလဲဆိုရင် ဈာန်သမာပတ်မွေ့လျော်ခြင်းအပေါ်မှာ နှစ်သက်တယ်ဆိုတဲ့ ပီတိလေးပဲ တစ်ခြားမရှိပါဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အခုနပြောတဲ့ တို့ အာဟာရ ၄ မျိုးထဲမှာ တို့သူသူငါငါ လူတကာတွေကတော့ ကဗဠီကာရအာဟာရ အစာတည်း ဟူသော အာဟာရအထောက်အပံ့ပေးလို့ အသက်ရှင်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဗြဟ္မာတွေ ကျတော့ ကဗဠီကာရအာဟာရဆိုတဲ့ အစာတည်းဟူသော အာဟာရအမှီပြုသေးရဲ့လား (မပြုပါဘူး ဆရာ)။ ဟိုကျတော့ ပီတိအာဟာရပေါ့နော် (ဟုတ်ပါတယ်ဆရာ)။

အဲဒီ ပီတိအာဟာရ သေသေချာချာကြည့်စမ်းပါ၊ ပီတိအာဟာရ တို့တစ်မြန်နေ့ကပြသွား တာ ဒါဖြင့် ဒီအာဟာရချင်းမတူဘူးပေါ့ (မတူပါဘူးဆရာ)။ အေး ဒါဖြင့် ဒီဘုံသုံးပါးဖြစ်နေတဲ့ သတ္တဝါတွေ အမှီသကဲသဟဲပြုနေတဲ့ ဒီသတ္တဝါတွေရဲ့ရုပ်ကို အသစ်ဖြစ်အောင် ထောက်ပံ့ပေးနေတဲ့ အာဟာရချင်းမတူပါဘဲလား ဒီလိုမဟုတ်လား။ ဒါဖြင့် တို့တစ်နေ့က ပြသွားတဲ့ အာဟာရ ၄ မျိုးထဲမှာ ကဗဠီကာရအာဟာရဆိုတာ မင်းတို့ငါတို့တွေစားသုံးနေကြတဲ့ အစာအာဟာရ ဒါကဗဠီကာရ အာဟာရနော် (ဟုတ်ပါတယ်ဆရာ)။ ဒီအစာရေစာတည်းဟူသော ကဗဠီကာရက အထောက်အပံ့ ပေးလို့ မင်းတို့ငါတို့တွေ အသက်ရှင်နေတယ်၊ ရုပ်တွေအစဉ်တစိုက်တိုးပွားနေတယ် ကြီးပွားနေတယ် ထင်ရှားတယ်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ပြီးတော့ တို့ ဖဿအာဟာရကျတော့ ဖဿနဲ့အာဟာရ တခြား အဟာရကဆောင်တာ၊ ဖဿကဖဿ၊ ဒီဖဿအာဟာရလို့ ဒုတိယနံပါတ်နှစ်ပြလိုက်တော့ ဖဿဆိုတာဘာလဲလို့မေးတော့ တစ်မြန်နေ့ကပြသွားတာ မျက်စိမှာဖြစ်တဲ့ဖဿ နားမှာဖြစ်တာ နှာခေါင်းမှာဖြစ်တာ လျှာဖြစ်တာ ကိုယ်ဖြစ်တာ စိတ်ဖြစ်တာ စက္ခု သောတ ဃာနာ ဇိဝှါ ကာယ မနဆိုတဲ့ ၆ ဌာနဖြစ်နေတဲ့ ဖဿ ၆ မျိုးနော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဥပမာလေးတစ်ခု ပြောစမ်းပါဆိုလို့ရှိရင် ဒီမျက်စိတစ်ခုထဲကြည့်စမ်းပါ။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော"၊ တရားသုံးခုပေါင်းရင် ဖဿတဲ့။

ဖဿဆိုတာ ဒါမှတ်ထားပါ၊ ကောင်းပါပြီ ဒီဖဿဘာသဘောရှိသလဲဆိုရင် တွေ့ထိတာတဲ့ သဘောရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် "ဖဿော ဖုသန္တောယေဝ အာဟာရကိစ္စံ သာဓေတိ။" ဖဿော–ဖဿဆိုတဲ့ စေတသိက်သည် (ဝါ) ဖဿတရားကြီးသည်၊ ဖုသန္တောယေဝ– တွေ့ထိကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ ဖဿလည်း ပဲ အာဟာရမျိုးထဲကပဲ အာဟာရပဲတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နံပါတ် ၂ အာဟာရ ဒါပဲလားဆို မဟုတ်ပါဘူး နံပါတ် ၃ တဲ့၊ မနောသဉ္စေတနာအာဟာရော အာယူဟ မာနောဝ။ မနောသဉ္စေတနာအာရော–မနောသဉ္စေတနာအာဟာရသည်၊ အာယူဟာမာနောဝ–အားထုတ်ကာမျှဖြင့် သာလျှင်၊ အာဟာရကိစ္စံ–အာဟာရကိစ္စကို (ဝါ) ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ ဟောဒီ

http://www.dhammadownload.com



မနောသဉ္စေတနာအာဟာရကျတော့ စေတနာကိုခေါ်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ အဲဒီစေတနာတည်းဟူသော အာဟာရကလည်းပဲ အားလုံးသောသတ္တဝါများကို ရုပ်အသစ် အသစ် ဆက်ကာဆက်ကာဖြစ်အောင် တိုးပွားအောင် အသက်ရှင်အောင် ဆောင်ပေးနေပါတယ်တဲ့ ပယသတင်မဟုတ်သေးပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဟိုက အာယူဟာမာနော၀– အားထုတ်ကာမျှဖြင့်သာလျှင် မနောသဉ္စေတနာအာဟာရစေတနာ အာဟာရဆောင်ပုံလေးက ဒီလိုဆောင်တယ်တဲ့၊ အားထုတ်ကာမျှလေးပဲတဲ့။ ဒါကြောင့် တစ်မြန်နေ့က ငါပြောသွားပါတယ်၊ ကာယကံ ၀စီကံ မနောကံ ကိုယ်ရယ် စိတ်ရယ် နှုတ်ရယ် သုံးခုနဲ့ အလုပ်လုပ်နေကြတယ် မလုပ်ဘူးလားကွ (လုပ်ပါတယ်ဆရာ)။ ကယကံဆိုတာ ကာယဒွါရနဲ့ အလုပ်လုပ်လို့ဖြစ်လာတဲ့ ကံကို ကာယကံခေါ်တယ်၊ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် ကံမြောက်သွားပြီ။ ဩော် သူစေတနာပဲ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" မနောကံဆိုလည်းဒီလိုပဲ မနောဒွါရနဲ့ဆောင်ရွက်လို့ ကိစ္စ ပြီးမြောက်သွားတာ မနောကံခေါ်ပါတယ်။ ၀စီကံဆိုလည်း ၀စီဒွါရနဲ့ဆောင်ရွက်လို့ဖြစ်မြောက်သွားတဲ့ ၀စီကံခေါ်ပါတယ်။ ဩော် လက်စသတ်တော့ ကာယကံ ၀စီကံ မနောကံဆိုတဲ့ စေတနာသုံးမျိုး ပါပဲလား၊ အဲဒီစေတနာသုံးမျိုးလေးတွေဟာ တို့ကာယကံမြောက်အောင် အားထုတ်တုန်းကလည်းပဲ ကိုယ်နဲ့အားထုတ်၊ ၀စီကံမြောက်အောင် အားထုတ်တုန်းကလည်းပဲ နှုတ်နဲ့အားထုတ်တယ်၊ မနောကံမြောက်အောင် အားထုတ်တော့လည်းပဲ စိတ်နဲ့အားထုတ်တယ် အားထုတ်မှုလေးတွေနော် (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် "မနောသဉ္စေတနာဟာရော အာယူဟာမာနော၀ အာဟာရကိစ္စံ သာဓေတိ"။ မနောသဉ္စေတနာဟာရော–စေတနာတည်းဟူသောအာဟာရသည်၊ အာယူဟာမာနော၀–အားထုတ် ကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ အဲဒီလို စေတနာ လေးတွေခေါ်ထားတဲ့ မနောသဉ္စေတနာကလည်းပဲ မင်းတို့ငါတို့သတ္တဝါများ၏ ရုပ်အသစ်အသစ် တိုးပွားအောင် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဆက်ကာဆက်ကာဖြစ်အောင် အသက်ရှည်အောင် ဆောင်တတ်ပါတယ်၊ ဒါကြောင့် ဒီစေတနာကိုလည်းပဲ အာဟာရတစ်မျိုးအနေအားဖြင့်သွင်းလိုက် အာဟာရ သုံးနံပါတ်ရှိသွားပြီနော် (ဟုတ်ပါတယ်ဆရာ)။ ၄ နံပါတ်ကျတော့ ဝိညာဏအာဟာရ ဝိညာဏအာဟာရကျတော့ဘာခေါ်တုန်း ဝိညာဏအာဟာရဆိုတာတစ်ခြားမဟုတ်ဘူး။ ဒုတိယ တတိယ စတုတ္ထ နိဗ္ဗာန်မရောက်မချင်း ဘ၀အသစ်အသစ်ဖြစ်အောင်လုပ်ပေးတာ ဝိညာဏအာဟာရ၊ ပဋိသန္ဓေ အသစ်အသစ်ဖြစ်အောင် လုပ်ပေးတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ပဋိ သန္ဓိနာမရူပံ–ပဋိသန္ဓေအခိုက်ကလေးမှာ ပဋိသန္ဓေအသစ်ဖြစ်လာတဲ့ အခိုက်အတန့်လေးဟာ နာမ် တရားနဲ့ရုပ်တရားနှစ်ပါး ပြိုင်ပြိုင်ဖြစ်တတ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ တစ်နည်း ရုပ်တရားချည်း သန့်သန့်ဖြစ်တဲ့ ပဋိသန္ဓေလည်းရှိတယ် (တစ်နည်း) နာမ်တရားချည်းသန့်သန့်ဖြစ်တဲ့ ပဋိသန္ဓေလည်း

http://www.dhammadownload.com



ရှိတယ်၊ နာမ်တရားရုပ်တရားနှစ်ပါးပေါင်းပြီးတော့ တွဲပြီးတော့ဖြစ်တဲ့ ပဋိသန္ဓေလည်းရှိတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ပဋိသန္ဓေ အသစ်အသစ်ဖြစ်တိုင်း ဒီနာမ်တရား ရုပ်တရား နှစ်ပါးအမြဲပါတာပေါ့ (ပါပါတယ်ဆရာ)။ ဪ ဒါဖြင့် ဘဝအသစ်အသစ် ပဋိသန္ဓေအသစ်အသစ် ဖြစ်တိုင်း ဖြစ်တိုင်း ဒီဝိညာဏ အာဟာရက သူလုပ်ပေးလိုက်တာ၊ သတ္တဝါများ သံသရာအဆက်ကို မပြတ်နိုင်ဘူး၊ အသစ်အသစ်ဖြစ်သွားလိုက်တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒါကြောင့် ဝိညာဏ်ဆိုတဲ့ တရားကိုလည်း အာဟာရထဲကို သွင်းလိုက်ပါ၊ ၄ နံပါတ် ဝိညာဏအာဟာရ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါအာဟာရ ၄ မျိုး၊ အဲဒီအာဟာရ ဘယ်သူလဲမေးတော့ ဩဇာ ၄ မျိုးပါပဲ ဘာဖြစ်လို့လဲ၊ ဩဇာယအဓိဝစနံလို့ ပါဠိတော်တိုက်ရိုက်ဆိုထားတာ၊ တေ်– ဤအာဟာရဟူသော အမည်သည်၊ ဩဇာယ–ဩဇာ၏၊ အဓိဝစနံ–အမည်တည်းဆိုတော့ အမှန်က ဩဇာဆိုတာ အာဟာရရဲ့အမည်ဆိုတော့ ဒီအာဟာရ ၄ မျိုးသည်ပင်လျှင် ဩဇာ ၄ မျိုး ဖြစ်မနေ ဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဒါဖြင့် ဩဇာ ၄ မျိုးဖြစ်နေတော့ ဩဇာဟာဘာလဲလို့ အဓိပ္ပါယ် မေးတော့ ဩဇာရဲ့အမည်ကိုက မိမိဖြစ်ပြီးရင် အခြားမဲ့၌ ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်တာ ဩဇာလို့ခေါ်တာ အေး ဟုတ်ပေသားပဲ၊ ကဗဠီကာရ အာဟာရကြည့်လည်း ရုပ်အသစ်အသစ် ဖြစ်အောင်လုပ်ပေးလို့ သတ္တဝါများအသက်ရှင်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဖဿကြည့်လည်းပဲ ရုပ်အသစ်အသစ်ဖြစ်အောင် လုပ်ပေးခြင်းကြောင့် သတ္တဝါများအသက်ရှင်နေတယ်၊ စေတနာဆိုတဲ့ မနောသဉ္စေတနာကြည့်ပြန်လည်းပဲ ရုပ်အသစ်အသစ်ဖြစ်အောင်လုပ်ပေးလို့ သတ္တဝါများ အသက်ရှင်နေတယ်။ ဝိညာဏအာဟာရကြည့်ပြန်တော့သာထင်ရှားသေး နိဗ္ဗာန်မရောက်မချင်း ဘဝအသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ် ပဋိသန္ဓေအသစ်ဖြစ်အောင်ဟုတ်လား (ဟုတ်ပါတယ် ဆရာ)။ ဒီတော့ ဒီအာဟာရရဲ့ သတ္တိလေးတွေ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)။ ဩဇာရဲ့ သတ္တိလေးတွေ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)။ အဲဒါ အင်မတန်ထင်ရှားတဲ့သဘာဝ။

ပြီးတော့မှတစ်ခါ တို့ ကဗဠီကာရအာဟာရကျတော့ "ကဗဠီကာရာဟာရော ဥပထမ္ဘေန္တော အာဟာရကိစ္စံ သာဓေတိ" ကဗဠီကာရာဟာရော–စားသုံးမျိုချအပ်သောအစာအာဟာရဆိုတဲ့ ကဗဠီကာရအာဟာရသည်၊ ဥပထမ္ဘေန္တော–မင်းတို့ငါတို့ရဲ့ ရုပ်အသီးသီးကို ထောက်ပံ့နိုင်နေသော သဘောရှိ၍။ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏။ ကိစ္စလေးတွေပြတာ ကဗဠီကာရအာဟာရ၊ အာဟာရရဲ့ကိစ္စပြောစမ်းပါ ဟာ ဒီအစာတွေစားနေတဲ့ သတ္တဝါတွေ ရုပ်အသစ်အသစ်ဖြစ်ပြီးတော့ ရုပ်တွေအမြဲထောက်ပံ့ပေးနေတာပေါ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ ဒါဖြင့် ဖဿအာဟာရ ဖဿတည်းဟူသော အာဟာရရဲ့ သူလုပ်တတ်တဲ့ကိစ္စပြောစမ်းပါ ဆိုတော့ ဒီနေရာမှာ တို့နိဒါနသံယုတ်အဋ္ဌကထာလို့ အဋ္ဌကထာဆရာက အဲဒါ မင်းတို့ငါတို့ လုံးလုံး ဘာမှမသိတဲ့လူများအတွက် ဒီ နိဒါနသံယုတ်အဋ္ဌကထာဆရာကြီးက သူသူငါငါလူတကာတွေ

http://www.dhammadownload.com



နားလည်ပါစေလို့ သူကလက်တွေ့ပြရုံနဲ့ ထုတ်ပြတာနော် (ဟုတ်ပါတယ်ဆရာ)။ ဖဿအာဟာရ ဆောင်ပုံလေး ကဗဠီကာရအာဟာရပြောစရာမလိုဘူး ကိုယ်ကိုယ်တိုင်စားနေ ငါထမင်းစားရင် ရုပ်တစ်မျိုးဖြစ်တယ် ထမင်းမစားရင်ရုပ်တစ်မျိုးဖြစ်တယ် ထမင်းမစားဘဲနေရင်သေရော ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့သိပြီးသား၊ ကောင်းပါပြီ ဒါဖြင့် ကျန်တဲ့ဖဿသုံးမျိုးတော့ ပြစမ်းပါဆိုတော့ လက်တွေ့လေးတွေဆိုတော့ အဋ္ဌကထာဆရာက အဲဒါ မင်းတို့ငါတို့ကိုအင်မတန် သနားညှာတာလို့ ဘုရားဟောတော်မူတဲ့ ပါဠိတော်အတိုင်း ကျဉ်းကျဉ်းလေးမထားဘဲနဲ့ အကျယ်တဝင့် ဝေဖန်ပြီးတော့ သူသူငါငါလူတကာတွေ အဓိပ္ပါယ်နားလည်ပါစေ သက်သေလေးတွေထုတ်၊ သာဓကယုတ္တိ ဘယ်လိုထုတ်ထားလဲဆိုတော့-

တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဋာဒယော ပန မာတုသမ္ဖဿေန ယာပေန္တေ ဒိသွာ "ဧတေ ဖဿာဟာရေန ယာပေန္တီ"တိ တဿ လဒ္ဓိ။

ဒါပါဠိကို သေသေချာချာလည်းမှတ်ပါ။ တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဋာဒယောပန-ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်တို့သည်ကား၊ မာတုသမ္ဖဿေန-အမိ၏အတွေ့ဖြင့်၊ ယာပေန္တေ- မျှတ၍နေကြသည်တို့ကို (ဝါ) အသက်ရှင်၍နေသည်တို့ကို၊ ဒိသွာ-မြင်၍၊ ဧတေ-ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်တို့သည်၊ ဖဿာဟာရေန-ဖဿတည်းဟူသော အာဟာရဖြင့် (ဝါ) ဖဿတည်းဟူသော အာဟာရကြောင့်၊ ယာပေန္တိ-ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်၍ မသေဘဲနဲ့ အသက်ရှင်၍နေကြကုန်၏။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီဥပမာတွေ ဒါအဋ္ဌကထာဆရာကထုတ်ပြတယ် ဒါနိဒါနသံယုတ်အဋ္ဌကထာလို့ အဲဒီညွှန်းသွားတဲ့ အဋ္ဌကထာ ပါဠိတော်ကိုလည်း သေသေချာချာလည်းမှတ်။

ဒီတော့ကြည့်ကွယ် သူပြသွားတာ၊ ကြက်မျိုးဟာ ဥအပြည့်ကျအခိုက် ဥထဲခွဲကြည့်ရင် အရည်ကြည်ပဲရှိတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နောက်ပေါက်ချိန်တန်တော့ လေးသီတင်း ငါးသီတင်းဆိုသလို အမိရင်ငွေ့နဲ့ဝပ်ဝပ်ပြီးပေးလိုက်တော့ ပေါက်ချိန်တန်တော့ ဒီထဲမှာ အမွေး အတောင်စုံလင်စွာနဲ့ အကောင်အထည်လေးဖြစ်လာတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အသက်ရှင်ပြီးတော့ ဥခွံလေးက ခွဲထွက်သွားတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ထားပါတော့ ကွာ လေးသီတင်း၊ အဲဒီဥပြီးတဲ့အချိန်ကစ အဲဒါပေါက်တဲ့အချိန်၊ အကောင်ဖြစ်လာတဲ့အချိန်အထိ ရုပ်ကလေးတွေ အဆင့်ဆင့်ပြောင်းလဲပြီးတော့ တိုးပွားလာပုံလေးတွေ အမွေးအတောင်ဖြစ်ပေါ်လာပုံ လေးတွေ အကောင်အထည်ဖြစ်ပေါ်လာပုံလေးတွေ ကြီးထွားလာပုံတွေနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပဲလား မဟုတ်သေးပါဘူး၊ အဲဒီ လေးသီတင်းပြီးတော့ ဥခွံထဲက အကောင်ဟူသောအဖြစ်နဲ့ အသက်ရှင်လျက် အကောင်လေးတွေ ထွက်လာကြတယ်။ အဲဒီ လေးသီတင်းအတောအတွင်းမှာ ကြက်မကြီးက ရေတိုက်သလား အစာကျွေးသလား မတိုက်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



အစာလည်း မကျွေးဘူးပေါ့ (မကျွေးပါဘူးဆရာ)။ ဒါဖြင့် ဒီလေးသီတင်းအတွင်းမှာ ဘယ်အာဟာရကိုမှီ၍ ဒင်းကြက်ကလေးများသည် အသက်ရှင်၍နေပါသလဲ၊ ရုပ်အသစ်အသစ်ကလေးတွေ ဖြစ်ပြီးတော့ ကြီးပွားလာပါသလဲ ကြီးထွားလာပါသလဲလို့မေးတော့ ဟိုကပြတာက "မာတုသမ္ဗသေသေန ယာပေန္တေ ဒိသွာ "ဧတေ ဖဿာဟာရေန ယာပေန္တီ"တိ တဿ လဒ္ဓိ။" အရှင်းသားပဲ၊ အမိရဲ့ရင်ငွေ့နဲ့ အတွေ့အထိလေးပေးခြင်းကြောင့် ဒါဖဿပဲ၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဖဿဆိုတာ တွေ့ထိမှုသဘောလေးဖဿပဲ၊ အမိရဲ့ရင်ငွေ့နဲ့ ဖဿတည်းဟူသော အတွေ့အထိပေးခြင်းကြောင့် ဒီကြက်ကလေးတွေသည် မပုပ်မသိုး မဆွေးမမြေ့ မသေမပျောက်ဘဲနဲ့ တစ်စတစ်စ ရုပ်တို့သည်တိုးပွား၍ အသက်ရှင်လျက် ဥခွံထဲမှထွက်၍လာကြ၏ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)။ ဒါ နံပါတ် ၂။

၃ နံပါတ်က တစ်ခါလာပြန်ပြီ၊ ကောင်းပါပြီ ဒီ ၂ နံပါတ်ကတော့ အမိရဲ့အတွေ့အထိတည်းဟူသော ရင်ငွေ့နဲ့အငွေ့ပေးလို့ ကြက်ကလေးတွေ ပေါက်ဖွားလာကြတယ်၊ ရုပ်အသစ်အသစ်ဆက်ကာဆက်ကာဖြစ်လာကြတယ် ဒီပြင်အကြောင်းတော့ရှာမရဘူး ဒါပဲရှိတယ်။ ဒါသံယုတ်အဋ္ဌကထာဆရာကပြသွားတဲ့ပါဠိ နောက်တစ်ခါ နံပါတ် ၃ ဆိုတဲ့ မနောသဥ္စေတနာအာဟာရကျတော့ ဟိုကထင်ရှားအောင် သာဓကယုတ္တိသက်သေဆောင်ပြတယ် ဘာပြလဲ သမုဒ္ဒရာအတွင်းမှာ နေကြတဲ့လိပ်များသည် မိမိတို့ ဥတုသမယ–ဥချိန်ရောက်တဲ့အခါကျတော့ သဲသောင်ပြင်ပေါ်တက်၊ ဥဥထားပြီးလက်ဖြင့်ပြန်ဖုံး၊ ဖုံးပြီးတော့ မိမိရေထဲပြန်ဆင်း၊ ဒီလိုသဲနဲ့ပြန်ဖုံး ရေထဲပြန်ဆင်းတဲ့ အချိန်ကစပြီး မိမိဥရှိရာအရပ် ဘယ်တော့မှပြန်မလာဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ပြန်မလာဘူး၊ ဒါပေမဲ့ ဒီဥလေးတွေဟာဆိုပါတော့ လေးသီတင်းငါးသီတင်း အချိန်တန်တဲ့အခါကျတော့ ဥခွံထဲကနေ လိပ်ကလေးတွေ ပေါက်ဖွားပြီးတော့ ဒီမှရေထဲပြန်ဆင်းကြတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဥပြီးတဲ့အချိန်ကနေပြီးတော့ လိပ်ကလေးတွေပေါက်လာတဲ့အချိန်အထိ လိပ်မကြီးသည် တစ်ကြိမ်တစ်ခါမှမလာ၊ အစာရေစာလုံးဝမကျွေး ဒီအကြားမှာ ဆွေးခြင်း မြေ့ခြင်း ပုပ်ခြင်း သိုးခြင်း ပျက်စီးခြင်း လုံးဝမရှိဘဲနဲ့ မရှိတဲ့အပြင် ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်ပြီးတော့ အသက်ရှင်လျက် ထင်ရှားရှိနေတာ ဘာကြောင့်လဲလို့ အကြောင်းရှာတော့ ဒီနေရာ အဋ္ဌကထာဆရာက လိပ်မကြီးသည် တစ်ခေါက်တစ်ခါမှလည်းမလာပါဘူး အစာရေစာလည်းမကျွေးပါဘူး ရင်ငွေ့လည်းမပေးပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ နို့ဘာကြောင့် ဒီလိပ်ကလေးတွေဟာ အသက်မသေဘဲနဲ့ အသက်ရှင်လာကြသတုန်းလို့မေးတော့ ဟိုကပြသွားတာက –

ကစ္ဆပါ ပန အတ္တနော ဥတုသမယေ မဟာသမုဒ္ဒတော နိက္ခမိတွာ သမုဒ္ဒတီရေ ဝါလိကန္တရေ အဏ္ဍာနိ ဌပေတွာ ဝါလိကာယ ပဋိစ္ဆာဒေတွာ မဟာသမုဒ္ဒမေဝ ဩတရန္တိ၊ တာနိ မာတုအနုဿရဏဝသေန န ပူတီနိ ဟောန္တိ။

http://www.dhammadownload.com



ကစ္ဆပါ ပန–လိပ်တို့သည်၊ အတ္တနော–မိမိ၏၊ ဥတုသမယေ–ဥအုံသောအခါသမယ၌၊ မဟာသမုဒ္ဒရတော–မဟာသမုဒ္ဒရာအတွင်းမှ၊ နိက္ခမိတွာ–ထွက်လာ၍ ပေါ်၍၊ သမုဒ္ဒတီရေ–သမုဒ္ဒရာကမ်း၌၊ ဝါလိကန္တရေ–သဲအတွင်းသို့သာလျှင်၊ အဏ္ဍာနိ–ဥတို့ကို၊ ဌပေတွာ–ထား၍၊ ဝါလိကာယ–သဲဖြင့်၊ ပဋိစ္ဆာဒေတွာ–ဖုံး၍၊ မဟာသမုဒ္ဒမေဝ–သမုဒ္ဒရာအတွင်းသို့သာလျှင်၊ ဩတရန္တိ–ပြန်၍ဆင်းကြကုန်၏။ တာနိ–ထိုလိပ်ဥလေးတို့သည်၊ မာတုအနုဿရဏဝသေန– အစဉ်တစိုက်အောက်မေ့သည့်အစွမ်းအားဖြင့် (ဝါ) မေတ္တာပို့သည့်အစွမ်းအားဖြင့်၊ ပူတီနိ–ပုပ်ခြင်းရှိကြကုန်သည်၊ န ဟောန္တိ–မဖြစ်ပါကုန်၏။

ပုပ်ခြင်းမရှိပါဘူး ထူးခြင်းမရှိပါဘူး ပျက်စီးခြင်းမရှိပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ထိုလိပ်ဥလေးတို့သည်၊ အမိသည်ရောက်ရာအရပ်မှ ရည်ရွယ်၍ပို့အပ်သော မေတ္တာအစွမ်းဖြင့် (ဝါ) မေတ္တာအစွမ်းကြောင့် အသက်ရှင်လျက်နေကြကုန်၏ အသက်ရှင်လျက်မျှတ၍နေကြကုန်၏။

ဒီတော့ ဒီအဋ္ဌကထာဆရာပြသွားတဲ့ သဘာဝ အခု အင်မတန်ရှင်းပါတယ်။ သူ့သဘာဝနဲ့ သူချပြသွားတာ၊ လိပ်များဟာ သမုဒ္ဒရာတွင်းက ကုန်းပေါ်တက် သဲထဲယက် ဥပြီးတဲ့အခါ သဲနဲ့ပြန်ဖုံး ပြန်ဖုံးပြီးတော့ မိမိကရေထဲပြန်ဆင်း၊ မိမိရောက်ရာပေါက်ရာအရပ်ကျက်စား၊ ဒါပေမဲ့ မိမိဥ ဖုံးထားတဲ့နေရာကိုရည်မှန်းပြီးတော့ မေတ္တာအစွမ်းနဲ့ဟိုကနေပို့။ ဒီသားလေးတွေ သမီးလေးတွေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ပေါက်ဖွားပါစေ၊ အန္တရာယ်မရှိပါစေနဲ့၊ အဲဒီမေတ္တာအစွမ်းနဲ့ပဲ အမိလုပ်တဲ့လိပ်မကြီး တစ်ခါတစ်ခေါက်မှ မလာရောက်သော်လည်းပဲ အချိန်တန်တော့ ဥခွံထဲက ပေါက်ဖွားပြီးလာကြတယ် ဒီလိုမဟုတ်လား။ ဒါခုနပြောတဲ့ သံယုတ်အဋ္ဌကထာဆရာက သံယုတ် အဋ္ဌကထာလာတဲ့ပါဌ်။ ဒီပါဌ်လည်း သေသေချာချာမှတ်ထား။ အဲဒီ မနော သဉ္စေတနာအာဟာရဖြင့် ဒီသတ္တဝါလေးတွေ လိပ်ဆိုတဲ့သတ္တဝါလေးတွေ အသက်ရှင်လာကြတာယ် မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါမေတ္တာအစွမ်း၊ မေတ္တာအစွမ်းဆိုတာ စေတနာမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ လိပ်မှာထားပါတော့ ဥပြီးတဲ့နောက်ပိုင်းမှာ လေးသီတင်း ငါးသီတင်းကြာမှ ပေါက်တယ်ထားပါတော့၊ ဒီအတောအတွင်းမှာ မပုပ်မသိုး မဆွေးမမြေ့ဘဲနဲ့ ရုပ်အသစ်အသစ်ကလေး တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ လိပ်ကလေးတွေ အသက်ရှင်တာပြတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါမေတ္တာအစွမ်းဆိုတာ စေတနာပဲမဟုတ်လား (စေတနာပါပဲဆရာ)။ ဒါ အုံ့ဩစရာ မဟုတ်သေးပါဘူး၊ ငါ ခုနစောစောက ပြောထားတဲ့ ပြဟ္မာ ၂၀ မှာ အောက်ဆုံးဘုံက ပြဟ္မာများက မဟာကပ်ပေါင်း ၅၀၀ အသက်ရှည်တယ်၊ အထက်ဆုံးပြဟ္မာကျတော့ အဆင့်ဆင့် တက်သွားလိုက်တာ မဟာကပ်ပေါင်းရှစ်သောင်းလေးထောင် အသက်ရှည်တယ် မရှည်ဘူးလား (ရှည်ပါတယ်ဆရာ)။ အဲဒီ ပြဟ္မာတွေထဲ ပီတိဘက္ခာအာဟာရာဆိုထားတော့ သူလည်း သူတို့ မွေ့လျော်ပွားများနေတဲ့ ဈာန်သမာပတ်အပေါ် နှစ်သက်တယ်ဆိုတဲ့ ပီတိတည်းဟူသော အာဟာရ

http://www.dhammadownload.com



အမှီပြုနေတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါလည်း စေတနာမဟုတ်လား (စေတနာပါပဲဆရာ)။ ဒါဖြင့် စေတနာအာဟာရဆိုတဲ့ မနောသဉ္စေတနာ အာဟာရစေတနာတည်းဟူသော အာဟာရက ဆောင်ထားတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး အင်မတန်ထင်ရှားပါတယ်၊ အသက်တွေ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဝိညာဏ်အာဟာရကျတော့ အထူးပြောစရာမလိုပါဘူး။ မင်းတို့ငါတို့သိနေတဲ့ စိတ်ကလေးသည် လာလတ္တံ့အနာဂတ်ဘဝ ပဋိသန္ဓေ အသစ်အသစ်ဖြစ်အောင်လုပ်ပေးနေတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဝိညာဉ်တည်းဟူသောစိတ်ကလေးကဆောင်နေတဲ့ အာဟာရသတ္တိပြနေတယ်။ ဒါကြောင့် ဝိညာဏာဟာရောတိ ပဋိသန္ဓိစိတ္တံ၊ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိတိ တေနေဝ ဝိညာဏေန သဟုပ္ပန္နနာမရူပံ။ ပဋိသန္ဓိစိတ္တံ–ပဋိသန္ဓေစိတ်ခေါ်တဲ့ စိတ်ကလေးသည်၊ အာယတိံ–နောင်အခါ၌၊ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ–ဘဝအသစ်အသစ်ကိုဖြစ်ခြင်းတည်း၊ တေနေဝ–ထိုသိတတ်တယ်ဆိုတဲ့ ဝိညာဏ်ကလေးနှင့်၊ သဟုပ္ပန္နနာမရူပံ–အတူတကွဖြစ်သော နာမ်ရုပ်နှစ်ပါးသည်၊ ဝိညာဏာဟာရော–ဝိညာဏအာဟာရမည်၏။ ဟောဒါကျတော့ မင်းတို့ငါတို့ နိဗ္ဗာန်မရောက်မချင်း ဘဝအသစ်အသစ်ဆက်ကာဆက်ကာဖြစ်သွားကြတော့ ဖြစ်တိုင်းဖြစ်တိုင်းဘဝတွေမှာ ပဋိသန္ဓေခဏတွေမှာ ပထမဆုံးဖြစ်လာတဲ့ ရုပ်တရားနာမ်တရားနှစ်ပါးဟာ ဒီဝိညာဏ်ပဲ၊ သူဆောင်ပေးတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါလည်းပဲ ဒီဝိညာဏ် အာဟာရသူဆောင်ပုံလေးတွေ ပေါ်လာတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး အေး တို့များက အဲဒီ အာဟာရ ၄ မျိုးကို ထိုးပြီးတော့ပြသွားတာ မပြရင်မဖြစ်ဘူး၊ အာဟာရနဲ့ဩဇာက ညီရင်းအကိုဖြစ်၊ သူတို့ချင်းက အပြောင်းအလဲဖြစ် ဩဇာသည်ပင်လျှင် အာဟာရ၊ အာဟာရသည်ပင်လျှင်ဩဇာလို့ ဒီလိုဆိုလို့ ကြုံကြိုက်တဲ့အခါဖြင့် တို့လူစုသိထားတာက ကဗဋီကာရအာဟာရ စားကောင်းသောက်ကောင်းတဲ့ အာဟာရတစ်မျိုးသိတယ် ကျန်တဲ့ ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ ဝိညာဏအာဟာရဆိုတာ ကြားဖူးချင်မှကြားဖူးမယ်၊ သိဖူးချင်မှသိဖူးမယ်၊ ကြားဖူးပြီးသိဖူးပြီးပုဂ္ဂိုလ်များ ရည်ရွယ်၍ပြောသည်မဟုတ်ပါ၊ မကြားဖူးသေး မနာဖူးသေးသောပုဂ္ဂိုလ်များ ဗဟုသုတအနေအားဖြင့် အလှည့်နဲ့ထည့်ပြီးပြနေတာ။ အဲဒါ တို့တစ်မြန်နေ့က အာဟာရ ၄ မျိုးကို ခုနသံယုတ်အဋ္ဌကထာဆရာကပြသွားတဲ့ ဥပမာလေးတွေ သာဓကယုတ္တိဆိုတဲ့အနေအားဖြင့် ကြက်ငယ်လေးတွေ ပေါက်ဖွားပုံ၊ အမိရင်ငွေ့တည်းဟူသော ဖဿနှင့်ဆောင်ပေးလို့ ဖဿအာဟာရသတ္တိကြောင့် ကြက်ကလေးတွေ အသက်ရှင်ပုံ၊ တစ်ခါလာပြန်ပြီ။ မနောသဉ္စေတနာအာဟာရကျတော့ အဋ္ဌကထာဆရာက လိပ်ဥပမာပြလို့လိပ်များလို ဖဿတည်းဟူသော အမိရင်ငွေ့ဖြင့်ပေးစရာမလိုဘဲနဲ့ အဝေးကနေပို့သတဲ့ မေတ္တာအစွမ်းဖြင့် မနောသဥ္စာနာအာဟာရကြောင့် လိပ်ကလေးတွေသည် မဆွေးမမြေ့ မပုပ်မသိုးနဲ့ အသက်ထင်ရှားရှိလာပုံတွေနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ တို့များက မနေ့ညကစေတနာပိုပိုနဲ့ပြ ဒါပေမဲ့

http://www.dhammadownload.com



ဩဇာဓာတ်မပြီးသေးပါဘူး ဆက်ပြဦးမှာပါ၊ စေတနာပိုပိုနဲ့တက်အားသမျှ ကြိုးစားပမ်းစားပြတယ်။ အဲဒါကိုပဲ ဘေးကွေ့နံကွေ့နဲ့အမျိုးမျိုးဝေဖန်ပြီးတော့ ကိုယ်ထင်သလိုကိုယ်ပြောဆိုတဲ့ အသံလေးတွေ နည်းနည်းကြားတယ်၊ ငါပြန်ရှင်းပြမယ်။

ကြက်မကြီးက ကြက်ဥပေါက်ဖွားတယ်၊ ဖဿအာဟာရပြသွားတာ ဟုတ်နိုင်ပါ့မလား၊ မဝပ်ပေမဲ့ မိုးဆိုလည်းပေါက်ချင်ပေါက်တာပဲ ဟော ကိုးလိုးကန့်လန့်နော် (ဟုတ်ပါတယ်ဆရာ)။ လိပ်လည်းပဲ ဘယ်သိမတုန်း၊ သူ့ဟာသူ မေတ္တာအစွမ်းကြောင့်ပေါက်တယ်ဆိုတာ ဟုတ်ချင်မှဟုတ်တော့ မပေါ့ သူမေတ္တာပို့တယ်မပို့ဘူးဆိုတာ ဒါယုံစရာမရှိပါဘူး ဒါအဓိပ္ပါယ်မရှိပါဘူး သူပေါက်ချင်ပေါက် ချိန်ကျပေါက်မှာပေါ့လို့ ဒီလိုလာသကိုးနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ကတ်သီးကတ်ဖဲ့လို့ အဓိပ္ပါယ်ဘာမှမရှိဘူး အကျိုးစီးပွားကြည့်တော့လည်း ဘာမှမရှိပါဘူး၊ အမှန်ကတော့ အဲဒါ ပုဂ္ဂလဓိဋ္ဌာန်အနေအားဖြင့် တို့ပြသွားတာ မကျေနပ်တဲ့ပုဂ္ဂိုလ်အနေအားဖြင့် ဒါကပ်ဖဲ့ပြောတဲ့စကားပါပဲ။ ဒါပေမဲ့ ကပ်ဖဲ့လုပ်တာက တို့ကိုလုပ်တာ၊ ဒါပေမဲ့ တို့များကသံယုတ်အဋ္ဌကထာကြီးကပြသွားတဲ့ သဘာဝအတိုင်းချပြတော့ ကပ်ဖဲ့က တို့လုပ်တာမဟုတ်၊ တိုက်တာက တို့တိုက်တာမဟုတ်၊ သံယုတ်ဋ္ဌကထာဆရာကို ပြန်တိုက်နော် (ဟုတ်ပါတယ်ဆရာ)။ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ အေး အေး အကယ်တန္တု ဝေဖန်ချင်ရင် ငါ့မဝေဖန်ရဘူးလို့၊ ဒီကိုးသွားတဲ့ပါဠိ ထုတ်ပြတယ်၊ သူထုတ်ပြတဲ့ ပါဠိတွေကလက်တန်းတွေလား၊ တကယ် အဋ္ဌကထာမှာပဲပါလား ဒါစစ်ဆေးရမယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါပါဠိတတ်တဲ့ပုဂ္ဂိုလ်တွေ အင်မတန်များတယ် ဒီနား၊ ပါဠိတက္ကသိုလ်တတ်တွေလဲအများကြီး၊ စာချဆရာတော်တွေ စာသင်သားပုဂ္ဂိုလ်တွေအများကြီး၊ အဲဒီလို သွားပြီးထောက်လှမ်းတော့ သူဒီလိုဒီလိုပဲ ကြက်ကလေးဥပမာပြစဉ်အခါတုန်းက ဒီပါဠိရွတ်သွားတယ်၊ လိပ်ဥပမာပြသွားတယ် မနောသဥ္စေတနာအာဟာရ ဒီပါဠိပါသလား သွားလျှောက်ကြည့်ပေါ့၊ လျှောက်ကြည့်တော့ ဟိုကပြောတယ် ပါရင်ပါတယ် မပါရင်မပါဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဟာ သူပြောတဲ့အတိုင်း။

ဒီတော့ ဟိုကပြောတယ်၊ ပါရင်ပါတယ် မပါရင်မပါဘူးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဟာ သူပြောတဲ့သံယုတ်အဋ္ဌကထာမှာမပါဘူးကွ အဲဒီစကားတွေဟာ ဒါဖြင့် သူလက်တန်းပဲ ရမ်းချ အဲဒီတော့ ဝေဖန်ရုံတင်မဟုတ်ပါဘူး ဆဲရင်လည်းဆဲပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ တို့များကလည်း အာဝဇ္ဇန်း ကောင်းကောင်းနဲ့ လက်တန်းချပြတယ်ဆို ပြောရင်လည်းပြောပေါ့၊ အခုတော့ အဲဒီလိုကိုးကားသွားတဲ့ အင်မတန်တန်ဖိုးရှိတဲ့ အဋ္ဌကထာဆရာကြီးများရဲ့ ပါဠိစကားကိုတော့မလေးစားဘူး ငါ့အကြည့် တွေ့တော့ ဘေးကနေခွေ့နေပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ငါ့ခွေ့တာမဟုတ်ဘူးလို့ အမှန်က တော့ အဋ္ဌကထာဆရာကြီးခွေ့နေတာလို့၊ ဝေဖန်ဆိုတာ စဉ်းစားလည်း ဝေဖန်ကြ၊ အပြစ်လွတ်အောင် လည်း လုပ်ကြလို့နော် (ဟုတ်ပါတယ်ဆရာ)။ အကျိုးလား အပြစ်လားမေးပြန်တော့ အဲဒီလို

http://www.dhammadownload.com



ဝေဖန်လိုက်တော့ နည်းနည်းလေးကယောင်ချောက်ခြားနဲ့ တစ်ချို့လည်းမပြတ်မသားပုဂ္ဂိုလ်များ အင်း ဟုတ်သားပဲ လိပ်ဆိုတာ သူ့ဥချင်မှဥတော့မပေါ့၊ သူမေတ္တာပို့မပို့ သူပေါက်ချိန်တန်ပေါက်မှာပေါ့ ဒီလိုဖြစ်နေတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ငါက လုပ်ကြံပြောတဲ့စကားလိုလိုဖြစ်၊ ကြက်လည်းဒီလိုပဲ ဟာကြက်မကြီးဝပ်ပေးလည်းပေါက်ချင်ပေါက်တာပဲ ဝပ်ပေးလည်းပုပ်ချင်ပုပ်တာပဲ ဟောဒီလို ဖြစ်လာတယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဖြစ်လာတော့ ဘေးပတ်ဝန်းကျင်က မပြတ်မသားဆိုတဲ့ လူစားကဘယ်လိုဖြစ်လာ အချို့ပုဂ္ဂိုလ်များက အင်း ဟုတ်သားပဲ၊ အင်း ဟုတ်သားပဲဆိုတော့ သူ့နောက်ပါကုန်ရော၊ ပါကုန်တော့ ဘာဖြစ်သလဲဆိုတော့ တို့များက အကိုးအကားနဲ့ယုတ္တိယုတ္တာနဲ့ချပြတယ်။ သံယုတ်အဋ္ဌကထာ ဆရာပုန်ကန်ရာရောက်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ သံယုတ်အဋ္ဌကထာဆိုတာ တစ်ခြားမဟုတ်ဘူး ဗုဒ္ဓမတည္ရှုတဲ့ အဋ္ဌကထာဆရာဆိုတာဗုဒ္ဓမတည္ရှု ဒါ ဘုရားအလိုတော်သိ ဘုရားအလိုတော်သိဆိုတာ ဘယ်ပုဂ္ဂိုလ်လည်းဆိုတော့ ရဟန္တာကြီးတွေတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီနေရာဘုရားဟောသွားတဲ့ပါဠိတော်၊ ဘုရားအလိုတော်က ဘာရည်ရွယ်ပြီးဟောတယ် အဲဒီပုဂ္ဂိုလ်ကြီး တွေက ဘုရားအလိုတော်သိတဲ့အတိုင်း မင်းတို့ငါတို့ နားလည်မှုရှိအောင်ဆိုပြီးတော့ ယုတ္တိယုတ္တာနဲ့ အကျယ်တဝင့်ဖွင့်ပြီးတော့သွားတဲ့စာကို အဋ္ဌကထာခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အခု ဒီရန်ကုန်မှာပဲ တို့တောမြို့လေးထားပါတော့၊ မင်းတို့ ရန်ကုန်မြို့ကြီးမှာပဲ ဆဋ္ဌသံဂါယနာတင်ထားတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပါဠိတော်တင်၊ အဋ္ဌကထာတင်၊ အခုဋီကာတင်လို့ ဒီနှစ်ပဲ ဋီကာတင်သွားကြတယ်။ ကြည့်စမ်း ဒါတွေဟာ တကယ့်ဆရာတော်သမားတော် အကျော်အမော်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ သာသနာလေးစားတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ ဒီပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဆိုတဲ့ ဒေသနာတော်တွေ မပျောက်မပျက်အောင် အများအတိမ်းအစောင်းမရှိအောင်ဆိုပြီးတော့ ပါဠိဝိသော ဓက၊ ပါဠိပြင်မဲ့ပုဂ္ဂိုလ်တွေနဲ့ အဖွဲ့ကြီးတွေနဲ့ဖွဲ့၊ ဒီပါဠိကိုပဲ အာဂုံရွရွဆိုကြတယ်။ ဒီပါဠိကို မပျောက်မပျက်အောင်ဆိုပြီးတော့ စက်တင်ပုံရိုက်ကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် ဘုရားရှိသေရင် တရားလည်းရှိသေပါ၊ ဘုရားဟောတဲ့တရားကြီးပဲ။ အကယ်တန္တု စောစောကပြောသလို တို့များက လက်တန်းအနေနဲ့ပြောသွားတဲ့စကားဖြင့် အမှား ကောက်ချင်ကောက်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမှမဟုတ်ဘဲနဲ့ သူ့ကျမ်းနဲ့ သူ့အကိုး အကားနဲ့ပြသွားလို့ရှိရင် ကိုးကားသွားတဲ့ ကျမ်းကိုသာလျှင် စစ်ဆေးကြည့်၊ သူပြောသွား တဲ့ကျမ်းဟုတ်သလားမဟုတ်ဘူးလား သူပြောသွားတဲ့ ပါဠိရှိသလားမရှိသလား၊ မရှိရင် ပြောချင် သလိုပြောပေါ့။ ရှိရင် ဓမ္မဂုဏာ အစိန္တိယာ–သေသေချာချာ နဖူးပေါ်လက်တင်တွေး၊ ဓမ္မဆိုတာ ဓမ္မ–ဆိုတာ အခုပြောတဲ့ ပါဠိတော်, အဋ္ဌကထာ, ဋီကာကို ဓမ္မခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဓမ္မဂုဏာ–တရားတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်တို့သည်၊ အစိန္တိယာ–ကြံစည်အံ့ဩပြောလို့

http://www.dhammadownload.com



ဟောလို့မကုန် ကုန်နိုင်စရာအကြောင်းမရှိဘူး တရားတော်မြတ်၏ ဂုဏ်ကျေးဇူးနော် (ဟုတ်ပါတယ် ဆရာ)။

အစာတွေဝင်သွားတော့ ဒီအစာတွေမှာပါလာတဲ့သြဇာဓာတ်က ထိုသန္ဓေသား လူငယ်လေးကို ရုပ်အသစ်အသစ်ဖြစ်အောင် လုပ်ပေးတယ်ဆိုတော့ ဒီနေရာမှာ အင်မတန်ပြတ်သားပါတယ်။ ဘယ့်နှယ့်နည်းမှ အမိမျိုချတဲ့ ကဗဠီကာရအာဟာရခေါ်ထားတဲ့ ထမင်းအဖျော်ယမကာ မုန့်ပဲသွား ရည်စာတို့သည် တိုက်ရိုက်အားဖြင့် သန္ဓေသား၏ ရုပ်အသစ်အသစ်ကို ဖြစ်အောင်လုပ်မပေးဘူး မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ လုပ်ပေးရင် ဒီထမင်းအဖျော်ယမကာတွေက သန္ဓေသားဆီ တိုက်ရိုက်သွားမှာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်လိုမှ တိုက်ရိုက်အားဖြင့် လုပ်မပေးနိုင်ဘူးဆိုတာ အမိမျိုချတဲ့ထမင်း အစာအာဟာရ အမိကစားတိုင်း ဝမ်းတွင်းကသူငယ်လေးပါးစပ်ထဲ တစ်ဆင့် ရောက်လိုက်၊ သူငယ်လေးက ဝါးစားလိုက် မျိုချလိုက်၊ ဒီလိုဆိုရင်ဖြင့် သန္ဓေသားလေးဟာ အမိမျိုချတဲ့ အစာအာဟာရ အမှိုပြုပြီးတော့တောင်မပြောနဲ့၊ အပြစ်အနေအားဖြင့် ဝေဖန်သာနေတယ်။ အဲဒီဝေဖန်နေတဲ့ လူတစ်စုမေးစမ်းပါ တို့များ အခုချပြတဲ့ ကျမ်းဂန်လာတဲ့ အာဟာရ ၄ မျိုး ဘယ်နှစ်ခါကြားဖူးလဲမေးစမ်း ဟုတ်လားမဟုတ်လားလို့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ အခိုက်အခါ သင့်လို့ ပြောသူဟောသူရှိလို့ တို့နာရတယ်။

စိတ်ကောင်းနှလုံးကောင်းရှိရင် ဒီလို သူတော်ကောင်းစိတ်ထားကြပါလို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ တို့များကလည်းပဲ ဟို မင်းနားထောင်သလိုပဲ ကြားရတာပဲဟာ၊ ဘယ်တော့ ဘယ်သူချဝေဖန်တယ်၊ ဘယ်တော့ ဘယ်သူအပြစ်ပြောတယ်၊ တစ်ချို့ကတော့ ကောင်းကျိုးလို လားလို့ မပြတ်သားတဲ့အနေအားဖြင့် ဝေဖန်တာထားပါတော့နော် (ဟုတ်ပါတယ်ဆရာ)။ တစ်ချို့ ကမဟုတ်ဘူး အပြစ်ကိုရှာပြီးတော့ဝေဖန်တယ် ခုခေတ်ကတော့ အပြစ်ရှာဝေဖန်တာ ဟုတ်နိုင်ပါ့မလား ကြွက်မဝပ်ပေမဲ့ပေါက်တာပဲ ဒီလိုလာသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အေး လိပ်လည်းပဲ သူမေတ္တာပို့တဲ့အစွမ်းနဲ့ မေတ္တာအစွမ်းကြောင့် ပေါက်တယ်ဆိုတာ ဟုတ်ချင်မှဟုတ်မှာပါ။ သူမေတ္တာ ပို့ပို့မပို့ပို့ သူပေါက်ချိန်တန်ပေါက်တဲ့အမျိုးပဲ ဒီလိုလာသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီတော့ တို့ကို ကဲ့ရဲ့ခြင်း ရှုတ်ချခြင်း မဟုတ်ပါဘူး၊ တို့ကိုတိုက်ခြင်းမဟုတ်ပါဘူး တို့များကိုးသွားတဲ့ သံယုတ်အဋ္ဌကထာ အခုသေသေချာချာ ပါဠိအကိုးအကားနဲ့ ချပြီးပြသွားတယ်။ သံယုတ် အဋ္ဌကထာဆရာကြီး စော်ကားတာပဲ၊ မြန်မာလိုရှင်းရှင်းပြောတော့ ရဟန္တာကြီးပြစ်မှားတယ် အင်မတန် ကြောက်စရာကောင်းတဲ့ အပြစ်တွေနော် (ဟုတ်ပါတယ်ဆရာ)။ အကြောင်းက ဒီဟောတဲ့ပြောတဲ့ ပုဂ္ဂိုလ်ဟောတိုင်း ပြောတိုင်းယုံရမှာလားဆိုရင် ယုံရမှာလို့မဆိုလိုပါဘူး၊ ဟောနည်း ပြောနည်းကို သေသေချာချာကြည့်ပါ။

လက်တန်းတွေလား ရမ်းချနေတာလား၊ အတ္တနောမသိအနေနဲ့ ပါးစပ်ထဲတွေ့တိုင်းလျှောက်

http://www.dhammadownload.com



ပြောတာတွေလား စုံစမ်းပါ ဒါစုံစမ်းသင့်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ လက်တန်းတွေ ပြောနေတာ၊ အတ္တနောမတိနဲ့ သူ့အသိနဲ့သူပြောနေတာ၊ သူထင်တိုင်း သူပြောနေတာဆိုရင် အေး ကဲ့ရဲ့ရှုတ်ချအပြစ်ဆို ဒါအပြစ်မရှိဘူး ဘာဖြစ်လို့ အမှားတွေ အရမ်းတွေပြောနေတာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမှမဟုတ်ပြသွားတဲ့ ပုဂ္ဂိုလ်ကိုက ဟောဒီအဓိပ္ပါယ်ပြ ဟောဒီပါဠိတော်က ဒီလိုလာတယ်၊ ဒီအဓိပ္ပါယ်ကျ အဋ္ဌကထာက ဒီလိုလာတယ်ဆိုရင် ခုနပြောတဲ့ စွပ်စွဲမျိုးတွေ ကဲ့ရဲ့မျိုးတွေ ရှုတ်ချမျိုးတွေမလုပ်ကြနဲ့ အင်မတန်ကြီးလေးတဲ့အပြစ်ကြီးတွေ ရတတ်တယ် ဒါမေတ္တာနဲ့ ပြောနေတာနော် (ဟုတ်ပါတယ်ဆရာ)။ သတိရှိကြပါလို့၊ ဒီတော့ အခိုက်အခါသင့် သင့်သလို ဆိုသလိုပဲ တို့များ သင်တန်းပေးနေတာလည်းပဲ သူနဲ့သူနဲ့ အလျဉ်းသင့်လာတဲ့အခန်းဆိုလို့ရှိရင်ဖြင့် အဆန်းတကြယ်နဲ့ မတတ်သေးတဲ့ပုဂ္ဂိုလ်များ၊ မနာရသေးတဲ့ပုဂ္ဂိုလ်များ ဒီလိုပုဂ္ဂိုလ်များကို အဓိကထားပြီးဟောတော့ ပြောတော့ ပြတော့ သတော့ကာ၊ သူရဲ့ဆိုင်ရာဆိုင်ရာ အကွက်ဆိုက်လာတဲ့ အခါမှာဖြင့် ကိုယ်တတ်သမျှ မှတ်သမျှကို ကျယ်ကျယ်ဝင့်ဝင့်လေးနဲ့ သေသေချာချာနဲ့ နားမလည် လည်အောင်ဆိုသလိုပဲ သည်းခံပြီးတော့ စေတနာထက်ထက်သန်သန်နဲ့ ပြတတ်တဲ့ အလေ့အထ ရှိပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲ အခု ဒီရန်ကုန်သင်တန်းကြီးလာပြတော့ ညွှသည်အနေနဲ့ လာပြတော့ အခုနပြောသလို ဒီချိန်လည်းသိပ်ပြီးတော့ အပိုကုန်မှာလည်း နည်းနည်းစိုးလို့ ခပ်ကျဉ်းကျဉ်းခပ်ကြုပ်ကြုပ် အဓိပ္ပါယ်စခန်းဆိုက်မလား၊ ဆိုက်မလားဆိုသလိုဖြင့် ဒီကလည်း နည်းနည်းလေးချုပ်တည်းတည်းပြီး၊ ချုပ်နည်းတော့ပြပါတယ်။ ဘာဖြစ်လို့ အချိန်နည်းနည်းလေး လုရတယ်၊ ကိုယ့်မြို့ကိုယ့်ရွာကျ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ့်အိမ်ကိုယ့်ရွာကနေဟောတယ် ဆိုတော့ စောစောကပြောတဲ့ ကြန့်ကြာမှုတွေ လုံးဝမရှိတော့ စိတ်ရှည်ရှည်နဲ့ပြတယ်၊ ပြသူကလည်း ရုတ်တရက် အားရတာမဟုတ်ဘူး၊ ခေတ်တစ်လုံးပြပြန်လည်း နားလည်ပုံမပေါ်သေးရင် နောက်ထပ်ပြတယ်။ ဒီတစ်ရက်နဲ့နားမလည်ရင် နောက်ထပ်ပြတယ်၊ တစ်ရက်နဲ့နားမလည်ရင် နောက်ထပ်ပြတယ်၊ အဲဒီလို စိတ်ထဲမထား စိတ်ထဲမှာလည်း ဒီလိုလည်းရှိပါတယ် စေတနာကိုက။

ဒါကြောင့် ခုလည်းပဲ ဒီသြဇာခေတ်၊ နောက်ဆုံးခေတ်ပြနေတဲ့ အခိုက်အတန့်လေးမှာ ဒီသြဇာ ခေတ်ဟာ တစ်ခြားမဟုတ်ပါဘူး အာဟာရမှာရှိတဲ့သဘောကို သြဇာလို့ခေါ်တယ်။ ဒါကြောင့် သြဇာ "သြဒနကုမ္မာဒိဝတ္ထုကာယ သြဇာယေတံ အဓိဝစနံ" ပါဠိတော်ထောက်သောအားဖြင့် ဒီသြဇာဆိုတာ တခြားမဟုတ်ပါဘူး၊ သြဇာမှာရှိတဲ့အမည်တူလေးပါ အမည်သာလွှဲနေတယ် သဘောကအတူတူပါပဲ။ ဒါဖြင့်ကောင်းပါပြီ သြဇာပြရင် အာဟာရချန်ထားလို့ဖြစ်လား မဖြစ်ပါဘူး၊ မဖြစ်တော့ ဒီအာဟာရတစ်ခါဆက်ရတယ်။ ကဗဠီကာရ အာဟာရ အာဟာရတစ်ခါဆက်ပြန်တော့ အာဟာရတစ်မျိုးထဲပြလို့ ဖုံးကွယ်ထားရာရောက်တယ် တရားချန်ထားရာရောက်တယ်။ ဒါကြောင့် အခန့်သင့်တဲ့အခါဖြင့် အာဟာရသည် ဘယ်နှစ်မျိုးဘယ်နှစ်စားရှိတယ်ဆိုတာ ထုတ်ဖော်ပြီးတော့

http://www.dhammadownload.com



လေးမျိုးရှိတဲ့အကြောင်းကို သေသေချာချာ အဋ္ဌကထာဆရာထုတ်သွားတဲ့သဘာဝ သက်သေ သာဓကနဲ့ ချပြီးတော့ပြခြင်းပါ။ အခုပြတဲ့ အာဟာရ ၄ မျိုးဟာ ကဗဠီကာရ အာဟာရလည်းပဲ အာဟာရရဲ့ သဘောလေးဟာ သတ္တဝါများ၏ ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ကာဆက်ကာ ဆောင်ပေးတယ်ဆိုတဲ့ သဘောထင်ရှားတယ်ပေါ့နော် (ထင်ရှားပါတယ်ဆရာ)။ ဒါကြောင့် စားစရာ သောက်စရာ အစာအာဟာရ အမှီသဟဲသကဲပြုတဲ့သတ္တဝါများသည် မသေမပျောက်ဘဲနဲ့ ရုပ်အသစ် အသစ်ဆက်ကာဖြစ်၍ အသက်ရှင်၍နေကြ၏ ထင်ရှားတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် ဖဿဆိုတဲ့နာမ် အာဟာရလည်းပဲ သတ္တဝါများအသက်ကို မပျက်စီးစေပဲနဲ့ ရုပ်အသစ် အသစ်ဖြစ်အောင် ဆက်ကာဆောင်၍နေ၏ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)။ မနော သဉ္စေတနာအာဟာရလည်းပဲ ဒီစေတနာဆိုတဲ့အာဟာရ သူရဲ့ဆောင်ခြင်းကိစ္စ၊ စေတနာကြောင့် ဒါမေတ္တာအစွမ်းပါ အမှန်ကတော့ စေတနာဆိုတာ။ အဲဒီ စေတနာတည်းဟူသော အာဟာရလည်းပဲ သတ္တဝါများ၏အသက်ကို မပျက်စီးစေဘဲနဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ကာဆက်ကာ ဆောင်ကြ၏ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)။ ဝိညာဏအာဟာရလည်း ထိုဝိညာဏ်ခေါ်တဲ့ စိတ်တည်းဟူသောအာဟာရသည် ဘဝပေါင်းများစွာ လာလတ္တံ့အနာဂတ်ကာလမှာ ဘဝအသစ် အသစ်ဖြစ်တိုင်းဖြစ်တိုင်း (ပဋိသန္ဓေခဏ) ပဋိသန္ဓေခဏမှာ ရုပ်နာမ် ၂ ပါးကို ဖြစ်စေတတ်၏။ ဒီလိုမဟုတ်လား၊ သတ္တဝါများ၏ရုပ်ကို အသစ်အသစ်ဖြစ်အောင်လုပ်ပေးနေတယ်ဆိုတဲ့ အာဟာရမျိုး သည် အခုသိတာက ကဗဠီကာရအာဟာရလားမေးတော့ ဘယ့်နှယ့်ပြောမလဲ (မရှင်ပါဘူးဆရာ)။ မရှင်ဘူး၊ ထမင်းစားမှ အသက်ရှင်တယ်ပေါ့ ဒါဖြင့် ခုထည့်ပြသွားတာက ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ ဝိညာဏအာဟာရ နာမ်အာဟာရ ၃ ပါးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး ရုပ်အာဟာရကတစ်မျိုး၊ နာမ်အာဟာရက ၃ မျိုး၊ အဲဒါလေးခွဲခြားမှတ် နာမ်အာဟာရ ၃ မျိုးနဲ့ရုပ်အာဟာရတစ်မျိုးပေါင်းလိုက်တော့ အာဟာရ ၄ မျိုး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် ဒီအာဟာရဟာသြဇာသည်ပင်လျှင် အာဟာရ၊ အာဟာရသည်ပင်လျှင် သြဇာလို့ နော် (ဟုတ်ပါ တယ်ဆရာ)။ ဒီလို နားလည်ပြီးတဲ့နောက် ၎င်းသြဇာဓာတ်ကလေးပြဋ္ဌာန်းလို့ သြဇာဓာတ်ကလေး အထောက်အပံ့ပေးလို့၊ သြဇာဓာတ်ကလေးဆောင်နေလို့ ဘုံ ၃ ပါးမှာရှိတဲ့ သတ္တဝါအများသည် ရုပ်အသစ်အသစ်၊ ဆက်ကာဆက်ကာဖြစ်ပြီးတော့ အသက်မသေဘဲနဲ့ တည်မြဲပြီးနေကြတယ် အသက်ထင်ရှားရှိနေကြတယ်ဆိုတာ ထင်ရှားသွားတာပေါ့ (ဟုတ်ပါတယ်ဆရာ)။

အေး ဒါဖြင့် ဒီသြဇာဓာတ်ရဲ့ သဘောအဓိပ္ပါယ်လေးကို သေသေချာချာ ရှာလိုက်တော့ ကောင်းပါပြီ။ ဒါဖြင့် ကဗဠီကာရ အာဟာရပြတုန်းကလည်းပဲ အဲဒီစားကောင်းသောက်ဖွယ်ဆိုတဲ့ အစာရေစာမှာပါလာသော သြဇာဓာတ်၊ ဖဿအာဟာရပြပြန်လည်း ဖဿဆိုတဲ့ စေတသိက်ကလေး မှာပါလာတဲ့ သြဇာဓာတ်၊ မနောသဉ္စေတနာ အာဟာရပြပြန်လည်း မနောသဉ္စေတနာမှာပါတဲ့ စေတနာ

http://www.dhammadownload.com



ဆိုတဲ့ ဩဇာဓာတ် ဝိညာဏ်ပြပြန်တော့ ဝိညာဏ်မှာပါတဲ့ ဩဇာဓာတ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ဩဇာဓာတ်ဟာ အာဟာရချည်းပဲလို့မှတ်ထား ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အာဟာရနဲ့ ဩဇာထူးသေးရဲ့လား (မထူးပါဘူးဆရာ)။ မထူးပါဘူး၊ ဘာဖြစ်လို့ အာဟာရဟာ ဩဇာရဲ့အမည် ဓာတ်ကလေးပါဆိုထားတော့ ဩော် ဩဇာကို ပရိယာယ်အားဖြင့် အမည်ပြောင်းထားတာ ဩဇာဆိုတာလည်း အာဟာရ၊ အာဟာရဆိုတာလည်း ဩဇာ။ ဒါဖြင့် ဒီဩဇာဓာတ်ကလေးရဲ့ တရားကိုယ်တရားသား အနက်အဓိပ္ပါယ်ဩဇာဆိုတာ ဘာခေါ်သလဲဆိုရင် ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သတ္တိထူးလေး၊ သဘောတရားလေးဟာ ဒါဩဇာဓာတ်ပဲ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေးမှတ်ထား၊ ဒီတော့ ဒီဩဇာသည်ပင်လျှင် အာဟာရလို့ ဆိုထားပြန်တော့ ဒီအာဟာရာသည်ပင်လျှင် ဘုံ ၃ ပါးရှိတဲ့ သတ္တဝါများကို အမြဲတစေဆောင်နေတယ်။ ဘုံ ၃ ပါးရှိတဲ့သတ္တဝါများလည်း ဒီအာဟာရကို အမှီသကဲသဟဲပြုပြီးတော့ မှီရာတည်ရာ လုပ်နေကြရတယ်၊ ဘာဖြစ်လို့ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"ဆိုတဲ့ပါဠိကြည့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး အဲဒါလေးတွေကြည့်တော့ ငါခုနပြောသလိုပဲ စားကောင်း သောက်ကောင်း မျိုကောင်း ဝါးကောင်းတဲ့ ရုပ်အာဟာရ ကဗဠီကာရအာဟာရတည်းဟူသော ရုပ်အာဟာရ အမှီပြုပြီးတော့ အသက်ရှင်တဲ့ သတ္တဝါတစ်မျိုးနော် (ဟုတ်ပါတယ်ဆရာ)။ အခုနပြောတဲ့ ဖဿ အာဟာရ မနော သဉ္စေတနာအာဟာရ၊ ဝိညာဏအာဟာရခေါ်တဲ့ နာမ်အာဟာရကိုအမှီပြုပြီးတော့ အသက်ရှင်နေတဲ့ သတ္တဝါတစ်မျိုး ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ခုနတုန်းက ဗြဟ္မာ ၂၀ အထက်၊ ရူပါဝစရ ၁၆ ဘုံ၊ အရူပ ၄ ဘုံ၊ ဗြဟ္မာ ၂၀ ကျတော့ ဗြဟ္မာများသည် ကဗဠီကာရ အာဟာရနဲ့ လုံးဝမဆိုင်တော့ဘူး၊ ရုပ်အာဟာရသုံးစားဝါးမျိုနေတဲ့ ပုဂ္ဂိုလ်တွေမဟုတ်ကြဘူး ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူး၊ ဒါဖြင့် တို့ဗြဟ္မာ ၂၀ ရှိတဲ့ ဗြဟ္မာများကျတော့ ဘာအာဟာရ အမှီပြုသလဲဆိုတော့ ခုနပြောတဲ့ နာမ်အာဟာရအမှီပြုအသက်ရှင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် နာမ်အာဟာရ ၄ မျိုးထဲမှာ ဖဿအာဟာရလား မနောသဉ္စေတနာအာဟာရလား ဝိညာဏ အာဟာရလားလို့ မေးတော့မဟုတ်ပါဘူး မနောသဉ္စေတနာအာဟာရ ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါ ဆရာ)။ စေတနာလေးတွေ အထောက်အပံ့ပေး ဘာစေတနာတုန်း မေတ္တာဆိုတဲ့စေတနာ (တစ်နည်း) ပီတိဆိုတဲ့စေတနာနော် (ဟုတ်ပါတယ်ဆရာ)။ အေး ဘာပီတိတုန်းမေးတော့ သူတို့ပွားများအားထုတ် နေတဲ့ ဈာန်သမာပတ်ပေါ်မှာ မွေ့လျော်နေတယ်ဆိုတဲ့ နှစ်သက်မှုလေး ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။

ဒါကြောင့် "ပီတိဘက္ခာ အာဟာရော"လို့ တိုက်ရိုက်ပြထားပါတယ်။ ဒီဗြဟ္မာ ၂၀ မှာရှိတဲ့ ဗြဟ္မာများသည် ဘာကိုအာဟာရအမှီသဟဲသကဲ လုပ်သလဲဆိုရင် ပီတိသာလျှင် အစာဖြစ်၏နော်

http://www.dhammadownload.com



(ဟုတ်ပါတယ်ဆရာ)။ သူတို့ရဲ့မှီရာတည်ရာ အာဟာရအစာဆိုတာ တစ်ခြားမဟုတ်ဘူး၊ ပီတိပါပဲ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီပြဟ္မာဘုံကျတော့ ပြဟ္မာတွေကျတော့ နာမ်အာဟာရ အမှီပြုနေတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အင်မတန်ထင်ရှားတဲ့ သာဓကေယုတ္တိခေါ်တဲ့ သက်သေ လေး အဲဒါစကားစပ်မိလို့ပြောရဦးမယ် ဒီခါတော့အဆန်းမဟုတ်ပါဘူး။ ဒီကပ်ကိုးတယ်ဆိုတဲ့ စကားကတော့ ဟိုနေရာလည်းဒီလိုပါပဲ၊ ဒီနေရာလည်းဒီလိုပါပဲ။ အဲဒီအခန်းမှာ သြဇာဓာတ် အထောက်အပံ့ပေးလို့ သုံးဘုံသူ သုံးဘုံသားတွေ အသက်ရှင်တယ်ဆိုတဲ့အကြောင်း ကဗဠီကာရ အာဟာရစားသုံးနေခြင်းကြောင့် အသက်ရှင်နေတယ်ဆိုတဲ့အကြောင်း၊ သြဇာဓာတ်က အထောက် အပံ့ပေးလို့ဆိုတဲ့ အကြောင်းတွေ၊ အဲဒါတွေဟာ ဟောပြောတော့ စာဒကတက်ဖူးတယ်၊ နောက် ၄ ၅ နှစ်လောက်က။ ဒါပေမဲ့ ဘာမှမစားရတဲ့၊ ဘာမှမစားရဘဲနေတဲ့ အဲဒီအခုနပြောတဲ့ အပါယ် လေးပါးသတ္တဝါဆိုတဲ့ ပြိတ္တာတွေရှိပါတယ်တဲ့၊ ဒါတွေကတော့ ဘယ်အာဟာရက အထောက်အပံ့ ပေးလို့ အသက်ရှင်သလဲလို့မေးဖူးပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အေး မေးဖူးပါတယ်။

တို့ဘုရား လက်ထက်ကဟိုရဟန်းသုံးကျိပ်ပါးစပ်ထဲ ရေငတ်လှချည်ရဲ့ဆိုတဲ့ပြိတ္တာကြီးမှာ ရဟန်းသုံးကျိပ်သပိတ်နဲ့ ရေသယ်ပြီးတော့ ပါးစပ်ထဲလောင်းလိုက်၊ မနက်ကတည်းကနေ လောင်းတာ မွန်းတည့်ခါနီး ၁၀ နာရီလောက်ဆွမ်းခံသွားတဲ့အချိန်လောက်ရောက်၊ ရေလောင်းနေတာ ရေဆာ လွန်းလွန်းလို့ဆိုလို့၊ သနားလို့ဝိုင်းပြီးတော့ပြိတ္တာပါးစပ်ထဲ ရေတွေလောင်းကြတယ်။ ဒီတော့ ရဟန်း တွေကပြောတယ်၊ ငါတို့လည်းဆွမ်းခံချိန်ရောက်ပြီ။ သင်ဒကာလည်း အခုလောက်လောင်းရင် ဝလောက်ရောပေါ့၊ မှန်ပါ့ဘုရား အရှင်ဘုရားတို့လည်း ရေလောင်းရတာပင်ပန်းလို့။ ရဟန်းသုံးကျိပ် အရှင်ဘုရားတို့ပင်ပန်းသလောက် တပည့်တော်ဝမ်းထဲလည်း ရေတစ်ပေါက်မှ မရောက်ပါဘူးဘုရား ရေလောင်းတာကြာလှပြီ ရေတစ်ပေါက်မှ မသောက်ရဘူးနော် (ဟုတ်ပါတယ်ဆရာ)။ သူ့ကျတော့ ကဗဠီကာရအာဟာရ အထောက်အပံ့မပေးဘဲနဲ့ ဘာကြောင့်မသေဘဲအသက်ရှင်သလဲလို့ ဒီလိုလည်း စာဒကတတ်ဖူးတယ်နော် (ဟုတ်ပါတယ်ဆရာ)။ စာဒကတတ်တော့ ငါပြန်ပြောရတယ်ဟေ့၊ မင်းတို့ ကြားဖူးတာ တို့ဘုရားလက်ထက်က ရဟန်းသုံးကျိပ်သပိတ်နဲ့ရေသယ်ပြီး လောင်းလို့ရေမဝဘူးဆိုတဲ့ အာဟာရအထောက်အပံ့မရတဲ့အသက်ရှင်တာ မင်းတို့ကြားဖူးတယ်။

ငါပြောဦးမယ်ကွာ၊ ကကုသန်ဘုရားလက်ထက်က ကကုသန်ကောဏာဂုံ ကဿပ ဂေါတမ ဘုရားလေးဆူ တို့ဘဒ္ဒကမ္ဘာ ဘုရားလေးဆူပွင့်သွားပြီနော် (ဟုတ်ပါတယ်ဆရာ)။ ကကုသန်ဘုရား လက်ထက်ထဲက တို့ဒီဘုရားကို ဆွမ်းချက်ပြီးလှူကြတဲ့ ဆွမ်းဝတ်အသင်းကြီးရှိတယ် ဆွမ်းဝတ် အသင်းကြီးပေါ့ကွာနော (ဟုတ်ပါတယ်ဆရာ)။ ဆွမ်းလောင်းအသင်းခေါ်တာပေါ့၊ အဲဒီဆွမ်းလောင်း အသင်းမှာ ဆွမ်းချက်ဝတ္တရားကို တာဝန်ခံတဲ့အစိတ်အပိုင်းက နေ့စဉ်မပြတ် သံဃာတော်ကလည်း အင်မတန်များတယ်၊ သံဃာတော်က ထောင်သောင်းမက အင်မတန်များတယ်။ ဒါတွေ လုံလောက်

http://www.dhammadownload.com



အောင် လောင်းရတော့ ဆွမ်းချက်ဝတ်သမားတွေက အကြီးအကျယ်ပဲ အလုပ်လုပ်ရတယ်၊ လုပ်ရတော့ ဘာလိုဖြစ်သလဲဆိုတော့ အိမ်ပြန်ပြီးတော့ အလုပ်ကမလုပ်နိုင် ဒီဆွမ်းချက်မှုကိစ္စနဲ့ အချိန်ကုန်။ တို့ ဒီလာလုပ်ပေးတော့ တို့ဒီသားမယားတွေ ကလေးတွေ အိမ်ကလူတွေစားဖို့သောက်ဖို့ တာဝန်ကလိုသေး၊ ပြောသာပြောတယ်ကွာ နောက်တော့ သားတွေသမီးတွေအဖို့ပါ ဒီကနေရွေး ပြီး ယူသွားတာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အတိုအစတွေပေါ့ကွာ၊ အဲဒီလို သံဃာတော်များ လောင်းလှူရည်မှန်းပြီးထားတဲ့ ဆွမ်းထဲဟင်းထဲကနေပြီးတော့ အိမ်သူအိမ်သားစားဖို့ဆိုပြီးတော့ ခွဲခက်ပြီးယူယူသွား၊ ဒီကသံဃာရည်မှန်းပြီးလှူဒါန်းတဲ့ ဆွမ်းတွေကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ သူက အိမ်သူအိမ်သားတွေပါစားဖို့ သူနှင့်တကွအိမ်သားဖို့ဆိုပြီးတော့ ဆွမ်းချက်ဝတ်သမားတွေက ဒါတွေရွေးခပ်ပြီးတော့ ယူယူသွားကြ။

အရင်တုန်းကတော့ အကြွင်းအကျန်ယူတာပေါ့၊ နောက်ပိုင်းကျတော့ ဦးဦးဖျားဖျား ဒီရွေးတော့ ခပ်တော့တာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီအပြစ်တွေကသေပြီးအခြားမဲ့ ဘာလာဖြစ်သလဲဆိုတော့ ပြိတ္တာတွေလာဖြစ်ကြတယ် တသင်းလုံးပါပဲ တစ်သင်းလုံးလာ ပြိတ္တာတွေဖြစ်၊ ဖြစ်တဲ့အချိန်ကစ လုံးဝအစာမစားရဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်အထိအောင် အစာမစားရလဲဆိုတော့ အဲဒီဘုရားလက်ထက် ဘုရားတစ်ဆူပွင့်ပြီးတော့ ပရိနိဗ္ဗာန်စံ ပရိနိဗ္ဗာန်စံပြီးတော့ နောက်ပိုင်း သုညကမ္ဘာအဖြစ်နဲ့နေ၊ ဘုရားတစ်ဆူနဲ့တစ်ဆူအကြား အင်မတန်ရှည်လျားတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အကုန်မြန်လိုက်တာလို့ နောက်တစ်ဆူပွင့် ကောဏာဂုံဘုရား ကိုယ်တော်မြတ်ပွင့်၊ ပွင့်တော့ ဒီခုနပြောတဲ့ ဘုရားတစ်ဆူလက်ထက်တုန်းက လုံးဝအစာမစားရတဲ့ ပြိတ္တာ ကောဏာဂုံမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော်ကျတော့ လျှောက်ထားတယ်။ အရှင်ဘုရားတပည့်တော်တို့ အစာရေစာငတ်တာ ဟိုးအရှင်ဘုရားရဲ့ ရှေ့နားကပွင့်တော်မူတဲ့ ဘုရားလက်ထက်ကစပြီးတော့ ကနေ့အထိ နည်းနည်းလေးမှ အစာရေစာ မစားရပါဘူးဘုရား၊ တပည့်တော်တို့ အစာရေစာဘယ်တော့ စားရမှာတုန်းဘုရား လျှောက်ထားတယ်။

ကောဏာဂုံမြတ်စွာဘုရားကိုယ်တော်မြတ်က အဲဒီအမေးများ ငါဘုရားလက်ထက်မမေးနဲ့ ငါဘုရားနောက်မှ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ပွင့်တော်မူလိမ့်မယ် အဲဒီ ကဿပကိုယ်တော်မြတ်ပွင့်တော်မူတဲ့အခါကျ လျှောက်ထားကြ၊ ဟိုဘုရားက အဖြေတောင်မပေးဘူး ငါ့မမေးနဲ့ နောက်ဘုရားမေးနော် (ဟုတ်ပါတယ်ဆရာ)။ ဘုရားတစ်ဆူနဲ့တစ်ဆူဆိုတာ အင်မတန် ကာလကြာညောင်းတယ်မဟုတ်လား (ကြာညောင်းပါတယ်ဆရာ)။ အင်မတန်ကြာညောင်းတယ်တဲ့ နှစ်ပေါင်းအသင်္ချေအသင်္ချေ မရေမတွက်နိုင်ဘူး အဲဒါ ငတ်လျက်ငတ်လျက်ပဲ၊ ပထမဆုံး ဘုရားကိုယ်တော်မြတ်လက်ထက်ကငတ်၊ ဒုတိယဘုရားကိုယ်တော်မြတ်လက်ထက်လဲ ငတ်တုန်း အစာမစားရဘူး။ ဒုတိယဘုရားကိုယ်တော်မြတ်လက်ထက်ကျတော့လျှောက်ကြည့်တယ် တပည့်

http://www.dhammadownload.com



တော်တို့ဘယ်တော့အစားစားရမှာလဲ။ ဟာ ငါဘုရားလက်ထပ်မလျှောက်နဲ့ နောက်ဘုရားလက်ထက်ကျတော့လျှောက်ဟဲ့၊ နောက်ဘုရား ကဿပမြတ်စွာဘုရား ပွင့်တော်မူတော့မှ လျှောက်ထားတယ်။ အရှင်ဘုရားတပည့်တော်တို့ အစာရေစာတော်မွတ်ခေါင်းပါးတာ ကြာပြီဘုရား၊ ဘုရား ၃ ဆူရှိခဲ့ပါပေါ့ တပည့်တော်တို့ ဘယ်တော့များ အစာရေစာစားရမှာတုန်းဘုရား၊ ကဿပဘုရားမြတ်စွာဘုရား ကိုယ်တော်မြတ်လက်ထက်ကျတော့ မိန့်ကြားတော်မူတယ်။ အေး မင်းတို့ အစာစားရမဲ့အလှည့်က ငါ့ဘုရားနောက်ပွင့်တော်မူမဲ့ ဂေါတမဘုရားလက်ထက်ကျတော့ စားရလိမ့်မယ်နော် (ဟုတ်ပါတယ် ဆရာ)။

အဲဒီကျတော့ စားရလိမ့်မယ် ဒါပါနဲ့ဆိုရင် တို့ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ် ပွင့်တော်မူတော့ လေးဆူရှိပြီမဟုတ်လား (လေးဆူရှိပါပြီဆရာ)။ ဘုရား ၄ ဆူကြားကာလ လုံးဝငတ်လာတဲ့ ပြိတ္တာတွေနော် (ဟုတ်ပါတယ်ဆရာ)။ မင်းတို့ ငါစောဒကတတ်တာက ခုနပြောတဲ့ပြိတ္တာ တို့ဘုရားလက်ထက်ကွာ ဒီလောက်ပဲမြင်တာကိုး ဘုရား ၄ ဆူလက်ထက် လုံးဝအစာငတ်လာတဲ့ပြိတ္တာတွေ၊ တို့ဘုရားလက်ထက်တော်ကျမှ ဘုရားပွင့်တော်မူလိုက်သည်နှင့်တစ်ပြိုင်နက် ဒီပြိတ္တာတွေက ပြေးပြီးလျှောက်ကြတယ်။ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ် ညွှန်ကြားခဲ့တဲ့အတိုင်း နောက်ပွင့်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်လျှောက်ရင် မင်းတို့သိလိမ့်မယ်ဆိုတော့ အပြေးအလွှားလာကြတယ်။ အရှင်ဘုရား တပည့်တော်တို့ အရှင်ဘုရားလက်ထက်ကျ လျှောက်ထားပါဆိုလို့ လာလျှောက်ရတယ်၊ ဘာကိစ္စတုန်း၊ တပည့်တော်တို့ ဘယ်တော့အစာစားရမှာတုန်း ဘုရား၊ ဒီတော့မှပြန်ညွှန်တယ် သင်တို့ဆွမ်းချက်ဝတ်အသင်းလုပ်စဉ်အခါတုန်းက သင်တို့ အလုပ်သမားအပေါ်မှာ ခုခေတ်တော့ ဥက္ကဋ္ဌပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ သင်တို့ရဲ့ အသင်း ဥက္ကဋ္ဌလုပ်ဖူးတဲ့ ဥပါသကာဒါယကာဟာ ယခုငါဘုရားလက်ထက်မှာ အနာထပိဏ်သူဌေးလာဖြစ် နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အနာထပိဏ်သူဌေးက ဟိုဘဝတုန်းက ဥက္ကဋ္ဌလုပ်ပေမဲ့ ဆွမ်းသူကမစားခဲ့ဘဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ သူကလွတ်လာခဲ့တယ်၊ အဲတော့ကာ သင် တို့ရဲ့ဥက္ကဋ္ဌလုပ်တဲ့ပုဂ္ဂိုလ်သည် အခုငါဘုရားလက်ထက်လာပြီးတော့ အနာထပိဏ်သူဌေးဖြစ်နေ အဲဒီသင်တို့ရဲ့ ဥက္ကဋ္ဌအနာထပိဏ်သူဌေးအလှူကြီးပေးတဲ့အခါကျတော့ သင်တို့စားရလိမ့်မယ်၊ ဒီတော့မှ ကိုယ်တော်မြတ်အနာထပိဏ်သူဌေးသတိပေးလို့ အနာထပိဏ်သူဌေး အလှူပေးတဲ့အခါမှ ကျွေးလို့ ဒီအခါမှ ဝဝဖြိုးဖြိုး စားကြသောက်ကြရတယ်။

ကြည့်စမ်း ဘုရား ၄ ဆူတောင် ငတ်နေတယ် သေရဲ့လား (မသေပါဘူးဆရာ)။ အေးကွ မသေဘူး၊ ဟောဒါတွေက ဘယ်အာဟာရအမှီပြုသလဲ ကဗဠီကာရပဲရှိသလား ဖဿအာဟာရ ရှိသလား မနောသဉ္စေတနာအာဟာရရှိသလား ဝိညာဏအာဟာရရှိသလားလို့ မေးစရာမလိုဘူး လား (လိုပါတယ်ဆရာ)။ သေသေချာချာကြည့်လို့ အသက်ကလဲရှည်လိုက်တာ မသေနိုင်ဘူး၊

http://www.dhammadownload.com



ကဗဠီကာရအာဟာရ ဝေတ်လာလိုက်တာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ သူတို့က ကဗဠီကာရ အာဟာရအမှီပြုတဲ့ သတ္တဝါတွေ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ အစာရေစာတည်းဟူသော ကဗဠီကာရ အာဟာရစားရ၊ သောက်ရမှ အသက်ရှည်တဲ့သတ္တဝါမျိုး၊ ဒါဖြင့် ကောင်းပြီ ဘယ် ကဗဠီကာရအာဟာရ၊ ဘယ်အစာရေစာများ စားရလို့တုန်း၊ မသေဘဲနေလာတဲ့ဘဝ မေးတော့လည်း ကမ္ဘာအသချေ သချာမရေမတွက်နိုင်ရှည်လာတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါနဲ့ ငါပြန်ပြောရတယ် အဲဒီလိုမေးတော့ ငါလည်းမပြောတတ်ဘူးလို့ ပြောလိုက်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရှင်းပြီလား (ရှင်းပါတယ်ဆရာ)။ ဒါကျတော့ အကုသလဝိပါက်ကမ္မဇရုပ်နဲ့ ဖြစ်နေတယ်နော် (ဟုတ်ပါတယ်ဆရာ)။ အကျိုးပေးတာကိုက ခုနပြောတဲ့ သူများဦးဦးဖျားဖျား ရူးခပ်စားတဲ့ အပြစ်မဟုတ်လားကွ (အပြစ်ပါဆရာ)။ အဲဒီအပြစ်အားလျော်စွာလာပြီးတော့ အကျိုး ပေးတော့ သူတို့ဖြစ်လာတာကိုးက အကုသိုလ်ကံကြောင့်ဖြစ်လာတော့ သူတို့ဖြစ်တဲ့ရုပ်ကလည်း အကုသလဝိပါက်ကမ္မဇရုပ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မင်းတို့ငါတို့ လူသားနဲ့ သွားနှိုင်းလို့ ရနိုင်ပါ့မလား (မရနိုင်ပါဘူးဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အကုသလဝိပါက်ကမ္မဇရုပ် ဆိုတော့ အကုသိုလ်ရဲ့အကျိုးဆက်ခံနေရတယ်ဆိုတော့ သူတို့ဘယ်လောက်ပဲငတ်ငတ် မသေ ကောင်းဘူးတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်လောက်ပဲ မစားရမစားရ မသေကောင်းဘူး ဘာဖြစ်လို့တုန်း စီမံတဲ့ကပ်ကိုက အဲဒီလိုငတ်ရမယ်တဲ့ ဒီလိုလာတယ်မဟုတ်လား (ဟုတ်ပါတယ် ဆရာ)။

အေး ဒါကြောင့် ''ကမ္မံ သတ္တေ ဝိဘဇတိ''၊ ''ကမ္မဝိပါကော အစိန္တိယော''တဲ့၊ ကံလုပ်တာ ထည့်ပြီး စောဒကတက်လို့ဖြစ်ပါ့မလား ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဒါ ကံစီမံထားတာတာ၊ ကံပြုပြင်ထားတဲ့ ဘုရား ၄ ဆူတိုင်တိုင်ငတ်ပါသော်လည်း သူတို့မှာ သေကြေ ပျက်စီးမှုမရှိ အသက်ရှင်လျက် ရှင်လျက်ပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေးအေး အခုဘေးခွေ့နံခွေ့ဆိုတဲ့လူတွေဆိုရင် ခပ်ခက်ခက်ပဲလို့ အဖြေရခပ်ခက်ခက်နော် (ဟုတ်ပါတယ် ဆရာ)။ ဒါကြောင့် သူ့သဘာဝလေးနဲ့ သူ့သဘာဝဆီလျှော်သလိုပေါ့၊ အဖြေလေးရှာကြည့်ရင် အမှန်ထွက်ပါတယ်။ ဒါကြောင့် ဒီဘုရားလေးဆူတိုင်တိုင် လုံးဝကဗဠီကာရအာဟာရ အစာရေစာ ပြတ်ငတ်လာတဲ့သတ္တဝါ ဘယ်အာဟာရအမှီပြုလို့ အသက်ရှင်နေသလဲမေးရင် ဘယ်အာဟာရမှ အမှီမပြုပါဘူး၊ ဘာဖြစ်လို့အသက်ရှင်သလဲမေးရင် ကံကိုကစီမံပြီးသားဖြစ်တယ် ဘာဖြစ်လို့စီမံတုန်း၊ သံဃာတော်များအတွက် ချက်ပြုတ်စီမံထားသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဦးဦးဖျားဖျား ရူးခပ်စားသည့် စားခြင်းသောက်ခြင်းတည်းဟူသော အကုသိုလ်ကံနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အကုသိုလ်ကံက စီမံဖန်တီးပြီးတော့ ပစ်ချလိုက်တဲ့ ဘဝရလာသော အကုသလဝိပါက်ကမ္မဇရုပ်၊ ဒီရုပ်မျိုးသည် မပျက်နိုင်ဘူးတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ မပျက်စီးကောင်းဘူး၊ ဘာဖြစ်လို့

http://www.dhammadownload.com



ကံကိုက မပျက်စီးအောင်စီမံထားတာ မင်းတို့ခံတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဘုရား တစ်ဆူ နှစ်ဆူ သုံးဆူ လေးဆူထိအောင် မင်းတို့ဝတ်ကြပေတော့၊ ဝတ်ပေမဲ့ မင်းတို့မသေရဘူး ဘယ်သူကစီမံတာတုန်း ကံစီမံတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ကံစီမံတာ ဒီအထိအောင် စီမံနိုင်သလားမေးတော့ "ကမ္မဝိပါကော အစိန္တိယော" ကမ္မဝိပါကော ကံစီမံလို့ ဖြစ်ပေါ်လာသောအကျိုးတရားသည်။ အစိန္တိယော–ကြံလို့ စည်လို့ အံ့လို့ သြလို့ မကုန်နိုင်ကုန်။

အာဟာရလေးမျိုး ကဗဠီကာရအာဟာရ ဖဿအာဟာရ မနောသဥ္စေတနာအာဟာရ ဝိညာဏအာဟာရ၊ ဒီအာဟာရ ၄ မျိုးမှာ အာဟာရဆိုတာဘာခေါ်လဲ ဆောင်တတ်တာခေါ်တယ် ဘာကိုဆောင်သလဲ သတ္တဝါတွေရုပ်ကိုဆောင်၊ သတ္တဝါတွေရုပ်ကို အမြဲတစေဆောင်ပေးနေလို့ သတ္တဝါများဟာ မသေဘဲနဲ့အသက်ရှင်နေတယ် ကြီးထွားနေတယ် ကြီးပွားနေတယ်။ အဲဒီအာဟာရ ဟာအမှန်ကတော့ "တံ သြဇာယ အဓိဝစနံ" ဆိုတဲ့ စကားအရ တံ–အာဟာရဟူသော အမည်သည်၊ သြဇာယ–သြဇာဓာတ်၏၊ အဓိဝစနံ–အမည်တည်း။ ဒီအာဟာရဟာ သြဇာဓာတ်ရဲ့ အမည်ပါပဲ၊ ဒါကြောင့် ဒီသြဇာဓာတ်ပြုရင်းကနေ ဒီအာဟာရလှည့်ပြရတာ မပြရင်ဖြစ်ကိုမဖြစ်ဘူး ဘာဖြစ်လို့လဲဒီအာဟာရဆိုတာ သြဇာရဲ့အမည်ပါဆိုတော့ သြဇာနဲ့အာဟာရ ဒါလေးပြတ်သား ခြားနားသွားအောင်၊ ဒီတော့ 'သြဇာသင်္ခါတော အာဟာရော'–ပါဠိတော်တစ်ခါပြပြန်တော့၊ သြဇာသင်္ခါတော– သြဇာဟုဆိုအပ်သော၊ အာဟာရော–အာဟာရသည်ဆိုတော့ သြဇာသည်ပင်လျှင် အာဟာရ၊ အာဟာရသည်ပင်လျှင်သြဇာ။ အဲဒီ သြဇာဓာတ်ဟာ ရုပ်ဓာတ် ၈ ပါးမှာ နောက်ဆုံးကနေတဲ့ ဓာတ်တရားလည်းဖြစ်။ အဲဒီသြဇာဓာတ်လည်း ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသာဆိုတဲ့ ၇ ပါးသော ဓာတ်တရားများလိုပဲ သဘောတရားမျှပဲရှိတယ်။ အတုံး အလုံး အခဲ ဝတ္ထုပစ္စည်း အထည်ဒြပ်သဏ္ဍာန် အမှုံ အမွှား အရည် အဖတ်ဘာမှရှာဖွေလို့မရဘူး။ ဒါကြောင့် သဘောတရား ပဲရှိတယ်ဆိုတဲ့ အသိဉာဏ်လေးရအောင် ဒီသြဇာဓာတ်နဲ့အာဟာရဆိုတဲ့ သဘာဝလေးခွဲခြားပြီးတော့ပြ ဒီတော့ ဒါဖြင့်ကောင်းပါပြီ၊ သြဇာဆိုတာ ဘယ်သူ့အမည်လဲဆိုတော့ ဒီတော့ဒါဖြင့်ကောင်းပါပြီ သြဇာဆိုတာ ဘယ်သူ့အမည်လည်းဆိုတော့ ဒီအာဟာရရဲ့အမည်ပါပဲလို့ သေသေချာချာကြည့်။ တံ–အာဟာရဟူသောအမည်သည်၊ သြဇာယ–သြဇာ၏၊ အဓိဝစနံ–အမည်တည်းလို့ဆိုတော့ ဒီအာဟာရကိုက သြဇာရဲ့အမည်ပါဆိုရင် အာဟာရပြောရင် သြဇာသဘောပေါက်ပြီးသားဖြစ်ရမယ် ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ အာဟာရပြောရင် သြဇာရဲ့ သဘောပေါက်ပြီးသားဖြစ်ရမယ် နားလည်ပြီးသားဖြစ်ရမယ်၊ ဒါကြောင့် ဒီသြဇာဆိုတဲ့အမည်ကိုက ဒီအာဟာရရဲ့ အမည်ပါပဲလို့ ဆိုထားတော့ ပြောစရာမလိုပါဘူး။ ဒါကြောင့် ဒီအာဟာရနားလည်ရင် သြဇာဓာတ် သဘောပေါက် ရမယ် ရှင်းရမယ် လင်းရမယ်။

http://www.dhammadownload.com



ဒါဖြင့် ကောင်းပါပြီ ဒီအာဟာရဟာ ဘယ်နှစ်မျိုးဘယ်နှစ်စားရှိသလဲဆိုရင် ၄ မျိုး ၄ စား ရှိရတယ် တစ်ခုထဲမှတ်မနေနဲ့၊ တို့လူစုသိတာကတော့ တစ်ခုထဲသိတယ် ဘာသိလဲ ကဗဠီကာရ အာဟာရ ဒါတစ်ခုထဲသိတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ကဗဠီကာရ အာဟာရ ကဗဠီကာရဆိုတာက စားစရာ သောက်စရာ အစာကိုခေါ်တယ်၊ အာဟာရကဆောင်တတ်တဲ့သတ္တိ ဒီတော့ ဒီစားစရာသောက်စရာကို ကဗဠီကာရ အစာအာဟာရနဲ့တွဲပြ သောက်စရာအစာပဲလို့ ဒီလိုသိ။ အဲဒီလိုသိတဲ့အာဟာရ တစ်ဆက်တည်းရှိလို့၊ ဒါကြောင့် အာဟာရဆိုတာ ဒီတစ်ခုထဲမဟုတ်ဘူး ၄ မျိုး ၄ စားပြားတယ် ၄ မျိုး ၄ စားရှိတယ်။ ဘုံ ၃ ပါးရှိတဲ့ သတ္တဝါများ ရုတ်တရက်မပျက်စီးအောင် ဆောင်ပေးနေတဲ့အာဟာရ၊ တို့စားနေတဲ့အစာခေါ်တဲ့ အာဟာရတစ်မျိုးသာလျှင်မဟုတ် ဒါက ရုပ်အာဟာရ နာမ်အာဟာရတရားတွေလည်း ရှိသေးတယ်။ ဖဿအာဟာရ၊ မနောသဉ္စေတနာ အာဟာရ၊ ဝိညာဏအာဟာရလို့ နောက် ၃ ပါးတိုး အားလုံး ၄ မျိုးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ၄ မျိုးက ဒီတော့ ဒီအာဟာရ ၄ မျိုးတရားတွေဟာ အာဟာရဆိုတဲ့ အဓိပ္ပါယ်လည်းရှင်းပြီးပါပြီ။

သတ္တဝါတွေရဲ့ရုပ်ဘုံ ၃ ပါးရှိတဲ့ သတ္တဝါတွေရဲ့ရုပ်ကိုမပျက်စီးအောင် အမြဲတစေဆောင် ပေးနေတယ်၊ ဆောင်တတ်တယ် အထောက်အပံ့ပေးနေတယ်။ ဒါ အာဟာရရဲ့သတ္တိ၊ ဘာကြောင့် လည်း "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"လို့ ကိုယ်တော်မြတ်ဟောတယ်။ ဘုံ ၃ ပါးရှိတဲ့ သတ္တဝါများသည် အာဟာရသာလျှင် အမှီပြု၍ တည်နေကြကုန်၏ဆိုတော့ အာဟာရနဲ့ကင်းတဲ့သတ္တဝါ ဘုံ ၃ ပါးမှာ ရှာမရဘူးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သတ္တဝါမှန်သမျှ အာဟာရ အမှီပြုရတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားတယ်မဟုတ်လား (ထင်ရှားပါတယ်ဆရာ)။ အေး ဒါကြောင့် ဒီဘုံ ၃ ပါးလည်းပဲ သတ္တဝါတွေကရှိတဲ့ သတ္တဝါတွေက စောစောက မင်းတို့ငါတို့ စားသုံးနေတဲ့ ကဗဠီကာရအာဟာရဆိုတဲ့ အစာကိုအမှီပြုတဲ့ သတ္တဝါ ဒီအာဟာရအမှီပြုတဲ့ သတ္တဝါ တစ်မျိုးကွ၊ ဒီတော့ တို့လူစုကသိတာ ဒီတစ်ခုပဲသိတယ် ဒီပြင်တော့မသိဘူး ဘာဖြစ်လို့၊ ဘာမှ အစာအာဟာရ အစာအာဟာရနဲ့ အရပ်ထဲသူသူငါငါ ခေါ်ဝေါ်သမုတ်ထားလို့၊ သုံးစွဲနေကြလို့ အစာအာဟာရ ဩော် အစာကို အာဟာရခေါ်တာပဲ၊ ဒါပဲသိတယ်။ ဒီတော့ တို့ စားကောင်း သောက်ဖွယ်ဆိုတဲ့ ခဲဖွယ် ဘောဇဉ် ချို ချဉ်အရသာ တို့စားစရာသောက်စရာဆိုတဲ့ အစာကို စားနေတဲ့ ဒီအာဟာရအမှီပြုနေတဲ့ သတ္တဝါတစ်မျိုး၊ ဒါကျတော့ တို့ လူတွေရတယ်၊ တိရစ္ဆာန်တွေ ရတယ်၊ မရဘူးလားကွ (ရပါတယ်ဆရာ)။ ပြိတ္တာတွေရတယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အစားအစာသုံးဆောင်နေကြတယ်။ ဩော် ဒီအောက်အောက်သော ဘုံတွေကျတော့ ဒီလို ခဲဖွယ် စားဖွယ် သောက်ဖွယ် လျက်ဖွယ်ဆိုတဲ့ အစာတည်းဟူသော ကဗဠီကာရအာဟာရနဲ့ အသက်ရှင် နေကြတယ် ဒီလို မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ နတ်ပြည် ၆ ထပ်အထိပေါ့ကွာ၊ ထားပါတော့ နတ်လည်းပဲ မင်တို့ငါတို့လိုပဲ အစာရေစာ ကဗဠီကာရအာဟာရသုံးစားတယ်၊ နတ်သုဒ္ဓါ နတ်ဩဇာ

http://www.dhammadownload.com



ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

တို့ပြဟ္မာ ၂၀ ကျတော့ ပြဟ္မာတွေကျတော့ အဲဒီလို ဝါးစား ဝါးရတယ် စားရတယ် မျိုချရတယ်ဆိုတဲ့ အစာအာဟာရခေါ်ထားတဲ့ ကဗဠီကာရအာဟာရနဲ့ အသက်ရှင်နေတာလားမေးတော့ ဟိုကျ မဟုတ်ဘူး ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)။ ပြဟ္မာ ၂၀ က ပြဟ္မာတွေကျတော့ ဒီလိုကဗဠီကာရအာဟာရ စားကောင်း သောက်ကောင်းတဲ့အစာကိုစားပြီး အသက်ရှင်တာ မဟုတ်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ သေသေချာချာလည်းမှတ်၊ သမာဓိလည်းကောင်းကောင်း ယူပေါ့၊ ဒီတော့ ဒီက ဘာလိုလို့ပြောသွားတယ်၊ ပြောတဲ့ဟောတဲ့ပုဂ္ဂိုလ်ရဲ့ အလိုဆန္ဒရည်ရွယ်ချက် ကရှိပါလိမ့်မယ်။ တို့ ဘယ်လိုနားလည်စေလိုလို့ ဒီအာဟာရ ၄ မျိုးထိုးပြနေတယ်၊ တို့အတွက်ပဲ မတတ်တတ်အောင် နားမလည်လည်အောင် မတတ်သေးတဲ့ပုဂ္ဂိုလ်များ မသိသေးတဲ့ပုဂ္ဂိုလ်များ မနာရသေးတဲ့ပုဂ္ဂိုလ်များအတွက် ငဲ့ကွက်ပြီးတော့ ဟောပြော ပြသပေးနေတယ်၊ သူ့အတွက်တော့ မဟုတ်ပေဘူး၊ ကိုယ့်အတွက်ဆိုရင်တော့ ငါဒီနေ့လာစရာအကြောင်းမရှိဘူးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အများသူငါအတွက် ငဲ့ကွက်ပြီးတော့ တတ်ပြီးသားပုဂ္ဂိုလ်အတွက် မဆိုလိုပါဘူး မတတ်သေးတဲ့ပုဂ္ဂိုလ်များအတွက ငဲ့ကွက်ပြီးတော့ သက်သက်မေတ္တာနဲ့လာပြီးပြနေတယ်။ ဒီတော့ မေတ္တာနဲ့ကိုယ်မေတ္တာထားသလို မေတ္တာစေတနာနဲ့ထားပြီးတော့ နာလည်းနာကြပါလို့၊ ကြားပြီး သားဖြစ်လို့ အဆန်းမဟုတ်ရင်လည်းဘဲ မနာရင်လည်းနေပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ မကြားရ သေးလို့ ထူးထူးဆန်းဆန်း ဖြစ်ရင်လည်းပဲ ဝမ်းပန်းတသာနဲ့ တို့တစ်ခါမှမနာဘူးတဲ့ မကြားဘူးတဲ့ တို့သိတာကတော့ဖြင့် စားကောင်းသောက်ဖွယ်ဆိုတဲ့ အစာကိုအမှီပြုပြီး သတ္တဝါများ အသက်ရှင် တယ် ဒီလိုမှတ်၊ ဒီလိုမှတ်တော့ ဒါဖြင့် ခု အာဟာရ ၄ မျိုးတိုးပြလိုက်တော့ မင်းသိတာ ကဗဠီကာရအာဟာရ စားစရာသောက်စရာဆိုတဲ့ အစာရေစာကို အမှီပြုပြီး သတ္တဝါများ အသက်ရှင် တယ် တို့ဒါလောက်ပဲသိ ဒီလိုမဟုတ်ဘူးလားကွ (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါ နတ်တွေက စလို့ပေါ့ကွယ် ဟိုအောက်အောက်သောဘုံတွေအထိပေါ့၊ လူ့ပြည်ရော ခုနတိရစ္ဆာန်တွေရော အစရှိတဲ့ သတ္တဝါတွေ၊ ဒါကဗဠီကာရအာဟာရ အစာကိုစားရင် ဘာကိုစားစား ဒါကဗဠီကာရအာဟာရ။

ဩော် ဒီသတ္တဝါတွေကတော့ တို့ဘုံ ၃ ပါးမှာ တွက်ကြည့်လိုက်ရင် ဒီအောက်အောက်သော ဘုံတည်းဟူသော သတ္တဝါတွေကျတော့ ကဗဠီကာရအာဟာရဆိုတဲ့ စားကောင်းသောက်ဖွယ် အစာ ရေစာအမှီသဟဲပြုပြီးတော့ ဒီအာဟာရနဲ့ အသက်ရှင်နေကြတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ရူပါဝစရပြဟ္မာ အရူပါဝစရပြဟ္မာလို့ ပြဟ္မာ ၂၀ ကျတော့ ပြဟ္မာဘုံ ၂၀ ကျတော့ ပြဟ္မာများ ကျတော့ မင်းတို့ငါတို့လိုပဲ စားကောင်းသောက်ဖွယ်ဆိုတဲ့ အစာရေစာဆိုတဲ့ ကဗဠီကာရအာဟာရ မှီပြီးတော့ စားသောက်ပြီးတော့ အသက်ရှင်တာမဟုတ်ဘူးတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"ဆိုတော့ ပြဟ္မာတွေ လွတ်နေသလားဆိုတော့ "သဗ္ဗေ

http://www.dhammadownload.com



သတ္တာ''ထဲ ပြဟ္မာပါအကုန်ပါပါတယ် ဘုရားကအစ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ၃၁ ဘုံ အကုန်လုံးသောသတ္တဝါတွေ အာဟာရအမှီပြုပြီးတည်နေကြကုန်၏ဆိုတော့ ပြဟ္မာ ၂၀ ဒီလို ကဗဠီကာရအာဟာရဆိုတဲ့ စားကောင်းသောက်ဖွယ်ဆိုတဲ့ အစာရေစာတွေ မစားဘဲနဲ့ ဘာအမှီပြုပြီး အသက်ရှင်တာတုန်း၊ ဒီလိုလာတယ်မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပြဟ္မာလည်း ဒီလို အစာစားတယ်လို့ မကြားဘူး ရှိလည်းမရှိဘူး စားလည်းမစားကောင်းနော် (ဟုတ်ပါတယ် ဆရာ)။ ဒါဖြင့် ပြဟ္မာတွေ ဘာကြောင့်အသက်ရှင်တာလဲ၊ ပြဟ္မာဆိုတဲ့အသက်က တို့လူသက်နဲ့လည်း တွက်မရပါဘူး၊ အင်မတန်သက်တန်းရှည်တဲ့ နတ်ပြည် ၆ ထပ်က နတ်သက်နဲ့လည်း တွက်မရပါဘူး၊ ဟိုကျတော့ မဟာကပ်နဲ့ချီပြီး အသက်ရှည်တယ်နော် (ဟုတ်ပါတယ်ဆရာ)။

မဟာကပ်ပေါင်း (၅၀၀) ဒါအောက်အောက်ဆုံးပြဟ္မာနော် (ဟုတ်ပါတယ်ဆရာ)။ အထက် အထက်တက်သွားပြန်တော့ အရှည်ဆုံးပြဟ္မာက ဘယ်လောက်ရှိသလဲဆိုတော့ မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင်အသက်ရှိ အံ့သြစရာကောင်းတယ် မရှည်ဘူးလား (ရှည်ပါတယ်ဆရာ)။ မဟာကပ်ကမ္ဘာဆိုတာမနည်းပါဘူး သူ့ရှိမှအသက်ရှည်တာ ပြဟ္မာတွေ မသေဘဲနဲ့ အသက် ရှည်နေတာ၊ ငါတို့သူငါလူတကာဆိုတဲ့ ကဗဠီကာရအာဟာရခေါ်ထားတဲ့ မျိုကောင်းစားကောင်းတဲ့ အစာရေစာတွေ စားသောက်နေလို့ ဒီအာဟာရအမှီပြုလို့ အသက်ရှင်တယ်၊ ပြဟ္မာတွေကျတော့ ဘယ်လို အစာတွေစားပါလိမ့်၊ ဘယ်လိုအာဟာရမှီဝဲနေပါလိမ့်၊ ဘာကြောင့်အသက်ရှင်ပါလိမ့် တို့ထက်မွန်မြတ်တဲ့ အစာရေစာစားသလား၊ နတ်တို့စားနေတဲ့ နတ်သုဒ္ဓါနတ်သြဇာတွေ စားနေ သလား၊ နတ်သုဒ္ဓါနတ်သြဇာထက်မြတ်တဲ့ အစာတွေစားနေသလား ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ ဒီတော့ပြဟ္မာတွေ အစာမစားတာအင်မတန်ထင်ရှားတယ် အစာမစားပါဘူး ဒါဖြင့်ကောင်းပါပြီ အစာမစားရင် ဘယ်အာဟာရမှီပြီး အသက်ရှင်သလဲ၊ ''ပီတိဘက္ခာ အာဟာရော'' ပီတိဘက္ခာ– ပီတိဟာ နှစ်သက်ခြင်းခေါ်တယ်၊ ဘက္ခာ–ဆိုတာ အစာခေါ်တယ်။ ''ပီတိဘက္ခာ အာဟာရော'' ပီတိဘက္ခာ–နှစ်သက်ခြင်းဆိုတဲ့ ပီတိတည်းဟူသော အစာသည်သာလျှင်၊ အာဟာရော– အာဟာရမည်၏။ ကြည့်ပြဟ္မာကျတော့ နှစ်သက်ခြင်းဆိုတဲ့ပီတိလေးကို အာဟာရလုပ်နေကြတယ် ဒီအာဟာရက ထောက်ပံ့ပေးနေတယ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဒီပီတိဟာ နှစ်သက်တယ် ဆိုတာ ဘာနှစ်သက်သလဲမေးတော့ အောက်အောက်သော ရူပါဝစရပြဟ္မာကစပြီးတော့ အထက်အထက် အရူပပြဟ္မာအထိပေါ့၊ ပြဟ္မာများဟာ ဈာန်သမာပတ်နဲ့ မွေ့လျော်နေကြတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ပြဟ္မဝိဟာရတရားနဲ့နေကြတယ်၊ တို့လူ့ဘုံရောက်စဉ် အခါကထဲက အောက်အောက်သော လူ့ဘဝကနေပြီးတော့ ဈာန်သမာပတ်တရား ပွားများလို့ ဒီပြဟ္မာပြည်လားသကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ပြဟ္မာဖြစ်တော့ အစာရေစာဆိုတဲ့ ကဗဠီကာရ အာဟာရ စားသလား မစားပါဘူး၊ ဘယ်အာဟာရမှီပြီးတော့ အသက်ရှင်သလဲဆိုတော့ ပီတိဘက္ခာ

http://www.dhammadownload.com



အာဟာရရေဆိုတဲ့ ပီတိသာလျှင် အာဟာရရှိပါတယ်။ ပီတိဆိုတာဘာလဲ နှစ်သက်တာ ဘာနှစ်သက်တာတုန်း၊ သူတို့ဝင်စားနေတဲ့ ဈာန်သမာသတ်ကို နှစ်သက်တယ်ဆိုတဲ့ ပီတိစိတ်ကလေး စေတသိက်ကလေးနော် (ဟုတ်ပါတယ်ဆရာ)။ ကြည့်စမ်း ကြည့်စမ်း သူတို့ဝင်စားတဲ့ ဈာန်သမာပတ် မွေ့လျော်နေတဲ့ ဈာန်သမာပတ်အပေါ်မှာ နှစ်သက်တယ်ဆိုတဲ့ ပီတိစေတသိက်လေး အဲဒါလေးက သူတို့ရဲ့အစာပဲနော် (ဟုတ်ပါတယ်ဆရာ)။

ဒါကြောင့် ပီတိဘက္ခာ–ဈာန်သမာပတ်အပေါ်မှာ နှစ်သက်ခြင်းတည်းဟူသော အစာသည် ပင်လျှင်၊ အာဟာရေ–အာဟာရမည်၏။ ဒါဖြင့် တို့ဘာအာဟာရအမှီပြုပြီးတော့ သို့ကလောက်တောင်ပဲ သက်တမ်းတွေ မဟာကပ်နဲ့ချီပြီးတော့ အသက်ရှည်နေသလဲ ဒီရုပ်တွေ အဆက်အဆက်တိုးပွားနေသလဲဆိုရင် ဈာန်သမာပတ်မွေ့လျော်ခြင်းအပေါ်မှာ နှစ်သက်တယ်ဆိုတဲ့ပီတိလေးပဲ၊ တစ်ခြားမရှိပါဘူး ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ခုနပြောတဲ့ တို့အာဟာရ ၄ မျိုးထဲမှာ တို့သူသူငါငါ လူတကာတွေကတော့ ကဗဠီကာရအာဟာရအစာတည်းဟူသော အာဟာရအထောက်အပံ့ပေးလို့ အသက်ရှင်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)။ ဗြဟ္မာတွေကျတော့ ကဗဠီကာရအာဟာရဆိုတဲ့ အစာတည်းဟူသော အာဟာရအမှီပြုသေးရဲ့လား (မပြုပါဘူးဆရာ)။ ဟိုကျတော့ ပီတိအာဟာရပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ ပီတိအာဟာရ သေသေချာချာ ကြည့်စမ်းပါ၊ ပီတိအာဟာရ တို့တမြန်မနေ့ကပြသွားတာ၊ ဒါဖြင့် ဒီအာဟာရချင်းမတူဘူးပေါ့ (မတူပါဘူးဆရာ)။ ဘုံသုံးပါးဖြစ်နေတဲ့ သတ္တဝါတွေအမှီသကဲ့သဟဲ့ပြုနေတဲ့ ဒီသတ္တဝါတွေရဲ့ ရုပ်တွေ အသစ်အသစ်ဖြစ်အောင် စွမ်းဆောင်ပေးနေတဲ့ အာဟာရခြင်းမတူပါဘဲလား ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် တို့တစ်နေ့ကပြသွားတဲ့ အာဟာရ ၄ မျိုးထဲမှာ ကဗဠီကာရ အာဟာရဆိုတာ မင်းတို့ငါတို့တွေ စားသုံးနေကြတဲ့ အစာအာဟာရ ဒါကဗဠီကာရအာဟာရနော် (ဟုတ်ပါတယ်ဆရာ)။ ဒီအစာရေစာတည်းဟူသော ကဗဠီကာရကအထောက်အပံ့ပေးလို့ မင်းတို့ငါတို့တွေ အသက်ရှင်နေတယ်၊ ရုပ်တွေအစဉ်အတိုင်း တိုးပွားနေတယ် ကြီးပွားနေတယ် ထင်ရှားနေတယ်ပေါ့နော် (ဟုတ်ပါတယ်ဆရာ)။

ပြီးတော့ တို့ ဖဿအာဟာရကျတော့ ဖဿအာဟာရဆိုတော့ ဖဿနဲ့ အာဟာရက တခြား၊ အာဟာရက အာဟာရ၊ ဖဿက ဖဿ။ ဒီဖဿအာဟာရကို ဒုတိယနံပါတ် ၂ ပြလိုက်တော့ ဖဿဆိုတာ ဘာလဲလို့မေးတော့ တစ်မြန်နေ့ကပြသွားတဲ့ မျက်စိမှာဖြစ်တဲ့ဖဿ နားဖြစ်တာ နှာခေါင်းဖြစ်တာ လျှာဖြစ်တာ ကိုယ်ဖြစ်တာ စိတ်ဖြစ်တာ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဆိုတဲ့ ၆ ဌာနဖြစ်နေတဲ့ ဖဿ ၆ မျိုးကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဥပမာလေးတစ်ခု ပြောစမ်းပါဆိုလို့ရှိရင် ဒီမျက်စိတစ်ခုထဲကြည့်စမ်းပါ၊ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" တရားသုံးခုပေါင်းတော့ ဖဿပဲ၊ ဖဿဆိုတာ ဒါမှတ်ထားလိုက်။

http://www.dhammadownload.com



ကောင်းပါပြီ ဖဿဘာသဘောရှိသလဲဆိုရင် တွေ့ထိတတ်တဲ့ သဘောရှိတယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဖဿော-ဖဿဆိုတဲ့ စေတသိက်သည် (ဝါ) ဖဿတရားကြီးသည်၊ ဖုသန္တော ယေဝ-တွေ့ထိကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ-ဆောင်ခြင်းကိစ္စကို၊ သာဓေတိ-ပြီးစေ၏။ ဖဿလည်းပဲ အာဟာရမျိုးထဲကပဲ အာဟာရပဲတဲ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နံပါတ် ၂ အာဟာရ၊ ဒါပဲလား မဟုတ်ပါဘူး နံပါတ် ၃ တဲ့ "မနောသဉ္စေတနာဟာရော အာယူဟမာနော ယေဝ" မနောသဉ္စေတနာဟာရော-မနောသဉ္စေတနာအာဟာရသည်၊ အာယူဟမာ နောယေဝ-အားထုတ်ကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ-အာဟာရကိစ္စကို (ဝါ) ဆောင်ခြင်းကိစ္စကို၊ သာဓေတိ-ပြီးစီး၏။ အဲဒီမနောသဉ္စေတနာအာဟာရကျတော့ စေတနာကိုခေါ်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီစေတနာတည်းဟူသောအာဟာရကလည်းပဲ အားလုံးသောသတ္တဝါများကို ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်အောင် အေးချမ်းအောင် အသက်ရှင်အောင် ဆောင်ပေးနိုင်ပါတယ် ဖဿတင်မဟုတ်သေးပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ဟိုက အာယူဟမာနော ယေဝ-အားထုတ်ကာမျှဖြင့်သာလျှင်၊ မနောသဉ္စေတနာအာဟာရ စေတနာအာဟာရ ဆောင်ပုံလေးက ဒီလိုဆောင်တယ် အားထုတ်ကာမျှလေးပဲ။ ဒါကြောင့် တစ်မြန်နေ့ကငါပြောသွားတဲ့ ကာယကံ ဝစီကံ မနောကံ ကိုယ်ရယ် နှုတ်ရယ် စိတ်ရယ် ၃ ခုနဲ့ အလုပ်လုပ်ကြတယ် မလုပ်ဘူးလားကွ (လုပ်ပါတယ်ဆရာ)။ ကာယကံဆိုတာ သွားရင်းလာရင်းနဲ့ ဖြစ်လာတဲ့ကံကို ကာယကံခေါ်တယ်။ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် ကံမြောက်သွားပြီ ဒါသူစေတနာပဲ။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" မနောကံဆိုလည်း ဒီလိုပဲ၊ မနောဒွါရကဆောင်ရွက်လို့ ကိစ္စပြီးမြောက်သွားတာကို မနောကံခေါ်ပါတယ် ဝစီကံဆိုလည်း ဝစီဒွါရနဲ့ဆောင်ရွက်လို့ ဖြစ်မြောက်သွားတာကို ဝစီကံခေါ်ပါတယ်။

ဩော် လက်စသတ်တော့ ကာယကံ ဝစီကံ မနောကံဆိုတာ စေတနာ ၃ မျိုးပါပဲလား။ အဲဒီစေတနာ ၃ မျိုးတွေဟာ တို့ကာယကံမြောက်အောင် အားထုတ်ခြင်းကလည်း ကိုယ်နဲ့အားထုတ်၊ ဝစီကံမြောက်အောင် အားထုတ်တော့လည်း နှုတ်နဲ့အားထုတ် မနောကံမြောက်အောင် အားထုတ်တော့လည်းပဲ စိတ်နဲ့အားထုတ် အားထုတ်မှုလေးတွေနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် မနောသဉ္စေတနာဟာရော-စေတနာတည်းဟူသော အာဟာရသည်၊ အာယူဟမာနောယေဝ-အားထုတ်ကာမျှဖြင့်သာလျှင်၊ အာဟာရကိစ္စံ-ဆောင်ခြင်းကိစ္စကို၊ သာဓေတိ-ပြီးစေ၏။ အဲဒီလို စေတနာလေးတွေခေါ်ထားတဲ့ မနောသဉ္စေတနာခေါ်ထားတဲ့ စေတနာလေးတွေခေါ်ထားတဲ့ မနောသဉ္စာနာကလည်းပဲ မင်းတို့ငါတို့ သတ္တဝါများကို ရုပ်အသစ်အသစ်သေချာအောင် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဆက်ကာဆက်ကာဖြစ်အောင် အသက်ရှည်အောင် ဆောင်တတ်ပါတယ်။ ဒါကြောင့် ဒီစေတနာကိုလည်းပဲ အာဟာရတစ်မျိုးအနေအားဖြင့်သွင်းလိုက် အာဟာရ ၃ နံပါတ် ရှိသွားပြီနော် (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



၄ နံပါတ်ကျတော့ ဝိညာဏအာဟာရ၊ ဝိညာဏအာဟာရကျတော့ဘာခေါ် ဝိညာဏအာဟာရဆိုတာ တစ်ခြားမဟုတ်ပါဘူး။ ဒုတိယ တတိယ စတုတ္ထ နိဗ္ဗာန်မရောက်မချင်း ဘဝအသစ်အသစ်ဖြစ်အောင်လုပ်ပေးတာ ဝိညာဏအာဟာရ၊ ပဋိသန္ဓေအသစ်အသစ်ဖြစ်အောင် လုပ်ပေးတာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ပဋိသန္ဓိနာမရူပံ၊ ပဋိသန္ဓေအခိုက်ကလေးမှာ ပဋိသန္ဓေအသစ်ဖြစ်လာတဲ့ အခိုက်အတန့်လေးဟာ နာမ်တရားရယ် ရုပ်တရားရယ် ၂ ပါးပြိုင်ပြီး ဖြစ်တတ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ (တစ်နည်း) ရုပ်တရားချည်းသန့်သန့်ဖြစ်တဲ့ ပဋိသန္ဓေရှိတယ် (တစ်နည်း) နာမ်တရားချည်းသန့်သန့်ဖြစ်တဲ့ ပဋိသန္ဓေလည်းရှိတယ်၊ နာမ်တရားရုပ်တရားနှစ်ပါးပေါင်းပြီးတော့ တွဲပြီးတော့ဖြစ်တဲ့ပဋိသန္ဓေလည်းရှိတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ပဋိသန္ဓေအသစ် အသစ်ဖြစ်တိုင်း ဒီနာမ်တရားရုပ်တရား နှစ်ပါးက အမြဲပါတာပေါ့ (ပါပါတယ်ဆရာ)။ ကြော် ဒါဖြင့် ဘဝအသစ်အသစ် ပဋိသန္ဓေ အသစ်အသစ်ဖြစ်တိုင်းဖြစ်တိုင်း ဒီဝိညာဏအာဟာရက သူလုပ်ပေးလိုက်တာ၊ သတ္တဝါများ သံသရာအဆက်ကိုမပြတ်နိုင်ဘူး အသစ်အသစ်ဖြစ်သွားလိုက်တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲ ဒါကြောင့် ဝိညာဏံဆိုတဲ့တရားကိုလည်း အာဟာရထဲကိုသွင်းလိုက်ပါ၊ ၄ နံပါတ် ဝိညာဏအာဟာရ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။ ဒါ အာဟာရ ၄ မျိုး၊ အဲဒီအာဟာရ ဘယ်သူလဲမေးတော့ သြဇာ ၄ မျိုးပါပဲ ဘာဖြစ်လို့လဲ "တေ သြဇာယ အဓိဝစနံ"လို့ ပါဠိတော်တိုက်ရိုက်ဆိုထားတာ။ တေ-ဤအာဟာရဟူသော အမည်သည်၊ သြဇာယ-သြဇာ၏၊ အဓိဝစနံ-အမည်တည်းဆိုတော့ အမှန်ကသြဇာဆိုတာ အာဟာရ၏အမည်ဆိုတော့ ဒီအာဟာရ ၄ မျိုးသည်ပင် သြဇာ ၄ မျိုး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ဒါဖြင့် သြဇာ ၄ မျိုးဖြစ်နေတော့ သြဇာကဘာလဲလို့အဓိပ္ပါယ်မေးတော့ သြဇာရဲ့နာမကိုက အမည်ကိုးကွ၊ ရုပ်ဖြစ်သည်၏ အခြားမဲ့၌ ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်တာ သြဇာလို့ခေါ်တော့ ကြော် ဟုတ်ပေသားပဲ၊ ကဗဠီကာရအာဟာရကြည့်လည်း ရုပ်အသစ်အသစ်ဖြစ်လို့ သတ္တဝါများအသက်ရှင်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဖဿကြည့်လည်းပဲ ရုပ်အသစ်အသစ်ဖြစ်အောင်လုပ်ပေးလို့ သတ္တဝါများအသက်ရှင်နေတယ်၊ စေတနာဆိုတဲ့ မနောသဉ္စေတနာကြည့်ပြန်လည်းပဲ ရုပ်အသစ်အသစ်ဖြစ်အောင်လုပ်ပေးလို့ သတ္တဝါများ အသက်ရှင်နေတယ်။ ဝိညာဏအာဟာရကြည့်ပြန်တော့ သာထင်ရှားသေး၊ နိဗ္ဗာန်မရောက်မချင်း ဘဝအသစ်အသစ်ဖြစ်အောင်ပေးတယ် ပဋိသန္ဓေအသစ်ဖြစ်အောင် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ဒီအာဟာရရဲ့သတ္တိလေးတွေ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)။ သြဇာရဲ့သတ္တိလေး ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)။ အဲဒါအင်မတန်ထင်ရှားတဲ့ သဘာဝ။

ပြီးတော့မှ တစ်ခါတို့ ကဗဠီကာရအာဟာရကျတော့ ကဗဠီကာရောအာဟာရော-စားသုံးမျိုချအပ်သော အစာအာဟာရဆိုတဲ့ ကဗဠီကာရအာဟာရသည်၊ ဥပထမ္ဘတ္တော-ခု မင်းတို့ငါတို့ရဲ့ရုပ်

http://www.dhammadownload.com



အသစ်အသစ်ကို ထောက်ပံ့ခိုင်စေသောသဘောသည်၊ အာဟာရကိစ္စံ–ဆောင်ခြင်းကိစ္စကို၊ သာဓေတိ– ပြီးစေ၏။ ကိစ္စလေးတွေပြနေတာ၊ ကဗဠီကာရအာဟာရ အာဟာရရဲ့ကိစ္စပြောစမ်းပါ။ ဟာ ဒီအစာတွေစားနေတဲ့သတ္တဝါတွေပဲ ရုပ်အသစ်အသစ်ဖြစ်ပြီးတော့ ရုပ်တွေအမြဲ အထောက် အပံ့ပေးနေတာပေါ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဖဿအာဟာရ၊ ဖဿတည်းဟူ သော အာဟာရရဲ့ သူလုပ်တတ်တဲ့ကိစ္စပြောစမ်းပါဆိုတော့ ဒီနေရာမှာ တို့ဒီနိဒါနသံယုတ်ဂထာလို့ အဋ္ဌကထာဆရာက အဲဒါ မင်းတို့ငါတို့လုံးလုံး ဘာမှမသိတဲ့လူများအတွက် နိဒါနသံယုတ်အဋ္ဌကထာ ဆရာကြီးက သူသူငါငါလူတကာတွေနားလည်ပါစေဖို့ လက်တွေ့ပြရင်း ထုတ်ပြတာနော် (ဟုတ်ပါ တယ်ဆရာ)။ ဖဿအာဟာရဆောင်ပုံလေး၊ ကဗဠီကာရအာဟာရပြောစရာမလိုဘူး ကိုယ်ကိုယ်တိုင် စမ်းကြည့်၊ ငါထမင်းစားနေလို့ ရုပ်ကလေးဖြစ်တယ်၊ ထမင်းမစားရင်ရုပ်ကလေးမဖြစ်ဘူး ထမင်းမစားဘဲ နေရင်သေရော ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါတော့သိပြီးသား၊ ကောင်းပါပြီ ကျန်တဲ့ ဖဿ ၃ မျိုးတော့ ပြစမ်းပါဆိုတော့ လက်တွေ့လေးတွေဆိုတော့ အဋ္ဌကထာဆရာက အဲဒါ မင်းတို့ ငါတို့ အင်မတန် သနားညှာတာလို့ ဘုရားဟောတော်မူတဲ့ ပါဠိတော်အတိုင်း ကျဉ်းကျဉ်းလေး မထားဘဲနဲ့ အကျယ်တဝင့်ဝေဖန်ပြီးတော့ သူသူငါငါလူတကာတွေ အဓိပ္ပါယ်နားလည်ပါစေ၊ လက်တွေ့လေးတွေထုတ် သာဓကယုတ္တိ ဘယ်လိုထုတ်ပြလဲ ပါဠိသေသေချာချာလည်းမှတ်ပါ။

တိတ္တိရဝဋ္ဋကမောရကုက္ကုဋ္ဌာဒယော–ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်တို့သည်ကား၊ မာတုသမ္ဖဿေန–အမိ၏အတွေ့ဖြင့်၊ ယာပေန္တေ–မျှတ၍နေကြသည်တို့ကို (ဝါ) အသက်ရှင်၍ နေသည်တို့ကို၊ ဒိသွာ–မြင်၍၊ တေ–ခါ ငုံး ဥဒေါင်း ကြက်အစရှိသော တိရစ္ဆာန်တို့သည်၊ ဖဿာဟာရေန–ဖဿတည်းဟူသော အာဟာရဖြင့် (ဝါ) ဖဿတည်းဟူသော အာဟာရကြောင့်၊ ယာပေန္တိ–ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်၍ မသေဘဲနဲ့ အသက်ရှင်၍နေကြကုန်၏။

ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒီဥပမာလေးကို အဋ္ဌကထာဆရာက ထုတ်ပြတယ် နိဒါနသံယုတ်အဋ္ဌကထာလို့၊ အဲဒီ ပြောသွားတဲ့ အဋ္ဌကထာပါဠိတော်ကိုလည်း သေသေချာချာ လည်းမှတ်။ ဒီတော့ကြည့်ကွယ် သူပြသွားတာက ကြက်များဟာ ဥပြီးစမှစ ဥတွင်းခွဲကြည့်ရင် အရည်ကြည်ပဲရှိတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ နောက်တော့ ပေါက်ချိန်တန်တော့ လေးသီတင်းငါးသီတင်းဆိုသလို အမိရင်ငွေ့နဲ့ဝပ်ဝပ်ပြီးပေးလိုက်တော့ ပေါက်ချိန်တန်တော့ ဒီအထဲမှာ အမွေးအတောင်စုံလင်စွာနဲ့ အကောင်အထည်လေးဖြစ်လာတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အသက်ရှင်ပြီးတော့ ဥခွံထဲကခွဲထွက်သွားတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒီဥပြီးတဲ့ အချိန်ကစ အဲဒီပေါက်တဲ့အချိန် အကောင်ဖြစ်လာတဲ့အချိန်အထိ ရုပ်ကလေးတွေ အဆင့်အဆင့် ပြောင်းလဲပြီးတော့ တိုးပွားလာပုံလေးတွေ၊ အမွေးအတောင်ဖြစ်ပေါ်လာပုံလေးတွေ၊ အကောင် အထည်ဖြစ်ပေါ်လာပုံတွေ၊ ကြီးထွားလာပုံတွေနော် (ဟုတ်ပါတယ်ဆရာ)။ ဒါပဲလား မဟုတ်သေး

http://www.dhammadownload.com



ပါဘူး၊ အဲဒီ လေးသီတင်းရှိတဲ့ဥခွံထဲက အကောင်ဟူသောအဖြစ်နဲ့ အသက်ရှင်လျက် အကောင်လေး တွေ ထွက်လာကြတယ်၊ အဲဒီ လေးသီတင်းအတောအတွင်းမှာ ကြက်မကြီးက ရေတိုက်သလား အစာကျွေးသလား မတိုက်ဘူးနော် (ဟုတ်ပါတယ်ဆရာ)။ အစာလည်းမကျွေးဘူးပေါ့ (မကျွေးပါဘူး ဆရာ)။ ဒါဖြင့် ဒီလေးသီတင်းအတွင်းမှာ ဘယ်အာဟာရကိုမှီ၍ ၎င်းကြက်ကလေးများသည် အသက်ရှင်၍နေပါသလဲ၊ ရုပ်အသစ်အသစ်ကလေးတွေ ဖြစ်ပြီးတော့ ကြီးပွားလာပါသလဲ၊ ကြီးထွားလာပါသလဲလို့မေးတော့၊ အမိရဲ့ရင်ငွေ့နဲ့ အတွေ့အထိလေးပေးခြင်းကြောင့် ဒါဖဿပဲတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဖဿဆိုတာ တွေ့ထိခြင်းသဘောလေးဟာ ဖဿပဲတဲ့၊ အမိရဲ့ ရင်ငွေ့နဲ့ ဖဿတည်းဟူသော အတွေ့အထိပေးခြင်းကြောင့် ဒီကြက်ကလေးတွေသည် မပုပ်မသိုး မဆွေးမမြေ့ မသေမပျောက်ဘဲနဲ့ တစ်စတစ်စ ရုပ်ဝတ္ထုတိုးပွား၍ အသက်ရှင်လျက်နဲ့ဥခွံထဲကထွက်၍ လာကြ၏ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ထင်ရှားတယ် မဟုတ်လား (ထင်ရှားပါတယ်ဆရာ)။ ဒါ ၃ နံပါတ်၊ ၃ နံပါတ်က တစ်ခါလာပြန်ပြီ။

ကောင်းပါပြီ ဒါဖြင့် ၃ နံပါတ်ကတော့ အမိရဲ့အတွေ့အထိတည်းဟူသော ရင်ငွေ့နဲ့ အငွေ့ ပေးလို့ ကြက်ကလေးတွေ ပေါက်ဖွားလာကြတယ်၊ ရုပ်အသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်လာ ကြတယ်၊ ဒီပြင်အကြောင်းတော့ရှာမရဘူး ဒါပဲရှိတယ်၊ ဒါ သံယုတ်အဋ္ဌကထာဆရာက ပြသွားတဲ့ ပါဠိ။ နောက်တစ်ခါ နံပါတ် ၃ ဆိုတဲ့ မနောသဉ္စေတနာအာဟာရကျတော့ ဟိုက ထင်ရှားအောင် သာဓက ယုတ္တိသက်သေဆောင်ပြတယ် ဘာပြလဲ၊ သမုဒ္ဒရာအတွင်းမှာနေကြတဲ့ လိပ်များသည် မိမိတို့ဥတုသမယ ဥချိန်ရောက်လာတဲ့အခါကျတော့ သောင်ပြင်ပေါ်တက် သဲထဲယက် ဥထား သဲနဲ့ပြန်ဖုံး ဖုံးပြီးတော့ မိမိရေထဲပြန်ဆင်း၊ ဒီလိုလက်နဲ့ဖုံးပြီးရေထဲပြန်ဆင်းတဲ့ အချိန်ကစ မိမိဥရှိရာအရပ် ဘယ်တော့မှပြန်မလာဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ပြန်မလာဘူး၊ ဒါပေမယ့် ဒီဥလေးတွေဟာဆိုပါတော့ လေးသီတင်းငါးသီတင်း အချိန်တန်တဲ့အခါကျတော့ ဥခွံထဲကနေပြီးတော့ လိပ်ကလေးတွေ ပေါက်ဖွားပြီးတော့ ဒီတော့မှရေထဲပြန်ဆင်းကြတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)။ ဒါ ဥပြီးတဲ့ အချိန်ကနေပြီးတော့ လိပ်ကလေးတွေ ပေါက်လာတဲ့အချိန်အထိ လိပ်မကြီးသည် တစ်ကြိမ်တစ်ခါမှမလာ၊ အစာရေစာလုံးဝမကျွေး။ ဒီကြားမှာ ဆွေးခြင်း မြေ့ခြင်း ပုပ်ခြင်း သိုးခြင်း ပျက်စီးခြင်း လုံးဝမရှိတဲ့အပြင် ရုပ်အသစ်အသစ် ဆက်ကာဆက်ကာဖြစ်ပြီးတော့ အသက်ရှင်လျက် ထင်ရှားရှိနေတာ ဘာကြောင့်လဲလို့အကြောင်းရှာတော့၊ ဒီနေရာ အဋ္ဌကထာဆရာက လိပ်မကြီးသည် တစ်ခေါက်တစ်ခါမှလည်းမလာပါဘူး အစာရေစာလည်း မကျွေးပါဘူး ရင်ငွေ့လည်းမပေးပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဘာကြောင့် ဒီလိပ်ကလေးတွေဟာ အသက်မသေဘဲနဲ့ အသက်ရှင် လာကြသတုန်းလို့မေးတော့ ဟိုကပြသွားတာက –

ကစ္ဆပါ ပန အတ္တနော ဥတုသမယေ မဟာသမုဒ္ဒတော နိက္ခမိတွာ သမုဒ္ဒတီရေ ဝါလိကန္တရေ

http://www.dhammadownload.com



အဏ္ဍာနိ ဌပေတွာ ဝါလိကာယ ပဋိစ္ဆာဒေတွာ မဟာသမုဒ္ဒမေဝ ဩတရန္တိ၊ တာနိ မာတုအနုဿ ရဏာဝသေန န ပူတီနိ ဟောန္တိ။

ကစ္ဆပါ ပန–လိပ်တို့သည်၊ အတ္တနော–မိမိ၏၊ ဥတုသမယေ–ဥအုံသောအခါသမယ၌၊ မဟာသမုဒ္ဒတော–မဟာသမုဒ္ဒရာအတွင်းမှ၊ နိက္ခမိတွာ–ထွက်လာ၍ ပေါ်၍၊ သမုဒ္ဒတီရေ–သမုဒ္ဒရာကမ်း၌၊ ဝါလိကန္တရေ–သဲအတွင်းသို့သာလျှင်၊ အဏ္ဍာနိ–ဥတို့ကို၊ ဌပေတွာ–ထား၍၊ ဝါလိကာယ–သဲဖြင့်၊ ပဋိစ္ဆာဒေတွာ–ဖုံး၍၊ မဟာသမုဒ္ဒမေဝ–သမုဒ္ဒရာအတွင်းသို့၊ ဩတရန္တိ–ပြန်၍ ဆင်းကြကုန်၏။ တာနိ–ထိုလိပ်ဥလေးတို့သည်၊ မာတုအနုဿရဏာဝသေန– အစဉ်တစိုက်အောက်မေ့ သည့်အစွမ်းအားဖြင့် (ဝါ) မေတ္တာပို့သည့်အစွမ်းအားဖြင့်၊ ပူတီနိ–ပုပ်ခြင်းရှိကြကုန်သည်၊ န ဟောန္တိ– မဖြစ်ပါကုန်။

ပုပ်ခြင်းမရှိပါဘူး ဆွေးခြင်းမရှိပါဘူး ပျက်စီးခြင်းမရှိပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ထိုလိပ်ဥလေးတို့သည်၊ အမိသည် ရောက်ရာအရပ်၌ ရည်ရွယ်၍ပို့အပ်သော မေတ္တာအစွမ်းဖြင့် (ဝါ) မေတ္တာအစွမ်းကြောင့် အသက်ရှင်လျက်နေကြကုန်၏၊ အသက်ရှင်လျက်မျှတ၍နေကြကုန်၏။

ဒီတော့ ဒီအဋ္ဌကထာဆရာပြသွားတဲ့သဘာဝ၊ အခု အင်မတန်ရှင်းပါတယ်၊ သူ့သဘာဝနဲ့သူ ပြသွားတာ။ လိပ်များဟာ သမုဒ္ဒရာထဲက ကုန်းပေါ်တက် သဲထဲယက် ဥ, ဥပြီးတော့ တစ်ခါသဲနဲ့ပြန်ဖုံး ပြန်ဖုံးပြီးတော့ မိမိကရေထဲပြန်ဆင်း မိမိရောက်ရာပေါက်ရာအရပ်ကျက်စား၊ ဒါပေမယ့် မိမိဥဖုံးထားတဲ့ နေရာကိုရည်မှန်းပြီးတော့ မေတ္တာအစွမ်းနဲ့ဟိုကနေပို့၊ ဒီသားလေးတွေ သမီးလေးတွေ ကျန်းကျန်း မာမာချမ်းချမ်းသာသာနဲ့ ပေါက်ဖွားပါစေ၊ အန္တရာယ်မရှိပါစေနဲ့။ အဲဒီမေတ္တာအစွမ်းနဲ့ပဲအမိလုပ်တဲ့ လိပ်မကြီးတစ်ခါတစ်ခေါက်မှ မလာရောက်သော်လည်းပဲ အချိန်တန်တော့ ဥခွံထဲက ပေါက်ဖွားလာ ကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ ခုနပြောတဲ့ သံယုတ်အဋ္ဌကထာက တိုက်ရိုက် လာတဲ့ပါဠိ၊ ဒီပါဠိကတော့ သေသေချာချာမှတ်ထား၊ ဒါဖြင့် မနောသဉ္စေတနာအာဟာရဖြင့် ဒီသတ္တဝါတို့သည် လိပ်ဆိုတဲ့သတ္တဝါတို့သည် အသက်ရှင်လာကြတယ်၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါမေတ္တာအစွမ်း မေတ္တာအစွမ်းဆိုတော့ စေတနာမဟုတ်ဘူးလား (ဟုတ်ပါ တယ်ဆရာ)။ အဲဒါ လိပ်မှာထားပါတော့ဥပြီးတဲ့ နောက်ပိုင်းမှာလေးသီတင်း၊ ငါးသီတင်းကြာမှ ပေါက်တယ်ထားပါတော့ ဒီအတောအတွင်းမှာ မပုပ်မသိုးဘဲနဲ့ မဆွေးမမြေ့ဘဲနဲ့ ရုပ်အသစ်အသစ်တွေ ဆက်ကာဆက်ကာဖြစ်ပြီးတော့ လိပ်ကလေးတွေ အသက်ရှင်လာတာပြတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဒါမေတ္တာအစွမ်းဆိုတော့ စေတနာပဲမဟုတ်လား (စေတနာပါဆရာ)။ ဒါ အံ့ဩစရာ မဟုတ် သေးပါဘူး၊ ငါခုနစောစောက ပြောသွားတဲ့ ဖြဟ္မာ ၂၀ မှာအောက်ဆုံးဘုံက ဖြဟ္မာများက

http://www.dhammadownload.com



မဟာကပ်ပေါင်း (၅၀၀) အသက်ရှည်တယ်၊ အထက်ဆုံးဗြဟ္မာကျတော့ အဆင့်ဆင့်တက်သွားလိုက်တာ မဟာကပ်ပေါင်းရှစ်သောင်းလေးထောင် အသက်ရှည်တယ် မရှည်ဘူးလား (ရှည်ပါတယ်ဆရာ)။ အဲဒီ ဗြဟ္မာတွေလည်း ပီတိဘက္ခာအာဟာရာရောလို့ဆိုထားတော့ သူတို့လည်း သူတို့မွေ့လျော်ပျော်ပါးနေတဲ့ ဈာန်သမာပတ်အပေါ် နှစ်သက်တယ်ဆိုတဲ့ ပီတိတည်းဟူသော အာဟာရအမှီပြုနေတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါလည်း စေတနာ မဟုတ်လား (စေတနာပါပဲဆရာ)။ စေတနာ အာဟာရ၊ မနောသဉ္စေတနာအာဟာရခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် အင်မတန်အံ့ဩစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ဒါဖြင့် စေတနာအာဟာရဆိုတဲ့ စေတနာတည်းဟူသော အာဟာရကဆောင်ထားတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ အေး အင်မတန်ထင်ရှားပါတယ် လက်တွေ့ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဝိညာဏအာဟာရကျတော့ အထူးပြောစရာမလိုပါဘူး၊ မင်းတို့ငါတို့ သိနေတယ်ဆိုတဲ့ စိတ်ကလေးသည်လာလတ္တံ့အနာဂတ်ဘဝ ပဋိသန္ဓေ အသစ်အသစ်ဖြစ်အောင်လုပ်ပေးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဝိညာဏ်တည်းဟူသော စိတ်ကလေးကဆောင်နေတော့ အာဟာရဓာတ်တွေရတယ်၊ ဒါကြောင့် ဝိညာဏာဟာရောတိ–ဝိညာဏာဟာရသည်ကား၊ ပဋိသန္ဓိစိတ္တံ–ပဋိသန္ဓိစိတ်မည်၏၊ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိတိ–ဟူသည်ကား၊ တေနေဝ ဝိညာဏေန–ထိုအသိဉာဏ်ခေါ်ထားတဲ့ ပဋိသန္ဓေစိတ်ကလေးနဲ့၊ သဟုပ္ပန္နနာမရူပံ–တကွဖြစ်သော နာမ်တရားရုပ်တရားနှစ်ပါးသည်၊ ဝိညာဏာဟာရော–ဝိညာဏအာဟာရမည်၏။

အဲဒါကြောင့် မင်းတို့ငါတို့ နိဗ္ဗာန်မရောက်မချင်း ဘဝအသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်ဖြစ်သွားကြတော့ ဖြစ်တိုင်းဖြစ်တိုင်းဘဝတွေမှာ ပဋိသန္ဓေခဏမှာ ပထမဆုံးဖြစ်လာတဲ့ ရုပ်တရားနာမ်တရားနှစ်ပါးဒီလိုပဲ အမြဲသူအားပေးတာ၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါလည်းပဲတို့ဝိညာဏ်အာဟာရဆောင်တယ်လို့ ဟောထားတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး တို့များကအဲဒီ အာဟာရ ၄ မျိုးကို ထိုးပြီးတော့ပြသွားတာ၊ မပြလို့မဖြစ်ဘူး။ အာဟာရနဲ့ဩဇာက ဒီလိုနဲ့ဒီလိုဖြစ်၊ ဩဇာသည်ပင်အာဟာရ၊ အာဟာရသည်ပင်လျှင်ဩဇာလို့ ဒီလိုဆိုလို့ ကြုံကြိုက်တဲ့အခါလေး။ တို့လူစုသိထားတာ ကဗဠီကာရအာဟာရ၊ စားကောင်းသောက်ကောင်းတဲ့ အာဟာရတစ်မျိုးထဲသိတယ်၊ ကျန်တဲ့ ဩဇာအာဟာရ မနောသဉ္စေတနာအာဟာရ ဝိညာဏအာဟာရဆိုတာကြားဖူးချင်မှကြားဖူးမယ်၊ သိဖူးမှလည်းသိဖူးမယ်၊ ကြားဖူးပြီ၊ သိဖူးပြီး ပုဂ္ဂိုလ်များရည်ရွယ်၍ပြောခြင်းမဟုတ်ပါ။ မကြားဖူးသေးမနာဖူးသေးဆိုတဲ့ပုဂ္ဂိုလ်များ ဗဟုသုတအနေအားဖြင့် အလှည့်နဲ့လိုထည့်ပြီးပြနေတာ။ အဲဒါ တို့တမြန်နေ့က ဒီအာဟာရ ၄ မျိုးကို ခုနပါဠိ အဋ္ဌကထာဆရာပြသွားတဲ့ ဥပမာလေးတွေ သာကေယျတ္တိဆိုတဲ့အနေအားဖြင့် ကြက်ယ်လေးတွေ ပေါက်ဖွားပုံ အသိဉာဏ်မျက်စိဟူသော ဖဿနှင့်ဖဿအာဟာရသတ္တိကြောင့် ကြက်ကလေးတွေ အသက်ရှင်ပုံ။

http://www.dhammadownload.com



တစ်ခါလာပြန်ပြီ၊ မနောသဥ္စေတနာအာဟာရကျတော့ အဋ္ဌကထာဆရာက လိပ်ဥပမာပြလို့ လိပ်များလိုဖသသတည်းဟူသော အမိရင်ငွေ့ပေးစရာမလိုဘဲနဲ့ အဝေးကနေ ပို့သတဲ့မေတ္တာအစွမ်းဖြင့် စေတနာအာဟာရ မနောသဥ္စေတနာ အာဟာရကြောင့် လိပ်ကလေးတွေသည် မဆွေး မမြွေ မပုပ် မသိုးဘဲနဲ့ အသက်ထင်ရှားရှိလာပုံတွေနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ တို့များက မနေ့ညက “စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ” ဒါပေမဲ့ ဩဇာခေတ်မပြီးသေးဘူးဆက်ပြဦးမှာပါ၊ စေတနာတိုတိုနဲ့ တတ်အားသမျှကိုးစားပြတယ်။ အဲဒါကိုပဲ ဘေးကွေ့နာမ်ကွေ့နဲ့ အမျိုးမျိုးဝေဖန်ပြီးတော့ ကိုယ်ထင်သလို ကိုယ်ပြောဆိုတဲ့အသံလေးတွေ နည်းနည်းကြားတယ် ငါပြန်ရှင်းပြမယ်။ ကြက်မကြီးက ကြက်ဥက ပေါက်ဖွားတယ်၊ ဖသအာဟာရပြထားတာ ဟုတ်နိုင်ပါ့မလားလို့ မဥပေမဲ့ မဝပ်ပေမဲ့ ပေါက်ချင်ပေါက်တာကိုးလို့ ဟော ကိုးလိုးကန့်လန့်နော် (ဟုတ်ပါတယ်ဆရာ)။ လိပ်လည်း ဘယ်လဲတဲ့၊ သူ့ဖာသူ ပေါက်ချိန်တန်ပေါက်တာ ဟုတ်ချင်မှဟုတ်မယ် သူမေတ္တာပို့တယ်မပို့ဘူး ဆိုတာ ဒါယုံနိုင်စရာမရှိဘူး အဓိပ္ပါယ်မရှိပါဘူး သူပေါက်ချိန်ကျပေါက်မှာပေါ့ ဒီလိုလာတယ်ကိုး ကွနော် (ဟုတ်ပါတယ်ဆရာ)။

အဲဒါ ကတ်သီးကတ်ဖဲ့လို့ အဓိပ္ပါယ်ဘာမှမရှိဘူး၊ အကျိုးစီးပွားကြည့်လည်း ဘာမှမရှိဘူး၊ အမှန်ကတော့ အဲဒါ ပုဂ္ဂလဓိဋ္ဌာန်အနေအားဖြင့် တို့ပြသွားတာ မမြင်တတ်တဲ့ပုဂ္ဂိုလ်အနေအားဖြင့် ဒါကတ်ဖဲ့ပြောတဲ့ စကားပါပဲ။ ဒါပေမယ့် ကတ်ဖဲ့လုပ်တာက တို့ကိုလုပ်တာ၊ ဒါပေမဲ့ တို့များက သံယုတ်အဋ္ဌကထာမဟုတ်၊ တိုက်တာက တို့တိုက်တာမဟုတ် သံယုတ်ဋ္ဌကထာဆရာပြန်တိုက်နော် (ဟုတ်ပါတယ်ဆရာ)။ တိုက်တာမကောင်းဘူးလား (မကောင်းပါဘူးဆရာ)။ အေး အေး တကယ်တန္တု ဝေဖန်ရင် ငါ့မဝေဖန်ရဘူးလို့၊ သူကိုးထားတဲ့ပါဠိ သံယုတ်အဋ္ဌကထာကပြထားတယ်၊ ဘယ်ပါဠိတဲ့ ဘယ်ပါဠိ ဖသအာဟာရဆိုတာ ဘယ်ပါဠိဆောင်ပြတယ်၊ မနောသဥ္စာနာအာဟာရကျတော့ ဘယ်ပါဠိထုတ်ပြတယ်။ ဟောသူထုတ်ပြတဲ့ ပါဠိတွေက လက်တန်းတွေလား၊ တကယ်တစ်ဂါထာ တည်းပါလား ဒါစစ်ဆေးရမယ် နော် (ဟုတ်ပါတယ်ဆရာ)။ ကျမ်းတတ်ပုဂ္ဂိုလ်တွေ၊ စာသင်သား ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်၊ အဲဒီလိုကြက်ကလေးဥပမာဖြစ်စဉ်က ဒီပါဠိလိုပါပဲပါသလား လိပ်ဥပမာပြစဉ်က မနောသဥ္စေတနာအာဟာရ ဒီပါဠိပါသလား သွားလျှောက်ကြည့်ပေါ့၊ သွားလျှောက်ကြည့်တော့ ဟိုကပြောတယ် ပါရင်ပါတယ် မပါရင်မပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဟာ သူပြောတဲ့သံယုတ်အဋ္ဌကထာမှာမပါဘူး၊ အဲဒီစကားတွေဟာ ဒါဖြင့် သူလက်တန်းပဲ၊ သူရမ်းချနေ အဲဒီတော့ဝေဖန်ရုံတင်မဟုတ်ပါဘူး၊ ဆဲချင်လည်းဆဲပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ တို့များကလည်း အာဝဇ္ဇန်းကောင်းကောင်းနဲ့ လက်တန်းလည်းချပြီးတော့ဟောတယ်ဆို ပြောချင်လည်းပြောပေါ့၊ အခုတော့ အဲဒီလိုကိုးကားထားတဲ့ အင်မတန်တန်ဖိုးရှိတဲ့ အဋ္ဌကထာဆရာကြီးများရဲ့ ပါဠိစကားကိုတော့ မလေးစားဘူး ငါ့အသိကိုတော့ ဘေးကနေခွေ့နေပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ ခွေ့တာ

http://www.dhammadownload.com



မဟုတ်ဘူး၊ အမှန်ကတော့ အဋ္ဌကထာဆရာကြီး ခွေ့နေတာ၊ ဝေဖန်ဆိုတာစဉ်စားပြီးဝေဖန်ကြ အပြစ်လွတ်အောင်လို့ လုပ်ကြလို့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီလို ဝေဖန်လိုက်တော့ နည်းနည်း လေး ကယောင်ကတန်းနဲ့ တစ်ချို့လည်း မပြတ်မသားပုဂ္ဂိုလ်များဖြစ်တော့ အင်းဟုတ်သားပဲ။

လိပ်ဆိုတာ သူဥချင်မှဥတာ သူမေတ္တာပို့ချင်မှပို့တာ ပေါက်ချိန်တန်ပေါက်တာပေါ့ ဒီလို ဖြစ်လာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီတော့ ငါကလုပ်ကြံပြောတဲ့စကားလိုဖြစ်နေ ဖြစ်နေတော့ ဟာ ကြက်မကြီးဝပ်လဲ ပေါက်ချင်ပေါက်တာပဲ ပုပ်ချင်ပုပ်တာပဲ ဒီလိုဖြစ်လာနော် (ဟုတ်ပါတယ် ဆရာ)။ ဖြစ်လာတော့ ဘေးပတ်ဝန်းကျင်က မပြတ်မသားဆိုတဲ့လူစားက ဘယ်လိုဖြစ်လာ ပုဂ္ဂိုလ်များက အင်း ဟုတ်သားပဲ အင်း ဟုတ်သားပဲဆိုတော့ သူ့နောက်ကိုပါကုန်ရော၊ ပါကုန်တော့ ဘာဖြစ်သလဲ ဆိုတော့ တို့များက အချိုးအစားနဲ့ ယုတ္တိယုတ္တာနဲ့ချပြတဲ့ သံယုတ်အဋ္ဌကထာဆရာဆိုတာ တစ်ခြားမဟုတ်ဘူး ဗုဒ္ဓမတည္။ အဋ္ဌကထာဆရာဆိုတာ ဗုဒ္ဓမတည္ ဘုရားအလိုတော်သိ၊ ဘုရားအလိုတော်သိဆိုတာ ဘယ်ပုဂ္ဂိုလ်လည်းဆိုတော့ ရဟန္တာကြီးတွေတဲ့နော် (ဟုတ်ပါတယ် ဆရာ)။ ဒီနေရာဘုရားဟောသွားတဲ့ပါဠိတော် ဘုရားအလိုတော်သိတဲ့အတိုင်း မင်းတို့ငါတို့ နားလည်မှုရှိအောင်ဆိုပြီးတော့ ယုတ္တိယုတ္တာနဲ့အကျယ်တဝင့်ဖွင့်ပြီးတော့ သွားတဲ့စာကို အဋ္ဌကထာ ခေါ်ပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။

အခုဒီရန်ကုန်မှာပဲ တို့တောမြို့လေးထားပါတော့ မင်းတို့ရန်ကုန်မြို့ကြီးမှာပဲ ဆဋ္ဌသင်္ဂါယနာ တင်ကြတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပါဠိတော်တင် အဋ္ဌကထာတင် အခု ဋီကာတင်လို့ ဒီလိုပဲ ဋီကာတင်သွားကြတယ်။ ကြည့်စမ်း ဒါတွေဟာ တကယ့်ဆရာတော် သမားတော် အကျော် အမော်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ သာသနာလေးစားတဲ့ပုဂ္ဂိုလ်ကြီးတွေကြည့်။ ပါဠိတော် အဋ္ဌကထာ ဋီကာဆိုတဲ့ ဒေသနာတော်တွေ မပျောက်မပျက်အောင် အများအတိမ်းအစောင်းမရှိအောင်ဆိုပြီးတော့ အဲ ပါဠိဝိသောဓက ပါဠိပြင်တဲ့ပုဂ္ဂိုလ်တွေနဲ့ အဖွဲ့အစည်းနဲ့ထုတ်၊ ဒီပါဠိကိုပဲ အာဂုံရွရွရွတ်ဆို ကြတယ်၊ ဒီပါဠိကို မပျောက်မပျက်အောင်ဆိုပြီးတော့ စက်တင်ပုံနှိပ်ကြတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် ဘုရားရှိသေသလို တရားရှိသေပါ၊ ဘုရားဟောတဲ့ တရားတွေပဲ၊ အကယ်တန္တု စောစောကပြောသလို တို့များကလက်တန်းအနေနဲ့ ပြောသွားတဲ့ စကားဖြင့် အများကောက်ချင်ကောက်ပါ၊ အကိုးအကားနဲ့ပြထားလို့ရှိရင်၊ ကိုးကားသွားတဲ့ ကျမ်း ကိုသာ စစ်ဆေးကြည့်၊ သူပြောသွားတဲ့ကျမ်း ဟုတ်သလားမဟုတ်ဘူး၊ သူပြောသွားတဲ့ ပါဠိရှိသလား မရှိဘူးလား၊ မရှိရင် ပြောချင်သလိုပြောပေါ့၊ ရှိရင် ''ဓမ္မဂုဏာ အစိန္တိယာ''တဲ့။

သေသေချာချာ နဖူးပေါ်လက်တင်တွေး၊ ဓမ္မဂုဏာဆိုတာ ဓမ္မဆိုတာ အခုပြောတဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာကို ဓမ္မခေါ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ ဓမ္မဂုဏာ–တရားတော်မြတ်ကို ဂုဏ်တော်ကိုးသွယ်နည်းဖြင့်၊ အစိန္တိယာ–ကြံစည် အံ့သြပြောလို့ ဟောလို့ မကုန်တဲ့၊ ကုန်နိုင်စရာ

http://www.dhammadownload.com



အကြောင်းမရှိဘူးတဲ့ တရားတော်မြတ် ဂုဏ်ကျေးဇူးနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် တရားရဲ့ဂုဏ်ကျေးဇူးကို တကယ်အထူးယုံကြည်တယ် လေးစားတယ် ရှိသေတယ် မြတ်နိုးတယ် တို့ဗုဒ္ဓဘာသာ ပီသတယ်ဆိုလို့ရှိရင် တချို့သောပုဂ္ဂိုလ်ဟောပြောသွားရင် ဟောပြောသွားတဲ့ပုဂ္ဂိုလ် ပုဂ္ဂလဓိဋ္ဌာန်အနေအားဖြင့် ကြည့်ပြီးတော့ မရေရွတ်ပါနဲ့ မကဲ့ရဲ့ပါနဲ့ မရှုံ့ချပါနဲ့ အပြစ်မတင်ပါနဲ့နော် (ဟုတ်ပါတယ်ဆရာ)။ သူပြောသွားတဲ့ပါဠိတွေ ရှိသလားမရှိသလား ရှေးဦးမဆွ ဒါကိုစုံစမ်းရမယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ရှိတယ်ဆိုရင် တို့လက်အုပ်ချီပြီး ပူဇော်ထိုက်တယ်၊ ဒါကြောင့် ဘုရားဟောတော်မူတဲ့ပါဠိတွေ၊ ဘုရားဟောတော်မူတဲ့ ပါဠိတွေ အဋ္ဌကထာဆရာက တစ်ခါဖွင့်ဆိုပြီး ထားတယ်။ အဋ္ဌကထာဖွင့်ဆိုတာလည်း အနက်အဓိပ္ပါယ်မပေါ်သေးဘူးဆိုရင် ဋီကာဆရာက စပြီးဖွင့်ပေးရတယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါ တို့များမေတ္တာနဲ့ပြောတာ၊ ခုလိုပဲ ခုလိုသာ ဘေးကွေ့နံကွေ့နဲ့ အမျိုးမျိုး တောပြောတောင်ပြောနဲ့ အပြစ်အနေအားဖြင့် ဝေဖန်သာ နေတယ်၊ အဲဒီဝေဖန်နေတဲ့ လူတစ်စုမေးစမ်း တို့များအခုချပြတဲ့ ကျမ်းဂန်လာတဲ့ အာဟာရ ၄ မျိုး ဘယ်နှစ်ခါကြားဖူးလဲလို့မေးစမ်း ဟုတ်လားမဟုတ်လားလို့နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒါ အခိုက်အတန့်သင့်လို့ ပြောသူဟောသူရှိလို့ တို့နာရတယ်။

စိတ်ကောင်းနှလုံးကောင်းရှိရင် ဒီလို သူတော်ကောင်း စိတ်ထားကြပါလို့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ တို့များကလည်းပဲ ဟိုလျှပ်တစ်ပြက်ဆိုသလို ကြားတာပဲဟ၊ ဘယ်သူက ဘယ်လိုဝေဖန်တယ် ဘယ်သူကဘယ်လိုပြောတယ် တစ်ချို့ကကောင်းကျိုးလိုလားလို့ မပြတ်သားတဲ့ အနေအားဖြင့် ဝေဖန်တာထားတော့နော် (ဟုတ်ပါတယ်ဆရာ)။ တချို့က မဟုတ်ဘူး၊ အပြစ်ကို ရှာပြီးတော့ ဝေဖန်၊ သေသေချာချာ အပြစ်ရှာပြီးဝေဖန်တာ ဟုတ်နိုင်ပါ့မလား ကြက် မဝပ်ပေမဲ့ ပေါက်တာပဲ ဒီလိုလာတယ်ကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ အေး အေး လိပ်လည်းပဲသူ သူ့မေတ္တာပို့တဲ့အစွမ်းနဲ့ မေတ္တာအစွမ်းနဲ့ပေါက်တယ်ဆိုတဲ့ဥစ္စာ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ သူမေတ္တာပို့ပို့မပို့ပို့ သူပေါက်ချိန်တန်ပေါက်တဲ့အမျိုးပဲ ဒီလို လာတယ်ကိုးကွနော် (ဟုတ်ပါတယ် ဆရာ)။ အဲဒီတော့ တို့များကိုးကားသွားတဲ့ သံယုတ်အဋ္ဌကထာ အခုဋီကာပါဠိအကိုးအကားနဲ့ ချပြီးပြထားတာ၊ သံယုတ်အဋ္ဌကထာဆရာကြီး ဇော်ကားရာရောက်တယ် မြန်မာလိုရှင်းရှင်းပြောတော့ ရဟန္တာကြီးပြစ်မှားတယ်တဲ့ အင်မတန်ကြောက်စရာကောင်းတဲ့အပြစ်တွေနော် (ဟုတ်ပါတယ်ဆရာ)။

ကောင်းပါပြီ ဟောတဲ့ပြောတဲ့ပုဂ္ဂိုလ်၊ ဟောတိုင်းပြောတိုင်း ယုံရမှာလားဆိုတော့ ယုံရမယ်လို့ မဆိုလိုပါဘူး ဟောနည်းပြောနည်းကို သေသေချာချာကြည့်ပါ၊ လက်တန်းတွေလား ရမ်းချနေတာ တွေလား အတ္တနောမတိအနေနဲ့ ပါးစပ်ထဲတွေ့တိုင်းလျှောက်ပြောနေတာတွေလား စုံစမ်းပါ ဒါစုံစမ်းပါနော် (ဟုတ်ပါတယ်ဆရာ)။ လက်တန်းတွေပြောနေတာ အတ္တနောမတိနဲ့ သူ့အသိနဲ့ သူပြောနေတာ၊ သူထင်တိုင်းသူပြောတာဆို အေး ကဲ့ရဲ့ရှုံ့ချအပြစ်ဆို ဒါအပြစ်မရှိဘူး။ ဘာဖြစ်လို့

http://www.dhammadownload.com



အများတွေ အရမ်းတွေ ပြောနေတာကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုမှမဟုတ် ပြသွားတဲ့ ပုဂ္ဂိုလ်ကိုက ဟောဒီအဓိပ္ပါယ်ပြောသွား၊ ဟောဒီပါဠိတော်က ဒီလိုလာတယ်၊ ဒီအဓိပ္ပါယ်ကျတော့ အဋ္ဌကထာကဒီလိုလာတယ်ဆိုရင် အခုနပြောတဲ့ စွပ်စွဲမျိုးတို့ ကဲ့ရဲ့မျိုးတို့ ရှုံ့ချမျိုးတို့ မလုပ်ကြနဲ့လို့ အန်မတန်ကြီးလေးတဲ့ အပြစ်ကြီးတွေရတတ်တယ် ဒါမေတ္တာနဲ့ပြောတာနော် (ဟုတ်ပါတယ်ဆရာ)။ သတိပြုကြပါလို့။ ဒီတော့ အခိုက်အတန့်လှည့်လှည့်ဆိုသလိုပဲ အဲ တို့များသင်တန်းပေးနေတာ လည်းပဲ သူနဲ့သူနဲ့ အလျဉ်းသင့်လာတဲ့အခန်း ဆိုလို့ရှိရင်ဖြင့် အဆန်းတကျယ်နဲ့ မတတ်သေးတဲ့ ပုဂ္ဂိုလ်များ မနာရသေးတဲ့ပုဂ္ဂိုလ်များ၊ ဒီလိုပုဂ္ဂိုလ်များကိုအဓိကထားပြီး ဟောတော့ပြောတော့ ပြတော့ သတော့ကာ၊ အခုတော့ ဆိုင်ရာဆိုင်ရာ အလှည့်ဆိုက်လာတဲ့အခါမှာဖြင့် ကိုယ်တတ်သမျှမှတ်သမျှကို ကျယ်ကျယ်ဝင့်ဝင့်လေးနဲ့ သေသေချာချာနဲ့ နားမလည့်လည်အောင်ဆိုသလိုပဲ သည်းခံပြီးတော့ စေတနာထက်ထက်သန်သန်နဲ့ပြတတ်တဲ့အလေ့အထရှိပါတယ်နော် (ဟုတ်ပါတယ်ဆရာ)။

တို့ ဒီရန်ကုန်သင်တန်းကြီးလာပြတော့ ညှော်သည်အနေနဲ့လာပြတော့ အခုနပြောသလို အချိန်လည်းသိပ်ပြီးတော့ အပိုကုန်မှာလည်းနည်းနည်းစိုးလို့ ခပ်ကျဉ်းကျဉ်း ခပ်ကြုတ်ကြုတ် အဓိပ္ပါယ်စခန်းဖောက်သလား ဖောက်သလားဆိုသလိုဖြင့် အဲ နည်းနည်းလေးစုံစိ,စုံစိအောင်တော့ ပြတာပဲ၊ ဘာဖြစ်လို့ အချိန်နည်းနည်းလေးလုရတယ်။ အဲ ကိုယ့်မြို့ကိုယ့်ရွာကျတော့ နာတဲ့ ပုဂ္ဂိုလ်လည်း ကိုယ့်မြို့ကိုယ့်ရွာက ဟောတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ့်လူကိုယ့်ရွာလူဟောတယ်ဆိုတော့ စောစောကပြောတဲ့ ကြန့်ကြာမှုတွေ လုံးဝမရှိတော့ စိတ်ရှည်ရှည်နဲ့ပြတယ်၊ ပြလို့ကတော့ ရုတ်တရက်အားရတာပေါ့၊ ဓာတ်တစ်လုံးပြပြန်လည်း နားလည်ပုံမပေါ်သေး နောက်ထပ်ပြတယ်၊ ခုပြောလည်း နားမလည်နောက်ထပ်ပြတယ်။ အဲဒီလို စိတ်ထဲမလည်း ဆန္ဒတွင်းကလည်း ဒီလိုလည်း ရှိပါတယ် စေတနာကိုးကွ။ ဒါကြောင့် ခုလည်းပဲ ဒီသြဇာဓာတ်နောက်ဆုံးဓာတ်ပြနေတဲ့ အခိုက်အတန့် လေးမှာ ဒီသြဇာဓာတ်ဟာ တစ်ခြားမဟုတ်ပါဘူး။ အာဟာရမှာရှိတဲ့ သဘောကို သြဇာဓာတ်လို့ ခေါ်တာ ဒါကြောင့် သြဇာဝဋ္ဋန်း အဓိဝဋ္ဋန်းဆိုတဲ့ ပါဠိတော်ထောက်သောအားဖြင့်။

အယူသာလွဲနေတယ် သဘောကအတူတူပါပဲ၊ ဒါဖြင့်ကောင်းပါပြီ သြဇာပြလို့ အာဟာရ ဆောင်ထားလို့ ဖြစ်မလား မဖြစ်ပါဘူး။ မဖြစ်တော့ ဒီအာဟာရတစ်ခါဆက်ရတယ် ကဗဠီကာရ အာဟာရတစ်ခါဆက်ပြန်တော့ အာဟာရတစ်မျိုးပဲပြလို့ အဓိပ္ပါယ်လွဲရာရောက်တယ်၊ ဘုရားစော် ကားရာရောက်တယ်။ ဒါကြောင့် ထိုက်သင့်တဲ့အခါလေး အာဟာရဘယ်နှစ်မျိုး ဘယ်နှစ်စား ရှိတယ်ဆိုတာ ထုတ်ဖော်ပြီးတော့ လေးမျိုးရှိတဲ့အကြောင်းကို သေသေချာချာ အဋ္ဌကထာဆရာ ပြသွားတဲ့ သဘာဝသက်သေသာဓကတွေချပြီးတော့ ပြခြင်းပါ။ အခုပြတဲ့ အာဟာရလေးမျိုးဟာ ကဗဠီကာရအာဟာရလည်းပဲ အာဟာရရဲ့သဘောလေးဟာ သတ္တဝါများရဲ့ ရုပ်အသစ်အသစ်ဖြစ် အောင် ဆက်ကာဆက်ကာဆောင်ပေးတယ်ဆိုတဲ့သဘောထင်ရှားတယ်နော် (ထင်ရှားပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် စားစရာ သောက်စရာ အစာအာဟာရ အမှီသဟဲသဟဲပြုပြီးတော့ သတ္တဝါများသည် မသေမပျောက်ဘဲနဲ့ ရုပ်အသစ်အသစ်ဆက်ကာဖြစ်၍ အသက်ရှင်၍နေကြ၏။ ထင်ရှားတယ် ပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဖဿဆိုတဲ့ နာမ်အာဟာရလည်းပဲ သတ္တဝါများအသက်ကို မပျက်စီးစေဘဲနဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ကာဆောင်၍နေ၏၊ ထင်ရှားလား (ထင်ရှား ပါတယ်ဆရာ)။ မနောသဉ္စေတနာအာဟာရလည်းပဲ ဒီစေတနာဆိုတဲ့အာဟာရ သူလည်းဆောင်ခြင်း ကိစ္စ၊ စေတနာကြောင့် ဒါမေတ္တာအစွမ်းမှာပါပါတယ်။ စေတနာဆိုတာ အဲဒီစေတနာတည်းဟူသော အာဟာရလည်းပဲ သတ္တဝါများရဲ့အသက်ကို မပျက်စီးစေဘဲနဲ့ ရုပ်အသစ်အသစ်ဖြစ်အောင် ဆက်ကာ ဆက်ကာ ဆောင်ကြ၏ ထင်ရှားလား (ထင်ရှားပါတယ်ဆရာ)။

ဝိညာဏ်အာဟာရလည်းပဲ ထိုဝိညာဏ်ခေါ်စိတ်တည်းဟူသောအာဟာရသည် ဘဝပေါင်းများစွာ လာလတ္တံ့အနာဂတ်ကာလမှာ ဘဝအဆက်အဆက်ဖြစ်အောင်ဆောင်တတ်တယ်ဆိုတဲ့ အာဟာရ မျိုးဟာ သတ္တဝါများရဲ့အသက်ကို မပျက်စီးအောင်ဆောင်တာ ကဗဠီကာရအာဟာရ၊ မနောသဉ္စေတနာ အာဟာရ၊ ဝိညာဏအာဟာရ၊ နာမ်အာဟာရသုံးပါးပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အေး ရုပ်အာဟာရကတစ်မျိုး၊ နာမ်အာဟာရသုံးမျိုး အဲဒါလေးခွဲခြားမှတ်၊ နာမ်အာဟာရ ၃ မျိုးနဲ့ ရုပ်အာဟာရတစ်မျိုးပေါ်လိုက်တော့ ၄ မျိုး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် ဒီအာဟာရဟာ ဩဇာသည်ပင်အာဟာရ၊ အာဟာရသည်ပင်ဩဇာလို့နော် (ဟုတ်ပါတယ်ဆရာ)။ ဒီလိုနားလည်ပြီးတော့မှ ၎င်းဩဇာဓာတ်ကလေးပြဋ္ဌာန်းလို့ ဩဇာဓာတ်ကလေး အထောက်အပံ့ပေးလို့ ဩဇာဓာတ်ကလေးဆောင်နေလို့ ဘုံသုံးပါးမှာရှိတဲ့ သတ္တဝါအများသည် ရုပ်အသစ်အသစ်ဆက်ကာ ဆက်ကာဖြစ်ပြီးတော့ အသက်မသေဘဲနဲ့တည်မြဲနေကြတယ်၊ အသက်ထင်ရှားရှိနေကြတယ်ဆိုတာ ထင်ရှားသွားတာပေါ့ (ဟုတ်ပါတယ်ဆရာ)။ အေး ဒါဖြင့် ဒီဩဇာဓာတ်ရဲ့ သဘောအဓိပ္ပါယ်လေးကို သေသေချာချာရှာလိုက်တော့ကောင်းပါပြီ၊ ဒါဖြင့် ကဗဠီကာရအာဟာရပြတုန်းကလည်းပဲ အဲဒီ စားကောင်းသောက်ဖွယ်ဆိုတဲ့ အစာရေစာမှာပါလာသော ဩဇာဓာတ်၊ ဖဿအာဟာရကျပြန်လည်း ဖဿအာဟာရကျပြန်လည်း ဖဿဆိုတဲ့စေတသိက်ကလေးမှာပါလာတဲ့ ဩဇာဓာတ် မနောသဉ္စေတနာ အာဟာရကျပြန်လည်း မနောသဉ္စေတနာအာဟာရမှာပါလာတဲ့ စေတနာမှာပါလာတဲ့ဩဇာဓာတ်၊ ဝိညာဏ်ကျပြန်လည်း ဝိညာဏ်မှာပါလာတဲ့ ဩဇာဓာတ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီဩဇာဓာတ် ဟာ အာဟာရတွေချည်းပဲလို့ မှတ်ပါဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

အာဟာရနဲ့ ဩဇာထူးသေးလား (မထူးပါဘူးဆရာ)။ မထူးပါဘူး ဘာဖြစ်လို့လဲ၊ အာဟာရ ဟာဩဇာရဲ့ အမည်ဓာတ်ကလေးသာဆိုထားတော့ ဩော် ဩဇာကိုပရိယာယ်အားဖြင့် အမည် ပြောင်းထားတာ၊ ဩဇာဆိုတာလည်း အာဟာရ၊ အာဟာရဆိုတာလည်းဩဇာလို့၊ ဒါဖြင့် ဒီဩဇာ ဓာတ်ကလေးရဲ့ တရားကိုယ်တရားသားအနက်အဓိပ္ပါယ် ဩဇာဆိုတာဘာခေါ်သလဲဆို ရုပ်

http://www.dhammadownload.com



အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သတ္တိထူးကလေး သဘောတရားကလေးဟာ ဒါဩဇာဓာတ်ပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အဲဒါလေးမှတ်၊ ဒီတော့ ဩဇာသည် ပင်လျှင် အာဟာရောလို့ဆိုထားပြန်တော့ ဒီအာဟာရသည်ပင်လျှင် ဘုံ ၃ ပါးမှာရှိတဲ့ သတ္တဝါများကို အမြဲတစေဆောင်နေတယ်။ ဘုံ ၃ ပါးရှိတဲ့ သတ္တဝါများလည်း ဒီအာဟာရကို အမှီသဟဲသကဲ ပြုပြီးတော့ တူရာတူရာလုပ်နေကြရတယ် ဘာဖြစ်လို့လဲ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ဆိုတဲ့ပါဠိကြည့် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အဲဒါလေးတွေကြည့်တော့ ငါခုန ပြောသလိုပဲ စားကောင်း သောက်ကောင်း မျိုကောင်း ဝါးကောင်းတဲ့ ရုပ်အာဟာရ၊ ကဗဠီကာရ အာဟာရတည်းဟူသော ရုပ်အာဟာရအမှီပြုပြီး အသက်ရှင်တဲ့ သတ္တဝါတစ်မျိုးနော် (ဟုတ် ပါတယ်ဆရာ)။ အခုနပြောတဲ့ ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ ဝိညာဏအာဟာရခေါ်တဲ့ နာမ်အာဟာရကိုအမှီပြုပြီးတော့ အသက်ရှင်နေတဲ့သတ္တဝါတစ်မျိုးဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ခုနတုန်းက ဗြဟ္မာ ၂၀၊ အထက်ရူပါဝစရတစ်ဆယ့်ခြောက်ဘုံနဲ့ အရူပလေးဘုံ၊ ဗြဟ္မာ ၂၀ ကျတော့ ဗြဟ္မာများသည် ကဗဠီကာရအာဟာရနဲ့ လုံးဝမဆိုင်တော့ဘူး၊ ရုပ်အာဟာရ သုံးစားဝါးမျိုနေတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ကြဘူး။ ဒါကြောင့် ဒီဗြဟ္မာ ၂၀ ရှိတဲ့ ဗြဟ္မာများကျတော့ ဘာအာဟာရအမှီပြုသလဲဆိုတော့ ခုနပြောတဲ့ နာမ်အာဟာရအမှီပြုပြီး အသက်ရှင်တယ်နော် (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် နာမ်အာဟာရ ၃ မျိုးထဲမှာ ဖဿအာဟာရလား၊ မနောသဉ္စေတနာအာဟာရလား၊ ဝိညာဏအာဟာရလားလို့မေးတော့ မင်းဘာလုပ်မလဲ မနောသဉ္စေတနာအာဟာရ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ စေတနာလေးတွေ အထောက်အပံ့ပေး ဘာစေတနာတုန်း မေတ္တာဆိုတဲ့ စေတနာ၊ တစ်နည်း ပီတိဆိုတဲ့စေတနာနော် (ဟုတ်ပါတယ်ဆရာ)။ အေး ဘာပီတိလဲမေးတော့ သူတို့ပွားများအားထုတ်နေတဲ့ ဈာန်သမာပါတ်အပေါ်မှာ မွေ့လျော်နေတယ်ဆိုတဲ့ နှစ်သက်မှုလေး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အေး ဒါကြောင့် ပီတိဘက္ခာ အာဟာရောလို့ တိုက်ရိုက် ပြထားတာ၊ ဒီဗြဟ္မာ ၂၀ ရှိတဲ့ဗြဟ္မာများသည် ဘာကိုအာဟာရအမှီသကဲသဟဲလုပ်သလဲ မေးရင် ပီတိသာလျှင် အစာရှိ၏နော် (ဟုတ်ပါတယ်ဆရာ)။ သူတို့ရဲ့ မှီရာတည်ရာ အဟာရအစာဆိုတာ တစ်ခြားမဟုတ်ဘူး ပီတိပါပဲ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဗြဟ္မာဘုံကျတော့ နာမ်အာဟာရအမှီပြုနေတာပေါ့နော် (ဟုတ်ပါတယ်ဆရာ)။ အင်မတန်ထင်ရှားတဲ့ သာဓကယုတ္တိ ခေါ်တဲ့ သက်သေတွေလို့၊ ငါစကားနားမလည်လို့ပြောရဦးမယ် ဒါတော့ တစ်ခြားမဟုတ်ပါဘူး၊ ဒီကပ်ပြောတယ်ဆိုတဲ့စကားတော့ ဟိုနေရာလည်းဒီလိုပါပဲ ဒီနေရာလည်းဒီလိုပါပဲ။ အဲဒီအခန်းမှာ ဩဇာဓာတ်အစရှိလို့ သုံးဘုံသူ၊ သုံးဘုံသားတွေ အသက်ရှင်တယ်ဆိုတဲ့အကြောင်း ကဗဠီကာရ အာဟာရစားသုံးနေခြင်းကြောင့် အသက်ရှင်ပုံနေတယ်ဆိုတဲ့အကြောင်း၊ ဩဇာဓာတ်က အထောက်

http://www.dhammadownload.com



အပံ့ပေးလို့ဆိုတဲ့အကြောင်းတွေ၊ အဲဒါတွေ ဟောတဲ့ပြောတဲ့ စောဒကတက်သေးတယ်၊ နောက် လေးနှစ် ငါးနှစ်လောက်က ဒါဖြင့် ဘာမှမစားရတော့ ဘာမှမစားရပဲနေတဲ့ ခုနပြောတဲ့ အပါယ် လေးပါးသတ္တဝါဆိုတဲ့ ပြဿနာတွေရှိပါတယ်တဲ့။

ဒါတွေကျတော့ ဘယ်အာဟာရက အထောက်အပံ့ပေးလို့ အသက်ရှင်သလဲလို့ မေးပါတယ် နော် (ဟုတ်ပါတယ်ဆရာ)။ အေး မေးဖူးပါတယ်၊ အေး တို့ဘုရားလက်ထက်က ရဟန်းသုံးကျိပ် ပါးစပ်ထဲ ရေငတ်လှချည်ရဲ့ဆိုတဲ့ပြဿနာကြီး ရဟန်းသုံးကျိပ် သပိတ်နဲ့ရေသယ်ပြီးတော့ ပါးစပ်ထဲ လောင်းတာ မနက်ကထဲကစ ရေလောင်းတာ ရေဆာလွန်းလို့၊ သနားလို့ ဝိုင်းပြီးတော့ ပြဿနာပါးစပ်ထဲ ရေတွေလောင်းကြတာ ဒီတော့ ရဟန်းတွေကပြောတယ် ငါတို့လည်းဆွမ်းခံမရပ်ရဘူး၊ အရှင်ဒကာ လည်းပဲ အခုလောက်လောင်းရင် ရလောက်ကရောပေါ့၊ မှန်ပါ့ဘုရား အရှင်ဘုရားတို့လည်း ရေလောင်းရတာ ပင်ပန်းလို့ရဟန်းသုံးကျိပ်၊ အရှင်ဘုရားတို့ ပင်ပန်းသလောက် တပည့်တော် ဝမ်းထဲလည်း ရေတစ်ပေါက်မှမရောက်ပါဘူးဘုရားလို့၊ ရေဆာတာကြာလှပြီ ရေတစ်ပေါက်မှ မသောက်ရဘူးနော် (ဟုတ်ပါတယ်ဆရာ)။ သူ့ကျတော့ ကဗဠီကာရအာဟာရ အထောက်အပံ့ မပေးဘဲနဲ့ ဘာကြောင့် မသေဘဲအသက်ရှင်သလဲလို့ ဒီလိုလည်း စောဒကတတ်ဖူးတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ စောဒကတက်လည်း ငါ့ပြန်ပြောရတယ်၊ အေး မင်းတို့ကြားဖူးတာ တို့ဘုရားလက်ထက်က ရဟန်းသုံးကျိပ် သပိတ်နဲ့ရေသယ်ပြီးလောင်းလို့ ရေမဝဘူးဆိုတဲ့ အာဟာရ အထောက်အပံ့မရလို့ အသက်ရှင်တာပဲ မင်းတို့ကြားဖူးတယ်၊ ငါပြောဦးမယ်ကွာ တို့ကကုသန် ဘုရားလက်ထက် ကောဏာဂုံ ကဿပ ဂေါတမ တို့ဘုရား ၄ ဆူ တို့ဘဒ္ဒကမ္ဘာ ဘုရား ၄ ဆူပွင့် လာပြီနော် (ဟုတ်ပါတယ်ဆရာ)။ ဘုရားလက်ထက်ကတည်းက၊ ဘုရားကိုဆွမ်းချက်ပြီးလှူကြတဲ့ ဆွမ်းချက်အသင်းကြီးရှိတယ်၊ ဆွမ်းဝတ်အသင်းကြီးပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ ဆွမ်း လောင်းအသင်းကြီးခေါ်တာပေါ့၊ အဲဒီဆွမ်းလောင်းအသင်းကြီးမှာ ဆွမ်းချက်ဝတ္တရားကို တာဝန်ယူခံတဲ့ အစိတ်အပိုင်းက နေ့စဉ်မပြတ် သံဃာတော်များကလည်း အင်မတန်များတယ်။

သံဃာတော်ကလည်း ခြောက်သောင်းမက အင်မတန်များတယ်၊ ဒါတွေ လုံလောက်အောင် လောင်းရတော့ ဆွမ်းချက်ဝတ်သမားတွေက အကြီးအကျယ်ပဲအလုပ်လုပ်ရတယ်။ လုပ်ရတော့ ဘယ်လိုဖြစ်သလဲဆိုတော့ အိမ်လည်းပြန်ပြီးအလုပ်ကမလုပ်နိုင်၊ ဒီဆွမ်းချက်တဲ့ကိစ္စနဲ့ အချိန်ကုန်၊ တို့ဒီလာလုပ်တော့ တို့ဒီသားမယားတွေ ကလေးတွေ အိမ်ကလူတွေ စားဖို့ သောက်ဖို့ သောက်ဖို့ တာဝန်က လိုသေးတယ်နော်၊ နောက်တော့ သားတွေ, သမီးတွေအဖို့ပါ၊ ဒီကနေခိုးခပ်ပြီးယူတော့ တာပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ အစာတွေရောပေါ့ကွာနော်၊ အဲဒီ ဒကာဒကာမ လောင်း လှူထားတဲ့ဆွမ်းများကို နောက်ပိုင်းကျတော့ ဦးဦးဖျားဖျားကြီး ခိုးခပ်တော့တာပေါ့ကွာနော် (ဟုတ်ပါ တယ်ဆရာ)။ အဲဒီအဖြစ်တွေဟာသေပြီးအခြားမဲ့ ဘာလာဖြစ်သလဲဆိုတော့ ပြဿနာတွေလာဖြစ်

http://www.dhammadownload.com



ကြတယ်။ တစ်သင်းလုံးပါပဲ တစ်သင်းလုံးလာပြိတ္တာတွေဖြစ်၊ ဖြစ်တဲ့အချိန်ကစ လုံးဝ အစာမစား ရဘူးနော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်အထိအောင် အစားမစားရလဲဆိုတော့ အဲဒီဘုရားလက်ထက် ဘုရားတစ်ဆူပွင့်ပြီးတော့ ပရိနိဗ္ဗာန်စံ၊ ပရိနိဗ္ဗာန်စံပြီးနောက်ပိုင်း သုညကမ္ဘာအဖြစ်နဲ့နေ ဘုရား တစ်ဆူနဲ့တစ်ဆူအကြား အင်မတန်ရှည်လျားတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ပင်ပန်းလိုက်တာ၊ နောက်တစ်ဆူပွင့် ကောဏဂုံဘုရားကိုယ်တော်မြတ်ပွင့်၊ ပွင့်တော့ ခုနပြောတဲ့ ဘုရားတစ်ဆူလက်ထက်တော်မှာ လုံးဝအစာမစားရတဲ့ပြိတ္တာ ကောဏဂုံမြတ်စွာဘုရားကိုယ်တော်မြတ် လက်ထက်တော်ကျတော့ လျှောက်ထားတယ်၊ အရှင်ဘုရား တပည့်တော်တို့ အစာရေစာတော်တာ ဟိုးအရှင်ဘုရားရဲ့ရှေ့နားကပွင့်တော်မူတဲ့ ဘုရားလက်ထက်ကစပြီးတော့ကနေ့အထိ နည်းနည်း လေးမှ အစာရေစာမစားရပါဘူးဘုရား တပည့်တော်တို့ အစာရေစာ ဘယ်တော့စားရမှာတုန်းဘုရား လျှောက်ထားတယ်။

ကောဏဂုံမြတ်စွာဘုရားကိုယ်တော်မြတ်က အဲဒီအမေးမျိုး ငါဘုရားလက်ထက်မမေးနဲ့၊ ငါဘုရားနောက်မှာ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ပွင့်တော်မူလိမ့်မယ် အဲဒီ ကဿပကိုယ် တော်မြတ်ပွင့်တော်မူအခါကျတော့ လျှောက်ထားကြ၊ ဘုရားက အဖြေတောင်မပေးဘူး ငါ့မမေး နဲ့နောက်ဘုရားမေးနော် (ဟုတ်ပါတယ်ဆရာ)။ ဘုရားတစ်ဆူနဲ့တစ်ဆူဆိုတာ အင်မတန်ကာလ ကြာညောင်းတယ်မဟုတ်လား (ကြာညောင်းပါတယ်ဆရာ)။ အင်မတန်ကြာညောင်းတယ်၊ နှစ်ပေါင်း အသင်္ချာအသင်္ချေ မရေမတွက်နိုင်ဘူး အဲဒါ ငတ်လျက် ငတ်လျက်ပဲလို့၊ ပထမဘုရားကိုယ် တော်မြတ်လက်ထက်ကငတ်သေပြီး ဒုတိယဘုရားကိုယ်တော်မြတ်လက်ထက်လဲ ငတ်တုန်း၊ အစာမစားရဘူး ဒုတိယဘုရားကိုယ်တော်မြတ်လက်ထက်ကျတော့ လျှောက်ကြည့်တော့ တပည့်တော် တို့ ဘယ်တော့အစာစားရမလဲ၊ ဟာ ငါဘုရားလက်ထက်မလျှောက်နဲ့ နောက်ဘုရားလက်ထက် ကျတော့လျှောက်ဟဲ့၊ နောက်ဘုရား ကဿပမြတ်စွာဘုရားကိုယ်တော်မြတ် ပွင့်တော်မူတော့ ပွင့်တော်မူတော့မှလျှောက်ထားတော့ အရှင်ဘုရား တပည့်တော်တို့ အစာရေစာငတ်မွတ်ခေါင်းပါးတာ ကြာပါပြီဘုရား ဘုရား ၃ ဆူရှိခဲ့ပါပေါ့ တပည့်တော်တို့ ဘယ်တော့အစာစားရမှာလည်းဘုရား၊ အဲဘုရား ၂ ဆူရှိပါပြီ၊ ကဿပဘုရားကိုယ်တော်မြတ်လက်ထက်တော်ကျတော့ ကဿပကိုယ်တော် မြတ်က အေး ဒီပြဒ်သနာကြီး ငါဘုရားလက်ထက်လည်းမစောင့်နဲ့တဲ့ ငါ့နောက်မှပွင့်တော်မူမယ့် ဘုရားကိုယ်တော်မြတ်လက်ထက်တော်ကျတော့ စားရလိမ့်မယ်လို့ မိန့်ကြားတော်မူခဲ့တယ်၊ ဂေါတမ ဘုရားလက်ထက်ကျရင် စားရလိမ့်မယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီကျရင်စားရလိမ့်မယ်လို့ ဒါပါနဲ့ တို့ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ပွင့်တော်မူလို့ ၄ ဆူရှိပြီ မဟုတ်လား (လေးဆူ ရှိပါပြီဆရာ)။

ဘုရားလေးဆူ ဘုရားလေးဆူကြားကာလမှာ လုံးဝငတ်လာတဲ့ပြိတ္တာတွေနော် (ဟုတ်ပါတယ်

http://www.dhammadownload.com



ဆရာ)။ မင်းတို့ ငါစေဒကတက်တာ ခုနပြောတဲ့ပြိတ္တာ တို့ဘုရားလက်ထက်ကွာ ဒီလောက်ပဲ မင်းတို့မြင်တာကိုး၊ ဘုရားလေးဆူလက်ထက် လုံးဝအစာငတ်လာတဲ့ပြိတ္တာတွေ တို့ဘုရားလက်ထက်တော်ကျမှ ဘုရားပွင့်တော်မူတဲ့အခါကျမှ ဒီပြိတ္တာတွေကပြေးပြီးလျှောက်ကြတယ်။ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်မိန့်ကြားခဲ့တဲ့အတိုင်း နောက်ပွင့်တော်မူမဲ့ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်လျှောက်ရင် မင်းတို့သိမယ်ဆိုတော့ အပြေးအလွှားလာကြတယ်။ အရှင်ဘုရားတပည့်တော်တို့ အရှင်ဘုရားလက်ထက်ကျလျှောက်ထားပါဆိုလို့ လာလျှောက်ကြတာ၊ ဘာကိစ္စတုန်း၊ တပည့်တော်တို့ ဘယ်တော့ အစာစားရမှာတုန်းဘုရား၊ ဒီတော့မှ ပြန်ညွှန်တယ် သင်တို့ဆွမ်းချက်ဝတ်အသင်းလုပ်စဉ်အခါတုန်းက သင်တို့အလုပ်သမားပေါ်မှာ ဆွမ်းချက်တဲ့ဥက္ကဋ္ဌပေါ့ကွာနော် (ဟုတ်ပါတယ်ဆရာ)။ သင်တို့ရဲ့ အသင်းဥက္ကဋ္ဌလုပ်ဖူးတဲ့ ဥပါသကာ ဒါယကာဟာ ယခုငါဘုရားလက်ထက်မှာ အနာထပိဏ်သူဌေးလာဖြစ်တယ်နော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ သူဌေးကဟိုဘဝတုန်းက ဥက္ကဋ္ဌလုပ်ပေမဲ့ ခုနပြောတဲ့ ဆွမ်း သူကမစားခဲ့ဘဲကိုးကွနော် (ဟုတ်ပါတယ်ဆရာ)။ သူက လွတ်လာခဲ့တယ်၊ သင်တို့ရဲ့ ဥက္ကဋ္ဌလုပ်တဲ့ပုဂ္ဂိုလ်သည် အခုငါဘုရားလက်ထက်လာပြီးတော့ အနာထပိဏ်သူဌေးဖြစ်တယ်၊ အဲဒီ သင်တို့ရဲ့ဥက္ကဋ္ဌ အနာထပိဏ်သူဌေးအလှူကြီးပေးတဲ့အခါ သင်တို့စားရလိမ့်မယ်။

မြတ်စွာဘုရားကိုယ်တော်မြတ် အနာထပိဏ်သူဌေးသတိပေးလို့ အနာထပိဏ်သူဌေးအလှူပေးတဲ့အခါမှကျွေးလို့ ဒီအခါမှ သူတို့ဝဖြိုးဖြိုး စားကြသောက်ကြရတယ်၊ ကြည့်စမ်း ဘုရားလေးဆူထဲတင်ငတ်နေတယ် သေသလား (မသေဘူးဆရာ)။ မသေဘူး၊ အဲဒါကျတော့ ဘယ်အာဟာရအမှီပြုသလဲ ကဗဠီကာရရှိသလား ဖဿအာဟာရလား မနောသဉ္စေတနာအာဟာရရှိသလား ဝိညာဏအာဟာရရှိသလားလို့ မေးစရာမနေဘူးလား (နေပါတယ်ဆရာ)။ အသက်ကလည်း ရှည်လိုက်တာ မသေနိုင်ဘူး၊ ကဗဠီကာရအာဟာရ ငတ်လာလိုက်တာ (ဟုတ်ပါတယ်ဆရာ)။ ဒါပေမဲ့ သူတို့က ကဗဠီကာရအာဟာရအမှီပြုတဲ့ သတ္တဝါမျိုးမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အစာရေစာတည်းဟူသော ကဗဠီကာရအာဟာရစားရသောက်ရမှ အသက်ရှည်တဲ့သတ္တဝါမျိုး၊ ဒါကြောင့် ဘယ်ကဗဠီကာရအာဟာရ ဘယ်အစာရေစာများ စားရလို့တုန်း၊ မသေဘဲနေလာတဲ့ ဘဝမေးတော့လည်း ကမ္မသချ်ာသချ်ေမရေတွက်နိုင်ဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေ အေး အဲဒါနဲ့ ငါပြန်ပြောလိုက်တယ်၊ အဲဒါက မင်းတို့က ငါ့လှည့်မတေးမထောက်နဲ့ အဲဒီလိုဆိုတော့ ငါလည်း မပြောတတ်ဘူးလို့ ပြောလိုက်ရတယ်နော် (ဟုတ်ပါတယ်ဆရာ)။ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)။

ဒါကျတော့ အကုသိုလ်ပါက်ကမ္မဇရုပ်ဖြစ်နေတာနော် (ဟုတ်ပါတယ်ဆရာ)။ အကျိုးပေးတာကိုးက ခုနပြောတဲ့ သူများဦးဦးဖျားဖျား ခူးခပ်စားတဲ့အပြစ် မဟုတ်လားကွ (အပြစ်ပါဆရာ)။ အဲဒီ

http://www.dhammadownload.com



အပြစ်အားလျော်စွာ လာပြီးတော့ အကျိုးပေးတဲ့သူတို့ ဖြစ်လာတာကိုးက အကုသိုလ်ကံကြောင့် ဖြစ်လာတော့ သူတို့ဖြစ်တဲ့ရုပ်ကလည်း အကုသလဝိပါက် ကမ္မဇရုပ်တဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဒါဖြင့် မင်းတို့ငါတို့လူသားနဲ့ သွားနိုင်းလို့ရ ရနိုင်မလား (မရပါဘူးဆရာ)။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ အကုသလဝိပါက်ကမ္မဇရုပ်ဆိုတော့ အကုသိုလ်အကျိုးခံနေရတယ်ဆိုတော့ သူတို့ဘယ်လောက်ပဲငတ်ငတ် မသေကောင်းဘူးတဲ့နော် (ဟုတ်ပါတယ်ဆရာ)။ ဘယ်လောက်ပဲ မစားရ မစားရ မသေကောင်းဘူး၊ ဘာဖြစ်လို့တုန်း စီမံတဲ့ကံကိုက အဲဒီလိုပဲငတ်ရတယ် ဒီလိုလာတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အေး ဒါကြောင့် "ကမ္မံ သတ္တေ ဝိဘဇတိ၊ ကမ္မဝိပါကော အစိန္တိယော"တဲ့ ကံလုပ်တာ ဖြစ်တာ စောဒကတတ်လို့ဖြစ်ပါ့မလား၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် ကံစီမံထားတာ ကံပြုပြင်ထားတာ၊ ဘုရား ၄ ဆူတိုင်တိုင် ငတ်လာလည်းပဲ သူတို့မှာသေသည်မရှိ အသက်ရှင်လျက် အသက်ရှင်လျက်ပဲ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ အေး အေး အခုဘေးကွေ့နံ့ကွေ့ဆိုတဲ့ လူတွေဆိုရင်ခက်ခက်ပဲတဲ့၊ အခုလည်း ခက်ခက်ခဲပဲနော် (ဟုတ်ပါတယ်ဆရာ)။ ဒါကြောင့် သူ့ဘဝလေးနဲ့ သူ့သဘာဝဆီလျော်သလိုပေါ့ အဖြေလေးရှာကြည့်ရင် အမှန်ဖြစ်ပါတယ်။ ဒါကြောင့် ဒီဘုရား ၄ ဆူတိုင်တိုင် လုံးဝကဗဋီကာရအာဟာရ အစာရေစာပြတ်ငတ်လာတဲ့ သတ္တဝါဘယ်အာဟာရအမှီပြု၍ အသက်ရှင်နေသတုန်းမေးရင် ဘယ်အာဟာရမှ အမှီမပြုပါဘူး။ ဘာဖြစ်လို့ အသက်ရှင်နေသလဲမေးရင် ကံကိုက် စီမံပြီးသားဖြစ်တယ်၊ ဘာဖြစ်လို့ စီမံလဲ သံဃာတော်များအတွက် ချက်ပြုတ်စီမံထားသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဦးဦးဖျားဖျား ခူးခပ်စားသည့် စားခြင်းသောက်ခြင်းတည်းဟူသော အကုသိုလ်ကံနော် (ဟုတ်ပါတယ်ဆရာ)။ အဲဒီ အကုသိုလ်ကံက စီမံဖန်တီးပြီးတော့ ပစ်ချလိုက်တဲ့ ဘဝရလာတော့ အကုသလဝိပါက်ကမ္မဇရုပ်၊ ဒီရုပ်မျိုးသည်မပျက်နိုင်ဘူး ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ မပျက်စီးကောင်းဘူး၊ ဘာဖြစ်လို့ ကံအတွက် မပျက်စီးအောင်စီမံထားတာ မင်းတို့ခံ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဘုရား ၁ ဆူ၊ ၂ ဆူ၊ ၃ ဆူ၊ ၄ ဆူပြည့်အောင် မင်းတို့ငတ်ကြပေတော့၊ ငတ်ပေမဲ့မင်းတို့မသေရဘူး ဘယ်သူကစီမံသလဲ ကံစီမံတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ကံစီမံတာ၊ ကံ ဒီအထိအောင်စီမံနိုင်သလား မေးတော့ "ကမ္မဝိပါကော အစိန္တိယော" ကမ္မဝိပါကော–ကံစီမံလို့ ဖြစ်ပေါ်လာသော အကျိုးတရားသည်၊ အစိန္တိယော–ကြံလို့ စည်လို့ အံ့လို့ ဩလို့ မကုန်နိုင်ဘူး။

ဩဇာဓာတ် – ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၊ အဲဒီ နောက်ဆုံး ဩဇာဓာတ်၊ ခုလည်း တော်တော်လည်းပြနိုင်သလောက် ပြခဲ့ပါပြီ။ ဩဇာဓာတ်ဆိုတာ အာဟာရကို အမည်အားဖြင့် တင်စားပြီးခေါ်ထားတယ်၊ အမှန်ကတော့အာဟာရ အာဟာရဆိုတာဘာခေါ်သတုန်း အာဟာရဆိုတာ ဆောင်တတ်တာခေါ်တယ် ရှင်းရှင်းလေးပေါ့ အာဟာရဆိုတာ ဆောင်တတ်တာ

http://www.dhammadownload.com



ခေါ်တယ်၊ ဘာဆောင်တုန်း ရုပ်ကိုဆောင်တယ် ရုပ်ကိုမပျက်စီးအောင် အသစ်အသစ် တိုးတိုးပြီး ဖြစ်အောင် ဆောင်တတ်တဲ့သတ္တိ အာဟာရခေါ်၏။ ဒါဖြင့် ရုပ်တွေ အသစ်အသစ်ဖြစ်အောင် ဆက်ကာဆက်ကာ တိုးပြီးဆောင်တယ်ဆိုတဲ့ အာဟာရသည် ဘယ်နှစ်မျိုးရှိ ၄ မျိုး ဘယ်သူ ဘယ်သူတုန်း–

ကဗဠီကာရအာဟာရ, ဖဿအာဟာရ, မနောသဉ္စေတနာအာဟာရ, ဝိညာဏအာဟာရ၊ အဲဒီလို ၄ မျိုးနဲ့ပဲဆို ၄ မျိုးစလုံးဆောင်ပုံကလေးတွေ သိသိနဲ့ အသိတိုတိုနဲ့ သူ့သက်သေပြ ရုပ်သာဓကနဲ့ ဒါလေးတွေလည်း အသီးအသီးပြလည်းပေးပါမယ်၊ ဒါလေးတွေပြပြီးတော့ ဒီဩဇာစာတင်သည် လောကကြီးတစ်ခုလုံးကို သူသူငါငါ အားလုံးသော လူ့လောက နတ်လောက ပြဟ္မာလောကဆိုသလိုပဲ လောကစာတင်ကြီးကို ပြုပြင်ဖန်တီးနေတဲ့သဘာဝ၊ ဩဇာစာတင်ဟာ အဓိကပဲ ဆိုတော့ အဓိပ္ပါယတ္တလေးနဲနဲနောက်ပိုင်းကျ တစ်ခါဆက်ပြီးပြပါဦးမယ်။ ဒါဩဇာစာတင်တန်ခိုးရှိပုံ ဩဇာစာတင်ပြဋ္ဌာန်းပုံ ဘယ်လိုတာသွားတဲ့ဩဇာစာတင်လဲ ဒီအကြောင်းလေးလည်းပဲ မနာဘူးတဲ့ပုဂ္ဂိုလ် များလည်း နာဖူးရအောင်ဆိုသလိုပေါ့ ဒီဩဇာစာတင်ရဲ့အခန်းမှာ သက်ဝင်တာလည်းတစ်ကြောင်းပါ။ ဒါအပြင် ခုနပြောသလို မကြားဘူးသေးတဲ့ပုဂ္ဂိုလ်များလည်း ကြားဖူးရမယ် ကြားဖူးနာဖူးတဲ့ပုဂ္ဂိုလ် လည်းပဲ ထပ်မံပြီးတော့နာရပြန်တယ်။ ဒါမြတ်စွာဘုရားကိုယ်တော်မြတ်ကဟောတော်မူတဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာလာတဲ့အတိုင်း ထုတ်နုတ်ပြီးတော့ဟောပြနေတဲ့သဘာဝပဲလို့၊ ဒီလို စိတ်ထဲလည်းပဲ သမာဓိလည်းကောင်းကောင်းထားပြီးတော့ ယုံကြည်မှုရှိရှိနာပေ့ါ။ ဒီတော့ အခုရှေ့ကိုဆက်ပြမှာက လောကစာတင်တစ်ခုလုံး ဩဇာစာတင်လွှမ်းမိုးပြီး ခြယ်လှယ်နေတယ်၊ ဩဇာစာတင်ပြုပြင်နေတယ်ဆိုတဲ့ အဓိပ္ပါယတ္တလေး။ အဲဒါ ဘာအခြေခံထားပြမလဲဆိုတော့ လူ့လောကကြီး အခြေခံထားပြပါ့မယ်။

လူ့လောကကြီးအခြေခံထားပြမယ်ဆိုတော့ ဘယ်လိုထားပြ၊ လူ့လောက လူ့သတ္တဝါ လူတွေရဲ့ တည်ရာဆိုတဲ့ဘုံဌာန၊ အကယ်အားဖြင့် မမြဲကြဘူး၊ နတ်လောကကျတော့မြဲတယ်၊ စတုမဟာရာဇ် အောက်ဆုံးဖြစ်တဲ့ နတ်ပြည်ဆိုရင်လည်း နတ်သက် ၅၀၀၊ သက်တမ်းကမြဲတယ် တိုးတယ်လည်း မရှိဘူး ဆုတ်တယ်လည်းမရှိဘူး။ စတုမဟာရာဇ်နတ်ပြည် နတ်သက်ငါးရာရှည်တဲ့ တာဝတိံသာ ကျတော့ တစ်ခါတိုးတယ် နတ်သက်တစ်ထောင် ဒါမြဲတဲ့သက်တမ်းတွေ၊ လူ့လောကကျတော့ ဒီလိုမြဲသလားဆိုတော့ မမြဲပါဘူး၊ ရှည်တဲ့တမ်းလည်းပဲ အသက်ဟာ အမြဲတန်းရှည်လျားတယ်၊ တိုတဲ့တမ်းကျပြန်တော့ အင်မတန်မှအသက်တိုတယ်။ ဒီတော့ လူ့လောကမှာ အသက်ရှည်ခြင်း တိုခြင်း ဒီနှစ်ခုကို အဓိကထားပြီးတော့ တက်ကပ်နဲ့ဆုတ်ကပ် ဒီလိုပြောစမှတ်ပြုကြတယ်။ တက်ကပ်ဆိုတာက တစ်စတစ်စနဲ့ သက်တမ်းရှည်လာတဲ့ကပ်ကို တက်ကပ်ခေါ်ပါတယ်၊ ဆုပ်ကပ် ကျတော့ သက်တမ်းတစ်စတစ်စတိုလာတာ ဆုတ်ကပ်ခေါ်ပါတယ်။ အဲဒီလို တက်ကပ်ဆုတ်ကပ် သက်တမ်းဖြစ်ပုံသဘာဝ ဘယ်သူပြုပြင်လို့ ဖြစ်လာသလဲမေးရင် အဓိပ္ပါယ်၊ အဲဒီအဓိပ္ပါယ်လေး

http://www.dhammadownload.com



လည့်လည့်ပတ်ပတ် နားလည်လာပြန်တော့လည်းပဲ ဒီလောကကြီး တက်ကပ်ဆုတ်ကပ် နှစ်မျိုးနှစ်စား ထဲမှာ ဆုတ်ကပ်လာပြီးတော့ လူလာဖြစ်ကြတဲ့ သူသူငါငါအားလုံးသော လူတကာတွေဟာ မိမိတို့ရဲ့ ကိုယ်ကျင့်သိက္ခာ ဒီသဘာဝတွေ နားလည်လာတော့ ပြင်သင့်သလောက်လည်းပြင်တယ်၊ သံဝေဂ ထိတ်လန့်မှုရသင့်သလောက်လည်းရတယ်။ တစ်နည်းအားဖြင့် လူ့ဘဝငြီးငွေ့သင့်သလောက်လည်း ငြီးငွေ့တယ်၊ ဒီတော့ လူ့ဘဝပြန်ဖြစ်ရမှာတောင် ခပ်ကြောက်ကြောက်၊ ပြန်ဖြစ်ချင်တဲ့ဆန္ဒတတ် တကယ်မရှိဘူး။ လူ့ဘဝပြန်မဖြစ်ချင်တော့ ဘယ်ဖြစ်ချင်မလဲဆိုတော့ ခုနပြောတဲ့ သက်တမ်းမြဲတဲ့ ကာယသုခ စိတ္တသုခ ချမ်းသာနှစ်ပါးနဲ့ပြည့်စုံတဲ့ နတ်လောက ပြဟ္မာ့လောက ဒီလိုအထက်တန်း ကျတဲ့ လောကဖြစ်ရရင် ကောင်းမှာပဲဆိုတဲ့အနေအားဖြင့် ဒီအခါကျတော့ နတ်လောက ပြဟ္မာ လောက ရောက်စေတတ်ရစေတတ်သော ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရ ကုသိုလ်ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ကြိုးစားပွားများအားထုတ်အလုပ်လုပ်တတ်တယ်။

***ရုပ်တတ် နာမ်တတ်တရားတော် ဒုတိယပိုင်းပြီး၏။***

http://www.dhammadownload.com



# ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏

## အမှုဆောင်လူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးချစ် | နာယက |
| ၂။ | ဦးမြင့်စိုး | ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းရှိန် | ဒုတိယ ဥက္ကဋ္ဌ |
| ၄။ | ဦးဘငြိမ်း | အတွင်းရေးမှူး |
| ၅။ | ဦးဌေးကျော် | တွဲဘက်အတွင်းရေးမှူး |
| ၆။ | ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ | တွဲဘက်အတွင်းရေးမှူး |
| ၇။ | ဦးတေဇာဘုန်းဦး | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသာဆယ် | စာရင်းစစ် |
| ၉။ | ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ | ပြန်ကြားရေး |
| ၁၀။ | ဦးတင့်ဝေ | ။ |
| ၁၁။ | ဒေါက်တာ ဒေါ်ခင်မြင့်စန်း | ။ |
| ၁၂။ | ဦးချစ်လှိုင် | ။ |
| ၁၃။ | ဦးကြီးစိန် | ။ |
| ၁၄။ | ဒေါ်ယဉ်ယဉ်သိန်း | ။ |

http://www.dhammadownload.com



# ပဋ္ဌာန်ပါဠိပသာဒနီဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ သင်တန်းခွဲများအပေါ်သို့ ရပ်တည်ချက်

၁။ ပဋ္ဌာန်ပါဠိပသာဒနီဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပဋ္ဌာန်ပါဠိပသာဒနီဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမူအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှရင်း၊ သင်တန်းခွဲများထံမှရင်း မည်သည့်အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့၊ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထို့နည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့၊ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်၊ စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး (ဥက္ကဋ္ဌ)
ပဋ္ဌာန်ပါဠိပသာဒနီဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅)လမ်း၊
(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး − ၅၂၄၀၇၈
၀၉ ၄၉၂၇၉၀၆၀ ၊ ၀၉ ၇၃၂၃၁၁၁

http://www.dhammadownload.com



# သစ္စာပါရမီဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုနှင့်အတူ ညီတူညီမျှ မျှဝေခံစားကြစေရန် ...

- ♦ ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လုံ့လဝီရိယရှိလျက် ၁၉၉၅–ခုနှစ်မှ စ၍ စာသင်တိုက်ကြီး (၇) တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော်အရှင်မြတ် (၉) ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ♦ ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ♦ ကျောင်း, ကန်, ဇရပ်, သိမ်တော်မြတ်ကို ဆောက်လုပ်ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံ စေတနာ၊
- ♦ ဘုရားရှင်၏တပည့်သား ဂိလာန သံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ♦ နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်းခြင်း ဓမ္မဒါနကုသိုလ် ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှန်ကန်သော ကုသိုလ် အစွမ်းသတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော "အမတ" မည်ခေါ် ရွှေပြည်တော်သို့ ရောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ကေန်မျက်မှောက် ပြုလွယ်နိုင်ပါရစေ, ပြုလွယ်နိုင်ကြပါစေသောဝ်။

နာယကကြီး ဦးချစ်
ပစ္စက္ခုပိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)
၂–၁၂–၂၀၁၁

http://www.dhammadownload.com

http://www.dhammadownload.com

# ပခုက္ကူဝိပဿနာသင်တန်းတရားစဉ် တိတ်ခွေ၊ စီဒီ၊ စာအုပ်များဖြန့်ချိ

၁၃၀၉ - ခုနှစ်မှ စတင်သင်ကြားပြသခဲ့သော ဆရာကြီးဦးကြင်ရွှေ၏ ပခုက္ကူဝိပဿနာသင်တန်းတရားစဉ်မှ

၁။ ပညတ် ပရမတ်

၂။ ရုပ်ဓာတ် - နာမ်ဓာတ် (ပ၊ဒု၊တ) (၃)တွဲ

၃။ သင်ခန်းစာမှတ်စုများ (အထူ)

၄။ အခန်းစဉ်လိုက်သင်ခန်းစာများ (အပါး)

၅။ ဉာဏတန္တိဋီကာ

၆။ ပဋိစ္စသမုပ္ပါဒ် (ပ၊ဒု၊တ၊စ) (၄)တွဲ

၇။ သစ္စာလေးပါး

၈။ နိဗ္ဗာန် စာအုပ်များ

တရားဆက်မှန်ကန်၍ အသံကြည်လင်ပြတ်သားသော စီဒီ (၄၂) ချပ်နှင့် တိတ်ခွေများကို ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) က လက်ရှိသင်တန်းခွဲများနှင့် သင်တန်းအသစ် ဖွင့်လှစ်လိုသူများအား စနေနေ့တိုင်း နံနက် (၉း၀၀) နာရီမှ (၁၁း၀၀) နာရီအထိ ဖြန့်ချိလျက်ရှိပါသည်။

ဦးမြင့်စိုး

(ဥက္ကဋ္ဌ)

**ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)**

အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၅၂၄၀၇၈၊ ၀၉ - ၄၉၂၇၉၀၆၀၊ ၀၉ - ၇၃၂၃၁၁၁